အောင်မြေသာစည်စာစဉ် (၁၅)

သံတွဲမြို့အောင်မြေသာစည်ဆရာတော်၏

# ဓညဝတီ–အလျှင်ကုသလ

(ဓွေးသစ်)

စီရင်ရေးသားအပ်သော




# သံတွဲသမိုင်း

(သို့မဟုတ်)

# ရခိုင်တို့၏ ဓညဝတီကျမ်း

(သမိုင်းသုတေသနကျမ်း)





ဒေအာင်မြေသာစည်စာစဉ် (၁၅)

သံတွဲမြို့ဒေအာင်မြေသာစည်ဆရာတော်

# ဒွါရာဝတီ–အချုပ်ကုသလ

စိရင်ရေးသားအပ်သော

# သံတွဲသမိုင်း

(ခန့်မှန်းချက်)

# ရခိုင်တို့၏ ဒွါရာဝတီကျမ်း

(သမိုင်းသုတေသနကျမ်း)

အောင်မြေသာစည်စာစဉ် (၁၅)

သံတွဲမြို့
အောင်မြေသာစည်ဆရာတော်
ဒွါရာဝတီ - အသျှင်ကုသလ
(ငွေသဇင်)

စီရင်ရေးသားအပ်သော

# သံတွဲသမိုင်း

(သို့မဟုတ်)

# ရခိုင်တို့၏ဒွါရာဝတီကျမ်း

**(သမိုင်းသုတေသနကျမ်း)**

အောင်မြေသာစည်စာပေ
မင်းဗာကြီးလမ်း၊ ဒွါရာဝတီမြို့သစ်၊
သံတွဲမြို့၊ ရခိုင်ပြည်နယ်။
ဖုန်း-၀၉-၈၅၁၅၄၆၆၊ ၀၉-၂၅၄၂၄၂၅၄၉

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စီစဉ်သူ | – | တင်မြင့်ဦး |
| မျက်နှာဖုံး | – | သန့်ဇင်ထွန်း |
| ကွန်ပျူတာစာစီ | – | ကြယ်ပွင့် |
| အတွင်းဖလင် | – | EAGLE |
| စာအုပ်ချုပ် | – | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် | – | ပုံရိပ်ရှင်ပုံနှိပ်တိုက် (၀၀၈၃၆) |
| မျက်နှာဖုံးပုံနှိပ် | | အမှတ် (၈)၊ အိမ်ကြီးလမ်း၊<br>(၉) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။<br>ရန်ကုန်။ |
| ထုတ်ဝေသူ | – | ဦးသန့်ဇင်ထွန်း<br>ကြယ်ပွင့်စာပေ (၀၀၁၇၈)<br>အမှတ် (၄၄–ဘီ)၊ မြေညီထပ်၊<br>၈၇ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | – | ဇူလိုင်လ၊ ၂၀၁၆ ခုနှစ် |
| အုပ်ရေ | – | ၁၀၀၀ |
| တန်ဖိုး | – | ၁၀၀၀၀ ကျပ် |

## ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅ . ၈၃


**ဒွါရာဝတီ–အသျှင်ကုသလ (ငွေသစ်)**

သံတွဲသမိုင်း (သို့မဟုတ်) ရခိုင်တို့၏ဒွါရာဝတီကျမ်း / ဒွါရာဝတီ–အသျှင်ကုသလ(ငွေသစ်) – ရန်ကုန်။ ကြယ်ပွင့်စာပေ၊ ၂၀၁၆။

၄၃၁ – စာ။ ၁၉ စင်တီမီတာ × ၂၆ စင်တီမီတာ

(၁) သံတွဲသမိုင်း (သို့မဟုတ်) ရခိုင်တို့၏ဒွါရာဝတီကျမ်း

"ရက္ခပူရဒွါရာဝတီ ဒီပိကာကျမ်း"၊ "ကဗျာ့ဥယျာဉ်အလင်္ကာကျမ်း"၊
"ရခိုင်တို့၏ဒွါရာဝတီကျမ်း" စသည့် ကျမ်းပြုဆရာတော်




ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ

**ဘဒ္ဒန္တ ကုသလ**

[ဒွါရာဝတီ - အသျှင်ကုသလ (ငွေသဇင်)]


အောင်မြေသာစည် ပရိယတ္တိ စာသင်တိုက်၊ မင်းဗာကြီးလမ်း၊ သံတွဲမြို့။



သံတွဲမြို့ ဗျာဒိတ်တော်ရ သမိုင်းဝင် ရွှေအံတော်စေတီတော်



သံတွဲမြို့ ဗျာဒိတ်တော်ရ သမိုင်းဝင် ရွှေနံ့တော်စေတီတော်



သံတွဲမြို့ ဗျာဒိတ်တော်ရ သမိုင်းဝင် ရွှေဆံတော်စေတီတော်

# မာတိကာ

**အခန်း (၁)**

**အဖွင့်ကဗျာ–အဖွင့်စာမျက်နှာ**


၁။ ရက္ခနွယ်စဉ် မျိုးရခိုင် ၁၅
၂။ ရက္ခိုင်နာမ ဘွဲ့မည်လှ ၁၅
၃။ ကျွန်းတွင်ဇမ္ဗူ လူတွင်ရက္ခိုင် ၁၅
၄။ သီရိကုမ္ဘာမင်းနှင့် ဒွါရာဝတီခေတ် ၁၆
၅။ အလှစုံညီ ဒွါရာဝတီ ၁၇
၆။ အာရက္ခ - ရက္ခိုင် - ရခိုင် ၁၉
၇။ ဒွါရာဝတီ - သံတွဲမြို့ဘွဲ့ရတု ၂၀
၈။ ဒွါရာဝတီ သာလီစွ ၂၂
၉။ တိမ်ဆီပျံ့ဝဲ မြို့သံတွဲ ၂၃
၁၀။ သံတွဲသမိုင်း ၂၄
၁၁။ ရခိုင်တို့၏ ဝတီခုနစ်ဖြာ ၂၅
၁၂။ အနာဂတ်သမိုင်းကို သစ္စာဖောက်သောသူ ၂၆


**အခန်း (၂)**

**နိဒါန်းစကား**


၁။ ရခိုင်တို့၏ ဒွါရာဝတီကျမ်းစာအုပ် ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် နိဒါန်းစကား ၂၉
၂။ ဂုဏ်မပြိုင် မာန်ယိုင်ကျိုးအောင် ၃၃
၃။ ၈. ၂. ၂၀၁၀ နေ့ ရခိုင်မဂ္ဂဇင်းကော်မတီမှ ကျင်းပပြုလုပ်သော သုတေသီ-အသျှင်ကုသလနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသူများစာရင်း ၃၆


**အခန်း (၃)**

**သံတွဲသမိုင်း (သို့မဟုတ်) ရခိုင်တို့၏ ဒွါရာဝတီကျမ်း**


၁။ သံတွဲမြို့နယ် ၄၇
၂။ နောက်ခံသမိုင်း ၄၇
၃။ ပညာရေး ၄၈
၄။ ကျန်းမာရေး ၄၈
၅။ စီးပွားရေး ၄၈

| | | |
|---|---|---|
| ၆။ | ခရီးသွားလုပ်ငန်း | ၄၉ |
| ၇။ | ထင်ရှားသော ကျေးရွာကြီးများ | ၄၉ |
| ၈။ | လုံခြုံရေး | ၄၉ |
| ၉။ | ဘာသာရေးအဆောက်အဦးများ | ၄၉ |
| ၁၀။ | လူဦးရေသိပ်သည်းမှု | ၅၀ |
| ၁၁။ | နေထိုင်သည့် လူမျိုးများ | ၅၀ |
| ၁၂။ | သံတွဲမြို့ | ၅၀ |
| ၁၃။ | ငပလီကမ်းခြေမြို့ | ၅၀ |
| ၁၄။ | တောင်ကုတ်မြို့နယ် | ၅၃ |
| ၁၅။ | နောက်ခံသမိုင်း | ၅၃ |
| ၁၆။ | ပညာရေး | ၅၄ |
| ၁၇။ | ကျန်းမာရေး | ၅၄ |
| ၁၈။ | စီးပွားရေး | ၅၄ |
| ၁၉။ | ထင်ရှားသော ကျေးရွာကြီးများ | ၅၅ |
| ၂၀။ | လုံခြုံရေး | ၅၅ |
| ၂၁။ | ဘာသာရေးအဆောက်အဦးများ | ၅၅ |
| ၂၂။ | လူဦးရေသိပ်သည်းမှု | ၅၅ |
| ၂၃။ | နေထိုင်သည့် လူမျိုးများ | ၅၅ |
| ၂၄။ | တောင်ကုတ်မြို့ | ၅၅ |
| ၂၅။ | မအီမြို့ | ၅၆ |
| ၂၆။ | ဂွမြို့နယ် | ၆၀ |
| ၂၇။ | နောက်ခံသမိုင်း | ၆၀ |
| ၂၈။ | ပညာရေး | ၆၂ |
| ၂၉။ | ကျန်းမာရေး | ၆၂ |
| ၃၀။ | စီးပွားရေး | ၆၂ |
| ၃၁။ | ထင်ရှားသော ကျေးရွာကြီးများ | ၆၃ |
| ၃၂။ | လုံခြုံရေး | ၆၃ |
| ၃၃။ | ဘာသာရေးအဆောက်အဦးများ | ၆၃ |
| ၃၄။ | လူဦးရေသိပ်သည်းမှု | ၆၃ |
| ၃၅။ | နေထိုင်သည့် လူမျိုးများ | ၆၃ |
| ၃၆။ | ဂွမြို့ | ၆၃ |

၃၇။ ကျိန္တလီမြို့ ၆၄
၃၈။ ရခိုင်ဟူသည် ၆၅
၃၉။ ရခိုင်တို့၏ ဒွါရာဝတီ ၇၀
၄၀။ ဇမ္ဗူဒိပ်နှင့် မဇ္ဈိမဒေသကို ခွဲခြားပြခြင်း ၇၂
၄၁။ ဒွါရာဝတီနှင့် မင်းညီနောင်တစ်ကျိပ် ၇၄
၄၂။ ဒွါရာဝတီခေတ်၊ ပထမမင်းဆက်ကို ရှာဖွေပြခြင်း ၇၆
၄၃။ ဒွါရာဝတီသည် ရွှေဝေသာလီနှင့် ခေတ်ပြိုင်ဖြစ် ၇၇
၄၄။ ဒွါရာဝတီမြို့ အမည်ရပုံ ၇၉
၄၅။ မြို့ရှင်ပျံ အမည်ရပုံ ၇၉
၄၆။ သံတွဲမြို့ အမည်ရပုံ ၇၉
၄၇။ မသေသောမြို့ အမည်ရပုံ ၇၉
၄၈။ ကမ္ဘာ့ရှေးအကျဆုံး သုံးမြို့က တစ်မြို့ဖြစ်သော ဒွါရာဝတီ ၇၉
၄၉။ ဒွါရာဝတီ သံတွဲမြို့သည် ဇာတ်တော်လာ ဒွါရာဝတီမြို့ ဟုတ်မဟုတ် ၈၀
၅၀။ တရုတ်သမိုင်း၌ပါရှိသော ရခိုင်တို့၏ဒွါရာဝတီ ၈၀
၅၁။ ရွှေကျွန်း၊ ငွေကျွန်း ၈၁
၅၂။ ခရိုင်ဇီ (Ahryze)၊ အာဂျရေ (Argyre) ၈၁
၅၃။ ဆန်ဗြ (Sym Byra) နှင့် စဒ (Sa Da) ၈၁
၅၄။ ရခိုင်တို့၏ဒွါရာဝတီကို ဗြိတိသျှစာရေးဆရာကြီး မောရစ်ကောလစ်၏အမြင် ၈၃
၅၅။ မောရစ်ကောလစ်၏ သဘောထားအမြင်ကို သုံးသပ်ကြည့်ခြင်း ၈၄
၅၆။ ဒွါရာဝတီကို ရှာဖွေပြခြင်း ၈၈
၅၇။ မွန်တို့၏ ဒွါရာဝတီ ၈၉
၅၈။ ဗမာတို့၏ ဒွါရာဝတီ ၈၉
၅၉။ ရခိုင်တို့၏ ဒွါရာဝတီ ၉၀
၆၀။ ဒွါရာဝတီကို အဓိပ္ပာယ်ဖွင့်ဆိုပြခြင်း ၉၀
၆၁။ ဧရာဝတီကို အဓိပ္ပာယ်ဖွင့်ဆိုပြခြင်း ၉၃
၆၂။ သံတွဲကို အဓိပ္ပာယ်ဖွင့်ဆိုပြခြင်း ၉၄
၆၃။ သံတွဲမြစ်ကို ရှာဖွေပြခြင်း ၉၅
၆၄။ ဒွါရာဝတီသံတွဲမြို့သို့ ဘုရားရှင်ကြွတော်မူခြင်း ၉၈
၆၅။ ဒွါရာဝတီ သံတွဲမြို့စား ဓမ္မသူရအမတ် ၁၀၁
၆၆။ ဆံ၊ နံ၊ အံ စေတီထွတ်တွေနဲ့ ၁၀၆
၆၇။ ဒွါရာဝတီက မေတ္တေယျရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီး ၁၀၇

၆၈။ ဒွါရာဝတီက မေတ္တေယျရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီးနှင့် သုပညာနဂရဆိန္နမင်း ၁၁၅
၆၉။ ဒွါရာဝတီက မေတ္တေယျရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီး၏ ဉာဏ်တော်ပမာဏစစ်တမ်း ၁၁၇
၇၀။ မြပတ္တာကြီးနှင့် မြပတ္တာငယ် ၁၂၁
၇၁။ ဒွါရာဝတီနှင့် ကမ်းယံဒေသစစ်တမ်း ၁၂၂
၇၂။ ဒွါရာဝတီ ဘာသာရေးစစ်တမ်း ၁၂၈
၇၃။ ဒွါရာဝတီအပါအဝင် ရခိုင်ပြည်က မော်ကွန်းသုံးခု ၁၃၃
၇၄။ ရခိုင်ပြည်က မော်ကွန်းသုံးခုကဗျာ ၁၃၅
၇၅။ မင်းစောမွန်နှင့် ဒွါရာဝတီ ၁၃၆
၇၆။ နရနုနှင့် ဒွါရာဝတီ ၁၃၈
၇၇။ ဒွါရာဝတီနှင့် ရာဇာဓိရာဇ်အရေးတော်ပုံ ၁၃၉
၇၈။ စောယဉ်မိနှင့် ဒွါရာဝတီ ၁၄၅
၇၉။ မင်းဗာကြီးနှင့် ဒွါရာဝတီ ၁၄၉
၈၀။ ဒွါရာဝတီ-သံတွဲမြို့ရှိ စေတီတော်သုံးဆူကို မင်းဗာကြီး ထပ်မံကုသိုလ်ပြုခြင်း ၁၅၂
၈၁။ ဒွါရာဝတီ-သံတွဲမြို့ရှိ ဘုရားလှရုပ်တုတော်ကို မင်းဗာကြီး ထပ်မံကုသိုလ်ပြုခြင်း ၁၅၆
၈၂။ ရှေးခေတ်ယဉ်ကျေးမှုလက်ရာကို မဖျက်ဆီးသင့် ၁၅၉
၈၃။ ဒွါရာဝတီ-သံတွဲမြို့ရှိ ဘုရားလှရုပ်တုတော်ကို မည်သူလှူဒါန်းသနည်း ၁၆၀
၈၄။ ဒွါရာဝတီ-သံတွဲမြို့ အံတော်ဘုရားတိုင်ရတု ၁၆၃
၈၅။ ဒွါရာဝတီ-သံတွဲမြို့ရှိ ဂူကြီးနှင့် ဂူငယ်ဘုရား ၁၆၅
၈၆။ ဒွါရာဝတီ-သံတွဲမြို့ လေးမျက်နှာကုန်းတော်ပေါ်ရှိ ဆုတောင်းပြည့်ရုပ်တုညီနောင် ၁၇၂
၈၇။ ဒွါရာဝတီ-သံတွဲမြို့နှင့် လေးမျက်နှာစေတီတော် ၁၇၅
၈၈။ ဒွါရာဝတီမြို့က လေးဆူဒီပါဘုရား ၁၇၈
၈၉။ ဒွါရာဝတီနယ်မြေက ရင်ဖုံးတောင်စေတီ ၁၇၉
၉၀။ ဒွါရာဝတီက ခေတ်လေးခေတ် ဘုရားလေးဆူသမိုင်း ၁၈၄
၉၁။ ဒွါရာဝတီက "သန္တိ , သန္တိ , သုံးသန္တိ" ၁၈၉
၉၂။ ဒွါရာဝတီက ထင်ရှားသော နတ်များ ၁၉၁
၉၃။ ဝန်းတီးနတ် ၁၉၄
၉၄။ ပုဂံခေတ်က ဗမာတို့၏ တေပါးသင်နတ် ၁၉၅
၉၅။ ဒွါရာဝတီက ကျောက်ရှင်နတ်ကြီးပတ်သံ ၁၉၆
၉၆။ ဒွါရာဝတီ လုံခြုံရေး ၁၉၇
၉၇။ မင်းရာဇာကြီးနှင့် ဒွါရာဝတီ ၂၀၀
၉၈။ မော်တင်ဘုရားတိုင် ရတုပိုဒ်စုံ ၂၀၅

၉၉။ ဒွါရာဝတီကို အုပ်ချုပ်မည့်သူများ ၂၀၈
၁၀၀။ ဒွါရာဝတီ၏မင်းများနှင့် မြို့စားမင်းများအကြောင်း ၂၁၀
၁၀၁။ ဗမာမြို့ဝန်များလက်ထက် ဒွါရာဝတီ-သံတွဲမြို့ဝန်တို့၏ အမည်စာရင်း ၂၁၂
၁၀၂။ ဒွါရာဝတီ-သံတွဲမြို့စားမင်း၏ အခွင့်အာဏာ ၂၁၂
၁၀၃။ ဒွါရာဝတီ-သံတွဲမြို့စားမင်း၏ အဆောင်အယောင် ၂၁၃
၁၀၄။ ဒွါရာဝတီနယ်မြေဒေသရှိ ချောင်းစား၊ ကျွန်းစားတို့၏ ရာဇဝင်လာ
နယ်နိမိတ်အပိုင်းအခြား "မော်ကွန်းစာ" ၂၁၆
၁၀၆။ ကဝိကဏ္ဍပါါသ (ကဝိဂန္ဓ) ကျမ်းနှင့် ရခိုင်အသျှင်သီလဝံသ ၂၁၉
၁၀၇။ ဒွါရာဝတီနှင့် ရခိုင်ကဝိကဏ္ဍပါသကျမ်း ၂၂၄
၁၀၈။ ဒွါရာဝတီ (သံတွဲ) စား နရနုနှင့် ကဝိကဏ္ဍပါသကျမ်း ၂၂၆
၁၀၉။ ဒွါရာဝတီနှင့် ရခိုင်ကဝိကဏ္ဍပါသကျမ်းသမိုင်းကြောင်း ၂၂၇
၁၁၀။ ဒွါရာဝတီက ရခိုင်ကဝိဂန္ဓကျမ်းနှင့် ကဝိကဏ္ဍပါသကျမ်းတို့၏ကျေးဇူး ၂၂၈
၁၁၁။ ဒွါရာဝတီဂိုဏ်းအုပ်ဆရာတော် အသျှင်ကဝိသာရ ၂၃၀
၁၁၂။ ဒွါရာဝတီ-အသျှင်ကဝိသာရနှင့် ဓညဝတီအရေးတော်ပုံကျမ်း ၂၃၂
၁၁၃။ ဒွါရာဝတီ-အသျှင်ကဝိသာရနှင့် မဟာပညာကျော်လျှောက်ထုံး ၂၃၄
၁၁၄။ ကဝိသာရာဘိ သိရီပဝရ အဂ္ဂမဟာဓမ္မ ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ၂၃၈
ကျမ်းပြု-ရဟန်းစာဆို ဒွါရာဝတီ အသျှင်ကဝိသာရ အမှတ်တရကဗျာ
၁၁၅။ ဒွါရာဝတီမြို့ဇာတိ "ထိပ်တော်မိသားစု" နှင့် စစ်တွေမြို့ "စစ်ကဲတော်ကျောင်းတိုက်" ၂၃၉
၁၁၆။ ဒွါရာဝတီအပါအဝင် ဝတီလေးရပ်က လှေသင်းသားများ ၂၄၂
၁၁၇။ ဒွါရာဝတီမှ ဘင်္ဂလားအဝကျွန်းသို့ ၂၄၄
၁၁၈။ အဝကျွန်းရှိ သံတွဲသားမော် ၂၄၆
၁၁၉။ ဒွါရာဝတီ (သံတွဲ) သားတို့ တည်ထားခဲ့ကြသော အဝကျွန်းရှိ "ကပ္ပရာဇာတီကြီး" ၂၄၆
၁၂၀။ အဝကျွန်းသားများနှင့် ဒွါရာဝတီ ၂၄၇
၁၂၁။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဖလောင်းချိတ် (ကော့စ်ဘဇား) မြို့၌ ဒွါရာဝတီ (သံတွဲ) ဆရာတော်
ဦးလာဘ တည်ထောင်ဆောက်လုပ်ခဲ့သော "အဂ္ဂမေဓာ ဘုန်းတော်ကြီးကျောင်း" ၂၅၀
၁၂၂။ ဒွါရာဝတီ (သံတွဲမြို့) က ဆရာတော်ဦးလာဘအကြောင်း နောက်ဆက်တွဲ ၂၅၃
၁၂၃။ ဒွါရာဝတီနှင့် ရန္တပိုစာချုပ် ၂၅၅
၁၂၄။ သာသနာလင်္ကာရစာတမ်းမှ ရခိုင်ဆိုင်ရာမှတ်သားဖွယ်ရာများ ၂၅၈
၁၂၅။ သူငယ်တော်ဆက်ရ ဒွါရာဝတီ ၂၇၈
၁၂၆။ ဒွါရာဝတီ-တောင်ခွင်တန်းက အသျှင်သီလဝံသ၏ "နိဗ္ဗာန်ဩဇာလင်္ကာနှင့် စကားပြေကျမ်း" ၂၇၇
၁၂၇။ ဒွါရာဝတီနယ်မြေက နက္ခတ်တာရာ ၂၇၇

| | | |
|---|---|---|
| ၁၂၈။ | တြိချိုးနိဒါန်း | ၂၇၈ |
| ၁၂၉။ | လင်္ကာနိဒါန်း | ၂၇၈ |
| ၁၃၀။ | တာကူးလဘွဲ့တြိချိုး | ၂၇၉ |
| ၁၃၁။ | တာကူးလဘွဲ့လင်္ကာ | ၂၇၉ |
| ၁၃၂။ | ကဆုန်လဘွဲ့တြိချိုး | ၂၇၉ |
| ၁၃၃။ | ကဆုန်လဘွဲ့လင်္ကာ | ၂၈၀ |
| ၁၃၄။ | နံယုန်လဘွဲ့တြိချိုး | ၂၈၁ |
| ၁၃၅။ | နံယုန်လဘွဲ့လင်္ကာ | ၂၈၁ |
| ၁၃၆။ | ဝါဆိုလဘွဲ့တြိချိုး | ၂၈၂ |
| ၁၃၇။ | ဝါဆိုလဘွဲ့လင်္ကာ | ၂၈၂ |
| ၁၃၈။ | ဝါခေါင်လဘွဲ့တြိချိုး | ၂၈၃ |
| ၁၃၉။ | ဝါခေါင်လဘွဲ့လင်္ကာ | ၂၈၃ |
| ၁၄၀။ | တော်သလင်းလဘွဲ့တြိချိုး | ၂၈၄ |
| ၁၄၁။ | တော်သလင်းလဘွဲ့လင်္ကာ | ၂၈၄ |
| ၁၄၂။ | ဝါကျွတ်လဘွဲ့တြိချိုး | ၂၈၅ |
| ၁၄၃။ | ဝါကျွတ်လဘွဲ့လင်္ကာ | ၂၈၅ |
| ၁၄၄။ | တန်ဆောင်မုန်းလဘွဲ့တြိချိုး | ၂၈၆ |
| ၁၄၅။ | တန်ဆောင်မုန်းလဘွဲ့လင်္ကာ | ၂၈၆ |
| ၁၄၆။ | နတ်တော်လဘွဲ့တြိချိုး | ၂၈၇ |
| ၁၄၇။ | နတ်တော်လဘွဲ့လင်္ကာ | ၂၈၇ |
| ၁၄၈။ | ပြာသိုလဘွဲ့တြိချိုး | ၂၈၈ |
| ၁၄၉။ | ပြာသိုလဘွဲ့လင်္ကာ | ၂၈၉ |
| ၁၅၀။ | တပို့တွဲလဘွဲ့တြိချိုး | ၂၉၀ |
| ၁၅၁။ | တပို့တွဲလဘွဲ့လင်္ကာ | ၂၉၀ |
| ၁၅၂။ | တပေါင်းလဘွဲ့တြိချိုး | ၂၉၁ |
| ၁၅၃။ | တပေါင်းလဘွဲ့လင်္ကာ | ၂၉၁ |
| ၁၅၄။ | တြိချိုးနိဂုံး | ၂၉၁ |
| ၁၅၅။ | လင်္ကာနိဂုံး | ၂၉၁ |
| ၁၅၆။ | ဒွါရာဝတီက ရခိုင့်ဌာနီလရာသီကျမ်းနှင့် မိတ်ဆက်ပေးခြင်း | ၂၉၃ |
| ၁၅၇။ | ဒွါရာဝတီနယ်မြေက ၁၂-လရာသီကျမ်း | ၂၉၄ |
| ၁၅၈။ | ဦးပိန်တံတား | ၂၉၅ |

၁၅၉။ တောင်သမန်ကျောက်တော်ကြီးဘုရား ၂၉၅
၁၆၀။ ဒွါရာဝတီဒေသက ရှေးဟောင်းကျောက်စာများ ၃၀၀
၁၆၁။ သံတွဲ-ပြည့်ဝကျောက်စာ ၃၀၀
၁၆၂။ သံတွဲ-ငလုံးမော်ကျောက်စာ ၃၀၁
၁၆၃။ လမူး-အိုးထိန်းဓာတ်စေတီအနီးကျောက်စာ ၃၀၃
၁၆၄။ ဥတ္တရစ်မြို့ပြည် သိမှတ်ဖွယ် ၃၀၄
၁၆၅။ သံတွဲ-အံတော်စေတီကျောက်စာ ၃၀၅
၁၆၆။ သံတွဲ-စန္ဒြားစေတီအုတ်ချပ်စာ ၃၀၆
၁၆၇။ သံတွဲ-တုံးတောပြို (ပျို) ကျောက်စာ ၃၀၇
၁၆၈။ သံတွဲ-လေပြေတောင်စေတီကျောက်စာ ၃၀၉
၁၆၉။ အမတ်ကြီးအနန္တသူကျောက်စာ ၃၁၀
၁၇၀။ တောင်ကုတ်-မြို့ဟောင်းကျောက်စာ ၃၁၁
၁၇၁။ တန်းလွဲ-ကန့်ချုပ်တောင်ဘုရားကျောက်စာ ၃၁၂
၁၇၂။ တောင်ကုတ်-နတ်မော်စေတီကျောက်စာ ၃၁၂
၁၇၃။ တောင်ကုတ်-သိမ်တောင်ဘုရားကြီးကျောက်စာ ၃၁၂
၁၇၄။ မအီ-စကားတောင်ဘုရားကျောက်စာ ၃၁၄
၁၇၅။ ငါးကျွန်း-ကိုးနဝင်းဘုရားစမ္မခဏ်ကမ္ပည်းစာ ၃၁၅
၁၇၆။ သူဌေးချောင်း-သဘော်ာကျောက်တိုင်ကျောက်စာ ၃၁၆
၁၇၇။ ဒွါရာဝတီ-သံတွဲစားကျောက်စာ ၃၁၈
၁၇၈။ တောင်စဥ်ခုနစ်ခရိုင်သမိုင်း ၃၂၀
၁၇၉။ တောင်စဥ်ခုနစ်ခရိုင်ဟူသည် ၃၂၀
၁၈၀။ ခရိုင်ဟူသော ရခိုင်ဝေါဟာရ ၃၂၀
၁၈၁။ တောင်မှာမထုံး မြောက်မှာမုန်း ၃၂၁
၁၈၂။ ဘုရင်မင်းထီးလက်ထက် တောင်စဥ်ခုနစ်ခရိုင် ၃၂၂
၁၈၃။ ရာဇကုမာရ်နှင့် တောင်စဥ်ခုနစ်ခရိုင် ၃၂၂
၁၈၄။ ရာဇကုမာရ်ကျောက်စာ ပေါ်ပေါက်လာပုံ ၃၂၄
၁၈၅။ ရာဇကုမာရ်နှင့် မြန်မာစာ ၃၂၅
၁၈၆။ ဓညဝတီနှင့် ပုဂံဆက်သွယ်မှု ၃၂၆
၁၈၇။ ဝတီလေးရပ်၊ တိုင်း (၁၂) တိုင်း ၃၂၇
၁၈၈။ ဒွါရာဝတီနယ်နိမိတ်အပိုင်းအခြားနှင့် မှတ်သားဖွယ်ရာများ ၃၂၉
၁၈၉။ ဒွါရာဝတီနယ်မြေဖြစ်ခဲ့ဖူးသော မော်တင်စွန်း ၃၃၂

၁၉၀။ ဒွါရာဝတီနယ်မြေက ဝွမြို့ရှိ မင်းတောင်စေတီ ၃၃၂
၁၉၁။ ဒွါရာဝတီတောင်ခွင်တန်းက အသျှင်သီလဝံသ ၃၃၃
၁၉၂။ ဒွါရာဝတီနှင့် ဟံသာဝတီဆက်သွယ်မှု ၃၃၃
၁၉၃။ မင်းရာဇာကြီးလက်ထက် ဒွါရာဝတီတောင်စဉ်ခုနစ်ခရိုင် ၃၃၄
၁၉၄။ ဒွါရာဝတီနယ်မြေက ရခိုင်လူမျိုး ၃၃၅
၁၉၅။ ဒွါရာဝတီမြို့က မေတ္တေယျရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီးကို ပြူတို့ဖျက်ဆီးရာက သရေခေတ္တရာ ပျက်စီးရခြင်းအကြောင်း ၃၃၆
၁၉၆။ ရခိုင်ပြည်ဝတီလေးရပ်ကို ဗဒုံမင်းသာသနာပြုပေးခဲ့ပုံ ၃၄၀
၁၉၇။ ဒွါရာဝတီက ငြိတိသျှနယ်ချဲ့တော်လှန်ရေးသမားကြီး ဗိုလ်သာဦး ၃၄၅
၁၉၈။ ဒွါရာဝတီက ငြိတိသျှနယ်ချဲ့တို့အား တော်လှန်ရေးမှတ်တမ်း ၃၄၈
၁၉၉။ ဒွါရာဝတီနှင့် တောင်စဉ်,တောင်ခွင်ဒေသ ၃၅၀
၂၀၀။ စာမရီဟူသည် ငှက်လော,သားကောင်လော (စာပေစစ်တမ်း) ၃၅၂
၂၀၁။ စာမရီသားကောင်ကို ရှာဖွေပြခြင်း ၃၅၃
၂၀၂။ စာမရီနှင့်အောင်း ရှင်းလင်းချက် ၃၆၃
၂၀၃။ တိရစ္ဆာန်ဆေးကုဆရာဝန် မောင်ချစ်၏ပြန်ကြားစာ ၃၆၄
၂၀၄။ ဇာမဏီငှက်ကို ရှာဖွေပြခြင်း ၃၆၅
၂၀၅။ ငှက်မြတ်လေးကောင် ၃၆၆
၂၀၆။ ကမံ (ကမန်) ဟူသည် လူလော,လေးလော (စာပေစစ်တမ်း) ၃၆၈
၂၀၇။ ကမံနှင့် ကမန်စစ်တမ်း ၃၆၈
၂၀၈။ ရခိုင်ရာဇဝင်လာ ကမံ (ကမန်) ဝေါဟာရကို ရှာဖွေပြခြင်း ၃၆၉
၂၀၉။ ဗမာရာဇဝင်လာ ကမန်ဝေါဟာရကို ရှာဖွေပြခြင်း ၃၇၁
၂၁၀။ ဘင်္ဂ၊ ဘင်္ဂလာဒေသ၊ ဘင်္ဂလီတို့ကို အဓိပ္ပာယ်ဖွင့်ဆိုပြခြင်း ၃၇၁
၂၁၁။ ကုလားကို အဓိပ္ပာယ်ဖွင့်ဆိုပြခြင်း ၃၇၂
၂၁၂။ ရခိုင်ပြည်သို့ မူဆလင်ကုလားများ စတင်ရောက်ရှိလာခြင်း ၃၇၂
၂၁၃။ ကုလားလူမျိုး (၆၀) ကို ရှာဖွေပြခြင်း ၃၇၃
၂၁၄။ မြောက်ဦးမြို့၊ စန္ဒသုဓမ္မရာဇာမင်းလက်ထက် "ကမံလေးတပ်" တွင် ကြေးစားအဖြစ် အမှုထမ်းခဲ့ကြသော မဂို (ဘင်္ဂလီ) ကုလားများ ၃၇၇
၂၁၅။ ရခိုင်ဘုရင့်ကိုယ်ရံတော်တပ်တွင် ကြေးစားအဖြစ် အမှုထမ်းခဲ့ကြသော ဂျပန်ဓားစစ်သည်တော်များ ၃၇၈
၂၁၆။ ဒွါရာဝတီတောင်ခွင်တန်းက မယားပျောက်ရှာပုံတော်ခရီး ၃၈၀
၂၁၇။ တောင်စဉ်ကမ်းနှင့် တောင်ခွင်တန်း ၃၈၀

၂၁၈။ ငါးသလဲထိုးဆရာတော်၏ ရှာပုံတော်ခရီး ၃၈၁
၂၁၉။ မယားပျောက်ရှာပုံတော်ခရီးစဉ်ရှိ ကျေးရွာများ ၃၈၂
၂၂၀။ မော်တင်စွန်းနှင့် နဂါးရစ် ၃၈၄
၂၂၁။ တောင်ခွင်တန်း မယားပျောက်ရှာပုံတော်ခရီးဒိုခြင်းရှည် ၃၈၆
၂၂၂။ ဒွါရာဝတီ-သံတွဲနယ်သားတို့၏ ဒေသိယဝေါဟာရစကားများ ၃၈၉
၂၂၃။ ဒွါရာဝတီနယ်မြေက "တစ်ခါကပဒင်း" ကို သုံးသပ်ကြည့်ခြင်း ၄၀၁
၂၂၄။ ဒွါရာဝတီနယ်မြေက ပန်းတော်ကျွန်း ၄၀၅
၂၂၅။ ပန်းတော်မြေ ၄၁၁
၂၂၆။ ဒွါရာဝတီက သမိုင်းဝင် ကလိင်တောင် ၄၁၂
၂၂၇။ ကောတုံကရာဇ်က နောင်တော်ကြီးနှင့် နောင်တော်လေး ၄၁၃
၂၂၈။ ကောတုံကရာဇ်တိုင်းပြည် ပျက်စီးရခြင်းအကြောင်း ၄၁၄
၂၂၉။ ဒွါရာဝတီက မဟာထူပါရာမစေတီသမိုင်းမော်ကွန်း ၄၁၆
၂၃၀။ ရခိုင်တို့၏ ဒွါရာဝတီက ကမ္ဘာကျော်ငပလီ ၄၂၀
၂၃၁။ ငပလီဆည်းဆာ ၄၂၁

**အခန်း (၄)**

**နောက်ဆက်တွဲနိဂုံး**

၁။ စာရေးသူ၏ ထေရုပ္ပတ္တိအကျဉ်း ၄၂၅
၂။ ဖော်ပြပါရှိဖူးသော "စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း" အမျိုးအစားပေါင်းတစ်ရာကျော် ၄၂၉
၃။ ပုံနှိပ်ထုတ်ဝေပြီး စာအုပ်များ ၄၂၉

# အခန်း (၁)

# အဖွင့်ကဗျာ – အဖွင့်စာမျက်နှာ

## ရက္ခနွယ်စဉ် မျိုးရခိုင်

"ကုသဝတီ။ သင်္ကဿနေ။ မြို့ရွှေပြည်၌။ တည်သည်မင်းပေါင်း။ သောင်းသိန်းမက။ စိုးစံကြလျက်။ ထိုမှဆက်ကာ။ ဝါသုဒေဝ။ ဒသညီနောင်။ တစ်ကျိပ်မောင်တို့။ ကြံဆောင်လုံ့လ။ ဥဿဟထူ။ ကျွန်းဇမ္ဗူကို။ သိမ်းယူတုံမြောက်။ ခြောက်သောင်းသုံးထောင်။ မင်းအပေါင်းကို။ ကုန်အောင်မပျက်။ စက်လက်နက်ဖြင့်။ သတ်လျက်ထိုခါ။ မြို့ဒွါရာကို။ သိမ်းကာအုပ်စိုး။ ထီးဖြူမိုးလျက်။ မျိုးရိုးစဉ်ဆက်။ မပျက်စိမ့်ငှါ။ ရက္ခာပူရ။ တွင်စေကြ၍။ ရက္ခနွယ်စဉ်။ မျိုးရခိုင်ဟု။ ခေါ်ဆိုပြုလျက်။ နွယ်ဆက်မပျက်။ စိုးခဲ့လျက်တည်း။ ။"

(ပဝေဏီမွေ့သတ်ကျမ်း၊ ပေမူ၊ က-ချပ်၊
ဝမ်းဘက်၊ ကြောင်းရေ ၃-မှ)

## ရက္ခိုင်နာမ ဘွဲ့မည်လှ

"အမျိုးသီလ၊ နှစ်ဌာနကို
ပြည့်ဝမကျိုင်၊ စောင့်စွမ်းနိုင်သည်
ရက္ခိုင်နာမ၊ ဘွဲ့မည်လှဖြင့်
အနွတ္ထသညာ၊ ခေါ်အပ်ရာတည်း။ ။"

**အသျှင်နာဂိန္ဒမော်ကွန်း**

## ကျွန်းတွင်ဇမ္ဗူ လူတွင်ရက္ခိုင်

"ကျွန်းတွင်ဇမ္ဗူ၊ လူတွင်ရက္ခိုင်
ကြိုင်ဘိသတင်း၊ ကင်းဘိအပြစ်
ချစ်သည့်အမျိုး၊ ကြိုးသည့်လုံ့လ
မြတ်စာဂနှင့်၊ နှစ်ဝနတ်လူ
ချစ်ကြည်ဖြူသည်။ နိဗ္ဗူဆုတောင်းပြည့်အံ့တည်း။ ။"

**ဗုဒ္ဓဝင်ကြီးတန်းလက်ာ**

## သီရိကုမ္ဘာမင်းနှင့် ဒွါရာဝတီခေတ်
## (ကုသမင်းသတ္တရာဇ် - ၄၀၀၀ မတိုင်မီ ဘီစီ - ၆၀၀၀ ခန့်)

* **"ဒွါရာဝတီ"** တည်ထောင်ခြင်း
**"သီရိကုမ္ဘာမင်း"** က စတင်။
**"ကဿပ"** မြတ်ဗုဒ္ဓါ၏
သာသနာ နောက်ပိုင်းခေတ်
ဖြစ်ခဲ့သည်ပင်။
**"သီရိကုမ္ဘာမင်း"** မှ ငါးဆက်ဝင်
**"ဝတဂုံဘုရင်"** ရယ်လို့ နာမည်ရှိ။
မြို့ဒွါရာ တစ်ခေတ်ဆန်းစေဖို့
ပေါ်ထွန်းလေဘိ။

* ဝတဂုံဘုရင် နန်းစံခိုက်
မြို့သမိုက် ထူးထွေ။
ရန်သူတွေ ရောက်လာက
ရှာမတွေ့ချေ။
မြို့တော်က ပျောက်ကွယ်နေ
ရှာဖွေ၍ ဘယ်မရ။
မြို့စောင့်ဘီလူး ကွယ်ကာဖျောက်လို့
ပျောက်ခဲ့ပေစွ။

* ထိုအချိန် ထိုကာလ
**"ဒသဘာတိက ညီနောင်"**။
သတ္တိသွေး ဘုန်းကံများနဲ့
ခွန်အားကိုဆောင်။
သာကီယ တစ်ကျိပ်မောင်
မြို့စုံအောင် သိမ်းပိုက်ရ။
**"အဥ္စနဒေဝီ"** နှမထွေးနဲ့
သွေးရင်းတူကြ။

* **"ဒွါရာဝတီ မြို့နဲ့နန်း"**
သိမ်းမြန်းဖို့ ရောက်လာ။
မြို့တော်ကို ရှာမတွေ့
ပျောက်၍နေရှာ။
အာကာယံက အသံသာ
ဆူညံစွာ သူတို့ကြား။
အကြိမ်ကြိမ် ရှာဖွေရောက်
ပျောက်ခဲ့တကား။

* မြို့တော်ကို ရှာမတွေ့တော့
ရသေ့ကိုတဲ့ မေးကြရာ။
**"ကဏှာဒီပါယန"** ရှင်ရသေ့က
ပြောပြစုံစွာ။
ညအချိန် သန်းခေါင်ယံမှာလ
သံမှိုနှက်လို့ နံနှိပ်ကာ
သံကွင်းပါ တွဲချိတ်ထား။
**"မြို့ရှင်ပုံ"** တစ်ဖြစ်လဲ
**"သံတွဲ"** ထင်ရှား။

* တောင်တန်းတွေ ဝိုင်းပတ်ထားလို့
**"တံခါးမြို့"** ခေါ်တွင်လာ။
သက်တန်းရှည် မြို့တစ်ပါးမို့
ထူးရှားလှတာ။
**"မသေမြို့"** ဟု တင်စားကာ
ကြာမြင့်စွာ ထင်ရှား။
**"စံဒွာနီ"** နဂရပေမို့
ထူးလှတကား။ ။

(မှတ်ချက်။ ။ "သီရိကုမ္ဘာမင်း" ကို "ဥလာကမင်း" ဟူ၍လည်း ခေါ်သည်။)

ငွေသဖင် (သံတွဲ)

# အလှစုံညီ ဒွါရာဝတီ

* တံခါးမြို့ **"ဒွါရာဝတီ"**။
**"ဆံ , နံ , အံ"** စေတီဘုရားတွေနဲ့
ထူးခြားလှသည်။
**"သံတွဲချောင်း"** စီမ်းလဲ့ကြည်
**"ငပလီ"** က လှပုံထူး။
သဲဖြူဖြူ အုန်းပင်တန်းတွေနဲ့
ဝမ်းမြောက်ကြည်နူး။
* **"တန့်တော်မူ"** တောင်စခန်းက
ထန်းတောနဲ့ **"ဂူငယ်"**။
**"ဂူကြီးခုံ"** စေတီမြတ်နဲ့
ပေါင်းစပ်ယှက်သွယ်။
မျက်နှာချင်း ဆိုင်ကာရယ်
တည်ထားဖွယ်က လွန်ထူးခြား။
သိမ်ရာမြေ အတွင်းမှာလ
ရုပ်ဆင်းတူ ညီနောင်မြတ်ကို
ဦးခိုက်ညွတ်တွား။
* **"လေးမျက်နှာ"** စေတီမြတ်နဲ့
**"ကျုံးတွင်းရပ်"** သာစွလေ။
**"ဗိုလ်ကုန်း"** မှာ ထီးနန်းစိုက်
စံထိုက်တဲ့မြေ။
ရေကန်လည်း ထူးခြားနေ
ရှေးအမွေ တစ်ပါး။
ပစ္စင် , ပြအိုးတွေနဲ့
အမျိုးဂုဏ် ထိန်ထိန်တောက်
ဝမ်းမြောက်ဖွယ်များ။

* **"သံတွဲမြို့"** တစ်ဘက်ကမ်း
တင့်ဆန်းတဲ့ အံတော်မြေ။
သမိုင်းဝင် ရေကန်များနဲ့
ခံ့ညားလှပေ။
**"ဘုရားလှ"** စံကာနေ
တောင်ခြေက ဂူနန်း။
**"လေးမြို့ခေတ်"** လက်ရာမြောက်ပုံက
အံ့လောက်ခမန်း။
* **"တရော်တော"** အရှေ့ဖက်
ကုန်းမြင့်ထက်က စေတီ။
**"စန္ဒြားတောင်"** ခေါ်သမိုက်
ဦးခိုက်ကြသည်။
**"ရခိုင်တို့ ဝေသာလီ"**
သက်သေတည် ဘုရား။
မြို့ဒွါရာ ကမ်းတစ်ဘက်က
လွမ်းဆွတ်ဖွယ်များ။
* **"စောယဉ်မိ"** မိဖုရား
မွေးဖွားတဲ့ မြို့ရွာ။
**"မေတ္တာစာ"** ရတုပန်းနဲ့
ထွန်းတောက်ခဲ့တာ။
**"ကဝိသာရ ထေရ်မြတ်မဟာ"**
သူ့ကျမ်းစာက မွှေးကြိုင်လန်း။
ကဗျာ , လင်္ကာ စွယ်စုံရ
ထူးစွရဟန်း။

* သံတွဲမိဖုရား၏သမီး
သတင်းကြီးတဲ့ **"မေပိုးဝါ"**။
လှုဂုဏ်ရည် ပြည့်စုံရောက်
အံ့လောက်စရာ။
**"ကဥ္စနဒေဝီ"** လည်း ပါဝင်ကာ
နိုင်ငံမှာ စံရှား။
စာဆိုတွေ ကဗျာဖွဲ့လို့
ရေးခဲ့တကား။
* တောတောင်မှာ သစ် , ကြိမ် , ဝါး
ဆန်စပါး ပေါပြည့်လျှံ။
ပင်လယ်မှာ ဥစ္စာများရယ်က
သားငါးပုစွန်။
ပဲ , နှမ်း , ငရုတ် , အုန်းနဲ့ကြံ
ကောင်းမွန်တဲ့ စီးပွား။
ဒွါရာမြေမှာ အလှအပတွေက
ပေါလှတကား။ ။

## ငွေသဖင် (သံတွဲ)

# "အာရက္ခ = ရက္ခိုင် = ရခိုင်"
## (ရခိုင်ဟူသော ဝေါဟာရ၏ မူလဇာစ်မြစ်)

(၁) **"လူမျိုးတစ်ရာ့တစ်ပါး"** ခေါ်တွင်ခြင်း
စာရင်းဝင်တဲ့ ရခိုင်။
အမျိုး,သီလ ဂုဏ်ယူလောက်
စောင့်ရှောက် ခုတိုင်။
**"အာရက္ခ"** မျိုးမဏ္ဍိုင်
ကြိုင်ပါပေ့ ခုချိန်ထိ။
**"ရက္ခိုင်"** မှ **"ရခိုင်"** အမျိုး
ကွယ်ရိုးမရှိ။

(၂) **"ပါထိကဝင်"** **"အဂ္ဂညသုတ်"**
မြတ်ဗုဒ္ဓမိန့်မှာ။
လောကကြီး ပျက်ချိန်မှာဖြင့်
**"အာဘဿရဘုံ"** မှာ သတ္တဝါအများ
သွားရောက်ဖြစ်လာ။
ဈာန်,ပီတိ စားသောက်ကာ
ကြာရှည်စွာ ကျက်စား။
ဗြဟ္မာတွေက သက်ဆင်းလာတဲ့
ထက်မြက်လူသား။

(၃) **"သက္ယ"** နဲ့ **"အာရက္ခ"**
အနွယ်က တူစွာ။
**"အာရိယန်"** မျိုးနွယ်ရင်းက
ဆင်းသက်လို့လာ။
လူ့တန်ဖိုးဂုဏ်ယူကာ
ကြာမြင့်စွာ ထင်ရှား။
လူသားကို တန်ဖိုးထားတဲ့
မျိုးမြတ်တစ်ပါး။

(၄) **"ရခိုင်"** ဆိုတဲ့ နာမည်သမိုင်းအစမှာလ
**"ပရိုင်းမိတ်"** မျောက်တစ်သင်းက
ဆင်းသက်ခြင်း မဟုတ်ပါ။
မျောက်တွေရဲ့ ယဉ်ကျေးမှုအစအန
လုံးဝမပါ။
မြတ်ဗုဒ္ဓ ဒေသနာ
လက်ခံလာတဲ့ လူမျိုး။
အသိဉာဏ်ရှင် ဗြဟ္မာခပင်းက
ဆင်းသက်သကိုး။

(၅) လေးဝတီ လက်တွဲဆက်
သမိုင်းသက် ကြာရှည်။
ကိုယ့်ထီး,ကိုယ့်နန်း,ကိုယ့်ကြငှန်းဖြင့်
ထွန်းတောက်ခဲ့ပြီ။
ခေတ်သမိုင်း ပဝေသဏီ
ကြာရှည်တဲ့ လူသား။
ရာဇဝင် မကွယ်မတိမ်းအောင်
ထိမ်းသင့်တကား။

(၆) **"အာရက္ခ"** နဲ့ **"ရက္ခိတ"**
ဝေါဟာရ ဖွေရှာ။
အမျိုးကို စောင့်တတ်လို့
ခေါ်အပ်သညာ။
နှစ်ထောင်သောင်း ရှည်မြင့်ကြာ
အစဉ်အလာ မြင့်မား။
သမိုင်း,ရာဇဝင်,ယဉ်ကျေးမှုနဲ့
ခုထိထင်ရှား။

(၇) **"အာရက္ခ"** ဟူသော ဘာသာစကား
အိန္ဒိယသားတို့ ပြောဆို။
**"ပါဠိဘာသာ"** ဖြင့် ခေါ်ဝေါ်အပ်
မှတ်ကြစေလို။
**"အာရက္ခိုင်"** ဟူသော စကားကို
**"အင်္ဂလိပ်ဗိုလ်သံ"** ဖြင့် **"အာရကန်"** ဖြစ်။
**"ရခိုင်"** ဆိုတဲ့ မည်နာမရဲ့
မူလဇာစ်မြစ်။

(၈) **"ရခိုင်"** ကို **"မော့ဂ်"** ဟုခေါ်ဝေါ်ကြ
**"ကုလား"** က စတင်။
**"မာဂဓတိုင်း"** မှ လာရောက်ကြ၍
**"မော့ဂ်"** ဟု မည်တွင်။
**"မာဂေ၊ မော့ဂ်"** ဆိုပါလျှင်
ရခိုင်ဟုပင် မှတ်သား။
သမိုင်းလာ စကားရပ်ကို
သိမှတ်လို့ထား။

(၉) **"သတ္တရှ"** နဲ့ **"မာဂဓပေါဠိ"**
ထွန်းကားဘိ ရခိုင်။
အာရိယန် ယဉ်ကျေးမှု
ပေါင်းစု မတ္တိုင်။
**"အိန္ဒိယ"** **"မဇ္ဈိမဒေသ"** သမိုင်းမှာဖြင့်
**"မာဂဓတိုင်း ခရိုင်"** မှာလ
နေထိုင်ကာ လာရောက်ကြတဲ့ လူသား။
**"သက္ခ"** နဲ့ **"အာရက္ခ"** နှစ်သွယ်ဆင်း
သွေးရင်းမခြား။

(၁၀) ရခိုင်ရာဇဝင် ခေတ်ဦးပထမ
ဒွါရာဝတီက စတင်။
**"သီရိကုမ္မာ"** အစထား။
မင်းငါးဆက်ဝင်။
နောက်ဆုံးမင်းက **"ဝတာဂုံဘုရင်"**
စိုးစံစဉ် ဂုဏ်မချို့။
မြို့ဒွါရာ အာကာထဲ
ပျံ့ဝဲတဲ့မြို့။

(၁၁) **"ဝါသုဒေဝ"** အစရှိ
ဒသဘာတိက ညီနောင်တစ်ကျိပ်မှာ။
အိန္ဒိယပြည် မဇ္ဈိမဒေသမှ
ရောက်ရှိလို့လာ။
**"ရခိုင်ခေတ်ဦး မြို့မြတ်ဒွါရာ"**
ဝင်ရောက်ကာ သိမ်းပိုက်စိုး။
ဒွါရာဝတီ နယ်မြေတွင်းမှာလ
သာကီဝင်မင်းဆက် ပထမ
စခဲ့သကိုး။

(၁၂) **"ဒွါရာဝတီ"** မှ တစ်ဖြစ်လဲ
**"မြို့သံတွဲ"** ခေါ်တွင်။
ဘီစီ-ခြောက်ထောင် ချိန်ကာလက
စခဲ့သည်ပင်။
**"ဓညဝတီ"** တည်ထောင်တဲ့ **"မာရယုဘုရင်"**
ရာဇဝင်မှာ ထင်ရှား။
**"သက္ခ"** နဲ့ **"အာရက္ခ"** အနွယ်ဇာတ်
ပေါင်းစပ်လို့သွား။
ရခိုင်ဆိုတဲ့ ဂုဏ်ဖြပ်က
မြင့်မြတ်ထင်ရှား။ ။

(၂၅/၂၆. ၉. ၂၀၁၂ နေ့တွင် ကျင်းပပြုလုပ်အပ်သော **"ရသေ့တောင်ညီလာခံ"** ၏ ဆုံးဖြတ်ချက်များကို သံတွဲမြို့တွင် ရှင်းလင်းပွဲပြုလုပ်ပြီး တစ်ခဲနက် ထောက်ခံပွဲပြုလုပ်သောနေ့ အမှတ်တရ။ ၂၀၁၂ ခု၊ အောက်တိုဘာလ (၉) ရက်၊ အင်္ဂါနေ့။)

**ငွေသဇင် (သံတွဲ)**

## ဒွါရာဝတီ–သံတွဲမြို့ဘွဲ့ရတု
## (အချီ၊ အချ၊ ပဒညီပိုဒ်စုံရတု)

(၁) **သာစွဌာနေ။** ။ ဒွါရာမြေကား၊ ရေဝေတောတောင်၊ စိမ့်စမ်းမြောင်နှင့်၊
ထွန်းပြောင်မြတ်စွာ၊ သာသနာလည်း၊ ဝေဖြာတင့်ဆန်း၊ မဥ္ဇူပန်းသို့၊
မြို့နန်းပတ်ချာ၊ တောင်သုံးမြွာ၌၊ ဓာတုအစစ်၊ အမွေနှစ်ဖြင့်၊
တည်လစ်စီမံ၊ ဆံ,နံ့,အံ တည့်၊ ရေကန်ကြည်သာ၊ ပန်းမာလာနှင့်၊
နန်းရာဗိုလ်ကုန်း၊ စေတီ,ကျုံးနှင့်၊ ရိုက်ချုန်းပွဲတင်၊ စည်သံလွင်လျက်၊
နေချင်စရာ၊ မြို့ဒွါရာသည်။ ။ သာယာချမ်းမြေ့ဖွယ်ရာတည်း။

(၂) **စာလှဖြာဝေ။** ။ ဤရပ်မြေဝယ်၊ စာပေထိုထို၊ ရေးဖွဲ့လိုသည့်၊
စာဆိုများစွာ၊ ပေါ်ထွန်းလာခဲ့၊ ကဗျာပွင့်လန်း၊ သမိုင်းကျမ်းနှင့်၊
ဤကျွန်းဇမ္ဗူ ရခိုင်လူတို့၊ စာမူစုံစွာ၊ ထားခဲ့ပါ၍၊
နောင်လာနောက်သား၊ တုယှဉ်ပွားကာ၊ ငါကားယောက်ျား၊ စွမ်းပကားဖြင့်၊
ကြိုးစားလူဗိုလ်၊ ဌဲမာန်ပိုခဲ့၊ ထိုထိုစာများ၊ ရေးဖွဲ့အားကြောင့်၊
ထူးခြားမှန်စွာ၊ မြို့ဒွါရာသည်။ ။ စာမှာစွမ်းပေ့ကြွယ်ရာတည်း။

(၃) **လာကြပါစေ။** ။ ဖိတ်ခေါ်ပေအံ့၊ ကမ်းခြေသာစွ၊ သဲဖြူလှနှင့်၊
လေက, မပြင်း၊ ညင်းလေသွင်းလျက်၊ သင်းပျံ့ကြည်သာ၊ ပန်းစုံဖြာသား၊
သာယာဝေစီ၊ ငပလီဟု၊ သီရိကျက်သရေ ပြည့်ဖြိုးဝေခဲ့၊
နယ်မြေအများ၊ နိုင်ငံခြားမှ၊ လာ, သွားဝင်, ထွက်၊ တည်းခိုချက်ကား၊
မေ့ရက်စရာ၊ မရှိပါတည့်၊ တစ်ခါရောက်လျှင်၊ နောက်လာချင်၍၊
ပျော်ရွှင်စရာ၊ မြို့ဒွါရာသည်။ ။ ကြာကြာလွမ်းငွေ့သွယ်ရာတည်း။

**ငွေသဖင် (သံတွဲ)**

# "ဒွါရာဝတီ သာလီစွ"

* ဝတီလေးရပ်၊ ပေါင်းစပ်သွေးစည်း
ကမ္ဘည်းထွန်းရာ၊ ဤမြေလွှာ၌
ဒွါရာဝတီ၊ တိမ်ဆီပျံ့ဝဲ
မြို့သံတွဲလေ - မြို့သံတွဲ။

* ဆံ၊နံ၊အံ ဘုရား၊ တောင်ထိပ်ပေါ်မှာတည်၍ထား
ညွှတ်တွားကော်ရော်၊ ပူဇော်တင်ချီ
မွေသရီ၊ ဝတီ - ညေ
ခေတ်တုန်းကလေ - ခေတ်တုန်းက။

* သာသနာသက္ကရာဇ်၊ တွက်စစ်ထိုခါ
နှစ်ရာသုံးဆယ့်ခြောက်၊ ကိန်းရောက်မချို့
ငါရို့အာရက္ခ၊ ရဟန္တာကြွ
မဟီသကလေ - မဟီသက။

* ပဉ္စဝဂ်ထေရ၊ ကြွရောက်ကြကာ
ဒေဝဒူတသုတ္တန်၊ ဟောညွှန်ပြန်သော်
အမှန်သိမြင်၊ ကျွတ်တမ်းဝင်
ကယ်တင်ကြလေ - ကယ်တင်ကြ။

* အသျှင်မဟာရေဝ၊ ထေရင်းဖော်
ဓာတ်တော်ပင့်ဆောင်၊ ဂုဏ်ရောင်လင်းကာ
သာသနာထွန်းပ၊ ပြုဖို့ကြွ
ပူဇော်ကြလေ - ပူဇော်ကြ။

* ညေဝတီပြည့်သျှင်၊ **"ဘုရင်သူရိယစက္က"**
အာရက္ခရာဇ၊ လက်ထက်မှာလျှင်
ဦးစွာတည်ချ၊ ဇာတီလှ
တည်ဆောက်ကြလေ - တည်ဆောက်ကြ။

* သံတွဲမြို့စား၊ ခေါ်ငြားတွင်ထ
**"ဓမ္မသူရအမတ်"**၊ သဒ္ဓါဓာတ်ဖြင့်
ကြီးကြပ်ညီတူ၊ တည်ထားမှု
ကြည်ဖြူကြလေ - ကြည်ဖြူကြ။

* ရခိုင်လူမျိုး၊ ဂုဏ်မညှိုးဖို့
အမျိုး၊ဘာသာ၊ စောင့်ရှောက်ကာ
စာပေ၊စကား၊ ထိန်းသိမ်းထား
ကြိုးစားကြလေ - ကြိုးစားကြ။

* သံတွဲမြစ်ကြောင်း၊ ရေကြည်ကောင်းဖြင့်
ငြိမ့်ညောင်းသံသာ၊ သွယ်စီးဖြာလျက်
သူငါပျော်ရွှင်၊ စိတ်ကြည်လင်
နေချင်စရာပေ့ - နေချင်စရာ။

* တောညိုမြိုင်နန်း၊ ရိုးတောင်တန်းနဲ့
သောင်ကမ်းပင်လယ်၊ ပျော်မွေ့ဖွယ်ကြောင့်
အနယ်နယ်မှ၊ လာရောက်ကြ
သာလီစွလေ - သာလီစွ။

**ငွေသဇင် (သံတွဲ)**

## “တိမ်ဆီပျံ့ခဲ့ မြို့သံတွဲ”

* ဒွါရာဝတီ
တိမ်ဆီကို ပျံ့ကာဝဲပါလို့
မြို့သံတွဲ ခေါ်တွင်။
ရှင်ဘုရင် ဘုန်းကံရှိန်ကြောင့်
မြို့တော်စောင့် ဘီလူးများရယ်က
ကွယ်ဝှက်သည်ပင်။
ကောင်းကင်မှာ လူသံတွေနဲ့
ဆူညံဝေလို့ ပျံ့တဲ့အသွင်
မြေပြင်ပျံ့တာ မဟုတ်ပါဘူး။
နိပါတ်တော်လာ ဘုရားစကားကိုလ
မှတ်သားဖွယ် စာကိုစီခဲ့
နောင်ရှည်ကြာ သံသယကင်းစေဖို့
လင်းတဲ့စာထူး။
* ဆံ,နံ,အံ တောင်တော်မြတ်မှာလ
ထူးမြတ်တဲ့ မွေသရီ။
မြို့ဒွါရာ လှပုံချဲ့ရင်ဖြင့်
ရေးဖွဲ့မမီ။
**“လေးဆူဗိပါ”** **“စမြွား”** မှာ လွန်ရှည်ကြာခဲ့
**“ဘုရားလှ”** မှာ ဆုတော်အပေါင်းကိုလ
တောင်းခဲ့ကြ အလီလီ
ညီ-ဂူငယ်ရယ်က **“တန့်တော်မူ”** စခန်း။
နောင်တော်မှာ **“ဂူကြီးခုံ”** တဲ့ပြင်
ထီးနန်းတည်တာ **“ဗိုလ်ကုန်း”** မြေမဟာပေါ့
ကျုံး,ပစွင် နန်းမြို့ရိုးရယ်နဲ့
ပြအိုးနှယ် တံခါးတစ်မူကဲပါလို့
သူရဲခို,သူရဲပြေး အသွင်သဏ္ဍာန်နဲ့
ဟို - ရှေးယခင် ဒွါရာနန်းကိုလ
(မိတ်ဆွေတို့ရေ) မှန်းဆလို့လွမ်း။ ။

ငွေသဇင် (သံတွဲ)

# သံတွဲသမိုင်း

❋ **"သံတွဲသမိုင်း"** ကျမ်းစာမော်ကွန်း
စွမ်းအားအပြည့်နဲ့ ထွက်ခဲ့ပြီ။
**"ဖတ်ချင်သူတွေ တောင်းပန်မှုကြောင့်"**
ရေးပြုခဲ့သည်။
**"ရခိုင်တို့၏ ဒွါရာဝတီ"**
ကမ္ဘာတည်သရွေ့ ရှည်ကြာထွန်း။
သမိုင်းကိုသိမှ တန်ဖိုးရှိတယ်ဟု
သိလိုက်ကြစမ်း။

❋ အမျိုး, ဘာသာ, သာသနာနဲ့
စကား, စာပေ, ယဉ်ကျေးမှု, အနုပညာ။
**"လူ့တန်ဖိုး အမှတ်တံဆိပ်"** ကိုဖြင့်
ခတ်နှိပ်ကြပါ။
ကိုယ့်သမိုင်းကို သေချာစွာ သိမထားလျှင်တော့
သူတစ်ပါးကို အထင်ကြီးတဲ့ စိတ်တွေဝင်လာ
အရာရာ ဆုံးရှုံး။
ပြို့ (ပျို့) လူမျိုးပမာ ရှည်ကြာမရောက်သလိုပ
ချုပ်ပျောက်မည့်ထုံး။

❋ **"ရခိုင်တို့ဌာနီ"** ဂုဏ်မရှိုင်းစေဖို့
ခေတ်သမိုင်းကိုတဲ့ မော်ကွန်းခြွေ။
**"ရာဇဝင်"** မှာ စာတင်လောက်အောင်ပ
ထွန်းတောက်ခဲ့ပေ။
**"အာရက္ခသွေး နီရဲစေ"**
ဤကမ္ဘာမြေ သက်သေထား။
တန်ဖိုးရှိတဲ့ သမိုင်းသစ်ကိုဖြင့်
(မိတ်ဆွေတို့ရေ) ဖွင့်လှစ်စို့လား။ ။

ငွေသဖင် (သံတွဲ)

# ရခိုင်တို့၏ ဝတီစုနစ်ပြာ

(၁) ငပုတောနယ်**"ပဗ္ဗဝတီနဲ့ဝေန်မြစ်ဝှမ်း"**
ဟိုင်းကြီးကျွန်းနဲ့ မော်တင်။
ရိုးမတောင်ခွင်, တောင်စဉ်ကမ်းကိုဖြင့်
အမ်းချောင်းမှာ အဆုံးသတ်
သိမှတ်စေချင်။
**"ဒွါရာဝတီ"** ရဲ့ ပိုင်နက်တစ်ခွင်
သမိုင်းတွင် ထင်ရှား။
**"မေဃဝတီ"** မှာ မာန်အောင်ကျွန်းရယ်လို့
ညွှန်းပြုစကား။

(၂) ရမ်းဗြဲ , ကျောက်ဖြူ , မြေပုံကား
ထင်ရှားတဲ့ **"ရမ္မာဝတီ"** ပင်။
ဆယ့်နှစ်ခွင့် ဘင်္ဂါရပ်နဲ့
**"နတ်မြစ်"** ဆိုလျှင်။
**"ကုလတန်"** နဲ့ **"မယူမြစ်"** ဝန်းကျင်
စိုင်းတင်လဲ ပါလိုက်သေး။
**"မောရဝတီ"** အမည်ရပ်ဟု
ခေါ်အပ်တယ်လေး။

(၃) ပလက်ဝမှ ကျောက်တော်ထိ
**"မဟာမုနိ"** ဝန်းကျင်ထိုထို။
**"ဓညဝတီ"** နယ်မြေရပ်ဟု
သတ်မှတ်သလို။
သရီချောင်း ရေလမ်းကြောင်းဝဲ, ယာနဲ့
မြေကောင်း ဝေသာလီဟုညွှန်းဆို
မြောက်ဦးကိုပါ ထည့်သွင်း။
**"သလ္လာဝတီ"** ဌာနီရပ်ရယ်လို့
သတ်မှတ်လေခြင်း။

(၄) **"အဥ္စနနဒီ"** သမိုင်းလှစ်
**"လေးမြို့မြစ်ဝှမ်း"** အဝင်ပါ။
**"ဇေယျဝတီ"** ဌာနီရပ်ဟု
သတ်မှတ်သည်သာ။
**"ရခိုင်တို့၏ ဝတီခုနစ်ပြာ"**
သမိုင်းစဉ်လာ မှတ်သား။
စီရရီ တောတောင်မြစ်အလှတွေနဲ့
ထူးစွတကား။

(၅) **"တစ်ထောင် , တစ်ရာ , လေးဆယ့် , ခြောက်"**
ကိန်းရောက်တဲ့ နှစ်မှာ။
ရခိုင်တို့၏ မြို့ပြ၊ ပြည်ရွာကိုဖြင့်
ဗမာဘုရင် သိမ်းပိုက်မှု
ပြုခဲ့လေတာ။
**"ဝတီသုံးခု"** ဖျောက်ဖျက်ကာ
**"လေးခုသာ"** ချန်ထား။
**"လေးမြို့ဝန်"** အုပ်ချုပ်မှု
ပြုခဲ့တကား။

(၆) **"သမိုင်းရာဇဝင်"** ဖျောက်သူတို့ကိုဖြင့်
မပျောက်ပျက်အောင် မှတ်တမ်းတင်။
ကျယ်ဝန်းတဲ့ပြည်ကို ကျဉ်းစေမှု
ပြုခဲ့သည်ပင်။
နယ်မြေဖဲ့၍ ချဲ့ကာထွင်
ရာဇဝင်ရဲ့ သမိုင်းကြွေး။
အမှားကြာတော့ အမှန်မှတ်
ထင်တတ်တယ်လေ။ ။

**ငွေသဇင် (သံတွဲ)**

အနာဂတ်သမိုင်းကို သစ္စာဖောက်သောသူ

"သမိုင်းကို ရေးသားရာ၌
(သို့မဟုတ်) ပြောဆိုရာ၌
ကြောက်ရွံ့သော်လည်းကောင်း
အားနာ၍ သော်လည်းကောင်း
အရာရာကို ငဲ့ညှာထောက်ထားနေမည်ဆိုပါက
ထိုသူသည် ၊ အနာဂတ် သမိုင်းကို
သစ္စာဖောက်သောသူဟု ခေါ်ဆိုထိုက်၏ ။ ။"

ဦးရာဇဝတီ–အချင်ကျသလ
၄ · ၃ · ၂၀၁၆

သမိုင်းကို လိမ်ညာတတ်သူများ

"မိမိတို့၏ အားနည်းချက်ကို
ဖုံးကွယ်လိုသော သူတို့သည်
သူတစ်ပါးတို့၏ အားသာချက်ကို
မလိုလား မရှုဆိတ်ကြသဖြင့်
အမြဲ နှိပ်ကွပ်ဖို့ ကြိုးပမ်းအားထုတ်လေ့ရှိကြ၏ ။
ထိုသူတို့သည် ၊ သမိုင်းကို လိမ်ညာဖို့လည်း
ဝန်မလေးတတ်ကြချေ ။ ။"

ဦးရာဇဝတီ–အချင်ကျသလ
၄ · ၃ · ၂၀၁၆

# အခန်း (၂)

# နိဒါန်းစကား

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ရခိုင်တို့၏ ဒွါရာဝတီကျမ်းစာအုပ် ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့် "နိဒါန်းစကား"

### အပိုင်း (၁)

၂၇. ၁. ၂၀၀၇ မှ ၃. ၂. ၂၀၀၇ နေ့ရက်များသည် စာရေးသူ စစ်တွေမြို့သို့ ရောက်ရှိနေသော အချိန်ဖြစ်သည်။ ကိစ္စက ရခိုင်ပြည်နယ် သံဃနာယက အစည်းအဝေးပွဲသို့ တက်ရောက်ရန် ဖြစ်သည်။ တစ်ပတ်ခန့် နေထိုင်သီတင်းသုံးခဲ့သည်။

ထိုအတောအတွင်း လေ့လာရေးအနေဖြင့် ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး စသော မြို့နယ်များသို့ ဒေသန္တရဗဟုသုတအနေဖြင့် လေ့လာဖြစ်ခဲ့သည်။ ထိုခရီးစဉ် ချောမွေ့စေရေးအတွက် မြို့နယ်အလိုက် တွေ့ဆုံသင့်သော ပုဂ္ဂိုလ်များကို **"ဓညဝတီ-အသျှင်ပညာစာရ (သမိုင်းသုတေသီ)"** က လမ်းညွှန်ပေးသဖြင့် အစစ အဆင်ပြေခဲ့သည်။ သို့သော် အချိန်က မလုံလောက်ခဲ့။ အဘယ်ကြောင့်ဆိုသော် စစ်တွေမြို့သို့ ကိုယ်ပေးထားသော ရက်ချိန်းအတိုင်း အချိန်မီ ပြန်ရောက်အောင် လာခဲ့ရသောကြောင့် ဖြစ်၏။

ငှင်းနေ့ရက်တွင် စစ်တွေမြို့၊ ရခိုင်ယဉ်ကျေးမှုပြတိုက်အပေါ်ထပ်တွင် စစ်တွေမြို့ပေါ်ရှိ ဒေသခံစာရေးဆရာများ၊ သမိုင်းသုတေသီများက စာရေးသူနှင့် တွေ့ဆုံဆွေးနွေးလိုကြသဖြင့် ဆွေးနွေးပွဲအတွက် ဖိတ်ကြားထားပြီးဖြစ်သည်။ သည်ကိစ္စကို နှိုးဆော်သူမှာ အသျှင်ပညာစာရဖြစ်ပြီးလျှင် အစစ အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ထားသူမှာကား ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ ရခိုင်မဂ္ဂဇင်းကော်မတီဥက္ကဋ္ဌ၊ **"စာရေးဆရာ စစ်တွေ-သိန်းနောင်"** ဖြစ်သည်။

၂. ၂. ၂၀၀၇ ရက်နေ့၊ မွန်းတည့် ၁၂ း ၀၀ နာရီ အချိန်မှစတင်၍ စာရေးသူနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးရန် သက်ဆိုင်ရာပုဂ္ဂိုလ်ထံမှ အချိန်သုံးနာရီ ခွင့်ပြုချက်ယူထားကြသည်။ ထိုပုဂ္ဂိုလ်လည်း ထိုဆွေးနွေးပွဲတွင် ပါဝင်နားထောင်လျက်ရှိသည်။ စုစုပေါင်း တက်ရောက်သူဦးရေ (၃၅) ဦးခန့် ရှိမည်ထင်သည်။ ဆွေးနွေးကြသည်မှာ ရခိုင်စာပေယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာများကိုသာ ဆွေးနွေးကြခြင်း ဖြစ်သည်။ ဆွေးနွေးပွဲဇာတ်ချိန်မြင့်တက်လာခိုက် အဆိုပါပုဂ္ဂိုလ်မှာ ကြောက်စိတ်တွေ ဝင်လာဟန်တူသည်။ အချိန်မပြည့်ဘဲ တစ်နာရီခွဲကျော်လောက်တွင် ရပ်ဆိုင်းခဲ့ကြရသည်။ နာလေစွ။

### အပိုင်း (၂)

အထက်ပါဇာတ်လမ်းက မပြီးဆုံးသေး။ ဆက်ရန် ရှိနေသေးသည်။ ယင်းကဲ့သို့ အချိန်မပြည့်ဘဲ ဆွေးနွေးပွဲကို ရပ်တန့်ခံလိုက်ရခြင်းသည်ပင်လျှင် **"ဒုတိယအကြိမ်"** ဆွေးနွေးပွဲဖြစ်အောင် တွန်းအားပေးလိုက်သလို ဖြစ်သွားတော့သည်။ နောက်သုံးနှစ်တိတိကြာသောအခါ၊ ၂၀၁၀-ခုတွင် စာရေးသူသည် စစ်တွေမြို့သို့ သာသနာရေးကိစ္စဖြင့် ရောက်ရှိခဲ့ရပြန်ပါသည်။ မိမိ၏ သာသနာရေးဆိုင်ရာတာဝန်များ ပြီးဆုံးသွားပြီးနောက်၊ စစ်တွေမြို့ဒေသခံစာရေးဆရာများ၊

သမိုင်းသုတေသီများက စာရေးသူ စစ်တွေမြို့သို့ ရောက်ရှိနေသည်ကို သိရှိသွားကြသဖြင့် **"ဒုတိယအကြိမ်"** တွေ့ဆုံဆွေးနွေးရန်အတွက် စစ်တွေမြို့၊ ရွှေပြောက်ရပ်ကွက်၊ လမ်းမကြီးရှိ River Valley စားသောက်ဆိုင်ခန်းမကို အချိန်သုံးနာရီကြာ ငှားရမ်းထားကြသည်။

အချိန်အားဖြင့် ၂၀၁၀-ခု၊ ဖေဖော်ဝါရီလ (၈) ရက်၊ မွန်းတည့် ၁၂ း ၀၀ နာရီမှ ညနေ ၃ း ၀၀ နာရီအထိ ဖြစ်သည်။ သည်တစ်ကြိမ်တွင် အသျှင်ပညာစာရ (ရခိုင်သမိုင်းသုတေသီ) အပါအဝင် **"ဆရာတော်အသျှင်စက္ကိန္ဒ (ရခိုင်သမိုင်းသုတေသီ)"** လည်း မျက်စိပြသရန် စစ်တွေမြို့သို့ ရောက်ရှိနေခိုက် ဆရာတော်ကိုလည်း ပင့်ဖိတ်ထားကြသဖြင့် ပါဝင်လျက်ရှိသည်။ ပထမအကြိမ်တွင် နှစ်ပါးတည်းသာရှိခဲ့သော်လည်း ဒုတိယအကြိမ်တွင် သုံးပါးဖြစ်လာသည်။

ထိုတွေ့ဆုံဆွေးနွေးပွဲတွင် ဆရာတော်အသျှင်စက္ကိန္ဒက သဘာပတိအနေဖြင့် မိန့်ခွန်းပြောကြားသည်။ ဥက္ကဋ္ဌဖြစ်သူ စာရေးဆရာ စစ်တွေ-သိန်းနောင်က မိတ်ဆက်စကားပြောကြားသည်။ တက်ရောက်သူဦးရေ (၃၀) တိတိရှိသည်။ ယင်း (၃၀) ဦးကို သီးခြားဖော်ပြပေးထားသည်။ တွေ့ဆုံဆွေးနွေးပွဲကို တက်ရောက်ချင်သူတွေအများအပြားရှိကြသော်လည်း မအားလပ်ကြသဖြင့် မတက်ရောက်နိုင်ကြောင်းလည်း သိရှိရသည်။ ထိုပွဲကို ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ ရခိုင်မဂ္ဂဇင်းကော်မတီက ကျင်းပပြုလုပ်ကြောင်း သိရှိရသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ပုဂ္ဂိုလ်များက သူတို့သိရှိလိုသော အကြောင်းအရာ၊ အချက်အလက်များကို စာရေးသူအား ဆွေးနွေးမေးမြန်းကြမှာဖြစ်ပြီး၊ ထိုမေးခွန်းများကို စာရေးသူက မေးခွန်းရှင်၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားပေးရန် ဖြစ်သည်။ အချိန်က အကန့်အသတ်ရှိနေပါသဖြင့် ကျင်းပရေးကော်မတီက ပုဂ္ဂိုလ်တစ်ဦးလျှင် မေးခွန်းတစ်ခုသာ မေးမြန်းရမည်ဖြစ်ကြောင်း ကြိုတင်အသိပေးထားသည်ကိုလည်း ကြားလိုက်ရသည်။

**(ပထမမှတ်ချက်)**

[ဤနေရာ၌ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းများကို ရေးသားတင်ပြသွားမှာမဟုတ်ဘဲ ဤ **"သံတွဲသမိုင်း သို့မဟုတ် ရခိုင်တို့၏ဒွါရာဝတီ"** ကျမ်းစာအုပ် ဖြစ်ပေါ်လာခဲ့ရခြင်း အကြောင်းကိုသာ ရေးသားတင်ပြသွားမည် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အထက်ဖော်ပြပါ **"တွေ့ဆုံဆွေးနွေးပွဲနှစ်ပွဲ"** ကြောင့် ဤကျမ်းစာအုပ်ပေါ်ထွက်လာခဲ့ရသည်ဟု ဆိုလျှင် ထိုစကားပိုအံ့မထင်။ ဤကျမ်းစာအုပ်သည် ထိုတွေ့ဆုံဆွေးနွေးပွဲနှစ်ပွဲ၏ အကျိုးရလဒ်ပင်တည်း။ ။]

**(ဒုတိယမှတ်ချက်)**

[တွေ့ဆုံဆွေးနွေးပွဲအခမ်းအနား မရုပ်သိမ်းသေးမီ ကိစ္စတစ်ခုဝင်ရောက်လာသည်။ ယင်းကိစ္စမှာ မင်းပြားမြို့က **"စာရေးဆရာ မင်းပြား-မင်းသိန်းဇံ"** ၏နေအိမ်ကို ၄. ၂. ၂၀၁၀ နေ့ရက်က မီးလောင်သွားပါသဖြင့် မီးဘေးဒုက္ခသည်ဘဝသို့ ရောက်ရှိနေသော စာပေမိတ်ဆွေအတွက် အလှူငွေထောက်ပံ့ရန် နိုးဆော်စာကို **"မင်းပြားမိသားစု"** က ဝေငှလာပါသဖြင့် တွေ့ဆုံဆွေးနွေးပွဲကို တက်ရောက်လာကြသူ စာပေသမားများအားလုံးစုပေါင်း၍ စေတနာအပြည့်အဝဖြင့် လှူဒါန်းလိုက်ကြပါသည်။ ။]

# အပိုင်း (၃)

## ဒွါရာဝတီ (သို့) ရခိုင့်ဒွါရာဝတီ

ဆရာကြီးများ၊ (ငွေသရက်၊ ဒွါရာဝတီ)

[illegible]

[illegible]

[illegible]

[illegible]

(မှတ်ချက်)

ရေးသားပြုစုရမည့် ခေါင်းစဉ်များမှာ မလိုအပ်တော့သဖြင့် ချန်လှပ်ထားခဲ့ပါသည်။

# အပိုင်း (၄)

အထက်ဖော်ပြပါအတိုင်း စာရေးသူအား တာဝန်ပေးခဲ့ကြရာ၌ ကျမ်းစာအုပ်နာမည်ကို မူလရေးခိုင်းထားသော နာမည်အစား **"သံတွဲသမိုင်း (သို့မဟုတ်) ရခိုင်တို့၏ ဒွါရာဝတီကျမ်း"** ဟူ၍ အနည်းငယ် ပြင်ဆင်လိုက်ရသည်။

ရေးသားရမည့် ခေါင်းစဉ်ကြီး၊ ငယ်များမှာ ၁၀၇-ခုခန့်ရှိသည်။ အသေးစိတ်လိုက်လျှင် ၁၃၀-ခန့်ရှိနိုင်သည်။ ခေါင်းစဉ်တစ်ခုအောက်တွင် အကြောင်းအရာက ၄-ခု၊ ၅-ခု စသည် ရှိနေတတ်သည် မဟုတ်ပါလား။ သို့ဖြစ်၍ တူရာကို ပေါင်းလိုက်ရသလို၊ မတူရာကိုတော့ သီးခြားစီခွဲ၍ ရေးသားခဲ့ပါသည်။ ခေါင်းစဉ်များကို လိုတိုး-ပိုလျှော့ လုပ်ရတာလည်း ရှိသည်။ အဆိုပါခေါင်းစဉ် ၁၀၇-ခုအတိုင်း ပြည့်စုံအောင် ရေးသားနေမည်ဆိုပါက စာအုပ်ထွက်ရှိမှု အလွန်နောက်ကျ သွားပေလိမ့်မည်။ ဤကျမ်းစာအုပ်တွင်မပါရှိဘဲ ကျန်ရှိနေသေးသော ခေါင်းစဉ်များကို ကျန်းမာရေးကောင်းနေသေး သရွေ့ ဆက်လက်သုတေသနပြုကာ ရေးသားသွားမည်ဖြစ်ပါသဖြင့် **"ဒုတိယတွဲ"** အနေဖြင့်သာ စောင့်မျှော်၍ ဖတ်ရှု ကြပါဟု မေတ္တာရပ်ခံအပ်ပါသည်။

စာရေးသူသည် စာပေရေးသားပြုစုနေသူ မှန်သော်လည်း စာကိုချည်း စိတ်တိုင်းကျရေးနေရသည် မဟုတ်။ ပရိယတ္တိစာသင်တိုက်နှင့် တရားစခန်းတို့ကိုပါ တည်ထောင်ထားသော ပဓာနနာယကဆရာတော်တစ်ပါး ဖြစ်နေပါသဖြင့် စာချခြင်း၊ တရားဟောခြင်း၊ ဝါတွင်းကာလဥပုသ်နေ့တိုင်း တရားဟောခြင်း၊ တရားပြခြင်းနှင့်အတူ ကျောင်းတိုက်ကိစ္စ၊ သာရေး၊နာရေးကိစ္စ၊ သာသနာရေးဆိုင်ရာကိစ္စ၊ စာပေရေးရာကိစ္စ၊ ကျန်းမာရေးကိစ္စ စသည်ဖြင့် များပြားလှစွာ ရှိနေ ပါသည်။

ဤကဲ့သို့သော ကိစ္စရပ်များကို ဆောင်ရွက်နေဆဲမှာပင်လျှင် ကျောက်ကပ်နှစ်လုံးစလုံး အလုပ်မလုပ်တော့သဖြင့် နမဖြစ်သူ **"မသက်မာလင်း"** ၏ ကျောက်ကပ်လှူဒါန်းမှုကို အလှူခံကာ အိန္ဒိယနိုင်ငံ၊ ကိုလ်းကတ္တား (ကာလကတ္တား) မြို့သို့ ကြွရောက်ပြီး ၇. ၁၂. ၂၀၁၁-အင်္ဂါနေ့မှ ၃. ၂. ၂၀၁၂-သောကြာ နေ့အထိ နှစ်လကျော်ကြာ ကျောက်ကပ် အစားထိုးကုသမှုကို ခံယူခဲ့ရပါသေးသည်။

ဤ **"သံတွဲသမိုင်း"** ကို ရေးသားပြုစုရာ၌ အချက်အလက်များကို ရှာဖွေစုဆောင်းရာတွင် အခက်အခဲများစွာ နှင့် ရင်ဆိုင်ခဲ့ရ၏။ ဥပမာ လယ်ကွင်းပြင်တွင် စပါးရိတ်သိမ်းပြီးစီးသွားသည့်အခါ တစ်နှံချင်းရှာဖွေကောက်ယူနေရသူ ကဲ့သို့ ရှိတော့၏။ ယင်းအခက်အခဲကို အကြောင်းပြ၍ အလုပ်မလုပ်လျှင်လည်း ကိစ္စက ပြီးမြောက်မည်မဟုတ်။

ဤ **"သံတွဲသမိုင်း"** အမည်ရှိသော ကျမ်းစာအုပ်ကို ရေးသားပြုစုရာ၌ ၂၀၀၈-ခုနှစ်၊ ဩဂုတ်လက ထုတ်ဝေခဲ့ သော **"ရက္ခပူရဒွါရဝတီသရာသိဋီကာ"** အမည်ရှိ **"ရခိုင်ဌာနီလရာသီကျမ်း"** ပုံစံမျိုးကဲ့သို့ မရေးသားတော့ဘဲ၊ ပေးထားသော ခေါင်းစဉ်အပေါ် မူတည်ကာ **"ဆောင်းပါးစာတမ်း"** သဖွယ် ရေးသားပြုစုထားခြင်း ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် နောင်သောအခါ ယင်းဆောင်းပါးစာတမ်းများကို လိုအပ်သလို ထုတ်နုတ်အသုံးပြုသွားနိုင်ရန်အတွက် ရည်ရွယ်ထားခြင်း ဖြစ်သည်။

စာရေးသူအနေဖြင့် ယခုရေးသားပြုစုထားသော **"သံတွဲသမိုင်း"** ကို **"အကုန်လုံးပြည့်စုံပါသည်"** ဟူ၍ ဝန်မခံ လိုပါ။ လိုအပ်ချက်များ ရှိနိုင်ပါသည်။ ထိုလိုအပ်ချက်များကို ကြောင်း၊ကျိုးမြော်မြင်ပညာရှင်များက ထောက်ပြဝေဖန် အကြံပြုပေးကြပါ။ ထိုထောက်ပြဝေဖန် အကြံပြုချက်များကို စာရေးသူဖက်က ပြုပြင်ပေးသွားဖို့ အသင့်ရှိပါကြောင်း

အသိပေးအပ်ပါသည်။

ဤနေရာတွင် စာရေးသူ၏ **"ဂုဏ်မပြိုင် မာန်ယိုင်ကျိုးအောင်"** ဟူသော ကဗျာကို အမှတ်ရသဖြင့် ဖော်ပြပေးလိုက်ပါသည်။ ဤသို့ဖော်ပြပေးခြင်းအားဖြင့် စာရေးသူ၏ သဘောထားခံယူချက်နှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာကိုပါ စာဖတ်ပရိသတ်များက အကဲခတ်နိုင်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။

## "ဂုဏ်မပြိုင် မာန်ယိုင်ကျိုးအောင်"

* ဒွါရာဝတီ - အသျှင်ကုသလ၊ မည်နာမ ခေါ်တွင်။
သူများနည်းတူ ပမာထား၊ ထူးမခြားပင်။
သာမည အတွေးအမြင်၊ သင်တို့နှင့် မကွာခြား။
အညတရလို့ စိတ်မှာထင်၊ အမြင်ကလည်း မဆန်းပြား။
ရှာရှာဖွေဖွေ သုတေသနရယ်နဲ့၊
သုတ,ရသ ပညာရပ်ကိုဖြင့်၊ ရေးတတ်တကား။
* စာ,ကဗျာ ဖွဲ့စီလတ်၊ ရေးစပ်ဖို့ ဉာဏ်ကူ။
တော်,တတ်သူတွေ လမ်းညွှန်ပြက၊ မုချနာယူ။
အဆန်ပြည့်တဲ့ စပါးနှံမူ၊ ကျင့်သုံးသူဟု မှတ်သား။
ဂုဏ်မပြိုင် မာန်ယိုင်ကျိုးအောင်၊ ချိုးနှိမ်လို့ထား။
* မာန်ဆိုတာ "မာန် - မာန"၊ "ကိလေသ" စာရင်းဝင်။
ညစ်နွမ်းကာ ပူပန်မှု၊ ပြုတတ်သည်ပင်။
ပညာဖြင့် မနှိမ်လျှင်၊ မာန်ဝင်လို့ မာန်စွယ်စူး။
"သည်းခံတာ" အမြတ်ဆုံးအကျင့်ရယ်လို့
စောဘုန်းရှင် မြတ်စွာမိန့်တာကြောင့်
"သံသရာ" နောင်အရေးကိုဖြင့်
မျှော်တွေးကာ ပညာဉာဏ်နဲ့
"လေးပါယ်ရွာ" အပြတ်ကင်းရအောင်၊ ရှင်းဖို့ရည်စူး။ ။

ငွေသဇင် (သံတွဲ)

## အပိုင်း (၅)

ရခိုင်တစ်လူမျိုးလုံးကိုယ်စား **"သံတွဲသမိုင်း (သို့မဟုတ်) ရခိုင်တို့၏ ဒွါရာဝတီကျမ်း"** ကို ရေးသားပြုစုခွင့်ရသဖြင့်

များစွာကျေနပ်မိပါသည်။ ရေးသားပြုစုရန် တိုက်တွန်းကြသော စစ်တွေမြို့က စာပေဝါသနာရှင်များ၊ စာရေးဆရာများ၊ သမိုင်းသုတေသီများကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

ရခိုင်တစ်လူမျိုးလုံးအတွက် **"အုတ်တစ်ချပ်-သဲတစ်ဆုပ်"** ပမာ သမိုင်းတွင်လောက်သော ကျမ်းတစ်ကျမ်းကို ရေးသားပြုစုခွင့်ရသဖြင့်လည်း များစွာဂုဏ်ယူမိပါသည်။

**"သဇင်ပန်းတို့ လန်းရာမြေ"** ကဗျာစာအုပ်မှစ၍ ယခု **"သံတွဲသမိုင်း"** စာအုပ်အထိ (၁၅) အုပ်သည် မိမိ သီတင်းသုံးရာ သံတွဲမြို့၊ အောင်မြေသာစည်ပရိယတ္တိစာသင်တိုက်တွင်သာ ရေးသားခဲ့သည်မဟုတ်။ ရောက်လေရာရာ အရပ်တိုင်းတွင် ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ အထူးသဖြင့် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နန္ဒဝန်တိုက်၊ သီရိမင်္ဂလာကျောင်း သည်လည်း စာရေးသူ၏ စာပေရေးသားပြုစုရာ **"စာပေဘုံဗိမာန်"** တစ်ခု ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် ထိုသီရိမင်္ဂလာ ကျောင်းဆရာတော် **"ဦးနန္ဒိယ"** ကိုလည်း အထူးကျေးဇူးတင်ရှိသလို၊ စာရေးသူ၏ စာပေလုပ်ငန်းအတွက် သင့်တော် မည်ထင်သည့် စာအုပ်စာတမ်းများကို ရှာဖွေကာ ကျေးဇူးပြုလှူဒါန်းပေးနေသူ ကျောက်ဖြူမြို့ဇာတိ၊ ရန်ကုန်မြို့နေ၊ ခရိုင်တရားသူကြီးအငြိမ်းစား၊ **"ဦးထွန်းဖြူ"** (BA, HGP, RL) + **"ဇနီးဒေါ်မြင့်သိန်း (သမဦးစီး-ငြိမ်း)"** တို့အား လည်းကောင်း၊ စာအုပ်အဖြစ်သို့ရောက်အောင် စီစဉ်ဆောင်ရွက်ပေးသူ စာရေးဆရာ **"တင်မြင့်ဦး(သံတွဲ)"** အား လည်းကောင်း၊ ဤကျမ်းစာအုပ်နှင့်ပတ်သက်၍ လိုအပ်သော ဓာတ်ပုံများကို စေတနာဖြင့် ကူညီပေးကြသော **"စာရေး ဆရာ သုခအောင်(သံတွဲ)"** နှင့် **"စာရေးဆရာ ဇော်မင်းထွန်း(သံတွဲ)"** တို့အားလည်းကောင်း၊ **"သံတွဲသမိုင်းကို တဝကြီးဖတ်ချင်တယ်"** ဟူ၍ နားပူသံကျပ် အပူကပ်ခဲ့ကြသော သံတွဲမြို့က စာပေဝါသနာရှင်၊ စာပေမြတ်နိုးသူ၊ စာပေမိတ်ဆွေများအားလုံးကိုလည်းကောင်း၊ အခြားကျေးဇူးတင်ထိုက်သူ ပုဂ္ဂိုလ်အားလုံးတို့ကိုလည်းကောင်း အထူး ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**"ကိုယ့်သမိုင်းကို လေ့လာဖတ်ရှု၍ သိရှိပြီးနောက်၊**
**မိမိတို့၏ အမျိုးသားအကျိုးစီးပွားကိုလည်း၊**
**သစ္စာရှိရှိ ကြိုးပမ်းအားထုတ်နိုင်ကြပါစေဟု၊**
**တိုက်တွန်းလိုက်ရပေသည်။ ။"**

**ဥါရာဝတီ - အသျှင်ကုသလ**
**(ရခိုင်စာပေယဉ်ကျေးမှုနှင့် သမိုင်းသုတေသီ)**
၂၇. ၁၁. ၂၀၁၅
၁၃၇၇-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၁) ရက်၊ သောကြာနေ့
နံနက် (၁၀) နာရီ၊ (၄၅) မိနစ်အချိန်။ ။





ဒေသခံစာရေးဆရာများနှင့် အမှတ်တရ တွေ့ဆုံဆွေးနွေးပွဲ River Valley စားသောက်ဆိုင်ခန်းမ။
ရှုပမြောက်၊ စစ်တွေမြို့။ (၈-၂-၂၀၁၀)

၈.၂.၂၀၁၀ နေ့ လှိုင်မြို့နယ်၊ ဝက်မစွတ်မှ ကျောင်းမ မြို့ပြစ်သော
၁၂၅၈ခုနှစ် အရှင်ကုသလနှင့် တွေ့ဆုံ၍ လက်မှတ်ထိုးသူများစာရင်း။

| စဉ် | အမည် | ကျောင်းအမည် | နေရပ်လိပ်စာ | လက်မှတ် |
|---|---|---|---|---|
| ၁။ | အရှင်ကုသလ | ဦးရာဝတီ-အချင်ကုသလ [illegible] | [illegible] | [illegible] |
| ၂။ | [illegible] | [illegible] | [illegible] | [illegible] |
| ၃။ | [illegible] | [illegible] | [illegible] | [illegible] |
| ၄။ | [illegible] | [illegible] | [illegible] | [illegible] |
| ၅။ | [illegible] | [illegible] | [illegible] | [illegible] |
| ၆။ | [illegible] | [illegible] | [illegible] | [illegible] |
| ၇။ | [illegible] | [illegible] | [illegible] | [illegible] |
| ၈။ | [illegible] | [illegible] | [illegible] | [illegible] |
| ၉။ | [illegible] | [illegible] | [illegible] | [illegible] |
| ၁၀။ | [illegible] | [illegible] | [illegible] | [illegible] |
| ၁၁။ | [illegible] | [illegible] | [illegible] | [illegible] |
| ၁၂။ | [illegible] | [illegible] | [illegible] | [illegible] |
| ၁၃။ | [illegible] | [illegible] | [illegible] | [illegible] |
| ၁၄။ | [illegible] | [illegible] | [illegible] | [illegible] |
| ၁၅။ | [illegible] | [illegible] | [illegible] | [illegible] |
| ၁၆။ | [illegible] | [illegible] | [illegible] | [illegible] |
| ၁၇။ | [illegible] | | [illegible] | [illegible] |
| ၁၈။ | [illegible] | [illegible] | [illegible] | [illegible] |
| ၁၉။ | [illegible] | [illegible] | [illegible] | [illegible] |
| ၂၀ | [illegible] | [illegible] | [illegible] | [illegible] |
| ၂၁ | [illegible] | [illegible] | [illegible] | [illegible] |

၈.၂.၂၀၁၀ နေ့ ရခိုင်မဂ္ဂဇင်းကောက်မတ်မှ ကျင်းပပြုလုပ်သော အချိန်ကုသလ နှင့် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ စာရင်း။


| စဉ် | အမည် | ကလောင်အမည် | နေရပ်လိပ်စာ | လက်မှတ် |
|---|---|---|---|---|
| ၁၁ | [illegible] | [illegible] | [illegible] | |
| ၁၂ | [illegible] | [illegible] | [illegible] | |
| ၁၃ | [illegible] | [illegible] | [illegible] | |
| ၁၄ | [illegible] | [illegible] | [illegible] | |
| ၁၅ | [illegible] | [illegible] | [illegible] | |
| ၁၆ | [illegible] | [illegible] | [illegible] | |
| ၁၇ | [illegible] | [illegible] | [illegible] | |
| ၁၉ | [illegible] | | [illegible] | |
| ၂၀ | [illegible] | | [illegible] | |

# အခန်း (၃)

# သံတွဲသမိုင်း


(သို့မဟုတ်)

# ရခိုင်တို့၏ ဒွါရာဝတီကျမ်း





သံတွဲခရိုင်မြေပုံ
မြောက်
သံတွဲခရိုင်
တောင်ကုတ်မြို့နယ်
သံတွဲမြို့နယ်
ရည်ညွှန်းချက်
မြစ်/ချောင်း
ခရိုင်နယ်နိမိတ်
မြို့နယ်နယ်နိမိတ်

အောင်မြေသာစည်


သံတွဲမြို့နယ် မြေပုံ
သံတွဲမြို့နယ်
ရခိုင်ပြည်နယ်
ရည်ညွှန်းချက်
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
ကားလမ်း
မြစ်ချောင်း
မြို့
ကျေးရွာအုပ်စု
ကျေးရွာ

အောင်မြေသာစည်



သံတွဲမြို့နယ်၏ တည်နေရာပြမြေပုံ
တောင်ကုတ်မြို့နယ်
သံတွဲမြို့နယ်
သံတွဲမြို့
ပြည်ချောင်း
သံတွဲချောင်း
ဂွမြို့နယ်
ရည်ညွှန်းချက်
၁။ မြို့ခြားနယ်နိမိတ်
၂။ ကျေးရွာအုပ်စုခြားနယ်နိမိတ်
၃။ ကားလမ်း
၄။ မြစ်/ချောင်း

## သံတွဲမြို့ အခြေပြမြေပုံ




### ရည်ညွှန်းချက်

ရပ်ကွက်နယ်နမိတ် ------
ပဆင လမ်း
ကတ္တရာလမ်း
ကျောက်လမ်း
မြေသားလမ်း
တံတား


ပေငဒီမြို့မြေပုံ
N
သံ တွဲ မြို့ နယ်
သံတွဲသို့
ပေလီအကွက်
မြပြင်ရပ်ကွက်
ရည်ညွှန်းချက်
၅။ ကားလမ်း
ရပ်ကွက်

# သံတွဲမြို့နယ်

သံတွဲမြို့နယ်သည် ရခိုင်ပြည်နယ်တောင်ပိုင်းတွင် တည်ရှိသည်။ ငပလီကမ်းခြေစခန်းနှင့် ဆံတော်၊ နံတော်၊ အံတော်ဘုရားများကြောင့် ထင်ရှားသောမြို့နယ်ဖြစ်သည်။ ရခိုင်ရိုးမတောင်တန်းကြီးနှင့် ဘင်္ဂလားပင်လယ်အော်အကြား ကျဉ်းမြောင်းသော လွင်ပြင်ရှိရာအရပ် ဖြစ်သည်။ ကမ်းရိုးတန်းမိုင် ၁၂၈ မိုင်ရှိသည်။ မြောက်ဘက်တွင် တောင်ကုတ်မြို့နယ်၊ အရှေ့ဘက်တွင် ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီး၊ တောင်ဘက်တွင် ဂွမြို့နယ်တို့ရှိကြသည်။

မြို့နယ်၏အရှေ့အရပ်သည် တောတောင်ထူထပ်သည်။ မြို့နယ်၏မြောက်ဘက်တွင် သူငွေးချောင်းသည် အရှေ့တောင်မှ အနောက်မြောက်သို့ စီးဆင်းပြီးမှ အနောက်အရပ်သို့ ချိုးကွေ့စီးဆင်းသည်။ သံတွဲမြစ်မှာ အရှေ့တောင်မှ အနောက်မြောက်သို့ စီးဆင်းသည်။ တောင်ဘက်ပိုင်းတွင် သလူချောင်းမှာ ငယ်သော်လည်း သံတွဲမြစ်ကဲ့သို့ စီးဆင်းသည်။ အမြင့်ဆုံးတောင်မှာ တောင်ပုံကြီးဖြစ်ပြီး (၃၃၈၃) ပေမြင့်သည်။ ကမ်းရိုးတန်းတွင် ဆင်ခေါင်းကျွန်းနှင့် ခမောင်းတုန်းကျွန်းတို့ရှိသည်။ ငပလီ ကမ်းလွန်ပင်လယ်တွင် အပေါ်ရေကျွန်းမှာ ထင်ရှားသည်။

မြို့နယ်သည် တောင်မြောက် ၄၈ မိုင်၊ အရှေ့အနောက် ၂၈. ၃၃ မိုင်ရှိပြီး ဧရိယာ ၁၃၆၀. ၁၆ စတုရန်းမိုင် ကျယ်ဝန်းသည်။ မြောက်လတ္တီကျု ၁၇ ဒီဂရီ ၅၇ မိနစ်နှင့် ၁၈ ဒီဂရီ ၄၄ မိနစ်အကြား၊ အရှေ့လောင်ဂျီကျု ၉၄ ဒီဂရီ ၁၃ မိနစ်နှင့် ၉၄ ဒီဂရီ ၅၄ မိနစ်အကြား တည်ရှိသည်။

မိုးများ၍ ပူအိုက်စိုစွတ်သော ရာသီဥတုရှိသည်။ အမြင့်ဆုံးအပူချိန်မှာ ၃၆. ၁ ဒီဂရီစင်တီဂရိတ်၊ အနိမ့်ဆုံး အပူချိန်မှာ ၂၇. ၂ ဒီဂရီစင်တီဂရိတ်ရှိသည်။ ပျမ်းမျှမိုးရေချိန်မှာ ၂၂၀ လက်မဖြစ်သည်။

သံတွဲမြို့နယ်တွင် ရပ်ကွက် (၈)ခု၊ ကျေးရွာအုပ်စု (၆၃) စုနှင့် ကျေးရွာ (၂၆၂) ရွာရှိသည်။ လူဦးရေစုစုပေါင်း (၁၂၆၂၄၇) ဦးနေထိုင်လျက်ရှိသည်။ အိမ်ခြေ (၃၁၉၃၀) ဆောင်၊ အိမ်ထောင်စု (၂၈၃၅၃) စုရှိသည်။ မြို့ပေါ်လူဦးရေ (၁၈၃၂၇) ဦးရှိသည်။

## နောက်ခံသမိုင်း

သံတွဲကို ရှေးအခါက **"ဒွါရာဝတီမြို့"** ဟု ခေါ်ခဲ့သည်။ ဦးစွာတည်ထောင်သူမှာ သီရိကုမ္မာမင်း (ခေါ်) ဥလာကမင်းဖြစ်သည်။ ဥလာကမင်းမှ ငါးဆက်မြောက် ဝတကုံမင်းလက်ထက်တွင် ဒွါရာဝတီမြို့သည် ရန်သူလာက အထက်အာကာတွင် ပျံဝဲပြီး သမုဒ္ဒရာရှိ ကျွန်းငယ်ပေါ်တွင်ကျသဖြင့် ရန်သူတို့တိုက်ခိုက်၍ မရသောမြို့အဖြစ် ထင်ရှားခဲ့သည်။ ဤမြို့ကို မဇ္ဈိမတိုင်း၊ ဥပကံသအနွယ်ဝင် ဝါသုဒေဝစသော ညီနောင်တစ်ကျိပ်တို့သည် ကဏှာဒီပါယန ရသေ့ကြီး၏ အကူအညီဖြင့် အောင်နိုင်ခဲ့ကြသည်။ မြို့ကို မပျံတက်နိုင်အောင် သံနှင့်တွဲချိတ်ဆက်လေသဖြင့် သံတွဲမြို့ဟု တွင်လာသည်။ ဤသမိုင်းကြောင်းအရ **"အာကာပျံဝဲမြို့သံတွဲ"** ဟုလည်း ခေါ်စမှတ်ပြုကြသည်။ ဝါသုဒေဝစသော ညီနောင်တစ်ကျိပ်တို့မှာ မကြာမီအချင်းချင်းပြိုကွဲသွားပြီး မူလမင်းဆက်က ဆက်လက်အုပ်ချုပ်လာခဲ့သည်။

ထို့နောက် ရခိုင်သမိုင်းခေတ်တို့တွင် သံတွဲသည် အရေးပါလာခဲ့သည်။ သံတွဲတွင် မေတ္တေယျ ဟုအမည်တွင်သော (၁၈) တောင်အမြင့်ရှိ ရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူရှိခဲ့သည်။ ယင်းဘုရားကို သရေခေတ္တရာပြည်က သုပညာနဂရဆိန္နမင်းနှင့် စစ်သည်ရဲမက်တို့ ဝင်ရောက်တိုက်ခိုက်ကာ ဖိုကျင်ထိုး၍ ယူဆောင်သွားကြသည်။ ရှေးခေတ်

ကာလက သံတွဲမြို့စားသည် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့၌ အထူးအာဏာရရှိခဲ့ကြသည်။ မြောက်ဦးထီးနန်းကို ဒုတိယမြောက်ဆက်ခံသူ မင်းခရီနှင့် မြောက်ဦးမြို့တော်ကို အင်အားတောင့်တင်းကာ ရွှေရောင်လွှမ်းမိုးအောင် ဆောင်ရွက်နိုင်ခဲ့သော မင်းဗာကြီးတို့သည် သံတွဲစားဘဝမှ ထီးနန်းရခဲ့ခြင်းဖြစ်သည်။

၁၇၈၅-တွင် မြောက်ဦးမြို့တော်ကျဆုံးပြီးနောက် သံတွဲမြို့ဝန်က ၁၈၂၅-ခုအထိ အုပ်ချုပ်ခဲ့သည်။ ထို့နောက် အင်္ဂလိပ်တို့က သံတွဲခရိုင်ဟုဖွဲ့စည်းကာ အုပ်ချုပ်ခဲ့သည်။ သံတွဲသည် ခရိုင်မြို့လည်း ဖြစ်သည်။

ပေလီတောင်ဘက် လုံးသာသည် ပင်လယ်ကူးသင်္ဘောဆိပ် ဖြစ်လာခဲ့သည်။ နောင်အခါ မေရိုးဘေးသို့ ပြောင်းရွှေ့ဆိုက်ကပ်သည်။ စစ်ပြီးကာလတွင် သံတွဲဒေသသည် ပိုမိုစည်ပင်လာခဲ့သည်။

**ပညာရေး**

သံတွဲမြို့နယ်တွင် အထက်တန်းကျောင်း (၆) ကျောင်း၊ ကျောင်းခွဲ (၇) ကျောင်း၊ အလယ်တန်းကျောင်း (၂) ကျောင်း၊ ကျောင်းခွဲ (၃) ကျောင်း၊ မူလွန် (၉)ကျောင်း၊ မူလတန်းကျောင်း (၁၆၂) ကျောင်းနှင့် ဘုန်းတော်ကြီးပညာသင်ကျောင်း (၁) ကျောင်းရှိသည်။ အစိုးရစက်မှုအထက်တန်းကျောင်းကို ၁၉၈၂ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ ယခုအခါ အစိုးရစက်မှုလက်မှုသိပ္ပံဟု အမည်ပြောင်းလဲဖွင့်လှစ်ထားသည်။ သံတွဲမြို့အထက်တန်းကျောင်းကို ၁၉၁၈ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။

**ကျန်းမာရေး**

သံတွဲမြို့နယ်တွင် ခုတင် ၁၀၀ ဆံ့ဆေးရုံ (၁) ရုံ၊ ၁၆- ခုတင်ဆံ့တိုက်နယ်ဆေးရုံ (၃) ရုံ၊ ကျေးလက်ကျန်းမာရေးဌာန (၈) ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၃၄)ခုနှင့် တိုင်းရင်းဆေးပေးခန်း (၂) ခု အသီးသီးရှိသည်။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာန (၁) ခုနှင့် ကျောင်းကျန်းမာရေး ဌာန (၁) ခု အသီးသီးရှိသည်။

**စီးပွားရေး**

သံတွဲမြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် အဓိကဖြစ်သော်လည်း လယ်မြေရှားပါးသည်။ တစ်မြို့နယ်လုံးတွင် လယ်မြေ (၄၆၃၂၀) ဧက၊ ခနီမြေ (၁၉၃၁) ဧကနှင့် ကိုင်းကျွန်း (၄၅၈၂) ဧက၊ ဥယျာဉ် (၁၃၁၀၉) ဧကနှင့် တောင်ယာမြေ (၈၀၃) ဧက ရှိသည်။ စပါးကို အဓိကစိုက်ပျိုးကြသည်။

ဒုတိယစီးပွားရေးလုပ်ငန်းမှာ ရေလုပ်ငန်းဖြစ်သည်။ ကမ်းနီးကမ်းဝေးငါးဖမ်းကြသည်။ ကျော့ပိုက်၊ ဝိုင်းပိုက်များကို အသုံးပြုလေ့ရှိကြသည်။ ငါးစည်သွပ်စက်ရုံရှိသည်။ သံတွဲထွက် မျှင်ငါးပိနှင့် ငါးနီတူခြောက်မှာ အထူးထင်ရှားသည်။ ပုစွန်ကန် (၄၉) ကန်၊ မွေးမြူဧက (၇၄၄) ဧက ရှိသည်။

သံတွဲမြို့နယ်တွင် သစ်ထုတ်လုပ်ခြင်းရှိသည်။ ကြိုးဝိုင်းဧရိယာ (၁၅၃၃၃၅) ဧကနှင့် ကြိုးပြင်ကာကွယ်တော (၈၁၃၂၅) ဧကရှိသည်။

အုန်းပင်များပေါများသဖြင့် အုန်းဆီထုတ်လုပ်ခြင်းလည်း ရှိသည်။

တစ်မြို့နယ်လုံးသည် ကုန်းလမ်းကို အဓိကအားထားကြသည်။ သံတွဲမှ လုံးသာ၊ ပေလီ၊ မဇင်သို့လည်းကောင်း၊

သပြုချိုင်၊ ကင်းမော်၊ ရွှေလှေနှင့် ကျောက်ကြီးသို့လည်းကောင်း ကားလမ်းပေါက်ရောက်သည်။ သံတွဲ-တောင်ကုတ်နှင့် သံတွဲ-ဂွလမ်းများမှတစ်ဆင့် အခြားတိုင်းဒေသများသို့ ခရီးပေါက်ရောက်သည်။ မြို့နယ်တွင်းကားလမ်း (၈၄) မိုင်ရှိသည်။

မဇင်ကျေးရွာတွင် လေယာဉ်ကွင်းရှိပြီး သပြုချိုင်တွင် ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်ရာ သင်္ဘောဆိပ်ရှိသည်။

## ခရီးသွားလုပ်ငန်း

သာယာလှပကောင်းမွန်လှသော ငပလီကမ်းခြေကြောင့် ခရီးသွားလုပ်ငန်းသည် ရှေးဦးမဆွကပင် ရှိခဲ့သည်။ ရခိုင်ပြည်နယ်တွင် အဦးဆုံးခရီးသွားလုပ်ငန်းရှိရာ အရပ်လည်းဖြစ်သည်။ ငပလီကမ်းခြေတစ်လျှောက်တွင် ဟော်တယ်ကြီးငယ်များ ဆောက်လုပ်ထားရှိသည်။ အစည်ကားဆုံးအချိန်မှာ သင်္ကြန်ကာလဖြစ်သည်။

## ထင်ရှားသော ကျေးရွာကြီးများ

ဂျိတ္တော၊ မြပြင်၊ လင်းသာ၊ ငပလီ၊ ဂေါ၊ ကင်းမော်၊ ဆင်ခေါင်း၊ ရွှေလှေ၊ ခမောင်းတုန်း၊ ဇလွန်၊ ကျောက်ကြီး၊ ပုစွန်ဖြေတို့သည် ထင်ရှားသည့် ကျေးရွာများဖြစ်ကြသည်။

## လုံခြုံရေး

သံတွဲမြို့မရဲစခန်း၊ ကျောက်ကြီးနယ်မြေရဲစခန်း၊ ရွှေလှေနယ်မြေရဲစခန်းနှင့် ဂျိတ္တောနယ်မြေရဲစခန်းတို့သည် ပထမသတင်းပေးတိုင်ချက်လက်ခံရေးဖွင့်သည့် ရဲစခန်းများ ဖြစ်ကြသည်။

## ဘာသာရေးအဆောက်အဦးများ

သံတွဲမြို့နယ်သည် အလွန်ရှေးကျသည့် သမိုင်းစဉ်ရှိသည်နှင့်အညီ သမိုင်းဝင်ဘာသာရေးအဆောက်အဦးများ ရှိသည်။ ရွှေဆံတော်စေတီသည် မြို့တောင်ဘက် (၂၃၇) ပေမြင့်သော တောင်ထိပ်တွင် ကိန်းဝပ်ပြီး ဉာဏ်တော် (၈၁) ပေ မြင့်သည်။ ရွှေနံ့တော်စေတီသည် မြို့၏မြောက်ဘက် (၂၈၅) ပေမြင့်သော တောင်ထိပ်တွင်ရှိပြီး ဉာဏ်တော် (၆၈) ပေမြင့်သည်။ ရွှေအံတော်စေတီသည် မြို့အရှေ့ဘက် (၁၈၅) ပေ မြင့်သော တောင်ကုန်းငယ်ပေါ်တွင်ရှိပြီး ဉာဏ်တော် (၁၀၂) ပေ မြင့်သည်။ ဤစေတီသုံးဆူကို သာသနာတော် သက္ကရာဇ်-၂၃၆-ခုတွင် တည်ခဲ့သည်။

မြို့၏ အရှေ့တောင်ဘက် တန့်တော်မူစေတီ (ဂူငယ်)နှင့် ဂူကြီးခုံစေတီ (ဂူကြီး) ဘုရားနှစ်ဆူကို သာသနာတော် သက္ကရာဇ် -၁၃၂၇-ခု၊ ကောဇာ-၁၄၅ခု၊ (အေဒီ-၇၈၃) တွင် သံတွဲမြို့စား **"မင်းညီုခင်"** တည်ထားခဲ့သည်။ ရွှေအံတော် တောင်ခြေရှိ ဘုရားလှဆင်းတုတော်မှာ သာသနာတော်သက္ကရာဇ် -၁၈၇၂ ခု၊ ကောဇာ-၆၉၀ခု၊ (အေဒီ-၁၃၂၈) တွင်သံတွဲမြို့စား **"အမတ်ကြီးကျော်သူ"** ကသိုလ် ပြုတည်ထားခဲ့သည်။ ယင်းဆင်းတုတော်၏ ဂန္ဓကုဋီကျောင်းတော်နှင့် မဟာရာမ်ကျောက်တံတိုင်းတို့ကို မင်းဗာကြီးနန်းတက်ပြီး ကောဇာ-၈၉၄ခု၊ (အေဒီ-၁၅၃၂) တွင် ထပ်မံကုသိုလ်ပြု လှူဒါန်းခဲ့သည်။ ယင်းဘုရားမှာ **"ဆုတောင်းပြည့်ဘုရားလှဘုရား"** ဟူ၍ ထင်ရှားသည်။

**လူဦးရေဆိုင်ရာ**

တစ်စတုရန်းမိုင်လျှင် (၉၂) ဦးနေထိုင်သည်။ သံတွဲမြို့ပေါ်ရှိ တစ်စတုရန်းမိုင်လျှင် (၁၃၃၇၇) ဦးနှုန်း နေထိုင်သည်။

**နေထိုင်သည့်လူမျိုးများ**

သံတွဲမြို့နယ်တွင် ရခိုင်လူမျိုးအများဆုံးနေထိုင်ပြီး၊ ချင်းနှင့် ဘင်္ဂလီ (မူဆလင်) လူမျိုးတို့လည်း နေထိုင်ကြသည်။

## သံတွဲမြို့

သံတွဲမြို့သည် သံတွဲမြစ်ဝမှ (၁၀) မိုင်အကွာ လက်ယာကမ်းတွင် တည်ရှိသည်။ ဒွါရာဝတီမြို့သစ်ကို သံတွဲမြစ်၏ လက်ဝဲကမ်းတွင် ၁၉၉၁-ခုနှစ်က တည်ထားခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် သံတွဲမြစ်ကို ဖြတ်ကူးသည့် ဒွါရာဝတီတံတား ဖွင့်လှစ်ခြင်းကြောင့် ဒွါရာဝတီမြို့သစ်သည်လည်း အထူးစည်ကားလာခဲ့သည်။ ယခုမြို့နေရာကို အင်္ဂလိပ်တို့က ရွေးချယ် တည်ဆောက်ခဲ့သည်။ ၁၈၂၅-ခုတွင် အင်္ဂလိပ်တို့က ရခိုင်ကို သိမ်းယူပြီးနောက် သံတွဲမြို့သည် သံတွဲခရိုင်၏ မြို့တော် ဖြစ်လာခဲ့သည်။ ယင်းမတိုင်မီက သံတွဲမင်း၊ သံတွဲမြို့စား၊ သံတွဲမြို့ဝန်ဟူ၍ ရှိခဲ့သည်။

၁၈၈၅- ခုတွင် မြူနီစီပယ်အုပ်ချုပ်ရေးမြို့တစ်ခု ဖြစ်လာခဲ့သည်။ သံတွဲမြို့သည် ရေထွက်လုပ်ငန်း၊ သစ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းတို့ကြောင့် ထင်ရှားလာသည်။

သံတွဲမြို့ကို ရပ်ကွက် (၈) ခုဖြင့် ဖွဲ့စည်းထားသည်။ မြို့ပေါ်လူဦးရေ (၁၈၃၂၇) ဦးရှိသည်။ မြို့တွင်းလမ်းများမှာ (၁၅) မိုင်ရှိသည်။ မြို့ဧရိယာ (၁. ၃၇) စတုရန်းမိုင်ရှိသည်။ မြို့တွင်းသောက်သုံးရေအတွက် မဟာဗောဓိဆည်မှ မြေဆွဲအားဖြင့် အလိုအလျောက် ရေဆင်းစနစ်ဖြင့် ဖြန့်ဝေပေးသလို၊ ဒွါရာဝတီမြို့သစ်အတွက် သောက်သုံးရေကို အောင်သပြေဆည်မှ ဖြန့်ဝေပေးလျက်ရှိသည်။ မဟာဗောဓိဆည်မှာ ရေဂါလံ ၁၅၈-သန်းဆံ့ပြီး၊ ကိုယ့်အားကိုယ်ကိုး၊ အောင်သပြေဆည်မှာ ရေဂါလံ ၇၄. ၃၈ သန်းဆံ့သည်။

## ငပလီကမ်းခြေမြို့

ငပလီကမ်းခြေမြို့သည် သံတွဲမြို့၏အနောက်ဘက် ပင်လယ် ကမ်းခြေတွင် တည်ရှိသည်။ အကျယ်အဝန်းမှာ ၂၁. ၀၆ စတုရန်းမိုင် ကျယ်ဝန်းသည်။ ရပ်ကွက် (၅) ရပ်ကွက်ရှိသည်။ အိမ်ခြေ ၅၅၂၈ -လုံးရှိပြီး၊ စုစုပေါင်းလူဦးရေ ၂၁,၂၅၂ ဦး နေထိုင်ကြသည်။


(ကျမ်းကိုးစာရင်း)

၁။ ရခိုင်ပြည်နယ်မဂ္ဂဇင်း ॥ ॥ ၂၀၁၄ ခုနှစ်။

၂။ ဒွါရာဝတီ-အသျှင်ကုသလမှတ်စု။

## တောင်ကုတ်မြို့နယ်

တောင်ကုတ်မြို့နယ်၊ မအီမြို့နယ်ခွဲ၏ မြို့မြို့ကြီး ကျေးရွာအုပ်စု ကျေးရွာများပြမြေပုံ




N
ကျေးရွာများပြမြေပုံ
တောင်ကုတ်မြို့နယ်၊ သံတွဲခရိုင်
ရခိုင်ပြည်နယ်
စကေး ၁ လက်မ – ၅ မိုင်
ရည်ညွှန်းချက်
မြို့နယ်နယ်နိမိတ်
မြို့နယ်ခွဲနယ်နိမိတ်
ကျေးရွာအုပ်စု
ကျေးရွာများ
မော်တော်ကားလမ်း
မြစ်ချောင်း
ရွာပျက်
ရွာတိုး

တောင်ကုတ်မြို့နယ်သည် ရခိုင်ပြည်နယ်တောင်ပိုင်း၊ ရိုးမတောင်ခြေကို အခြေခံထားပြီး၊ ဒီရေရောက်ကျွန်းများ ပင်လယ်ကမ်းဦးရေတိမ်ကျွန်းများဖြင့် ဖွဲ့စည်းထားသည်။ မြို့နယ်၏မြောက်ဘက်တွင် အမ်းမြို့နယ်၊ အရှေ့ဘက်တွင် မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ဘက်တွင် သံတွဲမြို့နယ်နှင့် အနောက်ဘက်တွင် ရမ်းဗြဲမြို့နယ်တို့ ရှိကြသည်။ ကလိန်တောင်မြစ်သည် တောင်ကုတ်မြို့နယ်နှင့် ရမ်းဗြဲမြို့နယ်တို့ကို ပိုင်းခြားထားသည်။

မြို့နယ်တစ်ခုလုံးလိုလိုသည် တောတောင်ထူထပ်သည်။ တောင်ခြေအရပ်တွင် လွင်ပြင်မှာ ကျဉ်းမြောင်းသည်။ အမြင့်ဆုံးတောင်မှာ မိုးထိတောင်ဖြစ်ပြီး (၃၇၇၇) ပေမြင့်သည်။ တောင်ခြေနှင့် အနောက်ကလိန်တောင်မြစ်အကြားတွင် ဒီရေရောက်တောများ၊ ကျွန်းများရှိကြသည်။ အဓိကချောင်းများမှာ တောင်ကုတ်ချောင်း၊ ခူးချောင်း၊ တန်းလွဲချောင်း၊ လမုချောင်း၊ မအီချောင်းတို့ဖြစ်ကြသည်။ တောင်ကုတ်ချောင်းမှာ အရှေ့တောင်မှ အနောက်မြောက်သို့ စီးဆင်းပြီး ကျန်ချောင်းများမှာ အရှေ့မှအနောက်သို့ စီးဆင်းသည်။

မြို့နယ်သည် တောင်မြောက် ၄၉ မိုင်၊ အရှေ့အနောက် ၄၄ မိုင်ကျယ်သည်။ ဧရိယာ ၂၀၅၇. ၂၅ စတုရန်းမိုင် ရှိသည်။ မြောက်လတ္တီကျူ ၁၈ ဒီဂရီ ၃၇ မိနစ်နှင့် ၁၉ ဒီဂရီ ၃၂ မိနစ်အတွင်း အရှေ့လောင်ဂျီကျူ ၉၃ ဒီဂရီ ၅၉ မိနစ်မှ ၉၄ ဒီဂရီ ၄၅ မိနစ်အကြား တည်ရှိသည်။ ပူအိုက်စွတ်စိုပြီး အမြင့်ဆုံးအပူချိန်မှာ ၃၄. ၉ စင်တီဂရိတ်၊ အနိမ့်ဆုံးအပူချိန်မှာ ၂၇. ၅ စင်တီဂရိတ်ရှိသည်။ ပျမ်းမျှမိုးရေချိန် ၁၉၆. ၉၂ လက်မရွာသွန်းသည်။

တောင်ကုတ်မြို့နယ်တွင် ရပ်ကွက် (၈) ရပ်ကွက်၊ ကျေးရွာအုပ်စု (၅၂) စု၊ ကျေးရွာ (၂၀၆) ရွာရှိသည်။ လူဦးရေ (၁၄၀၉၅၆) နေထိုင်ကြသည်။ အိမ်ခြေ (၂၉၇၉၃) နှင့် အိမ်ထောင်စု (၃၀၅၉၇) စုရှိသည်။ မြို့ပေါ်လူဦးရေ (တောင်ကုတ်နှင့် မအီမြို့တို့တွင်) (၂၉၃၀၁) ဦးရှိသည်။

**ခေတ်စံသမိုင်း**

တောင်ကုတ်အရပ်သည် ရခိုင်သမိုင်းဝင်အရပ်တစ်ခုဖြစ်သည်။ ဓညဝတီပြည့်ရှင် ဘုရင်စန္ဒာသူရိယမင်းကြီး သက်တော် (၅၅) နှစ်ရှိသောအခါ မြင်တွေ့သော အတိတ်သုံးပါးကို အမတ်ပညာရှိမျိုးရိုး၊ **"တောင်ကုတ်စား ဓမ္မဇေယျ"** က လျှောက်တင်နိမိတ်ဖတ်ခဲ့ကြောင်း ရာဇဝင်တွင် ပါရှိသည်။ တောင်ကုတ်အရပ်သည် တောင်ကျော်လမ်းဆုံကျသဖြင့် အလွန်အရေးကြီးခဲ့သည်။ တောင်ကုတ်နယ်သည် တောင်စဉ်ခုနစ်ခရိုင်ထဲတွင် ပါဝင်သည်။

မြောက်ဦးပထမခေတ်တွင် ဘုရင်မင်းရာဇာသည် နန်းတွင်းမငြိမ်သက်မှုဖြစ်စဉ် တောင်စဉ်လမူးတွင် ခေတ္တ နေခဲ့ရသည်။ မင်းဗာကြီးသည် အိမ်နိမ့်ဘဝက လမုဒြီမင်းပြင်တွင် ထကြွမှုများကို နှိမ်နင်းခဲ့သည်။ ထိုစဉ်က တောင်စဉ် ခုနစ်ခရိုင်စားမှာ မင်းညီဖြစ်သည်။ ထို့နောက် မင်းဗာကြီး အပိုင်စားရသည်။

ဘုရင်မင်းဗာကြီးအနောက်သို့ စစ်ချီစဉ် တောင်ကုတ်စား၊ ပန်းတင်းစား၊ ပန်းထော်စား၊ လမူးစားတို့သည် ကြီးကြပ်လိုက်ပါရသည်။ နောက်ပိုင်းခေတ်တွင် တောင်ကုတ်အရပ်သည် ပို၍အရေးပါခဲ့သည်။

မြောက်ဦးနှောင်းပိုင်းတွင် တောင်စဉ်ခုနစ်ခရိုင်နှင့် တောင်ကုတ်တို့သည် စည်ပင်လာခဲ့သည်။ စန္ဒဝိဇယ လက်ထက်၌ တောင်စဉ်လမုအရပ်တွင် မြို့စာတက်အကျော်အမော်ရဟန်းတစ်ပါး ပေါ်ခဲ့သည်။ ထို့နောက်တွင် ဤအရပ် သည် အားရှိအားမဲ့ပြုကျင့်ခံရသည့် အရပ်ဖြစ်လာခဲ့သည်။ စစ်ရေးအရ ဝင်လာနိုင်သည့် တောင်ကျော်လမ်းများရှိသဖြင့် တပ်အတော်အသင့်ကို စစ်ကဲတစ်ဦးကွပ်ကဲမှုဖြင့် ချထားခဲ့သည်။ ၁၇၈၁-ခုတွင် စစ်ကဲကျော်ထွေးပုန်ကန်ခဲ့သည်။ ၎င်းသည်

၁၇၈၃ တွင် အဝေးသစ္စာခံခဲ့သည်။

၁၇၈၄-ခုနှစ်တွင် အမရပူရတပ်တို့ မြောက်ဦးသို့ စစ်ချီလာစဉ်က တောင်မင်းကျော်ထွေးသည် ဦးစွာခုခံခဲ့သည်။ မြောက်ဦးကျဆုံးပြီးနောက် တောင်ကုတ်ဝန်ဟူ၍ထားခဲ့ပြီး ထိုဝန်သည် ဒွါရာဝတီမြို့ဝန် ဖြစ်သွားလေသည်။ ယခု မန္တလေးတွင် ကိန်းဝပ်သည့် ဉာဏ်တော် ၁၂ ပေ၊ ၇ လက်မခန့်ရှိ မဟာမုနိဆင်းတုတော်ကြီးနှင့် အခြားဆင်းတုတော်များကို တောင်ကုတ်တောင်ကြားလမ်းမှ ပင့်ယူခဲ့လေသည်။ လေးမြို့ဝန်ခေတ်တွင် တောင်ကုတ်အရပ်သည် အရေးကြီးလာခဲ့သည်။

၁၈၂၅- ခုတွင် အင်္ဂလိပ်တို့သည် ရခိုင်ကိုသိမ်းယူပြီးနောက် တောင်ကုတ်နယ်သည် သံတွဲခရိုင်တွင် ပါဝင်သည်။ တောင်ကုတ်မြို့ကို ၁၈၆၄ ခုနှစ်တွင် တည်ထောင်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခါနီး၌ တောင်ကုတ်အရပ်သည် တောင်ကြားလမ်းကြောင့် စစ်ပြေးရှောင်ဒုက္ခသည်များ ဖြတ်ကျော်ရာ လမ်းဖြစ်ခဲ့သည်။

**ပညာရေး**

တောင်ကုတ်မြို့နယ်တွင် အထက်တန်းကျောင်း (၈) ကျောင်း၊ ကျောင်းခွဲ (၅) ကျောင်း၊ အလယ်တန်းကျောင်း (၁) ကျောင်း၊ ကျောင်းခွဲ (၅) ကျောင်း၊ မူလတန်းလွန်ကျောင်း (၃၅) ကျောင်း၊ မူလတန်းကျောင်း (၁၁၁) ကျောင်း၊ မူခွဲ (၂) ကျောင်းနှင့် ဘုန်းတော်ကြီးပညာသင်ကျောင်း (၃) ကျောင်းရှိသည်။ တောင်ကုတ်မြို့ အထက်တန်းကျောင်းကို ၁၉၄၇ ခုတွင်ဖွင့်လှစ်ခဲ့သည်။

**ကျန်းမာရေး**

တောင်ကုတ်မြို့နယ်တွင် ခုတင် ၅၀ ဆံ့ဆေးရုံ (၁) ရုံ၊ ၁၆-ခုတင်ဆံ့ တိုက်နယ်ဆေးရုံ (၂) ရုံ၊ ၁၆-ခုတင်ဆံ့ မြို့နယ်ခွဲဆေးရုံ (၁) ရုံ၊ ကျေးလက် ကျန်းမာရေးဌာန (၆) ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၃၁) ခုနှင့် တိုင်းရင်းဆေးပေးခန်း (၁) ခု၊ ငှက်ဖျားတိုက်ဖျက် ရေးဌာန (၁) ခု၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာန (၁) ခု အသီးသီး ရှိကြသည်။

**စီးပွားရေး**

မြို့နယ်တစ်ခုလုံးနီးပါး သစ်တောများ ဖုံးလွှမ်းထားသဖြင့် လွင်ပြင်ကျဉ်းမြောင်းသည်။ မြို့နယ်၏ ၁၆-ပုံ၊ ၁-ပုံကိုသာ ထွန်ယက်စိုက်ပျိုးနိုင်သည်။ လယ်မြေ (၆၅၄၀၆) ဧက၊ တောင်ယာမြေ (၆၀၇၉) ဧက၊ ကိုင်းမြေ (၂၉၅၉) ဧက၊ ဥယျာဉ်မြေ (၇၀၃၇) ဧကနှင့် ဓနိမြေ (၂၄၆၃) ဧက ရှိသည်။ ဥစားကြက်မွေးမြူရေးခြံ ၇၄-ခြံ၊ အသားစားခြံ ၂၈-ခြံရှိသည်။

ပင်လယ်နှင့်မြစ်ချောင်းကြီးများတွင် ရေလုပ်ငန်းများသည် အဓိကဖြစ်သည်။ ရေငန်ပုစွန်မွေးမြူရေး ရှိသည်။ ပုစွန်ကန် (၁၁) ကန်နှင့် မွေးမြူဧက (၅၈၉) ဧက ရှိသည်။

သစ်တောလုပ်ငန်းမှာ အထူးထင်ရှားသည်။ တန်းလွဲတွင် ကြိုးပြင်ကာကွယ်တော (၁၇၄၉၆၈) ဧက ရှိသည်။ သစ်တောမှာ (၉၂၀၆၀) ဧက ရှိသည်။ နေပူတောင်စခန်းတွင် အလှဆင်ကျောက်ထုတ်လုပ်သည်။

ယခင်က လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် အရပ်တစ်ခုဖြစ်ခဲ့သည်။ ၂၀ ရာစုကုန်အထိ သံတွဲမြို့သို့သာ ကားလမ်းရှိခဲ့သည်။ ၂၁-ရာစုအစပိုင်းမှစ၍ ကုန်းလမ်းဆက်သွယ်မှုများပြားလာသည်။ ယခုအခါ တောင်ကုတ်-မအီ-ကျောက်ဖြူလမ်းပေါက်သွားပြီဖြစ်သည်။ မအီမှ အမ်းသို့သွားနိုင်ပြီး ယင်းကမှ စစ်တွေအထိ သွားလာနိုင်သည်။ မြို့နယ်တွင်းလမ်းမိုင် ၁၂၆ မိုင် ရှိသည်။ တောင်ကုတ်မှ မိုးထိအထိ ၅၅-မိုင် ဝေးသည်။

ခရီးသွားလုပ်ငန်းမရှိပါ။ ဖြတ်ကျော်ခရီးသွားခြင်းလောက်သာ ရှိသည်။

**ထင်ရှားသောကျေးရွာကြီးများ**

ကင်းတောင်၊ ရွာမ၊ လမူးမော်၊ ဆားပြင်၊ မအီ၊ ပန်းတင်၊ ခရိုင်၊ ကလိန်တောင်တို့သည် ထင်ရှားသည့် ကျေးရွာကြီးများဖြစ်သည်။ မအီမှာ မြို့နယ်ခွဲရုံးစိုက်ရာမြို့ဖြစ်သည်။

**လုံခြုံရေး**

တောင်ကုတ်မြို့ရဲစခန်း၊ မအီနယ်မြေရဲစခန်း၊ ရွာမနယ်မြေရဲစခန်းနှင့် လမူးမော်နယ်မြေရဲစခန်းတို့သည် ပထမသတင်းပေး တိုင်ချက်လက်ခံရေးဖွင့်သည့် ရဲစခန်းများဖြစ်ကြသည်။

**ဘာသာရေးအဆောက်အဦးများ**

တောင်ကုတ်မြို့ပေါ်တွင် သိမ်တောင်ဘုရား၊ ဖောင်တော်ဦးစေတီ၊ သည်းခံတောင်စေတီနှင့် ပန်းမြောက်တောင် စေတီ ဟူ၍ရှိပြီး၊ ခေါင်းလောင်းတူစေတီ၊ ပန်းထော်ကျွန်းတွင် ကျိုပြင်ဘုရား၊ ကလိန်တောင်စေတီနှင့် မအီချောင်းဖျားတွင် ဗုဒ္ဓခြေတော်ရာတစ်စုံရှိပြီး အထက်စက်တော်ရာနှင့် အောက်စက်တော်ရာဟူ၍ ထင်ရှားသည်။

ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း (၂၁၄) ကျောင်း၊ သီလရှင်ကျောင်း (၂) ကျောင်း၊ ဗလီ (၅) ရုံ၊ ခရစ်ယာန်ကျောင်း (၂) ကျောင်း ရှိသည်။

**လူဦးရေသိပ်သည်းမှု**

မြို့နယ်တွင် တစ်စတုရန်းမိုင်၌ (၆၈) ဦး နေထိုင်သည်။ မအီမြို့နယ်ခွဲတွင် တစ်စတုရန်းမိုင်၌ (၄၂) ဦးသာ နေထိုင်သည်။ တောင်ကုတ်မြို့ပေါ်တွင် တစ်ဧက (၅၃) ဦးနှုန်း နေထိုင်သည်။

**နေထိုင်သည့်လူမျိုးများ**

ရခိုင်လူမျိုးများမှာ အများဆုံးဖြစ်ပြီး၊ ချင်းနှင့် အခြားလူမျိုးများလည်း နေထိုင်ကြသည်။

## တောင်ကုတ်မြို့

တောင်ကုတ်မြို့ဟောင်းသည် ယခုတောင်ကုတ်မြို့၏အရှေ့မြောက် သုံးမိုင်အကွာတွင် ရှိခဲ့သည်။ ကုန်းမြင့် တစ်ခုကို အခြေခံကာ တည်ဆောက်ထားခဲ့သည်။

အင်္ဂလိပ်ခေတ် ၁၈၆၄-ခုနှစ်တွင် ယခုတောင်ကုတ်မြို့ကို တည်ထောင်ခဲ့သည်။ တောင်ကုတ်ချောင်း၏ လက်ယာကမ်းတွင်ရှိပြီး တောင်ကုတ်ချောင်းဝမှ ၁၂-မိုင်အကွာတွင် ရှိသည်။ အင်္ဂလိပ်ခေတ်မှစ၍ တောင်ကုတ်

တောင်ကြားလမ်းကို ဖောက်လုပ်ပြုပြင်လာသဖြင့် တောင်ကုတ်မြို့သည် စည်ပင်လာခဲ့သည်။ ရခိုင်ကုန်စည်နှင့် ဧရာဝတီ ကမ်းထွက် ကုန်စည်များကို ထပ်ဆင့်သယ်ယူရာဌာနီ ဖြစ်လာခဲ့သည်။

မြို့တွင်း ကတ္တရာလမ်း (၂၇) ဖာလုံ၊ ကျောက်ချောလမ်း (၂၈) ဖာလုံ၊ မြေသားလမ်း (၁၀၈) ဖာလုံ ရှိသည်။

မြို့တွင်း သောက်သုံးရေအတွက် ရေကန်ရေတွင်းများ ရှိသည်။ မြို့မှနှစ်မိုင်ခန့်ဝေးသော ဝက်ကျိတ်ဆည်မှ မြေဆွဲအား ရေဆင်းစနစ်ဖြင့် ရေဖြန့်ဝေပေးသည်။ မြို့တွင်း ရပ်ကွက် (၄) ကွက်ရှိပြီး လူဦးရေ (၂၅၁၀၂) ဦး နေထိုင်ကြသည်။ မြို့မြေမှာ ဝ. ၇၃ စတုရန်းမိုင် ရှိသည်။

တောင်ကုတ်ခေါ်ရခြင်းမှာ ရိုးမတောင်ကြီးသည် မြောက်ဘက်မှ တောင်ဘက်သို့ ကုပ်ကုပ်ကလေး မြင်ရသည်ကို အကြောင်းပြု၍ ခေါ်ခြင်းဖြစ်သည်။


## မအီမြို့

မအီမြို့နှင့် မြို့နယ်ခွဲကို တောင်ကုတ်မြို့နယ်၏ မြောက်ဖျားမအီချောင်းကို အခြေခံ၍ ဖွဲ့စည်းထားသည်။ ဧရိယာစတုရန်းမိုင် ၈၈၃. ၈၆ ရှိသည်။ မြို့နယ်ခွဲ လူဦးရေမှာ (၃၇၃၁၂) ဦး ဖြစ်သည်။ မြို့ပေါ်တွင် (၄၁၉၉) ဦး နေထိုင်သည်။ ကျောက်ဖြူသို့သွားရာ ကားလမ်းဆုံတွင်ရှိသဖြင့် စည်ကားသည်။


(ကျမ်းကိုးစာရင်း)


၁။ ရခိုင်ပြည်နယ် မဂ္ဂဇင်း ။ ။ ၂၀၁၄-ခုနှစ်။

၂။ ဒွါရာဝတီ-အသျှင်ကုသလမှတ်စု။



ဒွမြို့နယ်အစခြမြေပြမြေပုံ
ကျေးရွာအုပ်စုအညွှန်းပြမြေပုံ
ဂွမြို့နယ်
ရခိုင်ပြည်နယ်
စကေး ၁ လက်မ - ၄ မိုင်
သံတွဲမြို့နယ်
ညွှန်ပြချက်
၁။ မြို့နယ် နယ်နိမိတ်
၂။ ကားလမ်း
၃။ မြစ်ချောင်း
၄။ မြို့တည်နေရာ
၅။ ကျေးရွာအုပ်စုတည်နေရာ
၆။ ကျေးရွာ

## ဋမြို့၊ မြို့ပြစီမံပုံ





## ကျိုက္ကလိမြို့နယ်ခွဲစည်ပင်သာယာရေးအဖွဲ့
## မြို့ပြမြေပုံ



## ဂွမြို့နယ်

ဂွမြို့နယ်သည် ရခိုင်ပြည်နယ်တောင်ဘက် အစွန်းဆုံးတွင်ရှိသည်။ ရိုးမတောင်ခြေနှင့် ဘင်္ဂလားပင်လယ်အော် တို့အကြား ကျဉ်းမြောင်းသော လွင်ပြင်ကို အခြေခံထားသည်။ မြောက်ဘက်တွင် သံတွဲမြို့နယ်၊ အရှေ့နှင့် တောင်ဘက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်တို့ တည်ရှိကြသည်။ ကျွန်းဟူ၍ ဂွကမ်းခြေမှ ကမ်းလွန်အနီး ဂွကျွန်းတစ်ခုသာ ရှိသည်။

မြို့နယ်တစ်ခုလုံးလိုလိုကို တောတောင်တို့က ဖုံးလွှမ်းထားသည်။ တောင်ခြေအရပ်ရှိလွင်ပြင်မှာ ကျဉ်းမြောင်း သည်။ အမြင့်ဆုံးတောင်မှာ (၄၀၆၂) ပေမြင့်သော တောင်နီတောင်ဖြစ်သည်။ ဂွမြို့နယ်ရှိ ရခိုင်ရိုးမတောင်တန်း အဆုံးရှိတောင်မှာ ရှောက်ပင်တောင် (၇၅၇) ပေ ဖြစ်သည်။ အဓိကချောင်းများမှာ ကျိန္တလီချောင်း၊ ဆပ်သွားချောင်းနှင့် ဂွချောင်း တို့ဖြစ်ကြသည်။ ကျိန္တလီချောင်းသည် အရှေ့တောင်မှ အနောက်မြောက်ဆီသို့ စီးဆင်းသွားသည်။ ဂွချောင်းမှာ တောင်မြောက်အရပ်တို့မှ ခက်ဖြာပေါင်းဆုံစီးဆင်းသည်။ ကျောက်ချွန်ချောင်းသည် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့၏ နယ်ခြားဖြစ်သည်။

မြို့နယ်သည် တောင်မြောက် ၆၃-မိုင်၊ အရှေ့အနောက် ၂၅-မိုင် ကျယ်သည်။ ဧရိယာ ၈၈၅. ၁၁ စတုရန်းမိုင် ရှိသည်။ မြောက်လတ္တီကျု ၁၇-ဒီဂရီ၊ ၁၅-မိနစ်နှင့် ၁၈-ဒီဂရီ ၈-မိနစ်အကြား၊ အရှေ့လောင်ဂျီကျု ၉၄-ဒီဂရီ၊ ၂၅-မိနစ်မှ ၉၄-ဒီဂရီ ၅၀-မိနစ်အကြားတွင် တည်ရှိသည်။ ရာသီဥတုမှာ ပူအိုက်စိုစွတ်ပြီး အမြင့်ဆုံးအပူချိန်မှာ ၃၀. ၁ ဒီဂရီစင်တီဂရိတ်၊ အနိမ့်ဆုံးအပူချိန်မှာ ၂၀-ဒီဂရီစင်တီဂရိတ် ရှိသည်။ ပျမ်းမျှမိုးရေချိန် ၁၈၄. ၇၃ လက်မ ရွာသွန်းသည်။

ဂွမြို့နယ်တွင် ရပ်ကွက် (၆) ကွက်၊ ကျေးရွာအုပ်စု (၃၃) စု၊ ကျေးရွာ (၁၅၉) ရွာ ရှိသည်။ လူဦးရေ (၅၈၁၉၁) ဦး နေထိုင်ကြသည်။ အိမ်ခြေ (၁၃၇၃၅)နှင့် အိမ်ထောင်စု (၁၃၉၀၇) စု ရှိသည်။ မြို့ပေါ်လူဦးရေ (ဂွမြို့နှင့် ကျိန္တလီမြို့ တို့တွင်) (၁၃၈၇၇) ဦး နေထိုင်သည်။

### နောက်ခံသမိုင်း

ရှေးအခါက ဂွမြို့နယ်တည်ရှိရာအရပ်သည် ဒွါရာဝတီ-သံတွဲမြို့စား၏ ပိုင်နက်နယ်မြေဖြစ်ခဲ့ရုံမက ဟိုင်းကြီး ကျွန်း၊ မော်တင်စွန်းအထိ ပါဝင်သည်။

ဝေသာလီမင်းဆက်၏ နောက်ဆုံးဘုရင် စူဠစန္ဒြားမင်းကြီး၏ ဖောင်တော်တွင် ရွက်တိုင်သည် ဤကမ်းခြေ အရပ်တွင် ကျိုးသွားသဖြင့် တိုင်ကျိုးဟူ၍ ခေါ်သလို လောင်းလှေအကျိုးတွေ့ရှိသောနေရာကို လောင်းကျိုးဟူ၍ ယခု ခေါ်နေသေးကြောင်း အဆိုရှိသည်။

လေးမြို့ခေတ်၊ လောင်းကြက်မြို့ ရခိုင်ဘုရင်မင်းထီးလက်ထက် အေဒီ-၁၃၁၃ ခုနှစ်တွင် မွန်တို့သည် အလု အယက်ကြိမ်သလီ (ကျိန္တလီ)၊ ကြွေကျိုင်၊ တိုင်ကျိုးတို့ကို ဖျက်ဆီးခဲ့သည်။ ဘုရင်မင်းထီးကိုယ်တိုင် တပ်တော်ချီပြီး တိုင်ကျိုးတွင် တပ်တော်တည်ခဲ့သည်။ ထို့နောက် ရန်သူတို့ကို ချေမှုန်းခဲ့ရာ အောင်မြင်ခဲ့သည်။ ကျိန္တလီမှ မော်တင်အထိ ဒေသကို တောင်ခွင်တန်းဟုခေါ်ခဲ့သည်။ ကျိန္တလီမှ အမ်းအထိကိုတော့ တောင်စဉ်ကမ်းဟုခေါ်သည်။

အေဒီ-၁၃၉၆ ခုတွင် သံတွဲစားစည်သဘင်သည် ပုန်ကန်နန်းလုရာ နန်းကျဘုရင် ရာဇသူနှင့် ညီတော်သိင်္ဃသူ

တို့ကို တောင်ခွင်ကြိမ်သလီသို့ ပို့ခဲ့သည်။ နောက်တစ်နှစ်ကြာပြီးမှ ထီးနန်းကို ပြန်ရခဲ့သည်။

မြောက်ဦးခေတ် မင်းဖလောင်းလက်ထက်၌ တောင်ခွင်စားဟူ၍ သီးသန့်ထားပေးခဲ့သည်။ ကျို့န္တလီ ကျော်လမ်းသည် ထိုစဉ်က အရေးပါခဲ့သည်။ မင်းဖလောင်းသားတော် မင်းရာဇာကြီးလက်ထက် အေဒီ၁၆၀၄-ခုတွင် ထွက်ပြေးသော မွန်သုံ့ပန်းကြွေတဲတပ်သားတစ်ထောင်ကို အသည်သချီတည်ပြီး စားရန်မြေများကို ကြိမ်သလီ၊ မိကျောင်းရဲ သလူ၊ ကမျစ်၊ မော်တင်အထိ လယ်ချည်းနှစ်သောင်း ဝတ်မြေထပ်၍ လှူခဲ့သည်။

မြောက်ဦးခေတ်နှောင်းပိုင်းတွင် ကျို့န္တလီအရပ်သည် မငြိမ်မသက်ရှိခဲ့သည်။ မြန်အောင်ဘက်မှ လာရောက် တိုက်ခိုက်မှုကို ခံခဲ့ရသည်။ ၁၇၅၉ ခုမှစ၍ တောင်ခွင်၊ ကြိမ်သလီအရပ်သည် မြောက်ဦးဘုရင်၏ဩဇာမှ ကင်းလွတ် သွားသည်။

၁၈၂၅ ခုတွင် အင်္ဂလိပ်တို့သည် ရခိုင်ကို သိမ်းယူပြီးနောက် ရခိုင်နယ်တွင် ဂွအပါအဝင် မော်တင်အထိသည် ပြန်ပါလာခဲ့သည်။ ၁၈၃၁-ခုတွင် အင်္ဂလိပ်တို့ကို ကျို့န္တလီဘုန်းကြီးက တော်လှန်ခဲ့သည်။ ၁၈၅၃-မှ ၁၈၆၄ အထိ ဂွနယ်သည် ဧရာဝတီဒေသ ပုသိမ်နယ်ထဲတွင် ခေတ္တပါဝင်သွားခဲ့သည်။ ထို့နောက် ကျို့န္တလီသည် ၁၈၆၄-မှ ဆယ်နှစ်တိုင်တိုင် မြို့ဖြစ်ခဲ့ သည်။ ၁၈၇၄ ခုတွင် ဂွသည် မြို့ဖြစ်လာခဲ့သည်။

**ပညာရေး**

ဂွမြို့နယ်တွင် အထက်တန်းကျောင်း (၃) ကျောင်း၊ ကျောင်းခွဲ (၇) ကျောင်း၊ အလယ်တန်းကျောင်း (၂) ကျောင်း၊ ကျောင်းခွဲ (၃) ကျောင်း၊ မူလွန် (၃) ကျောင်း၊ မူလတန်းကျောင်း (၁၀၀) ကျောင်း၊ မူခွဲ (၃) ကျောင်းနှင့် ဘုန်းတော်ကြီးပညာသင်ကျောင်း (၁) ကျောင်း ရှိသည်။ ဂွမြို့အထက်တန်းကျောင်းကို ၁၉၅၈-ခုတွင် ဖွင့်လှစ်ခဲ့သည်။

**ကျန်းမာရေး**

ဂွမြို့နယ်တွင် ၂၅-ခုတင်ဆံ့ဆေးရုံ (၁) ရုံ၊ ၁၆-ခုတင်ဆံ့တိုက်နယ်ဆေးရုံ (၁) ရုံ၊ ၁၆- ခုတင်ဆံ့ မြို့နယ်ခွဲဆေးရုံ (၁) ရုံ၊ ကျေးလက်ကျန်းမာရေး ဌာန (၅) ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၂၀) ခု မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာန (၁) ခု ရှိသည်။

**စီးပွားရေး**

မြို့နယ်တစ်ခုလုံးကို သစ်တောများဖုံးလွှမ်းထားသည်။ မြေနုလွင်ပြင် ကျဉ်းမြောင်းသည်။ မြို့နယ်၏ (၄) ရာခိုင်နှုန်းခန့်ကိုသာ ထွန်ယက်စိုက်ပျိုးနိုင်သည်။ လယ်မြေ (၂၄၇၂၉) ဧက၊ တောင်ယာမြေ (၉၈၇) ဧက၊ ကိုင်းမြေ (၈၂၄) ဧက၊ ဥယျာဉ်မြေ (၆၆၉၄) ဧကနှင့် ဓနိမြေ (၁၀၇၄) ဧကရှိသည်။ အုန်းခြံများရှိသည်။ ဆန်းစပါးဝမ်းစာဖူလုံမှုမှာ ၁၂၄. ၃၀ ရာခိုင်နှုန်းဖြစ်သည်။

အများစုသည် ရေလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသည်။ ပုစွန်မွေးမြူကန် (၇) ကန်နှင့် မွေးမြူဧက (၈၅) ဧက ရှိသည်။

သစ်တောလုပ်ငန်းမှာ အထူးထင်ရှားသည်။ ကြိုးပြင်ကာကွယ်တော (၁၅၄၉၄၉) ဧက ရှိသည်။ သံတွဲမြို့နယ်နှင့်

ဂွမြို့နယ်တွင် သဘာဝထိန်းသိမ်းရေးနယ်မြေ ဆင်ဘေးမဲ့ကာကွယ်တော) (၄၃၃၈၄၃) ဧက ရှိသည်။ ၅. ၂. ၂၀၀၂ နေ့တွင် ဖွဲ့စည်းခဲ့သည်။ ဂွမြို့နယ်တွင် (၁၈၇၆၉၉) ဧကရှိသည်။

လမ်းပန်းဆက်သွယ်ရေးတွင် ကုန်းလမ်းသည် အဓိကဖြစ်သည်။ ကျိန္တလီတံတား၊ ဆပ်သွားတံတားများကြောင့် သံတွဲသို့ ခရီးရောက်ပေါက်လွယ်ကူလာသည်။ ဂွ-ငသိုင်းချောင်းတောင်ကျော်လမ်းကြောင့် ဂွမြို့နယ်၏ စီးပွားရေးသည် ဖွံ့ဖြိုးလာသည်။ မြို့နယ်တွင်း လမ်းမိုင်၈၀-ရှိသည်။ သံတွဲသို့ ကားလမ်း ၈၃-မိုင် ဝေးသည်။ ခရီးသွားလုပ်ငန်းမရှိပါ။

## ထင်ရှားသောကျေးရွာကြီးများ

ကျိန္တလီသည် မြို့နယ်ခွဲဖြစ်သည်။ ဆပ်သွား၊ တိုင်ကျိုး၊ ကမ်းသာယာ (အပန်းဖြေစခန်းရှိသည်)။ ရဟိုင်၊ ကျောက်ချောင်းတို့သည် ထင်ရှားကြသည်။

## လုံခြုံရေး

ဂွမြို့မရဲစခန်း၊ ကမ်းသာယာနယ်မြေရဲစခန်းနှင့် ကျိန္တလီနယ်မြေရဲစခန်းတို့သည် ပထမသတင်းပေး တိုင်ချက် လက်ခံရေးဖွင့်သည့် ရဲစခန်းများဖြစ်ကြသည်။

## ဘာသာရေးအဆောက်အဦးများ

ဂွမြို့ပေါ်တွင် ၁၇၃-ပေမြင့်သော မင်းတောင်အမည်ရှိ တောင်ကုန်းပေါ်တွင်ရှိသည့် **"မင်းတောင်ဘုရား"** မှာ ထင်ရှားသည်။ ရခိုင်ဘုရင်မင်းရာဇာကြီးသည် ဟံသာဝတီ-ပဲခူးမှအပြန် ကောဇာ-၉၆၁ခု (အေဒီ ၁၅၉၉) တွင် တည်ထားခဲ့သော ဘုရားဖြစ်သည်။

## လူဦးရေသိပ်သည်းမှု

တစ်စတုရန်းမိုင်လျှင် (၆၅)ဦးနှုန်း နေထိုင်သည်။ ဂွမြို့ပေါ်တွင် တစ်ဧက (၂၁) ဦးနှုန်း နေထိုင်သည်။

## နေထိုင်သည့်လူမျိုးများ

ရခိုင်လူမျိုး၊ အများစုရှိပြီး ချင်းနှင့် အခြားလူမျိုးတို့နေထိုင်ကြသည်။

## ဂွမြို့

ဂွချောင်းဝ၏ လက်ဝဲဘက်ကမ်းတွင် ဂွမြို့တည်ရှိသည်။ မြို့ပေါ်တွင် ၁၇၃-ပေမြင့်သော မင်းတောင်သည် အမြင့်ဆုံးဖြစ်သည်။ ရှေးအခါက ရခိုင်မင်းတို့ ကင်းစခန်းများထားခဲ့သည့် အရပ်ဖြစ်သည်။

ဂွမြို့တည်ရာအရပ်မှာ "ဂ" ငယ်ပုံပင်လယ်ကွေ့တစ်ခုဖြစ်ပြီး ဂွချောင်း၏အဝတွင်ရှိသည့် ကျွန်းငယ်သည် "ဝ" ဆဲပုံဖြစ်နေသဖြင့် "ဂွ" ဟုအမည်တွင်သည်ဟူ၏။ ၁၈၇၄ ခုတွင် ဂွနယ်၏ရုံးစိုက်ရာကို ကျိန္တလီမှရွှေ့လိုက်သဖြင့် ဂွမြို့သည်ဖြစ်ပေါ်လာခဲ့သည်။

ဂွတောင်ကြားလမ်းဟု ယခင်က ရှိခဲ့သည်။ မုဆိုးဆောင်လမ်းပြဖောက်ခဲ့သည်ဟူ၏။ တောင်ပေါ်ခရီးမှာ ၄၇-မိုင် ရှိသည်။ ဖုန်းဆိုးကြီးတောင် (၁၈၆၈) ပေမှာ အမြင့်ဆုံးဖြစ်သည်။ ဂွနှင့်သိုင်းချောင်းမှာ ကားလမ်း ၅၇-မိုင် ဝေးသည်။ ဤတောင်ကျော်ခရီးဖြင့် ဂွမြို့သည် ထင်ရှားစည်ပင်လာသည်။

ဂွမြို့တွင်းတွင် ကတ္တရာလမ်း ၁၈-ဖာလုံ၊ ကျောက်ခင်းလမ်း ၉-ဖာလုံနှင့် မြေသားလမ်း ၂၇-ဖာလုံ ရှိသည်။

မြို့တွင်းသောက်သုံးရေအတွက် ရေကန်၊ ရေတွင်းများကို အားထားရသည်။ စည်ပင်သာယာအဖွဲ့ပိုင် (၁၂) တွင်း ရှိသည်။ မြို့ပေါ်တွင် ရပ်ကွက် (၃) ကွက်ရှိပြီး၊ လူဦးရေ ၇၄၂၂ ဦး နေထိုင်သည်။ မြို့ဧရိယာ ၀. ၅၃ စတုရန်းမိုင် ရှိသည်။

## ကျိန္တလီမြို့

ဤကျိန္တလီမြို့နယ်ခွဲ၌ ကျိန္တလီမြို့တွင် ရပ်ကွက် (၃) ကွက်၊ လူဦးရေ (၅၄၅၅) ဦး နေထိုင်သည်။ မြို့နယ်ခွဲရှိ လူဦးရေ (၂၀၈၅၂) ဦး ဖြစ်သည်။

(ကျမ်းကိုးစာရင်း)

၁။ ရခိုင်ပြည်နယ် မဂ္ဂဇင်း ။ ။ ၂၀၁၄-ခုနှစ်။

၂။ ဒွါရာဝတီ-အဿျင်ကုသလမှတ်စု။

# ရခိုင်ဟူသည်

**"သမိုင်း"** ဆိုသည်မှာ မလိမ်မညာကောင်း။ လိမ်ညာထားသော သမိုင်းသည်လည်း တစ်နေ့နေ့တွင် ပေါ်လာရစမြဲဖြစ်၏။ အလိမ်အညာကို ခံနေကြရသည်ဆိုရာ၌ အင်အားမရှိ၍လည်း ဖြစ်နိုင်သည်။ သို့မဟုတ် သမိုင်းကိုမသိ၍လည်း ဖြစ်နိုင်သည်။ သမိုင်းကို လိမ်ညာခဲ့ကြသော ပုဂ္ဂိုလ်တို့မှာကား **"သမိုင်း၏တရားခံ"** အဖြစ်သို့ ရောက်ရှိသွားကြရ၏။

မိမိလူမျိုးတို့၏ သမိုင်းအစဉ်အလာကို သိသင့်၏။ မသိလျှင် သူတစ်ပါးတို့၏ အလိမ်အညာကို ခံရတတ်၏။ ထို့ကြောင့် သမိုင်းကိုသိအောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်၏။ သမိုင်းကိုမသိသောသူသည် **"အ,အ"** နှင့်တူ၏။ **"အ,အ"** ဟူသည် အသက်ရှင်လျက် စကားမပြောတတ်သောသူကို ခေါ်ခြင်းဖြစ်၏။

ကမ္ဘာ့အလယ်၌ လူမျိုးတစ်မျိုးဟု ဖြစ်တည်လာလျှင် ထိုလူမျိုး၌ သမိုင်းရှိကြရ၏။ သမိုင်းမရှိသော လူမျိုးသည် တန်ဖိုးမရှိ။ သမိုင်းဟူသည် လူမျိုးတစ်မျိုး၏ **"အမှတ်သင်္ကေတ"** ပင်တည်း။ ယင်းအမှတ်သင်္ကေတဟူသည် အမျိုး၊ ဘာသာ၊ သာသနာ၊ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာတို့ကို ခေါ်၏။ ယင်းအမှတ်သင်္ကေတတို့ ပျောက်ကွယ်သွားမည်ဆိုလျှင် ထိုလူမျိုးတို့မှာလည်း တန်ဖိုးမရှိဖြစ်တော့၏။ မိမိတို့တန်ဖိုးကို မိမိတို့ကိုယ်တိုင် ထိန်းသိမ်းကြရမည်ဖြစ်၏။ သူတစ်ပါးက ထိန်းသိမ်းပေး၍ မရ။

လူသားတို့သည် သမိုင်းကို ဖန်တီးကြ၏။ ယင်းသမိုင်းသည် ကောင်းသောသမိုင်းလည်း ရှိ၏။ မကောင်းသော သမိုင်းလည်း ရှိ၏။ ကောင်းသောသမိုင်းကို တန်ဖိုးထားကြ၏။ အတုယူကြ၏။ လိုက်နာကျင့်သုံးကြ၏။ မှတ်တမ်းတင် မော်ကွန်းထိုးကြ၏။ မကောင်းသော သမိုင်းကိုကား စက်ဆုတ်ကြ၏။ ရွံမုန်းကြ၏။ အန္တရာယ်ဟူ၍ ရှုမြင်သုံးသပ်ကြ၏။ သခ်ၤန်းစာအဖြစ် သဘောထားတတ်ကြ၏။ ထို့ကြောင့် လောကမှာ သမိုင်းကြောင်းကောင်းဖို့ အရေးကြီးပါသည်။

သမိုင်းကို ဖော်ထုတ်နေကြသော ပုဂ္ဂိုလ်တို့အနေဖြင့်လည်း အမှန်ကို အမှားမလုပ်သင့်။ အမှားကိုလည်း အမှန်မလုပ်သင့်။ အမှန်ကို အမှန်အတိုင်း။ အရှိကို အရှိအတိုင်း တင်ပြမှ သမိုင်းဖြစ်သည်။

မျက်နှာကိုကြည့်၍ အကြောက်တရားဖြင့် ရေးနေကြရသော သမိုင်းသည်လည်း သမိုင်းကောင်း မဟုတ်သလို၊ သမိုင်းကိုမသိဘဲ ရေးနေကြသော သမိုင်းသည်လည်း သမိုင်းကောင်းမဟုတ်ချေ။ စာရေးသူအနေဖြင့် ဤဆောင်းပါး စာတမ်း၌ သမိုင်းအစဉ်အလာကြီးမားခဲ့သော ရခိုင်လူမျိုးတို့၏အကြောင်းကို အကျဉ်းချုပ်၍ ရေးသားတင်ပြသွားပါမည်။

ရခိုင်လူမျိုးတို့သည် ရှေးရာစုနှစ်ပေါင်းများစွာကပင် ကမ္ဘာ့အလယ်၌ လူမျိုးနှင့်ယှဉ်တွဲ၍ နေထိုင်စရာ ကိုယ်ပိုင်တိုင်းပြည်အနေဖြင့် ရပ်တည်နေထိုင်လာခဲ့ကြသော လူမျိုးများဖြစ်ကြ၏။ ရာဇဝင်နှင့်ယှဉ်တွဲ၍ သမိုင်းရှိသော လူမျိုးများလည်း ဖြစ်ကြ၏။ ရခိုင်လူမျိုးတို့ ဖြတ်သန်းလာခဲ့ကြသောသမိုင်းကြောင်းသည် အလွန်ရှည်လျားကြာမြင့်ခဲ့ပြီဖြစ်၏။ ယင်းသမိုင်းကြောင်းကို စစ်တမ်းထုတ်ကြည့်သော် ဤသို့တွေ့ရ၏။

| | | | | |
|---|---|---|---|---|
| (၁) | ဒွါရာဝတီခေတ် (ရခိုင်ခေတ်ဦး) | | ▪ | ဘီစီ-၆၀၀၀-ခန့်။ |
| (၂) | ရှေးဦး ဝေသာလီခေတ် | | ▪ | ဘီစီ-၅၃၁၅- မှ ၃၃၂၅-ထိ။ |
| (၃) | ဓညဝတီခေတ် | ပထမဓညဝတီ | ▪ | ဘီစီ-၃၃၂၅- မှ ၁၅၀၇- ထိ။ |
| | | ဒုတိယဓညဝတီ | ▪ | ဘီစီ ၁၅၀၇- မှ ၅၈၀- ထိ။ |
| | | တတိယဓညဝတီ | ▪ | ဘီစီ ၅၈၀- မှ အေဒီ-၃၂၇-ထိ။ |

| | | | | |
|---|---|---|---|---|
| (၄) | ဝေသာလီကျောက်လှေကားခေတ် | | - | အေဒီ -၃၂၇-မှ ၈၁၈- ထိ။ |
| (၅) | လေးမြို့ခေတ် | | - | အေဒီ-၈၁၈-မှ ၁၄၃၀- ထိ။ |
| (၆) | မြောက်ဦးခေတ် | ပထမမြောက်ဦး | - | အေဒီ-၁၄၃၀-မှ ၁၅၂၁- ထိ။ |
| | | ဒုတိယမြောက်ဦး | - | အေဒီ-၁၅၃၁-မှ ၁၆၃၈- ထိ။ |
| | | တတိယမြောက်ဦး | - | အေဒီ-၁၆၃၈-မှ ၁၇၈၄- ထိ။ |

(မှတ်ချက်။ ။ ရခိုင်လူမျိုးတို့သည် အေဒီ-၁၇၈၄ (ရခိုင်သက္ကရာဇ်-၁၁၄၆ခု) ထိ ကိုယ့်ထီး, ကိုယ့်နန်း,ကိုယ့်ကြငှန်းဖြင့် လွတ်လပ်စွာ ရပ်တည်နေထိုင်လာခဲ့ကြသော လူမျိုးများဖြစ်ကြ၏။)

| | | | |
|---|---|---|---|
| (၇) | ဗမာမြို့ဝန်များခေတ် | - | အေဒီ -၁၇၈၄-မှ ၁၈၂၄- ထိ။ |
| (၈) | ဗြိတိသျှခေတ် (ပထမအကြိမ်) | - | အေဒီ -၁၈၂၄-မှ ၁၉၄၁- ထိ။ |
| (၉) | ဂျပန်ခေတ် | - | အေဒီ -၁၉၄၂-မှ ၁၉၄၅- ထိ။ |
| (၁၀) | ဗြိတိသျှခေတ် (ဒုတိယအကြိမ်) | - | အေဒီ -၁၉၄၅-မှ ၁၉၄၈- ထိ။ |
| (၁၁) | ဖ. ဆ. ပ. လ ပါလီမန် ဒီမိုကရေစီခေတ် (အိမ်စောင့်အစိုးရခေတ်) | - | အေဒီ -၁၉၄၈-မှ ၁၉၆၂- ထိ။ |
| (၁၂) | တော်လှန်ရေးကောင်စီခေတ် | - | အေဒီ-၁၉၆၂-မှ ၁၉၇၄-ထိ။ |
| (၁၃) | မ. ဆ. လ ခေတ် | - | အေဒီ- ၁၉၇၄-မှ ၁၉၈၈-ထိ။ |
| (၁၄) | န. ဝ. တ ခေတ် | | အေဒီ- ၁၉၈၈-မှ ၁၉၉၇-ထိ။ |
| (၁၅) | န. အ. ဖ ခေတ် | | အေဒီ- ၁၉၉၇-မှ ၂၀၁၀ -ထိ။ |
| (၁၆) | ပါတီစုံဒီမိုကရေစီခေတ် | | အေဒီ- ၂၀၁၀- မှစ၍ ------ |

ရခိုင်လူမျိုးတို့သည် ရာဇဝင်နှင့်ယှဉ်တွဲ၍ သမိုင်းအစဉ်အလာရှိသော လူမျိုးများဖြစ်ခြင်းကြောင့် **"လူမျိုးတစ်ရာ တစ်ပါး"** ၌လည်း စာရင်းဝင်ခဲ့ကြ၏။ လူမျိုးတစ်ရာ့တစ်ပါးကို မဖော်ပြမီ **"ဗုဒ္ဓစာပေ"** လာ အမျိုးလေးပါးမှစ၍ ရေးသားတင်ပြသွားပါမည်။ အမျိုးလေးပါးကို ဗုဒ္ဓစာပေ၌ -

| | | | |
|---|---|---|---|
| (၁) | ခတ္တိယ | - | မင်းမျိုး။ |
| (၂) | ဗြဟ္မဏ | - | ပုဏ္ဏားမျိုး။ |
| (၃) | ဝေဿ | - | ကုန်သည်မျိုး။ |
| (၄) | သုဒ္ဒ | - | သူဆင်းရဲမျိုး ဟူ၍ တွေ့ရှိရ၏။ |

နောင်သောအခါ၌ (၁) မင်းမျိုး (၂) ပုဏ္ဏားမျိုး (၃) အမတ်မျိုး (၄) သူဌေးမျိုး (၅) သူကြွယ်မျိုး (၆) ကုန်သည်မျိုး (၇) လယ်လုပ်မျိုး (၈) သူဆင်းရဲမျိုး ဟူ၍ အမျိုးရှစ်ပါး ထင်ရှားဖြစ်ပေါ်လာ၏။ လူမျိုးအသီးသီးတို့သည် ယင်းအမျိုးလေးပါး၊ အမျိုးရှစ်ပါး၌ အကျုံးဝင်လျက်ရှိကြ၏။ ရှေးခေတ်စာပေပညာရှင်တို့သည် **"လူမျိုးတစ်ရာ့တစ်ပါး"** ရှိကြောင်းကို ကဗျာလင်္ကာဖြင့် မှတ်တမ်းတင်ခဲ့ကြ၏။ ယင်း **"လူမျိုးတစ်ရာ့တစ်ပါး"** တို့တွင် -

**"မြန်မာသက္က၊ မွန်လေးဝ၊ ရှမ်းကသုံးဆယ်၊ ခြောက်ဆယ်ကုလား၊ လူမျိုးတစ်ရာ့တစ်ပါး"** ဟူ၍ ရေတွက်ခဲ့ကြ၏။

ယင်းတို့အနက် **"မြန်မာသတ္တ"** ၌ပါဝင်ခဲ့ကြသော **"လူမျိုးခုနစ်မျိုး"** ကို ရှေးခေတ်စာပေပညာရှင်တို့ လက်ဆင့်ကမ်း သယ်ဆောင်လာခဲ့ကြသော **"သင်္ကေတဆိုရိုးစကား"** မှာ **"သက်နှင့်ရခိုင်၊ နိုင်းပြိုင်တောင်သူ၊ ပြူ့ကမ်းယံ့ယော၊ ထားဝယ်နှောက၊ သတ္တမြန်မာ၊ မျိုးဖြစ်လာ၏"** ဟူ၍လည်းကောင်း၊ **"ယောနှင့်ရခိုင်၊ နိုင်းပြိုင်ထားဝယ်၊ ဘရယ် တောင်သူ၊ ပြော့ပြူ့ ကမ်းယံ၊ ခုနစ်တန်၊ မြန်မာဟူ၍မှတ်၊"** ဟူ၍လည်းကောင်း ဆိုထုံးပြုထားခဲ့ကြပါသည်။

ယင်း သင်္ကေတကဗျာအရ **"မြန်မာသတ္တ"** ဟူသော စာရင်းထဲတွင် ရခိုင်လူမျိုးပါဝင်နေသည်ကို တွေ့ရမည်ဖြစ်၏။ ရခိုင်ကိုဖယ်ထား၍ **"မြန်မာသတ္တ"** ဟူသောစကားသည် ပြည့်စုံမည်မဟုတ်။ ရခိုင်သည် ဤမျှထင်ရှားသော လူမျိုးတစ်မျိုး ဖြစ်ခဲ့၏။ ယခုခေတ်အခါမှာတော့ မြန်မာသတ္တစာရင်းထဲတွင် **"ပြူနှင့်ကမ်ယံလူမျိုး"** တို့မှာ လုံးဝပျောက်ကွယ်သွား ခဲ့ကြပြီဖြစ်၏။

**"မွန်လေးဝ"** ဟူသည် (၁) မွန်တ၊ (၂) မွန်ည၊ (၃) မွန်န၊ (၄) မွန်သိ တို့ဖြစ်ကြ၏။

**"ရှမ်း(-သျှမ်း)ကသုံးဆယ်"** ဟူသည် (၁) သျှမ်း၊ (၂) ယွန်း၊ (၃) လင်းဇင်း၊ (၄) ချင်း၊ (၅) ကရင်၊ (၆) ကချင်၊ (၇) ကသည်း၊ (၈) မျက်နှာမည်း၊ (၉) မြုံငယ်၊ (၁၀) ကုံငယ်၊ (၁၁) ကော်ထုတ်၊ (၁၂) တရုတ်၊ (၁၃) တရက် (၁၄) လဟက်၊ (၁၅) လဟောက်၊ (၁၆) သောတ္တတဲ၊ (၁၇) ဘူ၊ (၁၈) ခနေ၊ (၁၉) ပြူ၊ (၂၀) လဝိုက်၊ (၂၁) လဝ၊ (၂၂) အင်ကျင်၊ (၂၃) အင်ကျယ်၊ (၂၄) ပလောင်၊ (၂၅) ယိုးဒယား၊ (၂၆) ကတူး၊ (၂၇) သက်၊ (၂၈) ဇပိန်း၊ (၂၉) ဇပါ၊ (၃၀) တနသ်ာရီ တို့ဖြစ်ကြ၏။

(တစ်နည်း) (၁) သျှမ်း၊ (၂) ယွန်း၊ (၃) လင်းဇင်း၊ (၄) ဂေါ်ဂင်၊ (၅) မျက်နှာမည်း၊ (၆) ကသည်း၊ (၇) ကတူး၊ (၈) ကချင်၊ (၉) ကရင်နီ၊ (၁၀) ကရင်ဖြူ၊ (၁၁) ခနေ၊ (၁၂) ပလောင်၊(၁၃) သောတ္တတဲ၊(၁၄) ကအူ၊ (၁၅) တလုပ် (တရုတ်)၊ (၁၆) နားဝှံ (၁၇) တလက်၊ (၁၈) ရေမီးထွက်၊ (၁၉) ဘကျော်၊ (၂၀) သမိုက်၊ (၂၁) လမိုက်၊ (၂၂) လဝ၊ (၂၃) ဓားဝယ်၊ (၂၄) သိဘော်၊ (၂၅) ကွမ်းရင်၊ (၂၆) ပုဏ္ဏား၊ (၂၇) ရှန်း (ရောရင်)၊ (၂၈) သက်၊ (၂၉) ဇဝါ၊ (၃၀) ဇဝိန်တို့ဖြစ်ကြ၏။

**"ခြောက်ဆယ်ကုလား"** ဟူသည်မှာလည်း (၁) ကလယ်၊ (၂) ပသီ၊ (၃) ဘရင်ဂျီ၊ (၄) ဇော်ဂီ၊ (၅) မာလီ၊ (၆) ဘော်ရီ၊ (၇) ဟိန္ဒူ၊ (၈) ရေဆူ၊ (၉) သောကုတ်၊ (၁၀) လဟုတ် (၁၁) ဒေါရား (၁၂) ပုဏ္ဏား (၁၃) ဗသျှူး၊ (၁၄) ခတ္တီ၊ (၁၅) တပသီ၊ (၁၆) ဟာရီ၊ (၁၇) ဝေသာခ၊ (၁၈) ပဋိစ္စယာ၊ (၁၉) ဥစ္စယာ၊ (၂၀) စန္ဒ၊ (၂၁) စင်ကြံ၊ (၂၂) သုတ္တံ၊ (၂၃) ဗျာပါ၊ (၂၄) မိစ္ဆာ၊ (၂၅) ဆကဲ၊ (၂၆) ဦးပြဲ၊(၂၇) အိမ်ကပ်၊ (၂၈) ကလပ်၊ (၂၉) ဒေါဏ၊ (၃၀) မန္တ၊ (၃၁) ဒေါလာ၊ (၃၂) ဒါရက၊ (၃၃) ပန္တ၊ (၃၄) မန္တ၊ (၃၅) ခြေချုပ်၊ (၃၆) ဟိန္ဒုတ်၊ (၃၇) လဘဲ၊ (၃၈) သင်းတွဲ၊ (၃၉) သထုံ၊ (၄၀) ယုံ၊ (၄၁) သောဃ၊ (၄၂) ဒေါရဏ၊ (၄၃) လေန္တိက၊ (၄၄) တောဘ၊ (၄၅) ပလဝါ၊ (၄၆) ခတ္တီ၊ (၄၇) ကာလီ၊ (၄၈) ကြမ်းတန်၊ (၄၉) ဇဟုတန်၊ (၅၀) သုတံ၊ (၅၁) ကလံ၊ (၅၂) ဇော်ဟန်၊ (၅၃) ပဏ္ဍိတ်၊ (၅၄) တိတ်က၊ (၅၅) ရေဆ၊ (၅၆) ဖုသ (၅၇) ဘင်္ဂါလီ၊ (၅၈) ဗာရာဏသီ၊ (၅၉) သိန်းခို၊ (၆၀) အင်္ဂလိပ် တို့ဖြစ်ကြ၏။

(တစ်နည်း) **"ခြောက်ဆယ်ကုလား"** ဟူသည်- (၁)ဘင်္ဂလား၊ (၂)အောင်လံဘော၊ (၃) အောင်လံတစ်၊ (၄) ပြင်သစ်၊ (၅) ပသျှူး၊ (၆) ဗောဓိ၊ (၇) အာရမနီ၊ (၈) ဂေါ်ယာ၊ (၉) ဂေါ်ရခါး၊ (၁၀) လင်း၊ (၁၁) ဒီတာ (၁၂) မောပါ၊ (၁၃) သီဟိုဠ် (၁၄) ဘရင်ဂျီ၊ (၁၅) ပသီ၊ (၁၆) ကတဲ၊ (၁၇) ကျကဲ၊ (၁၈) ကဲလံ၊ (၁၉) သုတ်သံ၊ (၂၀) အင်တွဲ၊ (၂၁) ဦးပြဲ၊ (၂၂) ဟောတာ၊ (၂၃) ရပတ်၊ (၂၄) ဥဿဖရား၊ (၂၅) ပုရတော၊ (၂၆) မဒရပ်၊ (၂၇) ထေရာကဘီ၊ (၂၈) ဘင်္ဂလီ၊ (၂၉) မဂ္ဂတိ၊ (၃၀) ဇောဂီ၊ (၃၁) တူရကီ၊ (၃၂) ပဋိက္ခရား၊ (၃၃) ကျေးသား၊ (၃၄) ရုရှား၊ (၃၅) စန္ဒား၊ (၃၆) ပထမ်း၊ (၃၇)

ပေါမာ၊ (၃၈) ပေါပါ၊ (၃၉) အင်ချယ်၊ (၄၀) ကလယ် (၄၁) သက္ကတ၊ (၄၂) ဇင်းကျံ၊ (၄၃) ယာမံ၊ (၄၄) ကုဟတ်၊ (၄၅) ပော်လံ၊ (၄၆) အင်ရင်ကျပ်၊ (၄၇) ပတ္တကစ်၊ (၄၈) သိန်းခွံ၊ (၄၉) ပရမ်၊ (၅၀) ဟိန္ဒူ၊ (၅၁) ရေသူ၊ (၅၂) ကခို၊ (၅၃) အိပ်မက်၊ (၅၄) ခြေချုပ် (၅၅) ဂျာမဏီ၊ (၅၆) ပန်းသေး၊ (၅၇) နတို၊ (၅၈) ကပ္ပလီ၊ (၅၉) စူလျား၊ (၆၀) စူလတန် တို့ဖြစ်ကြ၏။

(မှတ်ချက် ။ ။ ယခုဖော်ပြပါ **"လူမျိုးတစ်ရာ့တစ်ပါး"** ဟူသည် ရှေးခေတ်အခါက ရေတွက်ခေါ်ဝေါ်ခဲ့ကြသော လူမျိုးအမည်များဖြစ်ကြ၏။ ယခုအခါ မြန်မာနိုင်ငံ၌ပင်လျှင် တိုင်းရင်းသားလူမျိုးပေါင်း၊ (၁၃၅) မျိုးရှိနေပြီ ဖြစ်၏။ တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့်မူ လူမျိုးပေါင်း (၆၉၀၀) ခန့်ရှိကြောင်း သိရှိရပါသည်။

အထက်ဖော်ပြပါ **"လူမျိုးတစ်ရာ့တစ်ပါး"** ကို ရှေးခေတ်စာဆိုရှင်တို့က ဤသို့နိဒါန်းကဗျာဖြင့် မှတ်တမ်းတင်ခဲ့ထားကြ၏။

**"တစ်ရာ့တစ်ပါး။ လူမျိုးများကို။ စကားသာယာ။ နိဒါန်းဖြာပိမ့်။ မြန်မာပြလိုင်။ ရခိုင်, ဓားဝယ်။ ဘရယ်, တောင်သူ။ ပြော့လူ, ကမ်းယံ။ ခုနစ်တန်ကို။ မြန်မာမုချ။ ရေတွက်ဆလော။ မွန်တ,မွန်ည။ မွန်န,မွန်သိ။ မှတ်ဘိလေးရိုး။ တလိုင်းမျိုးတည်း။ သျှမ်းမျိုးခေါ်ညွန်း။ သျှမ်း,ယွန်း,လင်းဇင်း။ ချင်းနှင့်ကရင်။ ကချင်,ကသည်း။ မျက်နှာမည်း,မြုံငယ်။ ကုံငယ်,ကော်ထုတ်။ တရုတ်,တရက်။ လဟက်,လဟောက်။ သောက္ကတဲ,ဘူ။ ခနေ့,ပြုနှင့်။ ခေါ်ယူမှတ်ပိုက်။ လဝိုက်, လဝါ။ သညာခေါ်တွင်။ အင်ကျင်,အင်ကျယ်။ တိုးနယ်ပလောင်။ ထပ်နောင်ဆင့်ပွား။ ယိုးဒယားတစ်ဦး။ ကတူးနှင့် သက်။ ရေတွက်မယိမ်း။ ဇပိန်း,ဇပါ။ များစွာပေါင်းသင်း။ တနသ်ာရီ။ ရေတွက်စီသော်။ ခေါ်ညီတွင်ရိုး။ သျှမ်းမျိုးသုံးဆယ်။ ကုလားဝယ်ကား။ ကလယ်,ပသီ။ ဘရင်ဂျီနှင့်။ ဇော်ဂီ, မာလီ။ ဘော်ရိ, ဟိန္ဒူ။ ရေဆူ, သောကုတ်။ လဟုတ်, ဒေါရား။ ပုဏ္ဏား, ဗသျှူး။ တထူးခန္တီ။ တပသီနှင့်။ ဟာရီလာက။ ဝေသာခနှင့်။ ပဋိစ္စယာ။ ဥစ္စာယာက။ စန္ဒ, စင်ကြံ။ သုတ္တံ, ဗျာပါ။ မိစ္ဆာ, ဆကဲ။ ဦးမြဲ, အိမ်ကပ်။ ကလပ်, ဒေါဏ။ မန္တ, ဒေါလာ။ ဒါရက,ပန္တေ-။ မန္တေ, ခြေချုပ်။ ဟိန္ဒုတ်, လဘဲ။ သင်းတွဲ,သထုံ။ မှတ်ယုံ, သောယာ။ ဒေါရဏာနှင့်။ လေန္တိကာ, တောဘာ။ ပလဝါ, ခန္တီ။ ကာလီ,ကြမ်းတန်။ ဇယုတန်က။ သုတံ,ကလံ။ ဇော်ဟန်နှင့်။ မှန်ရန် ပဏ္ဍိတ်၊ တိတ်က, ရေဆ။ ဖုသ, ဘင်္ဂါလီ။ ဗာရာဏသီ။ စုံစီထိုထို။ သိန်းခို, အင်္ဂလိပ်။ ခြောက်ကျိပ်မျိုးပြား။ ကုလားအနွယ်။ မှတ်ဖွယ်မှန်လှ။ တစ်ရာ့တစ်ပါး။ လူမျိုးများကို။ စကားသိမ်းရုံး။ အကျဉ်းချုံးသည်။ နည်းထုံးစဉ်လာ နိဒါန်းတည်း။ ။"**

ယခုအခါ မြန်မာနိုင်ငံတွင် တိုင်းရင်းသား (၁၃၅) မျိုးရှိကြသည့်အနက် ရခိုင်လူမျိုးတို့နှင့်အတူ ဒိုင်းနက်၊ သက်၊ မြို (ခမီ)၊ မရမာကြီး တို့သည်လည်း တိုင်းရင်းသားစာရင်းဝင်များ ဖြစ်လာခဲ့ကြ၏။

အထက်ဖော်ပြပါ လူမျိုးတစ်ရာ့တစ်ပါး စာရင်းဝင် **"ရခိုင်လူမျိုး"**ဟူသည် အဘယ်နည်း။ ရခိုင်ကို **"ဘာသာဗေဒ ရှုထောင့်"** က သုံးသပ်ကြည့်လျှင် ဤသို့တွေ့ရ၏။

**"ရခိုင်"** ဟူသည် "အာရိယန်မျိုးရိုး" က ဆင်းသက်လာခဲ့ကြသော **"အာရက္ခဝံသ"** များဖြစ်ကြ၏။ ယင်း**"အာရက္ခ"** မှ **"အာရက္ခိုင်"** ဟု အသံပြောင်းလဲလာပြီးလျှင် ၊ ထိုမှတစ်ဆင့် **"ရခိုင်"** ဟူသော အမည်နာမ ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။ အဆိုပါ **"အာရက္ခ+အာရက္ခိုင်+ရခိုင်"** ဟူသော ဝေါဟာရ၏အဓိပ္ပာယ်မှာ **"အမျိုးကိုစောင့်ရှောက် တတ်သော လူမျိုး"** ဟု အဓိပ္ပာယ်ရပါသည်။

**"အာရက္ခ+အာရက္ခိုင် + ရခိုင်"** ဟူသော ဝေါဟာရကို အိန္ဒိယကုလားတို့က ပီပီသသမထွက်ရှိနိုင်။ အာလုပ်သံဖြင့် **"အာရက္ခိုင်"** ဟူ၍ အသံထွက်၏။ ယင်းကို **"အင်္ဂလိပ်လူမျိုး"**တို့က **"အာရကန်"** ဟု ကြား၏။ သူတို့ကြားသည့်အတိုင်း မှတ်တမ်းတင်ခဲ့ကြခြင်း ဖြစ်၏။ ယင်း **"အာရကန်"** ဟူသော အမည်နာမသည်လည်း **"ကမ္ဘာကျော်အောင်"** ထင်ရှားခဲ့သော ရခိုင်တို့၏ အမည်နာမတစ်ခုဖြစ်ခဲ့၏။ ရခိုင်ရာဇဝင်၌ **"အာရကန်"** ဟူ၍မရှိ။

အိန္ဒိယ၊ မဇ္ဈိမဒေသက **"သာကီဝင်"** လူမျိုးတို့သည်လည်း **"အာရိယန်မျိုးရိုး"** က ဆင်းသက်လာခဲ့ကြသော **"သကျဝံသ"** (သို့မဟုတ်) **"သာကီယဝံသ"** များ ဖြစ်ကြ၏။ ယင်း **"သကျဝံသ+သာကီယဝံသ"** ကို အစွဲပြု၍ **"သာကီဝင်"** ဟူသော အမည်နာမ ဖြစ်ပေါ်လာခဲ့ရ၏။ **"ဗုဒ္ဓဝံသ"** မှ **"ဗုဒ္ဓဝင်"** ဟူ၍ **"ပါဠိသက်"** ဝေါဟာရ ဖြစ်ပေါ်လာသကဲ့သို့ မှတ်အပ်၏။ ယင်း **"သကျ"** မှာ **"စွမ်းနိုင်ခြင်း"** ဟု အဓိပ္ပာယ်ရပြီး၊ **"သာကီယ"** မှတော့ **"သာကီဝင်လူမျိုး"** (တစ်နည်း) **"အမျိုးကို စောင့်ရှောက်တတ်သောလူမျိုး"** ဟု အဓိပ္ပာယ်ရပါသည်။

အာရက္ခဝံသနှင့် သာကီယဝံသဟူသည် **"အာရိယန်မျိုးရိုး"** က ဆင်းသက်လာခဲ့ကြသော **"ညီနောင်ရင်းချာ-မျိုးနွယ်တူများ"** ဖြစ်ကြ၏။ ထို့ကြောင့် ရခိုင်မင်းအပေါင်းတို့သည်လည်း **"သာကီဝင်"** ဟူသော အမည်နာမကို မြတ်မြတ်နိုးနိုး ခံယူခဲ့ကြသည်ကို ရခိုင်ရာဇဝင်တို့၌ တွေ့ရ၏။ ယင်းသာကီဝင်မျိုးရိုးထဲမှ "မြတ်ဗုဒ္ဓ" ပွင့်ထွန်းပေါ်ပေါက်လာသော အခါ၌လည်း ရခိုင်လူမျိုးတို့သည် မြတ်ဗုဒ္ဓ၏ဘာသာအယူဝါဒကို လက်ခံခဲ့ကြ၏။ သက်ဝင်ယုံကြည်ခဲ့ကြ၏။ **"ရခိုင်လူမျိုး စစ်မှန်လျှင် ဗုဒ္ဓဘာသာမှတစ်ပါး တစ်ခြားမည်သည့်ဘာသာကိုမှ လက်ခံယုံကြည်သော လူမျိုးများ မဟုတ်ကြပါ။"** အဘယ်ကြောင့်ဆိုသော် ရခိုင်လူမျိုးတို့တွင် **"အာရိယန်စိတ်ဓာတ်"** (သို့မဟုတ်) **"အာရက္ခစိတ်ဓာတ်"** အပြည့်အဝရှိနေသောကြောင့် ဖြစ်၏။ ယင်းစိတ်ဓာတ်သည်ပင်လျှင် ရခိုင်လူမျိုးတို့၏ **"အသက်"** ပင်တည်း။

ရခိုင်လူမျိုးတို့ စတင်ချိန်ကို ခန့်မှန်းရလျှင် ကုသမင်းသက္ကရာဇ်-၄၀၀၀ မတိုင်မီ ဘီစီ-၆၀၀၀ခန့်ကာလကပဲ ဖြစ်၏။ ယင်းအချိန်မှစ၍ ယနေ့အချိန်အထိ **"ရခိုင်လူမျိုး"** ဟူ၍ ကြာမြင့်စွာရပ်တည်နေခြင်းမှာ အမျိုးကိုစောင့်ရှောက်နေကြ၍ ဖြစ်၏။ ဆက်လက်၍ ထိန်းသိမ်းသွားနိုင်ရန် မျိုးဆက်သစ်များကို မွေးထုတ်ပေးကြမည်ဖြစ်၏။ ရှေးရာစုပေါင်းများစွာက **"အဖ၊ အဖိုး၊ အဘီး၊ အဘွား၊ အဘ"** တို့ ကိုင်ဆောင်လာခဲ့ကြသည့် **"သမိုင်းမီးရှူးတိုင်ကြီး"** ကို အနာဂတ်မျိုးဆက်သစ်များက လက်ဆင့်ကမ်းသယ်ဆောင်သွားကြရမည်ဖြစ်၏။

မိမိလူမျိုးတို့၏ **"ယဉ်ကျေးမှုသမိုင်းအမွေ"** ကို သေးသိမ်သည်ဟု ထင်မှတ်ပြီး၊ သူတစ်ပါးလူမျိုးတို့၏ ယဉ်ကျေးမှုသမိုင်းအမွေကိုမှ အထင်အမြင်ကြီးနေခဲ့လျှင်၊ ထိုသူကို **"ဦးနှောက်ယိုစီးသောရောဂါ"** စွဲကပ်နေသူဟု ဆိုထိုက်၏။ ကုသရန်ဆေးမရှိသော ထိုရောဂါရှင်ကြောင့် ပတ်ဝန်းကျင်ကိုပါ ကူးစက်နိုင်ပြီးလျှင် လူမျိုးတစ်မျိုးလုံးကိုလည်း ဒုက္ခပေးသွားနိုင်ကြောင်း သတိမူသင့်၏။

လူ့တန်ဖိုးဟူသည် အဘယ်နည်း။ လူ့တန်ဖိုးကို စာရေးသူက ဤကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆိုချင်၏။ လူ့တန်ဖိုးဟူသည် **"ကိုယ်ကျင့်တရား"** ပင်တည်း။ ကိုယ်ကျင့်တရားကောင်းပါမှ လူ့တန်ဖိုးတက်မည်ဖြစ်၏။ ကိုယ်ကျင့်တရား မကောင်းဘူးဆိုလျှင် အဘယ်မှာတန်ဖိုးရှိနိုင်ပါတော့အံ့နည်း။ လူ့တန်ဖိုးကို ရာထူး၊ ဂုဏ်သိန်၊ စည်းစိမ်ဥစ္စာ၊ အရှိန်အဝါတို့ဖြင့် တိုင်းတာ၍မရ။

လူမျိုးတစ်မျိုးဖြစ်လာလျှင် ထိုလူမျိုး၌ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာတို့သည် ရှိကြရ၏။ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာတို့သည် ထိုလူမျိုးတို့၏ **"အသက်သွေးကြော"** ပင်တည်း။ ယင်းအသက်

သွေးကြောတို့ အမြဲ ရှင်သန်နေမှ ထိုလူမျိုးတို့ အသက်ရှင်နေသည်နှင့်တူ၏။ လူမျိုးတစ်မျိုး၌ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာတို့ သေသွားမည်ဆိုလျှင်၊ ထိုလူမျိုးတို့မှာလည်း သေသည်နှင့် မထူးတော့ချေ။ အသက်ရှင်နေသော်လည်း တန်ဖိုးမရှိဖြစ် တော့၏။

နိဂုံးချုပ်အနေဖြင့် တင်ပြရသော် **"ရခိုင်ဟူသည်"** အထက်ဖော်ပြပါအတိုင်း၊ သမိုင်းအစဉ်အလာကြီးမားခဲ့သော လူမျိုးများဖြစ်ကြ၏။ ဤအစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်၏။ မထိန်းသိမ်းနိုင်လျှင် **"ပြူနှင့်ကမ်းယံလူမျိုး"** တို့ကဲ့သို့ ဆိတ်သုဉ်းပျောက်ကွယ်သွားကြမည်ဖြစ်၏။ ထိန်းသိမ်းစောင့်ရှောက်မည်ဆိုရာ၌ ပါးစပ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်နေ၍ ကိစ္စမပြီး။ လက်တွေ့လိုက်နာကျင့်သုံးကြမှသာ အကျိုးရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ ရခိုင်တစ်လူမျိုးလုံး (တစ်နည်း) ရဟန်းရှင်လူရခိုင်ပြည်သူတစ်ရပ်လုံး ခိုင်မာသော အသိစိတ်ဓာတ်ဖြင့် မဆုတ်မနစ် ကြိုးပမ်းအားထုတ်သွားကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပေသည်။

**"သူများသမိုင်းကို သိရှိဖို့ထက်၊**
**ကိုယ့်သမိုင်းကို သိရှိဖို့က၊**
**ပို၍ အရေးကြီးသည်၊**
**ကိုယ့်သမိုင်းကို သိရှိပြီးမှ**
**သူများသမိုင်းကို သိအောင်ကြိုးစားပါ။**
**ဘဝသမိုင်း မရိုင်းပါစေနှင့်။ ။"**

**ဒွါရာဝတီ-အသျှင်ကုသလ**

**ရခိုင်ပြည်နယ်အစိုးရ၏**
**"ရခိုင်ပြည်နယ် မဂ္ဂဇင်း"**
**၂၀၁၄-ခုနှစ်။**

(ကျမ်းကိုးစာရင်း)


၁။ ရခိုင်ရာဇဝင်သစ်ကျမ်း၊ ပထမတွဲ ။ ။ အသျှင်စန္ဒမာလာလင်္ကာရ။
၂။ ရခိုင်တို့၏ ပဋ္ဌမသင်္ဂါယနာတင်သမိုင်း ။ ။ ဒွါရာဝတီ-အသျှင်ကုသလ။
၃။ ဒွါရာဝတီ-အသျှင်ကုသလမှတ်စု။

## ရခိုင်တို့၏ ဒွါရာဝတီ

**"ဒွါရာဝတီ"** ဟူသော မြို့အမည်သည် ရခိုင်ပြည်၌ရှိသော ရှေးဟောင်းသမိုင်းဝင်မြို့တစ်မြို့၏ အမည်ပေတည်း။ ရှေးဟောင်းမြို့တစ်မြို့ဟုဆိုသော်ငြားလည်း ယနေ့မျက်မှောက်ခေတ်တိုင်အောင် ခေတ်အဆက်ဆက် ယင်းနာမည်ဖြင့်ပင် ထင်ရှားရှိနေဆဲဖြစ်သည်။ တိမ်ကောပျောက်ကွယ်သွားခြင်းမရှိပါ။

**"ဒွါရာဝတီ"** ဟူသော မြို့အမည်သည် ရခိုင်ပြည်တွင်လည်း ရှိသလို၊ ထိုင်းနိုင်ငံတွင်လည်း ရှိခဲ့၏။ ထိုင်းနိုင်ငံတွင်ရှိခဲ့သော ဒွါရာဝတီသည် မွန်တို့၏ ဒွါရာဝတီပင်တည်း။ ထိုင်းနိုင်ငံရှိ မွန်တို့၏ ဒွါရာဝတီသည် ခရစ်အေဒီ ၆-ရာစုကာလတုန်းက အလွန်ကြီးကျယ်ခဲ့သော်လည်း ခရစ်အေဒီ-၁၃ရာစုတွင် ခမေရ်(ခမာ) တို့က တိုက်ခိုက်သဖြင့် ပျက်စီးသွားခဲ့ရပေတော့သည်။

ထိုမှနောက်၌ **"ဒွါရာဝတီမြို့"** ဟူသောအမည်သည် ဗမာတို့၏ တောင်ငူခေတ်၊ ကောဇာ-၈၅၃ ခု၊ (အေဒီ-၁၄၉၁) နတ်တော်လဆန်း (၁၂) ရက်၊ သောကြာနေ့၊ နံနက်တွင် မင်းကြီးညို(မဟာသီရိဇေယျသူ) တည်ထောင်တော်မူခဲ့သော **"ဒွါရာဝတီမြို့"** ဟူ၍လည်း ရှိခဲ့ပါသေးသည်။ တောင်ငူခေတ်ကရှိခဲ့သော ဗမာတို့၏ ဒွါရာဝတီမှာလည်း ယခုအခါမရှိတော့ပြီ။ ၎င်းမြို့ဟောင်းနေရာကို **"လောကုတ္တရာ"** ဟုသာ ခေါ်တွင်လျက်ရှိတော့သည်။

ယခုအခါ **"ဒွါရာဝတီ"** ဟူသော မြို့အမည်နာမသည် ရခိုင်ပြည်မှတစ်ပါး မည်သည့်နိုင်ငံ၊ အရပ်ဒေသမှာမှ မရှိကြတော့ချေ။ ရခိုင်မှာမူကား **"ဒွါရာဝတီ"** ဟူသော မြို့အမည်သည် ယနေ့တိုင်အောင် ထင်ရှားရှိနေဆဲဖြစ်သည်။

ဒွါရာဝတီဟူသော မြို့အမည်နာမမှာ သူနေရာသူ့ဒေသနှင့်သူ အဓိပ္ပါယ်အမျိုးမျိုးရှိကြမည် (ရှိနိုင်မည်) ဖြစ်သော်လည်း ရခိုင်တွင်ရှိသော **"ဒွါရာဝတီ"** ကအမည်နာမနှင့် သဘာဝ၏ ဖြစ်တည်နေမှုမှာ တစ်ထပ်တည်းကျလျက်ရှိသည်။ ရခိုင်တို့၏ ဒွါရာဝတီမြို့အမည်ရပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

**"ဒွါရာဝတီ"** မှာ ပါဠိဘာသာစကားဖြစ်၏။ **"ဒွါရာ"**တစ်ပုဒ်၊ **"ဝတီ"**တစ်ပုဒ်ဖြစ်၏။ **"ဒွါရာ"** သို့မဟုတ် **"ဒွါရ"**မှာ **"ဝင်ရာထွက်ရာ တံခါးပေါက်"** ဟုရပြီးလျှင် **"ဝတီ"** မှာ **"ရှိသည် (သို့) တည်ရှိရာ အရပ်"** ဟု အဓိပ္ပာယ်ရလေသည်။

ဒွါရာဝတီမြို့၏ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာတို့တွင် တောင်တန်းကြီးများ ဝန်းရံကာဆီးလျက် ရှိကြ၏။ ဒွါရာဝတီမြို့ကို မည်သည့်အရပ်ဒေသကပဲ ဝင်ရောက်သည်ဖြစ်စေ တောင်ကြားလမ်းများက ဝင်ရ၏။ ထို့ကြောင့် တောင်သည် တံခါးပေါက်သဖွယ် တည်ရှိနေသောကြောင့် **"တောင်တံခါးမြို့"** (=တောင်သည် တံခါးသဖွယ် တည်ရှိနေသောမြို့) ဟု အမည်တွင်ခဲ့ရခြင်းဖြစ်သည်။

ရခိုင်ပြည်က ဒွါရာဝတီမြို့၏ အမည်နာမနှင့် သဘာဝဖြစ်တည်နေမှုမှာ သဘာဝယုတ္တိရှိမရှိ၊ မည်သူမဆို လာရောက်လေ့လာကြည့်ရှုနိုင်ပါသည်။ ဒွါရာဝတီမြို့ကို ရောက်ဖူးသူတိုင်းသိကြ၏။ မြတ်ဗုဒ္ဓက **"ထိုဒွါရာဝတီမြို့၏ တစ်မျက်နှာမှာကား-သမုဒ္ဒရာ၊ တစ်မျက်နှာမှာကား-တောင်ရှိ၏။"** ဟူ၍ ဒွါရာဝတီမြို့၏ ပထဝီအနေအထား ဖြစ်တည်နေပုံကို ၅၅၀၊ ဒသနိပါတ်၊ ဃဋပဏ္ဍိတဇာတ်တွင် ဟောကြားထားခဲ့ပါသည်။

မြတ်စွာဘုရားက ဇာတ်တော်ထဲတွင် **"ထိုတစ်ကျိပ်သော မင်းညီနောင်တို့သည် ဇမ္ဗူဒိပ်ကျွန်းအလုံး၌ရှိသော၊ မင်းအဖြစ်ကို ယူကုန်အံ့ဟု မြို့မှထွက်၍ အစဉ်သဖြင့် "ကာဠယောနက" မည်သော မင်း၏နေရာဖြစ်သော၊ အယုဇ္ဈမြို့သို့ရောက်လျှင် ထိုအယုဇ္ဈမြို့ကို မိမိတို့လက်သို့ ရောက်သည်ကိုပြု၍ ဒွါရာဝတီမြို့သို့ ရောက်လေ**

**ကုန်၏။"** ဟု ဟောကြားထားခဲ့ပါသည်။

ယင်း၌ **"ဇမ္ဗူဒိပ်ကျွန်း"** ဟူသောစကားကို အကြောင်းပြု၍ အချို့က **"ဒွါရာဝတီမြို့"** ဟူသည်မှာ ရခိုင်က ဒွါရာဝတီမြို့မဖြစ်တန်ရာ၊ အိန္ဒိယမှာသာ ဒွါရာဝတီမြို့ရှိတန်ရာ၏ဟု ယူဆလျက်ရှိကြ၏။ ယင်း **"ဇမ္ဗူဒိပ်ကျွန်း"** ဟု ဆိုရာတွင် ရခိုင်တို့၏ ဒွါရာဝတီမြို့သည် ဇမ္ဗူဒိပ်ကျွန်းထဲတွင် မပါဝင်ဘူးလားဆိုသည်မှာ မေးစရာဖြစ်နေသည်။ ဇမ္ဗူဒိပ်ကျွန်းနှင့် မဇ္ဈိမဒေသကို စစ်တမ်းထုတ်ကြည့်သော် ဤသို့တွေ့ရ၏။

## ဇမ္ဗူဒိပ်နှင့် မဇ္ဈိမဒေသကို ခွဲခြားပြခြင်း

ဒသဘာတိက မင်းညီနောင်တစ်ကျိပ်တို့ သိမ်းပိုက်အောင်နိုင်ခဲ့သော မြို့များမှာ ရခိုင်တို့၏ ဒွါရာဝတီမြို့ အပါအဝင် မြို့ပေါင်း (၆၃၀၀၀) ခြောက်သောင်းသုံးထောင်ရှိခဲ့သည်ဟု ဆို၏။ ယင်းမြို့အရေအတွက်သည် အိန္ဒိယ တစ်နိုင်ငံတည်းတွင် ယင်းခေတ်က ဤမျှရှိခဲ့ပါသလား။ ရှိခဲ့သည်ထားဦးတော့။ အိန္ဒိယတစ်နိုင်ငံတည်းကို "ဇမ္ဗူဒိပ်ကျွန်း" ဟု ခေါ်ပါသလား။ ထပ်ဆင့်မေးစရာဖြစ်နေသည်။

**"ဇမ္ဗူဒိပ်"**။ ။ ဟူသည် ဇမ္ဗူနှင့်ဒီပဟူသော ပါဠိနှစ်ပုဒ်ကို ပေါင်းစပ်၍ ခေါ်ဝေါ်ထားသော အမည်ဖြစ်သည်။ **"ဇမ္ဗူ"**မှာ ဇမ္ဗူ့သပြေပင် (ပေါက်ရောက်ရာ) ဟုရပြီး၊ **"ဒီပ"** မှာ (=ဒိပ်=ပါဠိသက်)= ကျွန်းဖြစ်ခြင်းကြောင့် ဇမ္ဗူဒီပ=ဇမ္ဗူ့သပြေပင် ပေါက်ရောက်ရာကျွန်းဟု အဓိပ္ပါယ်ရလေသည်။ ယင်းကျွန်းကို ဇမ္ဗူဒီပ=ဇမ္ဗူဒိပ်ကျွန်းဟု ခေါ်ဆိုခြင်းဖြစ်သည်။

ယင်းဇမ္ဗူဒိပ်ကျွန်းကို မဟာဗုဒ္ဓဝင်ကျမ်း၊ ဒု၊ စာ-၈တွင် **"ဇမ္ဗူဒိပ်ကျွန်းမည်သည် ကျယ်ဝန်းကြီးမားလှ၏။ အတိုင်းအရှည်ပမာဏအားဖြင့် ယူဇနာပေါင်း တစ်သောင်းကျယ်ဝန်း၏။"** ဟူ၍ ဖော်ပြထားသည်ကို တွေ့ရသည်။

ဤအကြောင်းနှင့်ပတ်သက်၍ မြောက်ဦးခေတ်၊ ရခိုင်စာဆို၊ ပညာရှိအမတ်ကြီး **"ဘဒူ-မင်းညို"** က သူ၏ သက္ကရာဇ် ၈၃၂-ခု (အေဒီ-၁၄၇၀) တွင် ရေးစပ်ပြီးခဲ့သည့် မှောက်တော်ချေင်း (ခေါ်) စောရွှေကြာချေင်း (ခေါ်) ရခိုင်မင်းသမီးချေင်း အပိုဒ်(၁)တွင် -

**"ရခိုင်ညွန့်ဖူး။ မွန်ကြယ်မြူးသို့၊ မြောက်ဦးရွှေနန်း၊ တည်လတ်ထွန်းသည်၊ ဤကျွန်းဇမ္ဗူ ထူးတည့်လေ။ ထူးတည့်မှောက်တော်၊ ဟုတ်တည့်ပြော်၊ ကျော်သည်တဆူ၊ ဇမ္ဗူဒီပ၊ ကျွန်းလုံးခသည်၊ မင်းတရားတည့်သွေး၊ မှောက်တော်ထွေး။ ။ လေည်းယင်ယင်ဧ။ ။"** ဟူ၍လည်းကောင်း အပိုဒ် (၃၄)တွင် -

**"ထိုရော်ခါမူ၊ အစောဖြူကို၊ ဇမ္ဗူပတ်ကုံး၊ မင်းအားလုံးတို့၊ တက်ပြုံးရန်ဆောင်၊ ထောင်သည်ထားဘိ၊ ကြားကမိုးစွန်၊ ကြက်သီးဝှန်သည်၊ နိုင်းတန်တည့်ပြိုင်ဝေး၊ ကြောက်ရွံ့သေး၊ လေည်းယင်ယင်ဧ။"** ဟူ၍ လည်းကောင်း ရေးဖွဲ့စပ်ဆိုခဲ့သည်။ ယင်း **"ချေင်းကဗျာ"** ၌ ပါရှိသော **"ဤကျွန်းဇမ္ဗူ"** **"ဇမ္ဗူဒီပ"** **"ဇမ္ဗူပတ်ကုံး"** စသော ဝေါဟာရစကားလုံး အသုံးအနှုန်းများကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်။

ဇမ္ဗူဒိပ်နှင့်ပတ်သက်၍ **"ဇမ္ဗူဒိပ်-နိမိတ်"** ဟူသော စကားသည်လည်းကောင်း၊ **"ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း- ဩဘာနိမိတ်ထွန်း"** ဟူသော စကားသည်လည်းကောင်း အိန္ဒိယတစ်နိုင်ငံတည်းကိုသာ ဆိုလိုခြင်းမဟုတ်ဘဲ၊ ရခိုင်ပြည် အပါအဝင် မြန်မာနိုင်ငံသည်လည်း ယင်းအထဲတွင် ပါဝင်နေကြောင်း လူတို့သိမှတ်ထားကြ၏။

ထိုသို့ဆိုလျှင် အိန္ဒိယမြောက်ပိုင်းနှင့် ကုန်းမြေတစပ်တည်းကျသော ရခိုင်ပြည်သည် မိုင်အားဖြင့် ဗုဒ္ဓဂယာသို့

၅၂၅-မိုင်၊ နာလန္ဒသို့ မိုင် ၅၀၀၊ အမရာဝတီသို့ဆိုပါလျှင် မိုင်၈၀၀-နှင့် သီဟိုဠ်(သီရိလင်္ကာ) သို့ မိုင် ၁၂၀၀-သာ ဝေးကွာလျက်ရှိသောကြောင့် **"ရခိုင်တို့၏ ဒွါရာဝတီ"** သည်လည်း **"ဇမ္ဗူဒိပ်"** ထဲတွင် ပါဝင်လျက်ရှိကြောင်း သိမှတ်သင့်ပါသည်။

ရှင်းအပြင် ဤကမ္ဘာမြေကြီးကို ကျွန်းကြီးလေးကျွန်းဖြင့် ပိုင်းခြားသတ်မှတ်ထားကြ၏။ ယင်းကျွန်းကြီးလေးကျွန်းမှာ -

(၁) ပုဗ္ဗဝိဒေဟ - အရှေ့ကျွန်း။

(၂) အပရဂေါယာန - အနောက်ကျွန်း။

(၃) ဇမ္ဗူဒီပ - လက်ယာတောင်ကျွန်း။

(၄) ဥတ္တရကုရု - မြောက်ကျွန်း ဟူ၍ ဖြစ်ပါသည်။

ယင်းကျွန်းကြီးလေးကျွန်းသည် အိန္ဒိယတစ်နိုင်ငံတည်းကို ခေါ်ခြင်းမဟုတ်ကြောင်းကိုလည်း ထပ်ဆင့်သိမှတ်ရပါဦးမည်။

**"မဇ္ဈိမဒေသ"** ။ ။ ဟုဆိုလျှင်တော့ အိန္ဒိယတစ်နိုင်ငံတည်းနှင့်သာ သက်ဆိုင်သော အမည်ဖြစ်ကြောင်း မှတ်ယူရပါမည်။ ယင်းမဇ္ဈိမဒေသကို ရမ်းဗြဲတောင်ကျောင်းဆရာတော်- အရှင်စန္ဒမာလာလင်္ကာရက သူ၏ရခိုင်ရာဇဝင်သစ်ကျမ်း၊ ပ၊ စာ-၇၃-တွင်

**"ထိုမဇ္ဈိမဒေသ အပိုင်းအခြားသည်ကား အရှေ့သို့အလား ဇင်္ဂလနိဂုံးရွာ၊ အရှေ့တောင်သို့အလား သလဋ္ဌဝတီမြစ်၊ တောင်သို့အလား သေတကဏ္ဏိကနိဂုံးရွာ၊ အနောက်သို့အလား ထုနမည်သော ပုဏ္ဏားရွာ မြောက်သို့အလား ဥသိရဒ္ဓဇမည်သော တောင်၊ ဤသို့နယ်နိမိတ်ငါးရပ်အတွင်းသည် ဖြူစင်သန့်ရှင်းသော သူတို့၏ နေရာဖြစ်သောကြောင့် "မဇ္ဈိမဒေသ" မည်၏။"** ဟူ၍ပြဆိုထားသည်ကို တွေ့ရသည်။

မဇ္ဈိမဒေသနှင့် ပတ်သက်၍ ဦးဝိစိတ္တသာရာဘိဝံသ၏ မဟာဗုဒ္ဓဝင်၊ ဒု၊ စာ-၈-တွင်လည်း

**"မဇ္ဈိမဒေသဟူသည်မှာ အရှေ့အလား ဂဇင်္ဂလမည်သော နိဂုံး၏ အရှေ့ဘက် အင်ကြင်းပင်ကြီး။ အရှေ့တောင်အလား သလ္လဝတီမြစ် (သီဟိုဠ်မူ၌-သလလဝတီမြစ်)။ တောင်အလား သေတကဏ္ဏိကမည်သော နိဂုံး။ အနောက်အလား ထူဏမည်သော ပုဏ္ဏားရွာ၊ မြောက်အလား ဥသိရဒ္ဓဇတောင်။ ဤနယ်နိမိတ်ငါးရပ်တို့ဖြင့် သတ်မှတ်ပိုင်းခြားအပ်သော အလျားယူဇနာသုံးရာ၊ အနံယူဇနာ နှစ်ရာ့ငါးဆယ်၊ အဝန်းယူဇနာကိုးရာ အပိုင်း အခြားရှိသော အရပ်ဒေသကိုခေါ်၏။"** ဟူ၍ ဖော်ပြထားသည်ကို တွေ့ရသည်။

မဇ္ဈိမဒေသနှင့်ပတ်သက်၍ **"သတ္တတအဘိဓာန်ဋီကာ"** အလိုမှာ- **"မဇ္ဈိမဒေသ၏ အရှေ့ဘက်နိမိတ် ဝင်္ဂတိုင်း ဖြစ်သော ဘင်္ဂလား၊ ကာမရူပတိုင်းဖြစ်သော ရောင်ဖြူမြို့များကို ယူရမည်။ အနောက်ဘက်နိမိတ်ကို ဒေလီ၊ ဘာရတ၊ ပန်ဂျပ်ပြည်ထိယူရမည်။ တောင်ဘက်နိမိတ်ကို ဝိန္ဓျတောင်( ဗင်းဒီးယားတောင်) ထိယူရမည်။ မြောက်ဘက်နိမိတ်ကို ဟိမဝန္တာတောင်ထိ ယူရမည်။"** ဟူ၍ တွေ့ရသည်။

အထက်ပါအကြောင်းအရာတို့ကို ထောက်ရှု၍ **"မဇ္ဈိမဒေသ"** ဟုဆိုလျှင် အိန္ဒိယတစ်နိုင်ငံတည်းနှင့်သာ သက်ဆိုင်ပြီး **"ဇမ္ဗူဒိပ်"** ဟုဆိုလျှင် ရခိုင်ပြည်အပါအဝင် မြန်မာနိုင်ငံလည်း ပါဝင်လျက်ရှိကြောင်း သိမှတ်သင့်ပါသည်။

**"ဒွါရာဝတီ"** အယူအဆနှင့်ပတ်သက်၍ သုတေသီ-ဆရာကြီးဦးအောင်သာဦး (B.A.B.E.S) ကသူ၏

**"ဗုဒ္ဓသာသနာတော်နှင့် ရခိုင်ပြည်ဆောင်းပါး"** တွင် အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရသည်။

**"မှတ်တမ်းတင်ထားသော ရက္ခိုင်ရာဇဝင်ကို ဒွါရာဝတီ(သံတွဲနယ်မြေ)မှ အစပြုသည်ဟု တွေ့ရပါသည်။ (ဤဒွါရာဝတီသည် သထုံမြို့နှင့် မဲနမ်မြစ်ဝှမ်းဒေသစပ်ကြားရှိ သုတေသီတို့က အေဒီ-၆ရာစု၊ ပတ်ဝန်းကျင်၌ တည်ထောင် ခဲ့ကြသည်ဟု ဆိုကြသော မွန်တို့၏ ဒေသ၊ ဒွါရာဝတီမဟုတ်ပါ။) ရက္ခိုင်ဒွါရာဝတီကို ဝါသုဒေဝ၊ ဗလဒေဝစသော ညီနောင်တစ်ကျိပ်တို့ အုပ်စိုးခဲ့ကြသည်ဟု ဆိုသော်လည်း မည်သည့်သကြစ်၊ ရာစုက တည်ထောင်ခဲ့သည်ဟူ၍ကား အတိအကျမသိရချေ။ ရှေးရက္ခိုင်ရာဇဝင်ဆရာကြီးများကလည်း အလွန်ရှေးကျသော ခေတ်ဟူ၍ သာမန်အားဖြင့်သာ ဆိုထားကြသည်။"**

## ဒွါရာဝတီနှင့် မင်းညီနောင်တစ်ကျိပ်

ဝါသုဒေဝစသော ဒသဘာတိက ညီနောင်တစ်ကျိပ်တို့သည် ဒွါရာဝတီမြို့ကို သိမ်းပိုက်ရန် ရောက်ရှိလာကြကုန်၏။ ဒွါရာဝတီမြို့၏ တည်နေရာမှာ တစ်မျက်နှာမှာ သမုဒ္ဒရာရှိ၍ အခြားတစ်မျက်နှာမှာကား တောင်ရှိ၏။ ဒွါရာဝတီမြို့မှာ ဘီလူးတို့စောင့်ရှောက်အပ်သော မြို့လည်းဖြစ်၏။ မြို့စောင့်ဘီလူးတို့သည် ရန်သူကိုမြင်လျှင် မြည်းအသွင်ဖြင့် အော်မြည်လေ၏။ ထိုခဏ၌ မြို့စောင့်ဘီလူးတို့သည် သူတို့၏ အာနုဘော်(တန်ခိုး)ဖြင့် မြို့ကို ကွယ်ဝှက်လိုက်ကြ၏။

(မှတ်ချက်။ ။ ဇာတ်တော်ထဲတွင် မဟာသမုဒ္ဒရာဝယ်၊ ကျွန်းငယ်တစ်ခု၌ တည်၏။ ဟုဆို၏)

ရန်သူတို့သည် ဒွါရာဝတီမြို့ကို ရှာ၍မတွေ့ကြသော်လည်း အထက်ကောင်းကင်အရပ်ကသာ လူအများ စကားပြောသံ၊ ကြက်သံ၊ ငှက်သံ၊ မောင်းထောင်းဆန်ဖွတ်သံကအစ အသံမျိုးစုံတို့ကို ကြားနေကြရကုန်၏။ ဤအဖြစ်သနစ်ကို အစွဲပြု၍ နောင်သောအခါကာလ၌ **"ဒွါရာပူရ-မိုးသို့ပျံ"** ဟူ၍လည်းကောင်း၊ **"အာကာပျံဝဲ-မြို့သံတွဲ"** ဟူ၍လည်းကောင်း ၊ **"သင်္ဂီရောင်လျှံ-မြို့ရှင်ပျံ"** ဟူ၍လည်းကောင်း လူတို့ တင်စားခေါ်ဝေါ်ခဲ့ကြကုန်၏။

ဒသဘာတိက မင်းညီနောင်တစ်ကျိပ်တို့သည် ဒွါရာဝတီမြို့ကို သိမ်းပိုက်ရန် ရောက်ရှိလာကြသောအခါ၌လည်း အလားတူအဖြစ်မျိုးနှင့် ကြုံကြရသဖြင့် ဒွါရာဝတီမြို့ကို တိုက်ခိုက်သိမ်းပိုက်၍ မရနိုင်ဘဲ ရှိနေကြကုန်၏။

ထိုအခါ ကဏှဒီပါယနအမည်ရှိသော ရှင်ရသေ့ထံသို့သွားရောက်၍ အကြောင်းစုံကို မေးမြန်းလျှောက်ထားကြကုန်၏။ ရှင်ရသေ့က **"ကျုံးပြင်အရပ်၌ မြည်းတစ်ကောင်သည် ရှိ၏။ ထိုမြည်းသည် ရန်သူတို့ လာသည်ကို မြင်လျှင် မြည်း၏အသံကိုပြု၍ မြည်လေ၏။ သင်တို့သည် ထိုမြည်း၏ ခြေထောက်ကို ကိုင်ပြီးလျှင် မအော်မြည်ရန် တောင်းပန်ကြလေကုန်။ ဤသည်ပင်လျှင် သင်တို့၏ အလိုပြီးခြင်း၏ အကြောင်းတည်း။"** ဟု မိန့်တော်မူလေ၏။

မင်းညီနောင်တစ်ကျိပ်တို့သည် မြည်း၏ခြေကိုကိုင်ပြီးလျှင် **"အရှင့်ကိုထား၍အရှင်မှတစ်ပါးသောသူသည် ကိုးကွယ်ရာ မရှိပါ။ ငါတို့မြို့ကို သိမ်းယူသောအခါ၌ မမြည်ပါလင့်"** ဟု တောင်းပန်ကြကုန်၏။

မြည်းကလည်း **"ငါသည် မမြည်ဘဲ နေခြင်းငှာ မတတ်ကောင်း၊ သင်မင်းသားတို့သည် ရှေးဦးစွာ လာလတ်၍ လေးယောက်ကုန်သော သူတို့သည် ကြီးစွာသော သံချောင်းတို့ကိုယူ၍ မြို့တံခါးလေးမျက်နှာတို့၌ ကြီးစွာသော သံတံသင်း(သံမှို)တို့ကို မြေ၌စိုက်လေ။ မြို့သည် ပျံအံ့သောကာလ၌ သံချောင်းတို့ကိုကိုင်၍ သံချောင်း၌ဖွဲ့ချည်အပ်သော သံကွင်းကို သံတံသင်း(သံမှို)၌ စွပ်ကြလေကုန်။ မြို့သည် ပျံခြင်းငှာ မတတ်နိုင်လတ္တံ့။"** ဟု ဆို၏။

မင်းညီနောင်တစ်ကျိပ်တို့သည်လည်း ကောင်းပြီဟုဆို၍ ထိုနေ့ညသန်းခေါင်းယံအချိန်တွင် သံချောင်းတို့ကိုယူ၍ မြို့တံခါးလေးမျက်နှာတို့၌ သံတံသင်း(သံမှို)တို့ကို မြေ၌စိုက်၍ တည်ကုန်၏။ ထိုခဏ၌မြည်းသည် အော်မြည်လေ၏။ မြို့သည်လည်း ပျံခြင်းငှာ အားထုတ်၏။

မြို့တံခါးလေးမျက်နှာတို့၌ အသင့်တည်ရှိနေကြကုန်သော မင်းသားတို့သည် သံချောင်းလေးခုတို့ကိုကိုင်ကာ သံချောင်း၌ဖွဲ့ချည်အပ်သော သံကွင်းတို့ကို သံတံသင်း(သံမှို)တို့၌ တွဲချိတ်ကြလေကုန်၏။ ပြီးနောက် မင်းညီနောင် တစ်ကျိပ်တို့သည် မြို့သို့ဝင်ပြီးလျှင် မင်းကိုသတ်၍ ဒွါရာဝတီပြည်ကို သိမ်းပိုက်ကြလေကုန်၏။ ဤကဲ့သို့ မင်းညီနောင် တစ်ကျိပ်တို့သည် ဒွါရာဝတီမြို့ကို နှိမ်နှိမ်သောအားဖြင့် သံတံသင်း(သံမှို)စိုက်လျက် သံကွင်းတွဲချိတ်ကာ အောင်မြင်ခဲ့ကြသည်ကို အစွဲပြု၍ **"သံတွဲမြို့"** ဟု ယနေ့တိုင် ခေါ်တွင်လျက် ရှိပါသည်။

(မှတ်ချက်။ ။ ဒွါရာဝတီမြို့မှ **"သံတွဲမြို့"** ဟုအမည်တွင်ခဲ့သော်လည်း မူလအခေါ် **"ဒွါရာဝတီမြို့"** ၏ အမည်မှာကား မေးမှိန်ပျောက်ကွယ်သွားခြင်း မရှိပါ။ ယနေ့ထက်တိုင် ထင်ရှားလျက်ပင် ရှိနေပါသေးသည်။)

အထက်ဖော်ပြပါ ဒွါရာဝတီ-သံတွဲမြို့သမိုင်းကြောင်းကို **"ဒွါရာဝတီ-လမုချောင်းဆရာ ကျော်မဲ"** ကသူ၏ **"မဟာဝိဟာရိက ရခိုင်ရာဇဝင်လင်္ကာ"** အပိုဒ် (၁၆)တွင်-

**"ရံပတ်ဒီသာ။ သျှစ်မျက်နှာ၌။ တပ်တာတည်ထ။ နီကုမ်ကြပြီး။ များလှဗိုလ်ပါ။ တိုက်ကြရာဝယ်။ ပြည်သာစိုးထ။ ဘီလူးမလည်း။ ခနမကြာ။ မှန်ရောင်ဝါဖြင့်။ ကောင်းခင်လမ်းသို့။ ပျံသန်းလားလျှင်။ လွန်ဘိကျင်မှု။ ထက်ခွင်ပျံ့ဝဲ။ ပန်းဆိုင်းဆွဲသို့။ မလွဲတူစွာ။ နီလီပါသော်။ ထိုခါပြိုင်ဆိုင်။ တုမနိုင်ဘဲ။ ဝိုင်းရိုင်ရုံးလှည့်။ ဆုတ်ခွာခယ်မှု။ မြို့၏ရှိဘက်။ နတ်မျက်စိမြော်။ ရှာန်ယာဉ်ပျော်သား။ မည်တော်နာမ။ ခေါ်ဝေါ်ကြသည်။ ဂဏ္ဍာဒီပါယန။ မြတ်ဓမ္မနှင့်။ သီလသည်းခံ။ ရသေ့ပျံကို။ ဘုန်းလျှံတေဇ။ တန်ခိုးပသည်။ ဒသဘာတိက။ ညီနောင်လှရှိ့။ ညွန်ခကြောင်းရိုး။ ဖော်ပြီးမီးက။ ပျံ့မွှီးသီလ။ ပြည့်စုံလှသည်။ ဂဏ္ဍာဒီပါယန။ ရသေ့ကလည်း။ မုသာဝါဒါ။ ဝေရာမဏီ။ ယှောင်ကြည်ဘိ၍။ မသိသူအား။ သိအောင်ကြားဖို့။ မှတ်သားစီလို။ ဟုတ်တိုင်းဆို၏။ ရွယ်ပျိုကျိုင်းထွား။ မင်းသားများရှိ့။ ကြိုးစားစောင့်ထ။ ဘီလူးမကို။ ချိုမြရသာ။ ပျားသကာနှင့်။ သြဇာချိုအီး။ ကျွေးမွှီးပြုစု။ ဦးချကော်ရော်။ တောင်းပန်သော်က။ စည်ထသာမို့၊ ကျော်သည့်မြို့ကို။ နှစ်လိုရွှင်ပ။ ဖော်၍ပြလိမ့်။ များလှလူသျှင်။ မြင်လီကျင်မူ။ ခုပင်အပြီး။ ထိုမြို့ကြီးကို။ ခြားဆီးလှီးဖြတ်။ သံမှိုခတ်၍။ မချွတ်ကူးလျက်။ မြို့ပေါင်ဖျက်မှ။ မြို့ချက်အမြဲ။ သံနှင့်တွဲသော်။ ပျံဝဲပြုကျင်။ ထက်ကောင်းခင်သို့။ ခုပင်ကြွ၍။ မပျံဝဲတည်း။ ကျန်းမြဲခိုင်ထ။ မြို့ကိုရအံ့။ ထွန်းပတန်ခိုး။ လူထိပ်မိုးသား။ ဟိုးဟိုးကျော်ကြား။ ထိုမင်းအားလျှင်။ မထားလျှင်စိ။ ပြောပါလီဟု။ မိန့်ချီသံမြဲ။ ဆိုမြွတ်ဟသည်။ ။ စောင့်ထ သစ္စာမချွတ်တည်း။ ။"** ဟူ၍လည်းကောင်း အပိုဒ် (၁၇)တွင်လည်း-

**"မချွတ်သစ္စာ၊ စောင့်နီပါက။ ဂဏ္ဍာဒီပါယန။ တာပတနှင့်။ မိန့်ဟစကား။ အကြောင်းများကို။ မထားထိုခါ။ လျှောက်လီပါသော်။ နာနာရှုပ။ ဘီလူးမအား။ ချိုလှရသာ။ ပျားသကာကို။ အစာသိုထဲ။ ဝစ္စာကျွေးက။ ပြည်ရေးစောင့်ရ။ ဘီလူးမလည်း။ လောဘဆိုးလျှင်။ စားလီကျင်သော်။ များဖျင်ဗိုလ်ပါ။ လူတကာရှိ့၊ ဒွါရာဝတီ။ မြို့သိင်္ဂီကို။ အသိများမြောင်။ အားကြိုးထောင်၍။ အတောင်လိုင်ပင်း။ တပြိုင်ချင်းဖြင့်။ ပေါင်ရင်းကိုဖြတ်။ တူးဖြိုလတ်သော်။ မြို့မြတ်နယ်ကွက်။ အလယ်ချက်ကို။ ရိုက်နှက်ဆတ်ဆတ်။ သံမှိုခတ်မှ။ မချွတ်မလွဲ။ သံဖြင့်တွဲလျက်။ အမြဲစောင့်မှတ်။ ရံဝန်းပတ်၍။ ထားလတ်သောခါ။ မြို့ဒွါရာလည်း။ အာကာတိမ်ယံ။ မပျံနိုင်ဘဲ။**

**နီတိုင်းမြဲ၏။ မလွဲမှန်ထ။ မြို့ကိုရလျှင်။ နာမသညာ။ သံတွယ်ရာကို။ သိသာမည်ထင်။ သံတွဲတွင်၏။ ဘုရင်မင်းဖျား။ ဘုန်းတော်အားလျှင်။ သိကြားရိနတ်။ ဒေဝါမြတ်ရို့။ ရှိက်ခတ်ထားကျင်။ သံမြို့ရှင်ကို။ မြိုပြင်ကိုခွဲ။ တောင်ကမ်းကွဲမျှ။ မိုးထဲတိမ်ဖျား။ လွှင့်လိုက်ငြားမူ။ သံသားလွှင့်သံ။ တော်လဲဟန်သို့။ တဖန်ပျံလိုက်။ ဂေါ်တူမြစ်တွင်။ စင်စစ်ရောက်မှ။ သံကြိုးကျမူ။ မြစ်ဝကျိုက်ဆူ။ ရိလုံးပူ၏။ ရိသူအများ။ နီရာယှားရှ်။ လိပ်ငါးငမန်း။ ရိလုံးပြွန်းမျှ။ ပြီးသန်းကူးရ။ ဖြစ်ပြီးမှလျှင်။ သိကြထိုခါ။ ကြီးအာဏာဖြင့်။ ရာဇာဒသ။ ဘာတိကရို့။ မုချတန်းလိုက်။ မင်းပြုရစ်သည်။ ။ ရန်စစ်ခပ်သိမ်း ရှိညွှတ်တည်း။ ။"** ဟူ၍လည်းကောင်း ရေးဖွဲ့စပ်ဆိုထားပါသည်။

(မှတ်ချက်။ ။ လင်္ကာနှစ်ပိုဒ်တွင်ပါရှိသော စာလုံးပေါင်းသတ်ပုံတို့မှာ မူရင်းအတိုင်းဖြစ်ပါသည်။ ။ ရိုက်သံကို ရခိုင်စကားဖြင့် **"သံမှို"** ဟူ၍ ခေါ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ရိုက်သံမှာ မှိုနှင့် ပုံသဏ္ဍာန်အားဖြင့် တူညီသောကြောင့် **"သံမှို"** ဟုခေါ်ခြင်း ဖြစ်သည်။ ဗမာလူမျိုးများက ယင်းကို **"မယ်န"** ဟူ၍ ရှေးကခေါ်ခဲ့ကြသည်။

သံတွဲမြို့နယ်၊ သူဌေးချောင်း၊ ရွှေလှေကျေးရွာ၏ တောင်ဘက်နားတွင် **"သံမှိုတောင်"** ဟူ၍ တောင်တစ်တောင်ရှိသည်။ ယင်းသံမှိုတောင်သည် ဒွါရာဝတီသံတွဲမြို့သမိုင်းနှင့် ဆက်စပ်ပတ်သက်မှုရှိနေသလားဆိုသည်မှာ ဆက်လက်၍ သုတေသနပြုရပေဦးမည်။ ။ စာရေးသူ)

### ဒွါရာဝတီစေတ်၊ ပထမမင်းဆက်ကို ရှာဖွေပြခြင်း

အထက်ဖော်ပြပါသမိုင်းကြောင်းကို အခြေခံထား၍ ရခိုင်ရာဇဝင်ဆရာတို့က ရခိုင်ရာဇဝင်အစကို ဝါသုဒေဝ စသော မင်းညီနောင်တစ်ကျိပ်တို့က အစပြုကြောင်း ရေးသားထားခဲ့ကြသည်ကို တွေ့ရ၏။

အမှန်က ရခိုင်ရာဇဝင်အစမှာ ဝါသုဒေဝစသော မင်းညီနောင်တစ်ကျိပ်တို့က စခဲ့သည်မဟုတ်သေး။ သူတို့ထက် ရှေးကျသော မင်းဆက်တစ်ဆက်သည် ဒွါရာဝတီပြည်၊ ဒွါရာဝတီမြို့၌ ရှိနေကြကုန်သေး၏။ ထိုသို့ ရှိနေကြသောကြောင့်သာ **"ညီနောင်တစ်ကျိပ်တို့သည် မြို့သို့ဝင်ပြီးလျှင် မင်းကိုသတ်၍ ဒွါရာဝတီပြည်ကို ယူကြကုန်၏"**။ ဟူ၍ ဇာတ်တော်၌ရော၊ ရခိုင်ရာဇဝင်တို့၌ပါ တွေ့ရခြင်းဖြစ်သည်။ အကယ်၍ ဝါသုဒေဝစသော မင်းညီနောင်တစ်ကျိပ်တို့သည် ဒွါရာဝတီပြည်နှင့်တကွ မြို့ပြထီးနန်းကိုသာ စတင်တည်ထောင်ခဲ့ကြသူများ ဟုတ်ခဲ့ပါမူ **"မြို့သို့ဝင်ပြီးလျှင် မင်းကိုသတ်၍ ဒွါရာဝတီပြည်ကို ယူရန်"** အကြောင်းမရှိပါ။

ဒွါရာဝတီပြည်နှင့်တကွ မြို့ပြထီးနန်းကို အစပြုတည်ထောင်သော မင်းမှာ **"သီရိကုမ္ဘာမင်း"** ဖြစ်ကြောင်းကို အမရပူရထီးနန်းရှင်၊ ဘိုးတော်ဗဒုံမင်း၏ **"အမိန့်ပြန်တမ်း"**တွင် လာရှိသည်ကို **"ဦးလှထွန်းဖြူ"** က သူ၏ **"မဇ္ဈိမဒေသ အရေးတော်ပုံကျမ်း"**၊ စာ(ဖိ)တွင်-

**"အမိန့်တော်ရှိသည်ကား။ ဒွါရာဝတီမြို့ကို ရှေးမဇ္ဈိမဒေသတိုင်း၊ ရာဇဂြိုဟ်ပြည်ရှင်မင်းသားတော် "သီရိကုမ္ဘာ" အစမြို့တည်လုပ်၍၊ အယုဇ္ဈပူရတိုင်း၊ သမုတ်သမတ်နှင့် ဝါသုဒေဝညီနောင် တစ်ကျိပ်ဖမ္မူဒီပါကို အုပ်ချုပ်ပိုင်ကြောင်းနှင့် သမိုင်းရာဇဝင် အထင်အရှားထွက်ရှိသည်။ စည်ကားသာယာအောင် ပြုရမည်။ မြို့ဝန် ရင်းနီးစီးပွားပြုလုပ်ရန် ငါကငွေသနားတော်မူလိုက်သည်"** ဟူ၍ ဒွါရာဝတီ-သံတွဲမြို့ကို မြို့ပြ သာယာစည်ကားအောင်

ဆောင်ရွက်ရန် အမိန့်ချမှတ်ကာ **"ဧယျကျော်ထင်"** အား တာဝန်ပေးခဲ့ကြောင်း ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။

ဒွါရာဝတီပြည်နှင့်တကွ မြို့ပြထီးနန်းကို အစပြုတည်ထောင်သော မင်းမှာ **"သီရိကုမ္မာမင်း"** ဖြစ်ကြောင်းကို အမရပူရထီးနန်းရှင်၊ ဘိုးတော်ဗဒုံမင်း၏ **"အမိန့်တော်ပြန်တမ်း"**တွင် တွေ့ရသည်မှာ မဖြစ်နိုင်ဟူ၍ ပြော၍မရပေ။ အဘယ်ကြောင့်ဆိုသော် ရခိုင်ရာဇဝင်အစောင်စောင်နှင့် ရခိုင်စာပေကျမ်းဂန်ပေါင်းမြောက်မြားစွာတို့မှာ ဘိုးတော်ဗဒုံမင်း၏ လက်အောက်သို့ ရောက်ရှိနေပြီးဖြစ်သောကြောင့်တည်း။

ဒွါရာဝတီခေတ်၊ ပထမမင်းဆက်ကို အတိအကျရှာဖွေနေရာ၌ သံတွဲသမိုင်း၏ **"သဲလွန်ကြိုး"** အတွက်၊ ဗဒုံမင်း၏ အမိန့်တော်ပြန်တမ်းသည် စာရေးသူတို့အဖို့ အလွန်အရေးပါသော **"သဲလွန်စ"**ပင် ဖြစ်သည်။

အထက်ပါအကြောင်းအရာကို ပို၍ ခိုင်မာစေရန် **"ရခိုင်မင်းရာဇာကြီးစာတန်း"** မှ ကောက်နုတ်၍ ဆက်လက်တင်ပြပေးပါဦးမည်။ **"ရခိုင်မင်းရာဇာကြီးစာတန်း"** ကို အခိုင်အမာပြု၍ တင်ပြနေရသည်မှာ ရခိုင်ဘုရင်မင်းရာဇာကြီး (အေဒီ-၁၅၉၃-၁၆၁၂) သည် ရခိုင်သက္ကရာဇ်-၉၆၄-ခု၊ (အေဒီ-၁၆၀၂) တွင် သူ၏ ကိုယ်ရံတော်အမတ်ကြီးဖြစ်သူ **"မဟာဧယျသိန်"** ဘွဲ့ခံ၊ အမတ်ကြီး **"မဟာဧယျသိန်"** အား ရခိုင်ရာဇဝင်ကို မယုတ်မလွန်စေရအောင် အထောက်အထားခိုင်လုံစွာဖြင့် ရေးသားပြုစုရန် တာဝန်ပေးအပ်သဖြင့် ရှင်ဘုရင်သက်ရှိ ထင်ရှားလက်ထက်တော်အခါကာလ၌ ရေးသားပြုစုခဲ့သော **"ရာဇဝင်စာတန်းတစ်စောင်"** ဖြစ်၍ အားကိုးအားထားပြုနိုင်လောက်သည်ဟု ယူဆပါသဖြင့် **"ရခိုင်မင်းရာဇာကြီးစာတန်း"** ကို ကိုးကားတင်ပြရခြင်း ဖြစ်ပါသည်။

## ဒွါရာဝတီသည် ရှေးဝေသာလီနှင့်ခေတ်ပြိုင်ဖြစ်

အယုဇ္ဈပူရတိုင်းက ဒွါရာဝတီမြို့နှင့် ရက္ခပူရတိုင်းက ဝေသာလီမြို့တို့မှာ မရှေးမနှောင်းအပြိုင်တည်ခဲ့ကြသော ခေတ်ပြိုင်မြို့များဖြစ်ကြ၏။

မဇ္ဈိမဒေသက **"ဝိဒေဟရာဇ်"** အမည်ရှိသောမင်းသည် **"ပါတလီ"** အမည်ရှိသောမြို့ကို တည်ထောင်တော်မူခဲ့၏။ ထိုမင်းမှ (၁၇၇) ဆက်မြောက် နောက်ဆုံးမင်းဖြစ်သော **"ဥပက်သမင်း"** မှာ (၁) သံဝရကုမ္မာ၊ (၂) သီရိကုမ္မာ၊ (၃) ဝရကုမ္မာဟူ၍ သားတော်သုံးပါးထွန်းကားတော်မူခဲ့သည်။

သားတော်အကြီး **"သံဝရကုမ္မာမင်းသား"** ကို မိမိ၏ထီးနန်းကို ဆက်ခံရန် နန်းညွန့်နန်းလျာအဖြစ် ထားတော်မူ၏။ သားတော်အလတ်ဖြစ်သော **"သီရိကုမ္မာမင်းသား"**ကို ခရိုင်ခြားလျက် အယုဇ္ဈပူရတိုင်းကို ပေးတော်မူ၏။ ထိုအခါ **"သီရိကုမ္မာမင်းသား"** သည် **"ဒွါရာဝတီမြို့"** ကို တည်ထောင်တော်မူ၍ ထီးနန်းစိုက်တော်မူပါသည်။ သားတော်အငယ်ဖြစ်သော **"ဝရကုမ္မာမင်းသား"** ကိုလည်း **"ရက္ခပူရတိုင်း"** ကို ပေးသနားတော်မူ၏။ ယင်းဝရကုမ္မာမင်းသားသည်လည်း **"ဝေသာလီမြို့"** ကိုတည်ထောင်တော်မူ၍ ထီးနန်းစိုက်တော်မူခဲ့ပါသည်။

အထက်ပါအကြောင်းအရာတို့ကို ထောက်ရှု၍ **"ဒွါရာဝတီမြို့အစ-သီရိကုမ္မာမင်းက"** ဟူ၍လည်းကောင်း၊ **"ဝေသာလီမြို့အစ-ဝရကုမ္မာမင်းက"** ဟူ၍လည်းကောင်း ဆိုရိုးစကားပြုနိုင်လောက်ပါသည်။ သို့ဖြစ်၍ ဒွါရာဝတီမြို့နှင့် ဝေသာလီမြို့တို့မှာ အပြိုင်တည်ခဲ့ကြသော မြို့များဖြစ်ခြင်းကြောင့် **"ခေတ်ပြိုင်"** ဟူသော စကားလုံးကို သုံးခဲ့ခြင်း ဖြစ်ပါသည်။

ရခိုင်တို့၏ ဒွါရာဝတီမြို့ကို စတင်တည်ထောင်သောမင်းမှာ **"သီရိကုမ္မာမင်း"** (သို့မဟုတ်) **"ဥလာကမင်း"** ဖြစ်ကြောင်းကို **"ရခိုင်မင်းရာဇာကြီးစာတန်း"** ၌ တွေ့ရသည်မှာ **"ရာဇဝင်အကောက်မူ"** နှင့်လည်း ထပ်တူကျလျက် ရှိနေပါသည်။ သီရိကုမ္မာမင်းမှ ငါးဆက်မြောက်မင်းမှာ **"ဝတဂုံမင်း"** ဖြစ်ပါသည်။ ယင်းဝတဂုံမင်းလက်ထက်တွင် ဝါသုဒေဝစသော ဒသဘာတိက မင်းညီနောင်တစ်ကျိပ်တို့ ရခိုင်တို့၏ ဒွါရာဝတီမြို့ကို သိမ်းပိုက်အောင်မြင်ခဲ့ကြခြင်းသာ ဖြစ်ပါသည်။

ထို့ကြောင့် ဒွါရာဝတီပြည်နှင့်တကွ မြို့ပြထီးနန်းကို စတင်တည်ထောင်သောမင်းမှာ ဝါသုဒေဝစသော ဒသဘာတိက မင်းညီနောင်တစ်ကျိပ်တို့မဟုတ်မူဘဲ၊ **"သီရိကုမ္မာမင်း ခေါ် ဥလာကမင်း"** သာဖြစ်ပါသည်။ ယင်း သီရိကုမ္မာမင်းမှစ၍ ငါးဆက်မြောက် **"ဝတဂုံမင်း"** အထိ မင်းငါးဆက်ရှိနေပါသေးသည်။ အဆိုပါ မင်းငါးဆက်သည်သာလျှင် **"ဒွါရာဝတီရာဇဝင်"** ၏အစ (သို့မဟုတ်) ရခိုင်ရာဇဝင်၏ အစမင်းဆက်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

အချုပ်ဆိုရသော် ဒွါရာဝတီဟူသော မြို့အမည်နာမကို မည်သည့်နိုင်ငံ၊ မည်သည့်အရပ်ဒေသကမဆို နာမည်ပေးပိုင်ခွင့် ရှိပါသည်။ သို့ဖြစ်၍ အချို့သော တိုင်းနိုင်ငံဒေသတို့၌ ဤနာမည်မျိုးရှိနေခဲ့ကြခြင်း ဖြစ်သည်။

ဒွါရာဝတီဟူသော မြို့အမည်နာမသည် အချို့သော နိုင်ငံဒေသတို့၌ ရှိခဲ့ကြပါသော်လည်း **"ရခိုင်တို့၏ ဒွါရာဝတီမြို့သမိုင်းကြောင်း"** နှင့်ကား တူမည်မဟုတ်ချေ။ ထို့အတူ **"သံတွဲမြို့"** ဟူသောမြို့အမည်နာမသည်လည်း ရှိလာ (ဖြစ်ပေါ်လာ) နိုင်မည်မဟုတ်ချေ။ ထို့ကြောင့် **"ဒွါရာဝတီ"** ကို **"ရခိုင်တို့၏ ဒွါရာဝတီ"** ဟူ၍ သီးခြားဝိသေသပြုကာ ရေးသားတင်ပြလိုက်ရပေသည်။ ။

**"သမိုင်းနှင့် ရာဇဝင်ဟူသည် လူမျိုးတိုင်းတွင် ရှိသင့်သော အရာဖြစ်သည်။"**

**ဒွါရာဝတီ-အသျှင်ကုသလ**

(ကျမ်းကိုးစာရင်း)


၁။ ခေတ်ပေါင်းမြန်မာရာဇဝင် ။ ။ ဒေါက်တာသန်းထွန်း။

၂။ မြန်မာသမိုင်းပုံ ။ ။ ဒေါက်တာသန်းထွန်း။

၃။ တောင်ငူနှစ် (၅၀၀) ပြည့်စာအုပ်။

၄။ ၅၅၀၊ ဒသနိပါတ်၊ ဃဋပဏ္ဍိတဇာတ်။

၅။ မဟာဗုဒ္ဓဝင်၊ ဒုတိယတွဲ ။ ။ ဦးဝိစိတ္တသာရာဘိဝံသ။

၆။ ရခိုင်ရာဇဝင်သစ်ကျမ်း၊ ပထမတွဲ ။ ။ အရှင်စန္ဒမာလာလင်္ကာရ။

၇။ သဂ္ဂတ အဘိဓာန်ဋီကာ။

၈။ ဗုဒ္ဓသာသနာတော်နှင့် ရက္ခိုင်ပြည်ဆောင်းပါး ။ ။ ဦးအောင်သာဦး။

၉။ ရခိုင်မင်းရာဇာကြီးစာတန်း ။ ။ မဟာဇေယျသိန်။

၁၀။ ရခိုင်မဟာရာဇဝင်ကြီး ။ ။ ထွန်းရွှေခိုင် (မဟာဝိဇ္ဇာ)။

၁၁။ မဟာဝိဟိ ကာ ရခိုင်ရာဇဝင်လင်္ကာ ။ ။ ဒွါရာဝတီ-လမုချောင်းဆရာကျော်မဲ။

၁၂။ မဇ္ဈိမဒေသအရေးတော်ပုံကျမ်း ။ ။ ဦးလှထွန်းဖြူ (ကျောက်ဖြူသား)။

၁၃။ ဒွါရာဝတီ- အသျှင်ကုသလမှတ်စု။

## "ဒွါရာဝတီမြို့ အမည်ရပုံ"

**"ဒွါရာဝတီ"** မှာ ဒွါရာ-တစ်ပုဒ်၊ ဝတီ-တစ်ပုဒ်ဖြစ်၏။ ဒွါရာ(သို့)ဒွါရမှာ ဝင်ရာ၊ ထွက်ရာ တံခါးပေါက်ကိုရ၏။ ဝတီ-မှာ ရှိသည် (သို့) တည်ရှိရာအရပ်ဟု အဓိပ္ပာယ်ရလေသည်။ ဒွါရာဝတီမြို့ကို မည်သည့်အရပ်ဒေသကပဲ ဝင်သည်ဖြစ်စေ၊ ထွက်သည်ဖြစ်စေ တောင်သည် တံခါးပေါက်သဖွယ် တည်ရှိနေသောကြောင့် **"တောင်တံခါးမြို့"** ဟုခေါ်တွင်ခြင်း ဖြစ်သည်။

## "မြို့ရှင်ပျံ အမည်ရပုံ"

**"မြို့ရှင်ပျံ"** ဆိုသည်မှာ **"သီရိကုမ္မာမင်းမှစ၍ ဝတင်္ဂုမင်းအထိ မင်းငါးဆက်"**တို့သည် ဒွါရာဝတီထီးနန်းကို စိုးစံအုပ်ချုပ်ခဲ့စဉ်အခါက မြို့၏လေးပြင်လေးရပ်တွင် နတ်ဘီလူးလေးကောင် အစောင့်ရှိသည်ဟုဆို၏။ မြို့ကို စောင့်ရှောက်နေသော မြို့စောင့်နတ်ဘီလူးများသည် မြို့ကို ရန်သူတို့ တိုက်ခိုက်ရန်လာသည်ကို မြင်လျှင်၊ မြည်းအသွင်ဖြင့် အော်မြည်၏။ ထိုခဏ၌ နတ်ဘီလူးလေးကောင်တို့သည် သူတို့၏ တန်ခိုးအာနုဘော်ဖြင့် မြို့ကိုကွယ်ဝှက်ထားကြ၏။ ကောင်းကင်ကသာ အသံမျိုးစုံတို့ကို ကြားနေကြရကုန်၏။ ယင်းကဲ့သို့ရှိခဲ့သည်ကို အစွဲပြု၍ **"မြို့ရှင်ပျံ"** ဟုခေါ်တွင်ခဲ့ခြင်း ဖြစ်သည်။

## "သံတွဲမြို့ အမည်ရပုံ"

**"သံတွဲမြို့"** ဆိုသည်မှာ ယင်း **"မြို့ရှင်ပျံ"**ကို မဇ္ဈိမဒေသက ဝါသုဒေဝစသော ဒသဘာတိက မင်းညီနောင် တစ်ကျိပ်တို့ သိမ်းပိုက်ရန် ရောက်ရှိလာကြသည့်အခါ မြို့ကိုရှာမတွေ့ကြချေ။ ကွယ်ပျောက်၍သာနေ၏။ ထိုအခြင်းအရာကို **"ကဏှဒီပါယန"** အမည်ရှိသော ရှင်ရသေ့အား မေးမြန်းကြကုန်၏။ ရှင်ရသေ့၏ပြောပြချက်အရ မင်းညီနောင်တစ်ကျိပ်တို့သည် မြို့တံခါးလေးမျက်နှာတို့၌ ကြီးစွာသော သံတံသင်း(သံမှို)တို့ကို မြေ၌စိုက်၍ သံချောင်း၊ သံကွင်းတို့ဖြင့် တွဲချိတ်၍ အောင်မြင်ခဲ့ကြရာမှ **"သံတွဲမြို့"** ဟု အမည်တွင်ခဲ့ခြင်း ဖြစ်သည်။

## "မသေသောမြို့ အမည်ရပုံ"

**"မသေသောမြို့"** ဆိုသည်မှာ ကုသမင်းသက္ကရာဇ်-၄၀၀၀(လေးထောင်)မတိုင်မီ၊ ဘီစီ-၆၀၀၀(ဘီစီ-ခြောက်ထောင်)ခန့်ကာလကပဲ ယနေ့တိုင်အောင် **"ဒွါရာဝတီ-သံတွဲမြို့"** ဟူသော အမည်နာမဖြင့် မြို့သက်ရှည်ကြာစွာ တည်ရှိနေပါသောကြောင့် **"မသေသောမြို့"** ဟု တင်စား၍ ခေါ်ခဲ့ကြခြင်း ဖြစ်ပါသည်။

## "ကမ္ဘာ့ရှေးအကျဆုံးသုံးမြို့က တစ်မြို့ဖြစ်သော ဒွါရာဝတီ"

ဒွါရာဝတီ-သံတွဲမြို့ အပါအဝင် ကမ္ဘာပေါ်တွင် မြို့သက်တမ်းရှည်ကြာစွာ တည်ရှိနေသော **"ကမ္ဘာ့ရှေးအကျဆုံး မြို့သုံးမြို့"** ရှိကြောင်း သိရှိရပါသည်။ ယင်းမြို့အမည်များမှာ အိန္ဒိယနိုင်ငံတွင် **"ဗာရာဏသီမြို့"**။ ဆီးရီးယားနိုင်ငံတွင် **"ဒမတ်စကတ်မြို့"** နှင့် မြန်မာနိုင်ငံတွင် **"ဒွါရာဝတီ-သံတွဲမြို့"** တို့ ဖြစ်ကြ၏။

## ဒွါရာဝတီ–သံတွဲမြို့သည် ဇာတ်တော်လာ ဒွါရာဝတီမြို့ဟုတ်မဟုတ်

**အမေး** -“ မြန်မာနိုင်ငံ၊ ရခိုင်ပြည်တောင်ပိုင်း ယခင်အခေါ် ဒွါရာဝတီ၊ ယခုသံတွဲမြို့သည် ဃဋပဏ္ဍိတဇာတ်တော်လာ ဒွါရာဝတီမြို့ ဟုတ်မဟုတ် ဖြေကြားပေးပါရန် တောင်းပန်အပ်ပါသည် ဘုရား။ ”

(အေးဖေ၊သံတွဲ)

**အဖြေ** -“ သူ့ရန်သူကြီ၊ မိုးသို့ပျံ၊ နာမ်ဘယ်မြို့ ဘယ်ကြောင့်နည်း” ဟူသော စွယ်စုံကျော်ထင် ပုစ္ဆာကို ကျီးသဲလေးထပ် ဆရာတော် ဖြေဆိုရာတွင် ဃဋပဏ္ဍိတဇာတ်ကို ဖော်ပြ၍ ယခုသံတွဲမြို့ပင်ဖြစ်ကြောင်း ဖြေဆိုထားပါသည်။

ဘဒ္ဒန္တတိလောကသာရ (ရဝေထွန်း)

(မြတ်မင်္ဂလာ၊ အတွဲ-၁၁၊ အမှတ်(၄)၊ ၁၉၉၅၊ အောက်တိုဘာလ။)

### တရုတ်သမိုင်း၌ပါရှိသော ရခိုင်တို့၏ဒွါရာဝတီ

**“ဆရာဦးရည်စိန်က တရုတ်တို့၏ ထန်မင်းဆက်သမိုင်းသစ် (အေဒီ-၁၀၆၀) တွင် ပျူနိုင်ငံ (သရေခေတ္တရာ) သည် ထန်မင်းဆက်နေပြည်တော်နှင့် လီပေါင်း “၁၄၀၀၀” ကွာဝေးသည်။ အနောက်ဘက်တွင် အရှေ့အိန္ဒိယဖြစ်သည်။ အနောက်တောင်ဘက်တွင် တော်ဟော်လော် (TOHOLO = DVARA) ဒွါရ - ဒွါရာဝတီ ဖြစ်၏ဆိုသော စကားရပ် သည် သံတွဲဒေသဖြစ်သော ဒွါရာဝတီဖြစ်သည်။ ဟုယူလိုက ယူနိုင်သော်လည်း ပညာရှင်တို့က မဲနမ်မြစ်ဝှမ်းအကြေပိုင်း တွင် တည်ရှိသော ဒွါရာဝတီကိုသာ ယူလိုကြ၏။ ဟု ဖော်ပြထားပါသည်။”** ဟူ၍ စာရေးဆရာ **“ဒွေးဝေ”** က သူ၏ **“ရခိုင်ရာဇဝင် ရခိုင်သမိုင်း”** စာအုပ်၊ ၂၀၁၄-ခု၊ စာ-၁၅၂ တွင် ဆရာဦးရည်စိန်၏ ၂၀၀၇-ခု၊ စာ-၂၂၃ ကို ရည်ညွှန်းကာ ကိုးကားဖော်ပြထားသော စာပိုဒ်ကို တွေ့ရှိသည်။

တရုတ်လူမျိုးတို့က သူတို့၏သမိုင်းမှတ်တမ်းတွင် **“ပျူနိုင်ငံသရေခေတ္တရာ၏ အနောက်တောင်ဘက်တွင် ဒွါရာဝတီရှိသည်။”** ဟု တိကျစွာ ဖော်ပြထားပါလျက် မြန်မာသမိုင်းဆရာတို့က **“ရခိုင်တို့၏ဒွါရာဝတီ”** ဟု မယူဆဘဲ၊ **“ခုနစ်ရေတစ်ရေမစပ်” “ဝှေလည်ကြောင်ပတ်”** လုပ်ကာ ထိုင်းနိုင်ငံ မဲနမ်မြစ်ဝှမ်းအကြေပိုင်းတွင် တည်ရှိသော **“ထိုင်းတို့၏ ဒွါရာဝတီ”** ကိုမှ ယူဆလိုကြသည်မှာ အထူးစဉ်းစားစရာ ဖြစ်နေသည်။

တရုတ်တို့က သရေခေတ္တရာနှင့် နီးမတောင်သာခြားသော၊ သရေခေတ္တရာ၏ အနောက်တောင်ဘက်အရပ်တွင် တည်ရှိသော၊ မြို့ပြထီးနန်းတည်ထောင်ကာ သမိုင်းရာဇဝင်အထင်အရှားရှိသော **“ရခိုင်တို့၏ဒွါရာဝတီ”** ကို သေချာစွာ မှတ်တမ်းတင်ထားရှိခဲ့ပါလျက် **“ထိုင်းနိုင်ငံ မဲနမ်မြစ်ဝှမ်းက ဒွါရာဝတီ”** (သရေခေတ္တရာ၏ အရှေ့တောင်ဘက် အရပ်တွင် ရှိသည်) ကိုမှ ယူလိုကြသော ပညာရှင်ဆိုသူများကို စာရေးသူအထူးအံ့ဩရပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

(စာရေးသူ)

## ရွှေကျွန်း၊ ငွေကျွန်း

ရခိုင်နှင့်ပတ်သက်၍ ရှေးခေတ်နိုင်ငံခြားသမိုင်းဆရာတို့၏ မှတ်တမ်းမှတ်ရာများကို ရှာကြည့်သော် AD - ၅၀ ခန့်က ရေးသားခဲ့သည့် ပွန်ပိုးနီးယပ်မေလာ (Pom Ponnius Mela) မှတ်တမ်းအရ **"ဂင်္ဂါမြစ်ဝှမ်း"** ၏ အရှေ့ဘက်တွင် **"ရွှေကျွန်း၊ ငွေကျွန်း"** ရှိကြောင်း ရေးသားဖော်ပြထားသည်။ ရခိုင်ပြည်ကို ရွှေကျွန်း၊ ငွေကျွန်းဟု ခေါ်ဆို ကြသည်မှာ စီးပွားရေးအထူးကောင်းမွန်သဖြင့် ချမ်းသာကြွယ်ဝသော တိုင်းပြည်ဖြစ်ခြင်း၊ တိုင်းပြည်စည်ပင်သာယာ ဝေပြောမှုရှိခြင်း၊ စစ်မက်ဖြစ်ပွားမှုအန္တရာယ်မရှိခြင်းတို့ကြောင့် ခေါ်ခဲ့ကြလေသလောဟု စဉ်းစားတွေးထင်မိသည်။

AD - ၁ ရာစုခန့်တွင် ပယ်ရီပလပ် (Periplus) မှတ်တမ်းကို ရေးသားခဲ့သူကလည်း အိန္ဒိယတောင်ပိုင်းတွင် **"ရွှေကျွန်းနှင့် ဂင်္ဂါကျွန်း"** များ (Chryse and Genges) ကို ကူးသန်းသွားလာနေကြသော ကလန်ဒီအိုပွန်တာ (ka lar dio phon ta) ခေါ် အလွန်ကြီးမားသော ရွက်သင်္ဘောများကို မြင်တွေ့ရကြောင်း ဖော်ပြထားသည်။ ယင်းအချိန်သည် ရခိုင်တို့၏ တတိယဓညဝတီခေတ် အလယ်ပိုင်းကာလ၊ ရခိုင်ဘုရင် **"သူရိယစိတြမင်း"** (အေဒီ-၇၉-မှ ၁၁၅-ထိ) ၏ လက်ထက်ကို တွေ့ရသည်။ ယင်းအချိန်အခါကပင် ရခိုင်လူမျိုးတို့၏ ကုန်စည်ကူးသန်းရောင်းဝယ်မှုစသော ပင်လယ်ရေကြောင်းခရီးသွားလာလှုပ်ရှားနေမှုများကို သိရှိနိုင်ပါသည်။

## ခရိုင်ဇီ (Chryze) အာဂျရေ (Argyre)

AD - ၁၅၀ ခန့်က ရေးသားခဲ့သော ခေါ်မတိုင်းသား တော်လမီ (Pto La My) ပထဝီကျမ်းတွင် ရခိုင်ကို ခရိုင်ဇီ (Chryze) နှင့် အာဂျရေ (Argyre) ဟုခေါ်ကြောင်း မှတ်တမ်းတင်ထားခဲ့သည်။ **"ခရိုင်ဇီနှင့် အာဂျရေ"** ဟူသော အဓိပ္ပာယ်မှာ **"ရွှေမြေ၊ ငွေမြေ"** ဟူ၍ ဖြစ်ပါသည်။ ယင်းတော်လမီ (Pto La My) ပထဝီကျမ်း၌ပင် ရခိုင်ကမ်းမြောင်ဒေသ၌ လူမည်း (ရက္ခသ္ဘ) များ AD - ၁ ရာစုထိ ရှိနေသေးကြောင်းဆိုထားသည်။ ရခိုင်ကို လူမည်း (ရက္ခသ္ဘ) ဟုဆိုခြင်းသည် ဥရောပတိုက်သား အသားဖြူများနှင့် နှိုင်းယှဉ်၍ ဆိုခဲ့ဟန်တူသည်။ သို့သော် ရခိုင်ကို **"ရက္ခသ္ဘ"** ဟူ၍ ခေါ်ဝေါ်သုံးနှုန်းထားသည်ကိုက ထူးခြားမှုရှိနေသည်။ ရက္ခသ္ဘဟူသည် **"အမျိုးကိုစောင့်ရှောက်တတ်သော လူမျိုး"** ဟု အဓိပ္ပာယ်ရလေသည်။ ထို့ကြောင့် **"သတ္တရှုစာပေ"** တို့၌ ရခိုင်ကို **"ရက္ခသ္ဘ"**၊ (တစ်နည်း) **"ရက္ခဂ်"** (-ရက္ခဂ်သ္ဘ)၊ (တစ်နည်း) **"အာရက္ခ"** ဟူ၍ ရေးသားခဲ့ကြောင်း တွေ့ရှိရသည်။ အာရက္ခဒေသ္ဘ (အာရက္ခဒေသ) ဆိုပါမူ **"အမျိုးကိုစောင့်ရှောက်တတ်သော လူမျိုးတို့၏ နေထိုင်ရာ အရပ်ဒေသ"** ဟု အဓိပ္ပာယ်ရလေသည်။

## ဆန်ဗြ (Symbyra) စဒ (Sa Da)

တော်လမီ (Pto La My) ပထဝီကျမ်း၏အဆိုအရ ဂင်္ဂါမြစ်အရှေ့ဘက်တွင် ကိယဒိယ (Kira dia) နှင့် ဘရကူရ (Bara Kura) စစ်တကောင်းသင်္ဘောဆိပ်ရှိကြောင်း ဆိုထားပါသည်။ အထက်ဖော်ပြပါ မှတ်တမ်းများအရ အာဂျရေ (Argyre) ကို ရခိုင်ဒေသဟု ဆိုထားပါသည်။ ရခိုင်ဒေသတွင် ဆန်ဗြ (Sym Byre)၊ စဒ (Sa Da) စသော

မြို့များရှိကြောင်း ပြဆိုထားသည်။ ထိုမြို့များကိုလွန်လျှင် ပင်လယ်အငူကို တွေ့ရကြောင်းလည်း ဖော်ပြပါရှိသည်။ အဆိုပါ ပင်လယ်အငူဆိုသည်မှာ **"နဂရစ်အငူ"** ဟုခေါ်တွင်သော **"မော်တင်စွန်း"** ဖြစ်ကြောင်း သိရှိရသည်။ **"ဆန်ဖြဲ"** ဟူသည် ရမ်းဗြဲမြို့ (ရမ်းဗြဲကျွန်း) ဖြစ်ပြီး၊ **"စဒ"** ဟူသည် သံတွဲမြို့ကိုခေါ်သော အမည်ဖြစ်ပါသည်။ ရေကြောင်းခရီးသွားလာရာ၌ ရမ်းဗြဲနှင့် သံတွဲကိုလွန်လျှင် နဂရစ်အငူဖြစ်သော မော်တင်စွန်းကို ဧကန်မုချ တွေ့ရှိကြရမည် ဖြစ်ပါသည်။

(စာရေးသူ)

## ရခိုင်တို့၏ဒွါရာဝတီကို ဗြိတိသျှစာရေးဆရာကြီး မောရစ်ကောလစ်၏အမြင်

### အပိုင်း (၁)

ဗြိတိသျှစာရေးဆရာကြီး မောရစ်ကောလစ် MAURICE COLLIS (၁၈၈၉-၁၉၇၃) ဆိုလျှင် မြန်မာနိုင်ငံ စာဖတ်ပရိသတ်တို့ ကောင်းစွာသိရှိကြ၏။ သိရှိရခြင်း၏အကြောင်းမှာ THE LAND OF THE GREAT IMAGE (ရုပ်ပွားတော်မြတ် ကိန်းဝပ်သည့် ရွှေမြေ) စာအုပ်ကို ရေးသားခဲ့သောကြောင့် ဖြစ်၏။ ထိုစာအုပ်ကို ဦးလှဒင်က **"ရတနာရွှေမြေ"** အမည်ဖြင့် ဘာသာပြန်ဆိုရေးသားခဲ့ရာ **"စာပေဗိမာန်ဆု"** ကိုပင် ရရှိခဲ့ပါသည်။

မောရစ်ကောလစ်သည် **"အိုင်ယာလန်လူမျိုး"** တစ်ဦးဖြစ်ပြီး၊ I. C. S ခေါ် အိန္ဒိယပဋိညာဉ်ခံဝန်ထမ်းရာထူးကို OXFORD တက္ကသိုလ်က သမိုင်းဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူဖြစ်သည်။ ဒုတိယကမ္ဘာစစ်မတိုင်မီက မြန်မာပြည် အရပ်ရပ်တွင် အုပ်ချုပ်ရေးတာဝန်ကို (၂၂) နှစ်ကြာအောင် ထမ်းဆောင်ခဲ့သူဖြစ်သည်။ သူသည် ရခိုင်ပြည်၊ စစ်တွေမြို့၌ **"အရေးပိုင်"** (ခရိုင်ဝန်) အဖြစ် အမှုထမ်းခဲ့သူတစ်ဦးလည်း ဖြစ်ပါသည်။ ရခိုင်သမိုင်းသုတေသီ၊ **"ကျောက်စာဝန် ဦးစံရွှေဘု"** နှင့် လုပ်ဖော်ကိုင်ဖက်တစ်ဦးလည်း ဖြစ်သည်။

ဗြိတိသျှစာရေးဆရာကြီး မောရစ်ကောလစ်ရေးသားခဲ့သော The Place Of The Partri dge Kine အခန်းမှ **"ဆရာအောင်ဖေ"** (မြောက်ဦးသား) က ဘာသာပြန်ဆိုပြီးလျှင် ၂၀၀၇-ခု၊ ဇူလိုင်လထုတ် **"ဝံသရက္ခိတမဂ္ဂဇင်း"**၊ အတွဲ (၁)၊ အမှတ် (၁) တွင် ရေးသားခဲ့ပါသည်။ ယင်း၌ ဖော်ပြပါရှိသော အကြောင်းအရာသည် **"ဒွါရာဝတီ-သံတွဲမြို့"** အပါအဝင် ဆံတော်၊ နံတော်၊ အံတော် ဘုရားသုံးဆူသမိုင်းနှင့်လည်း ပါဝင်ပတ်သက်နေပါသဖြင့် အများပြည်သူသိရှိနိုင်ကြစေရန် ကောက်နုတ်ဖော်ပြပေးလိုက်ရပေသည်။

### အပိုင်း (၂)

သံတွဲမြို့ကို ယခုထက်တိုင် ရှေးအမည်ဖြစ်သော **"ဒွါရာဝတီ"** ဟူသော အမည်ဖြင့် ခေါ်နေသေးသည်။ ဒွါရာဝတီမှာ ရှေးအိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များ နေထိုင်ခဲ့သော မြို့တစ်မြို့အမည်ဖြစ်သည်။ ထိုဒွါရာဝတီ-သံတွဲမြို့ကို တည်ထောင်ခဲ့သော သူများမှာ မိခင်နိုင်ငံမှ မြို့၏အမည်ကို နှစ်ခြိုက်သဘောကျ၍ ခေါ်ဝေါ်လာခဲ့သည်။ သို့သော် ဗုဒ္ဓဘာသာဝင် သံတွဲမြို့သူ၊ မြို့သားတို့အား ရှေးပုံပြင်ထဲက သံတွဲမြို့၏အခြေအနေက လွှမ်းမိုးထားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ဒွါရာဝတီမြို့ကို **"ချတ္တဇာတ်တော်"** ၌ ဖော်ပြခဲ့ပြီး၊ ၎င်းဇာတ်တော်မှာ အိန္ဒိယပုံပြင်များထဲ၌ အလွန်နှစ်သက်ဖွယ်ရာကောင်းသော ပုံပြင်များအနက် တစ်ခုပါပေ။ ဗုဒ္ဓဘုရားရှင်၏ ဘဝဖြစ်စဉ်များနှင့်လည်း ပတ်သက်နေသည်။ ဒွါရာဝတီမြို့သို့ ရန်သူများကျူးကျော်ဝင်လာပါက မြို့မှာ မိုးကောင်းကင်သို့ပါ တက်နိုင်သော အစွမ်းသတ္တိကို ဆောင်သည်။ ရန်သူများက မြို့ကို သိမ်းပိုက်လုအံ့ဆဲဆဲ၊ မြို့မှာ ၎င်းတို့၏ ဦးခေါင်းထက် အမြင့်ဘက်၌ တွဲလောင်းချိတ်ဆွဲလျက် ရှိနေသည်။ ဤပုံပြင်ကို လက်ခံယုံကြည်လာကြပြီး **"ရခိုင်ဒွါရာဝတီ"** ဟူ၍ မှတ်တမ်းတင်လာခဲ့သည်။ **"အာကာ ပျံ့ဝဲ မြို့သံတွဲ"** ဟူ၍ ခေါ်ဆိုသမုတ်လာခဲ့ကြသည်။

သံတွဲမြို့တော်ဟောင်းနှင့်ပတ်သက်ပြီး အခြားသော ဗုဒ္ဓဘာသာပုံပြင်များလည်း ရှိသေးသည်။ ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်ကာလ ဗုဒ္ဓသည် မြန်မာနိုင်ငံရှိ အရပ်ဒေသများဆီသို့ ဒေသစာရီကြွချီတော်မူခဲ့ကြောင်းကိုလည်း ဖော်ပြခဲ့

ကြသည်။ ဗုဒ္ဓဘုရားရှင်သည် ကောင်းကင်ခရီးဖြင့် ဓညဝတီရခိုင်ပြည်သို့ ကြွချီတော်မူခဲ့စဉ်၊ မဟာမုနိရုပ်ရှင်တော်မြတ်အား သွန်းလုပ်စေခဲ့ပြီး၊ သံတွဲမြို့သို့ ကြွချီခြင်းထက် ဘုရားရှင်နှစဉ်ကာလက သံတွဲ၌ သုံးဘဝတိုင်တိုင် ကျင်လည်ခဲ့ခြင်းကို ဝှက်ယူဝင့်ကြွားကြသည်။

ဘုရားရှင်နေထိုင်ခဲ့သော နေရာအရပ်တို့ဝယ် ဓာတ်တော်မွေတော်များကို စေတီများအဖြစ် ဌာပနာပြီး တည်ထားကိုးကွယ်ခဲ့သော စေတီသုံးဆူကို တွေ့မြင်နိုင်သည်။ အံတော်စေတီ၌ ဗုဒ္ဓ၏အံတော်မြတ်ကို ဌာပနာပြီး၊ ထိုနေရာ၌ အလောင်းတော်နှစဉ်ကာလ **"မြွေငန်းမင်း"** အဖြစ် ကျင်လည်သည့်နေရာဟူ၍ ယုံကြည်သည်။ နံတော်စေတီမှာ ဘုရားရှင်၏ နံရိုးတော်ဓာတ်ကို ဌာပနာသော စေတီဖြစ်ပြီး၊ ဘုရားရှင်နှစဉ်ဘဝက **"ခါမင်း"** အဖြစ် နေထိုင်ခဲ့သော နေရာဟုသတ်မှတ်သည်။ ဆံတော်စေတီမှာ မြတ်စွာဘုရားရှင်၏ ဆံတော်ဓာတ်ကို ဌာပနာထားသော စေတီတစ်ဆူဖြစ်ပြီး၊ **"စာမရီ"** (စာမရီမင်း) ဘဝဖြင့် နေထိုင်ခဲ့ရာ အရပ်ဟူ၍ ယုံကြည်ကြသည်။

ထိုဗုဒ္ဓရှင်၏ ဓာတ်တော်မွေတော်များကို ရရှိစဉ်ကာလနှင့် ရရှိခဲ့သော ဘုရင်များလက်ထက် ဓာတ်တော်မွေတော်များမှာ စစ်မှန်ခြင်းကြောင့် တန်ခိုးပြာဋိဟာများပြသခြင်း၊ ပွဲလမ်းသဘင်များ ခင်းကျင်းဆင်ယင်ခဲ့ကြောင်းတို့မှာ သံတွဲမြို့ရှိ သာမန်မိသားစုတိုင်း သိရှိထားသော အကြောင်းအရာတစ်ရပ် ဖြစ်သည်။ ဘုရားရှင်၏ နှစဉ်ဘဝက ကျင်လည်လာခဲ့သော နေရာအရပ်သည် အလွန်တရာ အတိတ်နိမိတ်ကောင်းသော နေရာဟူ၍လည်းကောင်း၊ အာကာထက်ဆီသို့ လျှို့ဝှက်ဆန်းကြယ်စွာ ပျံ့ဝံ့သော မြို့သံတွဲဟူ၍လည်းကောင်း သံတွဲနေပြည်သူများက ယုံကြည်လက်ခံထားကြသည်။

သံတွဲမြို့တည်နေရာအရပ်သည် ပုံပြင်ဆန်ဆန် လျှို့ဝှက်ဆန်းကြယ်သည့်အပြင် ၄င်းမြို့၏ ဆံတော်၊ နံတော်၊ အံတော် စေတီသုံးဆူတည်ထားခဲ့သော နေရာများသည်လည်း ဆန်းကြယ်လှသည်။ အထူးသဖြင့် အကြောင်းအရာမျိုးကို ရခိုင်ပြည်နယ်တွင် တွေ့ရသည်။ ဤစေတီသုံးဆူကို **"လျှို့ဝှက်ဆန်းကြယ်သော နက္ခတ်ဗေဒပညာရပ်"** များဖြင့် တည်ထားခဲ့သည်။ ယင်းကဲ့သို့သော စေတီများကို တစ်ခါတစ်ရံ တစ်ဆူတည်းသော်လည်းကောင်း၊ တစ်ခါတစ်ရံ စေတီသုံးဆူ၊ လေးဆူကဲ့သို့သော်လည်းကောင်း တည်ထားသည်။ အကယ်၍ အုပ်စုအလိုက် တည်ထားသည့်အခါ လျှို့ဝှက်ဖွယ်ရာ နက္ခတ်ဗေဒပညာဖြင့် စီမံပြီး၊ ပန္နက်ချသည်။ ပန္နက်ပုံကို လေးထောင့် သို့မဟုတ် တြိဂံပုံသဏ္ဍာန်ကျအောင် ထားသည်။ ထိုစေတီသုံးဆူသည် ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်မွေတော်များကို ဌာပနာထားသည့် စေတီများချည်းသက်သက်မဟုတ်ဘဲ၊ ဒွါရာဝတီမြို့ကို လျှို့ဝှက်ဆန်းကြယ်စွာဖြင့် စီမံထားရာ ဆောင်ရွက်ချက်တစ်ရပ်ဟူ၍ ကျွန်တော်အသေအချာ ယုံကြည်သည်။ ဤအချက်မှာ ရခိုင်ပြည်နယ်မှ မြို့တော်ဟောင်းများသည် ပထဝီအနေအထားအပြင်၊ ထိုအနေအထားထက် ဆန်းကြယ်စွာ စီမံကာကွယ်ထားချက်တစ်ရပ်လည်း ဖြစ်ပေသည်။

(ဗြိတိသျှစာရေးဆရာကြီး မောရစ်ကောလစ်)

* * * * *

## အပိုင်း (၃)

## "မောရစ်ကောလစ်၏ သဘောထားအမြင်ကို သုံးသပ်ကြည့်ခြင်း"

**"ရခိုင်တို့၏ဒွါရာဝတီ"** သည် စိတ်ဝင်စားဖွယ်ကောင်းသော ဒွါရာဝတီပေတည်း။ ဗြိတိသျှစာရေးဆရာကြီး မောရစ်ကောလစ်က **"ရှေးအိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များနေထိုင်ခဲ့သော မြို့တစ်မြို့အမည်ဖြစ်သည်။"** ဟု

ဆိုထားသည့်အတိုင်း အိန္ဒိယနိုင်ငံတွင်လည်း ရှေးက **"ဒွါရာဝတီ"** ဟူ၍ မြို့တစ်မြို့ရှိနေခဲ့သည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။ ယင်းအိန္ဒိယနိုင်ငံ၌ ရှိခဲ့သော **"ဒွါရာဝတီ"** ဟူသော မြို့သည် ယခုအခါ အိန္ဒိယနိုင်ငံ၌ လုံးဝမရှိတော့ချေ။

မောရစ်ကောလစ်က **"ထိုဒွါရာဝတီ-သံတွဲမြို့ကို တည်ထောင်ခဲ့သော သူများမှာ မိခင်နိုင်ငံမှ မြို့၏အမည်ကို နှစ်ခြိုက်သဘောကျ၍ ခေါ်ဝေါ်လာခဲ့သည်။"** ဟု ဆိုထားသည်ကို တွေ့ရသည်။ ယင်းအဆိုအရ **"ရခိုင်တို့၏ဒွါရာဝတီ"** ကို တည်ထောင်သော သူများမှာ **"အိန္ဒိယမဇ္ဈိမဒေသ"** က သာကီဝင်လူမျိုးများလာရောက်ကာ မြို့ပြတည်ထောင်ခဲ့ကြပြီး၊ သူတို့ပေးခဲ့သော အမည်ဟု ဆိုလိုရာ ရောက်ပါသည်။ ဤစကားသည်လည်း မှန်သင့်သလောက်မှန်သောစကား ဖြစ်ပေလိမ့်မည်။ သို့သော် **"ရခိုင်တို့၏ဒွါရာဝတီ"** သည် **"ဇမ္ဗူဒိပ်"** ဟူသော အမည်နာမစာရင်းထဲတွင် ပါဝင်နေသည်ကိုမူကား ထည့်သွင်း၍မစဉ်းစားလျှင် ပြည့်စုံမည်မဟုတ်ချေ။

ရခိုင်ရာဇဝင်အစောင်စောင်ကို လေ့လာဖတ်ရှုကြည့်ပါက ရခိုင်ရာဇဝင်နှင့် ရခိုင်သမိုင်းကို **"ရခိုင်တို့၏ဒွါရာဝတီ"** က စခဲ့သည်ကိုသာ အများဆုံးတွေ့ရှိရသည်။ ထိုအမည်ကို နှစ်ပေါင်း **"ငါးရာ၊ တစ်ထောင်"** မျှလောက်က ပေးခဲ့ကြသော အမည်နာမမျိုးကား မဟုတ်ပါ။ **"ရခိုင်တို့၏ဒွါရာဝတီ"** ကို မဆိုထားနှင့် ဓညဝတီခေတ် (ဘီစီ-၃၃၂၅-မှ အေဒီ-၃၂၇-ထိ) တွင် **"မာရယုမင်း"** တည်ထောင်ခဲ့သော **"ပထမဓညဝတီ"** သည်ပင်လျှင် ဘီစီ-၃၃၂၅-မှ-၁၅၀၇-ထိက ဖြစ်နေပါသဖြင့် "ရခိုင်တို့၏ဒွါရာဝတီ" သည် မည်မျှကြာမြင့်ခဲ့လိမ့်မည် ဆိုသည်ကိုမူ စဉ်းစားကြည့်၍ သိနိုင်လောက်ပါသည်။

ဒွါရာဝတီနှင့် ဓညဝတီကြားတွင် **"ရှေးဦးဝေသာလီ"** ဟူ၍ မြို့ပြတစ်ခု ရခိုင်ရာဇဝင်တွင် တည်ရှိခဲ့ပါသေးသည်။ ယင်းရှေးဦးဝေသာလီသည်လည်း ဘီစီ-၅၃၁၅-မှ ၃၃၂၅-ထိက ဖြစ်နေပါသဖြင့် **"ရခိုင်တို့၏ဒွါရာဝတီ"** ကို ဘီစီ-၆၀၀၀-ခန့်ဟု သမိုင်းသုတေသီတို့က ခန့်မှန်းကြပါသည်။ ထိုသို့ဆိုလျှင် **"ရခိုင်တို့၏ဒွါရာဝတီ"** သည် တိုတောင်းသော ခေတ်ကာလအချိန်က ပေါ်ပေါက်လာခဲ့သော အမည်နာမ,မဟုတ်ကြောင်းကို ကောင်းစွာသိရှိနိုင်ပါသည်။

တိုတောင်းသော ခေတ်ကာလက **"ဒွါရာဝတီမြို့"** အမည်ဖြင့် ပေါ်ပေါက်ခဲ့သော တိုင်းပြည်နှင့် နေရာဒေသများကို ဖော်ပြပေးပါဦးမည်။ ဥပမာ - ယခင်အခေါ် ယိုးဒယား (ယခုအခေါ် ထိုင်း) ဒေသတွင် **"ဒွါရာဝတီမြို့"** ဟူသော အမည်သည် **"မဲနမ်မြစ်ဝှမ်း"** ပေါ်တွင် တည်ရှိခဲ့ကြောင်း သိရှိရပါသည်။ ယင်းထိုင်းတို့၏ ဒွါရာဝတီသည် အေဒီ-၆-ရာစုမှစတင်၍ အေဒီ-၁၃-ရာစုတွင် ဇာတ်သိမ်းသွားခဲ့သည်။ ယခုအခါ ဒွါရာဝတီဟူသော မြို့အမည်သည် ထိုင်းဒေသတွင် မရှိတော့ပြီ။

၄င်းနောက် ဗမာတို့၏ တောင်ငူခေတ် (ကောဇာ-၆၄၁-မှ ၉၇၄-ထိ)၊ ကောဇာ-၈၅၃-ခု၊ (အေဒီ-၁၄၉၁)၊ နတ်တော်လဆန်း (၁၂) ရက်၊ သောကြာနေ့၊ နံနက်ပိုင်းတွင် **"မဟာသီရိဇေယသူရ"** အမည်ခံ တောင်ငူဘုရင် **"မင်းကြီးညို"** သည် **"ဒွါရာဝတီ"** ဟူသော အမည်ဖြင့် မြို့တစ်မြို့တည်ခဲ့ပါသေးသည်။ ယင်းဒွါရာဝတီမြို့မှာလည်း နှစ်ပေါင်း (၂၀) မျှလောက်သာ တည်ရှိခဲ့ပြီး၊ ပျက်စီးသွားခဲ့၏။ ယခုအခါ **"လောကုတ္တရာ"** ဟူသော အမည်ဖြင့် မြို့ဟောင်းအဖြစ်သို့ ရောက်ရှိသွားခဲ့ပြီဖြစ်သည်။

ရခိုင်တို့၏ ဒွါရာဝတီသည်ကား ယနေ့တိုင်တည်ရှိနေဆဲ။ မပျက်စီးသေး။ မြို့ဟောင်းအဖြစ်သို့ မရောက်ရှိသေး။ နောင်နှစ်ပေါင်း (သို့) ရာစုပေါင်း မည်မျှကြာမြင့်အောင် တည်ရှိနေဦးမည်ဆိုသည်ကိုမူ မည်သူမျှခန့်မှန်း၍ ရနိုင်လိမ့်မည်မဟုတ်။ ဘီစီ-၆၀၀၀ (ခန့်မှန်း) အချိန်လောက်က စခဲ့သော **"ဒွါရာဝတီ"** သည် ယနေ့ခေတ်တိုင်အောင် တည်ရှိ

နေဆဲဖြစ်ပါသဖြင့် **"ရခိုင်တို့၏ဓညဝတီ"** သည် စိတ်ဝင်စားဖွယ်ကောင်းသော ဓညဝတီဟု ဆိုခဲ့ခြင်း ဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ မြို့သက်တမ်းအရှည်ကြာဆုံး သုံးမြို့စာရင်းထဲတွင် **"ရခိုင်တို့၏ဓညဝတီ"** သည်လည်း တစ်မြို့အပါအဝင် ဖြစ်ခဲ့၏။

ဓညဝတီအပါအဝင် ရခိုင်ပြည်၊ နယ်မြေဒေသအသီးသီးတို့၌ ရှေးဦးကျောက်ခေတ်ကာလက **"ကျောက်ခေတ်လူသား"** များ အစပြုနေထိုင်လာခဲ့ကြသည်ကိုမူ သူတို့၏ ကျောက်လက်နက်ပစ္စည်းများကို တွေ့ရှိရခြင်းအားဖြင့် သိရှိနိုင်ပါသည်။ ခေတ်ကာလကြာမြင့်လာသည်နှင့်အမျှ လူမျိုးနှင့်တကွ နယ်မြေဒေသကိုပါ အစွဲပြု၍ အာရက္ခဒေသ+အာရက္ခလူမျိုး၊ ထိုမှတစ်ဆင့် ရက္ခိုင်ဒေသ+ရခိုင်လူမျိုးဟူ၍ အမည်တွင်ကာ ခေါ်ဝေါ်လာခဲ့ကြခြင်း ဖြစ်ပါသည်။

**"ရခိုင်တို့၏ဓညဝတီ"** မြို့ပြထီးနန်းကို စတင်တည်ထောင်သော မင်းကို ရခိုင်ရာဇဝင်အစောင်စောင်တို့၌ ဝါသုဒေဝ၊ ဗလဒေဝ စသော ဒသဘာတိက မင်းညီနောင်တစ်ကျိပ်တို့က စခဲ့သည်ချည်း တွေ့ရပါသည်။ အမှန်က ယင်းမင်းညီနောင်တစ်ကျိပ်တို့မှာ ဓညဝတီမြို့ပြထီးနန်းကို တိုက်ခိုက်၍ အောင်မြင်သော သူများသာ ဖြစ်ကြပါသည်။ ဓညဝတီမြို့ပြထီးနန်းကို စတင်တည်ထောင်သောသူများ မဟုတ်ကြပါ။ ထိုသို့ဆိုလျှင် သူတို့ထက်အလျင်စော၍ ဓညဝတီမြို့ပြထီးနန်းကို စတင်တည်ထောင်လာခဲ့သော မင်းဆက်တစ်ဆက်သည် ဧကန်မုချ ရှိကိုရှိနေရပါမည်။ ယင်းကဲ့သို့ ရှိခဲ့သည်ကို အမရပူရထီးနန်းရှင် ဘိုးတော်ဗဒုံမင်း၏ **"အမိန့်တော်ပြန်တမ်း"** နှင့် **"ရခိုင်မင်းရာဇာကြီးစာတန်း"** တို့အရ သိရှိရပါသည်။

ယင်းတို့၌ ဖော်ပြပါရှိသည်မှာ မဇ္ဈိမဒေသက **"ဝိဒေဟရာဇ်"** အမည်ရှိသော မင်းသည် **"ပါတလိ"** အမည်ရှိသော မြို့ကို တည်ထောင်တော်မူခဲ့၏။ ထိုမင်းမှ (၁၇၇) ဆက်မြောက် နောက်ဆုံးမင်းဖြစ်သော **"ဥပကံသမင်း"** မှာ (၁) သံဝရကုမ္မာ၊ (၂) သီရိကုမ္မာ၊ (၃) ဝရကုမ္မာ ဟူ၍ သားတော်သုံးပါးထွန်းကားတော်မူခဲ့သည်။

သားတော်ကြီး **"သံဝရကုမ္မာမင်းသား"** ကို မိမိ၏ထီးနန်းကို ဆက်ခံရန် နန်းညွန့်နန်းလျာအဖြစ် ထားတော်မူ၏။ သားတော်အလတ်ဖြစ်သော **"သီရိကုမ္မာမင်းသား"** ကို ခရိုင်ခြားလျက် **"အယုဇ္ဈပူရတိုင်း"** ကို ပေးတော်မူ၏။ ထိုအခါ သီရိကုမ္မာမင်းသားသည် **"ဓညဝတီမြို့"** ကို တည်ထောင်တော်မူ၍ ထီးနန်းစိုက်တော်မူပါသည်။ သားတော်အငယ်ဖြစ်သော **"ဝရကုမ္မာမင်းသား"** ကိုလည်း **"ရက္ခပူရတိုင်း"** ကို ပေးသနားတော်မူ၏။ ယင်းဝရကုမ္မာမင်းသားသည်လည်း **"ဝေသာလီမြို့"** ကို တည်ထောင်တော်မူ၍ ထီးနန်းစိုက်တော်မူပါသည်။

[မှတ်ချက်။ ။ ဘီစီ-၆၀၀၀-ခန့် အချိန်ကာလကပင် **"ရက္ခပူရ"** ဟူသော အမည်ကို သုံးနှုန်းနေကြပြီဖြစ်ကြောင်း သိရှိရသလို၊ ဝေသာလီမှာလည်း **"ရှေးဦးဝေသာလီ"** ပင်ဖြစ်ကြောင်း သိရှိရပါသည်။ အယုဇ္ဈပူရတိုင်းက **"ဓညဝတီမြို့"** ကို တည်ထောင်သော မင်းနှင့် ရက္ခပူရတိုင်းက **"ဝေသာလီမြို့"** ကို တည်ထောင်သော မင်းတို့မှာ **"ညီအစ်ကိုရင်းချာ"** များဖြစ်ကြောင်း အထူးသိမှတ်ရပါသည်။ ။ စာရေးသူ။]

ဓညဝတီမြို့ကို စတင်တည်ထောင်သော **"သီရိကုမ္မာမင်း"** မှ ငါးဆက်မြောက်မင်းမှာ **"ဝတကုံမင်း"** ဖြစ်ပါသည်။ ယင်းဝတကုံမင်းလက်ထက်တွင် ဝါသုဒေဝ စသော ဒသဘာတိကအမည်ရသော မင်းညီနောင်တစ်ကျိပ်တို့က **"ရခိုင်တို့၏ဓညဝတီမြို့"** ကို တိုက်ခိုက်သိမ်းပိုက်၍ အောင်မြင်ခဲ့ကြခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဓညဝတီမြို့ပြထီးနန်းကို စတင်တည်ထောင်သော မင်းမှာ ဝါသုဒေဝစသော မင်းညီနောင်တစ်ကျိပ်တို့မဟုတ်ကြောင်း ရှေးကသည်စကားကို ဆိုခဲ့ခြင်း ဖြစ်ပါသည်။

ဗြိတိသျှစာရေးဆရာကြီး မောရစ်ကောလစ်က **"ရခိုင်တို့၏ဒွါရာဝတီ"** သမိုင်းကြောင်းကို **"အိန္ဒိယပုံပြင်များထဲ၌ အလွန်နှစ်သက်ဖွယ်ကောင်းသော ပုံပြင်များအနက် တစ်ခုပါပေ။"** ဟု မှတ်ချက်ပေးခဲ့၏။ ခရစ်ယာန်ဘာသာဝင်တစ်ဦးအနေဖြင့် ဗုဒ္ဓဘုရားရှင်ဟောကြားထားခဲ့သော **"ငါးရာ့ငါးဆယ်၊ ဇာတ်နိပါတ်ဝတ္ထု"** များကို ပုံပြင်ဆန်သည်ဟု ရှုမြင်သုံးသပ်ထားသည်မှာလည်း အဆန်းတော့ မဟုတ်ပါပေ။ အလားတူ အစ္စလာမ်ဘာသာဝင်များနှင့် ဟိန္ဒူဘာသာဝင်များလည်း သည်အမြင်မျိုး မြင်ခွင့်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုဘာသာဝင်များအနေဖြင့် **"ဗုဒ္ဓဘုရားရှင်၌ အရဟံအစရှိသော ဂုဏ်တော်များနှင့် သဗ္ဗညုတဉာဏ်"** ရရှိထားမှုကို မယုံကြည်နိုင်၊ မသိရှိနိုင်သောကြောင့် ဖြစ်၏။

နိဂုံးချုပ်အနေဖြင့်ဆိုရသော် **"ရခိုင်တို့၏ဒွါရာဝတီ"** အပေါ် ဗြိတိသျှစာရေးဆရာကြီး မောရစ်ကောလစ်၏ သဘောထားအမြင်ကို **"စာရေးသူက"** ထပ်ဆင့်သုံးသပ်ပြခြင်းမျှသာ ဖြစ်ပါသည်။ ဘာသာမတူသူ နိုင်ငံခြားသားတစ်ဦး၏ ရှုမြင်သုံးသပ်မှုကို အပြစ်ဟု မဆိုသာ။ အမှားနှင့် အမှန်ကို ခွဲခြားဆုံးဖြတ်ဖို့အရေးနှင့် မိမိတို့၏သမိုင်းရာဇဝင်ကို ခိုင်မာစွာ မှတ်တမ်းတင်ထားရှိကြဖို့ အရေးသည်သာ အဓိကအရေးဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

**"လူမျိုးတိုင်း လူမျိုးတိုင်း သမိုင်းသုတေသနအမြင်ရှိဖို့ လိုအပ်ပါသည်။"**

**ဒွါရာဝတီ-အသျှင်ကုသလ**

(ကျမ်းကိုးစာရင်း)

၁။ ရတနာရွှေမြေ။ ။ ဦးလှဒင်။

၂။ ဝံသရက္ခိတမဂ္ဂဇင်း။ ။ အတွဲ (၁)၊ အမှတ် (၁)၊ ၂၀၀၇-ခု၊ ဇူလိုင်လ။

၃။ အဖရခိုင်ပြည်နှင့် မြောက်ဦးရွှေမြေ။ ။ မောင်ကျော်ဇော။

၄။ ဒွါရာဝတီ-အသျှင်ကုသလမှတ်စု။

# ဒွါရာဝတီကို ရှာဖွေပြခြင်း

စာရေးသူသည် အဘယ်ကြောင့် ဒွါရာဝတီကို ရှာဖွေပြရသနည်းဆိုပါလျှင် ဒွါရာဝတီကို သိချင်နေသူတစ်ယောက်ရှိနေသောကြောင့်တည်း။ သူသည်ကား မြန်မာနိုင်ငံသမိုင်းကော်မရှင်တွင် **"သုတေသနမှူး"** အဖြစ် အမှုထမ်းခဲ့သူ ဒွါရာဝတီ-သံတွဲ ဇာတိ ဒေါ်ကြန်(ခေါ်)စာရေးဆရာမကြီး **"မကြန်"**ပင်ဖြစ်သည်။

ဆရာမကြီးမကြန်က ၂၀၀၉ခု၊ နိုဝင်ဘာလထုတ်၊ ပိတောက်နွယ်မဂ္ဂဇင်းတွင် **"မြို့တူရွာတူများဆောင်းပါး"** ဖြင့် ဒွါရာဝတီနှင့်ပတ်သက်၍ စူးစမ်းမေးမြန်းထားသည်။ သူမ၏ **"သင်္ကြီရောင်လျှံမြို့ရှင်ပျံ(သံတွဲမြို့)"** စာအုပ်တွင်လည်း ယင်းဆောင်းပါးကို ထပ်မံဖော်ပြထားသည်။ ထို့ကြောင့် ဆရာမကြီးမကြန်အနေဖြင့် ဒွါရာဝတီနှင့်ပတ်သက်၍ သိချင်နေသူတစ်ဦးဖြစ်ကြောင်း စာရေးသူသတိပြုမိသည်။

ဆရာမကြီးသည် မြန်မာနိုင်ငံသမိုင်းကော်မရှင်တွင် သုတေသနမှူး လုပ်ခဲ့ပါလျက်၊ ထို့အပြင် ရခိုင်တို့၏ ဝတီလေးရပ်တွင် တစ်ခုအပါအဝင်ဖြစ်သည့် ဒွါရာဝတီ-သံတွဲသူဖြစ်ပါလျက် မိမိတို့၏ ဒွါရာဝတီအကြောင်းကိုမှ မသိဖြစ်နေရသည်မှာ စာရေးသူအလွန်အံ့ဩမိပါသည်။

ဆရာမကြီးက ရခိုင်ပြည်တွင်သာ **"ဒွါရာဝတီ"**ဟု မြို့အမည်ရှိသည်မဟုတ်၊ ထိုင်းနိုင်ငံတွင်လည်းရှိကြောင်း၊ ဗမာတို့၏ တောင်ငူတွင်လည်းရှိကြောင်း ထောက်ပြထားပါသည်။ ထပ်မံ၍ **"ဓညဝတီ"** ဟူသောမြို့အမည်သည်လည်း ရခိုင်တွင်သာရှိသည်မဟုတ်၊ တောင်ငူတွင်လည်း **"ဓညဝတီ"** ဟူ၍ မြို့အမည်ရှိခဲ့ကြောင်း ထောက်ပြထားပြန်သည်။ **"ဒွါရာဝတီမြစ်"**ဟုခေါ်တွင်သော **"သံတွဲမြစ်"** သည်လည်း သံတွဲတွင်သာရှိသည်မဟုတ်၊ ပုသိမ်စီရင်စုတွင်လည်း **"သံတွဲမြစ်"** ဟု ရှိကြောင်း၊ ဗြိတိသျှအင်္ဂလိပ်လူမျိုးတို့ ရေးသားသွားခဲ့သည့် **"မြန်မာပြည်ဂေဇက်တီးယား"** (၁၈၇၉)အတွဲ-၂၊ စာ-၇၂၃ကို ကိုးကားလျက် ထောက်ပြထားပါသည်။

နောက်ထပ်မံ၍ သူသိချင်နေသော အချက်တစ်ချက်လည်းရှိသေးကြောင်း ယင်းအချက်ကို သံတွဲသူ၊ သံတွဲသားများ ပြန်လည်စဉ်းစားသင့်ပြီဖြစ်ကြောင်း အောက်ပါအတိုင်း သတိပေးထားပြန်ပါသည်။

**"စဉ်းစားစရာတစ်ချက်၊ သိချင်သည့်တစ်ချက်လည်း ရှိပါသည်။ အာကာပျံ၍ မြို့သံတွဲသည် အာကာပျံသော မြို့ရှင်ပျံဖြစ်ခဲ့သည်။ သံနှင့်အတွဲခံရ၍ မပျံနိုင်တော့ဘဲ သံတွဲမြို့အမည်ရသွားသည်။ သို့ဖြစ်လျှင် ပုသိမ်စီရင်စုရှိ သံတွဲမြစ်သည်လည်း အာကာပျံတက်နိုင်ခဲ့သလား။ သံနှင့်အတွဲခံရသလားဟု သိချင်ပါသည်။ အထောက်အထားရှာမရလျှင်လည်း ရပ်ပြော၊ ရွာပြော ပါးစပ်ရာဇဝင်များကော ရှိခဲ့သလားဟု သိချင်ပါသည်။ စုံးစမ်းကြည့်ရပါဦးမည်။ သံတွဲသူ၊ သံတွဲသားများ ပြန်လည်စဉ်းစားသင့်ပြီဟု ထင်ပါသည်။"**

(သင်္ကြီရောင်လျှံမြို့ရှင်ပျံ(သံတွဲမြို့)စာအုပ်၊ စာ-၄၅)

အထက်ဖော်ပြပါအတိုင်း ဆရာမကြီးမကြန် စူးစမ်းထားသမျှကို သံတွဲသူ၊ သံတွဲသားများကိုယ်စား စာရေးသူက ရသလောက်ရှာဖွေကာ ဖြေဆိုပေးသွားမည် ဖြစ်ပါသည်။

ဒွါရာဝတီသည် **"မွန်တို့၏ ဒွါရာဝတီ"**၊ **"ဗမာတို့၏ ဒွါရာဝတီ"**၊ **"ရခိုင်တို့၏ ဒွါရာဝတီ"** ဟူ၍ သုံးမျိုးရှိရာ မွန်တို့၏ ဒွါရာဝတီမှစ၍ အစဉ်အတိုင်းဖြေဆိုပေးသွားပါမည်။

## မွန်တို့၏ ဒွါရာဝတီ

ရှေးက ယိုးဒယားဟုခေါ်တွင်ခဲ့သော ထိုင်းဒေသတွင် **"ဒွါရာဝတီ"** အမည်ဖြင့် မြို့ပြပြည်ရွာတစ်ခု ထွန်းကားခဲ့သည်။ ခေတ်ကာလအားဖြင့် အေဒီ-၆-ရာစုတွင် ဖြစ်သည်။ ထိုင်းဒေသအလယ်ပိုင်း၏ **"မဲနမ်မြစ်ဝှမ်း"** ပေါ်တွင် တည်ရှိခဲ့သည်။ ယင်းဒွါရာဝတီနယ်မြေဒေသ၏ အနောက်ဘက်၌ **"ရာမညဒေသ"** (=သထုံပြည်) ဟူ၍လည်း ရှိနေပေသည်။ ထိုဒေသနှစ်ခုစလုံးတွင် မွန်လူမျိုးများနေထိုင်ကြသည်။ မွန်လူမျိုးတို့၏ နယ်မြေဒေသပင်တည်း။

ထိုကာလတွင် ဒွါရာဝတီပြည်၏ ဗဟိုအချက်အချာမှာ **"ပရပထုံမြို့တော်"** ဖြစ်သည်။ ထိုဒေသတွင် ဗုဒ္ဓသာသနာထွန်းကားလျက်ရှိသည်။ ပရပထုံ၌ တည်ထားသော စေတီတော်ကို **"ပရပထုံစေတီ"** ဟုခေါ်ပြီး၊ ယင်းဒေသမှ ရရှိသော ကျောက်စာကို **"ပရပထုံကျောက်စာ"** ဟုခေါ်တွင်သည်။

အေဒီ-၉-ရာစုသို့ ရောက်သောအခါ **"ဒွါရာဝတီနှင့်လောဒေသ"** တို့သည် **"ခမယ်"** လူမျိုးဖြစ်သော ကမ္ဘောဇ (=ကမ္ဘောဒီးယား) ဘုရင်များ လက်အောက်သို့ ကျရောက်ခဲ့ရသည်။ ထိုအခါ သူတို့က မွန်တို့၌ဒါနီ **"လော့ပုရီ"** ကို မင်းနေပြည် ပြုလုပ်ခဲ့ကြသည်။

အနောက်မြောက်ဘက်တွင်ရှိနေကြသော မွန်အချို့တို့သည် **"ဟရိပုဥ္စယ"** (ယခုအခေါ်=လမ်းဖုံး) ဟူသော အမည်ဖြင့် ပြည်တည်ထောင်လျက် ရှိနေကြပေသေးသည်။ အေဒီ-၁၃-ရာစုသို့ ရောက်သောအခါ၌ကား တရုတ်တို့၏ အနောက်တောင်ပိုင်း **"ယူနန်"** ဒေသမှ **"တိုင်"** (=ယခုအခေါ်=ထိုင်း) လူမျိုးများ အများအပြားဝင်ရောက်လာခဲ့ကြသည်။ **"တိုင်"** လူမျိုးများ အင်အားကောင်းလာသည့်အခါ ဒွါရာဝတီဒေသကို **"ခမယ်"** လူမျိုးများထံမှ သိမ်းပိုက်လိုက်ကြလေသည်။

သို့ဖြစ်၍ ထိုင်းနိုင်ငံ၏ မူလလူမျိုးများမှာ **"မွန်လူမျိုး"** များဖြစ်ကြပြီး၊ နောင်အခါ **"ကမ္ဘောဒီးယား-ခမယ်လူမျိုး"**၊ **"တရုတ်တိုင်လူမျိုး"** များနှင့် ရောနှောပေါင်းစပ်သွားခဲ့ကြသည်။ ထို့ကြောင့် ထိုင်းဒေသရှိ **"ဒွါရာဝတီ"** ကို **"မွန်တို့၏ဒွါရာဝတီ"**ဟု ဆိုခဲ့ခြင်းဖြစ်သည်။ ယင်းဒွါရာဝတီသည် အေဒီ-၁၃-ရာစုအထိသာ တည်ရှိခဲ့ပြီး၊ ယခုအခါ ထိုင်းဒေသ၌ ဒွါရာဝတီဟူသော အမည်နာမဖြင့် ညွှန်ပြစရာ မြို့ဟူ၍ပင် မရှိတော့ပြီ။

## ဗမာတို့၏ ဒွါရာဝတီ

ဗမာတို့၏ တောင်ငူခေတ်(ကောဇာ-၆၄၁-မှ-၉၇၄-ထိ)၊ ကောဇာ. ၈၅၃-ခု၊ (အေဒီ-၁၄၉၁)၊ နတ်တော်လဆန်း(၁၂)ရက်၊ သောကြာနေ့၊ နံနက်ပိုင်းတွင် **"မဟာသီရိဇေယျသူရ"** အမည်ခံ တောင်ငူဘုရင်**"မင်းကြီးညို"** သည် **"ဒွါရာဝတီ"** ဟူသောအမည်ဖြင့် မြို့တစ်မြို့တည်ခဲ့သည်။ ယခုအခါ ယင်းနေရာကို **"လောကုတ္တရာ"** ဟု ခေါ်တွင်လျက်ရှိသည်။ မင်းကြီးညိုသည် ယင်းဒွါရာဝတီမြို့၌ နှစ်ပေါင်း(၂၀)မျှ စိုးစံခဲ့သည်။ ရခိုင်တို့၏ဒွါရာဝတီနှင့် ဗမာတို့၏ဒွါရာဝတီ အမည်တူနေသည်မှာလည်း စဉ်းစားစရာဖြစ်နေသည်။ တောင်ငူမြို့၌ ယနေ့တိုင် **"ရခိုင်စု"** ဟူ၍ ရပ်ကွက်တစ်ခုရှိနေသည်။ ဒွါရာဝတီမြို့နှင့် ရခိုင်စုဟူသောအမည်မှာ မည်မျှဆက်စပ်မှုရှိခဲ့သနည်း။ စဉ်းစားကြရပေမည်။ ယခုအခါ တောင်ငူခေတ် **"ဗမာတို့၏ဒွါရာဝတီ"** မှာလည်းအသက်မဝင်တော့ဘဲ **"လောကုတ္တရာ"** ဟူ၍ မြို့ဟောင်းအနေဖြင့်သာ တည်ရှိနေပေတော့၏။

ထို့အပြင် ရခိုင်တို့၏ **"ဓညဝတီမြို့"** ဟူသောအမည်နာမနှင့်ထပ်တူ တောင်ငူခေတ်၌ **"ဓညဝတီ"** ဟူ၍

အမည်တူမြို့တစ်မြို့ တည်ခဲ့ကြပါသေးသည်။ ယင်းမြို့မှာလည်း သက်တမ်းမရှည်ကြာခဲ့ဘဲ မြို့ဟောင်းအဖြစ်သို့ ရောက်ရှိသွားခဲ့၏။ ယခုအခါ **"တောင်ငူတော"** ဟုခေါ်တွင်လျက် ရှိပါသည်။

သို့ဖြစ်၍ ရခိုင်တို့၏ **"ဒွါရာဝတီ"** ဟူသော အမည်နာမကိုဖြစ်စေ၊ **"ဓညဝတီ"** ဟူသော အမည်နာမကိုဖြစ်စေ မည်သည့်နိုင်ငံကမဆို အတုလိုက်၍ ထည့်ပိုင်ခွင့်ရှိသော အမည်နာမဖြစ်ကြောင်း သိစေချင်ပါသည်။

## ရခိုင်တို့၏ဒွါရာဝတီ

အာရက္ခဒေသ-သို့မဟုတ်၊ ရက္ခပူရ-သို့မဟုတ်၊ မဟာသကမဏ္ဍလ-သို့မဟုတ်၊ ရက္ခင်၌ ရှိသော **"ရခိုင်တို့၏ ဒွါရာဝတီ"** သည် ကုသမင်းသက္ကရာဇ် ၄၀၀၀-မတိုင်မီ၊ ဘီစီ-၆၀၀၀ခန့် ကာလကပဲ **"ဒွါရာဝတီ"** ဟူသော အမည်နာမဖြင့် ယင်းနေရာ၌ ယနေ့ထက်တိုင် တည်ရှိနေဆဲဖြစ်ပါသည်။

ရခိုင်တို့၏ ဒွါရာဝတီသည် ကမ္ဘာပေါ်တွင် သက်တမ်းအရှည်ကြာဆုံးမြို့ **"သုံးမြို့"** ရှိသည့်အနက် တစ်မြို့အပါအဝင်ဖြစ်ခဲ့၏။ ယင်းသုံးမြို့ဆိုသည်မှာ ဆီးရီးယားနိုင်ငံတွင် **"ဒမတ်စကတ်မြို့"**၊ အိန္ဒိယနိုင်ငံတွင် **"ဗာရာဏသီမြို့"** နှင့် မြန်မာနိုင်ငံတွင် **"ဒွါရာဝတီ(ခေါ်)သံတွဲမြို့"** တို့ ဖြစ်ကြ၏။ ယင်းသုံးမြို့သည်ကား ကမ္ဘာပေါ်တွင် သက်တမ်းအလွန်ရှည်ကြာသော မြို့များဖြစ်ကြသဖြင့် **"မသေသောမြို့"** ဟု လူတို့တင်စားခေါ်ဝေါ်ခဲ့ကြကုန်၏။

ရခိုင်ပြည်၌ **"ဒွါရာဝတီ"** ဟူသော အမည်နာမသည် မည်သည့်အခါမျှတိမ်ကော၍ မသွားခဲ့။ ခေတ်အဆက်ဆက် တည်တံ့လျက်ပင် ရှိနေပါသည်။ ရခိုင်လူမျိုးတို့ ဖြတ်သန်းလာခဲ့ကြသော ခေတ်ကာလသမိုင်းကြောင်းသည် အလွန်ရှည်လျားကြာမြင့်ခဲ့ပြီးဖြစ်၏။ ယင်းသမိုင်းကြောင်းကို စစ်တမ်းထုတ်ကြည့်သော် ဤသို့တွေ့ရ၏။

(၁) ဒွါရာဝတီခေတ်(ရခိုင်ခေတ်ဦး) - ဘီစီ-၆၀၀၀-ခန့်။
(၂) ရှေးဦးဝေသာလီခေတ် - ဘီစီ-၅၃၁၅-မှ ၃၃၂၅-ထိ။
(၃) ဓညဝတီခေတ် ပထမ ဓညဝတီ - ဘီစီ-၃၃၂၅-မှ ၁၅၀၇-ထိ။
ဒုတိယ ဓညဝတီ - ဘီစီ-၁၅၀၇-မှ ၅၈၀-ထိ။
တတိယ ဓညဝတီ - ဘီစီ-၅၈၀-မှ အေဒီ-၃၂၇-ထိ။
(၄) ဝေသာလီကျောက်လှေကားခေတ် - အေဒီ-၃၂၇-မှ ၈၁၈-ထိ။
(၅) လေးမြို့ခေတ် - အေဒီ-၈၁၈-မှ ၁၄၃၀-ထိ။
(၆) မြောက်ဦးခေတ် ပထမ မြောက်ဦး - အေဒီ-၁၄၃၀-မှ ၁၅၂၁-ထိ။
ဒုတိယ မြောက်ဦး - အေဒီ-၁၅၃၁-မှ ၁၆၃၈-ထိ။
တတိယ မြောက်ဦး - အေစီ-၁၆၃၈-မှ ၁၇၈၄-ထိ။
(မှတ်ချက် ။ ။ ရခိုင်လူမျိုးတို့သည် အေဒီ-၁၇၈၄(ရခိုင်သက္ကရာဇ် -၁၁၄၆-ခု)ထိ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် လွတ်လပ်စွာ ရပ်တည်နေထိုင်လာခဲ့ကြသော လူမျိုးများဖြစ်ကြ၏။)
(၇) ဗမာမြို့ဝန်များခေတ် - အေဒီ-၁၇၈၄-မှ ၁၈၂၄-ထိ။

(၈) ဗြိတိသျှခေတ်(ပထမအကြိမ်) - အေဒီ-၁၈၂၄-မှ ၁၉၄၁-ထိ။
(၉) ဂျပန်ခေတ် - အေဒီ-၁၉၄၂-မှ ၁၉၄၅-ထိ။
(၁၀) ဗြိတိသျှခေတ်(ဒုတိယအကြိမ်) - အေဒီ-၁၉၄၅-မှ ၁၉၄၈-ထိ။
(၁၁) ဖ. ဆ. ပ. လ ပါလီမန်ဒီမိုကရေစီခေတ် (အိမ်စောင့်အစိုးရခေတ်) - အေဒီ-၁၉၄၈-မှ ၁၉၆၂-ထိ။
(၁၂) တော်လှန်ရေးကောင်စီခေတ် - အေဒီ-၁၉၆၂-မှ ၁၉၇၄-ထိ။
(၁၃) မ. ဆ. လခေတ် - အေဒီ-၁၉၇၄-မှ ၁၉၈၈-ထိ။
(၁၄) န. ဝ. တခေတ် - အေဒီ-၁၉၈၈-မှ ၁၉၉၇-ထိ။
(၁၅) န. အ. ဖခေတ် - အေဒီ-၁၉၉၇-မှ ၂၀၁၀-ထိ။
(၁၆) ပါတီစုံဒီမိုကရေစီခေတ် - အေဒီ-၂၀၁၀-မှစ၍

## ဒွါရာဝတီကို အဓိပ္ပာယ် ဖွင့်ဆိုပြခြင်း

" **ဒွါရာဝတီ**" ဟူသောစကားသည် ပါဠိဘာသာစကားဖြစ်၏။ ယင်းပါဠိဘာသာစကားကို သဒ္ဒါနည်းအားဖြင့် ပုဒ်ခွဲကြည့်သော် ဒွါရာ-တစ်ပုဒ်၊ ဝတီ-တစ်ပုဒ် ဖြစ်လာ၏။ ဒွါရ+ဒွါရာ ဟူသော ပါဠိဘာသာစကားမှာ **"ဝင်ရာထွက်ရာ တံခါးပေါက်"** ကိုရပြီးလျှင်၊ **"ဝတီ"** မှာ **"ရှိသည်"** (သို့) **"တည်ရှိရာအရပ်"** ဟု အဓိပ္ပာယ်ရလေသည်။

ဒွါရာဝတီမြို့၏ အရပ်လေးမျက်နှာတွင် တောင်တန်းကြီးများ ဝန်းရံကာဆီးလျက် ရှိကြ၏။ ဒွါရာဝတီမြို့ကို မည်သည့်အရပ်ကဘဲ ဝင်သည်ဖြစ်စေ၊ ထွက်သည်ဖြစ်စေ တောင်သည်တံခါးပေါက်သဖွယ် တည်ရှိနေသောကြောင့် **"တောင်တံခါးမြို့"** (=ဒွါရာဝတီမြို့)ဟု အမည်တွင်ခဲ့ခြင်း ဖြစ်ပါသည်။

မြတ်စွာဘုရားကလည်း ဒွါရာဝတီမြို့၏ တစ်မျက်နှာမှာ သမုဒ္ဒရာရှိပြီးလျှင်၊ အခြားတစ်မျက်နှာမှာ တောင်ရှိ၏ဟု ဟောကြားထားခဲ့၏။ ဘုရားရှင်ဟောကြားထားခဲ့သည့်အတိုင်း ဟုတ်မဟုတ်-မှန်မမှန်ကို မည်သူမဆို လာရောက် လေ့လာကြည့်ရှုနိုင်ပါသည်။

မြတ်စွာဘုရားသည် ဒွါရာဝတီမြို့အကြောင်းနှင့်ပတ်သက်၍ ငါးရာ့ငါးဆယ်၊ ဒသနိပါတ်၊ ဃဋပဏ္ဍိတဇာတ်တွင် အကျယ်တဝင့် ဟောကြားထားခဲ့သည်ကိုလည်း လေ့လာဖတ်ရှုနိုင်ပါသည်။

မင်္ဂလာဘုံကျော်၊ ညောင်ကန်ဆရာတော်ဘုရားကြီးက သူ၏ ငါးရာ့ငါးဆယ်၊ ဇာတ်ဝတ္ထု၊ တတိယတွဲတွင် **"အာကာပျံ့ဝဲ မြို့သံတွဲ"** ဟူသော ခေါင်းစဉ်ဖြင့် ဘာသာပြန်ဆိုထားသည်ကို တွေ့ရှိနိုင်ပါသည်။

ပဝေဏီမွေ့သတ်ကျမ်း၊ ပေမူ၊ က-ချပ်၊ ဝမ်းဘက်ကြောင်းရေ-၃ တွင်လည်း- **"ဝါသုဒေဝ၊ ဒသညီနောင်၊ တစ်ကျိပ်မောင်တို့၊ ကြံဆောင်လုံ့လ၊ ဥဿဟာထူ၊ ကျွန်ဇမ္ဗူကို၊ သိမ်းယူတုံမြောက်၊ ခြောက်သောင်းသုံးထောင်၊ မင်းအပေါင်းကို၊ ကုန်အောင်မပျက်၊ စက်လက်နက်ဖြင့်၊ သတ်လျက်ထိုခါ၊ မြို့ဒွါရာကို၊ သိမ်းကာအုပ်စိုး၊ ထီးဖြူမိုးလျက်၊ မျိုးရိုးစဉ်ဆက်၊ မပျက်စိမ့်ငှါ၊ ရက္ခာပူရ၊ တွင်စေကြ၍၊ ရက္ခနွယ်စဉ်၊ မျိုးရခိုင်ဟု၊ ခေါ်ဆိုပြုလျက်၊ နွယ်ဆက်မပျက်၊ စိုးစံလျက်တည်း။"** ဟူ၍ တွေ့ရှိရသည်။

ဂဇပကာသနီကျမ်းတွင်လည်း -**"ပစ္ဆမဏ္ဍလေ၊ အနောက်တိုင်း၌။ ဒွါရာဝတီနာမနဂရံ၊ ဒွါရာဝတီ မည်သော**

**မြို့ကို။ ဝါသုဒေဝဒသရာဇာနော၊ ဝါသုဒေဝစသော မင်းညီနောင်တစ်ကျိပ်တို့သည်။ ကနေကဝါရဲ၊ အကြိမ်များစွာ။ ယုဇ္ဈနွာပိ၊ စစ်ထိုးလုပ်ကြံကုန်သော်လည်း။ ဟတ္ထဂတံ၊ လက်တော်သို့ရောက်အောင်။ ကာတုံ၊ပြုခြင်းငှာ။ နသက္ကာ။ မတတ်နိုင်ကုန်။ အယပဗ္ဗနေနေဝ၊ သံကြိုးဖွဲ့တွဲမှုသာလျှင်။ သဂ္ဂေဏှန္တိ၊ ကပ်နိုင်ကုန်၏။”** ဟူ၍ တွေ့ရှိရသည်။

စိန္တကျော်သူ-ဦးဩကသူ၏ **“ကဝိလက္ခဏာသတ်ပုံကျမ်း”** တွင်လည်း **“ဒွါရာပူရဲ၊ မိုးသို့ပျံ၊ သံနှင့်ချိပ်ကာတွဲ”** ဟူ၍ သတ်ပုံသံပေါက်စပ်ဆိုခဲ့သည်။

ကျီးကန်ရှင်ကြီး(ခေါ်) ရှင်နန္ဒမေဓက-**“အာကာတိမ်ယံ၊ မိုးသို့ပျံ၊ နာမံခေါ်မြဲ၊ ဘယ်မြို့လဲ။”** ဟူ၍ မေးထားသည်ကို ရွှေတောင်မြို့၊ ကျီးသဲလေးထပ်ဆရာတော်ကြီးက **“အာကာတိမ်ယံ၊ မိုးသို့ပျံ၊ သံနှင့်ချိပ်တွဲ၊ မြို့သံတွဲ။”** ဟူ၍ **“သံတွဲမြို့”** ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

မုံရွေးဇေတဝန်ဆရာတော် အရှင်အရိယာဝံသ အာဒိစ္စရံသီကလည်း- **“ဝါသုဒေဝ၊ မင်းဗာလက၊ စသည်ဘုန်းခေါင်၊ ညီနောင်အရင်း၊ ဆယ်ယောက်မင်းကို၊ ထန်ပြင်းတေဇာ၊ ဘုန်းအာဏာဖြင့်၊ ဒွါရာပူရဲ၊ မိုးသို့ပျံ၍၊ သံနှင့်တွဲချည်၊ မြည်းစောင့်ပြည်၌”** ဟူ၍လည်းကောင်း -

ဝက်မစွတ်မြို့စားနဝဒေးကြီးကလည်း-**“ဝါသုဒေဝ၊ ဒသညီနောင်၊ မင်းကုန်အောင်တို့၊ ပြောင်ပြောင် ဇမ္ဗူလှည့်သိမ်းယူသော်၊ ရှုရှုပင်လယ်၊ ငှက်နှယ်ပျံဝဲ၊ မြို့သံတွဲဝယ်၊ ဝှန်သဲဟည်းရှူး၊ မြည်းဘီလူးကို၊ ပွဲဦးခွင်းလှစ်၊ မင်းချည်းဖြစ်က၊”** ဟူ၍လည်းကောင်း -

ရွှေတိုက်စိုးဦးတိုးကလည်း- **“အောင်စည်ရင့်ကျူး၊ တာရာဦးတွင်၊ ကွန့်မြူးမိုးယံ၊ ဖြူးဖြူးပျံသား၊ မြို့သံတွဲမည်၊ ရခိုင်ပြည်သို့၊ စွယ်ရှည်ရန်ညွန့်၊ ဖြတ်ချေခန့်၍၊ မြတ်သန့်ခါရက်၊ ချီခဲ့ထွက်သော်၊”** ဟူ၍ လည်းကောင်း-

သံတွဲမိဖုရား-စောယဉ်မိကလည်း-**“မင်းစောဒသ၊ ဘာတိကတို့၊ ဒီပဇမ္ဗူ၊ လုံးလုံးချုံ၍၊ခွန်ယူသိမ်းမြန်း၊ ထီးနန်းတည်ရာ၊ မယ်တို့ရွာလည်း၊ ဒွါရာဝတီ၊ သင်္ဂီရောင်လျှံ၊ မြို့ရှင်ပျံဝယ်၊”** ဟူ၍လည်းကောင်း -

ရခိုင်ရှေးထုံးရာဇဝင်လင်္ကာ၌လည်း-**“ဇမ္ဗူခွင်၌၊ ဘုရင်ပြိုင်ထူ၊ ဝါသုဒေဝ၊ ဗလဒေဝ၊ မင်းလှညီနောင်၊ တစ်ကျိပ်အောင်တို့၊ ဖျက်ဆောင်တူးဖြိုု၊ နဂိုရ်အောင်ချာ၊ တူးဖြိုုရာကို၊ စဉ်လာကျော်ချောက်၊ မြို့တော်ပေါက်ဟု၊ ယခုတိုင်တွင်၊ အောင်မြင်မလွဲ၊ သံနှင့်တွဲ၍၊ သံတွဲတွင်လေ၊ သာမောစည်လျှင်၊ သဘင်ကြီးရှည်၊ စံရွှင်ပေသည်၊ ဆိုလေနတ်ဘုံ၊ မမှားတုံဟု၊ လူ့ဘောင်အောင်ချာ၊ စံကြပါ၏။”** ဟူ၍လည်းကောင်း -

ရတုစာဆိုနဝဒေးက သူ၏ **“ခရီးမြေရှည်ချီ”** သံတွဲမြို့၊ အံတော်ဘုရားတိုင်ရတု၊ ဒုတိယပိုဒ်တွင်လည်း **“မနီးရွှေပြည်၊ နေရသည်မူ၊ ထက်ရည်မိုးသို့၊ ပျံသည့်မြို့ဝယ်၊ ရန်စို့ပယ်ချိုး၊ ဖြူရိုပ်မိုးသား၊ တန်ခိုး ထန်ပြင်း၊ ရခိုင်မင်း”** ဟူ၍ လည်းကောင်း -

လက်ဝဲသုန္ဒရက သူ၏ **“မြတ်ပန်းဝေဆာချီ”** ကျေးစေရတု၊ ဒုတိယအပိုဒ်တွင်လည်း **“ပတ်သန်းခွေကာ၊ ရှေးသောခါက၊ ဗိုလ်ပါဝန်းကျင်၊ မြို့စီရင်သော်၊ ကောင်းကင်တိမ်မိုး၊ ပျံမည်စိုး၍၊ သံကြိုးရစ်ချည်၊ ဆိုင်းဘူးသည်ဟု၊ မြို့စည်သံတွဲ၊ ရမ်းဗြဲပြည်ထောင်၊ မာန်အောင်တစ်ဆိုင်၊ ရခိုင်တစ်သင်း၊ လေးပါးမင်း”** ဟူ၍ လည်းကောင်း-

ဒွါရာဝတီ-လမုချောင်းဆရာကျော်မဲက သူ၏ **“မဟာဝိဟိ က ရခိုင်ရာဇဝင်လင်္ကာ”** အပိုဒ်(၁၅) တွင်- **“ဒွါရာဝတီ၊ လေးအင်ညီသား၊ သင်္ဂီရောင်လျှံ၊ မြို့ရှင်ပျံကို၊ လုပ်ကြံကြိုးစား၊ တိုက်လတ်ငြားသည်၊ သျှစ်ပါးဒိသာရဲ ပတ်တည်း”** ဟူ၍လည်းကောင်း -

အပိုဒ်(၁၆)တွင်-"**ခုပင်အပြီး၊ ထိုမြို့ကြီးကို၊ ခြားဆီးလိုးဖြတ်၊ သံမှိုခတ်၍၊ မချွတ်ကူးလျှက်၊ မြို့ပေါင်ဖျက်မှ၊ မြို့ချက်အမြဲ၊ သံနှင့်တွဲသော်၊ ပျံ့ဝဲပြုကျင်၊ ထက်ကောင်းကင်သို့၊ ခုပင်ကြွ၍၊ မပျံ့ဝဲတည်း၊**" ဟူ၍ လည်းကောင်း၊

အပိုဒ်(၁၇)တွင်- "**မြို့မြတ်နယ်ကွက်၊ အလယ်ချက်ကို၊ ရိုက်နှက်ဆတ်ဆတ်၊ သံမှိုခတ်မှ၊ မချွတ်မလွဲ၊ သံဖြင့်တွဲလျက်၊ အမြဲစောင့်မှတ်၊ ရံဝန်းပတ်၍၊ ထားလတ်သောခါ၊ မြို့ဒွါရာလည်း၊ အာကာတိမ်ယံ၊ မပျံ့နိုင်ဘဲ၊ နီတိုင်းမြဲ၏။ မလွဲမှန်ထ၊ မြို့ကိုရလျှင်၊ နာမသညာ၊ သံတွယ်ရာကို၊ သိသာမည်ထင်၊ သံတွဲတွင်၏။**" ဟူ၍ လည်းကောင်း-

အပိုဒ်(၁၈)တွင်-"**ရှိညွှတ်ခပ်သိမ်း၊ ရန်စစ်ငြိမ်း၍၊ မုဒိမ်းမြေခြုံခိုးသူစသည်၊ လန့်ထကြောက်ကျင်၊ ရန်မျိုးစင်မှ၊ သောင်းခွင်ကျော်ကြား၊ ထိုမင်းများရို့၊ ပျော်ပါးမြူးစံ၊ မြို့ရှင်ပျံ့၍၊ ခြံရံများဖျင်၊ များလူသျှင်နှင့်၊**" ဟူ၍ လည်းကောင်း -

ရခိုင်ရာဇဝင်လင်္ကာတွင်လည်း "**ယောက်ျားတစ်ဆယ်၊နောက်ဝယ်သမီး၊ဖွား၍ပြီးသော်၊ သားကြီး ညီနောင်၊ လက်ရုံးထောင်လျက်၊ ကြံဆောင်ပတ်ကုံး၊ ဇမ္ဗူလုံးကို၊ ခွန်ကျုံးရလျှင်၊ တန်ခိုးထင်သား၊ မြို့ရှင်ကြော်ငြာ၊ ဒွါရာဝတီ၊ ပြည်ပူရီဟု၊ ရန်မှိုလတ်ပြန်၊ ဝဲပျံ့နေခြင်း၊ သတင်းအလျောက်၊ ချီလာရောက် သော်၊ မြို့ပျောက်လေက၊ စူးစမ်းကြမှု၊ တောရသိမ်မွေ့၊ ရသေ့အမြွက်၊ ဆိုချက်ဝေဝုစ်၊ စကားငုတ်ကြောင့်၊ ကြံလုပ်မှတ်စွဲ၊ သံဖြင့်တွဲလျက်၊**" ဟူ၍ လည်းကောင်း -

"**သံခေါင်ယံတွင်၊ စားပွဲတင်၍၊ ပျော်ရွှင်စားကြိုက်၊ မွေ့လျော်ခိုက်ကို၊ ခတ်ရိုက်အားနှိပ်၊ သံကွင်းချိပ်က၊ မြဲကြိတ်လက်ချ၊ မြို့ကိုရ၍၊ ထိုမှစသည်၊ ကာလရှည်အောင်၊ နာမည်ဖောက်လွဲ၊ မြို့သံတွဲဟု၊ မှတ်စွဲလူ့ခွင်၊ ယခုတွင်သည်။ ။ ဘုရင်ရာဇဌာနီတည်း။**" ဟူ၍လည်းကောင်း -

အသောကာရာမတိုက်၊ ရတနာဘုံကျော်ကျောင်းကျောက်စာတွင်လည်း- "**ရခိုင်ဓညဝတီစသော၊ ဒွါရာဝတီ တိမ်ဆီမိုးယံ၊ ပျံ့သည့်မြို့မှသော်လည်း၊ လက်နက်နိုင်ငံဖြစ်၍၊ ရွှေဘုန်းတော်အား၊ သိကြားစောင်မ၊ ချီးပင့်သဖြင့်၊ ရွှေပြည်တော်သို့၊ ရောက်တော်မူသော၊**"ဟူ၍လည်းကောင်း၊ စသည်ဖြင့်၊ ဒွါရာဝတီ-သံတွဲမြို့နှင့်ပတ်သက်၍ စာဆိုပညာရှင်အသီးသီးတို့က ကိုယ့်အမြင်နှင့်ကိုယ် မှတ်တမ်းတင်ထားခဲ့ကြပါသည်။

## ဓညဝတီကို အစီပွာယ်ဖွင့်ဆိုပြခြင်း

ရခိုင်တို့၏ "**ဓညဝတီ**" ဟူသော အမည်ကဲ့သို့ ဗမာတို့၏ တောင်ငူခေတ် (အေဒီ-၁၂၇၉မှ၁၆၁၂ထိ) တွင်လည်း ဓညဝတီဟူ၍ မြို့တစ်မြို့တည်ရှိခဲ့၏။ ဓညဝတီဟူ၍ မြို့အမည်ချင်းတူနေသော်လည်း မြို့အမည်ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့် စတင်သုံးစွဲခဲ့သည့် ခေတ်သက်တမ်းမှာ တူနိုင်ဖွယ်မရှိပါ။

ရခိုင်တို့၏ လယ်ယာစိုက်ပျိုးမှုလုပ်ငန်းနှင့် "**ဓညဝတီ**" ဟူသောအမည်နာမမှာခွဲခြား၍မရလောက်အောင် ဒွန်တွဲလျက်ရှိကြ၏။ ရခိုင်တို့သည် ဓညဝတီဟူသော အမည်နာမကို မည်သည့်အချိန်လောက်က စတင်၍ ခေါ်ဝေါ်ခဲ့ကြသည်ကို ရခိုင်ရာဇဝင်သစ်ကျမ်း၊ ပထမတွဲ၊ စာ-၂၁၀-တွင်

"**ထိုမြို့ကို အဘယ်သို့အမည်မှည့်ရပါအံ့နည်း**" ဟုလျှောက်ပြန်လေသော် ရှင်ရသေ့ ဤသို့ဆို၏။ ကကုသန်၊ ကောဏဂုံ၊ ကဿပဟူသော မြတ်စွာဘုရားတို့လက်ထက်တွင်လည်း "**ဓညဝတီ**" ဟုအစဉ်အတိုင်း အမည်ကို ဗျာဒိတ်

ပေးတော်မူလေပြီ။ နောင်ပွင့်တော်မူလတ္တံ့သော ဂေါတမနှင့် အရိမေတ္တေယျမြတ်စွာဘုရားတို့လည်း **"ဓညဝတီ"** အမည်ဟောင်းကို တွင်စေအံ့သတည်း။" ဟုအမည်ဟောင်းကိုပင် **"ပညတ်"** ခေါ်ဝေါ်ကြလေဟု မိန့်တော်မူ၍ **"နာဂိန္ဒ ရှင်ရသေ့"**သည် မြောက်ဘက် **"ဟိမဝန္တာ"** သို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူလေသည်။ ဟူ၍ ရေးသားဖော်ပြ ထားသည်ကို တွေ့ရှိရသည်။

အဆိုပါ အမည်နာမကို **"နာဂိန္ဒရှင်ရသေ့"** ပြောပြခဲ့သည့် အချိန်ကာလမှာဂေါတမဘုရားရှင်၏ဘိုးတော် **"အဥ္စနမင်း"**၊ **"ဏ. ဝ. စ. ဧကေန်း"** ဟုဆိုအပ်သော **"၈၆၄၅"** ကိုမဖြိုမီ၊ သက္ကရာဇ်-၅၉၉၅ ခုနှစ်က ဖြစ်ကြောင်း သိရှိရပါသည်။ ရှေးရှေးဘုရားရှင်တို့ လက်ထက်က **"ဓညဝတီ"** ၏ အတိတ်ဝတ္ထုကို ချန်လှပ်၍ သမိုင်းမှတ်တမ်းရှိပြီး ပစ္စုပ္ပန်ဝတ္ထုအရဆိုပါလျှင် ရခိုင်တို့သည် ဓညဝတီဟူသောအမည်ကို ပထမဓညဝတီခေတ် (ဘီစီ-၃၃၂၅-မှ-၁၅၀၇-ထိ) ကပင် ခေါ်တွင်ခဲ့ကြောင်း သမိုင်းကဆိုပါသည်။

ရခိုင်တို့သည် **"ဓညဝတီ"**ဟူသော အမည်နာမကို စကားလုံးလှ၍ ခေါ်ခဲ့ကြသည်မဟုတ်၊ ဓည-စပါး၊ ဝတီ-တည်ရှိရာအရပ်- စပါးပေါ်များစွာ တည်ရှိရာအရပ်ဒေသဖြစ်ခြင်းကြောင့် **"ဓညဝတီ"**ဟူ၍ အနွတ္ထသညာ အနေအားဖြင့် ခေါ်တွင်ခဲ့ကြခြင်းဖြစ်ပါသည်။

## သံတွဲကို အစိပ္ပာယ်ဖွင့်ဆိုခြင်း

ဆရာမကြီးမကြန်က **"အာကာပျံဝဲ မြို့သံတွဲသည် အာကာပျံသော မြို့ရှင်ပျံဖြစ်ခဲ့သည်။ သံနှင့် အတွဲခံရ၍ မပျံနိုင်တော့ဘဲ သံတွဲမြို့အမည်ရသွားသည်။ သို့ဖြစ်လျှင် ပုသိမ်စီရင်စုရှိ "သံတွဲမြစ်" သည်လည်း အာကာသို့ ပျံတက်နိုင်ခဲ့သလား၊ သံနှင့်အတွဲခံရသလားဟု သိချင်ပါသည်"**ဟူ၍မေးခွန်းထုတ်ထားသည်။

အဆိုပါမေးခွန်းသည် သံတွဲသူ-သံတွဲသားများအတွက် မေးထားသော မေးခွန်းဖြစ်သည်။ သည်မေးခွန်း ကို သံတွဲသူ၊သံတွဲသားများက ဖြေကြားပေးရမည်ထက်၊ **"သဗ္ဗညုတဉာဏ်"** ကိုရရှိတော်မူသော **"သမ္မာသမ္ဗုဒ္ဓဂေါတမ"** ဘုရားရှင်သည်သာ **"ဖြေကြားသင့်သူ"** ဟုထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဒွါရာဝတီမြို့ ကောင်းကင်ပျံခဲ့ခြင်း ဇာတ်နိပါတ်တော်ကို ဂေါတမဗုဒ္ဓကိုယ်တိုင် ဟောကြားထားသောကြောင့် ဖြစ်၏။

ဒွါရာဝတီမြို့ ကောင်းကင်သို့ ပျံခဲ့-မပျံခဲ့ဟူသော ကိစ္စကို ဂေါတမဘုရားရှင်သည်သာ အသိဆုံးဖြစ်ပေလိမ့်မည်။ သံတွဲသူ-သံတွဲသားများ မည်သို့ဖြေကြားနိုင်ပါမည်နည်း။

ဆရာမကြီး မကြန်သိချင်နေသော ဒွါရာဝတီမြို့ကောင်းကင်သို့ ပျံခဲ့-မပျံခဲ့ဇာတ်လမ်းကို ဗုဒ္ဓဘုရားရှင် မရှိတော့သဖြင့် ဆရာမကြီးဆန္ဒပြည့်ဝနိုင်လိမ့်မည် မဟုတ်ပါ။ သို့သော် ဆရာမကြီးမေးခွန်းက သံတွဲသူ-သံတွဲသားများ ကိုသာ မေးခွန်းထုတ်ထားသဖြင့် အားလုံးကိုယ်စား စာရေးသူက အသင့်တော်ဆုံးအဖြေကို ပေးသွားမည်ဖြစ်ပါသည်။

ဒွါရာဝတီမြို့ ကောင်းကင်ပျံသည်ဆိုရာ၌ သက်ရှိသက်မဲ့၊ ရေမြေတောတောင်၊ အိုးအိမ်တိုက်တာကအစ၊ မဟာပထဝီမြေကြီး ထပျံသွားခြင်းမျိုးမဟုတ်တန်ရာ၊ ရှေးက ဒွါရာဝတီမြို့သည် ဘီလူးများစောင့်ရှောက်သောမြို့ ဖြစ်ခဲ့၏။ မြို့ကို ရန်သူများတိုက်ခိုက်ရန်လာလျှင် မြို့စောင့်ဘီလူးတို့သည် မြည်းအသွင်ဖြင့် မြည်သံကိုပြု၏။ ထိုအခါ ဘီလူးတို့သည် သူတို့၏ အာနုဘော်(တန်ခိုး)ဖြင့် မြို့ကို ရှာမတွေ့အောင် ကွယ်ဝှက်ထားကြကုန်၏။ သို့သော် အထက်ကောင်းကင် အရပ်ကသာ လူအများစကားပြောသံ၊ ကြက်သံ၊ ငှက်သံ၊ မောင်းထောင်းဆန်ဖွတ်သံကအစ၊ အသံမျိုးစုံတို့ကို

ကြားနေကြရကုန်၏။ ဤအဖြစ်သနစ်ကို အစွဲပြု၍ ဒွါရာဝတီမြို့ကို **"ဒွါရာပူရံမိုးသို့ပျံ"** ဟုတင်စားခဲ့ကြခြင်းဖြစ်ပါသည်။

ဒွါရာဝတီမြို့ကို စတင်တည်ထောင်သောမင်းမှာ **"သီရိကုမ္ဗာမင်း"** ဖြစ်၏။ ထိုမင်းကို **'ဥလာကမင်း'** ဟူ၍လည်း ခေါ်ကြ၏။ သီရိကုမ္ဗာမင်းမှ ငါးဆက်မြောက် **"ဝတကုံမင်း"** သည် ဒွါရာဝတီမြို့ကို စိုးစံအုပ်ချုပ် လျက်ရှိ၏။ ထိုအခါ မဇ္ဈိမဒေသက **"ဒသဘာတိက ညီနောင်တစ်ကျိပ်"** တို့သည် ဒွါရာဝတီမြို့ကို တိုက်ခိုက်သိမ်းပိုက်ရန် ရောက်ရှိလာကြကုန်၏။ ထုံးစံအတိုင်းမြို့ကို ဘီလူးတို့ ကွယ်ဝှက်ထားကြသဖြင့် ရှာမတွေ့ကြချေ။

ထိုအခါ ဒွါရာဝတီမြို့၏ အနီး၌ရှိသော **"ကဏှဒီပါယန"** ရှင်ရသေ့ကို မေးမြန်းကြကုန်၏။ ရှင်ရသေ့ပြောပြသည့်အတိုင်း မင်းညီနောင်တစ်ကျိပ်တို့သည် သူတို့၏လုပ်ငန်းကို စတင်တော့၏။ ရှေးဦးစွာ လူလေးယောက်တို့သည် ညဥ့်သန်းခေါင်ယံအချိန်တွင် မြို့၏တံခါးလေးမျက်နှာတို့၌ ကြီးစွာသော **"သံမှို"** တို့ကို မြေ၌စိုက်ကြလေကုန်၏။ သံချောင်း၌ သံကွင်းကို ဖွဲ့ချည်ကာ မြည်းအော်မြည်ချိန်ကို စောင့်ဆိုင်းလျက် ရှိကြကုန်၏။ ထိုခဏ၌ မြည်းယောင်ဆောင်နေသော ဘီလူးသည် မြည်းအသွင်ဖြင့် အော်မြည်လေ၏။ မြို့ကို ပျံတက်ခြင်းငှာ အားထုတ်၏။ ထိုအခါ တံခါးလေးမျက်နှာတို့၌ စောင့်နေကြကုန်သော မင်းသားတို့သည် သံချောင်း၌ ချည်နှောင်ထားသော သံကွင်းကို သံမှို၌ တွဲချိတ်ထားကြလေကုန်၏။ မြို့သည် ပျံတက်ရန် အားထုတ်၏။ သို့သော် မရတော့ချေ။

ထိုအခါ မင်းသားညီနောင်တစ်ကျိပ်တို့သည် မြို့တွင်းသို့ဝင်၍ **"ဝတကုံမင်း"** ကိုသတ်ကာ ဒွါရာဝတီမြို့နှင့်တကွ ထီးနန်းကို သိမ်းပိုက်လိုက်ကြ၏။ ဤကဲ့သို့ မင်းသားညီနောင်တစ်ကျိပ်တို့သည် ဒွါရာဝတီမြို့ကို နံနှိမ်သောအားဖြင့် သံမှိုစိုက်လျက် သံကွင်းတွဲချိတ်ကာ အောင်မြင်ခဲ့ကြသည်ကို အစွဲပြု၍ **"သံတွဲမြို့"** ဟု အမည်တွင်ခဲ့ကြောင်း သမိုင်းရာဇဝင်လာမှတ်တမ်းများအရ သိရှိရပါသည်။

(မှတ်ချက်။ ရခိုင်ရာဇဝင်အစောင်စောင်တို့၌ ဒွါရာဝတီမြို့ကို စတင်တည်ထောင်သောမင်းကို ဝါသုဒေဝ၊ဗလဒေဝ စသော ဒသဘာတိက ညီနောင်တစ်ကျိပ်ဟု ပြဆိုကြကုန်၏။ အမှန်က ဒွါရာဝတီမြို့နှင့် ထီးနန်းကို စတင်တည်ထောင်ခဲ့သောမင်းမှာ သီရိကုမ္ဗာမင်း (ခေါ်) ဥလာကမင်းသာဖြစ်ပါသည်။ ဒသဘာတိက ညီနောင်တစ်ကျိပ်တို့မှာ ထိုသီရိကုမ္ဗာမင်းမှ ငါးဆက်မြောက် **"ဝတကုံမင်း"** ကို အောင်နိုင်သူများသာ ဖြစ်ကြပါသည်။)

## သံတွဲမြစ်ကို ရှာဖွေပြခြင်း

ဆရာမကြီး မကြန်က ဗြိတိသျှအစိုးရတို့ ရေးသားခဲ့ကြသည့် မြန်မာပြည်ဂေဇက်တီးယား (၁၈၇၉) အတွဲ-၂ စာ၇၂၃ကိုထောက်ပြကာ ပုသိမ်စီရင်စုတွင်ရှိသော **"သံတွဲမြစ်"** အကြောင်းကိုပါ စူးစမ်းမေးမြန်းထားသည်ကို တွေ့ရသည်။

ဗြိတိသျှအင်္ဂလိပ်အစိုးရတို့ ရေးသားခဲ့ကြသည့် အချို့သော သမိုင်းမှတ်တမ်းများမှာ ဒေသဆိုင်ရာသမိုင်းမှတ်တမ်းများနှင့် အနည်းငယ် ကွဲလွဲနေသည်များရှိသလို၊ အချို့သော သမိုင်းမှတ်တမ်းများဆိုပါလျှင် အလွန်အဖိုးတန်သော သမိုင်းမှတ်တမ်းများဖြစ်နေပါသဖြင့် အင်္ဂလိပ်တို့ကိုပင် ကျေးဇူးတင်ရဖွယ် ရှိနေပါသည်။

အင်္ဂလိပ်တို့သည် အေဒီ-၁၈၂၄-၂၅တွင် ရခိုင်နှင့်တနင်္သာရီကို သိမ်းပိုက်ခဲ့ကြ၏။ ထိုအခါ သူတို့သိမ်းပိုက်ထားသော နယ်မြေအပိုင်းအခြားကို တိတိကျကျ သိရှိလိုကြ၏။ ထို့ကြောင့် နယ်မြေပိုင်ဆိုင်မှုအပိုင်းအခြားကို သတ်မှတ်နိုင်ရေးအတွက် အေဒီ-၁၈၂၆ တွင်၊ အင်းဝမြို့ဟောင်းမှ တောင်ဘက်မိုင် (၄၀) အကွာ **"ရန္တပို"** ရွာ၌ ရခိုင်၊ ဗမာ၊ အင်္ဂလိပ် သုံးပွင့်ဆိုင်သဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ကြပါသည်။

ယင်းရန္တပိုစာချုပ်အရ ဟိုင်းကြီးကျွန်း၊ မော်တင်စွန်း၊ အထိသည် ရခိုင်တို့၏ မူလပိုင်နက်နယ်မြေအဖြစ် သတ်မှတ်နိုင်ခဲ့ကြ၏။ ရခိုင်တို့၏ နောက်ဆုံးမင်းဆက်ဖြစ်သော **"မဟာသမ္မတရာဇာမင်း"** လက်ထက် (အေဒီ၁၇၈၂-၈၄ထိ) ဟိုင်းကြီးကျွန်း၊ မော်တင်စွန်းအထိသည် ဒွါရာဝတီ-သံတွဲမြို့၏ ပိုင်နက်နယ်မြေအဆုံးဖြစ်ခဲ့၏။

ထို့ကြောင့် ဗြိတိသျှ အင်္ဂလိပ်အစိုးရသည် ဒွါရာဝတီ-သံတွဲဒေသ၏ ပိုင်နက်နယ်မြေအဆုံး၌ တည်ရှိနေသော ပုသိမ်စီရင်စုရှိမြစ်ကို **"သံတွဲမြစ်"** ဟု မှတ်တမ်းတင်ခဲ့ကြခြင်းသည် အကြောင်းမဲ့သက်သက် မဖြစ်နိုင်ပါ။ သံတွဲဒေသနှင့် (သို့မဟုတ်) သံတွဲသူ-သံတွဲသားတို့နှင့် ဆက်စပ်ပတ်သက်မှု ရှိခဲ့သော **"မြစ်တစ်မြစ်"** ဖြစ်ခဲ့ကြောင်းကိုကား ထည့်သွင်းစဉ်းစားရမည့်အချက်ဖြစ်နေပါသည်။ ဤအကြောင်းကို ဥပေက္ခာပြုထား၍ ရနိုင်မည်မဟုတ်ပါ။

သို့သော် မ. ဆ. လ ခေတ်၊ ဦးနေဝင်းအစိုးရလက်ထက်၊ ငွေမြို့နှင့် ဆယ်မိုင်ခန့်အကွာ **"ကျောက်ချွန်"** ကို အဆုံးထား၍၊ ကျန်ရခိုင်နယ်မြေအားလုံးတို့ကို ဧရာဝတီတိုင်းထဲသို့ အဓမ္မနည်းဖြင့် မတရားထည့်သွင်းခဲ့ကြသည်ကိုတော့ လုံးဝမေ့ပျောက်ဖို့ မသင့်ပါကြောင်း အသိပေးလိုပါ၏။

ယင်းပုသိမ်စီရင်စုရှိ **"သံတွဲမြစ်"** သည် **"ဝတကုံမင်း"** စိုးစံရာ ဒွါရာဝတီထီးနန်း၊ မြို့ရိုးနှင့် အလှမ်းဝေးကွာနေပါသဖြင့် အာကာသို့ ပျံခဲ့မပျံခဲ့၊ သံဖြင့်အတွဲခံရ-မခံရကိုတော့ ဆရာမကြီးမကြွန်အနေဖြင့်သာ စဉ်းစားနှိုင်းချိန်၍ ကြည့်သင့်ပါကြောင်း ဖြေကြားလိုက်ရပေသည်။

နိဂုံးချုပ်အနေဖြင့် စာရေးသူပြောလိုသည်မှာ- အမေရိကန်နိုင်ငံ၊ နယူးယောက်တက္ကသိုလ်၊ သမိုင်းပါမောက္ခ **"ဒေါက်တာအေးကျော်"**က **"အရှေ့တောင်အာရှမှာ ရခိုင်ရာဇဝင်ဟာ ရှေးအကျဆုံး"**ဟူ၍ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့မှာ (၁၈၊၃၊၂၀၀၇) နေ့ကဟောပြောခဲ့သည့် ဆရာကြီး၏ဟောပြောချက်ကို သေချာစွာ မှတ်သားလျက်၊ ရခိုင်တို့၏ အလွန်ရှေးကျသည့် ဒွါရာဝတီခေတ်နှင့် ရှေးဝေသာလီခေတ်တို့ကို ချန်လှပ်ပြီး ဓညဝတီခေတ်ဘီစီ-၃၃၂၅မှ စတင်၍ ခိုင်မာသောသမိုင်းဖြင့် ရပ်တည်နေထိုင်လာခဲ့ကြသည့် ရခိုင်တို့၏သမိုင်းထက်၊ အေဒီ၈၃၂ ခုနှစ်တွင် ပြူ(ပျူ) လူမျိုးတို့နေထိုင်ရာဒေသ (ပျူဂါမ)ကို ဝင်ရောက်နေထိုင်လာကြပြီး၊ အေဒီ-၈၄၉-ခုနှစ်ရောက်ခါမှ မြို့ နန်းတည်ကာ သမိုင်းစတင်လာခဲ့ကြသော (-) လူမျိုး တို့၏ သမိုင်းကို ရှေးကျအောင် မည်သူမျှ ရှေ့နေလိုက်ပေးရန် မလိုပါ။ သမိုင်းအမှန်ကို ဖုံးကွယ်လိုခြင်း၊ အင်အားသုံး၍ ဖျောက်ဖျက်လိုခြင်းစသည်တို့မှာ ရိုးသားမှုမရှိသောသူတို့၏ လုပ်ရပ်မျှသာ ဖြစ်ပါသည်။ ထို့ကြောင့် **"သူများသမိုင်းကို သိရှိဖို့ထက်၊ ကိုယ့်သမိုင်းကို သိရှိဖို့က ပို၍အရေးကြီးသည်။ ကိုယ့်သမိုင်းကို သိရှိပြီးမှ၊ သူများသမိုင်းကို သိအောင်ကြိုးစားပါ။ ဘဝသမိုင်းမရှိုင်းပါစေနှင့်"** ဟူ၍ အဆိုအမိန့်တစ်ရပ်ကို တည်ဆောက်ကာ နိဂုံးချုပ်လိုက်ရပေတော့သည်။ ။

**ဒွါရာဝတီ-အသျှင်ကုသလ**

(ကျမ်းကိုးစာရင်း)


၁။ ရခိုင်ရာဇဝင်သစ်ကျမ်း (ပထမတွဲ) ။ ။ အရှင်စန္ဒမာလာလင်္ကာရ။

၂။ ရခိုင်မင်းရာဇာကြီးစာတန်း ။ ။ ကိုယ်ရံကြီးအမတ်-မဟာဇေယျသိန်။

၃။ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု(တတိယတွဲ) ။ ။ ညောင်ကန်ဆရာတော်ကြီး။

၄။ ဗုဒ္ဓသာသနာတော်နှင့် ရခိုင်ပြည်ဆောင်းပါး ။ ။ ဦးအောင်သာဦး။

၅။ ခေတ်ဟောင်း မြန်မာရာဇဝင် ။ ။ ဒေါက်တာသန်းထွန်း။

၆။ တောင်ငူမြို့တည်၊ နန်းတည်နှစ် (၅၀၀) ပြည့်အထိမ်းအမှတ် ကေတုမတီမဂ္ဂဇင်း။

၇။ ဒွါရာဝတီ-အသျှင်ကုသလမှတ်စု။

ဒွါရာဝတီမဂ္ဂဇင်း
အမှတ်(၅)၊ အထူးထုတ်
၂၀၁၄-ခုနှစ်။

## ဒွါရာဝတီ–သံတွဲမြို့သို့ ဘုရားရှင်ကြွတော်မူခြင်း

မဟာသက္ကရာဇ်-၁၂၃-ခု၊ (ဘီစီ-၅၆၉) တွင် ဗုဒ္ဓဘုရားရှင်သည် နောက်ပါ ရဟန္တာငါးရာ(၅၀၀) ခြံရံလျက် ဓညဝတီပြည်သို့ ကောင်းကင်ခရီးဖြင့် ဒေသစာရီ ကြွချီတော်မူလာခဲ့ပါသည်။ ဘုရားရှင်သည် ဓညဝတီမြို့တော်၏ အနောက်ဘက် ကစ္ဆပနဒီမြစ်၏ အရှေ့ဘက်ကမ်းပါး၌ သေလာဂီရိအမည်ရှိသော တောင်ထိပ်၌ သက်ဆင်းရပ်တန့်တော်မူခဲ့ပါသည်။

ဗုဒ္ဓဘုရားရှင်သည် မင်းနှင့်အတူ တိုင်းသူပြည်သားအပေါင်းတို့အား တရားဓမ္မဟောကြားဆုံးမခဲ့ပါသည်။ ပြည်သူပြည်သားအပေါင်းတို့မှာလည်း ရတနာသုံးပါးကို အသက်ထက်ဆုံး သက်ဝင်ယုံကြည်ကိုးကွယ်ဆည်းကပ်သူများ အဖြစ်သို့ ရောက်ရှိခဲ့ကြပါသည်။ မဂ်,ဖိုလ် အကျိုးတရားများကိုလည်း ရရှိခဲ့ကြပါသည်။

မြတ်စွာဘုရား ဆက်လက်မကြွမီ ရခိုင်တို့၏ ဓညဝတီပြည့်ရှင် ဘုရင်စန္ဒာသူရိယမင်းက မြတ်ဗုဒ္ဓကိုယ်စား ဗုဒ္ဓရုပ်ပွားဆင်းတုတော်တစ်ဆူသွန်းလုပ်ပူဇော်ဖို့ရာ တောင်းပန်လျှောက်ထားသဖြင့် မြတ်စွာဘုရားက ခွင့်ပြုတော်မူခဲ့ပါသည်။ ယင်းဗုဒ္ဓရုပ်ပွားတော်ကို **"မဟာမုနိ"** ဟု ယနေ့တိုင် သမိုင်းတွင်လျက် ရှိနေပါတော့သည်။

မဟာမုနိဘုရားကြီးကို သွန်းလုပ်ရာ၌ မဟာသက္ကရာဇ် ၁၂၃-ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့၊ ဝိသာခါနက္ခတ်နှင့် ယှဉ်လျက် ညဦးကစတင်၍ သွန်းလုပ်ခဲ့ရာ ကဆုန်လပြည့်ကျော် (၁) ရက်၊ ကြာသပတေးနေ့တွင် ပြီးစီးခဲ့ကြောင်း သိရှိရပါသည်။

ထိုမှဆက်လက်၍ မြတ်စွာဘုရားသည် နောက်ပါရဟန္တာငါးရာ (၅၀၀) ခြံရံလျက်ကောင်းကင်ခရီးဖြင့် **"ဒွါရာဝတီ-သံတွဲမြို့"** သို့ကြွချီတော်မူခဲ့ရာ မြို့၏အရှေ့ဘက်အရပ် တစ်ခုသောတောင်ကုန်းထက်တွင် ရပ်တန့်တော်မူလေသည်။ မြတ်စွာဘုရား ရပ်တန့်တော်မူရာ တောင်ကုန်းကို **"တန့်တော်မူတောင်"** ဟု ယနေ့ထက်တိုင် ခေါ်တွင်လျက် ရှိပါသည်။

ထိုတန့်တော်မူတောင်ကုန်းထက်၌ ရပ်တန့်တော်မူပြီးလျှင် ဒွါရာဝတီ-သံတွဲမြို့နှင့်တကွ အနောက်မျက်နှာ အရပ်သို့ ကြည့်တော်မူ၍ ပြုံးရွှင်တော်မူ၏။ ထိုအခါ ညီတော် အာနန္ဒာက (အချို့သော **"ဘုရားသမိုင်းလက်ာ"** ၌ **"အရှင်သာရိပုတ္တရာ"** က မေးလျှောက်ကြောင်းတွေ့ရသည်) ပြုံးတော်မူခြင်းအကြောင်းကို မေးလျှောက်အပ်သည်ဖြစ်၍ ဤသို့မိန့်တော်မူ၏။

**"ချစ်သားအာနန္ဒာ၊ ငါဘုရားအလောင်းတော်သည် ဤဒွါရာဝတီ-သံတွဲမြို့၌ လူမင်းအဖြစ်ဖြင့်လည်း များစွာကျင်လည်ဖူး၏။ သတ္တဝါ၏ အဖြစ်ဖြင့်လည်း များစွာဖြစ်ဖူး၏။ ထိုသို့ဖြစ်ဖူးရာဝယ် ဤငါရပ်တန့်တော်မူသော ကုန်းမြင့်ထက်မှ အနောက်မြောက် နှစ်ဥသဘခန့်အကွာတွင် "ဝါသုရတောင်" ၌ မြွေငန်းတဇာစ်ဖြစ်ဖူးသောကြောင့် ငါဘုရားလွန်တော်မူလျှင် ငါ၏အံတော်ဓာတ်ကို စေတီတည်လတ်၍ "အံတော်စေတီ" ဟုတွင်လတ္တံ့။"** ဟူ၍ ဗျာဒိတ်ပေးတော်မူ၏။ ဤအကြောင်းကို သံတွဲမြို့ အံတော်စေတီဘုရား သမိုင်းလင်္ကာ၌ -

**"ဒွါရာဝတီ၊ တိမ်ဆီပျံ့ဝဲ။ မြို့သံတွဲသို့၊ မလွဲထုတ်ချောက်။ ကြွရောက်တုံထ။ ဝါသုရဟု၊ နာမတွင်ချေ၊ ထိုတောင်ခြေ၌။ ဗုဒ္ဓေမြတ်ဖျား။ တန့်ရပ်နား၍။ ညီဘွားမှန်စွာ။ အာနန္ဒာကို။ မိန့်မှာစကား။ ဤသို့ကြား၏။ ရှေးဖျားလွန်လေ၊ ငါဗုဒ္ဓေသည်၊ မသွေစင်စစ်။ ငန်းမင်းဖြစ်ခါ။ တောင်ပေါ်မှာ၌။ သယာပျံ့ပျူး။ နေခဲ့ဘူး၏။ အထူးမှန်လှ၊ ငါဗုဒ္ဓသည်၊ မုချကေန်၊ ပြည်နိဗ္ဗာန်ကို။ ဝင်စံသောခါ၊ ဤသေလာဝယ်။ ကြွင်းရာ**

**အမြတ်။ အံတော်ဓာတ်ကို၊ မချွတ်ပေမည်။ စေတီတည်၍၊ ယုံကြည်ပြုလတ်။ မှန်မချွတ်တည့်။"** ဟူ၍လည်းကောင်း၊ ရှေးဟောင်း **"ဘုရားသမိုင်းလင်္ကာ"** တစ်စောင်တွင်လည်း -

**"ငြိမ်းချမ်းကြည်ဖြူ ရပ်တော်မူရာ။ ကုန်းမြင့်သာမှ။ ဒွါရာဝတီ။ နောက်ရပ်ဆီသို့။ ကြည်လီပြီးခါ။ မြတ်စွာဘုန်းမော်။ ပြုံးလတ်သော်ကြောင့်။ သွားတော်လေးဆယ်။ စွယ်တော်လေးဆူ။ ပေါ်တော်မူ၍။ ဖွေးဖြူရောင်လက်။ တပြိုင်နက်လျှင်။ ပေါ်ထွက်ဖြစ်လာ။ ရပ်ဒီသာသို့။ နှံ့ကာလွှမ်းခြုံ။ အံ့မကုန်အောင်။ ဖြစ်ပုံထူးခြား။ အကြောင်းအားကို။ ဟောကြားပါရန်။ တောင်ပန်သောခါ။ စောဗုဒ္ဓါလည်း။ မိန့်မှာစကား။ ဤသို့ထားရှင့်။ ချစ်သားလိမ္မာ။ သာရိပုတ္တရာ။ အတိတ်ာလျှင်။ လွန်ခါကာလ။ ရှေးဘဝ၌။ ဒွါရာဝတီ။ ဌာနီကြဌာန်း။ အောင်ချာနန်းကို။ သိမ်းမြန်းစိုးစံ။ ညီလာခံ၍။ ကြိမ်ဖန်များစွာ၊ မင်းရာဇာနှင့်။ သတ္တဝါစင်စစ်။ ငါလျှင်ဖြစ်၏။ ထွန်းသစ်ရောင်ပေါ်။ ဤကုန်းတော်မှ။ နှစ်ဖော်ဥဿဘ။ ကွာထလှမ်းထောက်။ အနောက်မြောက်ဆောင်။ ဝါသုတောင်၌။ ဘုန်းရောင်ထွန်းသစ်။ မြွေငန်းဖြစ်၏။ စင်စစ်မြတ်စွာ။ ငါလွန်ခါလျှင်။ ရောင်ဝါလျှပ်လျှပ်။ အံတော်ဓာတ်ကို။ တည်လတ်ပြီးခါ။ ကိုးကွယ်ရာကို။ အံတော်ခေါ်အံ့။ ။"** ဟူ၍လည်းကောင်း၊ ကောဇာ-၁၂၁၂ခုနှစ်၊ ရမ်းပြည့်မြို့ဝန် **"ကျော်ထင်ရာဇာ"** ၏ အမှုထမ်း **"ဦးစံတင်"** ရေးသားသော **"ရခိုင်မြို့တည် ရာဇဝင်လင်္ကာ"** တွင်လည်း -

**"ဤဝါသုရ။ တောင်ထိပ်မှလျှင်။ ငယ်စွအဆုံး။ ငုမ်းမင်းဖြစ်၍။ စံမွေ့ချမ်းသာ။ ငါလွန်ခါလျှင်။ ငါ၏အံတော်။ ထင်ပေါ်တည်လတ်။ ခေါ်ပညတ်မည်"** ဟူ၍လည်းကောင်း ရေးသားစပ်ဆိုခဲ့ကြသည်ကို တွေ့ရသည်။

(မှတ်ချက်။ ။ ရမ်းပြည့်ဦးစံတင်၏ လင်္ကာတွင် ငန်းမင်းဖြစ်ရမည့်အစား ငုမ်းမင်းဟူ၍ မှားယွင်းစွာ ရေးသားစပ်ဆိုထားသည်ကိုလည်း သတိပြုသင့်ပါသည်။ စာရေးသူ။)

ထိုဝါသုရတောင်မှ အနောက်တောင် နှစ်ဂါဝုတ်ခန့်အကွာတွင် **"ရောဟကူဋ"** အမည်ရှိသော တောင်၌လည်း ငါဘုရားခါမင်းတဇာစ်ဖြစ်ဖူးသောကြောင့် ငါဘုရားလွန်တော်မူလျှင် ငါဘုရား၏ နံတော်ဓာတ်ကို စေတီတည်လတ်၍ **"နံတော်စေတီ"** ဟုတွင်လတ္တံ့။ ဟူ၍ ဗျာဒိတ်ပေးတော်မူ၏။ ဤအကြောင်းကို သံတွဲမြို့ နံတော်စေတီ ဘုရားသမိုင်းလင်္ကာ၌ -

**"တရပ်တဖန်၊ ဖြစ်တုံပြန်ခါ။ လွန်စွာသာလှ။ ရောဟကူဋ။ နာမတွင်မှန်း။ ထိုတောင်တန်းဝယ်။ ရိပ်ချမ်းစိုးလှစ်။ ခါမင်းဖြစ်၍။ ပျော်မျှစ်အထူး။ ငါနေဘူး၏။ လွန်ကျူးမြတ်မှန်။ ပြည်နိဗ္ဗာန်ကို။ အမှန်မသွေ။ ငါရောက်ပေသော်။ ငါ့နံတော်ကို။ ထင်ပေါ်အောင်မည်။ စေတီတည်၍။ ယုံကြည်ပြုလတ်။ မှန်မချွတ်တည့်"** ဟူ၍လည်းကောင်း ၊ ရှေးဟောင်း **"ဘုရားသမိုင်းလင်္ကာ"** တစ်စောင်တွင်လည်း -

**"တဖြာထိုက၊ ဝါသုရဟု၊ နာမထွန်းပြောင်။ အံတော်တောင်မှ။ နောက်ဆောင်ခမ်းဝါ။ ယူဇနာဝက်။ ကွာလျက်တမူ။ ရောဟကူတွင်။ ငါလျှင်စင်စစ်။ ခါမင်းဖြစ်၏။ ပွင့်သစ်ရောင်ဖြာ။ ယင်းတောင်ချာတွင်။ မြတ်စွာဘုန်းလူ။ လွန်တော်မူသော်။ ဂုန်းဆူကျော်လတ်။ နံရိုးဓာတ်ကို။ လေးမြတ်ယုံကြည်။ စေတီတည်ရာ။ ထိုဒေသာကို။ နံတော်ခေါ်အံ့။ ။"** ဟူ၍လည်းကောင်း၊ ဦးစံတင်ရေးသားသော **"ရခိုင်မြို့တည် ရာဇဝင်လင်္ကာ"** တွင်လည်း -

**"ဤသည့်တောင်မှ။ မဝေးလှသည့်။ ရောဟကူဋ၊ စိမ်းမြဝေဖြာ။ တောင်ထိပ်ချာထက်။ ခါမင်းတဇာစ်။ ဖြစ်၍ရှင်စံ။ နံရိုးတော်ဓာတ်။ တည်မှတ်ထင်ပေါ်။ နံတော်စေတီ။ ခေါ်ညီတွင်ဘိ။ ။"** ဟူ၍လည်းကောင်း ရေးသားစပ်ဆိုခဲ့ကြသည်ကို တွေ့ရသည်။

ထိုရောဟကူဠတောင်မှ အရှေ့တောင်ထောင့် တစ်ဂါဝုတ်ကျော်ခန့်ကွာသော အရပ်၌ **"မဏိကေသ" အမည်ရှိသော တောင်ဝယ်လည်း စာမရီတဇာစ်ဖြစ်ဖူးသောကြောင့် ငါဘုရားလွန်တော်မူလျှင် ငါဘုရား၏ ဆံတော်ဓာတ်ကို စေတီတည်လတ်၍ "ဆံတော်စေတီ" တွင်လတ္တံ့။"** ဟု ဗျာဒိတ်ပေးတော်မူ၍ အရှေ့သရေခေတ္တရာ ရသေ့ပြည်သို့ ကောင်းကင်ခရီးဖြင့် ပြာသာဒ်ယာဉ်ရှင်စီး၍ ပျံကြွတော်မူလေသည်။ ဤအကြောင်းကို သံတွဲမြို့ဆံတော်စေတီဘုရား သမိုင်းလင်္ကာ၌ -

**"တရပ်တပါး။ ဖြစ်တုံငြားလည်း။ တောင်ကားမဏိကေသီ။ ခေါ် ညီပဗ္ဗတ။ ထိုသေလ၌။ မည်ရတရပ်။ သား မြတ်စာမရီ။ မျိုးသဂီသည်။ တလီတဖန်။ ဖြစ်ခဲ့ဟန်ကြောင့်။ အမှန်မုချ။ ငါဗုဒ္ဓကား။ ပြုထစခန်း။ နိဗ္ဗာန်လှမ်းသော်။ ခြောက်ပန်းဓာတ်တော်။ ငါ့ဆံတော်ကို။ ပူဇော်ရှိသေ။ ထိုတောင်ခြေဝယ်။ ရွှေစေတီကြီး။ တည်လတ်ပြီးသော်။ ရောင်ညီး ထိန်ဝါ။ သာသနာလည်း။"** ဟူ၍လည်းကောင်း၊ ရှေးဟောင်း **"ဘုရားသမိုင်းလင်္ကာ"** တစ်စောင်တွင်လည်း -

**"ထင်ပေါ် သာစွ။ ရောဟကူဠ။ နာမခေါ် ဆောင်။ နံတော်တောင်မှ။ ရွှေရောင်လက်လက်။ ရှေ့တောင်ဘက်၌။ တည်လျှက်ဝေးကွာ။ ဂါဝုတ်သာတွင်။ မာလာသီရိ။ ပန်းအိအိနှင့်။ မဏိကေသ။ နာမထွန်းပြောင်။ ထိုသည့်တောင်၌။ ဘုန်းခေါင်တလီ။ စာမရီတဇာစ်။ ဓကန်ဖြစ်၍။ စင်စစ်ဘုန်းလူ။ လွန်တော်မူလျှင်။ ဆုဆူထွင်မြတ်။ ဆံရှင်ဓာတ်ကို။ တည်လတ်ပြီးခါ။ ကိုးကွယ်ရာ၏။ မိန့်မှာစကား။ ဤသို့အားဖြင့်။ မှာကြားပြီးခါ။ အဇ္ဈာပြင်။ ထက်ကောင်းကင်မှ။ စက်ရှင်ဖြန့်ခါ။ ခေတ္တရာဟု။ သညာဆန်းကြည်။ ရသေ့ပြည်သို့။ ဦးတည်ဖြန့်မြန်း။ ကြွချီလှမ်းသည်။ ။ လျှပ်ပန်းတိမ်နီရောင်သို့တည်း။ ။"** ဟူ၍လည်းကောင်း၊ ဦးစံတင်ရေးသားသော **"ရခိုင်မြို့တည်ရာဇဝင်လင်္ကာ"** တွင်လည်း -

**"မဏိသေသာ။ တောင်ထိပ်မှာလျှင်။ ရွှေစာမရီ။ တလီဖြစ်၍။ ချမ်းမြေ့ရွှင်စံ။ ဆံတော်ဓာတ်စု။ တည်ပြုမလွဲ။ အမြဲဖြစ်ရာ။ ဗျာဒိတ်မှာ၍။ ဓညဝတီ။ သီဂီရောင်ပျို့။ မင်းနေမြို့ကို။ တောင်ပို့ထက်တန့်။ လှိုင်ပျံ့ဗျာဒိတ်။ နိမိတ်ထင်ပေါ်။ ခုတိုင်ခေါ်သည်။ တန့်တော်တောင်တည်း။ ။"** ဟူ၍လည်းကောင်း ရေးသားစပ်ဆိုခဲ့ကြသည်ကို တွေ့ရသည်။

ဗုဒ္ဓဘုရားရှင်သည် မဟာသက္ကရာဇ်-၁၄၈-ခု (ဘီစီ-၅၄၄) ကဆုန်လပြည့်၊ အင်္ဂါနေ့တွင် ကုသိနာရုံ၊ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့သည်။

ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူသွားပြီးနောက် သာသနာတော်သက္ကရာဇ်၂၃၆-ခု (ဘီစီ-၃၀၈) အရောက်တွင် ဓညဝတီ-သံတွဲမြို့၏ ကျက်သရေဆောင် ဗျာဒိတ်တော်ရ သမိုင်းဝင် ဆံတော်၊ နံတော်၊ အံတော်၊ စေတီတော်သုံးဆူကို **"သံတွဲမြို့စား၊ ဓမ္မသူရအမတ်ကြီး"** ကိုယ်တိုင် ဦးဆောင်တည်ထားတော်မူခဲ့ခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ အဆိုပါ ဘုရားစေတီတော်သုံးဆူကို ယခုဤစာကိုရေးသားနေသောအချိန် ခရစ်နှစ် ၂၀၁၅-ခုမှ နောက်ကြောင်းပြန်၍ ရေတွက်လျှင် လွန်ခဲ့သော နှစ်ပေါင်း ၂၃၂၃ (နှစ်ထောင့်သုံးရာနှစ်ဆယ့်သုံး) က တည်ထားခဲ့ခြင်း ဖြစ်၍၊ ရခိုင်ပြည်အနေဖြင့်သာမက မြန်မာနိုင်ငံအနေဖြင့်ပါ အလွန်ရှေးကျသော သမိုင်းဝင်ဘုရားများဖြစ်နေပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

**ဓညဝတီ-အသျှင်ကုသလ**

## ဒွါရာဝတီ သံတွဲမြို့စား ဓမ္မသူရအမတ်

အပိုဒ် (၁) ဆံ၊ နံ၊ အံ စေတီများ
တည်ထားတဲ့ ဒွါရာမြေ။
**"ဓမ္မသူရအမတ်"** ကိုလည်း
သိမှတ်ကြပေ။
**"သာသနာ နှစ်ရာသုံးဆယ်ခြောက်"**
ကိန်းရောက်တဲ့ နှစ်မှာလေ
တည်စေတဲ့ ဘုရား။
ဗျာဒိတ်ဝင် စာမော်ကွန်းနဲ့
ထွန်းတောက်ကျော်ကြား။

အထက်ပါကဗျာမှာ **"သံတွဲမြို့စား ဓမ္မသူရအမတ်"** ကို ဂုဏ်ပြုရေးဖွဲ့ထားသော ကဗျာမှအပိုဒ် (၁) ဖြစ်ပါသည်။ ယင်းကဗျာအရ **"သံတွဲမြို့စား ဓမ္မသူရအမတ်"** ဟုဆိုလိုက်သည်နှင့် သံတွဲမြို့၏ ကျက်သရေဆောင် ဗျာဒိတ်တော်ရ သမိုင်းဝင်ဆံတော်၊ နံတော်၊ အံတော်၊ ဘုရားသုံးဆူကို တည်ထားတော်မူခဲ့သော အမတ်ကြီးဖြစ်ကြောင်းသိကြ၏။ သူ၏ ကျေးဇူးကြောင့် ယနေ့တိုင် ဂုဏ်ယူမဆုံးရှိနေကြရပါသည်။

အဆိုပါ ဘုရားသုံးဆူတည်ထားရခြင်းအကြောင်းနှင့် အိန္ဒိယမှ မြတ်ဗုဒ္ဓသာသနာ ဒွါရာဝတီ-သံတွဲမြို့သို့ ရောက်ရှိလာပုံသမိုင်းကြောင်းကို ရှေးဦးစွာ တင်ပြသွားပါမည်။

တတိယသင်္ဂါယနာတင်ခြင်းကို ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာတော်သက္ကရာဇ် ၂၃၅ ခု၊ ခရစ်မပေါ်မီ ဘီစီ-၃၀၉ ခုနှစ်အရောက်တွင် **"အသျှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်"** အမျူးပြုသော ရဟန္တာမထေရ် (၁၀၀၀) တို့သည် မဇ္ဈိမဒေသ၊ ပါဋလိပုတ်ပြည်၊ သီရိဓမ္မာသောကမင်းကြီးကို အမှီပြု၍ အသောကာရာမ (အသောကာရုံ) ကျောင်းတိုက်ကြီး၌ (၉) လပတ်လုံး မှုခါရှင့် - တတိယသင်္ဂါယနာ တင်တော်မူခဲ့ကြပါသည်။


တတိယသင်္ဂါယနာတင်တော်မူပြီးနောက် အသျှင်မဟာမောဂ္ဂလိပုတ္တိဿမထေရ်မြတ်၏ သာသနာပြုစေလွှတ်ချက်အရ အသျှင်မဟာရေဝမထေရ်အမှူးပြုသော ပဉ္စဝဂ်ရဟန္တာမထေရ်မြတ်တို့သည် သာသနာတော်သက္ကရာဇ်-၂၃၆ခု၊ (ဘီစီ-၃၀၈) တွင် **"မဟိံသကမဏ္ဍလ"** အမည်ရသော ဓညဝတီရခိုင်ပြည်သို့ သာသနာပြုရန် ကြွရောက်တော်မူလာခဲ့ကြပါသည်။ ထိုမထေရ်မြတ်များ ယူဆောင်လာခဲ့ကြသည့် မြတ်ဗုဒ္ဓ၏ သီရိရဓာတ်တော်၊ မွေတော်များကို ရခိုင်ပြည့်ရှင် **"ဘုရင်သူရိယစက္ကမင်း"** ထံသို့ စနစ်တကျ ပေးအပ်တော်မူလေသည်။

၎င်းနောက် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကာလက ဓညဝတီ-ရခိုင်ပြည်သို့ ကြွရောက်တော်မူပြီး ဗျာဒိတ်တော်ထားရှိခဲ့သည့်အတိုင်း မြို့ရွာဒေသအသီးသီးတို့၌ **"စေတီတော်"** များ တည်ထားပူဇော်ရန် ညွှန်ကြားတော်မူခဲ့ကြပြန်သည်။

ထိုမှဆက်လက်၍ ဒွါရာဝတီ-သံတွဲမြို့သို့ ကြွရောက်တော်မူလာကြပြီးလျှင် သံတွဲမြို့စား၊ **"ဓမ္မသူရအမတ်ကြီး"** အား ဆံတော်၊ နံတော်၊ အံတော်စသော သရီရဓာတ်တော်များကို စေတီတော်များတည်ထားပူဇော်ရန် ပေးအပ်တော်မူလေ

သည်။

ဒွါရာဝတီ-သံတွဲမြို့စား ဓမ္မသူရအမတ်ကြီးသည် ရဟန္တာအသျှင်မြတ်များ၏ ညွှန်ကြားတော်မူချက်အရ ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကာလက ဗျာဒိတ်စကားမိန့်ကြားတော်မူထားခဲ့သည့်အတိုင်း မဏိကေသ တောင်ပေါ်၌ နုစဉ်ဘဝက **"စာမရီသားမင်း"** ဖြစ်ခဲ့ဘူးသောကြောင့် ဆံတော်ဓာတ်ကို ဌာပနာပြု၍ **"ဆံတော်စေတီ"** ကိုလည်းကောင်း၊ ရေဟကူဋတောင်ပေါ်၌ **"ခါမင်း"** ဖြစ်ခဲ့ဘူးသောကြောင့် နံတော်ဓာတ်ကို ဌာပနာပြု၍ **"နံတော်စေတီ"** ကိုလည်းကောင်း၊ ဝါသုရတောင်ပေါ်၌ **"မြွေငန်းမင်း"** ဖြစ်ခဲ့ဘူးသောကြောင့် အံတော်ဓာတ်ကို ဌာပနာပြု၍ **"အံတော်စေတီ"** ကိုလည်းကောင်း အသီးသီးတည်ထားတော်မူလေသည်။ ထိုစေတီတော်မြတ်သုံးဆူကို စတင်တည်ထားစဉ်က ညဏ်တော်အမြင့်မှာ နွားလားတစ်မော့ ၃-တောင်၊ ၂-မိုက်( ၅-ပေ) ခန့်ရှိကြောင်း သိရှိရပါသည်။



သံတွဲမြို့၊ ဗျာဒိတ်တော်ရ သမိုင်းဝင် ရွှေအံတော်စေတီတော်

အပိုဒ်(၂) ဘုရားရှင် နုစဉ်ဘဝ
**"ဝါသုရ"** တောင်မြေအဝန်း
**"မြွေငန်းမင်း"** ဖြစ်ဘူးပြီ။
အံတော်ဓာတ်ကို တည်တုံ့လတ်
ပြုအပ်စေတီ။


**"မဏိကေသ"** တောင်ပေါ်ဆီ
**"စာမရှိခေါ်တဲ့သားမင်း"**။
ဆံတော်ဓာတ်ကို ဌာပနာချ
တည်ကြလေခြင်း။

အပိုဒ်(၃) **"ရောဟကူဠ"** တောင်ထိပ်ဖျား
တည်ထားတဲ့ မွေသရီ။
**"ခါဌက်မင်း"** ဖြစ်ခဲ့ဘူး
ထူးတဲ့စေတီ။
နံတော်ဓာတ် မြတ်ဂုဏ်ရည်
ဒွါရာဝတီ၌ ထင်ရှား။
ဗုဒ္ဓသာသနာ ရောင်ဝါတိုး
ဖြိုးမောက်စည်ကား။



သံတွဲမြို့၊ ဗျာဒိတ်တော်ရ သမိုင်းဝင် ရွှေနံ့တော်စေတီတော်

အဆိုပါ ဆံတော်၊ နံတော်၊ အံတော် ဘုရားသုံးဆူမှာ ရှေးကျသော ဘုရားများဖြစ်နေပါသဖြင့် သမိုင်းတန်ဖိုး အလွန်ကြီးမားလှဘိ၏။ ထိုကဲ့သို့ သမိုင်းဝင်တန်ခိုးကြီးဘုရားများကြောင့် တစ်မြို့လုံး၊ တစ်နယ်လုံး၊ တစ်လူမျိုးလုံး ဂုဏ်ယူမဆုံးရှိနေကြရပါသည်။



သံတွဲမြို့၊ ဗျာဒိတ်တော်ရ သမိုင်းဝင် ရွှေဆံတော်စေတီတော်

ဗုဒ္ဓသာသနာတော်ဆိုင်ရာ သမိုင်းဝင်ဘုရားပုထိုးစေတီတော်များရှိခြင်းကြောင့် ထိုဒေသ၌ ထွန်းကားလျက်ရှိနေသော သာသနာတော်ကိုရော၊ ထိုဒေသ၌ နေထိုင်လာခဲ့ကြသော လူမျိုးတို့၏ သက်ဝင်ယုံကြည်ကိုးကွယ်ဆည်းကပ်မှု ဘာသာတရားကိုပါ ခန့်မှန်းနိုင်ပါသည်။

ရှေးဟောင်းသမိုင်းဝင် ဘုရားပုထိုး စေတီတော်များ၊ ပူဇော်ထားရှိရာ ဘုရားဝတ္တမြေ-နယ်နိမိတ်အတွင်း၌ အဆောက်အဦးများ ကောင်းမွန်ခိုင်ခံ့အောင်၊ လှပတင့်တယ်အောင်၊ မွမ်းမံပြင်ဆင်ပြုလုပ်ခြင်းမှအပ ထေရဝါဒဗုဒ္ဓသာသနာတော်နှင့်မသက်ဆိုင်သော၊ မဆီလျော်သော၊ ဆန့်ကျင်ဘက်ဖြစ်သော၊ အရာဝတ္ထုများကို တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၏ ဆုံးဖြတ်ချက်ဖြင့် လုံးဝမပြုလုပ်သင့်ပေ။ လုပ်ချင်သူများပေါ်ပေါက်လာလျှင်လည်း လုံးဝခွင့်မပြုသင့်ပေ။ အဘယ်ကြောင့်ဆိုသော် အဆိုပါဘုရားပုထိုးစေတီတော်များမှာ တစ်မြို့လုံး၊ တစ်နယ်လုံး၊ တစ်လူမျိုးလုံးနှင့် သက်ဆိုင်နေသော သမိုင်းဝင်ဘုရားပုထိုးစေတီတော်များ ဖြစ်နေသောကြောင့်တည်း။

**"ရှေးခေတ်က တိုင်းကျိုးပြည်ပြု သာသနာပြု မင်းကောင်းမင်းမြတ်များနှင့်အတူ တတ်သိပညာရှင်ရဟန်းပုဂ္ဂိုလ်,လူပုဂ္ဂိုလ်များ အမြော်အမြင်ရှိရှိ စဉ်းစဉ်းစားစားဆောင်ရွက်ခဲ့ကြသောကြောင့်သာ ယနေ့မျက်မှောက်ခေတ်တွင် ရခိုင်တစ်မျိုးသားလုံး ဂုဏ်ယူမဆုံးရှိနေကြရခြင်း ဖြစ်ပါသည်။"**

အခြားလူမျိုးများက ရခိုင်ပြည်၏ ဗုဒ္ဓသာသနာတော်ကို **"ထေရဝါဒလော,မဟာယနလော"** ဟူ၍ မေးမြန်းလာသောအခါ၌လည်း ထေရဝါဒဗုဒ္ဓသာသနာစစ်မှန်ကြောင်းကို ရဲရဲဝံ့ဝံ့ဖြေကြားနိုင်ခဲ့သည်မှာလည်း အထက်ဖော်ပြပါ ကျေးဇူးတရားများကြောင့်ပင် ဖြစ်ပါသည်။

အကယ်၍ ထေရဝါဒဗုဒ္ဓသာသနာနှင့်မသက်ဆိုင်သော (ဝါ) ဆန့်ကျင်ဘက်ဖြစ်သော အရာဝတ္ထုများသည် ဘုရားအနီးအနား၌ ရှိခဲ့မည် (သို့မဟုတ်) ရှိနေမည်ဆိုပါက အမှန်တကယ် တစ်လူမျိုးလုံး အထင်သေးခံရဖို့က သေချာသလောက်ရှိပါသည်။ ထို့ကြောင့် သဒ္ဓါ၊ ပညာညီမျှစွာဖြင့် ယုံကြည်တတ်ကြပါစေ။

စေတီတော်မြတ်သုံးဆူမှာ သာသနာတော်သက္ကရာဇ်-၂၃၆ခု၊ (ဘီစီ-၃၀၈)က ဒွါရာဝတီ-သံတွဲမြို့,စားဓမ္မသူရအမတ်ကြီး စတင်တည်ထားခဲ့သည်မှစ၍ ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦးစသည်ဖြင့် ခေတ်အဆက်ဆက်မင်းနှင့်အတူ၊ ရဟန်းရှင်လူ၊ ပြည်သူအများ၊ ပြုပြင်တည်ထားကာ ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသဖြင့် ကြည်ညိုဖွယ် တင့်တယ်သပ္ပာယ်သော အနေအထားသို့ ရောက်ရှိနေခြင်းဖြစ်ပါသည်။ နောင်ကိုလည်း သားစဉ်မြေးဆက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရဦးမည်သာ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒွါရာဝတီ-သံတွဲမြို့၏ ကျက်သရေဆောင်၊ ရခိုင်ပြည်၏ သာသနာ့သမိုင်းဝင် ဗျာဒိတ်တော်ရဆံတော်၊ နံတော်၊ အံတော်၊ ဘုရားသုံးဆူကို တည်ထားတော်မူခဲ့သော **"မူလဘုရားဒါယကာ-ဒွါရာဝတီ-သံတွဲမြို့,စားဓမ္မသူရအမတ်ကြီး"**အား အောက်မေ့တသ သတိရစိမ့်သောငှာ ဤအစုဖြင့် မော်ကွန်းကမ္ပည်းစာရေးထိုးပြီး ဂုဏ်ပြုရခြင်းဖြစ်ပါသည်။

အပိုဒ် (၄) ဆံ၊နံ၊ အံ ဗျာဒိတ်ထား
ဓာတ်တော်များနဲ့ စံရာမြေ။
တောင်သုံးဖွေ အသွင်ဆန်း
လွှမ်းလောက်ပါပေ။

သံတွဲမြစ် ယိမ်းနွဲ့ခွေ
စိမ်းလဲ့နေတဲ့ မြေနန်း။
သမိုင်းရာဇဝင် ရှည်ကြာရောက်
ပြောင်မြောက်လို့ထွန်း။ ။

၂. ၉. ၂၀၁၅

အချုပ်ဆိုရသော် လွန်ခဲ့သောနှစ်ပေါင်း **"၂၃၂၃-နှစ်"** က ဆံတော်၊ နံတော်၊ အံတော် ဘုရား သုံးဆူကို စတင်တည်ထား ပူဇော်ခဲ့ကြသော ဒွါရာဝတီ-သံတွဲမြို့သည်ကား ယခုအခါ ကြည်နူးဆွတ်ပျံ့ဖွယ် မြင်ကွင်းအစုံတို့ဖြင့် သာယာလှပသော မြို့တစ်မြို့အဖြစ်သို့ ရောက်ရှိနေပါကြောင်း **"ဆံ၊ နံ၊ အံစေတီ ထွတ်တွေနဲ့"** ဟူသော ကဗျာဖြင့် သတင်းကောင်းပါးအပ်ပါသည်။ ။

**ဆံ၊ နံ၊ အံ စေတီထွတ်တွေနဲ့**

* ဒွါရာဝတီ မြို့သံတွဲမှာလ
ဆံ၊ နံ၊ အံ စေတီထွတ်တွေနဲ့
ထူးမြတ်လို့ လွန်တင့်တယ်။

* ဘုရား,တန်ဆောင်းရယ်နဲ့
ဂူ,ကျောင်း စီရရီတင့်
မြတ်စေတီ တောင်စခန်းတွေက
မြို့ပန်းချီ ရှုမျှော်မှန်းရင်ဖြင့်
လွမ်းဆွတ်စဖွယ်။

* မုခ်လေးတွေ စံအိမ်တွင်းမှာလ
မြတ်ဇိနိန် ပုံတော်ထူးတွေနဲ့
ဖူးမြော်ရ ကြည်ညိုဖွယ်
သပ္ပာယ်စွ တကား။

* ဆံ၊ နံ၊ အံ တောင်တော်ထက်ဆီသို့
တက်ဆင်းသူ ဘယ်မပြတ်ပေဘု
လေးမြတ် ကြည်သဒ္ဓါနဲ့
ပြည်နိဗ္ဗာန် ရည်ရွယ်ချိန်လို့
အကြိမ်ကြိမ် ဆုပန်သလို့ရယ်
ဦးခညွတ်တွား။ ။

(စာတည်းအဖွဲ့ဝင်တစ်ဦး)
ဒွါရာဝတီမဂ္ဂဇင်း
အမှတ်(၇)၊ ၂၀၁၆-ခု။

## ဒွါရာဝတီက မေတ္တေယျရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီး

ဒွါရာဝတီက **"မေတ္တေယျရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီး"** နှင့်ပတ်သက်၍ သမိုင်းစာပေအထောက်အထား နှင့်ရှိခဲ့သည်ကို စာရေးသူရေးသားတင်ပြသွားပါမည်။ တတိယဓညဝတီခေတ်၊ ဒွါရာဝတီမြို့ကို အုပ်ချုပ်သူ **"သိန္ဓုဝမင်း"** သည် မဟာသက္ကရာဇ်-၁၂၃-ခု၊ (ဘီစီ-၅၆၉)၊ တပေါင်းလပြည့်နေ့တွင် ဒွါရာဝတီ-သံတွဲမြို့ရှိ **"သမ္ဗသီရိမုနိစတ္တကုန်းမြေ"** (ယခုလေးမျက်နှာကုန်းမြေ) ပေါ်၌ ဉာဏ်တော်အမြင့် (၁၈) တောင်ရှိသော **"မေတ္တေယျ"** အမည်ရှိရုပ်တော်မူ **"ရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီး"** တစ်ဆူကို သွန်းလုပ်ပူဇော်ခဲ့ပါသည်။ အဆိုပါ ဘုရားကြီးကို **"မေတ္တေယျရွှေဆင်းတု ဗုဒ္ဓရုပ်ပွား တော်ကြီး"** ဟု ဘွဲ့အမည်ကို ခေါ်တွင်စေခဲ့ပါသည်။

ဒွါရာဝတီ- သံတွဲမြို့ရှိ မေတ္တေယျရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီး ဖျက်ဆီးခံရသောနှစ်မှာ သာသနာတော် သက္ကရာဇ်-၆၄၁ခု၊ (အေဒီ-၉၇) တွင် ဖြစ်ပါသည်။ ဖျက်ဆီးသူတို့မှာ ပြူတို့၏ သရေခေတ္တရာ ရသေ့မြို့၌ သုပညာ နဂရဆိန္နမင်း နန်းစံ (၁၁) နှစ်မြောက်အချိန်တွင် သုပညာနဂရဆိန္နမင်းနှင့်အတူ ပြူ ကမ်းယံ စစ်သည်ရဲမက်တို့ လာရောက်ဖျက်ဆီးခဲ့ကြခြင်း ဖြစ်သည်။ ရခိုင်အနေဖြင့်မူ တတိယဓညဝတီခေတ်၊ စန္ဒာသူရိယမင်းမှ (၁၆) ဆက်မြောက် **"သူရိယစိတြမင်း"** လက်ထက် (အေဒီ-၇၉-မှ-၁၁၅-ထိ) တွင် ဖြစ်ပါသည်။

ဒွါရာဝတီ-သံတွဲမြို့က ရွှေဆင်းတုဗုဒ္ဓရုပ်ပွားတော်ကြီး ဖျက်ဆီးခံရမှုနှင့်ပတ်သက်၍ သမိုင်းစာပေအထောက် အထား ခိုင်ခိုင်မာမာရှိပါသည်။ ယင်းသို့ ရှိပါသော်လည်း ရခိုင်တို့ဘက်က ဖော်ပြသော သမိုင်းစာပေအထောက် အထားများကို ချန်လုပ်၍ ဗမာတို့ဘက်က ဖော်ပြသော စာပေအထောက်အထားများကိုသာ အလေးပေး၍ ကောက်နုတ် ဖော်ပြသွားမည် ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် ရခိုင်တို့ဘက်က စာပေအထောက်အထားများကိုသာ အလေးပေးဖော်ပြသွားမည် ဆိုပါက **"ရခိုင်လူမျိုးတို့ လုပ်ကြံချဲ့ကား၍ ရေးသားခဲ့ကြသည်"** ဟု အထင်ခံရဖွယ်ရှိသောကြောင့် ဤကဲ့သို့ ကြိုတင်၍ အသိပေးထားရခြင်းဖြစ်ပါသည်။

**"အရိယာဝံသအာဒိစ္စရံသီ"** အမည်ရှိသော မုံရွေးဆရာတော် (၁၁၂၈-၁၁၉၆) သည် **"ရာဇောဝါဒ မေတ္တာစာ"** ကို အပိုဒ်ပေါင်း (၁၆၅) ပိုဒ်ဖြင့် ရေးသားဖွဲ့ဆိုခဲ့ပါသည်။ ယင်းမေတ္တာစာအပိုဒ် (၁၂၇) တွင် -

**"မိတေယျအတု၊ ရွှေရုပ်တုပြောင်ပြောင်၊ အတောင်ရှစ်ဆယ်၊ ကြီးကျယ်စွင့်စွင့်၊ လွှားလွှားမြင့်ကို၊ ဖိုကျင့် ထိုး၍၊ ရသေ့မြို့အလုံး၊ ယူကြသုံးသဖြင့်၊ ဆုံးဘူးသည်တဝ။"** ဟူ၍ ရေးဖွဲ့ထားပါသည်။

[မှတ်ချက်။ ။ ဆရာတော်၏မေတ္တာစာ၌ မေတ္တေယျရွှေဆင်းတုဗုဒ္ဓရုပ်ပွားတော်ကြီး၏ ဉာဏ်တော် အမြင့်ပမာဏကို **"အတောင်ရှစ်ဆယ်"** ဟူ၍ ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ အဆိုပါဘုရားကြီး၏ ဉာဏ်တော်အမြင့်မှာ အတောင် (၈၀) မဟုတ်ပါ။ တစ်ဆယ့်ရှစ်တောင်မျှသာ ဖြစ်ပါသည်။ **"မဟာရာဇဝင် ကြီးဦးကုလား"** ၌လည်း **"အဋ္ဌာရသဟတ္ထုဗ္ဗေဓ-မဏ္ဍိမပုရိသတစ်ဆယ့်ရှစ်တောင်"** ဟု ပြဆိုထားသည့်အတိုင်း တစ်ဆယ့်ရှစ်တောင်ကိုသာ အမှန်ဟုမှတ်ယူသင့်ပါသည်။ ။ စာရေးသူ။]

မုံရွေးဆရာတော်ကြီးက သရေခေတ္တရာအမည်ရှိ ရသေ့မြို့က နောက်ဆုံးမင်းဆက်ဖြစ်သော **"သုပညာ"** အမည်ရှိ သော မင်း (ထိုမင်းလက်ထက်တွင် သရေခေတ္တရာ မင်းဆက်၊ မြို့ဆက်ပြတ်သောကြောင့် **"သုပညာနဂရဆိန္နမင်း"**

ဟု အမည်တွင်သည်။) လက်ထက်တွင် ဒွါရာဝတီ-သံတွဲမြို့ကို စစ်ချီထွက်ခဲ့သည်။ ဒွါရာဝတီ-သံတွဲမြို့တွင် သုံးနှစ်မျှ ကြာမြင့်ခဲ့သည်။ မေတ္တေယျဘုရားကြီးကို လိုချင်လှသဖြင့် ဒွါရာဝတီ-သံတွဲမြို့မှ မပြန်နိုင်ဘဲ ဖြစ်နေသည်။ ထိုမင်း၏ စစ်သည်ရဲမက်တို့မှာ သားမယားနှင့် ဆွေမျိုးများကို အောက်မေ့လှ သောကြောင့် အမြန်ပြန်ရပါစေခြင်းငှာ ဘုရားကြီးကို ဖြိုဖျက်၍ (၂၈) ဆူမျှ ဘုရားအငယ်များ ပြန်၍သွန်းခိုင်းသည်။ ထိုမှ ပိုလျှံသော ရွှေများကို စစ်သည်ရဲမက်တို့က ကိုယ်ကျိုးအဖြစ် အသုံးပြုကြသည်။ ယင်းအကုသိုလ်ကံကြောင့် သရေခေတ္တရာသားတို့ အမြဲတုန်လှုပ်ချောက်ခြားလျက် ရှိကြသည်။ နောက်ဆုံးမှာတော့ သရေခေတ္တရာရသေ့မြို့ ပျက်စီးဆုံးရှုံးရသည်အထိ ဖြစ်ခဲ့ရသည်။ ဤသည်ကို သတိသံဝေဂယူစရာအဖြစ် မုံရွေးဆရာတော်က သူ၏ **"ရာဇောဝါဒ မေတ္တာစာ"** တွင် ထည့်သွင်း၍ ရေးသားထားခဲ့ခြင်း ဖြစ်ပါသည်။

မေတ္တေယျဘုရားကြီးနှင့်ပတ်သက်၍ နောက်အထောက်အထားတစ်ခုမှာ **"မှန်နန်းရာဇဝင်"** တွင် တွေ့ရသည်။ မှန်နန်းရာဇဝင်လာ **"ရခိုင်တို့၏ ဒွါရာဝတီ"**က မေတ္တေယျဘုရားကြီးအကြောင်းကို အကျဉ်းမျှကောက်နုတ်တင်ပြပါမည်။

သက္ကရာဇ်တို (၅) ခုတွင် သုပညာနဂရဆိန္နမင်းသည် မင်းပြု၏။ ထိုအခါ သံတွဲကမ်းရံပြည်ကို တိုက်ခိုက်အောင်မြင်လေလျှင် ထိုသံတွဲပြည်တွင် မဟ္ဘိမပုရိသအတောင်နှင့် (၈၈) တောင်ရှိ ရွှေဆင်းတုတစ်ပါးကို မြင်တော်မူလေသော် ဘုရားရှင်ကိုယ်တော်မြတ်ကို ဖူးတွေ့ရဘိသကဲ့သို့ အလွန်သဒ္ဓါတော်မူသည်ဖြစ်၍ ညဉ့်နံနက်မပြတ်ဝတ်ပြုတော်မူ၏။ ထိုသို့ ရွှေပိဿာဆယ်ရာကုဋေမကသော အရိမေတ္တေယျဘုရားရှင်သဏ္ဍာန်နှင့်တူသော ရုပ်တုတော်၌ သုံးနှစ်တိုင်တိုင် ခွာ၍မသွားရက်သောအားဖြင့် နေတော်မူ၏။ မှူးတော်မတ်တော်တို့လည်း **"ဘုန်းကြီးသော အရှင်၊ ဆင်မြင်းဗိုလ်ပါ၊ ညောင်းညာကြပြီ။ နေပြည်တော်သို့ အလျှင်ပြန်တော်မူပါလော။"** ဟုနားတော်လျှောက်ကြလေ၏။ မင်းကြီးလည်း ဤသို့မိန့်တော်မူ၏။

**"ငါသည် ဤဘုရားရှင်ရုပ်တုတော်ကို ခွာ၍သွားအံ့သောငှာ မတတ်နိုင်၊ ဤဘုရားရှင် ရုပ်တုတော်ကို ရတနာဖောင်ကြီးစွာစီရင်၍ ဖောင်ထက်တင်ပြီးသော် "နဂါးရစ်တောင်" မော်တင်ကိုလှည့်၍ မဟာသမုဒ္ဒရာဖြင့် သရေခေတ္တရာနေပြည်တော်သို့ ဆောင်ယူမည်။"** ဟူ၍ မိန့်တော်မူ၏။ အမတ်ဗိုလ်ပါတို့လည်း မင်းကြီးသည် မဖြစ်နိုင်ရာသော အကြံတော်ကို ကြံဘိသည်။ ဤသို့ ကြံတော်မူသည်ရှိသော် ငါတို့သားမယားတို့ကို မတွေ့မမြင်ရပြီဟူ၍ နှလုံးမကြည်ရှိကြကုန်၏။

အမတ်ဗိုလ်ပါတို့လည်း တိုင်ပင်ကြ၍ ဘုရားရှင်ရုပ်တုတော်အောက်၌ ဥမင်တူးလေ၏။ရုပ်တုတော်သည်လည်း ရွှေအတိသွန်းသည်ဖြစ်၍ လေးသောကြောင့် လဲတော်မူလေ၏။ မင်းကြီးလည်း ဘုရားရှင်ရုပ်တုတော်လဲသည်ကို မြင်တော်မူလေလျှင် **"အမတ်တို့၊ အဘယ်ကြောင့် ဘုရားရှင်ရုပ်တုတော် လဲဘိသနည်း" ဟု မေးတော်မူ၏။ အမတ်ဗိုလ်ပါတို့လည်း ဘုရားရှင်ပရိနိဗ္ဗာန်ပြုတော်မူသည်"** ဟု နားတော်လျှောက်ပေ၏။

မင်းကြီးလည်း ထိုစကားကို ကြားတော်မူသော် နှလုံးမသာမယာရှိ၍ ခပ်မဆိတ်နေတော်မူလေ၏။ မှူးမတ်ဗိုလ်ပါတို့လည်း ထင်းတစ်ယောက်တစ်ချောင်း၊ မီးသွေးတစ်ယောက်တစ်ဆုပ်စီထည့်ကြ၍ မီးတိုက်လေ၏။ ထိုသို့ မီးတိုက်သောအဖြစ်ကို မင်းကြီးမြင်တော်မူလျှင် ဤသို့မေးတော်မူပြန်၏။

**"အမတ်တို့၊ အဘယ်ကြောင့် ဘုရားရှင်ရုပ်တုတော်ကို မီးတိုက်ဘိသနည်း"** ဟု မိန့်တော်မူ၏။ အမတ်တို့လည်း **"ဘုရားရှင် ပရိနိဗ္ဗာန်ဝင်တော်မူ၍ နတ်တို့ သဂြိုဟ်လေသည်။"** ဟု နားတော်လျှောက်ကုန်၏။ မင်းကြီးလည်း

**"မဟုတ်သော စကားကို လျှောက်သည်"** ဟု နှလုံးမသာဖြစ်၍ ဆိတ်ဆိတ်နေတော်မူ၏။ အမတ်ဗိုလ်ပါတို့လည်း မင်းကြီးအား အမျက်ထွက်လတ္တံ့သည်ကို ကြောက်သဖြင့် ထက်ဝယ်တော်တစ်တောင်ပြည့်ရှိသော အဋ္ဌဝီသ- နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်ရုပ်တုတော်ကို ရွှေစင်အတိဖြင့် သွန်း၍ မင်းကြီးအား ဆက်လေ၏။ ရွှေသန်လျက်လည်း သွန်းလုပ်၍ ဆက်ကြလေ၏။ မှူးမတ်ဗိုလ်ပါတို့လည်း များစွာယူကြလေကုန်၏။ ထိုဥစ္စာတို့ကို ပြည်သူတို့သုံးစွဲ၍ အန္တအပြားဖြစ်သောအခါ ရသေ့၊ သိကြားစသော သူမြတ်ခုနစ်ယောက်တည်သော သရေခေတ္တရာပြည်သည် စနောင့် စနင်းရှိသည်ဖြစ်၍ လုစား,ယက်စား, ခိုးသား, ဓားပြထူထပ်သောအားဖြင့် ကွပ်ညှပ်မနိုင်ရှိခဲ့၏။

ထိုအခါ လေပွေကြီးလာ၍ ဆန်ကောလွင့်သည်ကို ဆန်ကောရှင်မိန်းမသည် **"ငါ့ဆန်ကော၊ ငါ့ဆန်ကော"** ဟူ၍ လိုက်လေသည်ကို အစပြု၍ ငါ့ဇကော (ငစကော) စစ်လာသည်ဟူ၍ တစ်ပြည်လုံး ထိတ်လန့်သောအားဖြင့် ထိုပြည်၌နေကုန်သော ပြူ, ကမ်းရံ, မြန်မာလူမျိုးသုံးဦးတို့သည် သွေးနီးရာစုပေါင်း၍ သုံးစုကွဲသဖြင့် ပျက်စီးလေသည်။ ဤကား ဗမာတို့၏ မှန်နန်းရာဇဝင်လာ စကားရပ်တို့ပေတည်း။

[မှတ်ချက်။ ။ ရခိုင်တို့၏ ဒွါရာဝတီ-သံတွဲမြို့က ရပ်တော်မူရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီးနှင့် ပတ်သက်၍ ဉာဏ်တော်အမြင့်ပမာဏကို ပြဆိုရာ၌ မှန်နန်းရာဇဝင်က (၈၈) တောင်ဟု ပြဆို၏။ ယင်းပြဆိုချက်သည် အပိုအလွန်ဖြစ်နေပါသဖြင့် **"မဟာရာဇဝင်ကြီးဋီကာ"** လာ စကားရပ်အတိုင်း (၁၈) တောင်ဟုသာ ပြင်ဆင်၍ မှတ်သားစေလိုပါသည်။။ စာရေးသူ။]

ဒွါရာဝတီ-သံတွဲမြို့တွင် သာသနာတော်သက္ကရာဇ်-၆၄၁ခု(အေဒီ-၉၇)က **"မေတ္တေယျ"** အမည်ရှိ ရပ်တော်မူ ရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီး ဖျက်ဆီးခံခဲ့ရပုံနှင့် ပြူတို့၏ သရေခေတ္တရာရသေ့မြို့ ပျက်စီးခဲ့ရပုံအကြောင်းကို **"ဦးကုလားရာဇဝင်"** ၌လည်း -

**"သီရိခေတ္တရာပြည်(ရသေ့မြို့)၌ သာသနာတော်နှစ်-၆၂၅၊ အတိုသက္ကရာဇ်-၅ခုတွင် နန်းတက်သော "သုပညာနဂရဆိန္နမင်း"သည် "ကမ်းယံပြည်" ကို တိုက်ခိုက်အောင်မြင်၍ ယင်း၌ဖူးမြော်ရသော ရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကို ပါလာသော မှူးမတ်ဗိုလ်ပါတို့သည် ဖိုကျင့်ထိုးကာ၊ နှစ်ကျိပ်ရှစ်ဆူသော ဗုဒ္ဓရုပ်ပွားတော် ငယ်များကို သွန်းလုပ်ပင့်ဆောင်ပြီးနောက်၊ ပိုသမျှသောရွှေကို အသုံးပြုကြခြင်းကြောင့် သီရိခေတ္တရာတစ်ပြည်လုံး ပျက်ပြုန်းခဲ့ရ၏။"** ဟူ၍ မှတ်တမ်းတင်ထားခဲ့သည်ကို တွေ့ရသည်။

ဆက်လက်၍ **"မဟာရာဇဝင်ကြီးဋီကာပါဠိ"** ၌ လာရှိသော **"သရေခေတ္တရာရသေ့မြို့ပျက်စီးရခြင်း"** အကြောင်းကို **"သရေခေတ္တရာရာဇဝင်အခန်း"** မှ ထုတ်နုတ်၍ တင်ပြပါဦးမည်။

**"သော စေကံ သမယံ တိရယာမပူရံ ပဗုဋ္ဌံ ဇိနိတွာ တသ္မိံ ပုရေ အဋ္ဌာရသဟတ္ထုဗ္ဗေဓ ဇာတိပောမပ္ပဋိ ဗိမ္ဗံ ဒိသွာ တထာဂတံ ခရ မာနမိဝပသာဿေ့ာ အတိဝိယသဒ္ဓေါ ပသန္နော့ဟုတွာ ဝိနာဘဝိတု မသက္ကောန္တော့တတ္တေ ဝါတိတ္တန္တေ့တိဝသေဿ အမစ္စာဗိသု တံပဋိဗိမ္ဗံ ပရိနိဗ္ဗာနတေဇောဓာတု ဒဟမိဝကတွာ ဘိန္ဒိတွာ အဋ္ဌဝီသပဋိဗိမ္ဗေ အညေစ အဘိသင်္ခရိတွာ ဒေန္တေ့သု သေသကဥ္စ ဗဟုတရံ ဂဟိတေသု သကပူရံ ပဋိနိဝတ္တတိ။ တံ ပရိဘောဂ ကာလေ နဂရဝါသိနော အညမည ဝိလုပ္ပန္တာ ဒူသန္တာဒမိတု မသက္ကောန္တာ ပောန္တိ၊ သကလ နဂရံ သံခေါဘတိ။ အထဝါ တမဏ္ဍလိကော အာဂန္တွာ စေကံသုပ္ပံ ဥဒ္ဓရ်မေတိ။ သာမိကိတ္တိမမသုပ္ပေါ မမသုပ္ပေါတိ ဝတွာ အနုဗန္ဓိ။ တံအာဒိံ ကတွာ မမသုပ္ပသေနာ အာဂတာတိ သကလ ဇနာဘိ တတသိတာ ပြုမေကံ, တိရယာမမေကံ,**

မရမ္မမေကန္တိ တိဓာ ဘိန္နန္တိ။ တေန ဝုတ္တံ အသဿကာလေ သုပ္ပေန ဘိန္နောတိ ကေစိပန။။"

(မဟာရာဇဝင်ကြီးဋီကာပါဌ်)

(အနက်ကား။)"သော၊ ထိုသုပဉ္စာနဂရ ဆိန္နမင်းသည်။ ဧကံ၊ တစ်ပါးသော။ သမယံ၊ အခါ၌။ ပဗ္ဗုဋ္ဌံ၊ ပြစ်များသော့ သွမ်း သောင်းကျန်းပုန်ကုန်သော။ တိရယာမပူရံ၊ သံတွဲစသား ပြောပအလျဉ် တောင်စဉ်ခုနစ်ခရိုင် ဟုဆိုအပ်သော ကမ်းယံပြည်ကို။ ဇိနိတွာ၊ ဗျူဟာသေနင် လေးပါးအင်ဖြင့် အောင်မြင်တော်မူ၍။ တသ္မိံ ပုရေ၊ ကမ်းယံဟူသည် ထိုသည့်ပြည်၌။ အဋ္ဌာရသဟတ္ထုဗ္ဗေဓံ၊ မဇ္ဈိမဟု ပုရိသတွက်ဖွဲ့ တစ်ဆယ့်ရှစ်တောင် အမြင့် ဆောင်သော။ ဇာတိ ဟေမာပ္ပဋိမိမ္ဗံ၊ မြတ်ကိုယ်တော်ပွား ရွှေသားခုတ်လျော် ဆင်းတုတော်ကို။ ဒိသွာ၊ မျက်ဝါး ထင်ထင် မြင်တော်မူ၍။ ဓရမာနံ၊ သက်တော်ထင်ရှားရှိသော။ တထာဂတံ၊ မြတ်စွာဘုရားကို။ ပဿန္တောဣဝ၊ ဖူးမြင်ရသကဲ့သို့။ အတိဝိယ၊ အလွန်လျှင်။ သဒ္ဒေါ၊ သဒ္ဓါတော်မူသည်။ ပသန္နော၊ ကြည်ညိုတော်မူသည်။ ဟုတွာ၊ ဖြစ်၍။ ဝိနာ၊ ကုဋေဆယ်ရာ ပိဿာမက မိတေယျဟု ဗုဒ္ဓတုလျော်ရုပ်ပွားတော်နှင့် မခြော်ရကာ လွတ်ကင်းကွာ၍။ ဘဝိတုံ၊ ကိုယ်တော်ချည်းလျှင် မငြီးမငြူ ဖြစ်တော်မူခြင်းငှာ။ အသက္ကုဏန္တော၊ နေတည်ဘုန်းခိုင် မတတ်နိုင်ရကား။ တတ္ထေဝ၊ ကမ်းယံဟူသည် ထိုသည့်ပြည်၌သာလျှင်။ တိဝဿေ၊ သုံးနှစ်သည်။ အတိက္ကန္တေ၊ လွန်သည်ရှိသော်။ အမစ္စာဒီသု၊ မှူးတော်၊ မတ်တော် အစရှိသောသူတို့သည်။ တံပဋိမိမ္ဗံ၊ မြတ်ကိုယ်တော်စား၊ ထိုရုပ်ပွားကို။ ပရိနိဗ္ဗာနတေဇောဓာတု ယံက္က၀၊ ပရိနိဗ္ဗာန်စံလွန်ပြီးသော် တေဇောဓာတ်ရောင် တပြောင်ပြောင်လျှင် လောင်ဘိသကဲ့သို့။ ကတွာ၊ ပြုကုန်၍။ ဘိန္ဒိတွာ၊ ဖရိုဖရဲ ထုခွဲဖျက်ဆီးကုန်၍။ အဋ္ဌဝီသပဋိမိမ္ဗေစ၊ နှစ်ကျိပ်ရှစ်ဆူ ဘုန်းတူမြတ်ကျော်။ ကိုယ်ပွားတော်တို့ကိုရင်း။ အညေစ၊ ယင်းမှအခြား တစ်ပါးတို့ကိုရင်း။ အဘိသခ်ရိတွာ၊ သွန်းလုပ်ပြုပြင် ဖန်စီရင်ကုန်၍။ ဒန္တေသု၊ မျက်တော်ပြေကြောင်း၊ စိတ်ကောင်းကြံတက်ဆက်ကြကုန်သည်ရှိသော်။ ဗဟုတရံ၊ အလွန်များစွာသော။ သေသကဥ္စ၊ ယင်းမှတစ်ထွေ၊ ကျန်သောရွှေကိုလည်း။ ဂဟိတေသု၊ မှူးမတ်ဗိုလ်ပါ လျော်စွာစိတ်ညီ ကိုယ်စီကိုယ်င ယူကြကုန်သည်ရှိသော်။ သကပူရံ၊ သရေခေတ္တရာ မည်သာလျှံငြိ၊မိမိနေတည် မြတ်ရွှေပြည်သို့။ ပဋိနိဝတ္တတိ၊ ရွှေဆက်နှစ်ဆူ၊ ဖြန့်တော်မူ၏။

အမစ္စာဒီသုတံပဋိမိမ္ဗံ စသည်၌၊ အဓိပ္ပာယ်ကား ထိုသို့မင်းကြီး ကမ်းယံပြည်၌ သုံးနှစ်တိုင်တိုင် နေတော်မူသည်ရှိသော်။ မှူးမတ်ဗိုလ်ပါတို့သည် ဘုန်းတော်ကြီးသော အရှင်မင်းမြတ်။ ဆင်မြင်းဗိုလ်ပါ ညောင်းညာကြပြီ။ နေပြည်တော်သို့ အလျင်အမြန် ပြန်တော်မူလောဟု နားတော်လျှောက်ကြလေ၏။ မင်းကြီးလည်း ငါသည် ဤဘုရားရှင် ရုပ်တုတော်ကို ခွါ၍သွားအံ့သောငှာ မတတ်နိုင်၊ ဤဘုရားရှင် ရုပ်တု တော်ကို ရတနာဖောင်ကြီးစွာ၊ စီရင်၍၊ ဖောင်ထက်တင်ပြီးသော်၊ နဂါးရစ်တောင်ကိုလှည့်၍မဟာသမုဒ္ဒရာဖြင့် သရေခေတ္တရာနေပြည်တော်သို့၊ ဆောင်ယူမည်ဟူ၍ မိန့်တော်မူ၏။ မှူးမတ်ဗိုလ်ပါတို့လည်း မင်းကြီးသည် မဖြစ်နိုင်ရာသော အကြံတော်ကို ကြံဘိသည်။ ဤသို့ ကြံတော်မူသည်ရှိသော်၊ ငါတို့သားမယားကို မတွေ့ မမြင်ပြီဟူ၍ နှလုံးမကြည်ရှိကြသည်နှင့် အချင်းချင်းတိုင်ပင်ကြ၍ ဘုရားရှင်ရုပ်တုတော်အောက်၌ ဥမင်တူး လေ၏။ ရုပ်တုတော်သည် ရွှေအတိသွန်းသည်ဖြစ်၍၊ လေးသောကြောင့် လည်းတော်မူလေ၏။ မင်းကြီးမြင်တော်မူ လေလျှင်၊ အမတ်တို့၊ အဘယ်ကြောင့်ဘုရားရှင်ရုပ်တုတော် လည်းဘိသနည်းဟု မေးတော်မူ၏။ အမတ်တို့လည်း ဘုရားရှင်ပရိနိဗ္ဗာန်ပြုတော်မူသည်ဟု နားတော်လျှောက်ကုန်၏။ မင်းကြီးလည်း ထိုစကားကို ကြားတော်မူသော်

**နှလုံးမသာရှိ၍ ခပ်မဆိတ်နေတော်မူ၏။ မှူးမတ်ဗိုလ်ပါတို့လည်း ထင်းတစ်ယောက်တစ်ချောင်း, မီးသွေး တစ်ယောက်တစ်ဆုပ်ထည့်ကြ၍ မီးတိုက်လေ၏။ ထိုသို့မီးတိုက်လေသော အဖြစ်ကို မင်းကြီးမြင်တော်မူလျှင် အမတ်တို့ အဘယ်ကြောင့် ဘုရားရှင်ရုပ်တုတော်ကို မီးတိုက်ဘိသနည်း ဟုမေးတော်မူ၏။ အမတ်တို့လည်း ဘုရားရှင်ပရိနိဗ္ဗာန်ဝင်တော်မူသည်ဖြစ်၍၊ နတ်တို့ သဂြိုဟ်လေသည်ဟု နားတော်လျှောက်ကုန်၏။ မင်းကြီးလည်း မဟုတ်သောစကားကို လျှောက်ဘိသနည်းဟု နှလုံးမသာဖြစ်၍ ဆိတ်ဆိတ်နေတော်မူ၏။ မှူးမတ်ဗိုလ်ပါတို့လည်း၊ မင်းကြီးအမျက်ထွက်လတ္တံ့သည်ကို ကြောက်သဖြင့်၊ ထက်ဝယ်တော်တစ်တောင်အပြည့်ရှိသော၊ အဌဝီသ နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်ရုပ်တုတော်ကို ရွှေစင်အတိသွန်း၍ မင်းကြီးအား ဆက်ကြလေ၏။ ရွှေသန်လျက် လည်း သွန်းလုပ်၍ ဆက်ကြလေ၏။ မှူးမတ်ဗိုလ်ပါ တို့လည်း များစွာယူလေကုန်၏။ မင်းကြီးလည်း သရေ ခေတ္တရာ နေပြည်တော်သို့ ပြန်တော်မူလေ၏။**

**တံ၊ မြတ်ကိုယ်တော်စား ရုပ်ပွားဖြစ်ထွေ၊ ထိုသည့်ရွှေကို။ ပရိဘောဂကာလေ၊ ရောင်းဝယ်ဖောက်ကား၊ ဝတ်စားလိုအင် ဆင်ယင်သုံးဆောင်သော အခါ၌။ နဂရဝါသီနော၊ ခေတ္တသရေ၊ တည်နေအများ ပြည်သား ပြည်သူတို့သည်။ အညမည်၊ အချင်းချင်း။ ဝိလုပ္ပန္တာ၊ လောဘရမ္မက် လုယက်ကုန်သည်။ ဒုသန္တာ၊ မနာလိုသီး ဖျက်ဆီးကုန်သည်။ ဒမိတုံ၊ ငြိမ်းချမ်းသာအောင်၊ အာဏာတော်ပြ၊ ဆုံးမကွပ်ညှပ်ခြင်းငှာ။ အသက္ကောန္တာ၊ အားအန်ထုတ်လည်း၊ ကြိုးကုတ်ချက်ပိုင်၊ မတတ်နိုင်ကုန်သည်။ ယောန္တိ၊ ဖြစ်ကုန်၏။သကလနဂရံ၊ သရေခေတ္တရာ၊ ကြေညာပတ်ကုံး၊ ပြည်အလုံးသည်။ သံခေါဘတိ။ သမုဒ္ဒရာရေနှယ်သာလျှင်၊ ပြင်းစွာချောက်ချား၏။ အထ၊ ထိုအခါ၌။ ဝါတမဏ္ဍလိကော၊ ရေဝဲပမာ၊ ချာချာလည်ပြီးသည်။ အာဂန္တွာ၊ ချင်းတို့ကံလျှင်၊ စီမံသောလျှောက်၊ တောက်တပိုသာလျှင်၊ ဆောင်လာ၏။ ဧကံ၊ တစ်ချပ်သော။ သုပ္ပံ။ စင်းကောကို။ ဥဒ္ဓဂ်မေတိ၊ ထက်သို့ ရောက်အောင်၊ မိုးခေါင်ချက်ဖွေ။ တိုက်လွှင့်လေ၏။ သာမိကတ္ထိ၊ စင်းကောရှင်ဟု ယင်းတွင်ထူးလည် မိန်းမ သည်ကား။ မမသုပ္ပေါ မမသုပ္ပေါတိ၊ ငါ့စင်းကော, ငါ့စင်းကော ဟူ၍။ ဝတ္တွာ၊ သူ့စင်းကောကို နှမြောတုံလတ် သံမပြတ်အောင် တွတ်တွတ်ဆိုမြည်၍။ အနုဗန္ဓိ၊ စိုက်စိုက်မသွေ၊ လိုက်လျှင်းလေ၏။ တံ၊ ထိုသို့ စိုက်စိုက် လိုက်လေသည်ကို။ အာဒိ˚ကတွာ၊ အစပြု၍။ မမသုပ္ပေန၊ ငါ့စင်းကောစစ်သည်သည်။ အာဂတာ။ ရက်ရော ကြမ်းကြုတ် ထိုးခုတ်မာန်ပါ ယခုလာပြီ။ ဣတိ၊ ဤသို့။ သကလဇနာ၊ ကြွင်းမဲ့ဥဿုံ၊ လုံးစုံထွေပြား ပြည်သား ပြည်သူတို့သည်။ ဘိတ တသိတာ။ သေဖုံဘေးကို ကြံတွေးစိတ်နောက် ထိတ်ကြောက်လန့်ကုန်သည် ဖြစ်၍။ ပြု၊ ပြုသည်။ ဧကံ၊ တစ်ခု။ တိရယာမံ၊ ကမ်းယံသည်။ ဧကံ၊ တစ်ခု။ မရမ္မံ။ မြန်မာသည်။ ဧကံ၊ တစ်ခု။ ဣတိ၊ ဤသို့။ တိဓာ၊ သုံးထွေသုံးပါး သုံးကွဲအားဖြင့်။ ဘိဇ္ဇန္တိ၊ ကွဲပြားပျက်စီးကုန်၏။”** ဟူ၍ ဖြစ်ပါသည်။

အထက်ဖော်ပြပါ သမိုင်းစာပေ အထောက်အထားများသည် ဒွါရာဝတီသံတွဲမြို့၌ **“မေတ္တေယျ ရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီး”** တည်ရှိခဲ့သည်မှာ မှန်ကန်ကြောင်း သမိုင်းသက်သေများပင် ဖြစ်ပါသည်။ ဒွါရာဝတီ-သံတွဲသား တို့သည် အဆိုပါ ဘုရားကြီးကို ဘီစီ-၅၆၉၊ မတ်လ (တပေါင်းလပြည့်နေ့) က စတင်သွန်းလုပ်ပြီး ကိုးကွယ်ပူဇော် လာခဲ့ကြခြင်း ဖြစ်ပါသည်။ ဖျက်ဆီးခံရသောနှစ် အေဒီ-၉၇အထိ ဆိုပါလျှင် ဒွါရာဝတီ - သံတွဲမြို့၌ တည်ရှိခဲ့သော နှစ်မှာ ၄၇၂-နှစ် ရှိပါသည်။ ဒွါရာဝတီ-သံတွဲမြို့က မေတ္တေယျအမည်ရှိ ရွှေဆင်းတုဗုဒ္ဓရုပ်ပွားတော်ကြီးမှာ ဓညဝတီမြို့က **“မဟာမုနိဘုရားကြီး”** ထက် ဆယ်လ (၁၀-လ) တိတိငယ်ကြောင်း သမိုင်းအဆိုရှိပါသည်။ ဓညဝတီမြို့က

**"မဟာမုနိဘုရားကြီး"** ကို မဟာသက္ကရာဇ်-၁၂၃ ခု၊ (ဘီစီ-၅၆၉) ကဆုန် လပြည့်၊ ဗုဒ္ဓဟူးနေ့ ညဦးအချိန်က စတင် သွန်းလုပ်ခဲ့ရာ ကဆုန်လပြည့်ကျော် (၁) ရက်၊ ကြာသပတေးနေ့ နံနက်တွင် ပြီးစီးခဲ့ခြင်း ဖြစ်ပါသည်။

အဆိုပါဘုရားကြီးကို ကြည့်ခြင်းအားဖြင့် ယင်းအချိန်က ဒွါရာဝတီမြို့နယ်မြေဒေသရှိ ရခိုင်သူရခိုင်သားတို့၏ ဗုဒ္ဓဘာသာအပေါ် သက်ဝင်ယုံကြည်မှု၊ ကိုးကွယ်ဆည်းကပ်မှုစသော ဘာသာရေးဆိုင်ရာ ယဉ်ကျေးမှုလက္ခဏာများကို စတင်တွေ့ရှိရမည် ဖြစ်ပါသည်။

သရေခေတ္တရာရသေ့မြို့က **"ပြူနှင့်ကမ်းယံလူမျိုး"** တို့သည် ဒွါရာဝတီ-သံတွဲမြို့ကို တိုက်ခိုက်ရန် မရောက်လာမီကပင် ဒွါရာဝတီနယ်မြေဒေသ၌ မြို့ပြတည်ထောင်ပြီး ထီးနန်းစိုက်ကာ ဘုရင်စနစ်ဖြင့် အုပ်ချုပ်နေသော နယ်မြေဒေသတစ်ခုဖြစ်ကြောင်း သိရှိရပါသည်။

ရခိုင်ရာဇဝင်များ အဆိုအရ ဒွါရာဝတီနယ်မြေဒေသသည် ရခိုင်ပြည်တွင် အလွန်ရှေးကျသော **"ရှေးဦး ရခိုင်လူမျိုး"** (=အာရက္ခဝံသ)များ စတင်အခြေချနေထိုင်ရာဒေသတစ်ခုဖြစ်ကြောင်း မှတ်တမ်းတင်ခဲ့ကြသည်။ နောင် သောအခါ၌ အိန္ဒိယ၊ မဇ္ဈိမဒေသမှ **"သာကီဝင်လူမျိုး"** (=သာကိယဝံသ) များ ဝင်ရောက်လာကာ ပေါင်းစပ်ရောနှော သွားခဲ့ကြောင်း သမိုင်းကဆိုပါသည်။ ထို့ကြောင့် ရှေးခေတ်ရခိုင်ဘုရင် အဆက်ဆက်တို့သည်လည်း **"အာရက္ခဝံသ"** အပြင် **"သာကီယဝံသ"** (=သာကီဝင်မင်းမျိုး) ဟူသော အမည်ကိုပါ မြတ်မြတ်နိုးနိုး ခံယူခဲ့ကြသည်ကို တွေ့ရှိနိုင်ပါသည်။

အထက်က ရေးသားဖော်ပြခဲ့ပြီးဖြစ်သော ဗမာလူမျိုးတို့၏ သမိုင်းစာပေအထောက်အထားများအရ လည်းကောင်း၊ ရခိုင်လူမျိုးတို့၏ သမိုင်းစာပေအထောက်အထားများအရလည်းကောင်း၊ ဒွါရာဝတီ-သံတွဲဒေသနှင့် ထိုဒေသရှိလူမျိုးတို့မှာ **"ကမ်းယံဒေသ၊ ကမ်းယံလူမျိုးများ"** မဟုတ်ကြဘဲ၊ ပြူတို့၏ သရေခေတ္တရာ ရသေ့မြို့အရပ် ဒေသသည်သာလျှင် **"ပြူနှင့်ကမ်းယံလူမျိုး"** တို့၏ မူရင်းဒေသအစစ်ဖြစ်ကြောင်း ခိုင်ခိုင်မာမာသိရှိနိုင်ပါသည်။

အချို့သော သမိုင်းရေးဆရာတို့သည် ဒွါရာဝတီ-သံတွဲဒေသ၏ သမိုင်းဖြစ်ရပ်အမှန်ကို သေချာစွာ မစူးစမ်း မလေ့လာဘဲ အထင်ဖြင့် ရေးသားခဲ့ကြသည့်အတွက်၊ **"အစဉ်ပါနေသော သမိုင်းအမှားများ"** ကို အမှားဟု တိတိကျကျ သိရှိနိုင်ကြစေရန် သုတေသနပြုကာ ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။

သရေခေတ္တရာ ရသေ့မြို့ပျက်စီးချိန်ကို ရခိုင်ရာဇဝင်၌ ဤသို့တွေ့ရ၏။ ရခိုင်သက္ကရာဇ်-၉၆၄-ခု (အေဒီ-၁၆၀၂) တွင် ကိုယ်ရံကြီးအမတ် **"မဟာဇေယျသိန်"** ရေးသားစီရင်အပ်သော **"ရခိုင်မင်းရာဇာကြီးစာတန်း"** အရဆိုပါမူ တတိယဓညဝတီခေတ်၊ သူရိယစိတြမင်းလက်ထက် (အေဒီ-၇၉-မှ အေဒီ၁၁၅ထိ)၊ အေဒီ၉၇၊ ပြူသက္ကရာဇ် (-၁၆) ခုအချိန် ကာလက ဖြစ်ကြောင်း သိရှိရပါသည်။

**"ပြူနှင့်ကမ်းယံလူမျိုး"** တို့သည် သရေခေတ္တရာပျက်ပြီးနောက် ဓညဝတီနယ်မြေဒေသကိုလည်း ရောက်ရှိသွား ခဲ့ကြသလို၊ ဒွါရာဝတီနယ်မြေဒေသကိုလည်း ရောက်ရှိလာခဲ့ကြကြောင်း သိရှိရပါသည်။

ဤအကြောင်းကို ရခိုင်မင်းရာဇာကြီးစာတန်း၊ ၈-ကြောင်းပေမူ၊ ကေ-ချပ်၊ ဝမ်းဘက်၊ ကြောင်း ရေ ၅၊၆၊၇၊၈ တို့တွင်-

**"သရေခေတ္တရာမြို့ပျက်၍ "အမတ်ရဋ္ဌသူ" နှင့် ပျူ -၂၀၀၀၊ သက်၊ ကမ်းရံအများ ဝင်ရောက်လာမှု ပျူကို လေးကျော်၂-ထပ်ဘွဲ့တော်မူ၍ ပျူအမတ်ရဋ္ဌသူကို သောင်းတီးစားအရာ ပေးတော်မူသည်။ ကမ်းရံတို့မှာ ရမ်းဗြဲ၊ မာန်အောင်၊ စကူ၊ ပတင်း၊ မရစည်း၊ ကုလ္လိူ၊ ကျွန်းသာယာ၊ စက်ခေါ်၊ ကွမ်းချောင်းကျွန်းများတွင်**

**ချတော်မူ၍ လက်သမားအစို့၊ သံချက်အစို့၊ မဲထည်ဆက်အစို့ ဘွဲ့တော်မူသည်။ သက်တို့ကို မရိမ်ချောင်းညာဝေလာတောင်၊ ကြိမ်တန်းတောင်များတွင်ချ၍ ငွေခွန်ဆက်အစို့ ဘွဲ့တော်မူသည်။"** ဟူ၍ ဖော်ပြပါရှိပါသည်။

ဓညဝတီဘက်သို့ ထွက်ပြေးရောက်ရှိလာခဲ့ကြသော ပြူကမ်းရဲ၊ သက်တို့မှာ သီးခြား **"ပြူရွာ"** အနေဖြင့် တည်ထောင်ပြီး နေထိုင်ခွင့်မရ။ အဘယ်ကြောင့်ဆိုသော် ရခိုင်ပြည်တွင် ထိုစဉ်က အုပ်ချုပ်သူမင်းရှိနေပြီးဖြစ်သဖြင့်၊ သူ၏စီမံမှုအတိုင်း တာဝန်နှင့်တကွ၊ ခွဲဝေနေရာချထားပေးမှုကိုပါ ခံယူခဲ့ကြရပါသည်။ ထို့ကြောင့် ရခိုင်၌ **"သီးခြားပြူရွာ"** ဟူ၍ မရှိခဲ့ခြင်း ဖြစ်ပါသည်။

ဒွါရာဝတီနယ်မြေဒေသအနေဖြင့်မူ **"ပုဏ္ဏန်မြေချောင်းများ၊ တုံးတောရွာ"** တွင် **"ပြူကျောက်စာ"** တစ်ချပ်ကို တွေ့ရှိရသည်မှအပ **"ပြူနှင့်ကမ်းယံလူမျိုး"** တို့၏ သဲလွန်စကို ရှာဖွေ၍ မတွေ့ရှိရတော့ချေ။

အချို့သော ပြူနှင့်ကမ်းယံလူမျိုးတို့မှာ မြန်မာပြည်အလယ်ပိုင်းသို့လည်း ထွက်ပြေးရောက်ရှိသွားခဲ့၏။ မြန်မာပြည်အလယ်ပိုင်းသို့ ထွက်ပြေးရောက်ရှိသွားခဲ့ကြသော ပြူနှင့်ကမ်းယံလူမျိုးတို့မှာ ထိုဒေသ၌ အုပ်ချုပ်သူမင်းမရှိသေးသဖြင့် သီးခြားလွတ်လပ်စွာ ရွာတည်ထောင်၍ နေထိုင်ခဲ့ကြသည်ကို တွေ့ရ၏။ ယင်းပြူလူမျိုးတို့ နေထိုင်ရာရွာကို ပါဠိဘာသာဖြင့် **"ပြူဂါမ"** ဟုခေါ်ခဲ့ကြ၏။ အဓိပ္ပာယ်မှာ **"ပြူရွာ"** ဟုဆိုလို ခြင်းဖြစ်ပါသည်။ နောင်သောအခါ၌ **"ပြူဂါမ+ပုဂါမ"** မှ **"ပြူဂါမ်+ပုဂါမ်+ပုဂံ"** ဟူ၍ အမည်ပြောင်းလဲ ခေါ်တွင်လာခဲ့ကြခြင်း ဖြစ်ပါသည်။

အဆိုပါ ပြူလူမျိုးတို့သည် ပုဂံဒေသသို့ ရှေးဦးစွာရောက်ရှိနေထိုင်လာခဲ့ကြသော လူမျိုးများဖြစ်ကြ၏။ ပြူလူမျိုးတို့သည် ရခိုင်လူမျိုးနှင့် မွန်လူမျိုးတို့ကဲ့သို့ ရှေးကျသော လူမျိုးတစ်မျိုးဖြစ်ခဲ့သော်လည်း လူမျိုးနှင့်တကွ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာစသည်တို့ကို ထိန်းသိမ်းစောင့်ရှောက်မှု အလွန်အားနည်းခဲ့ကြသည့်အတွက် နောက်မှရောက်ရှိလာကြသော လူမျိုးများနှင့် ရောနှောသွားကာ လူမျိုးနှင့်တကွ စကားရော စာပေပါ ပျောက်ကွယ်သွားခဲ့ကြရခြင်း ဖြစ်ပါသည်။

သို့သော် ပြူလူမျိုးတို့သည် ခရစ်အေဒီ-၁၁၁၃-ဝန်းကျင်အထိ ပုဂံဒေသ၌ ရပ်တည်နေထိုင်ခဲ့ကြသေးသည်ကိုကားသမိုင်းရာဇဝင်မှတ်တမ်းများနှင့် **"ရာဇကုမာရ်ကျောက်စာ"** ခေါ် **"မြစေတီကျောက်စာ"** (ပြူစာ တစ်ဖက်ကိုရေးထိုးနိုင်ခဲ့သေးသည်။) ကသက်သေပြလျက် ရှိနေပေတော့သည်။

နိဂုံးချုပ်အနေဖြင့်ဆိုရသော် ဒွါရာဝတီနယ်မြေဒေသသို့ **"ပြူနှင့်ကမ်းယံလူမျိုးများ"** ထွက်ပြေးဝင်ရောက်မလာမီကပင် ဤဒေသ၌ **"ရှေးဦးရခိုင်လူမျိုးများ"** မြို့ပြတည်ထောင်ပြီး ဖြစ်ကြောင်းနှင့် ဗုဒ္ဓဘာသာဝင်များဖြစ်သည့်အားလျော်စွာ ရပ်တော်မူရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူကိုလည်း သွန်းလုပ်ကာ ကိုးကွယ်ပူဇော်ဆည်းကပ်လျက်ရှိကြောင်း ဗမာတို့၏ သမိုင်းကပင်လျှင် အခိုင်အမာဆိုထားပြီး ဖြစ်ပါသည်။ ရခိုင်လူမျိုးတို့၏ ရာဇဝင်သမိုင်းအနေဖြင့်မူကား အထူးပြောရန် မရှိပါ။

ထို့ကြောင့် အချို့သော ခေတ်သစ်ဗမာသမိုင်းဆရာတို့က ဒွါရာဝတီနယ်မြေဒေသနှင့် ထိုဒေသရှိ လူမျိုးများကို **"ကမ်းယံပြည်၊ ကမ်းယံလူမျိုး"** ဟူ၍ ရေးသားခဲ့ကြခြင်းသည် **"လုံးဝယုတ္တိမရှိ"** သော ရေးသားမှုများသာ ဖြစ်ပါသည်။ ဗမာသမိုင်းဆရာများက မည်သို့ပင်ရေးသားခဲ့ကြပါသော်လည်း ဒွါရာဝတီနယ်မြေဒေသ၌ ခေတ်အဆက်ဆက် နေထိုင်လာခဲ့ကြသော **"အာရကဝံသ-ရှေးဦးရခိုင်လူမျိုးများ"** မှာ **"ကမ်းယံပြည်ကိုလည်း မသိသလို၊ ကမ်းယံလူမျိုးကိုလည်း မသိ"** ကြချေ။ အဘယ်ကြောင့်ဆိုသော် ဒွါရာဝတီနယ်မြေသားတို့နှင့် အဆိုပါအမည်နာမများမှာ မည်သို့မျှ ဆက်စပ်

ပတ်သက်ခြင်းမရှိသော အမည်နာမများ ဖြစ်နေသော ကြောင့်တည်း။ ။

**"ဒွါရာဝတီသားတို့ အာရက္ခဂုဏ်ကို ဆောင်ထားနိုင်ကြပါစေ"**

**ဒွါရာဝတီ-အသျှင်ကုသလ**

(ကျမ်းကိုးစာရင်း)

| | | |
|---|---|---|
| ၁။ မဟာရာဇဝင်ကြီးဋီကာ | ▫ | ရေးသူအမည်မသိ။ |
| ၂။ ရာဇောဝါဒမေတ္တာစာ | ▫ | မုံရွေးဆရာတော်။ |
| ၃။ မှန်နန်းမဟာရာဇဝင်တော်ကြီး | ▫ | စုပေါင်းရေးသား။ |
| ၄။ ရခိုင်မင်းရာဇာကြီးစာတန်း | ▫ | ကိုယ်ရံကြီးအမတ်-မဟာဇေယျသိန်။ |
| ၅။ ဦးကုလားမဟာရာဇဝင်ကြီး | ▫ | ဦးကုလား။ |
| ၆။ ကျောင်းသုံးမြန်မာရာဇဝင် | ▫ | ဦးဘသန်း (B.A) |
| ၇။ မြစေတီကျောက်စာ | ▫ | ရာဇကုမာရ်။ |
| ၈။ ရွှေဘုံနိဒါန်း | ▫ | ဇေယသင်္ချာ။ |

၉။ ဒွါရာဝတီ-အသျှင်ကုသလမှတ်စု။

## ဒွါရာဝတီက မေဓတ္တေယျရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီးနှင့် သုပညာနဂရဆီနွမင်း

ဗြိကွေဩ (သို့မဟုတ်) သရေခေတ္တရာ ရသေ့မြို့ကောင်းစားစဉ်က ပြူ(ပျူ)တို့၏ **"ငတပါးမင်း"**မှ (၁၄)ဆက်မြောက်ဖြစ်သော **"သုမုန္ဒရီမင်း"**တွင် **"သုပညာ"** အမည်ရှိသော သားတော်တစ်ပါးထွန်းကားခဲ့သည်။ သားတော် **"သုပညာ"**လက်ထက်တွင် ရခိုင်ပြည်တောင်ပိုင်းကမ်းခြေဒေသက ဒွါရာဝတီ-သံတွဲမြို့ကို စစ်ချီထွက်ခဲ့သည်။ သုပညာမင်း၏စစ်အင်အားမှာ သာလွန်သောကြောင့် သံတွဲဘုရင် **"သီရိဝိဇယဗိုလ်မင်း"** မှာ စစ်အင်အားမမျှတသဖြင့် ဘေးလွတ်ရာသို့ ပုန်းအောင်းတိမ်းရှောင်နေရသည်။

သီရိဝိဇယဗိုလ်မင်း ခေတ္တတိမ်းရှောင်လျက် ယာယီနန်းဖြင့် ပုန်းအောင်းစံနေတော်မူခဲ့ရာ **"မင်းပုန်းစံ"** နေရာကုန်းကို ယခုအခါ **"နန်းရာကုန်း"**ဟု ခေါ်တွင်လျက်ရှိသည်။ ၎င်းနေရာမှာ သံတွဲမြို့နယ် နန်းချောင်းရွာ၏ အထက်ဘက်တစ်မိုင်ခွဲခန့်တွင် တည်ရှိသည်။ ယခုအခါ **"နန်းရာကုန်းရွာ"** ဟုနာမည်တွင်လျက် ရှိသည်။

အဆိုပါနာမည်မှာ ရန်သူဘေးကြောင့် ယာယီနန်းဖြင့် ပုန်းအောင်းစံနေတော်မူခဲ့ရာ ကုန်းကိုအစွဲပြု၍ **"နန်းရာကုန်း"** ဟု ခေါ်တွင်လာခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။ အချိန်ကာလမှာ အလွန်ကြာမြင့်ခဲ့ပြီဖြစ်သဖြင့် အဖြစ်မှန်သမိုင်းကြောင်းကို လူတိုင်းမသိရှိနိုင်ကြတော့ချေ။ ထိုစဉ်က **"သုပညာမင်း"** နှင့် သူ၏စစ်သည်ရဲမက်တို့မှာ ဒွါရာဝတီ-သံတွဲမြို့တွင် တပ်စွဲလျက် ရှိနေကြသည်။

ယင်းအချိန်က ဒွါရာဝတီ-သံတွဲမြို့တွင် **"မေတ္တေယျ"**အမည်ရှိသော ရုပ်တော်မူရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူရှိသည်။ အဆိုပါ ဘုရားကြီးကို သံတွဲထီးနန်းကို စိုးစံလျက် ဒွါရာဝတီနယ်မြေကို အုပ်ချုပ်သူ **"သိန္ဓဝမင်း"** သည် တတိယဓညဝတီခေတ်၊ မဟာသက္ကရာဇ်-၁၂၃-ခု၊ (ဘီစီ-၅၆၉)၊ တပေါင်းလပြည့်နေ့ (ရုပ်ရှင်တော်မဟာမုနိဘုရားကြီးကိုသွန်းလုပ်ပြီး (၁၀)လမြောက်နေ့) တွင် တိုင်းသူပြည်သားများနှင့်အတူ သွန်းလုပ်ပူဇော်ခဲ့ကြသည်။ ဘုရားကြီးသီတင်းသုံးတော်မူရာဌာနမှာ သဗ္ဗသီရိမုနိစက္ကကုန်းမြေ(=ယခုလေးမျက်နှာကုန်းမြေ) ပေါ်တွင် ဖြစ်သည်။

ဘုရားကြီး၏ ဉာဏ်တော်အမြင့်မှာ **"မဟာရာဇဝင်ကြီးဋီကာကျမ်း"** ၌ **"အဋ္ဌာရသဟတ္ထုဗ္ဗေဓ ဇာတိဟေမပ္ပဋိမိမ္ဗံ"** ဟူ၍ ဖော်ပြပါရှိသည့်အတိုင်း (၁၈)တောင်အမြင့် ရှိသည်။ ယင်းဆင်းတုတော်ကြီးမှာ အလွန်သပ္ပာယ်လှသဖြင့် ဖူး၍မဝအောင်ရှိကြသည်။

သုပညာမင်းသည် ယင်းဆင်းတုတော်ကြီးကို ကြည်ညိုရာက သရေခေတ္တရာသို့ မပြန်နိုင်ဘဲ ဒွါရာဝတီ-သံတွဲမြို့တွင် သုံးနှစ်တိုင်တိုင် ကြာမြင့်ခဲ့သည်ဟု ဆိုသည်။ သုပညာမင်းသည် ရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီးကို သဒ္ဓါတရားဖြင့် ကြည်ညိုနေခြင်းမျိုးမဟုတ်ဘဲ လိုချင်သောစိတ်ဖြင့် ကြည်ညိုနေကြခြင်း ဖြစ်သည်။ မှူးမတ်ဗိုလ်ပါများမှာ ရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီးကို ဘုရင်ကြီးလိုချင်နေမှန်းသိသော်လည်း သရေခေတ္တရာသို့ ယူဆောင်ရန်ကိစ္စမှာ မလွယ်ကူသောကြောင့် အခက်အခဲနှင့် ကြုံနေကြရသည်။

ထိုအခါ မှူးမတ်ဗိုလ်ပါတို့က **"ဘုန်းကြီးသောအရှင်။ ဆင်,မြင်း, ဗိုလ်ပါညောင်းညာကြပြီ။ နေပြည်တော်သို့အလျင်ပြန်တော်မူလော့"** ဟုနားတော်လျှောက်ကြလေ၏။ မင်းကြီးက ဤသို့မိန့်တော်မူ၏။ **"ငါသည်ဤဘုရားရှင်ရုပ်တုတော်ကို ခွာ၍သွားအံ့သောငှာ မတတ်နိုင်။ ဤဘုရားရှင်ရုပ်တုတော် ကိုရတနာဖောင်ကြီးစွာ**

**စီရင်၍ ဖောင်ထက်တင်ပြီးသော "နဂါးရစ်တောင်" ကိုလှည့်၍ မဟာသမုဒ္ဒရာဖြင့် သရေခေတ္တရာနေပြည်တော်သို့ ဆောင်ယူမည်"** ဟူ၍ မိန့်တော်မူ၏။

မှူးမတ်ဗိုလ်ပါတို့လည်း **"မင်းကြီးသည် မဖြစ်နိုင်ရာသော အကြံတော်ကို ကြံဘိသည်။ ဤသို့ ကြံတော်မူသည်ရှိသော် ငါတို့သားမယားတို့ကို မတွေ့မမြင်ရတော့ပြီ"** ဟု နှလုံးမကြည်မသာရှိကြ၏။ မှူးမတ်ဗိုလ်ပါတို့လည်း အချင်းချင်းတိုင်ပင်ကြကာ ဘုရားရှင်ရုပ်တုတော်အောက်၌ ဥမင်လိုဏ်ခေါင်းတူးကြလေ၏။ ရုပ်တုတော်သည်လည်း ရွှေအတိသွန်းထားသည်ဖြစ်၍ လေးသောကြောင့် လဲတော်မူလေ၏။

မင်းကြီးလည်း ဘုရားရှင်ရုပ်တုတော်လဲသည်ကို မြင်တော်မူလျှင် **"အမတ်တို့ အဘယ်ကြောင့် ဘုရားရှင်ရုပ်တုတော် လဲတော်မူဘိသနည်း"** ဟုမေးတော်မူ၏။ မှူးမတ်ဗိုလ်ပါတို့ကလည်း **"အရှင်မင်းကြီး၊ ဘုရားရှင်ပရိနိဗ္ဗာန်ပြုတော်မူသည်"** ဟု နားတော်လျှောက်ကြလေကုန်၏။ မင်းကြီးလည်း ထိုစကားကို ကြားတော်မူသော် နှလုံးမသာရှိသည်ဖြစ်၍ ခပ်မဆိတ်နေတော်မူ၏။

မှူးမတ်ဗိုလ်ပါတို့လည်း ထင်းတစ်ယောက်တစ်ချောင်း၊ မီးသွေးတစ်ယောက်တစ်ဆုပ်ထည့်ကြ၍ မီးတိုက်လေ၏။ ထိုသို့ မီးတိုက်သောအဖြစ်ကို မင်းကြီးမြင်တော်မူလေလျှင် **"အမတ်တို့ အဘယ်ကြောင့် ရုပ်တုတော်ကို မီးတိုက်သနည်း"** ဟုမေးတော်မူလေ၏။ အမတ်တို့က **"ဘုရားရှင်ပရိနိဗ္ဗာန်ဝင်တော်မူသည်ဖြစ်၍ နတ်တို့ သင်္ဂြိုဟ်လေသည်"** ဟုနားတော်လျှောက်ကုန်၏။ မင်းကြီးလည်း **"မဟုတ်သောစကားကို လျှောက်ဘိသနည်း။"** ဟုနှလုံးမသာဖြစ်၍ ဆိတ်ဆိတ်နေတော်မူ၏။

မှူးမတ်ဗိုလ်ပါတို့လည်း မင်းကြီးအမျက်ထွက်လတ္တံ့သည်ကို ကြောက်သဖြင့် ထက်ဝယ်တော်တစ်တောင်ပြည့်ရှိသော၊ နှစ်ကျိပ်ရှစ်ဆူသော ရုပ်တုတော်များကိုသွန်း၍ မင်းကြီးအား ဆက်ကြလေ၏။ ရွှေသန်လျက်လည်း သွန်းလုပ်၍ ဆက်ကြလေ၏။ မှူးမတ်ဗိုလ်ပါတို့လည်း များစွာယူကြလေကုန်၏။ မင်းကြီးလည်း သရေခေတ္တရာနေပြည်တော်သို့ ပြန်တော်မူလေ၏။

ဘုရားသွန်းရာမှ ပိုလျှံသောရွှေများကို ကိုယ်ကျိုးအဖြစ် အသုံးပြုနေကြသော သရေခေတ္တရာက ပြူ(ပျူ) လူမျိုးတို့သည် ယင်းမကောင်းမှု၊ အကုသိုလ်ကံတရားကြောင့် အမြဲအထိတ်တလန့်ဖြစ်ကာ တုန်လှုပ်ချောက်ချားလျက်ရှိနေကြ၏။ ဘုရင်မင်းမြတ်အနေဖြင့်လည်း တိုင်းသူပြည်သားများကို ထိန်းမနိုင် သိမ်းမရ ဖြစ်နေတော့၏။

ဒွါရာဝတီ-သံတွဲမြို့က သီရိဝိဇယဗိုလ်မင်းမှာလည်း မိမိတိုင်းပြည်က ဘုရားကို ပြူမင်းနှင့် မှူးမတ် ဗိုလ်ပါတို့ ဖျက်ဆီးယူဆောင်သွားကြသည်ကို အမျက်ဒေါသထွက်ကာ **"အမတ်ငစကော"** ကို စစ်သေနာပတိခန့်အပ်၍ သရေခေတ္တရာသို့ စစ်ချီရန် တောင်စဉ်ခုနစ်ခရိုင်အတွင်း လူသူစုရုံးလျက်ရှိရာ စစ်သည်တော်ပေါင်း မြောက်များစွာဖြင့် အင်အားကောင်းလျက် ရှိနေချေပြီ။

တစ်နေ့သောအခါ သရေခေတ္တရာ၌ မိန်းမတစ်ဦး၏ စကောတစ်ချပ်ကို လေဗွေတိုက်ခတ်သဖြင့် အထက်သို့ လွင့်ကာ ပါသွားလေ၏။ စကောရှင်မိန်းမသည်လည်း **"ငါ့စကော၊ ငါ့စကော"** ဟူ၍ ဟစ်အော်ကာ နောက်မှလိုက်လေ၏။ ထိုအသံကိုကြားကြရသော သရေခေတ္တရာမြို့သူ-မြို့သားအပေါင်းတို့သည် သေဘေးကို ကြောက်ရွံ့ကြသဖြင့် ဘေးလွတ်ရာသို့ ထွက်ပြေးကြရာမှ သရေခေတ္တရာမြို့ ပျက်ရလေတော့၏။ ပြူမင်း **"သုပညာ"** လက်ထက်တွင် သရေခေတ္တရာမြို့ဆက်၊ မင်းဆက်ပြတ်လေသောကြောင့် ထိုမင်း၏အမည်ကိုလည်း **"သုပညာနဂရဆိန္နမင်း"** ဟုရာဇဝင်တွင် သမိုင်းတွင်

ရစ်ခဲ့လေတော့၏။

ဤအကြောင်းကို မုံရွေးဆရာတော် အရိယာဝံသအာဒိစ္စရံသီက သံဝေဂယူစရာအနေဖြင့် သူ၏ **"ရာဇောဝါဒ မေတ္တာစာ"**တွင် **"မိတေယျအတု၊ ရွှေရုပ်တုပြောင်ပြောင်၊ အတောင်ရှစ်ဆယ်၊ ကြီးကျယ်စွင့်စွင့်၊ လွှားလွှားမြင့်ကို၊ ဖိုကျင့်ထိုး၍၊ ရသေ့မြို့အလုံး၊ ယူကြသုံးသဖြင့်၊ ဆုံးဘူးသည်တစ်ဝ"** ဟူ၍ ရေးဖွဲ့စပ်ဆို ထားခဲ့သည်ကို တွေ့ရသည်။

သုပညာနဂရဆိန္ဒမင်းလက်ထက် သရေခေတ္တရာပျက်ချိန်မှာ ပြူသက္ကရာဇ်-၁၆ခုတွင် ဖြစ်၏။ ယင်းသက္ကရာဇ်မှာ **"သုမုန္ဒရီပြူမင်း"**လက်ထက် သက္ကရာဇ်၊ ၆၂၄-ခုသို့ ရောက်ချိန်တွင် **"ဒေါ်ဒေါ်ရသကိန်း"** အရ ၆၂၂-ခုကိုဖြို၍ အကြွင်း-၂-ခုထားခဲ့သည်မှ ရေတွက်လာသော သက္ကရာဇ်ဖြစ်ပါသည်။ ရခိုင်အနေဖြင့်မူ ယင်းအချိန်က တတိယဓညဝတီခေတ်၊ စန္ဒာသူရိယမင်းမှ (၁၆)ဆက်မြောက် **"သူရိယစိတြမင်း"** လက်ထက် **"ခနဉ္စကိန်း"** အရ ရခိုင်ကောဇာသက္ကရာဇ်-၆၀၉-ခုကို ၂-ခုကြွင်းထား၍ ဖြိုခဲ့သည်မှ ရေတွက်လာသော ရခိုင်ကောဇာသက္ကရာဇ်-၁၆-ခုသို့ ရောက်ရှိနေသော အချိန်ကာလ ဖြစ်ပါသည်။

## ဒွါရာဝတီက မေတ္တေယျရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီး၏ ဉာဏ်တော်ပမာဏစစ်တမ်း

ရခိုင်တို့၏ ဒွါရာဝတီ-သံတွဲမြို့တွင် ဤကဲ့သို့ဖြစ်ပျက်ခဲ့သော ရာဇဝင်သမိုင်းကို မုံရွေးဆရာတော်လို ကျမ်းတတ်၊ ပေတတ်ရဟန်းပုဂ္ဂိုလ်တစ်ပါးအနေဖြင့်လည်း သိရှိနိုင်သူဖြစ်လေသောကြောင့် သူ၏ **"ရာဇောဝါဒမေတ္တာစာ"**တွင် ထည့်သွင်းရေးသားစပ်ဆိုထားခဲ့သည်ကို တွေ့ရှိရခြင်းဖြစ်သည်။

မုံရွေးဆရာတော်သည် ဒွါရာဝတီ-သံတွဲမြို့က ရွှေဆင်းတုဗုဒ္ဓရုပ်ပွားတော်ကြီး၏ ဉာဏ်တော်ပမာဏကို ဖော်ပြရာ၌ သူ၏ **"ရာဇောဝါဒ မေတ္တာစာ"** တွင် အတောင်ရှစ်ဆယ် (၈၀) ဟုပြ၏။ အမှန်စင်စစ်အတောင် (၈၀) မဟုတ်ပါ။ တစ်ဆယ့်ရှစ် (၁၈) တောင်သာ အမှန်အကန် ဖြစ်ပါသည်။

ဒွါရာဝတီ-သံတွဲမြို့က ရွှေဆင်းတုဗုဒ္ဓရုပ်ပွားတော်ကြီး၏ ဉာဏ်တော်ပမာဏကို ရာဇဝင်ဆရာတို့ ဖော်ပြခဲ့ကြရာ၌ အချို့သော ရာဇဝင်ဆရာတို့က မညီမညွတ်ဖော်ပြခဲ့ကြသည်ကို တွေ့ရသည်။ ယင်းတွေ့ရှိချက်များကို သေချာစွာစိစစ်၍ အမှန်သို့ရောက်အောင် ရေးသားတင်ပြသွားမည် ဖြစ်ပါသည်။

ဦးကုလားမဟာရာဇဝင်ကြီး (၂၀၀၆ခု၊ ဇူလိုင်လထုတ်)၊ ပထမတွဲ၊ စာ-၁၃၁တွင် ရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီး၏ ဉာဏ်တော်ပမာဏကို ရှစ်ဆယ့်ရှစ်(၈၈)တောင်ဟု ဖော်ပြထားသည်ကို တွေ့ရသည်။

ဦးကုလားရာဇဝင်ကို အကိုးအကားပြုကာ ထပ်တူနီးပါးမျှ ရေးသားပြုစုခဲ့ကြသောမှန်နန်းမဟာရာဇဝင် တော်ကြီး (၂၀၀၈-ခု၊ ဇန်နဝါရီလထုတ်၊ သုံးတွဲပေါင်း၊ ပထမအကြိမ်) စာ-၁၀၈၊ ၁၀၉တွင်လည်း ရွှေဆင်းတုဗုဒ္ဓရုပ်ပွားတော်ကြီး၏ ဉာဏ်တော်ပမာဏကို ရှစ်ဆယ့်ရှစ်(၈၈)တောင် ဟူ၍ပင် ထပ်မံဖော်ပြခဲ့ကြ သည်ကို တွေ့ရပြန်သည်။

အဆိုပါ ရာဇဝင်နှစ်စောင်မှာ ထပ်တူထပ်မျှတူညီစွာ ဆိုထားသည်ကို တွေ့ရသည်။ မုံရွေးဆရာတော်သည် ထိုအကြောင်းခြင်းရာကို သေချာကျနစွာ သိရှိနိုင်သော ရဟန်းတော်တစ်ပါးဖြစ်ပါလျက် **"ရာဇောဝါဒ မေတ္တာစာ"** ကို ရေးသားစပ်ဆိုတော်မူရာ၌ ရွှေဆင်းတုဗုဒ္ဓရုပ်ပွားတော်ကြီး၏ ဉာဏ်တော်ပမာဏကို အဘယ်ကြောင့် အတောင်ရှစ်ဆယ် (၈၀) ဟု ဆိုရပြန်ပါသနည်း။ ဖော်ပြခဲ့ပြီးသော ရာဇဝင်မှတ်တမ်းတို့၏ အဆိုများမှာ မတူကွဲပြားခြားနားလျက်

ရှိနေကြသည်ကို တွေ့ရသည်။

**“ဇေယသင်္ခယာ”** ရေးသားသော **“ရွှေဘုံနိဒါန်း”** (၁၉၆၀-ခု၊ ရန်ကုန်မြို့၊ ဟံသာဝတီမြို့ပုံနှိပ်တိုက်ထုတ်) စာ- ၈၀တွင် ဒွါရာဝတီ-သံတွဲမြို့က ရွှေဆင်းတုဗုဒ္ဓရုပ်ပွားတော်ကြီး ဖျက်ဆီးခံရမှုနှင့်ပတ်သက်သော သမိုင်းကြောင်းကို အကျဉ်းချုပ်မျှ ဖော်ပြထားသည်ကို တွေ့ရသည်။ ဆင်းတုတော်ကြီး၏ ဉာဏ်တော်ပမာဏကိုတော့ ဖော်ပြထားသည်ကို မတွေ့ရချေ။

ရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီး၏ ဉာဏ်တော်ပမာဏကို အမှန်အတိုင်းတိကျသေချာစွာ ရေးသားဖော်ပြသွားနိုင်သော ရာဇဝင်မှာ **“မဟာရာဇဝင်ကြီးဋီကာ”** ပင်ဖြစ်သည်။ ကျမ်းပြုပုဂ္ဂိုလ်နှင့် ကျမ်းပြီးနှစ်တို့ကို မသိရှိရချေ။ မဟာရာဇဝင်ကြီးဋီကာ၊ **“သရေခေတ္တရာရာဇဝင်အခန်း”**တွင် ဋီကာဆရာက **“အဋ္ဌာရသဟတ္ထု ဗ္ဗေဓ ဇာတိဟေမပ္ပဋိဗိမ္ဗံ”** ဟူ၍ ရေးသားဖော်ပြထားသည့်အတိုင်း ဘုရားကြီး၏ဉာဏ်တော်အမြင့်မှာ တစ်ဆယ့်ရှစ်(၁၈)တောင်ဖြစ်ကြောင်း သိရှိရသည်။ မဟာရာဇဝင်ကြီးဋီကာကျမ်းမှာ အလွန်ရှားပါးသော ကျမ်းတစ်ကျမ်းအဖြစ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။

ဘုရားကြီး၏ ဉာဏ်တော်ပမာဏအမှန်ကို သိရှိနိုင်ကြစေရန်အတွက်လည်းကောင်း၊ ဒွါရာဝတီ-သံတွဲမြို့က ရွှေဆင်းတုဗုဒ္ဓရုပ်ပွားတော်ကြီးနှင့် သုပညာနဂရဆိန္နမင်းတို့အကြောင်းကိုပါ သိရှိနိုင်ကြစေရန်အတွက် လည်းကောင်း၊ **“မဟာရာဇဝင်ကြီးဋီကာကျမ်း”** မှ ထုတ်နုတ်၍ သုတေသီတို့ မှတ်တမ်းပြုနိုင်ကြစေရန် သာဓကအနေဖြင့် ရေးသားတင်ပြလိုက်ရပေသည်။

**“သော ဧကံ သမယံ တိရယာမပူရံ ပဒုဋ္ဌ ဇိနိတွာ တသ္မိံ ပုရေ အဋ္ဌာရသဟတ္ထုဗ္ဗေဓဇာတိဟေမပ္ပဋိဗိမ္ဗံ ဒိသွာ တထာဂတံ ဓရမာနမိဝ ပသန္နော အတိဝိယ သဒ္ဓေါ ပသန္နော ဟုတွာ ဝိနာ ဘဝိတု မသက္ကော န္တော တတ္တေဝါတိက္ကန္တေ တိဝသော အမစ္စာဒိသု တံပဋိဗိမ္ဗံ ပရိနိဗ္ဗာနတောဇောဇေတု ဒဟမိဝ ကတွာ ဆိန္နိတွာ အဋ္ဌဝိသပဋိဗိမ္ဗေ အညေစ အဘိသင်္ခရိတွာ ဒေန္တေသု သေသကဥ္ဇ ဗဟုတရံ ဂဟိတေသု သကပူရံ ပဋိနိဝတ္တတိ။**

**တံ ပရိဘောဂကာလေ နဂရဝါသိနော အညမည် ဝိလုပ္ပန္တာ ဒူသန္တာ ဒမိတု မသက္ကောန္တာ ဟောန္တိ။ သကလ နဂရံ သံခေါဘတိ။ အထ ဝါတမဏ္ဍလိကော အာဂန္တွာ ဧကံ သုပ္ပံ ဥဒ္ဒဂ်မေတိ။ သာမိကိတ္တိ မမသုပ္ပေါ မမသုပ္ပေါတိ ဝတွာ အနုဗန္ဓိ။ တံအာဒိံ ကတွာမမသုပ္ပေနာ အာဂတာတိ သကလဇနာ ဘီတတသိတာ ပြုမေကံ တိရယာမေကံ မရမ္မမေကန္တိ တိဓာဘိဇ္ဇန္တိ။ တေန ဝုတ္တံအဿကာလေ သုပ္ပေန ဘိန္နောတိ ကေစိပန။ ။”**

(မဟာရာဇဝင်ကြီးဋီကာပါဠိ)

အနက်။ ။ **“သော၊ ထိုသုပညာနဂရ ဆိန္နမင်းသည်။ ဧကံ၊ တစ်ပါးသော။ သမယံ၊ အခါ၌၊ ပဒုဋ္ဌ၊ ပြစ်မှားသော သွမ်းသောင်းကျန်းပုံကန်သော။ တိရယာမပူရံ၊ သံတွဲစကား ပြောပအလျဉ် တောင်စဉ်ခုနစ်ခရိုင် ဟုဆိုအပ်သော ကမ်းယံပြည်ကို။ ဇိနိတွာ၊ ဖြူဟာသေနင် လေးပါးအင်ဖြင့် အောင်မြင်တော်မူ၍။ တသ္မိံ ပုရေ၊ ကမ်းယံဟူသည် ထိုသည့်ပြည်၌။ အဋ္ဌာရသဟတ္ထု ဗ္ဗေဓံ၊ မဇ္ဈိမဟု ပုရိသတွက်ဖွဲ့တဆယ့်ရှစ်ဆောင် အမြင့်ဆောင်သော။ ဇာတိဟေမာပ္ပဋိဗိမ္ဗံ၊ မြတ်ကိုယ်တော်ပွား၊ ရွှေသားခုတ်လျော် ဆင်းတုတော်ကို။ ဒိသွာ၊ မျက်ဝါးထင်ထင် မြင်တော်မူ၍။ ဓရမာနံ၊ သက်တော် ထင်ရှားရှိသော။ တထာဂတံ၊ မြတ်စွာဘုရားကို။ ပသန္နောဣဝ၊ ဖူးမြင်ရသကဲ့သို့။ အတိဝိယ၊ အလွန်လျှင်။ သဒ္ဓေါ၊ သဒ္ဓါတော်မူသည်။ ပသန္နော၊ ကြည်ညိုတော်မူသည်။ ဟုတွာ၊ ဖြစ်၍။ ဝိနာ၊ ကုဋေဆယ်ရာ ပိဿာမက မိတေယျဟု၊ ဗုဒ္ဓတုလျော် ရုပ်ပွားတော်နှင့် မခြော်ရကာ**

လွှတ်ကင်းကွာ၍။ ဘဝိတုံ၊ ကိုယ်တော်ချည်းလျှင်၊ မငြီးမငြူ ဖြစ်တော်မူခြင်းငှာ။ အသင္ကတ္ထေ၊ နေတည်ဘုန်းနိုင် မတတ်နိုင်ရကား။ တဗ္ဗေဝ၊ ကမ်းယံဟူသည် ထိုသည့်ပြည်၌ သာလျှင်။ တိဝသော၊ သုံးနှစ်သည်။ အတိက္ကန္တေ၊ လွန်သည်ရှိသော်။ အမစ္စာဒီသု၊ မှူးတော်မတ်တော် အစရှိသော သူတို့သည်။ တံပဋိဗိမ္ဗံ၊ မြတ်ကိုယ်တော်စား ထိုရုပ်ပွားကို။ ပရိနိဗ္ဗာနတေဇော ဓာတုယက္ကဝ။ ပရိနိဗ္ဗာန် စံလွန်ပြီးသော်။ တေဇောဓာတ်ရောင် တပြောင်ပြောင်လျှင် လောင်ဘိသကဲ့သို့။ ကတွာ၊ ပြုကုန်၍။ ဘိန္ဒိတွာ၊ ဖရိုဖရဲ ထုခွဲဖျက်ဆီးကုန်၍။ အဌဝိသပဋိဗိမ္ဗေစ၊ နှစ်ကျိပ်ရှစ်ဆူ၊ ဘုန်းတူမြတ်ကျော် ကိုယ်ပွားတော်တို့ကို ဇင်း။ အညေစ၊ ယင်းမှအခြား တပါးတို့ကိုဇင်း။ အဘိသခ်ရိတွာ၊ သွန်းလုပ်ပြုပြင်ဖန်စီရင်ကုန်၍။ ဒန္တေသု၊ မျက်တော်ပြေကြောင်း၊ စိတ်ကောင်းကြံတက် ဆက်ကြကုန်သည်ရှိသော်။ ဗဟုတရံ၊အလွန်များစွာသော။ သေသကဥ္စ၊ ယင်းမှတထွေ၊ ကျန်သောရွှေကိုလည်း၊ ဂဟိတေသု၊ မှူးမတ်ဗိုလ်ပါ လျော်စွာစိတ်ညီ ကိုယ်စီကိုယ်င ယူကြကုန်သည်ရှိသော်။ သကပူရံ၊ သရေခေတ္တရာ မည်သာလျှံငြိ မိမိနေတည် မြတ်ရွှေပြည်သို့။ ပဋိနိဝတ္တတိ၊ ရွှေစက်နှစ်ဆူ ဖြန့်တော်မူ၏။

တံ၊ မြတ်ကိုယ်တော်စား ရုပ်ပွားဖြစ်တွေ ထိုသည့်ရွှေကို။ ပရိဘောဂကာလေ၊ ရောင်းဝယ်ဖောက်ကား၊ ဝတ်စားလိုအင်၊ ဆင်ယင်သုံးဆောင်သောအခါ၌။ နဂရဝါသိနော၊ ခေတ္တသရေတည်နေအများ၊ပြည်သားပြည်သူတို့သည်။ အညမည်၊ အချင်းချင်း။ ဝိလုပ္ပန္တွာ၊ လောဘရမ္မက်၊ လုယက်ကုန်သည်။ ဒူသန္တွာ၊ မနာလိုသီး၊ ဖျက်ဆီးကုန်သည်။ ဒမိတုံ၊ ငြိမ်းချမ်းသာအောင် အာဏာတော်ပြ ဆုံးမကွပ်ညှပ်ခြင်းငှာ၊ အသက္ကောန္တာ အားအန်ထုတ်လည်း ကြိုးကုတ်ချက်ပိုင် မတတ်နိုင်ကုန်သည်။ ပောန္တိ၊ ဖြစ်ကုန်၏။ သကလနဂရံ၊ သရေခေတ္တရာ၊ ကြေညာပတ်ကုံး ပြည်အလုံးသည်။ သံခေါဘတိ၊ သမုဒ္ဒရာ၊ ရေနှယ်သာလျှင် ပြင်းစွာ ချောက်ချား၏။ ။

အထ၊ ထိုအခါ၌။ ဝါတမဏ္ဍလိကော၊ ရေဝဲပမာ၊ ချာချာလည် ပြီးသည်။ အာန္တွာ၊ ၊ ချင်းတို့ကံလျှင်၊ စိမ်သောလျော်က် တောက်တပိုသာလျှင် ဆောင်လာ၏။ ဧကံ၊ တချပ်သော။ သုပ္ပံ၊ စင်းကောကို။ ဥဒ္ဓဂ်မေတိ၊ ထက်သို့ရောက်အောင်၊ မိုးခေါင်ချက်ဗွေ၊ တိုက်လွင့်လေ၏။ သာမိကိတ္ထိ၊ စင်းကောရှင်၏ဟု ယွင်းတွင်ထူးလည် မိန်းမသည်ကား။ မမသုပ္ပေါ မမသုပ္ပေါတိ၊ ငါ့စင်းကော,ငါ့စင်းကော ဟူ၍။ ဝတွာ၊ သူ့စင်းကောကို နှမြောတုံလတ် သံမပြတ်အောင်၊ တွတ်တွတ်ဆိုမြည်၍။ အနုဗန္ဓိ၊စိုက်စိုက် မသွေ၊ လိုက်လျှင်းလေ၏။ တံ၊ထိုသို့ စိုက်စိုက် လိုက်လေသည်ကို။ အာဒိ ကတွာ၊ အစပြု၍၊ မမသုပ္ပေန၊ ငါ့စင်းကော စစ်သည်သည်။ အဂတာ၊ ရက်ရောကြမ်းကြုတ်၊ ထိုးခုတ်မာန်ပါ၊ ယခုလာပြီ။ ဣတိ၊ ဤသို့။ သကလဇနာ၊ ကြွင်းမဲ့ဥသုံ၊ လုံးစုံထွေပြား၊ ပြည်သားပြည်သူတို့သည်။ ဘီတတသိတာ၊ သေဖုံ့ဘေးကို ကြံတွေးစိတ်နောက် ထိတ်ကြောင့်လန့်ကုန်သည်ဖြစ်၍။ ပြု၊ ပြုသည်။ ဧကံ၊ တစု။ တိရယာမံ၊ ကမ်းယံသည်။ ဧကံ၊ တစု။ မရမ္မံ၊ မြန်မာသည်။ ဧကံ၊ တစု။ ဣတိ၊ ဤသို့။ တိဓာ၊ သုံးထွေသုံးပါး သုံးကွဲအားဖြင့်။ ဘိဇ္ဇန္တိ၊ ကွဲပြားပျက်စီးတုန်၏။ ။"

(မှတ်ချက်။ ။ မဟာရာဇဝင်ကြီးဋီကာကျမ်းမှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်း သတ်ပုံများမှာ မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)

အထက်ဖော်ပြပါအတိုင်း ဒွါရာဝတီ-သံတွဲမြို့က မေတ္တေယျရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီး၏ သမိုင်းကြောင်းမှာ အမှန်အကန်ဖြစ်ပျက်ခဲ့သော ရာဇဝင်သမိုင်းဖြစ်ရပ်တစ်ခုဖြစ်ပါသည်။ အဆိုပါ ဘုရားကြီး၏ ဉာဏ်တော်ပမာဏကို ရာဇဝင်ဆရာတို့က (၈၈) တောင်ဟူ၍တစ်မျိုး၊ အတောင် (၈၀)ဟူ၍တစ်မျိုး၊ (၁၈) တောင်ဟူ၍ တစ်မျိုး စသည်ဖြင့်

အမျိုးမျိုးကွဲပြားစွာ ရေးသားဖော်ပြခဲ့ကြသည်ကို တွေ့ရသည်။

ယင်းခေတ်ယင်းကာလသည် ယခုခေတ်ကာလကဲ့သို့ သွားလာရေးအဆင်ပြေသော ခေတ်မျိုးမဟုတ်ပါ။ သွားလာရေး အလွန်အခက်အခဲရှိခဲ့ကြ၏။ တစ်ဒေသမှ တစ်ဒေသသို့ ကူလူးဆက်ဆံမှုများမှာလည်း အလွန်နည်းပါးသော အချိန်အခါကာလမျိုးက ဖြစ်နေပြန်သည်။

ရှေးခေတ်က တိုင်းပြည်တစ်ပြည်၏ သမိုင်းဖြစ်ရပ်ကို အခြားတိုင်းပြည်တစ်ပြည်က မှတ်တမ်းတင်ကြရာ၌ သတင်းစကားအရ အချိန်ကာလကြာမြင့်ပြီးမှ မှတ်တမ်းတင်ကြရသဖြင့် တိကျသေချာမှုကို မရရှိ နိုင်ခဲ့ကြချေ။ သို့ဖြစ်၍ အချို့သော ရှေးခေတ်ရာဇဝင်သမိုင်းမှတ်တမ်းများမှာ အလွဲလွဲအချော်ချော် ဖြစ်နေတတ်ကြသည်ကို တွေ့ရှိနေရခြင်း ဖြစ်သည်။

ဤကဲ့သို့ လွဲချော်မှုရှိနေသော သမိုင်းမှတ်တမ်းများကို သေချာစွာ ဆန်းစစ်၍ သုတေသနပြုကာ အမှန်သို့ ရောက်အောင် တင်ပြရမည့်တာဝန်သည် **"သမိုင်းသုတေသီ"** တို့၏ တာဝန်ဖြစ်ကြောင်း သတိပြုမိသည်။ ထို့ကြောင့် **"ဒွါရာဝတီ-သံတွဲမြို့က မေတ္တေယျ ရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီးနှင့် သုပညာနဂရဆိန္နမင်း"** ဆောင်းပါးစာတမ်းကို ရေးဖြစ်ခဲ့ခြင်းဖြစ်သည်။

အချုပ်ဆိုရသော် အထက်တွင် ရေးသားတင်ပြခဲ့သည့်အတိုင်း ဒွါရာဝတီ-သံတွဲမြို့က **"မေတ္တေယျ ရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီးသမိုင်းကြောင်း"** မှာ ဖုန်းကွယ်၍ မရလောက်အောင် အမှန်အကန်တည်ရှိခဲ့သော ရာဇဝင်သမိုင်းဖြစ်ရပ်တစ်ခုဖြစ်ပါသည်။

သရေခေတ္တရာက **"သုပညာနဂရဆိန္နမင်း"** နှင့် သူ၏ စစ်သည်ရဲမက်များသည် ရခိုင်တို့၏ ဒွါရာဝတီ-သံတွဲမြို့က ရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီးကို ဖျက်ဆီးခဲ့ကြသည်မှာလည်း သမိုင်းရာဇဝင် မှတ်တမ်းများက အခိုင်အမာ ဆိုထားပြီးဖြစ်သည်။

အထက်ဖော်ပြပါ သမိုင်းဖြစ်ရပ်ကို ကြည့်ခြင်းအားဖြင့် ယင်းခေတ်၊ ယင်းကာလက ရခိုင်လူမျိုးနှင့် ပြူ (ပျူ) လူမျိုးတို့၏ စစ်ရေး၊ နိုင်ငံရေးနှင့် ဘာသာရေးအခြေအနေတို့ကို နှိုင်းယှဉ်ကြည့်က သိရှိနိုင်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။

လူမျိုးတစ်မျိုး၏ သမိုင်းကြောင်းကို ရေးသားဖော်ထုတ်ကြရာ၌ ရှေးက အမှန်အကန်ရှိခဲ့ကြသည့် သမိုင်းဖြစ်ရပ်များကိုလည်း မမေ့ကောင်း၊ မပျောက်ကောင်းဟု ထင်ပါသည်။ သို့မှသာ သမိုင်းမှန်ကို ဖော်ထုတ်နိုင်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။

**"သမိုင်းဖြစ်ရပ်အမှန်ကို ဖျောက်ဖျက်ဖို့ ကြိုးစားအားထုတ်သူတိုင်းသည် သမိုင်းကို ကျူးလွန်စော်ကားသော သမိုင်းတရားခံများပင်ဖြစ်သည်။"** ဟူသော အဆိုအမိန့်စကားတစ်ရပ်ကို တည်ဆောက်ကာ နိဂုံးချုပ်လိုက်ရပေတော့ သည်။ ။

**ဒွါရာဝတီ-အသျှင်ကုသလ**

(ကျမ်းကိုးစာရင်း)

၁။ ဦးကုလားမဟာရာဇဝင်ကြီး ။ ပထမတွဲ။ ။ ဦးကုလား။

၂။ မှန်နန်းမဟာရာဇဝင်တော်ကြီး ။ ။ (သုံးတွဲပေါင်း၊ ပထမအကြိမ်)။
၃။ ရာဇောဝါဒ မေတ္တာစာ ။ ။ မုံရွေးဆရာတော်။
၄။ မဟာရာဇဝင်ကြီးဋီကာ ။ ။ ရေးသူအမည်မသိ။

(စာရေးသူသည် မဟာရာဇဝင်ကြီးဋီကာကျမ်းကို ၁၉၉၁-ခုနှစ်တွင်၊ သံတွဲမြို့၊ မြို့မဝေဠုဝန်ကျောင်းတိုက်၌ လေ့လာဖတ်ရှုခွင့် ရရှိခဲ့ပါသည်။ ယင်းအချိန်က စာအုပ်၏ အစနှင့်အဆုံးတို့မှာ စာမျက်နှာတော်တော်များများမရှိတော့ပါ။ ထို့ကြောင့် ကျမ်းပြုဆရာ၏အမည်ကို မဖော်ပြနိုင်ခြင်း ဖြစ်ပါသည်။ လိုအပ်သော အချက်အလက်များကိုသာ ကူးယူထားလိုက်ရပေသည်။ ယခု ယင်းစာအုပ် မရှိတော့ဘူးဟု သိရှိရသည်။)

၅။ ရွှေဘုံနိဒါန်း ။ ။ ဇေယသင်္ခယာ။
၆။ ဒွါရာဝတီ-အသျှင်ကုသလမှတ်စု။

## ဖြဟ္မာကြီးနှင့် ဖြမ္မာငယ်

ထို့ကြောင့် ရက္ခဝတီတိုင်း ဓညဝတီပြည်သားကို
နောင်တော်ဖြစ်၍ ဖြဟ္မာကြီးဟု ဆိုကြကုန်၏။
ရဋ္ဌပူရသောမနဿတိုင်း တကောင်းသံသာရ
သင်းတွဲပြည်သားကို ဖြဟ္မာငယ်လူမျိုးဟု ဆိုစကုန်၏။

(ပြည်မြို့၊ ရွှေဆံတော်သမိုင်း
၁၀-ကြောင်းပေမူ၊ ဗဲးချပ်၊ ဝမ်းနှင့်ကျော့မှ)

(မှတ်ချက်)

တကောင်းသံသာရသင်းတွဲပြည်သား (ဖြဟ္မာငယ်လူမျိုး) ဟူသည် ပြူ (ပျူ) လူမျိုးကို ခေါ် ဆိုခြင်းဖြစ်ကြောင်း သိမှတ်သင့်ပါသည်။ ။

(စာရေးသူ)

## ဒွါရာဝတီနှင့်ကမ်းယံဒေသစစ်တမ်း

**"ဒွါရာဝတီ-သံတွဲ"** နယ်မြေဒေသကို နှောင်းခေတ်မြန်မာသမိုင်းဆရာများက **"ကမ်းယံဒေသ"** ဟူ၍ ရေးသား ခေါ်ဝေါ်ခဲ့ကြ၏။ ဤသို့ ခေါ်ဝေါ်ခဲ့ကြသည်မှာလည်း ပြူ(ပျူ) သက္ကရာဇ်-၁၆-ခုအရောက်၊ သရေခေတ္တရာ၏ နောက်ဆုံး မင်းဆက်ဖြစ်သော ပြူတို့၏ **"သုပညာနဂရဆိန္နမင်း"** လက်ထက် သရေခေတ္တရာ ရသေ့ပြည်ပျက်စီးခဲ့ရသည့်အကြောင်း ကို အခြေခံကာ ရေးသားခဲ့ကြခြင်း ဖြစ်နိုင်သည်။

ဒွါရာဝတီနယ်မြေဒေသတွင် အခြေချနေထိုင်လာခဲ့ကြသော **"ရှေးဦးရခိုင်လူမျိုး"**တို့ကို တခြားလူမျိုးများက **"ကမ်းယံလူမျိုး"** ဟူ၍ အထင်ရောက်ခဲ့ကြသော်လည်း၊ (သို့မဟုတ်) အထင်ရောက်အောင် ကျောင်းသုံးစာအုပ်များ၌ ပြဋ္ဌာန်းသင်ကြားခိုင်းခဲ့ကြသော်လည်း ဒွါရာဝတီနယ်မြေဒေသရှိ ရှေးဦးရခိုင်လူမျိုးတို့ကမူ မိမိကိုယ်မိမိ ကမ်းယံလူမျိုး ဟူ၍လည်း မခံယူကြသလို၊ ကမ်းယံလူမျိုးကိုလည်း မသိကြချေ။

ဥပမာ မွန်လူမျိုးများကို **"တလိုင်းလူမျိုး"** ဟူ၍လည်းကောင်း၊ ထိုင်းလူမျိုးများကို **"ယိုးဒယားလူမျိုး"** ဟူ၍ လည်းကောင်း မြန်မာတို့ ခေါ်ဝေါ်ခဲ့ကြသကဲ့သို့ မှတ်ယူအပ်၏။ သို့သော် အဆိုပါလူမျိုးများကမူ ယင်း **'တလိုင်း'** ဟူသော အမည်၊ **"ယိုးဒယား"** ဟူသော အမည်နာမကို သိလည်းမသိသလို၊ လက်လည်းမခံကြချေ။

ဒွါရာဝတီနယ်မြေဒေသရှိ ရခိုင်လူမျိုးတို့ ခံယူထားကြသည်မှာ အလွန်ရှေးကျသော **"အာရကၡဝံသ= ရခိုင် မျိုးနွယ်"** ဟူ၍ ဖြစ်ပါသည်။ ထို့ပြင် အိန္ဒိယမဇ္ဈိမဒေသက **"သာကီယဝံသ(=သကျသာကီဝင်)"** တို့နှင့် အမျိုးအနွယ် အားဖြင့် တူညီသူများလည်းဖြစ်ကြောင်း သမိုင်းသက်သေရှိပါသည်။

ဤဒေသတွင် အခြေချနေထိုင်လာခဲ့ကြသော ရှေးဦးရခိုင်လူမျိုးတို့သည် ကုသမင်းသက္ကရာဇ်-၄၀၀၀-မတိုင်မီ၊ ဘီစီ-၆၀၀၀ ခန့်ကာလကပဲ လူနေမှုအဆင့်အတန်းနှင့် ယဉ်ကျေးမှုများ ထွန်းကားနေပြီဖြစ်ခြင်းကြောင့် **"မြန်မာနိုင်ငံ၏ ရှေးကျသောလူမျိုး"** စာရင်းဝင်များလည်း ဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ဒွါရာဝတီနယ်မြေဒေသ၌ **"ရှေးဦးရခိုင် လူမျိုး"** တို့ စတင်အခြေချနေထိုင်လာခဲ့ကြသောကာလတွင် ပြူ ကမ်းယံနှင့် သက်လူမျိုးဟူ၍ပင် မရှိသေးသောကြောင့် ဖြစ်၏။

နောင်သောကာလ၌ ပြူလူမျိုး၊ ကမ်းယံလူမျိုး၊ သက်လူမျိုးဟူ၍ ဖြစ်ပေါ်လာပြီးလျှင် သရေခေတ္တရာ နယ်မြေဒေသ၌ အခြေချနေထိုင်လာခဲ့ကြ၏။ ထိုလူမျိုးတို့၏ သရေခေတ္တရာရသေ့ပြည်သည် **"ဓေါဓေါရသကိန်း"** ကို ဖြိုပြီးနောက် သက္ကရာဇ်-၁၆-ခု၊ (အေဒီ-၉၄-ရောက်သောအခါ **"သုပညာနဂရဆိန္နမင်း"** နန်းစံ (၁၁)နှစ်ကာလတွင် ပျက်စီးခြင်းသို့ရောက်ခဲ့၏။ အချို့သော မြန်မာသမိုင်းဆရာတို့ကမူ အေဒီ-၈၃၂-တွင် **"တရုတ်နန်ကျောင်"** တို့ လာရောက် တိုက်ခိုက်သဖြင့် ပျက်စီးခဲ့ရကြောင်းဆိုပါသည်။ ယင်းသမိုင်းအမှန်ဖြစ်ခဲ့လျှင် ဒုတိယအကြိမ် သရေခေတ္တရာပျက်စီးခြင်းဟု ယူဆနိုင်သည်။ ထိုအခါ ပြူ ကမ်းယံ၊ သက်ဟူ၍ လူမျိုးသုံးစုကွဲပြားကာ ဒေသအသီးသီးသို့ ရောက်ရှိသွားခဲ့ကြကြောင်း မြန်မာရာဇဝင်, သမိုင်းတို့က ဆိုပါသည်။ ထိုသို့ဆိုခြင်းကြောင့် မြန်မာသမိုင်းအရ သရေခေတ္တရာရသေ့ပြည်တွင် ပြူ ကမ်းယံတို့နှင့်အတူ သက်လူမျိုးအပါအဝင် လူမျိုးစုသုံးစုရှိနေကြောင်းသိရှိရပါသည်။ ရှိနေခဲ့သည်မှာလည်း မှန်ကန်ကြောင်း ရခိုင်မင်းရာဇာကြီးစာတန်း (ပေမူ)၊ ပြည်မြို့-ရွှေဆံတော်သမိုင်း (ပေမူ) နှင့် မဟာရာဇဝင်ကြီးဋီကာတို့က ထောက်ခံ ထားပြီးဖြစ်သည်။

ဤအကြောင်းကို စာရေးသူအထောက်အထားဖြင့် တင်ပြပါမည်။ ပြည်မြို့-ရွှေဆံတော်သမိုင်း၊ ရွှေပိန်းချ၊ ၁၀-ကြောင်းပေမူ၊ ဗူ-ချပ်၊ ဝမ်းနှင့်ကျောတွင် -

**"သီရိခေတ္တမင်းသားလည်း ဗိုလ်ထုနှင့်ဆည်း၍ ကြိုလှာပြီးလျှင် မိမိနေရာနဝဝါသီသို့ ဆောင်ယူလေ၍ ရောက်သောအခါ စစ်သူကြီးအရာကို ပေးလေကုန်၏။ အလ္လကပ္ပမင်းသားကား ဤသို့ဆို၏။ ငါတိုင်းသားသည် ရေကို အလိုရှိကျကုန်၏။ တနေ့ကား သုံးခါစွတ်သောဆံ၊ စွတ်သောခါး၊ သုံးခါစွတ်သောပုဆိုး၊ ရေချိုးပြီးမှ အကုန်အိပ်ကုန်၏။ ရေကို အလိုရှိကျကုန်၏။ မြေနုကျွန်းပေါ် "ကန်းရန်ထုန်းအိုင်" သာ နေလိုသည်ဟုဆို၏။ ကောင်းပြီဟု ကမ်းကြေမြစ်နား မြစ်ဆိတ်တို့၌သာ နေစေကုန်၏။"**

**"နဝဝါသီ၌ လူထောင်သောင်းရှိကုန်၏။ "ဝေဠုဒီပတိုင်းသား" တို့ကို ငယ်သောအခါ၌ "ရဟန်းပြု" တတ်သည်ကို အကြောင်းပြု၍ "ရသေ့ရဟန်းပြုလူမျိုး" ဟုခေါ်စေကုန်၏။ "အလ္လကပ္ပတိုင်းသား" တို့ကိုလည်း မိမိတိုင်းပြည်ကိုဖြောက်၍ ကမ်းရန်ခြေ၌ နေသည်ကို အစွဲပြု၍ "ကမ်းရန်မြို့" ဟုခေါ်စေသတည်း။ ကာလ အမွန်ရှည်လပ်သော် ဥရဿကို ဒီယပြု၍ "ပြူမြို့"၊ ကမ်းရန်မြို့" ဟုနဝဝါသီ၌ လူမျိုးနှစ်မျိုးဖြစ်ကုန်၏။"**

**"ဝေဠုဒီပတိုင်း၊ အလ္လကပ္ပတိုင်း နှစ်တိုင်းတို့၌ မှူးမတ်တို့ မင်းလုတ်စေသော် မကြိုက်မနှစ်သက်၍ အရှင်မင်းကြီးတို့ ပြည်တော်သို့ပြန်၍ မင်းပြုတော်မူပါဟု မင်းနှင့်တကွ တောင်းပံလှာ၏။ မင်းနှစ်ပါးတို့လည်း သင်တို့ လိုရာကိုရှာ၍ မင်းပြုလေကျကုန်။ ငါတို့မလိုက်လိုပြီဟု ရသေ့ရဟန်းသာ ပြုကြကုန်အံ့ဟု သုံးဆယ့် ငါးနှစ်သက်တော်ရှိလသော် သားတော်အား ထီးနန်းကိုအပ်၍ သီရိခေတ္တရာမင်းလည်း ရသေ့ပြုလေ၏။"**

**"တထောင်သော သူတို့သည် လိုက်၍ရသေ့ပြုကြကုန်၏။ အလ္လကပ္ပမင်းလည်း သားတော်အား စစ်သူကြီးအရာအပ်ပြီးလျှင် သီရိခေတ္တရသေ့နှင့် အတူလိုက်၍ ရသေ့ပြုကုန်၏။ အလ္လကပ္ပတိုင်းသားလည်း တသောင်းသောသူတို့သည် ရသေ့ပြုကျကုန်၏။ သီရိခေတ္တရသေ့လည်း နှစ်သောင်းသောရသေ့တို့နှင့်တကွ ဘိညည်သမာပါတ်ဖြစ်စေလျက် နေ၏။ သားတော်ကိုလည်း ခမည်းတော်ထံ မပြတ်မလတ် လာရောက်၏။ သီရိခေတ္တရသေ့လည်း ဤသို့မိန့်တော်မူ၏။ မင်းသားတို့ ဤနဝဝါသီအရပ်သည် နှစ်တိုင်းနှစ်ပြည်ကို ရံငြိမ်း ပေးသော အရပ်ဖြစ်သည်ကို စွဲ၍ "ပြေမြို့"ဟု ခေါ်ဝေါ်သမုတ်ကြကုန်၏။ သည်ကစ၍ "နဝဝါသီတိုင်း- ပြည်မြို့" ဟုခေါ်ဝေါ်ကုန်၏။"**

[မှတ်ချက်။ ။ စာလုံးပေါင်းသတ်ပုံမှာ ပေမူအတိုင်းဖြစ်ပါသည်။ ။ စာရေးသူ]

အထက်ဖော်ပြပါ ပြည်မြို့-ရွှေဆံတော်သမိုင်းပေမူကို ဖတ်ရှုကြည့်ခြင်းအားဖြင့် ဒွါရာဝတီ-သံတွဲနယ်မြေဒေသသည် မူလကမ်းယံဒေသမဟုတ်ဘဲ၊ ပြူလူမျိုးတို့နှင့် ကမ်းယံလူမျိုးတို့နေထိုင်ရာ သရေခေတ္တရာ အရပ်ဒေသသည်သာလျှင် မူလကမ်းယံဒေသအစစ်ဖြစ်ကြောင်း သိသာထင်ရှားနေပြီ ဖြစ်ပါသည်။

ယင်းရွှေဆံတော်သမိုင်းပေမူတွင် အဘယ်ကြောင့် ကမ်းယံ၊ ကမ်းယံမြို့၊ ကမ်းယံလူမျိုးခေါ်ပုံ၊ အဘယ်ကြောင့် ပြူ၊ ပြူမြို့၊ ပြူလူမျိုးခေါ်ပုံ၊ နောက်ပိုင်းကာလတွင် ပြေမြို့၊ ပြည်မြို့ဖြစ်လာပုံတို့ကို သဘာဝယုတ္တိ၊ အာဂမယုတ္တိကျကျ ရေးသားပြုစုမှတ်တမ်းတင်ထားသည်ကို တွေ့ရှိရသည်။

[မှတ်ချက်။ ။ သရေခေတ္တရာအကြောင်းအကျယ်ကို သိရှိလိုမူ ပြည်မြို့-ရွှေဆံတော်သမိုင်းပေမူကို ဖတ်ရှုပါ။]

သုပညာနဂရဆိန္နမင်းလက်ထက် သရေခေတ္တရာရသေ့မြို့ပျက်စီးပြီးနောက် အချို့သော ပြူ ကမ်းယံနှင့် သက်လူမျိုးတို့သည် ရခိုင်လူမျိုးတို့နေထိုင်ရာ ရခိုင်ပြည်ထဲသို့ ထွက်ပြေးရောက်ရှိလာခဲ့ကြ၏။ ပြူလူမျိုးအများအပြားမှာ ပုဂံဒေသနှင့် ကျောက်ဆည်ဒေသသို့လည်း ရောက်ရှိသွားခဲ့ကြ၏။ အချို့သော သက်လူမျိုးတို့မှာမူ သရက်မြို့နယ်မြေဒေသသို့ ရောက်ရှိသွားခဲ့ကြ၏။ ထိုဒေသ၌ မြို့ပြတည်ထောင်၍ နေလာခဲ့ကြ၏။ သို့ဖြစ်၍ ဤမြို့ကို မူလက **"သက်မြို့"** ဟုခေါ်ပါသည်။ ယခုအခါ **"သရက်မြို့"** ဟုခေါ်တွင်လျက် ရှိနေသည်။ ဤအကြောင်းကို နှောင်းခေတ်သမိုင်းဆရာတို့က သရေခေတ္တရာ ပျက်ခဲ့ရခြင်းမှာ မွန်လူမျိုးနှင့် ကမ်းယံလူမျိုးတို့က တိုက်ခိုက်သဖြင့် ပျက်ခဲ့ရသလိုလို၊ အေဒီ-၈၃၂-တွင် တရုတ်နန်ကျောင်တို့ကပဲ လာရောက်တိုက်ခိုက်သဖြင့် ပျက်ခဲ့ရသလိုလို အမျိုးမျိုးရေးသားခဲ့ကြ၏။ ပြီးလျှင် မြန်မာနိုင်ငံအနောက်တောင်ဘက် (ဒွါရာဝတီနယ်မြေဒေသ) ၌ နေထိုင်ကြသော လူမျိုးများကို **"ကမ်းယံလူမျိုး"** ဟူ၍လည်း စွပ်စွဲရေးသားထားသည်ကို တွေ့ရ၏။

နှောင်းခေတ် မြန်မာသမိုင်းဆရာတို့ ဤကဲ့သို့ ယူဆခဲ့ကြသည်မှာ သရေခေတ္တရာရသေ့မြို့ အဘယ်ကြောင့် ပျက်စီးခဲ့ရသနည်းဟူသော အခြေခံသမိုင်းကြောင်းကို မသိ၍ ဖြစ်သည်။ အခြေခံသမိုင်းကြောင်းအမှန်ကို ရိုးသားစွာ ရေးသားထားခဲ့ကြသည့် ရှေးခေတ်မြန်မာရာဇဝင်သမိုင်းတို့ကို လေ့လာဖတ်ရှုကြည့်ခြင်းအားဖြင့် သိရှိနိုင်ကြလိမ့်မည်ဟု ထင်ပါသည်။ ဥပမာ-ဦးကုလားရာဇဝင်၊ မှန်နန်းရာဇဝင်၊ ရာဇောဝါဒမေတ္တာစာ၊ မဟာရာဇဝင်ကြီးဋီကာနှင့် ရွှေဘုံနိဒါန်းတို့ကို လေ့လာဖတ်ရှုသင့်ပါသည်။

ယခုအခါ ဗမာလူမျိုးတို့ ပြောဆိုနေကြသောစကား၏ သမိုင်းဇာစ်မြစ်ကို ခြေရာကောက်ကြည့်လျှင် ရခိုင်လူမျိုးတို့၏ စကားနှင့်မပြားမနား နီးစပ်မှုရှိနေသည်ကို တွေ့ရှိနိုင်သည်။ သို့ဖြစ်၍ ရခိုင်လူမျိုးတို့ ပြောဆိုနေကြသောစကားသည် ဗမာစကားကိုယူ၍ ပြောဆိုနေကြခြင်းမဟုတ်ဘဲ မူလကိုယ်ပိုင်စကားကို ကိုယ်ပိုင်လေသံဖြင့် ပြောဆိုနေကြခြင်းဖြစ်ကြောင်း မှတ်ယူသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဒွါရာဝတီနယ်မြေဒေသတွင် **"ရှေးဦးရခိုင်လူမျိုး"** တို့ အခြေချနေထိုင်နေကြသော ကာလတွင် **"ဗမာဟူသော အမည်နာမ"** သည်ပင်လျှင် အပေါ်ပေါက်သေးသောကြောင့်ဖြစ်၏။

ဒွါရာဝတီနယ်မြေဒေသတွင် နေထိုင်ကြသော လူမျိုးများမှာ ကမ်းယံလူမျိုးများ မဟုတ်ကြပါ။ ရခိုင်လူမျိုးများသာ ဖြစ်ကြပြီးလျှင် ထိုဒေသသို့ သရေခေတ္တရာမှ အချို့သော ပြူ ကမ်းယံနှင့်သက်လူမျိုးများ ဝင်ရောက်လာကြပြီးလျှင် ဒေသခံရခိုင်လူမျိုးတို့နှင့် ရောနှောပေါင်းစပ်သွားခဲ့ကြရာမှ ဒေသနှင့်လူမျိုးကိုအစွဲပြုပြီး ကမ်းယံပြည်၊ ကမ်းယံလူမျိုးဖြစ်လိမ့်မည်ဟု အထင်ရောက်ကာ သမိုင်းဆရာတို့ အမည်တပ်ခဲ့ကြခြင်းသာ ဖြစ်ပါသည်။

အမှန်က ဒွါရာဝတီနယ်မြေဒေသသည် **"ကမ်းယံ"** ဟူသောလူမျိုးကို အခြေမခံဘဲ၊ **"ကမ်းယံဒေသ"** (သို့မဟုတ်) **"ကမ်းခြေဒေသ"** ဟူသော ဒေသကို အခြေခံ၍ ခေါ်တွင်လာခဲ့ကြခြင်းသာ ဖြစ်သည်။ ဒေသကို အခြေခံ၍ ဖြစ်ပေါ်လာပုံကို သဘာဝယုတ္တိ၊ အာဂမယုတ္တိတို့ဖြင့် တင်ပြပါဦးမည်။

ဒွါရာဝတီနယ်မြေဒေသသည် တစ်ဖက်မှာကား ရခိုင်ရိုးမတောင်တန်းကြီးရှိ၏။ အခြားတစ်ဖက်မှာကား ပင်လယ်သမုဒ္ဒရာမြစ်ကမ်းယံရှိ၏။ ရိုးမတောင်တန်းကြီးနှင့် ပင်လယ်မြစ်ကမ်းယံကို အခြေခံကာ **"ကမ်းယံဒေသ"** (သို့မဟုတ်) **"ကမ်းခြေဒေသ"** ဟုခေါ်တွင်ခဲ့ကြခြင်းသာ ဖြစ်သည်။ လူမျိုးကိုအခြေခံ၍ ပေါ်ပေါက်လာသော အမည်လုံးဝမဟုတ်ပါ။ **"တောင်ကမ်းယံ, မြစ်ကမ်းယံ, တောင်ကမ်းယောင်, မြစ်ကမ်းယောင်, တောင်ကမ်းနား, မြစ်ကမ်းနား"** စသောဝေါဟာရစကားလုံးတို့မှာ ယနေ့တိုင်နေ့စဉ်သုံး ဝေါဟာရစကားအနေဖြင့် ရှိနေသေးသည်ကို သတိပြုသင့်သည်။

ယင်းစကားလုံးများသည် လူမျိုးကိုခေါ်သော စကားလုံးများမဟုတ်ကြပါ။ ယင်းကဲ့သို့ ကမ်းခြေဒေသ (ကမ်းယံဒေသ)၌ နေထိုင်ကြသူတိုင်းကို **"ကမ်းယံလူမျိုး"** ဟူ၍ ခေါ်ကြမည်ဆိုပါက ကမ္ဘာပေါ်တွင် ကမ်းယံခေါ်ထိုက်သော လူမျိုးပေါင်းများစွာ ရှိနိုင်ပါသေးသည်။

ဤအကြောင်းကို စာရေးသူအထောက်အထားဖြင့် တင်ပြပါဦးမည်။ သက္ကရာဇ်-၉၆၄-ခု၊ (အေဒီ-၁၆၀၂)တွင် **"မဟာဇေယသိခ်"** ဘွဲ့ခံ ကိုယ်ရံကြီးအမတ် **"မဟာဇေယသိခ်"**ရေးသား စီရင်အပ်သော **"ရခိုင်မင်းရာဇာကြီးစာတမ်း"**၊ ၈-ကြောင်းပေမူ၊ ကေ-ချပ်၊ ဝမ်း-ဘက်၊ ကြောင်းရေ ၅၊၆၊၇၊၈ တို့တွင်-

**"သူရိယကေတုလက်ထက် သရေခေတ္တရာမြို့ပျက်၍"အမတ်ရန္တသူ"နှင့်ပျူ -၂၀၀၀၊ သက်၊ ကမ်းရံ အများဝင်ရောက်လာမူ၊ ပျူကို လေးကျော်-၂-ထပ်ဘွဲ့တော်မူ၍ ပျူအမတ်ရန္တသူကို သောင်းတီစားအရာ ပေးတော်မူသည်။ ကမ်းရံတို့မှာ ရမ်းဗြဲ၊ မာန်အောင်၊ စကု၊ ပတင်း၊ မရစည်း၊ ကုက္ကို၊ ကျွန်းသာယာ၊ စက်ခေါ်၊ ကွမ်းချောင်းကျွန်းများတွင် ချတော်မူ၍ လက်သမားအစို့၊ သံချက်အစို့၊ မဲထည်ဆက်အစို့ ဘွဲ့တော်မူသည်။ သက်တို့ကို မရိမ်ချောင်းညာ ဝေလာတောင်၊ ကြိမ်တန်းတောင်များတွင် ချ၍ ငွေခွန်ဆက်အ စို့ ဘွဲ့တော်မူသည်။"** ဟူ၍ ဖော်ပြပါရှိသည်။

[မှတ်ချက်။ ။ **"သူရိယကေတု"** လက်ထက်ဟူသည်ထက် **"သူရိယစိတြ"** လက်ထက်ဟုဆိုမှ ပို၍ သင့်ပေလိမ့်မည်။ စာရေးသူ။]

အထက်ပါအကြောင်းအရာကို ကြည့်ခြင်းအားဖြင့် ဒွါရာဝတီနယ်မြေဒေသတွင် နေထိုင်ကြသော လူမျိုးများမှာ ကမ်းယံလူမျိုးများမဟုတ်ကြဘဲ၊ သရေခေတ္တရာမပျက်မီ နှစ်ပေါင်းများစွာကပင် ရှေးဦးရခိုင်လူမျိုးများ နေထိုင်လျက်ရှိကြောင်း သိသာထင်ရှားနေပါသည်။ သရေခေတ္တရာ ရသေ့မြို့ပျက်ပြီးကာမှ ထိုဒေသက အချို့သော၊ ပြူ၊ ကမ်းယံနှင့် သက်လူမျိုးများ ဝင်ရောက်နေထိုင်လာခဲ့ကြခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့် ပြူ၊ ကမ်းယံနှင့် သက်လူမျိုးများ ဒွါရာဝတီနယ်မြေဒေသသို့ မရောက်လာမီကပင် ဤဒေသ၌ ရှေးဦးရခိုင်လူမျိုးများ အခြေချနေထိုင်နေကြပြီဖြစ်ကြောင်း အခိုင်အမာ မှတ်ယူသင့်ပါသည်။

သရေခေတ္တရာက ပြူ၊ ကမ်းယံနှင့် သက်လူမျိုးများသည် ဒွါရာဝတီနယ်မြေဒေသတစ်ခုတည်းကိုသာ ဝင်ရောက်လာခဲ့ကြသည်မဟုတ်ဘဲ၊ရခိုင်ပြည်နယ်မြေဒေသအသီးသီးသို့ပါ ရောက်ရှိသွားခဲ့ကြကြောင်း **"ရခိုင်မင်းရာဇာကြီးစာတမ်း"** ကဆိုထားပါသည်။ နေရာချထားပေးရာအရပ်တွင် မိမိတို့ ဆောင်ရွက်လုပ်ကိုင်ကြရမည့် တာဝန်များကိုပါ ရခိုင်ရှင်ဘုရင် **"သူရိယစိတြမင်း"** (အေဒီ-၇၉-မှ-၁၁၅-ထိ)က အသီးသီးပေးအပ်ခဲ့ပါသည်။ ။
(ရခိုင်မင်းရာဇာကြီးစာတမ်းကို ကြည့်ပါ။)

ပြူလူမျိုးတို့သည် သရေခေတ္တရာရသေ့မြို့ပျက်ပြီးနောက် မြန်မာပြည်အလယ်ပိုင်း ကျောက်ဆည်ဒေသသို့လည်း ရောက်ရှိသွားခဲ့ကြသလို၊ ပုဂံဒေသသို့လည်း အများအပြားရောက်ရှိသွားခဲ့ကြ၏။ မွန်တို့၏ ရာမညသုံးရပ်အဝင်အပါ ဒဂုံ၊ ဒလဘက်သို့လည်း ရောက်ရှိသွားကြောင်း သိရှိရပါသည်။ ပုဂံဒေသသို့ ရောက်ရှိသွားကြသော ပြူလူမျိုးတို့သည် ထိုဒေသ၌ သီးခြားရွာများတည်ထောင်၍ နေထိုင်ခဲ့ကြ၏။ ယင်းပြူလူမျိုးတို့သည် ပုဂံဒေသသို့ ရှေးဦးအလျင်ရောက်ရှိနေထိုင်လာခဲ့ကြသော လူမျိုးများလည်း ဖြစ်ကြ၏။ ပြူလူမျိုးတို့ နေထိုင်ရာရွာကို ပါဠိဘာသာဖြင့် **"ပြူဂါမ-ပုဂါမ"** (=ပြူရွာ) ဟုခေါ်ကြ၏။ နောင်သောအခါ **"ပြူဂါမ-ပြူဂါမ်-ပုဂါမ်-ပုဂံ"** ဟူ၍ အမည်ပြောင်းလဲခေါ်တွင်လာခဲ့ကြခြင်း

ဖြစ်သည်။

အဆိုပါ ပြူ(ပျူ) လူမျိုးတို့သည် လူမျိုးနှင့်တကွ စကား၊ စာပေ၊ ယဉ်ကျေးမှုတို့ကို ထိန်းသိမ်း စောင့်ရှောက်မှု အလွန်အားနည်းခဲ့ကြသည့်အတွက် လူမျိုးနှင့်တကွ စကားရော၊ စာပေပါ ပျောက်ကွက်သွား ခဲ့ကြရခြင်းဖြစ်သည်။ သို့သော် အေဒီ-၁၁၁၃-ခု၊ ဝန်းကျင်အထိ တည်ရှိနေခဲ့ကြသေးသည်ကိုကား သမိုင်းရာဇဝင်မှတ်တမ်းများနှင့်ရာဇကုမာရ်ကျောက်စာခေါ် **"မြစေတီကျောက်စာ"** က အခိုင်လုံဆုံးသက်သေ ပြူလျက် ရှိနေပေသေးသည်။ ပြူလူမျိုး ပျောက်ကွယ်သွားခဲ့ရခြင်း၏ အခြေခံအကြောင်းရင်းမှာ အေဒီ-၈၃၂၊ ၈၃၅-ဝန်းကျင်ကထိုဒေသသို့ နောက်ထပ်ရောက်ရှိလာကြသော တရုတ်ပြည် ယူနန်တောင်ပိုင်းက **"မန်လူမျိုး"** များနှင့် အေဒီ-၁၀၅၇-တွင် ပုဂံမြို့၊ အနော်ရထာမင်း သိမ်းပိုက်ခေါ်ဆောင်လာခဲ့သော သုဝဏ္ဏဘူမိ (သထုံ) က **"မွန်လူမျိုး"** တို့နှင့် ပေါင်းစပ်ရောနှောသွားခဲ့မှုကြောင့်လည်း ပြူလူမျိုးတို့ ပျောက်ကွယ်သွားခဲ့ရခြင်းဖြစ်နိုင်သည်။

ရခိုင်ပြည်ထဲသို့ ထွက်ပြေးရောက်ရှိလာခဲ့ကြသော ပြူ ကမ်းယံနှင့် သက်လူမျိုးများမှာမူကား သီးခြားရွာအနေဖြင့် တည်ထောင်၍ နေထိုင်ဖို့ရာ အခြေအနေမပေးခဲ့ချေ။ ရခိုင်ဒေသရှိ မြို့၊ ရွာ၊ကျွန်း စသော နယ်မြေဒေသအသီးသီးတို့တွင် နေထိုင်ရန် နေရာချထားပေးမှုကို ခံခဲ့ကြရပြီး မိမိတို့ဆောင်ရွက်ကြရမည့် တာဝန်များကိုပါ ရခိုင်ဘုရင်က ပေးအပ်ခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ရခိုင်ဒေသတွင် **"သီးခြားပြူရွာ၊ ကမ်းယံရွာ"** ဟူ၍ မရှိခဲ့ခြင်း ဖြစ်ပါသည်။

အဆိုပါ ရခိုင်ဒေသသို့ ထွက်ပြေးရောက်ရှိလာခဲ့ကြသည့် ပြူနှင့်ကမ်းယံလူမျိုးတို့မှာလည်း အမျိုးသားလက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်မှု **"ကုလရက္ခိတ+ဝံသာနုရက္ခိတ စိတ်ဓာတ်"** အလွန်အားနည်းခဲ့ကြသည့်အတွက် လူမျိုးနှင့်တကွ စကားရော စာပေပါ ဆိတ်သုဉ်းပျောက်ကွယ်သွားခဲ့ကြရခြင်း ဖြစ်ပါသည်။

ပြူနှင့် ကမ်းယံလူမျိုးအချို့တို့သည် ဒွါရာဝတီနယ်မြေဒေသသို့ ထွက်ပြေးရောက်ရှိနေထိုင်လာခဲ့ကြသည်မှာ ဖြစ်နိုင်ဖွယ်ရှိပါသည်။ မည်သည့်အချိန်လောက်က ထွက်ပြေးရောက်ရှိလာခဲ့ကြသည်ကိုမူ အတိအကျမသိရှိရချေ။ သူတို့အခြေချနေထိုင်ခဲ့ကြသည်မှာ မှန်ကန်ကြောင်း သက်သေအထောက်အထားအဖြစ် သံတွဲမြို့နှင့် မိုင် (၃၀) ခန့်အကွာ ပုဇွန်ဖြေ (စလူ) ချောင်းဖျား၊ တုံးတောရွာတွင် **"ပြူကျောက်စာ"** တစ်ခုကို တွေ့ရှိရပါသည်။ ယင်း **"တုံးတော-ပြူကျောက်စာ"**သည် သံတွဲဒေသတွင် ပြူလူမျိုးအချို့ ရောက်ရှိနေထိုင်လာခဲ့ကြသည်မှာ မှန်ကန်ကြောင်း သမိုင်းသက်သေ အထောက်အထားတစ်ခုပင် ဖြစ်ပါသည်။

စာပေအနေဖြင့် ရခိုင်ဒေသ၌ ထွန်းကားလျက်ရှိသော **"ရခိုင်စာပေ"** ကို မလွှမ်းမိုး၊ မထိုးဖောက် နိုင်သောကြောင့် **"ပြူစာပေ"** သည်လည်း မရှင်သန်နိုင်ဘဲ ပြူလူမျိုးတို့နှင့်အတူ တိမ်ကောပျောက်ကွယ်သွားခဲ့ရခြင်း ဖြစ်ပါသည်။

အချုပ်ဆိုရသော် ဒွါရာဝတီနယ်မြေဒေသသည် ပြူနှင့်ကမ်းယံလူမျိုးတို့၏ မူလနယ်မြေဒေသမဟုတ်ဘဲ ပြူ ကမ်းယံ၊ သက်လူမျိုးတို့နေထိုင်ရာ သရေခေတ္တရာနယ်မြေဒေသသည်သာလျှင် ထိုလူမျိုးတို့၏ မူရင်းဒေသအစစ် ဖြစ်ပါကြောင်း ပြည်မြို့ **"ရွှေဆံတော်သမိုင်းပေမူ"** နှင့် ဒေသဆိုင်ရာအထောက်အထားများအရ သိရှိရပါသည်။

သို့ဖြစ်ပါ၍ တစ်ချိန်က ရခိုင်လူမျိုးတို့နှင့်အတူ ပြူလူမျိုး၊ ကမ်းယံလူမျိုးဟူ၍ လူမျိုးနှစ်မျိုးရှိခဲ့ရာမှ ယနေ့ မျက်မှောက်ခေတ်တွင်ယင်းလူမျိုးနှစ်မျိုးတို့မှာ လုံးဝဆိတ်သုဉ်းပျောက်ကွယ်သွားခဲ့ကြပြီဖြစ်ပါသည်။

ဤကဲ့သို့ မဖြစ်ရလေအောင် လူမျိုး၊ ဘာသာ၊ သာသနာ၊ စကား၊ စာပေ၊ အထွေထွေနှင့် ယဉ်ကျေးမှု၊ ထုံးတမ်းစဉ်လာ၊ အနုပညာတို့ကို အစဉ်သဖြင့် တည်တံ့အောင် တိုင်းရင်းသားလူမျိုးအားလုံး အထူးသတိရှိစွာဖြင့်

ထိန်းသိမ်းကာကွယ်စောင့်ရှောက်သင့်ပါကြောင်း အကြံပြုတိုက်တွန်းလိုက်ရပေသည်။ ။

**"မိမိတို့ အမျိုးဂုဏ်ကို မိမိတို့ ထိန်းသိမ်းနိုင်ကြပါစေ။ ။"**

**"သမိုင်းနှင့် ရာဇဝင်ပျောက်ဆုံးခဲ့လျှင် ဇာတိမာန်လည်း ပျောက်၊ လူမျိုးလည်း ပျောက်ဆုံးသွားတတ်ပါသည်။ ။"**

**ဒွါရာဝတီ-အသျှင်ကုသလ**

(ကျမ်းကိုးစာရင်း)

၁။ ရခိုင်မင်းရာဇာကြီးစာတန်း (ပေမူ)။ ။ မဟာဇေယျသိန်။

၂။ ပြည်မြို့၊ ရွှေဆံတော်သမိုင်း (ပေမူ)။ ။ ရေးသူအမည်မသိ။

၃။ မဟာရာဇဝင်ကြီးဋီကာ ။ ။ ရေးသူအမည်မသိ။

၄။ ဦးကုလားမဟာရာဇဝင်ကြီး ။ ။ ဦးကုလား။

၅။ မှန်နန်းမဟာရာဇဝင်တော်ကြီး ။ ။ စုပေါင်းရေးသား။

၆။ ရာဇောဝါဒမေတ္တာစာ ။ ။ မုံရွေးဆရာတော်။

၇။ ရွှေဘုံနိဒါန်း ။ ။ ဇေယသင်္ခယာ။

၈။ ဒွါရာဝတီ-အသျှင်ကုသလမှတ်စု။

ရခိုင်မဂ္ဂဇင်း အမှတ် (၃၅)
၂၀၁၃-ခု၊ ဒီဇင်ဘာလ

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း
အတွဲ (၃၁)၊ အမှတ် (၅)
၂၀၁၅ ခု၊ မေလ။

## ဒွါရာဝတီ ဘာသာရေးစစ်တမ်း

**"ဗြိတ္တွေတြကို တည်ထောင်သူမှာ သာသနာမြေမဖြစ်စလောက်ကို သိမ်းယူမိတဲ့အတွက် ဗုဒ္ဓတွေ့ရပုံ၊ ဗြိတ္တွေတြရဲ့ နောက်ဆုံးမင်းက မဟာယာနဂိုဏ်းသားတွေ ကိုးကွယ်တဲ့ မေတ္တေယျရွှေဆင်းတုကြီးကို အမှုးအမတ်တွေက ဖျက်ဆီးပြီး ရွှေကိုယူကြတဲ့အတွက် မင်းလဲပျက်စီးရတယ်လို့ တွေ့ရတာဟာ တိုက်ဆိုင်လွန်းတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။"** (မှန်- ၁၉၂၃-၂၇)

ဒေါက်တာသန်းထွန်း၏ **"ပျူသူရဲကောင်းများဆောင်းပါး"**
(အမှတ် (၄)၊ ဧပြီလ၊ ၂၀၀၅၊မိုးကျာနယ်။)

အထက်ဖော်ပြပါစာသားမှာ ဒေါက်တာသန်းထွန်းဆိုသူ ဗမာသမိုင်းဆရာတစ်ဦး၏ ရေးသားချက်ဖြစ်ပါသည်။ အများပြည်သူသိရှိနိုင်ကြစေရန်အတွက် ကောက်နုတ်ဖော်ပြပေးလိုက်ရပေသည်။

အဆိုပါရေးသားချက်မျိုးကို ရခိုင်ဒေသသုံးစကားဖြင့်ပြောရပါမူ **"ဆီးဆောက်ကရောက်၊ တောင်စီးဗရနမ်း၊ အရှူးချီးပန်း"** စာမျိုးဟူ၍ ပြောရမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် လူမျိုးတစ်မျိုး၏ သမိုင်းကြောင်းကို **"ဂ. ဃ. န. ဏ"**မလေ့လာမစူးစမ်းဘဲ ရေးချင်သလိုရေးလိုက်သော စာမျိုးဖြစ်နေသောကြောင့်တည်း။

များသောအားဖြင့် **"ခေတ်သစ်ဗမာသမိုင်းဆရာ"** တို့သည်ရခိုင်တို့၏ ဒွါရာဝတီ-သံတွဲမြို့က မေတ္တေယျရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီး ဖျက်ဆီးခံရမှုသမိုင်းကြောင်းကို ဖုံးကွယ်လိုကြ၏။ ဖျောက်ဖျက်လိုကြ၏။ ပြူ(ပျူ) လူမျိုးတို့ မလုပ်ခဲ့ကြသလို အထင်ရောက်အောင် ပြူလူမျိုးတို့ဘက်က ရှေ့နေလိုက်၍ ရေးသားပေးနေကြ၏။ ကျူးလွန်သူများက မေ့ပျောက်လိုကြသော်လည်း ခံရသူများမှာမူ မည်သည့်အခါမျှ မေ့ပျောက်၍ ရနိုင်လိမ့်မည်မဟုတ်ပါ။

**"သမိုင်းဖြစ်ရပ်အမှန်ကို ဖျောက်ဖျက်ဖို့ ကြိုးစားအားထုတ်သူတိုင်းသည် သမိုင်းကို ကျူးလွန်စော်ကားသော သမိုင်းတရားခံများပင် ဖြစ်သည်။"** ဟူသော စကားမှာ စာရေးသူပေးလိုသော သဘောထားမှတ်ချက်ပင် ဖြစ်သည်။

**"ခေတ်ဟောင်းဗမာသမိုင်းဆရာ"** များကမူ ဒွါရာဝတီ-သံတွဲမြို့က မေတ္တေယျရွှေဆင်းတုဗုဒ္ဓရုပ်ပွားတော်ကြီးနှင့်ပတ်သက်၍ အမှန်အတိုင်းဝန်ခံကာ အတိအကျပင် မှတ်တမ်းတင်ထားခဲ့ကြသည်ကို တွေ့ရသည်။ ဥပမာ ဦးကုလားရာဇဝင်၊ မုံရွေးဆရာတော်၏ ရာဇာဝါဒမေတ္တာစာ၊ မှန်နန်းရာဇဝင်၊ ပြည်မြို့ရွှေဆံတော်သမိုင်းပေမူ၊ မဟာရာဇဝင်ကြီးဋီကာ၊ ရွှေဘုံနိဒါန်းစသော ရာဇဝင်နှင့် စာပေသမိုင်းမှတ်တမ်းများကို တွေ့ရှိရသည်။

ရခိုင်ပြည်ရှိဒွါရာဝတီ-သံတွဲဒေသက ရခိုင်သူ ရခိုင်သားတို့သည် **"မေတ္တေယျ"** ဟုဘွဲ့အမည်ရှိသော ရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီးကို မဟာသက္ကရာဇ်-၁၂၃-ခု၊ (ဘီစီ-၅၆၉)၊ တပေါင်းလပြည့်နေ့က ဒွါရာဝတီနယ်မြေကို စိုးပိုင်အုပ်ချုပ်သူ **"သိန္ဓုဝမင်း"** ကိုယ်တိုင်ကြပ်မတ်ပြီး တိုင်းသူပြည်သားများနှင့်အတူ သွန်းလုပ်ပူဇော်ခဲ့ကြသည်။

အဆိုပါဘုရားကြီးကို ဒေါက်တာသန်းထွန်းဆိုသူ ဗမာသမိုင်းဆရာတစ်ဦးက **"မဟာယာန ဂိုဏ်းသားတွေ ကိုးကွယ်တဲ့ မေတ္တေယျ ဆင်းတုတော်ကြီး"** ဟူ၍ ဒွါရာဝတီနယ်မြေက ရခိုင်လူမျိုးတို့ကို **"မဟာယာနဂိုဏ်းသားတွေ"** ဟူသော အသုံးအနှုန်းဖြင့် တိုက်ရိုက်စွပ်စွဲထားသည်ကို တွေ့ရသည်။

**"မေတ္တေယျရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီး"** ဟူသည် ထိုဘုရားကြီး၏ ဘွဲ့အမည်တော်မျှသာ ဖြစ်သည်။ နောင်ပွင့်တော်မူလတ္တံ့သော ဗုဒ္ဓဘုရားရှင်၏ ဘွဲ့အမည်တော်နှင့် ဆင်တူနေသည့်အတွက် ယင်းဘုရားကို ကိုးကွယ်ဆည်းကပ်နေကြသည့် လူမျိုးများမှာလည်း မဟာယာနဂိုဏ်းသားတွေသာ ဖြစ်ရမည်ဟူသော အထင်ဖြင့် ဒေါက်တာသန်းထွန်းက ယူဆခဲ့သည်။ ယင်းသို့ ယူဆတိုင်း အမှန်ဟု ယူကြပါမည်လော။ အဆိုပါစာမျိုးကို ဒေါက်တာသန်းထွန်း အနေဖြင့် ကိုယ်ထင်ရာကို သေချာစွာ မစူးစမ်းမလေ့လာဘဲ (သို့မဟုတ်) ဆင်ခြင်စဉ်းစားမှုမပြုဘဲ ရေးချင်သလို ရေးသားလိုက်သော စာမျိုးဟု စာရေးသူမှတ်ချက်ပေးပါသည်။

**"မေတ္တေယျ"** ဟူသော ဘုရား၏ ဘွဲ့အမည်တော်ကို ကြည့်ပြီး ထိုဘုရားကြီးကို ကိုးကွယ်ဆည်းကပ်ခဲ့ကြသည့် ဒွါရာဝတီနယ်မြေဒေသက ရခိုင်သူရခိုင်သားတို့မှာ **"မဟာယာနဂိုဏ်းသားတွေ"** သာဖြစ်ရမည်ဟူသော ဒေါက်တာသန်းထွန်း၏ စွပ်စွဲချက်သည် သူ့၌ ရည်ရွယ်ချက်တစ်ခုရှိနေသည်ဟု ထင်ပါသည်။

**"ပုဂံထက် ရာစုပေါင်းများစွာစောပြီး ရှေးကျလျက်ရှိသော ရခိုင်တို့၏ ဗုဒ္ဓဘာသာသာသနာ ကိုးကွယ်ဆည်းကပ်မှုကို တိမ်သလာဖုံးနေသော သမိုင်းမျက်စိအမြင်ဖြင့် ဒေါက်တာသန်းထွန်းရေးသားလိုက်ခြင်းသည် မည်သည့်အမှောင့် ပယောဂများ ဝင်ရောက်ပူးကပ်နေသနည်းဆိုသည်ကိုမူ ထပ်ဆင့်စဉ်းစားစရာ ဖြစ်နေသည်။"**

ရခိုင်လူမျိုးတို့၏ သမိုင်းအစဉ်အလာကြီးမားခဲ့မှုကို မလိုလားနိုင်ကြသဖြင့် ထိုသမိုင်းအစဉ်အလာများ ပျက်စီးသွားအောင် (သို့မဟုတ်) လူတို့ထင်ယောင်ထင်မှား ဖြစ်သွားအောင် အစီအစဉ်ရှိရှိ ဖျက်ဆီးနေကြလေသလောဟု တွေးတောစရာဖြစ်ခဲ့ရပါသည်။

ဒေါက်တာသန်းထွန်း၏စာကို အခြေခံကာ စာရေးသူအနေဖြင့် ပြန်၍မေးမြန်းလိုသော မေးခွန်းနှစ်ခုရှိလာပါသည်။ ယင်းတို့မှာ -

ဒွါရာဝတီနယ်မြေဒေသက ရခိုင်လူမျိုးတို့ ကိုးကွယ်ဆည်းကပ်လာခဲ့ကြသည့် အဆိုပါ **"မေတ္တေယျ ရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီး"** ကို သရေခေတ္တရာမှူးမတ်များက ဖျက်ဆီးပြီး ကိုယ်ကျိုးအတွက် အသုံးပြုရန် ဘုရားရွှေကို ယူကြသည့်လုပ်ရပ်မှာ ထိုဒေသက ထိုလူမျိုးများကို **"အဘယ်အယူဝါဒကို ယူထားသော ဂိုဏ်းသားများ"** ဟူ၍ ဒေါက်တာသန်းထွန်းက (သို့မဟုတ်) စာဖတ်ပရိသတ်အပေါင်းတို့က အမည်ပေးလိုကြပါသနည်း။ စာရေးသူအထူးသိချင်လှပါ၏။ အဖြေပေးတော်မူကြပါ။

**"သရေခေတ္တရာကို တည်ထောင်သူမှာ သာသနာမြေမဖြစ်စလောက်ကို သိမ်းယူမိတဲ့အတွက်"** ဟု ဒေါက်တာသန်းထွန်းက ဆိုထားပြန်၏။ အဆိုပါ သာသနာ့မြေကို ကိုယ်ကျိုးအဖြစ်အသုံးပြုရန် သိမ်းယူသော မင်းမှာရော အဘယ်အယူဝါဒရှိသော ဂိုဏ်းသားမင်းမျိုးများ ဖြစ်နေပြန်ပါသနည်း။ သည်ကိစ္စကိုလည်း စာရေးသူအထူးသိချင်လှပါ၏။ အဖြေပေးတော်မူကြပါ။

ဗုဒ္ဓဘာသာဝင် ရခိုင်လူမျိုးတို့ အထွတ်အမြတ်ထားပြီး ကိုးကွယ်ဆည်းကပ်လာခဲ့ကြသည့် **"မေတ္တေယျ"** အမည်ရှိ ရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူကို ပြူ(ပျူ)လူမျိုးတို့ ဖျက်ဆီးပြီး ကိုယ်ကျိုးအဖြစ်အသုံးပြုသော ကိစ္စမှာ လုံးဝမပြုသင့်၊ မပြုထိုက်သော လုပ်ရပ်တစ်ခုဟု ယူဆပါသည်။ ဗုဒ္ဓဘာသာဝင်ကောင်းများ ဟုတ်မှန်ခဲ့ပါမူ ဤကဲ့သို့သော ဝန်လေးဖွယ်ရာ လုပ်ရပ်မျိုးကို မည်သူတစ်ဦးတစ်ယောက်မျှ လုပ်ချင်ကြလိမ့်မည် မဟုတ်ချေ။

အေဒီ-၁၈၂၄-၂၅တွင် အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲပြီးဆုံးပြီးနောက် ၁၈၂၆-ခုမှစ၍ အင်္ဂလိပ်အုပ်ချုပ်မှု

ကာလတစ်လျှောက် ဗုဒ္ဓကြေးဆင်းတုများ၊ ကြေးခေါင်းလောင်းများကို အရည်ဖျော်ကာ အမြောက်ကျည်ဆံ သွန်းလုပ်ကြောင်း စာပေသမိုင်းမှတ်တမ်းများ၌ ဖတ်ရှုမှတ်သားဖူးပါသည်။ ယင်းကို ကြည့်ခြင်းအားဖြင့် ဘာသာမတူ၊ လူမျိုးမတူ၊ သူတို့သည်သာလျှင် ဤကဲ့သို့သော လုပ်ရပ်မျိုးကို ပြုလုပ်တတ်ကြကြောင်း သိမှတ်သင့်ပါသည်။

ဗုဒ္ဓမတိုင်မီက (သို့မဟုတ်) ရခိုင်ပြည်သို့ ဗုဒ္ဓသာသနာမရောက်လာမီက ရခိုင်သူရခိုင်သားတို့သည် ဗြဟ္မဏဘာသာဝင်များ ဖြစ်ကောင်းဖြစ်နိုင်ပါမည်။ သည်ကိစ္စကို စာရေးသူမငြင်းပါ။ သို့သော် ဗုဒ္ဓမတိုင်မီက ရခိုင်သူ၊ ရခိုင်သားတို့သည် **"နတ်"** ကိုးကွယ်ဆည်းကပ်မှု အစဉ်အလာရှိခဲ့နိုင်သလို၊ **"ရသေ့သူတော်စင်"** များကို ကိုးကွယ်ဆည်းကပ်သည့် အစဉ်အလာမျိုးလည်း ရှိခဲ့ကြသည်ကို ရခိုင်ရာဇဝင်သမိုင်းများ၌ အခိုင်အမာတွေ့ရှိရသည်။

ဥပမာ ဒွါရာဝတီနယ်မြေတွင် ကဏ္ဍဒီပါယနသျှင်ရသေ့မျိုးနှင့် ကာလီဒါသသျှင်ရသေ့မျိုး။ ဓညဝတီနယ်မြေတွင် အဗ္ဗုနသျှင်ရသေ့နှင့် နာကိဿရသျှင်ရသေ့ (ခေါ်) အသျှင်နာဂိန္ဒရသေ့ကဲ့သို့သော သျှင်ရသေ့မျိုးတို့ကို တွေ့ရှိရသည်။ ယင်းရသေ့တို့အပြင် ကျန်သောရသေ့တို့မှာလည်း ခေတ်အလိုက် များစွာရှိခဲ့ကြပါသေးသည်။

မဟာသက္ကရာဇ်-၁၂၃-ခု၊ (ဘီစီ-၅၆၉)တွင် မြတ်ဗုဒ္ဓသည် ဓညဝတီရခိုင်ပြည်သို့ နောက်ပါရဟန္တာငါးရာ (၅၀၀)နှင့်အတူ ကောင်းကင်ခရီးဖြင့် ကြွရောက်တော်မူလာခဲ့ပါသည်။ မြတ်ဗုဒ္ဓသည် မင်းနှင့်အတူ ရခိုင်ပြည်သူပြည်သားအပေါင်းတို့အား တရားဓမ္မဟောကြားဆုံးမခဲ့ပါသည်။ ပြည်သူပြည်သားအပေါင်းတို့မှာလည်း ရတနာသုံးပါးကို သက်ဝင်ယုံကြည်ကိုးကွယ်ဆည်းကပ်သူများအဖြစ်သို့ ရောက်ရှိခဲ့ကြပါသည်။ မဂ်၊ဖိုလ်အကျိုးတရားများကိုလည်း ရရှိခဲ့ကြပါသည်။

မြတ်စွာဘုရားဆက်လက်မကြွမီ ရခိုင်တို့၏ ဓညဝတီထီးနန်းရှင်ဘုရင်စန္ဒာသူရိယမင်းက မြတ်ဗုဒ္ဓကိုယ်စား ဗုဒ္ဓရုပ်ပွားဆင်းတုတော်တစ်ဆူ သွန်းလုပ်ပူဇော်ဖို့ရာ တောင်းပန်လျှောက်ထားသဖြင့် မြတ်စွာဘုရားက ခွင့်ပြုတော်မူခဲ့ပါသည်။ ယင်းဗုဒ္ဓရုပ်ပွားတော်ကို **"မဟာမုနိ"** ဟု ယနေ့တိုင်သမိုင်းတွင် ကျန်ရစ်ခဲ့ပါတော့သည်။ အေဒီ-၁၇၈၄ခု ( ရခိုင်ကောဇာ-၁၁၄၆) တွင် အမရပူရထီးနန်းရှင် ဘိုးတော်ဗဒုံမင်း၏သားတော် မောင်ပေါ်သည် ရခိုင်ပြည်ကို တိုက်ခိုက်အောင်မြင်သဖြင့် အဆိုပါ မဟာမုနိဘုရားကြီးကိုပါ သိမ်းပိုက်ယူဆောင်သွားခဲ့ရာ ယခုအခါ မန္တလေးမြို့၌ သီတင်းသုံးလျက်ရှိသည်။

မဟာမုနိဘုရားကြီးကို သွန်းလုပ်ရာ၌ မဟာသက္ကရာဇ်-၁၂၃-ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့၊ ဝိသာခါနက္ခတ်နှင့် ယှဉ်လျက် ညဦးကစတင်၍ သွန်းလုပ်ခဲ့ရာ ကဆုန်လပြည့်ကျော် (၁) ရက်၊ ကြာသပတေးနေ့၊ နံနက်တွင် ပြီးစီးခဲ့ကြောင်း သိရှိရသည်။ ထိုအချိန်မှစ၍ ရခိုင်လူမျိုးတို့သည် မြတ်ဗုဒ္ဓ၏အဆုံးအမကို သက်ဝင်ယုံကြည်သူ ဗုဒ္ဓဘာသာဝင်များ ဖြစ်လာခဲ့ကြပြီးလျှင် ဗုဒ္ဓရုပ်ပွားတော်ကိုလည်း ကိုးကွယ်ပူဇော်ဆည်းကပ်သည့်အမှုကို ပြုခဲ့ကြလေသည်။

ထိုမှဆက်လက်၍ ဂေါတမမြတ်စွာဘုရားသည် နောက်ပါရဟန္တာငါးရာ (၅၀၀) ခြံရံလျက် ကောင်းကင်ခရီးဖြင့် ဒွါရာဝတီ-သံတွဲမြို့သို့ ကြွချီတော်မူခဲ့ရာ မြို့၏အရှေ့ဘက်အရပ်တစ်ခုသော တောင်ကုန်းထက်တွင် ရပ်တန့်တော်မူလေသည်။

မြတ်စွာဘုရားရပ်တန့်တော်မူရာ အဆိုပါတောင်ကုန်းကို **"တန့်တော်မူတောင်"** ဟု ယနေ့ထက်တိုင် ခေါ်တွင်လျက်ရှိသည်။ သံတွဲမြို့စား **"မင်းညိုခင်"** သည် ယင်းတောင်ကုန်းထက်၌ **"ဂူငယ်ဘုရား"** တစ်ဆူကို တစ်ဝဂူပုံဖြင့် သာသနာသက္ကရာဇ်-၁၃၂၇-ခု၊ ကောဇာ-၁၄၅-ခု၊ (အေဒီ-၇၈၃)တွင် တည်ထားပူဇော်တော်မူခဲ့သည်။ ယင်းဘုရားမှာ

**“ဂူငယ်ဘုရား”** အစစ်အမှန်ဖြစ်သော်လည်း မြတ်စွာဘုရားရပ်တန့်တော်မူခဲ့သည်ကို အစွဲပြု၍ **“တန့်တော်မူတောင်-တန့်တော်မူဘုရား”** ဟူသော အမည်က ပို၍ထင်ရှားလျက် ရှိနေသည်။ ပုဂံမတိုင်မီနှစ်ပေါင်း (၆၆) နှစ်က တည်ထားခဲ့ခြင်းဖြစ်၍ သမိုင်းတန်ဖိုးကြီးမားလှဘိ၏။ ယင်းဘုရားနှင့်အပြိုင် တည်ထားပူဇော်ခဲ့သော **“ဂူကြီးခုံရွာ”** အနီးတွင် **“ဂူကြီးဘုရား”**ဟူ၍လည်း ရှိပါသေးသည်။

အဆိုပါ **“တန့်တော်မူတောင်”** တွင် မြတ်စွာဘုရားရပ်တန့်တော်မူကာ ဒွါရာဝတီ-သံတွဲမြို့ရှိ ဆံတော်၊ အံတော်၊ နံတော်၊ ဘုရားသုံးဆူကို ဗျာဒိတ်ပေးတော်မူခဲ့ပါသည်။ မြို့သူမြို့သား, နယ်သူနယ်သား တို့မှာလည်း မြတ်စွာဘုရားကို ဖူးမျှော်ပူဇော်ခွင့်ရရှိခဲ့ကြသဖြင့် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူ၊ ကိုးကွယ်ဆည်းကပ်သူများအဖြစ်သို့ ရောက်ရှိလာခဲ့ကြပါသည်။

ဗုဒ္ဓဘုရားရှင်၏ မိန့်ကြားတော်မူချက်အရ ဒွါရာဝတီ-သံတွဲမြို့ကို အုပ်ချုပ်သူ သိန္ဓုဝမင်းသည် မဟာသက္ကရာဇ်-၁၂၃-ခု၊ (ဘီစီ-၅၆၉) တပေါင်းလပြည့်နေ့တွင် ဒွါရာဝတီ-သတွဲမြို့ရှိ **‘သဗ္ဗသီရိမုနိစက္က ကုန်းမြေ”** (ယခုလေးမျက်နှာကုန်းမြေ) ပေါ်၌ ဉာဏ်တော်အမြင့် (၁၈)တောင်ရှိသော **“မေတ္တေယျ”** အမည်ရှိ ရွှေဆင်းတုဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူကို သွန်းလုပ်ပူဇော်ခဲ့ပါသည်။ အဆိုပါဘုရားကြီးကို **“မေတ္တေယျ ရွှေဆင်းတုဗုဒ္ဓရုပ်ပွားတော်ကြီး”** ဟုဘွဲ့အမည်တော်ကို ခေါ်တွင်စေခဲ့ပါသည်။

ထိုရွှေဆင်းတုဗုဒ္ဓရုပ်ပွားတော်ကြီး ဖျက်ဆီးခံရသောနှစ်မှာ သာသနာတော်သက္ကရာဇ်-၆၄၁-ခု၊ ခရစ်အေဒီ-၉၇ခုတွင် ဖြစ်သည်။ ဘုရားကြီးကို ဖျက်ဆီးသောသူများမှာ သရေခေတ္တရာမြို့၏ နောက်ဆုံးမင်းဆက်ဖြစ်သော သုပညာနဂရဆိန္နမင်းနှင့် စစ်သည်ရဲမက်များဖြစ်ကြသည်။ ရခိုင်အနေဖြင့်မူ တတိယဓညဝတီခေတ်၊ စန္ဒာသူရိယမင်းမှ (၁၆)ဆက်မြောက် **“သူရိယစိတြမင်း”** လက်ထက်တွင် ဖြစ်သည်။

မေတ္တေယျအမည်ရှိ ရွှေဆင်းတုဗုဒ္ဓရုပ်ပွားတော်ကြီးကို သွန်းလုပ်ပြီးစီးသော အချိန်အခါကာလမှစ၍ ရခိုင်တို့၏ ဒွါရာဝတီမြို့သူမြို့သား၊ နယ်သူနယ်သားအပေါင်းတို့သည် ခေတ်အဆက်ဆက် ဗုဒ္ဓဘာသာ သာသနာတော်ကို သက်ဝင်ယုံကြည်ကိုးကွယ် ဆည်းကပ်လာခဲ့ကြသည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။

(မှတ်ချက်)

ရခိုင်လူမျိုးစစ်မှန်လျှင် **“ဗုဒ္ဓဘာသာ”** မှတစ်ပါး အခြားမည်သည့်ဘာသာကိုမှ သက်ဝင်ယုံကြည်ကိုးကွယ်ဆည်းကပ်သော လူမျိုးများမဟုတ်ကြပါ။ **“ရခိုင်လူမျိုး”** ဟူ၍ ပြောလိုက်သည်နှင့် ဗုဒ္ဓဘာသာကိုသက်ဝင်ယုံကြည်ကိုးကွယ်ဆည်းကပ်သော လူမျိုးများဖြစ်ကြောင်း အခြားညီနောင်တိုင်းရင်းသားလူမျိုးများ သိရှိနိုင်ကြစေရန် ရခိုင်တစ်မျိုးသားလုံး (ရခိုင်တစ်လူမျိုးလုံး)ကိုယ်စား အသိပေးအပ်ပါသည်။

အဆိုပါ မေတ္တေယျရွှေဆင်းတုဗုဒ္ဓရုပ်ပွားတော်ကြီးသွန်းလုပ်ပြီးစီးချိန်မှာ မဟာသက္ကရာဇ်-၁၂၃-ခုနှစ်၊ (ဘီစီ-၅၆၉)၊ တပေါင်းလပြည့်နေ့ဖြစ်ခြင်းကြောင့် ယခုဤဆောင်းပါးကို ရေးသားနေသော အေဒီ-၂၀၁၅ခုမှ ရေတွက်လျှင် လွန်ခဲ့သော နှစ်ပေါင်း (၂၅၈၄)နှစ်က ဖြစ်ပါသည်။

ဘီစီ-၅၆၉-မှစ၍ အေဒီ-၉၇-အထိ ဒွါရာဝတီ-သံတွဲမြို့၌ **“မေတ္တေယျ ရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီး”** အမှန်အကန်တည်ရှိခဲ့ကြောင်းကိုလည်း ဗမာရာဇဝင်နှင့် ရခိုင်ရာဇဝင်များက သက်သေပြုလျက်ရှိနေသည်။ သို့သော် ၂၀၀၅-ခု၊ ဧပြီလထုတ်၊ မိုးဂျာနယ်၊ အမှတ် (၄)တွင် ဒေါက်တာသန်းထွန်းစွပ်စွဲလိုက်သလို၊ ဒွါရာဝတီ-သံတွဲနယ်မြေက

ရခိုင်သူ-ရခိုင်သားတို့မှာ မဟာယာနဂိုဏ်းသားများ လုံးဝမဟုတ်ကြောင်း၊ မဟာယာနဟုယူဆရလောက်အောင် သမိုင်းဆိုင်ရာ အချက်အလက်၊ အထောက်အထားများလည်း ဒွါရာဝတီ-သံတွဲနယ်မြေဒေသတွင် လုံးဝမရှိခဲ့ပါကြောင်း အသိပေးအပ်ပါသည်။

အချိန်ကာလမှာ အလွန်ကြာမြင့်ခဲ့ပြီဖြစ်သဖြင့် ဘုရားကြီးနှင့်ပတ်သက်သော သမိုင်းကြောင်းမှာလည်း သိရှိသူ အလွန်နည်းပါးလာခဲ့ကြပါသည်။ မှတ်တမ်းတင်ဖော်ပြပါရှိသော ရှေးဟောင်းပေစာ၊ ကျမ်းစာ၊ သမိုင်း၊ ရာဇဝင်စသော စာအုပ်စာတမ်းတို့မှာလည်း အလွန်ရှားပါးလျက်ရှိနေချေပြီ။ ဖော်ပြပြန်တော့လည်း မပြည့်မစုံသည်ကများ၏။ ပြည့်စုံအောင် ဖော်ပြပေးဖို့ထက် ရှိခဲ့ပြီးသော သမိုင်းကြောင်းအမှန်ကို ဖျောက်ဖျက်ပစ်ချင်သော သူများကသာ များလိမ့်မည်ဟု ထင်ပါသည်။

အချိန်ကာလကြာမြင့်လာသည့်အခါ ဖြစ်ရပ်မှန်သမိုင်းကြောင်းတို့မှာ **"မပီဝိုးတဝါး"** ဖြစ်သွားတတ်ပါသည်။ ယင်းသို့မဖြစ်ရလေအောင် အချိန်မီရသလောက် ရှာဖွေစုဆောင်းတင်ပြရခြင်း ဖြစ်ပါသည်။

**"သမိုင်းကို မသိလျှင် အလိမ်အညာခံရတတ်သည်ကို သတိပြုပါ"**

**ဒွါရာဝတီ-အသျှင်ကုသလ**

(ကျမ်းကိုးစာရင်း)

၁။ ဦးကုလားမဟာရာဇဝင်ကြီး ။ ။ ဦးကုလား။
၂။ ရာဇောဝါဒမေတ္တာစာ ။ ။ မုံရွေးဆရာတော်။
၃။ မှန်နန်းမဟာရာဇဝင်တော်ကြီး ။ ။ စုပေါင်းရေးသား။
၄။ ပြည်မြို့၊ ရွှေဆံတော်သမိုင်း (ပေမူ)။ ။ ရေးသူအမည်မသိ။
၅။ မဟာရာဇဝင်ကြီးဋီကာ ။ ။ ရေးသူအမည်မသိ။
၇။ ရွှေဘုံနိဒါန်း ။ ။ ဇေယသင်္ခယာ။
၈။ ဒွါရာဝတီ-အသျှင်ကုသလမှတ်စု။

တြိချိုးအနုပညာမဂ္ဂဇင်း
အတွဲ (၄)၊ အမှတ် (၁)၊ ၂၀၁၅-ခုနှစ်။

## ဒွါရာဝတီ အပါအဝင်
## "ရခိုင်ပြည်က မော်ကွန်းသုံးခု"

ဇမ္ဗူဆီမီး
ခြောက်ရောင်ညီးရေ
ပြည်ကြီးမဏ္ဍိုင်
ရခိုင်ညွန့်ဖူး
မော်ကွန်းဦးမှာ
ကြည်နူးသာစွ၊ သုံးဌာန
မြတ်ဗုဒ္ဓလေ၊ မြတ်ဗုဒ္ဓ။ ။

(ကျေးလက်တေးကဗျာ)

အထက်ပါ ရခိုင်တို့၏ သဘာဝကျေးလက်တေးကဗျာအရ ရခိုင်ပြည်တွင် ထေရဝါဒဗုဒ္ဓသာသနာတော်နှင့် ပတ်သက်၍ သမိုင်းဝင်မော်ကွန်းသုံးခုရှိပါသည်။ ယင်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ရခိုင်တို့၏ တတိယဓညဝတီခေတ် စန္ဒာသူရိယမင်းလက်ထက်၊ မဟာသက္ကရာဇ်-၁၂၃-ခု၊ (ဘီစီ-၅၆၉) တွင် ဂေါတမဘုရားရှင်သည် ရခိုင်ပြည်၊ ဓညဝတီမြို့တော်သို့ နောက်ပါရဟန္တာငါးရာ (၅၀၀)ဖြင့် ကိုယ်တော်တိုင် ကြွရောက်တော်မူလာခဲ့ပါသည်။ ထိုစဉ်အခါက ဘုရားရှင်၏ ကိုယ်စားတော် အနေဖြင့် မဟာမုနိသွန်းစက်တော်ကို မဟာသက္ကရာဇ်-၁၂၃-ခု၊ ကဆုန်လပြည့်နေ့တွင် စတင်သွန်းလုပ် ခဲ့ရာ လပြည့်ကျော်တစ်ရက်နေ့တွင် သွန်းလုပ်ပြီးစီးသဖြင့် ကိုးကွယ်ပူဇော်ခြင်းကိစ္စ = မော်ကွန်းတစ်ခု။

(၂) ရခိုင်ဘုရင်စန္ဒာသူရိယမင်းနှင့် အဖညီအစ်ကိုတော်စပ်သူ ငယ်မည် **"သံကိုးမောင်း"** နောင်တွင် စစ်သူကြီး **"ဇေယျသေနနာဂရာဇာ"** ဘွဲ့အမည်ရှိသော **"ကင်းဝန်မြို့စား"** သည် ဂေါတမဘုရားရှင်သေလာဂီရိ= ကျောက်တော် တောင်သို့ ကြွရောက်တော်မူလာသည့်နှစ် မဟာသက္ကရာဇ် ၁၂၃-ခု (ဘီ-၅၆၉)တွင် ဗုဒ္ဓဘုရားရှင်ထံမှ ဆံတော်ကို တောင်းခံ၍ နတ်တော်လ၌ ဗုရုကာကျွန်း(=ဖရုံကာကျွန်း) **"နီလာပဗ္ဗတတောင်"**တွင် ဆံတော်ရှင်စေတီကို တည်ထား ကိုးကွယ်ခြင်းကိစ္စ = မော်ကွန်းတစ်ခု။

(၃) ဂေါတမဘုရားရှင်သည် ဓညဝတီမြို့မှ ဒွါရာဝတီ-သံတွဲမြို့သို့ ဆက်လက်ကြွချီတော်မူခဲ့သည်။ ထိုအခါ ဗုဒ္ဓဘုရားရှင်၏ မိန့်ကြားတော်မူချက်အရ ဒွါရာဝတီ-သံတွဲမြို့ ထီးနန်းကို စိုးစံအုပ်ချုပ်နေသူ **"သိန္ဓုဝမင်း"** သည် ဓညဝတီမြို့က သွန်းစက်တော်မဟာမုနိအကြောင်းကို ကြားသိရသောအခါ များစွာဝမ်းမြောက်ဝမ်းသာ ကြည်ညို သဒ္ဓါဖြစ်ပြီးလျှင် မဟာသက္ကရာဇ်-၁၂၃-ခု၊ (ဘီစီ-၅၆၉) တပေါင်းလပြည့်နေ့တွင် ဉာဏ်တော်အမြင့် (၁၈)တောင်ရှိသော **"မေတ္တေယျ"** အမည်ရှိ ရပ်တော်မူဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူကို ရွှေသားအတိဖြင့် သွန်းလုပ်ပူဇော်ကိုးကွယ်ခြင်း ကိစ္စ = မော်ကွန်းတစ်ခု။

ယင်းဘုရားသုံးဆူသည် ရခိုင်ပြည်၏ ထေရဝါဒဗုဒ္ဓသာသနာတော်စတင်တည်ထွန်းခဲ့ရာ **"မော်ကွန်းဝင်**

**သုံးဌာန**" (သို့မဟုတ်) "**သာသနာ့မဏ္ဍိုင်သုံးဌာန**" ဖြစ်ပါသည်။ ယင်းသုံးဌာနတို့တွင် -

(၁) မဟာသက္ကရာဇ်-၁၂၃-ခု၊ တပေါင်းလပြည့်နေ့ (ဘီစီ-၅၆၉)က ဒွါရာဝတီ-သံတွဲမြို့ကို သိန္နဝင်း အုပ်ချုပ်လျက်ရှိသည်။ ထိုမင်းလက်ထက်တွင် "**သမ္ဗသီရိမုနိစက္ကကုန်းမြေ**" (=ယခုလေးမျက်နှာကုန်းမြေ) ပေါ်၌ သွန်းလုပ်တည်ထားခဲ့သည့် "**မေတ္တေယျ**"ဟု ဘွဲ့အမည်တော်ရသော ရုပ်တော်မူရွှေဆင်းတုဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူ ရှိခဲ့ပါသည်။

ထိုစဉ်အခါ "**သရေခေတ္တရာ**" အမည်ရှိသော ရသေ့မြို့က ပြူတို့၏ (၂၇)ဆက်မြောက်ဖြစ်သော "**သုပညာနဂရဆိန္နမင်း**"နှင့် စစ်သည်ရဲမက်တို့သည် (သုမုန္ဒြီမင်းလက်ထက် သာသနာတော်နှစ်သက္ကရာဇ်-၆၂၄-ခု၊ (အေဒီ-၈၀) အရောက်တွင် ဒေါဒေါရသကိန်းအရ သက္ကရာဇ်-၆၂၂ကိုဖြို၍ သက္ကရာဇ်တို(၂)ခု ကြွင်းထားကာ ရေတွက်လာသော) သက္ကရာဇ်တို (၁၆)ခုအရောက်တွင် ဒွါရာဝတီသံတွဲမြို့သို့လာရောက်ကြကာ အဆိုပါရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီးကို ဖိုးထိုး၍ ဖျက်ဆီးခဲ့ကြကုန်၏။ သုပညာနဂရဆိန္နမင်းနှင့် ပြူ ကမ်းယံစစ်သည်ရဲမက်တို့သည် ဘုရားကြီးက ရရှိသော ရွှေများကို မိမိတို့၏ ကိုယ်ကျိုးအဖြစ် အသုံးပြုခဲ့ကြ၏။ ယင်းအကုသိုလ်ကံတရားသည်ပင်လျှင် သရေခေတ္တရာခေါ် ရသေ့မြို့နှင့် "**ပြူနှင့်ကမ်းယံလူမျိုး**"တို့၏ ပျက်စီးဖို့ရာ အခြေခံအကြောင်းရင်းပင် ဖြစ်တော့၏။

ထို့ကြောင့် မုံရွေးဆရာတော် အရိယာဝံသအာဒိစ္စရံသီက နှောင်းလူတို့ သတိသံဝေဂယူနိုင်ကြစေရန်အတွက် သူ၏ "**ရာဇောဝါဒမေတ္တာစာ**" တွင် -

"**မိတေယျအတု၊ ရွှေရုပ်တုပြောင်ပြောင်၊ အတောင်ရှစ်ဆယ်၊ ကြီးကျယ်စွင့်စွင့်၊ လွှားလွှားမြင့်ကို၊ ဖိုကျင့်ထိုး၍၊ ရသေ့မြို့အလုံး၊ ယူကြသုံးသဖြင့်၊ ဆုံးဘူးသည်တဝ။**" ဟူ၍ ရေးသားစပ်ဆိုတော်မူသွားခဲ့ ခြင်းဖြစ်သည်။ ဤအကြောင်းကို "**မဟာရာဇဝင်ကြီးဋီကာ**" ၌လည်းကောင်း၊ မှန်နန်းရာဇဝင်၌လည်းကောင်း၊ ဦးကုလားရာဇဝင်၌လည်းကောင်း၊ ရွှေဘုံနိဒါန်း၌လည်းကောင်း၊ ရာဇဝင်ဆရာတို့ အသီးသီးမှတ်တမ်းတင်ထားရှိခဲ့ကြသည်ကို တွေ့ရှိနိုင်ပါသည်။

(၁) ယခုအခါ မေတ္တေယျအမည်ရှိ "**ရုပ်တော်မူရွှေဆင်းတုဗုဒ္ဓရုပ်ပွားတော်ကြီး**" ကို မော်ကွန်းတစ်ခုအနေဖြင့် ပြသဖို့ရာ ရခိုင်တို့၏ ဒွါရာဝတီ-သံတွဲမြို့၌ မရှိတော့ပြီ။

(၂) ရခိုင်ဘုရင် စန္ဒာသူရိယမင်းလက်ထက် မဟာသက္ကရာဇ်-၁၂၃-ခု၊ ကဆုန်လပြည့်ကျော် (၁) ရက်နေ့ (ဘီစီ-၅၆၉)က သွန်းလုပ်ပြီးစီးခဲ့သော ဓညဝတီက ရုပ်ရှင်တော်မဟာမုနိဘုရားကြီးကိုလည်း အမရပူရမြို့က ဘိုးတော်ဗဒုံမင်း (မောင်ဝိုင်း)သည် ကောဇာသက္ကရာဇ်-၁၁၄၆-ခု၊ (အေဒီ-၁၇၈၄)က သားတော်အိမ်ရှေ့မင်းသား (မောင်ပေါ်)အား ရခိုင်ပြည်ကို တိုက်ခိုက်သိမ်းပိုက်စေရာတွင် "**မဟာမုနိဘုရားကြီး**" ကိုပါ သိမ်းပိုက်ယူဆောင်သွားခဲ့ကြသည့်အတွက် မဟာမုနိဘုရားကြီးကိုလည်း မော်ကွန်းတစ်ခုအနေဖြင့် ပြသဖို့ရာ ရခိုင်တို့၏ဓညဝတီနယ်မြေ၌ မရှိတော့ပြီ။

(၃) ဖရုံကာကျွန်း နီလာပဗ္ဗတတောင်မှာ မဟာသက္ကရာဇ်-၁၂၃-ခု၊ နတ်တော်လပြည့်နေ့ (ဘီစီ-၅၆၉) က တည်ထားခဲ့သည့် ဆံတော်ရှင်စေတီတော်တစ်ဆူသည်သာလျှင် မော်ကွန်းတစ်ခုအနေဖြင့် ပြသဖို့ရာ ရခိုင်တို့၏ ပေါက်တောနယ်မြေ၌ ကျန်ရစ်ပေတော့၏။

အထက်ဖော်ပြပါ မြတ်ဗုဒ္ဓနှင့်ပတ်သက်သော မော်ကွန်းသုံးခုဝင်နေရာဌာနများကို ကြည့်ခြင်းအားဖြင့် ယင်းဒေသ၊ ယင်းနယ်မြေ၊ ယင်းတိုင်းပြည်၌ ရှိနေကြသောလူမျိုး(ရခိုင်)တို့၏ ဗုဒ္ဓဘာသာကို မည်သည့်ခေတ်အချိန်လောက်က စတင်၍ သက်ဝင်ယုံကြည်မှု၊ ကိုးကွယ်ဆည်းကပ်မှုပြုနေခဲ့ကြသည်ကို ကောင်းစွာသိရှိနိုင်ပါသည်။ အထက်ပါမော်ကွန်းသုံးခု

အကြောင်းကို စာရေးသူ၏ကဗျာဖြင့် နိဂုံးချုပ်ပါမည်။

**"ရခိုင်ပြည်က မော်ကွန်းသုံးစုကဗျာ"**

* ရခိုင်ပြည် သာသနာအစ
မော်ကွန်းရ သုံးဌာနေ။
(၁) မဟာမုနိ ဂုဏ်သတင်းက
လင်းလက်ဖြာဝေ။
(၂) ဖရုံကာကျွန်းက ဆံတော်မြေ
ရှေးအမွေတစ်ပါး။
(၃) ဒွါရာဝတီက မေတ္တေယျဘုရားမှာဖြင့်
ရွှေသားအရောင် ပြောင်ပြောင်ထွန်းအောင်
သွန်းပြုတည်ထား။
* တည်ထားချိန် **"မဟာသက္ကရာဇ်"**
စိစစ်လို့ အဖြေရှာ။
**"တစ်ရာမှာ နှစ်ဆယ့်သုံး"**
ထုံးမှတ်သချာ။
**"ဘီစီကိန်း"** မှတ်ရန်မှာ
**"ငါးရာတွင် ခြောက်ဆယ့်ကိုး"**။
**"အာရက္ခ"**နယ်မြေအတွင်းမှာလ
ထိန်လင်းစွာ သာသနာအခြေတင့်လို့ရယ်
မြင့်ခဲ့လူမျိုး။ ။

**ငွေသဇင် (သံတွဲ)**

သဇင်ပန်းခိုင်ဂျာနယ်
အတွဲ(၁)၊ အမှတ်(၁၅)
၂၅. ၁၀. ၂၀၁၄။

## မင်းစောမွန်နှင့် ဒွါရာဝတီ

**"မင်းစောမွန်"**သည် မင်းသားဘဝတုန်းက ဒွါရာဝတီ-သံတွဲမြို့ကို စားခဲ့ရသူဖြစ်၏။ ငယ်နာမည်မှာ **"နရမိတ်လှ"** ဖြစ်သည်။ နရမိတ်လှသည် **"သံတွဲစားစည်သဘင်"** ပြီးနောက် သံတွဲမြို့ကို ဆက်ခံခဲ့ရသူဖြစ်၏။ သူ၏မိဘများမှာ **"မင်းရာဇသူ"**နှင့် အိမ်နိမ့်မယား **"စောညက်ထွား"**တို့ ဖြစ်ကြ၏။ မင်းစောမွန်တွင် **"စောပန်းတူ"** ဟူသော နှမအရင်း တစ်ယောက်လည်းရှိသေး၏။ နရမိတ်လှသည် နရနု(မင်းခရီ)နှင့်မူ အဖေတူ- အမေကွဲညီအစ်ကိုတော်စပ်ကြ၏။

မင်းသားစောမွန်၏ ဖခင် **"ရာဇသူ"**မှာ **"သင်္ဂသူ"** ဟူသော ညီတစ်ယောက်ရှိ၏။ သူတို့ညီအစ်ကိုမှာ တစ်ချိန်က တောင်ခွင်၊ ကြိမ်သလီ (ကျိန္တလီ)သို့ လျှို့ပို့ခံခဲ့ကြရဖူး၏။ သူတို့နှစ်ယောက်တွင် အစ်ကိုဖြစ်သူ **"ရာဇသူ"**သည် လောင်းကြက်မြို့ထီးနန်းကို အလျှင်ရခဲ့၏။ ပြီးမှညီ **"သိင်္ဂသူ"** ဆက်ခံရခြင်း ဖြစ်ပါသည်။

သူတို့ညီအစ်ကိုကို တောင်ခွင်ကြိမ်သလီ (ကျိန္တလီ)သို့ လျှို့ပို့ထားစဉ်က ထူးဆန်းသောဖြစ်ရပ်တစ်ခု ကြုံခဲ့ဖူး ပါသည်။ ထိုစဉ်က ကြိမ်သလီတွင် လူ့ဘဝက မြက်ရိတ်၍ အသက်မွေးခဲ့ဖူးသော ရဟန်းတစ်ပါးသည် **"သိင်္ဂသူ"** ကို ကြည့်ရှုစောင်မမှုပြုခဲ့ဖူး၏။ လောင်းကြက်မြို့ထီးနန်းကို **"သိင်္ဂသူ"** ရလာသောအခါ ထိုရဟန်းအား **"သံဃရာဇာ"** အရာကို ပေးအပ်တော်မူ၏။

ထိုရဟန်းသည် မင်းကိုအမှီရ၍ အခြေအနေကောင်းစားလေသောကြောင့် အရှုးအမူးဖြစ်လျက်ရှိလေ၏။ မိမိထက် သိက္ခာဝါကြီးသော မထေရ်ကြီးများကို မရိုသေ၊ မလေးစား။ မထီမဲ့မြင်ပြုမူနေထိုင်လျက်ရှိ၏။ ထိုသတင်းကို **"သိင်္ဂသူမင်း"** ကြားလေလျှင် အကြိမ်ကြိမ်ပင့်ခေါ် လျှောက်ထား၍ သတိပေးရ၏။

ထိုသို့ သတိပေးလျှောက်ထားပါသော်လည်း ရှေးနည်းတူရဟန်းသံဃာတော်တို့ကို မရိုမသေ၊ မလေးမစား ပြုမူလျက်ပင်ရှိ၏။ ထိုသတင်းကို **"သိင်္ဂသူမင်း"** ကြားလေသော် အမျက်တော်ရှိ၍ ဆရာ **"သံဃရာဇာ"** အားဟိုယခင် လူ့ဘဝ ဆင်းရဲစဉ်ကာလက မြက်ရိတ်၍ အသက်မွေးခဲ့ဖူးသော အဖြစ်ကို သတိရပါစေဟု မြက်ထုပ်ကို ထမ်းပိုးဖြင့် ကျောင်းရှေ့သို့ ပို့ဆောင်လျက်ပြစေ၏။

သံဃရာဇာဘုန်းတော်ကြီးလည်း မြက်ထမ်းကိုမြင်လျှင် **"မင်းကြီးငါ့ကို အရှက်ခွဲသည်။"**ဟု အမျက်ဒေါသ ထွက်ကာ **"မင်းသားစောမွန်"**ကို ခေါ်၍ ဤသို့ဆို၏။ **"မင်းသား သင်၏ဘထွေးသည် ငါ့ကိုအရှက်ခွဲဘိ၏။ ထို့ကြောင့် သင်မင်းပြုပါလော့"**ဟု ဆိုလေသော်၊ **မင်းသားစောမွန်က တပည့်တော်မှာ ဆင်,မြင်း,လက်နက် အလုံးအရင်း မရှိပါဘဲလျက် အဘယ်သို့ မင်းလုပ်ရပါ့အုံ့နည်း"** ဟုပြော၏။ **"မင်းသား ငြိမ်ငြိမ်သာနေပါ။ မကြောင့်ကြ မစိုးရိမ်လင့်။ ငါကြံစည်မည်။"**ဟုဆိုသဖြင့် မင်းသားစောမွန်လည်း ကောင်းပြီဟု ဝန်ခံလေ၏။

မင်းဆရာဖြစ်သူ**"သံဃရာဇာ"**သည် ထိုနေ့မှစ၍ လက်နက်ကိရိယာစုဆောင်းလေ၏။ကျောင်းတွင်း၌ လည်း မင်းသားစောမွန်ကို ဝှက်ထားလေ၏။ မင်းကြီးသိင်္ဂသူလည်း ဝါကျွတ်လျှင် ကျေးဇူးရှင်ဖြစ်သော ဆရာသံဃရာဇာကို ကန်တော့ရန်ကြွလာခဲ့၏။ သံဃရာဇာသည် မကျန်းမာဟန်ပြု၍ ကျောင်းထဲမှ မထွက်ဘဲနေ၏။ မင်းကြီးသိင်္ဂသူလည်း **"ငါ့ဆရာမကျန်းမမာဖြစ်လေသည်။"**ဟု သဘောထားကာ အတွင်းသို့ ဝင်တော်မူလေလျှင် မင်းကြီးကို သံဃရာဇာ လုပ်ကြံ၍ ကံတော်ကုန်ရှာ၏။ သက္ကရာဇ်အားဖြင့် ၇၆၆-ခု၊ (အေဒီ-၁၄၀၄) ဖြစ်ပြီး၊ သက်တော်မှာ (၃၅)နှစ်ရှိပါသည်။

ဘထွေးတော် သိင်္ဂသူမင်း နတ်ရွာစံပြီးနောက် မင်းသားစောမွန်သည် **"စောစစ်"** ကို မိဖုရားမြှောက်ကာ

သက္ကရာဇ် -၇၆၆-ခုနှစ်တွင် လောင်းကြက်မြို့ထီးနန်းကိုဆက်ခံခဲ့ပါသည်။ နောင်အခါ **"မင်းစောမွန်"**အမည် ဖြင့် ထင်ရှားလာပြီးလျှင် မြောက်ဦးမြို့နှင့် ထီးနန်းကို စတင်တည်ထောင်တော်မူသော မြို့တည်နန်းတည် မင်းတစ်ပါး ဖြစ်လာခဲ့ပါသည်။

ထို့ကြောင့် **"စောမွန်ပြင်ပြုမင်းဗာတည်ရွှေမြောက်ဦး"** ဟူသော ဆိုရိုးစကားသည် ရခိုင်၌ဖြစ်ပေါ်လာခဲ့ရခြင်း ဖြစ်ပါသည်။ ဤကား ဒွါရာဝတီ-သံတွဲစားဖြစ်ခဲ့သူ မင်းစောမွန် (နရမိတ်လှ) နှင့်ပတ်သက်၍ မှတ်သားဖွယ်ရာဖြစ်ရပ် တစ်ခုကို သင်ခန်းစာအဖြစ် တင်ပြလိုက်ရပေသည်။

**ဒွါရာဝတီ-အသျှင်ကုသလ**

(ကျမ်းကိုးစာရင်း)

၁။ အသျှင်စန္ဒမာလာလင်္ကာရ။ ။ ရခိုင်ရာဇဝင်သစ်ကျမ်း။ ပထမတွဲ။
စာ-၃၈၁/၃၈၂/၃၈၃- ရခိုင်သားကြီးစာပေ။
ဒုတိယအကြိမ်၊ ၁၉၉၇-ခု၊ နိုဝင်ဘာလ။

# နရနုနှင့်ဒွါရာဝတီ

[မှတ်ချက်။ ။ မင်းစောမွန်၏ညီ နရနုနှင့် ဒွါရာဝတီအကြောင်းကို **"ဒွါရာဝတီ (သံတွဲ) စားနရနုနှင့် ကဝိကဏ္ဍပါသကျမ်း"** အခန်းကို ဖတ်ရှုပါ။ ယင်း၌ အကျယ်ရေးသား ဖော်ပြထားပြီးဖြစ်ပါသည်။

**"နရနု"**ကို အချို့သော သမိုင်းစာအုပ်များ၌ **"နရနူ"**ဟူ၍ ရေးသားဖော်ပြနေကြသည်ကို တွေ့ရသည်။ ရခိုင်ရာဇဝင်၌ **"နရနူ"** ဟူ၍ မရှိသလို၊ ဒွါရာဝတီ-သံတွဲမြို့ကို စားခဲ့ရသူမှာလည်း **"နရနူ"**ဟူ၍မရှိပါ။ **"နရနု"**သာ ဖြစ်ပါသည်။

ထိုသို့ဖြစ်လျှင် **"နရနု"** ကို အဘယ်ကြောင့် **"နရနူ"**ဟူ၍ ရေးသားဖော်ပြနေကြသနည်းဆိုပါလျှင်၊ ရန်ကုန် တက္ကသိုလ်၊ ကထိကဦးကျော်ရင်ပြုစု စီရင်သော **"သံတွဲမြို့၊ ရွှေဆံတော်သမိုင်းသစ်"**၊ စာ၊ ၂၈-ပါ **"သံတွဲမင်းနရနူသည် တလိုင်းမင်းရာဇာဓိရာဇ်နှင့် မိတ်ဖွဲ့ထားလေ၏။"**ဟူသော စာပိုဒ်ကို ဖတ်ရှုပြီး မစူးစမ်းအဆင်ခြင်ဘဲ ကိုးကားရေးသား မိကြရာက ဆက်တိုက်မှားနေကြခြင်း ဖြစ်သည်။

ကထိကဦးကျော်ရင် ရေးသားပေးလိုက်သော စာမူအမှန်မှာ **"နရနု"**သာ ဖြစ်ပါလိမ့်မည်။ ယင်း **"နရနု"**၏ **"နု"** စာလုံးအရေးအသားတွင် နငယ်မှာ ခေါင်းတို (ခေါင်းပြတ်) နေခြင်းဖြစ်နိုင်သည်။ ယင်း ကို ပုံနှိပ်စာစီဆရာက **"နူ"**ဟုထင်မှတ်ကာ စာစီလိုက်ခြင်းဖြစ်သည်။ ကထိက ဦးကျော်ရင်မှာ လည်း အမှားအမှန်ကို ပြန်လည် တည်းဖြတ်ချိန် မရလိုက်သဖြင့် မှားယွင်းသွားခြင်းဖြစ်နိုင်ကြောင်း သုံးသပ်တင်ပြလိုက်ရပေသည်။]

(စာရေးသူ)

## ဒွါရာဝတီနှင့် ရာဇာဓိရာဇ်အရေးတော်ပုံ

ရှေးခေတ်က ရခိုင်နှင့် မွန်တို့သည် နယ်မြေချင်းဆက်စပ်လျက်ရှိကြ၏။ အထူးသဖြင့် ဒွါရာဝတီ-သံတွဲမြို့နှင့် ပို၍နီးစပ်မှုရှိပါသည်။ မွန်ဘုရင် ရာဇာဓိရာဇ် စိုးစံရာ ဟံသာဝတီ-ပဲခူးမြို့နှင့် နရနုမင်းသား စိုးစံရာ ဒွါရာဝတီ-သံတွဲမြို့တို့မှာ ခေတ်ပြိုင်ဖြစ်ကြ၏။ သို့ဖြစ်၍ ဒွါရာဝတီသမိုင်းကြောင်းကို ရေးသားမည်ဆိုပါက အိမ်နီးချင်းတိုင်းပြည်များ၏ မှတ်တမ်းမှတ်ရာများကိုလည်း ချန်လှပ်ထား၍ ရမည်မဟုတ်ပါ။ ထို့ကြောင့် ဒွါရာဝတီ-သံတွဲမြို့နှင့် ပတ်သက်ခဲ့သော ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းတွင် မှတ်တမ်းတင်ထားသမျှကို ကောက်နုတ်၍ ရေးသားတင်ပြသွားပါမည်။

သက္ကရာဇ် ၇၄၅ ခုနှစ်တွင် **"ဟံသာဝတီဘုရင် ဗညားဦး"** အနိစ္စရောက်သည်။ ထိုအခါ သားတော် **"ဗညားနွဲ့"** သည် သက္ကရာဇ် ၇၄၅ ခု၊ တပို့တွဲလဆန်း(၁၂)ရက်နေ့တွင် **"ရာဇာဓိရာဇ်"**ဟူသော အမည်ဖြင့် နန်းတက်တော်မူသည်။ ထိုအချိန်က မြောင်းမြမြို့ကိုစားရသူမှာ **"လောက်ဖျား"** ဖြစ်ပြီးလျှင် ပုသိမ်မြို့ကိုစားရသူမှာ **"လောက်ရှိန်"** ဖြစ်သည်။

သက္ကရာဇ် ၇၅၀ ခုနှစ်တွင် ရာဇာဓိရာဇ်၏ အန္တရာယ်ကြောင့် မြောင်းမြမြို့စား **"လောက်ဖျား"** သည် ဧည့ဝတီဘက်သို့ ထွက်ပြေးခိုလှုံခဲ့ရသလို၊ ပုသိမ်မြို့စား **"လောက်ရှိန်"**သည်လည်း သားမယားနှင့် ရွှေငွေရတနာတို့ကို ဆင်ပေါ်တင်၍ နောက်လိုက်ရဲမက်ဗိုလ်ပါနှင့်တကွ ဒွါရာဝတီ-သံတွဲမြို့သို့ ထွက်ပြေးခိုလှုံခဲ့ရသည်။

ရာဇာဓိရာဇ်၏ သစ္စာတော်ခံ **"ဗိုလ်မှူးဖြတ်ဇ"** တို့သည် **"လောက်ရှိန်"** ကို ဖမ်းဆီးရန် သံတွဲမြို့သို့ လိုက်လာကြ၏။ သံတွဲမြို့ကို လုပ်ကြံတိုက်ခိုက်ပါသော်လည်း မရနိုင်သောကြောင့် မြို့ပြင်ကသာရံ၍ နေရလေသည်။ သံတွဲမြို့သားတို့သည် မမျှော်လင့်ဘဲ စစ်ရောက်လာသောကြောင့် မြို့တွင်းရိက္ခာကို လုံလောက်အောင် မသွင်းလိုက်ရချေ။ ရက်ကြာလာသော် မြို့သူမြို့သားများ ငတ်မွတ်မည်ကိုမြင်သဖြင့် သံတွဲမြို့သားတို့သည် မြို့ပြင်ထွက်၍ အရေးဆိုရတော့၏။

**"အသင်တို့သည် မြို့ကိုပဲ တိုက်ခိုက်ဖို့လာသလော၊ သို့မဟုတ် ရန်သူကိုပဲလို၍ လာသလော"** ဟု စစ်မေးရတော့၏။ ထိုအခါ ဗိုလ်မှူးဖြတ်ဇက **"ငါတို့လာခြင်းသည် သင်တို့ကို တိုက်ခိုက်ရန် လာခဲ့သည်မဟုတ်။ ငါတို့ရန်သူထွက်ပြေးပုန်းခိုနေသည်ကို ရလို၍သာ လာခဲ့ခြင်းဖြစ်သည်။ ငါတို့ရန်သူကို ထုတ်ပေးပါက ပြန်မည်"** ဟုဆို၏။

**"သင်တို့၏ စကားမှန်ခဲ့သော် သစ္စာဆိုပါ။ သစ္စာကို အမှန်ဆိုမှ ရန်သူကိုပေးမည်"** ဟု သံတွဲမြို့သားတို့က ပြော၏။ ထိုအခါ ဗိုလ်မှူးဖြတ်ဇနှင့်တကွ စစ်သည်ရဲမက်တို့မှာ သစ္စာခံရလေတော့၏။ သံတွဲမြို့သားတို့ကလည်း သစ္စာခံပြီးသော ဗိုလ်မှူးဖြတ်ဇတို့အား **"လောက်ရှိန်"** ကို သားမယားနှင့်တကွ ဆင်မြင်းပါသမျှကို ထုတ်၍ပေးလေ၏။ ဖြတ်ဇတို့လည်း လောက်ရှိန်ကိုရလျှင် ပြန်မည်ဟု စီရင်သည်ရှိသော် လောက်ရှိန်က ဤသို့ဆိုလာ၏။

**"သံတွဲသားတို့ ငါ့ကိုထုတ်ပေးသည်မှာ သူတို့မြို့တွင်းသားများ ရိက္ခာ ဆန်စပါး မသွင်းလိုက်ရ၍ ငတ်မွတ်မည်ကို ကြောက်၍ပေးခြင်းဖြစ်သည်။ နောက်ထပ်လေးရပ်၊ ငါးရက်မျှဝန်းရံနေသော် သံတွဲမြို့ကို ကျိန်းသေရတော့မည်"**ဟူ ဆို၏။ ထိုအခါ အချို့မှူးမတ်များကလည်း **"လေးရက်၊ ငါးရက် နေ၍ သံတွဲမြို့ကို ရမည်။ လူသုံ့ပန်းနှင့်တကွ မင်းအား ဆက်သရသော် ငါတို့အတွက် ပွဲကြီးပွဲကောင်းမဟုတ်လော"** ဟုဆိုကြပါသော်လည်း ဗိုလ်မှူးဖြတ်ဇက လုံးဝလက်မခံဘဲ ပြန်ခဲ့ကြ၏။ နေရပ်သို့ရောက်လျှင် လောက်ရှိန်နှင့် သားမယားကို ဘုရင့်အား ဆက်လေ၏။ ရာဇာဓိရာဇ်သည် လောက်ရှိန်ကို ကွပ်မျက်ပြီးလျှင်၊ သူ၏ သားမယားကိုကား **"မုတ္တမ"** သို့ ပို့လိုက်လေတော့သည်။

သံတွဲကိုချီသွားပြီး မသိမ်းဘဲ ပြန်ခဲ့သည့်အကြောင်းကို မှူးမတ်များက ရာဇာဓိရာဇ်အား လျှောက်ထားကြသဖြင့် ကြားသိတော်မူလေလျှင် ဗြတ်ဇကိုခေါ်၍ ဤသို့မေးတော်မူ၏ **"ဗိုလ်မင်းတို့ လေးရက် ငါးရက်မျှ ရှံ့၍နေသော် သံတွဲမြို့ကို ရနိုင်မည်ဟုဆိုသည်။ ဘယ်အရေးအကြောင်းကိုမြင်၍ သံတွဲမြို့ကို မယူဘဲပြန်ခဲ့သနည်း"** ဟု မိန့်တော်မူလေလျှင် ဗြတ်ဇက ဦးခိုက်၍ လျှောက်ထားလေသည်။

**"ကျွန်ုပ်သည် လောက်ရှိန်ခိုလုံနေသော သံတွဲမြို့ကို လုပ်ကြံခဲ့ပါသည်။ သို့သော် မရပါ။ အပြင်က ရှံ့၍သာ နေရပါသည်။ ထိုအခါ သံတွဲမြို့သားများ ထွက်လာပြီးလျှင် အရေးဆိုသဖြင့် သစ္စာပြုရတော့၏။ သို့မှ လောက်ရှိန်ကိုရသည်။ လောက်ရှိန်ကို ရပြီးသည့်အခါမှ သံတွဲမြို့တွင်းထဲတွင် ရိက္ခာနည်းပါးသဖြင့် မြို့သူမြို့သားများ ငတ်မွတ်မည့်အရေးကို ကြောက်သဖြင့် ပေးကြောင်းသိရချေသည်။ ရဲမက်များက နေလိုကြပါသော်လည်း ကျွန်ုပ်တို့ပြန်ခဲ့ခြင်းဖြစ်သည်။ ပြန်ခဲ့သည့် အကြောင်းမှာလည်း အရှင်သည် အနီးအနား၌မရှိ။ စစ်ကစားတော်မူသည်။ စစ်ရေးကားနှစ်ပါးရှိသည်။ နှုတ်ရေးဖြင့် ပြီးသည့်စစ်ရေးလည်းတစ်ပါး။ လက်ရေးဖြင့် ပြီးသည့် စစ်ရေးလည်းတစ်ပါး။ ယခုအရေးမှာကား အရေးဆို၍ သစ္စာကိုပြုကြမှ ရန်သူကိုရသည်။ နောက်မှတဖန် သစ္စာကိုဖောက်ဖျက်၍ သူတို့ကို ဖျက်ဆီးမည်ဆိုပါက ရှေးကကဲ့သို့ သံတွဲမြို့သားတို့အား ပုံပမာပြုပြီး နှုတ်ရေးဖြင့် သစ္စာဆို၍ ပြီးနိုင်မည့်အရေးမရှိတော့ပြီ။ လက်ရုံးရည်ဖြင့် အသက်ကိုစွန့်မှသာ ရချေတော့မည်။ အကြင်သူသည် သစ္စာပြု၍ သူ့သစ္စာကို ခံပြီးမှ သစ္စာကို ဖျက်ဆီးသဖြင့် ဖောက်ပြန်ချေသော် သစ္စာရောက်၍ အသက်သော်လည်း သေမည်။ အသက်မသေသော်လည်း ချမ်းသာမရဖြစ်မည်။ ရှေ့သို့အမှုတော်ကို မထမ်းနိုင်ရှိမည်။ အမှုတော်ကို အရှည်ထမ်းလိုသည်။ ထိုအရေးများကိုထောက်ထား၍ ပြန်ခဲ့ရခြင်းဖြစ်ပေသည်။"** ဟု လျှောက်လေ၏။

ဤသို့လျှောက်သည်ကို ရာဇာဓိရာဇ်မင်း ကြားတော်မူလေလျှင် အလွန်ချီးမွမ်းတော်မူ၍ **"အရေးကို မြင်တတ်ပေသည်။ ဗိုလ်မင်းတပ်မင်းခန့်ထိုက်ပါပေသည်။"** ဟု ဆိုပြီးလျှင် ဗြတ်ဇအား **"သမိန်ဗေဗြတ်ဇ"** ဟူသည့် အမည်ကို ချီးမြှင့်တော်မူသည်။ ဆုတော်အဖြစ် ကလပ်ကိုလည်း အဖုံးနှင့်တကွ ပေးတော်မူသည်။ မြောင်းမြမြို့ကို ပေးသနားပြီး မြို့စားအဖြစ် ခန့်အပ်တော်မူခဲ့လေသည်။

(မှတ်ချက်။ ။ အထက်ပါစကားရပ်များမှာ **"စည်သူဂါမဏိသင်္ကြံအမတ်"** ရေးသားသည့် **"ရာဇာဓိရာဇ် အရေးတော်ပုံကျမ်း"** မှ ကောက်နုတ်တင်ပြချက်ဖြစ်ပါသည်။ ယင်း၌ **"ဗြတ်ဇတို့လည်း သံတွဲမြို့ကို လုပ်ကြံသည်။ မရနိုင်သောကြောင့် ရှံ့၍နေရသည်"** (စာ-၂၃၉)ဟူသော အချက်က ဒွါရာဝတီ-သံတွဲမြို့သည် လုံခြုံမှုရှိသောမြို့၊ အခိုင်အမာတည်ဆောက်ထားသော မြို့ဖြစ်ကြောင်း သိသာထင်ရှားနေပါသည်။ ထို့ကြောင့် ဗြတ်ဇတို့ လွယ်လွယ်နှင့် သံတွဲမြို့ကို သိမ်းပိုက်၍ မရနိုင်ခြင်း ဖြစ်သည်။

ယင်းကို အချို့သုတေသီများက သံတွဲမြို့သည် ထီးနန်းစိုက်ခဲ့သော မြို့မဟုတ်၊ အကယ်၍ ဟုတ်ခဲ့သည် ဆိုပါက မြို့ရိုးတံတိုင်းရာများရှိရပေမည်ဟု ပြောဆိုသံများကိုကြားနေရသည်။

ဒွါရာဝတီ-သံတွဲမြို့ကို လုံခြုံမှုရှိအောင် တည်ဆောက်သည့်နေရာတွင် မြို့ရိုးတံတိုင်းသည် ရှိသင့်သောဘက်က ရှိခဲ့ပြီး၊ မလိုအပ်သောဘက်က အင်မတန်ကြီးမားသော သစ်လုံးကြီးများကို အခိုင်အမာတူးစိုက်၍ ခိုင်ခံ့မှုရှိအောင် ပြုလုပ်စီမံထားကြသည်မှာ မငြင်းသာသောအရာဖြစ်ပါသည်။ သံတွဲဒေသသည် အလွန်သစ်ဝါးပေါများသောဒေသ

ဖြစ်ခြင်းကြောင့် ကြို့က်ရာသစ်ကိုရွေး၍ တည်ဆောက်နိုင်ပါသည်။ ဆင်ကိုပင် ကျုံးသွင်း၍ ထောင်ဖမ်းသော နည်းပညာကို တတ်မြောက်ကြသော သံတွဲသားတို့အဖို့ သစ်တပ်ကာထီးနန်းကို တည်ဆောက်ကြမည့်အရေးမှာ ပေါ့ပေါ့တန်တန်အလုပ် မဟုတ်ကြောင်း သိကြပေလိမ့်မည်။

မြို့ရိုးအုတ်တံတိုင်းသည် ရှိသင့်သောဘက်က ရှိခဲ့သည်ဆိုရာ၌ သံတွဲမြို့၏ ကမ်းနားလည်း၊ ချောင်းနားပိုင်း၊ လေးမျက်နှာကုန်းမြေ၏အောက်ဘက်အရပ် ကားလမ်းမပေါ်တွင် မြို့ရိုးတံတိုင်း၏ အပိုင်းအစနေရာကို (သို့မဟုတ်) ပစ္စင်ပြအိုးအဖြစ် အသုံးပြုခဲ့သည်ဟု ယူဆရသော တံတိုင်းရာကို စာရေးသူသည် အကြိမ်ကြိမ်မြင်တွေ့ခဲ့ရ၏။ ယင်းနေရာကိုရောက်တိုင်း အတိတ်က ဒွါရာဝတီ-သံတွဲမြို့၏ အနေအထားကို မြင်ယောင်မိခဲ့ရပါသည်။ အလျား-အနံ အလွန်ကြီးမားသော အုတ်ခဲကြီးများကို ခဏရပ်ကြည့်ရင်း အတိတ်က သမိုင်းပုံရိပ်တွေကို တွေးကြည့်ခဲ့ရသည်မှာလည်း အကြိမ်ကြိမ်အခါခါ။ ယင်းနေရာနှင့် မနီးမဝေး ဆက်စပ်လျက်ရှိသော တစ်နေရာတွင် **"ကျုံးတွင်း"** ဟုခေါ်သော နေရာရှိသည်။ ယင်းစကားဝေါဟာရသည်ပင်လျှင် ထီးနန်းတည်ချခဲ့သော မြို့ဖြစ်ကြောင်း သက်သေပြလျက် ရှိနေပေတော့သည်။

ရာဇာဓိရာဇ်၏ တပ်မှူးများဖြစ်ကြသော **"ဖြပိုက်"** နှင့် **"အဲခေါင်ပိုင်"** တို့သည် ဒွါရာဝတီ-သံတွဲမြို့ကို သိမ်းပိုက်အောင်မြင်ပြီးသည့်အခါ **"သံတွဲမြို့ကိုရလျှင် မြို့၊ ပြ၊ ကျုံး၊ မြောင်း မကောင်းသမျှကို ပြင်ရ၏"** ဟူ၍ ရာဇာဓိရာဇ်အရေးတော်ပုံ စာ-၂၆၁ တွင် မှတ်တမ်းတင်ထားသည့်အတိုင်း မြို့၏ အင်္ဂါရပ်နှင့် ပြည့်စုံညီညွတ်သော မြို့တစ်မြို့ဖြစ်ကြောင်းမှာ ထင်ရှားနေပါသည်။ ယင်းနိမိတ်ပုံကို ယူ၍ စာရေးသူက **"အလှစုံညီဒွါရာဝတီ"** ကဗျာ၊ အပိုဒ်(၃)တွင် အောက်ပါအတိုင်း ထည့်သွင်းရေးစပ်သီကုံးခဲ့ခြင်းဖြစ်ပါသည်။

**"လေးမျက်နှာ"** စေတီမြတ်နဲ့
**"ကျုံးတွင်းရပ်"** သာစွလေ။
**"ဗိုလ်ကုန်း"** မှာ ထီးနန်းစိုက်
စံထိုက်တဲ့မြေ။
**"ရေကန်"** လည်း ထူးခြားနေ
ရှေးအမွေ တစ်ပါး။
ပစ္စင်, ပြအိုးတွေနဲ့
အမျိုးဂုဏ် ထိန်ထိန်တောက်
ဝမ်းမြောက်ဖွယ်များ။ ။

**ငွေသဇင်(သံတွဲ)**

(ဒွါရာဝတီမဂ္ဂဇင်း-အမှတ်(၃)၊ ၂၀၁၁ ခု)

သံတွဲမြို့၏ အကျယ်အဝန်းပမာဏမှာ မည်၍မည်မျှရှိခဲ့သည်ကိုမူကား အတိအကျသိဖို့မလွယ်ကူချေ။ ခိုင်ခံ့သော မြို့ရိုးဖြင့် တည်ဆောက်ထားသော မြို့ဖြစ်ကြောင်းမှာကား ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းက သက်သေပြလျက် ရှိနေပေ

တော့သည်။ ပြီးလျှင် ခေတ်အဆက်ဆက် ဤမြေဤနေရာပေါ်၌သာ မြို့ကိုအဖန်ဖန်အထပ်ထပ် တည်ဆောက်လာခဲ့ကြသဖြင့် နဂိုမူလ မြို့ဟောင်းရာသည် လက်ရှိသံတွဲမြို့၏ အောက်သို့ရောက်ရှိသွားခဲ့ပြီဖြစ်ပါသည်။

သက္ကရာဇ် ၇၆၈-၇၆၉ ခု (အေဒီ-၁၄၀၆-၁၄၀၇)တွင် အင်းဝဘုရင်မင်းခေါင်၏ သား **"မင်းရဲကျော်စွာ"** သည် ရခိုင်တို့၏ လောင်းကြက်မြို့သို့ စစ်ချီခဲ့သည်။ ရခိုင်ဘုရင်နရမိတ်လှသည် မခံနိုင်၍ အနောက်ပြည်သို့ထွက်ပြေးခိုလှုံခဲ့ရသည်။ မင်းရဲကျော်စွာသည် လောင်းကြက်မြို့ကို သိမ်းပိုက်ပြီးနောက် **"မြေတူးမြို့စား-သက်တော်ရှည်"** ကို လောင်းကြက်မြို့တွင် အစောင့်ထားခဲ့၍ ပြန်တော်မူခဲ့ရာ သံတွဲမြို့သို့ရောက်လျှင် သံတွဲမြို့မှာ **"စုက္ကတေး"** ကို အစောင့်ထားခဲ့ပြီး အင်းဝသို့ ပြန်တော်မူသည်။ ထိုစဉ်က သံတွဲမြို့စားမှာ နရမိတ်လှ(မင်းစောမွန်)၏ညီ **"နရနု"** ဖြစ်သည်။ သံတွဲမြို့စား နရနုမှာ စစ်အင်အားမမျှတသဖြင့် ပဲခူးဘုရင်ရာဇာဓိရာဇ်ထံသို့ ထွက်ပြေးခိုလှုံခဲ့ရသည်။

ရာဇာဓိရာဇ်လည်း မုတ္တမမြို့မှ ပဲခူးမြို့သို့ပြန်ရောက်လျှင် ရခိုင်တို့၏ လောင်းကြက်မြို့ကို မင်းရဲကျော်စွာ လာရောက်တိုက်ခိုက်ပြီး အစောင့်ထား၍ပြန်ကြောင်း နရနုနှင့် စစ်သည်ရဲမက်တို့က လျှောက်တင်ကြပြီး စစ်ရေးအကူအညီတောင်းရတော့၏။ ထိုသတင်းကို ရာဇာဓိရာဇ်ကြားတော်မူလေလျှင် **"ဖြပိုက်"** နှင့် **"အဲဝေါင်ပိုင်"** တို့ကို တပ်မင်းခန့်၍ ဆင်သုံးဆယ်၊ စစ်သည်သူရဲနှစ်သောင်းနှင့် ရခိုင်သို့ချီစေ၏။

ရာဇာဓိရာဇ်၏ စစ်သည်ရဲမက်တို့သည် သံတွဲမြို့ကို စစ်ချီလာကြောင်း သံတွဲမြို့စားအင်းဝသား စုက္ကတေး ကြားသိလေလျှင် လောင်းကြက်မြို့သို့ သွားရောက်ကာ ပူပေါင်းရတော့၏။ ရာဇာဓိရာဇ်၏ စစ်သည်ရဲမက်တို့ **"သံတွဲမြို့ကိုရလျှင် မြို့၊ ပြ၊ ကျုံး၊ မြောင်း မကောင်းသမျှကို ပြင်ရ၏"** (အရေးတော်ပုံ-စာ၂၆၁) သံတွဲမြို့ရကြောင်း ကိုလည်း ရာဇာဓိရာဇ်ထံသို့ ကြားလျှောက်ကြလေ၏။

အင်းဝသားတို့ကလည်း သူတို့ထားခဲ့သော သံတွဲမြို့စား စုက္ကတေးသည် စစ်ဒဏ်မခံနိုင်၍ လောင်းကြက်မြို့နှင့် ပူးပေါင်းရကြောင်းကို အင်းဝမင်းရဲကျော်စွာထံသို့ သတင်းပို့လေ၏။ မင်းရဲကျော်စွာလည်း သံတွဲမြို့ကို ပြန်ရရေးအတွက် သုံးကြိမ်၊ လေးကြိမ်မျှ တိုက်ခိုက်ခဲ့၏။ သို့သော် မရချေ။ စစ်သည်ရဲမက်တို့သည်သာ အသေအပျောက်များသဖြင့် တပ်ကိုဆုတ်၍ အပြင်ကသာ ရံ၍နေရ၏။

သံတွဲမြို့တွင်းက ခံနေကြသည့် မွန်တို့၏ တပ်မင်း ဖြပိုက်၊ တပ်မင်း အဲဝေါင်ပိုင်တို့နှင့်အတူ စစ်သည်ရဲမက်များလည်း စားနပ်ရိက္ခာနည်းပါးလာသဖြင့် အခက်ကြုံနေကြရ၏။ ငါတို့၏အရှင် ရာဇာဓိရာဇ်ကိုလျှောက်ထားသော်လည်း စစ်ရေးအကူအညီ ရောက်ခဲနေလျှင် ငါတို့ငတ်တော့မည် ဟု တပ်မင်းနှစ်ပါးတို့သည် မှူးမတ်များနှင့် တိုင်ပင်ကြရ၏။ တပ်မင်း ဖြပိုက်က "မင်းရဲကျော်စွာ ခွာသွားအောင် ငါစီရင်မည်ဟု ဆို၏။ ငါတို့သခင် အမိန့်တော်စာရေး၍ ငါတို့သားမယားများက အမှာစာနှင့်အတူ အမွှေးအကြိုင်နှင့် မုန့်ထုပ်စသော စားစရာများကို **"ပူတာ"** တွင်ထည့်၍ ညဦးကထွက်လေစေမည်။ မြန်မာတို့က မြင်တဲ့အခါ ပဲခူးမြို့ကစာနှင့်စေ၍ သံတွဲမြို့သို့လာသည်ထင်အောင် စီရင်မည်။ မြန်မာကင်းစောင့်တို့မြင်၍ လိုက်လျှင်လည်း မလွတ်နိုင်တော့သည့်အဟန် **"ပူတာဝန်ထုပ်ဝန်ပိုး"**တို့ကို ပစ်ချ၍ ကိုယ်လွတ်မြို့သို့ပြေးခဲ့လိမ့်မည်။ ယင်းပူတာကို မြန်မာတို့ရလေလျှင် မင်းရဲကျော်စွာသို့ ပို့ဆက်ကြလိမ့်မည်။ ပူတာထဲ၌ ပါသောစာကိုတွေ့လျှင် **"စစ်ကူလာပြီ" ဟု ခွါလိမ့်မည်။"** ဟူ၍ ဆိုလေ၏။ တပ်သားများကလည်း **"သည်အစီအစဉ် သင့်မြတ်လှသည်"** ဟု လျှောက်ကြကုန်၏။ ယင်းစာမှာ အောက်ပါအတိုင်းဖြစ်သည်။

**"ဘုရင်ရာဇာဓိရာဇ် မိန့်တော်မူသော ဖြပိုက်၊ အဲဝေါင်ပိုင် အမှူးအမတ်အပေါင်းတို့။** ။

**မင်းတို့ကို မင်းရဲကျော်စွာ လုပ်ကြံလာသည်။ မင်းတို့မြို့ကခံ၍တိုက်လျှင် အရှုအနများ၍ သူတို့နေသည့် မြို့က မတတ်နိုင်။ ခွါ၍တပ်နှင့်နေသည်ကိုလည်း မင်းတို့ကထွက်၍ မီးတိုက်ရသည်ဟု ငါကြားတော်မူသည်။ မင်းတို့ကို မှူးကြီးမတ်ကြီးအရာအထူးနှင့် ငါသူကောင်းပြုတော်မူသည့် အကျိုးကို ငါခံရပေသည်။ မင်းတို့ဝတ်ကုန်ပြီ။ ယခုလည်း ငါကိုယ်တိုင် ရေကြောင်း၊ ကြည်းကြောင်း၊ ဥယာန်ပုသို့ ရောက်အောင်ချီတော်မူမည်။ "ဗိုလ်မင်းဖြတ်ဇနှင့် အမတ်တိန်မဏိရွှတ်" ကိုလည်း ပုသိမ်မြောင်းမြသားနှင့် လင်းပတော့ကြောင်း ချီလာစေသည်။ "ဗိုက်ကမြင်" ကိုလည်း မုတ္တမမြို့သားများနှင့်အတူ နတ်လှေ ခုနစ်ဆယ်နှင့် မင်းတို့ကို ရိက္ခာပို့လာစေပြီ။ ငါချီတော်မူလာသည်ကို မင်းရဲကျော်စွာကြား၍ ခွါနှင့်လေသော် မခွါနိုင်အောင် မင်းတို့ကတိုက်။ အလျင်ပင် ခွါလေလျှင်လည်း ပြည်မြို့တိုင်အောင်လိုက်။ ဆင် မြင်း လူသူရစေ။"**

အထက်ဖော်ပြပါ အမိန့်တော်စာနှင့်အတူ တပ်မင်းတို့၏ မယားတို့က စာခွေနှင့် မုန့်လက်ဆောင်များကို ပူတာတွင် ထည့်၍ ဝတ်စုံများ၊ ဝန်ထုပ်များကို ပေးပို့လိုက်သည့်ဟန်ဖြင့် ကြိုတင်၍ ညဥ့်အချိန်ကပင် ထွက်စေပြီးကာ မြန်မာတို့မြင်လောက်ရုံ အရပ်သို့သွား၍ သံတွဲမြို့သို့လာဟန်ကို ပြုလေ၏။

ကင်းစောင့်မြန်မာတို့က မြင်၍လိုက်လေလျှင် ပူတာကိုထမ်းလာသူတို့လည်း ပူတာဝန်ထုပ်ကို ပစ်ချ၍ သံတွဲမြို့တွင်းသို့ ကိုယ်လွတ်ပြေးဝင်ခဲ့ကြ၏။ မြန်မာတို့လည်း လူကိုမမိလျှင် ပူတာဝန်ထုပ်ကိုယူ၍ မင်းရဲကျော်စွာသို့ဆက်လေ၏။ ဖွင့်၍ကြည့်သော် **"စစ်နှစ်ဘက် ညှပ်ရှိတော့သည်။ သူ့ကျွန်ကို နိုင်၍လည်း အကျိုးမရှိလွန်း။ မွန်တို့၏ စစ်ကူအလာကိုသာ ဆီးကြို၍တိုက်တော့မည်။"** ဟုဆိုကာ သံတွဲမြို့မှ ခွါလေတော့၏။ သုံးရက်လေးရက်ရှိလျှင် **"ဗိုက်ကမြင်"** အကြီးအမှူးပြု၍ နတ်လှေ(၁၂)စင်းနှင့် ပဲခူးမြို့မှ ရိက္ခာပို့ရန်ရောက်လာလေတော့၏။ စစ်သည်ရဲမက်တို့လည်း ဝပြောသာယာရှိကြကုန်၏။

တပ်မင်းနှစ်ယောက်တွင် **"အဲဂေါင်ပိုင်"** က ပဲခူးသို့ပြန်တော့မည်ဟု ဆို၏။ **"ဖြပိုက်"** ကမူ ငါတို့ငတ်မွတ်၍ လှားနှင့် မောက်တို့ကို စားပြီး ခံခဲ့ကြရသည်။ ယခုမူကား ငါတို့သခင်က စားနပ်ရိက္ခာ ပို့လာ၍ ဝလင်အောင် စားပြီး လောင်းကြက်မြို့ကို လုပ်ကြံမည်။ ရလျှင် **"သံတွဲမြို့စား နရနု"** ၏အကို **"နရမိတ်လှ"** ကို နန်းတင်၍ ပြန်မည်" ဟု ဆို၏။ သည်အရေးကိစ္စတွင် အများညီကြသောကြောင့် လောင်းကြက်မြို့သို့ချီလေ၏။

လောင်းကြက်မြို့တွင် အင်းဝသားတို့ထားခဲ့သည့် မြေတူးစားလည်း သံတွဲမြို့ကို မင်းရဲကျော်စွာ လုပ်ကြံသည်။ မနိုင်၍ ပြန်ရလေသည်ကို ကြားလျှင် ကြောက်ရွံ့သဖြင့် လောင်းကြက်တွင် မနေဝံ့တော့ဘဲ မြေတူးစားလည်း ပြေးလေတော့၏။ တပ်မှူးနှစ်ပါးလည်း လောင်းကြက်မြို့ကို ရလေ၏။ ရခိုင်တို့၏ မဟာမုနိဘုရားကြီးတိုင်အောင် ကျေးရွာများကိုပါ သိမ်းယူရကြောင်းကို ရာဇာဓိရာဇ်ထံသို့ လျှောက်တင်လေ၏။ လျှောက်စာကား ဤသို့တည်း။

**"မြေက ဦးသုံးကြိမ်တိုက်၍ ရွှေဖဝါးတော်မြတ်အောက် ကျွန်တော် "ဖြပိုက်"၊ "အဲဂေါင်ပိုင်" တို့ ရှိခိုးနားတော် လျှောက်ဝံ့သော ဘုန်းကြီးသည့် အရှင်ဘုရား။ ကျွန်ုပ်တို့ကျွန် သံတွဲမြို့ကို ရ၍နေသည်ကို မင်းရဲကျော်စွာ လုပ်ကြံလာသည်။ မနိုင်လျှင် ခွါ၍ပြန်လေသည်။ ယင်းသို့လျှင် သံတွဲမြို့က လောင်းကြက်မြို့ကို ကျွန်ုပ်တို့ချီသည်။ လောင်းကြက်မြို့ တွင်နေသည့် မြေတူးစားမခံဝံ့၍ ရခိုင်ကိုရသည့်အကြောင်းကို ရှိခိုးနားတော် လျှောက်ဝံ့ပါသည်ဘုရား။"**

အထက်ပါစာနှင့် လျှောက်ထားချက်ကို ရာဇာဓိရာဇ် ကြားတော်မူလျှင် "**မြန်မာမင်းသား နှပ်ချီးမျှမစင်သေးသူက အလွန်ကြုံးဝါးလေသည်။ အဖလည်း ငါ့ကို အကြိမ်ကြိမ်ရှုံးဖန်များလေပြီ။ ယခုလည်း သံတွဲမြို့မှာ ငါ၏ ကျွန်တို့နေသည်ကို လုပ်ကြံလာသည်။ မနိုင်၍ ပြေးပြန်လေပြီ။ လောင်းကြက်ကို ငါ့ကျွန်တို့လုပ်ကြံသည်။ လောင်းကြက်ကိုစားသည့် မြေတူးစားလည်းမခံဝံ့၍ အင်းဝသို့ပြေးလေလျှင် ရခိုင်တို့၏ လောင်းကြက်မြို့ကို ရပြီ။ ပြည်မြို့တွင် သူပုန်လောက်ဖျားသမက်ကို ငါသိမ်းယူမည် ပြုသည်ရှိသော် မင်းဆွေက သစ္စာပြု၍နေသည်။ ယခုပြည်မြို့ကို ရအောင်လုပ်ကြံမည်။**" ဟု မိန့်တော်မူလေသည်။

ဤသည်ကား ဒွါရာဝတီ-သံတွဲမြို့နှင့် ပတ်သက်၍ "**စည်သူဂါမဏီသင်္ကြံအမတ်**" ရေးသားခဲ့သည့် ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းမှ ကောက်နုတ်ဖော်ပြချက်များဖြစ်ပါသည်။ ပဲခူးမြို့မွန်ဘုရင်ရာဇာဓိရာဇ် သည် သက္ကရာဇ် ၇၁၁-ခု (အေဒီ-၁၃၄၉)တွင် မွေးဖွားသူဖြစ်ပြီး၊ ကောဇာ-၇၄၅ခု(အေဒီ-၁၃၈၃)တွင် နန်းတက်ကာ၊ ကောဇာ-၇၈၃ခု(အေဒီ-၁၄၂၁)တွင် အနိစ္စရောက်ခဲ့ပါသည်။ မွန်ဘုရင် ရာဇာဓိရာဇ်သည်လည်း ရခိုင်တို့၏ ဒွါရာဝတီနှင့် စစ်ရေး၊ နိုင်ငံရေးအရ အဆက်အသွယ်ရှိခဲ့ပုံကို အများပြည်သူတို့သိရှိနိုင်ကြစေရန် ရည်ရွယ်ချက်ဖြင့် ဤဆောင်းပါးကို ရေးသားဖော်ပြလိုက်ရပေသည်။

**"မွန်တို့၏ ဟံသာဝတီနှင့် ရခိုင်တို့၏ ဒွါရာဝတီသည် နှစ်ပြည်ထောင် သဟာသမိတ်ဖွဲ့၊ သမိုင်းရာဇဝင်တွင် အမှန်ရှိခဲ့၏။ ။"**

**ဒွါရာဝတီ-အသျှင်ကုသလ**

(ကိုးကားသောကျမ်း)

၁။ ရာဇာဓိရာဇ် အရေးတော်ပုံ။ ။ စည်သူဂါမဏီသင်္ကြံအမတ်။

၂။ ဓညဝတီ အရေးတော်ပုံ။ ။ အသျှင်ကဝိသာရမထေရ်။

၃။ ဒွါရာဝတီ-အသျှင်ကုသလမှတ်စု။

ဒွါရာဝတီမဂ္ဂဇင်း အမှတ်(၄)

၂၀၁၃-ခု။

## စောယဉ်မိနှင့် ဒွါရာဝတီ

သံတွဲမိဖုရား၊(သို့မဟုတ်)၊ သံတွဲဘုရင်မ၊ (သို့မဟုတ်) **"သံတွဲသူ-စာဆို စောယဉ်မိ"** သည် လေးမြို့ခေတ် ကောဇာ ၁၈၀ မှ ၇၉၂ ထိ (အေဒီ-၈၁၈ မှ ၁၄၃၀ ထိ)၊ လောင်းကြက်မြို့ ကောဇာ ၆၁၂ မှ ၇၉၂ ထိ (အေဒီ-၁၂၅၀ မှ ၁၄၀၄ ထိ)၏ ခေတ်နှောင်းကာလတွင် သံတွဲမြို့၌ မင်းလုပ်အုပ်ချုပ်ခဲ့သော **"အရှေ့ပြည်သုံးရွာစား"** ၏ မိဘုရား ဖြစ်ခဲ့ဖူးသည်။

လေးမြို့ခေတ်၊ လောင်းကြက်မြို့ ရွှေနန်းရှင် နရမိတ်လှသည် အင်းဝမှ မင်းရဲကျော်စွာ လာရောက်တိုက်ခိုက်သဖြင့် အေဒီ-၁၄၀၆ခုနှစ်တွင် အနောက်ဂါဝါပြည်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရ၏။ အင်းဝဘုရင်မင်းခေါင်သည် ရခိုင်တို့၏ လောင်းကြက်မြို့ ထီးနန်းတွင် သမက်တော်နော်ရထာနှင့် သမီးတော် ရွှေပြည့်ချမ်းသာကို နန်းတင်ပေးခဲ့၏။ ထိုအခါ ညီတော် သံတွဲစားနရနုသည် ပဲခူးဘုရင် မွန်မင်း ရာဇာဓိရာဇ်ထံသို့ ခိုဝင်၍ စစ်ရေးအကူအညီတောင်းခဲ့ရ၏။

ထိုအခါ ရာဇာဓိရာဇ်မင်းသည် သံရှင်စားအမတ်ဒိန် (အမတ်တိန်)ကို **"အင်းဝနိုင်"** ဟူသော အမည်ဖြင့် ဗိုလ်မှူးခန့်၍ မွန်စစ်သည်ပေါင်း ငါးသောင်းနှင့်တကွ နရနု(မင်းခရီ-အလီခင်)ကို နန်းတင်ရန် စေလွှတ်လိုက်၏။ အင်းဝနိုင် အမတ်ဒိန်သည် သူရဲငါးသောင်းနှင့် ချီလာ၍ လောင်းကြက်မြို့ထီးနန်းကို ဝန်းရံပိတ်ဆို့လျက် တိုက်ခိုက်လေသော် အင်းဝဘုရင်မင်းခေါင်၏ သမက်နော်ရထာနှင့် မှူးမတ်တစ်ရာကျော်တို့ ကျဆုံးလေ၏။

အင်းဝနိုင်အမတ်ဒိန်တို့သည် လောင်းကြက်မြို့ထီးနန်းကို သိမ်းပိုက်ရရှိပြီးနောက် နရနုကို နန်းတင်လေ၏။ နော်ရထာ၏ မိဖုရား အင်းဝဘုရင်မင်းခေါင်၏ သမီးတော် ရွှေပြည့်ချမ်းသာကို ယူပြီးလျှင် **"မောခွင်"** ဟူသော မွန်အမတ် ကို ရခိုင်၌ထားခဲ့ပြီး သက္ကရာဇ်-၇၆၉ ခု (အေဒီ-၁၄၀၇)တွင် ပဲခူးသို့ပြန်လေ၏။

ထိုသတင်းကို အင်းဝဘုရင်မင်းခေါင်ကြားသိလေသော် သက္ကရာဇ်-၇၆၉ ခုနှစ်၌ပင် ရခိုင်သို့ စစ်ချီလာ၍ တိုက်ခိုက်ပြန်၏။ မွန်အမတ် **"မောခွင်"** နှင့် **"နရနု"**တို့ စစ်ရှုံးသဖြင့် မောခွင်က ပဲခူးသို့ ပြေးလေ၏။ နရနုလည်း ကစ္ဆပနဒီမြစ်အညာသို့ပြေး၍ **"သူဌေး-အသေယ"** ထံ ပုန်းခိုနေရ၏။

ထိုသို့သော အချိန်ကာလတွင် အရှေ့ပြည်က သုံးရွာစားသည် သံတွဲမြို့ကို လာရောက်ပြီး မင်းနေပြည်ပြုလုပ်ကာ မင်းလုပ်အုပ်ချုပ်၍နေ၏။ သုံးရွာစားသံတွဲမင်း လွန်သောအခါ စောယဉ်မိသည် **"သားကြီး စောရန္တမိတ်"** နှင့် **"သားငယ် ဘယမင်းရဲ"** တို့ကို လက်ဝဲ,လက်ယာထား၍ သံတွဲမြို့ထီးနန်းကို ဆက်လက်အုပ်ချုပ်နေခဲ့၏။ ဒွါရာဝတီ-သံတွဲမြို့၏ ဘုရင်မတစ်ပါးပေတည်း။ ဟံသာဝတီဘုရင်မ ရှင်စောပု (အေဒီ-၁၄၃၆)နှင့် ခေတ်ပြိုင်ဖြစ်ခဲ့သည်။

[မှတ်ချက်။ ။ သက္ကရာဇ်-၇၆၉ ခု(အေဒီ-၁၄၀၇)တွင် အရှေ့ပြည်က သုံးရွာစားသည် သံတွဲမြို့ကို လာရောက်ပြီး မင်းလုပ်အုပ်ချုပ်ခဲ့ချိန်မှစ၍ မိဖုရားစောယဉ်မိ လက်ထက်တိုင်အောင် နှစ်ပေါင်း(၃၀)တိတိ ကြာမြင့်ခဲ့ပါသည်။ မြောက်ဦးဘုရင် မင်းခရီ (နရနု-အလီခင်)သည် မိဖုရားစောယဉ်မိနှင့်တကွ ဒွါရာဝတီ-သံတွဲမြို့ကို လာရောက်သိမ်းပိုက်သော အချိန်မှာ မင်းခရီ နန်းစံပြီး လေးနှစ်မြောက်သို့ ရောက်ရှိနေချိန်ဖြစ်ပါသည်။]

တစ်ရံရောအခါ သားတော်ကြီး စောရန္တမိတ်၏ ကျေးကျွန်တို့က **"အရှင်မင်းသား၏ မယ်တော်သည် အရှင် မင်းသားအား မင်းမပြုစေလိုပါ။ အရှင်မင်းသား၏ ညီတော်ကိုသာလျှင် မင်းပြုတော်မူစိမ့်သောငှါ ကြံစည် လျက်ရှိပါသည်"** ဟု ကုန်းချောစကား ပြောကြားကြ၏။ မင်းသား စောရန္တမိတ်လည်း တကယ်ယုံမှတ်ပြီး ညီတော်အား

ဥပါယ်တံမျဉ်ဖြင့် အခေါ်လွှတ်၏။ ညီတော်သည် နောင်တော်အား ရှိခိုးခြင်းငှာ အရှိအသေအပြုတွင် နောင်တော်က ဓားဖြင့်ခုတ်၍ ညီတော်လက်နှစ်ဖက်ပြတ်လေ၏။ ထိုအခါ သံတွဲမိဖုရားစောယဉ်မိသည် သားတော်ကြီး စောရန္တမိတ်အား အမျက်ပြင်းစွာထွက်၍ မြောက်ဦးရွှေနန်းရှင် ဘုရင်မင်းခရီ (နရနု-အလီခင်) ထံသို့ **"မိမိနှင့်တကွ ဒွါရာဝတီမြို့ပြ အားလုံးကို သိမ်းယူတော်မူလှည့်ပါ။"** ဟု **"အဖြည့်ခံ မေတ္တာစာ ရတုနှစ်ပိုဒ်"** ကို ရေးစပ်သီကုံး၍ စေတမန်ဖြင့် ပါးလိုက်ပါသည်။ ယင်းရတုမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) **တောင်ညို့မွေချာ။** ။ ကျွန်းလက်ယာထက်၊ သီတာရစ်ခွေ၊ သံတွဲမြေဝယ်၊ အုပ်တွေဖျင်ပေါင်း၊ မများတောင်းသည်၊ ဆွေပေါင်းမျိုးလယ်၊ ကောင်းကင်ကြယ်သို့၊ နေဖွယ်ကစ၊ သာမောလှရှင့်၊ နမပဟူပြီး၊ မတ်ကြီးကျော်သူ၊ အလျှူဒါန၊ ပေးဖူးကလည်း၊ ဘုရားလှကျော်၊ ဥာဏ်တော်ဝင်းမော၊ ထန်းတောတသီး၊ ဂူကြီး,ဂူငယ်၊ သိမ်လယ်ရိပ်တွင်း၊ ရှပ်ဆင်းနှစ်ဆူ၊ အတူရှေ့ဆိုင်၊ ဘုရားပြိုင်၍၊ လေးတိုင်ပြဲဗြား၊ တည်ထားသင့်စွာ၊ လေးမျက်နှာလည်း၊ ရွှေသား-ရွှေပျောင်း၊ လျှံတမောင်းနှင့်၊ ညှိုးတောင်းဗျာပါ၊ ညိုကင်းမှာကို၊ ဥက္ကါကောင်းမှု၊ ရှပ်တုနှစ်ဆူ၊ ညီနောင်တူတို့၊ ဆူယူဆုပြည့်၊ တောင်ကုန်းလှည့်ဟု၊ ခေါ်ကြည့်သောအား၊ ရှင်မင်းများလည်း၊ ညွတ်တွားဝတ်ရှိ၊ နိဗ္ဗာန်ဘုံကို၊ ရောက်တုံတညီ၊ မယ်နှင့်ဆီသည်။ ။ လောကီဓိဋ္ဌာန် စံရစေ။

(၂) **မောင်တို့နေရာ။** ။ ရွှေပြည်သာသို့၊ လိုက်ပါဟူလည်း၊ မတူရာလော။ မသိမောခဲ့၊ မင်းစောဒသာ ဘာတိကတို့၊ ဒီပဇမ္ဗူ၊ လုံးလုံးချူ၍၊ ခွန်ယူသိမ်းမြန်း၊ ထီးနန်းတည်ရာ၊ မယ်တို့ရွာလည်း၊ ဒွါရာဝတီ၊ သင်္ဂီရောင်လျှံ မြို့ရှင်ပျံဝယ်၊ ပတ်ရံသုံးတောင်၊ သုံးဆူနောင်လည်း၊ ရှုသောင်ရှုသာ၊ အာကာထက်လင်း၊ ဘဝင်ချင်းမျှ၊ ခပင်းနတ်,လူ၊ ကိုးရာမူသား၊ မျိုးတူဇနီး၊ မကြီးဘုန်းသစ်၊ ချစ်လို့သနား၊ နောင်အားမေတ္တာ၊ သက်တို့ပါ၍၊ သရဏာပွင့်ပန်းသုံးဆင့်ကို။ ။ မောင်နှင့်မိဋ္ဌာန်ပန်ရစေ။

ဖော်ပြပါ **"အဖြည့်ခံရတု"** နှစ်ပိုဒ်ကို သံတွဲမိဖုရား စောယဉ်မိက မြောက်ဦးရွှေနန်းရှင် ဘုရင်မင်းခရီ (နရနု-အလီခင်) ထံသို့ ပေးပို့တော်မူလိုက်၏။ ထိုအခါမြောက်ဦးရွှေနန်းရှင် ဘုရင်မင်းမြတ်က **"ဖြည့်စွက် မေတ္တာစာရတု"** ကို ရေးဖွဲ့သီကုံးကာ အောက်ပါအတိုင်း စာပြန်လိုက်လေသည်။

(၃) **သျှောင်စို့ကေသာ။** ။ သာမောစွာနှင့်၊ သူဇာမိဖြူ လိုက်တော်မူလော၊ ဇမ္ဗူမဏ္ဍိုင်၊ ရွှေရခိုင်ဝယ်၊ ရှစ်ဆိုင်ရပ်မင်း၊ ခွန်သွင်းဖျင်ပြော၊ သဘော်စင်းပြွမ်၊ ဆိတ်မည်းတည့်၊ အလွန်ထွန်းတောက် ၊ ရှုမျှော်စောက်သား၊ မောက်မောက်သွန်းသွန်း၊ ရွှေနန်းပြာသာဒ်၊ အထွဋ်တန်ဆောင်၊ ရွှေတောင်ဟန်လှ၊ နန်းမနန်းရံ၊ မျက်စီမွံ၍၊ သာစံပျော်ပါး၊ သိကြားသူဇာ၊ သက်ကျလာသို့၊ သရဏာပွင့်၊ ပန်းသုံးဆင့်ကို။ ။ မယ်နှင့် မိဋ္ဌာန်ပန်ရစေ။

[ရတုအပိုဒ်(၃)အတွက် မှတ်ဖွယ်]

[ ၁။ ကျော်ရင်၊ ဦး၊ (ကထိက)မှု - "သျှောင်စို့ကေသာ၊ သာမောစွာနှင့်၊ သူဇာမိဖြူ"

၂။ ဘိုးဝါ၊ ဦး၊ နှင့်၊ သက်စု၊ ဦး၊ တို့မှု - "သျှောင်စို့ကေသာ၊ သာမောစွာနှင့်၊ သူဇာမိဖြူ"

၃။ စန္ဒမာလာလင်္ကာရ အသျှင်၊ မှု - "မောင်တို့နေမှ၊ သာမောလှသား၊ နမမိဖြူ" ]

စောယဉ်မိ၏ အဖြည့်ခံ ရတုနှစ်ပိုဒ်သည် နိုင်ငံရေးအရ၊ စစ်ရေးအရ၊ မိခင်တစ်ဦး၏ သဘောအရ၊ ကရုဏာဒေါသအရ ပေါ်ပေါက်လာသော ရတုပင်ဖြစ်သော်လည်း သံတွဲမြို့၏ ရေမြေသဘာဝကို နှလုံးညွှတ်နူးဖွယ် ဖွဲ့ဆိုနိုင်ခဲ့သည်။

စောယဉ်မိ၏ ရတုအရ ထိုအချိန် ထိုကာလက သံတွဲမြို့၏ အနေအထားနှင့် တည်ရှိသောဘုရား ပုထိုး၊ စေတီတော်များ၏ အနေအထားကို သိရှိရသဖြင့် သမိုင်းတန်ဖိုးကြီးလှ၏။ သံတွဲမြို့နှင့် ပတ်ဝန်းကျင်ရှိ သမိုင်းဝင်နေရာဌာန အားလုံးကို လှပသောစကားလုံး အဖွဲ့အနွဲ့တို့ဖြင့် တန်ဆာဆင်ရေးဖွဲ့ထားပုံမှာ ကြည်နူးလွမ်းဆွတ်ဖွယ်ပင် ကောင်းတော့၏။ စောယဉ်မိ ရေးဖွဲ့လိုက်သော အဖြည့်ခံရတုနှစ်ပိုဒ်၏ သေသပ်လှပသော ရေးဖွဲ့မှုစွမ်းအားကြောင့် မင်းခရီ (နရနု-အလီခင်သည်) **"ရခိုင်စာပေလောက"** အတွက် စိတ်ဝင်စားဖွယ်ရာ **"ဖြည့်စွက်ရတု"** ကို ရေးဖွဲ့ဖြစ်ခဲ့လေသည်။

မင်းခရီ၏ ဖြည့်စွက်ရတုကို ဖတ်ရှုရသဖြင့်လည်း မြောက်ဦးမြို့၏ ဖွံ့ဖြိုးတိုးတက်နေမှုကို သိရှိရသည့်အပြင် ထိုခေတ်ထိုကာလ၏ သမိုင်းပုံရိပ်ကိုလည်း ထင်ဟပ်ပေါ်လွင်စေပါတော့သည်။ စောယဉ်မိ၏ ဆုံးဖြတ်ချက်မှန်ကန်မှုကြောင့် မြောက်ဦးနှင့် သံတွဲ(သို့မဟုတ်) ဓညဝတီနယ်မြေနှင့် ဒွါရာဝတီနယ်မြေတို့၏ မေတ္တာပေါင်းကူးမှုမှာလည်း ပို၍ အားကောင်းစေခဲ့ပါသည်။

မင်းခရီသည် စစ်အင်္ဂါလေးပါးဖြင့် ဒွါရာဝတီ-သံတွဲမြို့သို့ ချီတက်ခဲ့ပြီး သက္ကရာဇ် ၇၉၉ (အေဒီ-၁၄၃၇)တွင် စောယဉ်မိနှင့်တကွ သံတွဲမြို့ကို သိမ်းယူတော်မူလေသည်။ မိဖုရားစောယဉ်မိကိုလည်း ကျေးဇူးရှိလှပေသည်ဟုဆိုပြီး တောင်နန်းစံ၊ မြောက်နန်းစံ မိဖုရားနှစ်ပါးတို့၏ အလယ်၌ သီးခြားနန်းအိမ်ဆောက်၍ **"အလယ်နန်းမိဖုရား"** အဖြစ် မြှောက်စားတော်မူလေသည်။ မင်းကချီးမြှင့်တော်မူသော ကျေးကျွန်လယ်မြေတို့ကိုလည်း **"မိဖုရားစောယဉ်မိ၏ ကျေးကျွန်လယ်မြေ"** ဟူ၍ အသီးအခြား သတ်မှတ်ပိုင်းခြားလျက် ချီးမြှင့်တော်မူခဲ့ပါသည်။ ယခုအခါ သံတွဲမြို့-ဒွါရာဝတီမြို့သစ်အနီးရှိ အံတော်တောင်ကြောတစ်ခုလုံးကို **"ဘုရင်မတောင်ကုန်း၊ ဘုရင်မနွားစားကျက်"** ဟူ၍ ခေါ်တွင်လျက် ရှိနေကြသေးသည်က သမိုင်းသက်သေဖြစ်ပါသည်။

မင်းခရီနှင့် စောယဉ်မိတို့၏ **"မင်းနှင့်မိဖုရား မေတ္တာစာရတု"** သည် အတိတ်က သမိုင်းပုံရိပ်ကို ထင်ဟပ်ပေါ်လွင်စေသော စိတ်ဝင်စားဖွယ်ရာ စာပေတစ်ခုအနေဖြင့် **"ရခိုင်စာပေလောက"** တွင် သမိုင်းတင်လျက် ကျန်ရစ်ခဲ့ပေတော့သည်။

[မှတ်ချက်။ ။ **"သံတွဲမိဖုရားစောယဉ်မိ"** ၏ အဖြည့်ခံရတုနှင့် မြောက်ဦးဘုရင် မင်းခရီ (နရနု-အလီခင်) ၏ ဖြည့်စွက်ရတုသည် ကောဇာသက္ကရာဇ်-၇၉၉-ခု၊(ခရစ်အေဒီ-၁၄၃၇)တွင် ရေးသားခဲ့ကြသည့်အတွက် ရခိုင်၊ မြန်မာစာပေလောကတွင် **"သုဝဏ္ဏဒေဝီ-စောပြည့်ညို"** ၏ **"သိန်ကန်မိန်တွင် ချီရတုပိုဒ်စုံ"** ပြီးလျှင် ဒုတိယမြောက် ရှေးကျသော ရတုဖြစ်ကြောင်း မှတ်တမ်းတင်ကြရမည် ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် **"သံတွဲမိဖုရား စောယဉ်မိ"** ရတုရေးစပ်နေသော အချိန်တွင် အရှေ့ပြည်အဝမြို့ (=အင်းဝမြို့)က ရတုစာဆိုများ ဖြစ်ကြသည့် ရှင်သီလဝံသ(အေဒီ-၁၄၅၃-၁၅၂၀)၊ ရှင်ဥတ္တမကျော်(အေဒီ-၁၄၅၉-၁၅၁၃)၊ ရှင်ရဋ္ဌသာရ(အေဒီ-၁၄၆၈-၁၅၃၀)စသည်တို့ကို မမွေးဖွားရသေးသောကြောင့် ဖြစ်၏။

ရခိုင်သူ၊ရခိုင်သားတို့သည် ရတုကဗျာစသည်ကို ရေးစပ်သီကုံးဖို့ ရှေးဦးစွာ တတ်မြောက်ခဲ့ကြသည်မှာ ကဝိကဏ္ဌာကျမ်းနှင့် ကဝိပါသဏ္ဌာကျမ်းပြုအကျော် **"ဆရာတော်-အသျှင်သီလဝံသ"** လို ပုဂ္ဂိုလ်မျိုးနှင့် **"ဥဿလင်းစား အမတ်"** တို့လို ပညာရှိပုဂ္ဂိုလ်မျိုးတွေ ရခိုင်မှာ ရှိနေကြသောကြောင့် ဖြစ်၏။ ဆရာတော်အသျှင်သီလဝံသသည် သံတွဲမြို့စားဖြစ်ခဲ့သူ မင်းခရီ(နရနု-အလီခင်)၏ ငယ်ဆရာဖြစ်ပြီးလျှင်၊ **"ပညာရှိအမတ် ဥဿလင်းစား"** သည်လည်း မင်းခရီ(နရနု-အလီခင်)၏ ဆရာတစ်ဦးလည်း ဖြစ်ခဲ့ပါသည်။

ဤအကြောင်းကို မြန်မာပညာရှိပုဂ်ဝန်ထောက်ဦးတင် (K.S.M,A.T.M) ၏ သဘောထားမှတ်ချက်စကားကို လည်း တင်ပြပါဦးမည်။ ရခိုင်လူမျိုးတို့၏ ကဗျာ၊ လင်္ကာ၊ ဆုံးမစာ စသော ကဗျာရေးဖွဲ့မှု အတတ်သည် ဗမာလူမျိုး တို့ထက် ရှေးကျကြောင်းကို သူ၏ကဗျာဗန္ဓသာရကျမ်း၊ ၁၉၆၉-ခု၊ နိုဝင်ဘာလ၊ ပထမအကြိမ်ရိုက်၊ စာ-၃၁၅-တွင်

**"ထိုစာမူပြုစုရင်းမှာ မြောက်ဦးမြို့တွင် သက္ကရာဇ်-၇၉၂-ခုနှစ်၊ နန်းတက်သော နရနုမင်း နန်းမတက်ခင် ငယ်စဉ်အိမ်ရှေ့မင်းအဖြစ် မင်းသားအဖြစ်များတွင် ရေးသားရင်း ကဗျာဖွဲ့ပုံနည်းလမ်းကို ပြဆို ဆုံးမသော စာဖြစ်သည်။ ထိုစာတွင် ရခိုင်-အသျှင်သီလဝံသနှင့် အမတ်ဥဿလင်းစားတို့ ရေးသားဆုံးမစာ လင်္ကာများပါသည်။ ထိုပုဂ္ဂိုလ်များမှာ စာဆိုပညာရှိချည်းပင်တည်း။ မြန်မာဘာသာ ကဗျာ၊ လင်္ကာများမှာ သျှင်ရဋ္ဌသာရ၊ သျှင်သီလဝံသတို့က အစပြုသည်ဟူ၍ အယူရှိသော အချို့မျိုးတူ၊မျိုးခြားများသည် သည်စာရှိသည်ကို သတိထား ဟန်မတူ။"** ဟူ၍ ရေးသားသွားခဲ့သည်။ ဤကား ပုဂ်ဝန်ထောက် ဦးတင်ကိုယ်တိုင် ရိုးသားစွာ ဝန်ခံခဲ့ခြင်းဖြစ်ပါသည်။ ရိုးဖြောင့်မှန်ကန်ခြင်းသည် ပညာရှိတို့၏ သဘောလက္ခဏာပင်တည်း။ ။

ဒွါရာဝတီ-အသျှင်ကုသလ

(ကျမ်းကိုးစာရင်း)

၁။ သံတွဲမြို့ ရွှေဆံတော်စေတီသမိုင်းသစ်။ ။ ဦးကျော်ရင်(ရန်ကုန်တက္ကသိုလ်ကထိက)။

၂။ ဒွါရာဝတီနှင့် ရွှေဆံတော် သမိုင်းသစ်။ ။ ဦးဘိုဝါးနှင့် ဦးသက်စု။

၃။ ပြည်နယ်ဖြစ်စဉ်သမိုင်း၊ ပဌမတွဲ။ ။ ယဉ်ကျေးမှုကဏ္ဍ(ကန့်သတ်ထုတ်)။

၄။ ရခိုင်ရာဇဝင်သစ်ကျမ်း၊ ဒုတိယတွဲ။ ။ အသျှင်စန္ဒမာလာလင်္ကာရ။

၅။ ကဗျာဗန္ဓသာရကျမ်း ။ ။ ပုဂ်ဝန်ထောက်ဦးတင်။

၆။ ဒွါရာဝတီ-အသျှင်ကုသလမှတ်စု။

**စာတည်းအဖွဲ့ဝင်တစ်ဦး**
ဒွါရာဝတီမဂ္ဂဇင်းအမှတ်(၆)
၂၀၁၅-ခုနှစ်။

**ငွေသဇင်(သံတွဲ)**
ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း
အတွဲ(၃၁)၊ အမှတ်(၁၂)
၂၀၁၅-ခု၊ ဒီဇင်ဘာလ

## မင်းဗာကြီးနှင့် ဒွါရာဝတီ

**"မင်းဗာကြီး"**ဟူသောနာမည်သည် ရခိုင်တွင် အလွန်အောင်မြင်ကျော်ကြား လူသိများသောနာမည် ဖြစ်ခဲ့၏။ မကြားဖူးသူ မရှိသလောက်ဖြစ်ပါသည်။ မင်းဗာကြီးသည် ဒုတိယမြောက်ဦးခေတ် (အေဒီ-၁၅၃၁ မှ ၁၆၃၈ ထိ)ကို တည်ထောင်သော မင်းတစ်ပါးဖြစ်သည့်အပြင် မြောက်ဦးကို တစ်ခေတ်ဆန်းသစ်စေခဲ့သော မင်းတစ်ပါးလည်းဖြစ်ပါသည်။ မြောက်ဦးတွင် မင်းဗာမင်းဆက်သည် (၉)ဆက်တိုင်ခဲ့၏။ နှစ်ပေါင်း(၁၀၇)နှစ်ကြာမြင့်ခဲ့ပါသည်။

မင်းဗာကြီး၏ ငယ်နာမည်မှာ **"ဘစောသီရိ"** ဖြစ်၏။ မြောက်ဦးထီးနန်းကို သိမ်းပိုက်ပြီး မင်းအဖြစ်ကို ခံယူသည့်အခါမှ **"မင်းဗာကြီး"**ဟူသော အမည်မှာ ပို၍ထင်ရှားလာခဲ့ပါသည်။ အိမ်နိမ့်စံဘဝက **"မင်းဘင်"** ဟူ၍လည်း ခေါ်တွင်ခဲ့ကြောင်း တွေ့ရသည်။

**"ဘစောသီရိ"** ၏ခမည်းတော်မှာ **"မင်းရာဇာ"** ဖြစ်ပြီးလျှင် မယ်တော်မှာ **"ဆင်ကဲ အောင်ထင်"** ၏သမီး **"စောနန္ဒီ"** တို့ဖြစ်ကြ၏။ မင်း၏ မိဖုရားငယ်မှ မွေးဖွားသောသားဖြစ်ပါသည်။ ငယ်စဉ်ကာလ မင်းသားဘဝ ပညာသင် အရွယ်တုန်းက မောင်မြတ်သာထွန်း (နောင်အခါ အမတ်ကြီး မဟာပညာကျော် ဖြစ်လာသူ)၊ မောင်မြဝါ (နောင်အခါ နမန္တာခတ်ကျမ်းကြီးကို ရေးသားပြုစုသည့် သျှင်မြဝါ ဖြစ်လာသူ) တို့နှင့်အတူ မဇ္ဈိမဒေသ၊ ဗာရာဏသီမြို့တော်သို့ သွားရောက်၍ အဋ္ဌာရသ (၁၈) ရပ်တို့ကို မျိုးစုံအောင် သင်ယူခဲ့သူဖြစ်ပါသည်။

မြောက်ဦးမြို့ထီးနန်းကို ကောဇာ-၈၈၃ ခု(အေဒီ-၁၅၂၁)တွင် **"သဇာတ(ဂဇ္ဇလိသျှာ)မင်း"** ၏ ညီတော် **"မင်းခေါင်ရာဇာ"** သည် **"စောနန်းဆက်"** ကို မိဖုရားမြှောက်၍ နောင်တော်၏ အရိပ်အရာကို ဆက်ခံခဲ့၏။

ထိုမင်းလက်ထက် မင်းဆွေမင်းမျိုးတို့သည် အခွေအရံ ကြီးကျယ်စွာဖြင့် အလွန်ကောင်းစားခဲ့ကြ၏။ မင်းရာဇာ၏ သားဖြစ်သူ **"ဘစောသီရိ"** ကိုမူကား မနာလိုမရှုဆိတ်ကြချေ။ ဘစောသီရိသည် တုန့်ပြန်မှုမပြုဘဲ အလိမ္မာဖြင့်သာနေခဲ့၏။ ထို့နောက် ကိုယ်ကိုခွာ၍နေမှ အလိုတော်ပြည့်အံ့သည်ကို မြင်တော်မူသဖြင့် ဒွါရာဝတီ-သံတွဲမြို့သို့ လာရောက်နေထိုင်ခဲ့ခြင်းဖြစ်သည်။ ထိုသို့နေရာမှ ဒွါရာဝတီနယ်မြေဒေသတစ်ခုလုံးကို စားရသော **"ဒွါရာဝတီ-သံတွဲမြို့စား"** ဟူ၍ စတင်ထင်ရှားလာခဲ့ပါသည်။

မင်းဗာကြီးသည် ဒွါရာဝတီနှင့် အကြောင်းပါသူဟု ဆိုနိုင်၏။ နားအေးပါးအေး စိတ်အေးချမ်းသာစွာ နေလိုသူဖြစ်သဖြင့် ဒွါရာဝတီ-သံတွဲမြို့ကိုမှ သူရွေးချယ်လိုက်ခြင်းသည် သူ့အတွက်အကြောင်းရှိနိုင်သည်။ ဘစောသီရိသည် နောင်အခါ မင်းဗာကြီးအမည်ဖြင့် ထင်ရှားလာပြီးလျှင် ဒွါရာဝတီ-သံတွဲနယ်မြေ တစ်ခုလုံးအတွက်ရုံမက ရခိုင်တစ်ပြည်လုံးအတွက်ပါ မေ့ပျောက်၍ မရနိုင်သော တိုင်းကျိုးပြည်ပြု၊ သာသနာပြု မင်းကောင်းမင်းမြတ်တစ်ပါးအဖြစ်သို့ ရောက်ရှိလာခဲ့သူဖြစ်ပါသည်။

**"စောမွန်ပြင်ပြု၊ မင်းဗာတည် ရွှေမြောက်ဦး"** ဟူသော ဆိုရိုးစကားသည် သာမန်အနေဖြင့် ပေါ်ပေါက်လာခဲ့သောစကားမဟုတ်၊ မင်းဗာကြီး၏ စွမ်းပကားအပေါ် မူတည်ကာ နောင်လာနောက်သား ရခိုင်သူရခိုင်သားများအတွက် အမှတ်တရ **"ဥဒါန်းစကား"** အနေဖြင့် ကျန်ရစ်ခဲ့ခြင်း ဖြစ်သည်။

ဘစောသီရိသည် ကောဇာ-၈၈၃ ခု(အေဒီ-၁၅၂၁)မှစ၍ ဒွါရာဝတီ-သံတွဲမြို့၌ မြို့စားမင်းတစ်ပါးအဖြစ် နေထိုင်အုပ်ချုပ်လာခဲ့ရာ ကောဇာ-၈၉၃ ခု(အေဒီ-၁၅၃၁) အထိ **"၁၀နှစ်၊ ၁၀-မိုး"** ကြာမြင့်ခဲ့ပါသည်။

ဘစောသီရိအနေဖြင့် ဒွါရာဝတီ-သံတွဲမြို့၌ အုပ်ချုပ်ခဲ့ရသော နယ်မြေအပိုင်းအခြားမှာ တောင်စဉ်ခုနစ်ခရိုင်နှင့် တောင်ခွင်တန်းအဆုံး၊ ဟိုင်းကြီးကျွန်းအပါအဝင် မော်တင်(နဂါးရစ်) အထိ ဖြစ်ပါသည်။

ဒွါရာဝတီ-သံတွဲမြို့စား ဘစောသီရိ မင်းဖြစ်ခါနီးလေသော် သိုက်စာတတ်တဘောင်ပေါ်ခဲ့၏။ ယင်းတဘောင်မှာ

(၁) ကြွက်ကားသုံးမည်၊ ရှေးဖျားတည်၊
ကြဲစည်ကောင်းခြင်း၊ သံတွဲမင်း၊
ဖြစ်လာမည်လည်း၊ တော်သလင်း။

(၂) သံတွဲမြွေဟောက်၊ အစွယ်ပေါက်သည်၊
လက်ကောက်ဝတ်လောက်-ပြီးတကား။

(၃) ကြွက်ကားစဉ်လျက်၊ အဆက်နဂါး၊
နောက်သားရေသူ၊ ကိုးဆက်ဟူ၏။

(၄) မြောက်ဦးအပါး၊ အိမ်ရှေ့နား၌၊
နဂါးသုံးခွေ၊ ခွေလိမ့်မည်။ ဟူ၍ ဖြစ်ပါသည်။ (၁)

[မှတ်ချက်။ ။ တဘောင်စကား၏ သဘောအဓိပ္ပာယ်မှာ အောက်ပါအတိုင်းဖြစ်သည်။

**"ကြွက်ကားသုံးမည်-ကြာသပတေးနံဖြစ်သော မင်းစောမွန်၊ ဘစောဖြူ၊ မင်းဒေါလျာ ဟူ၍ ကြွက်နံမင်းသုံးဆက်။ ယင်းတို့နောက် သံတွဲမြို့စား စနေနံဖွား နဂါးမြွေဟောက် ဘုန်းတောက်လိမ့်မည်။ ကြွက်နံသုံးခု အစဉ်လျှောက်သော် စနေနံဖွား (နဂါး) ဖြစ်သူ မင်းဗာကြီးသည် မြောက်ဦးမြို့ထီးနန်းကို စိုးစံတော်မူကာ မင်း (၉) ဆက်တိုင်လိမ့်မည်။ ယင်း (၉)ဆက်တွင် မြောက်ဦးရွှေနန်းတော်၌ မင်းဗာကြီး၊ မင်းဖလောင်း၊ မင်းစနေဟူ၍ စနေနံ(နဂါး) မင်း သုံးဆက်ဖြစ်လိမ့်မည်။"** ဟူလို။]

ဘစောသီရိသည် တဘောင်ပေါ်ပြီးနောက် **"သူသည် တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရပါမူ သံတွဲမြို့ရှိ စေတီတော်မြတ် သုံးဆူကို မွမ်းမံပြင်ဆင် ပူဇော်ပါမည်"** ဟု ဘုရားသုံးဆူ၌ သစ္စာအဓိဋ္ဌာန်ပြု ဆုတောင်းခဲ့၏။

ထို့နောက် ဘစောသီရိသည် လက်နက်ကိရိယာများကို စုဆောင်းခြင်း၊ ဆင်းလုံး, မြင်းရံ ရဲမက်ဗိုလ်ပါ စုဆောင်းခြင်း, စစ်ရိက္ခာစုဆောင်းခြင်းအမှုတို့ကို ပြုပြီးနောက် လှေတက်စသည်တို့ကို များစွာစီရင်လျက် သံတွဲမြို့မှ မြောက်ဦးမြို့သို့ ကုန်းကြောင်း, ရေကြောင်းတို့ဖြင့် စစ်ချီတော်မူလေ၏။

မြောက်ဦးသို့ရောက်သော် မြောက်ဦးဘုရင် **"မင်းခေါင်ရာဇာ"** ကို နှိမ်နင်းတိုက်ခိုက်၍ မြောက်ဦးမြို့ထီးနန်းကို သိမ်းပိုက်တော်မူလေသည်။ ဘစောသီရိသည် ကောဇာ-၈၉၃-ခု (အေဒီ-၁၅၃၁)၊ နယုန်လဆန်း (၁)ရက်၊ စနေနေ့၊ နေ့နှစ်ပဟိုရ်ကျော် ငါးနာရီအချိန်တွင် ဆင်ဖြူရှင်၏ သမီး **"ဖွားစောမင်း"** ကို မိဖုရားမြှောက်၍ မင်းအဖြစ်ကို ခံယူခဲ့ပါသည်။ သူသည် မြောက်ဦးမြို့ထီးနန်းကို သိမ်းပိုက်ပြီးကာမှ **"မင်းဗာကြီး"** အမည်ဖြင့် ထင်ရှားကျော်ကြားလာခဲ့ခြင်း ဖြစ်ပါသည်။ ဘိသိက်ခံဘွဲ့အနေဖြင့် **"သီရိသုဓမ္မရာဇာ"** ဟူသော ဘွဲ့အမည်ကို ခံယူတော်မူခဲ့ပါသည်။ (၁) ကုလားတို့၏

---

(၁) စန္ဒမာလာလင်္ကာရ၊ အသျှင်။ ။ ရခိုင်ရာဇဝင်သစ်ကျမ်း၊ ဒုတိယတွဲ-စာ-၅၇
ရခိုင်သားကြီး စာပေ၊ ဒုတိယအကြိမ်၊ ၁၉၉၇ ခု၊ နိုဝင်ဘာလ။

တိုင်းပြည်ကိုလည်း အုပ်ချုပ်ရသူ မင်းတစ်ပါးဖြစ်လာခြင်းကြောင့် ကုလားဘွဲ့အနေဖြင့် **"ဇဘောက်သျှာ"** ဟူသော ဘွဲ့ကို ခံယူခဲ့သည်။

မင်းဗာကြီးလည်း အလိုတော်ပြည့်၍ မကြာမြင့်မီ ဒွါရာဝတီ-သံတွဲမြို့သို့ ကြွချီတော်မူကာ အိမ်နိမ့်စံဘဝက သစ္စာအဓိဋ္ဌာန် ပြုခဲ့သည့်အတိုင်း ကြီးစွာသောအလှူကြီးကိုပေးကာ ဆံတော်,နံတော်,အံတော် စေတီတော်သုံးဆူကို မွမ်းမံတည်ထားတော်မူပါသည်။ မင်းဗာကြီး ဒွါရာဝတီ-သံတွဲမြို့သို့ ကြွရောက်၍ ကုသိုလ်ကောင်းမှုပြုခဲ့သော နှစ်မှာ ကောဇာသက္ကရာဇ်-၈၉၃-ခု (အေဒီ-၁၅၃၁)တွင်ဖြစ်ကြောင်း သိရှိရပါသည်။ (၂)

အချုပ်ဆိုရသော် မင်းဗာကြီးသည် ဒွါရာဝတီ-သံတွဲမြို့နှင့် ခွဲခြား၍မရနိုင်လောက်အောင် သံတွဲဒေသအတွက် အလွန်ကျေးဇူးများခဲ့သော ဘုရင်မင်းမြတ်တစ်ပါးဖြစ်ပါသည်။ ထို့ကြောင့် မင်းဗာကြီး၏ ကျေးဇူးဂုဏ်ကို အစဉ်အမြဲ အမှတ်ရစိမ့်သောငှာ သံတွဲမြို့အဝင် အဓိကလမ်းမကြီးကို **"မင်းဗာကြီးလမ်း"** ဟူ၍ စာရေးသူ အမည်ပေးကာ သံတွဲသားများကိုယ်စား ဂုဏ်ပြုထားခြင်း ဖြစ်ပါသည်။ တိုင်းကျိုးပြည်ပြု, သာသနာပြု မင်းကောင်းမင်းမြတ်တစ်ပါး ဖြစ်ခဲ့သော ရခိုင်ပြည့်ရှင် ဘုရင်မင်းဗာကြီးအား သားစဉ်မြေးဆက် တန်ဖိုးထားဂုဏ်ယူတတ်ကြစေရန် အားလုံးက ဝိုင်းဝန်း၍ တိုက်တွန်းနှိုးဆော် သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

**ဒွါရာဝတီ-အသျှင်ကုသလ**

---

(၂) ပြည်နယ် ဖြစ်စဉ်သမိုင်း။ ။ ပဥ္စမတွဲ၊ ယဉ်ကျေးမှုကဏ္ဍ။

(၃) ကုသလ၊ အသျှင် (သုတေသီ) ။ ။ မှတ်စု။


## ဒွါရာဝတီ–သံတွဲမြို့ရှိ စေတီတော်သုံးဆူကို မင်းဗာကြီး ကုသိုလ်ပြုခြင်း

ရခိုင်ဘုရင်မင်းဗာကြီးသည် ဒွါရာဝတီ-သံတွဲမြို့သို့ လာရောက်၍ စေတီတော်သုံးဆူအား ကုသိုလ်ကောင်းမှု ပြုခဲ့ရာတွင် ရွှေအဆင်း၊ ငွေအဆင်း၊ ပုလဲအဆင်းရှိသော မြတ်စွာဘုရား၏ သရီရဓာတ်တော်များနှင့်တကွ ရဟန္တာအရှင်မြတ်တို့၏ ဓါတ်တော်များအပါအဝင် ဓာတ်တော်ပေါင်းနှစ်ထောင်ကျော်ခန့် ရှိခဲ့ကြောင်း သိရပါသည်။


ယင်းနှစ်ထောင်ကျော်မျှရှိသော ဓာတ်တော်များကို ရွှေကြုပ်၊ ငွေကြုပ်၊ ပတ္တမြားကြုပ်၊ ဣန္ဒနီလာမြကြုပ်တို့တွင် ထည့်သွင်းလျက် ဘုရား၌ ဌာပနာပြီးနောက် စေတီတော်သုံးဆူကို အသီးသီးငုံလျက် တည်တော်မူလေသည်။

စေတီတော်များကို ဘုရားပန်းတင်ခုံမှစ၍ ချရားသီး(ငှက်ပျောဖူး)တိုင်အောင် အုတ်များကို ခတ္တိယ=မင်းမျိုး၌ဖြစ်သော ယောက်ျားပျို-၇၀၀။ မိန်းမပျို-၇၀၀။ ဖြဟ္မဏ=ပုဏ္ဏားမျိုး၌ဖြစ်သော ယောက်ျားပျို-၇၀၀။ မိန်းမပျို-၇၀၀။ ဝေဿ=ကုန်သည်(သူဌေး)မျိုး၌ဖြစ်သော ယောက်ျားပျို-၇၀၀။ မိန်းမပျို-၇၀၀။သုဒ္ဒ=သူဆင်းရဲမျိုး၌ဖြစ်သော ယောက်ျားပျို-၇၀၀။ မိန်းမပျို-၇၀၀။ စုစုပေါင်း ယောက်ျားမိန်းမ-၅၆၀၀-တို့အား နေ့ညပဟိုရ်မပြတ် သယ်ဆောင်ယူစေ၏။


ယန္တရားစက်ကြိုးဆင်၍ ဘုရားတောင်ပေါ်သို့ ရေများကို တင်ဆောင်စေ၏။ ရွှေဖြင့် တန်းဆာဆင်ထားသော အထွတ်ကိုပြု၏။ ယင်းရွှေအထွတ်ထက်တွင် ရွှေထီးတော်ကို တင်ဆောင်ကာ အပူဇော်ခံထားရှိလေ၏။ ရွှေထီးတွင်လည်း ပုလဲသန္တာ ကျောက်မျက်ရတနာတို့ဖြင့် တန်းဆာဆင်စေ၏။ ဆည်းလည်းခေါင်းလောင်းများကိုလည်း လှပစွာ တန်းဆာဆင်၍ ဆွဲစေ၏။




ရွှေဆံတော်ဘုရားတောင်ခြေရှိ ပါဒစက်တော်ရာ (သမိုင်းဝင်ရှေးဟောင်းကျောက်ဆစ်လက်ရာ)
ရခိုင်ဘုရင်မင်းဗာကြီးကောင်းမှု။



ရွှေအံတော်ဘုရားတက်လမ်း အုတ်လှေကား
ရခိုင်ဘုရင်မင်းဗာကြီးကောင်းမှု။



ရွှေနံ့တော်ဘုရားတက်လမ်း ကျောက်လှေကား
ရခိုင်ဘုရင်မင်းဗာကြီးကောင်းမှု။



ရွှေဆံတော်ဘုရားတက်လမ်း အုတ်လှေကား
ရခိုင်ဘုရင်မင်းဗာကြီးကောင်းမှု။

စေတီတော်သုံးဆူလုံးကို ပြုပြင်တည်ထားခြင်းကိစ္စ၊ စေတီတော်များပတ်လည်တွင် အုတ်တို့ဖြင့် မဟာရာမ်တံတိုင်းကာရံခြင်းကိစ္စ၊ ပြီးမြောက်သွားသည့်အခါ ထီးတော်တင်လှူခြင်းကိစ္စ၊ ဘုရားအနေကဇာတင်ခြင်းကိစ္စကို ခြိမ့်ခြိမ့်သည်းမျှ ကျင်းပပူဇော်လေသည်။ စေတီတော်များကိုလည်း ဆီမီးတစ်ထောင်၊ တံခွန်တစ်ထောင်၊ ဆွမ်းသင်ဘုတ်တစ်ထောင်စီတို့ဖြင့် လှူဒါန်းပူဇော်ခဲ့လေသည်။

ဘုရားတောင်ပေါ်သို့ လွယ်ကူစွာတက်ရောက်နိုင်ရန် ကျောက်လှေကား, အုတ်လှေကားကြီးများကိုလည်း နောက်ပိုင်းတွင် ဆက်လက်၍ လှူဒါန်းပူဇော်ခဲ့လေသည်။ မင်းဗာကြီး အလှူဒါနမပြုမီက ဘုရားဖူးသူများသည် ဘုရားတောင်ပေါ်သို့ မြေလမ်းမှ တက်ခဲ့ကြရ၏။ ယခုတွေ့မြင်နေကြရသော ကျောက်လှေကား, အုတ်လှေကားကြီးများသည် မင်းဗာကြီး ကောင်းမှုပြုခဲ့သော သမိုင်းဝင် အမွေအနှစ်များ ဖြစ်ကြ၏။

ကျောက်လှေကားတွင် အသုံးပြုခဲ့သော ကျောက်တုံးကြီးများကို မူလလှေကားနေရာမှ ရွှေ့ပြောင်းယူဆောင်ပြီး မလိုလားအပ်သော နေရာဌာနတို့၌ အသုံးပြုထားကြသည်ကို တွေ့မြင်ရသဖြင့် စိတ်မချမ်းမမြေ့ ဖြစ်ကြရသည်။ တစ်ချို့က မပြုပြင် မထိမ်းသိမ်းသည့်အပြင် ဖြိုဖျက်ထားကြသည်ကိုလည်း တွေ့မြင်နေကြရသည်။

ရင်းအပြင် မင်းဗာကြီးသည် ရွှေဆံတော်ဘုရားတောင်ခြေတွင် **"မြတ်ဗုဒ္ဓ၏ ပါဒစက်တော်ရာတစ်ဆူ"**ကိုလည်း ဂန္ဓကုဋီတိုက်ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ပါသေးသည်။

ယင်းသမိုင်းဝင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ပေါ့ပေါ့တန်တန် မမှတ်ယူဘဲ အလေးအနက်

ထားကာ ထိန်းသိမ်းစောင့်ရှောက်သင့်ပါကြောင်း အသိပေးတိုက်တွန်းလိုက်ရပေသည်။

**ဒွါရာဝတီ-အသျှင်ကုသလ**


(၁) ကျော်ရင်၊ ဦး၊ (တက္ကသိုလ်ကထိက-ရန်ကုန်)။ ။သံတွဲမြို့၊ ရွှေဆံတော်စေတီသမိုင်းသစ်-စာ-၃၂၊ မြရတနာပုံနှိပ်တိုက်၊ အမှတ်-၁၄၇၊ ၄၅-လမ်း၊ ရန်ကုန်။

(၂) ဂေါပကအဖွဲ့။ ။ သံတွဲမြို့၊ ရွှေနံတော်ဘုရားသမိုင်းသစ်-စာ-၃၃၊ ချင်းတွင်းပုံနှိပ်တိုက်၊ ပထမအကြိမ်၊ ၁၉၇၆-ခု၊ ဇန္နဝါရီလ။

## ဒွါရာဝတီ–သံတွဲမြို့ရှိ ဘုရားလှရှပ်တုတော်ကို မင်းဗာကြီးထပ်မံ၍ ကုသိုလ်ပြုခြင်း

မင်းဗာကြီးသည် သံတွဲမြို့ရှိ ရွှေဆံတော်၊ ရွှေနံတော်၊ ရွှေအံတော် စေတီတော်သုံးဆူကို မွမ်းမံပြုပြင် လှူဒါန်းပြီးသည့်နောက် **"ဝါသုရ"** အမည်ရှိသော အံတော်တောင်၏ အနောက်ဘက်ခြေရင်းတွင် **"ဘုရားလှရှပ်တုတော်ကြီး"** သီတင်းသုံးတော်မူရန် ဂန္ဓကုဋီကျောင်းတော်ကို **"တစ်ဝရူ"** ပုံစံမျိုးဖြင့် တည်ထားပူဇော်ခဲ့ပါသည်။

မူလက ဂန္ဓကုဋီတိုက်၏ဝင်ဝကို ကျောက်တုံးကျောက်ခဲကြီးများဖြင့် အခိုင်အခံ့တည်ဆောက်ကာ လှူဒါန်းခဲ့ခြင်းဖြစ်သည်။ နောင်အခါ ယင်းဂန္ဓကုဋီတိုက်၏ဝင်ဝကို ဖြိုဖျက်၍ မျက်မှောက်ခေတ် အုတ်အင်္ဂတေတို့ဖြင့် အစားထိုးပြင်ဆင်ခဲ့ကြလေသည်။ နောက်ပြီး **"ဘုရားလှရှပ်တုတော်ကြီး"** ၏ မဟာရာမ်တံတိုင်းကိုလည်း မူလက ကျောက်တုံးကျောက်ခဲကြီးများဖြင့် အခိုင်အခံ့တည်ဆောက်ကာ လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ယခုအခါ ယင်းမဟာရာမ်ကျောက်တံတိုင်းတို့ကိုလည်း ဖြိုချ၍ ယခုခေတ် အုတ်အင်္ဂတေတို့ဖြင့် အစားထိုးပြင်ဆင်ထားသည်ကိုလည်း တွေ့ရှိရပြန်ပါသည်။




ရခိုင်ဘုရင်မင်းဗာကြီးသည် ဆုတောင်းပြည့်ဘုရားလှဘုရားကြီး၏ ဂန္ဓကုဋီတိုက်နှင့် မဟာရာမ်တံတိုင်းတို့ကို ကောင်းမှုပြုခဲ့စဉ်က တူးဖော်လှူဒါန်းထားခဲ့သော **"ဘုရားလှဘုရားကြီး သောက်တော်ရေကန်"**

ယင်းကဲ့သို့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်လက်ရာများကို သူ့မူအတိုင်း မထိန်းသိမ်းဘဲ မိမိသဘောဆန္ဒအတိုင်း ပြင်ဆင်ပြုလုပ်ကြခြင်းသည် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သော သမိုင်းအမွေအနှစ်များကို ဖျက်ဆီးရာရောက်ပါ



ယခုလက်ရှိ ဆုတောင်းပြည့်ဘုရားလှဘုရားကြီး ဂန္ဓကုဋိတိုက်ပုံတော်။



ဆုတောင်းပြည့်ဘုရားလှဘုရားကြီး တန်ဆောင်းအတွင်းရှိ သမိုင်းဝင်ခေါင်းလောင်းပုံ။

သည်။ ထိုကဲ့သို့ ဂန္ဓကုဋီတိုက်ဝင်ဝနှင့် မဟာရာမ်ကျောက်တံတိုင်းများကို ဖြိုဖျက်ရုံမျှဖြင့် မကျေနပ်နိုင်သေးဘဲ ဘုရားရုပ်တုတော်ကြီး၏ မျက်စိ(မျက်လုံး)တော်ကိုပါ နှောင်းခေတ်လက်ရာတို့ဖြင့် အစားထိုးကာ ပြင်ဆင်ခဲ့ကြပြန်ပါသေးသည်။ ယင်းလုပ်ရပ်သည် သမိုင်းတန်ဖိုးကို ဖျက်ဆီးရာရောက်သည့်အတွက် ရဟန်းရှင်လူတို့ အထူးရှောင်ကြဉ်သင့်ကြပါသည်။

ဂန္ဓကုဋီတိုက်တော်ကြီးကိုတော့ ရှေးမူမပျက် ယနေ့ထက်တိုင် တွေ့မြင်နိုင်ပါသေးသည်။ ယင်းအဆောက်အဦးကိုလည်း မပျက်စီးရအောင် ထိန်းသိမ်းထားသင့်ပါကြောင်း အသိပေးရပါသည်။

မင်းဗာကြီးသည် ဘုရားလှရုပ်တုတော်ကြီး၏ ဂန္ဓကုဋီကျောင်းတော်နှင့် မဟာရာမ်ကျောက်တံတိုင်းကို ကောဇာ-၈၉၃-ခုတွင် လှူဒါန်းခဲ့သည်ဟူ၍ကား တထစ်ချမှတ်ယူ၍ မဖြစ်နိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ဆံတော်, နံတော်, အံတော် စေတီတော်မြတ်များကို ကုသိုလ်ပြုပြီးမှ ဆက်လက်လှူဒါန်းခဲ့ခြင်းဖြစ်သောကြောင့် သက္ကရာဇ်-၈၉၄-ခု (အေဒီ-၁၅၃၂-)တွင်သာ ဖြစ်နိုင်စရာရှိကြောင်း တင်ပြအပ်ပါသည်။



ဂန္ဓကုဋီတိုက်အတွင်းရှိ ဆုတောင်းပြည့်ဘုရားလှဘုရားကြီးပုံတော်

ဘုရားလှရုပ်တုတော်ကြီး၏ နောက်ကျောတည့်တည့် ကိုက်(၄၀၀)ခန့် အကွာတွင် မင်းဗာကြီးသည် ရေကန်တစ်ကန်ကိုလည်း တူးဖော်၍ လှူဒါန်းခဲ့ပါသေးသည်။ အဆိုပါရေကန်မှာ လာလာသမျှဘုရားဖူးများအတွက် သောက်ရေမချို့တဲ့စေခြင်းငှါလည်းကောင်း၊ ဘုရားကြီးအား သောက်တော်ရေချမ်းများ ကပ်လှူပူဇော်နိုင်ခြင်းငှါလည်းကောင်း၊ ရည်ရွယ်ချက်ဖြင့် ကုသိုလ်ပြုလှူဒါန်းခဲ့ခြင်း ဖြစ်ပါသည်။

(မှတ်ချက်)

ဘုရားလှရုပ်တုတော်ကြီးမှာ ယခုအခါ ရွှေအံတော်တောင်ခြေရှိ အံတော်တိုက်ကျောင်း ခြံဝန်းထဲတွင် တင့်တယ်သပ္ပယ်စွာဖြင့် သီတင်းသုံးလျက်ရှိပါသည်။ အဆိုအပါဘုရားကြီးမှာ ဒွါရာဝတီ-သံတွဲမြို့၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဖြစ်၍ လေ့လာဖူးမျှော်စရာ ဌာနတစ်ခုလည်း ဖြစ်ပါသည်။

မည်သည့်မြို့၊ ရွာ၊ အရပ်ဒေသ၌မဆို သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်မှန်သမျှတို့ကို မိမိ

သဘောဆန္ဒအလျောက် မပြုပြင်သင့်ကြောင်း၊ ပြုပြင်မည်ဆိုပါကလည်း ရှေးမူမပျက် ပြုပြင်သင့်ကြောင်း စသည်တို့ကို သတိရစိမ့်သောငှါ စာရေးသူ၏ **"ရှေးခေတ်ယဉ်ကျေးမှုလက်ရာကို မဖျက်ဆီးသင့်"** ဟူသော ကဗျာဖြင့် အသိပေး တိုက်တွန်းလိုက်ရပေသည်။

**ရှေးခေတ်ယဉ်ကျေးမှုလက်ရာကို မဖျက်ဆီးသင့်**

* ဆင်ခြင်ဉာဏ် ခေါင်းပါးမှုနဲ့
ရှေးခေတ်လက်ရာများကိုတဲ့ ပြင်ဆင်။
ရှေးမူကို ပုံစံဖျက်လို့
ဖြည့်စွက်သည်ပင်။
နောက်မူဖြင့် အသစ်ထွင်
လုပ်ချင်တဲ့ စိတ်ထား။
တန်ဖိုးတွေ အကုန်လုံး
ဆုံးရှုံးတကား။

* ရှေးမူဟန် လက်ရာဟောင်း
ပြန်ပြောင်းလို့ ပြင်ချင်လျှင်။
မူလပုံ စံတမျှ
ပြုကြစေချင်။
တူနိုင်သမျှ တန်ဖိုးပင်
ပြင်ဆင်သူတွေ မှတ်ထား။
ယဉ်ကျေးမှု အမွေအနှစ်
ချစ်သင့်တကား။

* သူ့ခေတ်နဲ့ သူ့လက်ရာ။
ယဉ်ကျေးမှု ဂုဏ်ရည်တိုး
ဖိုးထိုက်ပညာ။
မူမပျက် ပြင်ဆင်ကာ
နိုင်မာစွာ တည်ထား။
သမိုင်းမှာ သူ့တန်ဖိုးက
တိုးလို့ထင်ရှား။ ။

**ဒွါရာဝတီ-အသျှင်ကုသလ**
ကျိန်းရိပ်မြေမဂ္ဂဇင်း၊ အမှတ်(၇)
၂၀၀၉-ခု။

## ဒွါရာဝတီ–သံတွဲမြို့က ဘုရားလှရုပ်တုတော်ကို မည်သူလှူဒါန်းသနည်း

ဒွါရာဝတီ-သံတွဲမြို့ ရွှေအံတော်စေတီတောင်ခြေ အံတော်တိုက်ကျောင်း ခြံထဲက **"ဘုရားလှရုပ်တုတော်"** ကို မည်သူလှူဒါန်းသနည်း? ဟူသော အမေးကို အဖြေရှာကြည့်ဖို့ လိုပါလိမ့်မည်။ **"ဘုရားလှ"** ရုပ်တုတော်နှင့်ပတ်သက်၍ ကောင်းမှုရှင်ကို ရှာကြည့်သော် ကောဇာ-၇၉၉-ခု၊(အေဒီ-၁၄၃၇)က **"သံတွဲမိဖုရားစောယဉ်မိ"** ရေးစပ်သီကုံးခဲ့သည့် **"မေတ္တာစာရတု"** သည် အနိုင်မာဆုံး အထောက်အထားတစ်ခု ဖြစ်ပါသည်။

ယင်းရတု၏ ပထမအပိုဒ်တွင် **"နှမဟူပြီး၊ မတ်ကြီးကျော်သူ၊ အလှူဒါန၊ ပေးဘူးကလည်း၊ ဘုရားလှကျော်"** ဟူ၍ **"ဘုရားလှ"** ကို တွေ့ရသည်။ အဆိုပါရတုအရ သံတွဲမိဖုရားစောယဉ်မိ ရတုမရေးစပ်မီ ရှေးအခါကာလကပင် ဤဘုရားမှာ လူသိများပြီး အလွန်ထင်ရှားကျော်ကြားလျက် ရှိနေပြီဖြစ်ကြောင်း သိရှိရပါသည်။

နောက်ထပ်ခိုင်မာသော အထောက်အထားတစ်ခုကို တွေ့ရပြန်ပါသည်။ ယင်းမှာ ဘုရားလှရုပ်တုတော်ကြီး သီတင်းသုံးတော်မူရာ ဂန္ဓကုဋီတိုက်၏အဝင်ဝကို ကောဇာသက္ကရာဇ်-၁၃၂၃-ခု(အေဒီ-၁၉၆၁-ခု)နှစ်တွင် အသစ်ပြင်ဆင်ရန် လုပ်ကိုင်ခဲ့ကြ၏။ ထိုအခါ **"သက္ကရာဇ်-၆၉၀"** ဟု ရေးထိုးပါရှိသည့် အုတ်တစ်ချပ်ကို တွေ့ရှိခဲ့ကြလေသည်။

ယင်းသက္ကရာဇ်-၆၉၀-မှာ ဘုရားလှရုပ်တုတော်ကြီးကို ထုလုပ်တည်ထားပူဇော်သော **"သက္ကရာဇ်"** ဖြစ်နိုင်ပါသည်။ သံတွဲမိဖုရားစောယဉ်မိရတုရေးစပ်ချိန် (သို့မဟုတ်) ရေးစပ်သည့်နှစ်မတိုင်မီ **"နှစ်ပေါင်း-၁၀၉"** က ဖြစ်နေသည့်အတွက် အလွန်သဘာဝကျလေသည်။ ရတုစာသားနှင့်လည်း ကိုက်ညီမှုရှိပါသည်။ ထို့ကြောင့် **"ဘုရားလှရုပ်တုတော်ကြီး"** ကို **"အမတ်ကြီးကျော်သူ"** အလှူဒါနပြုခဲ့သော ဘုရားဟူ၍ ယာယီအားဖြင့် မှတ်ယူသင့်ပါသည်။

သို့ဖြစ်၍ **"ဒွါရာဝတီ-သံတွဲမြို့က ဘုရားလှရုပ်တုတော်ကြီးကို မည်သူလှူဒါန်းသနည်း"** ဆိုပါလျှင် ရခိုင်တို့လေးမြို့ခေတ် သာသနာသက္ကရာဇ်-၁၈၇၂-ခု၊ ကောဇာ-၆၉၀-ခု၊(အေဒီ-၁၃၂၈)တွင် ဒွါရာဝတီ-သံတွဲမြို့က **"အမတ်ကြီးကျော်သူ"** ကောင်းမှုပြုလှူဒါန်းခဲ့သော ဘုရားဟူ၍ မှတ်ယူကြရမည်ဖြစ်ပါသည်။

[မှတ်ချက်။ ။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် မဂဓတိုင်းပြည် ဘုရင်အာသောကမင်းလက်ထက်၊ ရဟန္တာအရှင်မြတ်များ တတိယသင်္ဂါယနာတင်တော်မူခဲ့ကြပါသည်။ တတိယသင်္ဂါယနာ တင်တော်မူခဲ့ပြီးနောက် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်၏ စေလွှတ်ချက်အရ အရှင်မဟာရေဝမထေရ် ဦးဆောင်သော ပဥ္စဝဂ်ရဟန္တာအရှင်မြတ်တို့သည် သာသနာတော်သက္ကရာဇ်-၂၃၆-ခု၊ (ဘီစီ-၃၀၈)တွင် ရခိုင်ပြည်၊ တတိယဓညဝတီခေတ်၊ စန္ဒာသူရိယမင်းမှ (၆)ဆက်မြောက် သူရိယစက္ကမင်းလက်ထက်တွင် ဒွါရာဝတီ-သံတွဲမြို့သို့ကြွရောက်တော်မူလာကြပြီးလျှင် သံတွဲမြို့စား ဓမ္မသူရအမတ်ကြီးအား ဆံတော်, နံတော်, အံတော် သရီရဓာတ်တော်များကို စေတီတော်မြတ်များ တည်ထားရန်အတွက် အသီးသီးပေးအပ်ခဲ့ပါသည်။

ဓမ္မသူရအမတ်ကြီးလည်း ဘုရားရှင်ဗျာဒိတ်တော် ထားခဲ့သည့်အတိုင်း ဝါသုရတောင်ပေါ်၌ **"မြွေငန်းမင်း"** ဖြစ်ခဲ့ဖူးသောကြောင့် အံတော်ဓာတ်ကို ဌာပနာပြု၍ **"အံတော်စေတီ"** ကိုလည်းကောင်း၊ ရောဟကူဋတောင်ပေါ်၌ **"ခါမင်း"** ဖြစ်ခဲ့ဘူးသောကြောင့် နံတော်ဓာတ်ကို ဌာပနာပြု၍ **"နံတော်စေတီ"** ကိုလည်းကောင်း၊ မဏိကေသတောင်ပေါ်၌ **"စာမရီသားမင်း"** ဖြစ်ခဲ့ဘူးသောကြောင့် ဆံတော်ဓာတ်ကို ဌာပနာပြု၍ **"ဆံတော်စေတီ"** ကိုလည်းကောင်း အသီးသီး တည်ထားတော်မူလေသည်။ ထိုအချိန်ကစေတီတော်များ၏ ဉာဏ်တော်အမြင့်မှာ နွားလားတစ်မော့ ၃-တောင်၊ ၂-

မိုက်(၅-ပေ)ခန့်သာရှိခဲ့ပါသည်။

ထို့နောက် ကောဇာသက္ကရာဇ်-၁၄၁-ခု (အေဒီ-၇၇၉)တွင် သံတွဲမြို့စား **"မင်းစက်ချုပ်"** သည် အံတော်စေတီတော်မြတ်ကို ငုံလျက် တည်ထားတော်မူခဲ့လေသည်။ သက္ကရာဇ်-၁၄၄-ခု(အေဒီ-၇၈၂)တွင် သံတွဲမြို့စား **"မင်းညိုခင်"** သည် ဆံတော်စေတီတော်မြတ်ကို ငုံလျက် တည်ထားတော်မူခဲ့လေသည်။ သက္ကရာဇ်-၁၆၇-ခု(အေဒီ-၈၀၅)တွင် သံတွဲမြို့စား **"မင်းဥက္ကာ"** သည် နံတော်စေတီတော်မြတ်ကို ငုံလျက် မွမ်းမံတည်ထားတော်မူခဲ့လေသည်။

မြောက်ဦးခေတ်တွင် မင်းဗာဘုရင်သည် ဒွါရာဝတီ-သံတွဲမြို့စားဖြစ်စဉ်အခါက မင်းဖြစ်မည့် အတိတ်တဘောင်များ ပေါ်ပေါက်ခဲ့၍ **"တိုင်းပြည်အုပ်ချုပ်မင်းလုပ်ရပါမူ ဒွါရာဝတီ-သံတွဲမြို့ရှိ စေတီတော်မြတ်သုံးဆူကို မွမ်းမံပြင်ဆင် ပူဇော်ပါမည်။"**ဟု အဓိဋ္ဌာန်ပြုခဲ့သောကြောင့် မြောက်ဦးမြို့ကို သိမ်းပိုက်အောင်မြင်၍ မင်းအဖြစ်သို့ ရောက်လာသည့်အခါ သစ္စာအဓိဋ္ဌာန်ပြုခဲ့သည့်အတိုင်း ကောဇာသက္ကရာဇ်-၈၉၃-ခု (အေဒီ-၁၅၃၁)တွင် ကြီးစွာသော အလှူကိုပြု၍ စေတီတော်သုံးဆူကို မွမ်းမံတည်ထားတော်မူခဲ့ပါသည်။




မြန်မာနိုင်ငံ ပထမဆုံး ကျောက်စာဝန်ဖြစ်သော ဂျာမန်လူမျိုး ဒေါက်တာဖိုးရှမ်းမား ရိုက်ကူးထားသော ဆုတောင်းပြည့်ဘုရားလှဘုရားကြီး မူလဂန္ဓကုဋီတိုက်ပုံတော်။

ထိုမှဆက်လက်၍ ဘုရားလှရုပ်တုတော်ကြီး၏ ဂန္ဓကုဋီကျောင်းတော်နှင့် မဟာရာမ်ကျောက်တံတိုင်း အပါအဝင် သောက်တော်ရေကန်တစ်ကန်ကိုလည်း တူးဖော်၍ လှူဒါန်းခဲ့ပါသည်။ ။

[မင်းဆက်ချုပ်-မှတ်ဖွယ်။ ။ ရခိုင်ကောဇာ-၁၃၂-မှ-၁၄၁-ထိ၊ (ခရစ်အေဒီ-၇၇၀-မှ-၇၇၉-ထိ) က ဒွါရာဝတီ-သံတွဲမြို့ကို အုပ်ချုပ်သူ **"မင်းဆက်ချုပ်"** နှင့်ပတ်သက်၍ ရာဇဝင်ကျမ်းများ၌ ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်ကို သိပ်မတွေ့ရ။ အုပ်ချုပ်သော နှစ်ကာလတိုတောင်း၍လည်း ဖြစ်နိုင်သည်။

ရခိုင်ရာဇဝင်အရ ဒွါရာဝတီ-သံတွဲမြို့ကို အုပ်ချုပ်သူ **"မင်းဆက်ချုပ်"** (အေဒီ-၇၇၀-မှ-၇၇၉-ထိ)သည်၊ လေးမြို့ခေတ်၊ ပထမစမ္ပဝက်မြို့တည် **"ငတုံမင်း"** (ငမင်းငတုံမင်းလည်းဟူ၏) (ရခိုင်ကောဇာ-၁၅၆-မှ-၁၈၀-ထိ) (အေဒီ-၇၉၄-မှ-၈၁၈-ထိ)ထက် စောခဲ့သည်မှာ အမှန်ဖြစ်ကြောင်း **"ရခိုင်အင်းစောက်ရာဇဝင်"**၊ ၂၂-အင်္ဂါ၊ ၉-ကြောင်းပေမူ၊ ဂေါ်-ချပ်၊ ရင်၊ ကြောင်းရေ-(၈)နှင့်၊ ဂံ-ချပ်၊ ကြော၊ ကြောင်းရေ-(၁)တွင်-

"ထိုအခါ ဒွါရာဝတီ-သံတွဲမြို့တွင် **"မင်းဆက်ချုပ်"** ပေါ်သည်။ မင်းပြုသည်။ ထို့နောက် **"ဓညဝတီမြို့"** တွင် **"ငမင်းငတုံးမင်း"** မှစ၍ . ၆. ဆက်။" ဟူ၍ တွေ့ရသည်။ ယင်း၌ **"ဓညဝတီမြို့"** ဟူသည် ဓညဝတီခေတ်က မြို့ဟု မယူဘဲ၊ ဓညဝတီ နယ်မြေက "ပထမစမ္ပဝက်မြို့"ဟု အသင့်အားဖြင့် ယူပါ။

ယင်း"ရခိုင်အင်းစောက်ရာဇဝင်"အရ မင်းအမည်မှာလည်း **"မင်းစက်ချုပ်"** မဟုတ်ဘဲ၊ **"မင်းဆက်ချုပ်"**ဟူ၍သာ **"ဆလိမ်ကသတ်"** ဖြင့် ဖော်ပြထားသည်ကို တွေ့ရသည်။ စက်-နှင့် ဆက်မှာ အသံအားဖြင့် နီးစပ်သောကြောင့် အရေးအသားပြောင်းသွားခြင်းလည်း ဖြစ်နိုင်သည်။ ။]

**"ဘုရားလှုဗုဒ္ဓ၊ တည်ကြပြုလစ်၊ သတ္တရာဇ်။**

**ဆနှင့်နဝ၊ သုညသချာ၊ နှစ်ကောဇာ။ ။"**

**ဒွါရာဝတီ-အသျှင်ကုသလ**

## ဒွါရာဝတီ–သံတွဲမြို့ အံတော်ဘုရားတိုင်ရတု

ဒွါရာဝတီ-သံတွဲမြို့ အံတော်ဘုရားတိုင်ရတုကို ရေးသားစပ်ဆိုသူမှာ **"စစ်ကိုင်းထောင်သင်း၊ စလင်းလက်ယာ၊ ပြည်မှာနဝဒေး"** ဟူ၍ သုံးမည်ရ သုံးဘွဲ့ခံ **"ပထမနဝဒေးကြီး"** ဖြစ်ပါသည်။ နဝဒေးကြီးသည် အံတော်ဘုရားတိုင်ရတုကို ရေးသားစပ်ဆို ဖြစ်ခဲ့သည်မှာ အကြောင်းရှိပါသည်။ အကြောင်းကား ဤသို့တည်း။

တောင်ငူဘုရင် တပင်ရွှေထီးသည် **"စတုရက်သူနှင့် သမိန်အဲနရဲ"** စသော စစ်သူကြီးငါးယောက်တို့ကို ဆင်မြင်းရဲမက်ဗိုလ်ပါနှင့်တကွ သက္ကရာဇ်-၉၀၆-ခု (အေဒီ-၁၅၄၄)တွင် စေလွှတ်၍ ဒွါရာဝတီ-သံတွဲမြို့ကို တိုက်ခိုက်စေခဲ့ပါသည်။ ထိုအခါ ရခိုင်ဘုရင် မင်းဗာကြီး၏ညီတော် မင်းအောင်လှသည် ဒွါရာဝတီ-သံတွဲမြို့ကို စားရသူဖြစ်သည်။ သံတွဲမြို့စား မင်းအောင်လှသည် ဇုန္တာတ်စသော စစ်သူကြီးသုံးပါးနှင့်အတူ စစ်သည်ရဲမက်ဗိုလ်ပါတို့နှင့် ရွှတ်ရွှတ်ချွန်ချွန်တိုက်ခိုက်လေသော် မင်းတရားရွှေထီးတပ်မခံနိုင်၍ ထွက်ပြေးဆုတ်ခွာခဲ့ရ၏။

နောက်တစ်ကြိမ် သက္ကရာဇ်-၉၀၇-ခု (အေဒီ-၁၅၄၅)တွင်လည်း **"မင်းတရားရွှေထီး"** သည် မွန်၊ ဗမာ၊ သျှမ်းတို့ကို ခေါ်ဆောင်လျက် ကိုယ်တိုင်ချီလာပြီးလျှင် ဒွါရာဝတီ-သံတွဲမြို့ကို ဒုတိယအကြိမ် ကျူးကျော်တိုက်ခိုက်လာပြန်၏။ ထိုအခါ **"သံတွဲမြို့စား မင်းအောင်လှ"** သည် ဇုန္တာတ်စသော စစ်သူကြီးခြောက်ဦးတို့နှင့်တကွ စစ်သည်ရဲမက်ဗိုလ်ပါအပေါင်းတို့ဖြင့် ယခင်အတိုင်း ညီညီညွတ်ညွတ် တိုက်ခိုက်ပြန်လေသော် မင်းတရားရွှေထီး၏ စစ်သည်ရဲမက်တို့သည် မခံနိုင်သောကြောင့် ထွက်ပြေးဆုတ်ခွာခဲ့ရပြန်၏။

နောက်တစ်ကြိမ် သက္ကရာဇ်-၉၀၈-ခု (အေဒီ-၁၅၄၆)တွင်လည်း မင်းတရားရွှေထီးသည် စစ်သည်အင်အားအလုံးအရင်းဖြင့် ရေကြောင်း၊ ကြည်းကြောင်းခွဲကာ ကိုယ်တိုင် ဒွါရာဝတီ-သံတွဲမြို့ကို ချီလာပြန်၏။ သံတွဲမြို့စား မင်းအောင်လှနှင့် စစ်သည်ရဲမက်ဗိုလ်ပါတို့ ခုခံတိုက်ခိုက်ကြသော်လည်း လက်နက်အင်အား၊ လူအင်အား မမျှတသဖြင့် ဒွါရာဝတီစစ်သည်တော်တို့သည် မြောက်ဦးမြို့တော်သို့ ဆုတ်ခွာလာခဲ့ရ၏။ မင်းတရားရွှေထီးတို့သည်ကား ဒွါရာဝတီ-သံတွဲမြို့ကို ရလေ၏။

ထိုစဉ်က တပင်ရွှေထီး၏ တပ်မကြီးကို အုပ်ချုပ်လာသူကား **"ဘုရင့်နောင်"** တည်း။ ဘုရင့်နောင်သည် သံတွဲမြစ်တစ်ဘက်ကမ်းရှိ အံတော်ကျေးရွာ၏ အရှေ့မြောက်ဘက်၌ စခန်းချရပ်နားစဉ် စစ်သည်ရဲမက်ဗိုလ်ပါနှင့် စစ်ရိက္ခာဖြည့်တင်းခိုက် အတူပါလာသော စစ်ထွက်စာဆို-နဝဒေးကြီးသည် အောက်ပါ **"အံတော်ဘုရားတိုင်ရတုပိုဒ်စုံ"** ကို ရေးစပ်သီကုံး၍ ဆက်သွင်းခဲ့လေသည်။

(၁) **ခရီးမြေရှည်**။ ။ ချီရသည်မူ။ ဘယ်လည်ဖြတ်ထုံ့။ ခေါက်တုံ့ကွေ့ရှောင်။ စောင်းထောင်ဖီလာ။ ခဲစွာတက်သက်။ ကျောက်စက်ကုန်းရှည်။ နက်သည်ကမ်းဆင်း။ ကျတ်ပွန်ကျင်းနှင့်။ ခုံချင်းနွယ်တန်း။ နည်းခန်းရေရှား။ များသည့် ခနောင်း။ ဝှန်ချောင်းကျိုက်ပွက်။ ဓားသို့ထက်မျှ။ ချခက်စခန်း။ ခါးပန်းမြင့်မော။ ငေါနှင့်ဘိုးခေါင်။ တိမ်တောင်ထိမျှ။ လွန်ခဲ့မှတည့်။ ရိုင်းလှသည့်မြေ။ ရောက်တုံလေသော်။ * ဖျားရေချောင်းပြင်။ ရှက်ကြို့ဝင်သည်။ ။ * လောင်လင်မျက်ရှည် နောက်တော့သည်။ ။

၁။ ဖျားရေ = ဒီရေ။

၂။ လောင်လင် = (ပေါရာဏ) ပူလောင်သည်။

(၂) **မနီးရွှေပြည်**။ ။ နေရသည်မူ။ ထက်ရည်မိုးသို့။ ပျံသည်မြို့ဝယ်။ ရန်စို့ပယ်ချိုး။ ဖြူရိပ်မိုးသား။ တန်ခိုး ထန်ပြင်း။ ရခိုင်မင်း၏။ ဦးကင်းထိပ်စ။ နင်းမည်ချသော်။ ကာလအလျောက်။ ဆင်ရာမြောက်ဟု။ ဖြောက်ဖြောက်လေသွေး။ မှိုင်းမှိုင်းမြေးမျှ။ တိမ်ရေးဖြူလှပ်။ ချယ်မထပ်တည့်။ ရင်လပ်ဖော်နည်း။ တယောက်တည်းကို။ ဝှန်သည်းဗျာပါ။ ရှိအောင်ရှာ၍။ ခါမဟုတ်ဘဲ။ လိုမဲ့ဖွဲ့က။ ပြောင်းလဲကြလို။ တောထိုထိုလည်း။ မိုးကိုမလင့်။ ရော်ရွက်လွင့်သည်။ ။ မြနှင့်ရွှေရည် ပြောက်တော့သည်။ ။

(၃) **အပြီးဆွေသည်**။ ။ နေကြရည်၍။ ခေါ်မည်ဝါကျွတ်။ ပျော်ရမှတ်လည်း။ လွမ်းဆွတ်ရစ်ခွေ။ ကြာရ လေခဲ့။ ရင်ရွှေစုံသစ်။ ဖူးစဖြစ်၍။ ထပ်ရစ်ယှဉ်နွဲ့။ မစဲရိပ်မြုံ။ ဆုံတုံပြန်လှုံ့။ ချစ်တုံ့ ချစ်စ။ ရှည်ရမမြင့်။ စစ်နှင့်သာသာ။ ပန်းကြာရေလွတ်။ နွမ်းခွေညွတ်သို့။ တွင်မှတ်ဒွါရာ။ သူ့ရပ်ရွာဝယ်။ ခြောက်ဖြာ ရောင်ကျော်။ နေလပေါ်သို့။ အံတော်မည်ပင်။ ဆံရှင်သကျ။ ဘုရားလှ၍။ ဒီပသောင်းတွင်း။ ယူနိုင်ခြင်းသည်။ သနင်း ဘုန်းခေါင်။ ပြန်လွယ်အောင်ဟု။ ရည်ခေါင်ရှိအုပ်။ ထိပ်ဆက်ချုပ်သည်။ ။ ကျွန်ုပ်သာကြည် လျှောက်တော့သည်။ ။ [ရတုကဗျာမှတ်ဖွယ်]

အပိုဒ်(၁)အရ ▪ စစ်ထွက်စာဆို နဝဒေးက ရခိုင်တို့၏ ဒွါရာဝတီ-သံတွဲမြို့သို့ စစ်ချီလာရာတွင် လမ်းခရီးက ကြမ်းတမ်းပုံ။ တောင်တွေက မြင့်မားပုံ၊ ချောက်ကမ်းပါးတွေက မတ်စောက်ပုံ။ ခက်ခက်ခဲခဲ လာခဲ့ရပုံအပြင် ချောင်း၌ ဖျားရေ(ဒီရေ) အတက်အကျ ရှိပုံတို့ကို ဖွဲ့ဆိုထားသည်ကို တွေ့ရသည်။

အပိုဒ်(၂)အရ ▪ ဒွါရာပူရံ မိုးသို့ပျံသည့် သံတွဲမြို့သည် ရခိုင်နယ်မြေ ရခိုင်မင်းတို့၏ ဦးကင်းထိပ်စနှင့်တူပုံ။ ဆောင်းဦးပေါက်စ အခါသမယဖြစ်သဖြင့် မြူဆိုင်းလျက် မှိုင်းကျနေပုံ။ တောတောင်တစ်ဝိုက် ကို ကြည့်လိုက်ပြန်ကလည်း ရော်ရွက်ဝါများ လွင့်ပျံလျက်ရှိပုံ။ သစ်ပင်တောတောင်တို့မှာလည်း မြနှင့်ရွှေကို ပေါင်းစပ်ထား သကဲ့သို့ ရှိပုံတို့ကို ဖွဲ့ဆိုထားသည်ကို တွေ့ရသည်။

အပိုဒ်(၃)အရ ▪ စစ်ခရီးက ကြာမြင့်လှပြီ ဖြစ်သဖြင့် မိမိနေရပ်ကို လွမ်းဆွတ်လျက်ရှိပုံ။ စစ်ကြောင့် ပင်ပန်း လှသဖြင့် ရေမရှိသောပန်းကြာကဲ့သို့ နွမ်းနွမ်းနယ်နယ်ရှိပုံ။ ဒွါရာဝတီနယ်မြေမှာတော့ နေလ ပေါ်နေသည့်အလား ဆံတော်၊ နံတော်၊ အံတော်တို့ရှိပုံ။ သားမယားနှင့် ခွဲခွာရသည်မှာ ကြာမြင့်လှပြီ။ စစ်ကိစ္စပြီးမြောက်ပါ စေဟု ဆုတောင်းပြည့်ဘုရားလှမှာ ရှိခိုး ဆုတောင်း ရပုံတွေကို ဖွဲ့ဆိုထားခြင်းဖြစ်ပါသည်။

**ဒွါရာဝတီ-အသျှင်ကုသလ**

## ဒွါရာဝတီ–သံတွဲမြို့ရှိ ဂူကြီးနှင့် ဂူငယ်ဘုရား

**"ဉာဏ်တော်ဝင်းမော။ ထန်းတောတသီး။ ဂူကြီး , ဂူငယ်။ သိမ်လယ်ရိပ်တွင်း။ ရုပ်ဆင်းနှစ်ဆူ။ အတူ ရှေ့ဆိုင်။ ဘုရားပြိုင်၍။"**

သံတွဲမိဖုရား-စောယဉ်မိ

သက္ကရာဇ်-၇၉၉(အေဒီ-၁၄၃၇)

အထက်ပါသံတွဲမိဖုရားစောယဉ်မိ၏ **"မေတ္တာစာရတု"** စာသားသည် သံတွဲမြို့၏ သမိုင်းဝင်ဂူကြီးဘုရားနှင့် ဂူငယ်ဘုရားတို့၏ တည်ရှိနေပုံ အနေအထားကို ရေးစပ်ဖွဲ့ဆိုထားသော ရတုစာသားဖြစ်ပါသည်။ ဂူကြီးဘုရားနှင့် ဂူငယ်ဘုရားကို နှောင်းခေတ်လူတို့ အငြင်းမပွားရလေအောင်, သံသယမဖြစ်ရလေအောင် လက်စွမ်းပြရေးဖွဲ့ထားပုံမှာ အလွန်ပင် ချီးကျူးလောက်ပါပေ၏။

**"ဂူကြီး-ဂူငယ်"**ဟူသော ရတုစာသားအရ ဂူကြီးဘုရားနှင့် ဂူငယ်ဘုရားတို့မှာ **"တစ်ဝဂူ"** ဘုရားများဖြစ်ကြ၏။ ဘုရားတည်စဉ်ကာလက အလျင်တည်၍ပြီးသော ဘုရားကို အကြီးအရာမှာထားကာ **"ဂူကြီးဘုရား"** ဟုခေါ်ကြပြီးလျှင်၊ နောက်မှတည်၍ပြီးသော ဘုရားကို အငယ်အရာမှာထားပြီး **"ဂူငယ်ဘုရား"** ဟု ခေါ်နေကြခြင်း ဖြစ်ပါသည်။ လူတို့တွင်လည်း **"အမြွာပူး"** မွေးဖွားရာတွင် အလျင်မွေးဖွားသူကို **"ကိုကြီး"**၊ နောက်မှ မွေးဖွားသူကို **"ကိုငယ်"** ဟု ခေါ်ဝေါ် သကဲ့သို့မှတ်အပ်၏။

ဂူကြီးဘုရားမှာ သံတွဲမြို့၏ အရှေ့ဘက် **"ဂူကြီးခုံရွာ"** အနီးတွင် တည်ရှိပြီး၊ ဂူငယ်ဘုရားမှာ **"တလင်းဆိပ်ကျေးရွာ"** တန့်တော်မူတောင်ကုန်းပေါ်တွင် တည်ရှိပါသည်။ ဘုရားတစ်ဆူနှင့်တစ်ဆူမှာ ၂-ဖာလုံခန့်ဝေးပါသည်။

**"ထန်းတောတသီး"** ဟူသော ရတုစာသားအရ ရှေးအခါက ထန်းပင်ထန်းတောတို့ဖြင့် တစ်သီးတစ်သန့်စီ တည်ရှိနေခဲ့ကြပါသည်။ ထန်းပင် ထန်းတောဟူရာ၌ ၁၃၄၉-၅၀ခန့်က ဘုန်းတော်ကြီးဦးပဏ္ဍိတ(လူအမည်-ဦးမြင့်ဆန်း) စိုက်ပျိုးထားရှိခဲ့သော ဂူကြီးဘုရားနားက ယခုခေတ်ထန်းပင်ထန်းတောကို ဆိုလိုသည်မဟုတ်ပါ။

ကောဇာသက္ကရာဇ်-၁၃၇၀-ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း(၈)ရက်၊ (၅. ၁၁. ၂၀၀၈) ဗုဒ္ဓဟူးနေ့ ည(၈)နာရီ၊ (၄၅)မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားသော သက်တော်(၉၄)နှစ်၊ သိက္ခာ (၇၄)ဝါရ၊ သက်တော်ရှည် တန့်တော်မူဆရာတော်ကြီး မပျံလွန်မီက စာရေးသူအား ပြောပြချက်အရ **"ထိုဘုရားနှစ်ဆူတို့တွင် ရှေးယခင်က ထန်းပင်ထန်းတောများ အဆက်မပြတ် ရှိနေခဲ့ကြကြောင်း၊ ထန်းပင်များမှာ အသက်ကြီး၍ တစ်မျိုး, မိုးကြိုးပစ်၍ တစ်ဖုံ သေဆုံးကုန်ကြကြောင်း၊ တစ်ချို့အသုံးလိုသူများက ခုတ်လှဲ၍ယူကြကြောင်း"** သိရှိရပါသည်။

ရခိုင့်ယဉ်ကျေးမှုအရ ဘုရားတည်လျှင် ဘုရား၏အနီးအနားဝန်းကျင်၌ ထန်းပင်စိုက်ပျိုးလေ့ရှိခဲ့ကြသဖြင့် **"ဘုရားနှင့်ထန်းပင်၊ ထန်းပင်နှင့်ဘုရား"** မှာ အလွန်ပနံရသော မြင်ကွင်းတစ်မျိုးကို ယနေ့ထက်တိုင် တွေ့မြင်နေကြရခြင်း ဖြစ်ပါသည်။

**"သိမ်လယ်ရိပ်တွင်း"** ဟူ၍ ရေးဖွဲ့စပ်ဆိုထားသည့်အတိုင်း အမှန်တကယ်လည်း ယင်းဘုရားနှစ်ဆူစလုံးမှာ သိမ်ထဲတွင် တည်ထားသော ဘုရားများဖြစ်ကြ၏။ ရှေးခေတ်ရခိုင်မင်းတို့သည် သာသနာ့ဆိုင်ရာ ဘုရားစေတီတည်


ထားမည့် မြေနေရာကို သိမ်အဖြစ် သတ်မှတ်(သိမ်သမုတ်)ပြီးကာမှ သိမ်ထဲတွင် ဘုရားတည်သော ယဉ်ကျေးမှုအစဉ်အလာ တစ်ရပ် ရှေးကရှိခဲ့ကြပါသည်။ အဘယ်ကြောင့် ဤကဲ့သို့ ပြုရသနည်းဟူမူ တောကျေးလက်တွင် သာသနာပြုနေကြရသော ဂါမဝါသီရဟန်းတော်များနှင့် အရညဝါသီရဟန်းတော်များအနေဖြင့် ဥပုသ်ပြုကံဆောင်ကိစ္စများ လွယ်ကူစွာ ဆောင်ရွက် လုပ်ကိုင်နိုင်ရန် ဤကဲ့သို့ စီစဉ်ဆောင်ရွက်ခဲ့ကြလေသလောဟု စဉ်းစားကြည့်မိသည်။



သံတွဲမြို့၊ ဂူကြီးစေတီတော် (မပြုပြင်မီပုံ)

သိမ်အဖြစ်သိရှိနိုင်ဖို့ရာ စတင်တည်ဆောက်စဉ်က သိမ်နိမိတ်ကျောက်တိုင်များ စိုက်ထူ၍ သတ်မှတ်ပေးခဲ့ကြ၏။ နှစ်ဆူစလုံးတွင် သိမ်နိမိတ်တိုင်များရှိနေသည်ကို စာရေးသူကိုယ်တိုင် ရှာဖွေကြည့်ရှုသဖြင့် သိရှိခဲ့ရပြီး ဖြစ်ပါသည်။ ယခုအခါ ယင်းသိမ်နိမိတ်တိုင်တို့သည် ဂူကြီးဘုရားတွင်သာ အနည်းငယ်ကျန်ရှိပြီး၊ ဂူငယ်ဘုရားမှာမူ မရှိတော့ချေ။ ဘုရားကိုပြုပြင် လှူဒါန်းသူတို့က သမိုင်းအမြင်ဖြင့် ပြုပြင်လှူဒါန်းကြခြင်း မဟုတ်ဘဲ၊ လှပတင့်တယ် သပ္ပါယ်ဖို့လောက် ကိုသာ ဦးစားပေးခဲ့ကြသဖြင့် ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်များ, သမိုင်း၏အမှတ်သင်္ကေတများ ပျောက်ပျက် ဆုံးရှုံးခဲ့ကြရခြင်း ဖြစ်ပါသည်။

**"ရုပ်ဆင်းနှစ်ဆူ၊ အတူရွှေ့ဆိုင်၊ ဘုရားပြိုင်၍"**ဟူသော ရတုစာသားသည် သဘာဝယုတ္တိနှင့် အာဂမယုတ္တိကို ပို၍ခိုင်လုံစေခဲ့ပါသည်။ ဘုရားနှစ်ဆူဖြစ်ပြီး တစ်ဆူနှင့် တစ်ဆူမှာလည်း အသွင်သဏ္ဌာန်(ရုပ်ပွားတော်နှင့် စေတီတော်ကို ပြုလုပ်တည်ထားပုံ)မှာ တူညီသလို၊ ထိုဂူကြီး, ဂူငယ်စေတီတော်နှစ်ဆူ၏အတွင်း၌ ထုဆစ်တည်ထားသော ကျောက်ဆင်းတု နှစ်ဆူမှာလည်း လက်ရာပုံစံချင်း အတူတူပင်ဖြစ်ကြောင်း သိရှိရပါသည်။ ဟုတ်သည် မဟုတ်သည်ကို ကိုယ်တိုင်သွား




သံတွဲမြို့၊ ဂူကြီးခုံရွာအနီးရှိ "ဂူကြီးစေတီတော်" (ပြုပြင်ပြီးပုံ)



သံတွဲမြို့၊ ဂူကြီးစေတီအတွင်းရှိ ရှေးဟောင်းရုပ်ပွားဆင်းတုတော်ပုံ။

ရောက်ပြီး ဖူးမျှော်ကြည်ညိုနိုင်ကြပါသည်။

သို့သော် ဂူကြီးဘုရားမှာ မူလလက်ရာအတိုင်း ရှိနေသေးပြီး၊ ဂူငယ်ဘုရားမှာတော့ မျက်စိအပါအဝင် တစ်ကိုယ်လုံးကို နှောင်းခေတ်လက်ရာတို့ဖြင့် အစားထိုးပြင်ဆင်လိုက်ကြသည့်အတွက် သမိုင်းတန်ဖိုးများ ဆုံးရှုံးသွားခဲ့ရပေတော့သည်။




သံတွဲမြို့၊ ဂူငယ်စေတီတော် (မပြုပြင်မီပုံ)

**"အတူရွှေဆိုင်၊ ဘုရားပြိုင်၍"** ဟူ၍ သံတွဲမိဖုရားစောယဉ်မိရေးဖွဲ့ထားခဲ့သည့်အတိုင်း ဂူကြီးဘုရားနှင့် ဂူငယ်ဘုရားတို့မှာ မျက်နှာချင်းရွှေဆိုင်လျက် အပြိုင်တည်ထားသော ဘုရားများဖြစ်ကြပါသည်။ ဂူကြီးဘုရားသည် ဂူငယ်ဘုရားရှိရာ (တန့်တော်မူတောင်) အရပ်သို့ တူရူမျက်နှာမူလျက် ရှိသလို၊ ဂူငယ်ဘုရားသည်လည်း ဂူကြီးဘုရားရှိရာ (ဂူကြီးခုံ) အရပ်သို့ တူရူမျက်နှာမူလျက် ရှိနေသည်ကို တွေ့မြင်နိုင်ပါသည်။

ဂူကြီးနှင့် ဂူငယ်ဘုရားနှစ်ဆူကို တည်ထားသည့် ခေတ်ကာလအပိုင်းအခြားနှင့် ကောင်းမှုရှင်ကို ရှာကြည့်သော် ဤသို့တွေ့ရ၏။ ယင်းဘုရားနှစ်ဆူကို ကန်သုံးဆင့်မြို့နှင့် ဝေသာလီကျောက်လှေကားမြို့တည် မဟာစန္ဒြား(ဒွေင်စန္ဒြား)မင်းမှ (၁၁)ဆက်မြောက်၊ ပဲဖြူမင်းလက်ထက် ကောဇာ-၁၃၈-မှ၁၅၆-ထိ (အေဒီ-၇၇၆-မှ-၇၉၄-ထိ)ကာလအတွင်းက တည်ထားသော ဘုရားဖြစ်ကြောင်း သိရှိရပါသည်။

ယင်းအချိန်က ဒွါရာဝတီ-သံတွဲမြို့ကို **"မင်းညိုခင်"** အုပ်ချုပ်လျက်ရှိသည်။ အဆိုပါမင်းညိုခင်သည် ဂူကြီးနှင့် ဂူငယ်ဘုရားနှစ်ဆူကို ကောင်းမှုပြုကာ တည်ထားခဲ့၏။ ဘုရားနှစ်ဆူတည်ထားချိန်မှာ သာသနာတော် သက္ကရာဇ်-၁၃၂၇-ခု၊ ကောဇာသက္ကရာဇ်-၁၄၅-ခု၊ (ခရစ်အေဒီ-၇၈၃-)က ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။



သံတွဲမြို့၊ တလင်းဆိပ်ကျေးရွာအနီးရှိ "ဂူငယ်စေတီ" (ပြုပြင်ပြီးပုံ)
(တန့်တော်မူစေတီတော်ဟူ၍လည်း ခေါ်တွင်လျက်ရှိကြသည်။)



သံတွဲမြို့၊ ဂူငယ် (တန့်တော်မူ) စေတီအတွင်းရှိ ရှေးဟောင်းရုပ်ပွားဆင်းတုတော်ပုံ။



သံတွဲမြို့၊ ဂူငယ် (တန့်တော်မူ) စေတီအာရုံခံတန်ဆောင်းအတွင်းရှိ ရှေးဟောင်းခေါင်းလောင်းပုံ။

ယင်း **"မင်းညိုခင်"**သည် သာသနာသက္ကရာဇ်-၁၃၂၆-ခု၊ ကောဇာသက္ကရာဇ်-၁၄၄-ခု၊ (ခရစ်အေဒီ-၇၈၂) ခုနှစ်ကလည်း ဒွါရာဝတီ-သံတွဲမြို့ မဏိကေသတောင်ပေါ်ရှိ ဆံတော်စေတီတော်ကို ငုံလျက် မွမ်းမံပြင်ဆင် လှူဒါန်းခဲ့ပါသေးသည်။ (၁)

[မှတ်ချက်။ ။ ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း၊ ပဋ္ဌမတွဲ၊ ယဉ်ကျေးမှုကဏ္ဍ၊ စာ-၁၀-၌ သံတွဲမြို့စား မင်းညိုခင်သည် ဆံတော်စေတီတော်မြတ်ကို သက္ကရာဇ်-၁၄၆-ခုနှစ်က ငုံလျက်တည်ထားခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။] (၂)

အထက်က စာရေးသူရေးသားဖော်ပြခဲ့သော **"ကောဇာသက္ကရာဇ်-၁၄၅"** ဆိုသည်မှာ ဝေသာလီခေတ်(အေဒီ-၃၂၇-မှ-၈၁၈-ထိ)၊ စန္ဒာသူရိယမင်း၏ အနွယ်တော်သူရိယကေတုမင်း၏သား မဟာစန္ဒရား(ဒွေင်စန္ဒြား)မှ (၇)ဆက်မြောက် သီရိစန္ဒရား(သီရိဓမ္မဝိဇယ)မင်းလက်ထက်၊ ရခိုင်အလို **"ဥတ္တမကိန်း"** သက္ကရာဇ်-၅၆၂-မှ-၅၆၀-ကို ဖြို၍၊ အကြွင်းနှစ်ခုထားခဲ့သည်မှ ရေတွက်လာသော သက္ကရာဇ်ဖြစ်ပါသည်။

(မှတ်ချက်။ ။ ဗမာအလို ပုပ္ပါးစောရဟန်းမင်းလက်ထက် **"ခ-ဆ-ပဥ္စကိန်း"** (သို့မဟုတ်) အာလမ္ဗိတကိန်း အရ သက္ကရာဇ် ၅၆၂-ခု၊ အရောက်တွင် ၅၆၀-ကိုဖြိုျ၍ အကြွင်း-၂ခု ထားကာ ရေတွက်လာခဲ့သော သက္ကရာဇ်ကို ဆိုလိုပါသည်။

ထို့ကြောင့် **"သံတွဲမြို့စား မင်းညိုခင်"** တည်ထားခဲ့သော ဂူကြီးဘုရားနှင့် ဂူငယ်ဘုရား၊ တို့၏သက်တမ်းကာလ မှာ ယခုရောက်ရှိနေသော သက္ကရာဇ်-၁၃၇၇ခုနှင့် တွက်ယူပါမူနှစ်ပေါင်း ၁၂၃၂ နှစ်သို့တိုင်အောင်ရောက်ရှိ နေပြီဖြစ် ကြောင်း သိရှိရပါသည်။ ဝေသာလီ ကျောက်လှေကားခေတ်၏ ခေတ်နှောင်းကာလပင်တည်း။ လေးမြို့ခေတ်မစမီ ၃၅- နှစ်အလိုက ဖြစ်ခြင်းကြောင့် ဘုရားနှစ်ဆူစလုံး၏ လက်ရာမှာ ဝေသာလီခေတ်လိုလို, လေးမြို့ခေတ်လိုလိုလက်ရာများ ဖြစ်နေပါသည်။ သို့သော် ဘုရားနှစ်ဆူတည်ထားချိန်မှာဝေသာလီခေတ်ထဲတွင် ဖြစ်ခြင်းကြောင့် ဝေသာလီခေတ်လက်ရာ ဟူ၍ကား ဆုံးဖြတ်ချက်ချရမည် ဖြစ်ပါသည်။

အထက်ဖော်ပြပါ ဂူကြီး,ဂူငယ်ညီနောင်ဘုရားနှစ်ဆူ၏ တည်ထားပြီးစီးသောနှစ်မှာ သာသနာနှစ် ၁၃၂၇ခု၊ ကောဇာနှစ်-၁၄၅ခု၊ (ခရစ်နှစ် ၇၈၃)ဖြစ်ခြင်းကြောင့် လက်ရှိပုဂံမြို့ကို **"ပျဉ်ပြားမင်း"** မတည်ဆောက်ရသေးမီနှစ်ပေါင်း ၆၆ (ခြောက်ဆယ့်ခြောက်)နှစ်အလိုက တည်ထားခဲ့သော ဘုရားများဖြစ်ကြောင်း သိရှိရပါတော့သည်။ ။

**ဒွါရာဝတီ-အသျှင်ကုသလ**

---

(၁) ကျော်ရင်၊ ဦး၊ ကထိက၊ ရန်ကုန်တက္ကသိုလ်။ ။သံတွဲမြို့ ရွှေဆံတော်စေတီသမိုင်းသစ်၊ စာ-၂၃-။
(၂) ရခိုင်ပြည်နယ် ဖြစ်စဉ်သမိုင်း၊ ပဥ္စမတွဲ၊ စာ-၁၀။

## ဒွါရာဝတီ-သံတွဲမြို့လေးမျက်နှာကုန်းတော်ပေါ်ရှိ ဆုတောင်းပြည့်ရုပ်တုညီနောင်

**"ညိုးတောင်းဗျာပါ။ ညိုကင်းမှာကို။ ဥက္ကာကောင်းမှု။ ရုပ်တုနှစ်ဆူ။ ညီနောင်တူတို့။ ဆုယူဆုပြည့်။ တောင်းကုန်လှည့်ဟု"။**

သံတွဲမိဖုရား-စောယဉ်မိ
သက္ကရာဇ်-၇၉၉ (အေဒီ-၁၄၃၇)

ဒွါရာဝတီ-သံတွဲမြို့လေးမျက်နှာကုန်းတော်ပေါ်ရှိ **"ဆုတောင်းပြည့်ရုပ်တုညီနောင်"**သည်လည်း ဒွါရာဝတီ-သံတွဲမြို့၏ ရှေးဟောင်းသမိုင်းဝင်ဘုရားများ ဖြစ်ကြပါသည်။ ထိုရုပ်တုညီနောင်သည် **"လေးမျက်နှာ စေတီတော်"** ထက် ရှေးကျသောကြောင့် ထိုဆုတောင်းပြည့် ရုပ်တုညီနောင်အကြောင်းကို ရှေးဦးထား၍ ရေးသားတင်ပြသွားပါမည်။

ဒွါရာဝတီ-သံတွဲမြို့ကို **"မင်းညိုခင်"** အုပ်ချုပ်ပြီးနောက်ပိုင်းကာလ၌ **"မင်းဥက္ကာ"** က ဆက်လက်၍ အုပ်ချုပ်ခဲ့သည်ကို တွေ့ရပါသည်။ **"မင်းညိုခင်"** လက်ထက်က **"ဂူကြီးနှင့်ဂူငယ်ဘုရားနှစ်ဆူ"** ကို အမှတ်တရ ကုသိုလ်ပြုသွားခဲ့သလို၊ **"မင်းဥက္ကာ"** သည်လည်း သူ့လက်ထက်မှာ လေးမျက်နှာကုန်းတော်ပေါ်၌ **"ဆုတောင်းပြည့်ညီနောင်နှစ်ဆူ"** ကို တည်ထားပူဇော်ခဲ့လေသည်။ **"ဥက္ကာကောင်းမှု"** ဟူ၍ မှတ်တမ်းတင်ရလောက်အောင် ဒွါရာဝတီ-သံတွဲမြို့စား **"မင်းဥက္ကာ"** ၏ဘုရားများမှာလည်း ယနေ့ထက်တိုင် ထင်ရှားလျက်ပင်ရှိနေပါသေးသည်။

"မင်းဥက္ကာ"တည်ထားခဲ့သော ကောင်းမှုတော်နှစ်ဆူကို **"သံတွဲမိဖုရား စောယဉ်မိ"** က **"ရုပ်တုနှစ်ဆူ၊ ညီနောင်တူတို့"** ဟူ၍ သူ၏ရတုတွင် ထည့်သွင်းရေးသား စပ်ဆိုခဲ့၏။ ရုပ်တုတော်ညီနောင်မှာ အမှန်ပင်တူညီလှဘိ၏။ ထိုသို့တူခြင်းကြောင့်လည်း မည်သည့်ဘုရားကအကြီး၊ မည်သည့်ဘုရားကအငယ်ဟူ၍ **"ဂူကြီးနှင့် ဂူငယ်"** ဘုရားတို့ ကဲ့သို့ ခွဲခြားခေါ်ဝေါ်ခြင်းမရှိပါ။ **"ဆုတောင်းပြည့်ညီနောင် ရုပ်တုနှစ်ဆူ"** ဟူ၍သာ မှတ်သားထားကြ၏။ အချို့က သံတွဲမြစ်ကို ကျောပေးထားသော ဆင်းတုတော်ကို အကြီး၊ ကျုံးတွင်းဘက်ကို ကျောပေးထားသော ဆင်းတုတော်ကို အငယ်ဟူ၍လည်း သတ်မှတ်ထားကြကြောင်း သိရှိရပါသည်။

မင်းဥက္ကာတည်ထားခဲ့သည့် ထိုဘုရားညီနောင်နှစ်ဆူ၏ ခေတ်ကာလအပိုင်းအခြားကို ရှာကြည့်သော် ဤသို့ တွေ့ရှိရ၏။

အချိန်ကာလမှာ ဝေသာလီကျောက်လှေကားခေတ် (အေဒီ-၃၂၇-မှ-၈၁၈-ထိ)ကို တည်ထောင်သူ မဟာစန္ဒရား (ဒွေင်စန္ဒြား) မင်းမှ ၁၂-ဆက်မြောက်နောက်ဆုံး **"ငတုံမင်း"** လက်ထက်(အေဒီ-၇၉၄-မှ-၈၁၈-ထိ)တွင် ဒွါရာဝတီ-သံတွဲမြို့၌ **"မင်းဥက္ကာ"** အုပ်ချုပ်လျက်ရှိပါသည်။

ထိုမင်းဥက္ကာသည် **"ဆုတောင်းပြည့် ရုပ်တုညီနောင်"** ကို သာသနာတော် သက္ကရာဇ်-၁၃၃၈-ခု၊ ကောဇာ သက္ကရာဇ်-၁၅၆-ခု၊ (အေဒီ-၇၉၄)တွင် ကောင်းမှုပြု တည်ထားပူဇော်ခဲ့ပါသည်။ ရုပ်တုတော်နှစ်ဆူမှာ ရှေးဟောင်း ဘုရားများဖြစ်ကြသော်လည်း ခေတ်အဆက်ဆက် မွမ်းမံပြင်ဆင်ခဲ့ကြသည့် အတွက်ကြောင့် မူလလက်ရာအတိုင်း မဖူးမြော်ရတော့ချေ။





**"ဆုယူဆုပြည့်၊ တောင်းကုန်လှည့်"** ဟူ၍ သံတွဲမိဖုရားစောယဉ်မိက သူမ၏ရတုတွင် သည်ဘုရားနှစ်ဆူမှာ

**"မင်းဥက္ကာ"**ကောင်းမှုပြုခဲ့သည့် **"ဆုတောင်းပြည့်"** ဘုရားများဖြစ်သောကြောင့် **"ဆုတောင်းလှည့်ပါ"** ဟု ဖိတ်ခေါ်ထားသည့်အတိုင်း ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ သွားရောက်ဖူးမျှော်ပူဇော်ကြကာ မိမိတို့လိုရာဆုကို တောင်းသင့်ပါကြောင်း နှိုးဆော်တိုက်တွန်းလိုက်ရပေသည်။

[မှတ်ချက်။ ။ရခိုင်ညွန့်ဖူးယဉ်ကျေးမှုဆောင်းပါးများ စာအုပ်တွင် **"ဆရာမောင်စံဖော်"** ၏ **"ဥက္ကာဇစ်"** ဟူသော ဆောင်းပါးတစ်ပုဒ်ကိုတွေ့ရသည်။ ယင်းဥက္ကာဇစ်သည် မင်းသားဥက္ကာ၏ အကြောင်းကို အပိုဒ်ပေါင်း-၁၂၁-ပိုဒ်ဖြင့် ဖွဲ့ဆိုထားသော ကဗျာလင်္ကာကြီးဖြစ်ကြောင်း သိရှိရသည်။ ယင်းစာမူကို စစ်တွေမြို့နေ စာပေသုတေသီ ဆရာကြီးမောင်ဗသိန်းထံမှ ရရှိကြောင်းကိုလည်း သူ၏ဆောင်းပါးအရ သိရှိရသည်။

ယင်းဆောင်းပါး၌ **"ဥက္ကာဇစ်"** မှ ကောက်နုတ်၍ ဖော်ပြသောစာပိုဒ်တွင် **"ခုနစ်ခရိုင်၊ တောင်စဉ်အထွတ်၊ ကိုဝ့်ပါးရပ်မှာ"**ဟူသော လင်္ကာစာပိုဒ်ကလေးတစ်ပိုဒ် ထုတ်ပြထားသည်ကို ဖတ်ရှုရသည်။ သို့ဖြစ်၍ ခုနစ်ခရိုင်တောင်စဉ်သည် ဒွါရာဝတီ-နယ်မြေ၏ အမည်နာမဖြစ်ခြင်းကြောင့် ယင်းစာသားအရ သံတွဲမြို့၌ အုပ်ချုပ်နေထိုင်သွားသော မင်းဥက္ကာနှင့် ဥက္ကာဇစ်၌ပါသော ဥက္ကာသည် ဆက်စပ်မှုရှိနေသလောဟု တွေးတောစဉ်းစားမိပါသည်။]

**ဒွါရာဝတီ-အသျှင်ကုသလ**

## ဒွါရာဝတီ–သံတွဲမြို့နှင့် လေးမျက်နှာစေတီတော်

**"လေးတိုင်ပြဲပြား။ တည်ထားသင့်စွာ။ လေးမျက်နှာလည်း။ ရွှေသားရွှေပြောင်း။ လျှံတမောင်းနှင့်။"**

သံတွဲမိဖုရား-စောယဉ်မိ

သက္ကရာဇ်-၇၉၉(အေဒီ-၁၄၃၇)

ဒွါရာဝတီ-သံတွဲမြို့လေးမျက်နှာ ကုန်းတော်ပေါ်ရှိ **"လေးမျက်နှာ စေတီတော်"** သည် သာသနာတော် သက္ကရာဇ်-၁၉၅၀-ခု၊ ကောဇာသက္ကရာဇ်-၇၆၈-ခု၊ (အေဒီ-၁၄၀၆-)က မွန်နှင့်ရခိုင် နှစ်ပြည်ထောင် မဟာမိတ်ပြုခဲ့ကြသည့် အထိမ်းအမှတ်အဖြစ် ပေါ်ထွက်လာသော စေတီတော်ဖြစ်ပါသည်။

**"လေးမျက်နှာကုန်း"** ဟူသော အမည်သည် **"လေးမျက်နှာစေတီတော်"** မတည်မီက **"သဗ္ဗညီရိမုနိစက္က ကုန်းတော်"** ဟုအမည်ရှိခဲ့သော်လည်း **"လေးမျက်နှာစေတီတော်"** တည်ထားပူဇော်ပြီးကာမှ ဘုရားကို အစွဲပြု၍ **"လေးမျက်နှာကုန်း"**ဟူသော အမည်နာမသည်လည်း ထင်ရှားလာခဲ့ရပေတော့သည်။ ဤကုန်းမြေသည် လေးမျက်နှာ စေတီတော် မတည်ထားမီ ရှေးနှစ်ပေါင်းများစွာကလည်း ဒွါရာဝတီ-သံတွဲမြို့၏ ထင်ရှားသော သမိုင်းဝင်သာသနာ့ကုန်းမြေ တစ်ခု ဖြစ်ခဲ့ပါသည်။ ယနေ့မျက်မှောက်ခေတ်တိုင်အောင်လည်း ထင်ရှားလျက်ပင်ရှိပါသည်။ လေးမျက်နှာစေတီတော် ပေါ်ပေါက်လာခဲ့ရခြင်း၏ သမိုင်းကြောင်းအကျဉ်းမှာ ဤသို့ဖြစ်ပါသည်။

မွန်နှင့်ရခိုင်သည် ရှေးနှစ်ပေါင်းများစွာကပင် နယ်မြေချင်းဆက်စပ်လျက်ရှိခြင်းကြောင့် စစ်ရေး, နိုင်ငံရေးအရ အမြဲဆက်စပ်လျက်ရှိပါသည်။ ဘာသာရေးအရ ထေရဝါဒဗုဒ္ဓဘာသာကို ကိုးကွယ်မှုချင်းလည်း တူညီကြသလို၊ စာပေအနေဖြင့်လည်း ကိုယ့်စာပေနှင့်ကိုယ် ရပ်တည်လာခဲ့ကြပါသည်။ စာပေဟူရာ၌ ရခိုင်လူမျိုးတို့တွင် **"ရခိုင်စာပေ"** (ယနေ့ခေတ်-မြန်မာစာပေဟု သတ်မှတ်ခံထားရသောစာ) ရှိသလို၊ မွန်လူမျိုးတို့တွင်လည်း **"မွန်စာပေ"** ဟူ၍ ကိုယ်ပိုင် စာပေရှိခဲ့ကြပါသည်။ ထိုခေတ်က မွန်နှင့်ရခိုင်တို့၏ နယ်မြေအပိုင်းအခြားမှာ ပုသိမ်နှင့် မြောင်းမြသည် မွန်တို့၏ နယ်နိမိတ်အဆုံးဖြစ်ပြီး၊ ဟိုင်းကြီးကျွန်းနှင့် မော်တင်စွန်းသည်လည်း ရခိုင်တို့၏ နယ်နိမိတ်အဆုံးပင်ဖြစ်ပါသည်။

[မှတ်ချက်။ ။ မွန်တို့၏ **"ရာမညတိုင်း"** ကို (၁)သထုံ၊ မုတ္တမ။ (၂) ဒဂုံ၊ ဒလ။ (၃) ပုသိမ်၊ မြောင်းမြ ဟူ၍ သုံးရပ် သုံးဌာနပိုင်းခြားခဲ့ကြသည်။ ယင်းကို သမိုင်းရာဇဝင်၌ **"တလိုင်းသုံးရပ်"** ဟူ၍ ခေါ်တွင်ခဲ့ကြသည်။ ရခိုင်လူမျိုးတို့၏ **"ဝတီလေးရပ်"** ပိုင်းခြားသတ်မှတ်ပုံနှင့် သဘောအားဖြင့်တူညီသည်။]

တစ်ခါက ပုသိမ်မြို့စား **"လောက်ရှိန်"** သည် **"ပြတ်ဇ"** ၏အန္တရာယ်ကြောင့် ဒွါရာဝတီ-သံတွဲမြို့သို့ ထွက်ပြေး ခိုလှုံလာခဲ့ရသည့် သာဓကေ ရှိခဲ့သလို၊ (၁)


သံတွဲစား**"နရနု"** သည်လည်း ပဲခူးဘုရင် မွန်မင်းရာဇာဓိရာဇ်ထံသို့ ခိုလှုံကာ အကူအညီတောင်းခဲ့ရသည့် သာဓကေလည်း ရှိခဲ့ပါသည်။ (၂)

---

(၁) စည်သူဂါမဏိသင်္ကြံအမတ်။ ။ ရာဇာဓိရာဇ်အရေးတော်ပုံ-စာ-၂၁၉၊ နံ့သာတိုက် (၁၃) ၁၀၇-လမ်း၊ မင်္ဂလာတောင်ညွန့် ရန်ကုန်။ ၁၉၆၇-ခု၊ မတ်လ။

(၂) စန္ဒမာလာလင်္ကာရ၊ အသျှင်။ ။ ရခိုင်ရာဇဝင်သစ်ကျမ်း၊ ဒုတိယတွဲ-စာ-၃၊ ရခိုင်သားကြီးစာပေ၊ ဒုတိယအကြိမ်၊ ၁၉၉၇-ခု၊ နိုဝင်ဘာလ။

ယင်းသို့ ရှိခဲ့ကြရာ သံတွဲစားနရနုနှင့် ပဲခူးဘုရင် ရာဇာဓိရာဇ်တို့ အဆက်အသွယ်ရှိခဲ့ကြပုံ သမိုင်းကြောင်းကို အကျဉ်းမျှ ရေးသားတင်ပြပါမည်။



သံတွဲမြို့၊ လေးမျက်နှာကုန်းတော်ပေါ်ရှိ "လေးမျက်နှာစေတီတော်"

အောင်မြေသာစည်

လေးမြို့ခေတ်၊ လောင်းကြက်မြို့၊ ရွှေနန်းရှင် **"ဘုရင်နရမိတ်လှ"** ကို အင်းဝဘုရင်မင်းခေါင်၏သား **"မင်းရဲကျော်စွာ"** လာရောက်တိုက်ခိုက်သဖြင့် အေဒီ-၁၄၀၆-ခုနှစ်တွင် ဘုရင်နရမိတ်လှသည် အနောက်ပြည်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရ၏။

အင်းဝဘုရင်မင်းခေါင်သည် ရခိုင်တို့၏ လောင်းကြက်မြို့ထီးနန်းကို ရလေသော် သမက်တော် **"နော်ရထာစောနှင့် သမီးတော်ရွှေပြည့်ချမ်းသာ"** တို့ကို နန်းတင်ပေးခဲ့၏။ ထိုအခါ ညီတော်သံတွဲစား **"နရနု"** သည် ပဲခူးဘုရင်မွန်မင်းရာဇာဓိရာဇ်ထံသို့ ခိုဝင်၍ စစ်ရေးအကူအညီတောင်းခဲ့ရ၏။

ထိုအခါ ရာဇာဓိရာဇ်မင်းသည် သံရွှင်စားအမတ်တိန်(အမတ်ဒိန်)ကို **"အင်းဝနိုင်"** ဟူသော အမည်ဖြင့် ဗိုလ်မှူးခန့်အပ်၍ မွန်စစ်သည်ပေါင်း ငါးသောင်းနှင့်တကွ သံတွဲစားနရနုကို နန်းတင်ရန် စေလွှတ်လိုက်၏။ အင်းဝနိုင်အမည်ရှိသော အမတ်တိန်လည်း သူရဲငါးသောင်းနှင့် ချီလာ၍ ရခိုင်တို့၏ လောင်းကြက်မြို့ထီးနန်းကို ဝန်းရံပိတ်ဆို့လျက်တိုက်ခိုက်လေသော် အင်းဝဘုရင်မင်းခေါင်၏ သမက်နော်ရထာစောနှင့် မှူးမတ်တစ်ရာကျော်တို့ကျဆုံးလေ၏။

အင်းဝနိုင်အမည်ရှိသော အမတ်တိန်တို့သည် လောင်းကြက်မြို့ထီးနန်းကို သိမ်းပိုက်ရရှိပြီးနောက် နရနုကိုနန်းတင်ပေးခဲ့၏။ နော်ရထာ၏ မိဖုရား အင်းဝဘုရင်မင်းခေါင်၏သမီး ရွှေပြည့်ချမ်းသာကို ယူဆောင်ပြီးလျှင် **"မောခွင်"** ဟူသော မွန်အမတ်ကို ရခိုင်၌ထားခဲ့ပြီး သက္ကရာဇ်-၇၆၉-ခု(အေဒီ-၁၄၀၇-ခု)တွင် ဟံသာဝတီပဲခူးသို့ ပြန်လေသည်။

ယင်းကဲ့သို့ **"မွန်နှင့်ရခိုင်၊ ရခိုင်နှင့်မွန်"** အပြန်အလှန်နှစ်ပြည်ထောင် မဟာမိတ်ဖွဲ့ကာ အဆက်အသွယ်ပြုခဲ့ကြရသည်။ အပြန်အလှန်အကူအညီပေးခဲ့ကြရသည်။ ထိုသို့မဟာမိတ်ဖြစ်ခဲ့ကြကြောင်း အထိမ်းအမှတ်အဖြစ်ဖြင့် ခရစ်အေဒီ-၁၄၀၇-ခု ပဲခူးသို့အပြန်တွင် ဒွါရာဝတီ-သံတွဲမြို့ လေးမျက်နှာကုန်းတော်ပေါ်၌ ဘုရားစေတီတစ်ဆူကို မွန်တို့၏ လက်ရာပုံစံမျိုးအတိုင်း တည်ထားပူဇော်ခဲ့ကြလေသည်။

**"လေးတိုင်ပြုငြား၊ တည်ထားသင့်စွာ၊ လေးမျက်နှာလည်း"** ဟူသော ရတုစာသားအရ ဘုရားရုပ်ပွားတော်တစ်ဆူ သီတင်းသုံးရာ **"မုခ်ဝတစ်မျက်နှာ"** ကို **"တစ်တိုင်"** ဟု ရေတွက်ရသည့်အတိုင်း၊ ယခုမွန်နှင့်ရခိုင်တို့ စစ်ရေးမဟာမိတ်ပြုသည့် အထိမ်းအမှတ်အဖြစ် တည်ထားခဲ့သောဘုရားမှာ **"မုခ်ဝလေးမျက်နှာ"** ရှိခြင်းကြောင့် **"လေးတိုင်"** ပြုထားခြင်းဖြစ်ကြောင်း ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။ယင်းသို့ မုခ်ဝလေးမျက်နှာ=လေးတိုင်ပြုတည်ထားသောဘုရားဖြစ်ခြင်းကြောင့် လေးမျက်နှာဘုရားဟုခေါ်တွင်ပါသည်။ ထိုဘုရားတည်ထားရာ ကုန်းမြေကိုလည်း **"လေးမျက်နှာကုန်းမြေ"** ဟူ၍ ယနေ့တိုင် ခေါ်တွင်လျက်ရှိကြသည်။

**ဒွါရာဝတီ-အသျှင်ကုသလ**

[မှတ်ချက်။ ။ တစ်တိုင်, နှစ်တိုင် (သို့မဟုတ်) တစ်တိုင်သား, နှစ်တိုင်သားဟူသော စကားဝေါဟာရသည် ရခိုင်လူမျိုးတို့၏ ပေါရာဏ+ဝေါဟာရစကားဖြစ်ကြောင်းသိမှတ်သင့်ပါသည်။]

## ဒွါရာဝတီမြို့က လေးဆူဇီပါဘုရား

**"လေးဆူဇီပါ"** ဟူသည် ဒွါရာဝတီ-သံတွဲမြို့ပေါ်ရှိ **"လေးမျက်နှာကုန်းနှင့် လေးမျက်နှာစေတီတော်"** ကို ခေါ်ကြောင်း သိရှိရပါသည်။ **"လေးမျက်နှာကုန်း"** ဟူ၍မတွင်ခင်က ဤတောင်ကုန်းကို **"သဗ္ဗသီရိမုနိစက္က ကုန်းတော်"** ဟု သံတွဲစားသိန္ဓုဝမင်းလက်ထက်က ခေါ်တွင်ခဲ့ကြောင်း **"မဟာမုနိစက် ရုပ်ပွားတော်မြတ် သွန်းလုပ်တော်မူပုံသမိုင်း"** စာအုပ်-စာ-၁၂၀ တွင် တွေ့ရှိရသည်။

၎င်းနောက် အဆိုပါ သာသနာ့ကုန်းမြေပေါ်၌ သာသနာသက္ကရာဇ်-၁၉၅၁-ခု၊ ကောဇာသက္ကရာဇ်-၇၆၉-ခု)၊ (အေဒီ-၁၄၀၇-ခု)က မွန်နှင့်ရခိုင်တို့ မဟာမိတ်ဖွဲ့ခဲ့ကြသည့် အထိမ်းအမှတ်အဖြစ် အရပ်လေးမျက်နှာသို့ မုခ်ဝလေးပေါက်ဖွင့်ကာ မုခ်တစ်ဝလျှင် ဘုရားတစ်ဆူစီဖြင့် **"လေးရပ်-လေးဆူ"** ဘုရားစေတီတော် တည်ထားခဲ့ကြသည်ကို အစွဲပြု၍ ကုန်းတော်ကို **"လေးဆူဇီပါကုန်း"**၊ ဘုရားဘွဲ့တော်ကိုလည်း **"လေးဆူဇီပါဘုရား"** ဟူ၍ နာမည်ပေးတော်မူခဲ့ကြကြောင်း သမိုင်းရာဇဝင်လာစကားအရ သိရှိရပါသည်။

ယခုအခါမှာကား ဘုရား၏ ဘွဲ့အမည်နာမကို တိတိကျကျသိရှိသူမရှိကြတော့သဖြင့် **"လေးမျက်နှာကုန်း၊ လေးမျက်နှာဘုရား"** ဟူ၍သာ အလွယ်တကူ ခေါ်ဝေါ်နေကြခြင်း ဖြစ်ပါသည်။

အဆိုပါလေးမျက်နှာကုန်းသည် တစ်ချိန်က သံတွဲမြို့သူ, မြို့သားအားလုံးနှင့် သက်ဆိုင်ခဲ့သော ဒွါရာဝတီသံတွဲမြို့၏ သာသနာတော်ဆိုင်ရာ သာသနာ့သမိုင်းဝင်ကုန်းမြေတစ်ခုဖြစ်ခဲ့ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

**ဒွါရာဝတီ-အသျှင်ကုသလ**

# ဒွါရာဝတီနယ်မြေက ရင်ဖုံးတောင်စေတီ

ဒွါရာဝတီ-သံတွဲမြို့အပိုင် မြှုပြင်ရွာနှင့် လင်းမူးတောင်ရွာအနီးရှိ တောင်ထိပ်ပေါ်တွင် **"ရင်ဖုံးတောင်စေတီတော်"** ဟူ၍ စေတီတော်တစ်ဆူတည်ရှိသည်။ သံတွဲမြို့နှင့်ဆိုပါမူ ၃-မိုင်ကျော်ခန့်ဝေးပြီး၊ ပြည့်ချောင်းတိုက်၏နယ်နိမိတ်အတွင်း၌ တည်ရှိသည်။

အဆိုပါရင်ဖုံးတောင်စေတီတော်ကို တည်ထားတော်မူခဲ့ကြသော မူလဘုရားဒါယကာ အမည်များနှင့် သက္ကရာဇ်မှာ လွဲချော်မှုရှိနေသည်ကို လေ့လာတွေ့ရှိရပေသည်။

ရင်ဖုံးတောင်စေတီတော် တည်ထားသည့်နှစ်ကို **"ကောဇာ-၉၄၇-ခု"**၊ ဟုယူမည်ဆိုပါက မူလဘုရားဒါယကာမှာ မင်းဗာကြီး၏သားထွေး **"မင်းဖလောင်းနှင့် မိဖုရားရှင်လတ်"** တို့ဖြစ်ကြောင်း သိမှတ်ရပါမည်။ အဘယ်ကြောင့်ဆိုသော ရခိုင်ဘုရင်မင်းဖလောင်းသည် ကောဇာ-၉၃၃-မှ ၉၅၅-ထိ၊ မြောက်ဦးထီးနန်းကို စိုးစံတော်မူသွားခဲ့သောကြောင့် ဖြစ်၏။ ဘုရားတည်နှစ်ကို ကောဇာ-၉၄၇-ခုကို ယူမည်ဆိုပါက ဘုရားဒါယကာမှာ မင်းဗာကြီးနှင့် မိဖုရားငယ်စောမဲကျီ တို့ လုံးဝမဖြစ်နိုင်တော့ပါ။ အဘယ်ကြောင့်ဆိုသော် စောမဲကျီသည် ကောဇာ-၉၁၄-ခုတွင် ကွက်မျက်ခံရပြီး ဖြစ်နေသောကြောင့်တည်း။

ရင်ဖုံးတောင်စေတီတော် တည်ထားသည့် မူလဘုရားဒါယကာအမည်ကို **"မိဖုရားစောမဲကျီ"** ဟု ယူမည်ဆိုပါက၊ ဒုတိယမြောက်ဦးခေတ်ကို တည်ထောင်တော်မူသော **"ရခိုင်ဘုရင်မင်းဗာကြီးနှင့် မိဖုရားငယ်စောမဲကျီ"** တို့ဖြစ်ကြောင်း သိမှတ်ရပါမည်။ အဘယ်ကြောင့်ဆိုသော် ရခိုင်ဘုရင်မင်းဗာကြီးသည် ကောဇာ-၈၉၃-မှ ၉၁၅-ထိ မြောက်ဦးထီးနန်းကို စိုးစံတော်မူသွားခဲ့သောကြောင့် ဖြစ်၏။

ရမ်းဗြဲမြို့နယ်သူ၊ နယ်သားများ၏ ဒေသဆိုင်ရာ သမိုင်းမှတ်တမ်းများအရ **"စောမဲကျီ"** ကို ကောဇာ-၈၇၅-ခု၊ (အေဒီ-၁၅၁၃) တွင် မွေးဖွားခဲ့ပြီး၊ ကောဇာ-၉၁၄-ခု၊ (အေဒီ-၁၅၅၂) တွင် ကွက်မျက်ခံခဲ့ရသည်ဟု အခိုင်အမာယူထားကြပါသည်။

စာရေးသူသည် ၂၀. ၄. ၂၀၁၆ မှ ၂၁. ၄. ၂၀၁၆ နေ့အထိ ရမ်းဗြဲမြို့နယ်၊ ကံဒိုင်းတိုက်နယ်၊ **"မီးကျောင်းတက်ရွာ"** ဘုန်းတော်ကြီးကျောင်းသို့ စာပေကိစ္စတစ်ခုဖြင့် ရောက်ဖြစ်ခဲ့ပါသည်။ ကိစ္စက **"စောမဲကျီပညာရေးလူငယ်အသင်း"** မှ ကြီးမှူးကျင်းပသော **"ရခိုင်စာပီဟောပြောပွဲ"** သို့ စာပေဟောပြောရန် ရောက်ရှိနေခဲ့ခြင်း ဖြစ်သည်။ ထိုဟောပြောပွဲတွင် ရမ္မာဝတီ-အသျှင်ပညာစာရ၊ မောင်လှိုင် (လမု)၊ နှင့် ရခိုင်အဆိုတော် ဦးမောင်သိန်းတို့လည်း ပါဝင်ခဲ့ကြသည်။

၂၁. ၄. ၂၀၁၆ နေ့ နံနက် ၇း၀၀ နာရီအချိန်တွင် **"အတွင်းပြင်ရွာ"** အနီးရှိ **"မိဖုရားစောမဲကျီ"** ၏ ကောင်းမှုတော်ဖြစ်သော **"နားမွေးတော်ဓာတ်"** ကိုလည်း သွားရောက်ဖူးမျှော်ခဲ့ပါသည်။ အတွင်းပြင်ရွာတွင် **"ကျောင်းသစ်"** နှင့် **"ကျောင်းဟောင်း"** ဟူ၍ နှစ်ကျောင်းရှိသည်။ ကျောင်းသစ်မှာ ရွာနှင့်နီးစပ်ပြီး ကျောင်းဟောင်းက **"နားမွေးတော်ဓာတ်"** ၏တောင်ခြေတွင် တည်ရှိနေသဖြင့် ဘုရားနှင့် နီးစပ်သည်။

အတွင်းပြင်ကျောင်းဟောင်း၏ ခေါင်းရင်း၊ နားမွေးတော်ဓာတ်တည်ထားရာ ဘုရားတောင်၏ ခြေရင်းတွင် မြောက်ဦးခေတ်လက်ရာများဖြစ်ကြသော ကျောက်ဆစ်လက်ရာစေတီငယ်များကို တွေ့ရှိရသည်။ ပြန်လည်ပြုပြင်လျှင် အကောင်းပကတိအတိုင်း ရရှိနိုင်သော စေတီမှာ နှစ်ဆူခန့်သာရှိပြီး၊ ကျန်စေတီတော်များမှာ ယိုယွင်းပျက်စီးလျက် ရှိနေ



ရင်ဖုံးတောင်စေတီတော်

ကြသည်ကို တွေ့ရှိရပါသည်။

စေတီငယ်များအနီးတွင် ဘုရားစတင်တည်ထားစဉ်ကပင် ကမ္ပည်းကျောက်စာရေးထိုးပြီး၊ စိုက်ထူထားခဲ့သည်ဟု ယူဆရသော ကျောက်တိုင်ငယ်များကို တွေ့ရှိရသည်။ ယင်းကျောက်တိုင်ငယ်များအနက် တစ်ခုသော ကျောက်တိုင်ငယ်တွင် -

"၈၉၅

**သက**" ဟူ၍ ရေးထိုးထားသော စာကို တွေ့ရှိရပါသည်။ ယင်းကျောက်စာတိုင်မှာ နန္ဒရာပင် (နာနတ်

ပင်) များ ဖုံးအုပ်နေသဖြင့် အလွယ်တကူ မမြင်သာချေ။ ကျောက်တိုင်၌ ရေးထိုးပါရှိသော **"၈၉၅ သက"** ဟူသည် **"သက္ကရာဇ်-၈၉၅-ခု"** ဟုဆိုလိုခြင်း ဖြစ်ပါသည်။

ယင်းသက္ကရာဇ်သည် နားမွေးတော်ဓာတ်အပါအဝင် စေတီငယ်များကို စတင်တည်ထားပူဇော်တော်မူခဲ့ကြသော သက္ကရာဇ်ဖြစ်ဖို့က များနေသည်။ အဆိုပါ သက္ကရာဇ်သည် **"နားမွေးတော်ဓာတ်"** ကို တည်ထားသော သက္ကရာဇ်အမှန် ဖြစ်ခဲ့မည်ဆိုပါက မူလဘုရားဒါယကာများမှာ **"ဘုရင်မင်းဗာကြီးနှင့် မိဖုရားငယ်စောမဲကျီ"** တို့ဖြစ်ဖို့က များစွာနီးစပ်လျက် ရှိနေပေတော့သည်။

ဇာတ်လမ်းကို အကျဉ်းချုပ်၍ ဖော်ပြရမည်ဆိုပါလျှင် **"ဘုရားဒါယိကာမ စောမဲကျီ"** သည်၊ ရမ်းဗြဲမြို့နယ်၊ ကံဒိုင်းတိုက်နယ်၊ **"ရွာရင်းရွာဇာတိ"** ဖြစ်ပြီး၊ သူ၏မိဘနှစ်ပါးမှာ လယ်သမားကြီး **"ဦးဖြူသီးနှင့် ဒေါ်မဲတူ"** တို့ဖြစ်ကြ၏။ မမဲကျီသည် သူငယ်ချင်းအဖော်များနှင့် ချောင်းထဲတွင် ငါးသယ့်ရာမှ **"ပတ္တမြားတစ်လုံး"** ကို ရရှိခဲ့လေသည်။



ရမ်းဗြဲ၊ ကံဒိုင်းတိုက်နယ်၊ အတွင်းပြင်ရွာ၊ နားမွေးတော်ဓာတ်စေတီ တောင်ခြေရင်းရှိ
**"၈၉၅–သက"** ဟူ၍ ရေးထိုးပါရှိသော ကျောက်တိုင်စာငယ်

ထိုသတင်း၏အကြောင်းစုံကို မြောက်ဦးရွှေနန်းရှင် ဘုရင်မင်းဗာကြီး ကြားသိလေသော် ခမ်းနားသော ပွဲလမ်းသဘင်ကျင်းပပြီး၊ မမဲကျီကို လာရောက်သိမ်းပိုက်ယူလေသည်။ မမဲကျီသည် ထူးခြားသော ပတ္တမြားပိုင်ရှင်ဖြစ်လေသောကြောင့် **"ပတ္တမြားဒေဝီစောမဲကျီ"** ဟူသော အမည်ကိုပေးကာ မိဖုရားမြှောက်တော်မူလေသည်။ ဘုရင်မင်းဗာကြီး၏ မိဖုရားခေါင်ကြီးမှာ **"ဖွားစောမင်း"** ဖြစ်ခြင်းကြောင့် စောမဲကျီမှာ မိဖုရားငယ်သာ ဖြစ်လေသည်။

မြောက်ဦးရွှေနန်းရှင် ဘုရင်မင်းဗာကြီးနှင့် မိဖုရားငယ် စောမဲကျီတို့သည် သာသနာတော်နှစ်-၂၀၇၉-ခု၊ ကောဇာနှစ်-၈၉၇-ခု၊ (အေဒီ-၁၅၃၅) တွင် သံတွဲမြို့နယ်၊ ပြည့်ချောင်းတိုက်၊ လင်းမှူးတောင်ရွာအနီး၊ ရင်ဖုံးတောင်အမည်ရှိသော တောင်ထိပ်ပေါ်တွင် ဓာတ်တော်သုံးဆူကို ဌာပနာပြု၍ စေတီတော်တစ်ဆူကို တည်ထားတော်မူခဲ့သည်။ ရင်ဖုံးတောင် အမည်ရှိသော တောင်ထိပ်ပေါ်တွင် တည်ထားသော စေတီဖြစ်ခြင်းကြောင့် **"ရင်ဖုံးတောင်စေတီ"** ဟုခေါ်တွင်လေသည်။

ရင်ဖုံးတောင်ဟု အမည်တွင်ခြင်းမှာ ဘုရားတည်ထားသောတောင်နှင့် အနီးအစပ်တွင် အခြားတောင်ထွတ်တစ်ခုရှိသေးသည်။ ယင်းတောင်နှစ်လုံးကို အဝေးမှ လှမ်းမျှော်ကြည့်လျှင် အမျိုးသမီးတို့၏ ရင်ပုံနှင့် (သို့မဟုတ်) ရင်ဖုံးနှင့် အသွင်သဏ္ဌာန်အားဖြင့် တူသောကြောင့် **"ရင်ပုံတောင်"** (သို့မဟုတ်) **"ရင်ဖုံးတောင်"** ဟု အမည်တွင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ ယင်းတောင်ကို အစွဲပြု၍ ထိုတောင်၌တည်ထားသော စေတီတော်ကိုလည်း **"ရင်ဖုံးတောင်စေတီ"** ဟု ခေါ်တွင်လာခဲ့ကြခြင်း ဖြစ်ပါသည်။

စေတီတော်မှာ အချိန်ကာလအားဖြင့် ကြာမြင့်ခဲ့ရကား ဩောင်ပင်နှင့် ရာသီဥတုဒဏ်ကို မခံနိုင်သောကြောင့် သက္ကရာဇ်-၁၃၁၃-ခု(အေဒီ-၁၉၅၁) မိုးကာလရာသီတွင် ပြိုကျပျက်စီးခဲ့ရလေသည်။ မြုံပြင်ကျောင်းကြီးဆရာတော် ဦးမာလာကိုယ်တိုင် သွားရောက်ကြည့်ရှုရာ ကြေးသွန်းသတ္တဌာနရုပ်ပွားတော်များနှင့် ဓာတ်တော်သုံးဆူပါရှိသော ပုလင်းတစ်လုံးကို ရရှိခဲ့လေသည်။ ပုလင်းအတွင်းရှိဓာတ်တော်သုံးဆူမှာ အောက်ခြေတွင် အမြဲမနေဘဲ ပုလင်း၏ အဆို့နားသို့ မြောက်တက်နေသည်ကို ဖူးတွေ့ရကြောင်း ဆရာတော်ကြီး၏ လက်ရေးမူဖြင့် ရေးမှတ်ထားသော မှတ်စုစာအုပ်တွင် တွေ့ရှိရသည်။

မြုံပြင်ဆရာတော် ဦးမာလာဦးဆောင်၍ ဒကာ-ဒကာမများနှင့်အတူ စေတီတော်ကို အသစ်တစ်ဖန်ပြန်လည် တည်ထားခဲ့ကြပါသည်။ ယခင်ဓာတ်တော်သုံးဆူနှင့် သတ္တဌာနကြေးရုပ်များအပြင် သံတွဲမြို့-သိမ်ကုန်းကျောင်းဆရာတော် ဦးပညိန္ဒြိယထံမှ ရရှိသောဓာတ်တော်တစ်ဆူကိုပါ ဌာပနာသွင်း၍ တည်ထားခဲ့လေသည်။

စေတီတော်၏ ဉာဏ်တော်အမြင့်မှာ ၁၉-တောင်၊ တစ်ထွာရှိပြီး၊ အရံစေတီတော်လေးဆူနှင့်အတူ သာသနာတော်သက္ကရာဇ်-၂၄၉၆-ခု၊ ကောဇာ-၁၃၁၄-ခု၊ (အေဒီ-၁၉၅၂-)တွင် အလုံးစုံတည်ထား၍ ပြီးစီးလေသည်။ ထီးတော်တင် ရေစက်ချပွဲတော်ကို ယင်းနှစ်-တပေါင်းလဆန်း (၁၄)ရက်နေ့မှစ၍ လပြည့်ကျော် (၁)ရက်နေ့အထိ (၃)ရက်တိုင်တိုင် ဇာတ်ပွဲ၊ ရုပ်သေးပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပခဲ့ကြလေသည်။

အထက်ဖော်ပြပါအကြောင်းအရာများကို ကဗျာဆရာတစ်ဦးရေးစပ်သီကုံးထားသည့် ကဗျာကိုဖော်ပြရင်း နိဂုံးချုပ်အပ်ပါသည်။

**"ဒွါရာဝတီ၊ အမည်မှန်ကဲ၊ မြပုလဲသို့၊ ဖျံဝဲကာကျော်ခဲ့သော၊ မြို့သံတွဲနဂရာ၏၊ ထင်ရှားစွာဌာန၊ မြုံပြင်ရွာဂါမ၌၊ ယာပထလေးလီ၊ မျှညီစွာသီတင်းသုံးတော်မူသော၊ အာဇာနည်သွင်၊ ဦးမာလာထေရ် အသျှင်သည်၊ များဖြင်မိုလ်လူ၊ ကြည်ဖြူသဒ္ဒါ၊ ထက်သန်စွာ အကျိုးပွားစေဖို့၊ ပတ္တမြားဒေဝီ၊ စောမဲကျီ၏၊**

**တည်ထားအမည်။ ရင်ဖုံးတောင်မြတ်စေတီမှာ။ လောကစံတရား။ မပယ်ရှားနိုင်ရကား။ အများနည်းတူ။ ပျက်စီးတော်မူသည်ကို။ ပြန်လည်တည်ထား။ ကုသိုလ်တော်ပွားစေရာ။ သာသနာသက္ကရာဇ်-၂၄၉၆-ခု။ ကောဇာသက္ကရာဇ်-၁၃၁၄-ခုနှစ်တွင်။ ပြီးစီးအောင်မြင်သည်ကို။ ရှင်, လူ, နတ်အပေါင်း။ ဓာညွှတ်ပျောင်း၍။ သောင်းသောင်းသာခေါ်စေသော်။ ။"**

[မှတ်ချက်။ ။ ကဗျာရေးစပ်သူ၏ အမည်ကို စာအုပ်၌ ဖော်ပြထားခြင်းမရှိ၍ မသိရပါ။ ဘုရားတည်သော ပန်းရုံဆရာမှာ ဇီးကျွန်းရွာသား ဦးဘချို့ဖြစ်ကြောင်း သိရှိရပါသည်။]

**ဒွါရာဝတီ-အသျှင်ကုသလ**

## ဒွါရာဝတီက "ခေတ်လေးခေတ် ဘုရားလေးဆူသမိုင်း"

**"ခေတ်လေးခေတ် ဘုရားလေးဆူ"** တို့မှာ သံတွဲမြို့၊ ဒွါရာဝတီမြို့သစ်၊ မင်းဗာကြီးလမ်း၊ အောင်မြေသာစည် ပရိယတ္တိစာသင်တိုက်အတွင်းရှိ **"သာသနာ့ဂန္ထဝင်မှော်ရုံ"** ၌ သီတင်းသုံးလျက် ရှိကြသည်။

**"ခေတ်လေးခေတ်"** ဟူသည် ရခိုင်တို့၏သမိုင်းတွင် အလွန်ထင်ရှားခဲ့သော ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ် ဟူသော **"ခေတ်လေးခေတ်"** ကို ခေါ်ပါသည်။

**"ဘုရားလေးဆူ"** ဟူသည် အဆိုပါ ခေတ်လေးခေတ်တွင် သူ့ခေတ်နှင့်သူ သွန်းလုပ်,ထုဆစ်ပူဇော်ခဲ့ကြသည့် လက်ရာများကို စံနမူနာယူ၍ ထိုခေတ်တို့၏ လက်ရာအတိုင်း ထုဆစ်ထားသော **"ဘုရားလေးဆူ"** ကို ဆိုလိုပါသည်။

ဘုရားလေးဆူကို ထုဆစ်သော ပညာရှင်မှာ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ ညောင်ပင်ဈေးရပ်၊ ရခိုင်လက်မှု ကြေးသွန်းကျောက်ဆစ် (ပန်းတည်း၊ ပန်းပု) ပညာရှင် **"ဆရာကျော်သာညွန့်"** ဖြစ်ပါသည်။

ဘုရားထုဆစ်ရန် ကျောက်ကို မင်းပြားမြို့၊ ကျိန်းတောင်၊ **"ဘီလူးမမြောင်"** က မြောက်ဦးမြို့သို့ ခက်ခက်ခဲခဲ ယူဆောင်ကာ ထုဆစ်ခဲ့ရခြင်းဖြစ်ကြောင်း သိရှိရသည်။ ကျောက်အမျိုးအစားမှာ **"သဲကျောက်"** ဖြစ်သည်။ သဲပွင့်မှာ နူးညံ့ပြီး အမာအဆင့်ရှိသော ကျောက်မျိုးဖြစ်သည်။ အရောင်မှာ အညိုရောင်ဖြစ်သည်။ စူးဆောက်လွယ်ကူစွာ မထိုး ဖောက်နိုင်သော **"ကျောက်မာအမျိုးအစား"** ဖြစ်သည်။

ဘုရားလေးဆူကို ထုဆစ်ရာ၌ **"ဦးကျော်ထွန်းအောင်"** (တက်ထွန်းနီ-မြောက်ဦး) ရှေးဟောင်းသုတေသနဌာန၊ ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)၊ အလယ်ဈေးရပ်၊ မြောက်ဦးမြို့က အနီးကပ်ကြီးကြပ်ပြီး၊ အကြံကောင်း,ဉာဏ်ကောင်း များပေးကာ များစွာကူညီခဲ့သည်။

ဘုရားလေးဆူ ထုဆစ်ပူဇော်နိုင်ရန်အတွက် ဘုရားလေးဆူကို ဒွါရာဝတီ-သံတွဲမြို့သို့ရောက်အောင် ကာယအား, ဉာဏအားတို့ဖြင့် အစမှအဆုံးအထိ ကူညီဆောင်ရွက်ပေးခဲ့သူမှာ မြောက်ဦးမြို့၊ မြတ်ဗုဒ္ဓမဏ္ဍိုင်ကျောင်း (ပေါင်းဝကျောင်း) ဆရာတော် **"အသျှင်တေဇဝန္တ"** ပင် ဖြစ်သည်။

သံတွဲမြို့၊ အောင်မြေသာစည်ပရိယတ္တိစာသင်တိုက် ဒကာ-ဒကာမများကိုယ်စား ဘုရားလေးဆူကို ပင့်ဆောင် တော်မူရန် စေလွှတ်ခြင်းခံရသူမှာ **"ဦးမြစိန်အောင်"** (အ. မ. က၊ အုပ်၊ ငြိမ်း) ဖြစ်သည်။ ကျောင်းဒကာဦးမြစိန်အောင် နှင့် ပေါင်းဝဆရာတော် အသျှင်တေဇဝန္တတို့က ဒွါရာဝတီ-သံတွဲမြို့သို့ရောက်အောင် ပင့်ဆောင်တော်မူခဲ့ကြခြင်း ဖြစ် သည်။

ဘုရားလေးဆူကို မြောက်ဦးမြို့မှ စစ်တွေမြို့သို့ သင်္ဘောဖြင့်တစ်တန်၊ စစ်တွေမြို့မှ တောင်ကုတ်မြို့သို့ သင်္ဘော ဖြင့်တစ်တန် ပင့်ဆောင်တော်မူလာခဲ့ကြရာ ၂၀. ၃. ၂၀၁၀၊ စနေနေ့၊ ညနေအချိန်တွင် တောင်ကုတ်မြို့ သင်္ဘောဆိပ် သို့ ရောက်ရှိပြီး၊ သံတွဲမြို့မှ ကားဖြင့် သွားရောက်ပင့်ဆောင်တော်မူရာ အောင်မြေသာစည်ပရိယတ္တိစာသင်တိုက်သို့ ၂၀. ၃. ၂၀၁၀၊ စနေနေ့၊ ည (၇) နာရီအချိန်တွင် ရောက်ရှိခဲ့ပါသည်။

ယခုအခါ သံတွဲမြို့၊ အောင်မြေသာစည်ပရိယတ္တိစာသင်တိုက်အတွင်းရှိ သာသနာ့ဂန္ထဝင်မှော်ရုံကြီး အပေါ်ထပ်ရှိ ဘုရားကျောင်းဆောင်တော်ပေါ်တွင် တင့်တယ်သပ္ပာယ်ကြည်ညိုစဖွယ် သီတင်းသုံးလျက် ရှိပါသည်။

**"ဘုရားလေးဆူအလှူရှင်များ"**

၁။ ဧည၀တီခေတ်ဘုရား။ ။ ဦးဝင်းဇော်+ဒေါ်ခင်လေးနိုင်၊ သမီးအေပရယ်ပန်သစ်ဉာဏ်၊ သားမင်းမဟော်တို့ကောင်းမှု။ (၁၃၇၁-ခုနှစ်၊ တပေါင်းလ။)

၂။ ဝေသာလီခေတ်ဘုရား။ ။ ဦးဝင်းဇော်+ဒေါ်ခင်လေးနိုင်၊ သမီးအေပရယ်ပန်သစ်ဉာဏ်၊ သားမင်းမဟော်တို့ကောင်းမှု။ (၁၃၇၁-ခုနှစ်၊ တပေါင်းလ။)


၃။ လေးမြို့ခေတ်ဘုရား။ ။ ဦးဘထင်+ဒေါ်ရွှေမှုံနှင့် သားကြီးဦးစောဖေတို့ကောင်းမှု။ (၁၃၇၁-ခုနှစ်၊ တပေါင်းလ။)

၄။ မြောက်ဦးခေတ်ဘုရား။ ။ ဦးတင်အောင်+ဒေါ်ရွှေတင်၊ သမီးမခင်ချောမူ၊ ဒုရဲအုပ်သန်းစိုးအောင်+ဒေါ်မိုးသူဇာ၊ မြေး မောင်စွမ်းပြည့်စိုးတို့ကောင်းမှု။ (၁၃၇၁-ခုနှစ်၊ တပေါင်းလ။)

**"အားလုံးကောင်းမှု၊ နိဗ္ဗာန်ဆု၊ သာဓုနတ်လူခေါ်စေသော်။"**

(ခေတ်လေးခေတ်ဘုရားလေးဆူကို တည်ထားကိုးကွယ်ပူဇော်လိုသူနှင့် မှတ်တမ်းတင်သူ။)

**ဒွါရာဝတီ-အသျှင်ကုသလ**



ဦးကျော်သာညွန့်
ရခိုင်လက်မှု ကြေးသွန်း ကျောက်ဆစ် (ပန်းတည်း၊ ပန်းပု) ပညာရှင်

အမှတ်စဉ်–၈၉၀

ယဥ်ကျေးမှုဝန်ကြီးဌာန
ရှေးဟောင်းသုတေသန
အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန
ယဥ်ကျေးမှုအမွေအနှစ်ဒေသဌာနခွဲ
ရခိုင်ဒေသဌာနခွဲ (မြောက်ဦးမြို့)


အကြောင်းအရာ။ ရှေးဟောင်းပစ္စည်းမဟုတ်ကြောင်းထောက်ခံချက်

______မြောက်ဦးမြို့___နေ သာသနာ၊ နိုင်ငံခြားသား/အမျိုးသားမှတ်ပုံတင်အမှတ် ၁၂/ဓနပ(နိုင်) ၀၀၁၁၂၄၅___ကိုင်ဆောင်သူ ဦး/ဒေါ် ၆၀၁ ဓ၀တ္တ__________သည် ထိုင်းနိုင်ငံ________ရန် အောက်ပါဆင်းတုတော်များအား ____၁၃ ဝွဲ__________ မြို့သို့သယ်ဆောင်လိုပါသဖြင့် ရှေးဟောင်းပစ္စည်းမဟုတ်ကြောင်းထောက်ခံအပ်ပါသည်။


| စဉ် | ပစ္စည်းအမည် | အမျိုးအစား | ဦးရေ | အတိုင်းအတာ | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | ဉာဏ်တော် | ရင်ဝ | ဒူးစွန်း | |
| ၁ | ဗုဒ္ဓဖောလရုပ်ပွား | သဲကျောက် | ၁ | ၃' ၂" | ၁' ၁၀" | ၃' ၃" | ရေး |
| ၂ | ဗုဒ္ဓဖောလရုပ်ပွား | သဲကျောက် | ၁ | ၃' ၂" | ၁' ၈" | ၁' ၁၁" | ဆူ |
| ၃ | ပစက်ရုပ်ပွား | သဲကျောက် | ၁ | ၃' ၁" | ၁' ၁၀" | ၂' ၉" | တမ်း |
| ၄ | ပစက်ရုပ်ပွား | သဲကျောက် | ၁ | ၃' ၁" | ၁' ၁၀" | ၂' ၄" | ဘာ |

စာအမှတ်၊ ရသ - ၂ / ၂၀၁၀ ( ) မဥ
ရက်စွဲ၊ ၂၀၁၀-ခုနှစ်၊ မတ် လ ၁၂ ရက်

၁၂/၃/၁၀
ဒုတိယညွှန်ကြားရေးမှူး




ဉဇ္ဇဝတီခေတ်ဆင်းတုတော်ပုံ (၁)



ဝေသာလီခေတ်ဆင်းတုတော်ပုံ (၂)



လေးမြို့ခေတ်ဆင်းတုတော်ပုံ (၃)



မြောက်ဦးခေတ်ဆင်းတုတော်ပုံ (၄)


## ဒွါရာဝတီက "သန္တိ, သန္တိ, သုံးသန္တိ"

**"သန္တိ, သန္တိ, သုံးသန္တိ"** ဟူသည် ဒွါရာဝတီ-သံတွဲချောင်းဖျားဒေသက သန္တိကျောက်ခဲကြီး, သန္တိသျှင်မနတ်, သန္တိကျေးရွာ ယင်းသုံးခုကို ပေါင်းစပ်၍ ခေါ်ဝေါ်ထားသောအမည်ဖြစ်ပါသည်။

ယင်း **"သန္တိ"** ကို ရာဇဝင်၌လည်းကောင်း၊ သံတွဲမြို့နယ် ကျေးရွာအုပ်စု ကျေးရွာအညွှန်းပြ မြေပုံ၌လည်းကောင်း **"သန္တိ"** ဟူ၍သာ တွေ့ရသည်။ ယင်းသန္တိသည် မူလကရှိခဲ့သော အမည်နာမဖြစ်ပါသည်။ ယခုအခါ လူတို့က **"သန္တိ"** ဟူ၍ မခေါ်ကြတော့ဘဲ **"သန္တိ"** ဟူ၍လည်းကောင်း၊ **"သံဒီ"** ဟူ၍လည်းကောင်း ဒေသိယဝေါဟာရအနေဖြင့် ပြောင်းလဲ၍ ခေါ်ဝေါ်နေကြပြီဖြစ်ပါသည်။ အမှန်က **"သန္တိ၊ သံဒီ"** ဟူသော ဝေါဟာရစကားသည် ပါဠိဘာသာ **"သန္တိ"** က ပြောင်းလဲလာသော စကားဖြစ်ပါသည်။

**"သန္တိ"** ၏အဓိပ္ပါယ်ကို ပါဠိအဘိဓာန် ဂါထာနံပါတ်-၁၀၅၅-၌ **"မောက္ခေ သိဝေ သမေ သန္တိ"** ဟူ၍ ပါဠိပရိယာယ် သုံးပုဒ်လာရှိပါသည်။ သန္တိသဒ္ဒါ၏ အနက်တို့ပင်တည်း။ ယင်းတို့မှာ (၁) မောက္ခေ=နိဗ္ဗာန်၊ (၂) သိဝေ=ကောင်းခြင်း၊ (၃) သမေ=ဒုက္ခစသည်ငြိမ်းခြင်း ဟူ၍ ဖြစ်ပါသည်။

အထက်ပါ **"သန္တိ"** သဒ္ဒါ၏ အနက်သုံးပုဒ်တို့တွင် သံတွဲချောင်းဖျားဒေသရှိ **"သန္တိ"** ကတော့ ထိုဒေသ၌ နေထိုင်ကြသောသူများ ဘေးခပ်သိမ်း, ရန်ခပ်သိမ်း ကင်းငြိမ်းစေဖို့ရာ **"သန္တိ-ကောင်းခြင်းမင်္ဂလာ"** အနေဖြင့် ရှေးက ခေါ်ဝေါ်ပညတ်ခဲ့ကြခြင်းဖြစ်ပါသည်။



သံတွဲချောင်းဖျားရှိ သန္တိသျှင်မကျောက်

ယင်းကဲ့သို့ **"သန္တိ-ကောင်းခြင်းမင်္ဂလာ"** ကိုယူပြီး **"သန္တိ သို့မဟုတ် သံဒိသျှင်မနတ်"** ကို ပူဇော်ပသကြသည့် အစဉ်အလာသည် ထိုဒေသ၌ ရှိခဲ့ကြပါသည်။ **"သန္တိ သို့မဟုတ် သံဒိ ကျောက်ခဲကြီး"** ကိုတော့ သံတွဲချောင်းကို အောက်ကဆန်တက်သွားသော် ချောင်း၏ လက်ဝဲကမ်းစပ်၌လည်းကောင်း၊ **"သံတွဲ သို့မဟုတ် သံဒိ ကျေးရွာ"** ကိုတော့ ဒေါင်းချောင်းအဝ, အတူးရွာနှင့် ရွာရှည်ရွာ အနီးအစပ် သံတွဲချောင်း၏ လက်ယာဘက်တွင်လည်းကောင်း ယနေ့ထက်တိုင် တည်ရှိနေပါသေးသည်။

သံတွဲချောင်း၏ အထက်ပါ သံဒိ(သန္တိ)သျှင်မ ပိုင်ဆိုင်သောနယ်မြေအပိုင်းအခြားကို **"သန္တိချောင်း"** ဟူ၍ ခေါ်ဝေါ်ထားသည်ကို ရာဇဝင်၌ တွေ့ရသည်။ မင်းဗာကြီးလက်ထက်က သံတွဲမြို့ရှိ ဆံတော်, နံတော်, အံတော် ဘုရားသုံးဆူ၌ ကျောက်စာထိုး၍ ဘုရားကျွန်အဖြစ် လှူဒါန်းထားခဲ့သော သချီကုလားလေးထောင်အနက် **"သချီ အကြီးခေါင်း လူပေါင်းသုံးထောင်တို့သည် သက္ကရာဇ်-၉၆၇ (အေဒီ-၁၆၀၅)ခုတွင် အရှေ့ပြည်သို့ သားမယားကို ယူဆောင်၍ "သန္တိချောင်းဖျား" က ထွက်ပြေးလေသည်။"** ဟု ရာဇဝင်လာစကားကို မှတ်သားရပါသည်။

ဒွါရာဝတီ-သံတွဲဒေသက ရခိုင်လူမျိုးတို့ပြောဆိုနေကြသော အချို့စကားလုံးများသည် အလွန်ရှေးဆန်သော စကားများဖြစ်ကြ၏။ မာဂဓဘာသာ(ပါဠိ)စကားနှင့် ပါဠိသက်ဝေါဟာရများကိုလည်း နေ့စဉ်သုံးစကားများတွင် ရောနှော၍ ယနေ့တိုင် ပြောဆိုနေကြဆဲရှိပါသည်။ ယခု **"သန္တိ, သန္တိ, သုံးသန္တိ"** ဟူသော စကားဝေါဟာရသည်လည်း ပါဠိဘာသာစကားပင်ဖြစ်ကြောင်း မှတ်သားဖွယ်ရာအနေဖြင့် ရေးသားတင်ပြလိုက်ရပေသည်။

[မှတ်ချက်။ ။ သန္တိသျှင်မနတ်တွင် ဆန်ချိနှင့် သံဂဒိ ဟူ၍ သားတော်နှစ်ပါးရှိခဲ့ကြောင်း သိရှိရသည်။ ယင်းသားအမိ သုံးယောက်ကို သန္တိ၊ ဆန်ချိ၊ သံဂဒိ ဟူ၍ ခေါ်ဝေါ်လေ့ရှိကြသည်။ သူတို့၏သမိုင်းကြောင်းမှာ အမှန် ရှိခဲ့နိုင်မည်ဖြစ်သော်လည်း တိတိကျကျမပြောပြနိုင်ကြသဖြင့် သမိုင်းကြောင်းအမှန်ကို ပြည့်ပြည့်စုံစုံ မတင်ပြနိုင်သေးချေ။ ဆက်လက်သုတေသန ပြုကြရပေဦးမည်။]

[တစ်နည်း။ ။ **"သန္တိ , သန္တိ , သုံးသန္တိ"** ဟူသည် (၁) တန်းလွဲချောင်းရှိ သံဒိ၊ (၂) သူဌေးချောင်းရှိ သန္တိ (သန္တိ)၊ (၃) သံတွဲချောင်းရှိ သန္တိ (သံဒိ) တို့ကို အစွဲပြု၍ ခေါ်ဝေါ်ထားခြင်းဖြစ်ကြောင်းကိုလည်း သိရှိရပါသည်။ သန္တိ (သန္တိ) ဟူသော ဒေသဆိုင်ရာ ရခိုင်ဘာသာစကားသည် **"သန္တိ"** ဟူသော **"ကောင်းခြင်းမင်္ဂလာ"** ကို နိမိတ်ကောင်းယူ၍ **"ပါဠိဘာသာစကား"** ဖြင့် ခေါ်ဝေါ်ထားသော အမည်သာ ဖြစ်နိုင်ဖွယ် ရှိပါသည်။ သန္တိ (သန္တိ) ချောင်းဟူသော အမည်သည် (သတဲ၊ သဒေး) သူဌေးချောင်း၏ မူလအမည်နာမဖြစ်ကြောင်းကိုလည်း ရာဇဝင်လာစကားအရ သိရှိမှတ်သားရပါသည်။]

ဒွါရာဝတီ-အသျှင်ကုသလ

---

(၁) စန္ဒမာလာလင်္ကာရ အသျှင်။ ။ ရခိုင်ရာဇဝင်သစ်ကျမ်း၊ ဒုတိယတွဲ-စာ-၁၅၄။

(၂) သံတွဲမြို့နယ်မြေပုံ

## ဒွါရာဝတီက ထင်ရှားသောနတ်များ

**"ဒွါရာဝတီက ထင်ရှားသောနတ်များ"** ဟူသော ခေါင်းစဉ်စာသားကိုကြည့်ပြီး ဒွါရာဝတီနယ်သူနယ်သား တွေဟာ **"နတ်တို့ကိုကိုးကွယ်ယုံကြည်ဆည်းကပ်နေကြသူများ"** ဟူ၍ကား ယောင်ယောင်မှားမှား မထင်မှတ်ကြရန် ကြိုတင်အသိပေးအပ်ပါသည်။

နောက်ပြီး ယင်းနတ်တို့မှာ ဒေသအလိုက် နာမည်အမျိုးမျိုးဖြင့်ရှိခဲ့ကြပြီး၊ တစ်ခေတ်တစ်ခါက လူတို့အားကိုး အားထားပြုကာ ခိုးမြှောက်ပူဇော်ပသခဲ့ကြသည့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာတစ်ရပ် ရှိခဲ့ကြောင်းကို ဖော်ထုတ် မှတ်တမ်းတင်ထားခြင်းသာ ဖြစ်ပါသည်။ ယင်းတို့ကို ကိုးကွယ်ဆည်းကပ်ဖို့အတွက် ဖော်ထုတ်တင်ပြနေခြင်းမဟုတ် ကြောင်းကိုတော့ ကြိုတင်သိထားဖို့လိုအပ်ပေလိမ့်မည်။

ဒွါရာဝတီနယ်မြေဒေသတွင် ရှေးခေတ်အခါက နယ်မြေဒေသအလိုက်၊ သို့မဟုတ် ချောင်းအလိုက်၊ ကျွန်းစဉ် အလိုက် အသိအမှတ်ပြုထားခဲ့ကြသည့် နတ်များရှိခဲ့ကြပါသည်။ ယင်းနတ်အသီးသီးကို မည်သည့်ခေတ်အချိန်လောက်က စတင်ပြီးအသိအမှတ်ပြုလာခဲ့ကြသည်ကိုကား အတိအကျသိရှိနိုင်ဖို့ ခဲယဉ်းပေလိမ့်မည်။

သမိုင်းမှတ်တမ်းဝင်သော နတ်များလည်းရှိကြသလို၊ သမိုင်းမှတ်တမ်းမဝင်ခဲ့ရသေးသော နတ်များလည်း အများအပြားရှိကြပါသေးသည်။ ယင်းနတ်တို့ကို ဒေသအလိုက် လက်လှမ်းမီသလောက် စာရင်းချကြည့်သော် -

(၁) ဒွါရာဝတီ-သံတွဲချောင်းနယ်မြေအပိုင်တွင် အထက်ပိုင်းကို **"သန္တိ (သံဒီ)သျှင်မနတ်"** အောက်ပိုင်းကို (ခရမ်းမော်ရွာနှင့် တောင်ညိုရွာကြား) **"ဝန်းတီးတောင်"** ရှိ **"ဝန်းတီးနတ်"**။ နတ်ပြင်ရွာအနီးရှိ **"နတ်ပြင်နတ်"**။

(၂) ပြည့်ချောင်းနယ်မြေအပိုင်တွင် **"ခွဆုံရှင်မနတ်"** ဟူ၍ ရှိသည်။ ယင်းခွဆုံရှင်မနတ်နှင့် သန္တိရှင်မနတ်တို့မှာ ညီအမတော်စပ်ကြောင်း သိရှိရပါသည်။

(၃) ဇိန်ချောင်းနယ်မြေအပိုင်တွင် ဇိန်ချောင်းတစ်ဖက်ကမ်း၊ နတ်တောင်မော်ရွာအနီးရှိ **"နတ်တောင်ပေါ်နတ်"**။

(၄) သူငွေးချောင်းသန္တိနယ်မြေအပိုင်တွင် ရွှေလှေရွာတစ်ဖက်ကမ်းကျောင်းကုန်းရွာအနီး ပန်းချင်းတောင်ရှိ **"ပန်းချင်းတောင်နတ်မ"**။

(၅) တန်းလွဲချောင်း နယ်မြေအပိုင်တွင် ညောင်ပင်သာရွာဦး ဘုန်းတော်ကြီးကျောင်း တောင်ခြေရင်း ရေစပ်ရှိ **"ကျောက်ခဲကြီး"** ကို **"အထက်ရွှေတုံးသျှင်မကျောက်"** ဟုခေါ်ပြီးလျှင်၊ ရွာမ-ရွာသစ် ဘုန်းတော်ကြီး ကျောင်း ခေါင်းရင်းမြစ်ရှိ(နယ်မြေ)နတ်ကွန်းကိုတော့ **"အောက်ရွှေတုံးသျှင်မနတ်ကွန်း"** ဟူ၍ ခေါ်ပါ သည်။

(၆) မဇီချောင်းနယ်မြေအပိုင်တွင် ဆင်ဒင်ဘုရားအနီးရှိ **"ကညင်တောင်အရှင်မ"**၊ ကျောက်ကြီးပေါက်အနီးရှိ **"ကျောက်ကြီးပေါက်အရှင်မ"**၊ မြောင်းတောင်ရွာအနီးရှိ **"ကျေးဝဲအရှင်မ"**၊ ဆံထုံးရွာနှင့် လက်ပံရွာ အနီးရှိ **"နတ်ကျောက်"** တို့မှာ ထင်ရှားသော နတ်များဖြစ်ကြသည်။

ဒွါရာဝတီဒေသရှိနတ်တို့မှာ (၁) အိမ်စောင့်နတ်၊ (၂) ဒေသစောင့်နတ်၊ (၃) ပြည်စောင့်နတ် ဟူ၍ သုံးမျိုးသုံးစားရှိပါသည်။ ယင်းတို့အနက်-**"အိမ်စောင့်နတ်"** ဆိုသည်မှာ မိသားစုအိမ်တွင်းရေးကိစ္စများအတွက်

ပူဇော်ပသရသည့် အိမ်တွင်းနတ်ကိုခေါ်ပါသည်။ အိမ်တွင်းရှိမိသားစုများနှင့်သာ သက်ဆိုင်ပါသည်။

**"ဒေသစောင့်နတ်"** ဆိုသည်မှာ တစ်ရပ်တစ်ရွာလုံး (သို့မဟုတ်) ယင်းဒေသပိုင်နက်နယ်မြေ တစ်ခုလုံးက ပုဂ္ဂိုလ်များအရေးကိစ္စအတွက် ပူဇော်ပသရသည့် နတ်တို့ကိုခေါ်ပါသည်။ ဥပမာ-သန္တိ(သံဒီ)သျှင်မနတ်နှင့် ပန်းချင်းတောင်နတ်မတို့ကို ဆိုလိုပါသည်။

**"ပြည်စောင့်နတ်"** ဆိုသည်မှာ တစ်ပြည်(တစ်နိုင်ငံ)လုံးနှင့် ပတ်သက်နေသော အရေးကိစ္စကြုံကြိုက်လာပါက ပူဇော်ပသရသည့် နတ်ကိုခေါ်ပါသည်။ ယင်း **"ပြည်စောင့်နတ်"** ဟူသည် **"ဝန်းတီးနတ်"** ကို ခေါ်ခြင်းဖြစ်သည်။ ဝန်းတီးနတ်ဟူသည် ရခိုင်ပြည်၌ သုံးဌာနရှိခဲ့ကြောင်း သိရှိရပါသည်။ ယင်းတို့မှာ -

(၁) သံတွဲမြို့နယ် သံတွဲချောင်း၊ ခရမ်းမော်ရွာနှင့် တောင်ညိုရွာကြားရှိ **"ဝန်းတီးတောင်"** က **"ဝန်းတီးနတ်"**။

(၂) ပုဏ္ဏားကျွန်းမြို့နယ် ယိုးချောင်း ကန်သုံးဆင့်၏ အောက်ဘက် ယိုးတရုပ်ကျေးရွာ၏ အရှေ့ဘက်ခပ်ယွန်းယွန်း၌ရှိသော **"ဝန်းတီးနတ်"**။

(၃) မြောက်ဦးမြို့၊ သကျမာရ်အောင်စေတီမှ တောင်ဘက်သို့သွားသည့် မြောက်ဦးပိုးဖြူကျွန်းလမ်းဘေး တောင်ထိပ်ပေါ်ရှိ **"ဝန်းတီးနတ်"** တို့ဖြစ်ကြပါသည်။

အဆိုပါ ဝန်းတီးနတ်သည် ရခိုင်တို့၏ မြို့တည်၊ ပြည်တည် နတ်ဖြစ်ကြောင်း မှတ်သားရပါသည်။ ယင်းဝန်းတီးနတ်တည်ရှိရာ သုံးဌာနလုံးသည် တစ်ချိန်က ရခိုင်လူမျိုးတို့၏ အလွန်အရေးပါသော နေရာဌာနများဖြစ်ခဲ့ကြ၏။ တိုင်းပြည်အရေး(နိုင်ငံအရေး)နှင့် ကြုံလာလျှင် ယင်း **"ဝန်းတီးနတ်"** တို့ကို ပူဇော်ပသမှုပြုခဲ့ကြပါသည်။ ထိုသို့ ပူဇော်ပသခြင်းကြောင့်လည်း တိုင်းပြည်အတွက် အကျိုးရှိခဲ့ပုံ သာဓကများလည်းရှိပါသည်။

အကျိုးရှိခဲ့ပုံ အဖြစ်အပျက်တစ်ခုကို ဗဟုသုတအဖြစ် တင်ပြပါမည်။ ယင်းမှာ ကမ္ဘည်းကျောက်စာ ဝန်- ဦးစံရွှေဘုရေးသားခဲ့သော

Wunti Nat (by U San Shwe Bu)

JBRS Vol.9, Part 1, 1919- ကို

**"စာရေးဆရာဝေသာ"** ဘာသာပြန်ဆိုသော **"ဝန်းတီးနတ်"** ဆောင်းပါး (၂၀၀၉-ခုနှစ်၊ မေလထုတ်၊ လခြမ်းသံစဉ်စာစောင်-စာ-၄၄-၄၅) မှာ အလွန်မှတ်သားဖွယ်ကောင်းသဖြင့် ဗဟုသုတဖြစ်စေခြင်းငှာ ကောက်နုတ်ဖော်ပြအပ်ပါသည်။

တစ်ခါက ရခိုင်ဘုရင်မင်းဖလောင်းသည် မြောက်ဦးထီးနန်းကို စိုးစံအုပ်ချုပ်လျက်ရှိ၏။ ထိုစဉ်အခါ ပဲခူးမင်းဘုရင့်နောင်သည် ရခိုင်ကို ကျူးကျော်သိမ်းပိုက်ရန် ကြံရွယ်ချက်ဖြင့် ယင်းအချိန်က ဘင်္ဂလားကို သိမ်းပိုက်ထားသူဘုရင်အက္ကဘာထံသို့ သံတမန်စေလွှတ်ခဲ့၏။ သံအဖွဲ့၏ ရည်ရွယ်ချက်မှာ ရခိုင်ပြည်ကို သိမ်းယူရေးကိစ္စတွင် မဂိုဘုရင်၏ သဘောထားကို သိလို၍ဖြစ်သည်။

ဘုရင်မင်းဖလောင်းကလည်း ဘုရင့်နောင်၏ အကြံအစည်ကို အရိပ်ကျလျက်ရှိ၏။ ထိုအခါ နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်လာသည့်အခါ "ဝန်းတီးနတ်" ကို ဆွေးနွေးတိုင်ပင်ရ၏။ ဝန်းတီးနတ်က ဘုရင်မင်းဖလောင်းသည် ဘုန်းတန်ခိုးကြီးမားသော မင်းတစ်ပါးဖြစ်သောကြောင့် လုံးဝစိုးရိမ်စရာမလို။ အပင်ပန်းခံ၍ စစ်ချီနေရန်လည်းမလိုဟု နတ်ကပြန်ပြော၏။

ဝေသာ(ဘာသာပြန်သူ)။ ။ လခြမ်းသံစဉ်စာစောင်-စာ-၄၄-၄၅၊ ၂၀၀၉-ခု၊ မေလထုတ်။ ။

ရခိုင်က ဝန်းတီးနတ်မမှာ အစ်ကိုတော်နတ်တစ်ပါးရှိသည်။ ယင်းအစ်ကိုတော်နတ်သည် မြန်မာဘုရင်နန်းတော်ကို စောင့်ကြည့်နေရသူဖြစ်၏။ ထိုအခါ ဝန်းတီးနတ်မသည် အစ်ကိုတော်ရှိရာမြန်မာဘုရင်နန်းတော်သို့ သွားရောက်ပြီး ဘုရင်မင်းဖလောင်းကို ကူညီကယ်မနိုင်ဖို့နည်းလမ်းကို ရှာဖွေလေ၏။

ဝန်းတီးနတ်မသည် အခြွေအရံ နတ်များနှင့်တကွ ဘုရင့်နောင်၏နန်းတော်သို့ သန်းခေါင်ယံအချိန်မှာ အရောက်သွားခဲ့၏။ နန်းတော်တစ်ခုလုံးရှိ နန်းတွင်းသူ နန်းတွင်းသားတို့မှာ အိပ်မောကျလျက် ရှိကြ၏။ ထိုအခါ ဝန်းတီးနတ်မသည် ခန်းမဆောင်တံခါးကြီးကို စောင့်ကြပ်နေရသော အစ်ကိုတော်နတ်နှင့် တွေ့ဆုံ၏။ အပြန်အလှန်နှုတ်ခွန်းဆက်စကားကို ပြောဆိုကြပြီးနောက် အစ်ကိုတော်နတ်ကို လိမ္မာပါးနပ်စွာ သိမ်းသွင်းပြီး အိပ်မောကျနေသော ဘုရင်ကြီးကို ဖူးတွေ့ခွင့်တောင်းခံလေ၏။ ခွင့်ပြုချက်ရသည့်အခါ ဝန်းတီးနတ်မသည် ဘုရင်စက်တော်ခေါ်ရာခန်းမဆောင်ထဲကိုဝင်ကာ ဘုရင်၏ ခေါင်းရင်းဘက်ကရပ်လျက် မိမိ၏လက်ငါးချောင်းကို မင်းကြီး၏ အထက်က အုပ်မိုးလိုက်၏။ ပြီးလျှင် ရခိုင်သို့ ပြန်လာခဲ့လေသည်။

နောက်တနေ့နံနက် မိုးသောက်အလင်းရောက်လတ်သော် ပဲခူးဘုရင် ဘုရင့်နောင်၏လည်ပင်းမှာ နီရဲသော လက်ငါးချောင်းရာများထင်လျက် သေဆုံးသွားခဲ့၏။ ဝန်းတီးနတ်မ၏ အချိန်နှင့်တပြေးညီ ကြားဝင်ဆောင်ရွက်ပေးမှုကြောင့် ရခိုင်သည် တိုင်းတစ်ပါး၏ ကျူးကျော်မှုအန္တရာယ်မှ လွတ်မြောက်ခဲ့ရလေတော့သည်။ ဤကား **"ဝန်းတီးနတ်"**နှင့် ပတ်သက်၍ မှတ်သားဖွယ်ရာ အဖြစ်အပျက်တစ်ခုကို ဗဟုသုတအလို့ငှါ ရေးသားဖော်ပြလိုက်ရပေသည်။



မြောက်ဦးမြို့၊ ရှေးဟောင်းသုတေသနပြတိုက်ရှိ "ဝန်းတီးနတ်ရုပ်"

## "ဝန်းတီးနတ်"

(၁) နတ်ပူဇော် ပသမှု
ပြုကြတဲ့ စဉ်အလာ။
ဟိုယခင် ရှေးအတိတ်က
ရှိကြသည်သာ။
ရခိုင်ရို့ မြို့ပြည်ရွာ
သာယာဖို့ အရေး။
ဘေးရန်တွေ ကင်းစေမှု
ပြုခဲ့တယ်လေး။

(၂) အိမ်နဲ့ရွာ ကျွန်းမြေရပ်
စောင့်ကြပ်တဲ့ နတ်တွေ။
မြို့နဲ့ပြည် ရန်မနှောင့်အောင်
စောင့်ရှောက်ကြပေ။
**"နတ်တော်လ"** ရောက်ရင်လေ
လူတွေက ပူဇော်ကြ။
လောကီနယ် ဓလေ့အမှု
ပြုကြပေစွ။

(၃) **"ဝန်းတီးနတ်"** ပူဇော်မှု
ဖွေရှာပြု သမိုင်းစဉ်။
**"ဝေသာလီ" "ပဲဖြူမင်း"**
ယင်းက စတင်။
ကျူးကျော်တဲ့ **"သျှမ်း"** ရို့ကိုပင်
တိုက်နှင်လို့ ဖယ်ရှား။
**"ဝန်းတီးနတ်"** ရဲ့ စွမ်းဆောင်ချက်
အားတက်ဖွယ်များ။

(၄) ရခိုင်မှာ **"ဝန်းတီးနတ်"**
နယ်သုံးရပ် ဖွေရှာ။
**"ဒွါရာမြေ သံတွဲချောင်း"** နဲ့
**"ယိုးချောင်း"** တစ်ဖြာ။
**"မြောက်ဦးမြို့"** တစ်ဌာနာ
နတ်နေရာ ထင်ရှား။
သမိုင်းဝင် **"ဝန်းတီးနတ်"** ကို
သတ်မှတ်လို့ထား။

(၅) ရခိုင်ကို ပဲခူးမင်း
နှိမ်နင်းဖို့ ကြံစည်။
**"ဘုရင့်နောင်"** ရဲ့ ကျူးကျော်ချက်
တိုက်ဖျက်ရမည်။
**"မင်းဖလောင်း"** အချိန်မီ
ဝန်းတီးနတ်ဆီ ခေါ်ကာမေး။
ကြားဝင်ကာ ဆောင်ရွက်ပေးတော့
ဘေးမှုရန်အေး။

(၆) ပြည်စောင့်တဲ့ **"ဝန်းတီးနတ်"**
ဂုဏ်ဖြစ် ဝေဖြာ။
ရခိုင်မှာ ဇာတ်လမ်းတိ
ရှိခဲ့မှန်စွာ။
သမိုင်းနဲ့ ဖြစ်တည်လာ
ရာဇဝင် မှတ်တမ်း။
နှောင်းလူရို့ သိမှတ်ဖို့
ရေးစပ်ဖော်ညွှန်း။ ။

**ငွေသဇင်(သံတွဲ)**
၁၅. ၁၀. ၂၀၁၀

## ပုဂံခေတ်က ဗမာတို့၏ "တေပါးသင်နတ်"

အထက်ဖော်ပြပါ အဖြစ်အပျက်မျိုးသည် ရခိုင်တွင်သာ ရှိခဲ့သည်မဟုတ်၊ ပုဂံခေတ် နရသီဟပတေ့မင်း (တရုတ်ပြေးမင်း) လက်ထက် ကောဇာ-၆၄၆၊ (ခရစ်အေဒီ-၁၂၈၄) တွင်လည်း ရှိခဲ့ကြောင်းကို ပဥ္စမအကြိမ်ရိုက်၊ ၂၀၀၆-ခု၊ ရွှေလိုင်လထုတ်၊ ဦးကုလားမဟာရာဇဝင်ကြီး၊ ပထမတွဲ၊ စာ-၂၄၇-မှ ထုတ်နုတ်၍ တင်ပြပါဦးမည်။

**"ငဖောင်ချမ်း ပျက်သနေ့ သရပါ တံခါးစောင့်သော "တေပါးသင်နတ်" သည် နတ်ချင်းတိုက်ကြရာတွင် လက်ကို မြားသင့်၍ ပုဂံမြို့သို့ အလျင်ရောက်လာ၏။ "တေပါးသင်နတ်" သည် မင်းကြီးဆရာတော်ဝယ် မပြတ်ခစားမြဲဖြစ်၍ ဆရာတော် နေ့ကို ကျိန်းတော်မူရာတွင် ခြေတော်ကိုလှုပ်၍ လျှောက်၏။ "ယနေ့သည် ငဖောင်ချမ်းပျက်ခဲ့ပြီ၊ ကျွန်ုပ် လက်ကို မြားသင့်ချေသည်။" ဟူ၍လျှောက်၏။ ဆရာတော်ဘုန်းကြီးလည်း တပည့်မောင်ရှင်ငယ်ကိုခေါ်၍ ငဖောင်ချမ်း ပျက်ကြောင်းကို ပြန်လေစေ၏။ မင်းကြီးလည်း "အဘယ် အကြောင်းဖြင့် ငဖောင်ချမ်း ပျက်ကြောင်းကို သိတော်မူသနည်း" ဟု မောင်ရှင်ငယ်ကို မေးတော်မူ၏။ မောင်ရှင် ငယ်လည်း "သရပါတံခါးစောင့်သော "တေပါးသင်နတ်" ငဖောင်ချမ်းက ရောက်လာ၍ ဆရာတော်ကို လျှောက် သောကြောင့် ယနေ့ ငဖောင်ချမ်းပျက်ကြောင်းကို သိတော်မူသည်။"** ဟုဆို၏။

[မှတ်ချက်။ ။ စာလုံးပေါင်းသတ်ပုံမှာ မူရင်းအတိုင်းဖြစ်သည်။ ။]

အထက်ပါကိစ္စရပ်မျိုးကို မဖြစ်နိုင်ဟု ပြော၍မရ။ လက်တွေ့ကြုံမှ ယုံမည်ဟု ယူဆထားသူများအတွက် အခက် အခဲရှိနိုင်သော်လည်း၊ ရှေးခေတ်အခါက ဤကဲ့သို့ ထူးခြားဆန်းပြားသော ဖြစ်ရပ်မျိုးမှာ အမှန်တကယ်ရှိခဲ့ကြောင်းကို သမိုင်းရာဇဝင်မှတ်တမ်းများအရ သိရှိရခြင်း ဖြစ်ပါသည်။

## ဒွါရာဝတီက ကျောက်ရှင်နတ်ကြီးပတ်သံ

ကျောက်ရှင်နတ်ကြီးပတ်သံသည် ဒွါရာဝတီနယ်မြေဒေသ **"မော်တင်-နဂါးရစ်"** ကို အခြေခံ၍ ပေါ်ပေါက်လာခဲ့သော ပတ်သံပင်ဖြစ်သည်။ အဆိုပါပတ်သံကို နတ်ပူဇော်သည့်အခါ, နတ်ကသည့်အခါမျိုး၌ တီးလေ့ရှိကြသည်။ ယင်းပတ်သံသည် ရခိုင်ပြည်တောင်ပိုင်းတွင် တိမ်ကောသွားပြီဖြစ်သော်လည်း၊ ရခိုင်ပြည်မြောက်ပိုင်းတွင်ကားရိုးရာယဉ်ကျေးမှုတေးသံသာအဖြစ် ထိန်းသိမ်းထားလျက်ပင် ရှိနေပါသေးသည်။ ကျောက်ရှင်နတ်ကြီးပတ်သံမှာ အောက်ပါအတိုင်းဖြစ်သည်။

အသူရို့တက် တောင်ညို့တောင်၊
မောင်သျှေရို့တက် တောင်ညို့တောင်။
တောင်ထိပ်ချာမြင့် အုံ့လောက်ယင့်၊
တက်လီ တက်လီ၊ ကျောက်လှိုကားကို တွိရမေ။
လှိုကားလည်းရောက် တစ်ဆင့်ထောက်၊
ဆီးကွမ်းလည်းဝါး တစ်ချက်နား။
တက်လိုက် တက်လိုက် **"နဂါးရစ်"** ကိုပတ်ရမေ။
ပတ်တေ ပတ်တေ ပတ်လတ်တေ။
ပတ်တေအပြီး တောင်စွယ်ကြီး၊
နဘယ်ရောက် တောင်မစောက်။
အမောက်ကျော်ခါ တောင်နားခေါင်းကို ကျော်လတ်တေ။
တောင်စွယ်တောင်ပတ် တောင်ဘယတ်၊
**"ကျောက်ကလပ်"** ပြင် ကျောက်နတ်ရှင်၊
ကျောက်ရှင်နတ်ကြီး ရှိတော်ထီးကို၊
တွိရမေ. . . . . . လေ၊ တွိရ. . . . . မေ. . . . . ။ ။

ရခိုင့်ရိုးရာကျေးလက်တေး
(ရေးသူအမည်မသိ)

## ဒွါရာဝတီလုံခြုံရေး

တစ်ချိန်က ဒွါရာဝတီ၏ လုံခြုံရေးသည် ရခိုင်ပြည်အတွက် အလွန်အရေးပါခဲ့၏။ အဘယ်ကြောင့်ဆိုသော် ဒွါရာဝတီ နယ်မြေဒေသ၏ အရှေ့ဘက်တွင် ပြူ(ပျူ) လူမျိုးတို့ ရှိနေကြပြီးလျှင်၊ တောင်ဘက်တွင် မွန်တို့၏ **"သထုံ-မုတ္တမ၊ ဒဂုံ-ဒလ၊ ပုသိမ်-မြောင်းမြ"** ဟူသော ရာမညသုံးရပ်အဝင် **"ပုသိမ်-မြောင်းမြ"** ဟူသော မွန်လူမျိုးတို့၏ နယ်မြေဒေသနှင့် ဆက်စပ်လျက်ရှိနေသောကြောင့်ဖြစ်၏။ နောင်အခါ ပြူ မွန်တို့၏ နယ်မြေဒေသများကို ဗမာလူမျိုးတို့ ဝင်ရောက်လာပြီးနောက်တွင် ဗမာတို့၏ နယ်မြေဒေသနှင့်လည်း ဆက်စပ်လျက်ရှိနေပြန်သည်။

သို့ဖြစ်၍ ဒွါရာဝတီနယ်မြေဒေသသည် ရခိုင်ပြည်၏ ခြံစည်းရိုးသဖွယ်(တစ်နည်း) လမ်းပေါက်သဖွယ် နယ်စပ်ဒေသတစ်ခုဖြစ်နေသောကြောင့်၊ ဒွါရာဝတီ၏ လုံခြုံရေးသည် ရခိုင်ပြည်၏ လုံခြုံရေးအတွက် အလွန်အရေးပါခဲ့ကြောင်း အထက်ကစကားကို ဆိုခဲ့ခြင်းဖြစ်သည်။

ရခိုင်ပြည်၏ တောင်ဘက်အပိုင်းတွင် ဒွါရာဝတီနယ်မြေဒေသသည် ရခိုင်ပြည်အတွက် အလွန်အရေးပါခဲ့ သလို၊ **"ဓညဝတီတောင်စဉ်ခုနစ်ခရိုင်"** ဟုခေါ်တွင်သော **"မင်းတုန်းတောင်စဉ်ခုနစ်ခရိုင်"** (-မင်းတုန်း၊ မင်းတပ်၊ တိုင်တား၊ မြို့သစ်၊ ပန်းတိမ်း၊ ငဖဲ၊ နန်းတော) ကို စားကြရသော **"မင်းတုန်းစား"** ၏ နယ်မြေဒေသသည်လည်း ရခိုင်ပြည်အတွက် အလွန်အရေးပါခဲ့၏။

အလားတူ သီလပ်(သျှီလက်)စား၊ ဒါကာ(ဒါဂါ)စားနှင့် မောက်သူဇာစားတို့၏ နယ်မြေဒေသများသည်လည်း ရခိုင်ပြည်အတွက်အလွန်အရေးပါခဲ့ကြပါသည်။ အဆိုပါနယ်မြေဒေသများ၌ အုပ်ချုပ်ခွင့်ရရှိခဲ့ကြသော မြို့စားမင်းများမှာ **"ရွှေမင်းတို့ လူအသက်ကိုအပ်ကြောင်း ထုံးစံရှိသည့်အတိုင်း သေပြစ်သေဒဏ် ရောက်သူဖြစ်လျှင် ထွက်ချက်၊ မေးချက်ကို တင်ပြလျှောက်ထား၍ စီရင်စေ။"** ဟူ၍ သတ်မိန့်ကိုပင် ပေးခွင့်ရထားသူများဖြစ်ကြောင်း ရခိုင်မင်းရာဇာကြီးစာတန်း၊ ၈-ကြောင်းပေမူ၊ ကံ-ချပ်၊ ဝမ်းဘက်၊ ကြောင်းရေ-၄၊၅ တွင် တွေ့ရှိရသည်။

အထက်ဖော်ပြပါ နယ်မြေဒေသများသည် ရခိုင်ပြည်၏ အလွန်အရေးပါသော နယ်မြေဒေသများဖြစ်ခဲ့၏။ **"ကင်းကောင်းမှ ပြည်လုံ၊ ပြည်လုံမှ အေးချမ်း"** ဟူသော ဆိုရိုးစကားကဲ့သို့ ရခိုင်ရှင်ဘုရင်တို့သည် တိုင်းပြည်အတွက် အရေးပါခဲ့သော ထိုနယ်မြေဒေသ အသီးသီးတို့၌ ကင်းစခန်းများကို တည်ဆောက်ခဲ့ကြ၏။ ဒွါရာဝတီနယ်မြေဒေသတွင် **"ကင်းမော်ရွာ"**နှင့် **"ကင်းသေကျွန်းရွာ"** တို့သည် ဒွါရာဝတီ၏ ကင်းစခန်းတည်ချရာ နေရာဒေသများ ဖြစ်ခဲ့ကြ၏။ ဒွါရာဝတီ-သံတွဲမြို့ကို ရေကြောင်းခရီးဖြင့် ရန်သူများ ဝင်ရောက်လာမည်ဆိုပါက **"ဆင်ခေါင်းတံခါး"** ကနေ ဝင်ရောက်လာနိုင်သည်။ ဆင်ခေါင်းတံခါးဆိုသည်မှာ ပင်လယ်ဘက်သို့ဖြစ်စေ၊ ပင်လယ်ဘက်မှဖြစ်စေ ဝင်ရာ-ထွက်ရာ တံခါးပေါက်သဖွယ် ဖြစ်ခြင်းကြောင့် **"တံခါး"**ဟု သံတွဲဒေသတွင် အခေါ်ရှိနေသည်။ ကိုယ့်စကားဖြင့် ပြောပါမူ **"တန်းခါး"** ဟူ၍ ဖြစ်သည်။ ထိုတံခါးသည် ဆင်ခေါင်းအနီးတွင် တည်ရှိနေသောကြောင့် ထင်ရှားရာကို အစွဲပြု၍ **"ဆင်ခေါင်းတံခါး"**ဟု ယနေ့တိုင်ခေါ်နေကြခြင်းဖြစ်သည်။

အလားတူ သံတွဲဒေသတွင် ခမောင်းတုံးတံခါး၊ ကျီဝ(ချီဝ) တံခါး၊ နတ်ကန်တံခါးဟူ၍လည်း ရှိပါသေးသည်။ ထို့ကြောင့် ဆင်ခေါင်းတံခါးသည် ဒွါရာဝတီ-သံတွဲမြို့၏ လုံခြုံရေးအတွက် အရေးပါသော တံခါးပေါက်သဖွယ်ဖြစ်ခဲ့၏။

ဒွါရာဝတီ-သံတွဲမြို့သို့ ရေလမ်းခရီးဖြင့် ရန်သူများဝင်ရောက်လာမှုကို ကြိုတင်သိရှိနိုင်ရေးအတွက်

မျှော်တောင်(ယခု-မြို့တောင်)သည် မျှော်စင်တစ်ခုသဖွယ် အသုံးချခဲ့၏။ အဓိက **"ပင်မကင်းစခန်း"** ကို ယခု **"ကင်းမော်"** နေရာတွင် တည်ဆောက်ထား၏။ နောင်သောအခါ၌ **"ကင်းစခန်းမော်"** တည်ရှိခဲ့ရာနေရာဒေသကို အစွဲပြု၍ **"ကင်းမော်ရွာ"** ဟု ခေါ်တွင်ခဲ့ကြခြင်းဖြစ်သည်။

ဒွါရာဝတီသို့ ရေလမ်းခရီးဖြင့် စစ်ချီလာသောရန်သူတို့သည် ဆင်ခေါင်းတံခါးမှတပါး၊ ခမောင်းတုံးတံခါး၊ ချီဝတံခါး၊ နတ်ကန်တံခါးတို့က ဝင်ရောက်လာဖို့ဆိုသည်မှာ မလွယ်ကူချေ။ အဘယ်ကြောင့်ဆိုသော် **"ပြွန်"** ရှိနေသောကြောင့် ဖြစ်၏။ ယင်းပြွန်လမ်းကြောင်းကို ရာသီဥတုဆိုးရွားနေမှ အသုံးပြုကြခြင်းဖြစ်သည်။ ယင်းပြွန်လမ်းကြောင်းမှ ဝင်ရောက် လာသည်ထားဦးတော့ **"ကင်းစခန်းမော်"** ကို မကျော်ဖြတ်ဘဲ ဒွါရာဝတီ-သံတွဲမြို့သို့ ရောက်မလာနိုင်။ ထို့ကြောင့် ဒွါရာဝတီ-သံတွဲမြို့အား ရေကြောင်းတိုက်ခိုက်မှု အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် ကင်းစခန်းမော် (=ယခုကင်းမော်ရွာ) နေရာသည် အလွန်အရေးပါသော နယ်မြေဒေသတစ်ခုဖြစ်ခဲ့၏။

ကင်းမော်ရွာတွင် **"ကင်းဘုရား"** ဟူ၍ ဘုရားတစ်ဆူရှိသည်။ ယင်းဘုရားသည် ကင်းစောင့်ရဲမက်တို့၏ **"ကင်းစခန်း"** တည်ရှိရာအရပ်တွင် တည်ထားသောကြောင့် **"ကင်းဘုရား၊ ကင်းစေတီ"** ဟူ၍ ယနေ့တိုင် သမိုင်းတွင် လျက် ရှိနေသည်။ အဆိုပါကင်းစခန်းကို ဒွါရာဝတီ-သံတွဲမြို့စားဖြစ်ခဲ့သူ မြောက်ဦးဘုရင် မင်းဗာကြီး လက်ထက် ကောဇာ-၈၉၃-ခု မှ ၉၁၅-ထိ (အေဒီ-၁၅၃၁-မှ ၁၅၅၃-ထိ) ကာလက တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း မှတ်သားရပါသည်။

တိုင်းပြည်နှင့် မြို့၊ ရွာဒေသများကို လူသားများ ကင်းစောင့်သလို၊ ရှေးကနတ်တို့ကိုလည်း -**"ပြည်စောင့်နတ်"** အဖြစ်သတ်မှတ်ကာ တိုင်းပြည်အတွက် ကင်းစောင့်ပေးကြရသည့် သာဓကများရှိခဲ့ပါသည်။ တိုင်းပြည်ကို စောင့်ရှောက် ပေးကြရသော နတ်ကို **"ပြည်စောင့်နတ်"** ဟူ၍ ခေါ်သလို၊ (တစ်နည်း) **"ဝန်တီးနတ်"** ဟူ၍လည်း ခေါ်ကြသည်။

သံတွဲမြစ် (သံတွဲချောင်း)၏ လက်ယာဘက်၊ ကင်းမော်ရွာ၏ တစ်ဖက်ကမ်းတောင်ညိုရွာနှင့် ခရမ်းမော်ရွာ အကြားတွင် **"ဝန်းတီးတောင်"** ဟူ၍ ရှိသည်။ ထိုတောင်၌ ဝေသာလီခေတ်က ပြည်စောင့်နတ် (ခေါ်) ဝန်းတီးနတ်ကွန်း ရှိခဲ့သည်။ ထို **"ဝန်းတီးနတ်ကွန်း"** တည်ရှိမှုကို အစွဲပြု၍ ထိုဝန်းတီးနတ်ကွန်းတည်ရှိရာ တောင်ကိုလည်း **"ဝန်းတီး တောင်"** ဟူ၍ ခေါ်တွင်ခဲ့ကြခြင်းဖြစ်သည်။ နောင်သောအခါ ထိုတောင်၌ ဘုရားစေတီတော်တစ်ဆူကို တည်ထား ပူဇော်ခဲ့ကြ၏။ ထိုစေတီတော်ကို **"ဝန်းတီးစေတီ၊ ဝန်းတီးဘုရား"** ဟု ခေါ်တွင်လျက် ရှိကြသည်။

ပြည်စောင့်နတ်(ခေါ်)ဝန်းတီးနတ်ကို **"ရခိုင်ဘုရင် မင်းဗာကြီး"** လက်ထက်တော်အခါကာလကလည်း တိုင်းပြည်ကို စောင့်ရှောက်ဖို့ရန် ဒေသလုံခြုံရေးအတွက် ဆက်လက်စီမံထားရှိခဲ့ကြောင်း သိရှိရသည်။ သည်ကိစ္စနှင့် ပတ်သက်၍ ယင်းအချိန်က မင်းဗာကြီးနှင့် ပညာသင်ဘက် သူငယ်ချင်းများဖြစ်ကြသော **"ဂန္ထိရပညာရှင်-ဆရာမြဝါနှင့် ပညာရှိအမတ်ကြီး မဟာပညာကျော်"** တို့၏စွမ်းရည်သတ္တိနှင့် နည်းပညာများကိုလည်း လျှော့တွက်၍မရနိုင်ပေ။

အထက်ပါကိစ္စရပ်နှင့်ပတ်သက်၍ မဖြစ်နိုင်ဟုပြော၍ မရပါ။ သည်ကိစ္စမှာ လောကီအစီအမံဟု ဆိုသော်ငြား လည်း၊ ဘုရားဟော ဒေသနာ၌လည်း လာရှိပုံကို သက်သေပြပါမည်။ ငါးရာ့ငါးဆယ်၊ ပဥ္စကနိပါတ်၊ တစသာရဇာတ်တွင် **"ရန်အောင်ရာသော အကြောင်းငါးပါး"** ဟူ၍ လာရှိပါသည်။ ယင်းတို့မှာ-

**"ဓပွေန မန္တေန သုဘာသိတေန၊**

**အနုပ္ပဒေန ပဝေဏိယာဝါ။"** ဟူ၍ ဖြစ်ပါသည်။

အဓိပ္ပါယ်ကား (၁) ဇပ္ပေန ＝ အင်းယတြာ, မန္တန်ဆေးဝါး, မန္တရားဖြင့် ရန်ကိုအောင်ခြင်း။ (၂) မန္တေန ＝ ပညာရှိချင်း , ဆွေးနွေးတိုင်ပင်၍ ရန်ကိုအောင်ခြင်း။ (၃) သုဘာသိတေန ＝ ချစ်ဖွယ်သော စကားကိုပြောဆို၍ ရန်ကိုအောင်ခြင်း။ (၄) အနုပ္ပါဒေန ＝ လက်ဆောင်တံစိုးပေးကမ်း၍ ရန်ကိုအောင်ခြင်း။ (၅) ပဝေဏိယာဝါ ＝ အမျိုးအဆွေဆက်၍ ရန်ကိုအောင်ခြင်းတို့ ဖြစ်ကြ၏။

ယင်းကဲ့သို့ ကျမ်းဂန်လာ ဘုရားဟောတရားရှိသည့်အတိုင်း **"ဇပ္ပေန＝အင်းယတြာ, မန္တန်ဆေးဝါး, မန္တရားဖြင့် ရန်ကိုအောင်ခြင်း"** ဟုဆိုထားသည့်အတိုင်း၊ **"ရှေးခေတ်ရခိုင်တို့သည်လည်း ဒွါရာဝတီမြို့ကို သူတစ်ပါးတို့ တိုက်ခိုက်၍ မရနိုင်အောင် အင်းယတြာ, မန္တန်ဆေးဝါး, မန္တရားများဖြင့် စီမံထားခဲ့ကြလေသလော"** ဟု တွေးထင်မိပါသည်။

အဘယ်ကြောင့်ဆိုသော် ရှေးခေတ်က အယုဇ္ဈပူရ(စစ်ထိုးခြင်းငှါမတတ်ကောင်းသောပြည်)ကို **"ဒွါရာဝတီမြို့"** ဟု အမည်ပေးထားပုံကိုက ထူးခြားချက်ဖြစ်နေသည်။ အဆိုပါ အယုဇ္ဈပူရမြို့ကို အကာအကွယ်ပေးခဲ့သော အရာမှာ **"နတ်ဘီလူးမနှင့် ကျောက်မြည်း"** ဖြစ်သည်။ ယင်းနတ်ဘီလူးမနှင့် ကျောက်မြည်းသည်ပင်လျှင် ဒွါရာဝတီမြို့၏ ထူးခြားသော အစီအမံတစ်ခုဟု ဆိုနိုင်သည်။ အယုဇ္ဈပူရမြို့(ဒွါရာဝတီမြို့)၏ လေးပြင်လေးရပ်တွင်လည်း **"နတ်ဘီလူးများ"** အစောင့်အရှောက်ရှိကြောင်း သမိုင်းရာဇဝင်၌ လာရှိပါသည်။

နတ်ဘီလူးရှိခဲ့မှုကို **"လက်တွေ့မမြင်ရလျှင် မယုံ"** ဟု ခေတ်လူတို့ပြောလိုကြသော်လည်း၊ သည်ကိစ္စကို မြတ်ဗုဒ္ဓကိုယ်တိုင် ဇာတ်တော်၊ နိပါတ်တော်များ၌ အတိအကျ ဟောကြားထားခဲ့သည်မှာ အများအပြား ရှိပါသည်။ မြတ်ဗုဒ္ဓ၌ **"သဗ္ဗညုတဉာဏ်"** ရရှိထားမှုကို လက်ခံယုံကြည်သောသူမှသာ သည်ကိစ္စကို ယုံကြည်နိုင်မည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့်ဆိုရလျှင် အထက်ဖော်ပြပါအတိုင်း ဒွါရာဝတီနယ်မြေဒေသသည် တိုင်းပြည်လုံခြုံရေးအတွက် အဓိကကျသော နယ်မြေဒေသတစ်ခုဖြစ်ခဲ့ကြောင်းနှင့် ထိုနယ်မြေကို အုပ်ချုပ်ကွပ်ကဲရမည့် မြို့စားကိုပင်လျှင် တိုင်းပြည်အတွက် စိတ်ချယုံကြည်ရသူ မင်းညီ၊ မင်းသားများနှင့် ပညာရှိအမတ်ကြီးများကိုသာ ရွေးချယ်ခန့်အပ်လေ့ရှိကြောင်း ရာဇဝင်ကျမ်းများ၌ တွေ့ရသည်။

ဒွါရာဝတီနယ်မြေဒေသသည် နောင်အနာဂတ်ကာလတွင် စိုးရိမ်စရာနယ်မြေတစ်ခု ဖြစ်လာနိုင်သောကြောင့် ရခိုင်ရှင်ဘုရင်တို့အနေဖြင့် အထူးအလေးထား ဂရုစိုက်ခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် ဒွါရာဝတီလုံခြုံရေးသည် ရခိုင်ပြည်၏ လုံခြုံရေးတစ်ခုဖြစ်ခဲ့ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

**ဒွါရာဝတီ-အသျှင်ကုသလ**

(ကျမ်းကိုးစာရင်း)

၁။ ရခိုင်မင်းရာဇာကြီးစာတန်း(ပေမူ)။ ။ ကိုယ်ရံကြီးအမတ်-မဟာဇေယျသိန်။

၂။ ငါးရာ့ငါးဆယ်၊ ပဥ္စကနိပါတ်၊ တစသာရဇာတ်။ ။ မြတ်ဗုဒ္ဓ။

၃။ ဒွါရာဝတီ-အသျှင်ကုသလ မှတ်စု။

ငပလီကမ်းခြေမြို့မဂ္ဂဇင်း

အမှတ်(၁)၊ ၂၀၁၅-ခု။

# မင်းရာဇာကြီးနှင့် ဒွါရာဝတီ

## အပိုင်း(၁)

မင်းရာဇာကြီးသည် မြောက်ဦးခေတ်(အေဒီ-၁၅၃၁-မှ ၁၆၃၈-ထိ)၏ ဒုတိယမင်းဆက်၊ နန်းဆက်ကို တည်ထောင်တော်မူသော ရခိုင်ဘုရင် မင်းဗာကြီး(အေဒီ-၁၅၃၁-မှ ၁၅၅၃-ထိ)မှ (၆)ဆက်မြောက်မင်းဖြစ်သည်။ မင်းဖလောင်း၏ သားတော်ဖြစ်ပြီး၊ မင်းဗာကြီး၏ မြေးတော်လည်း ဖြစ်သည်။

မင်းဖလောင်းနတ်ရွာစံပြီးနောက် သားတော်အိမ်ရှေ့မင်းသား **"သတိုးဓမ္မရာဇာ"** သည် မျောက်သားတော် **"ဝိဇလာ"** နှင့် ဘိသိက်ခံ၍ သက္ကရာဇ်-၉၅၅-ခု၊ (အေဒီ-၁၅၉၃) ဝါဆိုလဆန်း (၆)ရက်၊ တနင်္ဂနွေနေ့တွင် ခမည်းတော်၏ အရိုက်အရာကို ဆက်ခံတော်မူခဲ့သည်။ ကဆုန်လရောက်သဖြင့် ဘိသိက်ခံတော်မူသောအခါ၌ **"မင်းရာဇာ"** ဟူသော ဘွဲ့အမည်ကို ခံတော်မူလေသည်။

ညီတော် **"မင်းစောလှ"** ကိုလည်း **"စစ်တကောင်းစား"** အရာကို ပေးတော်မူသည်။ နှစ်နှစ်ခန့်အကြာ သက္ကရာဇ်-၉၅၇-ခုသို့ရောက်သောအခါ ညီတော်မင်းစောလှသည် **"သက်မင်းကောင်းလှဖြူ"** အပါအဝင် မြို့၊ လင်းကဲတို့နှင့် ပူးပေါင်းကာ ပုန်ကန်ခြားနားလေသည်။ ယင်းနှစ်တွင်ပင် မင်းရာဇာကြီးကိုယ်တိုင် ချီတက်နှိမ်နင်းတော်မူခဲ့ရသည်။ ညီတော်စစ်မပြိုင်ဝံ့၍ အညှံ့ခံရသည်။

စစ်တကောင်းမြို့ကို ခမည်းတော်နည်းအတိုင်းပင် အမတ်ကြီး **"မဟာပညာကျော်"** ကို မြို့စားအဖြစ် ပေးအပ်တော်မူသည်။ အမတ်ကြီး၏သား **"ကျီးညို"** ကိုလည်း **"ရောင်ဖြူမြို့"** ကို ပေးသနားတော်မူသည်။ ထို့နောက် သားတော် **"ဒီဃ"** ကို မောက်သူဇာမြို့မှာနေစေ၍၊ ဘင်္ဂါ(၁၂)မြို့ကို အုပ်ချုပ်စေတော်မူသည်။ ထိုနှစ်တပို့တွဲလတွင် ပြန်တော်မူခဲ့သည်။

## အပိုင်း(၂)

သက္ကရာဇ်-၉၅၉-ခုနှစ်တွင် **"ကေတုမတီ-တောင်ငူဘုရင် မင်းရဲကျော်ထင်"** သည် နောင်တော်ဟံသာဝတီ-ပဲခူးမင်း နန္ဒဘုရင်ကို လုပ်ကြံလို၍ အထူးထူးသော လက်ဆောင်ပဏ္ဏာများဖြင့် **"ကြည်းတောင်စားနှင့် ကသာစား"** နှစ်ယောက်ကို မင်းရာဇာကြီးထံသို့ သံစေလွှတ်ကာ စစ်ကူတောင်းလာသည်။ သူတို့နှင့် အတူပါလာသော ရွှေပေလွှာတွင် **"ပဲခူးမြို့ကို ကူညီတိုက်ယူ၍ ပေးတော်မူပါ။ ပဲခူးမြို့ကိုရလျှင် သမီးကညာနှင့် ဆင်ဖြူရတနာကို ဆက်သပါမည်။"** ဟူ၍ ပါရှိပါသည်။

မင်းရာဇာကြီးလည်း စစ်ကူရန်အတွက် ကြည်းတပ်၊ ရေတပ်အလုံးစုံသော စစ်သည်တော်တို့ကို စီမံကွပ်ကဲစေ၍၊ စစ်မချီမီ စနည်းကို နာစေ၏။ ထိုအခါ အဥ္ဇနနဒီလေးမြို့မြစ်တွင် သူငယ်တို့လှေလှော်ကြရင်း တြင်းကို ရွတ်ဆိုကြ၏။ တြင်းရွတ်ဆိုသံမှာ -

**"ဆင်ဖြူပေါင်ကျိုး၊ ထီးဖြူညိုး၍**

**ပဲခိုး(ပဲခူး)ဘုရင် ၊ တို့အသျှင်ထံ-ဝင်လိမ့်မည်။"** ဟူ၍ ဖြစ်၏။

ယင်းတြင်းသံ၏ သဘောအဓိပ္ပါယ်မှာ စစ်နိုင်မည့်နိမိတ်လက္ခဏာပင်ဖြစ်၏။

စစ်ချီတော်မူမည့် ကိစ္စတွင် တပ်ကိုစီစဉ်ပုံနှင့် တာဝန်ခန့်အပ်တော်မူပုံမှာ စစ်သည်သူရဲတစ်သိန်းတို့ကို

အမတ်တော်ကိုယ်ရံကြီး **"ဓမ္မာသောက"** ကို အချုပ်ခန့်ကာ တပ်ဦးက ချီစေသည်။

ပြည့်ရှင်မင်းရာဇာကြီး၏ တပ်မတော်တွင်လည်း ရဲမက်တစ်သိန်း ပါဝင်စေခဲ့သည်။ သားတော်အိမ်ရှေ့မင်းသား **"မင်းခမောင်း"** နှင့် စိန်တင်စား **"ဉက္ကာပျံ"** တို့ကို စစ်သည်ရဲမက်ငါးသောင်းနှင့်အတူ သက္ကရာဇ်-၉၆၀-ပြည့်၊ တန်ဆောင်မုန်းလဆန်း(၁၁)ရက်နေ့တွင် ဒွါရာဝတီ-မော်တင် နဂါးရစ်ကိုလှည့်၍ သန်လျင်မြို့သို့ ရှေ့ပြေးအဖြစ် ချီစေတော်မူခဲ့သည်။

## အပိုင်း(၃)

မင်းရာဇာကြီးလည်း ၎င်းသက္ကရာဇ်၊ ၎င်းလ၌ပင် ရေကြောင်းခရီးဖြင့် နောက်ကချီတော်မူလာခဲ့သည်။ ဒွါရာဝတီ-သံတွဲမြို့သို့ ရောက်တော်မူသောအခါ အံတော်စေတီတော်သို့ တက်ရောက်ဖူးမျှော်တော်မူသည်။ များစွာသော ပန်းပေါက်ပေါက်, ဆီမီးတို့ဖြင့် ထွန်းညှိပူဇော်ကာ သစ္စာဓိဋ္ဌာန်ပြုတော်မူခဲ့သည်။

မင်းရာဇာကြီးသည် လှေဖောင်တော်သို့ ဆင်းတော်မူလာသောအခါ၊ လှေဖောင်တော်ဦးတွင် သိမ်းနား၏။ ဗဟိုတွင် ဖျိုင်းနား၏။ ပဲ့တွင် လင်းတနား၏။ ယင်းအတိတ်နိမိတ်ကို သံတွဲမြို့တွင် သီတင်းသုံးနေထိုင်တော်မူသော ဆရာတော်တစ်ပါးကို ပင့်ဖိတ်လျှောက်ထားတော်မူရာ -

(၁) လှေဖောင်တော်ဦးတွင် သိမ်းနားသည့်အလို = ဟံသာဝတီ-ပဲခူးမြို့ကို သိမ်းပိုက်တော်မူအံ့။

(၂) ဗဟိုတွင် ဖျိုင်းနားသည့်အလို = ဆင်ဖြူရတနာ ရတော်မူအံ့။

(၃) ပဲ့တွင် လင်းတနားသည့်အလို = လင်ကို တ,သော မိန်းမရတနာ ရတော်မူအံ့။ ။ ဟူ၍ နိမိတ်သုံးခု၏ အဖြေကို မိန့်ကြားတော်မူလေသည်။

မင်းရာဇာကြီးလည်း **"အသျှင်ဘုရားမိန့်ကြားတော်မူသည့်အတိုင်း အလိုပြည့်ပါမူ တပည့်တော် ရွှေကျောင်း ဆောက်၍ လှူတော်မူပါမည်။"** ဟူ၍ လျှောက်ထားကာ ခရီးဆက်တော်မူခဲ့သည်။ အမတ်တော်ကိုယ်ရံကြီး **"ဓမ္မာသောက"** ၏ တပ်မှာလည်း မုတ္တမသို့ ဆိုက်ရောက်နေချေပြီ။ သားတော်အိမ်ရှေ့မင်းသား မင်းခမောင်းနှင့် ဉက္ကာပျံတို့ တပ်မှာလည်း သန်လျင်သို့ရောက်လေလျှင် သန်လျင်မြို့ကို သိမ်းပိုက်၍ အခိုင်အလုံနေကြလေသည်။

တောင်ငူဘုရင် မင်းရဲကျော်ထင်သည်လည်း တပ်ခုနစ်တပ်ကို တပ်ပေါင်းစုလျက် တပ်မ,ပြုကာ စစ်သည် သူရဲငါးသောင်းနှင့် ချီလာ၍ **"ကောလိယ"** တွင် အခိုင်အမာခံနေလေသည်။

## အပိုင်း(၄)

စစ်အကူရောက်ရှိလာသော ရခိုင်မင်း၏တပ်တို့မှာ အသင့်အနေအထားရှိသောအခါ၌ **"တောင်ငူဘုရင်"** သည် ဟံသာဝတီသို့ချဉ်းကပ်၍ မြို့၏ အရှေ့အရပ်က ရံလေတော့၏။ တောင်ငူမင်း၏သားတော် **"နတ်သျှင်နောင်"** က မြို့၏မြောက်အရပ်က ရံလေ၏။ ရခိုင်မင်း၏သားတော် **"မင်းခမောင်း"** က မြို့၏တောင်အရပ်က ရံလေ၏။ **"မင်းရာဇာကြီး"** က အနောက်အရပ်က ရံတော်မူလေသည်။

ယင်းကဲ့သို့ နှစ်ပြည်ထောင်မင်းတို့ ဟံသာဝတီမြို့ကို ဝန်းရံကာ မြို့၏ စားနပ်ရိက္ခာတို့ကို ပိတ်ဆို့ကြလေ၏။ မြို့တွင်းသားတို့ အစာရေစာရိက္ခာရှားပါး ငတ်မွတ်သဖြင့် မကြာမြင့်မီ မြို့တံခါးကို ဖွင့်ပေးရတော့၏။ ဟံသာဝတီ

နန္ဒဘုရင်လည်း အညှဲခံ၍ တိုင်းပြည်ကို အပ်ရလေတော့၏။

တောင်ငူမင်းသည် ဟံသာဝတီကိုရရှိပြီးနောက်၊ ရခိုင်ဘုရင် မင်းရာဇာကြီးနှင့် တပ်ကိုလည်း အထူးထူးသော ပုဆိုးကောင်း၊ ခါသာကောင်း၊ မှိုင်းလုံး၊ ရွှေဖျင်၊ မုန့်၊ ယို၊ သနပ်စသော အသုံးအဆောင်များကို လှူသုံးထောင်အား ကိုင်စေ၍ မင်းညီမင်းသား မှူးမတ်အပေါင်း ကြပ်မတ်စေလျက် ပို့ဆက်တော်မူသည်။

ဆင်ဖြူတော် တစ်စီးနှင့်အတူ ဟံသာဝတီမင်း၏ သမီးတော် မင်းသမီး **"ခင်မနှောင်း"** ကို မိဘုရားတို့ အဆောင် အယောင်နှင့်တကွ အထိန်းအချီကတော်လေးယောက်၊ ကိုယ်လုပ်မောင်းမ သုံးကျိပ်ပေးတော်မူ၍၊ မှူးမတ်အပေါင်း ဝန်းရံစေလျက် ဝေါနှင့်ထမ်းဆောင်၍ ရခိုင်ဘုရင်မင်းရာဇာကြီးအား ဆက်သတော်မူစေသည်။

## အပိုင်း(၅)

မင်းရာဇာကြီး ရခိုင်သို့ ပြန်ကြွတော်မမူမီ၊ ကြားဖြတ်စစ်ရေးတစ်ခု ဝင်ရောက်လာခဲ့သည်။ ယိုးဒယားဘုရင် **"ဖြနရာဇ်"**(=ဖရနရေဆုအင်)သည် ဟံသာဝတီသို့ စစ်ချီလာသည်။ ထိုအခါ တောင်ငူမင်းသည် ရခိုင်ဘုရင်မင်းရာဇာကြီး အား ဟံသာဝတီကို ခေတ္တအပ်နှင်းတော်မူကာ တောင်ငူသို့ ပြန်ရလေသည်။ ယိုးဒယားဘုရင်လည်း တောင်ငူသို့ချီ၍ ဝန်းရံကာလုပ်ကြံပါသော်လည်း မရနိုင်ချေ။

ထိုအခါ မင်းရာဇာကြီး၏စေခိုင်းချက်အရ **"အိမ်ရှေ့မင်းသားမင်းခမောင်း"** နှင့် စစ်သည်ရဲမက်တို့သည် တောကနေ၍ ယိုးဒယားကပို့လာသမျှသော ရေကြောင်းရိက္ခာမှန်သမျှကို ဆီးကြို၍ တိုက်ခိုက်လေသည်။ လာသမျှ ရိက္ခာလှေ အကုန်လုံးပျက်လေလျှင်၊ ယိုးဒယားမင်းရိက္ခာမရဘဲ ငတ်မွတ်လေတော့၏။ တစ်လခန့်ကြာသော် ယိုးဒယား မင်းလည်း တောင်ငူကခွာ၍ ပြန်တော်မူခဲ့ရာ ရခိုင်က **"သက်မင်းကောင်းလှဖြူ"** သည် လမ်းကဆီးကြို၍ တိုက်ခိုက် ပြန်လေ၏။ ယိုးဒယားမင်း၏ညီ **"ဖြသမွန်"** ကို ရလေလျှင် မင်းရာဇာကြီးထံသို့ ဆက်လေ၏။

ယိုးဒယားမင်း၏ညီ ဖြသမွန်ကို ကောင်းစွာထားတော်မူ၍ ယိုးဒယားပြည်ရှိ လက်နက်ဘဏ္ဍာများကိုတောင်းရာ ပြောင်းမီးပေါက်သုံးထောင်၊ နားမဖောက်သောပြောင်းကြီး၊ ဖြရွတ္တသိဟူသော ပြောင်းလက်နက်များကို ဆက်သ တော်မူလာသည်။ ယိုးဒယားမင်း၏ ညီတော်ကိုလည်း အပ်တော်မူလိုက်သည်။


ယိုးဒယားမင်း၏ စစ်ရေးအန္တရာယ်ပြီးဆုံးလေသော်၊ တောင်ငူမင်းသည် ရခိုင်ဘုရင်မင်းရာဇာကြီးအား ကျေးဇူးတင်မဆုံးရှိလှသဖြင့်၊ ဟံသာဝတီမြို့ဘကြီးတော် **"ကျော်ထင်နော်ရထာ"** လက်ထက်က ယိုးဒယားက သိမ်းပိုက် ယူဆောင်လာခဲ့သော ယိုးဒယားမင်း ဖြသာဓိပတိရာဇာအရုပ်၊ မိဘုရားကြီးအရုပ်၊ ယိုးဒယားမင်းဆရာအရုပ်၊ ရောဝဏ် ဆင်ရုပ်၊ ယိုးဒယားတို့ကိုးကွယ်သော ရာမရုပ်၊ ဟနုမန်မျောက်ရုပ်။ အလမ္ဘာယ်မြွေသမားအရုပ် စသည်ဖြင့် ကြေးရုပ်များနှင့် တကွ ရွှေငွေဘဏ္ဍာတို့ကို ဆက်သတော်မူလေသည်။

## အပိုင်း(၆)

ရခိုင်ဘုရင်မင်းရာဇာကြီးသည် ရခိုင်မင်းနှင့် တောင်ငူမင်းတို့ စစ်ရေး၊နိုင်ငံရေးအရ မဟာမိတ်ဖြစ်မှု၊ နှစ်ပြည် ထောင်မင်းတို့ ကာလတာရှည်စွာ ချစ်ကြည်ရင်းနှီးမှုကို အထိမ်းအမှတ်ပြုသောအားဖြင့် -

**"ကာလတာရှည်၊**

**ကေလဇာတီ ။ ။"** ဟူသော အတိတ်နိမိတ်ကိုဆောင်၍ စေတီတော်တစ်ဆူကို အောင်မြင်စွာ တည်ထားပူဇော်ခဲ့ပါသည်။ ယနေ့ထက်တိုင် **"ကေလဇာတီစေတီတော်"** (=ရခိုင်ဘုရား)ဟူ၍ သမိုင်းတွင် လျက် ရှိနေပေတော့သည်။



တောင်ငူမြို့၊ မဟာမုဏိကေလဇာတီ မင်္ဂလာစေတီတော်
(**"ဇာတီ"** ဟူ၍ ရခိုင်တို့၏ မူရင်းစကားအတိုင်း ရေးသား၊ ပြောဆိုလျက် ရှိနေကြပါသေးသည်။
ရခိုင်ဘုရားဟူ၍လည်း ခေါ်ကြသည်။)

[မှတ်ချက်။ ။ စေတီကို ပါဠိလို **"စေတိယ"** ဟုခေါ်ပြီးလျှင်၊ သက္ကတလို **"စဲတျ"** ဟူ၍ ခေါ်သည်။ ယင်းကို ရခိုင်လူမျိုးတို့က **"စေတီ + ဇာတီ + ဇာဒီ"**ဟူ၍ ခေါ်ဝေါ်ကြသည်။ ယင်းစကား ဝေါဟာရ

များမှာ ရခိုင်တို့၏ မူလဝေါဟာရ စကားအရင်းအမြစ်များပင် ဖြစ်တော့သည်။




မဟာမုဏိကေလဇာတိဘုရား

(ပေါ်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကို မူလရုပ်ပွားတော်ပလ္လင်အောက်မှ ၂.၂.၂၀၀၄ ရက်နေ့က တူးဖော်ရရှိသည်။)

နှစ်ပြည်ထောင်ချစ်ကြည်ရေးအဖြစ် ရခိုင်လူမျိုးတို့ကိုလည်း တောင်ငူမင်းက တောင်ငူမြို့တွင် နေထိုင်ခွင့်ပေးခဲ့သည်။ ယင်းနေရာအရပ်ကိုလည်း ယနေ့ထက်တိုင် **"ရခိုင်စု၊ ရခိုင်ရပ်ကွက်"** ဟူ၍ သမိုင်းတွင်လျက် ရှိနေပေတော့သည်။

မြောက်ဦးက တောင်ငူသို့ စစ်ရေးအကူအညီပေးခဲ့ရမှု **"သမိုင်းဝင် စစ်သမိုင်းမှတ်တမ်း"** တွင် နာမည်ကျော်စစ်သည် စာဆိုနှစ်ဦး ပါဝင်နေသည်ကိုတွေ့ရသည်။ သူတို့မှာ မြောက်ဦးခေတ်၊ မင်းရာဇာကြီးလက်ထက် စိန်တင်စား **"ရခိုင်ရတုစာဆို-ဥက္ကာပျံ"** သည် အလွန်ထင်ရှားသော စစ်သည်စာဆိုတစ်ဦးဖြစ်သလို၊ တောင်ငူခေတ်မင်းရဲကျော်ထင်၏ **"သားတော်-နတ်သျှင်နောင်"** သည်လည်း အလွန်ထင်ရှားသော မြန်မာစစ်သည်စာဆိုတစ်ဦးပင် ဖြစ်ပါသည်။ ခေတ်ပြိုင်

စာဆိုနှစ်ဦးတို့၏ စာပေလက်ရာများမှာကား ယနေ့ထက်တိုင် ထင်ရှားလျက်ပင် ရှိတော့သည်။

## အပိုင်း(၇)

မင်းရာဇာကြီးလည်း ယိုးဒယားမင်း၊ တောင်ငူမင်းတို့ဆက်သအပ်သော လက်ဆောင်ပဏ္ဏာတို့ကို ယူဆောင်ကာ သက္ကရာဇ်-၉၆၁-ခု(အေဒီ-၁၅၉၉)တွင် ရခိုင်သို့ပြန်တော်မူခဲ့သည်။ လမ်းခရီးအကြား မော်တင်စွန်းသို့ ရောက်သောအခါ အသက်အရွယ်ကြီးရင့်ပြီဖြစ်သော **"အမတ်ကြီးမဟာပညာကျော်"** ကွယ်လွန်အနိစ္စရောက်ရှိခဲ့သည်။

မင်းရာဇာကြီးသည် ခရီးစဉ်ကိုရပ်နားကာ မင်းခြောက်ဆက်တိုင်တိုင် အမှုတော်ထမ်းရွက်ခဲ့သော ပညာရှိ အမတ်ကြီး မဟာပညာကျော်အား ကြီးကျယ်ခမ်းနားစွာ သင်္ဂြိုဟ်တော်မူခဲ့သည်။ အမတ်ကြီးကို ဂုဏ်ပြုသောအားဖြင့် သင်္ချိုင်းရာပေါ်တွင် ဘုရားစေတီတော်တစ်ဆူကိုလည်း တည်ထားတော်မူခဲ့လေသည်။ ထိုစေတီတော်ကို ယနေ့ထက်တိုင် **"မော်တင်စွန်းစေတီ-မော်တင်စွန်းဘုရား"** ဟု သမိုင်းတွင်လျက် ရှိနေပေတော့သည်။

မော်တင်စေတီတော်ကို ရခိုင်စာဆိုရှင်တစ်ဦးက **"မော်တင်ဘုရားတိုင် ရတုပိုဒ်စုံ"** ဟူ၍ ရေးဖွဲ့စပ်ဆိုထား ခဲ့သည်ကို ဗဟုသုတအဖြစ် ဖော်ပြပေးလိုက်ရပေသည်။

### မော်တင်ဘုရားတိုင်ရတုပိုဒ်စုံ

(၁) **သျှောင်ကွန်းတမူ**။ ။ အောင်လံထူသား၊ တစ်ဆူဓာေ၊ မင်းရာဇာဟု၊ ဓညဝတီ၊ ပြည်ဌာနီသို့၊ ကြွချီစံမြန်း၊ တောင်တော်နန်းမှာ၊ ရေပန်းဖြူဖြူ၊ ရွက်လူလူနှင့်၊ သည်းအူချောက်ချား၊ သက်ရှုမှားအောင်၊ ရေးဖျားအနောက်၊ ဘယ်တောင်မြောက်ဟု၊ ချင့်ထောက်မှန်စွာ၊ မသိရှာရှင့်၊ ရှိပြာတစ်သီး၊ ဖလ်ရောင်ညီးသို့၊ ပိတ်ဆီးမြူဆိုင်း၊ ညို့ညို့မှိုင်းလျက်၊ ဒီလှိုင်းမို့မောက်၊ တောင်နှယ်ချောက်သို့၊ နှင့်စောက်တစ်ခါ၊ မို့ကာကာနှင့်၊ မောက်ကာတစ်လီ၊ နဒီဆိုးသွမ်း၊ မောင်တင်ယွန်းသော်၊ သောင်စွန်းအမော်၊ ပညာကျော်ဟု၊ မဟော်တစ်ပါး၊ တို့ထွင်ဖျားမှာ၊ နာဖျားမကျန်း၊ နတ်ရွာမြန်းခဲ့၊ ရှိ့ပန်းမောဟိုက်၊ ဖော်တစ်သိုက်မှာ၊ သွန်ဖြိုက်မျက်ရည်၊ ဝိုင်းဝိုင်းလည်လျက်၊ မကြည်နှလုံး၊ ကြိမ်မီးအုံးသို့၊ မီးချုံးကော်ရော်၊ ကြမ္မာဆော်ရာ၊ ဖောင်တော်ဆိုက်ထား၊ အငူများ၌၊ ရပ်နားဦးသျှောင်၊ လွင်တီးခေါင်၌၊ အလောင်းကိုတင်၊ ပွဲကြီးဆင်လျက်၊ သဘင်ကိုငူနှ၊ ပြီးစီးမှလျှင်၊ တ,သမရှင်၊ ထိုမြေပြင်ဝယ်၊ ဖူးမြင်အများ၊ ထိုဘုရားကို၊ မော်ကြွားမောက်မောက်၊ တည်တုံမြောက်သည်၊ လွမ်းလောက်ရင်ဖို၊ မျက်ရည်ယိုသည်။ ။ မပိုဉ်သို့မှတ်ကြောင်းတည်း။

(၂) **တောင်စွန်းအငူ**။ ။ မော်ကွန်းထူသား၊ ကျောင်းဂူစရပ်၊ အထပ်ထပ်နှင့်၊ ပွင့်ချပ်ဖူးငုံ၊ တောင်လုံးချုံမျှ၊ လူ့ဘုံထူးလတ်၊ ထိုတောင်မြတ်ကို၊ ရေးမှတ်စာကုံး၊ ပေါင်းကာရုံးလည်း၊ အဆုံးဘယ်မှာ၊ ယှဉ်အံ့ရာတည်း၊ ပေါ်ရာစကား၊ နတ်နဂါးနှင့်၊ ကုလားညီနောင်၊ တည်ထားဆောင်ဟု၊ ကယောင်ထောက်ချို၊ စာဆိုယိုခဲ့၊ အသီခေါင်းပါး၊ ဉာဏ်တိမ်းပါး၍၊ တစ်ပါးနောက်လူ၊ ထိုအယူကို၊ အမှုယုတ္တိ၊ ကြောနတ္ထိဟု၊ အတိမောဟ၊ ဗျာပါဒနှင့်၊ ဒေသလွဲချော်၊ မချင့်မြော်၍၊ ယွင်းယော်နဲနက်၊ မှတ်ချက်မပိုင်၊ ဆွဲကိုင်မပြု၊ လျစ်လျူရှု၏၊ စံပြုထင်ထင်၊ ခိုင်ပြည်ခွင်၌၊ ဖူးမြင်အများ၊ လွမ်းစိတ်ပွားအောင်၊ ထူးခြားသဘာဝ၊ စိမ့်စမ်းကလျှင်၊ ဓမြသွင်သွင်၊ ရေစီးရှင်နှင့်၊ လိုအင်ပြည့်စုံ၊ ငါးအာရုံဝယ်၊ တွေ့ကြုံဆန်းထူး၊ ဖောင်တော်ဦးမှာ၊ ဆုထူးပန်ဆင်၊ ရေချမ်းစင်နှင့်၊ ငြိမ့်ပြင်ကင်းပ၊ လိုအင်မ၍၊ ဒါနသီလာ၊ ဘာဝနာဟု၊ ဆယ်ဖြာကမ္မ၊ ကုသလနှင့်၊ ရှစ်ဝမဂ္ဂင်၊ ကုသိုလ်ဝင်လို၊ လေးအင်သစ္စာ၊ စရိယာကို၊ ပွားကြထိုထို၊ တောင်းဆုဆိုသည်။ ။

နဂိုရ် ဤသို့ညွတ်ပြောင်းတည်း။

(၃) **ပြောင်ထွန်းတစ်ဆူ**။ ။ နှိုင်းမတူသား၊ ညွန့်လူဘဝင်၊ ချည်ညက်နှင့်၊ မိုယ်းထက်အာကာ၊ ဒေဝါသိကြား၊ ဖန်ဆင်းထားသို့၊ မော်ကြွားစမွယ်၊ ရောင်ခြောက်သွယ်နှင့်၊ စီခြယ်ဝင်းလျှပ်၊ တိမ်ကြားခွပ်နှင့်၊ တံလျှပ်ပမာ၊ ဝင့်ကာကာတည်း၊ ဝဲယာရှုမော၊ ရှည်လုမျှောသည်၊ မြိုင်တောသေလာ၊ ညိုမှောင်ကာဖြင့်၊ ရှေ့မှာကျွန်းစု၊ နောက်ကိုရှုသော်၊ ကျီးဥပမာ၊ မှိုင်းပြာပြာတည်း၊ ဘယ်မှာလျှင်လျှင်၊ ဆုံးမထင်ရှင့်၊ လွှမ်းအင်ပူဆွေး၊ လူခပဲတို့၊ ရှေးရေးနောက်ဖြစ်၊ အောက်မေ့လိုက်က၊ ခဲကျစ်မနိုင်၊ မျက်ရည်ဖြိုင်၏၊ နာမတင့်လှိုင်၊ ရွှာဇီးကျိုင်နှင့်၊ ကန်ကျိုင်စစ၊ ထိုဂါမတွင်၊ သာလှရမွေ၊ သဲသောင်ခြေနှင့်၊ အိမ်နေသပ်ယပ်၊ ကျောင်းဇရပ်နှင့်၊ ထူထပ်ပင်စည်၊ ဓမြကြည်သား၊ နေခြည်မကျောက်၊ ညို့ညို့မောက်၍၊ စောင့်ရှောက်ရိုးသား၊ လူအများလည်း၊ သနားကြင်နာ၊ ကျင့်သမ္မာဖြင့်၊ ဝင့်ဝါမယှိ၊ ပကတိမွန်၊ အသိတန်သား၊ တို့ဘိုးဘွား၏၊ စကားတပိုင်(စာပိုင်)၊ တို့ရခိုင်ဟူ၊ ကိုယ်ပိုင်အမွေ၊ ရခိုင်မြေကို၊ခွဲဝေသီးခြား၊ မွတ်သိပ်အား၍၊ စောင့်စားကြိုဆို၊ သောင်းသောင်းပြုံသည်။ ။ စာဆိုဤသို့ ခတ်ညောင်းတည်း။ ။

[မှတ်ချက်။ ။ အထက်ဖော်ပြပါ **"မော်တင်ဘုရားတိုင်ရတုပိုဒ်စုံ"** ကို စာရေးသူသည် ရဟန်းသိက္ခာ (၁) ဝါရအချိန်တွင် မဂ္ဂဇင်းစာစောင်တစ်ခုက ရေးမှတ်ကူးယူထားလိုက်ခြင်း ဖြစ်သည်။ မည်သည့်မဂ္ဂဇင်းစာစောင်ဟူ၍ မမှတ်မိတော့ပါ။ မဂ္ဂဇင်းစာစောင်ကို အတိအကျ မမှတ်သားထားလိုက်မိသည်မှာ စာရေးသူ၏ အားနည်းချက်ဖြစ်ကြောင်း ဝန်ခံအပ်ပါသည်။ ယခုစာရေးသူ၏ ရဟန်းသိက္ခာမှာ(၃၄)ဝါ ရှိပြီဖြစ်သဖြင့် နှစ်ပေါင်း(၃၀)ကျော်ခဲ့ပြီတည်း။]

ရခိုင်ဘုရင်မင်းရာဇာကြီးသည် ထိုမှဆက်လက်၍ ခရီးစဉ်အတိုင်း ရေကြောင်းခရီးဖြင့် ချီတော်မူလာခဲ့ရာ နောင်အခါ **"ဝွမြို့"** အနေဖြင့်ထင်ရှားလာမည့် နယ်မြေဒေသသို့ ရောက်သောအခါ၌လည်း ခရီးစဉ်ကိုရပ်နားကာ သင့်တင့်လျောက်ပတ် ကောင်းမြတ်သော တောင်ထက်တစ်ခုတွင် စေတီတော် တစ်ဆူကို တည်ထားပူဇော်တော်မူခဲ့သည်။ မင်းကိုယ်တိုင်ဦးဆောင်လျက် ဘုရားစေတီ တည်ထားသော တောင်ကို **"မင်းတောင်"** ဟုခေါ်တွင်ပြီး၊ စေတီတော်ကိုလည်း **"မင်းတောင်စေတီ"** (=မင်းတောင်ဘုရား) ဟု ယနေ့ထက်တိုင် သမိုင်းတွင်လျက်ရှိနေပေတော့သည်။

ထိုမှဆက်လက်၍ စခန်းစဉ်အတိုင်း ချီတော်မူလာခဲ့ရာ ဒွါရာဝတီ-သံတွဲမြို့သို့ ရောက်တော်မူလာ၏။ စစ်ချီတော်မူစဉ်အခါက နိမိတ်သုံးခု၏ အဖြေကို မိန့်ကြားတော်မူလိုက်သော ဆရာတော်အား နှုတ်ကတိထားရှိတော်မူခဲ့သည့်အတိုင်း ရွှေကျောင်းဆောက်၍ လှူတော်မူလေသည်။ ထိုနေရာအရပ်ကို **"ရွှေကျောင်းပြင်"** ဟု ယနေ့ထက်တိုင် သမိုင်းတွင်လျက် ရှိနေပေတော့သည်။

နိဂုံးချုပ်ဆိုရသော် ရခိုင်ဘုရင်မင်းရာဇာကြီးသည် ဟံသာဝတီ(ပဲခူး)သို့ စစ်ချီရာတွင် အသွားအပြန်ခရီးစဉ် တစ်လျောက် တွေ့ကြုံခဲ့ရ၊ ဆောင်ရွက်ခဲ့ရသော သမိုင်းဝင်ဖြစ်ရပ်များကို အများပြည်သူတို့ သိရှိနိုင်ကြစေရန် စေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ရပေသည်။

**"သမိုင်းဆိုသည်မှာ မမေ့ကောင်း,မပျောက်ကောင်းသောအရာဖြစ်သည်။ ။"**

**ဒွါရာဝတီ-အသျှင်ကုသလ**

(ကျမ်းကိုးစာရင်း)

၁။ ဓညဝတီအရေးတော်ပုံကျမ်း ။ ။ အသျှင်ကဝိသာရမထေရ်။

၂။ ဓညဝတီရာဇဝင်သစ်ကျမ်း ။ ။ ပဲခူးမင်းကျောင်းဆရာတော် အသျှင်ပဏ္ဍိတ။

၃။ ရခိုင်ရာဇဝင်သစ်ကျမ်း(ဒုတိယတွဲ) ။ ။ အသျှင်စန္ဒမာလာလင်္ကာရ။

၄။ မှန်နန်းမဟာရာဇဝင်တော်ကြီး ။ ။ စုပေါင်းရေးသား။

၅။ ရခိုင်ရာဇဝင် ။ ။ ဦးအောင်သာဦး။

၆။ ဒွါရာဝတီ-အသျှင်ကုသလ မှတ်စု။

ရခိုင်မဂ္ဂဇင်းအမှတ်(၃၆)
၂၀၁၄-ခု၊ နိုဝင်ဘာလ

## ဒွါရာဝတီကို အုပ်ချုပ်မည့်သူများ

အယူဇ္ဈပူရတိုင်း၊ ဒွါရာဝတီ-သံတွဲမြို့ကို **“သီရိကုမ္မာမင်း(ခေါ်)ဥလာကမင်း”** က မြို့ပြတည်ထောင်တော်မူပြီး၊ ဒွါရာဝတီထီးနန်းကို စိုက်ထူလျက် ကြငှန်းဖွင့်တော်မူခဲ့သည်။ ဒွါရာဝတီထီးနန်းကို သီရိကုမ္မာမင်းမှစ၍ ဝတဂုံမင်းတိုင်အောင် မင်းငါးဆက်စိုးစံအုပ်ချုပ်ခဲ့ကြသည်။

ၡင်းနောက် ဝါသုဒေဝစသော ဒသဘာတိက မင်းညီနောင်တစ်ကျိပ်နှင့် နှမတော် အဥ္စနဒေဝီတို့က အဆိုပါ ဒွါရာဝတီပြည်နှင့်တကွ ဒွါရာဝတီမြို့ပြထီးနန်းကို သိမ်းပိုက်လျက် ဆက်လက်အုပ်ချုပ်တော်မူခဲ့ကြသည်။ သီရိကုမ္မာစသော မင်းငါးဆက်နှင့် ဝါသုဒေဝစသော ဒသဘာတိက မင်းညီနောင်တစ်ကျိပ်တို့သည် ဒွါရာဝတီပြည်၊ ဒွါရာဝတီမြို့၏ **“ပထမမင်းဆက်”** တို့ပင်တည်း။

ယင်းအချိန်သည် ကုသမင်းသက္ကရာဇ်-၄၀၀၀-မတိုင်မီ၊ ဘီစီ-၆၀၀၀-ခန့်ကာလကဖြစ်ကြောင်း သုတေသီတို့ ခန့်မှန်းကြသည်။ ထိုအချိန်မှစ၍ ဒွါရာဝတီသည် ရခိုင်တို့၏ ရာဇဝင်သမိုင်း၌ **“ခေတ်ဦးမြို့ပြနိုင်ငံတော်”** တစ်ခု ဖြစ်လာခဲ့ပါသည်။

ဒွါရာဝတီခေတ်မှာ အလွန်ရှေးကျသဖြင့် အချို့က ဒဏ္ဍာရီဆန်သည်ဟု ထင်မှတ်လျက်ရှိကြသည်။ ဒွါရာဝတီမြို့မှာ ဒဏ္ဍာရီမြို့မဟုတ်ဘဲ **“စံဌာနီမြို့”** ဖြစ်ခဲ့ကြောင်းကိုကား ထိုသူတို့မသိကြချေ။ ဒွါရာဝတီ၏ သမိုင်းကွင်းဆက်ကို ပို၍ရုပ်လုံးပေါ်လာအောင် သုတေသီများဆက်လက်၍ သုတေသနပြုသင့်ပါကြောင်း အကြံပြုအပ်ပါသည်။

ဒွါရာဝတီခေတ်ကုန်ဆုံးသွားပြီးနောက် (ယင်းအချိန်၌ ဒွါရာဝတီနှင့် ရှေးဝေသာလီမှာ မရှေးမနှောင်း နှစ်ပြည်ထောင် မင်းပြိုင်စနစ်ဖြင့် စိုးစံအုပ်ချုပ်ခဲ့ကြသည်ကို ရခိုင်မင်းရာဇာကြီးစာတန်း၌ တွေ့ရသည်။) ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦးခေတ်တို့တွင်ကား ဒွါရာဝတီကို ဘုရင်ခံသဖွယ် **“မြို့စားမင်း”** အနေဖြင့်လည်းကောင်း၊ ရံခါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေအဖြစ်ဖြင့်လည်းကောင်း အုပ်ချုပ်လာခဲ့ကြသည်ကို တွေ့ရသည်။

ဒွါရာဝတီနယ်မြေသည် ရခိုင်ပြည်အတွက် **“စစ်တကောင်းနယ်မြေ”** ကဲ့သို့ အလွန်အရေးပါသော နယ်မြေတစ်ခု ဖြစ်ခဲ့သည်။ ဒွါရာဝတီနယ်မြေကို အုပ်ချုပ်ခွင့်ရသော ပုဂ္ဂိုလ်များမှာ အဘက်ဘက်က စွမ်းရည်သတ္တိပြည့်ဝပြီး တိုင်းပြည်အတွက် စိတ်ချယုံကြည်ရသူ မင်းညီ၊မင်းသား (သို့မဟုတ်) အမတ်ကြီးများကိုသာ ရွေးချယ်ခန့်အပ်လေ့ရှိကြောင်း တွေ့ရသည်။ ထိုပုဂ္ဂိုလ်များမှာလည်း နောင်အခါ နိုင်ငံကိုအုပ်ချုပ်မည့် ဘုရင်မင်းတစ်ပါးအဖြစ်သို့ ရောက်ရှိလာခဲ့ကြသည်ကို တွေ့ရသည်။

ရခိုင်မင်းတို့သည် ဒွါရာဝတီနယ်မြေဒေသအတွက် အုပ်ချုပ်မည့်ပုဂ္ဂိုလ်များကို ခန့်အပ်တာဝန်ပေးရာ၌ လွယ်လင့်တကူ ခန့်အပ်လေ့မရှိ။ မင်းတိုင်ပင်ပညာရှိအမတ်ကြီးများ၏ အကြောင်းအကျိုးညီညွတ်စွာ အကြံပြုတင်ပြလျှောက်ထားချက်များကိုလည်း လက်ခံစဉ်းစားလေ့ရှိသည်။ မိမိသဘောဆန္ဒ တစ်ခုတည်းဖြင့် ခန့်အပ်လေ့မရှိကြောင်း တွေ့ရသည်။

ဤအကြောင်းနှင့်ပတ်သက်၍ ဒွါရာဝတီ-အသျှင်ကဝိသာရမထေရ်သူမြတ် ရေးသားပြုစုတော်မူခဲ့သော **“မဟာပညာကျော်လျှောက်ထုံးကျမ်း”** နှင့် **“ဓညဝတီအရေးတော်ပုံကျမ်း”** တို့တွင် ဤသို့တွေ့ရသည်။

အခါတစ်ပါးမူလည်း။ ။ သမက်တော်သံတွဲစား သေလွန်၍ သံတွဲမြို့ကို ပြည့်ရှင်မင်းကြီးက အမတ်

**"သံကိုင်နှောင်"** သို့ ပေးမည်ရှိသောအခါ အမတ်ကြီးမဟာပညာကျော် လျှောက်ထုံးသော်ကား -

သံတွဲမြို့သည် အစွန်အဖျား ပြူ(ပျူ) တလိုင်းတို့နှင့် အနီးအစပ် **"အမတ်သံကိုင်နှောင်"** မှာလည်း လက်ရုံးရည်သာ ရှိသည်။ ကောက်လိမ်ဆန်းကျယ်သော ဉာဏ်မရှိ။ ရှေးသူဟောင်းစကားတွင်လည်း **"ပျူကိုအမြောက်၊ တလိုင်းကို အကောက်၊ ကုလားကို မီးပေါက်"** ဆိုရိုးစကားရှိပါသည်။ တစ်တိုင်း တစ်ပြည်သို့ သံတမန်စေသောအမတ်၊ တိုင်းစွန်ပြည်ဖျားထားသော အမတ်၊ ထိုနှစ်ဦးတို့သည် လက်ရုံးရည်မှာ အတန်သာလိုပါသည်။ လက်ရုံးရည်လွန်ခဲ့သော် နှစ်ပြည်ရန်စစ်ကြီးစွာ ထိုသူတို့ကြောင့် ဖြစ်တတ်ပါသည်။ နှလုံးရည်သော်ကား လွန်တိုင်းအကျိုးရှိပါကြောင်း ကျမ်းဂန်ထွက်သည်မှာ- **"ရာဇာနံ၊ မင်းတို့၏ ။ ခနံ၊ သစ္စာသည်ကား။ အမစ္စောဗလံ၊ ပညာအားရှိသော အမတ်လျှင်တည်း။"** ယင်းသို့ ထုံးဟောင်းနှင့်အညီ -

သူကအကောက်အကွေ့လာခဲ့သော် ကောက်လိမ်ဆန်းကျယ်သောဉာဏ်ဖြင့် နှိမ်နင်းချိုးဖျက်နိုင်မှအောင်ရာသည်။ နှလုံးရည်ရှိသောသူ၌ လက်ရုံးရည်မှာ အလွန်ရှိအောင် ပြုနိုင်ကြောင်း **"အဿကမင်း၏ အမတ်-နန္ဒိသေန"** ကို ဆိုသော နိပါတ်တော်၌ ထင်ရှားရှိပါသည်။

သံတွဲမြို့စားထားရန် အမတ်တော်လေးမြို့စား **"လေးတူးတောင်ပေါ်သား"** တရားမရှိ။ သူ့စည်းစိမ်ကို ဖျက်လိုဖျက်ဆီးတတ်လျက် အလွန်ဆိုးသွမ်းယုတ်မာ နိုင်မိနိုင်ရာ သတ်ညှစ်နှိပ်စက် ပြုတတ်သော၊ အမျိုးကိုတုံသော်လည်း ယဉ်ကျေးစေမှု နှလုံးရည် လက်နက်တို့ဖြင့် ယဉ်ကျေးစေတတ်သော ပညာဗလရှိသူဖြစ်ပါသည်။ လေးမြို့စား **"ဝန္ဒသူ"** ကို သံတွဲစားပေး၍၊ ဝန္ဒသူသား **"ကျော်သူ"** ကို လေးမြို့စား ပေးတော်မူလျှင် သင့်လှပါသည် အရှင်မင်းမြတ်။

လက်ရုံးရည်မှာ လူမိုက်အတတ်။ နှလုံး၏ အစေအကျွန်သာ ဖြစ်ပါသည်။ နှလုံးရည်ရှိသောသူအား အမှုအပေါင်းပြီးကုန်ပါသည်။ လျှောက်လေသော်-မင်းကြီးလည်းကြိုက်တော်မူ၍ လေးမြို့စား **"ဝန္ဒသူ"** ကို သံတွဲမြို့စားအရာ ပေးတော်မူလေရာ တစ်နှစ်ခန့်ရှိလျှင် **"ဟိုင်းကြီးကျွန်း"** တွင်ရှိသော တလိုင်း၊ ပျူ ကုလားလူဆိုးငါးထောင်၊ ကျွန်ခံ သံတွဲမြို့သို့ ဝင်ရောက်လာရလေသည်။ ။

(မှတ်ချက်။ ။ **"လေးတူး"**-လေးတူးဟူသည် ရှေးခေတ်တောင်ပေါ်နေ တိုင်းရင်းသားလူမျိုးတစ်မျိုး၏ အမည်ဖြစ်ပါသည်။ **"လေးတူး"** လူမျိုးကဲ့သို့ မြို၊ မြူ၊ သက်၊ ချင်း၊ လင်း၊ လင်းကဲ၊ ချော်၊ ခွေးမွေး၊ တဲခွ၊ ချောင်းသား၊ ကတူး၊ ချုပ်လပော်၊ ရှမ်းဒူး၊ အနူး၊ ခေါင်စိုဟူ၍လည်း ရှိခဲ့ကြပါသည်။ ယင်းတို့အနက် အချို့တိုင်းရင်းသား လူမျိုးများမှာ ယခုအခါ၌ မရှိကြတော့ပြီ။)

အချုပ်ဆိုရသော် အထက်ပါအကြောင်းအရာတို့ကို ကြည့်ခြင်းအားဖြင့် ဒွါရာဝတီ-သံတွဲမြို့ကို မြို့စားအဖြစ်အုပ်ချုပ်မည့်သူသည် အရေးပါအရာရောက်သူ တစ်ယောက်ဖြစ်ကြောင်းကို သိရှိနိုင်ပါသည်။ ထို့ပြင် လောကကြောင်း၊ ဓမ္မကြောင်းနှင့် ရာဇကြောင်းတို့ကိုပါ ကျွမ်းကျင်လိမ်မာဖို့ လိုအပ်သလို၊ အမြော်အမြင်ဉာဏ်ပညာနှင့် ပြည့်စုံပြီး နှလုံးရည်ပြည့်ဝဖို့လည်း လိုအပ်ပါသည်။ လူမျိုးခြား ပြူ(ပျူ)တို့၏ ဒေသ၊ မွန်တို့၏ ဒေသနှင့်လည်း အနီးအစပ်ဖြစ်ခြင်းကြောင့် လိမ္မာပါးနပ်စွာ ဆက်ဆံတတ်ဖို့ အုပ်ချုပ်တတ်ဖို့အရေးကြီးကြောင်းကိုလည်း သိရှိနိုင်ပါသည်။ ထို့ကြောင့် ဒွါရာဝတီ -သံတွဲနယ်မြေဒေသသည် သာမန်ဒေသမဟုတ်။ တိုင်းပြည်အတွက် အလွန်အရေးပါသော နယ်မြေဒေသတစ်ခုဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

**ဒွါရာဝတီ-အသျှင်ကုသလ**

## ဒွါရာဝတီ၏မင်းများနှင့် မြို့စားမင်းများအကြောင်း

ဒွါရာဝတီ-သံတွဲမြို့ထီးနန်းကို ခေတ်အဆက်ဆက် အုပ်ချုပ်သွားခဲ့ကြသောမင်းများထက် မြို့စားမင်းများမှာ ပို၍အများအပြားရှိနိုင်ပါသည်။ မှတ်တမ်းတင်ထားရှိမှု အားနည်းခဲ့ကြသည့်အတွက် စုံလင်အောင်တော့ မရရှိနိုင်တော့ပါ။ ရသလောက် စာရင်းပြုစုထားသည်ကို ဖော်ပြပေးပါမည်။ စာရင်းပြုစုရာ၌ -

(၁) ရခိုင်မင်းရာဇာကြီးစာတန်း = မဟာဇေယျသိန်။
(၂) ဒညဝတီအရေးတော်ပုံကျမ်း = အသျှင်ကဝိသာရမထေရ်။
(၃) မဟာပညာကျော်လျှောက်ထုံး = အသျှင်ကဝိသာရမထေရ်။
(၄) ဒညဝတီရာဇဝင်သစ်ကျမ်း = အသျှင်ပဏ္ဍိတ။
(၅) ရခိုင်ရာဇဝင်သစ်ကျမ်း(ပ)(ဒု) = အသျှင်စန္ဒမာလာလင်္ကာရ။
(၆) ရခိုင်မဟာရာဇဝင်တော်ကြီး = ဦးသာထွန်းအောင်။

စသော ရခိုင်စာပေဆိုင်ရာ ရာဇဝင်ကျမ်းများမှ ထုတ်နုတ်၍ စာရင်းပြုစုထားခြင်း ဖြစ်ပါသည်။ ဒွါရာဝတီ- သံတွဲမြို့ထီးနန်းကို အုပ်ချုပ်သွားကြသော ပုဂ္ဂိုလ်များမှာ မင်းများလည်းရှိကြသလို၊ ပညာရှိအမတ်ကြီးများလည်းရှိကြသည်။ မင်းရော အမတ်ပါ အုပ်ချုပ်သွားခဲ့ကြသည်ကို တွေ့ရသည်။

ယင်းသို့ဖြစ်ရသည်မှာ ဒွါရာဝတီ-သံတွဲနယ်မြေသည် ရခိုင်ပြည်အတွက် အလွန်အရေးပါသော နယ်မြေဒေသ တစ်ခုဖြစ်၏။ ဒညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦးခေတ်တို့၌ ထီးနန်းအုပ်ချုပ်သူမင်းများသည် ဘုန်းလက်ရုံး အားနည်းသော မင်းများ ဖြစ်ခဲ့ကြပါမူ၊ ဒွါရာဝတီ-သံတွဲမြို့ထီးနန်းကို အုပ်ချုပ်နေသော ပုဂ္ဂိုလ်များမှာ မင်းအမည်ကို ခံခဲ့ကြရ၏။ ဒညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦးခေတ်တို့၌ ထီးနန်းအုပ်ချုပ်သူမင်းများသည် ဘုန်းလက်ရုံးကြီးမား သော မင်းများ ဖြစ်ခဲ့ကြပါမူ၊ ဒွါရာဝတီ-သံတွဲမြို့ထီးနန်းကို မင်းညီ၊ မင်းသားများ၊ ပညာရှိအမတ်ကြီးများအား **"မြို့စားမင်း"** အဖြစ်ခန့်အပ်ကာ အုပ်ချုပ်စေခဲ့သည်။ ထို့ကြောင့် ဒွါရာဝတီ-သံတွဲမြို့သည် ရခိုင်ရာဇဝင်သမိုင်းအဆက်ဆက်တွင် အလွန်ထင်ရှားသော အထင်ကရမြို့တစ်မြို့ ဖြစ်ခဲ့ပါသည်။

ခေတ်အဆက်ဆက် ဒွါရာဝတီမြို့ပြထီးနန်းကို အုပ်ချုပ်ခဲ့ကြသော ဒွါရာဝတီမင်းများနှင့် မြို့စားမင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) သီရိကုမ္ဘာမင်းမှ ဝတာဂုံမင်းအထိ မင်း(၅)ဆက် - ကုသမင်းသက္ကရာဇ်-၄၀၀၀-မတိုင်မီ ဘီစီ-၆၀၀၀-ခန့်။
(၂) ဝါသုဒေဝ စသော မင်းညီနောင်တစ်ကျိပ် - ကုသမင်းသက္ကရာဇ်-၄၀၀၀-မတိုင်မီ ဘီစီ-၆၀၀၀-ခန့်။
(၃) သိန္ဓုဝမင်း - မဟာသက္ကရာဇ်-၁၂၃-ခု။ဘီစီ-၅၆၉။
(၄) ဓမ္မသူရအမတ် - သာသနာ သက္ကရာဇ်-၂၃၆-ခု။ ဘီစီ-၃၀၈။
(၅) သီရိဝိဇယဗိုလ်မင်း - အေဒီ-၉၃။ (ရခိုင်အလို နေ့ဥကိန်းအရ ၆၀၉-ခုကို ၂-ခု ကြွင်း ထား၍ မြှုံခဲ့သည်မှ ရေတွက်လာသော ရခိုင်သက္ကရာဇ်-၁၆-ခု။)
(၆) ဓမ္မဇေယျအမတ် - (အေဒီ-၇၃၄-၇၆၉)
(၇) မင်းစက်ချုပ် - (အေဒီ-၇၇၀-၇၇၉)

| | |
|---|---|
| (၈) မင်းညိုခင် | - (အေဒီ-၇၈၀-၇၈၅) |
| (၉) မင်းဥက္ကာ | - (အေဒီ-၇၉၄-၈၁၈) |
| (၁၀) ရာဇသူမင်း | - (အေဒီ-၁၂၄၀-ခန့်) |
| (၁၁) တောင်ခွင်စားရဲကျော် | - (အေဒီ-၁၃၁၇-၁၃၃၃) |
| (၁၂) စည်သဘင်အမတ် | - (အေဒီ-၁၃၉၆-၁၃၉၇) |
| (၁၃) နရနုမင်းသား | - (အေဒီ-၁၄၀၆-၁၄၁၃) |
| (၁၄) တောင်ခွင်စားရန်မသူ | - (အေဒီ-၁၄၁၃) |
| (၁၅) သုံးရွာစားမင်း(မျိုးခြား) | - (အေဒီ-၁၄၁၆) |
| (၁၆) ဘုရင်မ စောယဉ်မိ | - (အေဒီ-၁၄၂၀-၁၄၃၇) |
| (၁၇) မင်းဒေါလျာ | - (အေဒီ-၁၄၆၉) |
| (၁၈) ဘစောသီရိ | - (၁၅၂၁-၁၅၃၁) |
| (၁၉) မင်းဗာကြီးညီ-မင်းအောင်လှ (စကြာဝတေး) ဟူသည် အစ်ကိုမင်းဗာကြီးကပေးသောဘွဲ့။ | - (၁၅၄၄-၁၅၄၉) |
| (၂၀) မင်းဗာကြီးသား-ဥပရာဇာ (ချစ်နှောင်း) | - (အေဒီ-၁၅၄၈-၁၅၅၀) |
| (၂၁) မင်းဗာကြီးညီ-မင်းအောင်လှ (ဓမ္မာသောက) ဟူသည် မင်းဗာကြီးသား မင်းဖလောင်းက ပေးသောဘွဲ့။ | - (အေဒီ-၁၅၅၁) |
| (၂၂) မင်းဗာကြီးသား-မင်းဖလောင်း | - (အေဒီ-၁၅၆၅) |
| (၂၃) လေးမြို့စား ဝန္နသူ | - (အေဒီ-၁၅၇၀) |
| (၂၄) မင်းရာဇာကြီး | - (အေဒီ-၁၅၇၂) |
| (၂၅) မင်းခမောင်း | - (အေဒီ-၁၅၉၄) |
| (၂၆) သီရိသုဓမ္မရာဇာ(မင်းဟရိ) | - (အေဒီ-၁၆၁၃) |
| (၂၇) စန္ဒသုဓမ္မရာဇာ | - (အေဒီ-၁၆၄၆) |
| (၂၈) ဥဂ္ဂါဗလ | - (အေဒီ-၁၆၅၃) |
| (၂၉) ဝရဓမ္မရာဇာ | - (အေဒီ-၁၆၇၅) |
| (၃၀) စန္ဒသူရိယဓမ္မရာဇာ (သတိုးအောင်) | - (အေဒီ-၁၆၇၈) |
| (၃၁) နော်ရထာရာဇာ | - (အေဒီ-၁၆၉၅) |

ဆောင်ရွေသာရည်

(၃၂) ဇေယျာဖြူ - (အေဒီ-၁၇၀၇)
(၃၃) လက်ဝဲမြန်ဗိုလ်ဘထော် - (အေဒီ-၁၇၅၂)
(၃၄) သတိုးဖြူ - (အေဒီ-၁၇၆၁)

အထက်ဖော်ပြပါ ပုဂ္ဂိုလ်များမှာ ဒွါရာဝတီ-သံတွဲမြို့ပြထီးနန်းကို အုပ်ချုပ်သွားခဲ့ကြသော မင်းများနှင့် မြို့စားမင်းများ၏ အမည်စာရင်းပင်ဖြစ်ပါသည်။ ယင်းတို့အနက် **"တောင်ခွင်စားရဲကျော်နှင့် တောင်ခွင်စားရန်မသူ"** တို့သည် **"တောင်ခွင်ကျိုန္တလီနယ်မြေ"** ကို စားခဲ့ကြသူများဖြစ်သည်။ နောင်အခါ ထိုပုဂ္ဂိုလ်များသည် ဒွါရာဝတီ-သံတွဲနယ်မြေကို စားခွင့်ရလာကြသော သံတွဲစားများ ဖြစ်လာခဲ့ကြသည်။

**ဗမာမြို့ဝန်မင်းများလက်ထက်**

**ဒွါရာဝတီ-သံတွဲမြို့ဝန်တို့၏ အမည်စာရင်း**

(၁) ဆီးခါးဗိုလ် (ဗမာ) - (အေဒီ-၁၇၈၄)
(၂) နန္ဒကာမဏိ (ဗမာ) - (အေဒီ-၁၇၈၅)
(၃) ဝါဆီဗိုလ် (ဗမာ) - (အေဒီ-၁၇၈၆)
(ယာယီအုပ်ချုပ်)
(၄) သီဟကျော်ထင် (ဗမာ) - (အေဒီ-၁၇၈၆)
(အတည်ပြုအုပ်ချုပ်)
(၅) ဒွါရာဝတီမြို့ဝန်သော (ဗမာ) - (အေဒီ-၁၇၈၇)
(၆) တိုင်တားဝန်-အာကာကျော်ထင် (ဗမာ) - (အေဒီ-၁၇၈၈)
(၇) မြို့ဝန်ငရွှေပန်း (ဗမာ) - (အေဒီ-၁၇၉၂)
(၈) မြို့ဝန် ငမြတ် (ဗမာ) - (အေဒီ-၁၇၉၅)
(၉) နေမျိုးဇေယျာကျော်ထင် (ရခိုင်+ဗမာ) - (အေဒီ-၁၈၁၅)
(၁၀) သတိုးမင်းရဲကျော်ထင် (ဗမာ) - (အေဒီ-၁၈၁၉)
(၁၁) မောင်ရဲ (ဗမာ) - (အေဒီ-၁၈၂၀)
(၁၂) မြို့ဝန် ငရွှေမှန် (ဗမာ) - (အေဒီ-၁၈၂၄)
(မှတ်ချက်)

အထက်ဖော်ပြပါ မြို့ဝန်များမှာ အေဒီ-၁၇၈၄၊ ရခိုင်ကောဇာ-၁၁၄၆ ခုနှစ်မှစ၍ အမရပူရထီးနန်းရှင် ဘိုးတော်ဗဒုံမင်း(မောင်ဝိုင်း) လက်အောက် ရခိုင်ပြည်၊ ဒွါရာဝတီ-သံတွဲမြို့၌ မြို့ဝန်ပြုလာခဲ့ကြသော သူတို့၏ အမည်စာရင်းတို့ကို ရသလောက်ရှာဖွေစုဆောင်းကာ တင်ပြလိုက်ရပေသည်။

**ဒွါရာဝတီ-သံတွဲမြို့စားမင်း၏ အခွင့်အာဏာ**

ဒွါရာဝတီ-သံတွဲမြို့ကို စားရသော မြို့စားမင်းကဲ့သို့ မင်းတုန်းဒေသ-မင်းတုန်းစား။ မောက်သူဇာ (မူရှိဒပတ်)

ဒေသ- မောက်သူဇာစား။ သီလပ်(သျှီလက်) ဒေသ- သီလပ်စား။ ဒါဂါဒေသ-ဒါဂါစားဟူ၍ ငါးဦးရှိပါသည်။ ထိုမြို့စားမင်းတို့ စိုးစံရာ အဆိုပါဒေသများမှာ ရခိုင်ရာဇဝင်၌ အလွန်အရေးပါသော ဒေသများဖြစ်ကြောင်းတွေ့ရ၏။

ယင်းဒေသများကို စားခွင့်ရခဲ့ကြသော မြို့စားမင်းများ၏ အခွင့်အာဏာကို ရခိုင်မင်းရာဇာကြီးစာတန်း၊ ၈-ကြောင်းပေမူ၊ ကံ-ချပ်၊ ဝမ်းဘက်တွင် -

**"သံတွဲစား၊ မင်းတုန်းစား၊ မော်သူဇာစား၊ သီလပ်စား၊ ဒါဂါစား ငါးယော်မှာ၊ ရှေးမင်းတို့ လှူ့အသက်ကို အစ်ကြောင်း ထုံးစံရှိသည့်အတိုင်း "သေပြစ်သေဒဏ်"ရော်သူဖြစ်လျှင် ထွက်ချက်, မေးချက်ကို ဘုရင်အား တင်ပြလျှော် ထား၍ စီရင်စေ။ မင်းသား, မင်းဆွေ ဖြစ်လျက်၊ မင်းသားတို့ကျင်လည်ရာသော "အဌာရသ" ကို မသင်မလေ့ ဖျင်းပေါ့လေလွင့်လျှင် စားကျေးမြို့ရွာကိုနုတ်။ မြို့၇် ၄ မျက်နှာ ဆုံးဖြတ်စီရင်သည့် တရားမဏ္ဍပ်မှာ စောင့်နေစေ။"** ဟူ၍ ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။

ရခိုင်မင်းတို့သည် အထက်ပါဒေသကြီးငါးခုတို့တွင် အုပ်ချုပ်ခွင့်ရရှိနေကြသော မြို့စားမင်းများအား ရှေးမင်းတို့လက်ထက်က ပေးအပ်ခဲ့သည့်အတိုင်း **"သေပြစ်သေဒဏ်"** ရောက်သူဖြစ်ခဲ့လျှင် ထွက်ချက်, မေးချက်ကို တင်ပြလျှောက်ထားပြီး စီရင်ပိုင်ခွင့်ကို ပေးအပ်ထားပါသည်။ ထို့အပြင် ယင်းဒေသ၌အဌာရသ-တစ်ဆယ့်ရှစ်ရပ်သော အတတ်ပညာတို့ကို စုံလင်အောင် တတ်မြောက်သူမှသာလျှင် အုပ်ချုပ်ခွင့်ရှိပါသည်။ သာမန်အရည်အချင်းလောက်ဖြင့် ထိုဒေသငါးခု၌ အုပ်ချုပ်ခွင့်မရှိပါ။

## ဒွါရာဝတီ–သံတွဲမြို့စားမင်း၏ အဆောင်အယောင်

ရှေးခေတ် ရခိုင်ပြည်တွင် ရခိုင်ရှင်ဘုရင်တို့ အုပ်စိုးစဉ်ကာလက ဘုရင်က ပေးအပ်ထားသော အဆောင်အယောင်ကို ကြည့်ခြင်းအားဖြင့် ထိုပုဂ္ဂိုလ်၏ ရာထူးအဆင့်အတန်းကို သိရှိနိုင်ပါသည်။

ဒွါရာဝတီ-သံတွဲမြို့စား၏ အဆောင်အယောင်သည် သီလပ်စား၊ ဒါဂါစား၊ မောက်သူဇာစား၊ မင်းတုန်းစားတို့နှင့် အတူတူပင်ဖြစ်သည်။ အဆိုပါ မြို့တို့ကို စားရသော မြို့စားမင်းများအား ပေးအပ်ထားသော အဆောင်အယောင်များကို ရခိုင်မင်းရာဇာကြီးစာတန်း၊ ၈-ကြောင်းပေမူ၊ ယာ-ချပ်၊ ဝမ်းဘက်တွင် တွေ့ရသည်။

ဘုရင်က တာဝန်ပေးအပ်ထားသော ပုဂ္ဂိုလ်များအနက် တိုင်းပြည်အတွက် အလွန်အရေးပါသော အမတ်ကြီးလေးဦးတို့မှာ -

(၁) ကိုယ်ရံကြီးအမတ်၊ (၂) ပြည်စိုးကြီးအမတ်၊

(၃) ဆင်ကဲကြီးအမတ်၊ (၄) ဓါးပိုင်ကြီးအမတ်တို့ဖြစ်ကြ၏။

ထို့အပြင် တိုင်းပြည်၏ အရေးပါသော နယ်မြေဒေသကြီးငါးခုကို စားကြရသော ပုဂ္ဂိုလ်များကိုလည်း ဘုရင်က အဆောင်အယောင်များ ပေးထားပါသည်။ ယင်းသူတို့မှာ (၁) သံတွဲစား (၂) သီလပ်စား၊ (၃)ဒါဂါစား၊ (၄)မောက်သူဇာစား၊ (၅) မင်းတုန်းစားတို့ဖြစ်ကြ၏။ ထိုပုဂ္ဂိုလ်များပြီးလျှင် (၁) မြို့စား၊ (၂) ကျွန်းစား၊ (၃) ချောင်းစား၊ (၄) ရွာစားတို့ဖြစ်ကြ၏။

အထက်ဖော်ပြပါ ပုဂ္ဂိုလ်တို့၏ ရာထူးအဆင့်အတန်းကိုလိုက်၍၊ ဘုရင်က ပေးအပ်ထားသော အဆောင်အယောင်များကို ရခိုင်မင်းရာကြီးစာတန်း၊ ၈-ကြောင်းပေမူ၊ ယာ-ချပ်၊ ဝမ်းဘက်တွင် -

**"ကိုယ်ရံကြီးအမတ်တော်သွားလာလျှင် ရွှေ့ဆောင်ရွှေသိုင်း။ လက်ဝဲလက်ယာ ၂-စင်း။ သင်းမှူး ၈-**

**ယောက်။ ပေါင်းနီနှင့် ယပ်ကိုင်၍ ရှေ့ကလိုက်စေ။ မောင်း၊ ခရာ၊ စည်တီးမှုတ်စေ။ ။**

**ပြည်စိုးကြီးအမတ်တော်မှာ လက်ဝဲလက်ယာ သိုင်း ၂-စင်း။ စချီ ၈-ယောက် ပေါင်းစိမ်းနှင့် ယပ်ကိုင်၍ လိုက်စေ။ မောင်း၊ ခရာ ဆောင်စေ။ ။**

**ဆင်ကဲကြီးအမတ်တော်မှာ လက်ဝဲလက်ယာ သိုင်း-၂စင်းဆောင်စေ။ ဆင် စချီ ၈-ယောက် ဆင်ချွန်းကို ကိုင်လျက် ရှေ့ကလိုက်စေ။ မောင်း၊ ခရာ ဆောင်စေ။ ။**

**ဓားပိုင်ကြီး အမတ်တော်မှာ လက်ဝဲလက်ယာ သိုင်း-၂စင်း ဆောင်စေ။ ထောင်ကဲ ၈-ယောက် အရွက်တစ်တောင်၊ အရိုးတစ်တောင်ရှိသည့် ဓားကို စွဲကိုင်၍ ရှေ့ကလိုက်စေ။ မောင်း၊ ခရာ ဆောင်စေ။ ။**

**သံတွဲစား၊ သီလပ်စား၊ ဒါကာစား။ မောက်သူဇာစား၊ မင်းတုန်းစားတို့မှာ လက်ဝဲလက်ယာသိုင်း ၂-စင်း ဆောင်စေ။ မောင်း၊ ခရာဆောင်စေ။ ရေကြောင်းသွားလျှင် အလံဖြူ ၄-စင်း၊ အလံနီ ၄-စင်း စိုက်ထောင်၍ စည်တီးစေ။ ။**

**အတွင်းတော်မှူးအမတ် လက်ဝဲမြန် လက်ယာမြန်တို့ ၂-ယောက်မှာ လက်ဝဲလက်ယာသိုင်း -၂ စင်းနှင့် မောင်း၊ ခရာဆောင်စေ။ ။**

**ထို့ပြင် မြို့စား၊ ချောင်းစားတို့မှာ ကြိမ်ခွေတစ်စင်းနှင့် မောင်း၊ ခရာ ရွေးထုံးစံရှိသည့်အတိုင်း မယုတ်မလွန်စေရ။ မှူးမတ်တို့မှာ ဆောင်မြဲ ဆောင်စေ။ ။"**

(ရခိုင်မင်းရာဇာကြီးစာတန်း၊ ပေမူ၊ ယာ-ချပ်၊ ဝမ်းဘက်)

အထက်ဖော်ပြပါ ပုဂ္ဂိုလ်များအနက် အဆောင်အယောင်ရ အမတ်ကြီးလေးဦးတို့၏ တာဝန်များကို အကျဉ်းမျှ ဖော်ပြလိုပါသည်။

(၁) **ကိုယ်ရံကြီးအမတ်။** ။ကိုယ်ရံကြီးအမတ်ဟူသည် ဘုရင်၏ စိတ်ချယုံကြည်ရသူ ကိုယ်ရံတော်အမတ်ကြီး ဖြစ်ပြီးလျှင်၊ နန်းတွင်းအရေးအရာများနှင့် ပတ်သက်၍ တာဝန်ယူရသော အတွင်းဝန်အမတ်ကြီးလည်း ဖြစ်သည်။ ရံခါ အမတ်ချုပ်ခန့်အပ်၍ တပ်တော်အပေါင်းကို အုပ်ချုပ်ကာ စစ်ချီထွက်ရသည်။

(၂) **ပြည်စိုးကြီးအမတ်။** ။ ပြည်စိုးကြီးအမတ်ဟူသည် ပြည်ထဲရေးဝန်ကြီးပင်တည်း။ သာသနာတော်ရေး၊ တရားစီရင်ရေး၊ မြို့ပြစည်ပင်သာယာ သန့်ရှင်းရေး၊ အခွန်ဘဏ္ဍာရရှိရေး၊ ရိက္ခာရှာဖွေစုဆောင်းရေးတို့ကို တာဝန်ယူရသော အမတ်ကြီးဖြစ်သည်။ ရံခါစစ်ချီထွက်ရသည်။

(၃) **ဆင်ကဲကြီးအမတ်။** ။ ဆင်ကဲကြီးအမတ်ဟူသည် စစ်ဘက်ဆိုင်ရာ ဆင်နှင့် ဆင်စစ်သည်တော်များ၊ မြင်းနှင့် မြင်းစစ်သည်တော်များကို တာဝန်ယူရသည့်အပြင်၊ လှံကိုင်ဓါးစွဲသူရဲ၊ ဒိုင်းကိုင်ကာစွဲသူရဲ၊ လေးကိုင်သူရဲတို့ကို တာဝန်ယူလျက် **"တပ်တော်ဦး"** က အုပ်ချုပ်ရသော အမတ်ကြီးဖြစ်သည်။

(၄) **ဓားပိုင်ကြီးအမတ်။** ။ဓားပိုင်ကြီးအမတ်ဟူသည် စစ်ဘက်ဆိုင်ရာ ဘုရင့်ကိုယ်ရံတော်တပ်၊ ဝင်းတော်သား၊ ဝင်းတော်မှူး. ။ လှံကိုင်းဓားစွဲသူရဲ၊ လေးကိုင်သူရဲ၊ ဒိုင်းကိုင်ကာစွဲသူရဲ၊ သိုင်းတတ်သူရဲ၊ ကိုယ်တော်ရံသူရဲတို့နှင့်တကွ ရဲမက်အပေါင်းတို့ကို **"တပ်တော်နောက်"** က အုပ်ချုပ်ရသော အမတ်ကြီးဖြစ်သည်။

အထက်ဖော်ပြပါ ပုဂ္ဂိုလ်အသီးသီးတို့၏ အဆောင်အယောင်မှာ ပုံမှန်ပေးအပ်ထားသော အဆောင်အယောင်အတိုင်းဖြစ်သည်။ အကယ်၍ ထိုပုဂ္ဂိုလ်များမှာ ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်နိုင်မည်ဆိုပါက ဘုရင်က

သဘောကျကာ ရာထူးအဆင့်အတန်း တိုးမြှင့်ပေးခြင်း (သို့မဟုတ်) ပုံမှန်ရရှိထားသော အဆောင်အယောင်များအပြင် နောက်ထပ်တိုးမြှင့်ပေးအပ်သော အဆောင်အယောင်များကိုလည်း ရရှိပါသေးသည်။ ဤအကြောင်းကို **"မဟာဇေယျသိန်"** အမည်ရှိသော **"ကိုယ်ရံကြီးအမတ်"** ကို ရှင်ဘုရင်က သဘောကျကာ ထပ်ဆင့်အဆောင်အယောင်များ ပေးအပ်ချီးမြှင့်ပုံကို ရခိုင်မင်းရာဇာကြီးစာတန်း၊ ၈-ကြောင်းပေမူ၊ ဂေ-ချပ်၊ ကျော-နှင့်၊ ဂဲ-ချပ်၊ ဝမ်းဘက်တွင် ဤသို့တွေ့ရသည်။

"အမတ်ကြီး လျှောက်လေသော် ။ ။ မင်းတရားလည်း ကြိုက်တော်မူ၍ အမိန့်တော်ရှိသည်ကား။ ။ **"ကိုယ်ရံကြီးမဟာဇေယျသိန်၊ ဘီ၊ ဘော၊ ဘိုး၊ ဘ မဟာပညာကျော်တို့သည် အမျိုးစောင့်သော တရားမြဲ၏။ အရိုးမပျက်ထီးနန်းမင်းဆက်များစွာ ပညာရှိမဟာသာလ အမျိုးမှန်သည် ဆင်, ကရွှေပြည့်၊ ရွှေကွမ်းချပ်၊ စီးလှေ သက္ကဒါန်၊ အမိုးပေါင်းဖြူဆောင်းထီး၊ သက္ကလပ်နီရွှေထွက်၊ ထွေးခံရွှေရောင်၊ ထမ်းစင်ပွတ်တိုင်၊ အပျောက်ရွှေပြည့်၊ ထွက်စည်, ဝင်စည်၊ ရွေ့ဆောင်ရွှေသိုင်း ၂-စင်း၊ နေကာ ငွေပုစွန်ခွံ၊ မောင်းရွှေကြာချပ်-၁၅၊ နားတောင်းရွှေကြာငုံ၊ ပတ္တမြားထိပ်တပ်၊ အိမ်လက်ထီး၉-ဆောင်၊ လှေကား ၅-စင်း လက်တင်ရွှေပြည့်၊ မယားမှာလည်း ယကင်ထိပ်ဦး ရွှေကြာပွင့်-၁၅၊ ပေးတော်မူသည်။ ။"**

(မှတ်ချက်)

အထက်ဖော်ပြပါအတိုင်း ရခိုင်ဘုရင်မင်းဖလောင်းက ပညာရှိအမတ်ကြီး **"မဟာဇေယျသိန်"** အားချီးမြှင့်သော အချိန်မှာ ရခိုင်သက္ကရာဇ်-၉၄၇-ခု၊ ခရစ်အေဒီ-၁၅၈၅-ခုက ဖြစ်ပါသည်။

**"ရခိုင်မင်းရာဇာကြီးစာတန်း"** ကို ပြုစုသူ ကိုယ်ရံကြီးအမတ် မဟာဇေယျသိန်ဆိုသူမှာ **"အမတ်ကြီးမဟာပညာကျော်"** ၏ သားဖြစ်ပါသည်။ အမည်ရင်းမှာ **"ကျီးညို"** ဖြစ်၏။ သူတို့၏ မျိုးရိုးစဉ်ဆက်မှာ ပညာဉာဏ်ကြီးမားသူများ ဖြစ်ကြသဖြင့် ရှင်ဘုရင်က **"ပညာဝံသ"** ဟူသော ဘွဲ့အမည်ကို ချီးမြှင့်ကာ စစ်တကောင်းမြို့ကို စားကျေးပေးတော်မူသည်။ နောင်သောအခါ၌ ဘုရင်က **"မဟာဇေယျသိန်"** ဟူသော ဘွဲ့အမည်ကို ထပ်ဆင့်ချီးမြှင့်တော်မူကာ ကိုယ်ရံကြီးအမတ် ခန့်အပ်လိုက်သည့်အတွက် တိုင်းပြည်၏အရေးပါသော အမတ်ကြီးတစ်ဦး ဖြစ်လာခဲ့ပါတော့သည်။

**ဒွါရာဝတီ-အသျှင်ကုသလ**

## ဒွါရာဝတီနယ်မြေဒေသရှိ ချောင်းစား၊ ကျွန်းစားတို့၏ ရာဇဝင်လာ နယ်နိမိတ် အပိုင်းအခြား "မော်ကွန်းစာ"

ရခိုင်ရာဇဝင်၌ မင်း၏အမှုတော်ကို ထမ်းရွက်နေကြကုန်သော မင်းမှုထမ်းများမှာ အလွန်များပြားစွာ ရှိကြ၏။ ယင်းတို့အနက် ချောင်းစား၊ ကျွန်းစားတို့အနေဖြင့် မိမိတို့တာဝန်ယူ အုပ်ချုပ်ရမည့် နယ်နိမိတ် အပိုင်းအခြားများကို ရခိုင်ဘုရင်က **"မော်ကွန်းကျောက်စာတိုင်"** စိုက်ထူ၍ သတ်မှတ်ပေးထားပါသည်။ ပြီးလျှင် မိမိတို့ အုပ်ချုပ်ရာနယ်မြေဒေသ၏ နှစ်စဉ်တိုင်းပြည်အတွက် အခွန်ဘဏ္ဍာဆက်သွင်းရမှုကိုလည်း သတ်မှတ်ပေးထားပါသည်။

ထိုသို့ သတ်မှတ်ဖော်ပြရာ၌ ရခိုင်တစ်ပြည်လုံး အတိုင်းအတာ အနေဖြင့်မူ အလွန်များပြားပြီးလျှင်၊ ကျယ်ပြန့်သောကြောင့် အကုန်မဖော်ပြတော့ဘဲ ဒွါရာဝတီနယ်မြေဒေသနှင့်သာ သက်ဆိုင်သော ချောင်းစား၊ ကျွန်းစားတို့၏ နယ်နိမိတ်အပိုင်းအခြားနှင့် အခွန်ဘဏ္ဍာဆက်သရမှုလောက်ကိုသာ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၂၂-အင်္ဂါရှိသော ရခိုင်အင်းစောက်ရာဇဝင်၊ ၈-ကြောင်းပေမူ၊ ယား-ချပ်-ရင်၊ ၄-ချပ်-ကြော+ရင်၊ ငါ-ချပ်-ကြော+ရင် တို့မှ ကောက်နုတ်၍ ရေးသားဖော်ပြပေးသွားပါမည်။

ဖော်ပြပါ အင်းစောက်ရာဇဝင်၌ ချောင်းစား၊ ကျွန်းစားတို့၏ နယ်မြေအပိုင်းအခြားကို ဖော်ပြရာ၌ ဒွါရာဝတီနယ်မြေဒေသအတွက် **"ပန်းတော်ကျွန်းနှင့် တောင်စဉ်ကမ်း"** အတွက်သာပါရှိပြီး၊ **"ပန်းတင်ကျွန်း"** အတွက် သီးခြားဖော်ပြထားခြင်း မရှိချေ။ အဘယ်ကြောင့်ဆိုသော် ပန်းတင်ကျွန်းသည် သီးခြား ကျွန်းလွတ်ဖြစ်နေသဖြင့် နယ်မြေပိုင်ဆိုင်မှု အငြင်းပွားစရာ မရှိသောကြောင့် ဖြစ်ပါသည်။ **"ပန်းတော်ကျွန်း"** မှာကား ကျွန်းနှင့်တောင်စဉ် နီးစပ်နေသဖြင့် သီးခြားနယ်နိမိတ်ကို သတ်မှတ်ပေးထားရခြင်း ဖြစ်ကြောင်း သိမှတ်ရပါသည်။

ယခုဖော်ပြမည့် ချောင်းစား၊ ကျွန်းစားတို့၏ နယ်နိမိတ် အပိုင်းအခြား မော်ကွန်းစာများမှာ မင်းဗာကြီးလက်ထက် (အေဒီ-၁၅၃၁-မှ-၁၅၅၃-ထိ) တွင် ထုတ်ပြန်ခဲ့သော မော်ကွန်းစာများထဲက နှစ်ပုဒ်ပါဝင်ပြီး၊ စန္ဒသုဓမ္မရာဇာမင်းလက်ထက် (အေဒီ-၁၆၅၂-မှ-၁၆၇၄-ထိ) တွင် ထုတ်ပြန်ခဲ့သော မော်ကွန်းစာများထဲက နှစ်ပုဒ်၊ စုစုပေါင်းလေးပုဒ်ကို ရေးသားတင်ပြသွားမည် ဖြစ်ပါသည်။

**မော်ကွန်းစာ** ॥ ॥ သက္ကရာဇ်-၉၀၁-ခု၊ တန်ခူးလဆန်း(၅)ရက်၊ ကြာသပတေးနေ့ ရွှေနန်းသခင် ဘဝရှင် ငရမ်မင်းကြီး မိန့်တော်မူသည်။ အမတ်တော် စစ်ကဲကြီး လက်ျာမြို့မြန်၊ အမတ်တော် စစ်ကဲကြီး လက်ဝဲမြို့မြန်၊ အမတ်တော် စဘော်သွီး၊ အဘိုးငရွှေမြ၊ ငဇေယျနှင့် သံတော် ဦးတင်လျှင် **"ပန်းတော်ကျွန်း"** ကို တည်ထောင်ရမည့်အကြောင်းကို ရှေးဦးသံတော်ဦး တင်ပါသည်။ ဘဝရှင်ဘုရား အသံချသည်။ ရှေတော်ခံ **"မောင်ပု"** ॥ ကျွန်းကို အပိုင်းအခြားကား၊ တရကူလက်ျာ ချီမှာလက်ဝဲ တိုင်အောင် ပန်းထော်မိုးမြေကို အဘိုး ငရွှေမြ၊ ငဇေယျနှစ်ယောက်သားတို့ စားပိုင်စေ။ အရှင်ငရမ်မင်းကြီး မိန့်တော်မူသည်။ **"မော်ကွန်း"** အတိုင်း အသံချသည်။ ရှေ့တော်ခံ **"စံပေါ်ဦး"** အရှင်မော်ကွန်းတော်ကို သားစဉ်မြေးဆက်မြဲစေ။ မော်ကွန်းတာလီ ॥ ॥

**မော်ကွန်းစာ** ॥ ॥ သက္ကရာဇ်-၉၀၂-ခု၊ ဝါဆိုလဆန်းတစ်ရက်၊ ဆင်ဖြူသခင် ငရံမင်းကြီး မိန့်တော်မူသည်။ အမတ်တော် စစ်ကဲကြီး လက်ျာမြို့မြန်၊ အမတ်တော် စစ်ကဲကြီး လက်ဝဲမြို့မြန်။ အမတ်တော် အပေါင်းတို့၊ တောင်စဉ်မိုးမြေတို့ကို ဝေလေဟု မိန့်တော်မူသည့်အတိုင်း၊ မဉ္ဇချောင်းစား ငဖြူ လမူးချောင်းစား ငဝါ၊ လမူးနှင့်မဉ္ဇ မြေအခြားကား

ဆားချောင်းတွင် ကျောက်စာတိုင် နှစ်လုံး၊ အထိမ်းအမှတ်ထားလေ၏။ လမူးသားတို့နှင့် ရန်ပြိုင်ရွာ ပြုရလေ၏။ လမူးနှင့် မဤမြေ အခြားကား ဟင်းခရော် ချောင်းခြားလျက် အထိမ်းအမှတ်ထားလေ၏။ တန်းရွဲချောင်းစား သုဒ္ဓေါ်၊ တန်ရွဲနှင့် လမူးမြေ အခြားကား ငှက်ပျောချောင်းမှာ အထိမ်းအမှတ် ထားလေ၏။ တောင်ကုတ်ချောင်းစား လုလင်ဖြူ တောင်ကုတ် နှင့် တန်းရွဲမြေအခြားကား မောင်းချောင်းတွင် အထိမ်းအမှတ်ထားလေ၏။ သန္တိချောင်းစား ငနေလှ၊ တောင်ကုတ်နှင့် သန္တိနယ်မြေအခြားကား ခူချောင်းတွင် အထိမ်းအမှတ်ထားလေ၏။ ယင်းခေါ်ခါ ရမ်းဗြဲကျွန်းသား ငနောင်၊ လေးတောင် ငလှ၊ ရမ်းဗြဲသတိုင်း၊ ရမ်းပေါက်ခေက်၊ ကံတိုင်းငက၊ ကျောက်ချောင်းချစ်ထွီး၊ တန်းမှာ ငထိ၊ ရန်းသစ် ငလူသင်၊ မကျည်းမှာ မင်းလှ၊ သလူတောင် ကျော်စစ်၊ ဟုမ်းနေ ငဘက်၊ မင်းရပ်နေ မင်းစော၊ မင်းဖြူ။ သည်ကာလ ရမ်းဗြဲသူကြီးတို့ **"တောင်စဉ် ကမ်း"** ကို ဝေသောအခါ ပါလေ၏။ ။ မင်းကြီးငရမံ မိန့်တော်မူသော မော်ကွန်းတာလီ။ သားစဉ်မြေးဆက် မှတ်ကြလေ စေသောဝ်။ ။

**မော်ကွန်းစာ** ။ ။ သက္ကရာဇ်-၁၀၁၄-ခု၊ ကဆုံလဆန်း (၅)ရက်၊ ကြာသပတေးနေ့ ရွှေနန်းသခင် ဘဝရှင်မင်းကြီး၊ စန္ဒသုတ် မိန့်တော်မူသော်၊ အမတ်တော် စစ်ကဲကြီး လက်ဝဲမြို့မြန်၊ အမတ်တော် စစ်ကဲကြီး လက်ျာမြို့မြန်၊ အမတ်တော်စဘော်သွီး၊ အမ်းချောင်းစား ထွန်းမြအောင်၊ ဒလက်ချောင်းစား ငမျက်ရှူ၊ အမ်းလက်ျာကို အမ်းသားတို့ ပိုင်စေ။ ဒလက်လက်ဝဲကို ဒလက် သားတို့ ပိုင်စေ။ စနဲချောင်းစား ငညော်၊ မဤချောင်းစား ငဖြူ လမူးချောင်းစား ငဝါ၊ တန်းရွဲချောင်းစား ငသုဒ္ဓေါ်၊ တောင်ကုတ်ချောင်းစား လုလင်ဖြူ သန္တိချောင်းစား တုံးခိုင်ရွှေ။ သည်ချောင်းကြီးလူ သူကြီးတစုတို့ ရှိခိုးသံတော်ဦးတင်ပါသည် ရှင်ဘုရင်မင်းမြတ် ။ ။ သံတော်ဦးတင်လျှင် အသံချသည်။ ရှေတော်ခံ အောင်ကျော်စစ်၊ **"တောင်စဉ်-ရ-ခရိုင်"** တောတောင်မိုးမြေတို့ကို ဝေလေဟု အရှင်စန္ဒသုတ် မိန့်တော်မူသည် ။ ။ မှူးကြီးမတ်ရာ အပေါင်းတို့နှင့် တောင်ကိုထွက်၍ အလျှုပေးသောအခါ၊ အမ်းသားတို့ကိုလည်း **"ပုံဆိုးတန်တင်"** လှော်ကြိုလှာ၏။ စနဲသားတို့လည်း **"ပုံဆိုးတန်တင်"** လှော်ကြိုလှာ၏။ အမ်းနှင့်စနဲ မိုးပိုင်မြေအခြား မဤသားတို့ **"ဆုံတောင်ပွန်"** လှော်ကြိုလှာ၏။ စနဲနှင့် အမ်းအခြား **"လင်းပိုင်းချောင်း"** ဝေလျှက် လမူးသားတို့ **"ဆားချောင်း"** လှော်ကြိုလှာ၏။ ကုံးရိုးတွင် ကျောက်စာတိုင် ၃-လုံး တည်လှာ၏။ တန်းရွဲသားတို့လည်း **"ငှက်ပျောချောင်း"** လှော်ကြိုလှာ၏။ လမူးနှင့်တန်းရွဲ မြေအခြား ငှက်ပျောချောင်းတွင် ကျောက်စာတိုင်အထိမ်းအမှတ်ထားလေ၏။ တောင်ကုတ်သားတို့ **"မောင်းချောင်း"** လှော်ကြိုလှာ၏။ တောင်ကုတ်နှင့် တန်းရွဲမြေအခြား **"မောင်းချောင်း"** တွင် ကျောက်စာတိုင် ၃-လုံး အထိမ်းအမှတ်ထားလေ၏။ သန္တိသားတို့ **"ခူချောင်း"** လှော်ကြိုလှာ၏။ တောင်ကုတ်နှင့် **"သန္တိ"** မိုးပိုင်မြေအခြားတည်း။ ခူကရိုင်က ချီတော်မူ၏။ **"မော်တင်ဇာတီကြီး"** တေလေ၏။ ။ ရခိုင်ဓညဝတီမြေ အခြားကား **"မော်တင်ဇာတီ"** ခြားလေ၏။ အရှေ့နှင့် ဓညဝတီမြေအခြား။ စန္ဒသုတ်ဘုရင် မိန့်တော်မူသည်။ မော်ကွန်းအတိုင်း မြဲစေသောဝ်။ ။

[မှတ်ချက် ။ ။ အထက်ပါ မော်တင်စေတီတော်ကြီးကို ရခိုင်သားတို့ ပြန်လည်တည်ထား ပူဇော်ခဲ့ကြရာ၌ ပါဝင်ခဲ့ကြသော လူဦးရေစာရင်းကိုလည်း ကိန်းဂဏန်း အတိအကျဖြင့် မှတ်တမ်းတင်ထားရှိခဲ့ သည်ကို အောက်ပါအတိုင်းတွေ့ရှိရသည်။ ။ စာရေးသူ]

ယင်းသောအခါ ။ ။ ဒလက်လူပေါင်း ၅၀-ပါ၏။ အမ်း-၄၀-ပါ၏။ စနဲ-၃၀-ပါ၏။ မဤ ၅၅-ပါ၏။ လမူး-၅၀-ပါ၏။ တန်းရွဲ ၆၀-ပါ၏။ တောင်ကုတ်-၄၅-ယောက်ပါ၏။ သံတွဲ-၁၂၀-ပါ၏။ ရမ်းဗြဲအနောက်ဘက် ၁၂၀-

ပါ၏။ ရမ်းဗြဲအရှေ့ဘက် ၁၂၀-ပါ၏။

[မှတ်ချက် ။ ။ ချောင်းစား၊ ကျွန်းစားတို့အနေဖြင့် မိမိတို့အုပ်ချုပ်ရာ နယ်မြေဒေသအလိုက် တိုင်းပြည်သို့ အခွန်ဘဏ္ဍာ ဆက်သွင်းရမှုကို ဘုရင်က အမိန့်ထုတ်ပြန်ကာ မော်ကွန်းထားခဲ့သည်ကိုလည်း အောက်ပါအတိုင်း တွေ့ရှိရသည်။ ။ စာရေးသူ]

မော်ကွန်းစာ ။ ။ တန်းရွဲ့သားတို့မှာလည်း အထူးလက်ဆောင် ကျွဲတခု၊ ဆန် ၂-ဖောင်းကား၊ ငွေ-၃၀၊ လောင်းနှစ်စင်း။ စနဲသားတို့မှာ ငွေ-၃၀၊ ကျွဲတခု၊ လောင်းနှစ်စင်း၊ ဆန် ၁၂-ဖောင်းကား။ အမ်းလူကြီးတို့မှာ ငွေ-၁၂၀၊ ကျွဲတခု၊ ဝက် တခု၊ ဆန်-၂၅-ဖောင်းကား/ လောင်းနှစ်စင်း။ မဏ္ဍသားတို့မှာ ငွေ-၃၀၊ ဆန် ၂၅-ဖောင်းကား၊ လောင်းနှစ်စင်း။ လမူးသားတို့မှာ ငွေ-၃၀၊ ဆန် ၅၅-ဖောင်းကား၊ ဝက်တခု၊ တန်းရွဲ့သားတို့မှာလည်း ငွေ-၃၀၊ ကျွဲတခု၊ ဝက်တခု၊ ဆန် ၂၅ ဖောင်းကား၊ လောင်းနှစ်စင်း။ တောင်ကုတ်သားတို့မှာ ငွေ-၃၀၊ ကျွဲတခု၊ ဝက်တခု၊ ဆန် ၂၅-ဖောင်းကား၊ လောင်းတစင်း။ သန္တွဲသားတို့မှာလည်း ငွေ ၅၀။ ရမ်းဗြဲကျွန်းသားတို့မှာလည်း ပေါက်ဆိန်သည် ၃၃-ယောက်၊ ပျား ၃၃-အိုးခက်။ မြို့ချောင်းသားတို့မှာ ငွေ-၃၀၊ ကျွဲတခု။ ကျောက်ဖြူသားတို့မှာ ငွေ ၃၀၊ ကျွဲတခု။ ညောင်ပင်လှသား တို့မှာလည်း ငွေ-၂၅-ပြား၊ ကျွဲတခု။ လေးတောင်သားတို့မှာ ငွေ-၂၀၊ ကျွဲတခု။ ရမ်းဗြဲငယ်သားတို့မှာ ငွေ-၃၅-ပြား၊ ကျွဲတခု။ မာန်အောင်သားတို့မှာ ငွေ-၅၀၊ ကျွဲတခု။ စန္ဒသုတ်ဘုရင် မိန့်တော်မူသည်။ မော်ကွန်းထားခဲ့သည်။ ။

ဤကား ရခိုင်အင်းစောက်ရာဇဝင်၌ လာရှိသော ဒွါရာဝတီနယ်မြေဒေသနှင့် သက်ဆိုင်သမျှ ဖော်ပြထား သည်တို့ကို ကောက်နုတ်တင်ပြလိုက်ရပေသည်။ အဆိုပါ မော်ကွန်းထုတ်ပြန်ချက်သည် အေဒီ-၁၅၃၉-၄၀ နှင့် အေဒီ-၁၆၅၂-တို့၌ ဖြစ်ရာ ယင်းမော်ကွန်းကို ကြည့်ခြင်းအားဖြင့် ရခိုင်မင်းတို့ တိုင်းပြည်ကို မည်ကဲ့သို့ စီမံအုပ်ချုပ်ခဲ့ကြသည်ကို ကောင်းစွာသိရှိနိုင်ပါသည်။ ချောင်းစား၊ ကျွန်းစား တို့၏ ပိုင်ဆိုင်မှုနယ်မြေကို ကျောက်တိုင်စိုက်ပြီး သေသေချာချာ သတ်မှတ်ပေးထားပြီးလျှင်၊ နယ်မြေ ခွဲဝေပိုင်းခြားရာ၌ ပါဝင်ခဲ့ကြသော လူပုဂ္ဂိုလ်များကိုလည်း အတိအကျ မှတ်တမ်းတင် ပြုစုထားရှိခဲ့ကြသည်။ နောက်ဆုံး မော်တင်စေတီတော်ကြီးကို ပြန်လည်တည်ထားရာ၌ ပါဝင်ခဲ့ကြသော လူဦးရေ စာရင်းကိုလည်း အတိအကျ မှတ်တမ်းတင်ထားသည်ကို တွေ့ရှိရသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ရခိုင်မင်းတို့သည် တိုင်းပြည်ကို အောက်ခြေအထိ စနစ်တကျစီမံအုပ်ချုပ်ခဲ့ကြကြောင်း သိရှိနိုင်ပါသည်။

[မှတ်ချက်။ ။ မော်ကွန်းစာ၌ ပါရှိသော သတ်ပုံများကို မပြုပြင်ဘဲ မူရင်းအတိုင်း ဖော်ပြထားခြင်း ဖြစ်ပါသည်။]

**ငွေသဇင် (သံတွဲ)**

သဇင်ပန်းခိုင်ဂျာနယ်
အတွဲ(၁)၊ အမှတ်(၁၆)
၁၆. ၁၁. ၂၀၁၄။

## "ကဝိကဏ္ဍပါသ (ကဝိဂန္ဓ)ကျမ်း" နှင့် "ရခိုင်အသျှင်သီလဝံသ"

ရခိုင်စာပေလောကတွင် အသျှင်သီလဝံသ ဟူသော ဘွဲ့အမည်တူဖြင့် ကျမ်းပြုရဟန်း စာဆိုတော် နှစ်ပါးရှိခဲ့ပါသည်။ တစ်ပါးက လေးမြို့ခေတ် (အေဒီ-၈၁၈-မှ ၁၄၃၀-ထိ) အေဒီ-၁၄၁၈-နှစ်က **"ကဝိကဏ္ဍပါသ" (ကဝိဂန္ဓ)ကျမ်း"** ကို ရေးသားပြုစုခဲ့သော **"အသျှင်သီလဝံသ"** ဖြစ်ပြီးလျှင်၊ တစ်ပါးက မြောက်ဦးခေတ်အကုန် ရခိုင်ကောဇာ-၁၁၆၁-ခု (အေဒီ-၁၇၉၉)က **"နိဗ္ဗာန်ဩဇာလင်္ကာနှင့် စကားပြေကျမ်း"** ကိုရေးသားပြုစုခဲ့သော **"ဒွါရာဝတီ-တောင်ခွင်တန်း အသျှင်သီလဝံသ"** တို့ ဖြစ်ကြပါသည်။ ယင်းဆရာတော် နှစ်ပါးအနက် ယခုစာရေးသူ ရေးသားတင်ပြလိုသည်မှာ ကဝိကဏ္ဍပါသ (ကဝိဂန္ဓ) ကျမ်းပြုစာဆို အသျှင်သီလဝံသ အကြောင်းပင် ဖြစ်ပါသည်။

အဆိုပါ ရခိုင်က အသျှင်သီလဝံသသည် အင်းဝက အသျှင်သီလဝံသနှင့် အသျှင်ရဋ္ဌသာရတို့ထက် အလွန်ရှေးကျသော ဆရာတော်တစ်ပါးဖြစ်ပါသည်။ ဆရာတော်၏ မိဘများကို အတိအကျမသိရချေ။ ဆရာတော်သည် ရခိုင်၊ မြန်မာစာပေလောကအတွက် ဂုဏ်ယူဘွယ်ရာ သမိုင်းမှတ်တိုင်ကြီးအဖြစ် **"ကဝိကဏ္ဍပါသ (ကဝိဂန္ဓ)ကျမ်း"** ကို ရေးသားပြုစုတော်မူခဲ့ပါသည်။ ယင်းကျမ်းသည်ကား ရခိုင်၊ မြန်မာစာပေလောကအတွက် အလွန်ကျေးဇူးများသော ကျမ်းတစ်ကျမ်းလည်း ဖြစ်ခဲ့ပါသည်။ ဆရာတော်သည် **"ရာဇဝသတီနိဒါန်းကျမ်း"** ကိုလည်း ရေးသားပြုစုခဲ့ပါသေးသည်။

ပို့ကဗျာ၊ လင်္ကာ၊ ရတု ရေးဖွဲ့မှုနှင့်ပတ်သက်လာလျှင် အင်းဝက၊ အသျှင်သီလဝံသနှင့် အသျှင်ရဋ္ဌသာရတို့ကိုသာ လူသိများကြပြီး၊ ရခိုင်က ဆရာတော် အသျှင်သီလဝံသကိုမူကား သိသူအလွန်နည်းပါးလှပါသည်။ ထိုဆရာတော်သည် ပို့ကဗျာ၊ လင်္ကာ၊ ရတုရေးသားစပ်ဆိုရာတွင် အလွန်ရှေးကျသော ဆရာတော်တစ်ပါးဖြစ်ကြောင်းကို ပုဂံဝန်ထောက် - ဦးတင်က သူ၏ **"ကဗျာဗန္ဓသာရကျမ်း"** (စတုတ္ထအကြိမ်ရိုက်) စာ-၃၁၅-တွင် **"ထိုစာတွင် ရခိုင်သျှင်သီလဝံသနှင့် အမတ်ဥဿလင်းစားတို့ရေးသားဆုံးမစာ လင်္ကာများပါသည်။ ထိုပုဂ္ဂိုလ်များမှာ စာဆိုပညာရှိချည်းပင်တည်း။ မြန်မာဘာသာ ကဗျာလင်္ကာများမှာ သျှင်ရဋ္ဌသာရ၊ သျှင်သီလဝံသတို့က အစပြုသည်ဟူ၍ အယူရှိသော အချို့မျိုးတူ၊ မျိုးခြားများသည် သည်စာရှိသည်ကို သတိထားဟန်မတူ"** ဟူ၍ ရခိုင်စာဆိုပညာရှင်များ၏ စာကဗျာ ရေးဖွဲ့မှုရှေးကျကြောင်းကို ထောက်ပြခဲ့ပါသည်။

ရခိုင်ဆရာတော် အသျှင်သီလဝံသသည် ကဝိကဏ္ဍပါသ (ကဝိဂန္ဓ)ကျမ်းကို ရေးသားပြီးစီးသောနှစ်မှာ ရခိုင် ကောဇာ-၇၈၀-(အေဒီ-၁၄၁၈) ကဖြစ်ပါသည်။ ထို့ကြောင့် အင်းဝက အသျှင်သီလဝံသကို မမွေးဖွားမီ (၃၅)နှစ်ခန့်က ဤကျမ်းကို ရေးသားပြုစုပြီးဖြစ်နေပါသည်။ အသျှင်ရဋ္ဌသာရထက်မူ နှစ်ပေါင်း (၅၀)ခန့်ကြီးပါသည်။

ဆရာတော်သည် ပို့ကဗျာ၊ လင်္ကာ၊ ရတု စသည်တို့ကို ရေးဖွဲ့ရာတွင် အလွန်ပြောင်မြောက်သော ဆရာတော် တစ်ပါး ဖြစ်ပါသည်။ ဆရာတော်၏ ရေးဖွဲ့မှုနည်းစနစ်ကို နှောင်းခေတ်စာဆိုရှင်တို့က အတုယူခဲ့ကြရပါသည်။ ဆရာတော်သည် ပို့ကဗျာ၊ လင်္ကာ၊ ရတု များကိုရေးသားခဲ့ရုံ မျှမက ကျမ်းဂန်များကိုပါ ရေးသားပြုစုတော်မူခဲ့ပါသည်။

ဆရာတော်၏ ထင်ရှားသောကျမ်းမှာ **"ကဝိကဏ္ဍပါသ(ကဝိဂန္ဓ)ကျမ်း"** ပင်ဖြစ်ပါသည်။ အဆိုပါကျမ်း အမည်ကို နှောင်းခေတ်စာရေးဆရာတို့က ကဝိဂန္ဓကျမ်းဟူ၍လည်းကောင်း၊ ကဝိပါသဏ္ဍကျမ်းဟူ၍လည်းကောင်း၊ ကဝိကဏ္ဍပါသ ကျမ်းဟူ၍လည်းကောင်း၊ ဂဝိဗန္ဓပါသျှကျမ်းဟူ၍လည်းကောင်း နာမည်အမျိုးမျိုးဖြင့် အခေါ်ကွဲပြား လျက်ရှိကြောင်း တွေ့ရှိရပါသည်။ အမှန်က ယင်းအမည်နာမများမှာ ကျမ်းတစ်ကျမ်းတည်း၏ အမည်နာမများ

ဖြစ်ကြပါသည်။ **"သီဟိုဠ်ကျွန်းက - အသျှင်သံဃရက္ခိတ မဟာသာမိမထေရ်"** ရေးသားစီရင်အပ်သော **"ဝုတ္တော ဒယဆန်းကျမ်း"** ကိုငြိကာချဲ့၍ ရေးသားပြုစုထားသောကြောင့် **"ဝုတ္တောဒယဆန်းဋီကာ"** ဟူ၍လည်း (တစ်နည်း) ခေါ်ခဲ့ကြပါသေးသည်။

ဆရာတော်၏ ကဝိကဏ္ဌပါသ (ကဝိဂန္ဓ)ကျမ်း အမည်ကို အဓိပ္ပာယ်ဖွင့်ဆိုရသော် **"ကဝိ-ပညာရှိ"**၊ **"ဂန္ဓ-ရနံ့"** ဟူ၍ အမည်ပေးထားသည့်အတိုင်း **"ပညာရှိဟူသော ရနံ့ဖြင့် သင်းပျံ့စေမှုကို ဖြစ်စေနိုင်သည်"** ဟုအဓိပ္ပာယ်ရပါသည်။

**"ကဝိကဏ္ဌပါသကျမ်း"** အမည်ရပုံမှာလည်း **"ကဝိ-ပညာရှိ၊ ကဏ္ဌ-လည်ပင်း၊ ပါသ-ကျော့ကွင်း"** ဟူ၍ အမည်ပေးထားသည့်အတိုင်း **"ပညာရှိတို့လည်ပင်းကို ကျော့ကွင်းဖြင့် ရစ်ပတ်ဖမ်းမိစေနိုင်သည်"** ဟုဆိုရလောက်အောင် စာဆိုပညာရှိတို့ကို ဆွဲဆောင်နိုင်စွမ်းရှိသော ကျမ်းစာဟု အဓိပ္ပာယ်ရပါသည်။

လေးမြို့ခေတ်သည် (အေဒီ-၈၁၈-မှ-၁၄၃၀-ထိ) ကြာမြင့်ခဲ့ပါသည်။ ကဝိကဏ္ဌပါသ(ကဝိဂန္ဓ) ကျမ်း၏ ကျမ်းပြီးနှစ်မှာ ရခိုင်ကောဇာ-၇၈၀-(အေဒီ-၁၄၁၈)က ဖြစ်ခြင်းကြောင့် လေးမြို့ခေတ်၏ ခေတ်နှောင်းကာလသို့ ရောက်နေချိန်ဖြစ်ပါသည်။ ယင်းခေတ်၊ ယင်းကာလတွင် ရခိုင်ပြည်၌ **"ရခိုင်စာပေ"** အပြင် **"သက္ကတစာပေ"** လည်း ထွန်းကားလျက်ရှိနေကြောင်း သိရှိရပါသည်။ ယင်းအချိန်က ရခိုင်စာပေ ပညာရှင်တို့သည် အိန္ဒိယနိုင်ငံဖြစ် လောကီဆိုင်ရာ သက္ကတစာပေကျမ်းဂန်တို့ကို ရခိုင်ဘာသာသို့ ပြန်ဆိုခဲ့ခြင်းကြောင့် ရခိုင်စာပေလောကမှာ များစွာကျယ်ပြန့်စေခဲ့ပါသည်။ ယင်းအချိန်ကာလက ရခိုင်စာပေနှင့်သက္ကတစာပေမှာ မည်မျှယှက်နွယ်မှုရှိကြောင်းကို ဆရာတော်အသျှင်အဂ္ဂသာရ (ရခိုင်သူမြတ်) ၏ **"လောကသာရပျို့"** (ရေးစပ်သီကုံးပြီးချိန် ရခိုင်ကောဇာ-၆၉၅-ခု အေဒီ-၁၃၁၀-)ကို လေ့လာကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်။ ထို့ကြောင့် ဆရာတော်အသျှင်သီလဝံသ၏ ကဝိကဏ္ဌပါသ(ကဝိဂန္ဓ) ကျမ်းသည်လည်း သက္ကတစာပေနှင့်မကင်းကြောင်း လေ့လာတွေ့ရှိရပေသည်။

ဆရာတော်၏ ကဝိကဏ္ဌပါသ(ကဝိဂန္ဓ)ကျမ်းမှာ သမိုင်းကြောင်းနှင့် ပေါ်ပေါက်လာသော ကျမ်းတစ်ကျမ်းဖြစ်ပါသည်။ မူလက ဤကျမ်း၏ အခြေခံကျမ်းဖြစ်သည့် **"ရုတဗောဓ"** ကျမ်းကို အိန္ဒိယပြည်က **"ကာလီဒါသ"** အမည်ရှိသော ပညာရှိတစ်ဦး ရေးသားပြုစုခဲ့ပါသည်။ ရှစ်ကြောင်းပေမူဖြင့် တစ်အင်္ဂါရှိကြောင်း သိရှိရပါသည်။ သက္ကတဘာသာဖြင့် စီကုံးနှုန်းဖွဲ့ထားသော အဆိုပါကျမ်းသည် ငယ်ပင်ငယ်သော်လည်း အလွန်နက်နဲသော ကျမ်းတစ်စောင် ဖြစ်ခဲ့ပါသည်။

ရခိုင်အမျိုးသမီးစာဆိုတစ်ဦးဖြစ်သူ **"သုဝဏ္ဏဒေဝီစောပြည့်ညို"** သည် ဝေသာလီကျောက်လှေကားခေတ် (အေဒီ-၃၂၇-မှ၈၁၈-ထိ)တွင် အဆိုပါ **"ရုတဗောဓ"**ကျမ်းကို **"ကဝိကဏ္ဌပါသကျမ်း"** အမည်ဖြင့် ရခိုင်ဘာသာသို့ ဘာသာပြန်ဆိုရေးသားခဲ့ပါသည်။

လေးမြို့ခေတ် (အေဒီ-၈၁၈-မှ၁၄၃၀-ထိ)၊ လောင်းကြက်မြို့ ရခိုင်ကောဇာ-၇၈၀(အေဒီ-၁၄၁၈)က ရခိုင်ဆရာတော်အသျှင်သီလဝံသသည် သုဝဏ္ဏဒေဝီ-စောပြည့်ညို၏ **"ကဝိကဏ္ဌပါသကျမ်း"** ကို အခြေခံကာ ပို့၊ ကဗျာ၊ လင်္ကာ၊ ရတု စသည်ရေးဖွဲ့ရာ၌ ဆန်းနှင့်ဆိုင်ရာ မှတ်သားဖွယ်ရာများကို လူအများနည်း ကောင်းရစေရန်အတွက် အကိုးအကား၊ အထောက်အထားတို့ဖြင့် တန်ဆာဆင်၍ ရေးသားပြုစုခဲ့ရာ **"ကဝိကဏ္ဌပါသ (ကဝိဂန္ဓ)ကျမ်း"** ဟူ၍ ကဗျာဆိုင်ရာ ကျမ်းကြီးတစ်ကျမ်း ပေါ်ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။

နရမိတ်လှ (မင်းစောမွန်)၏ ညီတော် သံတွဲမြို့စား နရနု (မင်းခရီ) သည် ငယ်စဉ်ကာလ မင်းသားဘဝက ပျို့၊ကဗျာ၊ လင်္ကာ၊ ရတု များကို တတ်မြောက်ချင်သည်ဆိုသဖြင့် ဆရာတော်သည် အဆိုပါကျမ်းကို မင်းသားအား သင်ကြားပို့ချပေးခဲ့ရကြောင်း ရာဇဝင်လာ စကားအရသိရှိရပါသည်။

ဆရာတော်၏ ကျေးဇူးကြောင့် နရနု(မင်းခရီ) သည် မြောက်ဦးထီးနန်းကို (အေဒီ-၁၄၃၃-မှ-၁၄၅၉-ထိ) စိုးစံနေစဉ် **"သံတွဲမိဖုရား စောယဉ်မိ"** နှင့် အပြန်အလှန် ရေးသားပေးပို့ခဲ့ကြသည့် **"မင်းမိဖုရား မေတ္တာစာရတု"** (ရေးဖွဲ့ချိန် ရခိုင်ကောဇာ-၇၉၉၊ အေဒီ-၁၄၃၇)မှာ ရခိုင်စာပေလောကတွင် အလွန်ထင်ရှားသော စာပေတစ်ခု ဖြစ်လာခဲ့ပါသည်။

လေးမြို့ခေတ်နှောင်း၊ မြောက်ဦးခေတ်ဦးက ပေါ်ပေါက်လာခဲ့သော ကဝိကဏ္ဍပါသ(ကဝိဂန္ထ)ကျမ်းသည် ရခိုင်ပြည်၌သာ ထင်ရှားကျော်ကြားခဲ့သည်မဟုတ်၊ ဗမာတို့၏ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်တိုင်အောင် ထင်ရှားကျော်ကြားခဲ့ပါသည်။

အင်းဝခေတ်က ရဟန်းစာဆိုတော်တစ်ဦးဖြစ်သူ **"အသျှင်ရဋ္ဌသာရ"** သည် ရဟန်းပျိုဘဝက ရခိုင်တို့၏ **"မြောက်ဦးမြို့တော်"** သို့ ကြွရောက်ကာ ပညာသင်ယူဆည်းပူးခဲ့သလို၊ သူ၏ တပည့်ဖြစ်သူ **"အသျှင်တေဇောသာရ"** ကိုလည်း မြောက်ဦးမြို့တော်သို့ စေလွှတ်ကာ ပညာသင်ယူ ဆည်းပူးစေခဲ့ပါသည်။ ဥပမာ-

(၁) ဌာနတည်၍ ။ ။ ရှင်သာရခိုင်တန်ဆောင်လော။
(၂) သာလှစည်၍ ။ ။ သောက်ရှူးသော်တာအရောင်လော။
(၃) ဝါလတည်၍ ။ ။ မိုးနတ်သူဇာအရောင်လော။ ဟူသော ရတုပိုဒ်စုံသည်လည်းကောင်း
(၁) နှစ်ကူးလည်၍ ။ ။ နှလုံးများဖွယ်ရှိလှ၏။
(၂) ထစ်ကျူးမြည်၍ ။ ။ အဆုံးဖျားဝယ်ငြိလှ၏။
(၃) ရှစ်ဦးတည်၍ ။ ။ ပခုံးပါးဝယ်ထိလှ၏။ ဟူသော ရတုပိုဒ်စုံသည်လည်းကောင်း အတိတ်က သမိုင်းပုံရိပ်ကို ထင်ဟပ်ပေါ်လွင်စေသော ရတုများ ဖြစ်ကြပါသည်။

ခေတ်အဆက်ဆက် ရခိုင်၊ မြန်မာစာဆိုရှင်တို့သည် ဆရာတော်၏ ကဝိကဏ္ဍပါသ(ကဝိဂန္ထ) ကျမ်းနှင့် မကင်းကြချေ။ ဆရာတော်၏ ကျမ်းကို အားကိုးအားထားပြုကာ ပျို့၊ ကဗျာ၊ လင်္ကာ၊ ရတုများကို ရေးသားစပ်ဆိုခဲ့ကြပါသည်။ နည်းလမ်းကောင်းများကိုလည်း ယူခဲ့ကြရပါသည်။

အဆိုပါကျမ်း၏ ကဲ-ချပ်၊ ကြောတွင် ပါရှိသည့် **"မဥ္ဇူဘုန်းမော်ချီပျို့"** သည် ဆရာတော်၏ စာပေမှတ်ကျောက်တစ်ခုပင် ဖြစ်ပါသည်။ ယင်းပျို့ကို စာပေပညာရှင်တိုင်း အလေးအနက်ထားခဲ့ကြရသည်ဟုဆိုလျှင် ယင်းစကားသည် ပိုမည်မထင်ပါ။ ပျို့ကို အသုံးများလွန်း၍ အချို့ဆိုပါလျှင် **"ပျို့ပိုင်ရှင်"** ကိုပင် အတိအကျ မသိရှိနိုင်ဖြစ်ခဲ့ကြရပါသည်။

ရှေးခေတ်က ဤပျို့ကို အသုံးပြု၍ ကိုးကားခဲ့ကြသော စာပေပညာရှင်များနှင့် ကျမ်းအမည်များမှာ သက္ကရာဇ်-၁၁၁၀-တွင် ပထမကျော်အောင်စံထားဆရာတော်၏ ကဝိလက္ခဏ(ခေါ်) **"သဒ္ဒါပရမတ် အဆုံးအဖြတ်ကျမ်း"**၊ ရွှေတောင်မြို့-ကျိုးသဲလေထပ်ဆရာတော်၏ **"စွယ်စုံကျော်ထင်ကျမ်း"**၊ မင်းကြီးသီရိမဟာဇေယျသူ၏ **"ကဝိလက္ခဏာဒီပနီကျမ်း"**၊ ရွှေကြက်ယက်ကျောင်းတိုက်နေ ရှင်ဥက္ကံသမာလာ၏ **"ကဝိကဏ္ဍပါသလင်္ကာကျမ်း"**၊ ပုဂံဝန်ထောက်

ဦးတင်၏ **"ကဗျာဗန္ဓသာရကျမ်း"** အစရှိသော ကျမ်းများအပြင် နှောင်းလူတို့ ရေးသားပြုစုခဲ့ကြသည့် ကဗျာရေးဖွဲ့နည်းကျမ်းအမျိုးမျိုး တို့တွင်လည်း ဤပိုဒ်ကိုတွေ့ ရှိနိုင်ပါသေးသည်။

ရှေးခေတ် ရခိုင်၊ မြန်မာစာပေပညာရှင်တို့သည် **"မဥ္ဇူဘုန်းမော်ချီပျို့"** ကို အဘယ်ကြောင့် အလေးအနက်ထားခဲ့ကြပါသနည်း ဟုဆိုလျှင် စာပေရေးဖွဲ့ရာတွင် အလွန်အရေးကြီးသည့် ကြိယာ(၆၀) ပါဝင်နေသောကြောင့်ဖြစ်၏။ ယင်း ကြိယာ(၆၀)သည် ရှေးခေတ်ကာလကသာ အရေးကြီးခဲ့သည်မဟုတ်၊ ယခုလည်း အရေးကြီးနေဆဲ၊ နောင်ကိုလည်းခေတ်အဆက်ဆက် အရေးကြီးနေဦးမည်သာဖြစ်၏။

ကြိယာ(၆၀) ကို သာမန်အားဖြင့်ကြည့်လျှင် အကုန်လုံးမလိုအပ်ဟု ထင်မှတ်ကောင်း ထင်မှတ်ကြပေ လိမ့်မည်။ သို့သော် ပျို့ကဗျာ၊ လင်္ကာ၊ ရတု စသော ကဗျာများ၊ စာများကို ရေးသားပြုစုရာ၌ သူ့နေရာနှင့်သူ အသုံးဝင်ကြောင်းကောင်းစွာသိရှိကြရပေမည်။ ရှေးခေတ်ပညာရှင်တို့က အမှန်တကယ် လိုအပ်၍ စီစဉ်ထားရှိခဲ့ကြသည်ကို နှောင်းလူတို့က မပယ်အပ်၊ မပယ်သင့်ကြောင်း သတိပြုကြရပေမည်။

အမှန်က ကြိယာကို **"ကိရိယာ"** ဟူ၍သာ မှတ်ယူသင့်ပါသည်။ **"ကိရိယာ"** ဟူသည် အသုံးအဆောင် (တန်ဆာပလာ) ကိုခေါ်ခြင်းဖြစ်၏။ ပျို့ကဗျာ၊ လင်္ကာ၊ ရတုစသည် ရေးဖွဲ့စပ်ဆိုရာ၌ ပျို့ကဗျာ၊ လင်္ကာ၊ ရတုလုပမှုအတွက် စာဆိုပညာရှင်တို့၏ ဉာဏ်ကစားရာ စာပေအသုံးအဆောင် (=ကိရိယာ-သို့မဟုတ်-ကြိယာ) ပင်ဖြစ်ပါသည်။

ယင်းကျမ်း၌ ဝေသာလီကျောက်လှေကားခေတ်က ရခိုင်လူမျိုးတို့ အသုံးပြုလာခဲ့ကြသည့် **"ရက္ခဝဏ္ဏအက္ခရာ"** (၄၁)လုံး၊ ဗျည်း(၃၃)လုံး၊ ဝဂ်အစဉ်၊ ဇာတ်အစဉ် နှင့် ဝံသအစဉ်များကို ဖော်ပြထားပုံမှာ အလွန်ပင် ဆန်းကျယ်လှဘိ၏။ ရတုကဗျာချီနည်း၊ ချနည်း(၂၅)မျိုး တို့ကိုလည်း စနစ်တကျ ဖော်ပြထားပြီးလျှင် ကြိယာ(၆၀)ကို ပျို့ကဗျာ ရေးစပ်သီကုံး၍ ဖော်ပြထားပုံမှာလည်း အလွန်ပင် အဖိုးတန်လှ၏။ ဆရာတော်၏ စာပေလက်ရာများအနက် အလွန်နာမည်ကြီးလှသော **"မဥ္ဇူဘုန်းမော်ချီပျို့"** ကဗျာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**"မဥ္ဇူဘုန်းတော်။ ။ ပွင့်ချိန်မျှော်သည်။ ဗန်းမော်ခေါင်ထိ။ တုမရှိသည့်။ ကဝိကဝေ။ စောမြုတေ။ နှစ်တွေလင်္ကာ။ ကျမ်း၍လာသား။ နည်းနာနယ။ ဝိတ္ထာရဖြင့်။ သုံးတန်ဆင့်၍။ ဖွင့်သည့်ကဗျာ။ ကြိယာတွင်။ သမာသေန။ မူလမရွေ့။ ကိုသာပေတည့်။ သံခြေပုံ့ညင်း။ ကျွန်ုပ်ခင်းပိမ့်။ လျှင်၊ လျှင်း၊ မူကား။ ဝယ်၊ သား၊ တမင့်။ ချိမ့်၊ ဖြင့်၊ တွင်၏၊ ပိမ့်၊ လှည့်၊ မည်၊ အံ့။ လော၊ တုံ၊ မှံ့၊ တည့်။ သော်၊ ခံ့၊ ဘူး၊ သော။ မူလော၊ ရကား။ မူ၊ အား၊ မှ၊ က။ လိမ့်၊ စွ၊ တုံ့၊ လည်း။ တိ၊ တည်း၊ ချည်း၊ ဟု။ ခဲ့၊ နည်း၊ ဦ၊ လျက်။ ကြောင့်၊ ထက်၊ မို့၊ လည်။ စုံ၊ သည်၊ စိမ့်၊ နှင့်။ တုံ့၊ လိမ့်၊ တည့်၊ တော့။ ကား၊ လော့၊ ၍၊ သို့။ မျှ၊ တို့ငါ့။ ရှင့်။ တမုံ့၊ နှင့်ကို ------။ ရှင်ပင့်ဉာဏ်တော်။ ထွန်းပေါ်ကျယ်ချဲ့။ ယှဉ်ခဲ့တတ်တော်မူဘုရား ။ ။"**

ဆရာတော်၏ ကျမ်းတွင် မှတ်သားဖွယ်ရာ ကဗျာ လင်္ကာတို့မှာ အများအပြားပင် ရှိကြပါသည်။ ဆရာတော်တို့ခေတ်က ပျို့ကဗျာ၊ လင်္ကာ၊ ရတု ကိုရေးဖွဲ့လိုကြသောသူတို့အတွက် ကဗျာရေးဖွဲ့ပုံ၊ ရေးဖွဲ့နည်း ကျမ်းဆိုသည်မှာအလွန်ရှားပါးပေလိမ့်မည်။ ယင်းအချိန်ကာလက ဆရာတော်သည် အမြော်အမြင်ကြီးစွာဖြင့် ဤကဗျာရေးဖွဲ့နည်းကျမ်းကိုရေးသားပြုစုခဲ့သောကြောင့်သာ ရခိုင်၊ မြန်မာစာပေလောကအတွက် အလွန် ကျေးဇူးများခဲ့ရခြင်း ဖြစ်ပါသည်။ ဤကျမ်းသည် ယင်းအချိန်က အလွန်အဖိုးတန်သော ကျမ်းတစ်ကျမ်းဖြစ်ခဲ့မည်ကိုကား စဉ်စားတွေးခေါ်မြော်မြင်တတ်သူတိုင်း သိရှိနိုင်သော အရာဖြစ်ပါသည်။

ဆရာတော်က အောင်မြင်ကျော်ကြားသော စာဆိုပညာရှင်တစ်ဦးဖြစ်လိုပါလျှင် တတ်သင့်တတ်ထိုက်သော စာပေဆိုင်ရာ အတတ်ပညာတို့ကို တတ်သိနားလည်ထားဖို့ အရေးကြီးကြောင်း **"ကြားဖိမ့်နာလော့ချီ"** ကဗျာဖြင့် ဤသို့မီးမောင်းထိုးပြခဲ့ပါသည်။ **"ကြားဖိမ့်နာလော့။ ။ပညာရှိမှာ။ တတ်စရာသည်။ အင်္ဂါဆယ်ခု။ တတ်မှုလေးထွေ။ မေးဖြေဖော်ပြ။ ဇာတက နှင့်။ ဂီတမကြာ။ သံသာတိုရှည်။ သုံးမည်ကရိုဏ်း။ ဖြတ်ပိုင်းသိတတ်။ ပယတ်ဌာန်ညီ။ နာဠီချင်ဖွယ်။ ကျဉ်းကျယ်ကြောင်းတူ။ သံတူ ကြောင်းကွဲ။ သံလွဲကြောင်းတူ။ ဆိုမှုနိယံ။ အသံသုံးပါး။ သံဖျား သံလပ်။ သံလျင်ခတ်လျက်။ ရွှေတတ်သင်စေ။ မီးလေနေနတ်။ ဖျက်တတ်မှန်စွာ။ အာကာသနတ်။ ကြည်ရှောင် ခတ်လျက်။ ရေနတ်သိကြား။ လနတ်သားနှင့်။ စောင့်ထားမြေနတ်။ ဂိုဏ်းတွင်သတ်၍။ ရှာလတ်ကြက်ခြေ။ နတ်ကိုဖွေသော်။ ခံနေအကျ။ အချသင့်အောင်။ နတ်ကောင်းစောင်၍။ ရှေ့ရှောင်ဒေသ။ ပဒကြိယာ။ ထားရာ သင်ဟန်။ တန်မတန်နှင့်။ ကိုးတန်ကြက်ခြေ။ ဂိုဏ်းတန်ရေ၍။ ကပ္ပေကာလ။ ရွေးထပစ်သတ်။ သူရဿတီ။ ဒေဝီမေဃလာ။ မြဟ္မာ သုန္ဒရေ။ စောင့်စိုးစေလျက်။ ချုပ်ထွေကိရိယာ။ ဘတ်သောခါလည်း။ သူလာခဂ္ဂ။ တန်ကျင်စ၍။ မကျရအောင်။ ရှေ့ရှောင်ပိုင်းဖြတ်။ တိတ်ကောင်းသတ်မှ။ ချောမွတ်လိမ်အန်။ တတ်ပွန်သသူ။ ထိုသည်လူကို။ ပြောထူသုံးဆောင်။ မီးညောင်-ပြိုးပြက်။ ဘူးရွှေခွက်နှင့်။ ကျေးမက်စည်းစိမ်။ စိုးရိမ်မဲ့အောင်။ ပဏ္ဍိတ်ခေါင်ဟု။ လူ့ဘောင်ပတ်ကုမ်း ကျော်လိမ့်သော်"။**

နိဂုံးချုပ်အနေဖြင့် ဆိုရပါမူ ရခိုင်ဆရာတော် အသျှင်သီလဝံသ၏ ကဝိကဏ္ဍပါသ(ကဝိဂန္ဓ)ကျမ်းသည် ရခိုင်စာပေလောက၌သာ ထင်ရှားခဲ့သည်မဟုတ်၊ မြန်မာစာပေလောက၌လည်း အလွန်ထင်ရှားခဲ့သော ကျမ်းတစ်ကျမ်းဖြစ်ခဲ့ပါသည်။ ပျို့၊ကဗျာ၊ လင်္ကာ၊ ရတု ရေးဖွဲ့ရာ၌ ပညာရှင်တို့ အလေးဂရုပြုခဲ့ရရုံမျှမက၊ အားကိုးအားထားပြုကြရသော ကျမ်းတစ်ကျမ်းလည်းဖြစ်ခဲ့ပါသည်။ ထို့ကြောင့် ဤကဲ့သို့ သမိုင်းတန်ဖိုးကြီးမားခဲ့သော ကဝိကဏ္ဍပါသ(ကဝိဂန္ဓ) ကျမ်းကို ပုံနှိပ်မှုအဆင့်သို့ ရောက်အောင် ကြိုးပမ်းအားထုတ်ကြပြီး ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်သွားသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

**"ရခိုင်စာပေတိုးတက်တည်တံ့မှုကို ရွှေးရှုလျက်" ။ ။**

**ဒွါရာဝတီ-အသျှင်ကုသလ**

(ကိုးကားသောကျမ်းများ)

| | | | |
|---|---|---|---|
| ၁။ | ကဗျာဗန္ဓသာရကျမ်း | ။ ။ | ပုဂံဝန်ထောက်ဦးတင်။ |
| ၂။ | ကဝိဂန္ဓကျမ်း | ။ ။ | ရခိုင်အသျှင်သီလဝံသ။ |
| ၃။ | ကဝိကဏ္ဍပါသကျမ်း | ။ ။ | ရခိုင်အသျှင်သီလဝံသ။ |
| ၄။ | ရခိုင်မင်းရာဇာကြီးစာတန်း | ။ ။ | အမတ်ကြီး-မဟာဇေယျသိန်။ |
| ၅။ | ရခိုင်တန်ဆောင်ဆောင်းပါးများ | ။ ။ | ဦးဦးသာထွန်း။ |
| ၆။ | ဒွါရာဝတီနှင့်ရခိုင်ကဝိကဏ္ဍပါသကျမ်း | ။ ။ | ဒွါရာဝတီမဂ္ဂဇင်းအမှတ်(၃)။ |

စစ်တွေတက္ကသိုလ်
၂၀၁၂၊ ၂၀၁၃ နှစ်လည်မဂ္ဂဇင်း

## ဥါရာဝတီနှင့် "ရခိုင်ကဝိကဏ္ဍပါသကျမ်း"

ရခိုင်စာပေနှင့်မြန်မာစာပေလောကတွင် **"အသျှင်မဟာသီလဝံသ"** ဟူသော ဘွဲ့အမည်ဖြင့် ရဟန်းစာဆိုတော် သုံးပါးရှိခဲ့၏။ နှစ်ပါးမှာ ရခိုင်ကဖြစ်ပြီးလျှင် ကျန်တစ်ပါးမှာ အင်းဝကဖြစ်ပါသည်။ ယင်းသုံးပါးတို့တွင် အင်းဝက အသျှင်မဟာသီလဝံသကို လူသိများကြသော်လည်း၊ ရခိုင်က နှစ်ပါးကိုမူကား သိသူအလွန်နည်းပါးပါသည်။ အဘယ်ကြောင့်ဆိုသော် ကျောင်းသုံးစာအုပ်များ၌ သင်ရိုးညွှန်းတမ်းအနေဖြင့် သင်ကြားခံရခြင်းမရှိသောကြောင့် ဖြစ်၏။

ရခိုင်က ဆရာတော်နှစ်ပါးတို့တွင် **"ကဝိကဏ္ဍပါသကျမ်း"** ပြုဆရာတော် အသျှင်မဟာသီလဝံသသည် အင်းဝက အသျှင်မဟာသီလဝံသနှင့် အသျှင်မဟာရဋ္ဌသာရတို့ထက် ရှေးကျသောဆရာတော်တစ်ပါးဖြစ်ပါသည်။ ဆရာတော်သည် ကဝိဂန္ဓကျမ်းနှင့် ကဝိပါသဏ္ဍကျမ်းဟူ၍ ကျမ်းနှစ်ကျမ်းကိုပြုစုခဲ့၏။ ယင်းကျမ်းနှစ်ကျမ်းကို ရေးသားပြီးစီးသောနှစ်မှာ သက္ကရာဇ်-၇၈၀ (အေဒီ-၁၄၁၈)နှစ်ကဖြစ်ရာ အင်းဝက အသျှင်မဟာသီလဝံသကို မမွေးဖွားမီ ၃၅-နှစ်ခန့်က ဤကျမ်းကို ရေးသားပြုစုပြီး ဖြစ်နေပါသည်။ အသျှင်မဟာရဋ္ဌသာရထက်မူ နှစ်ပေါင်း ၅၀-ခန့်ကြီးပါသည်။

**စံကားတောင်ဘုရားပုံတော်**



သက္ကရာဇ် (၈၁၃) ခုနှစ်၊ (အေဒီ–၁၄၅၁) က ရခိုင်ဆရာတော် အသျှင်မဟာသီလဝံသ တည်ထားပူဇော်ခဲ့သော ကောင်းမှုတော်ဘုရားဖြစ်သည်။

ဆရာတော်သည် ပျို့, ကဗျာ, လင်္ကာ, ရတု စသည်တို့ကို ရေးဖွဲ့ရာတွင် အလွန်ပြောင်မြောက်သော ဆရာတော်တစ်ပါးဖြစ်ခဲ့၏။ သက်တော်၊ ဝါတော် မည်ရွေ့မည်မျှ ရှိခဲ့သည်ကိုမူကား အတိအကျမသိရ ချေ။ လေးမြို့ခေတ်-လောင်းကြက်မြို့နှင့် မြောက်ဦးမြို့တို့တွင် နေထိုင်သီတင်းသုံးခဲ့ပြီး အသက်အရွယ် ရလာသည့်အခါ ဒွါရာဝတီနယ်မြေသို့ ပြန်ကြွတော်မူလာခဲ့ပါသည်။ ဆရာတော်သည် မပျံလွန်မီ သက္ကရာဇ်-၈၁၃ (အေဒီ-၁၄၅၁)ခုနှစ်က ဒွါရာဝတီအပိုင်၊ မအီချောင်းရှိ စံကားတောင်တွင် ဆင်းတုတော်တစ်ဆူ ကောင်းမှုပြုခဲ့ပါသေးသည်။ ယင်းဆင်းတုတော်မှာ စံကားတောင်တွင် တည်ထားသောကြောင့် စံကားတောင်ဘုရားဟု ယနေ့ထက်တိုင် ထင်ရှားရှိနေဆဲဖြစ်ပါသည်။

(မှတ်ချက် ။ ။ အင်းဝက အသျှင်မဟာသီလဝံသသည် သက္ကရာဇ်-၈၁၅ ခုတွင် မွေးဖွား လာပြီး၊ သက်တော် ၆၅-နှစ်အရောက် သက္ကရာဇ် ၈၈၀ တွင် ပျံလွန်တော်မူကြောင်းသိရသည်။ အသျှင်မဟာရဋ္ဌသာရကိုမူ သက္ကရာဇ်-၈၃၀ ခုတွင် မွေးဖွားပြီး သက်တော် ၆၂ နှစ်အရောက် သက္ကရာဇ် ၈၉၂ တွင် ပျံလွန်တော်မူကြောင်း သိရပါသည်။)

### စံကားတောင်ဘုရားကျောက်စာ



ဤကျောက်စာမှာ မအီချောင်း–စံကားတောင်ဘုရားအနီး၌ရှိသည်။ အလျား ၂–ပေ၊ အနံ ၁–ပေ ဖြ–လက်မရှိပြီး ဘုရားတည်ထားသော သက္ကရာဇ်ကို ရေးထိုးထားခြင်း ဖြစ်သည်။

## "ဓညဝတီ (သံတွဲ) စား နရနုနှင့် ကဝိကဏ္ဌပါသကျမ်း"

ဆရာတော် အသျှင်မဟာသီလဝံသသည် နရမိတ်လှ (မင်းစောမွန်)၏ ညီတော် သံတွဲစား နရနုမင်းသား ငယ်စဉ်ဘဝက ကဗျာလင်္ကာများကို တတ်မြောက်ချင်သည်ဆိုသဖြင့် ကဝိဂန္ထကျမ်းနှင့် ကဝိပါသဏ္ဌကျမ်းတို့ကို သင်ကြားပေးခဲ့ရကြောင်း သိရပါသည်။ နရနုမင်းသား၏ လိမ္မာပါးနပ်ပုံ၊ အမျိုးသားရေးအမြင်ရှိပုံနှင့် နောင်တော်အပေါ်မှာ သစ္စာစောင့်သိတတ်ပုံတို့ကို အကျဉ်းမျှဖော်ပြလိုပါသည်။

အရှေ့ပြည်က အင်းဝဘုရင်မင်းခေါင်သည် သားတော်မင်းရဲကျော်စွာကို ကောဇာသက္ကရာဇ်-၇၆၈ ခု (အေဒီ-၁၄၀၆)ခုနှစ်တွင် ရခိုင်သို့ချီတက်တိုက်ခိုက်စေ၏။ ထိုအခါက လောင်းကြက်ဘုရင် နရမိတ်လှ၏ အားနည်းချက်ကြောင့် ရခိုင်တွင် ညီညွတ်မှုမရှိဖြစ်နေခိုက် နရမိတ်လှသည် ရခိုင်ထီးနန်းကို စွန့်လွှတ်၍ အနောက်သူရတန်ပြည်သို့ ထွက်ပြေးတိမ်းရှောင်နေရ၏။ မင်းရဲကျော်စွာလည်း နရမိတ်လှ၏ညီတော် သံတွဲစားနရနုကို ချီတက်လုပ်ကြံပြန်၏။ သံတွဲစားနရနုက စစ်သည်ရဲမက်ညီညွတ်စွာဖြင့် ခုခံတိုက်ခိုက်လေရာ မင်းရဲကျော်စွာသည် သံတွဲကိုမရဘဲ အင်းဝသို့ပြန်ခဲ့ရ၏။ အင်းဝဘုရင်မင်းခေါင်သည် သမီးတော်ရွှေပြည့်ချမ်းသာနှင့် သမက်နော်ရထာကို လောင်းကြက်မြို့ထီးနန်းတွင် တင်ထားလာ၏။

သမက်နော်ရထာသည် အကျင့်ပျက်သူဖြစ်ပြီး၊ ပြည်သူတို့ကို ညှင်းပန်းနှိပ်စက်မှုပြုနေသဖြင့် သံတွဲစားနရနုသည် ပဲခူးဘုရင် မွန်မင်းရာဇာဓိရာဇ်ထံသို့ခိုဝင်ကာ၊ အကြောင်းစုံကို ပြောပြ၍အကူအညီ တောင်းရ၏။ ရာဇာဓိရာဇ်သည် လဝွန်းအိမ်တစ်တပ်၊ အင်းဝနိုင်တစ်တပ်၊ ရဲဝသည်ရန်တစ်တပ်တို့နှင့်အတူ ဗိုလ်မင်းဖြတ်ဇကို ဗိုလ်မှူးခန့်၍ နော်ရထာကို တိုက်လေ၏။ နော်ရထာသေလွန်သော် နော်ရထာ၏ မယားရွှေပြည့်ချမ်းသာကို ရာဇာဓိရာဇ်ရလေ၏။

ရာဇာဓိရာဇ်သည် ဗိုလ်မှူးဖြတ်ဇကို လောင်းကြက်တွင်ထား၏။ အင်းဝဘုရင်မင်းခေါင်ကလည်း ခင်ညိုကို နန်းတင်လာပြန်၏။ ဗိုလ်မှူးဖြတ်ဇသည် ပဲခူးသို့ရှောင်ပြေးရ၏။ ထိုအခါ နရမိတ်လှသည် ဒီလီမင်းထံစစ်ကူတောင်းရ၏။ ဒီလီမင်းက ဉလုံခင်အမတ်ကို ဗိုလ်မှူးခန့်၍ ရခိုင်သို့ စေလွှတ်တိုက်ခိုက်စေ၏။ ခင်ညိုလည်း အင်းဝသို့ရှောင်ပြေးရ၏။ လောင်းကြက်မြို့ကိုရလေသော် ဉလုံခင်သည် နရမိတ်လှကို ထောင်သွင်းအကျဉ်းချထားပြီး မင်းလုပ်နေ၏။

ညီတော်သံတွဲစား နရနုသည် နောင်တော် နရမိတ်လှကို အကျဉ်းထောင်ကခိုးယူ၍ ဒီလီမင်းထံ ပို့လေ၏။ ဒီလီမင်းသည် ဆတ္တရာသတ်ကို ဗိုလ်မှူးခန့်၍ ရခိုင်သို့ စစ်ချီလွှတ်ရပြန်၏။ ရခိုင်သို့ရောက် သော် ဉလုံခင်ကို စီရင်ပြီးလျှင် နရမိတ်လှကို လောင်းကြက်မြို့ထီးနန်းကိုအပ်လေ၏။ ယင်းအချိန်သည် အေဒီ-၁၄၂၈ တွင်ဖြစ်၏။ ဗမာအောက်သား၊ မွန်နှင့်ကုလားတို့သည် ရခိုင်ထီးနန်းကို သူရသူယူ၊ ငါရ ငါယူဖြင့် လုယက်နေကြသော အချိန်ကာလသည် (၂၂)နှစ် တိုင်တိုင်ကြာမြင့်လေ၏။

နရမိတ်လှသည် လောင်းကြက်မြို့ထီးနန်းကို ပြန်ရရှိပြီး ၂ နှစ်နန်းစံပြီးနောက် လောင်းကြက် ထီးနန်းကိုစွန့်၍ မြောက်ဘက်အရပ်သို့ပြောင်းရွှေ့ကာ သက္ကရာဇ် ၇၉၂ ခု၊ တော်သလင်းလဆန်း တိထိပေါ်(၁)ရက်၊ တနင်္ဂနွေနေ့၊ ကန်လက်ကန်စန်းဖြင့် မင်္ဂလာအချိန်ကိုယူကာ မြောက်ဦးမြို့ထီးနန်းကို တည်ထောင်တော်မူခဲ့လေသည်။ **"မင်းစောမွန်"** ဟူသော အမည်ကိုခံယူတော်မူပြီး ညီတော်သံတွဲစား နရနုကိုလည်း အိမ်ရှေ့မင်းအရာကိုပေး၏။ (၁)

[(၁)။ ။ သက္ကရာဇ် ၉၆၄ ခုနှစ်တွင် ကိုယ်ရံကြီးအမတ် **"မဟာဇေယျသိန်"** ရေးသားစီရင်အပ်သော **"ရခိုင်မင်းရာဇာကြီးစာတန်း"** ၈-ကြောင်းပေမူ၊ ကံ-ချပ်၊ ကျော-နှင့်၊ ကား-ချပ် ဝမ်း-မှ။]

အဆိုပါ နရနုမင်းသားသည် ငယ်စဉ်က ပညာရှိများထံသို့ ချဉ်းကပ်၍ ဗဟုသုတဆိုင်ရာများကို လေ့လာသင်ယူ

ဆည်းပူးခဲ့သူဖြစ်ပါသည်။ လူပုဂ္ဂိုလ်အနေဖြင့် ပညာရှိအမတ် ဥဿလင်းစားဖြစ်ပြီး၊ ရဟန်းသံဃာအနေဖြင့်မူ ဒွါရာဝတီ - အသျှင်မဟာသီလဝံသတို့ကို ဆည်းကပ်လေ့ရှိပါသည်။ ဤကား သံတွဲစား နရနုမင်းသား၏ မိမိလူမျိုးနှင့် မိမိ၏ နောင်တော်အပေါ်မှာ သစ္စာစောင့်သိတတ်ပုံ၊ လိမ္မာပါးနပ်ပုံတို့ကို အကျဉ်းမျှ ထုတ်ပြလိုက်ခြင်းဖြစ်ပါသည်။

## ဒွါရာဝတီနှင့် ရဇိုင်ကဝိကဏ္ဌပါသကျမ်းသမိုင်းကြောင်း

သံတွဲစား နရနုမင်းသား ငယ်ရွယ်စဉ်က အသျှင်မဟာသီလဝံသ သင်ကြားပေးခဲ့ရသော ကဝိဂန္ထကျမ်းနှင့် ကဝိကဏ္ဌပါသကျမ်းတို့မှာ သမိုင်းကြောင်း ရှိခဲ့ကြ၏။ ယင်းသမိုင်းကြောင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

အိန္ဒိယပြည်တွင် ကာလီဒါသအမည်ရှိသော ပညာရှိပုဂ္ဂိုလ်တစ်ဦးပေါ်ပေါက်ခဲ့၏။ သူသည် ကျမ်းပေါင်းများစွာတို့ကို ရေးသားပြုစုခဲ့၏။ ယင်းကျမ်းတို့အနက် **"ရှုတဗောဓ"** အမည်ရှိသော ကျမ်းတစ်ကျမ်းလည်း ပါဝင်ခဲ့၏။ ရှစ်ကြောင်းပေမူဖြင့် တစ်အင်္ဂါရှိကြောင်း သိရှိရပါသည်။ သက္ကတဘာသာ ဂါထာတို့ဖြင့် စီကုံးနှုန်းဖွဲ့ထားသော အဆိုပါကျမ်းသည် ငယ်ပင်ငယ်သော်လည်း အလွန်နက်နဲသော ကျမ်းတစ်စောင် ဖြစ်ခဲ့ပါသည်။ (၂)

[(၂) ။ ။ ဦးဦးသာထွန်း။ ။ ရခိုင်မဂ္ဂဇင်း အမှတ်(၁၃)၊ ၁၉၉၀ ခုနှစ်ထုတ်။]

သုဝဏ္ဏဒေဝီစောပြည့်ညီသည် ဝေသာလီကျောက်လှေကားခေတ် (အေဒီ-၃၂၇ မှ ၈၁၈ ထိ) တွင် အဆိုပါ ကဝိကဏ္ဌပါသကျမ်းကို သက္ကတဘာသာမှ ရခိုင်ဘာသာသို့ ဘာသာပြန်ဆို ရေးသား ခဲ့ပါသည်။ ယင်းကျမ်းကိုပင်လျှင် လေးမြို့ခေတ် (အေဒီ-၈၁၈ မှ ၁၄၃၀ ထိ)၊ လောင်းကြက်မြို့ ကောင်းစားစဉ်ကာလက ဆရာတော် အသျှင်မဟာသီလဝံသသည် ကဗျာလင်္ကာရေးဖွဲ့ရာ၌ ဆန်းနှင့် ဆိုင်ရာများကို နားလည်လွယ်ကူမှုရှိစေရန် အကိုးအကား၊ အထောက်အထားတို့ဖြင့် တန်ဆာဆင်၍ ရေးသားပြုစုခဲ့ရာ (၁) ကဝိဂန္ထကျမ်းနှင့် (၂) ကဝိပါသဏ္ဌာကျမ်းဟူ၍ ကဗျာဘက်ဆိုင်ရာ ကျမ်းကြီး နှစ်ကျမ်းပေါ်ထွက်လာခဲ့ခြင်းဖြစ်ပါသည်။

အသျှင်မဟာသီလဝံသ ပြုစုသော ကဝိဂန္ထကျမ်းနှင့် ကဝိပါသဏ္ဌာကျမ်းတို့ကို ကဝိဗန္ဓပါသျှကျမ်း ဟူ၍လည်းကောင်း၊ ကဝိကဏ္ဌပါသကျမ်းဟူ၍လည်းကောင်း မှည့်ခေါ်လျက်ရှိကြပါသည်။ အမှန်က အထက်ကဖော်ပြခဲ့ပြီးသော ကျမ်းနှစ်ကျမ်းကိုပင်လျှင် အမည်အမျိုးမျိုးတပ်၍ မှည့်ခေါ်နေကြခြင်းသာ ဖြစ်ပါသည်။

ထိုခေတ်ထိုကာလက ရခိုင်ဆရာတော် အသျှင်မဟာသီလဝံသနှင့် ပညာရှိအမတ် ဥဿလင်းစားတို့၏ ပညာရည်ပြည့်ဝပုံကို **"ပုဂံဝန်ထောက်ဦးတင်"** က သူ၏ **"ကဗျာဗန္ဓသာရကျမ်း"** ၁၉၆၉ ခု၊ နိုဝင် ဘာလ၊ ပထမအကြိမ်ရိုက် စာ-၃၁၅ တွင် -

**"ထိုစာတွင် ရခိုင်သျှင်သီလဝံသနှင့် အမတ် ဥဿလင်းစားတို့ ရေးသားဆုံးမစာ လင်္ကာများပါသည်။ ထိုပုဂ္ဂိုလ်များမှာ စာဆိုပညာရှိချည်းပင်တည်း။ မြန်မာဘာသာ ကဗျာလင်္ကာများမှာ သျှင်ရဋ္ဌသာရ၊ သျှင်သီလဝံသတို့က အစပြုသည်ဟူ၍ အယူရှိသော အချို့မျိုးတူ၊ မျိုးခြားများသည်၊ သည်စာ ရှိသည်ကို သတိထားဟန်မတူ။**" ဟူ၍ ရခိုင်စာပေ၏ အဆင့်အတန်းမြင့်မားပုံကို ဝေဖန်သုံးသပ်လျက် ထောက်ပြခဲ့ပါသည်။ (၃)

[(၃)။ ။ ပုဂံဝန်ထောက် ဦးတင် ။ ။ ကဗျာဗန္ဓသာရကျမ်း၊ ၁၉၆၉ ခု၊ နိုဝင်ဘာလထုတ်။]

ကျမ်းပြုဆရာ အသျှင်မဟာသီလဝံသ ကိုယ်တိုင်ကလည်း ကျမ်းကြီး၏ နိဂုံးပိုင်းတွင် -

**"နဝဒတ်အိုင်သာ။ ပြွန်နှုတ်ဖြာ၍ ။ ငါးရာပြည့်မှန် ။ ငါးမြစ်လွန်တွင် ၊ ယဉ်တန်ပြောစည် ။ ရေကြည်မြမြ၊**

**ကစ္ဆပနဒီ။ မြစ်ဆီလက်ယာ ။ ပြည်သာမဏ္ဍိုင် ။ ရက္ခိုင်ညွန့်ဖူး ။ ရွှေမြောက်ဦးဝယ်။ ပရှူးဆောင်ပြု ။ ရာထီးဖြူကို ။ သိမ်းယူစိုးလျှင်း ။ ထိုသည့်မင်း၏ ။ ဘက်ကင်းနှိုင်းထောက် ၊ စိုးမြောက်လမည် ။ ချိန်နေ့ရည်သည် ။ ။ ဘုန်းစည်ပြောင်ဝင်း - ဘေးရန်နှင်း ။ ။**" ဟူ၍ လည်းကောင်း -

**"လင်္ကာတတ်ချင် ။ ပညာရှင်တို့ ။ ဂိုဏ်းအင်သိကြောင်း ။ တစ်ကြောင်းကြက်ခြေ ။ နံမည်ကိရိယာ ။ ဝဏ္ဏာ၌ကောင်း ။ ပေါင်း၍ညှိကြ ။ ညွန့်လလွန်ဖျား ။ ဂိုဏ်းအားစောင့်တတ် ။ နတ်ကိုမှတ်၍ ။ ကြံတတ်ညွန့်ရော် ။ ရှိပူဇော်မှ ။ ကျော်သောပညာ ။ ကျမ်းဆရာတို့ ။ လင်္ကာရိုးမှန်။ စပ်ဟန်သင့်ထွေ ၊ သတ်ညီစေလော့ ။ ကြံလေခန်ထောက် ။ ရှေ့နောက်စကား ။ ထောက်ထားတန် လို ။ နောက်ကိုကျိုးပြစ် ။ မျှော်ရှုစစ်လျှင် ။ ဤ ဆစ်အင်များ ။ ညှိနှိုင်းငြားမူ ။ ပြစ်များပျောက်လွင့်။ ဘုန်းရောင်ပွင့်လိမ့် ။ ဆိုသင့်တုံစွာ။ ပညာကျော်လှ။ သီလဝံသော်။ ထေရ်မြတ်ကျော်သည် ။ ။ ထင်ပေါ်မော်ကွန်းမှာခဲ့သောဝ် ။ ။**" ဟူ၍လည်းကောင်း မိမိ၏ အမည်နာမကို နိဂုံးကဗျာ၌ ထည့်သွင်း၍ ရေးသားစပ်ဆိုသွားခဲ့ပါသည်။ (၄)

[(၄)။ ။ ရခိုင် သျှင်မဟာသီလဝံသ ။ ။ ကဝိပါသဏ္ဌာကျမ်း၊ တက္ကသိုလ်များ စာအုပ်ပြုစုထုတ်ဝေရေးကော်မတီ၊ ပေပုရပိုက်စာစဉ်-၂၊ ကျမ်းပြီးနှစ် ၇၈၀။ ပေကူးနှစ် - ၁၂၈၀ ခု။]

## ဒွါရာဝတီက ရခိုင်ကဝိဂန္ဓကျမ်းနှင့် ကဝိကဏ္ဌပါသကျမ်းတို့၏ကျေးဇူး

ရခိုင်အသျှင်မဟာသီလဝံသ ပြုစုသော ကဝိဂန္ဓကျမ်းနှင့် ကဝိကဏ္ဌပါသကျမ်းတို့သည် ရခိုင်၊ မြန်မာစာပေလောကအတွက် အလွန်ကျေးဇူးများခဲ့သော ကဗျာလင်္ကာ၊ ရတုဘက်ဆိုင်ရာ ဂန္ထဝင်မြောက် ကျမ်းကြီးနှစ်ကျမ်းဖြစ်ပါသည်။ ကဝိကဏ္ဌပါသကျမ်းသည် သီဟိုဠ်ကျွန်းက **"အသျှင်သံဃရက္ခိတ မဟာသာမိမထေရ်"** ရေးသားစီရင်အပ်သော **"ဝုတ္တောဒယ ဆန်းကျမ်း"** ကို အကျယ်ဖွင့်ဆိုရေးသားထားသော **"ဋီကာကျမ်းကြီး"** ဖြစ်ပါသည်။ ယင်းကျမ်းနှစ်ကျမ်း၏ ဂုဏ်ပုဒ်ကို ဤသို့သိအပ်၏။

ကဝိဂန္ဓကျမ်းသည် **"ကဝိ-ပညာရှိ၊ ဂန္ဓ-ရနံ့"** ဟူ၍ အမည်ပေးထားသည့်အတိုင်း **"ပညာရှိ ဟူသော ရနံ့ဖြင့် သင်းပျံ့စေမှုကို ဖြစ်စေနိုင်သည်"** ဟုဆိုရလောက်အောင် အာမခံချက်ပေးထားသော ကျမ်းဖြစ်ပါသည်။

ကဝိကဏ္ဌပါသကျမ်းသည်လည်း **"ကဝိ-ပညာရှိ၊ ကဏ္ဌ-လည်ပင်း၊ ပါသ-ကျော့ကွင်း"** ဟူ၍ အမည်ပေးထားသည့်အတိုင်း **"ပညာရှိတို့လည်ပင်းကို ကျော့ကွင်းဖြင့်ရစ်ပတ်ဖမ်းမိနိုင်သည်"** ဟု ဆိုရလောက်အောင် စာဆိုပညာရှိတို့ကို ဆွဲဆောင်နိုင်စွမ်းရှိသော ကျမ်းစာပင် ဖြစ်ပါသည်။

လေးမြို့ခေတ်သည် (အေဒီ-၈၁၈ မှ ၁၄၃၀ ထိ) ကြာမြင့်ခဲ့၏။ ကဝိဂန္ဓကျမ်းနှင့် ကဝိကဏ္ဌပါသ ကျမ်းတို့၏ ကျမ်းပြီးနှစ်မှာ ကောဇာ-၇၈၀ (အေဒီ-၁၄၁၈)နှစ်ဖြစ်ခြင်းကြောင့် ယင်းအချိန်သို့ ရောက်နေ သည့်တိုင်အောင် ရခိုင်၌ မိမိတို့၏ ဘာသာစာပေအပြင် သက္ကတစာပေပါ ထွန်းကားလျက် ရှိနေသေး ကြောင်း သိရှိရပါသည်။

ယင်းကျမ်းတို့၌ ဗျည်း (၃၃)လုံးဝဂ်အစဉ်၊ ဇာတ်အစဉ်နှင့် ဝံသအစဉ်များကို စီစဉ်ဖော်ပြထားပုံ မှာ အလွန်ပင်ဆန်းကျယ်လှဘိ၏။ ရတုကဗျာချီနည်း, ချနည်း (၂၅)မျိုးတို့ကိုလည်း စနစ်တကျ ဖော်ပြ ထားပြီးလျှင် ကြိယာပေါင်း (၆၀)ကို ကဗျာလင်္ကာရေးစပ်သီကုံး၍ ပြထားပုံမှာလည်း အလွန်ပင် အဖိုးတန်လှ၏။ ယင်းကြိယာ (၆၀) ကို လင်္ကာဖြင့် ရေတွက်ပြထားပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**"မဥ္ဇူဘုန်းမော်။ ။ ပွင့်ချိန်မျှော်သည် ။ ဗန်းမော်ခေါင်ထိ ။ တုမရှိသည် ။ ကဝိကဝေ ။ စောမြုတေ ။ ။ နှစ်ထွေလက်ာ ။ ကျမ်း၌လာသား ။ နည်းနာနယ ။ ဝိတ္ထာရဖြင့် ။ သုံးတန်ဆင့်၍။ ဖွင့်သည့်ကဗျာ။ ကိရိယာတွင် ။ သမာသေန ။ မူလမရွေ့ ။ ကိုသာပေတည့် ။ သံခြေပျံ့ညွှင်း ။ ကျွန်ုပ်ခင်းဝိမ့် ။ လျှင်, လျှင်း, မူကား ။ ဝယ်, သား, တမင့် ။ ချိမ့်, ဖြင့်, တွင်, ၏ ။ ဝိမ့် , လှည့်, မည်, အံ့။ လော, တုံ, မုံတည့် ။ သော် , ခုံ, ဘူး, သော။ မူလော, ရကား။ မူ, အား, မှ, က။ လိမ့်, စွ, တုံ့, လည်း။ တိ, တည်း, ချည်း, ဟု။ ခဲ့, နည်း, ၌, လျက်။ ကြောင့်, ထက်, မို့, လည်။ စုံ, သည်, စိမ့်, နှင့်။ တုံး, လိမ့်, တည့်, တော့။ ကား, လော့, ၍, သို့။ မျှ, တို့, ဌာ, ရှင့်။ တမုံ့, နှင့်, ကို . . . ။ ရှင်ပင့်ဉာဏ်တော်။ ထွန်းပေါ်ကျယ်ချဲ့။ ယှဉ်ခဲ့တတ်တော်မူဘုရား။ ။"**

မြန်မာစာလောကတွင် စာပေပညာရှင်တစ်ဦးဖြစ်သူ စိန္တကျော်သူ ဦးဩကသူ၏ **"ကဝိလက္ခဏာ သတ်ပုံကျမ်း"** တွင် **"ရတုချအွယ်၊ အသွယ်သွယ်၊ ခြောက်ဆယ်ကိရိယာ။"** ဟူ၍ သံပေါက်စပ်ပါသည်။ ယင်းကို **"ကဝိလက္ခဏာဒီပနီ-စာ-၁၁၆"** တွင် **"ကဝိကဏ္ဌာပါသကျမ်း"** ၏အဆိုကို ထုတ်ပြထားသည်ကို တွေ့နိုင်သည်။

**"ကိရိယာခြောက်ဆယ်။ အသွယ်သွယ်၊ အဘယ်ကျမ်းက ထွက်သနည်း"** ဟု စွယ်စုံကျော်ထင်ကျမ်း၏ အမေးတွင်လည်း **"ရခိုင်အသျှင်သီလဝံသ ပြုစုတော်မူသော ကဝိကဏ္ဌာပါသကျမ်းက ထွက်သည်"** ဟူ၍ပင် ထုတ်ပြရပါသည်။

ပုဂံဝန်ထောက် ဦးတင်ကလည်း သူ၏ **"ကဗျာဗန္ဓသာရကျမ်း"**၊ ၁၉၆၉ ခု၊ နိုဝင်ဘာလထုတ်၊ ပထမအကြိမ်ရိုက်၊ စာမျက်နှာ-၂၂၉၊ ၂၄၇၊ ၂၄၈၊ ၂၄၉၊ ၃၁၅၊ ၄၂၀၊ ၄၇၆၊ ၅၃၃၊ ၅၃၄၊ ၆၉၈ စသည်, စသည်တို့၌လည်း **"ကဝိကဏ္ဌာပါသကျမ်း"** မှ ထုတ်နှုတ်၍ ကိုးကားပြထားသည်ကို တွေ့ရပါသည်။

ရခိုင်နှင့် မြန်မာစာပေလောကအတွက် သမိုင်းတန်ဖိုးကြီးမားခဲ့သော ဒွါရာဝတီ - အသျှင်မဟာသီလဝံသ (သို့မဟုတ်) ရခိုင်အသျှင်မဟာသီလဝံသ ပြုစုခဲ့သည့် အဆိုပါ ကဝိဂန္ထကျမ်းနှင့် ကဝိကဏ္ဌာပါသကျမ်းတို့ကို အရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်သွားသင့်ပါကြောင်း တိုက်တွန်းနှိုးဆော် လိုက်ရပေသည်။

**"ရခိုင်စာပေ အစဉ်ထာဝရ ရှင်သန်နိုင်ပါစေ။"**

**ဒွါရာဝတီ-အသျှင်ကုသလ**

(ကျမ်းကိုးစာရင်း)

(၁) ကဗျာဗန္ဓသာရကျမ်း ။ ။ ပုဂံဝန်ထောက် ဦးတင်။
(၂) ကဝိဂန္ထကျမ်း ။ ။ ရခိုင်အသျှင်မဟာသီလဝံသ။
(၃) ကဝိပါသဏ္ဌာကျမ်း ။ ။ ရခိုင်အသျှင်မဟာသီလဝံသ။
(၄) မဇ္ဈိစက်တော်ရာသမိုင်း ။ ။ ဆရာတော် ဦးအရိယဝံသ။
(၅) ရခိုင်တန်ဆောင်ဆောင်းပါးများ ။ ။ ဦးဦးသာထွန်း။
(၆) ရခိုင်မင်းရာဇာကြီးစာတန်း ။ ။ ကိုယ်ရံကြီးအမတ် - မဟာဇေယျသိန်။
(၇) ဒွါရာဝတီ - အသျှင်ကုသလမှတ်စု။

ဒွါရာဝတီမဂ္ဂဇင်း အမှတ် (၃)

၂၀၁၁-ခုနှစ်။

# ဒွါရာဝတီ ဂိုဏ်းအုပ်ဆရာတော် အသျှင်ကဝိသာရ

ဒွါရာဝတီဂိုဏ်းအုပ်ဆရာတော် အသျှင်ကဝိသာရသည် သံတွဲဇာတိဖွား ဆရာတော်တစ်ပါးဖြစ်သည်။ မွေးသက္ကရာဇ်နှင့် မိဘတို့၏ အမည်နာမကို အတိအကျမသိရချေ။ ဆရာတော်သည် တတိယမြောက်ဦးခေတ် (အေဒီ ၁၆၃၈ မှ ၁၇၈၄ ထိ)၏ ခေတ်နှောင်းကာလ ရခိုင်မင်းများလက်ထက်တော်တို့တွင် ထင်ရှားသော ဆရာတော်တစ်ပါး ဖြစ်ပါသည်။

ဆရာတော်သည် ဒွါရာဝတီနယ်မြေအတွင်းရှိ **"မဟာသုဓမ္မာဂိုဏ်း"** ၏ ဂိုဏ်းအုပ်, ဂိုဏ်းချုပ် ဆရာတော် တစ်ပါးလည်းဖြစ်သည်။ ထိုစဉ်က ရခိုင်ပြည်၏ ဝတီလေးရပ်တွင် **"မဟာသုဓမ္မာဂိုဏ်း"** မှာ အလွန်ထင်ရှားသော ဂိုဏ်းဖြစ်သည်။ ဒွါရာဝတီမြို့မှ သာသနာပြုဆရာတော်တစ်ပါးဖြစ်ခြင်းကြောင့် **"ဒွါရာဝတီသာသနာပြုဆရာတော်"** ဟူ၍လည်း ထင်ရှားသည်။

ဆရာတော်၏ ဘွဲ့တံဆိပ်တော်ကို ကြည့်ခြင်းအားဖြင့် မင်းဆရာဖြစ်ခဲ့ကြောင်းမှာ ထင်ရှားသည်။ ဆရာတော် ရရှိခဲ့သော ဘွဲ့တံဆိပ်တော်မှာ **"ကဝိသာရာဘိ သိရိပဝရ အဂ္ဂမဟာဓမ္မ ရာဇာဓိရာဇဂုရု"** ဟူ၍ ဖြစ်ပါသည်။ ဆရာတော်၏ ဘွဲ့တံဆိပ်တော်မျိုးမှာ ယင်းခေတ်က **"မဟာသုဓမ္မာဂိုဏ်းဝင်"** ဆရာတော်ကြီးများအား ရခိုင်မင်းများက ဆက်ကပ်လေ့ရှိသော ဘွဲ့တံဆိပ်မျိုးဖြစ်ကြောင်း သိရသည်။

ရခိုင်မင်းအဆက်ဆက်တို့သည် မိမိ၏နိုင်ငံအတွင်း၌ သီလ, သမာဓိ, ပညာနှင့်ပြည့်စုံပြီး ထင်ရှားသော ကျမ်းတတ်ပေတတ် ဆရာတော်ကြီးများအား **"ရာဇာဓိရာဇဂုရု"** ဘွဲ့တံဆိပ်တော်မြတ် ဆက်ကပ်လေ့ရှိပုံကို စိန်တင် မြို့စား- အမျိုးသမီးပညာရှိအမတ် **"သိရိမလ္လာဒေဝီ မိပန်းရံ"** ၏ **"ရခိုင်အောင်လံတော် လင်္ကာ"** အရ သိရှိရသည်။ (၁) ယင်းလင်္ကာမှာ - **"ရွှေငွေရတနာ၊ ပဒေသာသီး၊ ပြီးစီးစေတတ်၊ နတ်သမတ၊ စောင့်သီလနှင့်၊ ဣန္ဒဝဇီရာ၊ အလင်္ကာရ၊ အစဖြန့်ချီ၊ သီရိဓဇ၊ ချီမြသာယာ၊ နောက်ပိတ် မှာလည်း၊ မဟာသုဓမ္မ၊ ရာဇဂုရု၊ ရဲတားစု၍၊ မျက်ရှုခတ်နှိပ်၊ ရွှေတံဆိပ်ကို၊ စိမ့်စိမ့်ကြည်နူး၊ ရွှေနန်း ဦး၌၊ ရွှင်မြူးကြည်ဖြူ၊ လှူတော်မူက၊ နတ်လူတကာ၊ ကောင်းချီးညာလျက်"** စသည်ဖြင့်ဖြစ်ပါသည်။

ယင်းလင်္ကာ၌ ဆရာတော် **"ဣန္ဒဝဇီရာလင်္ကာရ"** ကိုလည်း **"ဣန္ဒဝဇီရာလင်္ကာရ သိရိဓဇ မဟာသုဓမ္မ ရာဇာဓိရာဇဂုရု"** ဟူသော ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခဲ့ကြောင်း သိရှိရသည်။ အခြားသော ဘွဲ့တံဆိပ်တော်ရ ဆရာတော်များမှာလည်း ရခိုင်ပြည်တွင် အများအပြားရှိခဲ့ကြပါသည်။

ရခိုင်မင်းတို့ လက်ထက်တော်အခါကာလက ရခိုင်ဆရာတော်ကြီးများသည် မင်းတို့၏ဆရာ **"ရာဇာဓိရာဇဂုရု"** ဖြစ်ခဲ့ကြသော်လည်း အမရပူရ ဘိုးတော်ဗဒုံမင်းသည် ရခိုင်ပြည်ကို သိမ်းပိုက်ပြီး နောက် ဗမာတို့လက်အောက် နှစ်(၄၀) (အေဒီ-၁၇၈၄ မှ ၁၈၂၄ ထိ) အတွင်း၌လည်းကောင်း၊ ထိုမှနောက် ဗြိတိသျှခေတ် (ပထမ) နှစ် (၁၁၈) (အေဒီ ၁၈၂၄ မှ ၁၉၄၂ထိ) အတွင်း၌လည်းကောင်း၊ ထို့မှနောက် ဂျပန်ခေတ် (အေဒီ ၁၉၄၂ မှ ၁၉၄၅ထိ)အတွင်း၌လည်းကောင်း၊ ထိုမှနောက် ဗြိတိသျှခေတ် (ဒုတိယ) (အေဒီ-၁၉၄၅-မှ ၁၉၄၈-ထိ) အတွင်း၌လည်းကောင်း၊ ထိုမှနောက် ယနေ့ခေတ်

(၁) သိရိမလ္လာဒေဝီ-မိပန်းရံ။ ။ ရခိုင်အောင်လံတော်လင်္ကာ။ မြောက်ဦးခေတ်ရခိုင်ဘုရင် အဘယ မဟာရာဇာ (ခရစ်-၁၇၆၄-၇၃)လက်ထက်တွင် ရေးဖွဲ့သည်။

တိုင်အောင် (ယခု ဤစာတမ်းကို ရေးသားပြုစုနေသော အချိန်အထိ) **“အဘိဓဇမဟာရဋ္ဌဂုရု”** ဟူသော ဘွဲ့တံဆိပ်မျိုးကို ရခိုင်ဆရာတော်ကြီးများ ဆက်ကပ်ခံရခြင်းမရှိချေ။

ဆရာတော်သည် တတိယမြောက်ဦးခေတ် ရခိုင်မင်းဆက်၏ နောက်ဆုံးဖြစ်သော **“မဟာသမ္မတမင်း”** ၏ လက်ထက်တိုင်အောင် ဒွါရာဝတီ၊ သံတွဲမြို့၌ နေထိုင်သီးတင်းသုံးလျက်ရှိပါသည်။ ဘိုးတော်ဗဒုံမင်းသည် သံတွဲမြို့ အပါအဝင် ရခိုင်ပြည်တစ်ခုလုံးကို ကောဇာသက္ကရာဇ်-၁၁၄၆ ခု (အေဒီ ၁၇၈၄) တွင် သိမ်းပိုက်လျက်အုပ်ချုပ်ခဲ့ပါသည်။ ထိုစဉ်ကလည်း ဆရာတော်သည် ဒွါရာဝတီ၊ သံတွဲမြို့၌ပင် သီတင်းသုံးလျက် ရှိနေမြဲဖြစ်ပါသည်။

အမရပူရမှ ဘိုးတော်ဗဒုံမင်း၏ အစီအစဉ်ဖြင့် ဗမာမြို့ဝန်များသည် ၁၁၄၉-ခု၊ တပေါင်းလ (အေဒီ-၁၇၈၇၊ မတ်လ)တွင် ရခိုင်တစ်ဝန်းလုံး၌ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်လုပ်ကိုင်ခဲ့ကြလေသည်။ သာသနာပြုလုပ်ငန်းတွင် ပါဝင်ခဲ့ကြသော ဆရာတော်များမှာ -

(၁) ဘုတ်တောင်ဆရာတော်၊

(၂) ငှက်ပျောတောဆရာတော်၊

(၃) ရွှေဂူဆရာတော်နှင့်

(၄) သံတွဲမြို့ ကဝိသာရဂိုဏ်းအုပ်ဆရာတော်တို့ ဖြစ်ကြပါသည်။ ယင်းအချိန်က ဆရာတော်သည် ဒေသခံ ဆရာတော်တစ်ပါးအနေဖြင့် ပါဝင်ခဲ့ခြင်းဖြစ်ပါသည်။ ထိုကာလက ဆရာတော်သည် ဒွါရာဝတီ-သံတွဲဒေသ၏ ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ်ဖြစ်နေပြီဖြစ်သောကြောင့် **“သံတွဲမြို့၊ ကဝိသာရဂိုဏ်းအုပ် ဆရာတော်”** ဟူ၍ ရာဇဝင်၌ တွေ့ရသည်။ (၁) (၂)

ထိုသာသနာပြုဆရာတော်တို့အဖွဲ့သည် ဒွါရာဝတီနယ်မြေဒေသအသီးသီးတို့၌ သိမ်သမုတ်ခြင်း၊ ရှင်ပြုခြင်း၊ ရဟန်းခံခြင်းစသော လုပ်ငန်းများကို လုပ်ကိုင်ခဲ့ကြရ၏။ ဆရာတော်တို့ သိမ်သမုတ်ခဲ့ရာ၌ ယနေ့အထိ ထင်ရှားသော သိမ်များမှာ -

(၁) ဒွါရာဝတီ-သံတွဲမြို့၊ သိမ်ကုန်းကျောင်းတိုက်ရှိသိမ်တော်၊

(၂) တောင်ကုတ်မြို့၊ သိမ်တောင်ကျောင်းတိုက်ရှိသိမ်တော်၊

(၃) ပန်းတင်ကျွန်း၊ မန်ကျည်းတောကျေးရွာ၊ ရန်အောင်မြင်ကျောင်းရှိ သိမ်တော်နှင့်

(၄) လမူးချောင်း၊ မော်ရွာကျောင်းရှိ သိမ်တော်တို့ဖြစ်ကြပါသည်။ ယင်းသိမ်တော်တို့ကို သမုတ်ခဲ့ကြသော အချိန်ကာလမှာ ၁၁၄၉-ခု၊ တပေါင်းလ (အေဒီ ၁၇၈၇-ခု၊ မတ်လ)ဖြစ်ကြောင်း သိရပါသည်။

အထက်ဖော်ပြပါ သိမ်တို့မှာ ဒွါရာဝတီနယ်မြေအတွင်း၌ ထင်ရှားသော သိမ်တော်များဖြစ်ကြ၏။ ယင်းသိမ်တို့ အပြင် မထင်မရှား အချို့သောရွာ၊ နိဂုံးတို့တွင်လည်း ထိုဆရာတော်တို့ သမုတ်ခဲ့ကြသော သိမ်များရှိသေးကြောင်း ရာဇဝင်လာစကားအရ သိရှိရပါသည်။ (၃)

---

(၁) ဦးပဏ္ဍိတ (ပဲခူးမင်းကျောင်းဆရာတော် = ရမ်းဗြဲမြို့အပိုင် ကျက်သရေရွာဇာတိ) ဓညဝတီရာဇဝင်ကျမ်းစာ-၂၅၅၊ ၂၅၆ (သုခဝတီပုံနှိပ်တိုက်-၁၉၁၀ခု)

(၂) အသျှင်စန္ဒမာလာလင်္ကာရ ။ ။ ရမ်းဗြဲမြို့တောင်ကျောင်းဆရာတော်။ ရခိုင်ရာဇဝင်သစ်ကျမ်း၊ ဒုတိယတွဲ - စာ ၃၃၅ (ဒုတိယအကြိမ်၊ ရခိုင်သားကြီးစာပေ၊ ၁၉၉၇-ခု၊ နိုဝင်ဘာလ)

(၃) အသျှင်စန္ဒမာလာအလင်္ကာရ ။ ။ ရခိုင်ရာဇဝင်ကျမ်း၊ ဒုတိယတွဲ-စာ-၃၃၆။

ယင်းအချိန်က အမရပူရမှ ဘိုးတော်ဗဒုံမင်းသည် တစ်ဖက်က သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်ပေးနေသည့်ဟန်ပြနေသော်လည်း၊ တစ်ဖက်က နိုင်ငံရေးအရ ရခိုင်လူမျိုးတို့ကို အကြီးအကျယ် (ပြင်းပြင်းထန်ထန်) နှိပ်ကွပ်လျက်ရှိနေကြောင်း တွေ့ရှိရပါသည်။

ဘိုးတော်ဗဒုံမင်းက ရခိုင်ပြည်သည် တိုင်းပြည်၏အင်္ဂါရှစ်ပါးနှင့် ပြည့်စုံနေသေးသည်။ နောက်နောင်ကို ပြန်လှန်တိုက်ခိုက်လာနိုင်သည်။ ထို့ကြောင့် အဘယရာဇာမင်း၏သားတော် ပန်းတင်စား-စံရွှေပေါ်။ သုမနရာဇာမင်း၏ သားတော် ကျော်စံ။ စားပိုင်ကြီး - ဓမ္မရာဇ်ရာဇာသားတော် ရေနောက်စား-သုဒ္ဓေါ်ဦး။ ထိုမှတစ်ပါး မင်းသား၊ မင်းသမီးများ။ ဝိနည်းမိုရ်ဆရာတော်များ။ ရှစ်သောင်းဘုန်းတော်ကြီး။ တေဇာရာမကျောင်းတိုက်ဆရာတော်။ သကျမဥ္ဇူကျောင်းတိုက်ဆရာတော်။ ရတနာစံဦးတိုက်ဆရာတော်။ ဇိနမာရ်အောင်တိုက်ဆရာတော်။ လောကမာရ်အောင်တိုက်ဆရာတော်။ ပိန္နဲတောင်ဘုန်းတော်ကြီး။ ပုရောဟိတ်ပုဏ္ဏားရှစ်တိုင်း။ ပုဏ္ဏားစကြဝတေး။ နက္ခတ်ဗေဒင်ပညာရှင်များ။ ဆေးပညာရှင်သမားတော်များ။ ကိုယ်တော်ရံ၊ သူငယ်တော်၊ ယောက်ျား၊ မိန်းမ ခုနစ်ထောင်ခုနစ်ရာ (၇၇၀၀)ဦးနှင့် မိန်းမစိုးမောလိတ်ကုလားအစရှိသော ရဟန်းရှင်လူတို့ကို ရခိုင်မြို့ဝန် နန္ဒပကျန်အား တောင်းသောကြောင့် သက္ကရာဇ်-၁၁၄၉-ခု၊ တပေါင်းလတွင် အမရပူရမြို့တော်သို့ ပေးဆက်ရလေသည်။ (၁) (၂)

အထက်ပါပုဂ္ဂိုလ်များစာရင်းတွင် ဆရာတော်ပါမသွားခဲ့သည်မှာ ဒွါရာဝတီနယ်မြေဒေသအတွက် ကံကောင်းသည်ဟု ဆိုရမည်ဖြစ်ပါသည်။ ဝတီလေးရပ်အတွက်လည်း ကံကောင်းသည်ဟု ဆိုနိုင်သည်။ ဆရာတော်သည် တစ်ဖက်က သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်လုပ်ကိုင်ပေးနေရပြီး၊ တစ်ဖက်ကလည်း ကဗျာလင်္ကာနှင့် ကျမ်းဂန်စာပေများကို ရေးသားပြုစုလျက်ရှိပါသည်။

အမရပူရ ဘိုးတော်ဗဒုံမင်းက ရခိုင်မှ ပေ၊ ပုရပိုက် ကျမ်းဂန်စာပေပေါင်းမြောက်များစွာတို့ကို မရရအောင် ရှာဖွေသိမ်းပိုက်၍ ယူငင်နေချိန်တွင် ဆရာတော်သည် မိမိလူမျိုးတို့၏ ရာဇဝင်သမိုင်းကြောင်းတို့ကို ရသလောက်ရှာဖွေစုဆောင်းပြီး မှတ်တမ်းတင်ပေးခဲ့ပါသည်။ ဆရာတော်ရေးသားမှတ်တမ်းတင် ပေးခဲ့သောကျမ်းများမှာ (၁) ဓညဝတီအရေးတော်ပုံကျမ်း၊ (၂) မဟာပညာကျော်လျှောက်ထုံးကျမ်းတို့ ဖြစ်ကြပါသည်။ ခေတ်အဆက်ဆက် စာပေပညာရှင်တို့သည် ယင်းကျမ်းနှစ်ကျမ်းကို ယနေ့တိုင်မှီငြမ်းပြု အားကိုးနေကြရဆဲဖြစ်ပါသည်။

ယင်းကျမ်းနှစ်စောင်၏ ကျေးဇူးကြောင့် ရခိုင်လူမျိုးတို့၏ မျိုးရိုးရာဇဝင်နှင့် ထီးနန်းအကြောင်း။ ဘာသာသာသနာနှင့် ကိုးကွယ်ယုံကြည်မှုအကြောင်း။ ရခိုင်စာပေယဉ်ကျေးမှုနှင့် သမိုင်းကြောင်း။ တိုင်းပြည် ၏ ဦးကင်းဖြစ်သော ပညာရှိအမတ်ကြီးများ၏ လျှောက်ထုံးစကားများ။ စသည်စသည်တို့ကို သိရှိခွင့်ရနေကြသည်မှာ တန်ဖိုးဖြတ်၍ မရလောက်အောင် အကျိုးပြုလျက် ရှိနေပါသေးသည်။

## ဒွါရာဝတီ–အသျှင်ကဝိသာရ နှင့် ဓညဝတီအရေးတော်ပုံကျမ်း

ပဲခူးမြို့ မင်းကျောင်းဆရာတော် ဦးပဏ္ဍိတသည် ဓညဝတီရာဇဝင်သစ်ကျမ်းကို ရေးသားပြုစုရာ၌ ဒွါရာဝတီ-

(၁) ဦးပဏ္ဍိတ ။ ။ ဓညဝတီရာဇဝင်သစ်ကျမ်း၊ စာ-၂၅၅၊ ၂၅၆။

(၂) အသျှင်စန္ဒမာလာ လင်္ကာရ။ ။ ရခိုင်ရာဇဝင်သစ်ကျမ်း၊ ဒုတိယတွဲ၊ စာ-၃၃၆၊ ၃၃၇။

အသျှင်ကဝိသာရ၏ **"ဓညဝတီအရေးတော်ပုံကျမ်း"** ကိုမှီငြမ်းပြု၍ ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

ရမ်းပြည်မြို့ တောင်ကျောင်းဆရာတော် အသျှင်စန္ဒမာလာလင်္ကာရသည်လည်း ရခိုင်ရာဇဝင်သစ်ကျမ်း၊ ပထမတွဲ၊ ဒုတိယတွဲ နှစ်အုပ်ကို ရေးသားပြုစုရာ၌ ဒွါရာဝတီ-အသျှင်ကဝိသာရ၏ **"ဓညဝတီအရေးတော်ပုံကျမ်း"** ကိုပင် ကိုးကား ခဲ့ရပါသည်။

ဒွါရာဝတီ-အသျှင်ကဝိသာရသည် ဓညဝတီအရေးတော်ပုံကျမ်းကို ရေးသားပြုစုရာ၌ သက္ကရာဇ်-၁၁၂၆ခုတွင် နန်းတက်တော်မူသော **"အဘယမဟာရာဇာမင်း"** ၏ အမတ်ကြီး ဦးဖိုးဝေသည် ရေးသားအပ်သော ရခိုင်ရာဇဝင်ဟောင်း ကို ကိုးကား၍ ၁၁၄၉-ခုနှစ်တွင် ရေးသားခဲ့ကြောင်း ရာဇက္ကမသင်္ခေပကျမ်း၏ နိဒါန်းတွင် တွေ့ရသည်။ (၁)

ရန်ကုန်မြို့ အမျိုးသားပြတိုက်တွင်ရှိသောမူ၌ **"ရခိုင်ကြီးမင်းအရေးတော်ပုံ"** ဟု ပြဆိုထားသည်ကို တွေ့ရသည်။ ရန်ကုန်မြို့ မြန်မာသံတော်ဆင့်မီးစက်ကြီး ပုံနှိပ်တိုက်မှ ခရစ် ၁၈၁၈ ခုနှစ်က ဓညဝတီအရေးတော်ပုံကျမ်းကို ပုံနှိပ်ခဲ့ရာ **"အဂ္ဂမဟာဓမ္မ ရာဇာဓိရာဇဂုရု ဆရာတော်"**ဟူ၍ ရေးသားထုတ်ဝေခဲ့ကြောင်း တွေ့ရှိရသည်။ (၂)

မြန်မာနိုင်ငံတွင် ဓညဝတီအရေးတော်ပုံကျမ်းအပါအဝင် အရေးတော်ပုံကျမ်းပေါင်း (၅)စောင်တိတိ ရှိပါသည်။ ယင်းတို့မှာ -

(၁) ဓညဝတီအရေးတော်ပုံ = ဒွါရာဝတီ အသျှင်ကဝိသာရ ပြုစုသည်။

(၂) ရာဇာဓိရာဇ်အရေးတော်ပုံ = စည်သူဂါမဏိသင်္ကြံပြုစုသည်။

(၃) ဆင်ဖြူမျှားရှင်အရေးတော်ပုံ = လက်ဝဲနော်ရထာပြုစုသည်။

(၄) ညောင်ရမ်းမင်းအရေးတော်ပုံ = မဟာအတုလ ဓမ္မိကရာဇာပြုစုသည်။

(၅) အလောင်းမင်းတရားအရေးတော်ပုံ = တွင်းသင်းတိုက်ဝန်ပြုစုသည်။ ဟူ၍ ဖြစ်ပါသည်။ ယင်းတို့ကို **"အရေးတော်ပုံငါးစောင်တွဲ"** (သို့မဟုတ်) **"မြန်မာမင်းများ အရေးတော်ပုံ"** ဟူ၍ ခေါ်ပါသည်။

၁၉၆၇ ခုနှစ်၊ မတ်လ(၁)ရက်နေ့၊ နံ့သာတိုက် အမှတ်(၁၃)၊ ၁၀၇-လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့ထုတ် **"မြန်မာမင်းများအရေးတော်ပုံကျမ်း"** ၏ နိဒါန်းတွင် မြန်မာစာပါမောက္ခဖြစ်သူ တက္ကသိုလ်မောင်မောင်ကြီးက **"ဓညဝတီ အရေးတော်ပုံကျမ်းနှင့် စပ်လျဉ်း၍ ကွဲလွဲချက်မရှိသောကြောင့် "ဓညဝတီအရေးတော်ပုံ" ကို ရခိုင်ဆရာတော် ပြုစုသည်ဟု အတည်ပြုကြပါစို့။"** ဟူ၍ အတည်ပြုဆုံးဖြတ်ထားသည် ကိုတွေ့ရသည်။ (၃)

ဓညဝတီ အရေးတော်ပုံကျမ်း၏ နိဂုံးပိုင်းတွင် ဆရာတော်က **"ဤကျမ်းကို ပြုစုရာ၌ အမတ်ကြီး ဦးဖိုးဝေ ရေးသားပြုစုခဲ့သော (၄၈)အင်္ဂါရှိ "ရခိုင်ရာဇဝင်ကြီး" မှ ထုတ်နုတ်၍ သက္ကရာဇ် ၁၁၄၉ ခု၊ တပေါင်းလဆန်း (၅)ရက် ရေးသားပြီးစီးကြောင်း ပြဆိုပြီးလျှင်၊ ဒွါရာဝတီမြို့ သာသနာပြုဆရာတော်ဘုရား "ကဝိသာရာဘိ သိရီ**

---

(၁) အသျှင်စန္ဒမာလာလင်္ကာရ။ ။ ရာဇက္ကမသင်္ခေပကျမ်း။ ၁၂၉၃-ခု၊ ပထမဝါဆိုလဆုတ်။

(၂) အသျှင်စက္ကိန္ဒ ။ ။ ရခိုင်ယဉ်ကျေးမှုများအမှတ် (၈)၊ စာ-၁၃၅၊ ၁၃၆။
၂၀၀၅-ခု၊ စက်တင်ဘာလထုတ်၊ ရခိုင်သားကြီးစာပေ။

(၃) မြန်မာမင်းများအရေးတော်ပုံ ။ ။ နံ့သာတိုက်-၁၃၊ ၁၀၇-လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
၁၉၆၇-ခု၊ မတ်လ(၁)ရက်နေ့ထုတ်။

**ပဝရ အဂ္ဂမဟာ ဓမ္မ ရာဇာဓိရာဇဂုရု" တံဆိပ်နာမံတော်ရှိသော ပုဂ္ဂိုလ်သူမြတ်ရေးသားတော်မူသောကျမ်း"** ဟူ၍ တွေ့ရှိရပါသည်။

ဥညဝတီအရေးတော်ပုံကျမ်းကို ရခိုင်အနေဖြင့် **"ဥညဝတီအမည်ရှိသော မြောက်ဦးမြို့ပြည်ကြီးမင်းဆက်တို့၏ အရေးတော်ပုံ"** ဟူ၍ ခေါ်ဝေါ်ခဲ့ကြောင်း ဆရာတော်ရေးသားပြုစုသောကျမ်း၏ နိဂုံးပိုင်းတွင် တွေ့ရှိရသည်။ **"ပြည်ကြီး"** ဟု ခေါ်ဆိုရလောက်အောင်လည်း ရခိုင်သည် အမှန်တကယ် **"ပြည်ကြီး"** အဖြစ်သို့ ရောက်ခဲ့သောကြောင့်ပါတည်း။ ဥပမာ-ရခိုင်၌ရှိသော **"ပင်လယ်ထွက်အစာ-ရေ ကြက်"** ကို အရှေ့ပြည်ဗမာများက **"ပြည်ကြီးငါး"** ဟူ၍ ခေါ်ဝေါ်ပြောဆိုလျက်ရှိနေသေးကြောင်း ယနေ့ထက်တိုင် ကြားသိနေကြရပါသည်။

## ဒွါရာဝတီ–အသျှင်ကဝိသာရ နှင့် မဟာပညာကျော်လျှောက်ထုံး

ဒွါရာဝတီ-အသျှင်ကဝိသာရ မထေရ်သူမြတ်သည် **"မဟာပညာကျော်လျှောက်ထုံး"** အမည်ရှိသော လျှောက်ထုံးကျမ်းတစ်စောင်ကိုလည်း ရေးသားပြုစုခဲ့ပါသေးသည်။

ဆရာတော်သည် မဟာပညာကျော်လျှောက်ထုံးကျမ်းကို **"သီးခြားလျှောက်ထုံးကျမ်းတစ်စောင်"** အနေဖြင့် ပြုစုခဲ့ခြင်းဖြစ်ပါသည်။ အဘယ်ကြောင့် ဆရာတော်သည် အမတ်ကြီးမဟာပညာကျော်ကိုမှ ရွေးထုတ်၍ လျှောက်ထုံးတစ်စောင်တစ်ဖွဲ့ ပြုစုခဲ့ပါသနည်းဟုဆိုပါလျှင် အမတ်ကြီးမဟာပညာကျော်သည် သာမန်အမတ်တစ်ဦးမဟုတ်ပါ။ အလွန်ဂုဏ်ပြုထိုက်သော (၁) ပညာရှိမင်းတိုင်ပင်အမတ်ကြီး၊ (၂) သက်တော်ရှည်အမတ်ကြီး၊ (၃) မင်းခြောက်ဆက်တိုင်တိုင် အမှုတော်ထမ်းရွက်ခဲ့သော အမတ်ကြီး၊ (၄) ရခိုင်ရာဇဝင်တွင် မော်ကွန်းတင်ထိုက်သော အမတ်ကြီး၊ (၅) လောက၊ ဓမ္မ၊ ရာဇကြောင်းတို့ကို နှံ့စပ် ကျွမ်းကျင်လိမ္မာသော အမတ်ကြီး၊ (၆) ရွှေမျဉ်းဓမ္မသတ်ကျမ်း၊ ရာဇနီတိကျမ်း၊ ရာဇဝံသကျမ်း၊ ရာဇမတ္တံကျမ်း၊ ရာဇလောကကျမ်း၊ ရာဇာဝသတိလင်္ကာ၊ ရာဇောဝါဒ ပကိဏ္ဏကလင်္ကာကျမ်း၊ ရခိုင့်တစ်ဆယ့်နှစ်လရာသီမော်ကွန်းတို့ကို ရေးသားပြုစုခဲ့သော ကျမ်းပြုစာဆိုအမတ်ကြီး၊ (၇) တိုင်းပြည်နှင့် လူမျိုးအတွက် အသက်အရွယ်ကြီးရင့်နေသည်ကို ပဓာနမထားဘဲ သေသည့်တိုင်အောင် အမှုတော်ထမ်းရွက်သွားသော အမတ်ကြီးစသည်-စသည်ဖြင့် အလွန်ဂုဏ်ပြုထိုက်သော **"စံပြအမတ်ကြီး"** တစ်ဦး ဖြစ်နေသောကြောင့်ပါတည်း။

သူလိုအမတ်မျိုးကိုကား နိုင်ငံနှင့်ချီ၍ ရှာကြည့်လျှင် ရနိုင်ခဲ၊ တွေ့နိုင်ခဲ၊ ရှိနိုင်ခဲ၊ ဖြစ်နိုင်ခဲသောကြောင့် **"ရှာမှရှား"** ဟုဆိုထိုက်သော အမတ်မျိုးပေတည်း။

[မှတ်ချက် ။ ကောဇာ -၈၅၀ ခု၊ (အေဒီ-၁၄၈၈)တွင် ဖွားမြင်သော မြတ်သာထွန်း (ခေါ်) မဟာပညာကျော်အမတ်။ ကောဇာ - ၈၅၄ခု၊ (အေဒီ ၁၄၉၂)၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့တွင် ဖွားမြင်သော မောင်မြဝါ (ခေါ်) သျှင်မြဝါ။ ကောဇာ-၈၅၄ ခု၊ (အေဒီ-၁၄၉၂)၊ ဝါဆိုလပြည့်ကျော် (၃)ရက်၊ စနေနေ့တွင် ဖွားမြင်သော ဘစောသီရိ (ခေါ်) မင်းဗာဘုရင်။ ထိုပုဂ္ဂိုလ်သုံးဦးတို့သည် ငယ်သူငယ်ချင်းများ ဖြစ်ကြ၏။]

တစ်ခါက တောင်ငူဘုရင်က စစ်ကူတောင်းသဖြင့် ရခိုင်ဘုရင် မင်းရာဇာကြီးသည် သက္ကရာဇ် - ၉၆၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း (၁၁)ရက်နေ့တွင် ဟံသာဝတီ (ပဲခူး) သို့ စစ်ချီထွက်ခဲ့၏။ အမတ်ကြီး မဟာပညာကျော်လည်း လိုက်ပါသွားခဲ့၏။ သက္ကရာဇ်-၉၆၁ ခုတွင် စစ်ပွဲပြီးဆုံးသဖြင့် ကိုယ့်တိုင်းပြည်သို့ ပြန်ကြွတော်မူခဲ့၏။ လမ်းခရီးအကြား

မော်တင်စွန်းသို့ရောက်သောအခါ အမတ်ကြီးမဟာပညာကျော် ကွယ်လွန်လေ၏။ အမတ်ကြီးကို အခမ်းအနားဖြင့် ကြီးကျယ်စွာ သင်္ဂြိုဟ်တော်မူ၏။ အမတ်ကြီးကို သင်္ဂြိုဟ်သော သချိုင်းရာပေါ်တွင် အမတ်ကြီးကို ဂုဏ်ပြုသောအားဖြင့် စေတီတော်ကြီး တစ်ဆူတည်ထားတော်မူခဲ့လေသည်။ ယင်းစေတီတော်ကြီးကို ယနေ့ထက်တိုင် **"မော်တင်စေတီ"** ဟု ခေါ်တွင်လျက်ရှိပါသည်။ ဤသည်မှာလည်း ရခိုင်ဘုရင်မင်းရာဇာကြီးသည် အမတ်ကြီးကို ထိုက်ထိုက်တန်တန် ဂုဏ်ပြု လိုက်ခြင်းပင် ဖြစ်ပါသည်။ (၁) (၂)

ဆရာတော်သည် အမတ်ကြီးမဟာပညာကျော်ကိုမှ သီးခြားရွေးထုတ်၍ **"မဟာပညာကျော်လျှောက်ထုံး"** အမည်ဖြင့် ရေးသားပြုစုသွားခဲ့ခြင်းမှာ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုလိုက်ခြင်းဖြစ်၍၊ တိုင်းပြည်နှင့်လူမျိုးအတွက် အလွန် ကျေးဇူးများသော ဆရာတော်တစ်ပါးဖြစ်ခဲ့ပါသည်။ သူပြုစုခဲ့သော **"ဓညဝတီအရေးတော်ပုံကျမ်း"** ဆိုပြန်လျှင်လည်း **"ရခိုင်ပညာရှိ အမတ်ပေါင်းစုံတို့၏ လျှောက်ထုံးကျမ်းကြီး"** သဖွယ် ဖြစ်နေလေသောကြောင့် အလွန်အဖိုးတန်လှ၏။

မြန်မာနိုင်ငံတွင် မဟာပညာကျော် လျှောက်ထုံးကျမ်းအပါအဝင် လျှောက်ထုံးကျမ်းပေါင်း (၅) ကျမ်း ရှိကြောင်း သိရပါသည်။ ယင်းတို့မှာ-

(၁) ဝန်စင်းမင်းရာဇာ လျှောက်ထုံး၊

(၂) ကိုင်းစားမနုရာဇာလျှောက်ထုံး၊

(၃) လက်ဝဲနော်ရထာလျှောက်ထုံး၊

(၄) အမတ်ကြီး ဦးပေါ်ဦး လျှောက်ထုံးနှင့်၊

(၅) မဟာပညာကျော်လျှောက်ထုံးတို့ ဖြစ်ကြပါသည်။ ယင်းတို့အနက် ဦးပေါ်ဦးလျှောက်ထုံးမှာ **"စာရေးဆရာ ဦးအောင်"** ဆိုသူက သူ၏ စိတ်ကူးစိတ်သန်းဖြင့် ဖတ်ချင်စဖွယ်ဖြစ်အောင် ဖန်တီးခဲ့သော အကြောင်းအရာ များသာဖြစ်ကြောင်း သိရပါသည်။ (၃)

မဟာပညာကျော် လျှောက်ထုံးကျမ်းကို **"မြန်မာနိုင်ငံ သုတေသနအသင်း"** မှ တစ်ကြိမ်ပုံနှိပ်ထုတ်ဝေခဲ့ကြောင်း သိရှိပါသည်။ ရန်ကုန်မြို့ ဟံသာဝတီပုံနှိပ်တိုက်ကလည်း ၁၉၆၄-ခု၊ ဒီဇင်ဘာလ တွင် တစ်ကြိမ်ထုတ်ဝေခဲ့ဖူးပါသည်။ ယင်းဟံသာဝတီပုံနှိပ်တိုက်ထုတ် **"မဟာပညာကျော် လျှောက်ထုံးကျမ်း"** ၏ နိဒါန်းတွင် လျှောက်ထုံးငါးစောင်လုံးကို အောက်ပါအတိုင်း သုံးသပ်ထားသည်ကို တွေ့ရှိရပါသည်။

"ဤလျှောက်ထုံးများကို ဆန်းစပ်လျှင် **"ဝန်စင်းမင်းရာဇာလျှောက်ထုံး"** သည် ရာဇဝင်ကျမ်းများမှ စုပေါင်းကောက်နုတ်ယူရသော လျှောက်ထုံးတစ်စောင်တစ်ဖွဲ့သာ ဖြစ်ပေသည်။ **"လက်ဝဲနော်ရထာလျှောက်ထုံး"** ကား

---

(၁) အသျှင်စန္ဒမာလာလင်္ကာရ ။ ။ ရခိုင်ရာဇဝင်ကျမ်း၊ ဒုတိယတွဲ-စာ ၁၄၉။
၁၉၉၇ ခု၊ နိုဝင်ဘာလထုတ်၊ ဒုတိယအကြိမ်၊ ရခိုင်သားကြီးစာပေ။

(၂) ဒွါရာဝတီ-အသျှင်ကဝိသာရ။ ။ မဟာပညာကျော်လျှောက်ထုံး၊ စာ-၁၂၁။
ရန်ကုန်မြို့ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၄-ခု။

(၃) သဓိ ။ ။ ရတနာမွန်မဂ္ဂဇင်း၊ အတွဲ-၂၀၊ အမှတ်-၃၊ ၁၉၉၃-ခုနှစ်၊ မေလထုတ်။
**"အမတ်ကြီးဦးပေါ်ဦးနှင့် ပတ်သက်၍ ဆရာကြီးဟံသာဝတီဦးဘရင်၏စကား"** ဆောင်းပါး။

မင်းကိုညွှန်ပြလျှောက်ထားသော လျှောက်ထုံးမဟုတ်ဘဲ လက်ဝဲနော်ရထာအမတ်က တောင်တွင်းဆရာတော်အား မေးလျှောက်ချက်နှင့် တောင်တွင်းဆရာတော်၏ အဖြေများသာဖြစ်လေသည်။ **“အမတ်ကြီးဦးပေါ်ဦးလျှောက်ထုံး”** ကား မင်းအားနည်းလမ်းညွှန်ပြချက်များ ပါဝင်စေကာမူ မင်း၏ရှင်ကြည်ချမ်းမြေ့မှုအတွက် အပျော်တော်ဆက်သော လျှောက်ထုံးလျှောက်ချက်များ၊ ဉာဏ်ကစား၍ လျှောက်ချက်များ၊ မင်းမှုမင်းရေးတွင် ကယ်မလျှောက်ထားချက်များ စသည်တို့ ပါဝင်၍ စီကုံးနှုန်းဖွဲ့သူ၏ အာဝဇ္ဇန်းသည် မူလအမတ်ကြီး၏ လျှောက်ထားချက်များကို ထူးထူးခြားခြား တန်ဆာဆင်အုံဖွဲ့ထားနိုင်သော လျှောက်ထုံးဖြစ်ပေသည်။ **“မဟာပညာကျော်လျှောက်ထုံး”** မှာကား **“ဝန်စင်းမင်းရာဇာ လျှောက်ထုံး”** နှင့် တူသည်ဟုဆိုနိုင်ပေသည်။ ထိုလျှောက်ထုံးများသည် မင်းအား အကြောင်းအကျိုး၊ အဆုံးအဖြတ်ကို တင်လျှောက်သော လျှောက်ထုံးများဖြစ်၍ ဦးပေါ်ဦးလျှောက်ထုံးကဲ့သို့ စကားအရာ အာဝဇ္ဇန်းဖွဲ့၍ ရေးသားဖွဲ့နွဲ့ခြင်းမရှိဘဲ အကြောင်းအချက်ကိုသာ ပဓာနထားသော ရာဇဝင်အရေးအသားမျိုးဖြင့် ရေးဖွဲ့တင်ပြထားသည်ကို တွေ့ရှိရပေသည်။

**“မဟာပညာကျော်လျှောက်ထုံးကျမ်း”** ၏ ကျမ်းပြီးနှစ်မှာ **“ဓညဝတီအရေးတော်ပုံကျမ်း”** ၏ ကျမ်းပြီးနှစ်နှင့် အတူတူပင် ဖြစ်ပါသည်။ ဆရာတော်က သူ၏ **“မဟာပညာကျော်လျှောက်ထုံးကျမ်း”** ၏ **“နိဂုံးပိုင်း”** တွင် **“သာသနာမြတ်ကို ထွန်းလင်းစေရာ အယုဇ္ဈတိုင်း ပင်လယ်ကမ်း “တံခါး” ဖြစ်ထသော - ဒွါရာဝတီမြို့၌ မြတ်စွာဘုရား သာသနာတော်မြတ်ကို ထွန်းလင်းစေအောင် ဆောင်စေတော်မူထသော “ဆရာတော်ကဝိသာရ” သည် အက္ခရာပြီပြင်စွာ ရှေးမဟာဝတ္ထုပြုရန် စကားဟောင်းတို့ကို နုတ်စေ၍ သက္ကရာဇ်အားဖြင့် ၁၁၄၉ ခု၊ မိန်ရာသီ၊ တပေါင်းလဆန်း (၅)ရက်တွင် ဤစာကိုနုတ်ကောက်၍ အက္ခရာပေ၌ တင်၍ပြီးသည်။”** ဟူ၍ ဖော်ပြပါရှိပါသည်။

နိဂုံးချုပ်ဆိုရသော် ဆရာတော်ရေးသားပြုစုခဲ့သော စာပေနှင့်ပတ်သက်၍ ဤမျှမက ရှိနိုင်သေးသည်ဟု ထင်ပါသည်။ သို့သော်ရှာဖွေ၍ကား မတွေ့နိုင်သေးချေ။ တွေ့ရသလောက် ဖော်ပြပေးလိုက်ခြင်း ဖြစ်ပါသည်။ ဆရာတော်ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၉-ခုနှစ်၊ ဇန်နဝါရီလ၊ (၁၈)ရက်နေ့က သံတွဲမြို့၊ ဒွါရာဝတီမြို့သစ်၊ မင်းဗာကြီးလမ်း၊ အောင်မြေသာစည် ပရိယတ္တိစာသင်တိုက်အတွင်းရှိ **“ အနုပညာ ရင်ပြင်”** ၌ **“မော်ကွန်းကျောက်စာတိုင်”** ကို အခမ်းအနားဖြင့် စိုက်ထူ၍ ဂုဏ်ပြုခဲ့ကြပါသည်။

ယင်းနေ့က စာရေးသူသည် ဆရာတော်ကို အမှတ်ရစိမ့်သောငှာ ကဗျာတစ်ပုဒ်ရေးစပ်သီဆုံး၍ ဂုဏ်ပြုပူဇော်ခဲ့ပါသည်။ ယင်းအမှတ်တရကဗျာနှင့်အတူ **“ဒွါရာဝတီ ဂိုဏ်းအုပ်ဆရာတော် အသျှင်ကဝိသာရ”** အကြောင်း သိကောင်းစရာဆောင်းပါးစာတမ်းကို ဤတွင် နိဂုံးချုပ်အပ်ပါသတည်း။ ။

**ဒွါရာဝတီ - အသျှင်ကုသလ**

၇-၈-၂၀၁၀

(ကျမ်းကိုးစာရင်း)

၁။ ကဝိသာရ၊ အသျှင်၊ ဒွါရာဝတီ။ မဟာပညာကျော်လျှောက်ထုံး၊
ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၆၄-ခု၊ ဒီဇင်ဘာလ။

၂။ ကဝိသာရ၊ အသျှင်၊ ဒွါရာဝတီ။ ဓညဝတီအရေးတော်ပုံ၊
နံ့သာတိုက်၊ ၁၃၊ ၁၀၇-လမ်း၊ ရန်ကုန်၊ ၁၉၆၇-ခု၊ မတ်လ(၁)ရက်။

၃။ ပဏ္ဍိတ၊ ဦး။ ပဲခူးမင်းကျောင်းဆရာတော်။ ဓညဝတီရာဇဝင်သစ်ကျမ်း။

၄။ စန္ဒမာလာလင်္ကာရ၊ အသျှင်။ ရမ်းဗြဲတောင်ကျောင်းဆရာတော်၊ ရခိုင်ရာဇဝင်သစ်ကျမ်း၊
ဒုတိယတွဲ၊ ဒုတိယအကြိမ်၊ ရခိုင်သားကြီးစာပေ၊ ၁၉၉၇-ခု။

၅။ စန္ဒမာလာလင်္ကာရ၊ အသျှင်။ ရာဇတ္တမသခေ်ပကျမ်း။ ၁၂၉၃-ခု၊ ပထမဝါဆိုလ။

၆။ စက္ကိန္ဒ၊ အသျှင်။ ရခိုင်ယဉ်ကျေးမှုများ အမှတ်(၈)၊
ရခိုင်သားကြီးစာပေ၊ ၂၀၀၅-ခု၊ စက်တင်ဘာလ။

၇။ သဒ္ဒါ ။ ။ ရတနာမွန်မဂ္ဂဇင်း၊ အတွဲ-၂၀၊ အမှတ်-၃၊ ၁၉၉၃-ခု။

၈။ သီရိမလ္လာဒေဝီ-မိပန်းရုံ။ ရခိုင်အောင်လံတော်လင်္ကာ။

၉။ ကုသလ၊ အသျှင်၊ ဒွါရာဝတီ။ (သုတေသီ)။ မှတ်စု။

## ကဝိသာရာဘိ သိရိပဝရ အဂ္ဂမဟာဓမ္မ ရာဇာဓိရာဇဂုရု
## ဘွဲ့တံဆိပ်တော်ရ ကျမ်းပြု–ရဟန်းစာဆို ဒွါရာဝတီ–အသျှင်ကဝိသာရ
## အမှတ်တရကဗျာ

(၁) **"ဒွါရာဝတီ"** ဇာတိဖွား
ထင်ရှားတဲ့ ဆရာတော်။
ကဗျာလင်္ကာ ကျမ်းကျင်လတ်
ကျမ်းတတ်အကျော်။
သာသနာပြုလို့ လွန်ထင်ပေါ်
တော်ပါပေ့ ရဟန်း။
သူ့ဂုဏ်ကိုကဗျာစုဖြင့်
ရေးပြုဖော်ညွှန်း ။

(၂) **"ဓညဝတီ"** ဂုဏ်ပုံ့မွှေး
သူရေးတဲ့ **"အရေးတော်ပုံ"**။
လောက၊ ဓမ္မ နှစ်ဖက်ရ
ပြည့်ဝကုံလုံ။
ရာဇကြောင်း အဖုံဖုံ
တင်ပြပုံ လွန်ကောင်း။
**"ရခိုင့်ဂုဏ်"** ဘယ်မညှိုး
တိုးခဲ့ပေကြောင်း။

(၃) **"မဟာပညာကျော်လျှောက်ထုံး"**
နာမည်တစ်လုံးနှင့်ထင်ပေါ်။
ဆရာတော်ရေးအပ်တဲ့
ကျမ်းမြတ်အကျော်။
အမတ်ကြီးရဲ့ ဂုဏ်ကိုဖော်
တော်ပါပေ့ ရဟန်း။
**"မျိုးရခိုင်"** သတင်းမွှေးအောင်
ရေးခဲ့ထိုကျမ်း။

(၄) ကျမ်းနှစ်စောင် ရေးပြီးလစ်
သက္ကရာဇ် ကောဇာ။
**"တစ်ထောင်တစ်ရာ လေ့ဆယ့်ကိုး"**
ရေးထိုးသချာ။
**"တစ်ပေါင်းလဆန်း"** ချိန်ခါ
**"ငါးရက်"** ပါမှတ်စွဲ။
ထိုကျမ်းနှစ်စောင် နိဂုံးချုပ်
အုပ်ခဲ့သည်ပဲ။

(၅) သာသနာ ဘာသာအကျိုး
သယ်ပိုးတဲ့မထေရ်။
အမျိုးဂုဏ် အစဉ်တိုးအောင်
ကြိုးကုတ်ခဲ့ပေ။
သမိုင်းနှင့် ရာဇဝင်ကျေ
စာပေကို သူမြတ်နိုး။
သီလ, သမာ, ပညာမြတ်ကို
ဦးညွှတ်ရိုကျိုး။

(၆) **"ကဝိသာရာဘိ သိရိပဝရ"**
**"အဂ္ဂမဟာဓမ္မ"** တဲ့ ဘွဲ့တော်။
**"ရာဇာဓိရာဇဂုရု"**
ဂုဏ်ပြုပူဇော် ။
မင်းဆရာဟု နာမည်ကျော်
တော်ပါပေ့ ရဟန်း။
သူ့ဂုဏ်ရည် ဘယ်မညှိုးအောင်
ထိုးစိုက်မော်ကွန်း။ ။

**ငွေသဇင် (သံတွဲ)**
၂-၁၂-၂၀၀၈
ဒွါရာဝတီမဂ္ဂဇင်း အမှတ် (၃)
၂၀၁၁ ခုနှစ်။

## ဒွါရာဝတီမြို့ဇာတိ "ထိပ်တော်မိသားစု" နှင့်
## စစ်တွေမြို့ "စစ်ကဲတော်ကျောင်းတိုက်"

အမရပူရထီးနန်းရှင် ဘိုးတော်ဗဒုံမင်းက ရခိုင်ပြည်သည် တိုင်းပြည်၏ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံနေသေးသည်။ နောက်နောင်ကို ပြန်လှန်တိုက်ခိုက်လာနိုင်သည်။ ထို့ကြောင့် ရခိုင်ပြည်၌ ကျန်ရှိနေသေးသော မင်းညီ၊ မင်းသား၊ မင်းသမီး၊ မင်းမျိုးမင်းနွယ်များနှင့်အတူ ကျမ်းဂန်တတ်ဆရာတော်ကြီးများပါမကျန် အမရပူရသို့ ပို့ဆောင်ပေးတော်မူရမည် ဟူ၍ သူ၏သစ္စာတော်ခံ ရခိုင်မြို့ဝန် **"နန္ဒပကျန်"** အားတောင်းသောကြောင့် မင်းညီ၊ မင်းသား၊ မင်းသမီး၊ မင်းမျိုးမင်းနွယ်များ၊ ပိဋကတ်ကျမ်းဂန်တတ် ဆရာတော်ကြီးများ၊ ပုဏ္ဏားပညာရှိများ၊ နက္ခတ်ပညာရှင်နှင့် ဝေဒပညာရှင်များ၊ ဆေးပညာရှင်များ၊ သူငယ် တော်များကအစ ရဟန်းရှင်လူ စုစုပေါင်း (၇၇၀၀)ကို ဖမ်းဆီးခေါ်ဆောင်ကာ ကောဇာ-၁၁၄၉-ခု၊ (အေဒီ-၁၇၈၇-မတ်လ)တပေါင်းလတွင် အမရပူရမြို့တော်သို့ ပို့ဆက်ခဲ့ကြလေသည်။

ထိုအထဲတွင် ဒွါရာဝတီမြို့ဇာတိ **"ထိပ်တော်မိသားစု"** (=မင်းမျိုးမင်းနွယ် ထိပ်တန်းတော်ဝင်မိသားစု) တစ်စုတို့သည် အဖမ်းမခံဘဲ အနောက်ဘင်္ဂလားပြည်ထဲသို့ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြသည်။

ယင်းမိသားစုထဲတွင် ရခိုင်မင်းတို့ကောင်းစားစဉ်က ဆက်ကပ်လှူဒါန်းအပ်သော ဘွဲ့တံဆိပ်တော်ရ မင်းဆရာ ရဟန်းတော်တစ်ပါးလည်း ထူးထူးခြားခြားပါဝင်နေသည်ကို တွေ့ရသည်။ ထိုဆရာတော်မှာ ဒွါရာဝတီ-သံတွဲမြို့ဇာတိဖြစ်ပြီး ဆရာတော်၏ ဘွဲ့အမည်တော်မှာ **"ဘဒ္ဒန္တဇိနာလင်္ကာရ"** ဖြစ်သည်။

ထိုဆရာတော်မှာ သီလ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံတော်မူသည့်အပြင် ပိဋကတ်ကျမ်းဂန်အရာ၌ ကျွမ်းကျင် လိမ္မာတတ်မြောက်သော ဆရာတော်တစ်ပါးဖြစ်ခြင်းကြောင့် ရခိုင်မင်းက **"ဇိနာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာ မိရာဇဂုရု"** ဟူသော ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းတော်မူခဲ့သည်။ ဂိုဏ်းအုပ်, ဂိုဏ်းချုပ်ဆရာတော်တစ်ပါးလည်း ဖြစ်သည်။

ဒွါရာဝတီမြို့ဇာတိ **"ထိပ်တော်မိသားစု"** အကြောင်းကို အင်းစောက်ရာဇဝင်၊ ၈-ကြောင်းပေမူ၊ ဂေါ-ချပ်၊ ကြော၊ ကြောင်းရေ ၁၊ ၂၊ ၃၊ ၄ တို့တွင်လည်းကောင်း၊ စို-ချပ်၊ ကြော၊ ကြောင်းရေ ၇၊၈ နှင့်၊ စို-ချပ်၊ ရင်ကြောင်းရေ ၁ တို့တွင်လည်းကောင်း တွေ့ရှိနိုင်သည်။

အင်းစောက်ရာဇဝင်၌ ဆရာတော်ဇိနာလင်္ကာရတို့၏ **"မျိုးရိုးအနွယ်ဝံသအစဉ်စာ"** ကိုလည်း ဤသို့ဖော်ပြထား သည်ကို တွေ့ရသည်။

**"ဒွါရာဝတီမြို့ဇာတိ၊ မြို့တံခွန်၊ မြို့ဦးခေါင်း၊ မြို့မျက်စိအနွယ်ဝံသအစဉ်စာ။ ။ သတိုးဦး၊ ၎င်းသားရဲအောင်တိုင်၊ ရဲအောင်ကြင်သူ၊ ၂-ယောက်၊ နှမရှင်စော၊ မျိုးအောင်၊ ၂-ယောက်။ မျိုးအောင် သမီးကြာဦး၊ ကြာဦးသမီး ခင်ဦး၊ ခင်ဦးသားရဲဘော်၊ မယားတော်ထွေး၊ သားမောင်ဖြူ၊ အောင်စစ်၊ ယက်သယ်၊ နှမဆင်းဝါ၊ ၎င်းသားမောင်ဦးဖြူ၊ မောင်ဦးသားစံရွှေ၊ ရဲဘော်သူ၊ ရဲကျော်သူ၊ သမီးမြဝါ၊ ကြာစံရွှေ၊ မြရွှေ၊ ၎င်းမောင်ဦးသား၊ သတိုဝ်၊ ငတောက်တွေး၊ လာလာဘီလူး၊ ၎င်းသားထိပ်တော်ဆရာ၊ ရဟန်းဘွဲ့ ရှင်ဇိနာလင်္ကာရ၊ ဂိုဏ်းအုပ်ဘွဲ့ "ဇိနာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာမိ ရာဇဂုရု၊ ၎င်းသား မြတ်သူ၊ နှမမိဖြူ၊ မိဖြူသမီးရှင်ကြီး၊ မင်းနု၊ မဗုမ၊ မြတ်သူသားရွှေဖြူ၊ ညိုနှမ်းမိနု၊ ၎င်းသားသာထွန်းကျော်၊ ၎င်းသားသာထွန်း၊ ၎င်းသားမြစံဦး။ ။"**

အထက်ဖော်ပြပါ မိသားစုတို့မှာ ဒွါရာဝတီမြို့ဇာတိ **"ထိပ်တော်မိသားစုဝင်"** များဖြစ်ကြသည်။

အေဒီ-၁၇၈၄ ခုနှစ်တွင် ရခိုင်လူမျိုးတို့အနေဖြင့် ထီးကျိုး၊ စည်ပေါက်၊ ကြငှန်းနှင့် နန်းပါပြာပုံအောက်သို့ ရောက်ခဲ့ကြရသည်။ ရခိုင်ပြည်နှင့် ရခိုင်လူမျိုးတို့သည် အမရပူရ ဘိုးတော်ဗဒုံမင်း၏ လက်အောက်သို့ ကျရောက်ခဲ့ကြရပြီးနောက်၊ နှစ်ပေါင်း(၄၀)အကြာ အေဒီ-၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်တို့သည် ရခိုင်ပြည်ကို ဗမာမင်းတို့ထံက ဆက်လက်သိမ်းပိုက်ခဲ့ကြပြန်သည်။

အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲကို **"ရန္တပိုစာချုပ်"** ဖြင့် ၁၈၂၆-ခု၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် အပြီးသတ်ခဲ့သည်။ အင်္ဂလိပ်တို့သည် မြောက်ဦးမြို့တော်ကို ရခိုင်ပြည်၏ မြို့တော်အဖြစ် မသတ်မှတ်တော့ဘဲ၊ စစ်တွေကိုသာ ရခိုင်ပြည်၏မြို့တော်အဖြစ် တည်ဆောက်ခဲ့ကြသည်။ ထို့ကြောင့် ၁၈၂၆-ခု နောက်ပိုင်းကာလတွင် စစ်တွေမြို့သည် ရခိုင်ပြည်၏ မြို့တော်ဖြစ်လာသည်။

ထိုအခါ အမရပူရဘိုးတော်ဗဒုံမင်း၏ အန္တရာယ်ကြောင့် အနောက်ဘင်္ဂလားနယ်ထဲသို့ ထွက်ပြေးသွားခဲ့ကြရသည့် ရခိုင်သူရခိုင်သားတို့မှာ စစ်တွေမြို့သို့ အေဒီ-၁၈၂၆-၂၇ ခုနှစ်များတွင် ပြန်လည်ဝင် ရောက်လာခဲ့ကြသည်။ ထိုအထဲတွင် ဒွါရာဝတီမြို့ဇာတိ **"ထိပ်တော်မိသားစု"** (=မင်းမျိုးမင်းနွယ်ထိပ်တန်း တော်ဝင်မိသားစု)တို့လည်း ပါဝင်ခဲ့ကြသည်။

စစ်တွေကို မြို့တော်အဖြစ်တည်ဆောက်စက စစ်တွေမြို့ပေါ်တွင် ဘုန်းတော်ကြီးကျောင်းမှာ (၁) သံဃရာဇာကျောင်း၊ (၂) တေဇာရာမကျောင်းနှင့် (၃) ထိပ်တော်ကျောင်းဟူ၍ သုံးကျောင်းသာ ရှိခဲ့ကြောင်း သိရှိရသည်။

ယင်းတို့အနက် **"သံဃရာဇာကျောင်း"** ဆိုသည်မှာ မြောက်ဦးမြို့ သံဃရာဇာကျောင်းတိုက် ဆရာတော်ကြီး၏ တပည့်များက တည်ထောင်ခဲ့ကြသော ကျောင်းဖြစ်ခြင်းကြောင့် **"သံဃရာဇာကျောင်း"** ဟု အမည်ပေးခဲ့ကြသလို **"တေဇာရာမကျောင်း"** ဆိုသည်မှာလည်း မြောက်ဦးမြို့၊ တေဇာရာမကျောင်း ဆရာတော်ကြီး၏ တပည့်များက တည်ထောင်ခဲ့ကြသော ကျောင်းဖြစ်ခြင်းကြောင့် **"တေဇာရာမကျောင်း"** ဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။ နောင်သော အခါ၌ ရွှေစေတီတည်ရှိမှုကို အကြောင်းပြု၍ **"ရွှေစေတီကျောင်း"** ဟု အမည်တွင်လာခဲ့ခြင်းဖြစ်သည်။

[မှတ်ချက် ။ ။ မြောက်ဦးမြို့ တေဇာရာမကျောင်းတိုက်ဆရာတော်ကြီး၏ တပည့်များက စစ်တွေမြို့၌ တေဇာရာမကျောင်း (ယခု-ရွှေစေတီကျောင်း)ကို တည်ထောင်ခဲ့ကြသည်။ စစ်တွေမြို့၊ အာဒိကမ္မိက တေဇာရာမ (ရွှေစေတီ) ဆရာတော်ကြီး၏ တပည့်အဆက်ဆက်အနွယ်ဝံသတို့မှာလည်း သံတွဲ၊ တောင်ကုတ်၊ ရမ်းဗြဲ၊ မာန်အောင်စသော မြို့များ၌ ယနေ့တိုင်ထင်ရှား ရှိနေကြပါသေးသည်။ ထိုအထဲတွင် စာရေးသူလည်း ပါဝင်ခဲ့သည်။ ဤသမိုင်းကြောင်းကို စာရေးသူတို့၏ ဂဏာစရိယ၊ ဂဏပါမောက္ခ ဖြစ်တော်မူသော တောင်ကုတ်မြို့နယ်၊ ပန်းတင်ကျွန်း၊ အရှေ့ဘက်ရွာ၊ ဓမ္မိကာရာမကျောင်းဆရာတော်ကြီး (ယခု-ဗောဓိရွှေဂူဆရာတော်) က သေသေချာချာ ပြောပြသဖြင့် စာရေးသူ သိရှိမှတ်သားခွင့်ရရှိခဲ့ခြင်း ဖြစ်ပါသည်။

**"ထိပ်တော်ကျောင်း"** ဆိုသည်မှာ အနောက်ဘင်္ဂလားပြည်က ပြန်လည်ဝင်ရောက်လာခဲ့ကြသော ဒွါရာဝတီမြို့ဇာတိ **"ထိပ်တော်မိသားစု"** မှ စတင်ဆောက်လုပ်လှူဒါန်းပြီး ကိုးကွယ်ခဲ့ကြသော ကျောင်းဖြစ်ခြင်းကြောင့် **"ထိပ်တော်ကျောင်း"**ဟု ခေါ်တွင်သည်။

ထိုကျောင်း၌ သီတင်းသုံးနေထိုင်တော်မူသော ဆရာတော်ကြီးကို အင်္ဂလိပ်အစိုးရလက်ထက် **"စစ်ကဲတော်မင်း"** က အလွန်ကြည်ညိုသဖြင့် ထပ်မံကျောင်းဆောက်လုပ်လှူဒါန်းရာက **"စစ်ကဲတော်မင်းကျောင်း (တစ်နည်း) စစ်ကဲတော်**

**ကျောင်း**" ဟု ခေါ်တွင်ခဲ့ကြပြန်သည်။ ယခုအခါ "**စစ်ကဲကျောင်း**" ဟု ခေါ်တွင် လျက်ရှိနေကြပေတော့သည်။

ဤကားဒွါရာဝတီမြို့ဇာတိ "**ထိပ်တော်မိသားစု**" (-မင်းမျိုးမင်းနွယ် ထိပ်တန်းတော်ဝင်မိသားစု) တို့နှင့် စစ်တွေမြို့ရှိ "**စစ်ကဲတော်ကျောင်း**" တို့ ဆက်စပ်မှုရှိခဲ့ကြပုံ သမိုင်းကြောင်းကို ပြန်ပြောင်းသတိရ စိမ့်သောငှာ လည်းကောင်း၊ ထိပ်တော်မိသားစုဝင်ထဲက တိမ်မြှုပ်နေသော ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ် "**ဇိနာလင်္ကာရဆရာတော်ကြီး**" ကိုပါ အမှတ်ရစိမ့်သောငှာလည်းကောင်း ဗဟုသုတအဖြစ် ရေးသားတင်ပြလိုက်ရပေသည်။

**ဒွါရာဝတီ-အသျှင်ကုသလ**

(ကျမ်းကိုးစာရင်း)

(၁) အင်းစောက်ရာဇဝင်ပေမူ။

(၂) ရခိုင်ရာဇဝင်သစ်ကျမ်း(ဒုတိယတွဲ)

(၃) သုတေသီအသျှင်ပညာစာရ (ရမ္မာဝတီ)၏ပြောပြချက်။

(၄) ဒွါရာဝတီ-အသျှင်ကုသလမှတ်စု။

သဇင်ပန်းခိုင်ဂျာနယ်
အတွဲ(၁)၊ အမှတ်(၁၇)
၇-၁၂-၂၀၁၄

ရှုပ်ရှင်တေးကဗျာရသစုံမဂ္ဂဇင်း
အတွဲ(၃၁)၊ အမှတ်(၁)
၂၀၁၅-ခု၊ ဇန်နဝါရီလ

## ဒွါရာဝတီအပါအဝင် ဝတီလေးရပ်က လှေသင်းသားများ

ကုန်းဘောင်ခေတ် အမရပူရ ပထမနန်းတည် ဘိုးတော်ဗဒုံမင်းသည် ၁၇၈၄-ခု၊ ဇန်နဝါရီလ (၂) ရက်၊ (ရခိုင်ကောဇာ-၁၁၄၆-ခု၊ ပြာသိုလပြည့်ကျော် (၈) ရက်) နေ့တွင် ဓညဝတီရခိုင်ပြည်ကို စစ်ကြေညာခြင်းမရှိဘဲ တိုက်ခိုက်သိမ်းယူတော်မူသည်။ ပြာသိုလကွယ်နေ့တွင် အပြီးသတ်ခဲ့သည်။

ဗဒုံမင်းသည် ရခိုင်ပြည်ကို တိုက်ခိုက်သိမ်းယူပြီးနောက် ဒေသဆိုင်ရာလုံခြုံရေးအတွက် ရခိုင်တွင် အစဉ်အလာရှိခဲ့သော မင်းဆွေ၊ မင်းမျိုး၊ မှူးမတ်များကို ခေါ်ယူသိမ်းဆည်းကာ အမရပူရသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့သည်။

နောက်ထပ်မံ၍ အားကောင်းမောင်းသန် ရခိုင်သားအများအပြားကို ခေါ်ယူပြီး အမရပူရနန်းတော်တွင် **"လှေသင်းသား"** များအဖြစ် အမှုတော်ထမ်းစေခဲ့ပါသည်။ ယင်း **"ရခိုင်လှေသင်းသား"** အမှုထမ်းများမှာ ဓညဝတီ၊ ဒွါရာဝတီ၊ ရမ္မာဝတီ၊ မေဃဝတီ စသော နယ်မြေဒေသအသီးသီးတို့က အားကောင်းမောင်းသန် အရွယ်ကောင်းယောကျ်ားများကိုသာ သီးခြားရွေးထုတ်၍ ခေါ်ယူသဖြင့် အများအပြားရှိခဲ့ကြပါသည်။

ရခိုင်ဒေသက ရခိုင်လူမျိုးအများစုသည် ပင်လယ်၊ မြစ်၊ ချောင်းများနှင့် နီးစပ်သူများဖြစ်ကြသဖြင့် လောင်းလှေလှော်ခတ်မှုတွင် အထူးကျွမ်းကျင်သူများ ဖြစ်ကြသည်။ လောင်းလှေလှော်ခတ်မှုသည် ရခိုင်သားများအဖို့ နေ့စဉ်ကြုံတွေ့နေကြလုပ်ငန်းဖြစ်၍ ကျွမ်းကျင်ပြီး၊ အသားကျပြီးသားလည်း ဖြစ်ကြသည်။

ခေတ်အဆက်ဆက်က ပင်လယ်ရေကြောင်းခရီး သွားလာရာတွင် ကျွမ်းကျင်သူများဖြစ်ကြသဖြင့် လောင်းလှေလှော်ခတ်မှုအတတ်ပညာသည် ရခိုင်သားများအဖို့ မဆန်းပေ။ ဗဒုံမင်းအနေဖြင့်လည်း သည်ကိစ္စကို သူ၏သစ္စာတော်ခံမြို့ဝန်များမှတစ်ဆင့် သိရှိနိုင်သည်။ သို့ဖြစ်၍ ဗဒုံမင်းသည် ရခိုင်သားများကို အမရပူရနန်းတော်သို့ခေါ်ယူကာ **"လှေသင်းသား"** များအဖြစ် အမှုတော်ထမ်းစေခဲ့ခြင်း ဖြစ်သည်။

အမရပူရသို့ ရောက်ရှိသွားကြသော **"ရခိုင်လှေသင်းသား"** တို့သည် မိမိတို့၏ လောင်းလှေလှော်ခတ်မှုအတတ်ပညာကိုလည်း အစွမ်းကုန်ထုတ်ဖော်ပြသကြရသည်။ မင်းသုံးလှေတော်များ၊ လှော်ကားအုပ်စုဝင် လှေတော်များ၊ ရခိုင်တက်ရေး (၃၇) ချင်း၊ လှေလှော်ခြင်းဟန် (၁၂) ပါး စသည်တို့သည် ရခိုင်သားတို့၏ အမွေအနှစ်များပင် ဖြစ်ကြသည်။ အကျယ်ကိုသိရှိလိုပါမူ **"ရက္ခပူရဒွါဒသရာသီဒီပိကာ"** အမည်ရှိ **"ရခိုင့်ဌာနီလရာသီကျမ်း"** တော်သလင်းလ၊ လောင်းလှေပြိုင်ပွဲအခန်းတွင် အကျယ်ဖတ်ရှုနိုင်ပါသည်။

အဆိုပါ လှေသင်းသားများအနက် အမှုတော်မထမ်းလို၍ ထွက်ပြေးပြန်လျှင်လည်း ဘိုးတော်ဗဒုံမင်းသည် ရာဇဝတ်ပြစ်မှုအဖြစ် သတ်မှတ်ကာ အပြစ်ပေးခဲ့သည်။ ထိုသို့ အပြစ်ဒဏ်စီရင်မှုများအတွက် အမိန့်တော်ထုတ်ပြန်ချက်တွင်-

**"ပဌနကိုမြို့စား မင်းရဲမင်းလှကျော်ထင်ကို ရွှေဖဝါးတော်အောက်လာစေ။ ရခိုင်လှေသင်းက ဓညဝတီ၊ ရမ္မာဝတီ၊ ဒွါရာဝတီ၊ မေဃဝတီမြို့များသို့ ထွက်ပြေးသူတို့ကို မြို့ဝန်စစ်ကဲတို့က ရွှေဖဝါးတော်အောက် ပို့လာစေ။ အမိန့်တော် ထုတ်ပြန်၍ရှိသည်ကို မဆက်မပို့ လက်ခံ၍ သိမ်းထားသောကြောင့် နောင်ထွက်ပြေးရပြန်သည်။ ထွက်ပြေးသမျှလူတို့ကို မြို့ဝန်စစ်ကဲတို့က တစ်ယောက်မကျန် တွေ့မိအောင် ဖမ်းခေါ်ပြီး ခြေချင်းတပ်၍ ရွှေဖဝါးတော်အောက် ပို့လာစေ။ မဆက်မပို့နေလျှင် မြို့ဝန်စစ်ကဲတို့ကို ခြေချင်းနှင့် ရွှေဖဝါးတော်အောက်ယူစေ။ ။"** ဟူ၍ တွေ့ရသည်။

(မဍ္ဈိမဒေသအရေးတော်ပုံကျမ်း ဈနှင့် ဈာမှ)

ထို့အပြင် **"ရခိုင်မြို့ရွာများမှာ ကျန်ရှိနေသေးသော မင်းဆွေ၊ မင်းမျိုးများကို စည်ဝတီမြို့ဝန်က သိမ်းဆည်း၍ အမရပူရသို့ပို့ရန်။"** ဟူ၍လည်းကောင်း၊ **"ကျန်ရှိနေသေးသော သူများနှင့် ထွက်ပြေးသူများကို ရခိုင်မြို့ဝန်များက စီရင်။"** ဟူ၍လည်းကောင်း စီရင်ချက်အမျိုးမျိုးကိုလည်း ချမှတ်ခဲ့ကြောင်း တွေ့ရှိရလေသည်။

**ငွေသဖင် (သံတွဲ)**

## ဒွါရာဝတီမှ ဘင်္ဂလားအဝကျွန်းသို့

ဒွါရာဝတီနယ်မြေသားတို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ (ယခင်အရှေ့ပါကစ္စတန်) ရှိ **"ဘင်္ဂလားအဝကျွန်း"** သို့ ထွက်ပြေးရောက်ရှိသွားခဲ့ကြရပုံ သမိုင်းကြောင်းကို ရသလောက် ရှာဖွေတင်ပြသွားမည် ဖြစ်ပါသည်။

အေဒီ-၁၇၈၄-မှ ၁၈၂၄-ထိ (ရခိုင်ကောဇာ-၁၁၄၆-မှ ၁၁၈၆-ထိ)၊ အမရပူရဘိုးတော်ဗဒုံမင်းလက်အောက် နှစ်ပေါင်း (၄၀) ကာလအတွင်း ရခိုင်တစ်မျိုးသားလုံး ခံစားခဲ့ကြရသော ဒုက္ခမှာ ပြောပြ၍ မကုန်နိုင်အောင် ရှိခဲ့ကြ၏။

ဗဒုံမင်းသည် ရခိုင်ပြည်ကို စစ်မကြေညာဘဲ တိုက်ခိုက်သိမ်းပိုက်စေရာတွင် သေဆုံးသွားခဲ့ကြရသော ဝတီလေးရပ် (ဓညဝတီ၊ ဒွါရာဝတီ၊ ရမ္မာဝတီ၊ မေဃဝတီ) ရှိ ရခိုင်သားတို့မှာ အလွန်ပင် များပြားခဲ့ကြ၏။ ဗဒုံမင်း၏ စစ်သည် ရဲမက်တို့သည် နည်းလမ်းပေါင်းစုံကို အသုံးပြုကာ ရခိုင်တို့အား သတ်ဖြတ်ခဲ့ကြကုန်၏။ စာရင်းချ၍မရသော သေဆုံးသူများကို ချန်ထား၍ စာရင်းချ၍ရသော သေဆုံးသူများမှာ ဝတီလေးရပ်စလုံးတွင် လူပေါင်းတစ်သိန်းရှစ်သောင်း (၁၈၀၀၀၀) ခန့် ရှိခဲ့၏။

ဗုဒ္ဓဘာသာဝင် ရခိုင်တစ်မျိုးသားလုံး၏ အသဲနှလုံးပမာ တန်ဖိုးထားခဲ့ကြသည့် သွန်းစက်တော် **"မဟာမုနိ"** ရုပ်ပွားတော်ကြီးနှင့်အတူ သုံ့ပန်းအဖြစ် အမရပူရသို့ ဖမ်းဆီးခေါ်ဆောင်မှုကို ခံခဲ့ကြရသော ရခိုင်သူ၊ ရခိုင်သားတို့မှာ လူပေါင်းနှစ်သိန်းကျော် ရှိခဲ့၏။

ကောဇာ-၁၁၄၉-ခု၊ တပေါင်းလ (အေဒီ-၁၇၈၇-ခု၊ မတ်လ) က ထပ်မံ၍ ဖမ်းဆီးခေါ်ဆောင်မှုကို ခံခဲ့ကြရသော ရခိုင်သူ၊ ရခိုင်သား ရဟန်းရှင်လူများမှာ ခုနစ်ထောင့်ခုနစ်ရာ (၇၇၀၀) ရှိခဲ့ပါသည်။

ကောဇာ-၁၁၅၁-ခု၊ နယုန်လ (ခရစ်အေဒီ-၁၇၈၉-ခု၊ မေလ) ကလည်း လူပေါင်းခြောက်ထောင် (၆၀၀၀) ကို ဗဒုံမင်း၏သစ္စာတော်ခံ ရခိုင်မြို့ဝန် **"နန္ဒပကျော်"** မှတစ်ဆင့် တောင်းခံလာသောကြောင့် ပို့ဆက်ရပြန်သည်။

ယင်းလူပေါင်းခြောက်ထောင်ကို အသုံးပြုရန်ကိစ္စမှာ ထိုင်း (ယိုးဒယား) တို့၏ **"ဇင်းမယ်ဒေသ"** (ယခု-ချင်းမိုင်) ကို စစ်ချီရာတွင် လူလိုနေသဖြင့်ဆိုကာ ရခိုင်တို့အား စစ်ကူတိုက်ပေးရန် ခေါ်ယူခြင်း ဖြစ်သည်။

ဗဒုံမင်း၏သစ္စာတော်ခံ ဗမာမြို့ဝန် နန္ဒပကျော်သေလွန်ပြီးနောက် **"အနောက်ဖက်တိုက်ဝန်"** သည် ကောဇာ-၁၁၅၀-ခု၊ နတ်တော်လ (ခရစ်အေဒီ-၁၇၈၈၊ ဒီဇင်ဘာလ) တွင် ရခိုင်၌ မြို့ဝန်အဖြစ် တာဝန်ထမ်းဆောင်လာသည်။ ယင်းသူလက်ထက် ရခိုင်တို့၏ဝတီလေးရပ်ရှိ ကလေးသူငယ်များကို **"သူငယ်တော်ဆက်ရန်"** ဟုအကြောင်းပြကာ သူငယ်တော်ပေါင်းတစ်ရာ့တစ်ဆယ် (၁၁၀) ကို ဗဒုံမင်းထံသို့ ပို့ဆက်ကြပြန်လေသည်။

**"ဗမာမြို့ဝန်စိန်ဘူး"** သည် ကောဇာ-၁၁၅၇-ခု၊ နတ်တော်လ (ခရစ်အေဒီ-၁၇၉၅-၊ နိုဝင်ဘာလ) တွင် ရခိုင်၌ မြို့ဝန်ပြုလာသည်။ ယင်းသူလက်ထက် မန္တလေးတစ်ဖက်ကမ်းရှိ **"မင်းကွန်းအရပ်"** တွင် **"မင်းကွန်းပုထိုးတော်ကြီး"** ကို တည်ရာ၌ အုတ်လုပ်ရန်နှင့် ပန်းရံစသည်လုပ်ရန်အတွက်ဆိုကာ လူပေါင်းနှစ်ထောင် (၂၀၀၀) တောင်းလာသဖြင့် ပို့ဆက်ကြပြန်သည်။

ယင်းသူ **"စိန်ဘူး"** လက်ထက် ကောဇာ-၁၁၆၂-ခု၊ နတ်တော်လ (ခရစ်အေဒီ-၁၈၀၀-၊ ဒီဇင်ဘာလ) တွင် ထပ်မံ၍ ရခိုင်တို့၏ဝတီလေးရပ်မှ **"သူငယ်တော်သုံးရာ"** (၃၀၀) အထိ ထပ်မံတောင်းဆိုလာသည့်အတွက် ပို့ဆက်ကြပြန်သည်။ ၎င်းနှစ် တပေါင်းလ (မတ်လ) တွင် ထပ်မံ၍ လူတစ်ထောင် (၁၀၀၀) တောင်းလာပြန်သောကြောင့် ပို့ဆက်

ကြပြန်သည်။

ထပ်မံ၍ **"မိတ္ထီလာကန်တော်"** ကို ပြင်ဆင်ပြုလုပ်တော်မူရန်အတွက်ဆိုကာ ရခိုင်တို့၏ ဝတီလေးရပ်မှ လူပေါင်းများစွာကို ဗမာမြို့ဝန်များမှတစ်ဆင့် တောင်းယူကြပြန်သည်။ မိတ္ထီလာကန်တော်ကို ဆည်ဖို့ရာ၌ သေဆုံးသွားခဲ့ကြရသော ရခိုင်သားတို့၏ အရိုးတို့မှာ ယနေ့ထက်တိုင် သမိုင်းသက်သေတည်လျက် ရှိနေပေတော့သည်။

အထက်ဖော်ပြပါအတိုင်း နည်းလမ်းပေါင်းစုံတို့ဖြင့် ညှဉ်းပန်းနှိပ်စက် အနိုင်ကျင့်နေမှုကို ရခိုင်သူ၊ ရခိုင်သားတို့



နှစ်ပေါင်း ၂၀၀ ကျော်က အသုံးပြုခဲ့သော "ရခိုင်ရှေးဟောင်းလောင်းလှေကြီး"

မခံမရပ်နိုင်ဖြစ်နေကြသော်လည်း တော်လှန်ရန် လက်နက်အင်အား၊ လူအင်အား မမျှတသဖြင့် ဘေးလွတ်ရာသို့သာ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါသည်။

ယင်းသို့ တိမ်းရှောင်ခဲ့ကြရာတွင် ဒွါရာဝတီ (ဟိုင်းကြီးကျွန်း-မော်တင်စွန်း နဂါးရစ် (နဂါးနှစ်) အငူမှသည် တောင်စဥ်ခုနစ်ခရိုင်) ရမ္မာဝတီ၊ မေဃဝတီ၊ ဓညဝတီ စသော ဝတီလေးရပ်ရှိ ရခိုင်သူ၊ ရခိုင်သားအပေါင်းတို့မှာ သား၊ မယားနှင့် စားနပ်ရိက္ခာတို့ကို လောင်းလှေကြီးများတွင် တင်ဆောင်၍ ဘင်္ဂလားနယ်မြေထဲသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

ယင်းခေတ်က ရခိုင်လူမျိုးတို့ ဘင်္ဂလားနယ်မြေထဲသို့ ထွက်ပြေးခဲ့ရာ၌ အသုံးပြုခဲ့ကြသော ရခိုင်လောင်းလှေကြီးများမှာ အလျား-၇၂-ပေ၊ အနံ-၂၃-ပေရှိကြောင်း သိရှိရပါသည်။ ဤအကြောင်းကို ၂၀၁၃-ခု၊ ဖေဖော်ဝါရီလ (၂၈) ရက်နေ့ **"နီရဥ္စရာသတင်း"** တွင် **"ဘင်္ဂလားအဝကျွန်းဒေသမှ ရှေးခေတ်ရခိုင်လှေကြီး တူးဖော်မှု အောင်မြင်စွာ ပြီးစီး"** ဟူ၍ ဖော်ပြပါရှိသော သတင်းဆောင်းပါးအရ သိရှိရသည်။

ရခိုင်တို့ ထွက်ပြေးခဲ့ကြရာ၌ အသုံးပြုခဲ့ကြသော အဆိုပါလောင်းလှေကြီးကို **"ဘင်္ဂလားဒေ့ရှ်နိုင်ငံ"**၊ **"ဂင်္ဂါမတီ**

**မြစ်"** အနီးရှိ ပင်လယ်ကမ်းခြေမှ တွေ့ရှိတူးဖော်ခဲ့ကြပြီး ရှေးဟောင်းပစ္စည်းအဖြစ် သမိုင်းပြတိုက်တည်ဆောက်ကာ ပြသထားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဝတီလေးရပ်ရှိ ရခိုင်သူ၊ ရခိုင်သားတို့သည် နယ်မြေဒေသအသီးသီးသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြရာ ဒွါရာဝတီနယ်သားအများစုတို့မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ (ယခင်က အရှေ့ပါကစ္စတန်) ရှိ **"ဘင်္ဂလားအဝကျွန်း"** သို့ အများအပြား ရောက်ရှိသွားခဲ့ကြပါသည်။

## "အဝကျွန်းရှိ သံတွဲသားမော်"

ဘင်္ဂလားအဝကျွန်းတွင် **"သံတွဲသားမော်"** ဟူ၍ သမိုင်းဝင်နာမည်တစ်ခုရှိပါသည်။ ယင်းနာမည်မှာ အကြောင်းမဲ့သက်သက် ပေါ်ပေါက်လာခဲ့သည်မဟုတ်။ ရခိုင်ပြည်ဝတီလေးရပ်မှ ဘင်္ဂလားနယ်မြေထဲသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရာတွင် ဒွါရာဝတီနယ်သူနယ်သားအများစုတို့မှာ အဝကျွန်းနယ်မြေထဲသို့ ရောက်ရှိသွားခဲ့ကြ၏။

ဒွါရာဝတီ (သံတွဲ) နယ်သားတို့ ရောက်ရှိနေထိုင်ရာအရပ်ဒေသတွင် မိမိတို့၏ ဇာတိအရပ်မှာကဲ့သို့ စည်းလုံးညီညွတ်စွာ နေထိုင်ကြလျက် ရိုးရာစဉ်လာမပျက် ရှိခဲ့ကြသည်။ ယဉ်ကျေးမှုကို ထိန်းသိမ်းကာ ဘာသာရေးကိုလည်း အလေးထားအားပေးခဲ့ကြသည်။ အဝကျွန်းနယ်မြေတွင် ဒွါရာဝတီ-သံတွဲနယ်သားအများစုတို့ အခြေချနေထိုင်လာခဲ့ကြသည်ကို အကြောင်းပြု၍ ယနေ့ထက်တိုင် **"သံတွဲသားမော်"** ဟု သမိုင်းတွင်ရစ်ခဲ့ခြင်း ဖြစ်ပါသည်။

## ဒွါရာဝတီ (သံတွဲ) သားတို့ တည်ထားခဲ့ကြသော အဝကျွန်းရှိ "ကပ္ပရာဇာတီကြီး"

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အဝကျွန်းဒေသ၌ တည်ထားကိုးကွယ်လျက်ရှိသော **"ကပ္ပရာဇာတီကြီး"** မှာ ဒွါရာဝတီ (သံတွဲ) သားတို့ ဦးဆောင်တည်ထားခဲ့ကြောင်း သိရှိရသည်။ အဝကျွန်းရောက် ဒွါရာဝတီသားတို့၏ မေ့ပျောက်၍မရနိုင်သော ဘာသာရေးသမိုင်းမှတ်တိုင်ကြီးလည်း ဖြစ်သည်။ ယင်းသမိုင်းအမွေအနှစ်ကို ယနေ့ထက်တိုင် သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်လျက်ပင် ရှိကြသည်။

အဝကျွန်းရောက် ဒွါရာဝတီ (သံတွဲ) သားတို့သည် **"ကပ္ပရာဇာတီကြီး"** ကို တည်ထားပူဇော်နိုင်ခဲ့ကြသည်မှာ ဗုဒ္ဓဘာသာအပေါ် ယုံကြည်မှုသဒ္ဓါအားကောင်းခဲ့ကြ၍ ဖြစ်သည်။

ဒွါရာဝတီ (သံတွဲ) နယ်မြေသားတို့သည် ဗုဒ္ဓဘာသာသက်ဝင်ယုံကြည်မှုကို မည်သည့်အချိန်က စတင်ခဲ့ကြပါသနည်းဟုဆိုလျှင် တတိယဓညဝတီခေတ် (ဘီစီ-၅၆၉-မှ-အေဒီ-၃၂၆-ထိ)၊ စန္ဒာသူရိယမင်းလက်ထက်တော် အခါကာလမှစ၍ ဗုဒ္ဓ၏အဆုံးအမ၌ တည်ခဲ့ကြကုန်၏။ ဗုဒ္ဓဘာသာဝင်များအဖြစ် ခံယူခဲ့ကြကုန်၏။ အဘယ်ကြောင့်ဆိုသော် ယင်းအချိန်က မြတ်ဗုဒ္ဓကိုယ်တိုင် နောက်ပါရဟန္တာငါးရာ (၅၀၀) ခြံရံလျက် ဓညဝတီမြို့တော်မှတစ်ဆင့် ဒွါရာဝတီ (သံတွဲ) မြို့သို့ ကြွရောက်ကာ တန့်တော်မူတောင်၌ ရပ်တန့်၍ ဗျာဒိတ်ပေးတော်မူခဲ့သောကြောင့် ဖြစ်၏။

ရခိုင်ဘုရင် **"စန္ဒာသူရိယမင်း"** မှ (၆) ဆက်မြောက် **"သူရိယစက္ကမင်း"** လက်ထက် (ဘီစီ-၃၁၆-မှ-၂၇၂-ထိ) ဒွါရာဝတီ-သံတွဲမြို့၌ **"ဓမ္မသူရအမတ်ကြီး"** အုပ်ချုပ်နေသော အချိန်ဖြစ်ပါသည်။ ယင်းခေတ်ကာလက အိန္ဒိယ၊ မဇ္ဈိမဒေသ၌ ရဟန္တာအသျှင်သူမြတ်တို့သည် သာသနာ-၂၃၅-ခု၊ (ဘီစီ-၃၀၉) တွင် တတိယသင်္ဂါယနာတင်ခဲ့ကြကုန်၏။ ယင်းသင်္ဂါယနာတင်ပွဲအပြီးတွင် **"အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ရဟန္တာမထေရ်မြတ်ကြီး"** က ရဟန္တာအရှင်မြတ်တို့

အား ကိုးတိုင်းကိုးဌာနသို့ သာသနာပြုရန် စေလွှတ်ခဲ့ပါသည်။

ယင်းအချိန်က **"မဟာသကမဏ္ဍလ"** ဟု အမည်ရသော ရခိုင်ပြည်သို့ သာသနာပြုရန် **"အရှင်မဟာရေဝမထေရ်"** အမှူးပြုသော ပဉ္စဝဂ်သံဃာ (ရဟန္တာမထေရ်မြတ်ငါးပါး) ကြွရောက်လာခဲ့ကြပါသည်။ ရဟန္တာအရှင်မြတ်များနှင့်အတူ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က **"ဗျာဒိတ်"** ထားတော်မူခဲ့သည့်အတိုင်း မြတ်စွာဘုရား၏ သရီရဓာတ်တော် မွေတော်များကိုလည်း ပင့်ဆောင်တော်မူလာခဲ့ကြပါသည်။

သာသနာပြုရဟန္တာမထေရ်မြတ်များက ရခိုင်ဘုရင်သူရိယစက္ကမင်းကြီးအား ဗုဒ္ဓ၏ဓာတ်တော်များကို စနစ်တကျ ပေးအပ်ခဲ့ကြပါသည်။ ထိုအခါ သူရိယစက္ကမင်းကြီးသည် နိုင်ငံအတွင်းရှိ မြို့စားနယ်စားများကို ဆင့်ခေါ်၍ မိမိတို့အုပ်ချုပ်ရာ မြို့ရွာဒေသအသီးသီးတို့၌ မြတ်ဗုဒ္ဓရခိုင်ပြည်သို့ ကြွရောက်တော်မူလာခဲ့စဉ်က ဗျာဒိတ်စကားထားခဲ့သည့်အတိုင်း ဓာတ်တော်များကို ဌာပနာပြုကာ စေတီတော်များကို တည်ထားပူဇော်ရန် တာဝန်ပေးအပ်ခဲ့ပါသည်။

သံတွဲမြို့စား **"ဓမ္မသူရအမတ်ကြီး"** သည်လည်း မိမိအုပ်ချုပ်ရာ ဒွါရာဝတီ-သံတွဲမြို့၌ ဆံတော်, နံတော်, အံတော် အစရှိသော ဓာတ်တော်များကို ဌာပနာပြုကာ သာသနာသက္ကရာဇ်-၂၃၆-ခု၊ (ဘီစီ-၃၀၈) တွင် စေတီတော်များကို တည်ထားပူဇော်ခဲ့ပါသည်။ စေတီတော်များကို တည်စက နွားလားတစ်မော့ (၃-တောင်-၂-မိုက်) (၅-ပေ) ခန့်ရှိကြောင်း ရာဇဝင်လာစကားအရ သိရှိရပါသည်။

ယင်းခေတ် ယင်းကာလမှစ၍ ခေတ်အဆက်ဆက် ဗုဒ္ဓဘာသာအပေါ် ယုံကြည်မှုသဒ္ဓါတ်ခံအားကောင်းခဲ့ ကြသည့်အတွက် ဒွါရာဝတီ-သံတွဲသားတို့မှာ မည်သည့်အရပ်ဒေသကိုပဲရောက်ရောက် ထိုယုံကြည်ကိုးကွယ်မှုကိုတော့ မည်သည့်အခါမျှ စွန့်လွှတ်ကြလိမ့်မည် မဟုတ်ချေ။

ယခုလည်း စစ်ဘေးစစ်ဒဏ်ကြောင့် ဘင်္ဂလားအဝကျွန်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသော်လည်း စည်းလုံး ညီညွတ်စွာဖြင့် ခိုင်မာသော ယုံကြည်မှုကို အခြေခံထားကာ သမိုင်းဝင် **"ကပ္ပရာဇာတီကြီး"** ကို တည်ထားပူဇော်နိုင်ခဲ့ ကြပါသည်။ ရှေးခေတ်ဒွါရာဝတီ-သံတွဲသားတို့၏ တန်ဖိုးမဖြတ်နိုင်သော၊ ခိုင်မာသည့် စိတ်ဓာတ်အမွေအနှစ်ကို နောင် လာနောင်သားတို့က အတုယူသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

## အဝကျွန်းသားများနှင့် ဒွါရာဝတီ

အဝကျွန်းသားတစ်ချို့သည် ဒွါရာဝတီ (သံတွဲ) သားများဖြစ်ကြောင်းကို အထက်ကပြဆိုခဲ့သော အခန်းများကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်။ ဒွါရာဝတီ (သံတွဲ) သားတို့ အဝကျွန်းတွင် အခြေချနေထိုင်လာခဲ့ကြရမှု အင်္ဂလိပ် မြန်မာ ပထမစစ်ပွဲသည် ၁၈၂၄-ခုနှစ်တွင် စတင်ဖြစ်ပွားလာခဲ့သည်။

၁၈၂၅-ခု၊ ဇန်နဝါရီလတွင် အင်္ဂလိပ်စစ်တပ်တို့သည် ကော့ဘဇာ (COXS BAZAAR) သို့ ချီတက်ခဲ့သည်။ ပထမရခိုင်ခံတပ်ဖြစ်သော မောင်တောအနီးသို့ ၁၈၂၅-ခု၊ ဇန်နဝါရီလ (၃၁) ရက်နေ့တွင် ဆိုက်ရောက်လာသည်။ ၄င်းနှစ် မတ်လ (၂၅) ရက်နေ့မှာ စစ်တွေ၊ ကြက်ကိုင်းတန် (KRAY KENG DONG) တွင် တပ်စွဲလာကြသည်။ ယင်းဒေသမှ စစ်ကြောင်းလေးကြောင်းခွဲကာ မြောက်ဦးမြို့ကို ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ကြသည်။ မတ်လ (၂၉) ရက်နေ့မှ (၃၁) ရက် အထိ တိုက်ပွဲအကြီးအကျယ်ဖြစ်ပွားပြီး၊ နောက်တစ်နေ့တွင် အင်္ဂလိပ်တို့ မြောက်ဦးမြို့ကို သိမ်းပိုက်လိုက်ကြသည်။

အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲကို ရန္တပိုစာချုပ်ဖြင့် ၁၈၂၆-ခု၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် အပြီးသတ်ခဲ့သည်။

ယင်းစစ်ပွဲအပြီးတွင် အင်္ဂလိပ်တို့သည် ရခိုင်နှင့် တနင်္သာရီဒေသများကို ရရှိလိုက်ကြသည်။

အင်္ဂလိပ်တို့သည် ရခိုင်တို့၏ မြောက်ဦးမြို့တော်ကို ရခိုင်ပြည်၏မြို့တော်အဖြစ် မသတ်မှတ်တော့ဘဲ၊ လမ်းပန်းဆက်သွယ်မှုနှင့် သွားလာရေးလွယ်ကူပြီး၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးအတွက်ပါ အချက်အချာဖြစ်လာနိုင်စရာရှိသော စစ်တွေကို မြို့တော်အဖြစ် တည်ဆောက်ခဲ့ကြသည်။ ထို့ကြောင့် ၁၈၂၆-ခု နောက်ပိုင်းကာလတွင် စစ်တွေမြို့သည် ရခိုင်ပြည်၏ မြို့တော်ဖြစ်လာခဲ့သည်။

စစ်တွေမြို့၏ဧရိယာမှာ (၆) မိုင် ကျယ်ဝန်းသည်။ ယင်းအချိန်က စစ်တွေမြို့သည် အောက်မြန်မာပြည်တွင် ဒုတိယအကြီးဆုံးမြို့ ဖြစ်လာခဲ့ပြီး၊ မြန်မာတစ်ပြည်လုံးတွင်မူ စတုတ္ထအကြီးဆုံးမြို့ ဖြစ်လာခဲ့သည်။

စစ်တွေမြို့ရှိ ပို့င့်အနီးတွင် **"စံပြရပ်ကွက်"** ဟူ၍ ရပ်ကွက်တစ်ခုဖြစ်ပေါ်လာသည်။ ယင်းစံပြရပ်ကွက်၌ရှိသော အိမ်ထောင်စုတို့မှာ အဝကျွန်းက ပြောင်းရွှေ့လာခဲ့ကြသော သံတွဲသားအမျိုးအနွယ်များဖြစ်ကြောင်း သိရှိရသည်။

အဝကျွန်း၌ အသားသေအနေကျလျက်ရှိသော သံတွဲသားအိမ်ထောင်စုအချို့တို့မှာ ယင်း၌ ကျန်ရစ်ခဲ့ကြပြီး၊ တစ်ချို့တစ်ဝက်သော အိမ်ထောင်စုတို့မှာ စစ်တွေမြို့သို့ ပြောင်းရွှေ့နေထိုင်လာခဲ့ကြခြင်း ဖြစ်သည်။

အဝကျွန်းနယ်မြေက သံတွဲသားတို့သည် အဘယ်ကြောင့် သံတွဲဒေသသို့ ရောက်အောင်မပြန်ဘဲ စစ်တွေမြို့၌သာ အခြေချနေထိုင်ခဲ့ကြပါသနည်းဟု မေးစရာရှိပါသည်။ သံတွဲသားတို့အနေဖြင့် သံတွဲဒေသသို့ ပြောင်းရွှေ့သွားသည့်တိုင်အောင် ဆွေမျိုးသားချင်းတို့မှာ စုံစုံလင်လင် မရှိကြတော့ချေ။ ကျန်လူများမှာလည်း မှတ်မိတော့မည် မဟုတ်ချေ။ မိမိတို့ ပိုင်ဆိုင်နေထိုင်ခဲ့ကြသော အိမ်များမှာလည်း နှစ်ပေါင်းလေးဆယ် (၄၀) ကျော်ကာလ လူသူကင်းမဲ့နေသဖြင့် အမိုးအကာများမှာ မရှိကြတော့ချေ။ အိမ်တိုင်များကိုလည်း နွယ်ပင်များရစ်ပတ်ကာ ခြုံစီးနေတော့၏။ လယ်ယာမြေများမှာလည်း ဇာမနီ (=ဂုံတလိုင်း)၊ ဖောက်ဖီး။ ကျင်းရဲ စသော အပင်များပေါက်ရောက်ကာ တောစီးနေခြင်းတို့ကြောင့် -

**"အိမ်တိုင်နွယ်ရစ်**
**လယ်တောဖြစ်။** ။" ဟူသော ဆိုရိုးစကားဖြစ်ပေါ်လာခဲ့ရသည်။ သံတွဲသားတို့ နေရပ်ကိုပြန်သော်လည်း မထူးတော့ပြီဟု ဆုံးဖြတ်ချက်ချကာ စစ်တွေမြို့ စံပြရပ်ကွက်၌ အခြေချနေထိုင်ခဲ့ကြခြင်း ဖြစ်သည်။ ယင်းအိမ်ထောင်စုများမှာ ရခိုင်ပြည်ထဲသို့ ဒုတိယအသုတ်ဝင်ရောက်လာခဲ့ကြသော အိမ်ထောင်စုများဖြစ်ကြောင်း သိရှိရသည်။ ပထမအသုတ်အနေဖြင့် ရခိုင်ပြည်ထဲသို့ ဝင်ရောက်နေထိုင်လာခဲ့ကြသော သူများမှာ ရခိုင်မြို့ရွာဒေသအနှံ့အပြားသို့ ရောက်ရှိသွားခဲ့ကြကြောင်း သိရှိရပါသည်။

ဤကား ဒွါရာဝတီ (သံတွဲ) နယ်မြေဒေသမှ ရခိုင်သူ၊ ရခိုင်သားတို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘင်္ဂလားအဝကျွန်းသို့ ထွက်ပြေးရောက်ရှိသွားခဲ့ကြရပုံသမိုင်းကြောင်းနှင့်၊ စစ်တွေမြို့ စံပြရပ်ကွက်နေ အိမ်ထောင်စုအချို့တို့သည် ဒွါရာဝတီ (သံတွဲ) နယ်သားများဖြစ်ကြောင်းကို သိရှိနိုင်ကြစေရန် သုတေသနပြုကာ ရေးသားတင်ပြလိုက်ရပေသည်။

**ဒွါရာဝတီ-အသျှင်ကုသလ**

(ကျမ်းကိုးစာရင်း)


(၁) ရခိုင်ရာဇဝင်သစ်ကျမ်း (ဒုတိယတွဲ) - အရှင်စန္ဒမာလာလင်္ကာရ။

(၂) ရက္ခပူရဒွါဒသရာသိဋီကာကျမ်း - ဒွါရာဝတီ-အသျှင်ကုသလ။

(၃) ကျောင်းသုံးမြန်မာရာဇဝင် - ဦးဘာသန်း (BA)။

(၄) စစ်တွေမြို့သမိုင်းအကျဉ်းဆောင်းပါး - မြထွန်းအောင်။

(၅) ရခိုင်သက်ကြီး၊ ဝါကြီးတို့ပြောပြချက်။

(၆) ရမ္မာဝတီ-ပညာစာရ၏ပြောပြချက်။

(၇) ဒွါရာဝတီ-အသျှင်ကုသလမှတ်စု။

(၈) ရှေးဟောင်းရခိုင်လောင်းလှေကြီးဆောင်းပါး - မင်းစောမွန်။

တော်ဝင်ပန်းအနုပညာဂျာနယ်၊ အမှတ်-၁၂၅၊ ၁-ဧပြီလ၊ ၂၀၁၃-ခု။

မြောက်ဦးရွှေမြေမဂ္ဂဇင်း (ရန်ကုန်)

အမှတ် (၁)၊ ၂၀၁၄-ခုနှစ်။

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဖလောင်းချိတ် (ကော့စ်ဘဇား) မြို့၌ ဒွါရာဝတီ (သံတွဲ) ဆရာတော် ဦးလာဘ တည်ထောင်ဆောက်လုပ်ခဲ့သော "အဂ္ဂမေဓာဘုန်းတော်ကြီးကျောင်း"

ဆရာတော်ဦးလာဘသည် သံတွဲမြို့၊ သိမ်ကုန်းကျောင်းတိုက်၌ သီတင်းသုံးတော်မူခဲ့သော ဆရာတော်တစ်ပါး ဖြစ်သည်။ သိမ်ကုန်းကျောင်းဆရာတော် ဦးခင်ကြီး၏ တပည့်ဖြစ်ခြင်းကြောင့် ဆရာတော်ဦးခင်ကြီး ပျံလွန်တော်မူသွားသည့်အခါ သိမ်ကုန်းကျောင်းတိုက်ကို ဆက်လက်အုပ်ချုပ်လာခဲ့သော ဆရာတော်ဖြစ်သည်။

ဆရာတော်ဦးလာဘသည် သံတွဲမြို့၊ သိမ်ကုန်းကျောင်းတိုက်၌ မည်သည့်ခုနှစ်က စတင်၍ နေထိုင်သီတင်းသုံးခဲ့သည်ကိုမူ အတိအကျ မသိရချေ။ ဆရာတော်သည်ကား သာသနာပြုလိုသူ ဆရာတော်တစ်ပါးဖြစ်ခြင်းကြောင့် ဆရာတော်ပြုခဲ့သော သမိုင်းမှတ်တိုင်များကို ရသလောက်ရှာဖွေကာ တင်ပြသွားပါမည်။

ဆရာတော်သည် သံတွဲမြို့၊ သိမ်ကုန်းကျောင်းတိုက်၌ သီတင်းသုံးနေစဉ်ကာလအတွင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဖလောင်းချိတ် (ကော့စ်ဘဇား) မြို့သို့ ကြွရောက်ဖို့ရန် အကြောင်းပေါ်ပေါက်လာခဲ့သည်။ ထို့အပြင် ယင်းမြို့၌ပင် **"အဂ္ဂမေဓာ"** အမည်ရှိသော ဘုန်းတော်ကြီးကျောင်းတစ်ဆောင် ဆောက်လုပ်ဖို့ပါ ကြုံလာခဲ့ရပြန်သည်။

သည်ကိစ္စမှာ အလွန်စိတ်ဝင်စားဖွယ် ကောင်းပါသည်။ ဤအကြောင်းနှင့်ပတ်သက်၍ Maung Than Sein (Maung Sein) ၏ Rakhin ena lak စာအုပ် (၂၀၀၈) ကို မောင်မွန်စော (အနောက်ရိုးမ) က ဘာသာပြန်ဆိုခဲ့ပါသည်။ (၁)

အဆိုပါ ဘာသာပြန်ဆောင်းပါးထဲမှ သံတွဲဆရာတော်ဦးလာဘနှင့် **"အဂ္ဂမေဓာဘုန်းတော်ကြီးကျောင်း"** ဆက်စပ်မှုရှိခဲ့ကြပုံ သမိုင်းကြောင်းကို အများပြည်သူသိရှိနိုင်ကြစေရန် ကောက်နုတ်တင်ပြသွားပါမည်။

အဂ္ဂမေဓာကျောင်းသည် ဖလောင်းချိတ်မြို့ တည်ထောင်စကပင် တည်ရှိလာခဲ့သော ဘုန်းတော်ကြီးကျောင်း ဖြစ်သည်။ အဆိုပါကျောင်းမှာ သက်တမ်းအရှည်ကြာဆုံးနှင့် အခမ်းနားဆုံးသော ကျောင်းလည်း ဖြစ်သည်။ ဤကျောင်းကြီးသည် ဆိုးရွားလှသော သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို အကြိမ်ပေါင်းများစွာ တွေ့ကြုံခံစားခဲ့ရသည်။

သို့သော်လည်း လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်ခန့်က ရခိုင်ပြည်မှ ပြိုင်းသစ် (ပျဉ်းကတိုးသစ်) များကို အသုံးပြု၍ တည်ဆောက်ထားသဖြင့် အမျိုးမျိုးသော လေပြင်းမုန်တိုင်းဒဏ်ကို ကြံ့ကြံ့ခံနိုင်ခဲ့သည်။

ဗုဒ္ဓဆင်းတုတော်များအနေဖြင့် ကျောက်ဆင်းတု၊ သစ်သားဆင်းတု၊ ကြေးဆင်းတု စသည်ဖြင့် စုံလင်သလို၊ ဉာဏ်တော်အရွယ်အစားမှာလည်း အမျိုးမျိုးရှိကြသည်။ ယင်းဆင်းတုတော်များကို ရခိုင်ပြည်နှင့် မြန်မာပြည်နေရာအနှံ့ အပြားမှ ပင့်ဆောင်တော်မူကာ ဤကျောင်းကြီး၌ ကိုးကွယ်ပူဇော်ထားရှိသည်။

ထို့အပြင် ဤကျောင်း၌ ရခိုင်စာပေသမိုင်းအတွက် အလွန်တန်ဖိုးကြီးမားသော မြောက်ဦးမြို့တည်တံဆိပ်ခတ်ကျမ်း (ပေမူ) နှင့် ထောင်တည်မော်ကွန်း (ပေမူ) တို့ရှိကြသည့်အပြင် တစ်ခြားသော ရခိုင်နှင့်ဆိုင်ရာ ပေ၊ ပုရပိုက်တို့မှာလည်း များစွာစုဆောင်းထားရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ ရပ်နီးရပ်ဝေးမှ ဗုဒ္ဓဘာသာဝင်များ၊ ဘုရားဖူးဧည့်သည်များ၊ ကမ္ဘာလှည့်ခရီးသွားများ ဤကျောင်းသို့ လာရောက်ကြကာ ဖူးမျှော်ပူဇော်လေ့ရှိကြသည်။ အဆိုပါ ဘုန်းတော်ကြီးကျောင်းမှာ ဖလောင်းချိတ်ဒေသ၌ ဗုဒ္ဓသာသနာ

---


(၁) ဝံသရက္ခိတမဂ္ဂဇင်း၊ အတွဲ (၄)၊ အမှတ် (၂)၊ ၂၀၁၀-ခု၊ အောက်တိုဘာလ။



ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဖလောင်းချိတ် (ကော့စ်ဘဇား) မြို့ရှိ ဒွါရာဝတီ (သံတွဲ) ဆရာတော် ဦးလာဘ
တည်ထောင်ဆောက်လုပ်ခဲ့သော "အဂ္ဂမေဓာဘုန်းတော်ကြီးကျောင်းမုစ်ဦး"

ထွန်းလင်းစည်ပင်အောင် သာသနာပြုခဲ့သော ရှေးအကျဆုံး ဘုန်းတော်ကြီးကျောင်းအဖြစ် ဂုဏ်ကျက်သရေဝင့်ထည်စွာ တည်ရှိနေသည်။

ရှေးအခါက ဤကျောင်းကြီးသည် ပရိယတ္တိဆိုင်ရာ ဗုဒ္ဓစာပေများကို ဖြန့်ဖြူးပေးရာ ဗဟိုဌာနတစ်ခုလည်း ဖြစ်ခဲ့ပါသည်။ ကိုရင်သာမဏေများနှင့် ရဟန်းသံဃာတော်များအား စာပေပရိယတ္တိများကို သင်ကြားပေးသည့်အပြင် ရခိုင်ကလေးသူငယ်များကိုလည်း အခြေခံရခိုင်ဘာသာစကားကို သင်ကြားပေးလျက် ရှိသည်။



ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဖလောင်းချိုတ် (ကော့စ်ဘဇား) မြို့ရှိ ဒွါရာဝတီ (သံတွဲ) ဆရာတော် ဦးလာဘ
တည်ထောင်ဆောက်လုပ်ခဲ့သော "အဂ္ဂမေဓာဘုန်းတော်ကြီးကျောင်း"

ဖလောင်းချိုတ်မြို့၌ အဂ္ဂမေဓာကျောင်းကြီးအပါအဝင် မြစ်နားကျောင်း၊ ပိဋကတ်ကျောင်း၊ သိမ်ကျောင်း၊ စေတီရင်း ကျောင်း၊ တောကျောင်း ဟူ၍ ကျောင်းများလည်း ရှိကြပါသေးသည်။

သာသနာသက္ကရာဇ်-၂၄၄၄-ခု၊ ရခိုင်ကောဇာ-၁၂၆၀-ခု (ခရစ်အေဒီ-၁၈၉၈) က သံတွဲမြို့၊ သိမ်ကုန်းကျောင်း ဆရာတော်ဦးလာဘသည် အဂ္ဂမေဓာကျောင်းသို့ ကြွရောက်ခဲ့ပါသည်။ ဤကျောင်းကြီးကို ပြန်လည်တည်ဆောက်ရန် လိုအပ်သည်ဟု ဆရာတော်က ယူဆသဖြင့် ဥပသကာတစ်ဦးဖြစ်သော သော်ဒလီ-ဦးမဲရှိနှင့် ဆွေးနွေးတိုင်ပင်လျက်

ဆရာတော်သည် သံတွဲမြို့မှ ပြိုင်းသစ်များကို သင်္ဘောဖြင့် ပြည့်စုံလုံလောက်စွာ တင်ယူလာခဲ့ပါသည်။

ဆရာတော်ဦးလာဘ၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် ပင်မသစ်သားကျောင်းဆောင်ကြီးကို တည်ဆောက်ခဲ့သည်။ ဤသို့ ကျောင်းဆောင်သစ်ဆောက်လုပ်နေစဉ်အတွင်း သံတွဲမြို့မှ ဒကာ, ဒကာမများက ဆရာတော်ဦးလာဘအား သံတွဲမြို့သို့ ပြန်လည်ကြွရောက်သီတင်းသုံးတော်မူပါရန် အကြိမ်ကြိမ်တောင်းပန်လျှောက်ထားခဲ့ကြသည်။

ဆရာတော်သည် သံတွဲမြို့မှ ဒကာ, ဒကာမတို့၏ အသနားခံတောင်းပန်လျှောက်ထားမှုကို လက်ခံတော်မူကာ ကျောင်းဆောက်လုပ်ရေးလုပ်ငန်းတာဝန်အရပ်ရပ်တို့ကို တပည့်ဖြစ်သူ **"ဆရာတော်ဦးဇဝန"** ထံသို့ လွှဲပြောင်းပေးအပ်လိုက်သည်။ ထို့နောက် ဆရာတော်သည် သံတွဲမြို့သို့ ပြန်မကြွမီ **"ကပ္ပတိန်-ဦးမောင်ဖြူ"** နှင့် တိုင်ပင်ကာ ဆောက်လုပ်ပြီး ကျောင်းဆောင်သစ်အား **"ဂဏသံဃိကစနစ်"** အရ ဘိက္ခုသံဃအဖွဲ့အစည်းသို့ ပေးအပ်လှူဒါန်းခဲ့သည်။

ဤစနစ်၌ ပြဋ္ဌာန်းထားသော စည်းကမ်းချက်များအရ ဤကျောင်းကြီးအား ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားအောင် သာသနာပြုရန်အတွက် အားလုံးသော ဗုဒ္ဓဘာသာဝင်တို့က အနှောင့်အယှက်အတားအဆီးမရှိ လွတ်လပ်စွာ အသုံးပြုခွင့်မရှိပါ။ သို့စေကာမူ မည်သည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကမျှ မိမိတစ်ဦးတည်းပိုင်အဖြစ် အသုံးပြုခွင့်မရှိပါ။ မည်သို့သော အခြေအနေ၌ဖြစ်စေ မည်သူတစ်ဦးတစ်ယောက်ထံသို့မျှ တစ်ဦးတည်းပိုင်အဖြစ် လွှဲပြောင်းပေးအပ်ခြင်း မရှိစေရပါ။

ဤစည်းကမ်းချက်များကို အနာဂတ်ကာလ သားစဉ်မြေးဆက်အားလုံးတို့က လိုက်နာကျင့်သုံးကြရမည် ဖြစ်ပါသည်။ ဤကဲ့သို့ သံဃအဖွဲ့အစည်းထံသို့ အပ်နှင်းလှူဒါန်းပွဲ ကျင်းပပြုလုပ်ပြီးနောက် ဆရာတော်ဦးလာဘသည် သံတွဲမြို့သို့ ပြန်လည်ကြွရောက်တော်မူခဲ့သည်။ ကျောင်းအရေးကိစ္စအဝဝနှင့် စပ်လျဉ်းသော တာဝန်အရပ်ရပ်ကို ဆရာတော်ဦးဇဝနထံ လွှဲအပ်ထားခဲ့သည်။

သို့ဖြစ်၍ ဖလောင်းချိတ်မြို့ရှိ ဆရာတော်ဦးလာဘတည်ထောင်ဆောက်လုပ်ခဲ့သော **"အဂ္ဂမေဓာကျောင်းကြီး"** သည် ပြည်တွင်းပြည်ပဧည့်သည်အာဂန္တုများအတွက် အလှပဆုံး၊ အသပ္ပာယ်ဆုံးနှင့် ကြည်ညိုဖွယ်ရာအဖြစ်ဆုံး ဘုန်းတော်ကြီးကျောင်းအဖြစ် ရပ်တည်လျက် ရှိနေသည်။ ဤကျောင်းတော်ကြီး၏ ပဓာနနာယကဆရာတော်များအဖြစ် ဦးဇဝန၊ ဦးသုမန၊ ဦးကေတုမာလာတို့ အစဉ်အတိုင်း ကျောင်းထိုင်အုပ်ချုပ်ခဲ့ကြသည်။ ထိုဆရာတော်များအားလုံးသည် **"ဒွါရာဝတီ-သံတွဲဆရာတော် ဦးလာဘ"** ၏ တပည့်ရဟန်းတော်များ ဖြစ်ကြသည်။ ၁၉၄၈-ခုနှစ်မှစ၍ နောက်ပိုင်းကာလများတွင် ဆရာတော်ဦးကောသလ္လ၊ ဆရာတော်ဦးပဏ္ဍိတတို့ အစဉ်အဆက် စီမံအုပ်ချုပ်လာခဲ့ကြောင်း သိရှိရပါသည်။

## "ဒွါရာဝတီ (သံတွဲမြို့) က ဆရာတော်ဦးလာဘအကြောင်း စနောက်ဆက်တွဲ"

ဆရာတော်ဦးလာဘသည် ဒွါရာဝတီ-သံတွဲမြို့က ဒကာ,ဒကာမများ၏ အကြိမ်ကြိမ်တောင်းပန်လျှောက်ထားမှုကြောင့် ခရစ်အေဒီ-၁၈၉၉-ခု၊ ရခိုင်ကောဇာ-၁၂၆၁-ခုနှစ်တွင် ဒွါရာဝတီ-သံတွဲမြို့သို့ ပြန်လည်ကြွရောက်ကာ သိမ်ကုန်းကျောင်း၌ သီတင်းသုံးတော်မူခဲ့ပါသည်။

သံတွဲမြို့၊ သိမ်ကုန်းကျောင်း၌ ဆရာတော်ဦးလာဘ သီတင်းသုံးတော်မူပြီး(၉) နှစ်မြောက်အကြာ သာသနာ-၂၄၅၁-ခု၊ ခရစ်အေဒီ-၁၉၀၇-ခု၊ ရခိုင်ကောဇာ-၁၂၆၉-ခု၊ တပေါင်းလဆန်း (၇) ရက်၊ တနင်္ဂနွေနေ့တွင် သိမ်ကုန်းကျောင်းတိုက်ရှိ **"အတုလကျောင်းတော်ကြီး"** ကို ဇေတဝန်ခေါင်ပုံစံဖြင့် တည်ထောင်ဆောက်လုပ်ခဲ့ပြန်ပါသည်။ ကျောင်းတော်

ကြီး၏ ဆောက်လုပ်မှုကုန်ကျစရိတ်မှာ **"၆၃၈၄-ကျပ်"** ဖြစ်ကြောင်း မှတ်တမ်းအရသိရှိရသည်။

ဆရာတော်ဦးလာဘ တည်ထောင်ဆောက်လုပ်ခဲ့သည့် **"အတုလကျောင်းတော်ကြီး"** နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်ပွဲကို ၁၃၆၉-ခု၊ တပေါင်းလဆန်း (၇) ရက်၊ တနင်္ဂနွေနေ့တွင် ကျင်းပပြုလုပ်ခဲ့စဉ်က စာရေးသူသည် ညတရားပွဲနှင့် နေ့တရားပွဲနှစ်ပွဲကို ဟောကြားချီးမြှင့်ခဲ့ရပါသေးသည်။ ယင်းအချိန်က ကျောင်းတော်ကြီးဆောက်လုပ်ပြီးစီးသော နှစ်နှင့် ကုန်ကျမှုစရိတ်ကို သံပေါက်ကဗျာရေးစပ်၍ မှတ်တမ်းတင်ပေးခဲ့ပါသည်။ ယင်းသံပေါက်ကဗျာမှာ အောက်ပါအတိုင်းဖြစ်သည်။

* နဝါနှင့်ဆ၊ ဒွေ-ဧက၊ အတုလကျောင်းတော်ကြီးဆောက်လုပ်ပြီး။
(ရခိုင်ကောဇာ-၁၂၆၉-ခုနှစ်တွင် တည်ထောင်ဆောက်လုပ်ခဲ့ပါသည်။)
* စတု-အဌ၊ တြိ-ဆ၊ အတုလကျောင်းတော်ကြီးတန်ဖိုး-ဂဏန်းထိုး။
(အတုလကျောင်းတော်ကြီးဆောက်လုပ်မှု ကုန်ကျစရိတ်မှာ ၆၃၈၄-ကျပ် ဖြစ်ပါသည်။)

ဆရာတော်ဦးလာဘသည် သံတွဲမြို့၊ သိမ်ကုန်းကျောင်းတိုက်၌ သီတင်းသုံးနေတော်မူပြီး သာသနာတော်အတွက် များစွာအလုပ်လုပ်တော်မူသွားခဲ့ပါသည်။ ဆရာတော်သည် သံတွဲမြို့တစ်ဘက်ကမ်းရှိ အံတော်ကျေးရွာ ဒကာ,ဒကာမ များနှင့် တိုင်ပင်ကာ သမိုင်းဝင်အံတော်စေတီတော်မြတ်ကြီး၌ သာသနာ-၂၄၅၈-ခု၊ ခရစ်အေဒီ-၁၉၁၄-ခု၊ (ပထမကမ္ဘာစစ်ကြီးဖြစ်သောနှစ်)၊ ရခိုင်ကောဇာ-၁၂၇၆-ခု၊ ကဆုန်လဆန်း (၂) ရက်နေ့တွင် ကြေးပိဿာချိန် (၁၄၀) ရှိသော ကြေးခေါင်းလောင်းကြီးတစ်လုံးကို လှူဒါန်းတော်မူခဲ့ပါသည်။ ကြေးခေါင်းလောင်း၏တန်ဖိုးငွေမှာ (၄၁၀) ကျပ်ဖြစ်ကြောင်း ခေါင်းလောင်းစာအရ သိရှိရပါသည်။ ယင်းခေါင်းလောင်းစာမှာ အောက်ပါအတိုင်းဖြစ်သည်။

**"သက္ကရာဇ်-၁၂၇၆-ခုနှစ်၊ သံတွဲမြို့သိန်ကုံးကျောင်း၌ သွင်းသုံးနေသော ဆရာတော်ဦးလာဘသည် ရပ်ရွာကို တရားသဖြင့် နှိုးဆော်၍ အံတော်ရွာ တကာ၊ တ္တါမတို့နှင့်တကွ ကြီးချိန် ၁၄၀၊ အဖိုးငွေ ၄၁၀ိ ကဆုံလ္ဆန်း ၂ ရက်နေ့ ပူဇော်သည် ကောင်းမှုနိဗ္ဗာန်ဆု သာဓု သာဓု နပ်လူခေါ်စေသြော်။"**
(မှတ်ချက်)

စာလုံးပေါင်းသတ်ပုံမှာ ခေါင်းလောင်းပါစာအတိုင်း ဖြစ်ပါသည်။ ။

ဤကား ဒွါရာဝတီ-သံတွဲမြို့၊ သိမ်ကုန်းကျောင်းတိုက်၌ သီတင်းသုံးနေထိုင်တော်မူသွားခဲ့သော ဆရာတော်ဦးလာဘနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဖလောင်းချိတ်မြို့မှ **"အဋ္ဌမေဓာဘုန်းတော်ကြီးကျောင်း"** နှင့် ဆက်စပ်ခဲ့ပုံသမိုင်းကြောင်းအပြင် ထိုဆရာတော်၏ နောက်ဆက်တွဲ သာသနာပြုသမိုင်းပုံရိပ်များကို ခြေရာကောက်နိုင်ကြစေရန် ရေးသားတင်ပြလိုက်ရပေသည်။

**ဒွါရာဝတီ-အသျှင်ကုသလ**

## ဒွါရာဝတီနှင့် ရန္တပိုစာချုပ်

**"ရခိုင်တို့၏ ဒွါရာဝတီ"** စာအုပ်၌ **"ရန္တပိုစာချုပ်"** ကို မဖော်ပြလျှင် ပြည့်စုံမည်မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် အင်္ဂလိပ်သိမ်းပိုက်ပြီး ရခိုင်တို့၏ နယ်မြေအပိုင်းအခြားနှင့် အင်္ဂလိပ်မသိမ်းပိုက်ရသေးသော ဗမာတို့၏ နယ်မြေအပိုင်းအခြားကို တိကျမှန်ကန်စွာ သတ်မှတ်ပြီး ဗမာနှင့် အင်္ဂလိပ် နှစ်ဘက်သဘောတူစာချုပ်ဖြစ်နေသောကြောင့်တည်း။ ယင်းစာချုပ်အရ ရခိုင်သည် အင်္ဂလိပ်တို့၏ သိမ်းပိုက်ခံနယ်မြေအဖြစ်သို့ ရောက်ရှိနေပြီဖြစ်၏။ ထို့ကြောင့် ရခိုင်တောင်ပိုင်း **"ဒွါရာဝတီနယ်နိမိတ်အဆုံး"** သည် ရခိုင်တို့၏ မူလပိုင်ဆိုင်ခဲ့သော နယ်မြေအပိုင်းအခြားဖြစ်ခြင်းကြောင့် ယင်းနယ်မြေကို အင်္ဂလိပ်တို့က သိရှိလိုသဖြင့် စာချုပ်ချုပ်ခဲ့ကြခြင်း ဖြစ်သည်။ ယင်းစာချုပ်ကို **"ရန္တပိုစာချုပ်"** ဟူ၍ သမိုင်းတွင်ရစ်သည်။

ရန္တပိုစာချုပ်ကို ခရစ်အေဒီ-၁၈၂၆-ခု၊ ဖေဖေါ်ဝါရီလ (၂၄) ရက်၊ ရခိုင်,မြန်မာသက္ကရာဇ်-၁၁၈၇-ခု၊ တပေါင်းလပြည့်ကျော် (၄) ရက်နေ့ အင်းဝမြို့ပေါင်းမှတောင်ဘက် မိုင် (၄၀) အကွာ **"ရန္တပိုရွာ"** တွင် စစ်ပြေငြိမ်းစာချုပ်ကို ရခိုင်၊ အင်္ဂလိပ်၊ ဗမာတို့ ချုပ်ဆိုခဲ့ကြပေသည်။ ရန္တပိုစာချုပ်ကို အကြောင်းအရာ (၁၃) ချက်ဖြင့် ချုပ်ဆိုခဲ့ကြခြင်း ဖြစ်သည်။

စစ်ပြေငြိမ်းစာချုပ်ကို ချုပ်ဆိုစဉ်က ပါဝင်ခဲ့ကြသော သူများမှာ ဗမာဘက်က စကားပြန်အဖြစ် ဆရာယုဒသန် (Dr. Judson) နှင့် ဆရာပရိုက်စ် (Price) တို့က ဆောက်ရွက်ပြီး၊ လယ်ကိုင်းမြို့စားဝန်ကြီး မင်းကြီးမဟာမင်းလှကျော်ထင်၊ ကျီဝန်အတွင်းဝန်မင်းကြီး မဟာမင်းလှသီဟသူတို့ ဖြစ်ကြပါသည်။

အင်္ဂလိပ်ဘက်က အရေးပိုင်ဗိုလ်မှူးမင်းကြီး အာစီဘော်လ်ကင်းဘဲလ် (အာစိဘောကမ္ဗ), အရေးပိုင်ရော်အစ်စံ (ရောအစ်စံ), အင်္ဂလိပ်တိုက်သမ္ဘန်များကို အုပ်စိုးသော မင်းခပ် (မင်းလတ်) တို့ ပါဝင်ခဲ့ကြသည်။ အကြောင်းအရာ (၁၃) ချက်ပါဝင်သော **"ရန္တပိုစာချုပ်"** ကို အောက်ပါအတိုင်း သဘောတူချုပ်ဆိုခဲ့ကြလေသည်။

(ပထမ) အင်္ဂလိပ်မင်းနှင့် မြန်မာဘုရင်တို့သည် စစ်ပြေငြိမ်း၍ မိတ်သဟာယ အစဉ်အဆက်ဖြစ်စေ။

(ဒုတိယ) မြန်မာဘုရင်က အာသံပြည်မြို့ရွာ, အက္ကာဘတ်ပြည်, ဝေသာလီပြည်တို့ကို အစိုးမပိုင်၊ နောက်တစ်ဖန် မစီရင်ရ။ မဏိပူရမြို့မှာလည်း ဂမ္ဘီရရှိန်တို့သည် မိမိပြည်သို့ပြန်၍ မင်းပြုလုပ်လိုလျှင် မြန်မာရှင်ဘုရင်က အဆီးအတားအနှောင့်အယှက် မပြုနေစေရမည်။

(တတိယ) နောက်တစ်ဖန် ပြည်ကြီးနှစ်ပြည် အပိုင်းအခြားကို ငြင်းခုံရန် အကြောင်းမရှိအောင် အင်္ဂလိပ်မင်းသည် တိုက်၍အောင်ခဲ့သော ရခိုင်, ရမ်းဗြဲ, မာန်အောင်, သံတွဲတည်းဟူသော ရခိုင်ပြည်ကြီးကို အစဉ်ယူ၍ မြန်မာရှင်ဘုရင်က အစိုးမပိုင်ရ။ ရိုးမဘိုးခေါင်တောင်တန်း, မော်တင်စွန်းစေတီကြီးအထိစပ်ကြား အပိုင်းအခြားဖြစ်စေ။ နောက်မှ အပိုင်းအခြား ငြင်းခုံရန်ရှိလျှင် အင်္ဂလိပ်မင်း, မြန်မာမင်းက ခန့်ထားသော သူတို့သည် အထက်နယ်နိမိတ်အတိုင်း မှန်ကန်အောင် စီရင်စေ။ ခန့်ထားသော သူတို့လည်း အရာရှိမှူးမတ်သူကောင်းဖြစ်စေရမည်။

(စတုတ္ထ) မြန်မာရှင်ဘုရင်သည် အင်္ဂလိပ်မင်းကို ရေး, မြိတ်, ထားဝယ်, တနင်္သာရီ မြို့ရွာနယ်နိမိတ် တောင်ကမ်းကျွန်းများနှင့်တကွ အပိုင်ပေးရမည်။ သံလွင်မြစ် အပိုင်းအခြား ဖြစ်ရမည်။ နောင်မှ အပိုင်းအခြား ငြင်းခုံရန်ရှိလျှင် အထက်ဆိုခဲ့ပြီးသည့်အတိုင်း စီရင်စေ။

(ပဥ္စမ) မြန်မာဘုရင်သည် ပြည်ကြီးနှစ်ပြည် အစဉ်မိတ်သဟာယ ဖွဲ့စေချင်သော စေတနာအလို ထင်ရှားရှိစေခြင်းငှာ အင်္ဂလိပ်က စစ်တိုက်၍ ကုန်ကျစရိတ်အနက် အနည်းငယ်ပြေရအောင် ကျပ်သုံးဒင်္ဂါးပြားရေ တစ်ကုဋေ ပေးရမည်။

(ဆဋ္ဌမ) ယခုစစ်တိုက်ကြသည့်အတွက် ကုလားဘက်သို့ ဝင်စားသော မြန်မာရှင်ဘုရင် ကျွန်၊ မြန်မာဘက်သို့ ဝင်စားသော ကုလားတို့မှာ အလိုလို ဝင်စားသည်ဖြစ်စေ၊ အနိုင်ဝင်စားရသည်ဖြစ်စေ၊ အဘယ်သူမျှ တစ်ဖက်ဖက်သို့ ဝင်စားသည့်အတွက် ရာဇဝတ်မခံ အနှောက်အယှက် မရှိစေရ။

(သတ္တမ) ပြည်နှစ်ပါး ယခုဖွဲ့သော မိတ်သဟာယဖြစ်စေရအောင် အင်္ဂလိပ်မင်းခန့်ထားသော အရာရှိတစ်ယောက်၊ အခြွေအရံ-၅၀၊ လက်နက်အစုံနှင့် မြန်မာမင်းမြို့တော်တွင် နေစေရမည်။ မြန်မာမင်းခန့်ထားသော အရာရှိတစ်ယောက်၊ အခြွေအရံ-လူ ၅၀၊ လက်နက်အစုံနှင့် ကုမ္ပဏီဘုရင်မြို့တော်မှာ နေစေရမည်။ ကုလားပြည်မှာနေသော မြန်မာ၊ မြန်မာပြည်မှာနေသော ကုလားတို့က မိမိတို့နေရန်ဖို့ အတော်အသင့် တိုက်အိမ်ကို ဝယ်လိုလျှင် ဝယ်နေစေ၊ အသစ်လုပ်လိုလျှင် တည်လုပ်စေ။ ၎င်းနိုင်ငံနှစ်ပါး အကျိုးစီးပွားဖြစ်စေခြင်းငှာ ရွှေလမ်း၊ ငွေလမ်းဖွင့်၍ အချင်းချင်း ဖောက်ကားရောင်းဝယ်ခြင်း အမှုအရေးများနှင့် စပ်ဆိုင်သော စာချုပ်ကိုထား၍ လုပ်စေရမည်။

(အဋ္ဌမ) စစ်မရှိ မတိုက်မီ ကြွေးဟောင်းမြီဟောင်းရှိသမျှ မင်းအရာရှိဆိုင်သည်ဖြစ်စေ၊ ဆင်းရဲသားဆိုင်သည်ဖြစ်စေ သစ္စာကတိရှိသည့်အတိုင်း ကုန်စင်အောင် ဆပ်ပေးစေရမည်။ ကြွေးတင်သည့်နောက် စစ်ဖြစ်သည်ဆို၍ မကပ်မခိုစေရ။ စစ်တိုက်သည့်အမှုကြောင့် ကုလားဖြစ်စေ၊ မြန်မာဖြစ်စေ အဘယ်သူမျှ သူ့ဥစ္စာကို အသိမ်းအယူမရှိစေရ။ အင်္ဂလိပ်ဘုရင် ကျွန်ဖြစ်သူတို့ မြန်မာနိုင်ငံတွင် သေ၍၊ အမွေခံမရှိလျှင် ကျန်ရစ်သော ဥစ္စာပစ္စည်းဟူသမျှကို မြန်မာမင်းနိုင်ငံတွင်နေသော အင်္ဂလိပ်မင်းအရာရှိလက်သို့ ကုလားဖြူတို့ ထုံးစံအတိုင်း အပ်ရမည်။ ထိုနည်းအတူ အင်္ဂလိပ်နိုင်ငံတွင် မြန်မာရှင်ဘုရင် ကျွန်ဖြစ်သူတို့သေ၍ အမွေခံမရှိလျှင် ကျန်ရစ်သော ဥစ္စာပစ္စည်းရှိသမျှကို အင်္ဂလိပ်နိုင်ငံတွင်နေသော မြန်မာမင်းအရာရှိလက်သို့ အပ်ရမည်။

(နဝမ) အင်္ဂလိပ်သင်္ဘောများတို့က မြန်မာသင်္ဘောဆိပ်သို့ရောက်လျှင် တက်မချွတ်၊ အမြောက်မချဘဲ အင်္ဂလိပ်မင်းမြို့သို့ ဆိုက်ရောက်သော မြန်မာသင်္ဘောနေသကဲ့သို့ အနှောင့်အယှက်မရှိ နေစေရမည်။

(ဒသမ) အင်္ဂလိပ်မင်းနှင့် မိတ်သဟာယ စာချုပ်ကို မြန်မာရှင်ဘုရင်ဖွဲ့သော် ယိုးဒယားရှင်ဘုရင်က အင်္ဂလိပ်ဘက်သို့ စစ်ကူဝင်စားသည်မှာ ယခုလုပ်ကြသော မိတ်သဟာယစာချုပ်အဝင်ဖြစ်သည်ကို မှတ်ရမည်။

(ဧကဒသမ) ယခုလုပ်သော မိတ်သဟာယစာချုပ်ကို မြန်မာဘုရင်ခန့်ထားအပ်သော အရေးပိုင်သံတမန်တို့က လက်မှတ်တံဆိပ်ခတ်နှိပ်ရမည်။ ချုပ်နှောင်၍ထားသော အင်္ဂလိပ်၊ အမေရိကန် အစရှိသော ကုလားဖြူ ကုလားနက်ရှိသမျှတို့ကို အင်္ဂလိပ်အရေးပိုင် သံတမန်တို့ဘက်သို့ အပ်ရမည်။

(ဒွါဒသမ) အိန္ဒိယတိုင်းကို အစိုးရသော ကုမ္ပဏီဘုရင်က ဝန်ခံ၍ လက်မှတ်တံဆိပ်ခတ်နှိပ်သော စာချုပ်ကို ၄င်းလအတွင်း မြန်မာဘုရင်လက်သို့ ပြန်အပ်ရမည်။ ချုပ်လှောင်၍ထားသော မြန်မာလူရှိသမျှတို့ကို ဘင်္ဂလားပြည်မှ အလျှင်အမြန်ခေါ်၍ မြန်မာမင်းလက်သို့ အပ်ရမည်။

(တေရသမ) အင်္ဂလိပ်အရေးပိုင် သံတမန်တို့က စစ်ငြိမ်းစေချင်သော စေတနာအလို ထင်ရှားစေရအောင်လည်းကောင်း၊ အထက်ပဥ္စမအချက်၌ ပါလေသည့်အတိုင်း မြန်မာရှင်ဘုရင်က ရူပီဒင်္ဂါးပြားရေ တစ်ကုဋေကို ပေးရမည်

ဆိုသော် အလွယ်တကူရအောင် ၄င်းရူပီဒဂါးတစ်ကုဋေမှာ မြန်မာအချိန်ငွေကောင်း (၇၅၀၀၀၀၀) ခုနစ်သန်း၊ ငါးသိန်းတွင် လေးပုံတစ်ပုံတည်းဟူသော ငွေ (၁၈၅၀၀၀၀) တစ်သန်း၊ ရှစ်သိန်း၊ ငါးသောင်းကို ပေးပြီးမှ အင်္ဂလိပ်တပ်က ရန်ကုန်မြို့တိုင်အောင် ဆုတ်သွားလိမ့်မည်။ ယနေ့မှစ၍ အရက်တစ်ရာအတွင်း (၁၈၅၀၀၀၀) တစ်သန်း၊ ရှစ်သိန်း၊ ငါးသောင်းကို ထပ်၍ပေးလျှင် အင်္ဂလိပ်တပ်က မြန်မာနိုင်ငံထဲက အလျင်အမြန် ထွက်သွားလိမ့်မည်။ ကျန်သောငွေနှစ်ပုံမှာ ယနေ့မှစ၍ တစ်နှစ်အတွင်း တစ်ပုံကိုလည်းကောင်း၊ နှစ်နှစ်အတွင်း တစ်ပုံကိုလည်းကောင်း မြန်မာနိုင်ငံတွင်နေရသော အင်္ဂလိပ်မင်းအရာရှိထံသို့ ပေးရမည်။ (၁) (၂)

အထက်ပါအတိုင်း တစ်ဆယ့်သုံးချက်ပါသော မဟာမိတ်စာချုပ်ပြုလုပ်၍ အင်္ဂလိပ်နှင့် မြန်မာ စစ်ပြေငြိမ်းခဲ့ကြပါသည်။ မြန်မာပြည်တောင်ပိုင်းဖြစ်သော ရေး၊ ထားဝယ်၊ မြိတ်၊ တနင်္သာရီနယ်နှင့် ဝတီလေးရပ်ဖြစ်သော ရခိုင်ဒေသကြီးလေးခု ရခိုင်၊ ရမ်းဗြဲ၊ မာန်အောင်၊ သံတွဲတို့သည် သက္ကရာဇ်-၁၁၈၇-ခု၊ တပေါင်းလပြည့်ကျော် (၄) ရက် (ခရစ်အေဒီ-၁၈၂၆-ခု၊ ဖေဖော်ဝါရီလ (၂၄) ရက်၊ နေ့မှစ၍ မြန်မာမင်းတို့၏ အာဏာစက်လက်အောက်မှ အင်္ဂလိပ်မင်းတို့၏ အာဏာစက်လက်အောက်သို့ တစ်ဖန်သက်ဆင်းဝင်ရောက်ခဲ့ကြရပြန်လေသည်။

(မှတ်ချက်)

ရန္တပိုစာချုပ်၏ တတိယအပိုဒ်တွင် ဖော်ပြပါရှိသည့်အတိုင်း ဒွါရာဝတီ-သံတွဲဒေသ၏ (အမှန်အကန်ပိုင်ဆိုင်ခဲ့သော နယ်မြေ၏) အဆုံးအပိုင်းအခြားသည် မည်သည့်နေရာအထိဖြစ်သည်ကို သိရှိနိုင်ကြစေရန်နှင့် စာချုပ်ပါ တစ်ခြားအကြောင်းအရာများကိုလည်း သိရှိစေလိုသောကြောင့် ဤစာချုပ်ကို အပြည့်အစုံ ဖော်ပြပေးလိုက်ရခြင်း ဖြစ်ပါသည်။

---

(၁) စန္ဒမာလာလင်္ကာရ၊ အသျှင်။ ။ ရခိုင်ရာဇဝင်သစ်ကျမ်း၊ ဒုတိယတွဲ၊ စာ-၃၆၈၊ ၃၆၉၊ ၃၇၀၊ ၃၇၁။ ဒုတိယအကြိမ်၊ ရခိုင်သားကြီးစာပေ၊ ၁၉၉၇-ခု၊ နိုဝင်ဘာလ။

(၂) မောင်မောင်တင်၊ ဦး (၁)။ ။ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၊ ဒုတိယတွဲ၊ စာ-၂၈၃၊ ၂၈၄။ စတုတ္ထအကြိမ်၊ ၂၀၀၄-ခု၊ တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန၊ ရန်ကုန်။

## သာသနာလင်္ကာရ စာတမ်းမှ ရခိုင်ဆိုင်ရာ မှတ်သားဖွယ်ရာများ

စာရေးသူသည် မြန်မာမင်းတိုင်ပင်အမတ်ကြီး **"မဟာဓမ္မသင်္ကြံ"** ရေးသားခဲ့သည့် **"သာသနာ လင်္ကာရစာတမ်း"** ကို ၁၉၈၀-ခုနှစ်လောက်က တစ်ကြိမ်လေ့လာဖတ်ရှုဖူးသည်။ အမတ်ကြီးသည် ရခိုင်ဆိုင်ရာ အကြောင်းအရာများကို သူ၏ကျမ်း၌ ထည့်သွင်း၍ ရေးသားထားသောကြောင့် စာရေးသူသည် ယင်းကျမ်းကိုအမှတ်ရလျက်ရှိနေသည်။ အဆိုပါကျမ်းကို ၂၀၁၁-ခု၊ ဇွန်လ(၂၀)ရက်နေ့က ဒုတိယအကြိမ် လေ့လာဖတ်ရှုဖြစ်သည့်အခါ၌ ဆောင်းပါးတစ်ပုဒ်ရေးသားရန် အကြံဖြစ်ပေါ်ခဲ့ပါသည်။

**"သာသနာလင်္ကာရစာတမ်း"** ကို ရေးသားသူမှာ **"ရတနာပုရစတုတ္ထမြို့တည် နန်းတည် ဘဝရှင်မင်းတရားကြီး အမိန့်တော်မြတ်ဖြင့် အတွင်းဝန်မင်းကြီး "သီရိမဟာနန္ဒသင်္ကြံ" မေးဆိုချက်ကို မင်းတိုင်ပင်အမတ်ကြီး "မဟာဓမ္မသင်္ကြံ" သည် အထူးထူးသော ကျမ်းဂန်တို့မှ ထုတ်နှုတ်ရေးသားဖြေဆိုအပ်သည့် မြန်မာပြည်သာသနာဝင်ဟု ဆိုအပ်သော သာသနာလင်္ကာရစာတမ်း"** ဟူ၍ စာအုပ်၌ဖော်ပြပါရှိသည့်အတိုင်း အမတ်ကြီး မဟာဓမ္မသင်္ကြံဖြစ်ကြောင်း သိရှိရသည်။

ယင်းစာအုပ်ကို ၁၉၅၆-ခုနှစ်က ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်က ပထမအကြိမ်၊ ၂၀၀၀-ခုနှစ်တွင် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနက ဒုတိယအကြိမ်၊ ၂၀၀၉-ခုနှစ်တွင် ရာပြည့် စာအုပ်တိုက်က တတိယအကြိမ်အားဖြင့် သုံးကြိမ်ထုတ်ဝေခဲ့သည်ကို တွေ့ရှိရသည်။

ယင်းစာအုပ် စာမျက်နှာ-၄၉ တွင် **"သီဟိုဠ်ကျွန်း၌ သာသနာတော်ဆုတ်ယုတ်ကျဆင်းပြီး ယိုယွင်းပျက်စီးနေချိန် ဝိမလဓမ္မသူရိယမင်း လက်ထက်တွင်လည်းကောင်း၊ ဝိမလမဟာရာဇာမင်းလက် ထက်တွင်လည်းကောင်း ရခိုင်ပြည်က ဆရာတော်ကြီးများကို သီဟိုဠ်သို့ ပင့်ဆောင်၍ သာသနာပြုပေးခဲ့ကြောင်း"** မှတ်တမ်းတင်ထားသည်ကို တွေ့ရှိရသည်။

ယင်းစာအုပ်၊ စာ-၁၁၇ တွင် သရေခေတ္တရာအမည်ရှိသော ရသေ့ပြည်၌ ဒွတ္တပေါင်မင်းကြီးလက်ထက်တွင် **"သင်းကျစ်တော်ဓာတ်ကို ကမ်းယံပြည်ကယူဆောင်၍ စေတီတည်သည်ကား မပြီးခဲ့လေ။ ပုဂံအနော်ရထာမင်းစောလက်ထက်တွင်မှ ပုဂံရွှေစည်းခုံမှာ ဌာပနာသည်"** ဟူ၍ တွေ့ရှိရသည်။ ယင်း မှတ်တမ်းအရ **"ကမ်းယံပြည်"** ဟူသည် ဒွါရာဝတီ-သံတွဲခရိုင်ဒေသကို ပြူလူမျိုးတို့က ခေါ်ဝေါ်လေ့ရှိသော အမည်ဖြစ်ပါသည်။ ဒွါရဝတီ-သံတွဲခရိုင်ဒေသခံများကမူ ပြူတို့ခေါ်ဝေါ်သည့်အတိုင်း ကမ်းယံပြည်-ကမ်းယံလူမျိုးဟူ၍ကား မခံယူကြချေ။ **"အာရက္ခဝံသ-ရှေးဦးရခိုင်လူမျိုး"** ဟူ၍သာ ခံယူထားကြသည်။ ဥပမာ-မွန်လူမျိုးများကို ဗမာလူမျိုးများက **"တလိုင်းလူမျိုး"** ဟူ၍ ရှေးကခေါ်ခဲ့ကြ၏။ မွန်တို့က သူတို့တလိုင်းမဟုတ်။ မွန်လူမျိုးများသာဖြစ်သည်ဟု ခံယူထားသကဲ့သို့ မှတ်အပ်၏။

ယင်းစာအုပ်၊ စာ-၁၃၃-၁၃၄ တွင် **"ပင်းယမြို့တည် တစ်စီးရှင် သီဟသူမင်းထက်ထက်" ပင်းယမြို့တွင် သီလဝန်၊ ဂုဏဝန်၊ လဇ္ဇီပေသလရဟန်းသံဃာများစွာမရှိ။ ပုဂံအရည်းတို့က ကြွင်းကျန်သော ရှင်ယောင်အရည်းတို့သာ များပြားစွာသတည်း။ နောက် "ရဟန္တာထွေး-အရှင်ဒိဗ္ဗစက်" ရောက်ရာတွင်မှ လဇ္ဇီပေသလရဟန်းကောင်းများကို ကိုးကွယ်ရသည်။ အရှင်ဒိဗ္ဗစက်ကို နန်းတော်တွင် မပြတ်ဆွမ်းလုပ်ကျွေးတော်မူ၏"** ဟူ၍

ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။

ရဟန္တာထွေး မဟုတ်ပါ။ ရဟန္တာဒွေ (=နှစ်ပါးဟုဆိုလိုခြင်း) သာ ဖြစ်ပါသည်။ ယင်းရဟန္တာနှစ်ပါးတို့မှာ အရှင်ဒိဗ္ဗစက္ခုနှင့် အရှင်စူဠအရဟန္တတို့ ဖြစ်ကြသည်။ ရခိုင်တို့ဝေသာလီက ရဟန္တာအရှင်သူမြတ်တို့ပင်တည်း။ သူတို့၏ ဥပဇ္ဈာယ်ဆရာ **"မဟိန္ဒပါလမထေရ်မြတ်"** ၏ စေလွှတ်ချက်အရ ပင်းယမြို့သို့ကြွရောက်၍ သာသနာပြုခဲ့ကြခြင်း ဖြစ်သည်။ နောင်အခါ အရှင်ဒိဗ္ဗစက္ခုမထေရ်မှာ ပင်းယတစ်စီးရှင် သီဟသူ၏ မင်းဆရာအဖြစ် ကိုးကွယ်ဆည်းကပ်မှုကို ခံယူခဲ့ရသော မထေရ်မြတ်တစ်ပါး ဖြစ်လာခဲ့ပါသည်။



အမရပူရ ဘိုးတော်ဗဒုံမင်းလက်ထက် ရခိုင်က သိမ်းပိုက်ယူဆောင်သွားသော အမြောက်ကြီး

ယင်းစာအုပ်၊ စာ-၁၄၅ တွင် **"သက္ကရာဇ်-၇၃၀ ပြည့်နှစ်တွင် မင်းကြီးစွာစော်ကဲ မင်းဖြစ်တော်မူ၏။ ပြည်ထဲချမ်းငြိမ်းသာယာမည့်အကြောင်း နိမိတ်ဖြစ်စိမ့်သောငှာ ထန်းရွက်ယပ်ကိုင်၍ နန်းတက်တော်မူသည်။ ထိုအခါ အထက်ရခိုင်မှာနေစဉ် ညီနောင်သုံးပါး (တို့သည် ငယ်ရွယ်စဉ်က ရခိုင်ဆရာတော် အရှင်အဂ္ဂသာရ ထံတွင် ပညာသင်ကြားခဲ့ကြ၏။) မင်းဖြစ်မည်ကို အိပ်မက်မြင်သော ဆရာဘုန်းကြီးက မင်းဖြစ်လျှင် ငါ့ကိုမေ့လေသည်ဟု နှလုံးမသာရှိသဖြင့် ဘုန်းတော်ကြီး၍ သက်တော်ရှည်လိုသော် အနောက်တောင်ထောင့်၌ စည်းခုံ တည်လေဟုမှာလိုက်၏။ မင်းကြီးစွာလည်း သက္ကရာဇ်-၇၄၅ ခုနှစ်တွင် အဝရွှေစည်းခုံကို တည်တော်မူ၏။**

**ရွှေစည်းခုံတည်မိသည်တွင် အဝမြို့လုံး ထိတ်ထိတ်လန့်လန့်ရှိချေ၏။ ထိုအကြောင်းကို ရခိုင်ဆရာတော်**

**ကြားသိလေသော် ငါရဟန်းသားဖြစ်သည်။ မသင့်ချေဟု အဝသို့လာ၍ ကုဋ္ဌိပင်၊ ဆင်ကျုံးမော်ကွန်း၊ သရပါတံခါး၊ ရတနာ၃ဂူတည်၍ ရွှေစည်းခုံနှင့် ပြိုင်၍တည်ခါမှ အထိတ်အလန့်မရှိ ပြေငြိမ်း၏။ မင်းကြီးစွာလည်း ဆရာတော်အား များစွာပူဇော်သက္ကာရပြုတော်မူ၏။ "မဟာသံဃရာဇာ" ဟူသော တံဆိပ်နာမံကိုလည်း လှူတော်မူ၏။ ထိုရခိုင်ဆရာတော်ကား ဂါမဝါသီအနွယ်သံဃရာဇာသားတည်း။"** ဟူ၍တွေ့ရှိရသည်။ ယင်းဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းမှုသည် မြန်မာ့သမိုင်းတွင် အစောဆုံး ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းမှုပင်တည်း။

ယင်းဆရာတော် အရှင်အဂ္ဂသာရသည် လေးမြို့ခေတ် (အေဒီ-၈၁၈ မှ ၁၄၃၀ထိ) လောင်းကြက် မြို့ (အေဒီ-၁၂၅၀ မှ ၁၄၃၀ ထိ) အလောမာဖြူမင်းမှ ကိုးဆက်မြောက် ဘုရင်မင်းထီး၏ ငယ်ဆရာ ဖြစ်ပြီးစာဆိုအကျော်ဆရာတော်တစ်ပါးလည်းဖြစ်သည်။

သရက်မင်းရှင်စော၏ သားတော်များဖြစ်ကြသော **"စောစုံ၊ စောဖြူ၊ စောတူ"** အမည်ရှိ မင်းသားညီနောင်သုံးပါးတို့သည် ငယ်ရွယ်စဉ်က ဆရာတော်ထံတွင် ပညာသင်ကြားဖူးသည်။ ဆရာတော်သည် လောကီ၊ လောကုတ္တရာနှစ်ဖြာလုံးကို ကျွမ်းကျင်လိမ္မာသည့်အတွက် ယင်းခေတ်က အတတ်ပညာကို သင်ယူလိုသူ မင်းညီမင်းသားနှင့် ပြည်သူအများတို့၏ အထူးအားထားမှုကိုခံရသော ပညာရှင်ဆရာတော်တစ်ပါးလည်း ဖြစ်ခဲ့သည်။

ဆရာတော်သည် နောင်သောအခါ၌ **"အင်းဝမင်းကြီးစွာစော်ကဲ"** က ပင့်လျှောက်သဖြင့် အင်းဝသို့ကြွရောက်ခဲ့သည်။ အင်းဝမြို့ရှိ ဘုရင့်ရေကန်တော်အနီးတွင် မင်းဆောက်လုပ်လှူဒါန်းသောကျောင်း၌ မင်းဆရာအဖြစ် ကိုးကွယ်ဆည်းကပ်မှုကို ခံယူခဲ့ရသဖြင့် (ပထမ) ကန်တော်မင်းကျောင်းဆရာတော်ဟူ၍ ထင်ရှားခဲ့သည်။ ရခိုင်က ကြွရောက်လာသော အရှင်သူမြတ်ဖြစ်သဖြင့် **"ရခိုင်သူမြတ်"**ဟူ၍လည်း ထင်ရှားကျော်ကြားခဲ့သည်။ ဆရာတော်၏ အထင်ရှားဆုံးစာပေလက်ရာမှာ **"လောကသာရပျို့"** ဖြစ်သည်။ ယင်းပျို့သည် မြန်မာစာပေလောကတွင် ရှေးအကျဆုံးပျို့ဖြစ်ခဲ့သည်။

ယင်းစာအုပ်၊ စာ-၁၅၅၊ ၁၅၆ တွင် **"ဆင်ဖြူများရှင် မင်းတရားကြီးဘုရား အိမ်ရှေ့မဟာဥပရာဇာကို ကျွန်းငယ်(၄၄)ကျွန်းနှင့်တကွ ရခိုင်လေးရပ်ကို သိမ်းစေတော်မူသောအခါ စာပေပိဋကတ်ကို မပျက်မစီး လုံခြုံစွာ ဆောင်ယူခဲ့စေဟု အမိန့်တော်ပြန်၍ ရခိုင်လေးရပ်တွင်ရှိသမျှ စာပေပိဋကတ်ကို အကုန်အစင် ဆောင်ယူခဲ့စေသည်။ ဝိနည်းပါဠိတော် ငါးကျမ်းစေ့ရုံမျှ စာပေပိဋကတ်မရ၊ မပါ။ ပျို့၊ ဖတ်စာအပြိန်အဖျင်း၊ စာနုပ်စာသိမ်မျှသာပါသည့်အရာလည်း ယခင်အာဏာကသုတ်နှင့်အညီပင် ဖြစ်သည်မှတ်လေ။"** ဟူ၍တွေ့ရသည်။

အမတ်ကြီး မဟာမဓ္ဓသင်္ကြံ၏အဆိုအရ ရခိုင်မှသိမ်းယူခဲ့သော စာပေပိဋကတ်မှာ အလွန်နည်းပါးစွာ မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ ယင်းမှတ်တမ်းသည် ရခိုင်တို့၏ မှတ်တမ်းနှင့်မညီချေ။ ၁၁၄၆-ခုနှစ်တွင် ဘိုးတော်ဗဒုံမင်း (မောင်ဝိုင်း) သည် အိမ်ရှေ့မင်းသားမောင်ပေါ်ကို ရခိုင်ကိုသိမ်းပိုက် စေရာတွင် သဒ္ဒါဒိန ပကာရဏကျမ်း အပါအဝင်၊ ပိဋကတ်အစုံစုံ၊ ဗေဒင်၊ ရာဇဝင်၊ နက္ခတ်၊ ဆေးကျမ်း၊ သင်္ချာကျမ်း၊ နာရီကျမ်း၊ ဓမ္မသတ်ကျမ်း၊ ဖြတ်ထုံးကျမ်း၊ လျှောက်ထုံးကျမ်းကအစ ကျမ်းပေါင်းမြောက်များစွာတို့ကို သိမ်းယူသွားကြောင်း သိရှိရသည်။

နောင်သောအခါ၌ ရခိုင်ကနှစ်စဉ်ပေးဆက်ရသော အခွန်ဘဏ္ဍာစာရင်းတွင် ပိဋကတ်ဗေဒင်၊ ဗာဟိရကျမ်းပေါင်း ငါးဆယ့်ခြောက်ကျမ်းတို့ကို ပေးဆက်ရကြောင်း ရခိုင်ရာဇဝင်သစ်၊ ဒုတိယတွဲ စာ-၃၄၂ တွင် မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။

၎င်းအပြင် မဇ္ဈိမဒေသအရေးတော်ပုံကျမ်း၊ စာ-၄တွင်လည်း **"ဇေယျကျော်ထင်သည် ရခိုင်ပြည် တွင်**

**ရှေးရိုးစဉ်ဆက်ရေးသားခဲ့သော စာပေ၊ ကျမ်းဂန်များကို စုဆောင်း၍ ဗဒုံမင်းထံ ဆက်သခဲ့သည်။ ထိုသို့တင်ဆက်သည့် ကျမ်းများအနက် "ရခိုင်ကျောက်ရိုးရာဇဝင်" မှာ အထင်ရှားဆုံးဖြစ်သည်။ ထို့ကဲ့သို့ မဟာဂီရိဆင်းတုတော်၊ ဓာတ်တော်မွေတော် အများအပြားကို ပင့်ဆောင်လျက် ၂၄၊ မေ၊ ၁၈၁၁ ခု တွင် ဗဒုံမင်းထံ ထပ်မံ၍ ဆက်သခဲ့သည်။"** ဟူ၍ ရေးသားဖော်ပြထားသည်။

ယင်းမှတ်တမ်းတွင် ပါရှိသည့်အတိုင်း ခရစ်-၁၈၁၁-ခု၊ မေလ(၂၄)ရက်နေ့သည် ရခိုင်တို့ နှစ်စဉ်နှစ်တိုင်း ပေးဆက်လာခဲ့ကြရသော နှစ်များ၏ရောက်ရှိနေသော အချိန်ကာလပင်ဖြစ်သည်။ ရှေးက ပေးဆက်ခဲ့ရပြီး နှစ်များကို တွက်ယူမည်ဆိုပါက ခရစ်နှစ် ၁၇၈၄ က စတင်ခဲ့သည်ဖြစ်ရာ (၂၇)နှစ်သို့ တိုင်အောင် ရောက်ရှိနေပြီဖြစ်ပါသည်။ စာပေကျမ်းဂန်အပါအဝင် ဆင်းတုတော်အဆူဆူနှင့် ဓာတ်တော် မွေတော်များ၊ တစ်ခြားစီးပွားဥစ္စာ ရတနာပစ္စည်းများ မည်၍မည်မျှ ရှိသွားပါမည်နည်း။ စဉ်းစားကြည့်၍ သိရှိနိုင်ပါသည်။

[မှတ်ချက် ။ ။ ခေတ်အဆက်ဆက် မင်းနှင့်အတူ ရဟန်းရှင်လူပြည်သူတစ်ရပ်လုံး ထိန်းသိမ်းစောင့် ရှောက်လာခဲ့ကြသည့် စာပေပိဋကတ်များမှာ မြောက်ဦးမြို့၌ပင်လျှင် ပိဋကတ်တိုက်ပေါင်း (၄၈)တိုက် ရှိခဲ့ပါသည်။ ယင်းပိဋကတ်တိုက်များရှိ ပိဋကတ်ကျမ်းစာများကို ဘိုးတော်ဗဒုံမင်းက သိမ်းပိုက်ယူဆောင်စေခဲ့ရာ လုံးဝမကျန်အောင်ဖြစ်ခဲ့ကြရပါသည်။ ရခိုင်မှ ယူဆောင်သွားသောပိဋကတ်တော်များသည် နောင်အခါ မန္တလေးမြို့၌ မင်းတုန်းမင်းလက်ထက် ပဉ္စမသင်္ဂါယနာ တင်ဖို့ရာအတွက် အထောက်အပံ့ဖြစ်စေခဲ့ပါသည်]

ယင်းသို့ အခွန်ဘဏ္ဍာပေးဆက်ရမှုသည် အေဒီ-၁၇၈၄ မှ ၁၈၂၄ အထိဖြစ်ရာ နှစ်ပေါင်း(၄၀) တိုင်တိုင် ကြာမြင့်ခဲ့ပါသည်။

ယင်းစာအုပ်၊ စာ-၂၀၁ တွင် **"ပုဂံနော်ရထာမင်းစောတို့ လက်ထက်ကပင့်ဆောင်၍ မရနိုင်သော ဘုရားသခင်မျက်မှောက်တော် ကိုယ်တော်ငွေခုနစ်လက်ပွေ့သွင်း၍ သွန်းလုပ်သော မဟာမုနိရုပ်ပွားတော်ကို ရခိုင်ပြည်မှ ပင့်ဆောင်၍ ကိုးကွယ်တော်မူရ၏"** ဟူ၍ ဖြစ်ပါသည်။

မန္တလေးမြို့သို့ ရောက်ရှိနေသော ရခိုင်က သွန်းစက်တော်မဟာမုနိကို **"ပင့်ဆောင်၍ ကိုးကွယ် တော်မူရ၏။"** ဟူ၍ ဆိုထားသော်လည်း ရခိုင်ပြည်သူ-ပြည်သားတို့၏ သဘောတူခွင့်ပြုချက်ဖြင့် ပင့်ဆောင် သွားခြင်းမျိုးကား မဟုတ်ပါ။ အဓမ္မနည်းကိုသုံး၍ သိမ်းပိုက်ယူဆောင်သွားခြင်းသာဖြစ်ပါသည်။ မဟာမုနိကို သိမ်းယူဖို့ကြိုးစားခဲ့ကြသည်မှာ သည်တစ်ကြိမ်သာ မဟုတ်ချေ။ အနော်ရထာမင်းတို့လက်ထက်တွင် လည်းကောင်း၊ တပင်ရွှေထီးတို့ လက်ထက်တွင်လည်းကောင်း သိမ်းယူဖို့ကြိုးစားခဲ့ကြပါသေးသည်။ သို့သော် မအောင်မြင်ခဲ့ကြချေ။ မဟာမုနိကို မဟာသက္ကရာဇ် - ၁၂၃ ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့၊ ဝိသာခါနက္ခတ်နှင့်ယှဉ်လျက် ညဦးကစတင်၍ သွန်းလုပ်ခဲ့ရာ ကဆုန်လပြည့်ကျော် (၁)ရက်၊ ကြာသပတေးနေ့နံနက်တွင် ပြီးစီးခြင်းသို့ ရောက်ခဲ့ပါသည်။ မဟာမုနိဘုရားကြီးသည် ကမ္ဘာပေါ်တွင် ရှေးအကျဆုံးနှင့် သိက္ခာဝါအကြီးဆုံးသော ဗုဒ္ဓဆင်းတုတော်ကြီးတစ်ဆူလည်း ဖြစ်ပါသည်။

ဘီစီ-၅၆၉ (မဟာသက္ကရာဇ်-၁၂၃)က ရခိုင်သားတို့၏ ကြေးသွန်းမှုအတတ်ပညာကိုတော့ ရခိုင်သူ၊ ရခိုင်သားတိုင်း ဂုဏ်ယူကြရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ရခိုင်သားတို့သည် ကြေးသွန်းအတတ်ပညာကို အစောဆုံး တတ်မြောက်သောသူများဟု ဆိုနိုင်သည်။ တတ်မြောက်သည်ဆိုရာ၌ သာမန်မျှတတ်မြောက်ခြင်း မဟုတ်။ ပါရဂူမြောက် တတ်မြောက်ကြခြင်း ဖြစ်ပါသည်။ အမျိုး၊ ဘာသာသာသနာ၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာစသည် နောက်ကျသော

လူမျိုးများက ရခိုင်လူမျိုးတို့၏ အဖက်ဖက်က ရှေးကခဲ့မှုကို မယုံကြည်ကြချေ။ မယုံကြည်နိုင်လောက်အောင်လည်း ရခိုင်တို့၏ ဖြတ်သန်းလာခဲ့ကြရသော ရာဇဝင်နှင့် သမိုင်းကြောင်းသည် အလွန်ရှည်လျားကြာမြင့်ခဲ့ပြီဖြစ်၏။ မျက်မှောက်ခေတ်အနေအထားနှင့် နှိုင်းယှဉ် ကြည့်၍ကား ရလိမ့်မည်မဟုတ်ပါ။

ရခိုင်တို့သည် AD ခေတ်တွင်မှ ပေါ်ပေါက်လာခဲ့ကြသော လူသားမျိုးနွယ်စုများမဟုတ်ကြပါ။ BC ခေတ်နှစ်ပေါင်းထောင်နှင့်ချီ၍ သမိုင်းကြောင်းရှိခဲ့ကြသော **"အင်ဒိုအာရိယန်-သကျအမျိုးအနွယ်-"အာရက္ခ"** လူမျိုးများဖြစ်ကြောင်း ရခိုင်လူမျိုးတိုင်း သိထားသင့်သောအချက်ဖြစ်ပါသည်။


ယင်းစာအုပ်၊ စာ-၂၀၂ တွင် **"ဓညဝတီမြို့က မင်းအဆက်ဆက်မရဖူးသော "ဓညာဝုဓအမြောက်ကြီး" ကို ရတော်မူသည်ကိုလည်းကောင်း အစွဲအမှတ်ပြု၍ "လက်နက်စကြာသခင်" ဟူ၍လည်း တွင်၏။"** ဟူ၍ ဆိုထားသည်ကို တွေ့ရပြန်သည်။

အဆိုပါ ရခိုင်က သိမ်းပိုက်ယူဆောင်သွားသော **"ဓညာဝုဓအမြောက်ကြီး"** ကို **"နှစ်(၁၀၀)ပြည့်၊ မန္တလေးစာအုပ်"** ၌ **"ဝဇီရာဝုဓအမြောက်"** ဟူ၍ ခေါ်ဝေါ်ထားကြောင်း တွေ့ရသည်။ ယင်းအမြောက်၏ အရွယ်အစားပမာဏမှာ အလျား(၂၉)ပေ၊ အရင်းလုံးပတ်(၈)ပေ(၄) လက်မ၊ ကျည်ဝ(၁၂)လက်မ၊ အဖျားထိပ်ဝ အချင်း(၂)ပေ(၉)လက်မရှိကြောင်း သိရှိရသည်။ ဓညာဝုဓ အမြောက်ကြီး(ခေါ်)ဝဇီရာဝုဓအမြောက်ကြီးကို ယခုအခါ **"ရခိုင်အမြောက်ကြီး"** ဟူ၍ ခေါ်တွင်လျက်ရှိကြသည်။


အမရပူရ ဗဒုံမင်းလက်ထက် ရခိုင်က သိမ်းပိုက်ယူဆောင်သွားသော **"ဓညာဝုဓအမြောက်ကြီး"** အပါအဝင် အမြောက်၊ စိန်ပြောင်း၊ သေနတ်အရေအတွက်ကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ ဒုတိယတွဲ၊ စာ-၂၆ တွင် **"အမြောက်ကြီးနှင့် အမြောက်နှစ်ထောင်(၂၀၀၀)ကျော်၊ စိန်ပြောင်းတစ်သောင်း (၁၀၀၀၀)ကျော်၊ သေနတ်တစ်သောင်း(၁၀၀၀၀)ကျော်၊ ပြဟ္မာမျိုး၊ ဘီသျှမျိုး၊ သုဗ္ဗိယ ပုဏ္ဏားမျိုးသန့် အိမ်ထောင်စုံငါးရာ(၅၀၀)ကျော်၊ ဆေဗ္ဗာ၊ ဂန္ဓဗ္ဗာပုဏ္ဏားမျိုးတို့နှင့် အတတ်ပညာသည်ဆိုသမျှ လူမှစ၍ ဆင်မြင်းသို့ပန်း လူသုံးသောင်း (၃၀၀၀၀)ကျော်များကို သိမ်းယူတော်မူခဲ့ပြီးလျှင် တပို့တွဲလပြည့်ကျော် ခုနစ်ရက်၊ တနင်္လာနေ့ ဓညဝတီရခိုင်မြို့က ပြန်တော်မူခဲ့သည်။"** ဟူ၍ မှတ်တမ်းတွေ့ရသည်။

အထက်ပါရခိုင်က သိမ်းပိုက်ယူဆောင်သွားသော လက်နက်ပစ္စည်းများကို ကြည့်ခြင်းအားဖြင့် ယင်းခေတ်ယင်းကာလက ရခိုင်ပြည်၏စီးပွားရေး၊ နိုင်ငံရေးနှင့်လက်နက်ပိုင်ဆိုင်မှုအရေးတို့ကို သိရှိနိုင်သည်။ ယခုအခါ အဆိုပါ အမြောက်များမှာ အင်္ဂလန်နိုင်ငံ အီဒင်ဘာရာမြို့နှင့် ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ အင်းဝ၊ သပြေတန်း စသော နေရာအနှံ့အပြားသို့ ရောက်ရှိနေကြပြီး **"ဓညာဝုဓအမြောက်ကြီး"** မှာမူ မန္တလေးမြို့ နန်းတွင်းထဲတွင် ယနေ့ထက်တိုင် တွေ့မြင်နိုင်သည်။ ယင်းလက်နက်များ၏ မူလပိုင်ရှင်ဖြစ်သော ရခိုင်တို့ကမူ **"လက်နက်စကြာသခင်"** ဟူ၍ ဝင့်ဝင့်ကြွားကြွား မခံယူခဲ့ကြဘဲ၊ သာမန်ပိုင်ဆိုင်မှုမျိုးဟုသာ သတ်မှတ်ခဲ့ကြသည်။ အကြောင်းမူ ယင်းလက်နက်များသည် ရခိုင်တို့အဖို့ အဆန်းအပြားမဟုတ်သောကြောင့်တည်း။

ရခိုင်လူမျိုးတို့ပိုင်ဆိုင်ခဲ့ကြသော အဆိုပါလက်နက်ဆန်းများကို ဗမာမင်းအဆက်ဆက် မရရှိခဲ့ဖူးကြချေ။ ဗဒုံမင်းလက်ထက်တွင်မှ ရဖူးသည့်အတွက် အလွန်အထူးအဆန်းဖြစ်ကာ ဘိုးတော်ဗဒုံမင်းကိုပင်လျှင် **"လက်နက်စကြာသခင်"** ဟူ၍ ပြည်သူများက ကင်ပွန်းတပ်ပေးလိုက်ကြခြင်း ဖြစ်ဟန်တူသည်။



မန္တလေးမြို့ရှိ ရခိုင်ရဟန်းတော်များနှင့် ရခိုင်မိသားစုများ
မဟာမြတ်မုနိဘုရားအား ပူဇော်ကန်တော့နေကြပုံ (ကုန်းဘောင်ခေတ်)



နန်းတော်အနောက်ဘက်ရှိ ရခိုင်အမြောက်ကြီး (မန္တလေးမြို့)

ဤအမြောက်ဇာတ်လမ်းတွင် မြန်မာနိုင်ငံအတွင်းရှိ အမြောက်များကို အထူးမပြောလိုတော့ဘဲ၊ အင်္ဂလန်နိုင်ငံ၊ အီဒင်ဘာရာမြို့သို့ ရောက်ရှိသွားသော ရခိုင်က အမြောက်အကြောင်းကို အကျဉ်းမျှ ဖော်ပြလိုပါသည်။ ယင်းသို့ဖော်ပြရာ၌ စာရေးဆရာမကြီး ဒေါ်ကြန်၏ **"သမိုင်းရှာပုံတော်ခရီး"** စာအုပ်မှ

(၁) အဝေးရောက်မြန်မာအမြောက်ဆောင်းပါး

(၂) ဒွါရာဝတီသိမ်းရ အမြောက်ဆောင်းပါး

(၃) အမြောက်သံသရာဟူသော ဆောင်းပါးသုံးပုဒ်ကို အခြေခံ၍ ရေးသားတင်ပြသွားပါမည်။

ယင်းစာအုပ်၌ ဆရာမကြီးဒေါ်ကြန်သည် အင်္ဂလန်နိုင်ငံ အီဒင်ဘာရာမြို့သို့ အလည်အပတ်ရောက်ခိုက် ကာလတန်တောင်တန်းကိုတက်ကာ အီဒင်ဘာရာမြို့၏ ရှုခင်းအလှကို လေ့လာခဲ့သည်။ မြက်ခင်းပြင်တစ်ခုပေါ်တွင် အမြောက်တစ်လက်ကိုလည်း တွေ့မြင်ခဲ့သည်။ ယင်းအမြောက်ကို အနီးကပ်လေ့လာကြည့်သည့်အခါ မြန်မာနိုင်ငံတွင် မြင်ဖူးနေကျ အမြောက်ပုံစံမျိုးဖြစ်နေပြီး -

**"၁၁၄၆-ခု၊ ပြာသိုလပြည့်ကျော်(၇)ရက်၊ စနေနေ့ ညနေ(၄)ချက်တီးကျော်တွင် ဓညဝတီသိမ်းရ။"** ဟူသော စာတန်းရေးထိုးထားသည်ကို တွေ့ခဲ့ရသည်။ ယင်းစာတန်းကို မှတ်မှတ်ရရရေးထိုး၍ မှတ်တမ်းတင်ပေးထားသည် ကိုပင်လျှင် ကျေးဇူးတင်ရဖွယ်ရှိပါသည်။

ဆက်လက်၍ **"အမြောက်သံသရာ"** ဆောင်းပါးတွင် **"ဓညဝတီဇာတိလည်း ဟုတ်ချင်မှဟုတ်ပေမည်။ ဓည ဝတီသို့ မည်သည့်ဒေသမှ ရောက်ခဲ့လေသနည်း။ စဉ်းစားဖော်ထုတ်၍ မရသည်တွင် ဩော် အမြောက်သံသရာ ဟုသာ ငြီးမိပါသည်။"** ဟုဆို၏။

ရခိုင်တို့၏ မျက်မှောက်ခေတ်တွေ့ကြုံနေရသော ဘဝပေးအခြေအနေနှင့် နှိုင်းယှဉ်ကြည့်လျှင် မဖြစ်နိုင်ဟု ထင်မှတ်နိုင်သော်လည်း၊ အေဒီ-၁၇၈၄ ခု မတိုင်မီက ရခိုင်တို့သည် ယခုကဲ့သို့ မဟုတ်ခဲ့သည်ကိုကား အထူးပြု၍ လေ့လာသင့်ပါကြောင်း အကြံပြုလိုပါသည်။

ယင်းအမြောက်သည် ၁၁၄၆-ခု၊ (အေဒီ-၁၇၈၄) ဗဒုံမင်းလက်ထက် သားတော်အိမ်ရှေ့မင်းသား မောင်ပေါ်သည် ရခိုင်သို့စစ်ချီရာတွင် သိမ်းယူသွားခဲ့သော အမြောက်ဖြစ်ကြောင်းမှာ ထင်ရှားနေပါသည်။ ဆရာမကြီးအနေဖြင့် နိုင်ငံရပ်ခြားတိုင်းတစ်ပါး အင်္ဂလိပ်တို့ လက်ထဲသို့ရောက်ရှိနေသော ယင်းအမြောက်ကို မြင်တွေ့ရသည့်အခါ -

**"ဝမ်းသာရမလိုလို၊ ဝမ်းနည်းရမလိုလို နှစ်ရှည်လများ ကြာမြင့်စွာ ကွဲကွာနေသော ဆွေမျိုးသားချင်း မိတ်ဆွေသူငယ်ချင်းတစ်ယောက်ကို ရုတ်တရက်မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရသလို ဆို့နင့်နင့် ရင်ထဲတွင် တစ်မျိုးကြီး ခံစားရပါသည်။"** ဟုဆို၏။

၁၁၄၆-ခု (အေဒီ-၁၇၈၄)၊ ဘိုးတော်ဗဒုံမင်းလက်ထက် ရခိုင်ကသိမ်းပိုက်ယူဆောင်သွားသော ပစ္စည်းများကို ရခိုင်က လူပေါင်းနှစ်သိန်း (၂၀၀၀၀၀)ကျော် သုံ့ပန်းဘဝဖြင့် အမရပူရသို့ အပြီးတိုင်လိုက်ပါလျက် ပို့ဆောင်ပေးခဲ့ကြရ သော အခြေအနေနှင့်နှိုင်းစာလျှင် ရခိုင်သူ၊ ရခိုင်သားတို့၏ ခံစားခဲ့ကြရသော ဒုက္ခဝေဒနာမှာ ဆရာမကြီးဒေါ်ကြန်ထက် အဆပေါင်းများစွာ သာလိမ့်မည်ဟု ထင်ပါသည်။ ယင်းခံစားမှုမျိုးကိုလည်း ဆရာမကြီးအနေဖြင့် ခံစားကြည့်စေချင် ပါသည်။

မန္တလေးနန်းတွင်းထဲရှိ **"ရခိုင်အမြောက်ကြီး"** ၏ နောက်ပိုင်းတွင် စာများရေးထိုး၍ မှတ်တမ်းတင်ထားသည်ကို

တွေ့ရသည်။ သို့သော်ယင်းစာလုံးများကို ဖတ်ရှု၍ မရနိုင်လောက်အောင် တူဖြင့်ထုနှက် ဖျက်ဆီးထားသည်ကို တွေ့ရှိရသည်။ အကယ်၍ ယင်းစာများကို မဖျက်ဆီးဘဲ ထားရှိမည်ဆိုပါက အကြောင်းအရာကို သိရှိရသဖြင့် ပို၍အကျိုးကျေးဇူးများပေလိမ့်မည်။ ယခုမူကား စာလုံးများကို ဖျက်ဆီးပစ်လိုက်သည့်အတွက် သမိုင်းတန်ဖိုးများ ဆုံးရှုံးသွားခဲ့ရပေတော့သည်။

စိတ်ထားမွန်မြတ်သော လူမျိုးများဖြစ်ကြပါမူ ဤကဲ့သို့အောက်တန်းကျသော အလုပ်မျိုးကို ပြုလုပ်ကြလိမ့်မည်မဟုတ်ချေ။

နိဂုံးချုပ်အနေဖြင့်ဆိုရသော် မြန်မာမင်းတိုက်ပင်အမတ်ကြီး **"မဟာစေ့သကြီ"** သည် ၁၁၉၃-ခု တွင် ရေးသားစီရင်အပ်သော **"သာသနာလင်္ကာရစာတမ်း"** မှထုတ်နှုတ်၍ **"ရခိုင်ဆိုင်ရာမှတ်သားဖွယ်ရာများ"** ကို အများပြည်သူလေ့လာဖတ်ရှုနိုင်ကြစေရန် ရည်ရွယ်ချက်ဖြင့် ဤဆောင်းပါးစာတမ်းကို ရေးသားတင်ပြလိုက်ရပေသည်။

**"ရခိုင်လူမျိုးတိုင်း ရခိုင်သမိုင်းကို သိရှိနိုင်ကြပါစေ။"**

**ဒွါရာဝတီ-အသျှင်ကုသလ**<br>
ရခိုင်မဂ္ဂဇင်း အမှတ် (၃၅)<br>
၂၀၁၃-ခု၊ ဒီဇင်ဘာလ

(ကျမ်းကိုးစာရင်း)

| | | | |
|---|---|---|---|
| ၁။ | သာသနာလင်္ကာရစာတမ်း | - | မဟာစေ့သကြီ။ |
| ၂။ | မဇ္ဈိမဒေသအရေးတော်ပုံကျမ်း | - | ဦးလှထွန်းဖြူ။ (ကျောက်ဖြူသား)။ |
| ၃။ | ရက္ခပူရဒွါဒသရာသိဋီကာ | - | ဒွါရာဝတီ-အသျှင်ကုသလ။ |
| ၄။ | နှစ် ၁၀၀-ပြည့် မန္တလေး | - | ရွှေကိုင်းသား။ |
| ၅။ | ဒွါရာဝတီ-အသျှင်ကုသလမှတ်စု | | |
| ၆။ | ဓာတ်ပုံကို ဦးမောင်ညို (ပန်းချီမင်းညို)မှ ကျေးဇူးပြုပါသည်။ | | |

## သူငယ်တော်ဆက်ရ ဒွါရာဝတီ

**"သူငယ်တော်"** ဟူသည် အရွယ်မရောက်သေးသော ၅-နှစ် ၆-နှစ် အရွယ်မှစ၍ ၁၀-နှစ်၊ ၁၁-နှစ် စသည်အရွယ် ကလေးသူငယ်များကို ခေါ်ခြင်းဖြစ်သည်။ ယင်းသူငယ်တော်များကို အမရပူရ ဘိုးတော်ဗဒုံမင်းထံသို့ ပို့ဆက်ရာတွင် ဒွါရာဝတီ-သံတွဲနယ်မြေကလည်း ဓညဝတီ၊ မေဃဝတီ၊ ရမ္မာဝတီတို့နှင့်အတူ ပါဝင်ခဲ့ရသည်။

အမရပူရ ဘိုးတော်ဗဒုံမင်းသည် ရခိုင်ပြည်ကအရွယ်မရောက်သေးသော ကလေးသူငယ်များကို သူ၏သစ္စာတော်ခံ မြို့ဝန်များမှတစ်ဆင့် တောင်းယူခဲ့သည်မှာ အနည်းဆုံးသုံးကြိမ်ထက်မကရှိကြောင်း လေ့လာတွေ့ရှိရပေသည်။

ဘိုးတော်ဗဒုံမင်းသည် အဘယ်ကြောင့် ကလေးအရွယ် **"သူငယ်တော်"** (=လူမမယ်) ကလေးများကို တောင်းယူရ သနည်းဆိုပါမူ အချို့က **"ဗျာပါဒ်ဆံအက"** ဖြင့် နန်းတွင်းဖျော်ဖြေရန်အတွက်ဟုဆိုကြ၏။ ထိုသို့ဆိုလျှင် ရခိုင်က ကလေး သူငယ်များကသာ ဤအကမျိုးကို တတ်ကြပါသလား၊ မိမိလူမျိုးတို့၏ ကလေးသူငယ်များကော ယင်းအကမျိုးကို သင်ကြားပေးမည်ဆိုပါက မတတ်ကြဘူးလားဟု မေးစရာရှိနေပါသည်။

အမှန်က **"ဗျာပါဒ်ဆံအက"** ဖြင့် နန်းတွင်းဖျော်ဖြေခိုင်းဖို့ထက် ဘိုးတော်ဗဒုံမင်းသည် မိမိအား နောင်အခါ တော်လှန်ပုန်ကန်နိုင်မည့်သူများ မရှိရလေအောင် အပြစ်ကင်းမဲ့သော ကလေးမျိုးဆက်တစ်ဆက်ကို စနစ်တကျ အကွက် ချကာ ဖျက်ဆီးပစ်လိုက်ခြင်း ဖြစ်ပါသည်။

အထက်ပါ ကျူးလွန်မှုကြီးကို ဗဒုံမင်း၏ ရခိုင်သစ္စာတော်ခံ **"မြို့ဝန်နန္ဒပကျန်"** လက်ထက် ကောဇာသက္ကရာဇ် (၁၁၄၉)ခု၊ တပေါင်းလ၊ (ခရစ်အေဒီ-၁၇၈၇-ခု၊ မတ်လ)က ကျူးလွန်ခဲ့ပုံကို ရခိုင်ရာဇဝင်သစ်ကျမ်း၊ ဒုတိယတွဲ၊ စာ- ၃၄၁၊ ၃၄၂-တွင်

**"ရခိုင်ပြည်သည် စစ်၏ခေါင်းမည်သော စစ်သူကြီး၊ စစ်၏မျက်စိမည်သော ဟူးရားတတ်၊ စစ်၏ နားမည်သော သူလျှိုလီမ္မာ၊ စစ်၏အားမည်သော ဗိုလ်ပါခြေမက်၊ စစ်၏ခံတွင်းမည်သော တမန်လီမ္မာ၊ စစ်၏အစွယ်မည်သော အမတ်သူရဲကောင်း၊ စစ်၏ခြေမည်သော ခြေသည်သူရဲ၊ စစ်၏အင်္ဂါမည်သော ဆင်ကောင်း၊ မြင်းကောင်း၊ လက်နက်ကောင်းရှိသည်ဟုဆိုအပ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောကြောင့် နောက်နောင်ပြန်လှန် တိုက်ဆိုင်လတ္တံ့သည်ကိုစိုးရိမ်၍ အမရပူရပြည့်ရှင် ဘိုးတော်မင်းက ငါတို့ရခိုင်ပြည့်ရှင် အဘယရာဇာ သားတော်ပတင်းစာ စံရွှေပေါ်၊ သုမနရာဇာမင်းသားတော် ကျော်စံ၊ ဓားပိုင်ကြီး၊ ဓမ္မရာဇ် ရာဇာသားတော်၊ ရေနောက်စား သုခွေါ်ဦး၊ ဤမှတစ်ပါး မင်းသား၊ မင်းသမီး၊ ဝိနည်းဓိုရ်၊ ရှစ်သောင်း ဘုန်းတော်ကြီး၊ တေဇာရာမ၊ သကျမဠူ၊ ရတနာစံဦး၊ ဖိနမာရ်အောင်၊ လောကမာရ်အောင်၊ ပိန္နဲတောင် ဘုန်းတော်ကြီး၊ ပုရောဟိတ်ရှစ်တိုင်း၊ ပုဏ္ဏားစကြဝတေး၊ ပေဒင်တတ်၊ ဆေးသမား၊ ကိုယ်တော်ရံ၊ သူငယ်တော်ယောကျ်ား၊ မိန်းမခုနစ်ထောင့်ခုနစ်ရာ၊ မိန်းမစိုးကုလား အစရှိသော လူရှင်ရဟန်းတို့ကို ရခိုင်မြို့ဝန် နန္ဒပကျန်အား တောင်းသောကြောင့် သက္ကရာဇ်- ၁၁၄၉-ခု၊ တပေါင်းလတွင် အမရပူရ မြို့တော်သို့ ပို့ဆက်ရလေသည်"** ဟူ၍ ဖော်ပြထားသည်ကို တွေ့ရသည်။ ယင်းခုနစ်ထောင့်ခုနစ်ရာ (၇၇၀၀)စာရင်းတွင် **"သူငယ်တော်များ"** ပါဝင်နေသည်ကို တွေ့နိုင်သည်။ အဆိုပါစာရင်းတွင် အရွယ်မရောက်သေးသော ကလေးသူငယ်များ မည်၍မည်မျှပါဝင်ခဲ့သည်ကိုမူ အတိအကျမသိရချေ။

နောက်တစ်ကြိမ်၌မူ အတိအကျကိန်းဂဏန်းဖြင့် ဖော်ပြတောင်းဆိုလာကြသည်ကို တွေ့ရသည်။ ရခိုင်မြို့ဝန်

နန္ဒပကျန်သည် သက္ကရာဇ်-၁၁၄၆-ခုနှစ်မှစ၍ ရခိုင်၌ လေးနှစ်နေထိုင်အုပ်ချုပ်ခဲ့ပြီး ၁၁၄၉-ခု တွင်သေလွန်ခဲ့သည်။ နန္ဒပကျန်သေလွန်ပြီးနောက် **"အနောက်ဖက်တိုက်ဝန်"** သည် သက္ကရာဇ် ၁၁၅၀-ခု၊ နတ်တော်လဆန်း(၉)ရက်၊ (ခရစ်အေဒီ-၁၇၈၈-ခု၊ ဒီဇင်ဘာလ)တွင် ရခိုင်မြို့ဝန်အဖြစ် အမှုထမ်းလာသည်။ ယင်းသူလက်ထက်၌လည်း ဗဒုံမင်းထံသို့ **"သူငယ်တော်"** ပေးဆက်ရကြောင်းကို ရခိုင်ရာဇဝင်သစ်ကျမ်း၊ ဒုတိယတွဲ-စာ-၃၄၂၊ ၃၄၃ တွင်

**"နန္ဒပကျန်သေလွန်လေလျှင် အနောက်ဖက်တိုက်ဝန်သည် သက္ကရာဇ်-၁၁၅၀-ပြည့်၊ နတ်တော် လဆန်း၊ ကိုးရက်နေ့တွင် ရခိုင်မြို့ကို ဝန်ပြုလာ၏။ ရခိုင်မြို့ (ဓညဝတီ)၊ သံတွဲမြို့ (ဒွါရာဝတီ)၊ ရမ်းဗြဲမြို့ (ရမ္မာဝတီ)၊ မာန်အောင်မြို့ (မေဃဝတီ)၊ ဤလေးမြို့တို့ကို "သူငယ်တော်" တစ်ရာ့တစ်ကျိပ် (၁၁၀)တောင်းသောကြောင့် ၎င်းသက္ကရာဇ်-နတ်တော်လတွင် အမရပူရဘိုးတော်မင်းထံသို့ "သူငယ်တော်" ပို့ဆက်ရလေ၏။"** ဟူ၍ တွေ့ရှိရသည်။

ရခိုင်တွင် **"အနောက်ဖက်တိုက်ဝန်"** သည် သက္ကရာဇ် ၁၁၅၂-ထိ ၂-နှစ်အုပ်ချုပ်ခဲ့၏။ ၎င်းနောက် ပုသိမ်ဝန်မင်းသည် သက္ကရာဇ်-၁၁၅၃ ထိ ၁-နှစ် အုပ်ချုပ်ခဲ့၏။ ၎င်းနောက် တိုင်တာဝန်သည် သက္ကရာဇ်-၁၁၅၅ ထိ ၂-နှစ် အုပ်ချုပ်ခဲ့၏။ ၎င်းနောက် မောင်ကျော်လှသည် သက္ကရာဇ် ၁၁၅၇-ထိ ၂-နှစ်အုပ် ချုပ်ခဲ့ပြီး၊ ၎င်းနောက်စိန်ဘူးသည် ၁၁၇၅-ထိ (၁၈)နှစ်တိုင်တိုင် အုပ်ချုပ်ခဲ့ကြသည်။ ယင်းစိန်ဘူးလက်ထက် သက္ကရာဇ် ၁၁၆၂-ခု၊ နတ်တော်လတွင် ရခိုင်မှ **"သူငယ်တော်"** (၃၀၀) အထိ တောင်းဆိုလာပြန်၏။ ဗဒုံမင်းသည် လူကိုတောင်းယူရုံမကသေးဘဲ ပုခက်တွင်း သားကလေးများပါမကျန်ရအောင် **"ကလေးအခွန်တော်"** ငွေကြေးကိုပါ တောင်းခံလာသည်ကို တွေ့ရှိရသည်။ ဤအကြောင်းကို ရခိုင်ရာဇဝင်သစ်ကျမ်း၊ ဒုတိယတွဲ စာ-၃၅၃ တွင်

**"၎င်းနှစ် ၁၁၆၂-ခု၊ နတ်တော်လတွင် ရခိုင်လေးမြို့ (ဝတီလေးရပ်)၌ အသုံးစေစားရန်ဆို၍ "သူငယ်တော်" (၃၀၀) ဆက်သွင်းရ၏။ ၎င်းနှစ်တပေါင်းလတွင် ဝေသာလီကို လက်ကိုင်လိုသည်ဟု ရခိုင်လေးမြို့၌ လူတောင်းပြန်သောကြောင့် လူတစ်ထောင်(၁၀၀၀) ပေးဆက်ရ၏။ ၎င်းနောက်သက္ကရာဇ် ၁၁၆၄-ခု၊ ကဆုန်လကစ၍ သူငယ်ပုခက်တွင်း သားမျှမလွတ်ရအောင်၊ လူတစ်ယောက်လျှင် ငွေဒင်္ဂါး တစ်သပြာစီ၊ ဒသမကြေးထမ်းဆို၍ ရခိုင်လေးမြို့က ပေးဆက်ရ၏။"** ဟူ၍ ရေးသားဖော်ပြထားသည် ကိုတွေ့ရှိရသည်။

အထက်ဖော်ပြပါ သမိုင်းအထောက်အထားများကို လေ့လာကြည့်ခြင်းအားဖြင့် ရခိုင်ကအရွယ် မရောက်သေးသူကလေးသူငယ် လူမမယ်ကလေးများကို အများအပြား တောင်းယူနေခြင်းသည် **"ဖျော်ပါဆံအက"** ဖြင့် နန်းတွင်းဖျော်ဖြေဖို့ သက်သက်မဟုတ်ဘဲ၊ ဗဒုံမင်းအနေဖြင့် သူ့အားတော်လှန်ပုန်ကန်မှု ဆက်လက်မပြုလုပ်နိုင်ရန်၊ ကလေးမျိုးဆက် တစ်ဆက်ကို အစီအစဉ်ရှိရှိဖြင့် (သို့မဟုတ်) လိမ္မာပါးနပ်စွာဖြင့် (သို့မဟုတ်) လူအများလက်မခံနိုင်သော အကြောင်းပြချက်ဖြင့် စနစ်တကျဖျက်ဆီးနေခြင်း ဖြစ်သည်။

အဆိုပါ ကလေးသူငယ်များကို လိုအပ်သော နေရာများတွင် လိုအပ်သလို အသုံးပြုနိုင်ရေးအတွက် ခေါ်ယူနေခြင်းသာဖြစ်ကြောင်း သိသာထင်ရှားနေပေတော့သည်။

ကလေးသူငယ်များမှာ အရွယ်မရောက်သေးမီ အကဖြင့်ဖျော်ဖြေပေးနေကြရသော်လည်း အရွယ်ရောက်လာသည့်အခါ၌ စစ်တိုက်ပေးရခြင်း၊ အုတ်ဖုတ်ပေးရခြင်း၊ ရေကန်တူးဖော်ပေးရခြင်း၊ ဆည်မြောင်းတာတမံ ဆည်ဖို့ပေးရခြင်း၊ ရိက္ခာရှာဖွေပေးရခြင်း၊ စစ်လက်နက်ပစ္စည်းများကို လုပ်ကိုင်ပေးရခြင်း၊ ဆင်ထိန်းပေးရခြင်း၊ မြင်းထိန်းပေးရခြင်း၊ ဆင်စာ-

မြင်းစာ ရှာဖွေပေးရခြင်းစသော လုပ်ငန်းများကိုလည်း အရွယ်နှင့်မမျှ ဆက်လက် လုပ်ကိုင်ပေးကြရပြန်သည်။

ဗဒုံမင်းသည် ဤကဲ့သို့ အရွယ်မရောက်သေးသော ကလေးသူငယ်များကို မကြာမကြာ တောင်းယူနေသည့်အပြင် အရွယ်ရောက်ပြီးသူများကိုကော ခေါ်ယူခံရခြင်းမှ လွတ်သလားဟုမေးလာလျှင် လုံးဝမလွတ်ချေ ဟုဖြေရမည် ဖြစ်ပါသည်။ မလွတ်ကြောင်းကို ရခိုင်ရာဇဝင်သစ်ကျမ်း၊ ဒုတိယတွဲတွင် -

**"လက်ရသိမ်းယူခဲ့သော လူပေါင်းနှစ်သိန်းကျော်၊ ရွှေငွေဝတ္ထုဝန်ဆန်၊ ရခိုင်ပြည့်ရှင် မဟာသမ္မတ ရာဇာ မင်းတရား အလုပ်အကျွေး လူသူအပေါင်းတို့နှင့်တကွ မဟာမုနိရုပ်ရှင်တော်ကို ခမည်းတော်မင်းကြီး ထံဆက်သတော်မူလေသော်၊ အမရပူရပြည့်ရှင် ဘိုးတော်မင်းတရားကြီးသည် လက်ခံသိမ်းပိုက်တော်မူ လျက်၊ မဟာမုနိရုပ်ရှင်တော်ကို အမရပူရမြို့တော်၏ အရှေ့မြောက်၊ မန္တလေးအရပ်တွင် သိမ်တော်ဆောက် လျက် ကိုးကွယ်တော်မူလေသည်။ လက်ရသိမ်းယူခဲ့သော လူပေါင်းနှစ်သိန်းကျော်ကို အသီးသီးရွာတည် ထောင်၍ ထားတော်မူလေသည်။"** ဟူ၍ မှတ်တမ်းတင်ထားသည်ကို တွေ့ရှိရပါသည်။

ကောဇာသက္ကရာဇ် ၁၁၅၁-ခု၊ နယုန်လ (အေဒီ-၁၇၈၉-ခု၊ မေလ)ကလည်း လူခြောက်ထောင် (၆၀၀၀) တောင်းလာပြန်သည်။ ဗဒုံမင်း၏သစ္စာတော်ခံ ရခိုင်မြို့ဝန်နန္ဒပကျန်လက်ထက်က ဖြစ်သည်။

ထိုင်း (ယိုးဒယား)တို့၏ ဇင်းမယ်ဒေသ (ယခု-ချင်းမိုင်) က မြန်မာမင်းပိုင်သော (၅၇)ခရိုင်အတွင်း သောင်းကျန်း ပုန်ကန်နေကြသဖြင့် အမရပူရဘိုးတော်ဗဒုံမင်းက ဗိုလ်မှူးတပ်မှူးတို့ကို စေလွှတ်၍ တိုက်စေသော်လည်း အနိုင်မရခဲ့ချေ။ သို့ဖြစ်ပါ၍ ဇင်းမယ်သို့စစ်ချီရာတွင် လူလိုသည်ဟုဆိုကာ ရခိုင်ဝတီလေးရပ်မှ လူပေါင်းခြောက်ထောင်(၆၀၀၀)ကို မြို့ဝန်နန္ဒပကျန်မှတစ်ဆင့် တောင်းယူခဲ့ပါသည်။ ယင်းလူပေါင်း (၆၀၀၀)ကို ရခိုင်က **"ပိန္နဲချောင်းဗိုလ်စားပိုင်ကြီး စာငယ်စွတ်"** (စာငယ်ခွတ်)ကို ဗိုလ်ချုပ်ခန့်၍ သက္ကရာဇ် ၁၁၅၁-ခု၊ နယုန်လတွင် အမရပူရသို့ စေလွှတ်၍ ဇင်းမယ်ကို တိုက်ရလေသည်။ ယင်းစစ်တိုက်ရာတွင် ပါဝင်ခဲ့ရသော ရခိုင်သားတို့သည် ငှက်ဖျားရောဂါမိ၍ များစွာသေကြကြောင်း ရခိုင်ရာဇဝင်သစ်ကျမ်း၊ ဒုတိယတွဲ၌ မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။

စိန်ဘူးသည် မင်းကြီးကျော်ထင်အမည်ကို ခံယူကာ သက္ကရာဇ် ၁၁၅၇-ခု၊ နတ်တော်လ (အေဒီ-၁၇၉၅-ခု၊ နိုဝင်ဘာလ)တွင် ရခိုင်၌ မြို့ဝန်ပြုလာသည်။ ယင်းအချိန်သည် မန္တလေးတစ်ဘက်ကမ်း မင်းကွန်းအရပ်တွင် **"မင်းကွန်းပုထိုးတော်ကြီး"** ကို တည်နေသော အချိန်အခါဖြစ်သည်။ စတင်တည်ထား သောနှစ်မှာ ၁၁၅၂-ခုနှစ်က ဖြစ်ကြောင်း **"စစ်ကိုင်းတောင် အတ္တုပ္ပတ္တိသမိုင်းညွှန့်ပေါင်းကျမ်း"**တွင် တွေ့ရသည်။ အဆိုပါဘုရားကြီးတည်ရာ၌ အုတ်လုပ်ရန်နှင့် ပန်းရံစသည်လုပ်ငန်းများအတွက် လူလိုနေသည်ဟု အကြောင်းပြကာ လူပေါင်းနှစ်ထောင် (၂၀၀၀) ပေးရမည်ဟု ဘိုးတော်ဗဒုံမင်းက တောင်းဆို လာသဖြင့် လူပေါင်း (၂၀၀၀) ပေးရပြန်သည်။

ယင်းကဲ့သို့ အကြိမ်ပေါင်းများစွာ ခံနေကြရသည့်အတွက် ရခိုင်လူမျိုးအပေါင်းတို့မှာ အေးအေးချမ်းချမ်း နေကြ ရသည်ဟူ၍ လုံးဝမရှိခဲ့ချေ။ နည်းအမျိုးမျိုးဖြင့် ဘိုးတော်ဗဒုံမင်း၏ ညှဉ်းပန်းမှုကိုခံနေကြရသည့်အတွက် အိုးကင်းပူသလို ပူနေကြရသည်။ ထိုအခါ ရခိုင်၌ မငြိမ်မသက်မှုများ အမြဲဖြစ်ပေါ်နေသည်။ ဖြစ်နေရခြင်း၏ အခြေခံအကြောင်းရင်းကို ဦးဘသန်း B.A က ၁၉၆၄-ခု၊ မတ်လထုတ်သူ၏ ကျောင်းသုံး မြန်မာရာဇဝင်၊ စာ-၃၅၂၊ ၃၅၃ တွင်

**"ရခိုင်လူမျိုးတို့ မြန်မာလက်အောက်တွင် မငြိမ်မသက်ကြသည်မှာ မင်းကွန်းပုထိုးတော်ကို တည်တော်မူ ရာ၌လည်းကောင်း၊ မိတ္ထီလာကန်တော်ကို ပြင်ဆင်ပြုစုတော်မူရာ၌လည်းကောင်း၊ ယိုးဒယားသို့ စစ်ချီရာ၌**

**လည်းကောင်း၊ ရခိုင်သားတို့ကို ဆင့်ခေါ်၍ ကာလရှည်ကြာစွာ သားမယားတို့နှင့် ခွဲခွာလျက်အမှုထမ်း စေသည် တစ်ကြောင်း၊ ရခိုင်ပြည်ကို အုပ်ချုပ်ရသော မြန်မာအရာရှိတို့က ရခိုင်သားတို့ကို နှိပ်စက်ညှဉ်းပန်းလိမ့်မည် တစ်ကြောင်း ဤအကြောင်းတို့ကြောင်း မငြိမ်မသက်ဖြစ်ကြဟန်တူသည်။"** ဟူ၍ သုံးသပ်ထားပါသည်။

ဦးဘသန်း (B.A) ၏ သုံးသပ်ချက်တွင် **"နှိပ်စက်ညှဉ်းပန်းလိမ့်မည်"** ဟူသော စာပိုဒ်ကို ပြင်ဆင်၍ **"နှိပ်စက်ညှဉ်းပန်းခဲ့ကြသည်"** ဟု ရေးသားတင်ပြမှသာ အမှန်ကျပါလိမ့်မည်။ နှိပ်စက်ညှဉ်းပန်းသည့်နေရာတွင် **"ဂျာမနီက-ဟစ်တလာ"** က အဘိုးခေါ်လောက်ပါသည်။

ဤကဲ့သို့ ရေးသားတင်ပြမှုကို မလွန်လွန်းဘူးလားဟု စာဖတ်ပရိသတ်များက ထင်မှတ်ကောင်း ထင်မှတ်ကြပေလိမ့်မည်။ မလွန်ကြောင်းကို ရခိုင်ရာဇဝင်သစ်ကျမ်း၊ ဒုတိယတွဲတွင်လည်းကောင်း၊ ပဲခူးမင်းကျောင်းဆရာတော်-ဦးပဏ္ဍိတ၏ ၁၉၁၀-ခု၊ ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်ထုတ် ဓညဝတီ ရာဇဝင်သစ်ကျမ်း၊ စာ-၂၅၂၊ ၂၅၃-တွင်လည်းကောင်း ဤသို့မှတ်တမ်းတင်ထားခဲ့သည်ကို တွေ့ရှိ ရသည်။

**"မြို့ဝန်နန္ဒပကျန်နှင့် မြို့သူကြီး လေးခတ်တောင်စား ငထွန်းစံတို့က များစွာအမျက်ထွက်၍ ရခိုင်ပြည် နိုင်ငံအလုံး၌ရှိသော လူတို့ကို ပြောင်းလက်နက်ချရန်ဟု ခေါ်ပြီးလျှင်၊ ပေါင်းထုပ်ပြင်၌ လူပေါင်းတစ်ထောင်၊ သရက်အုပ်အရပ်၌ လူပေါင်းတစ်ထောင်၊ ကြက်ရိုးတောင်အရပ်၌ လူပေါင်းတစ်ထောင်၊ စံကားတောင်အရပ်၌ လူပေါင်းခုနစ်ထောင်၊ ရွှေမြို့တော်ပရိဒွေ၌ လူပေါင်းသုံးသောင်းခုနစ်ထောင်၊ ပုခက်တွင်းသားသူငယ်များကို ဒါးကစားသည်က လူပေါင်းတစ်သောင်း၊ ဘုရားပေါ်အရပ်၊ ဗိုင်းကျီအရပ်၊ မောင်းဆွဲအရပ်၊ ငါရကောက်အရပ်၊ ခေါင်းပြိုတောင်အရပ်၊ ပရိန်အရပ်၊ ပေါင်းထုပ်အရပ်၊ ရတနာပြင်အရပ်၊ လက်မဖက်အရပ်၊ တောတန်းအရပ်၊ ကိုးဆယ့်ကိုးတောင်အရပ်၊ ထိုထိုဆိုခဲ့ပြီးသော အရပ်တို့၌ သတ်သောလူများအရေအတွက် လူပေါင်းကိုးထောင်၊ သံတွဲ၊ ရမ်းဗြဲ၊ မာန်အောင်အရပ်တို့၌ သတ်၍သေသွားသည့်လူအပေါင်းကား တစ်သိန်းရှစ်သောင်းတို့ကို သတ်လေကုန်၏။"**

နိဂုံးချုပ်အနေဖြင့်ဆိုရသော် အထက်ဖော်ပြပါ ရာဇဝင်လာမှတ်တမ်းများကို လေ့လာကြည့်ခြင်းအားဖြင့် ရခိုင်က အရွယ်မရောက်သေးသော ကလေးအရွယ် လူမမယ်ကလေးများကို အမရပူရက ဘိုးတော်ဗဒုံမင်း တောင်းယူခြင်းသည် **"ဗျာပါဆံအက"** ဖြင့် နန်းတွင်းဖျော်ဖြေခိုင်းမှုဟူသော ရည်ရွယ်ချက်တစ်ခုတည်းမဟုတ်ကြောင်း သိသာထင်ရှားနေပြီ ဖြစ်ပါသည်။ ယင်းကဲ့သို့ရခိုင်က သူငယ်တော်ပေးဆက်ရမှုတွင် **"ဒွါရာဝတီ-သံတွဲဒေသ"** ကလည်း ပါဝင်ခဲ့ရသဖြင့် နောင်လာနောက်သားတို့ အမှတ်ရစေခြင်းအကျိုးငှာလည်းကောင်း၊ (သို့မဟုတ်) သတိသံဝေဂယူကာ လူသားအချင်းချင်း ကိုယ်ချင်းစာတရားထားနိုင်ကြစေရန် အကျိုးငှာလည်းကောင်း ရည်ရွယ်ချက်ဖြင့် ဤစာတမ်းကို ရေးသားတင်ပြလိုက်ရပေသည်။

**"တိုင်းရင်းသားအချင်းချင်း ကိုယ်ချင်းစာတရားထားနိုင်ကြပါစေ။"**

**ဒွါရာဝတီ-အသျှင်ကုသလ**

(ကျမ်းကိုးစာရင်း)

၁။ စန္ဒမာလာလင်္ကာရ၊ အသျှင်၊ ရခိုင်ရာဇဝင်သစ်ကျမ်း၊ ဒုတိယတွဲ။

၂။ ဘသန်း၊ ဦး၊ (B.A) ၊ ကျောင်းသုံးမြန်မာရာဇဝင်၊ ၁၉၆၄-ခု၊ မတ်လ။

၃။ ပဏ္ဍိတ၊ ဦး၊ ဧရာဝတီရာဇဝင်သစ်၊ ၁၉၁၀-ခု၊ ပြည်ကြီးမဏ္ဍိုင်။

၄။ ကုသလ၊ အသျှင်၊ (သုတေသီ)၊ မှတ်စု။

၅။ စစ်ကိုင်းတောင်အတ္ထုပ္ပတ္တိ သမိုင်းညွှန့်ပေါင်းကျမ်း။

မြောက်ဦးရွှေမြေမဂ္ဂဇင်း
အမှတ် (၂)၊ ၂၀၁၅-ခု။

## ဒွါရာဝတီ–တောင်ခွင်တန်း အသျှင်သီလဝံသ၏
## "နီဗ္ဗာန်သြဇာ လင်္ကာနှင့်စကားပြေကျမ်း"

**"ဒွါရာဝတီ"** ဟု ဆိုလိုက်လျှင် တောင်စဉ်ခုနစ်ခရိုင်နှင့် တောင်ခွင်တန်းကို ခေါ်ကြောင်းသိကြ၏။ တောင်စဉ်ခုနစ်ခရိုင်ဆိုသည်မှာ အမ်းချောင်းတောင်ဘက်နယ်မြေမှစ၍ (၁) မအီချောင်း၊ (၂) လမူးချောင်း၊ (၃) တန်းလွဲချောင်း၊ (၄) တောင်ကုတ်ချောင်း၊ (၅) သူငွေးချောင်း၊ (၆) သံတွဲချောင်း၊ (၇) ကျိန္တလီချောင်းဟူ၍ ရိုးပေါက်ချောင်းကြီးခုနစ်ချောင်းကို ခေါ်ခြင်းဖြစ်သည်။ ယင်းတောင်စဉ်ခုနစ်ခရိုင်ကို **"တောင်စဉ်ကမ်း"** ဟူ၍လည်း ခေါ်ကြပါသေးသည်။

ယင်းတို့အနက် ဒွါရာဝတီအပိုင်-ကျိန္တလီနယ်မြေမှ **"မော်တင်စွန်း"** အထိကိုတော့ **"တောင်ခွင်တန်း"** ဟူ၍ ခေါ်ခြင်းဖြစ်သည်။ တောင်စဉ်ကမ်းနှင့်တောင်ခွင်တန်းတို့သည် ဒွါရာဝတီ၏ ပိုင်နက်နယ်မြေဒေသများဖြစ်ကြ၏။ ဘုရင်စနစ်အုပ်ချုပ်မှုခေတ်က ဒွါရာဝတီမြို့စား (ဘုရင်ခံ)၏ အုပ်ချုပ်မှုအောက်တွင် ရှိခဲ့ကြသော နယ်မြေဒေသများဖြစ်ကြပါသည်။

အဆိုပါတောင်ခွင်တန်း၌ လွန်ခဲ့သော နှစ်ပေါင်း (၂၁၂)နှစ်ခန့်က **"အသျှင်သီလဝံသ"** အမည်ရှိသော ရဟန်းစာဆိုတော်တစ်ပါး ပေါ်ပေါက်ခဲ့ပါသည်။ ဆရာတော်၏ မိဘနှစ်ပါးနှင့် မွေးသက္ကရာဇ်ကို အတိအကျ မသိရချေ။ ကောဇာ-၁၁၆၁-ခု (အေဒီ-၁၇၉၉)က သူရေးသားပြုစုခဲ့သော **"နိဗ္ဗာန်သြဇာလင်္ကာနှင့် စကားပြေကျမ်း"** အမည်ရှိသောကျမ်းစာအရ တောင်ခွင်တန်းက အသျှင်သီလဝံသဖြစ်ကြောင်းကိုသာ သိရှိရသည်။

လေးမြို့ခေတ် (အေဒီ-၈၁၈ မှ ၁၄၃၀ထိ)၊ အေဒီ-၁၄၁၈-နှစ်က ရေးသားပြုစုခဲ့သော **"ရခိုင်ကဝိကဏ္ဍာပါသကျမ်းပြု"** ဆရာတော်အသျှင်သီလဝံသနှင့်ဆိုပါလျှင် ရခိုင်တွင် အသျှင်သီလဝံသဘွဲ့အမည်တူဖြင့် ရဟန်းစာဆိုတော်နှစ်ပါးရှိကြောင်း သိရှိရပါသည်။ အဆိုပါရဟန်းပုဂ္ဂိုလ်နှစ်ဦးမှာ ဒွါရာဝတီနယ်မြေဒေသကချည်း ဖြစ်ကြသည်။ ဘွဲ့အမည်တူနေသည့်အတွက် တစ်ပါးတည်းဟု ထင်မှတ်တတ်ကြသည်။ တစ်ပါးတည်းမဟုတ်ကြောင်းကို သူတို့၏စာပေလက်ရာနှင့်ခေတ်သမိုင်းကြောင်းက သက်သေပြလျက် ရှိပါသည်။

အဆိုပါ နိဗ္ဗာန်သြဇာ လင်္ကာနှင့်စကားပြေကျမ်းသည် ပုံနှိပ်မှုသို့ မရောက်နိုင်ဘဲ ပေမူအနေဖြင့်သာ နှစ်ပေါင်း ၂၀၀-ခန့် တည်ရှိနေခဲ့ရခြင်းဖြစ်ပါသည်။ ယင်းပေစာမူဟောင်းကို မယူကမ်း၊ ရသေ့တောင်မြို့နယ်၊ ကျောက်ထရံကျောင်းတိုက်ဆရာတော်၊ ဘဒ္ဒန္တကောဝိဒ (မွှာစရိယ)က ပြန်လည်ဖော်ထုတ်ပေးလိုက်သည့်အတွက် နိဗ္ဗာန်သြဇာလင်္ကာနှင့် စကားပြေကျမ်းမှာ ပေါ်ထွက်လာခဲ့ရခြင်းဖြစ်ပါသည်။ ပြန်လည်ဖော်ထုတ်ပေးသူ ကျောက်ထရံဆရာတော်ကို အထူးကျေးဇူးတင်ထိုက်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုဆရာတော်ထိန်းသိမ်းထားသောကြောင့်သာ (သို့မဟုတ်) ဖော်ထုတ်ပေးသောကြောင့်သာ ရခိုင်စာပေကို မြတ်နိုးကြသော စာပေသုတေသီများနှင့် စာဖတ်ပရိသတ်အပေါင်းတို့၏ လက်ထဲသို့ ထိုကျမ်းစာ ရောက်ရှိလာခဲ့ရခြင်း ဖြစ်ပါသည်။

နိဗ္ဗာန်သြဇာလင်္ကာနှင့် စကားပြေအမည်ရှိသော ကျမ်းကို ရန်ကုန်မြို့၊ **"အသိုင်းအဝိုင်းစာပေ"** က ၁၉၉၆-ခု၊ ဒီဇင်ဘာလတွင် ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ အုပ်ရေ(၁၀၀၀)ရိုက်နှိပ်ပြီး၊ ရောင်းဈေးမှာ (၁၀၀/-)ဖြစ်ကြောင်း ပုံနှိပ်မှတ်တမ်းအရ သိရှိရသည်။

စာရေးသူအနေဖြင့် ဤစာအုပ်ရရှိပုံကို ပြောပြပြီး ကျေးဇူးတင်စကားဆိုချင်ပါသေးသည်။ စာရေးသူသည် ၁၉၉၉-

ခု၊ ဇွန်လက ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ နန္ဒဝန်တိုက်၊ သီရိမင်္ဂလာကျောင်းသို့ စာပေကိစ္စဖြင့် ခေတ္တရောက်နေခိုက် မမျှော်လင့်ဘဲ ကိုလှမြင့် (ရခိုင်သားကြီးစာပေ)နှင့် တွေ့ဆုံခဲ့ရပါသည်။ ကိုလှမြင့် (ရခိုင်သားကြီးစာပေ)နှင့် ရင်းနှီးခွင့်ရကာ စာရေးသူအား အဆိုပါစာအုပ်ကို (၂၇၊ ၆၊ ၁၉၉၉)နေ့စွဲဖြင့် လက်မှတ်ရေးထိုးကာ အမှတ်တရအဖြစ် ပေးလှူသွားခြင်း ဖြစ်သည်။ အလွန်တန်ဖိုးရှိ သော ကျမ်းစာအုပ်ကလေးတစ်အုပ်ကို ရရှိလိုက်သဖြင့် စာရေးသူမှာ ဝမ်းသာ၍မဆုံးသလို ကိုလှမြင့် (ရခိုင်သားကြီးစာပေ)ကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။ အဘယ်ကြောင့်ဆိုသော် စာရေးသူအလိုရှိနေသော စာရေးသူတို့ ဒွါရာဝတီအပိုင်၊ တောင်ခွင်တန်းက ဆရာတော် **"အသျှင်သီလဝံသ"** ဖြစ်နေသော ကြောင့်တည်း။

တောင်ခွင်တန်းဆရာတော် အသျှင်သီလဝံသ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိကို အတိအကျ မသိရှိရသော်လည်း တောင်ခွင်တန်းဇာတိ ရခိုင်ဆရာတော်တစ်ပါး ဖြစ်ကြောင်းကိုကား သူ၏စာပေအရေးအသား, အသုံးအနှုန်းများက သက်သေ ပြလျက် ရှိနေပေသည်။

ရှေးခေတ်ကျမ်းပြုစာဆို ဆရာတော်အရှင်မြတ်များသည် များသောအားဖြင့် မိမိ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း ကိုမျှ ဖော်ပြဖို့ ဝန်လေးတတ်ကြသည်။ အရှက်အကြောက်ကြီးတတ်ကြသည်။ အလွန်လျှို့ဝှက်တတ်ကြသည်။ ယင်းကိစ္စ မှာ ကျမ်းပြုပုဂ္ဂိုလ်ဘက်က အမှန်ဟု ယူဆကြသော်လည်း နှစ်ပေါင်းများစွာကြာမြင့်လာသည့်အခါ၌ ကျမ်းပြုပုဂ္ဂိုလ်၏ အတ္ထုပ္ပတ္တိမှာ မှုန်ဝါးဝါးအခြေသို့ ဆိုက်ခဲ့ကြရပါသည်။ နောင်းလူတို့အနေဖြင့် အတိအကျ သိရှိနိုင်ဖို့ရာ အလွန်အခက် အခဲရှိကြပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ကျမ်းပြုစာဆိုပုဂ္ဂိုလ်များ၏ အမည်နာမသာ ထင်ရှားပြီး၊ ကိုယ်ရေးအတ္ထုပ္ပတ္တိ မထင်ရှားသော ပုဂ္ဂိုလ်များမှာ အများအပြား ရှိနေကြခြင်းဖြစ်သည်။ ကိုယ်ရေးအတ္ထုပ္ပတ္တိထင်ရှားသော ပုဂ္ဂိုလ်မှာ အနည်း အကျဉ်းမျှသာ ရှိကြ၏။ ယခုခေတ်နှင့် နှိုင်းစာလျှင်ကား အလွန့်အလွန် နည်းပါးခဲ့သည်ကို တွေ့ရှိရသည်။

ဆရာတော်သည် ယင်းကျမ်းစာကို ကောဇာ-၁၁၆၁-ခု၊ ခရစ်အေဒီ-၁၇၉၉-ခုက ရေးသားပြီးစီးခဲ့ခြင်းကြောင့် ယခုစာရေးသူ ဆောင်းပါးရေးသားနေသော အချိန်အထိဆိုပါလျှင် နှစ်ပေါင်းနှစ်ရာတစ်ဆယ့်နှစ် (၂၁၂) နှစ် ရှိသွားပြီ ဖြစ်ပါသည်။

ကောဇာ-၁၁၄၆-ခု၊ အေဒီ-၁၇၈၄-ခုက အမရပူရဘိုးတော်ပဒုံမင်း (မောင်ဝိုင်း)၏ လက်အောက်သို့ ရခိုင်ပြည်ကျရောက်သွားခဲ့ရပြီး၊ (၁၅)နှစ်အကြာတွင် ဆရာတော်သည် ဤကျမ်းစာကို ရေးသားပြုစုခဲ့ခြင်းဖြစ်သည်။

ဒွါရာဝတီ၊ တောင်ခွင်တန်းဆရာတော် အသျှင်သီလဝံသ၏ စာပေလက်ရာမှာ ဤတစ်ကျမ်းတည်းသာမက၊ နောက်လည်းရှိနိုင်သေးသည်ဟု ထင်ပါသည်။ စာပေသုတေသီများက ဆက်လက်၍ ရှာဖွေကြရပေဦးမည်။ ထိုဆရာတော် ထက် (၁၂)နှစ်စော၍ ကောဇာ-၁၁၄၉-ခု၊ အေဒီ-၁၇၈၇-ခုက ဒွါရာဝတီ-အသျှင်ကဝိသာရ မထေရ်သူမြတ်(ကဝိသာရာဘိ သိရီပဝရ မဂ္ဂမဟာဓမ္မရာဇာဓိရာဇဂုရု) ဘွဲ့ဆံဆိပ်တော်ရ ဆရာတော်သည်လည်း ဓညဝတီအရေးတော်ပုံကျမ်းနှင့် မဟာပညာကျော်လျှောက်ထုံးကျမ်းတို့ကို ရေးသားပြုစုခဲ့ပါသေးသည်။

တောင်ခွင်တန်းဆရာတော် အသျှင်သီလဝံသ၏ကျမ်းစာမှာ ကဗျာလင်္ကာချည်းမဟုတ်သလို၊ စကားပြေချည်း လည်း မဟုတ်ပါ။ လင်္ကာနှင့်စကားပြေကို ပေါင်းစပ်ရောနှော၍ ရေးသားထားသောကျမ်း ဖြစ်ပါသည်။ လောကီစာသင် ကျောင်းများ၌ သင်ရိုးညွှန်းတမ်းအနေဖြင့် သင့်လျော်ရာအခန်းများကို ရွေးချယ်၍ သင်ကြားပြဋ္ဌာန်းပေးဖို့ရန် အလွန်

ကောင်းမွန်သော ကျမ်းတစ်ကျမ်းလည်း ဖြစ်ပါသည်။

ယင်းစာအုပ်တွင် တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ဓမ္မဒါနလမ်း၊ ဓမ္မသုခပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တသုဇာတက **"မိတ်ဆက်လွှာ"** ရေးပေးထားသည်ကို တွေ့ရသည်။ ယင်းစာအုပ်မာတိကာတွင် ဖော်ပြထားသည့် အတိုင်း(၁) မြတ်ရတနာအသင်းနှင့် (၂) နိဒါန်းဟူသော အကြောင်းအရာများပါရှိနေသည်ကို မတွေ့ရချေ။ **"စုဆောင်း တင်ပြသူ၏ အမှာစာလွှာ"** ဟူ၍သာ ဖော်ပြထားသည်ကို တွေ့ရသည်။ ယင်းအမှာစာကိုလည်း အဆုံးတိုင်အောင် မဖော်ပြဘဲ၊ နောက်၌ဖော်ပြလတ္တံ့သော (စာမျက်နှာ ၈၁ မှ ၉၅ ထိ)စာဖောင်ကိုသာ အပိုအနေဖြင့် ဖော်ပြပေးထားသည်ကို တွေ့ရသည်။

ကျမ်းစာ၏ မူရင်းနိဒါန်းနှင့် မူရင်းနိဂုံးများကို ဖော်ပြပေးနိုင်မည်ဆိုပါက ယင်းကျမ်းစာမှာပို၍ ပြီးပြည့်စုံသွား လိမ့်မည်ဟု ထင်ပါသည်။ နောက်တစ်ကြိမ်ရိုက်ဖြစ်ခဲ့ပါက မူရင်းနိဒါန်းနှင့် မူရင်းနိဂုံးတို့ကို လည်းထည့်သွင်းရိုက်နှိပ် ပေးစေလိုကြောင်း အကြံပြုအပ်ပါသည်။

ဆရာတော်သည် သူ၏ **"နိဗ္ဗာန်သြဇာ"** အမည်ရှိသော လက်ာနှင့် စကားပြေကျမ်းကို ပြုစုရာ၌ အပိုင်း(၃)ပိုင်းခွဲ၍ ပြုစုထားသည်ကို တွေ့ရသည်။ ပထမပိုင်း၏ အစတွင် **"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"** ဖြင့် ဘုရားကိုရှိခိုးဖြင့် အဓိပ္ပာယ်ကို ဤသို့ဖွင့်ဆိုထားပါသည်။

**"ဤ နမောတဿ ဘဂဝတော အစရှိသော ဘုရားရှိခိုးဂါထာကို ပိဋကတ်ကျမ်းကြီးကျမ်းငယ်တို့၌ ရှေးဦးစွာ ရေးသားထားကြသည်မှာ လူနတ်ပြဟ္မာ သတ္တဝါဝေနေယျတို့၏ ကိုးကွယ်အားထားရာဖြစ်ခြင်းကြောင့် လည်းကောင်း၊ အန္တရာယ်ကင်းခြင်း၊ ကျမ်းပြီးမြောက်စေခြင်း အကျိုးငှာလည်းကောင်း၊ ရှေးဦးစွာ ရေးသားလျက် ပဏာမပြုရပါသည်။ သည့်အပြင် သိကြား၊ ပြဟ္မာစသော နတ်မင်းကြီးငါးယောက်တို့သည် အသီးသီး ဘုရားသခင် အား ရှိသေစွာ ရှိခိုးဝန္ဒနာဂါထာဖြစ်သည်။"** ဟူ၍အစချီထားပါသည်။

စကားပြေကျမ်းဟု ဆိုထားသည့်အတိုင်း စကားဝါကျရှည်ကြီးများဖြင့် စကားကိုပြေလျော့အောင် ရေးသား နိုင်စွမ်းရှိသော စံပြုလောက်သည့် ဆရာတော်တစ်ပါးလည်းဖြစ်သည်။ စကားပြေဝါကျကို တည်ဆောက်သည့်နေရာတွင် ဝါကျတိုကလေးများဖြင့် တန်ဆာဆင်ရေးဖွဲ့ရသည်ထက် ဝါကျရှည်ကြီးများဖြင့် မူလအာဘော်လည်း မပျက်အောင် (သို့မဟုတ်) လွဲချော်သွားခြင်းမရှိအောင် ရေးဖွဲ့ရသည်မှာ အလွန်ခက်ခဲလှပါသည်။ ဆရာတော်၏ စကားပြေအရေး အသားကို နမူနာပြပါမည်။ ထိုစာအုပ် စာမျက်နှာ-၁၉ တွင်

**"စွန့်ခြင်းကြီးငါးပါးဟု ဆရာပြ၍ သိရပြီး စွန့်ခြင်းငယ်ရှိသေးသလောဆရာဟု သူမေးရာ၌ "ဒါနံ့ဝ အာဒိကံ ကတွာ" ဟူသော ပါဠိကိုထောက်၍ ဒီပင်္ကရာမြတ်စွာ ခြေတော်အစုံရင်း၌ မချွတ်မလွဲ အမြဲကေန် နိယတဗျာဒိတ်ပန်းကို ကောင်းစွာခံယူပန်ဆင်သည့်ကာလ ဗျာဒိတ်ရ ဘဝအစဖြစ်တော်မူသော သုမေဓာ ရှင်ရသေ့ သည် များပြားလှစွာသော ကျေး၊ ကျွန်၊ ကျွဲ၊ နွား၊ ဆန်ရေစပါးစသော အသုံးအဆောင် ပရိက္ခရာ ဥစ္စာအိမ်ထောင် တို့ကို ကုန်အောင် စွန့်ကြဲပေးကမ်းခြင်းဒါနသည် "ပရိစာဂ-စွန့်ခြင်းငယ်" ဟူသတည်း။"** ဟူ၍လည်းကောင်း -

**"အလောင်းတော်၏ အလှူဒါနကြီး"** အခန်းတွင် အလှူဒါန၏ ကြီးကျယ်ပုံကို စကားပြေဝါကျရှည်များဖြင့် ဤသို့ ရေးဖွဲ့ထားပါသည်။

**"ဤသို့လျှင် ဒါနကိုအစပြု၍ အဘယ်ကာလ၊ အဘယ်ဘုရားလက်ထက်ကပင် ဒါနပါရမီကို ဖြည့်ကျင့်၍**

**နိဗ္ဗာန်ချမ်းသာမြတ်ကို ရတော်မူသနည်း ရှင်ပင်ဘုရားဟု အသျှင်သာရိပုတ္တရာလျှောက်ထားရာတွင် . . .**

သာရိပုတ္တရာ၊ ချစ်သား . . . . . သာရိပုတ္တရာ၊ ငါစည်းစိမ်မကိုရသည်မှာကား သုမင်္ဂလမြတ်စွာဘုရား လက်ထက် သုရုစိပုဏ္ဏားငါဖြစ်သတည်း။ ချစ်သား . . . . သာရိပုတ္တရာ၊ ထိုအခါ သုမင်္ဂလဘုရားအထံ ရွှေကျောင်းတော်သို့ ငါသွားပြီး၍ တရားတော်မြတ်ကို ငါနာယူသည်တွင် လျှောက်ထားပြောဆိုနေပြီးလျှင် ညနေအိမ်သို့ ပြန်သွားမည်ကာလမှာ ထက်လှစွာသော သဒ္ဓါဗလဝဇောစေတနာ ပေါ်ပေါက်လာသောကြောင့် နက်ဖြန် နံနက်စောစော အရှက်တက်က ကိုယ်တော်မြတ်နှင့်တကွ သံဃာတော်မြတ်များကို ဒကာတော်တို့က ဆွမ်းလုပ်ကျွေးလှူဒါန်းပါမည် ဘုရားဟု လျှောက်ထားသည်တွင် . . .

သုမင်္ဂလဘုရားက မိန့်တော်မူသည်မှာ ဒကာတော်သုရုစိပုဏ္ဏား၊ ငါ့တွင် သံဃာတော်များလှချေ၏။

သံဃာတော် မည်မျှရှိပါအံ့နည်းအရှင်ဟု သုရုစိပုဏ္ဏားက လျှောက်ပြန်သော် . . .

ဒါယကာပုဏ္ဏား၊ ငါ့တွင်ကား သံဃာတော်ကိုးသိန်းရှိ၏ ဒကာတော် . . .

သံဃာတော် ကိုးသိန်းတို့နှင့်တကွ နက်ဖြန်စောစော ကြွတော်မူပါဘုရားဟု ပင့်ဖိတ်လျှောက်ထားခဲ့၍ သွားလေလျှင် အိမ်သို့ရောက်သည့်ကာလ ပုဏ္ဏေးမကို မေးလေ၏။

အဘယ်ပုဏ္ဏေးမ၊ နက်ဖြန်စောစော သံဃာတော်ကိုးသိန်းနှင့်တကွ ဘုရားသခင်ကို ဆွမ်းလုပ်ကျွေးလှူဒါန်းပါမည်ဟု ငါဖိတ်ခဲ့သည်ဖြစ်၍ သင့်တွင် ဆီဦးထောပတ်ရှိပါ၏လောဟု အရှင်သူဌေးမေးသည်မှာ အရှင်သူဌေးကြီး၊ ဆီဦးထောပတ်ဆိုသည်မှာလည်း သံဃာတော်ကိုးသိန်းမျှကို မဆိုထားဘိဦး ကိုးသိန်းကိုးလီ ကျွေးမွေးလှူဒါန်းငြားပါသော်လည်း မကုန်ခန်းနိုင်ရာ အရှင်သူဌေးဟု ပုဏ္ဏေးမကဆိုလေလျှင် အဘယ်ပုဏ္ဏေးမ၊ ဆီဦးထောပတ်တို့သည် နေ့ပေါင်း၊ ရက်ပေါင်း များလှသောကြောင့် ရှိပါစေဦးတော့၊ သင့်တွင်ဆွမ်းချက်စရာ ဆန်ရှိပါ၏လောဟု မေးပြန်၏။

သူဌေးမင်း၊ ဆွမ်းချက်စရာ ဆန်သည်လည်း သံဃာတော်ကိုးသိန်းကို နေစေဦးတော့၊ ကိုးသိန်းကိုးလီ ကျွေးမွေးကာငြားသော်လည်း ကျွေး၍မကုန်နိုင်ပါအရှင်သူဌေးဟု ပုဏ္ဏေးမက ပြန်ဖြေလေသော် ဤသို့ဖြစ်လျှင် ဆွမ်းဆန်တော်ဆီဦးထောပတ်လည်း ငါ့မှာပြည့်စုံပြီ၊ နက်ဖြန် သံဃာတော်ကိုးသိန်း စည်းဝေးစရာ မဏ္ဍပ်သာလျှင် ငါ့မှာလိုသေးတော့သည်၊ မည်သို့ကြံရပါအံ့နည်းဟူ၍ ညဥ့်နေ့ကို တမှိုင်တွေတွေ ကြံစည်နေသည့်ကာလ . . .

တာဝတိံသာ၌ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ တင်းမာပြည့်ဝသည်ဖြစ်၍ သိကြားမင်းကြည့်လတ် သည်ရှိသော် ဘုရားလောင်းပုဏ္ဏားသည် မဏ္ဍပ်ကိုကြံစည်၍ ငေးမှိုင်တတွေတွေနေသည်ကို မြင်လေလျှင် ငါသိကြားမင်းကြည့်၍နေ ချေသော် မသင့်ချေတကားဟု လူယောင်ဖန်ဆင်းလျက်လာလတ်၍ သိကြားမင်းက မေးသည်မှာ သင်ဘယ်ကဲ့သို့ အကြောင်းကြောင့် တမှိုင်တွေတွေနေသနည်းဟု သိကြားမင်းက မေးသည်တွင် သင်ငါ့ကိုလျှောက်၍ မမေးပါနှင့်၊ နက်ဖြန်သံဃာတော်ကိုးသိန်းစည်းဝေးရန် မဏ္ဍပ်အခင်းကို ငါကြံစည်၍နေသည်ဟု ပုဏ္ဏားကဆိုလေလျှင် သိကြားမင်းက တစ်ဖန်ဆိုပြန်လေ၏။ အသင်ပုဏ္ဏား၊ လူဆင်းရဲကို မငေါက်မငမ်းပါနှင့်၊ သင့်တွင်ဇရပ်ဆောက်လုပ်ခွင့်ရှိလျှင်လည်း အခစားဆောက်လုပ်ပါရစေ၊ မဏ္ဍပ်ဆောက်ခွင့်ရှိလျှင်လည်း အခစားဆောက်လုပ်ပါရစေဟု သိကြားမင်းက ဆိုလေသော်-

သင်မဏ္ဍပ်ပြီးအောင် ဆောက်လုပ်နိုင်ပါမည်လော၊ သင့်တွင်လက်သမားအများပါ၏လောဟု သုရုစိပုဏ္ဏားက မေးလေလျှင် သိကြားမင်းကဆိုလေ၏။

**"လက်သမားလဲ ငါတစ်ယောက်တည်းပင်၊ ဗိသုကာလဲ ငါတစ်ယောက်တည်းပင် ဖြစ်သည်၊ အခရလျှင်**

**ကြိုးစား၍ ဆောက်လုပ်ပါမည်၊ ပုဏ္ဏား . . . ရှင်သူဌေး၊ သင်၏မဏ္ဍာပ်အကြီးအကျယ်ကို ဆိုပေတော့၊ အခင်း အကျယ်နေရာကိုသာ ဆိုပေတော့၊ အဖိုးအခကိုလဲ ဆိုပေတော့"** ဟု သိကြားမင်းကဆိုလေလျှင် . . .

**"သင်သူဆင်းရဲ ဆောက်လုပ်မည်မှန်လျှင် ဒီချို, ဒီတော, ဒီနေရာတွင်ပင် မဏ္ဍာပ်ရာချချေမည်၊ သို့ဖြစ်၍ ဒီချိုဒီတောကိုပင်လျှင် ထွင်ရာပြင်ရာရှိမည်"** ဟု ပုဏ္ဏားကဆိုပြန်လျှင် သိကြားမင်းက **"အရှင် သူဌေးသား၊ အိမ်သို့ပြန်ပါလေတော့၊ မဏ္ဍာပ်ရာကို ငါရှင်းလင်းထွင်ပြင်ခဲ့ပါမည်"** ဟု ဆိုလေလျှင် ဘုရားလောင်းပုဏ္ဏားသည် အိမ်သို့ပြန်လေ၏။" (မှတ်ချက်။ ။ ဇာတ်လမ်းက မဆုံးသေးပါ။)

ဆရာတော်သည် စကားပြေကိုသာ အရေးကောင်းသည်မဟုတ် ကဗျာလင်္ကာရေးစပ်သီကုံးရာတွင်လည်း အလွန် အရေးအဖွဲ့ကောင်းသည်ကို တွေ့ရသည်။ ဆရာတော်က နိဗ္ဗာန်ကို ရောက်ဖို့အရေးတွင် သီလမပါလျှင်မပြီး၊ ထို့ကြောင့် သီလသည် **"နိဗ္ဗာန်၏အဆီ"** ဖြစ်ကြောင်း တင်စားထားသည်ကို ဆရာတော်၏ ကဗျာ၌တွေ့ရသည်။ ဆရာတော်က-

**"စကြဝဠာ ။ ။ တိုက်နှင့်သာလျှင်၊ ခြင်းရာအပြည့်။ ရွှေ, ငွေထည့်၍။ မငဲ့တုံ့ရှောင်း။ ကုသိုလ်ပေါင်းနှင့်။ သူတော်ကောင်းတို့မှာ၊ တစ်နေ့သာမျှ။ ကျင့်သီလတို့။ နှိုင်းကြခြင်းမြောက်။ ဆီးနှင်းပေါက်နှင့်၊ အုံအောက် သမုဒ္ဒရာ။ ရေသီတာသို့။ မြစ္စာကျင့်ပြား၊ သီလအားကို။ ဘုရားတို့သာ။ ဟောနိုင်ရာ၏။ ကျင့်ရာအမှန်။ သုံးပါး ကံက၊ လျှင်တံနှီးဆော်။ ချီးမြှင့်သော်လည်း။ ကော်ရော်လေးမြတ်။ သီလဝတ်ကား။ ရှောင်အပ်တရား၊ ဆယ်ထွေ ပြား၏၊ ငါးပါးသီလ။ အဌင်္ဂနှင့်။ ဒသဆယ်ပါး။ သီလများကို။ ကြိုးစားလို့လ။ အားထုတ်ကြမှ၊ စောင့်ထမြဲမြဲ။ သစ္စာစွဲလျက်။ မလွဲမိဌာန်၊ စိတ်ကကြဲ၍၊ အမှန်ကြိုးစား၊ သနားစုံမက်၊ ကိုယ့်အသက်ကို၊ မပျက်စေရ။ ချစ်ကုန် ကြလော့၊ မိဘဆရာ၊ ရွှေဦးသာလျှင်။ ပညာရှိထံ။ ဆုံးမခံ၍၊ ဘေးရန်ချောက်ချား။ မသွားအားသော်။ ဘုရား ရင်ပြင်၊ ကြီးသစ်ပင်နှင့်။ အိမ်တွင်အိမ်ဦး။ ရည်စူးစူးသား၊ နဖူးလက်တင်။ ကိုယ်သုတ်သင်၍။ စောင့်လျှင် ထူးခြား၊ အကျိုးများသည်။ ။ မှတ်သားနိဗ္ဗာန်အဆီတည်း။ ။"** ဟူ၍လည်းကောင်း ရေးဖွဲ့စပ်ဆိုထားပါသည်။ အလွန်မှတ်သားဖွယ်ကောင်းသော ကဗျာလင်္ကာများပင်တည်း။

ဆရာတော်က သူ၏ **"နိဗ္ဗာန်သြဇာကျမ်း"**သည် နောင်လာနောက်သား ရဟန်းရှင်လူများအတွက် စောင်းတန်း ပမာတူကြောင်း, သူတော်ကောင်းတရား ဝမ်းမှာထားသင့်ကြောင်းနှင့် ဤကျမ်းစာကို ရေးသားပြုစုသော ကျမ်းပြုဆရာ၏ ဆရာသမားမှာ သီလ, သမာဓိ, ပညာ, ခန္တီ, ဇာဂရိယဂုဏ်နှင့် ပြည့်စုံသော သူတော်ကောင်းအနွယ်တော်ဖြစ်ကြောင်းကို-

**"နိဗ္ဗာန်သြဇာ ။ ။ ဤသည့်စာကို။ နောင်လာလူများ။ ကြီးသားငယ်သူ။ ရှင်လူရဟန်း။ ပြည်ကြဌန်းသို့၊ စောင်းတန်းလွယ်စွာ၊ ခရီးတာကို၊ ပြရာပြကြောင်း၊ ကျမ်းပေါင်းလုံးစု၊ အနုအရင့်၊ အဆင့်ပညာ။ သူတော်စွာအား၊ ဝမ်းတွင်ထားပိမ့်။ နှစ်သိမ့်စာမူ။ ပြု၍ဤစာ၊ စရိယာ၏၊ ဆရာအနွယ်၊ ဂုဏ်ဝယ်သော်ကား။ ဖြူထွားသန့်စင်၊ ငါးအင်ဓမ္မ၊ ခန္တီစသား၊ တရားဖြေကြွယ်၊ သူတော်နွယ်တည်း"** ဟူ၍ ရေးဖွဲ့စပ်ဆိုထားပြီးလျှင် ဆရာတော်သည် ရခိုင်လေးမြို့ (ရမ္မာဝတီ၊ ဒွါရာဝတီ၊ ဓညဝတီ၊ မေဃဝတီ)ဟု ခေါ်တွင်အပ်သော ကစ္ဆပနဒီမြစ်၏ လက်ယာကမ်း(၉၉)မြို့ အဝင်အပါ ဒွါရာဝတီ-တောင်ခွင်တန်းသား အသျှင်သီလဝံသ အမည်ရကြောင်းကို -

**"ဆက်သွယ်ဇာတိ၊ ကပိဒေသ၊ ကာလပဝေသနီ၊ စိမ့်စီသမုဒ်၊ နိဂုဏ်ထုတ်၍၊ သမုဒ်တွင်တွင်၊ ရှင်လည်း လေးပါး၊ စကားပွင်တံ၊ လေးမြို့ရံလျက်၊ ကျေးလက်ခရိုင်၊ နယ်ပိုင်ဖြိုးဖြိုး၊ ကိုးဆယ့်ကိုးနှင့်၊ လူမျိုးသန့်စင်။ ရှင်လည်းပျော်ပါး၊ ပုဏ္ဏားမွေ့မွေ့၊ ရသေ့နှစ်သက်၊ အဆက်ဆက်လျှင်၊ ပေါ်ထင်ကျော် ရှိန်၊ ဂုဏ်မတိမ်သား၊**

**စိန်အသွားသို့၊ ဉာဏ်အားရှင်ရှင်၊ သီလဝင်၏။"** ဟူ၍လည်းကောင်း -

သူ၏ **"နိဗ္ဗာန်ဩဇာ"** အမည်ရှိသော ကျမ်းကို အေဒီ-၁၇၉၉၊ ကောဇာသက္ကရာဇ်-၁၁၆၁-ခု၊ တော်သလင်းလတွင် ရေးသားစပ်ဆိုပြီးစီးကြောင်းကို ဆက်လက်၍ -

**"ပျော်ရှင်မငြီး၊ တောင်ခွင်ကြီးဟု၊ ဝေးနီးကြော်ငြာ၊ လူသာမက၊ ဒေဝနတ်ခွင်၊ ဝတ်ပြင်က၊ နတ်ရှင်သိကြား၊ ကျော်ထင်ရှားသား၊ ဇာတိအားဖြင့်၊ မမြင့်ဂုဏ်သိန်၊ သာငြိမ်နိဗ္ဗူ၊ ဆုယူအဲ့ငှာ၊ ဤစာကောင်းကျိုး၊ မြတ်နိုးရွှေပြည်၊ ရမည်မချွတ်၊ နုညွတ်အမှတ်၊ စိတ်အားတက်၍၊ ကြည်ညွတ်မှတ် သား၊ မယားကျေးမှု၊ သားကျေးမှုကို၊ ခွာလုပိုက်ထား၊ ကြိုးစားအံ့ဆောင်၊ စာစောင်ပြီးလိုက်၊ သက္ကရာဇ်မှာ၊ ထောင်ကသာ၍၊ တစ်ရာကျူးသော်၊ စွန်းပေါ်ခြောက်ဆယ်၊ တစ်ခုဝယ်၌၊ နွေတာမိလက်၊ ထွန်းတက်သိဂုဏ်၊ မေထုန်, ကရကဋ်၊ ဓာတ်ချုပ်ကသစ်၊ ဂြိုဟ်ဆစ်ဂြိုဟ်ပိုင်၊ အတိုင်လူးလာ၊ ဤကောဇာဝယ်၊ ရာသီကြွကြွ၊ မိုးကမိုးတြွင်း၊ မိုးနှင်းဝေဝေ၊ မြောက်လေဖြန်းဖြန်း၊ မွှန်းသည်သင်းသင်း၊ တော်သလင်းဝယ်၊ သီတင်းသီလ၊ သမယအခါ၊ ဤစာရေးသား၊ နောက်ပွားလူပေါင်း၊ သူတော်ကောင်းတို့၊ နှစ်ထောင်းဝမ်းချိတ်၊ ခါးပိုက် ဥစ္စာ၊ ဤစာရွှေအိုး၊ မော်ကွန်းထိုးသည်၊ ၊ မြတ်နိုးကြည်ဖြူ၊ ရှင်လူညွတ်တွား၊ မှတ်သားရသတည်း"** ဟူ၍လည်းကောင်း ရေးသားစပ်ဆိုခဲ့ပါသည်။

နိဂုံးချုပ်အနေဖြင့်ဆိုရသော် နှစ်ပေါင်း(၂၁၂)ခန့်က ရေးသားပြုစုခဲ့သော ဒွါရာဝတီ-တောင်ခွင်တန်း ဆရာတော် အသျှင်သီလဝံသ၏ **"နိဗ္ဗာန်ဩဇာ"**အမည်ရှိသော လင်္ကာနှင့်စကားပြေကျမ်းသည် ရဟန်းရှင်လူတို့အတွက် အလွန် အဖိုးတန်သော ရှေးဟောင်းစာပေတစ်ဆူဖြစ်ပါသည်။ ဆရာတော်သည် သူ၏ကျမ်း၌ စကားပြေအပါအဝင် ကဗျာလင်္ကာ အပိုဒ်ပေါင်း(၁၀၀)ကျော်ခန့် ရေးဖွဲ့စပ်ဆိုထားခဲ့ပါသည်။ နိဗ္ဗာန်ဩဇာဟု အမည်ပေးထားသည့်အတိုင်း အမှန်ပင် အဆီဩဇာနှင့်ပြည့်စုံကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ အလွန်အဖိုးတန်သော စာပေများကို ရေးသားပြုစုသွားခဲ့သည့် စာဆိုအကျော် ဆရာတော်အသျှင်သီလဝံသအား ဤဆောင်းပါးဖြင့် ဂုဏ်ပြုပူဇော်အပ်ပါသည်။

**"ရခိုင်စာပေ ထွန်းလင်းတောက်ပနိုင်ပါစေ၊ ။"**

**ဒွါရာဝတီ-အသျှင်ကုသလ**
ရခိုင်မဂ္ဂဇင်း အမှတ်(၃၄)
၂၀၁၃-ခု၊ ဖေဖော်ဝါရီလ။

# ဒွါရာဝတီနယ်မြေက နက္ခတ်တာရာ

ဒွါရာဝတီနယ်မြေက နက္ခတ်တာရာဟူသည် ဒွါရာဝတီနယ်မြေကို ကိုယ်စားပြုပြီး၊ ဒွါရာဝတီနယ်မြေမှ ပညာရှင်တစ်ဦးဦးက မှတ်တမ်းတင်ရေးသားထားခဲ့သည့် တစ်ဆယ့်နှစ်လရာသီ၊ နက္ခတ်၊ တာရာအကြောင်း ဟူ၍သာ စာဖတ်ပရိသတ်များအနေဖြင့် နားလည်သဘောပေါက်စေချင်ပါသည်။

အထက်ဖော်ပြပါ ခေါင်းစဉ်ကိုကြည့်ပြီး ဒွါရာဝတီက နက္ခတ်တာရာကတစ်မျိုး၊ ဓညဝတီက နက္ခတ်တာရာကတစ်မျိုးဟူ၍ကား ခွဲခြား၍မယူဆစေလိုပါ။ ဒွါရာဝတီက နက္ခတ်တရာသည်ပင်လျှင် ရခိုင်တစ်ပြည်လုံးကို ကိုယ်စားပြုရေးဖွဲ့မှတ်တမ်းတင်ထားသော ဒွါရာဝတီနယ်မြေက နက္ခတ်တာရာဟူ၍သာ မှတ်သားစေလိုပါသည်။

စာရေးသူသည် ရခိုင်တစ်မျိုးသားလုံးအပါအဝင်၊ အထူးသဖြင့် မိမိဒေသမှ ရခိုင်ကို ကိုယ်စားပြု ရေးဖွဲ့ထားသော ကျောက်စာ, ပေစာ, ပုရပိုက်စာမှအစ ကဗျာလင်္ကာအမျိုးမျိုးတို့ကို ရသလောက်ရှာဖွေ စုဆောင်းနေသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။

ဒွါရာဝတီနယ်မြေဒေသကို ကိုယ်စားပြုပြီး ရှေးခေတ်ရဟန်းပညာရှိ လူပညာရှိတို့သည် တစ်ဆယ့် နှစ်လရာသီနှင့် နက္ခတ်တာရာများအကြောင်းကို ရေးသားထားခဲ့နိုင်စရာ အကြောင်းရှိပါသည်။ အဘယ်ကြောင့် ဆိုသော် ဒွါရာဝတီ-အသျှင်ကဝိသာရမထေရ်သူမြတ်၏ **"ဓညဝတီအရေးတော်ပုံကျမ်း"** နှင့် **"မဟာပညာ ကျော်လျှောက်ထုံးကျမ်း"** တို့ကို လေ့လာကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်။

လွန်ခဲ့သောနှစ်ပေါင်းနှစ်ရာကျော်ကာလက၊ အတိအကျဆိုရပါမူ ကောဇာ-၁၁၄၆-ခု၊ ခရစ်အေဒီ- ၁၇၈၄-ခုက ရခိုင်တို့တွေ့ကြုံခံစားခဲ့ကြရသည့် ဆိုးရွားလှသော ဘဝလောကစံမှုန်တိုင်း၏ ဒဏ်ခတ်မှုကြောင့် ရခိုင်ကိုကိုယ်စားပြုသော စာပေများ လုံးဝမကျန်သလောက်နီးပါး ဆုံးရှုံးသွားခဲ့ကြရပေသည်။

သို့ဖြစ်၍ ယခုအချိန်အခါမှာ ဒွါရာဝတီနယ်မြေကို ကိုယ်စားပြုရေးဖွဲ့ထားသော နက္ခတ်တာရာအကြောင်းကို လက်ဆုပ်လက်ကိုင်ပြဖို့ စာအုပ်စာပေများမှာ မရှိသလောက် အလွန်ရှားပါးလျက် ရှိနေပေတော့သည်။

မျက်မှောက်ခေတ် ရခိုင်တို့၏ တစ်ဆယ့်နှစ်လရာသီ၊ နက္ခတ်တာရာများကို မှတ်တမ်းတင်ထားမှုနှင့်ပတ်သက်၍ လစ်ဟာလျက်ရှိနေသော စာပေကွက်လပ်တစ်ခုကို ဖြည့်စွက်ချင်သော စိတ်ဆန္ဒသည် စာရေးသူ၌ အမြဲဖြစ်ပေါ်လျက်ရှိနေခဲ့သည်။ စာရေးသူသည် အဆိုပါကွက်လပ်ကို ဖြည့်စွက်သောအားဖြင့် **"ရက္ခပူရဒွါဒသရာသီဋီကာ"** အမည်ရှိ **"ရခိုင့်ဒွာဒသီလရာသီကျမ်း"** စာအုပ်ကို ၂၀၀၈-ခုနှစ်၊ ဩဂုတ်လက ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ အကျယ်ကို သိရှိလိုမူ ယင်းစာအုပ်၌ လေ့လာဖတ်ရှုနိုင်ပါသည်။

ဤနေရာ အခန်းကဏ္ဍတွင်ကား ဒွါရာဝတီနယ်မြေက နက္ခတ်တာရာ (သို့မဟုတ်) ရခိုင်တို့၏ နက္ခတ်တာရာအကြောင်းကို လအလိုက်မှတ်သားဖွယ်ရာ စုံလင်စွာဖြင့် စာရေးသူရေးစပ်သီကုံးထားသော ရခိုင့်တစ်ဆယ့်နှစ်လရာသီ တြိချိုးကဗျာ (၁၄) ပုဒ်နှင့် ရခိုင့်တစ်ဆယ့်နှစ်လရာသီလင်္ကာ (၁၆) ပုဒ်တို့ကိုသာ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

## ဩချီးနိဒါန်း

ရခိုင့်မြေ တို့ဌာန
သာပေစွ လ,ရာသီ
ထူးလှစုံညီ။
ပန်း, နက္ခတ်, တာရာချီ
ချိန်ခါမီ ပွဲတော်ထုံး။
ပက္ခဒိန် သဘာလှစ်စေဖို့
ဆယ့်နှစ်ထွေ ရာသီမြတ်ကို
ရေးစပ်သီကုံး။ ။

## လင်္ကာနိဒါန်း

ရက္ခပူရီ ။ ။ တိုင်းဌာနီဟု
မဟီသမိုက်၊ ပေါ်ထွန်းဆိုက်က
စွဲပိုက်မှန်စွာ၊ ဖြစ်တုံပါ၍
စဉ်လာမပျက်၊ မှတ်သားချက်ဖြင့်
စက်ဆယ့်နှစ်လီ၊ ဒွါဒသီကို
စာစီကုံးကာ၊ နိဒါန်းဖြာပိမ့်
လိတ္တာ-နေ့-ည၊ ရက်ကိုပြ၍
ပက္ခနှစ်ထွေ၊ လကိုရေလော့
မာသေဒွါဒသ်၊ နှစ်ကိုမှတ်လျက်
သုံးရပ်ဥတု၊ ရတုခြောက်ထွေ
မှန်မသွေဘဲ၊ စက်ဗွေရဟာတ်
လှည့်၍ပတ်၏၊ နက္ခတ်သတ္တဝီ
ကိုးစီတာရာ့၊ ထွန်း၍ပ၏
မာသအစဉ်၊ ရာသီယာဉ်နှင့်
စန်းယှဉ်နက္ခတ်၊ ရုပ်ပုံသတ်၍
ပန်းမြတ်တော်ဝင်၊ ပွဲသဘင်လည်း
စုံလင်မည်ဆန်း၊ မပြတ်ထွန်းသည်။ ။
တင်ရွှန်းကျက်သရေ ဖြိုးစေသော်။ ။

(ခက်ဆစ်)

ပက္ခဒိန် = ပက္ခ+ဒိန= လဆန်းပက္ခ, လဆုတ်ပက္ခနှင့် နေ့ရက်တို့ကိုပြခြင်း။
ရက္ခပူရီ = ရခိုင်ပြည်။
မဟီသမိုက် = မြေအဖြစ်သတ်မှတ်ထားခြင်း။
ဒွါဒသီ = ဒွါဒသ = တစ်ဆယ့်နှစ်။
လိတ္တာ = (=နာရီ)ပါဒ်၊ ဗီဇနာ၊ ပြန်၊ ခရာ၊ လယ၊ ခဏ။
မာသေဒွါဒသ် = မာသေ = လ၊ ဒွါဒသ = တစ်ဆယ့်နှစ်။ (၁၂-လ)
သတ္တဝီ = သတ္တဝီသ = နက္ခတ် ၂၇-လုံး။
ကိုးစီတာရာ့ = တာရာကိုးလုံး။

**တာကူးလတွဲ့ဩချိုး**

နွေဂိမှာန် ရောက်ပြန်ပ
သကြံန်ကူး ကူးချိန်မှာ
ကျင်းပအတာ။

စိတြ ထွန်းလင်းဖြာ
ကံ့ကော်မှာ ကြိုင်မြူး။

မိဿ ရာသီခွင်မို့
ဆံကျင်ငယ် တာရာခတ်တယ်
လမြတ်တာကူး ။ ။

**တာကူးလတွဲ့ လင်္ကာ**

စက်မောင်း, စက်မောင်း ။ ။ အချိန်ပြောင်း၍
နှစ်ဟောင်းကုန်လစ်၊ ကာလသစ်သို့
တာသစ်ချိန်ကူး၊ လတာကူးဝယ်
ညွန့်ဖူးဝေဆာ၊ ချိန်အခါမို့
ရာသီမိဿ၊ ဆိတ်မြူးကြွလျက်
ကာလည၌စံ၊ သန်းခေါင်ယံမူ
ရောင်လျှံထွန်းပ၊ စိတြတည့်
ပန်းလှအကျော်၊ ပွင့်ပြန်သော်ကား
ကံ့ကော်, ရင်ခတ်၊ ထုံသင်းလတ်၍
နက္ခတ်သဘင်၊ စံပယ်တင်လျက်
ဆံကျင်တာရာ၊ ထွန်းလင်းဖြာခဲ့
ဆာယာဖဝါး၊ သုံးခုပြား၍
ပိုင်းခြားနှစ်သွယ်၊ နေ့, ည၌ချယ်သော်
သုံးဆယ်စီမျှ၊ နာရီပြလျက်
မိန်လကုန်ခန်း၊ မိဿထွန်းချိန်
ခွက်ဆန်းထွေလည်၊ မွှေးထုံရည်ဖြင့်
ရွှင်ကြည်အေးစွာ၊ ပက်ဖျန်းပါသည်။ ။
အတာသင်္ကြန် ခြိမ့်ခြိမ့်တည်း။ ။

(ခက်ဆစ်)

| | |
|---|---|
| စက်မောင်း | = မောင်းတံပမာ လှည့်ပတ်နေသော ရာသီစက်။ |
| ရာသီမိဿ | = ဆိတ်နှင့်တူသောရာသီ။ |
| စိတြ | = တာကူးလ၏ နက္ခတ်အမည်။ |
| ဆံကျင်တာရာ | = တာကူးလ၏ တာရာအမည်။ |
| ဆာယာဖဝါး | = အရိပ်ဖဝါး (၃-ဖဝါးရှိသည်)။ |
| သုံးဆယ်စီမျှ | = နေ့ ၃၀-နာရီ၊ ည-၃၀-နာရီ ညီမျှစွာရှိခြင်း။ |
| မိန်လကုန်ခန်း | = တပေါင်းလကုန်ဆုံးခြင်း။ |
| မွှေးထုံရည် | = အမွှေးနံ့သာဖြင့်ထုံထားသောအရည်။ |

ရခိုင် = တာကူးလ၊ တန်းခူးလ

ဗမာ = ထန်းခူးလ (ရှေး)၊ တန်ခူးလ (ယခု)

## ကဆုန်လဘွဲ့ ကြီချိုး

လကဆုန် နွေလေဖျန်း
ညောင်ရေသွန်း ပွဲတော်ဆင်
ကျင်းပနှစ်စဉ်။
တံငါတဲ့ တာရာရှင်
အာကာပြင် ဝင့်ကြွား။
ဝိသာခါ စန္ဒီယှဉ်လို့
လရာသီ ပြိဿတွင်းမှာ
သင်းပျံ့စံကား။ ။

## ကဆုန်လဘွဲ့လင်္ကာ

အထူး အထူး ။ ။ အတာကူး၍
နှစ်ဦးဆုံခန်း၊ ကဆုန်နန်းဝယ်
နေဝန်းပြင်းလှ၊ ပူထန်ကြွလျက်
ပြိဿရာသီ၊ ချိန်ခါမီမို့
နာရီညဥ့်လွှာ၊ သန်းခေါင်မှာလည်း
ဝိသာခါလျှင်၊ စန်းနှင့်ယှဉ်၏
ရုပ်သွင်ထူးခြား၊ သဏ္ဌာန်ပြား၍
နွားလားဥသဘ၊ ခေါ်ဆိုကြလျက်
အလှတင့်ဆန်း၊ စံကားပန်းလျှင်
ပွင့်လန်းဤခါ၊ ရန့်ဖြာခဲ့
တံငါခေါ်ထ၊ တာရာလှနှင့်
နှစ်ဝဖဝါး၊ ရိပ်ဟန်ပြား၍
မှတ်သားထွက်ချိန်း၊ ဒွေး-တြိန်းလျှင်
နေ့ကိန်းမှန်လှ၊ နာရီပြလျက်
အဋ္ဌ-ဒွေးမှာ၊ ညဥ့်ဖြစ်လာ၏
နံ့သာထုံဘိ၊ ရေအိုးတိနှင့်
ဗောဓိညောင်ရေ၊ သွန်းပွဲစွေသည်။ ။
တို့မြေရခိုင် ခြိမ့်ခြိမ့်တည်း။ ။

(ခက်ဆစ်)

ပြိဿရာသီ = နွားလားဥသဘနှင့်တူသောရာသီ။
ဝိသာခါ = ကဆုန်လ၏ နက္ခတ်အမည်။
တံငါခေါ်ထ၊ တာရာလှနှင့် = တံငါတာရာ = ကဆုန်လ၏တာရာအမည်။
နှစ်ဝဖဝါး = လူအရိပ်နှစ်ဖဝါး။
ဒွေး-တြိန်း = ဒွေး = ၂၊ တြိန်း=၃ (၃၂) = နေ့နာရီ။
အဋ္ဌ-ဒွေး = အဋ္ဌ=၈၊ ဒွေး=၂ (၂၈) = ညနာရီ။
နံ့သာထုံဘိ = အမွှေးနံ့သာဖြင့်ထုံထားသောအရည်။
ရေအိုးတိ = ရေအိုးအများ။

ရခိုင် = ကဆုန်လ ဗမာ = ကဆုန်လ

## နံယုန်လဘွဲ့ ကြိုးချိုး

လနံယန် ပဗ္ဗုန်နှောပါလို့
တောခလေ့ စံပယ်မြိုင်
သင်းပျံ့ကြိုင်လှိုင်။
ဇေဋ္ဌနှင့် စန္ဒာပြိုင်
တံငါတိုင် ကွန့်မြူး။
ကိန္နရာ ပွဲတော်ကျင်းချိန်မို့
စက်သူရိန် မေထုန်စိုးတယ်
မိုးမာန်ဟုန်ကြူး ။ ။

## နံယုန်လဘွဲ့ လင်္ကာ

မိုးဦး မိုးဦး။ ။ နံယုန်မြူးလျက်
မြည်ကြူးသံကုန်၊ လနံယုန်ဝယ်
တိမ်မှုန်ရစ်သန်း၊ မိုးသေးဖျန်း၍
မြိုင်နန်းတစ်ကြော၊ ရှုမောမကုန်
မေထုန်ရာသီ၊ ရောက်ခဲ့ပြီတည့်
ကိန္နရီဖို-မ၊ မြူးဟန်ကြွလျက်
ဇေဋ္ဌမည်တွင်၊ နက္ခတ်ထင်၍
ကြည်လင်ပျံ့မွှေး၊ ရနံ့အေးသည့်
မြတ်လေးပန်းလှ၊ ဖူးပွင့်ကြ၏
တံငါ့တာရာ၊ ထွန်းချိန်ခါမို့
ဆာယာဖဝါး၊ တစ်ခုပြားလျက်
နေ့ကားယဋ္ဌိ၊ ဇော-တြိနှင့်
ဆ-ဒွိမှန်မူ၊ ညဥ့်ချိန်ယူ၍
တောင်သူလယ်လှ၊ ထွန်ယက်ကြကာ
ဖို-မ ကိန္နရီ၊ ကစုံညီလျက်
တိုင်းချီအဝှန်း၊ ပွဲတော်ထွန်းသည်။ ။
ရွှင်လန်းသဘင် မြိမ့်မြိမ့်တည်း ။ ။

(ခက်ဆစ်)

| | |
|---|---|
| နံယုန်မြူး | - နံယုန်ကောင်ကလေးများ မြူးပျော်သည်။ |
| မေထုန်ရာသီ | - မိန်းမ, ယောကျ်ားနှင့်တူသောရာသီ။ |
| ဇေဋ္ဌ | - နံယုန်လ၏ နက္ခတ်အမည်။ |
| ယဋ္ဌိ | - (ပါဠိစကား)နာရီ။ |
| ဇော-တြိ | - ဇော - ၄၊ တြိ - ၃(၃၄)-နေ့နာရီ။ |
| ဆ-ဒွိ | - ဆ - ၆၊ ဒွိ-၂ (၂၆)-ညနာရီ။ |

တောင်သူလယ်လှ၊ ထွန်ယက်ကြကာ - တောင်သူလယ်သမားတို့ လယ်ယာထွန်ယက်ကြသည်။
ဖို-မ ကိန္နရီ၊ ကစုံညီ - ကိန္နရီ, ကိန္နရာ စုံညီကပွဲ။

<u>ရခိုင် - နံယုန်လ</u> <u>ဗမာ - နမျှန်လ (ရှေး) နယုန်လ (ယခု)</u>

## ဝါဆိုလဘွဲ့ တြီချိုး

ရာသီချိန် ကရကဋ်မှာလ
ဝိဟာရ အေးရိပ်ခို
လမြတ်ဝါဆို။
ဆင်ဆဒ္ဒန် တာရာပျို
အာကာကို လှဲ့ဝင်း။
ပြုဗ္ဗာသာဠ် အရောင်းလင်းချိန်မို့
ပဉ္စင်းခံ ပွဲတော်ထွန်းတယ်
ပန်းပုန်းညက်သင်း။ ။

## ဝါဆိုလဘွဲ့လင်္ကာ

သံဃေ သံဃေ။ ။ မြတ်မထေရ်တို့
ကျောင်းနေမှီခို၊ လဝါဆိုဝယ်
ရွာလိုမပြတ်၊ ပဇ္ဇုန်နတ်လည်း
ကရကဋ်ရာသီ၊ အားနှင့်ချီလျက်
ရာသီရုပ်မွန်၊ လယ်ပုစွန်ဟု
သဏ္ဌာန်ပြု၍၊ ရှေ့ရှုမှတ်ရာ
နက္ခတ်မှာလည်း၊ ပြုဗ္ဗာသာဠ်တင့်
အားမာန်ဝင့်ကာ၊ ဖူးပွင့်ပုန်းညက်
ပင်ယံထက်က၊ မွှေးသက်လှ၏
ကာလည့်မှန်၊ အာကာစွန်၌
ဆဒ္ဒန်ဆင်မင်း၊ တာရာခင်း၍
ရိပ်နင်းဖဝါး၊ သုညပြားလျက်
နေ့ကားခါမီ၊ ဆ-တြီနှင့်
နာရီ ဇော-ဗား၊ ညဥ့်ချိန်ထားလျက်
လျှုအားမစဲ၊ ပဉ္စင်းပွဲလည်း
သောင်းသဲညံစွာ၊ ကျင်းပပါသည်။ ။
မြို့ရွာအနှံ့ ဖြိမ့်ဖြိမ့်တည်း။ ။

(ခက်ဆစ်)

သံဃေ = ရဟန်းသံဃာတော်များ။
ပဇ္ဇုန်နတ် = မိုးနတ်သား။
ကရကဋ်ရာသီ = လယ်ပုစွန်နှင့်တူသောရာသီ။
ပြုဗ္ဗာသာဠ် = ဝါဆိုလ၏ နက္ခတ်အမည်။
ဆဒ္ဒန်ဆင်မင်း = (တင်စားခေါ်ဝေါ်သည်) ဆင်တာရာ။
ရိပ်နင်းဖဝါး၊ သုညပြားလျက် = အရိပ်ဖဝါးမရှိ (သုည)။
ဆ-တြီ = ဆ-၆၊ တြီ-၃ (၃၆)-နေ့နာရီ။
ဇော-ဗား- ဇော-၄၊ ဗား-၂ (၂၄)-ညနာရီ။

ရခိုင် - ဝါဆိုလ　　　ဗမာ - မြွယ်တာလ (ရှေး)၊ ဝါဆိုလ (ယခု)

## ဝါခေါင်လဘွဲ့ကြိုး

လဝါခေါင် ကူးပြန်တော့
မြူးဟန်ကြော့ မြင်းတာရာ
သင်းပျံ့ခတ္တာ။
ထွန်းလင်းပ သရဝဏ်မှာ
စန္ဒာနှင့် ယှဉ်တွဲ။
သိဟ်ရာသီ အပူဝေးခါမှ
ထိန်ဖြာစည် အလှူပေးပါတဲ့
စာရေးတံပွဲ။ ။

## ဝါခေါင်လဘွဲ့လင်္ကာ

ဝါလ ဝါလ။ ။ မဋ္ဌိမသို့
ဝါလလယ်ခေါင်၊ လဝါခေါင်ဝယ်
ညှိမှောင်ရစ်သိုင်း။ မိုးတိမ်လှိုင်းနှင့်
အုံ့ဆိုင်းရွာချိန်၊ ရာသီသိဟ်လျှင်
မမိုန်ရှုပ်ဆင်း၊ ခြင်္သေ့မင်းတည့်
ထွန်းလင်းအမှန်၊ သရဝဏ်လည်း
မိုးစွန်မြင့်မြင့်၊ စန်းယှဉ်တင့်၍
ဖူးပွင့်ဝေဆာ၊ အလှဖြာလျက်
ခတ္တာမည်ဆန်း၊ သင်းကြိုင်လန်း၏
ထွန်းတောက်ရောင်ဝါ၊ မြင်းတာရာနှင့်
ဆာယာဓကေ၊ ဖဝါးပြေလျက်
ဇယ-တြိ၊ နေ့ချိန်သိ၍
ဆ-ဒွိ မှန်စွာ၊ ညဥ့်ချိန်ခါဟု
နာရီမည်လှ၊ မှတ်သားကြ၏
ဤလချိန်ခါ၊ တို့ပြည်ရွာတွင်
ရွှေစာရေးတံ၊ ပွဲတော်ခံသည်။ ။
နိုင်ငံတစ်ဝန်း ဖြိမ့်ဖြိမ့်တည်း။ ။

(ခက်ဆစ်)

| | |
|---|---|
| ဝါလ | ‐ ဝါတွင်းကာလ။ |
| မဋ္ဌိမ | ‐ အလယ်ဗဟိုကျသည်။ |
| ရာသီသိဟ် | ‐ သိဟ်ရာသီ‐ခြင်္သေ့နှင့်တူသောရာသီ။ |
| သရဝဏ် | ‐ ဝါခေါင်လ၏ နက္ခတ်အမည်။ |
| စန်းယှဉ် | ‐ လနှင့်ယှဉ်သည်။ |
| ဆာယာဓကေ | ‐ အရိပ်တစ်ဖဝါး။ |
| ဇယ-တြိ | ‐ ဇယ‐၄၊ တြိ‐၃ (၃၄) ‐ နေ့နာရီ။ |
| ဆ-ဒွိ | ‐ ဆ‐၆၊ ဒွိ‐၂ (၂၆) ‐ ညနာရီ။ |

<u>ရခိုင်‐ဝါခေါင်လ</u>　　<u>ဗမာ ‐ နံကာလ (ရှေး)၊ ဝါခေါင်လ (ယခု)</u>

### စတော်သလင်းလတွဲ့ခြိချိုး

လှေပွဲတော် အချိန်တက်လို့
ဝတီထက် အာကာပြင်
ဖျိုင်းတာရာဆင်။
ဘဒြပိုဒ် နက္ခတ်ရှင်
ထပ်ရပ်ခွင် ကြည်အေး။
ကန်ရာသီ တော်သလင်းမှာလ
လှိုင်သင်းကာ ကျက်သရေဖြာတဲ့
ရင်းမာအသွေး။ ။

### စတော်သလင်းလတွဲ့လင်္ကာ

ပျော်ဖွယ် ပျော်ဖွယ်။ ။ တောင်သူ-မယ်တို့
တောဝယ်ခုတ်ရှင်း၊ တောသလင်းတည့်
တော်သလင်းခါမီ၊ ကန်ရာသီက
စုံညီလှပ၊ မိန်းမပုံဟန်
ရုပ်သဏ္ဌာန်နှင့်၊ မိုးစွန်အာကာ
တိမ်ခြည်သာ၍၊ ပြုဗ္ဗာဘဒြပိုဒ်
စန်းယှဉ်တိုက်လျက်၊ ပျော်ပိုက်ဤခါ
ရွှေရင်းမာလည်း၊ ဝေဆာမြူးကြွ
ဖူးပွင့်ကြ၏၊ တာရာ့ပုံခိုင်း
ငွေဥဖျိုင်းလည်း၊ ယှဉ်တိုင်းမက္ခာ
ရိပ်ဆာယာမူ၊ နှစ်ဖြာပြည့်လတ်
မွန်းတည့်မတ်လျက်၊ အဌ-ဒွေးမှာ
ညဉ့်ဖြစ်လာ၏၊ နေ့မှာ ဗား-တြိ
ချိန်နာရီတည့်၊ နဒီ မြစ်,ချောင်း
ငြိမ်, စကောင်းမို့၊ ပြိုင်လောင်းသဘင်
မြူးပျော်ရွှင်ပျ၊ ဆင်ယင်ကြသည်။ ။
မြို့ပြကျေးရွာ ခြိမ့်ခြိမ့်တည်း။ ။

(ခက်ဆစ်)

| | |
|---|---|
| တောသလင်း | = ကိုင်းတော, ယာတောကို ခုတ်ထွင်ရှင်းလင်းသည်။ |
| ကန်ရာသီ | = သတို့သမီးငယ်နှင့်တူသောရာသီ။ |
| ပြုဗ္ဗာဘဒြပိုဒ် | = တော်သလင်းလ၏နက္ခတ်အမည်။ |
| ငွေဥဖျိုင်း | = (တင်စားခေါ်ဝေါ်သည်) ဖျိုင်းတာရာ။ |
| အဌ-ဒွေး | = အဌ=၈၊ ဒွေး=၂ (၂၈) = ညနာရီ။ |
| ဗား-တြိ | = ဗား=၂၊ တြိ=၃ (၃၂)=နေ့နာရီ။ |

နဒီမြစ်, ချောင်း၊ ငြိမ်, စကောင်း = မြစ်ရေ, ချောင်းရေငြိမ်သက်နေသည်။
ပြိုင်လောင်းသဘင် = လောင်းလှေပြိုင်ပွဲကျင်းပသည်။

ရခိုင် = တော်သလင်းလ  ဗမာ = သစ်ဆင်းလ (ရှေး) တော်သလင်းလ (ယခု)

### ဝါကျွတ်လဘွဲ့ကြိုးချိုး

ကြာငါးထွေး သင်းချိန်ပ
လင်းထိန်စွ တူရာသီ
ထူးလှပန်းချီ။
အဿဝဏီ
ယှဉ်ညီတဲ့ စန္ဒာဝန်း။
ဘုရားမှာ၊ ဆီမီးဝါ ပူဇော်ကပ်ပါလို့
ဝါကျွတ်မှာ ထိန်ထိန်ညီးတယ်
ကျီးတာရာဆန်း ။ ။

### ဝါကျွတ်လဘွဲ့လင်္ကာ

ဝါလ ဝါလ။ ။ ကျွတ်လွတ်ကြ၍
ဝါလကင်းလွတ်၊ လဝါကျွတ်ဝယ်
အထွတ်မိုးရှင်၊ ငြိမ်းဟန်ပြင်လျက်
ပျော်ရွှင်ခါမီ၊ တူရာသီတည့်
ရာသီရုပ်သွင်၊ ပုံအဆင်ကား
ချိန်ခွင်မည်လှ၊ ခေါ်ဆိုကြလျက်
အဿဝဏီ၊ နက္ခတ်ချီ၍
သီတာကြည်လင်၊ မြကန်ပြင်ဝယ်
ငါးအင်ကြာပန်း၊ အဆန်းဆန်းလျှင်
ရွှင်လန်းကြည်သာ၊ ရနံ့ဖြာခဲ့
တာရာရွှေကျီး၊ ထိန်ထိန်ညီး၍
ရိပ်ထီးဖဝါး၊ သုံးခုပြားလျက်
မှတ်သားနေ့ည၊ နာရီကမူ
ညီမျှသုံးဆယ်၊ တိတိကြွယ်၏
အံ့ဖွယ်ပုံဆန်း၊ မြင့်မိုရ်နန်းနှင့်
မီးထွန်းသဘင်၊ ပွဲတော်ဆင်သည်။ ။
များဖြင်လူတို့ ခြိမ့်ခြိမ့်တည်း။ ။

(ခက်ဆစ်)

| | |
|---|---|
| လဝါကျွတ် | = ဝါတွင်းကာလမှ ကျွတ်လွတ်သောလ။ |
| တူရာသီ | = ချိန်ခွင်နှင့်တူသောရာသီ။ |
| အဿဝဏီ | = ဝါကျွတ်လ၏ နက္ခတ်အမည်။ |
| ငါးအင်ကြာပန်း | = ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ကြာပဒုမ္မာ၊ ကြာပုဏ္ဍရိက်။ |
| တာရာရွှေကျီး | = (တင်စားခေါ်ဝေါ်သည်) ကျီးတာရာ။ |
| ညီမျှသုံးဆယ် | = နေ့နာရီ ၃၀၊ ညနာရီ ၃၀ ညီမျှစွာရှိသည်။ |
| မြင့်မိုရ်နန်း | = မီးမြင့်မိုရ်ပွဲနှင့်မီးထွန်းပွဲ။ |
| များဖြင် | = ပေါများသည်။ |

ရခိုင် = ဝါကျွတ်လ        ဗမာ = သန္တျလ (ရှေး)၊ သီတင်းကျွတ်လ (ယခု)

**တန်ဆောင်မုန်းလအဖွဲ့ တြိချိုး**

ကြတ္တိကာ ထိန်ထိန်လင်းလို့
ကထိန်ခင်း ပွဲတော်မီ
ပြိစ္ဆာ့ရာသီ။
နှင်းပုလဲ စီရရီ
စုံညီတဲ့ ခဝဲ။
တန်ဆောင်မုန်း ချိန်အခါမို့
ငွေတာရာ ကျီးညိုထွန်းတယ်
ရွှန်းတောက်မစဲ။ ။

**တန်ဆောင်မုန်းလအဖွဲ့ လင်္ကာ**

အမြင့် အမြင့်။ ။ တန်ဆောင်လွှင့်၍
မီးဖြင့်ခြယ်မှုန်း၊ တန်ဆောင်မုန်းဝယ်
မိုးချုန်းညံ့စီ၊ ဝေးခဲ့ပြီတည့်
ရာသီပြိစ္ဆာ၊ ရောက်ချိန်ခါမို့
ရုပ်လွှာပုံဟန်၊ ကင်းပုစွန်ဟု
သဏ္ဍာန်ပုံရိပ်၊ စွဲမှတ်သိပ်လျက်
ဖျောက်ဆိပ်ခေါ်ရာ၊ ကြတ္တိကာနှင့်
စန္ဒာငွေလ၊ ယှဉ်ပြိုင်ကြ၍
အလှမည်ဆန်း၊ ခဝဲပန်းလည်း
ရွှင်လန်းဤခါ၊ ကျီးတာရာနှင့်
ဆာယာဖဝါး၊ လေးခုပြားခဲ့
ထင်ရှားညဥ့်ကိန်း၊ ဗား-တြိန်းတည့်
နေ့ကိန်းမှတ်ရေး၊ အဋ္ဌ-ဒွေးလျှင်
စဉ်ရှေးအတည်၊ နာရီမည်၏
ဖြိုးစည်သဲသဲ၊ ကထိန်ပွဲလည်း
ထူးကဲဤခါ၊ ကျင်းပပါသည်။ ။
ပြည်ရွာအုန်းအုန်းခြိမ့်ခြိမ့်တည်း။ ။

(ခက်ဆစ်)

| | |
|---|---|
| မီးဖြင့်ခြယ်မှုန်း | ＝ ဆီမီးတန်ဆောင်ဖြင့်ခြယ်မှုန်းသည်။ |
| ရာသီပြိစ္ဆာ | ＝ ပြိစ္ဆာရာသီ ＝ ကင်းပုစွန်နှင့် တူသောရာသီ။ |
| ကြတ္တိကာ (ဖျောက်ဆိပ်) | ＝ တန်ဆောင်မုန်းလ၏ နက္ခတ်အမည်။ |
| စန္ဒာငွေလ | ＝ (တင်စားခေါ်ဝေါ်သည်) ငွေရောင်အဆင်းနှင့်တူသောလ။ |
| ဗား-တြိန်း | ＝ ဗား＝၂ တြိန်း ＝ ၃ (၃၂)＝ ညနာရီ။ |
| အဋ္ဌ-ဒွေး | ＝ အဋ္ဌ＝၈၊ ဒွေး＝၂ (၂၈)＝နေ့နာရီ။ |
| ဖြိုးစည်သဲသဲ | ＝ ဖြိုးမောက်စည်ကားစွာ ခြိမ့်ခြိမ့်သဲသဲရှိသည်။ |
| ထူးကဲဤခါ | ＝ ထူးထူးကဲကဲကျင်းပသည်။ |

<u>ရခိုင် ＝ တန်ဆောင်မုန်းလ</u>    <u>ဗမာ ＝ တန်ဆောင်မုန်းလ</u>

### နတ်တော်လဘွဲ့ တြိချိုး

လနတ်တော် ပင်ယံနန်းက
သဇင်ပန်း လေ, ကလူ
မွှေးပျံ့ ကြူကြူ။
ဟင်္သာမင်း တာရာထူ
မြိုင်မူကြ ဆင်ပွဲ။
မိဂသီ၊ စန္ဒီပေါင်းရင်ဖြင့်
ဆောင်းအဝင် ဓနုခန်းမှာ
ချမ်းပိုလို့ကဲ ။ ။

### နတ်တော်လဘွဲ့ လင်္ကာ

ရှင်နတ် ရှင်နတ်။ ။ ပွဲတော်မှတ်၍
ထူးမြတ်ပူဇော်၊ လနတ်တော်ဝယ်
ဆောင်းဖော်ဝင်ပြု၊ နှင်းရည်ဥကာ
ဓနုရာသီ၊ နေနှင့်ညီလျက်
ရာသီပုံဆိုင်၊ ရုပ်မဏ္ဍိုင်ကား
လေးကိုင်ယောကျ်ား၊ စွမ်းပကားဖြင့်
ထွန်းပြောင်းမိဂသီ၊ စန်းနှင့်ညီခဲ့
သီရိထွတ်တင်၊ ဂမုန်းအင်နှင့်
သဇင်ပန်းတော်၊ ပင်မြင့်ပျော်၏
ထွန်းသော်တာရာ၊ ရွှေဟင်္သာလည်း
ရောင်ဝါထိန်လင်း၊ အားမာန်တင်း၍
ရိပ်နင်းဖဝါး၊ ငါးခုပြားလျက်
ဆ-ဗား နေ့ဟု၊ နာရီရှု၍
စတု-တြိန္ဒာ၊ ညဥ့်မှတ်ရာ၏
ဓား, ကာ, လေးစွဲ၊ လှံကျင့်ပွဲနှင့်
ဆင်ပွဲသဘင်၊ ပွဲကြီးယင်သည်။ ။
ပြည်ခွင်အလုံး ခြိမ့်ခြိမ့်တည်း။ ။

(ခက်ဆစ်)

ရှင်နတ် = အရှင်နတ်မင်း။
ဓနုရာသီ = လေးကိုင်ယောကျ်ားနှင့်တူသောရာသီ။
မိဂသီ = နတ်တော်လ၏ နက္ခတ်အမည်။
သီရိထွတ်တင်၊ ဂမုန်းအင် = ကျက်သရေရှိလှသော ဂမုန်းအင်ပန်းခေါ် သဇင်ပန်း။
ရွှေဟင်္သာ = (တင်စားခေါ်ဝေါ်သည်) ဟင်္သာတာရာ။
ဆ-ဗား = ဆ=၆၊ ဗား=၂ (၂၆)=နေ့နာရီ။
စတု-တြိန္ဒာ = စတု=၄၊ တြိန္ဒာ=၃ (၃၄)=ညနာရီ။
ဆင်ပွဲသဘင် = ဆင်ပြိုင်ပွဲ (ဆင်ခင်းပွဲ)သဘင်ကျင်းပသည်။

<u>ရခိုင် = နတ်တော်လ</u> <u>ဗမာ = နတ်တော်လ</u>

### ပြာသိုလတွဲ့ကြိုချိုး

နှင်းစိုစို ပြာသိုဆန်းတော့
ခွာညိုပန်း ဝေဝေဆာ
ဖူးပွင့်ငုံအာ။
ဖုသျှနှင့် လစန္ဒာ
တူယှဉ်ကာ ပြိုင်လှမ်း။
မြင်းခင်းတော် သဘင်ပွဲခါမို့
ကြယ်တာရာ ပုစွန်ကတယ်
မြူးကြွမကန်း ။ ။

### ပြာသိုလတွဲ့လင်္ကာ

လေညင်း လေညင်း။ ။ရိုက်ဆော်သွင်း၍
ငွေနှင်းရွှဲစို၊ လပြာသိုဝယ်
ချမ်းပိုအေးမြ၊ သမယလျှင်
မကရရာသီ၊ ရောက်ခဲ့ပြီတည့်
ရာသီပုံထွန်း၊ ရုပ်ပုံဆန်းကား
မကန်းမည်သာ၊ ခေါ်ဆိုရာလျက်
ယှဉ်လာနက္ခတ်၊ ဖုသျှမှတ်၍
ပွင့်လတ်ခွာညို၊ ခွာပြာစိုလည်း
ပင်ပျိုနွယ်ပန်း၊ ပွင့်တုံလန်း၏
ပုံထွန်းပုစွန်၊ တာရာမွန်နှင့်
ရိပ်လွန်ဖဝါး၊ ခြောက်ခုပြားခဲ့
နေ့ကားမှတ်ဘိ၊ ဇယ-ဒွိနှင့်
ဆ-တြိမှာ၊ ညဉ့်ဖြစ်လာ၏
နာရီချိန်မင်း၊ မြဲမှတ်သွင်း၍
မြင်းခင်းသဘင်၊ ပွဲတော်ဆင်လျက်
ကျွမ်းကျင်သူရဲ၊ ခန့်အပ်မြဲသည်။ ။
ထူးကဲပျော်ရွှင် ခြိမ့်ခြိမ့်တည်း။ ။

(ခက်ဆစ်)

| | |
|---|---|
| ငွေနှင်းရွှဲစို | = ငွေရောင်အဆင်းနှင့်တူသော နှင်းရည်များစိုရွှဲနေသည်။ |
| မကရရာသီ | = မကန်းရုပ်နှင့်တူသောရာသီ။ |
| ဖုသျှ | = ပြာသိုလ၏ နက္ခတ်အမည်။ |
| ပွင့်လတ်ခွာညို၊ ခွာပြာစို | = ခွာညိုပန်းနှင့် ခွာပြာပန်းတို့ ပွင့်ကြသည်။ |
| ပုံထွန်းပုစွန်၊ တာရာမွန် | = ပုစွန်တာရာပုံထွန်းသည်။ |
| ဇယ-ဒွိ | = ဇယ = ၄၊ ဒွိ = ၂ (၂၄) = နေ့နာရီ။ |
| ဆ-တြိ | = ဆ = ၆၊ တြိ = ၃ (၃၆) = ညနာရီ။ |
| ကျွမ်းကျင်သူရဲ၊ ခန့်အပ်မြဲ | = မြင်းခင်းပွဲမှ ပေါ်ထွက်လာသော မြင်းရေး၊ ဓားရေး၊ လှံရေးကျွမ်းကျင်သူ သူရဲကောင်းများကို ရာထူးခန့်အပ်သည်။ |

ရခိုင် = ပြာသိုလ    ဗမာ = ပြာသိုလ

**တပို့တွဲလဘွဲ့ ကြိုးချိုး**

ငွေနှင်းရည် ကြကာချ
ကြယ်မာဃ ထိန်ထိန်သာ
ထွန်းပသော်တာ။
ထူးလှတဲ့ ချိန်တာရာ
စိန်ပမာ မခြား။
ပေါက်, လဲရယ် ငုံစီစီနဲ့
ကုမ်ရာသီ တပို့တွဲမှာ
နွဲကြရထား ။ ။

**တပို့တွဲလဘွဲ့လင်္ကာ**

တသုန်တသုန်။ ။ မြောက်လေစုန်၍
ချမ်းဟုန်လွန်ကဲ၊ တပို့တွဲဝယ်
စိုရွှဲခါမီ၊ ကုမ်ရာသီတည့်
မှုန်ရီနှင်းလွှမ်း၊ အာကာလမ်းက
အိုးထမ်းယောကျ်ား၊ ဟန်မခြားသို့
ခန့်ညားပြည့်ဝ၊ ကြယ်မာဃလျှင်
မြူးကြွဟန်ချို၊ စန်းနှင့်ညီခဲ့
ရာသီကုန်နွဲ၊ အချမ်းသဲလျက်
ပေါက်,လဲဆူးပန်း၊ ပွင့်တုံလန်း၏
ညဥ့်သန်းချိန်ခါ၊ ချိန်တာရာနှင့်
ဆာယာဖဝါး၊ ငါးခုပြား၍
ပိုင်းခြားနေ့လျှင်၊ ဆ-ဒွေးတင်လော့
ညဥ့်တွင်နာရီ၊ ဇော-တြီတည့်
ခါညီယာဂု၊ လှူဒါန်းပြုလျက်
ပျော်မှုအများ၊ စည်းလုံးအားနှင့်
ရထားပွဲတော်၊ နွဲကြပျော်သည်။ ။
ပြည်ကျော်ပွဲမို့ ဖြိမ့်ဖြိမ့်တည်း။ ။

(ခက်ဆစ်)

| | |
|---|---|
| တသုန်တသုန်၊ မြောက်လေစုန် | - မြောက်လေတသုန်သုန်တိုက်ခတ်နေသည်။ |
| ကုမ်ရာသီ | - အိုးထမ်းယောကျ်ားနှင့် တူသောရာသီ။ |
| ကြယ်မာဃ | - တပို့တွဲလ၏ နက္ခတ်အမည်။ |
| ပေါက်,လဲ ဆူးပန်း | - ပေါက်ပန်းနှင့် လဲပန်းတို့ပွင့်ကြသည်။ |
| ချိန်တာရာ | - ချိန်ခွင်တာရာ။ |
| ဆ-ဒွေး | - ဆ-၆၊ ဒွေး-၂ (၂၆)နေ့နာရီ။ |
| ဇော-တြီ | - ဇော-၄၊ တြီ-၃ (၃၄) ညနာရီ။ |
| ခါညီယာဂု | - ယာဂုလှူဒါန်းပွဲကျင်းပရာအခါ။ |
| ရထားပွဲတော် | - ရထားပွဲတော်ကျင်းပရာအခါ။ |

<u>ရခိုင် - တပို့တွဲလ</u> <u>ဗမာ - တပို့တွဲလ</u>

### တပေါင်းလတွဲ့ကြိုးမျိုး

မိန်ရာသီ ရောက်ပြန်တော့
ပင်ယံကြော့ သရဖီ
ဖူးပွင့်စုံညီ။
တပေါင်းလမှာတဲ့ ဖဂ္ဂုနီ
စန္ဒီနှင့် ယှဉ်တွဲ။
ချိန်တာရာ ထိန်ဖြာကဲပါလို့
သဲစေတီ သောင်ယံဦးမှာ
ထူးမြတ်တဲ့ပွဲ ။ ။

### တပေါင်းလတွဲ့လင်္ကာ

သဘင် သဘင်။ ။ ညွန့်သစ်ဆင်၍
ရွက်ကျင်ပြန်စ ၊ တပေါင်းလဝယ်
နုရွှရွက်ဦး၊ ပုရစ်ဖူးနှင့်
ကြည်နူးဖွယ်ရာ၊ အလှဖြာလျက်
မိန်ရာသီစု၊ ဆောင်းနွေလု၏
ဖဂ္ဂုနီနက္ခတ်၊ စန်းယှဉ်လတ်၍
ကူးခတ်ပုံဟန်၊ ရုပ်သဏ္ဌာန်နှင့်
နှစ်တန်ငါးကြင်း၊ ပျော်ဖွယ်ခင်းလျက်
အင်ကြင်းစုံညီ၊ သရဖီလျှင်
ရာသီအလှ၊ ဖူးပွင့်ကြ၏
တာရာ့ချိန်ခွင်၊ လင်းရောင်ထင်၍
ရိပ်လျှင်ဖဝါး၊ လေးခုပြားခဲ့
အင်္ဂ-ဗား ချက်ညီ၊ နေ့နာရီနှင့်
ညဥ့်မှီမှတ်လော၊ ဒွေး-တြောတည့်
သောသောဆင်နွဲ၊ ဘုရားပွဲလည်း
မစဲမြို့ရွာ၊ ကျင်းပပါသည်။ ။
ဘာသာသဘင် ခြိမ့်ခြိမ့်တည်း။ ။

(ခက်ဆစ်)

ရွက်ကျင်ပြန်စ = ရွက်ဟောင်းခွာ၍ ရွက်သစ်ပြန်စအချိန်။
ပုရစ်ဖူး = ရွက်သစ်ရွက်ဖူးကလေးများ။
မိန်ရာသီ = ငါးကြင်းနှစ်ကောင်နှင့်တူသောရာသီ။
ဆောင်းနွေလု၏ = ဆောင်းနှင့်နွေ အားပြိုင်နေကြသည်။
ဖဂ္ဂုနီနက္ခတ် = တပေါင်းလ၏ နက္ခတ်အမည်။
တာရာ့ချိန်ခွင် = ချိန်ခွင်တာရာ။
အင်္ဂ-ဗား = အင်္ဂ (အ၄)=၈၊ ဗား=၂ (၂၈)=နေ့နာရီ။
ဒွေး-တြော = ဒွေး=၂၊ တြော=၃ (၃၂)=ညနာရီ။

ရခိုင် = တပေါင်းလ

ဗမာ = တပေါင်းလ

## ကြေးချိုးနိဂုံး

ဆယ့်နှစ်ထွေ ရာသီမြတ်
ရေးစီလတ် ပြီးချိန်ခါ
ထူးမှတ်ကြပါ။
နဝါ, ဇယ, ဘော, ယုတြာ
နှစ်ကောဇာမှတ်သုံး။
ဖဂ္ဂုနမာသေ ဆုတ်ချိန်ပ
ရက်တြိန် နေ့နဂါးမှာဖြင့်
မှတ်သားဖွယ် ရာသီစည်းကို
တည်းဖြတ်အုပ်ဖုံး ။ ။

(ခက်ဆစ်)

နဝါ=၉,ဇယ=၄,
ဘော=၃,ယုတြာ=၁ = (ဗေဒင်သင်္ချာ) ၁၃၄၉-ခု။
နှစ်ကောဇာ = ကောဇာသက္ကရာဇ်။
ဖဂ္ဂုနမာသေ = တပေါင်းလ။
ရက်တြိန် = သုံးရက်။
နေ့နဂါး = စနေနေ့။

## လင်္ကာနိဂုံး

အပိုဒ်(၁)

မိုးတိမ်ယံဆီ ။ ။ ပျံ့ဝဲချီ၍။ ဒွါရာဝတီ မည်ရ။ နဂရ၏။ ဥတ္တရဒိသာ။ မြောက်မျက်နှာ၌။ သာသနာလျှင်။ လွန်စည်ပင်၍။ ပျော်ရွှင်ဖွယ်ကောင်း။ သူဌေးချောင်းတည့်။ သာညောင်းမသွေ။ ထိုချောင်းမြေ ဝယ်။ ရွှေလှေခေါ်ထ။ ရွာဂါမ၌။ ပျော်ကြစံတင့်။ (ဦး)သိန်းမြင့်+(ဒေါ်)မြတင်။ ဂုဏ်အင်ဖြိုးမောက်။ မိဘနှစ်ယောက်မှ။ ဖွားမြောက်ဖြစ်လာ။ သားပုတ္တာကား။ ကောဇာသက္ကရာဇ်။ တွက်ရေစစ်သော်။ ခစ်, ခစ်, ဂေါ်, ကု။ ရောက်တုံပြု၍။ ဥတုကာလ။ ဟေမန္တဝယ်။ မာဃမာသ။ လကွယ်ပ၍။ ဗျဂ္ဃဒိဝသေ။ ရောက်တုံပေသား။ ဆယ်ထွေယင္မီ။ ညဥ့်ခါမီ၌။ ဇာနည်ထွန်းတောက်။ ဖြစ်လာရောက်သည်။ ။ ဖွားမြောက်ဌာနေ သိစေသောဝ်။ ။

(ခက်ဆစ်)

ဒွါရာဝတီ = သံတွဲမြို့၏အမည်။
နဂရ = မြို့။
ဥတ္တရဒိသာ = မြောက်အရပ်။
ခစ်, ခစ်, ဂေါ်, ကု = (ပိဋကတ်သင်္ချာ)၁၃၂၂-ခု။
ဟေမန္တ = ဆောင်းဥတု။
မာဃမာသ = တပို့တွဲလ။
လကွယ်ပ = လကွယ်သောနေ့။
ဗျဂ္ဃဒိဝသေ = ကျားနေ့ (တနင်္လာနေ့)။
ဆယ်ထွေယင္မီ = ဆယ်နာရီ။

## အပိုဒ်(၂)

နောက်သား နောင်လာ ။ ။ လူများစွာတို့။ လက်ာစာစု။ ဘယ်သူပြုဟု။ ရှေ့ရှုအမှန်။ သိကြရန်တွက်။ စာမွန်ဆော်ရွှမ်း။ ကဗျာစွမ်းဖြင့်၊ စာတမ်းသခင်။ စာဆိုသျှင်က။ နောင်တွင်သမှူ။ မှတ်တမ်းပြုပိမ့်၊ သမ္ဘုတိခေါ်ရာ။ မည်သညာကား။ **“ဒွါရာဝတီ။ အ-ကို မှီလျက်။ သျှ-စီ, ဟ-ထိုး။ င-သတ်တိုး၍။ တ-ပျိုးအောက်က။ ဥ-ကိုချလျက်။ သ-ကိုရေးသား။ လ-နောက်ထားသည့်။”** ခေါ်ငြား တွင်ရာ။ မှတ်ပိမ့်နာလော့။ ရာသီဆယ့်နှစ်တန်။ ကဗျာမွန်ကို။ မန်ကျည်းချောင်မည်ရ။ ရွာဂါမ၏။ ဝိဇယရုံသီ။ ကျောင်းတော်ဆီ၌။ လေးလီယာပထ။ မျှတရွှင်ပြုံး။ သီတင်းသုံးခါ။ စီကုံးပါသည်။ ။ နောင်လာလူတို့ သိစေသော်။ ။

## အပိုဒ်(၃)

ရက္ခမဏ္ဍလာ။ ။တိုင်းအောင်ချာတွင်။ စာပေယဉ်ကျေးမှု။ အနုအရင့်။ သီးပွင့်ငုံအာ။ ပေါ်များ စွာထည့်။ နောင်ခါမသွေ။ ခေတ်တိုင်းဝေလျက်။ စာပေတန်ခိုး။ ကဲမြင့်တိုး၍။ အမျိုးဂုဏ်ရှိန်။ မှေးမှိန် ဘဲ။ တောက်ထိန်ပြောင်လက်။ မျိုးဂုဏ်တက်ဖို့။ သွေးဆက်ဤစာ။ ရေးဖွဲ့ပါ၏။ ကဗျာပြီးလစ်။ သက္က ရာဇ်ကား။ ဈ, ဝစ်, ဂီ, ကု။ သချ်ာပြု၍။ ဥတုဝဿာန။ တော်သလင်းလတွင်။ ပက္ခဆုတ်လှယ်။ ရှစ်ရက်ဆွယ်၍။ နေ့ဝယ်အင်္ဂါ။ မွန်းလတ်ခါ၌။ အဋ္ဌာနာရီ။ ရောက်ချိန်ညီမူ။ ရာသီဆယ့်နှစ်။ လက်ာစစ်ကို။ ဖွဲ့လစ်စီကုံး။ ကျစ်လျစ်ထုံးလျက်။ နိဂုံးကမွတ်။ အဆုံးသတ်သည်။ ။ တည်းဖြတ်ပြီးချိန် သိစေသော်။ ။

(ခက်ဆစ်)

| | | |
|---|---|---|
| ရက္ခမဏ္ဍလ | ။ | ရခိုင်ပြည်အဝန်း။ |
| ဈ,ဝစ်,ဂီ,ကု | ။ | (ပိဋကတ်သချ်ာ)၁၃၄၉-ခု။ |
| သချ်ာ | ။ | အရေအတွက်။ |
| ဥတုဝဿာန | ။ | မိုးဥတု။ |
| ပက္ခဆုတ်လှယ် | ။ | လဆုတ်ပက္ခ။ |
| အဋ္ဌာနာရီ | ။ | ၈-နာရီအချိန်။ |

**ဒွါရာဝတီ-အသျှင်ကုသလ**

## ဒွါရာဝတီက ရခိုင့်ဒွာနိလရာသီကျမ်းနှင့် မိတ်ဆက်ပေးခြင်း

စာရေးသူသည် **"ရခိုင်စာပေယဉ်ကျေးမှုနှင့် သမိုင်း"** ဆိုင်ရာများကို ငယ်ရွယ်စဉ် ရှင်သာမဏေဘဝကပင် သိရှိလိုစိတ် အလွန်ပြင်းပြခဲ့သူတစ်ဦး ဖြစ်ပါသည်။ ယင်းကဲ့သို့ သိရှိလိုသည်နှင့်အမျှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးရင်း ၁၉၈၀-၈၁-ခုနှစ်မှစတင်၍ ရခိုင်နှင့်ပတ်သက်သော စာပေ၊ ယဉ်ကျေးမှု၊ သမိုင်းဆိုင်ရာ စာအုပ်စာတမ်းများကို ရှာဖွေခြင်း၊ ဝယ်ယူစုဆောင်းခြင်း၊ ရန်ကုန်မြို့၊ မြို့တော်ခန်းမရှိ အမျိုးသားစာကြည့်တိုက်သို့ အကြိမ်ကြိမ်သွားရောက်ကာ စာဖတ်ခဲ့ခြင်း၊ မှတ်စုရေးသားခြင်း၊ မေးမြန်းစုံစမ်းခြင်း၊ တွေ့ဆုံဆွေးနွေးခြင်း၊ ခရီးထွက်ခြင်း၊ မှတ်တမ်းတင်ဖော်ထုတ်ခြင်း စသော စာပေလုပ်ငန်းများကို တစိုက်မတ်မတ် ပြုလုပ်လာခဲ့သည်မှာ ယနေ့ထက်တိုင် ဖြစ်ပါသည်။

ရခိုင်တို့၏ သမိုင်းအစ ခေတ်ဦးကာလ ဒွါရာဝတီခေတ်၊ ဓညဝတီခေတ်မှစတင်၍ ဓညဝတီခေတ်၊ ဝေသာလီ ကျောက်လှေကားခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ် စသော ခေတ်အဆက်ဆက်တို့တွင် သူ့ခေတ်နှင့်သူ စည်ပင်ထွန်းကားခဲ့သည့် အမျိုးဘာသာ၊ သာသနာ၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ သမိုင်းဆိုင်ရာတို့မှာ အလွန်များပြားလှစွာ ရှိခဲ့ကြပါသည်။

ထိုသို့ပင် ရှိခဲ့ကြပါသော်လည်း ကောဇာ-၁၁၄၆-ခု၊ (အေဒီ-၁၇၈၄) တွင် ကျရောက်လာသော ရခိုင်တို့၏ ဆိုးရွားလှသည့် ဘဝမုန်တိုင်းဒဏ်ကြောင့် ရခိုင်ပြည်၏ ယဉ်ကျေးမှုအလှ မှန်သမျှတို့မှာ လုံးဝဆုံးရှုံးပျက်စီးခြင်းသို့ ရောက်ခဲ့ကြရသည်။ ရခိုင်တို့၏ သမိုင်းဆိုင်ရာ မှတ်တမ်းမှတ်ရာ ပေ,ပုရပိုက်ပေါင်း မြောက်မြားစွာတို့မှာလည်း တိုင်းတစ်ပါးသို့ ရောက်ရှိသွားခဲ့ကြရပါသည်။

နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ရခိုင်လူမျိုး၊ ရခိုင်စာပေနှင့် ရခိုင်ယဉ်ကျေးမှုဆိုင်ရာ သမိုင်းကြောင်းတို့မှာ ပြဒါးကွာနေသော မှန်တစ်ချပ်ကို ကြည့်ရှုရဘိသကဲ့သို့ မှုန်ဝါးဝါးအခြေသို့ ဆိုက်ရောက်ခဲ့ကြရပါသည်။ မကွယ်ပျောက်ရုံလောက်သာ ကျန်ရှိနေသေးသည်ကိုပင်လျှင် ကံကောင်းလေစွဟု ဆိုရဖွယ်ရှိနေပါသည်။

ထို့ကြောင့် မိမိလူမျိုးတို့တွင် ရှေးယခင်က အမှန်တကယ်ရှိခဲ့ကြသော ကိုယ်ပိုင်ယဉ်ကျေးမှု အမွေအနှစ်များကိုပင်လျှင် မသိရှိနိုင်တော့ကြဘဲ၊ မိမိတို့၏ ယဉ်ကျေးမှုကို သူတစ်ပါးတို့၏ ယဉ်ကျေးမှုသဖွယ် အထင်ရောက်နေကြသူတွေကသာ တစ်စတစ်စ များပြားလာနေသည်ကို တွေ့ရှိနေရသည်။

**"စာပေစိစစ်ရေး"** ရှိနေသော အချိန်ကာလအတွင်းက ရခိုင်စာပေပညာရှင်တို့အနေဖြင့် မိမိတို့၏ စာပေယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာဖြစ်ရပ်များကို မှတ်တမ်းတင်ဖော်ထုတ်နေကြရာ၌ အခါခပ်သိမ်းအဆင်ပြေခဲ့ကြသည်တော့ မဟုတ်ပါ။

**"မကောင်းဆိုးဝါး"** သဖွယ် အန္တရာယ်ပြုတတ်သော စာပေစိစစ်ရေးဟူသော အန္တရာယ်ဆိုးကြီးက ပြုလုပ်ဆောင်ရွက်ခဲ့ကြရသဖြင့် အမှန်ကို အမှန်အတိုင်း ရေးသားဖော်ထုတ်ခွင့် မရရှိခဲ့ကြသည်မှာလည်း တိုင်းရင်းသားလူမျိုးများအတွက် ဆုံးရှုံးနစ်နာမှုဟု ဆိုနိုင်ပါသည်။

တိုင်းရင်းသားလူမျိုးတို့၏ တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုဆိုင်ရာ သမိုင်းမှတ်တမ်းများကို ဆိတ်သုဉ်းပျောက်ကွယ်သွားစေရန် အစီအစဉ်ရှိရှိ ဆောင်ရွက်နေကြလေသလော ဟူ၍ပင် စဉ်းစားစရာ ဖြစ်ခဲ့ကြရပါသည်။

စာရေးသူအနေဖြင့်လည်း အခက်အခဲအမျိုးမျိုးကြားထဲက မဆုတ်မနစ်သော ဇွဲလုံ့လဝီရိယတို့ဖြင့် ကြိုးစား

အားထုတ်ခဲ့သောကြောင့်သာ **"ရက္ခပုရဒွါဒသရာသိဋီကာ"** အမည်ရှိ **"ရခိုင့်ဌာနီလရာသီကျမ်း"** ပေါ်ထွက်လာခဲ့ရခြင်း ဖြစ်ပါသည်။ လွယ်ကူချောမွေ့စွာ ပေါ်ထွက်လာခဲ့ရခြင်း မဟုတ်သည်ကိုတော့ စာဖတ်ပရိသတ်အပေါင်းတို့အား အသိပေးလိုပါ၏။

စာရေးသူအနေဖြင့် ရခိုင်အမျိုးသား အကျိုးစီးပွားအတွက် **"အုတ်တစ်ချပ်-သဲတစ်ဆုပ်ပမာ"** အားဖြင့်ကူညီလိုက်ရသည့်အတွက် တစ်စုံတစ်ရာ အကျိုးကျေးဇူးရှိခဲ့ပါမူကား ဤစာအုပ်ကို ရေးသားပြုစုရကျိုးနပ်တော့၏။ အကျိုးအမြတ်ကား မိမိအတွက်မဟုတ်။ ရခိုင်တစ်မျိုးသားလုံးအတွက်သာ ဖြစ်၏။ ဤစာအုပ်ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို စာဖတ်ပရိသတ်အပေါင်းတို့အား အကျဉ်းမျှမိတ်ဆက်ပေးလိုပါသည်။

## ဒွါရာဝတီနယ်မြေက ၁၂-လရာသီကျမ်း

ဒွါရာဝတီနယ်မြေဒေသကို ကိုယ်စားပြုသော ၁၂-လရာသီကျမ်းနှင့် နက္ခတ်ဆိုင်ရာ ကဗျာ၊ လင်္ကာကျမ်းစာများကို ရှာဖွေကြည့်ရာ မရှိသလောက် ရှားပါးနေသည်ကို တွေ့ရသည်။ ထို့ကြောင့် စာရေးသူသည် ကိုယ့်ဒေသအတွက် လစ်ဟာနေသော စာပေကွက်လပ်တစ်ခုကို ဖြည့်စွက်လိုသော စိတ်ဆန္ဒဖြစ်ပေါ်လာခဲ့ပါသည်။ သို့ဖြစ်၍ ရခိုင်စာပေ၊ ယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာများကို လေ့လာရှာဖွေစုဆောင်းရင်း ရခိုင် ၁၂-လရာသီနှင့် နက္ခတ္တဗေဒဆိုင်ရာများကိုပါ တစ်ဆက်တည်း လေ့လာဆည်းပူးခဲ့ပါသည်။

စာရေးသူသည် ကောင်းကင်က နက္ခတ်များကို စနစ်တကျ လေ့လာဖြစ်ခဲ့သည်မှာ စာရေးသူ၏မိတ်ဆွေကြီး အသျှင်ရာဇိန္ဒ (ယခင် = စစ်တွေမြို့၊ သဒ္ဓမ္မဂရု ပုသိမ်ကျောင်းတိုက်၏ စာချဘုန်းကြီး။ ယခု = မြေပုံမြို့၊ အောင်ပင်လယ်ရပ်ကွက်၊ နတ်ချောင်းဘုရားကြီးကျောင်းဆရာတော်) ၏ ကျေးဇူးကြောင့် ဖြစ်ပါသည်။ ထိုအသျှင်နှင့် စာရေးသူတို့သည် ၁၉၈၄-၈၅-၈၆-ခုနှစ်များက မန္တလေးမြို့၊ အနောက်ပြင်၊ ခင်မကန်တိုက်၊ ဝေဠုဝန်ကျောင်း၌ အတူသီတင်းသုံးနေထိုင်ခဲ့ကြပါသည်။

စာရေးသူတို့နှစ်ပါးသည် ညအချိန် ကျောင်းရှေ့ကွက်လပ်တွင် စာပြန်ရင်း လမ်းလျှောက်လေ့ရှိကြသည်။ ယင်းကဲ့သို့ လမ်းလျှောက်နေစဉ် ထိုအသျှင်မှ စာရေးသူအား ကောင်းကင်က နက္ခတ်များကို လက်ညှိုးညွှန်ပြကာ နက္ခတ်အမည်များကို လအလိုက် ပြောပြလေ့ရှိပါသည်။ ထိုအသျှင်ပြောပြသမျှ စာရေးသူက သေချာစွာ မှတ်သားထားလေ့ရှိပါသည်။

ထိုအသျှင်နှင့် စာရေးသူတို့သည် မန္တလေးမြို့သို့ရောက်မှ ခင်မင်ရင်းနှီးခဲ့ကြသည် မဟုတ်ပါ။ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်၊ အောင်မင်္ဂလာလမ်းရှိ မင်္ဂလသုခပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၌ ပညာသင်ယူနေစဉ်ကာလကပင် ဂန္ဓဝါဒီကျောင်းဆောင်၌ အတူနေခဲ့ကြသော၊ ခင်မင်ရင်းနှီးပြီးဖြစ်သော မိတ်ဆွေရင်းချာများ ဖြစ်ကြပါသည်။

၁၂-လရာသီ နက္ခတ်တာရာများနှင့်ပတ်သက်၍ လက်တွေ့နှင့်စာတွေ့ မည်မျှခြားနားမှုရှိနေသည်တို့ကို သိရှိနိုင်ကြစေရန် **"တောင်သမန်ကျောက်တော်ကြီးဘုရား"** ရှိ ၁၂-လရာသီနက္ခတ်၊ တာရာတို့ကိုလည်း သွားရောက်လေ့လာခဲ့ကြပါသည်။ အဆိုပါ တောင်သမန်ကျောက်တော်ကြီးဘုရားမှာ မန္တလေးတိုင်း၊ အမရပူရမြို့နယ်၊ တောင်သမန်အင်းတစ်ဖက်ကမ်းတွင် တည်ရှိပါသည်။ နာမည်ကျော် ဆရာတော်အသျှင်ဇနကာဘိဝံသ၏ မဟာဂန္ဓာရုံကျောင်းတိုက်နှင့်ဆိုပါလျှင် ဟိုဘက်ကမ်း၊ သည်ဘက်ကမ်း ဖြစ်သည်။ နာမည်ကြီး "ဦးပိန်တံတား" ကို ဖြတ်ကျော်၍ သွားရသည်။

## ဦးပိန်တံတား

ဦးပိန်တံတားဟူသည် မန္တလေးတိုင်း၊ အမရပူရမြို့ဟောင်းတွင် တည်ရှိသည်။ တောင်သမန်အင်းကို ဖြတ်ကျော်ထိုးထားသော တံတားဖြစ်၍ **"တောင်သမန်ဦးပိန်တံတား"** ဟူ၍လည်း ခေါ်တွင်သည်။ သက္ကရာဇ်-၁၂၁၁-ခုနှစ် (အေဒီ-၁၈၄၉) တွင်၊ ပုဂံမင်းလက်ထက် အမရပူရမြို့ဝန် **"မောင်ဘိုင်ဆတ်"** ၏တပည့် မြို့စာရေး **"မောင်ပိန်"** က တည်ဆောက်လှူဒါန်းခဲ့သောကြောင့် **"ဦးပိန်တံတား"** ဟူ၍ အမည်တွင်ခဲ့ခြင်း ဖြစ်သည်။

တံတားကို တည်ဆောက်ရာ၌ ၁၂၁၃-ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း သိရှိရသည်။ တံတား၏ တိုင်အလုံးပေါင်းမှာ **"န၀, အ၄, ဇယ၊ မောင်ပိန်တံတား၊ တိုင်းလုံးပြ"** ဟူသော ရှေးခေတ်မှတ်တမ်းအရ (၉၈၄) တိုင်ရှိကြောင်း သိရသည်။ ဇရပ်မှာ လေးဆောင်ရှိပြီး၊ တိုင်ပေါင်းမှာ (၁၀၈၆) တိုင်ရှိသည်။ အခန်းပေါင်းမှာ (၄၈၂) ခန်းရှိပြီး၊ တံတားအရှည်မှာ (၃၉၆၇) ပေရှိသည်။ တောင်သမန်အင်း ဦးပိန်တံတားဆုံးလျှင် တောင်သမန်ကျောက်တော်ကြီးဘုရားကို ရောက်ပါသည်။

## တောင်သမန်ကျောက်တော်ကြီးဘုရား

တောင်သမန်ကျောက်တော်ကြီးဘုရားဟူသည် ဦးပိန်တံတား၏အရှေ့ထိပ် တောင်သမန်ရွာတွင် တည်ရှိသောကြောင့် တောင်သမန်ကျောက်တော်ကြီးဘုရားဟု ခေါ်တွင်ခြင်း ဖြစ်သည်။ ဘုရားကြီး၏ ဘွဲ့အမည်တော်မှာ **"မဟာသကျရံသီ"** ဖြစ်ပြီး၊ အမရပူရခေတ်က လက်ရာဖြစ်၍ သမိုင်းဝင်ထင်ရှားသော ဘုရားတစ်ဆူဖြစ်သည်။ နံရံဆေးရေးပန်းချီလက်ရာများရှိနေသောကြောင့် နိုင်ငံခြားကမ္ဘာလှည့်ခရီးသွားများ အထူးစိတ်ဝင်စားကြသည်။

ကျောက်တော်ကြီးဘုရားကို ဘကြီးတော်မင်းခေါ် စစ်ကိုင်းမင်းလက်ထက်တွင် စကျင်တောင်မှ စကျင်ကျောက်ဖြင့် ထုလုပ်ခဲ့ခြင်း ဖြစ်သည်။ သက္ကရာဇ်-၁၁၉၁-ခု၊ ဝါခေါင်လဆန်း (၂) ရက်မှစ၍ စကျင်တောင်မှ ပင့်ဆောင်ခဲ့ရာ သက္ကရာဇ်-၁၁၉၂-ခု၊ ကဆုန်လပြည့်ကျော် (၁၁) ရက်နေ့တွင် အင်းဝ (ရတနာပူရ) ဆိပ်ကမ်းသို့ ရောက်ရှိခဲ့သည်။

အင်းဝ၌ ပူဇော်ထားရှိခဲ့ကြသော အဆိုပါဘုရားကြီးကို ပုဂံမင်းလက်ထက် သက္ကရာဇ်-၁၂၁၁-ခုနှစ်တွင် ဖောင်ဖြင့်တင်ကာ ပင့်ဆောင်တော်မူခဲ့ကြပြီး၊ အမရပူရရွှေနန်းတော်၏တောင်ဘက် တောင်သမန်အရပ်၌ ပင့်ဆောင်ကိုးကွယ်တော်မူခဲ့ခြင်း ဖြစ်သည်။

ပုဂံမင်းသည် ကျောက်တော်ကြီးဘုရားကို သက္ကရာဇ်-၁၂၁၁-ခုနှစ်တွင် ဂန္ဓကုဋီတိုက်ကို အုတ်ပြာသာဒ်မုခ်လေးဘက်ဖြင့် တည်ဆောက်ကာ ပူဇော်ထားရှိခဲ့သည်။ လိုဏ်ဂူ၏ လေးဘက်လေးတန် အမိုးနံရံများတွင်လည်း ဆေးရောင်စုံ နံရံဆေးရေးပန်းချီတို့ဖြင့် ခြယ်မှုန်းထားသည်။

ဘုရားကြီးအဝင် မျက်နှာကြက်အမိုးတွင် နက္ခတ်တာရာ (၁၂) ရာသီခွင်ရုပ်ပုံများကို တွေ့ရှိရသည်။ ယင်းနက္ခတ်တာရာရုပ်ပုံများမှာ ကျောက်တော်ကြီးဘုရား၌ တည်ရှိသောကြောင့် **"ကျောက်တော်ကြီးနက္ခတ်"** ဟူ၍လည်း ခေါ်တွင်သည်။

ကျောက်တော်ကြီးနက္ခတ်ကို မတ်တပ်ရပ်ကြည့်၍ အဆင်မပြေပါ။ စာရေးသူတို့ သွားရောက်သောအချိန်က လူသွားလူလာနည်းပါးသဖြင့် ဖုန်အလိမ်းလိမ်းတက်နေသော ကြမ်းပြင်တွင် အနေကဒိုင် (ထိုင်ခင်း) ကို ဖြန့်ခင်းကာ ပက်လက်အိပ်ပြီးကြည့်မှ အဆင်ပြေသောကြောင့် စာရေးသူတို့နှစ်ပါး ဤကဲ့သို့ကြံဖန်ကာ လေ့လာဆည်းပူးခဲ့ကြရသည်။ အချိန်အားဖြင့် ၁၉၈၄-ခု၊ နိုဝင်ဘာလလောက်က ဖြစ်မည်ထင်ပါသည်။ ၁၉၉၂-ခုနှစ်ကလည်း စာရေးသူတစ်ပါးတည်း

သီးသန့် နောက်တစ်ခေါက်ရောက်ဖြစ်ခဲ့ပါသေးသည်။

စာရေးသူသည် မိမိလေ့လာဆည်းပူးထားသမျှသော ၁၂-လရာသီဆိုင်ရာ မှတ်သားဖွယ်ရာများကို ကဗျာလင်္ကာတို့ဖြင့် မှတ်တမ်းတင်ထားရှိလိုသည့် စိတ်ကူးဖြစ်ပေါ် လာပြန်ပါသည်။ ထို့ကြောင့် ရခိုင့်တစ်ဆယ့်နှစ်လရာသီလင်္ကာကြီး (၁၂) ပုဒ်နှင့် ရခိုင့်တစ်ဆယ့်နှစ်လရာသီတြိချိုး (၁၂) ပုဒ်တို့ကို သက္ကရာဇ်-၁၃၄၉-ခု၊ (အေဒီ-၁၉၈၈) တပေါင်းလဆုတ် (၃) ရက်၊ စနေနေ့က အပြီးရေးဖွဲ့စပ်ဆိုခဲ့ပါသည်။ ရေးဖွဲ့နေစဉ်ကာလ စာရေးသူ၏ သိက္ခာဝါမှာ (၆) ဝါရအချိန်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ မန်ကျည်းချောင်ဘုန်းတော်ကြီးကျောင်း၌ သီတင်းသုံးနေထိုင်စဉ်ကာလ ဖြစ်သည်။ ယင်း၌နေစဉ် ကဗျာအပုဒ်ပေါင်းများစွာကိုလည်း ရေးဖြစ်ခဲ့ပါသေးသည်။

အဆိုပါ ကဗျာများမှ ၁၂-လရာသီဆိုင်ရာကဗျာများကို **"ရခိုင့် ၁၂-လရာသီဘွဲ့လင်္ကာ"** စာအုပ်နှင့် **"ရခိုင့် ၁၂-လရာသီဘွဲ့တြိချိုး"** စာအုပ်အမည်ဖြင့် ၁၉၉၂-ခု၊ ဇူလိုင်လက သံတွဲမြို့၊ ရတနာလမ်းရှိ ရတနာအောင်ပုံနှိပ်တိုက်တွင် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ယင်းစာအုပ်နှစ်အုပ်ကို ပေါင်းစည်း၍ **"ရခိုင့်တစ်ဆယ့်နှစ်လရာသီကဗျာများ"** အမည်ဖြင့် ၂၀၀၄-ခု၊ နိုဝင်ဘာလက ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) ၁၉-ရပ်ကွက်၊ ဥယျာဉ်လမ်း၊ အမှတ် (၁၁၃၁/က)၊ စစ်သည်တော်စာပေက စာမူခွင့်ပြုချက်ဖြင့် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပြန်ပါသည်။

လူအများစုသည် စာရေးသူ၏ **"ရခိုင့်တစ်ဆယ့်နှစ်လရာသီကဗျာများ"** စာအုပ်ပါ ကဗျာများ၏ ဆိုလိုရင်းအနက်အဓိပ္ပာယ်တို့ကို သေသေချာချာ မသိရှိနိုင်ကြချေ။ ရှင်းရှင်းပြောရလျှင် နားမလည်နိုင်သောသူများက များနေသည်ဟု ထင်ပါသည်။ သို့ဖြစ်၍ ယင်းကဗျာစာအုပ်ပါ ရာသီဘွဲ့ကဗျာများ၏ ဆိုလိုရင်းအနက်အဓိပ္ပာယ်တို့ကို အသေးစိတ်သိရှိနိုင်ရန် အကျယ်ချဲ့ပြီး ကျမ်းစာအုပ်ကြီးတစ်အုပ် ရေးသားပြုစုပါရန် အကြံပြုတိုက်တွန်းတောင်းဆိုလာကြသဖြင့် **"ရက္ခပူရဒွါဒသရာသီဋီကာ"** အမည်ရှိ **"ရခိုင့်ဒွာဒသရာသီကျမ်း"** ကို ရေးသားပြုစုခဲ့ရခြင်း ဖြစ်ပါသည်။ စာမျက်နှာပေါင်း (၅၆၀) ရှိ အဆိုပါ ကျမ်းစာအုပ်ကြီးကို ၂၀၀၈-ခု၊ ဩဂုတ်လတွင် ရန်ကုန်မြို့၊ မှူဝံစာပေက ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ယင်းအချိန်အခါက စာအုပ်ထုတ်ဝေမှုကုန်ကျစရိတ်မှာ (၄၂) သိန်းကျော်မျှ ရှိပါသည်။

**"ရခိုင့်ဒွာဒသရာသီကျမ်း"** စာအုပ်ကို သာမန်အားဖြင့်ကြည့်လျှင် **"ဒီခေတ်မှာ ဒီစာအုပ်မျိုး မလိုအပ်တော့ပါဘူး"** ဟု ပြောဆိုချင်သူတွေ ရှိနိုင်သော်လည်း၊ ရခိုင်လူမျိုးတို့အနေဖြင့် အမျိုးဘာသာ/သာသနာ၊ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာတို့မှာ ကိုယ်ပိုင်တိုင်းပြည်၌၊ ကိုယ်ပိုင်အုပ်ချုပ်မှုစနစ်ဖြင့်၊ ကိုယ်ပိုင်လွတ်လပ်စွာ ရပ်တည်နေထိုင်လာခဲ့ကြသော၊ ယဉ်ကျေးမှုအစဉ်အလာကြီးမားခဲ့ကြသည့် လူမျိုးတစ်မျိုးဖြစ်ကြောင်းကိုကား မငြင်းနိုင်သော အဖြေများကိုသည်စာအုပ်၌ တွေ့ရှိကြရမည် ဖြစ်ပါသည်။

ရခိုင်လူမျိုးတို့၏ တန်ဖိုးမဖြတ်နိုင်သော သမိုင်းဝင်အမှတ်သင်္ကေတများကိုလည်း သည်စာအုပ်၌ တွေ့ရှိနိုင်ပါသည်။ ထိုယဉ်ကျေးမှုအမှတ်သင်္ကေတများသည်ပင်လျှင် ရခိုင်လူမျိုးတို့၏ ဂုဏ်ယူစရာ၊ လေးစားစရာ၊ မြတ်နိုးစရာ၊ တန်ဖိုးထားစရာများပင် ဖြစ်တော့၏။ သမိုင်းကိုမသိလျှင် လူမျိုးတန်ဖိုးဆုံးရှုံးသွားတတ်သည်ကိုလည်း သတိပြုသင့်၏။

ဤကျမ်းစာအုပ်၌ ရခိုင်နက္ခတ္တဗေဒဆိုင်ရာများသာမက အမျိုးဘာသာ/သာသနာ၊ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာတို့ကိုလည်း စုံလင်အောင် ရေးသားပြုစုထားသည်ကို တွေ့ရှိနိုင်ပါသည်။ ဤစာအုပ်ကို စာသင်-စာချ၊ စာရေး၊ တရားဟောနှင့် ကျောင်းတိုက်တည်ထောင်နေမှု စသော သာသနာရေးကိစ္စအဝဝ များပြားလှသည့်ကြားက ရသည့်အချိန်ကလေးများကို ထုတ်ယူကာ ၂၀၀၅-ခုနှစ်၊ ဖေဖော်ဝါရီလ (၁၉) ရက်၊ စနေနေ့က စတင်၍ ရေးသားပြုစုလာခဲ့ရာ ၂၀၀၆

-ခုနှစ်၊ ဖေဖေါ်ဝါရီလ (၉) ရက်၊ ကြာသပတေးနေ့၊ ည (၉) နာရီအချိန်တွင် အလုံးစုံရေးသားပြီးစီးခြင်းသို့ ရောက်ရှိခဲ့ပါသည်။

ဤစာအုပ်ကို ရေးသားပြုစုရာ၌ စာရေးသူ၏ **"ငွေရတုဝါတော်"** (= သိက္ခာဝါ ၂၅) အမှီ အမှတ်တရ ရေးသားပြုစုခဲ့ခြင်း ဖြစ်ပါသည်။ ရေးသားပြုစုချိန် တစ်နှစ်တာကာလသည် မကြာမြင့်ဟုဆိုနိုင်သော်လည်း ရေးသားပြုစုနိုင်ရန်အတွက် ရှာဖွေစုဆောင်းရသည့်ကာလမှာ (၂၆) နှစ်တိုင်တိုင် ကြာမြင့်ခဲ့ပါသည်။ ထုတ်ဝေရန် ခွင့်ပြုချက်ကို ရယူသည့်နှစ်နှင့် ပေါင်းလိုက်ပါမူ (၂၈) နှစ်ရှိပါသည်။ ဤသည်မှာလည်း ရခိုင်တစ်မျိုးသားလုံး၏ အမျိုးသားယဉ်ကျေးမှု အမှတ်သင်္ကေတများ မတိမ်ကော-မပပျောက်စေခြင်း အကျိုးငှာလည်းကောင်း၊ အခြားတိုင်းရင်းသားလူမျိုးများအနေဖြင့်လည်း ရခိုင့်ယဉ်ကျေးမှုများကို နားလည်သဘောပေါက်သိရှိနိုင်ကြစေခြင်း အကျိုးငှာလည်းကောင်း စေတနာကောင်းဖြင့် အပင်ပန်းခံကာ ရေးသားပြုစုခဲ့ခြင်း ဖြစ်ပါသည်။ စာရေးသူသည် စာမျက်နှာပေါင်း (၅၆၀) မျှရှိသော ဤရခိုင့်ဌာနီလရာသီကျမ်းကို ရေးသားပြုစုရာ၌ **"ခဲတံ"** ဖြင့် တစ်ကြိမ်အကြမ်းရေးပြီး၊ **"ဘောပင်"** ဖြင့် တစ်ကြိမ်အချောရေးကာ နှစ်ကြိမ်တိုင်တိုင် ရေးသားပြုစုခဲ့ရခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ ဒွါရာဝတီနယ်မြေဒေသက ပေါ်ထွက်လာသော ရခိုင့်ဌာနီလရာသီကျမ်းသည် ဒွါရာဝတီကို ကိုယ်စားပြုပြီး၊ ရခိုင်ပြည်နှင့် ရခိုင်တစ်မျိုးသားလုံးအတွက် အမိကဦးတည်ချက်ထားကာ ရေးသားပြုစုထားသော ကျမ်းတစ်ကျမ်း ဖြစ်ကြောင်းကိုလည်း အသိပေးအပ်ပါသည်။

ဤကျမ်းစာအုပ်ပေါ်ထွက်လာရာ၌ ဝမ်းမြောက်ကြောင်း = မုဒိတာစကားရေးသားပေးပို့ခဲ့ကြသည့် စာပေပညာရှင်အများအပြားရှိခဲ့ကြသည့်အနက် စာမျက်နှာကိုငဲ့၍ အနည်းငယ်မျှ ဖော်ပြပေးလိုပါသည်။ ကျန်ရစ်ခဲ့သော ပုဂ္ဂိုလ်များက သည်းခံခွင့်လွှတ်တော်မူကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဦးအောင်ချစ် (ဆရာချစ်) (အစိုးရမဟ္မာစရိယ)၊ မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ဝင်၊ တိုင်းရင်းသမားတော် တဆ-၀၃၈၊ ရခိုင်ဆေးသဒ္ဒါကျမ်းနှင့် ရခိုင်သုတပဒေသာကျမ်းပြု၊ အမှတ်-၉၉၊ အလယ်လမ်း၊ ရွှေပြားရပ်၊ စစ်တွေမြို့၏ မုဒိတာစကားမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**"အရှင်ဘုရားထံမှပေးပို့သော ၁၂-လရာသီစာအုပ်ကို ရရှိဖတ်ရှုရ၍ ဆရာတော်အရှင်အတွက်လည်းကောင်း၊ ရခိုင်ပြည်အတွက်လည်းကောင်း ဂုဏ်ယူအားတက်မိပါ၏ ဘုရား။ ကျမ်းကြီးပေကြီးတစ်စောင် မိမိတို့ရခိုင်လူမျိုးတို့၏ အမျိုးဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုအတွက် မလျှော့သော ဇွဲ၊ လုံ့လဝီရိယတို့ဖြင့် လောကီ၊ လောကုတ် စုံလင်အောင် အထောက်အထားစာပေများ ပြည့်စုံစွာ ရေးသားနိုင်သော အရှင်ဘုရားအား တပည့်တော် အလွန်ပင် ချီးကျူးဂုဏ်ယူဝမ်းမြောက်ပါ၏ဘုရား။ နောင်ကိုလည်း အမျိုးဘာသာ၊ သာသနာအတွက် ဆက်လက်ရေးသားပြုစုနိုင်ပါစေလို့ ဆုတောင်းပါ၏ဘုရား။ တပည့်တော်တို့ စာရေးသူများအနေဖြင့် စာအုပ်တစ်အုပ်ထွက်ပေါ်ရေးအတွက် ငွေရေးကြေးရေး အနစ်နာခံပြီး ပြုလုပ်ကြရသည်။ အမြတ်အစွန်းကား မိမိတို့ အမျိုးဘာသာ၊ သာသနာအကျိုးနှင့် မိမိရဲ့ဘဝမှတ်တိုင်တစ်ခုသာ ဖြစ်သည့်အတွက်၊ အရှင်ဘုရားထုတ်ဝေသော စာအုပ်ကြီးမျိုး ထွက်ပေါ်ရန်ကိုကား စာရေးသူတိုင်း တွေးဝံ့သော၊ ကြံစည်နိုင်သော အရာမဟုတ်ဟု၍ ရိုးသားစွာ ဝန်ခံပါ၏ဘုရား။"**

ဦးကျော်ထွန်းအောင် (တက်ထွန်းနီ-မြောက်ဦး)၊ ရှေးဟောင်းသုတေသနဌာန၊ ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊

အလယ်ဈေးရပ်၊ မြောက်ဦးမြို့၏ မုဒိတာစကားမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**"အရှင်ဘုရားပေးပို့လိုက်သော ရခိုင့်ဌာနီ-လရာသီကျမ်းစာအုပ်ကို ရရှိပါသည်။ အထူးကျေးဇူးတင် ဝမ်းမြောက်မိပါသည်။ ယင်းစာအုပ်တွင် အရှင်ဘုရား၏ မျိုးချစ်စိတ်ဓာတ်၊ သီလ၊ သမာဓိ၊ ပညာ၊ သတ္တိတို့ကို ကြည်ညိုခွင့်ရ၍ အထူးပင် လေးစားဂုဏ်ယူမိပါသည်။ အဖရခိုင်ပြည်ကြီး၏ အားထားရသော သားကောင်း ရတနာတစ်ပါးဟု အားရကျေနပ်မိပါသည်။"**

စာရေးဆရာကြီး မောင်ပေါ်ထွန်း၏ ဖုန်းဖြင့်လျှောက်ထားလာခဲ့သော မုဒိတာစကားမှာ **"ဆရာတော် ဒီစာအုပ်နဲ့ အမျိုးသားစာပေဆု ရလိမ့်မယ်လို့ တပည့်တော် ထင်ခဲ့ပါတယ်ဘုရား။ အမျိုးသားစာပေဆု မရခဲ့ပေမယ့် ရခိုင်တစ်မျိုးသားလုံးအတွက် ကျေးဇူးများသော စာအုပ်ကောင်းတစ်အုပ်ကို ပြုစုနိုင်ခဲ့သည့်အတွက် တပည့်တော် ဂုဏ်ယူပါတယ်ဘုရား။"** ဟူ၍ ဖြစ်ပါသည်။

စာရေးဆရာကြီး အဏ္ဏဝါစိုးမိုးကလည်း **"ရခိုင့်ဌာနီလရာသီကျမ်းဖြင့် အမျိုးသားစာပေဆု ရလိမ့်မယ်ဟု ထင်ခဲ့ပါသည်။ မရတာဘဲ ကောင်းပါတယ်ဘုရား။ စာရေးဆရာ အမျိုးသားစာပေဆုရလျှင် အထင်ကြီးမခံရတော့ပါ။ ရဟန်းတော် အဂ္ဂမဟာပဏ္ဍိတရလျှင် အကြည်ညိုမခံရတော့ပါ။ ဒီအတိုင်းပဲ ကောင်းပါတယ်။"** ဟူ၍ ပွင့်လင်းသော စကားဖြင့် စာတိုကလေးရေးပို့ကာ မုဒိတာစကားချီးမြှင့်ခဲ့ပါသည်။

ဦးဦးစံကျော် (ခညဦး)၊ ခေတ်မီနည်းပြ၊ လက်ကောက်ဈေးရပ်၊ မြောက်ဦးမြို့၏ မုဒိတာစကားမှာလည်း အောက်ပါ အတိုင်းဖြစ်ပါသည်။

**"ကိုယ်တော် ဤသို့ ကျမ်းပြုတင်ပြသည်ကို လေးစားဂုဏ်ယူမိပါသည်။ ကိုယ်တော်၏လေ့လာချက်သည် တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးပြုမည်မှာ သေချာပါသည်။ တပည့်တော်ကို 'ကျော်လှမောင်' က သူရခဲ့သော မေတ္တာလက်ဆောင်စာအုပ်ကို ပေးလာမှ ဆရာတော်၏စာအုပ်ကို ဖတ်ရပါသည်။ အထူးဝမ်းမြောက်ပါသည်။ ဤထက်ကြီးကျယ်သော စာပေများကို ပြုစုနိုင်ပါစေဟု ဆန္ဒပြုပါသည်။ ကိုယ်တော် စာပေတာဝန်ကို ဤထက်ပိုမို ထမ်းရွက်နိုင်ပါစေ။ ။"**

တောင်ကုတ်မြို့၊ ကံပိုင်မဟာဝိဟာရတိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုက္ကုဋ္ဌာစာရ (**ဘိကျူကုက္ကုဋ္ဌမဏိ**) မိန့်ကြားတော်မူသော သဘောထားမှတ်ချက် (မုဒိတာစကား) မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**"ရခိုင့်ဌာနီလရာသီကျမ်းစာအုပ်ဟာ တကယ့်ကို ခက်ခက်ခဲခဲ ရှာဖွေသုတေသနပြုထားတဲ့ ကျမ်းတစ်ကျမ်းပဲ။ စာကြည့်တိုက်တွေကိုလည်း အကြိမ်ကြိမ်သွားရောက်ခဲ့ရတယ်လို့ သိရတယ်။ ဒီကျမ်းဟာ တိုင်းပြည်နဲ့ လူမျိုးအတွက်လည်း ကျေးဇူးများတယ်။ ဒီကျမ်းနဲ့ကို "အဂ္ဂမဟာပဏ္ဍိတ" ပေးသင့်တယ်။ ။"** (၃၁၊ ၃၊ ၂၀၁၆)

ရခိုင်တစ်မျိုးသားလုံးအတွက် "ရခိုင့်ဌာနီလရာသီကျမ်း" ပေါ်ထွက်လာခြင်းနှင့်ပတ်သက်၍ **"ဝမ်းမြောက်ဝမ်းသာ - မုဒိတာစကားဆိုခဲ့ကြသော ပုဂ္ဂိုလ်တိုင်းကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ သူများကဲ့သို့ မုဒိတာမပွားနိုင်ဘဲ ဣဿာ,မစ္ဆရိယပွားနေသော ပုဂ္ဂိုလ်အတွက်မူကား သနားခြင်း - ကရုဏာ ဖြစ်မိပါသည်။"**

စာရေးသူသည် ဤ **"ရက္ခပူရဒွါဒသရာသိဋီကာ အမည်ရှိ ရခိုင့်ဌာနီလရာသီကျမ်း"** ကို ရေးသားပြုစုရာ၌ ရခိုင်တစ်မျိုးသားလုံး၏ အကျိုးစီးပွားကို ရှေ့ရှုလျက်၊ ဖြူစင်သန့်ရှင်းသော စေတနာအပြည့်အဝဖြင့်၊ လူအား-ငွေအား

အပင်ပန်းခံကာ၊ ရေးသားပြုစုခဲ့ခြင်း ဖြစ်ပါကြောင်း၊ ရိုးသားစွာ ဝန်ခံအပ်ပါသည်။ ။

**"ဒုဋ္ဌနာ ဂုဏာဝဏ္ဏာနံ ဥသူယန္တိ ဂုဏဂိဒ္ဓေန။ (ဝိ-၃၊ ၅၅)"။ ။**

**ဒွါရာဝတီ-အသျှင်ကုသလ**

**(အညတရ ဘိက္ခု)**

ဒွါရာဝတီမဂ္ဂဇင်း အမှတ် (၇)

၂၀၁၆-ခုနှစ်။

(ရည်ညွှန်းပြု)

၁။ ကိုယ်တိုင်ရှာဖွေလေ့လာမှု။

၂။ ကိုယ်တိုင်သင်ယူဆည်းပူးမှု။

၃။ ကိုယ်တိုင်ကြိုးစားအားထုတ်မှု။

၄။ ဒွါရာဝတီ - အသျှင်ကုသလမှတ်စု။

## ဒွါရာဝတီဒေသက ရှေးဟောင်းကျောက်စာများ

ဒွါရာဝတီနယ်မြေဒေသသည် ရခိုင်သမိုင်းတွင် အလွန်အရေးပါသော နယ်မြေဒေသတစ်ခုဖြစ်ခဲ့၏။ သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များ ပေါ်ကြွယ်ဝသလို၊ သမိုင်းအစဉ်အလာကြီးမားသော နယ်မြေဒေသတစ်ခုလည်း ဖြစ်ခဲ့သည်။

ဒွါရာဝတီနယ်မြေဒေသတွင် အလွန်ရှေးကျသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ယနေ့တိုင်တွေ့မြင်နိုင်သေးသည်။ သမိုင်းအစဉ်အလာကြီးမားသည့်အလျောက် ရခိုင်မင်းအဆက်ဆက်တို့သည်လည်း ဒွါရာဝတီကို အထူးအလေးထားစောင့်ရှောက်ခဲ့ကြသည်။ ထို့ကြောင့် မင်းညီ၊ မင်းသားယုံကြည်စိတ်ချရသူများကိုသာ ခန့်အပ်အုပ်ချုပ်စေခဲ့ခြင်း ဖြစ်သည်။

ရခိုင်ပြည်သည် ရှေးယခင်က အိန္ဒိယမြောက်ပိုင်းဒေသနှင့် နယ်မြေချင်းဆက်စပ်လျက်ရှိခဲ့ကြသည်။ ထို့ကြောင့် အိန္ဒိယမြောက်ပိုင်း၌ ထွန်းကားလျက်ရှိနေသော ယဉ်ကျေးမှုများသည် ရခိုင်ပြည်သို့ ပြန့်နှံ့စွာ ရောက်ရှိလာခဲ့ကြောင်း တွေ့ရှိရသည်။ ရခိုင်ပြည်မြောက်ပိုင်း၌ ထွန်းကားလျက်ရှိနေသော ယဉ်ကျေးမှုမှန်သမျှသည်လည်း ရခိုင်ပြည်တောင်ပိုင်း၏ အဓိကကျသော ဒွါရာဝတီနယ်မြေဒေသသို့ ရောက်ရှိလာရမည်မှာ မုချဧကန်မလွဲပေ။

အထက်ဖော်ပြပါ ဆက်စပ်မှုကို ထောက်ရှု၍ ရခိုင်ပြည်မြောက်ပိုင်းတွင် **"ရခိုင်စာ"** အရေးအသား၏ ရှေ့ပြေးဖြစ်သော အိန္ဒိယမြောက်ပိုင်း **"ဗြဟ္မီအက္ခရာ"** နှင့် **"ပါဠိစာပေ"**၊ **"သက္ကတစာပေ"** အရေးအသားများကို တွေ့ရှိနေကြရသလို၊ ရခိုင်ပြည်တောင်ပိုင်း၏ အဓိကကျသော ဒွါရာဝတီနယ်မြေဒေသတွင်လည်း **"ဗြဟ္မီအက္ခရာ"** နှင့် **"ပါဠိစာပေ"**၊ **"သက္ကတစာပေ"** အရေးအသားများကို တွေ့ရှိနေကြရခြင်း ဖြစ်သည်။

အေဒီ-၁၇၈၄-ခုနှစ်မှစ၍ ၁၈၂၄-ခုနှစ်အထိ နှစ်ပေါင်း (၄၀) တိုင်တိုင် ရခိုင်ပြည်နှင့် ရခိုင်လူမျိုးအားလုံး အဆိုးရွားဆုံးသော ဘဝမှန်တိုင်းဒဏ်ကို တွေ့ကြုံခံစားခဲ့ကြရပြီးနောက် ကျန်ကောင်းသလောက်သာ ကြွင်းကျန်ရစ်ခဲ့ကြသော ဒွါရာဝတီနယ်မြေဒေသ၏ ရှေးဟောင်းကျောက်စာများကို စာရေးသူရသလောက် ရှာဖွေတင်ပြသွားပါမည်။

### သံတွဲ–ပြည့်ဝကျောက်စာ

သံတွဲအရေးပိုင် Mr. W.B. TYDD ပြုစုသည့် Sandoway District Gazetteer တွင် ဖော်ပြပါရှိသည့်အတိုင်း သံတွဲမြို့နယ်၊ ပြည့်ဝရွာအနီးမှ ကျောက်စာတစ်ချပ်ကို အေဒီ-၁၈၇၂-ခုနှစ်တွင် တွေ့ရှိခဲ့ကြောင်း သိရှိရသည်။ ယင်းကျောက်စာမှာ အေဒီ-၈-ရာစုနှစ်များက အသုံးပြုသော အက္ခရာများဖြစ်ကြောင်း၊ သက္ကတဘာသာဖြင့် ရေးသားထားကြောင်း၊ ယေဓမ္မာအစချီပြီး မဟာသမဏအထိ ဗုဒ္ဓဘာသာဂါထာကို ရေးထိုးထားကြောင်း မှတ်တမ်းအရသိရှိရသည်။

ယင်းမှတ်တမ်းပါ အကြောင်းအရာများကို သုံးသပ်ရမည်ဆိုပါက သက္ကတနှင့် ပါဠိရောနှော၍ ရေးထိုးထားသော ဗြဟ္မီအက္ခရာသာ ဖြစ်ဖို့ရှိပါသည်။ **"ယေဓမ္မာအစချီပြီး မဟာသမဏအထိ"** ဟူ၍ဆိုထားသောကြောင့် **"ယေဓမ္မာ ဟေတု ပဘဝါ၊ တေသံဟေတုံ တထာဂတော အာဟ၊ တေသဉ္စယော နိရောဓော၊ ဧဝံဝါဒီ မဟာသမဏော"** ဟူသော ဘုရားဟောပိဋကတ်တော်လာ ထေရဝါဒဂါထာဖြစ်ကြောင်းမှာ သေချာနေသည်။ ကျောက်စာ၏ ရေးသားချိန်ကို ခန့်မှန်းရမည်ဆိုပါလျှင် ယေဓမ္မာဂါထာပါရှိနေသောကြောင့် အေဒီ-၈-ရာစုဆိုသည်မှာ ဖြစ်နိုင်ချေနည်းပါးနေသည်။

အဘယ်ကြောင့်ဆိုသော် အေဒီ-၈-ရာစုတွင် ရခိုင်တို့သည် **"ရက္ခပုရအက္ခရာ"** သို့ ကူးပြောင်းရေးသားနေကြပြီဖြစ်သောကြောင့်တည်း။ ယင်းအချိန်တွင် **"ယေဓမ္မာဂါထာ"** ဖြင့် မှတ်တမ်းတင်မှုအလေ့အထ မရှိသလောက်နည်းပါးသွားပြီဖြစ်သည်။ ဖြစ်နိုင်ချေရှိသည်မှာ အေဒီ-၅-ရာစု၊ ၆-ရာစုကာလများသာ ဖြစ်ဖို့များသည်။

သံတွဲ-ပြည့်ဝကျောက်စာနှင့်ပတ်သက်၍ ဖြစ်နိုင်ချေရှိသည်များကို ဝေဖန်သုံးသပ်ပြခြင်းမျှသာ ဖြစ်သည်။ အဆိုပါကျောက်စာမှာ သံတွဲနယ်၊ ပြည့်ဝရွာအနီးက ရရှိသော ကျောက်စာအမှန်အကန်ဖြစ်သောကြောင့် အင်္ဂလိပ်တို့က သေချာစွာ မှတ်တမ်းတင်ထားရှိခဲ့ကြခြင်း ဖြစ်သည်။ ယင်းကျောက်စာမှာ ပျောက်ဆုံးနေသည်။ မည်သည့်အရပ်ဒေသသို့ ရောက်ရှိနေသည်ကိုမူ ယနေ့တိုင် မသိရှိရချေ။

## သံတွဲ–ငလုံးမော်ကျောက်စာ

သံတွဲ-ငလုံးမော်ကျောက်စာမှာ အလွန်ထင်ရှားသော ကျောက်စာဖြစ်သည်။ ယင်းကျောက်စာကို အေဒီ-၁၈၇၂-ခုနှစ်တွင် သံတွဲခရိုင်၊ တောင်ကုတ်မြို့နယ်၊ ငလုံးမော်ရွာအနီး၊ တောင်ပူစာတစ်ခုရှိ ဂူတစ်ခုအတွင်းမှ ဗိုလ်မှူးကြီး ဂျီ၊ အီး၊ ဖရိုင်ယာ (G.E. FRYER) ဆိုသူက တွေ့ရှိခဲ့သည်။ ယင်းကျောက်စာကို အင်္ဂလန်နိုင်ငံသို့ ယူဆောင်သွားကြောင်း၊ ယင်းပုဂ္ဂိုလ်ကွယ်လွန်သောအခါ **"ရှိုင်ရယ်အေရှာတစ်အသင်း"** သို့ ရောက်ရှိသွားကြောင်း၊ ဒေါက်တာဂျွန်စတင်သည် ယင်းကျောက်စာကို ယင်းအသင်းမှ ငှားရမ်းပြီး ဖတ်ရှုခဲ့ကြောင်း၊ ယခုအခါ ယင်းကျောက်စာမှာ အိန္ဒိယနိုင်ငံ၊ ကာလကတ္တားပြတိုက်၌ရှိကြောင်း ဦးစံသာအောင်၏ **"အေဒီ-၆-ရာစု ယင်းမတိုင်မီ ရခိုင်ပြည်သုံးအက္ခရာ"** စာအုပ်တွင် ဖော်ပြပါရှိသည်။

ယင်းကျောက်စာကို သံတွဲခရိုင်၊ တောင်ကုတ်နယ်၊ ငလုံးမော်ရွာအနီးက ရရှိသောကြောင့် **"သံတွဲ-ငလုံးမော်ကျောက်စာ"** ဟူ၍ ခေါ်တွင်သည်။ ကျောက်တုံးမှာ အလျား-၇-လက်မ၊ အနံ-၅-လက်မခွဲရှိပြီး၊ ထု-၁-လက်မရှိသည်။ စာကြောင်းရေမှာ ၇-ကြောင်းရှိသည်။ ယင်းကျောက်စာမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ယေဓမ္မာဟေတု ပြဘဝဟေတု

၂။ တေပံ တထာဂတ ဟျဝေါဒတေသံာဥယော

၃။ နိရောထ ဧဝံဝါဒိ မဟာဂြဏ

၄။ ဥပါသက မဲဂါဥပါသ

၅။ သက ကောမ ဝမ္မ ပကာရ


၆။ ယိ မာတာ ပိတ က

၇။ သလ

ကျောက်စာ၏ စာကြောင်းရေ ၁-မှ ၃-အထိမှာ ယေဓမ္မာဂါထာတော် ဖြစ်သည်။ စာကြောင်းရေ ၄-မှ ၇-အထိမှာ အလှူရှင်၏ လှူဒါန်းရခြင်း၏အကြောင်းကို ရေးထိုးထားခြင်း ဖြစ်သည်။ ယင်းကျောက်စာ၏ အဓိပ္ပာယ်မှာ အောက်ပါအတိုင်းဖြစ်သည်။

**"မြတ်စွာဘုရားသည် ပြုအပ်သော အကြောင်းတရား၊ (သမုဒယသစ္စာ) ကြောင့် ဖြစ်ပေါ်လာသော အကျိုးတရား (ဒုက္ခသစ္စာ) ကို ဟောတော်မူ၏။ ထို့ကြောင့် အကျိုးတရားတို့၏ ချုပ်ငြိမ်းရာတရား (နိရောဓသစ္စာ)၊**

**ချုပ်ငြိမ်းကြောင်းတရား (မဂ္ဂသစ္စာ) ကိုလည်း ဟောတော်မူ၏။ ထိုတရားသည်ပင်လျှင် မဟာသမဏ ဖြစ်တော်မူသော မြတ်စွာဘုရား၏ ဝါဒပေတည်း။**



သံတွဲခရိုင်၊ တောင်ကုတ်-ငလုံးမော်ကျောက်စာ


**ဥပသကာ မဲဂါ၊ ဥပါသက သကောမဝမ္မတို့သည် အမိအဘတို့၏ ကုသိုလ်ကောင်းမှု အကျိုးငှာ ပြုလုပ်လှူဒါန်းသည်။"**

အထက်ဖော်ပြပါကျောက်စာကို လေ့လာကြည့်ခြင်းအားဖြင့် ယင်းခေတ်၊ ယင်းကာလက ဒွါရာဝတီနယ်မြေဒေသ၏ ကိုးကွယ်ဆည်းကပ်မှုဘာသာတရားနှင့် စာပေယဉ်ကျေးမှုအဆင့်အတန်း မည်မျှမြင့်မားနေကြောင်း ကောင်းစွာ သိရှိနိုင်ပါသည်။

## လမူး–အိုးထိန်းခေတ်စေတီအနီးကျောက်စာ

ဤကျောက်စာမှာ တောင်ကုတ်မြို့နယ်၊ လမူးချောင်း၊ အိုးထိန်းခေတ်စေတီအနီးမှရရှိသော ကျောက်စာဖြစ်၍ **"လမူး-အိုးထိန်းခေတ်စေတီအနီးကျောက်စာ"** ဟုခေါ်တွင်သည်။ အကြောင်းအရာမှာ ထေရဝါဒပိဋကတ်တော်လာ **"ယေဓမ္မာဂါထာ"** ပင် ဖြစ်သည်။

အဆိုပါကျောက်စာကို လမူးချောင်း၊ ဘူးရွှေမော်ရွာ၊ လယ်သမားကြီးဦးဖြူထီး အိပ်မက်မြင်၍ ရရှိကြောင်း သိရှိရသည်။ အလျား ၁-ပေ၊ အနံ ၁၀-လက်မ ရှိသည်။ စာကြောင်းရေ ၄-ကြောင်း ပါရှိသည်။ အက္ခရာနှင့် စာပေအရေးအသားကိုကြည့်ခြင်းအားဖြင့် အေဒီ-၆-ရာစုခန့်က အိန္ဒိယမြောက်ပိုင်း ဗြဟ္မီအက္ခရာဖြစ်ကြောင်း သိရှိနိုင်ပါသည်။



လမူး–အိုးထိန်းခေတ်စေတီအနီးကျောက်စာ

ယင်းအိုးထိန်းခေတ်အပါအဝင် ရန္တေတောင်ခေတ်၊ ငြမ်းခေတ်၊ ၄ုက်ပျောတောခေတ်တို့မှာ တတိယဓညဝတီခေတ်၊ စန္ဒာသူရိယမင်းမှ (၂၂) ဆက်မြောက် **"သူရိယသီရိမင်း"** လက်ထက်၊ သာသနာတော်သက္ကရာဇ်-၇၅၄-ခု၊ (အေဒီ-၂၁၀) ခန့်က တည်ထားခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဤလမူး (လမ္ဘု) ဒေသ၌ တတိယမြောက်ဦးခေတ်က **"မြုံ့စာ"** နှင့်ပတ်သက်၍ မှတ်သားဖွယ်ရာ အဖြစ်အပျက်တစ်ခုကို တင်ပြလိုပါသည်။

တတိယမြောက်ဦးခေတ် (အေဒီ-၁၆၃၈-မှ ၁၇၈၄-ထိ)၊ စန္ဒဝိဇယရာဇာမင်း (အေဒီ-၁၇၁၀-မှ ၁၇၃၁-ထိ) လက်ထက်တွင် **"ဥတ္တရစ်မြုံပြည်"** ကို အုပ်ချုပ်နေသော မြုံမင်းသည် ရခိုင်မင်းထံသို့ လက်ဆောင်ပဏ္ဏာနှင့်အတူ **"စာခွေ သဝဏ်လွှာ"** ကို တမန်စေလွှတ်၍ ပေးပို့လာသည်။ ပါလာသော စာခွေသဝဏ်လွှာမှာ မြုံလူမျိုးတို့၏ **"မြုံစာ"** ဖြစ်နေသည်။ ထိုမြုံစာကို မည်သူမျှဖတ်၍မရချေ။ မြုံစာဖတ်တတ်သော သူကို ရှာဖွေစုံစမ်းလေသော် မြောက်ဦးမြို့၊ သတ္တဋ္ဌာနဆရာတော် အသျှင်ကုလ္လမဥ္ဇူ၏တပည့် ဒွါရာဝတီ-တောင်စဉ်ကမ်း လမူး (=ယခင် လမ္ဗူ) တွင် သီတင်းသုံးနေထိုင်လျက်ရှိသော ကျမ်းတတ်အကျော် **"ရင်ငူဆရာတော်ကြီး"** ကိုတွေ့ရသည်။ ဆရာတော်ကို မြောက်ဦးမြို့သို့ ပင့်ဖိတ်တော်မူကာ မြုံမင်း၏ စာခွေသဝဏ်လွှာကို ပြသတော်မူလေသည်။ ထိုအခါ ဆရာတော်သည် မြုံစာကို ရခိုင် (=မြန်မာ) ဘာသာသို့ ပြန်ဆိုလေသော် လေးလုံးတစ်ပါဒစီ သုံးပုဒ်ရှိကြောင်း သိရလေသည်။

မြုံမင်း၏စာကို ရင်ငူဆရာတော်ကြီး ဖတ်ရှုသည့်အခါ စာ၏အဓိပ္ပာယ်မှာ - **"အကျွန်ုပ်တို့ ဥတ္တရစ်မြုံပြည်ကို 'သက်ကုလားတုန်းချေ' သည် ထိပါးလာရောက်နှောင့်ယှက်သည် ဖြစ်ပါသောကြောင့် ရခိုင်ပြည်ကြီးရှင် ဘုရင်မင်းတရားက သနားထောက်ပင့် ကူညီစေချင်ပါကြောင်း လျှောက်ကြားအသနားခံပါသည်။"** ဟူ၍ ဖြစ်လေသည်။

အထက်ပါ မြုံစာကို ဖတ်တတ်သော ရင်ငူဆရာတော်ကြီး၏ ဆရာဖြစ်သူ သတ္တဋ္ဌာနဆရာတော် **"အသျှင်ကုလ္လမဥ္ဇူ"** ဆိုသည်မှာလည်း မာရုပ္ပိယမင်း (ဂူဖြူ) လက်ထက် (အေဒီ-၁၆၉၆-မှ ၁၆၉၇-ထိ) က လောင်းကြက်ဆရာတော် **"အသျှင်နန္ဒိစက္က"** အပါအဝင် အဖွဲ့ဝင်ရဟန်းသံဃာ (၄၀) ပါးနှင့်အတူ သီဟိုဠ်နိုင်ငံသို့ သာသနာပြုကြွရောက်ရာတွင် ပါဝင်ခဲ့သော ကျမ်းတတ်အကျော် ဆရာတော်ကြီးတစ်ပါးဖြစ်ကြောင်း သိရှိရပါသည်။

## ဥတ္တရစ်မြုံပြည်သိမှတ်ဖွယ်

ဝေသာလီကျောက်လှေကားခေတ်၊ စူဠစန္ဒြားမင်း (အေဒီ-၆၆၇-မှ ၇၆၉-ထိ) ၏ **"ပညာရှိအမတ်ကြီး ဓမ္မဗေယျ"** (ဓမ္မစစ်) သည် တကောင်းသင်းတွဲမှအပြန် မိဖုရားကြီး **"စန္ဒာဒေဝီ"** ၏ ပြုပြင်မှုကြောင့် ဘေးလွတ်ရာအဝေးသို့ ပြေးခဲ့ရသည်။ **"ကစ္ဆပနဒီမြစ်"** ကိုဆန်တက်၍ **"ဂူဝ"** အထက် **"ကက်ာတောင်"** ဝယ် မြို့ရွာတည်၍နေသည်။ မိဖုရားကြီးသည် အမတ်ကြီးကို ထိုအရပ်တွင် မနေနိုင်အောင် လိုက်လံ၍ နှင်ပြန်သောကြောင့် မနေသာတော့ဘဲ မြစ်ဖျားသို့ ဆန်တက်ခဲ့ရသည်။

ဤသို့လျှင် အမတ်ကြီးဓမ္မဗေယျ (ဓမ္မစစ်) စတင်ပြီး မြို့ရွာတည်ထောင်၍ နေခဲ့သော အရပ်ကို **"ဥတ္တရစ်"** ဟုခေါ်တွင်သည်။ အမတ်ကြီးသည် မိမိ၏ဘဝဇာတ်ကို မပေါ်လွင်မထင်ရှားအောင် မြုံ၍နေခဲ့ရသော အရပ်ဒေသဖြစ်ခြင်းကြောင့် နောင်အခါ **"ဥတ္တရစ်မြုံပြည်"** ဟူ၍ သမိုင်းတွင်ခဲ့လေသည်။


အမတ်ကြီးနှင့်အတူ လိုက်ပါခဲ့ကြသော ရဲမက်ငါးရာတို့သည်လည်း အမတ်ကြီးနောက်သို့ ဆက်မလိုက်ကြတော့ဘဲ၊ ယင်းနေရာဒေသ၌ပင် မြို့ရွာတည်၍ နေထိုင်ခဲ့ကြ၏။ သို့ဖြစ်၍ ယင်းဒေသရှိ **"မြုံလူမျိုး"** ဆိုသည်မှာ သီးခြားလူမျိုးတစ်မျိုးမဟုတ်ဘဲ၊ မူလအစက ရခိုင်လူမျိုးများသာ ဖြစ်ကြပါသည်။ အမတ်ကြီးဓမ္မဗေယျ (ဓမ္မစစ်) မြို့ရွာတည်ခဲ့သော **"ဥတ္တရစ်မြုံပြည်"** ကို **"မြုံဟဲနှ"** ဟူ၍လည်း ခေါ်ခဲ့ကြောင်း အမတ်ကြီး **"ဘဇူမင်းညို"** က သူ၏ရခိုင်မင်းသမီးချင်းအပိုဒ် (၁၂) တွင် -

**"ရှေးဖျားမင်းစစ်၊ ဓမ္မရာဇ်မတ်၊ ကိုယ်လွတ်ရှောင်ခွာ၊ လာလတ်ရာတွင်၊ မာန်ပါမျက်ပွား၊ မိဖုရားကြောင့်၊**

**ပြေးသွားခဲ့တုံ၊ မြုံ့ဟဲရုံပြည်၊ တည်သည်ယခု၊ မင်းရိုးပြုရှ၍၊"** ဟူ၍ ရေးသားစပ်ဆိုခဲ့ပါသည်။ ဤကား **"ဥတ္တရစ်မြုံ့ပြည်"** နှင့်ပတ်သက်၍ သမိုင်းနှင့်ဆိုင်သော မှတ်သားဖွယ်ရာတစ်ခုပင် ဖြစ်ပါသည်။

## သံတွဲ–အံတော်စေတီကျောက်စာ

အံတော်စေတီတော်မြတ်ကြီးအား ၂၀. ၁၁. ၁၉၉၄ နေ့တွင် စိန်ဖူးတော်တင်လှူရန်အတွက် ဘုရားရင်ပြင်တော်နှင့် အနီးအနားဝန်းကျင်တွင် သန့်ရှင်းရေးများ ပြုလုပ်ခဲ့ကြရာမှ ဤကျောက်စာကို ရရှိခြင်းဖြစ်သည်။ တွေ့ရှိသူမှာ အံတော်ကျေးရွာက ဦးအေးသန်းဖြစ်ကြောင်း သိရှိရသည်။ ယင်းကျောက်စာမှာ သံတွဲမြို့ရှိ အံတော်စေတီက ရရှိသောကြောင့် **"သံတွဲ-အံတော်စေတီကျောက်စာ"** ဟုခေါ်တွင်သည်။



သံတွဲ–အံတော်စေတီကျောက်စာ

ကျောက်စာ၏အရွယ်အစားမှာ အလျား-၁-ပေ၊ ၄-လက်မ။ အနံ ၁၀-လက်မ။ ထု-၂-လက်မရှိသည်။ စာကြောင်းရေမှာ ၈-ကြောင်းရှိသည်။ အကြောင်းအရာမှာ ယေဓမ္မာဂါထာတော်ဖြစ်ပြီး၊ ဝေသာလီခေတ် မိဖုရားတစ်ပါး၏ ကောင်းမှုအလှူတော်မှတ်တမ်းကို ကမ္ပည်းစာရေးထိုးထားခြင်း ဖြစ်သည်။

ကျောက်စာမှာ ဗြဟ္မီအက္ခရာဖြင့် ရေးထိုးထားခြင်းဖြစ်ပြီး၊ ပါဠိစာပေနှင့် သက္ကတစာပေ ရောနှောပါဝင်နေသည်

ကို တွေ့ရှိရသည်။

## သံတွဲ–စန္ဒြားတောင်စေတီအုတ်ချပ်စာ

သံတွဲမြို့၊ ဒွါရာဝတီမြို့သစ်အနီးရှိ စန္ဒြားစေတီတော်ကို ခရစ်-၁၉၉၃-ခု၊ ကောဇာ-၁၃၅၅-ခု၊ တာကူးလတွင် ပြန်လည်ပြုပြင်ကြရာမှ စေတီတော်ရင်ပြင်ရှိ အုတ်ပုံအတွင်းက ဤကျောက်စာကို ရရှိခဲ့ကြခြင်း ဖြစ်သည်။ တွေ့ရှိသူမှာ ဦးညွန့်အေးနှင့် ဦးတင်ရွှေ တို့ဖြစ်ကြသည်။ အုတ်ချပ်မှာ လက်ဝဲဘက်အောက်ခြေတွင် အနည်းငယ် ကျိုးပဲ့နေသော်လည်း စာကိုတော့ ထိခိုက်ခြင်း မရှိချေ။ သံတွဲမြို့ရှိ စန္ဒြားတောင်စေတီက ရရှိသော အုတ်ချပ်စာဖြစ်၍ **"စန္ဒြားတောင်စေတီ အုတ်ချပ်စာ"** ဟု ခေါ်တွင်သည်။



သံတွဲ–စန္ဒြားတောင်စေတီအုတ်ချပ်စာ

အုတ်ချပ်စာ၏ အရွယ်အစားမှာ အလျား-၉-လက်မ။ အနံ ၇-လက်မ။ ထု-၁-လက်မ ရှိသည်။ စာကြောင်းရေ ၅-ကြောင်းရှိပြီး၊ အကြောင်းအရာမှာ ယေဓမ္မာဂါထာတော် ဖြစ်သည်။ ဝေသာလီခေတ်က စန္ဒြားမင်းတို့ ကောင်းမှုပြုခဲ့သော စေတီတော်ဖြစ်ခြင်းကြောင့် **"စန္ဒြားစေတီတော်"** ဟုခေါ်တွင်သည်။ ထိုစေတီတော်တည်ထားရာ တောင်ကိုလည်း **"စန္ဒြားတောင်"** ဟု ယနေ့တိုင် ခေါ်တွင်လျက် ရှိကြသည်။

စန္ဒြားစေတီတော်မှာ ဝေသာလီခေတ်၏ ဘာသာရေးဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအနေဖြင့် ဒွါရာဝတီ နယ်မြေဒေသအတွက် ညွှန်ပြစရာ သမိုင်းသက်သေတစ်ခုဖြစ်နေသည်။ ဝေသာလီခေတ် ယဉ်ကျေးမှုအမွေအနှစ်တို့သည်

ဒွါရာဝတီနယ်မြေဒေသနှင့် မကင်းကွာကြောင်း၊ အမြဲဆက်စပ်မှုရှိနေကြောင်း ထိုစေတီတော်က သမိုင်းပုံရိပ်ကို မီးမောင်းထိုးပြလျက် ရှိနေပေတော့သည်။ သမိုင်းတန်ဖိုးအလွန်ကြီးမားလှပေစွ။

## သံတွဲ–တုံးတောပြူ (ပျူ) ကျောက်စာ

**"တုံးတောပြူကျောက်စာ"** သည် သံတွဲမြို့နှင့် မိုင် (၃၀) အကွာ၊ ပုဏ္ဏဖြေ (စလူ) ချောင်း၊ တုံးတောရွာတွင် တည်ရှိသည်။ စာပေအရေးအသားမှာ ပြူလူမျိုးတို့၏ ပြူစာဖြစ်နေသည်။ ထိုကျောက်စာကို သံတွဲမြို့နယ်၊ တုံးတောရွာတွင် တွေ့ရှိရသောကြောင့် **"တုံးတောပြူကျောက်စာ"** ဟုခေါ်တွင်သည်။

မြန်မာ့မြေပေါ်တွင် ပြူလူမျိုးတို့ ဆိတ်သုဉ်းပျောက်ကွယ်သွားခဲ့ကြပြီဖြစ်သဖြင့် သူတို့ရေးသားခဲ့ကြသော စာပေမှာလည်း ပြတိုက်ထဲတွင် သိမ်းဆည်းပြသထားရသော အဆင့်သို့ ရောက်ရှိသွားခဲ့ကြပြီ ဖြစ်ပါသည်။ ရခိုင်လူမျိုးတို့အနေဖြင့်လည်း ဤအဖြစ်မျိုးသို့ မရောက်ရှိရလေအောင် ခိုင်မာသော အမျိုးသားရေးစိတ်ဓာတ်ထားရှိကြဖို့ အရေးကြီးကြောင်း အသိပေးလိုပါသည်။

တုံးတောပြူကျောက်စာနှင့်ပတ်သက်၍ ဒေါက်တာသန်းထွန်းဆိုသူ သမိုင်းဆရာက ဦးသာမြတ်စီစဉ်ရေးသားသော ၁၉၆၃-ခုနှစ်ထုတ်၊ **"ပျူဖတ်စာ"** စာအုပ်တွင် **"မိတ်ဆက်စာ"** ရေးသားထားသည်ကို တွေ့ရသည်။ သူ၏စာတွင် **"သံတွဲပျူ" ဟုတွေ့ရသည်မှာလည်း အသစ်စက်စက် တွေ့ရှိချက်ဖြစ်သောကြောင့် အံ့သြရပါသည်။"** ဟူ၍ ရေးသားထားပါသည်။

ဒေါက်တာသန်းထွန်း၏ **"သံတွဲပျူ"** ဟူသော အသုံးအနှုန်းမှာ လုံးဝမသုံးသင့်သော စကားလုံးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သံတွဲဒေသက ရခိုင်လူမျိုးများကို ပြူလူမျိုးဟု တိုက်ရိုက်စွပ်စွဲလိုက်သောကြောင့် ဖြစ်၏။ မည်သည့်ရည်ရွယ်ချက်ဖြင့် ဤကဲ့သို့ရေးလိုက်သနည်း။ သည်ကိစ္စမှာ စာရေးသူကာယကံရှင် ဒေါက်တာသန်းထွန်းသည်သာလျှင် အသိဆုံးဖြစ်ပေလိမ့်မည်။

ဒေါက်တာသန်းထွန်း၏စာက စာကိုရည်ညွှန်းရမည့်အစား၊ လူမျိုးကို ရည်ညွှန်းသော စာမျိုးဖြစ်နေသည်။ အမှန်တကယ် ရိုးသားစွာဖြင့် စာကိုသာ ရည်ညွှန်းမည်ဆိုပါက **"သံတွဲဒေသက တွေ့ရှိရသော ပြူကျောက်စာ"** ဟူ၍သာ ရေးသားသင့်ပါသည်။

သံတွဲဒေသ၌ ပြူကျောက်စာကို တွေ့ရှိရုံမျှဖြင့် သံတွဲဒေသက လူမျိုးများမှာ ပြူလူမျိုးများမဟုတ်ကြသလို၊ ပုဂံဒေသက တွေ့ရှိရသော ကျောက်စာများမှာလည်း နေ့စဉ်သုံး ရခိုင်ဒေသိယဝေါဟာရများကို တွေ့ရှိရုံမျှဖြင့် ပုဂံဒေသက လူမျိုးများမှာ ရခိုင်လူမျိုးများ မဟုတ်ကြကြောင်းကို အပြန်အလှန် စဉ်းစားနှိုင်းချိန်၍ ကြည့်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

သံတွဲ-တုံးတောပြူကျောက်စာကို အေဒီ-၁၈၉၄-ခုနှစ်က စတင်တွေ့ရှိခဲ့ကြခြင်း ဖြစ်သည်။ ကျောက်စာရေးထိုးထားသော ကျောက်တုံး၏အရွယ်အစားမှာ အလျား-၂-ပေ၊ ၆-လက်မ။ ဒု-အနံ-၆-လက်မ။ ဗျက်အကျယ်-၁၇-လက်မ ရှိသည်။ ကျောက်စာကို အလွန်မာကျောသော သဘာဝချောင်းကျောက်တုံးပေါ်မှာ ရေးထိုးထားခြင်းဖြစ်၍ နှစ်ပေါင်းများစွာ တည်တံ့နေခြင်းဖြစ်သည်။

ဤကျောက်စာကို ရှေးဟောင်းသုတေသနစာကြည့်တိုက်ရှိ "ရခိုင်ကျောက်စာများ" စာအုပ်တွင် ကျောက်စာ

နံပါတ် (၅၁၇)၊ (၁၂. ၁၁. ၉၄) ရက်စွဲဖြင့် မှတ်တမ်းတင်ထားကြောင်း သိရှိရပါသည်။





သံတွဲ-တုံးတောပြူ(ပျူ)ကျောက်စာ

## သံတွဲ–လေပြေတောင်စေတီကျောက်စာ

သံတွဲမြို့နယ်၊ ကျောက်ဆိပ်ရွာနှင့် မြို့တောင်အကြားရှိ လေပြေတောင်စေတီက ရရှိသော ကျောက်စာဖြစ်ခြင်းကြောင့် **"သံတွဲ-လေပြေတောင်စေတီကျောက်စာ"** ဟုခေါ်တွင်သည်။ ၁၉၇၆-ခုနှစ်တွင် သိုက်တူးသမားများ သိုက်တူးပြီး စွန့်ပစ်ထားခဲ့သည်ကို ကျောက်ဆိပ်ရွာနေ ဦးလှဝင်းက တွေ့ရှိသဖြင့် ရွာသို့ယူဆောင်လာခဲ့ခြင်း ဖြစ်သည်။ ယင်းကျောက်စာကို ကင်းမော်ရွာနေ စာရေးဆရာဂြိုထွန်းရွှေ (ကင်းမော်) က ၂၀၁၄-ခုနှစ်ထုတ်၊ ဒွါရာဝတီမဂ္ဂဇင်းအမှတ်(၅)၊ အထူးထုတ်တွင် ဆောင်းပါးတစ်ပုဒ်ရေးသားခဲ့ပြီး ဖြစ်သည်။

ကျောက်စာ၏အရွယ်အစားမှာ အလျား-၁-ပေ၊ ၃. ၅-လက်မ။ အနံ-၈. ၅-လက်မရှိပြီး၊ ထု-၁. ၉-လက်မရှိသည်။ စာကြောင်းရေမှာ အများရှိနိုင်သော်လည်း ကျိုးပဲ့နေသဖြင့် ၄-ကြောင်းသာ ဖတ်၍ရသည်။ ကျန်စာကြောင်းများမှာ ခားသွေးထားသဖြင့် လုံးဝပျက်စီးနေသည်။ အစ၌ရှိသော စာလုံးများမှာလည်း အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သောကြောင့် **"ကျောက်အပွေးကျ"** ကာ စာလုံးအနည်းငယ် ပျက်စီးသွားခဲ့သည်။ ကျောက်စာမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ သက္ကစ် ၄၃၇ ခု ကဆုံလတ
၂။ ရက်ကျာသား ပတိနိ။ ဘုရာတကာ ငစို
၃။ ဘုရာ . . . . . မာတာ ပိတတို လုပ်ခသ်ှ ကောင်းမှု
၄။ တိုဝ် (တော်) . . . . . . . . . . . . . . . . . . . . . . . . "



သံတွဲ–လေပြေတောင်စေတီကျောက်စာ

ကျောက်စာ၏အဓိပ္ပာယ်မှာ **"သက္ကရာဇ်-၄၃၇-ခု၊ ကဆုန်လ၊ တရက် ကြာသပတေးနေ့၊ ဘုရားတကာ ငစိုး ဘုရား (တကာ) မာတာပီတတို့ လုပ်ခဲ့သည်ကောင်းမှုတော် . . . .။"** ဟူ၍ဖြစ်ပါသည်။

ကျောက်စာမှာ ရခိုင်တို့၏ လေးမြို့ခေတ်ကျောက်စာ ဖြစ်နေသည်။ ကျောက်စာ၌ ကောဇာ-၄၃၇-ခု ဟူ၍ပါရှိသဖြင့် သာသနာနှစ်-၁၆၁၉-ခု၊ အေဒီ-၁၀၇၅-ခု ဖြစ်ကြောင်း သိမှတ်ရပါသည်။ ယင်းကျောက်စာသည် **"ရခိုင်စာပေသမိုင်း"** ကို ဖော်ထုတ်ရာ၌ များစွာအထောက်အကူပြုပါလိမ့်မည်။ **"သံတွဲ-လေပြေတောင်စေတီကျောက်စာ"** သည်ကား လေးမြို့ခေတ်၏ စကားပြေအရေးအသားကို ဖော်ထုတ်ရာ၌ ဒွါရာဝတီနယ်မြေဒေသ၏ ကြေးမုံတစ်ချပ်ပင် ဖြစ်တော့သည်။

## အမတ်ကြီးအနန္တသူကျောက်စာ

၁။ ဤ ကျောက်ကာ . . .

၂။ သိဖျက်ဆီ . . .

၃။ ဩြောင်သင်။ က . . .

၄။ ဩြောင်မှင်။ ဘုံမ်မူစ

၅။ ည်။ အမတ်ကြီအန

၆။ န်တသူ ကောင်မှုပြု

၇။ သောကြောင်၊ စည်သူ

၈။ ငါယောက် ကျောင်တာ

၉။ ယကာပြုရာသော အဂ္ဂို

၁၀။ ဝ်ကာ။ တောင်သော

၁၁။ ဆုရလိုဝ်သတေ။ ။

အထက်ဖော်ပြပါကျောက်စာမှာ အမတ်ကြီးအနန္တသူကောင်းမှုပြုသော ဘုရား၏ကျောက်စာဖြစ်ခြင်းကြောင့် **"အမတ်ကြီးအနန္တသူကျောက်စာ"** ဟုခေါ်တွင်သည်။ ကျောက်စာကို **"တောင်ကုတ်မြို့နယ်၊ စေတီပြင်ရွာအနီး၊ စေတီမှ စတင်တွေ့ရှိသည်။ ယခုရွှေဟောင်းသုတေသနပြတိုက်နံပါတ် (၁၆) ဖြစ်သည်။"** ဟူ၍ ဆရာကြီးဦးဦးသာထွန်း (အငြိမ်းစားသုတေသနလက်ထောက်)၊ ရွှေဟောင်းသုတေသနဦးစီးဌာန၊ မြောက်ဦးမြို့၏ **"ရွှေဟောင်းရခိုင်ကျောက်စာ"** စာအုပ်တွင် မှားယွင်းစွာ ဖော်ပြထားသည်ကို တွေ့ရှိရသည်။

**"အမတ်ကြီးအနန္တသူကျောက်စာ"** နှင့်ပတ်သက်၍ မြောက်ဦးမြို့၊ ရွှေဟောင်းသုတေသနပြတိုက်ထဲတွင် အတိအကျမှတ်တမ်းတင်ထားသည်မှာ **"သံတွဲစေတီပြင်ကျောက်စာ"** ဟုဖော်ပြထားပြီးလျှင် **"သံတွဲစေတီပြင်မှရရှိသည်"** ဟူ၍ ရေးထိုးဖော်ပြထားသည်ကို တွေ့ရသည်။

ကျောက်စာအရ အမတ်ကြီးအနန္တသူဦးဆောင်လျက် ဒါယကာငါးယောက် ဆောက်လုပ်လှူဒါန်းခဲ့သည့် ကျောင်းအလှူတော်ကောင်းမှု ကမ္ပည်းစာတမ်းဖြစ်နေသည်။ အမတ်ကြီးတို့ ဆောက်လုပ်လှူဒါန်းခဲ့သော **"ကျောင်းတိုက်"** အမည်မှာ ယနေ့တိုင် သမိုင်းတွင်လျက် ရှိနေပေတော့သည်။



အမတ်ကြီးအနန္တသူ ကျောက်စာ

ဦးဦးသာထွန်းက အက္ခရာပုံစံအရ ပထမပုရိန်ခေတ် (ကောဇာ-၄၆၅-မှ ၄၈၅-ထိ) က ဟုယူဆရကြောင်း မှတ်ချက်ပေးထားသည်ကို တွေ့ရသည်။

**တောင်ကုတ်–မြို့ဟောင်းကျောက်စာ**

သံတွဲခရိုင်၊ တောင်ကုတ်မြို့ဟောင်းမှ ရရှိသော ကျောက်စာဖြစ်၍ **"တောင်ကုတ်မြို့ဟောင်းကျောက်စာ"** ဟုခေါ်တွင်သည်။ ကျောက်စာမှာ နှစ်ချပ်ဖြစ်သည်။ လက်ရေးလက်သားမှာ ဝေသာလီခေတ်နှောင်းကာလနှင့် လေးမြို့ခေတ်ဦးကာလ ဖြစ်ဖို့များနေသည်။

**"ကောလိတ"** ဟူသော စာလုံးကို တွေ့ရှိရသဖြင့် လေးမြို့ခေတ်၊ သာသနာနှစ်-၁၉၀၀-ခု၊ ကောဇာ-၇၁၈-ခု၊ (အေဒီ-၁၃၅၆) တွင် ရေးထိုးခဲ့သည့် **"ကောလိတဆရာနီရမွန်ကျောက်စာ"** နှင့် ခေတ်ပြိုင်ဖြစ်နိုင်ပြီးလျှင် ဆက်စပ်ပတ်သက်မှုရှိခဲ့သော ကျောက်စာဟု ခန့်မှန်းရပေသည်။

## တန်းလွဲ–ကန့်ချုပ်တောင်ဘုရားကျောက်စာ

သံတွဲခရိုင်၊ တောင်ကုတ်မြို့နယ်၊ တန်းလွဲချောင်း၊ ကင်းတောင်ရွာနှင့် ကျောက်မောင်နှမရွာတို့၏ အထက်ဘက် **"ကန့်ချုပ်တောင်ရွာ"** အနီးရှိ ရှေးဟောင်းဘုရားမှ ရရှိသော ကျောက်စာဖြစ်၍ **"ကန့်ချုပ်တောင်ဘုရားကျောက်စာ"** ဟု ခေါ်တွင်သည်။

ကျောက်စာအရ **"သက္ကရစ်-၈၈၈-ခု၊ တပိုတွဲယ် ရာသီ တပေါင်လထဲတွင် ပြုသည်၊ နံနက် နက်သတ်တဆဲ တလုံမ်တွင် . . ."** စသည်ဖြင့် ရေးသားထားသည်ကို တွေ့ရသည်။ ကျန်စာလုံးများ ဖတ်မရ။ ခေတ်ကာလအပိုင်း အခြားမှာ မြောက်ဦးခေတ်၊ သာသနာနှစ်-၂၀၇၀-ခု၊ (အေဒီ-၁၅၂၆)၊ ရခိုင်ဘုရင် **"မင်းခေါင်ရာဇာ"** လက်ထက်က ပြန်လည်ပြုပြင်ထားခဲ့ကြောင်း သိရှိရသည်။ ဗုဒ္ဓရုပ်ပွားတော်၏လက်ရာနှင့် စတူပါစေတီငယ်များကို လေ့လာတွေ့ရှိရသဖြင့် ဝေသာလီခေတ်ကပင် အဆိုပါဗုဒ္ဓရုပ်ပွားတော် ရှိနေပြီးဖြစ်ကြောင်း ခန့်မှန်းရပေသည်။

## တောင်ကုတ်–နတ်မော်စေတီကျောက်စာ

သံတွဲခရိုင်၊ တောင်ကုတ်မြို့ တစ်ဖက်ကမ်း နတ်မော်ကျောင်းကြီးရှိ စေတီအတွင်းမှ ရရှိသော ကျောက်စာဖြစ်၍ **"တောင်ကုတ်-နတ်မော်စေတီကျောက်စာ"** ဟုခေါ်တွင်သည်။ ကျောက်စာအရ **"သက္ကရစ်-၈၉၇-ခု၊ နတ္တော်လ"** ဟူ၍ တွေ့ရှိရသလို၊ **"ရွှေနန်းအသျှင် ဘဝရှင်မင်တရာ"** ဟူ၍လည်း တွေ့ရသည်။ ရခိုင်မင်းတစ်ပါး ကောင်းမှုပြုခဲ့ကြောင်းမှာ သေချာနေသည်။

ကျောက်စာပါ သက္ကရာဇ်အရ မြောက်ဦးခေတ် မင်းဗာဘုရင်ကောင်းမှုပြုထားခဲ့သော ဘုရားဖြစ်ကြောင်း သိရှိရလေသည်။

## တောင်ကုတ်–သိမ်တောင်ဘုရားကြီးကျောက်စာ

၁။ . . . ထိုဝ်ခပ်

၂။ . . . မဟာတိုဝ်ကိုဝ်

၃။ . . . . တမ်ပုရှာအာင

၄။ . . . ၏၊ မျက်စိမြင်ပါသ

၅။ . . . ခပင်လေ ဤအက္လိုဝ်ကိုဝ်

၆။ . . . ရစပါစိယ်သတေ

၇။ . . . ကြာလပြည်နှိုက်နဲ။

အထက်ဖော်ပြပါကျောက်စာမှာ တောင်ကုတ်မြို့၊ သိမ်တောင်ဘုရားကြီးကျောက်စာ ဖြစ်သည်။ ကျောက်စာမှာ ကျိုးပဲ့နေသဖြင့် တည်ထားသော သက္ကရာဇ်ကို အတိအကျ မသိရတော့ချေ။ သို့သော် ကျောက်စာ၏ အရေးအသားကို လေ့လာကြည့်ခြင်းအားဖြင့် လေးမြို့ခေတ်၊ အေဒီ-၁၁-ရာစုလွန်ကာလဖြစ်ဖို့ များနေသည်။

ကျောက်စာအရေးအသား အသုံးအနှုန်းများမှာ လေးမြို့ခေတ်၊ သာသနာနှစ်-၁၉၀၀-ခု၊ ကောဇာ-၇၁၈-ခု၊ (အေဒီ-၁၃၅၆-ခု) တွင် ရေးထိုးခဲ့သည့် မဟာထီးကျောက်မီးကျောင်း (ခေါ်) ကောလိတဆရာနိရုမွန်ကျောက်စာနှင့်

တူညီမှုရှိနေသည်ကို တွေ့ရသည်။

ပို၍သေချာသည်မှာ ယင်းကျောက်စာနှစ်မျိုးစလုံးတွင် "မျက်စိမြင်ပါသ" ဟူသော ဝေါဟာရအသုံးအနှုန်း တူညီစွာပါရှိနေသည်မှာ ထူးခြားနေသည်။ ထို့ကြောင့် တောင်ကုတ်မြို့-သိမ်တောင်ဘုရားကြီးတည်သောအချိန်နှင့် ကျောက်စာရေးထိုးချိန်မှာ လေးမြို့ခေတ်ဖြစ်နေကြောင်း ခန့်မှန်း၍ရပါသည်။



တောင်ကုတ်–သိမ်တောင်ဘုရားကြီးကျောက်စာ

ဘုရားကြီး၏လက်ရာမှာ လေးမြို့ခေတ်လက်ရာဖြစ်သော်လည်း ခေတ်အဆက်ဆက် မလိုအပ်ဘဲ မွမ်းမံပြင်ဆင်မှုလွန်ကဲစွာ ပြုလုပ်ခဲ့ကြသဖြင့် မူလရှေးဟောင်းယဉ်ကျေးမှုလက်ရာများ ပျက်စီးနေသည်ကို တွေ့ရှိရသည်။ ကျောက်စာကို ပြည့်စွက်ဖတ်ရှုသော် -

**"(ထိုဘုရားအား) လှူဒါန်းရသော ကောင်းမှုကြောင့် (ငါ၏) တရား (မျက်စိအမြင်ရှိပါသ) လို အားလုံးသော သတ္တဝါ (ခပင်း) တို့သည်လည်း (ဤအကျိုးတရားကို ရကြပါစေသတည်း)။ အမှန်မကြာ လပြည့်၌နည်းကဲ့သို့ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝပါစေသတည်း။"** ဟူ၍ ဖော်ညွှန်းရေးထိုးထားသည်ကို တွေ့ရှိရပါသည်။


ဘုရားတည်ချိန်နှင့် ကျောက်စာရေးထိုးချိန်ကို ရှာကြည့်သော် ဤသို့တွေ့ရသည်။ ရခိုင်တို့၏ လေးမြို့ခေတ်၊

ဒုတိယပုရိန်မြို့ကို ကောလိယမင်း၏သား **"ဒသရာဇာမင်း"** (အေဒီ-၁၁၂၃-မှ ၁၁၃၉-ထိ) နှင့် **"မိဖုရားရာမာဒေဝီ"** တို့ ထူထောင်ခဲ့ကြသည်။ မျိုးခြား စလက်ာဗိုလ်အမတ်အထိ မင်း (၆) ဆက်တိုင်ခဲ့သည်။

ဒသရာဇာမင်းလက်ထက်တွင် ရခိုင်ပြည်တောင်ပိုင်းဒေသမြို့များ၏ အုပ်ချုပ်ရေးနှင့် သာသနာရေးဆိုင်ရာများကို အာရုံစိုက်လုပ်ဆောင်ခဲ့ကြောင်း တွေ့ရသည်။ စေတီ၊ ပုထိုး၊ ကျောင်းကန်၊ ဘုရားများကို အသစ်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းများကိုလည်း ပြုလုပ်ခဲ့ကြောင်း သမိုင်းက ဆိုထားသည်။ ထို့ကြောင့် တောင်ကုတ်မြို့၊ သိမ်တောင်ဘုရားကြီးကျောက်စာအရ ဒသရာဇာမင်းနှင့် မိဖုရားရာမာဒေဝီတို့ တည်ထားပူဇော်ခဲ့သော ဘုရားဖြစ်ဖို့က နီးစပ်လျက် ရှိနေပေတော့သည်။

## မအီ–စကားတောင်ဘုရားကျောက်စာ
## (မဟာသီလဝံသကျောက်စာ)

စကားတောင်ဘုရားကျောက်စာ (မဟာသီလဝံသကျောက်စာ) ကို သံတွဲခရိုင်၊ တောင်ကုတ်မြို့နယ်၊ မအီမြို့နယ်ခွဲ၊ မအီချောင်း၊ **"မြောင်းတောင်ရွာ"** ရှိ ငကျားဝဲဘုရားတွင် စတင်တွေ့ရှိရသည်။ ဘုရားတည်ရှိရာတောင်ကို



မအီ–စံကားတောင်ဘုရားကျောက်စာ
(မဟာသီလဝံသကျောက်စာ)

အစွဲပြု၍ **"စကားတောင်ဘုရားကျောက်စာ"** ဟုခေါ်တွင်သည်။ ဦးဦးသာထွန်း (အငြိမ်းစားသုတေသနလက်ထောက်)၊ ရွှေဟောင်းသုတေသနဦးစီးဌာန၊ မြောက်ဦးမြို့၏ **"ရွှေဟောင်းရခိုင်ကျောက်စာ"** စာအုပ်တွင် **"မဟာသီလဝံသ ကျောက်စာ"** ဟူ၍ မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။

ကျောက်စာမှာ ယနေ့တိုင် မူလနေရာတွင် ရှိနေသည်။ အရွယ်အစားမှာ အလျား ၂-ပေ။ အနံ ၁-ပေ၊ ၆-လက်မ၊ ထု-၅-လက်မ ရှိသည်။ စာကြောင်းရေမှာ (၁၁) ကြောင်းရှိပြီး၊ အကြောင်းအရာမှာ ရခိုင်ဆရာတော်အသျှင်မဟာသီလဝံသ၏ စေတီတော်တည်ထားသော ကောင်းမှုကမ္ပည်းစာတမ်းဖြစ်သည်။ လက်ရေးမှာ မြောက်ဦးခေတ်၏ ခေတ်ဦးကာလ စကားပြေအရေးအသားဖြင့် ရေးသားထားခြင်း ဖြစ်သည်။ ကျောက်စာ၏အထက်ပိုင်းတွင် ၁၂-လရာသီငြိုဟ်ခွင် (သို့မဟုတ်) ဇာတာပုံပါရှိသည်။ ကျောက်စာမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ အထက္ကာ ဘဝဂ်တိုင်အောင်
၂။ သာ မဟာသီလဝသ်ကောင်မှု
၃။ ဝကာ ၈၁၃-ခုတွင် တ်ုသတ်
၄။ ခြောက်နာတီ သိမ် တ်ုသ့်
၅။ ခုနှစ် လုံမ်သုံမ်ပတ် စာတီ
၆။ သုမိနိကာ လေရက် နက်သတ်
၇။ ဗုတဟူနေတွင် သက္ကေ့နှစ်ဆဲ
၈။ သက္ကဇ် ၈၁၈-ခု နယုန်လဆန်လေ
၉။ သစ်တပင် သစ်ခက်တ
၁၀။ ခုကိုဝ်ချိုဝ် ၆ သူကာ င
၁၁။ ရဲအပဲ နိုက်ခံလေစေ။

**ဇီးကျွန်း–ကိုးနဝင်းဘုရားစမ္ဘဏ်ကမ္ပည်းစာ**

အထက်ပါကမ္ပည်းစာမှာ သံတွဲမြို့နယ်၊ သူငွေးချောင်း၊ ဇီးကျွန်းကျေးရွာ၊ ကိုးနဝင်းမဟာဝိဟာရကျောင်းတိုက် အတွင်းရှိ ရွှေဟောင်းကျောက်ဆင်းတုရုပ်ပွားတော်မြတ်၏ စမ္ဘဏ်တွင် ရေးထိုးထားခြင်း ဖြစ်သည်။ ယင်းကမ္ပည်းစာမှာ

**"သက္ကရာဇ်-၁၁၉၅-ခု၊ တပေါင်းလဆန်း ခြောက်ရက်၊ ကျာသားပတေးနေ့ပြီးသည်၊ ဖလောင်းမင်း လက်ထက် ဘုရားတကာ သွီးမောင်နှံ့ မြေးညာနသုံ ကောင်းမှူ။"** ဟူ၍ ရေးထိုးထားသည်ကို တွေ့ရှိရသည်။


အဆိုပါ ဘုရား၏ စမ္ဘဏ်ကမ္ပည်းစာ၌ပါရှိသော **"ဖလောင်းမင်း"** ဆိုသည်မှာ ဤသို့ဖြစ်သည်။ အမရပူရဘိုးတော်ဗဒုံမင်း၏သားတော် မောင်ပေါ်သည် ရခိုင်ပြည်ကို ကောဇာ-၁၁၄၆-ခုတွင် တိုက်ခိုက်သိမ်းပိုက်ခဲ့၏။ ဗမာတို့သည် ရခိုင်ပြည်ကို နှစ်ပေါင်း (၄၀) အုပ်ချုပ်ခဲ့ကြ၏။ ထိုအခါ အင်္ဂလိပ်တို့သည် ကောဇာ-၁၁၈၆-ခု (အေဒီ-၁၈၂၄) တွင် ဗမာတို့လက်မှ ရခိုင်ပြည်ကို ထပ်မံသိမ်းယူခဲ့ကြပြန်သည်။

သို့ဖြစ်၍ ဘုရား၏ စမ္ဘဏ်ကမ္ပည်းစာပါ သက္ကရာဇ်-၁၁၉၅-ခုအရ ရခိုင်ပြည်ကို အင်္ဂလိပ်စစ်ဗိုလ် (=ဖလောင်းမင်း) တို့ သိမ်းပိုက်ပြီး (၉) နှစ်အကြာတွင် ဤဘုရားကို ထုလုပ်ပူဇော်ခဲ့ကြခြင်း ဖြစ်သည်။

ရခိုင်လူမျိုးတို့သည် အင်္ဂလိပ်အစိုးရမင်းတို့ကိုသာလျှင် **"ဖလောင်းမင်း"** ဟူ၍ ခေါ်ခဲ့ကြသည်မဟုတ်။ ဗမာမင်းတို့ကိုလည်း **"ဖလောင်းမင်း"** ဟူ၍ ခေါ်ခဲ့ကြသည်ကို တွေ့ရှိရသည်။ ဤအကြောင်းကို ရမ္မာဝတီ-ဝါးကျောင်းဆရာဦးကေတု၏ ရခိုင်ရာဇဝင်လင်္ကာတွင် -

**"ဗိုင်ဗိုင်ကားကား။ လေးမြို့စားဟု။ ကုလားပညတ်။ ပတ်တင်သတ်သို့။ ခန့်အပ်ဟီသည်။ ထိုရှိပြည်မြို့။**

**မျိုးမည်ကွဲသျှောင်း။ အကြောင်းကြောင်းဖြင့်။ ဖလောင်းမြမ္ဗာ။ စီရင်ရာကို။ ခံကာနီရ။ ရှည်မြင့်စွတည်း။ နောက်မှ မဏ္ဍိုင်။ အုပ်စိုးပိုင်၍။ ရခိုင်မင်းလောင်း။ ထီးဖြူဆောင်းလျက်။**" ဟူ၍ တွေ့ရှိရသည်။



ဓါးကျွန်း–ကိုးနဝင်းဘုရားစမ္မခဏ်ကမ္ပည်းစာ

ရခိုင်လူမျိုးတို့သည် **"ဖလောင်းမင်း"** ဟူသော ဝေါဟာရကို အဘယ်ကြောင့် ဤကဲ့သို့ခေါ်ခဲ့ကြသည်ကို သမိုင်းရာဇဝင်တို့၌ ဖော်ပြထားခြင်း မရှိချေ။ ဖြစ်နိုင်ချေရှိသည်ကို စာရေးသူ သုံးသပ်တင်ပြရမည်ဆိုလျှင် **"မိမိတို့တိုင်းပြည်ကို မိမိတို့လူမျိုးမင်းများက မအုပ်ချုပ်ရဘဲ၊ မိမိတို့တိုင်းပြည်ကို တိုင်းတစ်ပါးက လာရောက်အုပ်ချုပ်သူ လူမျိုးခြားမင်းမှန်သမျှကို "ဖလောင်းမင်း" ဟူ၍ ခေါ်ဆိုကြခြင်းဖြစ်ကြောင်း နားလည်ရပေသည်။**" ဤကား ဖလောင်းမင်းနှင့် ပတ်သက်၍ မှတ်သားဖွယ်ရာ တင်ပြချက်ဖြစ်ပါသည်။

**သူ့ငွေးချောင်း–သင်္ဘောကျောက်တိုင်ကျောက်စာ**

**"သင်္ဘောကျောက်တိုင်"** ဟူသည် သံတွဲမြို့နယ်၊ သူငွေးချောင်းအတွင်းရှိ **"ကျားချောင်းဝ"** တွင်တည်ရှိသော ကျောက်တိုင်ကို ခေါ်ခြင်းဖြစ်သည်။ သင်္ဘောကျောက်တိုင်ဟု ခေါ်ဆိုကြသဖြင့် သင်္ဘောများဆိုက်ကပ်ရာတွင် သင်္ဘောကျောက်ကြိုးများ ချည်နှောင်ခဲ့သည့် ကျောက်တိုင်ဟု အဓိပ္ပာယ်ထွက်နေသည်။ သင်္ဘောများချည်ခဲ့သည်-မချည်ခဲ့သည်ကို အတိအကျ မသိရှိနိုင်သလို၊ အဘယ်ကြောင့် ဤကဲ့သို့ ခေါ်ခဲ့ကြသည်ကိုလည်း မည်သူမျှ အတိအကျ မပြောပြနိုင်ချေ။

ကျောက်တိုင်၏ အရွယ်အစားမှာ ထုထည်ကြီးမားပြီး၊ အမြင့်မှာ-၄၅-ပေခန့် ရှိလိမ့်မည်ဟု ခန့်မှန်းရသည်။

ယခုလို ကားလမ်းမပေါ်ပေါက်မီက ယင်းကျောက်တိုင်ထိပ်သို့ တမင်ကလာ တက်ရောက်ဖို့ဆိုသည်မှာ လူတိုင်းမဖြစ်နိုင်ချေ။ တစ်ချို့သေ၍သာ သွားခဲ့ကြသည်။ ကိစ္စမရှိဘဲ ယင်းကျောက်တိုင်ထိပ်သို့ မတက်ရောက်ဖူးခဲ့ကြချေ။

သုတေသနလုပ်ငန်းကို ငယ်စဉ်ကပင် ဝါသနာပါလာခဲ့သော စာရေးသူသည် ၁၃၅၂-ခု၊ တပေါင်းလဆန်း (၅) ရက်၊ (၁၇. ၂. ၁၉၉၁) တနင်္ဂနွေနေ့က ရေကောက်ကျေးရွာမှအပြန် လမ်းခရီးတွင် လောင်းလှေကို ခေတ္တဆိုက်ကပ်ခိုင်းကာ ကျောင်းကုန်းဘုန်းကြီး-အသျှင်ခေမိန္ဒနှင့်အတူ သဘော်ာကျောက်တိုင်ထိပ်သို့ ခက်ခက်ခဲခဲ ကုပ်ခြစ်တွယ်ကပ်ကာ တက်ရောက်လေ့လာခဲ့ကြသည်။



သူဌေးချောင်း–သဘော်ာကျောက်တိုင်ကျောက်စာ

မှတ်တမ်းယူနေပုံ

ယင်းကျောက်တိုင်ထိပ်တွင် လေးမြို့ခေတ်လက်ရာဟု ယူဆရသော ရခိုင်တစ်ကြောင်းထွင်း ကောက်ကြောင်း ပန်းချီစေတီတော်ပုံတစ်ဆူနှင့် **"မနင်းရ"** ဟူသော စာတန်းရေးထိုးထားသည့် စာကို တွေ့ရှိရသလို၊ တစ်ကြောင်းထွင်း ပန်းချီပန်းပွင့်ပုံဖြင့် ပူဇော်ထားသည်ကိုလည်း တွေ့ရှိရသည်။ အဆိုပါ သဘော်ာကျောက်တိုင်တွင် ရေးထိုးထားသော စာဖြစ်ခြင်းကြောင့် **"သဘော်ာကျောက်တိုင်ကျောက်စာ"** ဟု အမည်ပေးလိုက်ရပေသည်။

အချုပ်ဆိုရသော် ဒွါရာဝတီနယ်မြေဒေသတွင် တွေ့ရှိရသမျှသော ရှေးဟောင်းရခိုင်ကျောက်စာများကို ရသလောက် ရှာဖွေစုဆောင်းတင်ပြရခြင်း ဖြစ်ပါသည်။ ဤနယ်မြေဒေသ၌ ဤကဲ့သို့ တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်း ရခိုင်ကျောက်စာများကို တွေ့ရှိရသဖြင့် ဤနယ်မြေဒေသ၌ နေထိုင်ခဲ့ကြသော လူမျိုးတို့၏ သမိုင်းတန်ဖိုးကို သိရှိနိုင်ကြ

လိမ့်မည်ဟု ယုံကြည်ပါသည်။

လူမျိုးတစ်မျိုး၏ သမိုင်းတန်ဖိုးကို အမျိုး၊ ဘာသာသာသနာ၊ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာရပ်တို့ဖြင့် တိုင်းတာလေ့ရှိရာ ယခုရေးသာဖော်ပြခဲ့သော **"ဒွါရာဝတီဒေသက ရှေးဟောင်းကျောက်စာများ"** မှာ ဤနယ်မြေဒေသ၌ နေထိုင်လျက်ရှိကြသော ရခိုင်လူမျိုးတစ်ရပ်လုံး၏ သမိုင်းတန်ဖိုးကို မီးမောင်းထိုးပြလျက် ရှိနေပါကြောင်း ရေးသားတင်ပြ လိုက်ရပေသည်။

**"ရခိုင်စာပေသမိုင်း တည်တံ့ထွန်းကားရေးကို ရှေ့ရှုလျက်"**

ဒွါရာဝတီ-အသျှင်ကုသလ

(ကျမ်းကိုးစာရင်း)

၁။ ပျူဖတ်စာ ။ ။ ဦးသာမြတ်။

၂။ မအီစက်တော်ရာသမိုင်း ။ ။ ဦးအရိယဝံသ။

၃။ အေဒီ-၆-ရာစု ယင်းမတိုင်မီ ရခိုင်ပြည်သုံးအက္ခရာ ။ ။ ဦးစံသာအောင်။

၄။ ရခိုင်ရှေးဟောင်းကျောက်စာ ။ ။ ဦးဦးသာထွန်း။

၅။ ရခိုင်ရာဇဝင်လင်္ကာ ။ ။ ဝါကျောင်းဆရာ-ဦးကေတု။

၆။ ကိုယ်တိုင်ကွင်းဆင်းလေ့လာမှု။

၇။ သင်္ဂီရောင်လျှံ၊ မြို့ရှင်ပျံ ။ ။ မကြန်၊ ခင်မောင်။

## ဒွါရာဝတီ–သံတွဲစားကျောက်စာ

သံတွဲစားကျောက်စာသည် ရမ္မာဝတီ-ရမ်းဗြဲကျွန်း၊ ဇင်ချောင်းနယ်၊ ဘယာကျေးရွာတွင် ရှိသည်။ ကျောက်စာ မှာ စာကြောင်းရေ ၉-ကြောင်း ပါရှိသည်။ ကျောက်ချပ်အရွယ်အစားမှာ အကျယ်-၃၃-စင်တီ၊ အမြင့် ၁၀၁-စင်တီ၊ ထု ၈-စင်တီ ရှိသည်။ ယင်းကျောက်စာမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ၁၁ × × ခု တ

၂။ ဆောင်မှ လပြီ

၃။ ကျော် ၃ ရက်

၄။ (နှိ) သံတွဲဇာ စနီ

၅။ ဖြူ လင်မယား

၆။ မှာ ကော်တမ

၇။ မြတ်စွာ ဘုရား

၈။ ရုပ်တုတော်

၉။ တေတော်မူ၏။ ။

ကျောက်စာရေးထိုးသော သက္ကရာဇ်မှာ အပြည့်အစုံမပါရှိတော့ဘဲ (၁၁ ××) ဟူ၍သာ ပါရှိသဖြင့် စာရေးဆရာ

ကျော်မင်းထင်နှင့် သိန်းဇော်တို့က **"သက္ကရာဇ်-၁၁၀၀ (အေဒီ-၁၇၃၈) ကျော်က ရေးထိုးခဲ့သော ကျောက်စာဟူ၍သာ အကြမ်းအားဖြင့် မှတ်သားနိုင်ပြီး၊ ကျောက်စာပါ "သံတွဲစား" ဟူသော ဝေါဟာရ၊ ရခိုင်ပြည်ကျဆုံးသော သက္ကရာဇ်-၁၁၄၆ (အေဒီ-၁၇၈၄-၈၅) မတိုင်မီ ရေးထိုးခဲ့သည်ဟု မှန်းဆနိုင်သည်။"** ဟူ၍ မှတ်ချက်ပြုထားသည်ကို တွေ့ရှိရသည်။

သံတွဲစားဖြစ်သော **"စနီဖြူ"** သည် သံတွဲဇာတိ သံတွဲစားလော၊ (သို့မဟုတ်) ရမ်းဗြဲဇာတိ သံတွဲစားလော ဆိုသည်မှာ အတိအကျ မသိရှိရချေ။ သို့သော် ရမ်းဗြဲဇာတိ သံတွဲစားဖြစ်ဖို့က သေချာသလောက်ရှိသည်။ အဘယ်ကြောင့် ဆိုသော် **"စနီဖြူ"** သည် **"သံတွဲစား"** ဘဝကို ရရှိနေခိုက် မိမိ၏ဇာတိနယ်မြေဒေသသို့ သွားရောက်ကာ ကုသိုလ်ပြုခဲ့ခြင်း ဖြစ်နိုင်သည်။

စာအရေးအသားကို ကြည့်ခြင်းအားဖြင့် တောကျေးလက်သဘာဝအတိုင်း သတ်ပုံကို အမိကမထားဘဲ၊ ဒေသသုံးစကားပြောလေသံဖြင့် ရေးထိုးထားသည်ကို တွေ့ရှိရသည်။ အတတ်ပညာရှင်များထွန်းကားရာ (ပေါများရာ) မင်းနေပြည်တော်တွင် ရေးသားသော အရေးအသားနှင့် နှိုင်းစာလျှင် ခြားနားမှုရှိနေသည်ကို တွေ့ရှိရသည်။

ရှေးခေတ်ရခိုင်လူမျိုးတို့သည် ဘုရားတည်၊ ကျောင်းဆောက်ကအစ သမိုင်းဝင်လုပ်ငန်းရပ်များကို ပြုလုပ်ဆောင်ရွက်ကြရာ၌ **"ကမ္ပည်းစာ"** ရေးထိုး၍ မှတ်တမ်းတင်ထားတတ်ကြသည်ကို လေ့လာတွေ့ရှိရသည်။ ယင်းအလေ့အထသည် တတိယဓညဝတီခေတ် (ဘီစီ-၅၆၉-မှ အေဒီ-၃၂၇-ထိ) မှသည် ယနေ့ခေတ်တိုင်အောင်ပင် ဖြစ်သည်။

နိဂုံးချုပ်ဆိုရသော် ရခိုင်သမိုင်းနှင့် မနီးစပ်နိုင်ဘဲ၊ အလှမ်းဝေးနေသော သူများက ရခိုင်တွင် စာရှိခဲ့သည်ကို (သို့မဟုတ်) စာရှိနေသည်ကို မသိရှိနိုင်ကြတော့ဘဲ၊ **"ကိုယ့်စာကို သူ့စာဟု"** ထင်နေကြသူတွေကသာ ပေါများလျက်ရှိနေကြသည်ကို တွေ့ရှိရသည်။ ယခု **"ဘယာကျေးရွာ"** ရှိ **"သံတွဲစားကျောက်စာ"** သည် ရခိုင်ပြည်မကျဆုံးမီ၊ ကောဇာ-၁၁၄၆-ခု (အေဒီ-၁၇၈၄-၈၅) မတိုင်မီ ရခိုင်ပြည်ကို ရခိုင်မင်းတို့ အုပ်ချုပ်နေစဉ်ကာလ၊ ရခိုင်လူမျိုး **"သံတွဲစား စနီဖြူတို့လင်မယား"** က ရမ္မာဝတီဒေသ၊ ဇင်ချောင်းနယ်၊ ဘယာကျေးရွာ၌ ဘုရားရုပ်တုတော် တည်ထားခဲ့ကြသည့် **"ကောင်းမှုကမ္ပည်းစာတမ်း"** က သက်သေပြုလျက်ရှိနေပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

ဒွါရာဝတီ-အသျှင်ကုသလ

(ရည်ညွှန်းစာ)

၁။ ရမ်းဗြဲကျွန်း၊ ဇင်ချောင်းဝန်းကျင်တွင် တွေ့ရှိရသော ရှေးဟောင်းရခိုင်ကျောက်စာများဆောင်းပါး။
ကျော်မင်းထင်နှင့် သိန်းဇော်။ ။ ၇၅-နှစ်မြောက် စိန်ရတုမဂ္ဂဇင်း၊ ကျောက်ဖြူအသင်း (ရန်ကုန်)။ ၂၀၁၅-ခု၊ ဧပြီလ

## တောင်စဉ်ခုနစ်ခရိုင်သမိုင်း

တောင်စဉ်ခုနစ်ခရိုင်ဟူသော ဝေါဟာရအသုံးအနှုန်းစကားသည် ရခိုင်လူမျိုးတို့၏ ဝေါဟာရအသုံးအနှုန်းစကားဖြစ်၏။ တောင်စဉ်ခုနစ်ခရိုင်မှာ နှစ်မျိုးရှိ၏။ **"အနောက်တောင်စဉ်ခုနစ်ခရိုင်"** နှင့် **"အရှေ့တောင်စဉ်ခုနစ်ခရိုင်"** ဟူ၍ဖြစ်၏။

အနောက်တောင်စဉ်ခုနစ်ခရိုင်မှာ မအီ၊ လမု၊ တန်းလွဲ၊ တောင်ကုတ်၊ သဒေး၊ သံတွဲ၊ ကျိန္တလီ ကိုခေါ်ခြင်းဖြစ်၏။ ယင်းကို **"ဒွါရာဝတီ-သံတွဲစား"** က အုပ်ချုပ်ရ၏။ အရှေ့တောင်စဉ်ခုနစ်ခရိုင်မှာ မင်းတုန်း၊ မင်းတပ်၊ တိုင်တား၊ မြို့သစ်၊ ပတိန်း၊ ငဖဲ၊ နန်းတောကို ခေါ်ခြင်းဖြစ်၏။ ယင်းကို **"မင်းတုန်းစား"** က အုပ်ချုပ်ရ၏။

အထက်ပါ တောင်စဉ်ခုနစ်ခရိုင်နှစ်မျိုးတို့တွင် အနောက်တောင်စဉ်ခုနစ်ခရိုင်ကို ဒွါရာဝတီစားက အုပ်ချုပ်ရသောကြောင့် **"ဒွါရာဝတီ-တောင်စဉ်ခုနစ်ခရိုင်"** ဟုခေါ်ပြီးလျှင်၊ မင်းတုန်းစားက အုပ်ချုပ်ရသော **"အရှေ့တောင်စဉ်ခုနစ်ခရိုင်"** ကို **"ဓညဝတီတောင်စဉ်ခုနစ်ခရိုင်"** ဟု ခေါ်ခြင်းဖြစ်သည်။

## တောင်စဉ်ခုနစ်ခရိုင်ဟူသည်

တောင်စဉ်ခုနစ်ခရိုင်ဟူသော ဝေါဟာရကို ပုဒ်ခွဲကြည့်သော် **"တောင်စဉ်"** တစ်ခု၊ **"ခုနစ်ခရိုင်"** တစ်ခုဖြစ်လာ၏။ **"တောင်စဉ်"** မှာ ရိုးမတောင်စဉ်တောင်တန်းဟုရပြီး၊ **"ခုနစ်ခရိုင်မှာ"** ချောင်းဟုခေါ်တွင်သော မြို့စား၊ နယ်စား၊ ချောင်းစား၊ သူကြီးတို့အုပ်ချုပ်ရာ ဒေသကြီးခုနစ်ခုကို ဆိုလိုပါသည်။

ရခိုင်ရိုးမတောင်စဉ်တောင်တန်းကြီးကို အခြေတည်၍ မြို့စား၊ နယ်စား၊ ချောင်းစား၊ သူကြီးတို့ကို ခုနစ်ခရိုင်ပိုင်းခြား၍ အုပ်ချုပ်စေခဲ့ရာ ဒေသကြီးများဖြစ်ခြင်းကြောင့် အနောက်တောင်စဉ်ခုနစ်ခရိုင်၊ အရှေ့တောင်စဉ်ခုနစ်ခရိုင်ဟု ခေါ်တွင်ခဲ့ကြခြင်း ဖြစ်သည်။

အနောက်တောင်စဉ်ကို စားရသူ ဒွါရာဝတီ-သံတွဲစားနှင့် အရှေ့တောင်စဉ်ကို စားရသူ မင်းတုန်းစားတို့မှာ မောက်သူဇာစား၊ သျှီလက် (သီလပ်)စား၊ ဒါဂါစားတို့ကဲ့သို့ ရခိုင်ပြည်အတွက် အလွန်အရေးပါသူများ ဖြစ်ကြ၏။

အဆိုပါပုဂ္ဂိုလ်များသည် **"ရွှေမင်းတို့ လူအသက်ကိုအပ်ကြောင်း ထုံးစံရှိသည်အတိုင်း သေပြစ်သေဒဏ်ရောက်သူဖြစ်လျှင် ထွက်ချက်၊ မေးချက်ကို တင်ပြလျှောက်ထား၍ စီရင်စေ"** ဟူ၍ သတ်မိန့်ကိုပင် ပေးခွင့်ရထားသူများဖြစ်ကြောင်း ရခိုင်မင်းရာဇာကြီးစာတန်း၊ ၈-ကြောင်းပေမူ၊ ကံ-ချပ်၊ ဝမ်းဘက်၊ ကြောင်းရေ ၄၊ ၅ တွင် တွေ့ရသည်။

## ခရိုင်ဟူသော ရခိုင်ဝေါဟာရ

တောင်စဉ်ခုနစ်ခရိုင်ဟူသော ဝေါဟာရတွင် **"ခရိုင်"** ဟူသော အသုံးအနှုန်းကို ရခိုင်တို့ သုံးစွဲထားပုံမှာ လောကဥပမာနှင့် ကိုက်ညီသဖြင့် စိတ်ဝင်စားဖွယ်ကောင်းလှ၏။

**"ခရိုင်"** ဟူသည် ရခိုင်လူမျိုးတို့၏ ဝေါဟာရအစစ်ပင်တည်း။ ရခိုင်အသံထွက်နှင့် ရေးပါမူ **"ခရိုန်"** ဟူ၍ ဖြစ်ပါသည်။ ရခိုင်လူမျိုးတို့သည် ခရိုင် (ခရိုန်)ဟူသော ဝေါဟာရကို မည်သည့်အချိန်လောက်ကပင် စတင်သုံးစွဲနေကြသည်ကို အတိအကျ မဖော်ပြနိုင်သော်လည်း၊ တတိယဓညဝတီခေတ် (ဘီစီ-၅၆၉-မှ အေဒီ-၃၂၇-ထိ) စန္ဒာသူရိယမင်းမှ

(၁၆) ဆက်မြောက် သူရိယစိတြမင်းလက်ထက် (အေဒီ-၇၉-မှ ၁၁၅-ထိ) ကာလကပင် သုံးနှုန်းနေကြပြီးဖြစ်ကြောင်း သိရှိရပါသည်။

**"ခရိုန်"** ဟူသော ရခိုင်ဝေါဟာရစကားလုံးကို ပုဂံခေတ်ကျောက်စာများတွင်လည်း အများအပြား တွေ့ရှိရသည်။ အဘယ်ကြောင့် ရခိုင်ဝေါဟာရအသုံးအနှုန်းမှာ ပုဂံသို့ ရောက်ရှိသွားရသည်ကို သုတေသနပြုလုပ်ဖို့ကောင်းပါသည်။ ၎င်းအပြင်တစ်ခြား ရခိုင်ဝေါဟာရ အသုံးအနှုန်းတို့မှာလည်း ပုဂံခေတ်ကျောက်စာများ၌ အများအပြားပင် ရှိနေပါသေးသည်။

ခရိုင် (ခရိုန်)ဟူသော ရခိုင်ဝေါဟာရ၏ မူရင်းဇစ်မြစ်ကို ရှာကြည့်သော် ဤသို့တွေ့ရ၏။ ထီးတွင် အလယ်က ထီးရိုးရှိ၏။ ယင်းထီးရိုးတွင် ထီးကိုင်းနှင့် ထီးဒေါက်များကို ထိန်းချုပ်ထားရာ **"ဗဟိုဆုံချက်"** ရှိ၏။ ယင်းကို ရခိုင်လူမျိုးတို့က ခရိုင် (ခရိုန်)ဟု ခေါ်ကြ၏။ ထို့ကြောင့် **"ထီးကို ခရိုန်ချုပ်တေ"** ဟူ၍လည်းကောင်း၊ **"ထီးကိုအချုပ်၊ ခရိုန်အုပ်၊ အလုပ်ကောင်းမွှန်စီ"** ဟူ၍လည်းကောင်း၊ **"ထီးမှာခရိုင်၊ နိုင်ငံမှာအမတ်"** ဟူ၍လည်းကောင်း ရခိုင်ဆိုရိုးစကား ဖြစ်ပေါ်လာခဲ့ရခြင်း ဖြစ်ပါသည်။

အထက်ဖော်ပြပါ ဥပမာစကားကဲ့သို့ ရခိုင်ရိုးမတောင်စဉ် တောင်တန်းကြီး၏ ကြောထိပ်ကို အခြေတည် (ဗဟိုဆုံချက်ပြု)၍ ထီးကိုင်းသဖွယ် ဖြာထွက်လာသော ချောင်းကြီးခုနစ်ချောင်း (ဒေသကြီးခုနစ်ခု) ကိုလည်း ရခိုင်ရိုးမ တောင်တန်းကြီးက ခရိုင် (ခရိုန်)သဖွယ် ချုပ်ထားသည်ကို အစွဲပြု၍ **"တောင်စဉ်ခုနစ်ခရိုင်"** ဟု ရခိုင်လူမျိုးတို့ ခေါ်ဝေါ် ပညတ်သမုတ်ခဲ့ကြခြင်းဖြစ်သည်။ မြေပြန့်တွင် နေထိုင်ကြသော လူမျိုးများအတွက် ဤဥပမာနှင့် ဤဝေါဟာရစကားမျိုး ဖြစ်ပေါ်လာဖို့ဆိုသည်မှာ မလွယ်ကူချေ။

အနောက်တောင်စဉ်ခေါ် ဒွါရာဝတီ-တောင်စဉ်ခုနစ်ခရိုင်ကို **"တောင်စဉ်ကမ်းနှင့် တောင်ခွင်တန်း"** ဟူ၍ နှစ်ပိုင်းခွဲခြားပြီး ခေါ်ဝေါ်ကြပြန်သည်။ အမ်းချောင်းတောင်ဘက်နယ်မြေဒေသမှစ၍ ကျိန္တလီချောင်း နယ်မြေဒေသအထိကို **"တောင်စဉ်ကမ်း"** ဟုခေါ်ကြပြီးလျှင်၊ ကျိန္တလီနယ်မြေဒေသမှစ၍ **"ဟိုင်းကြီးကျွန်း"** အပါအဝင် **"မော်တင်စွန်း"** အထိကိုတော့ **"တောင်ခွင်တန်း"**ဟူ၍ ခေါ်ဝေါ်ကြသည်။ ယင်းတောင်စဉ်ကမ်း နှင့် တောင်ခွင်တန်းအားလုံးကို **"ဒွါရကတိုင်း"** (=ဒွါရာဝတီနယ်မြေ)ဟူ၍ ရခိုင်မင်းတို့ ပိုင်းခြားသတ်မှတ်ထားခဲ့ကြသည်။

## တောင်မှာမထုံး မြောက်မှာမုန်း

ရခိုင်သက်ကြီးဝါကြီးတို့ အဆက်ဆက်ပြောဆိုလာခဲ့ကြသော စကားတစ်ခုရှိသည်။ ယင်းမှာ **"တောင်မှာမထုံး၊ မြောက်မှာမုန်း"** ဟူ၍ ဖြစ်၏။ **"တောင်မှာမထုံး"** ဆိုသည်မှာ မင်းတုန်းစားပိုင်သော အရှေ့တောင်စဉ်ခုနစ်ခရိုင်၏ တောင်ဘက်အခြမ်းတွင် **"မင်းတုန်းချောင်း"** သည် အကြီးဆုံးဖြစ်ပြီးလျှင်၊ **"မြောက်မှာမုန်း"** ဆိုသည်မှာ မြောက်ဘက် အခြမ်းတွင် **"မုန်းချောင်း"**သည် အကြီးဆုံးဖြစ်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ ကျန်သောချောင်းများမှာကား သူတို့လောက် မကြီး၊ သာမန်မျှသာဖြစ်သည်။

ရခိုင်မင်းတို့သည် အရှေ့တောင်စဉ်ခရိုင်ကို စားရန် **"မင်းတုန်းစား"** ကို ရွေးချယ်ခန့်ထားရာ၌ သာမန်ပုဂ္ဂိုလ်များ ကို ရွေးချယ်ခန့်အပ်လေ့မရှိပါ။ အမြော်အမြင်ရှိပြီး စွမ်းရည်ပြည့်ဝသော ပုဂ္ဂိုလ်များကို သာ ရွေးချယ်ခန့်အပ်လေ့ရှိပါသည်။ ထို့ကြောင့် **"မင်းတုန်းစား"** ဟူသော နာမည်သည် ရခိုင်ရာဇဝင်သမိုင်းတွင် မှတ်တမ်းဝင်ခဲ့သော နာမည်တစ်ခုဖြစ်လာ

ခဲ့ပါသည်။

## ဘုရင်မင်းထီးလက်ထက် တောင်စဉ်ခုနစ်ခရိုင်

ရခိုင်တို့၏ လေးမြို့ခေတ်၊ လောင်းကြက်မြို့၊ ဘုရင်မင်းထီးလက်ထက် ကောဇာ-၆၉၅-ခု၊ (အေဒီ-၁၃၃၃)တွင် မဏ္ဍာဂီရိဒေသ၊ သရက်မြို့နေ **"သက်မင်းယင်စော"** သည် ရခိုင်တို့၏ တောင်စဉ်ခုနစ် ခရိုင်ကျေးရွာများကို လာရောက်နှောက်ယှက် ဖျက်ဆီးနေကြောင်းကို ရခိုင်ဘုရင်မင်းထီးထံ **"လမုသူကြီး"** လာရောက်လျှောက်ထားလေသည်။

ထိုအခါ ဘုရင်မင်းထီးသည် ကိုယ်ရံကြီးအမတ် **"ရာဇစည်သူသကြီ"** ကို စစ်သေနာပတိချုပ်ခန့်အပ်၍ ရဲမက်တစ်သိန်း၊ ကိုယ်တော်ရံသူရဲနှစ်သောင်းပေး၍၊ ချီတက်နှိမ်နင်းစေခဲ့သည်။

အမတ်ကြီး၏ စစ်ဆင်ရေးမဟာဗျူဟာမှာ မင်းထုံးလမ်းက တောင်ခွင်စားရဲကျော်နှင့် သူရဲတစ်သောင်း။ တောင်ဂုတ်လမ်းက တောင်ဂုတ်စား ရန်မသူနှင့် သူရဲတစ်သောင်း။ ဆားပြင်ကမာလမ်းက ပန်းတော်စား သတိုးအောင်နှင့် သူရဲတစ်သောင်း။ ဓါးလက်လမ်းက ဓါးလက်စားကျော်ပုံနှင့် သူရဲတစ်သောင်း။ ရှူးသရွယ်လမ်းက ရှူးစားညီရောင်နှင့် သူရဲတစ်သောင်း။ သလူကမြစ်ကမ်းက မာန်အောင်စား ချစ်သူနှင့် သူရဲတစ်သောင်း။ တောင်ခွင်ကြိမ်သလီလမ်းက သံတောင်စား လက်ျာသူနှင့် သူရဲတစ်သောင်း။ စနည်းလမ်းက အမတ်ကြီး ရာဇစည်သူသကြီကိုယ်တိုင် သူရဲနှစ်သောင်း။ ကုလားသုံးသောင်း။ စုစုပေါင်း သူရဲငါးသောင်းနှင့် ချီတော်မူလေသည်။

အမတ်ကြီး၏ မဏ္ဍာဂီရိဒေသ၊ သရက်မြို့ စစ်ဆင်ရေးမဟာဗျူဟာစစ်ကြောင်းတွင် အရေးအရာ လွန်စွာလိမ္မာပါးနပ်သော လေးမြို့စား-သံတိုင်။ ဒါဂါစား-ရဲအောင်နိုင်နှင့် ကံသာမြို့စား-ဝဏ္ဏဗိုလ်တို့ လည်း ပါဝင်ခဲ့ကြသည်။

အမတ်ကြီး၏ ဉာဏ်ပညာကြီးမားမှု၊ လိမ္မာပါးနပ်မှု၊ သေနင်္ဗျူဟာတတ်မြောက်မှု၊ နယ်မြေကျွမ်းကျင်မှု၊ အချိန်အခါနှင့် ရန်သူ၏စိတ်နေသဘောထားကို သိရှိမှုစသော စွမ်းရည်သတ္တိတို့ဖြင့် ဆောင်ရွက်လိုက်ရာ သက်မင်းယင်စောနှင့် အတူ မိဖုရား။ မောင်းမ၊ သားသမီးများပါမကျန် သက်မြို့ ကို **"ဓါးမနာ၊ လှံမကျိုး"** သေပျောက်မှုမရှိဘဲ သိမ်းပိုက်နိုင်ခဲ့လေသည်။

ပြည်မြို့သို့ ဆက်လက်ချီတက်လေသော် **"ပြည်မြို့စား"** အတိုက်မခံဝံ့၍ ဆင်ပေါက်ငါးဆယ်၊ ပြောင်းနှစ်ဆယ်၊ ရွှေ၊ ငွေ၊ အထည်အလိပ်များကို ယူဆောင်လျက် အမတ်ကြီးစခန်းချနေရာ **"ကာမမြို့"** သို့အရောက် ပို့ဆက်လာသဖြင့် ပြည်မြို့ကို မတိုက်မသိမ်းခဲ့ဘဲ ၎င်းနှစ်တပေါင်းလပြည့်ကျော် (၃) ရက်နေ့တွင် အမတ်ကြီး ပြန်ခဲ့လေသည်။

အမတ်ကြီးရာဇစည်သူသကြီကို စစ်ရေးအောင်မြင်မှု အထိမ်းအမှတ်အဖြစ် **"မဟာဝေသာဝဏ္ဏ"** ဘွဲ့အမည်နှင့် အတူ ဆင်ကရွှေသား၊ ဖောင်းဖြူ၊ ထွက်စည်၊ ရွှေထမ်းစင်တို့ကို ဆုအဖြစ်ပေးသနားတော်မူလေသည်။

ဤသမိုင်းကြောင်းကို ကြည့်ခြင်းအားဖြင့် လေးမြို့ခေတ်၊ လောင်းကြက်မြို့၊ ဘုရင်မင်းထီးလက်ထက်တွင်လည်း အရှေ့တောင်စဉ်ခုနစ်ခရိုင်သည် ရခိုင်တို့၏ အုပ်ချုပ်မှုအောက်တွင် အစဉ်အမြဲရှိနေခဲ့ကြောင်းကို သိရှိနိုင်ပါသည်။ ဤကဲ့သို့သိရှိနိုင်ကြစေရန် **"ဓညဝတီအရေးတော်ပုံကျမ်း"** မှ ထုတ်နုတ်၍ တင်ပြလိုက်ခြင်းဖြစ်သည်။

## ရာဇကုမာရ်နှင့် တောင်စဉ်ခုနစ်ခရိုင်

ရာဇကုမာရ်သည် ကျန်စစ်သားမင်း၏ သားတော်ဖြစ်၏။ ကျန်စစ်သားမင်းဖြစ်လာသည့်အခါ မိဖုရားမှာ (၁)

အပယ်ရတနာတစ်ပါး၊ (၂) ဥဿာမင်းသမီးခင်ဦး (မဏိစန္ဒာ)တစ်ပါး၊ (၃) ထီးလှိုင်သူကြီးသမီး ခင်တန်တစ်ပါး၊ (၄) ရဟန်းမထီး၏တူမ သမ္ဘူလတစ်ပါးအားဖြင့် လေးပါးရှိပါသည်။ ရာဇကုမာရ်မင်းသားသည်ကား ရဟန်းမထီး၏ တူမ သမ္ဘူလမှ ပေါက်ဖွားလာသော သားဖြစ်ပါသည်။

မိဖုရားအပယ်ရတနာမှ ပေါက်ဖွားလာသော သမီးတော် **"ရွှေအိမ်သည်"** ကို **"ပဋိတ္တယား-ကုလားမင်းသား"** နှင့် ရည်ငံလျက်ရှိသည်ကို ခမည်းတော်သိရှိသဖြင့် အမတ်များနှင့်တိုင်ပင်ကာ စောလူးမင်း၏သား **"စောယွန်း"** နှင့် ထိမ်းမြားပေးတော်မူ၏။ သမီးတော်ရွှေအိမ်သည်မှ မြေးတော် **"အလောင်းစည်သူ"** ကို မွေးဖွား၏။ ကျန်စစ်သားမင်းသည် မြေးတော်ကို အလွန်ချစ်လှသဖြင့် ရင်ခွင်ပိုက်ဘိသိက်သွန်းလျက် မင်းအဖြစ်ကို ချီးမြှောက်တော်မူ၏။

ကျန်စစ်သားမင်းသည် မြေးတော်အလောင်းစည်သူကို မင်းမြှောက်ပြီးမှ ရဟန်းမထီး၏တူမ သမ္ဘူလက သားယောကျ်ားနှင့် ရောက်ရှိလာသည်။ ဤအကြောင်းကို ဦးကုလား၏မဟာရာဇဝင်ကြီး၊ ၂၀၀၆-ခု၊ ဇူလိုင်လ၊ ပထမတွဲ၊ စာ-၁၈၇၊ ၁၈၈-တွင် **"သမ္ဘူလကိုလည်း ဦးဆောက်ပန်းဟူသော အမည်နှင့် မိဖုရားမြှောက်တော်မူသည်။ သားတော်ကိုလည်း ဇေယျခေတ္တရာဟူသောအမည်နှင့် ဓညဝတီနှင့်တကွ တောင်စဉ်ခုနစ်ခရိုင်" ကို ပေးတော်မူ၍ မင်းပြုရ၏။"** ဟူ၍ ရေးသားဖော်ပြထားသည်ကို တွေ့ရှိရသည်။

မြန်မာရာဇဝင်ဆရာ ဦးကုလား၏အဆိုဖြစ်သော **"ဓညဝတီနှင့်တကွတောင်စဉ်ခုနစ်ခရိုင်"** ကို ရာဇကုမာရ် စားခဲ့ရသည် ဟူသောအဆိုမှာ လုံးဝမှားယွင်းနေသော အဆိုတစ်ခုသာ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် **"နှင့်"** သည် **"သဟာဒိယောဂ - အတူပြု(ထပ်တူပြု)စကားလုံး"** ဖြစ်နေသောကြောင့် ရာဇကုမာရ်သည် ဓညဝတီ (ရခိုင် တစ်ပြည်လုံး) ကိုလည်း စားခဲ့ရသူဖြစ်နေသလို **"တောင်စဉ်ခုနစ်ခရိုင်"** ကိုလည်း စားခဲ့ရသူဖြစ်နေပြန်သည်။

ရာဇကုမာရ်သည် **"ဓညဝတီ"** ကိုသာစားခဲ့ရသူမှန်ခဲ့လျှင် **"တောင်စဉ်ခုနစ်ခရိုင်"** ကို နောက်ဆက်တွဲအနေဖြင့် ထည့်နေရန်မလိုပါ။ အဘယ်ကြောင့်ဆိုသော် တောင်စဉ်ခုနစ်ခရိုင်သည်ပင်လျှင် ဓညဝတီအပိုင် ဖြစ်နေသောကြောင့် တည်း။

ရာဇကုမာရ်သည် **"ဓညဝတီနှင့်တကွတောင်စဉ်ခုနစ်ခရိုင်"** ကိုရရှိ၍ မင်းပြုခဲ့ရ၏ဟူသော ဦးကုလား၏ အဆိုမှားယွင်းနေကြောင်း ရှေ့၌ရေးသားတင်ပြခဲ့ပြီးဖြစ်ပါသည်။ ယင်းမှားယွင်းချက်ကို မစူးစမ်းမဆင်ခြင်ဘဲ ဆက်လက်ကိုးကားရေးသားနေကြမည်ဆိုပါက ဆက်တိုက်မှားနေကြဖို့ရှိနေပါသည်။ ယင်းကဲ့သို့မှားခဲ့ကြပုံကို တင်ပြပါဦးမည်။

ဦးကုလား၏ မဟာရာဇဝင်ကြီးမှ ထပ်တူထပ်မျှ ကူးယူဖော်ပြထားသော **"မှန်နန်းမဟာ ရာဇဝင်တော်ကြီး"**၊ သုံးတွဲပေါင်း၊ ပထမအကြိမ်၊ ၂၀၀၈-ခု၊ ဇန်နဝါရီလ၊ စာ-၁၇၃-တွင်လည်း အဆိုပါအမှားကိုတွေ့ရှိနိုင်ပါသည်။

မြန်မာစာပေလောကတွင် ဦးကုလားရာဇဝင်၏မှားယွင်းချက်ကို အမွေမခံဘဲ အမှန်ကိုရေးသားခဲ့ကြသည့် ပုဂ္ဂိုလ်များလည်းရှိကြောင်း တွေ့ရှိရသည်။ ယင်းပုဂ္ဂိုလ်များမှာ ပညာဝန်ဦးဖိုးကျားနှင့် ဦးလှတင်(လှသမိန်)တို့ ဖြစ်ကြသည်။

ဦးဖိုးကျားက သူ၏ **"ခေတ်မှီမြန်မာရာဇဝင်အကျဉ်း"**၊ စာ-၅၄၊၅၅-တွင် **"သားတော်ကိုလည်း အလွန်မြတ်နိုးတော်မူ၏။ သို့သော်လည်း မိမိတွင် ထိုသားဖွားနှင့်သည်ကို မသိသည်နှင့်မြေးတော် အလောင်း စည်သူကို မင်းအဖြစ်ပေးနှင့်ပြီးဖြစ်နေ၍ "မြေးကားအဖျား-သားကားအရင်း" ဟု စကားရှိရာ၊ ယခုသော်ကား "မြေးကားအရင်း-သားကားအဖျား" ဖြစ်လေပြီဟု မိန့်တော်မူပြီးလျှင်၊ ထိုသားတော်အား "တောင်စဉ်ခုနစ်ခရိုင်" ကို ပေးတော်မူ၏။ တောင်စဉ်ခုနစ်ခရိုင်အရပ်ကား ယခု မင်းတုန်း၊ မင်းတပ်၊ ပတန်း၊ ငဖဲ စသော ရခိုင်တောင်ရိုး**

**အစပ် တစ်ပိုက်ကိုဆိုလိုသည်။**" ဟူ၍ အမှန်အတိုင်း ရေးသားဖော်ပြထားသည်ကို တွေ့ရ၏။

ဦးလှတင်(လှသမိန်)၏ "**မြစေတီကျောက်စာအဖွင့်ဋီကာ**"၊ ၁၉၅၉-ခု၊ မေလ၊ စာ-၁၄-တွင်လည်း "**သားတော်ရာဇကုမာရအား ဓေယျခေတ္တရာဘွဲ့နှင့် ဓညဝတီတောင်စဉ်ခုနစ်ခရိုင်ကို အပိုင်စားပေးလေသည်**" ဟူ၍ တွေ့ရသည်။ သဟာဒိယောဂအနက်ဖြစ်သော "**နှင့်**" ကို သုံးစွဲထားသည်ကိုမတွေ့ရပါ။

ယင်းရာဇဝင်ကျမ်းများအရ ရာဇကုမာရ်သည် ဓညဝတီကိုစားခဲ့ရသူမဟုတ်ဘဲ ဓညဝတီ၏အပိုင်ဖြစ်သော (အရှေ့-) တောင်စဉ်ခုနစ်ခရိုင်ကိုသာ စားခဲ့ရသူဖြစ်ကြောင်း သိရှိရပါသည်။

ရာဇကုမာရ်မင်းသားကောင်းစားချိန်သည် ဗမာရာဇဝင်အရ ပုဂံခေတ်ဖြစ်၏။ ရခိုင်ရာဇဝင်အရမူ လေးမြို့ခေတ်ဖြစ်နေသည်။ ရခိုင်ရာဇဝင်သမိုင်းအရ လေးမြို့ခေတ်သည် သက်တမ်းရှည်သော ခေတ်တစ်ခေတ် ဖြစ်ခဲ့သော်လည်း တိုင်းပြည်မငြိမ်သက်သောကာလများရှိခဲ့ပါသဖြင့် အရှေ့တောင်စဉ်ခုနစ်ခရိုင် (သို့မဟုတ်) "**ဓညဝတီတောင်စဉ်ခုနစ်ခရိုင်**" ကို ရာဇကုမာရ်စားခဲ့ရသည် ဟူသောအဆိုမှာလည်း ဖြစ်နိုင်စရာရှိနေသည်ဟု ခန့်မှန်းရသည်။

ရခိုင်ရာဇဝင်ကျမ်းများ၌ ရာဇကုမာရ်သည် ဓညဝတီတောင်စဉ်ခုနစ်ခရိုင်ကို အုပ်ချုပ်သွားခဲ့ကြောင်း မှတ်တမ်းတင်ထားသည်ကို မတွေ့ရ။ ဗမာရာဇဝင်၌မှတ်တမ်းဝင်နေသော ဤဖြစ်ရပ်ကို ရခိုင်ရာဇဝင်၌ အဘယ်ကြောင့် မှတ်တမ်းမဝင်ခဲ့သနည်း။ ဤအချက်ကိုလည်း ထည့်သွင်းစဉ်းစားရဖို့ အချက်တစ်ချက် ဖြစ်နေသည်။

ဓေယျခေတ္တရာ အမည်ရှိသော ရာဇကုမာရ်သည် ရခိုင်နှင့် ဆက်စပ်ပတ်သက်မှုကင်းသော ပုဂ္ဂိုလ်တော့ လုံးဝမဖြစ်နိုင်။ တစ်နည်းမဟုတ်တစ်နည်း ရခိုင်နှင့်ဆက်စပ်ပတ်သက်မှုရှိခဲ့သော ပုဂ္ဂိုလ်ဟု ယူဆရပါသည်။ ရာဇကုမာရ်သည် ဓညဝတီ (ရခိုင်နယ်မြေတစ်ခုလုံး) နှင့် မဆက်စပ်သည့်တိုင်အောင် ဓညဝတီအပိုင်ဖြစ်ခဲ့သော ရခိုင်နယ်မြေဒေသ အစိတ်အပိုင်းတစ်ခုခုနှင့်သော်လည်းကောင်း၊ သို့မဟုတ် ရခိုင်လူမျိုးတို့နှင့်သော်လည်းကောင်း ဆက်စပ်ပတ်သက်မှုရှိနိုင်သောသူ တစ်ဦးဖြစ်ကြောင်းကိုကား ထည့်သွင်း၍မစဉ်းစားလျှင် သမိုင်းတစ်ခုပြည့်စုံမည်မဟုတ်ချေ။ ရာဇကုမာရ်၏ခမည်းတော်မှာ ကျန်စစ်သား "**ထီးလှိုင်မင်း**" ဖြစ်ပြီး၊ ကျန်စစ်သား၏မယ်တော်မှာ ရခိုင်မင်းသမီး "**ထီးလှိုင်ဖြူ**" ဖြစ်နေသည်။ ထီးလှိုင်ဖြူ၏ ခမည်းတော်နှင့် မယ်တော်မှာ "**ရခိုင်ဘုရင်မင်းကုလားနှင့် မိဖုရားရှင်စောဖြူ**" တို့ ဖြစ်ကြလေသည်။ ကျန်စစ်သားမင်းဖြစ်လာသည့်အခါ တိုင်းသူပြည်သားများက ရှိသေသမှု လေးစားခြင်းကိုပြု၍ "**ထီးလှိုင်ရှင်**" ဟူ၍ ခေါ်ခဲ့ကြလေသည်။

## ရာဇကုမာရ်ကျောက်စာပေါ် ပေါက်လာပုံ

ရာဇကုမာရ်မင်းသားသည် ခမည်းတော်ကျန်စစ်သားမင်းကြီး နာမကျန်းဖြစ်သောအခါ မယ်တော်ဘက်မှရရှိခဲ့သော လက်ဝတ်တန်ဆာ ရတနာများကို ရွှေဆင်းတုတော်တစ်ဆူပြုလုပ်ကာ ခမည်းတော်အတွက် ရည်စူးလှူဒါန်းပေးခဲ့သည်။ ခမည်းတော်နတ်ရွာစံသောအခါ၌လည်း ရွှေဆင်းတုတော်ကို ဌာပနာပြု၍ ဂူဘုရားတည်ကာ ကျွန်သုံးရွာကိုလည်း လှူဒါန်းခဲ့သည်။

ထိုဂူဘုရား၌ သူ၏ကုသိုလ်တော်မှတ်တမ်းကို "**ပါဠိ၊ မြန်မာ၊ မွန်၊ ပြူ**" ဟူ၍ ဘာသာလေးမျိုးဖြင့် ကမ္ပည်းစာရေးထိုးခဲ့သည်။ ယင်းကျောက်စာကို "**ရာဇကုမာရ်ကျောက်စာ**" ဟုခေါ်တွင်သည်။ မြစေတီဘုရားပရဝုဏ်အတွင်း၌ စိုက်ထူထားသောကြောင့် "**မြစေတီကျောက်စာ**" ဟူ၍လည်း ခေါ်တွင်သည်။

ရာဇကုမာရ်ကျောက်စာ ခေါ် မြစေတီကျောက်စာသည်ကား ပုဂံခေတ်ကျောက်စာများအနက် ရှေ့အကျဆုံး ကျောက်စာဖြစ်ခဲ့၏။ ကျောက်စာရေးထိုးချိန်မှာ ကျောက်စာ၌ **"သာသနာအနှစ် တစ်ထောင်ခြောက်ရာ နှစ်ဆယ်ရှစ် လွန်လေပြီးရကား"** ဟူ၍ပါရှိပြီးဖြစ်သောကြောင့် သူ၏နန်းစံ(၂၈)နှစ်ကို ပေါင်း၍ရေတွက်သော် သာသနာနှစ်-၁၆၅၆-ခုနှစ်သည် ကျန်စစ်သားမင်း၏ နတ်ရွာစံသောနှစ်ဖြစ်ကြောင်း သိရှိရလေသည်။

ထို့ကြောင့် ကျောက်စာရေးထိုးချိန်မှာ ကျန်စစ်သားမင်းနတ်ရွာစံသောနှစ်ကိုယူမည်ဆိုပါက အေဒီ-၁၁၁၂ လည်းဖြစ်နိုင်သလို၊ နတ်ရွာစံပြီးနောက်ဟုယူမည်ဆိုပါက အေဒီ-၁၁၁၃-လည်းဖြစ်နိုင်ပါသည်။ ဤနေရာ၌ ပါမောက္ခ-ဦးဖေမောင်တင်က အေဒီ-၁၁၁၂ ကိုနှစ်သက်သလို၊ ဒေါက်တာသန်းထွန်းက အေဒီ-၁၁၁၃-ကိုသဘောကျသူ ဖြစ်ပါသည်။

## ရာဇကုမာရ်နှင့်မြန်မာစာ

လေးမြို့ခေတ်က **"ဓညဝတီတောင်စဉ်ခုနစ်ခရိုင်"** ကို အုပ်ချုပ်သွားဖူးသော ရာဇကုမာရ်မင်းသားသည် ရခိုင်ပြည်တွင် ထွန်းကားလျှက်ရှိနေသော **"ရခိုင်စာပေယဉ်ကျေးမှုများ"** ကို သေသေချာချာ နည်းလည်သဘောပေါက် သိရှိသွားခဲ့ရသူဖြစ်ပါသည်။

ထို့ကြောင့်ရာဇကုမာရ်ကျောက်စာ၌ လေးမြို့ခေတ် (အေဒီ-၈၁၈-မှ-၁၄၃၀-ထိ)၊ ရခိုင်စာပေအရေးအသား၊ ရခိုင်ဝေါဟာရအသုံးအနှုန်းများ ပါဝင်နေသည်ကိုတွေ့ရှိရခြင်းဖြစ်ပါသည်။ အခြားသော ပုဂံခေတ်ကျောက်စာများကို လေ့လာကြည့်လျှင်လည်း ရခိုင်စာပေအရေးအသား၊ ရခိုင်ဝေါဟာရ အသုံးအနှုန်းများကို အများအပြားတွေ့ရှိနိုင်ပါသည်။ ရခိုင်စာပေအရေးအသားနှင့်ဝေါဟာရအသုံးအနှုန်းများ ပုဂံသို့ရောက်ရှိသွားပုံ သမိုင်းကွင်းဆက်များကို သမိုင်းသုတေသီများ ခြေရာကောက်နိုင်ကြပါစေ။

အမှန်က လေးမြို့ခေတ် **"ရခိုင်စာပေ"** ကို ပုဂံသားတို့ **"မွေးစား"** ယူရာက အချိန်ကာလကြာမြင့်လေသော် နှောင်းလူတို့က အဖြစ်မှန်ကို မသိရှိနိုင်ကြတော့ဘဲ **"ဗမာလူမျိုးတို့၏စာပေ"** ဟု အထင်ရောက်သွားခဲ့ကြခြင်း ဖြစ်ပါသည်။ အဖြစ်မှန်ကို သိရှိနိုင်ကြသော ဗမာပညာရှင်များကလည်း ခေတ်အဆက်ဆက် ရေငုံနှုတ်ပိတ်၍သာ နေလာခဲ့ကြ၏။ ဗမာပညာရှင်တို့ ရေငုံနှုတ်ပိတ်လုပ်နေခဲ့ကြခြင်းသည် မသိ၍နှုတ်ပိတ်နေကြခြင်းလော၊ သို့မဟုတ် သိလျက်နှင့်နှုတ်ပိတ် နေကြခြင်းလောဆိုသည်မှာ စဉ်းစားစရာဖြစ်နေပါသည်။

ပုဂံခေတ်မတိုင်မီကပင် ရခိုင်ဒေသ၊ ပြူဒေသ၊ မွန်ဒေသရှိ လူမျိုးအသီးသီးတို့သည် ကိုယ့်စာပေနှင့်ကိုယ် ရပ်တည်နေထိုင်လာခဲ့ကြသော လူမျိုးများဖြစ်ကြ၏။ ယင်းတို့အနက် ယခုအခါမှာတော့ ပြူလူမျိုးတို့အနေဖြင့် မြန်မာ့မြေမျက်နှာပေါ်တွင် လူမျိုးရော-စာပေပါ အကုန်လုံးဆိတ်သုဉ်းပျောက်ကွယ်သွားခဲ့ကြပြီဖြစ်၏။ အမှန်က ပြူလူမျိုးတို့မှာ နာမည်နှင့်စာသာ ကျန်ရစ်ခဲ့ပြီး၊ လူမျိုးမကျန်ရစ်သောအဖြစ်သို့ ရောက်ရှိသွားခဲ့ကြရခြင်း ဖြစ်ပါသည်။ ယင်းလူမျိုးတို့ကို **"ပြတိုက်ရောက်လူမျိုး"** ဟု ခေါ်ပါသည်။

ပုဂံခေတ်၊ ရာဇကုမာရ်ကျောက်စာ (အေဒီ-၁၁၁၃)ဟူ၍ မပေါ်ပေါက်သေးမီ၊ လေးမြို့ခေတ် (အေဒီ-၈၁၈-မှ-၁၄၃၀-ထိ)၊ **"ရခိုင်စာပေသမိုင်း"** မှ နောက်ကြောင်းပြန်နည်းဖြင့် ခြေရာကောက်ကြည့်သော် ဝေသာလီခေတ် (အေဒီ-၃၂၇-မှ-၈၁၈-ထိ)၊ **"ရခိုင်စာပေသမိုင်း"** ၏ အစီအရီဖူးပွင့်နေသော ကျောက်စာ၊ ကြေးနီပြားစာ၊ ခေါင်းလောင်းစာ၊ စတူပါစာ၊ ဆီးမီးခွက်စာ၊ ဒင်္ဂါးစာ၊ အုတ်ခွက်စာများနှင့်အတူ ရတု၊ မော်ကွန်း၊ လောင်းလျှော်သံအဇ္ဇချင်း၊ စခြွေးဘွဲ့၊

ပါဠိပိဋကတ်၊ သဒ္ဒါဋ္ဌကအစ စာပေများစွာထွန်းကားလျက် ရှိနေကြောင်း တွေ့ရှိကြရမည် ဖြစ်ပါသည်။ ထိုမှဆက်လက်၍ တတိယဓညဝတီခေတ် (ဘီစီ-၅၆၉-မှ-အေဒီ-၃၂၇-ထိ)ကာလကို တစ်ဆင့်တက်၍ မျှော်ကြည့်ကြဦးမည်ဆိုပါက ရခိုင်စာ- **"ရက္ခဝဏ္ဏအက္ခရာ"** ကို စတင်မွေးဖွားပေးခဲ့ရာ **"ဗြဟ္မီအက္ခရာ"** ဟူသော စာပေမီးရှူးတန်ဆောင်အလင်းရောင်ကို ဆက်လက်တွေ့မြင်ကြရဦးမည် ဖြစ်ပါသည်။

အထက်ဖော်ပြပါ အကြောင်းအရာများကို မြန်မာစာပေ (သို့မဟုတ်) ရခိုင်စာပေနှင့်မကင်းသော ပုဂ္ဂိုလ်တိုင်း မသိချင်ယောင်ဆောင်နေဖို့မသင့်ပါကြောင်း အကြံပြုအပ်ပါသည်။ လေ့လာသူတိုင်း သိရှိနိုင်သောအရာလည်း ဖြစ်ပါသည်။

## ဓညဝတီနှင့်ပုဂံဆက်သွယ်မှု

ဓညဝတီနှင့်ပုဂံဆက်သွယ်မှု ခေတ်ပြိုင်အထောက်အထားများကို ရှာကြည့်သော် ဤသို့တွေ့ရ၏။ **"ကြာ၊ အိုး၊ အံ၊ ပုဂံတည်"** ဟူသောဆောင်ပုဒ်အရ **"ပျဉ်ပြားမင်း"** သည် ယခုလက်ရှိ ပုဂံမြို့ကိုတည်ချိန်မှာ ကောဇာ-၂၁၁-ခု၊ ခရစ်အေဒီ-၈၄၉-ခု ဖြစ်၏။ ယင်းအချိန်ထက် (၃၁)နှစ်စော၍ လေးမြို့ခေတ် **"ခေတ္တသင်မင်း"** သည် **"ပဉ္စာမြို့"** ကို သာသနာနှစ်-၁၃၆၂-ခု၊ ကောဇာ-၁၈၀-ခု၊ ခရစ်အေဒီ-၈၁၈-တွင်တည်ဆောက်ထားပြီး ဖြစ်နေပါသည်။

လေးမြို့ခေတ်၊ ပဉ္စာမြို့တည်၊ ခေတ္တသင်မင်းမှ (၁၂)ဆက်မြောက် မင်းဘီလူးကို အေဒီ-၁၀၆၈-တွင် **"ဝရောင်းငှက် အသင်္ချာအမတ်"** က လုပ်ကြံသဖြင့်ကွယ်လွန်သည်။ ထိုအခါ မင်းဘီလူး၏သားဖြစ်သူ အိမ်ရှေ့ဥပရာဇာ **"မင်းရဲဘယ"**သည် မိဖုရား **"စောပေါက်ညို"** (=ပေါက်ညိုမြ) နှင့်အတူ ရခိုင်ပညာရှိအမတ်အချို့လိုက်ပါလျက် **"ဘူးရွက် မညိုးလမ်း"** က အရှေ့ပုဂံပြည်သို့ထွက်ပြေးကာ **"အနော်ရထာမင်း"** ထံ ခိုလှုံခဲ့ရသည်။

**"ဘူးရွက်မညိုးလမ်း"** ဆိုသည်မှာ ပုဂံခေတ် အနော်ရထာမင်း (အေဒီ-၁၀၄၄--၇၇)သည် ရခိုင်က **"ရုပ်ရှင်တော် မဟာမုနိ"** ကို ပုဂံသို့ပင့်ဆောင်မည်ဟု ကြံစည်ကာ စစ်သည်ရဲမက်တစ်သိန်းကျော်ဖြင့် ဖောက်လုပ်ခဲ့သော လမ်းဖြစ်ပါ သည်။ အနော်ရထာမင်းသည် **"မဟာမုနိ"** ကိုပင့်မရသည့်အဆုံး ရခိုင်က ရွှေ၊ ငွေအပါအဝင် ဘုရားဆင်းတုတော် အမြောက်အမြားကို ပုဂံသို့ ယူဆောင်သွားခဲ့သည်။

အေဒီ-၁၀၈၄-တွင် နန်းတက်လာသော ကျန်စစ်သားမင်းလက်ထက်တွင် ပုဂံ၌ခိုလှုံနေသူ **"မင်းရဲဘယ"** ကွယ်လွန်သည်။ သူ့အတွက်မှူကား ရခိုင်ထီးနန်းကိုပြန်လည်ရရှိမှု မကြုံခဲ့ရတော့ပေ။ သူ၏သားဖြစ်သူ **"လက်ျာမင်းနန်"** နှင့်သမီးဖြစ်သူ **"ရွှေဂူသာ"** တို့သည် ပုဂံ၌ပင် ခစားလျက်ရှိနေကြပါသည်။

**"အလောင်းစည်သူ"** ၏အကူအညီဖြင့် ရခိုင်ကို တိုက်၍အောင်မြင်လေသော် **"လက်ျာမင်းနန်"** ကို နန်းတင်ပေး သဖြင့် ရခိုင်ထီးနန်းကို အေဒီ-၁၁၀၃-ခုတွင် ရရှိခဲ့ပါသည်။ ဤသို့လျှင် ဓညဝတီနှင့် ပုဂံသည် လေးမြို့ခေတ်တွင် အပြန်အလှန်ဆက်သွယ်မှုရှိခဲ့ကြပါသည်။ ရခိုင်က **"မင်းရဲဘယ"** မိသားစုတို့ အရှေ့ပုဂံပြည်၌ နေခဲ့ရသောအချိန်ကာလမှာ နှစ်ပေါင်း (၃၅)နှစ်ခန့်ကြာမြင့်ခဲ့ကြောင်း သိရပါသည်။ ဤအကြောင်းကို ရခိုင်ပညာရှိအမတ်ကြီး **"ဘဒူမင်းညို"** က သူ၏စောရွှေကြာချင်း (ခေါ်) မှောက်တော်ချင်း (ခေါ်) ရခိုင်မင်းသမီးချင်း အပိုဒ် (၁၆)တွင် -

**"စမ္ပဝက်၌၊ ဘုန်းခက်စည်ပြုံး၊ ဆယ်ယောက်ကျုံးတွင်၊ အဆုံးစွန်မှုး၊ မင်းဘီလူးကို၊ ကြံထူးလှည့်ပတ်၊ ပုန်ကန်သတ်၍၊ မတ်သင်္ချာ၊ မည်သာတစ်ချက်၊ ဝရောင်းငှက်လျှင်၊ သုံးဆက်ရွှေ့သာ၊ ပဉ္စာမြို့ဟောင်း၊ ကျိန်းပြီးနှောင်းမှ၊ မင်းကောင်းသွေးခဲ၊ မင်းရဲဘယ၊ ပေါက်ညိုမြနှင့်၊ ကြွခဲ့ရှေ့ပြည်၊ ဆွေနှစ်မည်တွင်၊ မြင်သည်**

**သည်းချာ၊ ရွှေဂူသာနှင့်၊ လက်ျာမင်းနန်၊ နန်းရိုးမှန်လျှင်၊ တစ်ဖန်လည်းကောင်း၊ လောင်းစည်သူနိုင်း၊ အယူလှိုင်း၍၊ တလိုင်းတစ်သိန်း၊ ပြူတစ်သိန်းနှင့်၊ အောင်ကျိန်းခါချိန်၊ ပြကွဒိန်လျောက်၊ ပရိန်မြို့သစ်၊ ထောင်လှာလစ်သည်၊ ချစ်နှစ်ပြည်သူ-ယူတည့်လေ။** ။" ဟူ၍ ရေးဖွဲ့စပ်ဆိုခဲ့ပါသည်။

ဤသမိုင်းဖြစ်ရပ်မှာ လေးမြို့ခေတ်တွင် ဓညဝတီနှင့်အရှေ့ပုဂံပြည်တို့ နယ်မြေချင်းဆက်စပ်နေသည့် အလျောက် အပြန်အလှန်ဆက်သွယ်မှု၊ ဆက်စပ်မှုရှိခဲ့ကြပုံကို သမိုင်းနောက်ကြောင်းပြန်ကောက်ပြခြင်း ဖြစ်ပါသည်။

## ဝတီလေးရပ်၊ တိုင်း(၁၂)တိုင်း

တောင်စဉ်ခုနစ်ခရိုင်နှင့်တောင်ခွင်တန်းအထိကို ရခိုင်ရာဇဝင်အရ **"ဒွါရကတိုင်း"** ဟုခေါ်ပါသည်။ ရှေးက ရခိုင်ကို ဝတီခုနစ်ရပ်ဖြင့် ဖွဲ့စည်းထားသည့်အနက် ဒွါရကတိုင်းသည် **"ဒွါရာဝတီ"** ဟူသောနာမည်ဖြင့် ဒေသကြီးတစ်ခု သတ်မှတ်ကာ ရခိုင်ဘုရင်တို့ ခေတ်အဆက်ဆက်အုပ်ချုပ်ခဲ့ကြသည်။

ရခိုင်နယ်မြေကို **"ဒွါရာဝတီ၊ ဓညဝတီ၊ ရမ္မာဝတီ၊ မေဃဝတီ၊ မောရဝတီ၊ သလ္လာဝတီ၊ ဇေယျဝတီ"** ဟူ၍ ဝတီခုနစ်ရပ်အနေဖြင့် သတ်မှတ်ခေါ်ဝေါ် နေကြသော်လည်း ဓညဝတီ၊ ဝေသာလီခေတ်မှစ၍ ရခိုင်မင်းအဆက်ဆက်တို့သည် တိုင်းကြီး (၁၂)တိုင်း ပိုင်းခြားပြီး မြို့စား၊ နယ်စား၊ ချောင်းစား၊ သူကြီး စသည်ခန့်အပ်ကာ အုပ်ချုပ်ခဲ့ကြသည်ကိုလည်း လေ့လာတွေ့ရှိရပေသည်။ အဆိုပါတိုင်းကြီး (၁၂)တိုင်းတို့မှာ -

(၁) နာဂသုန္ဒတိုင်း ■ အာသံနယ်နှင့်ဆက်စပ်လျက်ရှိသောနယ်မြေ။ (၂) မဟိံသကတိုင်း ■ နာဂသုန္ဒတိုင်းနှင့် ရောင်ဖြူနယ်အကြားရှိနယ်မြေ။ (၃) ကမ္ဗရူပတိုင်း ■ ရောင်ဖြူနယ်။ (၄) ဖလံတိုင်း ■ ဖလံထောင်။ (၅) သက်တိုင်း ■ သက်ထောင်။ (၆) ဘိုမင်းတိုင်း ■ ဘိုမင်းထောင်။ (၇) ဘုညားကြီးတိုင်း ■ ဘင်္ဂလား (၁၂)မြို့။ (၈)ဥသုလင်းတိုင်း ■ ပလက်ဝချင်းတောင်ကုန်းဒေသ။ (၉) ရက္ခပူရတိုင်း ■ မြစ်ကြီးလေးသွယ်မြစ်ဝှမ်းဒေသ။ (၁၀) ရမ္မာပူရတိုင်း ■ ရမ်းဗြဲနယ်တောင်ရိုးအထိဒေသ။ (၁၁) မေဃဝတီတိုင်း ■ မာန်အောင်ကျွန်းနှင့်ကျွန်းရံများ။ (၁၂) ဒွါရကတိုင်း ■ တောင်စဉ်ခုနစ်ခရိုင်၊ တောင်ခွင်တန်းမှမော်တင်စွန်း(နဂါးရစ်အငူ)အထိ နယ်မြေတို့ဖြစ်ကြသည်။

နိဂုံးချုပ်ဆိုရသော် **"တောင်စဉ်ခုနစ်ခရိုင်"** ဟု ပြောရုံဖြင့်မပြီး။ အရှေ့တောင်စဉ်လော၊ အနောက်တောင်စဉ်လောဟု ကွဲပြားခြားနားစွာ သိရှိဖို့လိုပါသည်။ အနောက်တောင်စဉ်ကို **"ဒွါရာဝတီတောင်စဉ် ခုနစ်ခရိုင်"** ဟုခေါ်ပြီးလျှင်၊ အရှေ့တောင်စဉ်ကိုတော့ **"ဓညဝတီတောင်စဉ်ခုနစ်ခရိုင်"** ဟုခေါ်ခြင်း ဖြစ်သည်။ ယင်းတောင်စဉ်ခုနစ်ခရိုင်နှစ်ခုလုံးသည်ပင်လျှင် တစ်ချိန်က ရခိုင်ပြည်အတွက် အလွန်အရေးပါခဲ့သော နယ်မြေဒေသများဖြစ်ခဲ့ကြ၏။

ရာဇကုမာရ်မင်းသား အပိုင်စားရရှိခဲ့ပါသည်ဟူသော တောင်စဉ်ခုနစ်ခရိုင်မှာ **"ဓညဝတီတောင်စဉ်ခုနစ်ခရိုင်လော"** (သို့မဟုတ်) **"ဓညဝတီနှင့်တောင်စဉ်ခုနစ်ခရိုင်လော"** ဆိုသည်မှာ ရှင်းလင်းပြတ်သားစွာ ရှိဖို့လိုပါသည်။ ၎င်းအပြင် **"တောင်စဉ်"** ခေါ်ပုံ၊ **"ခရိုင်"** ခေါ်ပုံနှင့် **"တောင်စဉ်ခုနစ်ခရိုင်"** ခေါ်ပုံကအစ ရခိုင်ဒေသိယဝေါဟာရများကိုပါ ရှင်းလင်းပြတ်သားစွာ သိရှိနိုင်ရေးအတွက် **"တောင်စဉ်ခုနစ်ခရိုင်သမိုင်း"** ဟူသောခေါင်းစဉ်ဖြင့် ရေးသားတင်ပြလိုက်ရပေသည်။

**"ရခိုင်ဟူသောလူမျိုးသည် "ပြတိုက်ရောက်လူမျိုး" မဖြစ်ကြပါစေနှင့်။ ။"**

**ဒွါရာဝတီ-အသျှင်ကုသလ**

(ကျမ်းကိုးစာရင်း)

၁။ ဓညဝတီအရေးတော်ပုံကျမ်း ။ ။ အသျှင်ကဝိသာရမထေရ်။
၂။ ရခိုင်မင်းရာဇာကြီးစာတန်း ။ ။ ကိုယ်ရံကြီးအမတ်-မဟာဇေယျသိန်။
၃။ ဦးကုလား မဟာရာဇဝင်ကြီး ။ ။ ဦးကုလား။
၄။ မှန်နန်းမဟာရာဇဝင်တော်ကြီး ။ ။ စုပေါင်းရေးသား။
၅။ ရခိုင်ရာဇဝင်သစ်ကျမ်း ။ ။ အသျှင်စန္ဒမာလာ လင်္ကာရ။
၆။ မြစေတီကျောက်စာအဖွင့်ဋီကာ ။ ။ လှသမိန်။
၇။ ခေတ်မှီမြန်မာရာဇဝင်အကျဉ်း ။ ။ ဦးဖိုးကျား။
၈။ ဒွါရာဝတီ-အသျှင်ကုသလမှတ်စု။

## ဒွါရာဝတီ နယ်နိမိတ်အပိုင်းအခြားနှင့် မှတ်သားဖွယ်ရာများ

ရှေးခေတ်ရခိုင်လူမျိုးတို့ ပိုင်ဆိုင်နေထိုင်ခဲ့ကြသော ရခိုင်ပြည်၏ နယ်နိမိတ်အပိုင်းအခြားကို ဖော်ပြရလျှင် (၁) အနောက်ဘက်တွင် ဂင်္ဂါမြစ်အထိ ဖြစ်၏။ (၂) မြောက်ဘက်တွင်တောင်ညိုကုန်းနှင့် အာသံ၊ ချင်းတွင်း အထိဖြစ်၏။ (၃) အရှေ့ဘက်တွင်ဧရာဝတီမြစ်အဆီခြားနှင့် ငဝန်မြစ်ထိပ်အထိ ဖြစ်၏။ (၄) တောင်ဘက်တွင် မော်တင်နဂါးရစ် အထိဖြစ်၏။

ဤအကြောင်းကို စာဆိုတစ်ဦးဖြစ်သူ ဝါးကျောင်းဆရာလူထွက် ပဏ္ဍိတက သူ၏ **"ဥတေနလင်္ကာနီဂုံး"** တွင် အောက်ပါအတိုင်း ရေးသားစပ်ဆို မှတ်တမ်းတင်ထားခဲ့သည်ကို တွေ့ရသည်။

**" ရှည်မြင့်မူလ၊ ပဌမက ၊ ရဌသမိုင်း၊ ဤသည့်တိုင်းကား၊ ကျယ်ပိုင်းနယ်ဆက်၊ အနောက်ဘက်မှာ၊ ပစ္ဆိမာနှင့်၊ ဒါဂါမြစ်လျှောက်၊ မြောက်ကို တောင်ညို၊ ကုန်းကိုထိခံ၊ အာသံချင်းတွင်း၊ ချောင်းဆင်းရေထွက်၊ ရှေ့ဘက်ဒိသာ၊ ဧရာဝတီ၊ မြစ်ဆီခြားကန်၊ ငဝန်ထိပ်မျှောင်၊ ရှေ့တောင်အဂ္ဂိ၊ ဒက္ခိဏာခွင်၊ မော်တင်ရေလျှပ်၊ သမုတ်ဝင်လွယ်၊ ရခိုင်နယ်လျှင်၊ ဒွမ်းကျယ်ခရီး၊ ပြည်ကြီးဟုကျော်၊ ခုတိုင်ခေါ်၏။"**

ရှေးခေတ်ရခိုင်စာဆိုရှင်တို့ ရေးဖွဲ့စပ်ဆိုထားခဲ့ကြသည့် **"ရခိုင်သာစွလေလင်္ကာ"** တွင်လည်း အောက်ပါ အတိုင်းတွေ့ရှိရသည်။

**"ရခိုင်သားလေ- သာစွလေ။ ။ သာသည်ဝပြော၊ တို့ပြည်ကြောဝယ်၊ မင်းစောထိပ်ချယ်၊ စိုးခါဝယ်၌၊ နယ်ပယ်သတ်မှတ်၊ ပိုင်သည့်ရပ်ကား၊ မြစ်မြတ်ဘာဂီရနဒီ၊ ဝဲယာမှီသား၊ ဂဇီရာဒတ္တာ၊ မောက်သူဇာနှင့်၊ ဗျူလွှာစံပယ်၊ ဆယ့်နှစ်သွယ်လျှင်၊ ပြောကျယ်ဘုညာ၊ မုဒယာနှင့်၊ မုယာဘဖျင်၊ သျှုရနာကင်ဟု၊ ရင်တာမဒီ၊ ဇော်ဂျီတယာ၊ အမည်သာသည်၊ ပြည်ချာမဏ္ဍိုင်၊ ရခိုင်သာယောင့်၊ သာယာစွလေ-သာစွလေ။ ရခိုင်သားလေ- သာစွလေ . . . ။"**

**"သာသည့်အမည်၊ မြို့မင်းပြည်နှင့်၊ သက်ပြည်တသီး၊ သောင်းတီးဟတ္ထိယာ၊ ဗင်္ဂလာနှင့်၊ သျှုသျှာ စန္ဒရမုတ်၊ သီရိဘုတ်ကလနာ၊ ဘင်္ဂလာကတူရေ၊ တထွေကေရော၊ တကြောအာသံရောင်၊ နယ်ကုန်အောင်တည်း၊ ရှေ့ဘောင်မြန်မာ၊ စိုးသည်မှာကား၊ မိစ္ဆာဂီရိ၊ သရက်ထိလျှင်၊ ချမ်းမြို့မဏ္ဍိုင်၊ ရခိုင်သာယောင့်၊ သာယာစွလေ- သာစွလေ။ ရခိုင်သားလေ-သာစွလေ . . . ။"**

ဤကား ရှေးခေတ်က ရခိုင်လူမျိုးတို့ ပိုင်ဆိုင်ခဲ့ကြသော နယ်နိမိတ်အပိုင်းအခြားကို စာဆိုရှင်တို့၏ စာပေသမိုင်း မှတ်တမ်းများအရ ရေးသားဖော်ပြပေးလိုက်ခြင်း ဖြစ်သည်။

ရခိုင်လူမျိုးတို့သည် ရှေးပဝေသဏီကပင် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် ရပ်တည်နေထိုင်လာခဲ့ကြပြီး၊ ရာဇဝင်နောက်ခံနှင့် သမိုင်းအစဉ်အလာကြီးမားခဲ့ကြသည့် လူမျိုးများဖြစ်ကြပါသည်။ ရခိုင်ဆိုသည်မှာနေထိုင်စရာ ကိုယ်ပိုင် တိုင်းပြည်နှင့်တကွ အမျိုး၊ ဘာသာသာသနာ၊ စကား၊စာပေ၊ ယဉ်ကျေးမှု၊ ထုံးတမ်းစဉ်လာ အနုပညာရပ်တို့ဖြင့် ခိုင်ခိုင်မာမာ ရပ်တည်နေထိုင် လာခဲ့ကြသော လူမျိုးများလည်းဖြစ်ကြပါသည်။

ရခိုင်လူမျိုးဆိုသည်မှာ အာရိယန်မျိုးရိုးက ဆင်းသက်လာခဲ့ကြသော လူမျိုးတစ်မျိုးဖြစ်သည်။ ယင်း အာရိယန်မျိုးရိုးက (၁) သကျအမျိုးအနွယ်နှင့် (၂) အာရက္ခအမျိုးအနွယ်ဟူ၍ မျိုးနွယ်နှစ်ခုပေါ်ပေါက်လာခဲ့ကြသည်။

ယင်းတို့အနက် အိန္ဒိယမဇ္ဈိမဒေသ၌ရှိသော သကျအနွယ်ကို **"သာကီဝင်လူမျိုး"** ဟုခေါ်တွင်ခဲ့ကြပြီးလျှင်၊ ရခိုင်ပြည်၌ရှိနေကြသော အာရက္ခအနွယ်တို့က **"ရခိုင်လူမျိုး"** ဟူ၍အမည်ခံခဲ့ကြပါသည်။ အမျိုးမှာတစ်နွယ်တည်းက ဆင်းသက်လာခဲ့ကြသော လူမျိုးများဖြစ်ကြ၏။

ထို့ကြောင့် ရခိုင်မင်းအဆက်ဆက်တို့သည် **"သကျသာကီဝင်မင်း"** ဟူ၍ ခံယူခဲ့ကြသလို၊ ယနေ့မျက်မှောက်ခေတ် ရခိုင်လူမျိုးတို့အနေဖြင့် အာရိယန်အနွယ်၊ အာရိယန်လူမျိုးဟူ၍ ခံယူနေကြသည်မှာလည်း အမှန်ပင်ဖြစ်သည်။မျိုးရိုးနှင့် အနွယ်ကို ဖော်ပြနေခြင်းဖြစ်၍ အမှားမဟုတ်ချေ။

ရခိုင်လူမျိုးတို့သည် သကျသာကီဝင်လူမျိုးထဲက ထူးခြားစွာပွင့်ထွန်းပေါ်ပေါက်လာခဲ့သော **"ဗုဒ္ဓဘုရားရှင်"** ကို အလွန်ကြည်ညိုလေးစားတန်ဖိုးထားသော လူမျိုးများဖြစ်ကြ၏။ ရခိုင်လူမျိုးတို့သည် မြတ်ဗုဒ္ဓအပေါ်၌ မည်မျှကြည်ညိုလေးစားတန်ဖိုးထားခဲ့ကြပါသနည်းဆိုပါမူ **"ဗုဒ္ဓဘာသာ"**ကို မိမိတို့၏ တစ်ခုတည်းသော သက်ဝင်ယုံကြည်ကိုးကွယ်ဆည်းကပ်ကြရမည့် ဘာသာအဖြစ် အသိအမှတ်ပြုခဲ့ကြသည်။ **"ရခိုင်လူမျိုး"** ဟူ၍ ပြောလိုက်သည်နှင့် **"မည်သည့်ဘာသာကို သက်ဝင်ယုံကြည်ကိုးကွယ်ဆည်းကပ်ကြပါသနည်း"** ဟူ၍ နောက်ထပ်မေးနေစရာမလိုအောင် ဗုဒ္ဓဘာသာကို ရှိသေလေးစားတန်ဖိုးထားသော လူမျိုးများဖြစ်ကြပါသည်။

ရခိုင်လူမျိုးစစ်မှန်လျှင် ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်ဆည်းကပ်ကြ၏။ ဗုဒ္ဓဘာသာကို ကိုးကွယ်ဆည်းကပ်သူသည်သာလျှင် ရခိုင်လူမျိုးအစစ်အမှန်ဖြစ်တော့၏။ ဤသို့ဖြစ်ရခြင်းမှာ **"အမျိုးအနွယ်အားဖြင့် တူညီသည့်အတွက် သွေးကစကားပြောသည်"** ဟုဆိုနိုင်သည်။

ရခိုင်လူမျိုးတို့ မှီတင်းနေထိုင်ရာတိုင်းပြည်ကို သက္ကတလို **"အာရက္ခဒေသျ"**၊ **"ရက္ခင်"** (=ရက္ခင်သျှဟု အသံထွက်ပါ)ဟု ခေါ်ပြီးလျှင် ပါဠိဘာသာအနေဖြင့် **"အာရက္ခဒေသ"** ဟူ၍လည်းကောင်း၊ **"မဟိ သကမဏ္ဍလ"** ဟူ၍လည်းကောင်း **"ရက္ခပုရ"** ဟူ၍လည်းကောင်း၊ **"ဓညဝတီ"** ဟူ၍လည်းကောင်း အသီးသီးခေါ်တွင်ခဲ့ကြသည်။

ယင်း **"အာရက္ခဒေသ"** ဟုခေါ်တွင်သည့် ရခိုင်ပြည်ကို ဒွါရာဝတီ၊ ဓညဝတီ၊ ရမ္မာဝတီ၊ မေဃဝတီ၊ မောရဝတီ၊ သလ္လာဝတီ၊ ဇေယျဝတီ ဟူ၍ ဝတီခုနစ်ရပ်ဖြင့် ပိုင်းခြားသတ်မှတ်ထားပြီးလျှင် တိုင်းကြီး(၁၂)တိုင်းအနေဖြင့်လည်း ပိုင်းခြား၍ ရခိုင်ရှင်ဘုရင်တို့ အဆက်ဆက် အုပ်ချုပ်လာခဲ့ကြသည်ကို တွေ့ရသည်။ ယင်းတိုင်းကြီး (၁၂) တိုင်းတို့အနက် **"ဒွါရာဝတီ=တောင်စဉ်ခုနစ်ခရိုင် အပါအဝင်၊ တောင်ခွင်တန်းမှစ၍ ဟိုင်းကြီးကျွန်း,မော်တင်စွန်း (နဂါးရာဇ်)"** အထိသည် **"ဒွါရကတိုင်း"** ထဲတွင် ပါဝင်သည်။

ရခိုင်တို့၏ နယ်နိမိတ်အပိုင်းအခြားကို **"နောက်မှာဘင်္ဂါ၊ တောင်မှာမော်တင်"** ဟူ၍ ရှေးခေတ်ရခိုင်လူမျိုးတို့ ဆိုရိုး စကားပြုထားခဲ့ကြသည်။ ယင်းဆိုးရိုးစကားအရ **"နောက်မှာဘင်္ဂါ"** ဟူသည် (၁) ဂေါတော့ပလ္လင်၊ (၂) ကံသာ၊ (၃)သျှီလက်၊ (၄) ရောင်ပါ၊ (၅) ပဋိက္ခရား၊ (၆) ဒက္ကား၊ (၇) တိလဂီ၊ (၈) ကိုမီလာ၊ (၉) စစ်တကောင်း၊ (၁၀)ဂင်္ဂါသာရ၊ (၁၁) မူရှိဒပတ်(မောက်သူဇာ)၊ (၁၂) ကာရီဆာဟူသော မြို့၁၂-မြို့ကို ခေါ်တွင်ခြင်းဖြစ်သည်။ ယင်းကို ဘင်္ဂါ (၁၂) မြို့ဟူ၍ ခေါ်တွင်ခဲ့ကြသည်။


**"တောင်မှာမော်တင်"** ဟူသည် ဟိုင်းကြီးကျွန်း၊ မောင်တင်စွန်းအထိကို ခေါ်ဆိုခြင်းဖြစ်သည်။ ခရစ်အေဒီ-၁၈၂၆-ခု၊ ဖေဖော်ဝါရီလ (၂၄)ရက်၊ ရခိုင်ကောဇာသက္ကရာဇ်-၁၁၈၇-ခု၊ တပေါင်းလပြည့်ကျော် (၄) ရက်နေ့က ရခိုင်၊ ဗမာ၊ အင်္ဂလိပ်တို့ချုပ်ဆိုခဲ့ကြသည့် **"ရန္တပိုစာချုပ်"** အရ ရခိုင်တို့၏ မူလပိုင်နက်နယ်မြေမှာ **"ဝေနံမြစ်"** **"အပိုင်းအခြား"**၊

**"ဟိုင်းကြီးကျွန်း"** အပါအဝင် **"မော်တင်စွန်း"** အထိဖြစ်သည်။

မြန်မာနိုင်ငံတွင် တော်လှန်ရေးကောင်စီအစိုးရတက်လာပြီးနောက် ရခိုင်ပြည်နယ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြင့် ၁၉၇၄-ခု၊ ဇန်နဝါရီလ (၃) ရက်နေ့တွင် အတည်ပြုပြဌာန်းခဲ့သည်။ ရခိုင်ပြည်နယ်သည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၃)၊ ပုဒ်မ (၃၁)၊ (၄) အရ ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။

ရခိုင်ပြည်နယ်၏ နယ်နိမိတ်ကို ပိုင်းခြားသတ်မှတ်ရာ၌ ရခိုင်၊ ဗမာ၊ အင်္ဂလိပ်တို့ သုံးပွင့်ဆိုင် သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြသည့် **"သမိုင်းဝင်ရန္တပိုစာချုပ်"** ကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုဘဲ ဂွမြို့နှင့် (၁၀)မိုင်အကွာတွင်ရှိသော **"ကျောက်ချွန်ချောင်း၊ ကျောက်ချွန်ရွာ"** ကို ရခိုင်တို့၏ ပိုင်နက်နယ်မြေအဖြစ်အဆုံးထားကာ ကျန်နယ်မြေအားလုံးနှင့်တကွ ဟိုင်းကြီးကျွန်း၊ မော်တင်စွန်းအထိကို **"ဧရာဝတီတိုင်း"** ထဲသို့ ထည့်သွင်းခဲ့ကြသည်။ ယင်းကိစ္စမှာ ရခိုင်တစ်မျိုးသားလုံး၏ သဘောဆန္ဒမပါဘဲ အာဏာရှင်စနစ်တို့၏မူအတိုင်း အတင်းအဓမ္မသိမ်းပိုက်ခဲ့ကြခြင်းဖြစ်သည်။ ပလက်ဝမြို့လည်း အလားတူခံခဲ့ကြရသည်။

အထက်ဖော်ပြပါ အသိမ်းပိုက်ခံရခိုင်နယ်မြေများ၌ အချို့သော ကျေးရွာများဆိုပါလျှင် ယနေ့ထက်တိုင် ရခိုင်စကားပြော၍ ရခိုင်ထုံးတမ်းစဉ်လာယဉ်ကျေးမှုအတိုင်း မူမပျက်ရှိနေသေးသည်ကို တွေ့ရသည်။ ကြာလာလျှင် စိုးရိမ်ရသော အနေအထားမှာရှိနေကြောင်း သတိမူသင့်သည်။



မော်တင်စွန်းစေတီတော်

## ဒွါရာဝတီနယ်မြေဖြစ်ခဲ့ဘူးသော မော်တင်စွန်း

**"မော်၊ ချိုင်၊ ပြင်၊ ကွင်း၊ ချောင်း"** ပါသော စကားများမှာ ရခိုင်လူမျိုးတို့ အများဆုံးအသုံးပြုနေကြသော ဒေသိယဝေါဟာရစကားများ ဖြစ်ကြသည်။ **"မော်တင်စွန်း (သို့မဟုတ်) မော်တင်နဂါးရစ်"** ဟူသော စကားသည်ပင်လျှင် ရခိုင်လူမျိုးတို့ ပေးထားသော အမည်နာမပင်ဖြစ်သည်။ **"မော်"** ပါသောရွာနှင့် ဒေသများကို ရခိုင်ပြည်နေရာအနှံ့အပြားတွင် များစွာတွေ့ရှိနိုင်ပါသေးသည်။

**"မော်တင်စွန်းဘုရား"** ဆိုသည်မှာလည်း ရခိုင်ပြည်၊ မြောက်ဦးမြို့၊ ဒုတိယနန်းဆက်၊ မင်းဗာကြီးမှ (၆) ဆက်မြောက် မင်းရာဇာကြီး (အေဒီ-၁၅၉၃ မှ ၁၆၁၂ထိ) အေဒီ -၁၅၉၉ (ရခိုင်ကောဇာ-၉၆၁ခု) နှစ်တွင် ဟံသာဝတီ (ပဲခူး)သို့ စစ်ချီရာမှအပြန် လမ်းခရီးအကြားမော်တင်စွန်းသို့ရောက်သောအခါ အသက်အရွယ်ကြီးရင့်ပြီဖြစ်သော **"အမတ်ကြီးမဟာပညာကျော်"** ကွယ်လွန်အနိစ္စရောက်ရှိခဲ့သည်။

မင်းရာဇာကြီးသည် ခရီးစဉ်ကို ရပ်နားကာ မင်းခြောက်ဆက်တိုင်တိုင် အမှုတော်ထမ်းရွက်ခဲ့သော ပညာရှိအမတ်ကြီး မဟာပညာကျော်အား ကြီးကျယ်ခမ်းနားစွာ သဂြိုဟ်တော်မူခဲ့သည်။ အမတ်ကြီးကို ဂုဏ်ပြုသောအားဖြင့် သချိုင်းရာပေါ်တွင် ဘုရားစေတီတော်တစ်ဆူကိုလည်း တည်ထားတော်မူခဲ့လေသည်။ ထိုစေတီတော်ကို ယနေ့ထက်တိုင် **"မော်တင်စေတီ"** ဟု သမိုင်းတွင်လျက်ရှိနေသည်။

## ဒွါရာဝတီနယ်မြေက ဂွမြို့ရှိ မင်းတောင်စေတီ

ထိုမှဆက်လက်၍ ရခိုင်ဘုရင်မင်းရာဇာကြီးသည် ခရီးစဉ်အတိုင်းရေကြောင်းခရီးဖြင့် ချီတော်မူလာခဲ့ရာ နောင်အခါ **"ဂွမြို့"** ဖြစ်လာမည့် နယ်မြေဒေသသို့ ရောက်သောအခါ၌လည်း ခရီးစဉ်ကို ရပ်နားကာ တောင်ကုန်းထက်တွင် စေတီတော်တစ်ဆူကို တည်ထားပူဇော်တော်မူခဲ့သည်။ မင်းကိုယ်တိုင်ဦးဆောင်လျက် ဘုရားစေတီတည်ထားသော တောင်ကို **"မင်းတောင်"** ဟုခေါ်တွင်ပြီး၊ စေတီတော်ကိုလည်း **"မင်းတောင်စေတီ"** ဟု ယနေ့ထက်တိုင် သမိုင်းတွင်လျက်ရှိနေသည်။

စာရေးသူသည် **"မင်းတောင်ဘုရားနှင့်ဂွမြို့မြေ"** ၏ သဘာဝအလှအပတို့ကိုခံစားလျက် အောက်ပါကဗျာတိုကလေးကို ရေးဖွဲ့ဖြစ်ခဲ့သည်။

**"ဂွမြို့မြေ"** သဘာဝ
လှပလို့ ဝေဖြာ။
သမိုင်းဝင် **"မင်းတောင်ဘုရား"** နဲ့
ခံ့ညားလှတာ။
အပန်းဖြေဖို့ **"ကမ်းသာယာ"**
နေချင်စရာတစ်ပါး။
**"ရေမြက်တောင်"** ရှုမျှော်ခင်းက
ရှင်းလှတကား။ ။

**ငွေသဇင်(သံတွဲ)**

## ဒွါရာဝတီ–တောင်ခွင်တန်းက အသျှင်သီလဝံသ

ဒွါရာဝတီ-သံတွဲမြို့စား ပိုင်ဆိုင်အုပ်ချုပ်ခဲ့ရာ နယ်မြေအတွင်း၌ တောင်ခွင်တန်းနယ်မြေသည်လည်း အလွန်အရေးပါသော နယ်မြေတစ်ခုဖြစ်ခဲ့သည်။ တောင်ခွင်တန်းနယ်မြေဟူသည် **"ကျိန္တလီမှ ဟိုင်းကြီးကျွန်း၊ မော်တင်စွန်းအထိ"** ကို ခေါ်ဆိုခြင်းဖြစ်သည်။

ထိုဒေသ၌ သီတင်းသုံးနေထိုင်လျက်ရှိကြကုန်သော ရဟန်းသံဃာတော်များကို စီမံအုပ်ချုပ်ရန်အတွက် သာသနာပိုင် (လက်ခွဲ) ထားရှိကာ အုပ်ချုပ်စေခဲ့သည်။ ထိုဆရာတော်ကို **"တောင်ခွင်သာသနာပိုင်"** ဟုခေါ်တွင်စေခဲ့သည်။

တောင်ခွင်တန်းနယ်မြေတွင် လွန်ခဲ့သောနှစ်ပေါင်း (၂၁၆)နှစ်ခန့်က အလွန်ထင်ရှားသော ရဟန်းစာဆိုတော်တစ်ပါးလည်း ပေါ်ထွန်းခဲ့ပါသေးသည်။ ဘွဲ့တော်မှာ **"ဒွါရာဝတီ-တောင်ခွင်တန်း-အသျှင်သီလဝံသ"** ဟုခေါ်တွင်သည်။ ဆရာတော်၏ ထင်ရှားသောကျမ်းမှာ **"နိဗ္ဗာန်ဩဇာလင်္ကာနှင့်စကားပြေကျမ်း"** ဖြစ်သည်။ ဆရာတော်သည် ထိုကျမ်းကို ကောဇာ-၁၁၆၁-ခု (ခရစ်အေဒီ-၁၇၉၉)က ရေးသားခဲ့ခြင်းဖြစ်ရာ၊ ယခုဤဆောင်းပါးကို ရေးသားနေသော အချိန်အထိဆိုပါလျှင် နှစ်ပေါင်း-(၂၁၆)နှစ်ခန့်ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ အဆိုပါကျမ်းမှာ ပညာရှင်တို့ အထူးချီးမွမ်းရလောက်အောင် ကောင်းမွန်သော ကျမ်းမြတ်တစ်စောင်လည်း ဖြစ်သည်။ထိုကျမ်းပါစာသားများကို လေ့လာဖတ်ရှုကြည့်ခြင်းအားဖြင့် ထိုဒေသ၌ရှေးကနေထိုင်ခဲ့ကြသော လူမျိုးများမှာ ရခိုင်စကားပြောသော ရခိုင်လူမျိုးများအစစ်ဖြစ်ကြောင်း သိရှိရသည်။

## ဒွါရာဝတီနှင့်ဟံသာဝတီဆက်သွယ်မှု

ဒွါရာဝတီနယ်မြေ၏ နယ်နိမိတ်အပိုင်းအခြားကို ဓညဝတီခေတ် (ဘီစီ-၃၃၂၅-မှအေဒီ-၃၂၆ ထိ) တွင် မည်မျှရှိခဲ့သည်ကို မသိရှိနိုင်သော်လည်း၊ ဝေသာလီကျောက်လှေကားခေတ် (အေဒီ-၃၂၇-မှ-၈၁၈-ထိ) တွင်လည်းကောင်း၊ လေးမြို့ခေတ် (အေဒီ-၈၁၈-မှ-၁၄၃၀-ထိ)တွင်လည်းကောင်း၊ မြောက်ဦးခေတ် (အေဒီ-၁၄၃၀-မှ ၁၇၈၄-ထိ) တွင်လည်းကောင်း၊ မြောက်ဘက်တွင် **"ဒါးလက်ချောင်း"** (တစ်နည်း) **"အမ်းချောင်း"** အထိဖြစ်ပြီးလျှင်၊ တောင်ဘက်တွင် **"မော်တင်စွန်း-ဟိုင်းကြီးကျွန်း"** အထိဖြစ်သည်။

ရခိုင်တို့၏ ဒွါရာဝတီနယ်မြေနှင့် မွန်တို့၏ ဟံသာဝတီနယ်မြေမှာ နယ်မြေချင်းဆက်စပ်လျက်ရှိသည်။ **"ဝေန်မြစ်"** သည် ရခိုင်တို့၏ဒွါရာဝတီနယ်မြေနှင့် မွန်တို့၏ဟံသာဝတီနယ်မြေကို ပိုင်းခြားထားသော နယ်စပ်စည်းခြားမြစ်ဖြစ်သည်။

ရခိုင်သက္ကရာဇ်-၇၅၀-ခု(အေဒီ-၁၃၈၈) တွင် မွန်တို့၏ ဟံသာဝတီဘုရင် ရာဇာဓိရာဇ်၏ အန္တရာယ်ကြောင့် မြောင်းမြမြို့စား **"လောက်ဖျား"** သည် ဓညဝတီဘက်သို့ ထွက်ပြေးခိုလှုံခဲ့ရသလို၊ ပုသိမ်မြို့စား **"လောက်ရှိန်"**သည်လည်း သားမယားနှင့် ရွှေငွေရတနာတို့ကို ဆင်ပေါ်တင်၍ နောက်လိုက်ရဲမက်ဗိုလ်ပါနှင့်တကွ ဒွါရာဝတီ-သံတွဲမြို့သို့ ထွက်ပြေးခိုလှုံခဲ့ရသည်။

ဒွါရာဝတီ-သံတွဲမြို့စား နရနု(နရမိတ်လှ-မင်းစောမွန်၏ညီ) သည်လည်း ရခိုင်သက္ကရာဇ်-၇၆၉ခု(အေဒီ-၁၄၀၆-၁၄၀၇) တွင် အင်းဝဘုရင်မင်းခေါင်၏သား **"မင်းရဲကျော်စွာ"** ၏အန္တရာယ်ကြောင့် စစ်အင်အားမမျှတသဖြင့် ဟံသာဝတီဘုရင်ရာဇာဓိရာဇ်ထံသို့ ထွက်ပြေးခိုလှုံခဲ့ရသော သာဓကများရှိခဲ့ကြသည်။

အထက်ဖော်ပြပါ အကြောင်းအရာမှာ ရခိုင်နှင့် မွန်တို့ စစ်ရေး၊ နိုင်ငံရေးအရ အပြန်အလှန်ဆက်သွယ်မှုရှိကြောင်း သမိုင်းအထောက်အထားများပင်ဖြစ်သည်။ ဤအကြောင်းကို **"စည်သူဂါမဏိသင်္ကြံအမတ်"**ရေးသားထားခဲ့သည့် **"ရာဇာဓိရာဇ် အရေးတော်ပုံကျမ်း"** တွင် အကျယ်တွေ့ရှိနိုင်သည်။

ရခိုင်နှင့်မွန်တို့သည် ခေတ်အဆက်ဆက် နယ်မြေချင်းဆက်စပ်လျက်ရှိခဲ့ကြကြောင်း သမိုင်းကဆိုထားပြီး ဖြစ်သည်။ မွန်လူမျိုးတို့တွင်လည်း သူတို့၏ ပိုင်နက်နယ်နိမိတ်အပိုင်းအခြားကို သုံးပိုင်း (သုံးရပ်) ခွဲခြားထားလျက် ရှိသည်။ ယင်းကို ရာမညသုံးရပ် (တစ်နည်း) တလိုင်းသုံးရပ်ဟူ၍ခေါ်တွင်သည်။ ယင်းတို့မှာ (၁) သထုံနှင့်မုတ္တမ၊ (၂) ဒဂုံနှင့်ဒလ၊ (၃) ပုသိမ်နှင့်မြောင်းမြဟူ၍ ဖြစ်သည်။ အဆိုပါဒေသများမှာ တစ်ချိန်က မွန်လူမျိုးတို့ ပိုင်ဆိုင်နေထိုင်ခဲ့ကြသော ဒေသများဖြစ်ကြ၏။

ရခိုင်နှင့်မွန်တို့သည် စကားပြောမတူ၊ စာပေချင်းမတူသော်လည်း ဗုဒ္ဓဘာသာကိုးကွယ်မှုမှာ အတူတူပင် ဖြစ်သည်။ ယဉ်ကျေးမှုနှင့်အနုပညာရပ်တို့မှာလည်း ကိုယ်ပိုင်ရပ်တည်မှုဖြင့် နေထိုင်လာခဲ့ကြသည်။

## မင်းရာဇာကြီးလက်ထက် ဒွါရာဝတီတောင်စဉ်ခုနစ်ခရိုင်

ဒွါရာဝတီနယ်မြေအပိုင်းအခြားနှင့်ပတ်သက်၍ ရခိုင်ဘုရင်မင်းရာဇာကြီးလက်ထက် (အေဒီ-၁၅၉၃-ခု ၁၆၁၂-ထိ) အေဒီ-၁၆၀၄-ခု၊ ရခိုင်ကောဇာ ၉၆၆-ခုက အဖြစ်အပျက်တစ်ခုကို တင်ပြပါမည်။

**"ကြွေတဲတပ် တလိုင်းတစ်ထောင်ထွက်ပြေး၍ တောင်ခွင်စားက ဆီးကြိုကာ ဖမ်းဆီးရမိသည်။ ထို အကြောင်းကို ဘုရင်မင်းရာဇာကြီးထံ လျှောက်ထားလေရာ၊ ဘိုးတော်မင်းဗာကြီးလက်ထက်က ထပ်မံဆင့်ပွား ကုသိုလ်ပြုခဲ့သော ဆံတော်၊ အံတော်၊ နံတော်ဘုရားသုံးဆူမှာ ကျောက်စာထိုး၍ လှူတော်မူသည်။**

**ဘိုးတော်မင်းဗာကြီးလှူခဲ့သော ကုလားလေးထောင်ကိုလည်း နောက်ထပ်လှူတော်မူသည်။ တလိုင်း တစ်ထောင်ဘုရား အသည်၊ သင်္ကျီတို့စားရန် မြေများကိုလည်း ကြိမ်သလီ(ကျိန္တလီ)၊ မီးချောင်းရဲ၊ သလူ၊ ကမျစ်၊ မော်တင်အထိ လယ်ချည်းနှစ်သောင်း ဝတ်မြေထပ်၍ လှူတော်မူပြန်သည်။"** ဟု ရခိုင်မင်းရာဇာကြီးစာတန်း၊ ဂ-ကြောင်းပေမူ၊ ခေါ်-ချပ်၊ ကျောတွင်လည်းကောင်း၊ ရခိုင်ရာဇဝင်သစ်ကျမ်း (ဒု-တွဲ၊ စာ-၁၅၃၊၁၅၄) တွင်လည်းကောင်း တွေ့ရသည်။

ဒွါရာဝတီနယ်မြေကို **"တောင်စဉ်ခုနစ်ခရိုင်"** (သို့မဟုတ်) **"တောင်စဉ်ကမ်း၊ တောင်ခွင်တန်း"** ဟူသော အသုံးအနှုန်းဖြင့် ပိုင်းခြားသတ်မှတ်ထားသည်။ တောင်စဉ်ခုနစ်ခရိုင်ဆိုသည်မှာ (၁)မအီချောင်း၊ (၂)လမူးချောင်း၊ (၃) တန်းလွဲချောင်း (၄)တောင်ကုတ်ချောင်း၊ (၅)သူငွေးချောင်း၊ (၆) သံတွဲချောင်း (၇) ကျိန္တလီချောင်းဟူ၍ ရိုးပေါက်ချောင်းကြီး ခုနစ်ချောင်း ကို ခေါ်ခြင်းဖြစ်သည်။ ချောင်းဆိုသည်မှာ ရွာပေါင်း (၂၀)ကျော်၊ (၃၀)စသည်ရှိသော နယ်မြေဒေသကို ခေါ်ခြင်းဖြစ်သည်။

မထင်မရှားရှိကြသော ချောင်း(ဒေသ)များမှာ ချောင်းတို (ရွာနည်း)သဖြင့် နီးစပ်ရာထင်ရှားသော (တနည်း) ချောင်းစား၊နယ်စားခန့်အပ်ခြင်းခံထားရသော နယ်မြေဒေသနှင့်ပူးပေါင်း၍ ချောင်းစား၊နယ်စားများက အုပ်ချုပ်ရသည်။ အဆိုပါ **"တောင်စဉ်ခုနစ်ခရိုင်"** သည် သမိုင်းနှင့်ချီ၍ ကြာမြင့်ခဲ့ပြီဖြစ်သော သမိုင်းဝင်နေရာဒေသများ ဖြစ်ကြသည်။

အဆိုပါ တောင်စဉ်ခုနစ်ခရိုင်တွင် ခရိုင်တစ်ခုလျှင် မြို့တစ်မြို့သတ်မှတ်ရန် အလွန်သင့်တော်သော နယ်မြေ

ဒေသများဖြစ်ကြ၏။ ယင်းခုနစ်ခရိုင်တွင် **"သံတွဲနှင့်တောင်ကုတ်"** နှစ်မြို့သည်သာလျှင် ရှေးကရှိခဲ့ပြီးဖြစ်သော သမိုင်းဝင်မြို့များ ဖြစ်ကြ၏။ အင်္ဂလိပ်အစိုးရလက်ထက်က တည်ထားသတ်မှတ်ပေးခဲ့သော **"ဂွမြို့"** နှင့် ပေါင်းပါမှ သုံးမြို့ဖြစ်လာသည်။

န. ဝ. တ၊ န. အ. ဖ အစိုးရလက်ထက်က **"မအီနှင့်ကျီခွလီ"** ကို မြို့နယ်ခွဲသတ်မှတ်လိုက်သဖြင့် စုစုပေါင်း (၅) မြို့ဖြစ်လာပြန်သည်။ အလားတူ ကျန်ရှိနေသေးသော -

(၁) လမူးချောင်း ။ လမူးမြို့

(၂) တန်းလွဲချောင်း ။ တန်းလွဲမြို့

(၃) သူဌေးချောင်း ။ သူဌေးမြို့ စသည်ဖြင့် သတ်မှတ်နိုင်သေးသည်။ ရွှေလှေသည် **"တော်လှန်ရေးကောင်စီခေတ်"** က ကျောက်ကြီးနှင့်အတူ မြို့နယ်ခွဲအဆင့်သို့ တိုးမြှင့်ကာပေးခဲ့ပြီး ဖြစ်သည်။ နောက်ပိုင်းတွင် မည်သည့်အကြောင်းကြောင့်ဟု မသိရှိရဘဲ မြို့နယ်ခွဲအဖြစ်မှ ပြန်လည်ရုတ်သိမ်းသွားခဲ့သည်။

ယခုအခါ၌ ဒွါရာဝတီနယ်မြေက ကမ္ဘာကျော် ငပလီကမ်းခြေကို ၂၀၁၃-ခု၊ အောက်တိုဘာလတွင် နိုင်ငံတော်အစိုးရက **"ငပလီကမ်းခြေမြို့"** အဖြစ် အတည်ပြုသတ်မှတ်ပေးခဲ့သည့်အတွက် နောက်ထပ်မြို့တစ်မြို့ ထပ်မံပေါ်ပေါက်ခွင့်ရလာခြင်း ဖြစ်သည်။

ဗမာပြည်မတွင်မူ ရခိုင်တို့၏ တောင်စဉ်ခုနစ်ခရိုင်အဆင့်လောက်မရှိပါဘဲ မြို့နယ်ပေးထားသော မြို့များမှာ မြောက်မြားစွာရှိနေပြီး ဖြစ်သည်။ ရခိုင်ပြည်ကို ရခိုင်ရှင်ဘုရင်တို့ အုပ်ချုပ်စဉ်ကာလက လက်ဝဲ (၉၉) မြို့၊ လက်ယာ (၉၉) မြို့ရှိခဲ့ကြောင်း သမိုင်းမှတ်တမ်းအတိအကျရှိသည်။

## ဒွါရာဝတီနယ်မြေက ရခိုင်လူမျိုး

ဒွါရာဝတီနယ်မြေဒေသ၌ နေထိုင်ကြသော လူမျိုးများကို အခြေခံသမိုင်းရင်းမြစ်ကို မသိသောသူများက ပြူ (ပျူ) လိုလို၊ ကမ်းယံလိုလို ထင်မှတ်လျက်ရှိကြ၏။ ဗမာသမိုင်းဆရာတို့ကလည်း ယင်းကဲ့သို့ ထင်မှတ်အောင် ကျောင်းသင်ခန်းစာများတွင် ရေးသားကာ သင်ကြားခိုင်းလျက်ရှိကြသည်။

ရခိုင်ရိုးမတောင်၏ အနောက်ဘက်ခြမ်းတွင် ရခိုင်လူမျိုးများနေထိုင်ကြပြီး ရခိုင်ရိုးမတောင်၏ အရှေ့ဘက်ခြမ်းတွင် ပြူ ကမ်းယံ၊ သက်လူမျိုးများနေထိုင်ကြသည်။ သူတို့၏ နယ်မြေမှာ **"သရေခေတ္တရာ"** ဖြစ်၏။

ခေတ်သစ်ဗမာသမိုင်းဆရာများက **"သုပဏ္ဏနဂရချိန္နမင်း"** နန်းစံ (၁၁)နှစ်မြောက် (ဒေါ်ဒေါ်ရသကိန်းပြီးပြီးနောက် ပြူသက္ကရာဇ်-၁၆-ခု) ရောက်သောအခါ သရေခေတ္တရာရသေ့မြို့ ပျက်စီးခြင်းသို့ ရောက်ခဲ့ရ၏။ ထိုအခါ ပြူ ကမ်းယံ၊ သက်ဟူသော လူမျိုးသုံးစုကွဲပြားကာ ဒွါရာဝတီနယ်မြေဒေသသို့ ကမ်းယံလူမျိုးများ ရောက်ရှိနေထိုင်လာရာမှ ကမ်းယံပြည်၊ ကမ်းယံဒေသ ဟုခေါ်တွင်ကြောင်း ရေးသားဖော်ပြနေကြသည်ကို တွေ့ရသည်။

ဤကိစ္စမှာ အခြေခံသမိုင်းကြောင်းကို မသိသောသူများ၏ ရေးသားချက်မျှသာဖြစ်၏။ အတိအကျ သိချင်ကြပါမူ **"ပြည်မြို့၊ ရွှေဆံတော်သမိုင်း၊ ရွှေပိန်းချ၊ ၁၀-ကြောင်းပေမူ"** ကို ဖတ်ရှုကြည့်ကြပါက ပို၍ရှင်းသွားပေလိမ့်မည်။

ထိုသမိုင်းဆရာများအား စာရေးသူက ပြန်၍ မေးခွန်းထုတ်လိုသည်မှာ **"အဘယ်ကြောင့် သရေခေတ္တရာပျက်စီးခြင်းသို့ ရောက်ခဲ့ရသနည်း"** ဟူ၍ပင် ဖြစ်ပါသည်။ သရေခေတ္တရာပျက်စီးခဲ့ခြင်း၏ အခြေခံအကြောင်းရင်း

အမှန်ရှိခဲ့ပါလျက် ယင်းအမှန်ကို ဖျောက်ဖျက်လို၍ တရုတ်နန်ကျောင်တို့ကို စွပ်စွဲကာ သမိုင်းမှန်ကို နည်းမျိုးစုံဖြင့် ဖုံးကွယ်ခဲ့ကြသည်။

ဒေါက်တာသန်းထွန်းဆိုသူ သမိုင်းဆရာက **"ပြူတွေဘယ်ပျောက်သွားသလဲ"** ဟူသော မေးခွန်းကိုမေးကာ ၂၀၀၆-ခုနှစ်၊ ဇူလိုင်လက စာအုပ်တစ်အုပ်ပင် ထုတ်ခဲ့ပါသေးသည်။ ယင်းမေးခွန်းကို စာရေးသူအနေဖြင့် အတိုချုပ်၍ အဖြေပေးရပါမူ **"ပြူဂါမ-ပုဂါမ-ပုဂါမ်-ပုဂံ" ၌ရှိခဲ့ကြသော ပြူလူမျိုးတို့သည် တရုတ်ပြည်ယူနန်တောင်ပိုင်းမှ အေဒီ-၈၃၂-၈၃၅ ခန့်တွင် ထွက်ပြေးရောက်ရှိလာခဲ့ကြသော မန်လူမျိုးများ၊ အနော်ရထာမင်းလက်ထက် အေဒီ-၁၀၅၇တွင် မွန်လူမျိုးတို့၏ သုဝဏ္ဏဘူမိ-သထုံမြို့ကို စစ်ချီရာ၌ မနုဟာမင်းနှင့်အတူ သိမ်းနှင့်ချီ၍ ဖမ်းဆီးခေါ်ဆောင်လာခဲ့ကြသော မွန်လူမျိုးများနှင့် သွေးနှောပေါင်းစပ်သွားခဲ့ကြရာမှ ပြူလူမျိုးများ ပျောက်ကွယ်သွားခဲ့ရခြင်းဖြစ်သည်။"** ဟူ၍ အဖြေပေးလိုပါသည်။

## ဒွါရာဝတီမြို့က မေတ္တေယျရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီးကို ပြူတို့ဖျက်ဆီးရာက သရေခေတ္တရာပျက်စီးရခြင်းအကြောင်း

မဇ္ဈိမဒေသက **"ဝိဒေဟရာဇ်"** အမည်ရှိသော မင်းသည် **"ပါတလိ"** အမည်ရှိသောမြို့ကို တည်ထောင်တော်မူ၏။ ထိုမင်းမှ (၁၇၇)ဆက်မြောက်နောက်ဆုံးမင်းဖြစ်သော **"ဥပကံသမင်း"** မှာ (၁) သံဝရကုမ္မာ၊ (၂) သီရိကုမ္မာ၊ (၃)ဝရကုမ္မာ ဟူ၍ သားတော်သုံးပါးထွန်းကားခဲ့သည်။

သားတော်ကြီး **"သံဝရကုမ္မာမင်းသား"**ကို မိမိ၏ထီးနန်းကို ဆက်ခံရန် နန်းညွှန့်နန်းလျာအဖြစ် ထားတော်မူ၏။ သားတော်အလတ်ဖြစ်သော **"သီရိကုမ္မာမင်းသား"** ကို ခရိုင်ခြားလျက် **"အယုဇ္ဈပူရတိုင်း"** ကို ပေးတော်မူ၏။ ထိုအခါ သီရိကုမ္မာမင်းသားသည် **"ဒွါရာဝတီမြို့"** ကို တည်ထောင်တော်မူ၍ ထီးနန်းစိုက်တော်မူပါသည်။ သားတော်အငယ်ဖြစ်သော **"ဝရကုမ္မာမင်းသား"** ကိုလည်း **"ရက္ခပူရတိုင်း"** ကို ပေးသနားတော်မူ၏။ ယင်း ဝရကုမ္မာမင်းသားသည်လည်း **"ဝေသာလီမြို့"** ကို တည်ထောင်တော်မူ၍ ထီးနန်းစိုက်တော်မူခဲ့ပါသည်။

ဒွါရာဝတီမြို့ကို စတင်တည်ထောင်သောမင်းကို **"သီရိကုမ္မာမင်း"** (တစ်နည်း) **"ဥလာတမင်း"** ဟူ၍ ခေါ်ပါသည်။ သီရိကုမ္မာမင်းမှ (၅)ဆက်မြောက်မင်းမှာ **"ဝတကံမင်း"** ဖြစ်သည်။ ယင်းဝတကံမင်းလက်ထက်တွင် ဝါသုဒေဝစသော ဒသဘာတိကညီနောင်တစ်ကျိပ်တို့ ဒွါရာဝတီမြို့ကို သိမ်းပိုက်အောင်မြင်ခဲ့ကြခြင်းဖြစ်သည်။ ယင်းမှစ၍ **"သံတွဲမြို့"** ဟုအမည်တွင်လာခဲ့ခြင်း ဖြစ်သည်။ ခေတ်ကာလသက်တမ်းမှာ ကုသမင်းသက္ကရာဇ်-၄၀၀၀-မတိုင်မီဘီစီ-၆၀၀၀-ခန့် ကာလကဖြစ်ကြောင်း သမိုင်းသုတေသီတို့က ခန့်မှန်းကြသည်။

ဒွါရာဝတီ-သံတွဲမြို့ထီးနန်းကို မင်းအဆက်ဆက်အုပ်ချုပ်လာခဲ့ကြရာမှ ဘီစီ-၅၆၉-ခုအရောက်တွင် **"သီဠဝမင်း"** စိုးစံအုပ်ချုပ်နေချိန်ဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင်သည် မဟာသက္ကရာဇ်-၁၂၃-ခု၊ ကဆုန်လပြည့်ကျော် (၁) ရက်၊ ကြာသပတေးနေ့တွင် ဧရာဝတီမြို့တော်မှတစ်ဆင့် ဒွါရာဝတီ-သံတွဲမြို့သို့ ကြွချီတော်မူလာခဲ့ရာ မြို့၏အရှေ့ဘက်အရပ် တစ်ခုသော တောင်ကုန်းထက်တွင် ရပ်တန့်တော်မူကာ ဗျာဒိတ်စကားမိန့်ကြားတော်မူခဲ့ပါသည်။ အဆိုပါ တောင်ကုန်းကို **"တန့်တော်မူတောင်"** ဟု ယနေ့ထက်တိုင် ခေါ်တွင်လျက်ရှိသည်။

မြတ်ဗုဒ္ဓ၏ မိန့်ကြားတော်မူချက်အရ ဒွါရာဝတီ-သံတွဲမြို့ကို အုပ်ချုပ်သူ **"သီဠဝမင်း"** သည် မဟာသက္ကရာဇ်-

၁၂၃-ခု၊ (ဘီစီ-၅၆၉) တပေါင်းလပြည့်နေ့ (ဓညဝတီမြို့တော်၌ မဟာမုနိဘုရားကြီးသွန်းလုပ်ပြီး (၁၀)လမြောက်နေ့) တွင် ဒွါရာဝတီ-သံတွဲမြို့ရှိ **"သဗ္ဗသီရိမုနိစတ္တကုန်းမြေ"** (ယခု-လေးမျက်နှာကုန်းမြေ)ပေါ်၌ ညာဏ်တော် (၁၈)တောင် အမြင့်ရှိသော၊ **"မေတ္တေယျ"** အမည်ရှိသော ရုပ်တော်မူဗုဒ္ဓဆင်းတုတော်ကြီးတစ်ဆူကို ရွှေသားအတိဖြင့် သွန်းလုပ်ပူဇော်ခဲ့ကြသည်။ အဆိုပါ ဘုရားကြီးကို **"မေတ္တေယျ ရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီး"** ဟု ဘွဲ့အမည်ကို ခေါ်တွင်စေခဲ့သည်။

အရှေ့ပြည်သရေခေတ္တရာက ပြူလူမျိုးတို့လက်ချက်ကြောင့် ရွှေဆင်းတုဗုဒ္ဓရုပ်ပွားတော်ကြီး ဖျက်ဆီးခံရသောနှစ်မှာ ပြူတို့၏ သရေခေတ္တရာရသေ့မြို့၌ **"သုပညာနဂရဆိန္နမင်း"** နန်းစံ (၁၁)နှစ်မြောက်၊ သာသနာတော်သက္ကရာဇ် (၆၄၁)ခု၊ ခရစ်အေဒီ (၉၇) တွင် ဖြစ်သည်။ ရခိုင်အနေဖြင့်မူ တတိယဓညဝတီခေတ် (ဘီစီ-၅၈၀-မှ အေဒီ-၃၂၇ အထိ)၊ စန္ဒာသူရိယမင်းမှ (၁၆)ဆက်မြောက် **"သူရိယစိတြမင်း"** လက်ထက် (အေဒီ-၇၉-မှ-၁၁၅-ထိ) တွင် ဖြစ်သည်။

ပြူတို့၏ သရေခေတ္တရာရသေ့မြို့ ပျက်စီးရခြင်းသည် ဒွါရာဝတီ-သံတွဲမြို့က မေတ္တေယျရွှေဆင်းတုဗုဒ္ဓရုပ်ပွားတော်ကြီးကို ဖျက်ဆီးကာ ဘုရားရွှေကို ကိုယ်ကျိုးအဖြစ်အသုံးပြုရာက စတင်ခဲ့ကြောင်း ရခိုင်ရာဇဝင်၊ မှန်နန်းရာဇဝင်၊ မဟာရာဇဝင်ကြီးဋီကာ၊ ဦးကုလားရာဇဝင်နှင့် ရွှေဘုံနိဒါန်းတို့၌ အခိုင်အမာဆိုထားပြီး ဖြစ်သည်။ မုံရွေးဆရာတော် (၁၁၂၈-၁၁၉၆) က သူ၏ **"ရာဇောဝါဒမေတ္တာစာ"** အပိုဒ် (၁၂၇)တွင်လည်း -

**"မိတေယျအတု၊ ရွှေရုပ်တုပြောင်ပြောင်၊ အတောင်ရှစ်ဆယ်၊ ကြီးကျယ်စွင့်စွင့်၊ လွှားလွှားမြင့်ကို၊ ဖိုကျင့်ထိုး၍၊ ရသေ့မြို့အလုံး၊ ယူကြသုံးသဖြင့်၊ ဆုံးဘူးသည်တဝ။"** ဟူ၍ သတိသံဝေဂယူစရာအဖြစ် ရေးဖွဲ့ထားခဲ့သည်။

အထက်ဖော်ပြပါအတိုင်း ပြူလူမျိုးတို့၏ ရိုင်းစိုင်းစွာပြုမူဆောင်ရွက်ခဲ့ကြခြင်းသည် ပြူလူမျိုးတို့အနေဖြင့် ဗုဒ္ဓ၏ထေရဝါဒအဆုံးအမ အလွန်အားနည်းနေသေးကြောင်း၊ ဗုဒ္ဓနှင့်ဆိုင်ရာ ဘာသာရေးအသိစိတ်ဓာတ် အလွန်ပျော့ညံ့နေသေးကြောင်း သမိုင်းသက်သေအဖြစ် ဖော်ပြရာရောက်နေပါသည်။ ယင်းအချိန်အခါကာလက ဒွါရာဝတီနယ်မြေဒေသတွင် နေထိုင်လျက်ရှိကြသော ရခိုင်လူမျိုးတို့မှာ ဗုဒ္ဓနှင့်သက်ဆိုင်သော ဘာသာရေးနှင့်လူမှုရေးဆိုင်ရာ ယဉ်ကျေးမှုများ၊ များစွာ ထွန်းကားနေပြီဖြစ်ကြောင်း သမိုင်းက သက်သေပြုလျက် ရှိနေပါသည်။

သရေခေတ္တရာရသေ့မြို့ ပျက်စီးသွားပြီးနောက် ပြူ ကမ်းယံ၊ သက်တို့မှာ နေရာဒေသအသီးသီးသို့ ရောက်ရှိသွားခဲ့ကြပုံ ကို သမိုင်းရာဇဝင်အထောက်အထားဖြင့် တင်ပြပါဦးမည်။ ရခိုင်သက္ကရာဇ်-၉၆၄-ခု (အေဒီ-၁၆၀၂) တွင် ကိုယ်ရံကြီး အမတ် **"မဟာဇေယျသိန်"** ရေးသားစီရင်အပ်သော **"ရခိုင်မင်းရာဇာကြီးစာတန်း"**၊ ၈-ကြောင်းပေမူ၊ ကေ-ချပ်၊ ဝမ်းဘက်ကြောင်းရေ ၅၊ ၆၊ ၇၊ ၈ တို့တွင် -

**"သူရိယကေတုလက်ထက် သရေခေတ္တရာမြို့ပျက်၍ "အမတ်ရန္တသူ"နှင့် ပျူ-၂၀၀၀၊ သက်၊ ကမ်းရံအများဝင်ရောက်လာမူ၊ ပျူကို လေးကျော်၂-ထပ် ဘွဲ့တော်မူ၍ ပျူအမတ်ရန္တသူကို သောင်းတီးစားအရာ ပေးတော်မူသည်။ ကမ်းရံတို့မှာ ရမ်းဗြဲ၊ မာန်အောင်၊ စကု၊ ပတင်း၊ မရစည်း၊ ကုတ္တို၊ ကျွန်းသာယာ၊ စက်ခေါ်၊ ကွမ်းချောင်း ကျွန်းများတွင်ချတော်မူ၍ လက်သမားအစို့၊ သံချက်အစို့၊ မဲထည်ဆက်အစို့ ဘွဲ့တော်မူသည်။ သက်တို့ကို မရိမ်ချောင်းညာ ဝေလာတောင်၊ ကြိမ်တန်းတောင်များတွင် ချ၍ ငွေခွန်ဆက်အစို့ ဘွဲ့တော်မူသည်။"** ဟူ၍ ဖော်ပြပါရှိသည်။

[မှတ်ချက် ။ ။ **"သူရိယကေတု"** လက်ထက်ဟူသည်ထက် **"သူရိယစိတြ"** လက်ထက်ဟုဆိုမှ ပို၍သင့်ပေ

လိမ့်မည်။ စာရေးသူ။]

အထက်ပါအကြောင်းအရာကို ကြည့်ခြင်းအားဖြင့် ဒွါရာဝတီနယ်မြေဒေသတွင် နေထိုင်ကြသော လူမျိုးများမှာ ပြူ၊ ကမ်းယံ၊ သက်လူမျိုးများမဟုတ်ကြဘဲ **"ရှေးဦးရခိုင်လူမျိုး"** များဖြစ်ကြောင်း သိသာထင်ရှားနေပါသည်။

သရေခေတ္တရာပျက်စီး၍ ပြူ၊ ကမ်းယံ၊ သက်လူမျိုးများ ဒွါရာဝတီနယ်မြေဒေသသို့ ရောက်မလာမီကပင် ဤဒေသ၌ ရှေးဦးရခိုင်လူမျိုးများ အခြေချနေထိုင်လျက် ရှိနေကြပြီဖြစ်ကြောင်း သမိုင်းက အခိုင်အမာဆိုထားပြီး ဖြစ်သည်။

ပြူလူမျိုးတို့ ထွက်ပြေးရာတွင် ဒွါရာဝတီနယ်မြေဒေသသို့လည်း တစ်ချို့ရောက်ရှိလာခဲ့ကြောင်း သမိုင်းသက်သေအဖြစ် သံတွဲမြို့နယ်၊ ပုဇွန်ဖြေချောင်း၊ တုံးတောရွာတွင် **"ပြူကျောက်စာဟုယူဆရသော"** ကျောက်စာတစ်ချပ်ကို တွေ့ရှိရသည်။ ယင်းကျောက်စာသည် ဒွါရာဝတီနယ်မြေဒေသတွင် ပြူလူမျိုးတချို့ ရောက်ရှိနေထိုင်ခဲ့ကြသည်မှာ မှန်ကန်ကြောင်း သမိုင်းသက်သေတစ်ခုဖြစ်ပါသည်။

ဒွါရာဝတီနယ်မြေသားတို့ ပြောဆိုနေကြသော စကားမှာလည်း ဗမာစကားကို ပြောဆိုနေကြခြင်းမဟုတ်ဘဲ၊ မိမိတို့၏ မူလဒေသိယစကားကို ကိုယ်ပိုင်လေသံဖြင့် ပြောဆိုနေကြခြင်းသာ ဖြစ်ပါသည်။ နေရာဒေသကွဲပြားခြားနားမှု ရှိသော တိုင်းပြည်မှန်သမျှ တူညီသော စကားသံဖြင့် တစ်မျိုးတည်းရှိဖို့ဆိုသည်မှာ လွယ်ကူသော ကိစ္စမဟုတ်ပါ။

နိဂုံးချုပ်အနေဖြင့် စာရေးသူတင်ပြလိုသည်မှာ အမေရိကန်နိုင်ငံ နယူးယောက်တက္ကသိုလ်၊ သမိုင်းပါမောက္ခ-ဒေါက်တာအေးကျော်က **"ဆရာတစ်ခုပြောမယ်၊ ဆရာတို့ ရခိုင်ပြည်တောင်ပိုင်းက ဒွါရာဝတီ-သံတွဲမြို့မှာ ဆံတော်၊ နံတော်၊ အံတော်ဘုရားသုံးဆူကို ရခိုင်သားတို့တည်နေတဲ့ အချိန်မှာ "ဗမာ" ဆိုတာ လူမျိုးမရှိသေး။"** ဟူ၍ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့မှာ (၁၈၊၃၊၂၀၀၇) နေ့က ဟောပြောခဲ့သည့် ဆရာကြီး၏ဟောပြောချက်ကို သေချာစွာ မှတ်သားလျက် ရခိုင်ပြည်တောင်ပိုင်းက ဒွါရာဝတီနယ်မြေဒေသသည် သမိုင်းနှင့်ယဉ်ကျေးမှုနောက်မကျသော ရှေးဦးရခိုင်လူမျိုးများ နေထိုင်ရာဒေသတစ်ခုဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

**"သမိုင်းကို မသိလျှင် လူမျိုးတန်ဖိုးဆုံးရှုံးတတ်သလို လူမျိုးလည်း ပျောက်သွားတတ်သည်ကို သတိပြုပါ။"**

[မှတ်ချက် ။ ။ ဒွါရာဝတီ-သံတွဲမြို့ရှိ ဆံတော်၊နံတော်၊အံတော် ဘုရားသုံးဆူကို တတိယဓညဝတီခေတ်၊ စန္ဒာသူရိယမင်းကြီးမှ (၆)ဆက်မြောက် သူရိယစက္ကမင်းလက်ထက်တွင် သံတွဲမြို့စား ဓမ္မသူရအမတ်သည် သာသနာသက္က ရာဇ်-၂၃၆-ခု (ဘီစီ-၃၀၈-တွင် တည်ထားခဲ့ခြင်း ဖြစ်ပါသည်။ ။ စာရေးသူ]

**ဒွါရာဝတီ-အသျှင်ကုသလ**

(ကျမ်းကိုးစာရင်း)


၁။ ဓညဝတီအရေးတော်ပုံကျမ်း ။ ။ အသျှင်ကဝိသာရမထေရ်။

၂။ ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း ။ ။ စည်သူဂါမဏိသင်္ကြံအမတ်။

၃။ ရခိုင်မင်းရာဇာကြီးစာတန်း၊ ၈-ကြောင်းပေမူ ။ ။ ကိုယ်ရံကြီးအမတ်-မဟာဇေယျသိန်။

၄။ ရခိုင်ရာဇဝင်သစ်ကျမ်း(ဒုတိယတွဲ) ။ ။ အသျှင်စန္ဒမာလာလင်္ကာရ။

၅။ ပြည်မြို့၊ ရွှေဆံတော်သမိုင်း၊ ရွှေပိန်းချ၊ ၁၀-ကြောင်းပေမူ ။ ။ ရေးသူအမည်မသိ။

၆။ မှန်နန်း၊ မဟာရာဇဝင်တော်ကြီး ။ ။ စုပေါင်းရေးသား။

၇။ မဟာရာဇဝင်ကြီးဋီကာ ။ ။ ရေးသူအမည်မသိ။

၈။ ဦးကုလားမဟာရာဇဝင်ကြီး ။ ။ ဦးကုလား။

၉။ ရာဇောဝါဒမေတ္တာစာ ။ ။ မုံရွေးဆရာတော်။

၁၀။ ရန္တပိုစာချုပ်။

၁၁။ ရခိုင့်ဌာနီလရာသီကျမ်း ။ ။ ဒွါရာဝတီ-အသျှင်ကုသလ။

၁၂။ ရခိုင်လူမျိုးနှင့်အနာဂတ်သာသနာ(ဆောင်းပါး) ။ ။ ဒွါရာဝတီ-အသျှင်ကုသလ။

၁၃။ ရွှေဘုံနိဒါန်း ။ ။ ဇေယသင်္ယာ။

၁၄။ ရခိုင်စာပေကောက်နုတ်ချက်များ။

ဝွမြို့နယ်မဂ္ဂဇင်းအမှတ်(၁)
၂၀၁၅-ခု၊ မတ်လ။

## ရခိုင်ပြည်ဝတီလေးရပ်ကို ဗဒုံမင်းသာသနာပြုပေးခဲ့ပုံ

**"မဟာဝိဟိကတိုင်းဖြစ်သော ရခိုင်ဓညဝတီမြို့သို့ ဂုဏာဓမ္မာဘိဓဇ မဟာရာဇဂုရု-ဆရာတော်နှင့် အာရိယာသံဃာတော်ငါးပါး။ ရခိုင်ရမ္မာဝတီမြို့သို့ စန္ဒမေဓာဘိဓဇ မဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော်ငါးပါး။ ရခိုင်မေဃဝတီမြို့သို့ စန္ဒသာရဓဇ မဟာရာဇဂုရု ဆရာတော်နှင့် အရိယာသံဃာတော်ငါးပါး။ရခိုင်ဒွါရာဝတီမြို့သို့ ပုညဝံသဓဇ မဟာရာဇဂုရု-ဆရာတော်နှင့် အရိယာသံဃာတော်ငါးပါး။ ။ထိုငါးဆယ့်ခြောက်ဌာနဖြစ်သော မြို့ကြီးခရိုင်ကြီးများသို့ တစ်မြို့တစ်ခရိုင်လျှင် အဘိဓမ္မာ၊ သုတ်၊ ဝိနည်း၊ ပိဋကတ်တော်အစုံ၊ အရိယာသံဃာတော်ခြောက်ပါးစီ၊ အရိယာသံဃာတော်ပေါင်း နှစ်ရာ့လေးဆယ့်ခြောက်ပါးကို ပိဋကတ်စုံရေပေါင်း ငါးဆယ့်ခြောက်စုံပေးတော်မူ၍ သာသနာပြု လွှတ်တော်မူသည်။ ။"**

(ကုန်းဘောင်ဆက်မဟာရာဇဝင်၊ ဒုတိယတွဲ၊ စာ-၃၄)

အထက်ဖော်ပြပါအတိုင်း အမရပူရမြို့ ဗဒုံမင်းသည် ကောဇာသက္ကရာဇ်-၁၁၄၇ (အေဒီ-၁၇၈၅) ခုနှစ်တွင် မြန်မာနိုင်ငံနေရာဒေသအနှံ့အပြားသို့ သာသနာပြုစေလွှတ်ခဲ့ရာ၌ ရခိုင်တို့၏ဝတီလေးရပ်လည်း ပါဝင်နေသည်ကို တွေ့ရသည်။

တစ်မြို့တစ်ဌာနစီသို့ ဦးဆောင်မထေရ်တစ်ပါးနှင့် အဖွဲ့ဝင်သံဃာတော်ငါးပါး၊ စုစုပေါင်းခြောက်ပါးစီ ပါဝင်ကြောင်း သိရသည်။ ကုန်းဘောင်ဆက်မဟာရာဇဝင်၌ ဦးဆောင်မထေရ်၏ဘွဲ့အမည်တော်ကိုသာ ဖော်ပြပြီး၊ အဖွဲ့ဝင်သံဃာတော်များ၏ ဘွဲ့အမည်နာမများကို မတွေ့ရချေ။ ဤကား ပထမအကြိမ်သာသနာပြုစေလွှတ်ခြင်းပင်တည်း။

ဒုတိယအကြိမ် သက္ကရာဇ်-၁၁၄၉ ခု (အေဒီ-၁၇၈၇) တွင်မူ ဓညဝတီနယ်မြေသို့ ဘုတ်တောင်ဆရာတော်၊ ငှက်ပျောတောဆရာတော်၊ ရွှေဂူဆရာတော်။ ဒွါရာဝတီနယ်မြေသို့ ကဝိသာရဂိုဏ်းအုပ်ဆရာတော်။ ရမ္မာဝတီနယ်မြေနှင့် မေဃဝတီနယ်မြေတို့သို့ မလွန်ဆရာတော်တို့ကိုစေလွှတ်၍ သာသနာပြုစေခဲ့ကြောင်း ရခိုင်ရာဇဝင်သစ်ကျမ်း၊ ဒုတိယတွဲ စာ-၃၃၅ တွင် တွေ့ရှိရသည်။

ယင်းတို့အနက် ဒွါရာဝတီနယ်မြေဒေသ၏ သာသနာပြုဆရာတော်မှာ ဒွါရာဝတီ-အသျှင်ကဝိသာရပင် ဖြစ်သည်။ ထိုဆရာတော်၏ ဘွဲ့တော်အပြည့်အစုံမှာ **"ကဝိသာရာဘိ သိရီပဝရ အဂ္ဂမဟာဓမ္မ ရာဇာဓိရာဇဂုရု"** ဟူ၍ဖြစ်သည်။ ထိုဆရာတော်မှာ သံတွဲဒေသဖွား ဆရာတော်တစ်ပါးဖြစ်ပြီးလျှင်၊ ဂိုဏ်းအုပ်ဂိုဏ်းချုပ်သာသနာပိုင်ဆရာတော်ကြီးတစ်ပါးလည်း ဖြစ်သည်။ ထိုဆရာတော်သည် **"ဓညဝတီအရေးတော်ပုံကျမ်းနှင့် မဟာပညာကျော်လျှောက်ထုံးကျမ်း"** တို့ကို ရေးသားပြုစုခဲ့သည်။

သာသနာပြုစေလွှတ်သည်ဆိုရာ၌ ဗုဒ္ဓသာသနာတော်မရောက်ရှိသေးသော၊ ရောက်ရှိပြီးဖြစ်သော်လည်း မဖွံ့ဖြိုးသေးသော နယ်မြေဒေသများသို့ သာသနာပြုစေလွှတ်ပေးမည်ဆိုပါက ရဟန်းဖြစ်စေ၊ လူဖြစ်စေ မည်သည့်ပုဂ္ဂိုလ်မျိုးကိုမဆို အထူးကျေးဇူးတင်ကြရမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူသာစု၊ နတ်သာစုခေါ် ဆိုရမည့် လုပ်ငန်းမျိုး ဖြစ်နေသောကြောင့်တည်း။

ဗဒုံမင်း၏ သာသနာပြုစေလွှတ်ရာ တိုင်းပြည်ဌာနစာရင်းတွင် **"ရခိုင်ပြည်ဝတီလေးရပ်"** လည်း ပါဝင်နေသည်မှာ စာရေးသူအထူးအံ့ဩမဆုံးဖြစ်ရသည်။ စာရေးသူအနေဖြင့် အဘယ်ကြောင့် **"အထူးအံ့ ဩမဆုံးဖြစ်ရသနည်း"**

ဟုမေးလာလျှင် ဤကိစ္စကို စာရေးသူအထောက်အထားဖြင့် တင်ပြပါမည်။

**"ဘုန်းတော်တန်ခိုးတော်တို့ကို ဆိုချေသည်ရှိသော် . . . . မဟာဝိဟိကတိုင်း ဓညဝတီ ရခိုင်ပြည်ကြီးကို ရတော်မူလျှင် ရခိုင်မင်းနှင့်တကွ မင်းဆွေစိုးမျိုးတို့ကို ရွှေဖဝါးတော်အောက် ချီးမြှင့်ပြုစုထားတော်မူ၍ ဘုရားမြတ်စွာသက်တော်ထင်ရှားရှိတော်မူစဉ် ဓညဝတီရခိုင်ပြည်ကြီးဝယ် သွန်းလုပ်ကိုးကွယ်သော မဟာမုနိဘုရားရှင်ရုပ်တုတော်ကို နေပြည်တော်သို့ ပင့်ဆောင်တော်မူ၍ ကိုးကွယ်တော်မူရ၏။"**

(ကုန်းဘောင်ဆက်မဟာရာဇဝင်၊ ဒုတိယတွဲ၊ စာ-၁၅၅)

အထက်ဖော်ပြပါ ရာဇဝင်လာစကားအရ သာသနာပြုစေလွှတ်သည့်နေရာဒေသနှင့် သာသနာပြုစေလွှတ်ခံရမည့် နေရာဒေသတို့မှာ မည်သည့်နေရာဒေသက ဗုဒ္ဓသာသနာစတင်ရောက်ရှိထွန်းကားနေသည်ကိုမူ သမိုင်းကြောင်းနှင့်တကွ အကျဉ်းချုပ်တင်ပြပါမည်။

အမရပူရထီးနန်းရှင် **"ဘိုးတော်ဗဒုံမင်း"** သည် သူ၏သားတော် **"မောင်ပေါ်"** ကို စေလွှတ်၍ ရခိုင်ပြည်ကို သိမ်းပိုက်စေရာတွင် သက္ကရာဇ်-၁၇၈၄-ခု၊ ရခိုင်ကောဇာ ၁၁၄၆-ခု၊ ပြာသိုလပြည့်ကျော်(၇)ရက်၊ စနေနေ့တွင် မြောက်ဦးမြို့တော် ကျရှုံးခဲ့ရသည်။ (၈) ရက်နေ့တွင် မြောက်ဦးထီးနန်းကို မီးရှို့ဖျက်ဆီးခဲ့ကြသည်။ ပြာသိုလကွယ်၊ တနင်္ဂနွေနေ့တွင် **"ရခိုင်မင်းမဟာသမ္မတရာဇာ"** ကို **"ကျွန်းသာယာ"** တွင် ဖမ်းဆီးမိသဖြင့် အပြီးသတ်အောင်မြင်ခြင်းသို့ ရောက်ရှိခဲ့သည်။ ထို့ကြောင့် **"လလည်းကွယ်၊ ပြည်လည်းဆုံး၊ ရခိုင်ထီးနန်းသုဉ်း"** ဟူသော ဆိုရိုးစကားဖြစ်ပေါ်လာခဲ့ရခြင်း ဖြစ်သည်။

ရခိုင်ပြည်နှင့် ထီးနန်းကျဆုံးပြီးနောက် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားအစုံ၊ နန်းတွင်းပစ္စည်းအစုံ၊ တန်ဖိုးရှိသော ပစ္စည်းမှန်သမျှတို့ကို သိမ်းပိုက်ယူငင်ကြရာတွင် ရခိုင်တို့၏နှလုံးသည်းပွတ်ပမာ မြတ်နိုးကော်ရော် ပူဇော်လာခဲ့ကြသော မဟာမုနိသွန်းစက်တော်နှင့်အတူ ဘုရားဆင်းတုအမျိုးမျိုးလည်း ပါဝင်ခဲ့ကြသည်။ ဘုရားဆင်းတုတော်တို့ကိုပင်လျှင် သက်သာခွင့်မပေးခဲ့ချေ။

မဟာမုနိဘုရားသမိုင်းအကျဉ်းချုပ်မှာ ရခိုင်တို့၏ တတိယဓညဝတီခေတ် စန္ဒာသူရိယမင်းလက်ထက် ဘီစီ-၅၆၉ (မဟာသက္ကရာဇ်-၁၂၃)တွင် မြတ်ဗုဒ္ဓသည် ဓညဝတီရခိုင်ပြည်သို့ နောက်ပါရဟန္တာ (၅၀၀) တို့နှင့်အတူ ကောင်းကင်ခရီးဖြင့် ကြွရောက်တော်မူလာခဲ့သည်။

မြတ်ဗုဒ္ဓသည် မင်းနှင့်အတူရခိုင်ပြည်သူ၊ ပြည်သားအပေါင်းတို့အား တရားဓမ္မဟောကြားဆုံးမခဲ့သည်။ ပြည်သူပြည်သားအပေါင်းတို့မှာလည်း ရတနာသုံးပါးကို သက်ဝင်ယုံကြည်ကိုးကွယ်ဆည်းကပ်သူများအဖြစ်သို့ ရောက်ရှိခဲ့ကြသည်။ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်အကျိုးတရားများကိုလည်း ရရှိခဲ့ကြသည်။

မြတ်စွာဘုရားဆက်လက်မကြွချီမီ ရခိုင်ပြည့်ရှင် **"ဘုရင်စန္ဒာသူရိယမင်း"** က မြတ်ဗုဒ္ဓကိုယ်စား ဗုဒ္ဓရုပ်ပွားဆင်းတုတော်တစ်ဆူ သွန်းလုပ်ပူဇော်ဖို့ရာ တောင်းပန်လျှောက်ထားသဖြင့် မြတ်စွာဘုရားက ခွင့်ပြုတော်မူခဲ့သည်။ ယင်းဗုဒ္ဓရုပ်ပွားတော်ကို **"မဟာမုနိ"** ဟု ယနေ့တိုင် သမိုင်းတွင်လျက် ရှိနေသည်။

မဟာမုနိဘုရားကို သွန်းလုပ်ရာ၌ မဟာသက္ကရာဇ်-၁၂၃ ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့၊ ဝိသာခါနက္ခတ်နှင့် ယှဉ်လျက် ညဦးကစတင်၍ သွန်းလုပ်ခဲ့ရာ ကဆုန်လပြည့်ကျော်(၁)ရက်၊ ကြာသပတေးနေ့နံနက်တွင် ပြီးစီးခဲ့ကြောင်း ခိုင်မာသော သမိုင်းရှိသည်။ ထိုအချိန်အခါမှစ၍ ရခိုင်လူမျိုးတို့သည် မြတ်ဗုဒ္ဓ၏အဆုံးအမကို သက်ဝင်ယုံကြည်သူ ဗုဒ္ဓဘာသာဝင်များဖြစ်လာခဲ့ကြပြီးလျှင်၊ ဗုဒ္ဓရုပ်ပွားတော်ကိုလည်း ကိုးကွယ်ဆည်းကပ်သူများအဖြစ်သို့ ရောက်ရှိ

လာခဲ့ကြသည်။

အဆိုပါ တတိယဓညဝတီခေတ်၊ စန္ဒာသူရိယမင်းလက်ထက် ဘီစီ-၅၆၉မှစ၍၊ ဝေသာလီကျောက် လေ့ကား ခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ် အေဒီ-၁၇၈၄ အထိ ရခိုင်ပြည်၏ဗုဒ္ဓသာသနာတော်မှာ အလွန်စည်ပင်ထွန်းကား ခဲ့သည်။ ရခိုင်သူရခိုင်သားတို့အနေဖြင့် ခေတ်အဆက်ဆက်သွန်းလုပ်တည်ထား ပူဇော်လာခဲ့ကြသည့် ဘုရားပေါင်းမှာ **"သဇင်ပန်းနိုင်၊ တမြိုင်မြိုင်၊ ရခိုင်ဘုရားပေါင်း"** ဟူ၍ ဆိုရိုးသင်္ကေတဖြင့် မှတ်သားထားရလောက်အောင်အထိ ဘုရားတွေမြောက်မြားစွာရှိခဲ့သည်။

ရခိုင်ပြည်ကို ဗဒုံမင်းမသိမ်းပိုက်မီ မြောက်ဦးမြို့နယ်မြေအဝန်း၌ ကျောင်းတိုက်ကြီးပေါင်း (၃၀) နှင့် ကျောင်းငယ် ပေါင်း (၃၇၀၀) ရှိခဲ့ကြောင်း သမိုင်းမှတ်တမ်းရှိသည်။ ပရိယတ္တိဝန်ဆောင် စာသင်စာချရဟန်း သံဃာတော်များအတွက် ပိဋကတ်တော်များအခက်အခဲမရှိစေရန် တည်ဆောက်လှူဒါန်းထားသော ပိဋကတ်တိုက်ပေါင်းမှာ (၄၈) တိုက်ရှိခဲ့သည်။

ဤမျှသာသနာစည်ပင်ထွန်းကားလျက်ရှိနေသော တိုင်းပြည်တစ်ပြည်ကို အမရပူရဘိုးတော်ဗဒုံမင်းက သာသနာပြုစေလွှတ်ပေးခဲ့ရသည်ဟုဆိုခြင်းမှာ **"စာရေးသူအထူးအံ့ဩမဆုံး ဖြစ်ရသည်"** ဟု ရှေးက ဤစကားကို ဆိုခဲ့ခြင်းဖြစ်သည်။

**"သို့သော် ဗဒုံမင်းအနေဖြင့် ရခိုင်ပြည်ကို သာသနာပြုစေလွှတ်ပေးခဲ့ပုံမှာ "အလွန်ထူးဆန်းအံ့ဩဖွယ် ကောင်းသော သာသနာပြုနည်း" ဟုဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် သာသနာစည်ပင်ထွန်းကားနေသော တိုင်းပြည်တစ်ပြည်ကို မစည်ပင် မထွန်းကားအောင် ဖျက်ဆီးနိုင်းခဲ့သည်မှာလည်း ဗဒုံမင်းသာဖြစ်ပြီး၊ ထို တိုင်းပြည်ကို တစ်ဖန် ပြန်လည်သာသနာပြုစေလွှတ်ခဲ့သူမှာလည်း ဗဒုံမင်းသာဖြစ်နေသောကြောင့်တည်း။ ယင်းသို့သာသနာပြုခဲ့သော မင်းမျိုးကိုကား သာသနာ့သမိုင်းတွင် အလွန်ရှားပါးသော မင်းတစ်ပါးအဖြစ် မှတ်တမ်း တင်ကြရမည်ဖြစ်သည်။ ထူးဆန်းအံ့ဩဖွယ်ကောင်းသော မင်းတစ်ပါးပေတည်း။"**

ဘုရားမြတ်စွာ သက်တော်ထင်ရှားရှိတော်မူစဉ် ဘီစီ-၅၆၉ ခုကပင် သွန်းလုပ်ကိုးကွယ်လာခဲ့ကြသော ရခိုင်တို့၏ မဟာမုနိဘုရားရှင်ရုပ်တုတော်ကို အေဒီ-၁၇၈၄တွင် အမရပူရသို့ သိမ်းပိုက်ယူဆောင်၍ မိမိတို့တိုင်းပြည်တွင် ကိုးကွယ်နေကြရသည်ကို ကြည့်ခြင်းအားဖြင့် အမရပူရ၏သာသနာကို ခန့်မှန်းနိုင်ပါသည်။ ယင်းခေတ်၊ ယင်းကာလက၊ ယင်းနေရာ၊ ယင်းဒေသတွင် မဟာမုနိကဲ့သို့သော သွန်းစက်တော်ဘုရားမျိုး မပိုင်ဆိုင်၊ မရှိဖူးသေးသည်မှာလည်း သေချာသလောက်ဖြစ်သည်။ ရှိပြီးဖြစ်လျှင် သိမ်းယူရန် မလိုပါ။

ဗဒုံမင်းသည် သက္ကရာဇ်-၁၁၄၉ ခု(အေဒီ-၁၇၈၇)က ရခိုင်ပြည်သို့ သာသနာပြုစေလွှတ်ခဲ့ခြင်းသည် **"ရေမှုတ် တစ်ဖက် မီးစတစ်ဖက်သာသနာပြုနည်း"** ဟု ဆိုနိုင်သည်။ ရေမှုတ်တစ်ဖက်-မီးစတစ်ဖက် ဟုဆိုရာ၌ **"ရေနှင့်မီး"** ညီမျှနေလျှင် အတော်အသင့်ခံသာသေး၏။ ယခုမူထိုသို့မဟုတ်။ ရေထက် မီးကများနေသည်ကို တွေ့ရသည်။ ဤ အကြောင်းကို စာရေးသူအထောက်အထားဖြင့် တင်ပြပါမည်။

ဗဒုံမင်း၏ ရခိုင်သစ္စာတော်ခံ **"မြို့ဝန်နန္ဒပကျော်"** လက်ထက်၊ သက္ကရာဇ်ကောဇာ-၁၁၄၉ ခု၊ တပေါင်းလ (ခရစ်အေဒီ-၁၇၈၇ ခု၊ မတ်လ)က ပြုမူဆောင်ရွက်ခဲ့ပုံများမှာ အောက်ပါအတိုင်းဖြစ်သည်။

**"ရခိုင်ပြည်သည် စစ်၏ခေါင်းမည်သော စစ်သူကြီး၊ စစ်၏မျက်စိမည်သောဟူးရားတတ်၊ စစ်၏နားမည် သော သူလျှိုလိမ္မာ၊ စစ်၏အားမည်သော ဗိုလ်ပါရဲမက်၊ စစ်၏ခံတွင်းမည်သော တမန်လိမ္မာ၊ စစ်၏အစွယ်**

**မည်သော အမတ်သူရဲကောင်း၊ စစ်၏ခြေမည်သော ခြေသည်သူရဲ၊ စစ်၏အင်္ဂါမည်သော ဆင်ကောင်း၊ မြင်းကောင်း၊ လက်နက်ကောင်းရှိသည်ဟုဆိုအပ်သော အင်ရှစ်ပါးနှင့် ပြည့်စုံသောကြောင့် နောက်နောင် ပြန်လှန်တိုက်ဆိုင်လတ္တံ့သည်ကို စိုးရိမ်၍ အမရပူရပြည့်ရှင် ဘိုးတော်မင်းက ငါတို့ရခိုင်ပြည့်ရှင် အဘယရာဇာသားတော် ပတင်းစားစံရွှေပေါ်၊ သုမနရာဇာမင်းသားတော်ကျော်စံ၊ ဓားပိုင်ကြီး၊ ဓမ္မရာဇ်ရာဇာသားတော် ရေနောက်စားသုဓွေါ်ဦး၊ ဤမှတစ်ပါးမင်းသား၊ မင်းသမီး၊ ဝိနည်းမိုရ်၊ ရှစ်သောင်းဘုန်းတော်ကြီး၊ တေဇာရာမ၊ သကျမဥ္ဈူရတနာစံဦး၊ ဇိနမာရ်အောင်၊ လောကမာရ်အောင်၊ ပိန္နဲတောင်ဘုန်းကြီး၊ ပုရောဟိတ်ရှစ်တိုင်း၊ ပုဏ္ဏားစကြဝဠေး၊ ဗေဒင်တတ်၊ ဆေးသမား၊ ကိုယ်တော်ရံ၊ သူငယ်တော်ယောကျ်ား၊ မိန်းမခုနစ်ထောင့်ခုနစ်ရာ၊ မိန်းမစိုးကုလားအစရှိသော လူရှင်ရဟန်းတို့ကို ရခိုင်မြို့ဝန်နန္ဒပကျန်အား တောင်းသောကြောင့် သက္ကရာဇ်-၁၁၄၉ ခု၊ တပေါင်းလတွင် အမရပူရမြို့တော်သို့ ပို့ဆက်ရလေသည်။"**

(ရခိုင်ရာဇဝင်သစ်ကျမ်း၊ ဒုတိယတွဲ၊ စာ-၃၄၁၊၃၄၂)

အထက်ပါ သမိုင်းအထောက်အထားမှာ ရှင်းရှင်းလင်းလင်းရှိပါသဖြင့် ထပ်ဆင့်ရှင်းလင်းနေရန်ပင် အလိုတော့ပါ။ သေချာစွာဖတ်ကြည့်လျှင် ထင်လင်းစွာ သဘောပေါက်နိုင်သော အရာများချည်း ဖြစ်ကြသည်။

ယင်းကဲ့သို့ နောက်ထပ်လည်း အများအပြားရှိနေပါသေးသည်။ ယင်းတို့အထဲမှ မဇ္ဈိမဒေသအရေးတော်ပုံကျမ်း၊ စာ-၄တွင် ဖော်ပြပါရှိသည့် အကြောင်းအရာတစ်ခုကို ထပ်ဆင့်တင်ပြပေးပါဦးမည်။

**"ဇေယျကျော်ထင်သည် ရခိုင်ပြည်တွင် ရှေးရိုးစဉ်ဆက်ရေးသားခဲ့သော စာပေ၊ ကျမ်းဂန်များကို စုဆောင်း၍ ဗဒုံမင်းထံဆက်သခဲ့သည်။ ထိုသို့တင်ဆက်သည့် ကျမ်းများအနက် "ရခိုင်ကျောက်ရိုးရာဇဝင်" မှာ အထင်ရှားဆုံးဖြစ်သည်။ ထိုကဲ့သို့ပင် မဟာဂီရိဆင်းတုတော်၊ ဓာတ်တော်-မွေတော်အများအပြားကို ပင့်ဆောင်လျက် ၂၄၊မေ၊ ၁၈၁၁ ခုတွင် ဗဒုံမင်းထံ ထပ်မံ၍ ဆက်သခဲ့သည်။"** ဟူ၍ ရေးသားဖော်ပြပါရှိသည်။

ဤမှတ်တမ်းတွင်ပါရှိသည့်အတိုင်း ခရစ်နှစ် ၁၈၁၁ ခု၊ မေလ(၂၄)ရက်နေ့သည် ရခိုင်တို့ နှစ်စဉ်ပေးဆက်လာခဲ့ကြရသော နှစ်များ၏ ရောက်ရှိနေသောအချိန်ကာလပင် ဖြစ်သည်။ ရှေးက ပေးဆက်ခဲ့ကြရပြီး နှစ်များကို တွက်ယူမည်ဆိုပါက ခရစ်နှစ်-၁၇၈၄ ကစခဲ့သည်ဖြစ်ရာ (၂၇)နှစ်သို့တိုင် ရောက်ရှိနေပြီ ဖြစ်သည်။ စာပေကျမ်းဂန်နှင့် ရုပ်ပွားဆင်းတုတော်များမည်၍ မည်မျှရှိသွားပါမည်နည်း။ စဉ်းစားကြည့်၍ သိနိုင်ပါသည်။

အချုပ်ဆိုရသော် အထက်ဖော်ပြပါအကြောင်းအရာများကို ကြည့်ခြင်းအားဖြင့် အမရပူဘိုးတော်ဗဒုံမင်း၏ ရခိုင်ပြည်အပေါ် သာသနာပြုပေးခဲ့ပုံမှာ ရေမှုတ်တစ်ဖက်-မီးစတစ်ဖက်ဖြစ်ပြီး၊ ရေထက်-မီးကများနေကြောင်း တွေ့ရှိရပေသည်။ သမိုင်းကို မသိသူများအဖို့ ဘိုးတော်ဗဒုံမင်းအား အထူးကျေးဇူးတင်ထိုက်သူဟု အထင်ရောက်နိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ စေတနာမှန်ကန်စွာဖြင့် သာသနာပြုနိုင်ကြပါစေ။ ။

**"ကိုယ့်သမိုင်းကိုသိမှ ကိုယ့်တန်ဖိုးကိုသိမည်။"**

**ဒွါရာဝတီ-အသျှင်ကုသလ**

(ကျမ်းကိုးစာရင်း)
၁။ ဓညဝတီအရေးတော်ပုံကျမ်း ။ ။ အသျှင်ကဝိသာရမထေရ်။
၂။ ကုန်းဘောင်ဆက်မဟာရာဇဝင်၊ ဒုတိယတွဲ ။ ။ ဦးမောင်မောင်တင် (၁) K.S.M, A.T.M

၃။ ရခိုင်ရာဇဝင်သစ်ကျမ်း၊ ဒုတိယတွဲ ။ ။ အသျှင်စန္ဒမာလာလင်္ကာရ။
၄။ မဏ္ဍိမဒေသအရေးတော်ပုံကျမ်း ။ ။ ဦးလှထွန်းဖြူ (ကျောက်ဖြူသား)။
၅။ ဒွါရာဝတီ-အသျှင်ကုသလမှတ်စု။

## ဒွါရာဝတီက ဗြိတိသျှနယ်ချဲ့တော်လှန်ရေးသမားကြီး ဗိုလ်သာဦး
## အပိုင်း (၁)

ဖိုးသာဦး (ခေါ်) ဗိုလ်သာဦးသည် ဒွါရာဝတီ-သံတွဲနယ်သားဖြစ်သည်။ အလယ်ကျောတိုက်နယ်သူကြီးတစ်ဦးလည်း ဖြစ်သည်။ အများကသူ့ကို **"ဖိုးသာဦး"** ဟူ၍ခေါ်ကြသည်။ အမှန်စင်စစ်သူ့ကို **"ဗိုလ်သာဦး"** ဟူ၍သာ ခေါ်သင့်သည်။ အဘယ်ကြောင့်ဆိုသော် ရခိုင်ပြည်တွင် ဗြိတိသျှနယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ရာ၌ အစဦးဆုံးတော်လှန်ခဲ့သူနယ်ချဲ့တော်လှန်ရေးသမားကြီးတစ်ဦး ဖြစ်နေသောကြောင့်တည်း။

အင်္ဂလိပ်စစ်ဗိုလ်ချုပ်မက်ဘီး(န်) (General Macbean) ကွပ်ကဲသောအင်္ဂလိပ်တပ်တို့သည် ၁၈၂၄ ခုနှစ်၊ ဧပြီလ (၃၀) ရက်နေ့တွင် သံတွဲမြို့ကို သိမ်းပိုက်ခဲ့ကြသည်။ ထိုအချိန်မှစ၍ ရခိုင်ပြည်ကို ဗမာမင်းအုပ်ချုပ်နေမှု နှစ်ပေါင်း (၄၀) အဆုံးသတ်ခဲ့သည်။

သံတွဲမြို့ကို အင်္ဂလိပ်တို့မသိမ်းပိုက်မီ ဗမာမင်း၏သစ္စာတော်ခံ သံတွဲဝန်သည် အင်္ဂလိပ်တို့၏ အန္တရာယ်မှ လွတ်ကင်းရန် ရခိုင်ရိုးမတောင်ကို ကျော်ဖြတ်ကာအရှေ့ပြည်သို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

နယ်ချဲ့တော်လှန်ရေးသမားကြီးဖိုးသာဦးသည် ၁၈၂၅ ခုနှစ်မှစ၍ လက်နက်လူသူစုရုံးကာ နောက်လိုက်ရဲဘော်များနှင့် သူဌေးချောင်းဖျားရှိ မြေပြဇာကောင်းမွန်သော ချိုင့်ဝှမ်းတစ်ခု၌ နေထိုင်ကြသည်။ ဖိုးသာဦးတို့ တော်လှန်ရေးသမားများနေထိုင်ခဲ့သော ထိုနေရာအရပ်ကို **"ဖိုးသာဦးတိုက်"**၊ **"ဖိုးသာဦးမြင်းစိုင်းကျော"** ဟူ၍ ဒွါရာဝတီနယ်သားတို့ ယနေ့ထက်တိုင် ခေါ်ဝေါ်နေကြဆဲဖြစ်သည်။ ယင်းနေရာအရပ်တွင် ကွမ်းသီးပင်၊ ပိန္နဲပင်၊ မရမ်းပင်၊ သရက်ပင်၊ ကွမ်းရွက်ပင်များ ရှိနေသေးကြောင်း ကြံခင်း၊ ဖက်ရဲဘက်သို့ ရိုးမကို ခြေကျင်ကျော်ဖြတ်ကာ နွားရောင်း၊ နွားပို့သွားလေ့ ရှိသောသူများမှတစ်ဆင့် သိရှိရသည်။

ဖိုးသာဦးတိုက်နေရာအရပ်သည် ရခိုင်ပြည်သံတွဲနယ်ထဲတွင် ပါဝင်သည်။ ထိုမှဆက်၍ ခရီးစဉ်အတိုင်းသွားမည်ဆိုပါက ဗမာပြည်ကြံခင်းမြို့နယ်ထဲသို့ ရောက်ရှိသည်။ ဒွါရာဝတီနယ်သားတို့သည် ဤခရီး-ဤလမ်းကို နှစ်ပေါင်းမြောက်မြားစွာကပင် ခြေရာခြင်းထပ်အောင် သွားခဲ့ကြပြီး၊ သွားနေကြဆဲ ဖြစ်သည်။

၁၈၂၆ ခုနှစ်၊ ဖေဖော်ဝါရီ (၂၄)ရက် (ကောဇာ-၁၁၈၇ ခု၊ တပေါင်းလပြည့်)နေ့တွင် အင်းဝမြို့ဟောင်းမှ တောင်ဘက် မိုင် (၄၀) အကွာ ရန္တပိုရွာ၌ ချုပ်ဆိုခဲ့ကြသော **"ရန္တပိုစာချုပ်"** အရ ရခိုင်နယ်နှင့် တနင်္သာရီနယ်တို့ကို ဗြိတိသျှနယ်ချဲ့အင်္ဂလိပ်တို့ လက်အောက်သို့ လွှဲပြောင်းပေးအပ်လိုက်ရသည်။

၁၈၂၇ ခုနှစ်၊ မတ်လတွင် သံတွဲဒိစတြိတ်(စီရင်စု)ကို တည်ထောင်ဖွဲ့စည်းသည်။ ထိုအခါ ဗိုလ်ကြီးဂေါ်ဒွန် (Captain Gordon) သည် သံတွဲ ဒိစတြိတ်(စီရင်စု)၏ ပထမဦးဆုံး အရေးပိုင်ဖြစ်လာသည်။

အရေးပိုင်ဂေါ်ဒွန်လက်ထက်တွင် ဒွါရာဝတီ-သံတွဲနယ် အလယ်ကျောတိုက်သူကြီးဖိုးသာဦးသည် လက်နက်လူသူစုရုံးကာ ဗြိတိသျှနယ်ချဲ့အင်္ဂလိပ်တို့အား ပြင်းပြင်းထန်ထန် တော်လှန်ပုန်ကန်ခဲ့သည်။

၁၈၂၉ ခုနှစ် ဖေဖော်ဝါရီလတွင် သံတွဲမြို့ကို ဖိုးသာဦးတို့ တော်လှန်ရေးတပ်ဖွဲ့က ဝင်စီးခဲ့ရာ တိုက်ပွဲမှာ ပြင်းထန်သဖြင့် အင်္ဂလိပ်အစိုးရဘက်က အုပ်ချုပ်ရေးအရာရှိ **"တပ္ပတိန်ဂေါ်ဒွန်"** တိုက်ပွဲတွင် ကျဆုံးသွားခဲ့သည်။

ဆက်လက်၍ ဖိုးသာဦးခေါင်းဆောင်သော နယ်ချဲ့တော်လှန်ရေးတပ်ဖွဲ့သည် **"မဇာီချောင်း"** ဘက်သို့ ချီတက်

သွားခဲ့ပြီးလျှင် **"မဒီဂါရာ"** (မဒီဂါတ်တဲ) (ယခုအခေါ် မဒီရဲစခန်း) ကို ဝင်ရောက်စီးနင်းပြီး မီးရှို့ခဲ့ကြသည်။ ပုလိပ်များကို သုတ်သင်ကာ လက်နက်များကို သိမ်းယူသွားခဲ့သည်။ သံတွဲဒိစတြိတ်အတွင်း ဖိုးသာဦး၏ ပြောင်မြောက်သော တော်လှန်ရေးတိုက်ပွဲများမှာ အထူးအောင်မြင်ခဲ့သည်။ သူ၏ဂုဏ်သတင်းမှာလည်း တစ်နယ်လုံးသို့ပြန့်နှံ့သွားခဲ့လေသည်။

အင်္ဂလိပ်အစိုးရသည် သူပုန်များကိုနှိမ်နင်းရန်အတွက် တောင်ပေါ်၌ ကင်းဂတ် ၃နေရာ၊ မြေပြန့်၌ ကင်းဂတ် ၄ နေရာတပ်စွဲကာ စစ်ဆင်ရေးများ ပြုလုပ်ခဲ့ကြရသည်။ ထိုအချိန်တွင် ဖိုးသာဦးတို့ တော်လှန်ရေးသမားများမှာ သူတို့၏ တပ်စခန်းတည်ရှိရာ သူဌေးချောင်းဖျားရှိ ဖိုးသာဦးတိုက်တွင် ရှိနေကြသည်။

အင်္ဂလိပ်အစိုးရအနေဖြင့် သူပုန်များကို နှိမ်နင်းရန်အတွက် သူပုန်နယ်တည်ရှိရာကို မသိသည်ကတစ်ကြောင်း၊ သိသည့်တိုင်အောင် သွားလာရေးမလွယ်ကူသည်ကတစ်ကြောင်း၊ လွယ်ကူသည့်တိုင်အောင် မြန်မာမင်းပိုင်နက်နယ်မြေထဲသို့ ဝင်ရောက်သွားဖို့ရာ လွယ်ကူသော နယ်စပ်ဒေသဖြစ်နေသည်ကတစ်ကြောင်း စသည်တို့ကြောင့် အင်္ဂလိပ်တို့အဖို့ အခက်ကြုံခဲ့ရသည်။ ထင်သလောက် မလွယ်ကူချေ။

ဒွါရာဝတီ-သံတွဲနယ်သား နယ်ချဲ့တော်လှန်ရေးသမားကြီးဖိုးသာဦးသည် ဗြိတိသျှနယ်ချဲ့အင်္ဂလိပ်တို့အား မကြောက်မရွံ့ နောက်မတွန့်သောစိတ်ဓာတ်ဖြင့် ၆ နှစ်တိုင်တိုင် တော်လှန်ပုန်ကန်ခဲ့သူဖြစ်သည်။ ဖိုးသာဦးသည် ဤကဲ့သို့ နယ်ချဲ့အင်္ဂလိပ်ကိုတော်လှန်ရင်း အေဒီ-၁၈၃၀ ပြည့်နှစ် (ကောဇာ-၁၁၉၂ ခု) အရောက် ဒီဇင်ဘာလတွင် မြန်မာမင်းပိုင်ပန်းတောင်းနယ်မြေ၌ ၉၆ ပါးသော ရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ရှိသွားခဲ့သည်။ ဒွါရာဝတီ-သံတွဲနယ်သားတို့သည် ဖိုးသာဦးအကြောင်းကို ယနေ့ထက်တိုင် ပြောစမှတ်ပြုနေကြတုန်းပင် ရှိသေးသည်။ မမေ့ကြသေးပါ။

နိဂုံးချုပ်အနေဖြင့်ဆိုရသော် **"တိုင်းပြည်နှင့်လူမျိုးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံကာ ဗြိတိသျှနယ်ချဲ့ အင်္ဂလိပ်တို့အား ဦးစွာတော်လှန်ခဲ့သော သူရဲကောင်းကြီး ဖိုးသာဦး(ခေါ်)ဗိုလ်သာဦး"** အား အစဉ်အမြဲ အမှတ်ရစေခြင်းငှါ ညောင်တုန်းမြို့၊ ဗိုလ်မြတ်ထွန်းတံတားကဲ့သို့ လမ်းအမည်၊ တံတားအမည်၊ အဆောက်အဦးအမည် စသည်တို့ကို အထိမ်းအမှတ်တစ်ခုအနေဖြင့် နေရာပေးဖို့ မေ့လျော့နေကြသည်မှာ (သို့မဟုတ်) ရခိုင်သားတစ်ဦးဖြစ်နေသောကြောင့် နေရာပေးဖို့ ဝန်လေးနေကြသည်မှာ အထူးဝမ်းနည်းဖွယ်ကောင်းပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။ သမိုင်းပေးတာဝန်အရ ဂုဏ်ပြုဆောင်းပါးရေးသားပြီး မှတ်တမ်းတင်ပေးလိုက်သည်ကို သံတွဲနယ်သား နယ်ချဲ့တော်လှန်ရေးသမားကြီး ဖိုးသာဦး(ခေါ်)ဗိုလ်သာဦးတစ်ယောက် တမလွန်ဘဝက ကျေနပ်ဝမ်းမြောက်နိုင်ပါစေ။ ။

**"ဒေသနှင့် လူမျိုးကို မခွဲခြားဘဲ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပေးတတ်ကြပါစေ။"**

**ငွေသဇင်(သံတွဲ)**
သဇင်ပန်းခိုင်ဂျာနယ်
အတွဲ (၁)၊ အမှတ် (၁၂)
၂၅. ၈. ၂၀၁၄

(ကျမ်းကိုးစာရင်း)

၁။ ဒွါရာဝတီနှင့် ရွှေဆံတော်သမိုင်းသစ် ။ ။ ဦးဘိုးဝါနှင့်ဦးသက်စု။
၂။ ရခိုင့်နိုင်ငံရေး ပြက္ခဒိန်။

၃။ သံတွဲခရိုင် သမိုင်းအကျဉ်းချုပ် (ဆောင်းပါး) ။ ။ ခင်မောင်။
၄။ ဒွါရာဝတီ-အသျှင်ကုသလမှတ်စု။

## ဒွါရာဝတီက ဗြိတိသျှနယ်ချဲ့တို့အား တော်လှန်ရေးမှတ်တမ်း
## အပိုင်း (၂)

ခရစ်-၁၈၃၀ ပြည့်နှစ် (ကောဇာ-၁၁၉၂ ခု)၊ ဒီဇင်ဘာလတွင် ဒွါရာဝတီက ဗြိတိသျှနယ်ချဲ့တော်လှန်ရေး သမားကြီး **"ဗိုလ်သာဦး"** ကွယ်လွန်အနိစ္စရောက်ရှိသွားသော်လည်း သံတွဲနယ်၏ နယ်ချဲ့တော်လှန်ရေးသမားများမှာ ရပ်ဆိုင်းသွားသည်မဟုတ်။ တော်လှန်ရေးသမားများမှာ ဆက်တိုက်ဆိုသလို ပေါ်ပေါက်လာခဲ့သည်။

ခရစ်-၁၈၃၁ ခု (ကောဇာ-၁၁၉၃-ခု) နှစ်တွင် သံတွဲခရိုင်၊ ဂွမြို့နယ်၊ လောင်းကျိုးရွာကို အခြေခံလျက် ဘုန်းတော်ကြီးဦးဥတ္တမသည် **"ဓမ္မရာဇာ"** ဟူသော ဘွဲ့ကိုခံယူကာ ဗြိတိသျှနယ်ချဲ့တို့အား တော်လှန်ပုန်ကန်ခဲ့သည်။ လောင်းကျိုးဆရာတော်ဦးဆောင်သော နယ်ချဲ့တော်လှန်ရေးလုပ်ငန်းများမှာလည်း အောင်မြင်မှုရရှိခဲ့သည်။

ခရစ်-၁၈၃၈ ခု (ကောဇာ-၁၂၀၀ ပြည့်နှစ်) တွင် ကြိမ်သလီ (ကျိန္တလီ) နယ်မြေမှ ကျိန္တလီဆရာတော် ဦးဆောင်သော ဗြိတိသျှနယ်ချဲ့တော်လှန်ရေးလုပ်ငန်းများမှာလည်း အထူးအောင်မြင်ခဲ့သည်။ နောက်ဆုံး အင်္ဂလိပ်တို့၏ နှိမ်နင်းမှုကို ခံခဲ့ကြရသည်။

အင်္ဂလိပ်တို့သည် ၂၄. ၂. ၁၈၂၆ ခု (ကောဇာ-၁၁၈၇ ခု၊ တပေါင်းလပြည့်) နေ့တွင် အင်းဝဟောင်းတောင်ဘက် မိုင် (၄၀) အကွာရှိ ရန္တပိုရွာတွင် အင်္ဂလိပ်၊ ဗမာ၊ ရခိုင်တို့ချုပ်ဆိုခဲ့ကြသည့် ရန္တပိုစာချုပ်အရ ဟိုင်းကြီးကျွန်း၊ မော်တင်စွန်း၊ ရခိုင်အခေါ် အုန်းကျွန်း-အင်္ဂလိပ်အခေါ် ကိုကိုးကျွန်းအထိကို ရခိုင်တို့၏မူလပိုင်နက်နယ်မြေအဖြစ် စာချုပ်ချုပ်ဆိုခဲ့ကြပြီး၊ ခရစ်-၁၈၅၃ ခု (ကောဇာ-၁၂၁၅ ခု) တွင် ရခိုင်ကိုတိုင်းအဖြစ် သတ်မှတ်ပေးခဲ့သည်။ ဗြိတိသျှတို့သည် ဧရာဝတီကို ဆက်လက် သိမ်းပိုက်ပြီးနောက် ရခိုင်အပိုင်ဖြစ်သော **"တောင်ခွင်ခရိုင်"** ဟိုင်းကြီးကျွန်း၊ မော်တင်စွန်းအထိကို ပုသိမ်ခရိုင်မှာ ပေါင်းထည့်လိုက်သည်။ ဤသည်မှာ ဗြိတိသျှနယ်ချဲ့တို့၏ မူအတိုင်းအကောက်ဉာဏ်နှင့် မူမမှန်မှုကို စတင်လိုက်ခြင်း ဖြစ်သည်။ သွေးခွဲအုပ်ချုပ်မှုစနစ်ဟု ခေါ်သည်။

ခရစ်-၁၈၆၃ ခု (ကောဇာ-၁၂၂၅ )တွင် တောင်ကုတ်မြို့နယ်၊ တန်းလွဲချောင်း၊ တရာဘရွာသား **"ဦးကျော်ဝ (ခေါ်) ဗိုလ်ကျော်ဝ"** သည် လူသူစုရုံးလျက် နောက်ပါအင်အားအချို့နှင့် တောင်ကုတ်မြို့နယ်ကို အခြေခံကာ ဗြိတိသျှ နယ်ချဲ့တို့အား ထကြွပုန်ကန်တော်လှန်ခဲ့ကြသည်။ တောင်ကုတ်နယ်က ဗိုလ်ကျော်ဝ၏ နယ်ချဲ့တော်လှန်ရေးမှာလည်း အလွန်ထိရောက်မှုရှိခဲ့သည်။

ခရစ်-၁၈၈၇ ခုနှစ် (ကောဇာ-၁၂၄၉ ခု)တွင် ကျိန္တလီတောင်ခွင်နယ်မြေက **"ကျောက်စိမ်းဗိုလ်နှင့် ဇော်ဂျီဗိုလ်"** တို့ နှစ်ဦး ခေါင်းဆောင်ပြီး လူသူစုရုံးကာ အင်္ဂလိပ်တို့အား တော်လှန်ခဲ့ကြပြန်သည်။

ခရစ်-၁၈၈၉ ခု၊ ဖေဖော်ဝါရီလ(၁၀)ရက်နေ့တွင် သံတွဲမြို့၊ သိမ်ကုန်းဆရာတော်သည် သံတွဲချောင်းဖျားဘက်က ရွာသားများကိုဦးဆောင်၍ အင်္ဂလိပ်တို့အား တော်လှန်ပုန်ကန်ခဲ့ကြလေသည်။ သံတွဲမြို့၏ တစ်စိတ်တစ်ဒေသကို သိမ်းပိုက်ခဲ့ကြပြီး၊ အင်္ဂလိပ်တို့ရုံးထိုင်ရာ အရေးပိုင်ရုံးကြီးကိုလည်း မီးရှို့ခဲ့ကြသည်။ ထိုစဉ် ငွေတိုက်ကို စောင့်ကြပ်နေကြသော စစ်ရဲ (Sepoy) တပ်ဖွဲ့က ပစ်ခတ်တိုက်ခိုက်သောအခါ အကျအဆုံးများရှိခဲ့သလို တော်လှန်ရေးသမားများ မှာလည်း တကွဲတပြားစီ ဖြစ်သွားခဲ့ကြလေသည်။

သံတွဲမြို့၊ သိမ်ကုန်းဆရာတော်ခေါင်းဆောင်သော တော်လှန်ရေးတပ်ဖွဲ့တွင် ဘုန်းကြီးဗိုလ်၊ မျက်ကန်းဗိုလ်၊

ဗိုလ်ဖိုးလူဟူ၍ ခေါင်းဆောင်သုံးဦး ပါဝင်ခဲ့ကြသည်။ ယင်းခေါင်းဆောင်ဗိုလ်သုံးဦး အနက် "**ဘုန်းကြီးဗိုလ်**" ဆိုသူမှာ သိမ်ကုန်းဆရာတော်ဖြစ်ကြောင်း သိရှိရသည်။

ထိုစဉ်က သံတွဲခရိုင်နှင့် တောင်ခွင်ခရိုင်စသော နယ်မြေဒေသအားလုံးတို့တွင် ဗြိတိသျှနယ်ချဲ့တို့အား တော်လှန်ပုန်ကန်မှုမှာ အနှံ့အပြားဆိုသလိုရှိခဲ့ကြသည်။ တော်လှန်ရေးသူရဲကောင်းတို့အနေဖြင့် ကိုယ့်ဘက်ကအောင်မြင်မှုများ ရရှိခဲ့ကြသလို၊ လက်နက်အင်အား၊ လူအင်အားမမျှတသဖြင့် အရေးနိမ့်ခဲ့ရသည်များလည်း ရှိခဲ့ကြပါသည်။

ဒွါရာဝတီ-သံတွဲနယ်မြေဒေသက ဗြိတိသျှနယ်ချဲ့အင်္ဂလိပ်တို့အား တော်လှန်ခဲ့ကြရာ၌ လူပုဂ္ဂိုလ်များသာမက ရဟန်းပုဂ္ဂိုလ်များလည်း ထူးထူးခြားခြားပါဝင်ခဲ့ကြရာ ပြောစမှတ်ပြုရလောက်အောင် တဘောင်သီချင်းများပင် ပေါ်ပေါက်ခဲ့ပါသေးသည်။ ယင်းတဘောင်သီချင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

**"လသာသာ မှောင်မိုက်ထဲက၊**
**လလေးသာသာ မှောင်မိုက်ထဲက၊**
**ခေါင်းတုံးတုံးနဲ့ ရောင်ကြီးဝွေ့ရယ်၊**
**အလို. . . . . ခေါင်းတုံးတုံးနဲ့ ရောင်ကြီးဝွေ့ရယ်၊**
**နောက်လိုက်တွေ ဗိုလ်ပါနဲ့၊**
**ဖိုး-ညောင်ရေအိုးနဲ့ "လောင်းကျိူး"နဲ့၊**
**ဖိုး-ဆေးသုံးလုံးနဲ့"သိမ်ကုန်း"နဲ့၊**
**ညောင်ရေအိုးနဲ့ "လောင်းကျိူး"နဲ့၊**
**ဆေးသုံးလုံးနဲ့ "သိမ်ကုန်း"နဲ့၊**
**အလိုဗျာ. . . . . မြင်းကိုစီးပါလို့. . . . . . . ခြေကျင်လာတယ်လေး။။"**

**ငွေသဇင်(သံတွဲ)**

(ကျမ်းကိုးစာရင်း)

၁။ ဒွါရာဝတီနှင့်ရွှေဆံတော်သမိုင်းသစ် ။ ။ ဦးဘိုးဝါနှင့်ဦးသက်စု။
၂။ ရခိုင့်နိုင်ငံရေးပြက္ခဒိန်။
၃။ သံတွဲခရိုင်သမိုင်းအကျဉ်း(ဆောင်းပါး) ။ ။ ခင်မောင်။
၄။ ဒွါရာဝတီ-အသျှင်ကုသလမှတ်စု။

သဇင်ပန်းခိုင်ဂျာနယ်
အတွဲ (၁)၊ အမှတ် (၁၃)
၉. ၉. ၂၀၁၄

# ဒွါရာဝတီနှင့် တောင်စဉ်တောင်ခွင်ဒေသ
## အပိုင်း (၃)

ရခိုင်မင်းအဆက်ဆက်တို့ အုပ်ချုပ်စဉ်ကာလက ဒွါရာဝတီနယ်မြေဒေသသည် မြောက်ဘက်တွင် ဒါးလက်ချောင်း (သို့မဟုတ်) အမ်းချောင်းအထိဖြစ်ပြီး၊ တောင်ဘက်တွင် ဟိုင်းကြီးကျွန်း၊ မော်တင်စွန်း၊ ရခိုင်အခေါ် အုန်းကျွန်း-အင်္ဂလိပ် သိမ်းပိုက်ပြီးနောက် ကိုကိုးကျွန်းအထိ ဖြစ်သည်။

ဒွါရာဝတီနယ်မြေဒေသကို **"တောင်စဉ်ကမ်း၊ တောင်ခွင်တန်း"** ဟူသော အသုံးအနှုန်းဖြင့် ခေါ်ဝေါ်လေ့ရှိကြသည်။

**တောင်စဉ်ကမ်း ။** ။ ဟူသည် တောင်စဉ်၊ တောင်တန်းတို့အထပ်ထပ်သွယ်တန်းလျက်ရှိပြီး၊ ပင်လယ်၊ မြစ်ကမ်းဘေးတွင် တည်ရှိနေသောကြောင့် **"တောင်စဉ်ကမ်း"** ဟုခေါ်ကြသည်။ နယ်မြေအပိုင်းအခြားမှာ ဒါးလက်ချောင်း (သို့မဟုတ်) အမ်းချောင်းမှစ၍ ကျိန္တလီချောင်းအထိကို ခေါ်ပါသည်။

**တောင်ခွင်တန်း ။** ။ ဆိုသည်မှာ ရခိုင်ရိုးမတောင်တန်းကြီးသည် ကျိန္တလီမှ ဟိုင်းကြီးကျွန်း၊ မော်တင်စွန်းဘက်သို့ ရောက်ရှိသွားသည့်အခါ **"ခြေခွင်"** သော သူတစ်ဦးကဲ့သို့ တောင်မှာခွင်၍သွားသောကြောင့် တောင်ခွင်တန်း၊ တောင်ခွင်ဒေသ၊ တောင်ခွင်အရပ်ဟူ၍ ယနေ့ထက်တိုင်ရခိုင်လူမျိုးတို့ ခေါ်ဝေါ်နေကြခြင်း ဖြစ်သည်။ ရာဇဝင်သမိုင်းထဲတွင်မူ တောင်ခွင်ခရိုင်၊ တောင်ခွင်စား၊ တောင်ခွင်သာသနာပိုင်ဟူသော အသုံးအနှုန်းများကို တွေ့ရှိရပါသည်။

ရခိုင်မင်းတို့ ဘုန်းလက်ရုံးကြီးမားစဉ်အခါက တောင်ခွင်ဒေသကို **"သံတွဲစား"** က အုပ်ချုပ်ရသည်။ ရံခါ တောင်ခွင်ဒေသကို **"တောင်ခွင်စား"** အဖြစ် သီးခြားခန့်ထား၍လည်း အုပ်ချုပ်စေခဲ့သည်။ များသောအားဖြင့် ဒွါရာဝတီ-သံတွဲစားများကသာ အုပ်ချုပ်ခဲ့ကြရသည်။

အင်္ဂလိပ်-မြန်မာစစ်ပွဲမဖြစ်မီကာလက ဗမာမင်းလက်ထက်တွင် **"ပုသိမ်စား"** (ဗမာမင်း၏သားတော်ဟုဆိုသူ) က တောင်ခွင်ဒေသကို အနိုင်အထက်ပြုကာ သိမ်းယူသွားခဲ့သည်။ ထိုစဉ်က တောင်ခွင်ဒေသသည် **"ဒွါရာဝတီဝန်"**၏ အုပ်ချုပ်မှုအောက်တွင် ရှိနေသည်။ ဒွါရာဝတီဝန်ဟူသည် ဗမာမင်း၏သစ္စာတော်ခံ အုပ်ချုပ်ရေးအရာရှိကို ခေါ်သည်။

ခရစ်-၁၈၂၆ ခု၊ ဖေဖော်ဝါရီလ၊ ၂၄ ရက်နေ့တွင် ရန္တပိုစာချုပ်ကိုချုပ်ဆိုသည့်အခါ၌ (ပုသိမ်စားက အနိုင်အထက် သိမ်းယူထားခဲ့သည့်) ရခိုင်တို့ **"တောင်ခွင်ဒေသ"** ကို ဗြိတိသျှတို့ထံသို့ ပေးအပ်ရသဖြင့် မူလအတိုင်း ရခိုင်ပိုင်အဖြစ် သံတွဲဒိစတြိတ် (စီရင်စု) တွင် ပြန်လည်ပါဝင်ခဲ့ပါသည်။

ထိုစဉ်အခါက ဒွါရာဝတီ-သံတွဲနယ်မြေဒေသသည် ကျယ်ဝန်းသလောက် လမ်းပန်းဆက်သွယ်ရေးလည်း ခက်ခဲမှုရှိခဲ့သည်။ ခရစ်-၁၈၃၃ ခုနှစ်တွင် **"အမ်းမြို့နယ်"** ကို သံတွဲဒိစတြိတ်(စီရင်စု)အပိုင်မှ ခွဲထုတ်ပြီး၊ ကျောက်ဖြူဒိစတြိတ်(စီရင်စု)အောက်တွင် ထားရှိပြန်ပါသည်။

ခရစ်-၁၈၅၃ ခုနှစ်တွင် ဗြိတိသျှတို့သည် အောက်မြန်မာပြည်ကိုသိမ်းပိုက်ခဲ့ကြပြီး၊ ပုသိမ်ဒိစတြိတ် (စီရင်စု)ကို ဖွဲ့စည်းတည်ထောင်သည်။ ထိုအခါ တောင်ခွင်ဒေသကို သံတွဲဒိစတြိတ်နယ်မှခွဲထုတ်၍ ပုသိမ်ဒိစတြိတ်နယ်မြေအောက်တွင် ထားရှိခဲ့ကြပြန်သည်။

ခရစ်-၁၈၆၃ ခုနှစ်တွင် သံတွဲဒိစတြိတ်ကို တောင်ပိုင်းနှင့်မြောက်ပိုင်းဟူ၍ မြို့နယ်နှစ်ခုခွဲလိုက်ပြန်ရာ တောင်ပိုင်း

မြို့နယ်၏ ရုံးစိုက်ရာမှာ ကျောက်ကြီးဖြစ်လာပြီးလျှင်၊ မြောက်ပိုင်းမြို့နယ်၏ ရုံးစိုက်ရာမှာ ပဒင်း(ပန်းတင်)ဖြစ်လာသည်။ ယင်းကိစ္စမှာ တစ်နှစ်ခန့်သာ ကြာမြင့်ခဲ့သည်။

ခရစ်-၁၈၆၄ ခုနှစ်တွင် ကျောက်ကြီးမြို့အုပ်ရုံးကို ကျိန္တလီသို့ရွှေ့ပြောင်းလိုက်ပြီးလျှင်၊ ပတင်း(ပန်းတင်)မြို့အုပ်ရုံးကို တောင်ကုတ်သို့ ရွှေ့လိုက်သည်။ ၎င်းနှစ်တွင်ပင် ကျိန္တလီချောင်းနှင့် ဂွချောင်းအကြားရှိ နယ်မြေဒေသကို သံတွဲဒိစတြိတ်သို့ ပြောင်းပေးလိုက်ပြန်သည်။

ခရစ်-၁၈၇၂ ခုနှစ်တွင် တောင်ပိုင်းမြို့နယ်ကို တောင်ပိုင်းနှင့်အလယ်ပိုင်းဟူ၍ ထပ်မံခွဲလာပြန်သည်။ ထိုအခါ အလယ်ပိုင်းမြို့အုပ်ကို သံတွဲမြို့၌ ရုံးစိုက်စေပြီးလျှင်၊ တောင်ပိုင်းမြို့အုပ်ကို ကျိန္တလီ၌ပင် ဆက်လက်ထားရှိခဲ့သည်။

ခရစ်-၁၈၇၄ ခုနှစ်သို့ ရောက်သောအခါ၌ တောင်ပိုင်းမြို့နယ်ကို ကျိန္တလီမှဂွမြို့သို့ ပြောင်းရွှေ့လိုက်ပါသည်။ ထိုအခါမှစ၍ သံတွဲခရိုင်တွင် တောင်ကုတ်၊ သံတွဲ၊ ဂွဟူ၍ မြို့နယ်သုံးခု တည်ရှိလာခဲ့ခြင်း ဖြစ်သည်။

ခရစ်-၁၈၉၃ ခုနှစ်တွင် ဂွချောင်းနှင့် ကျောက်ချွန်ချောင်းအကြားရှိ နယ်မြေဒေသကို သံတွဲဒိစတြိတ်သို့ ထပ်မံလွှဲပြောင်းပေးအပ်လာပြန်ပါသည်။ ထိုအချိန်မှစ၍ သံတွဲခရိုင်သည် မြောက်ဘက်တွင် မအီချောင်းအထိဖြစ်ပြီး၊ တောင်ဘက်တွင် ကျောက်ချွန်ချောင်းအထိမှာ ယနေ့တိုင်ဖြစ်သည်။

အချုပ်ဆိုရသော် ခရစ်-၁၇၈၄ ခုနှစ်မှစ၍ ၁၈၂၄ ခုနှစ်အထိ နှစ်ပေါင်း(၄၀)တိုင်တိုင် အမရပူရက ဘိုးတော်ဗဒုံမင်း၏ နယ်ချဲ့မှုကြောင့် ဒွါရာဝတီနယ်မြေ ကျဉ်းမြောင်းသွားခဲ့ရသည့်အပြင်၊ ဗြိတိသျှနယ်ချဲ့တို့က တစ်ဖန်ထပ်မံ၍ နည်းမျိုးစုံဖြင့် အပြောင်းပြောင်း-အပြန်ပြန်ပြုလုပ်ခဲ့မှုကြောင့်လည်း ဒွါရာဝတီနယ်မြေရခိုင်ဒေသမှာ ပို၍ပို၍ ကျဉ်းမြောင်းသွားခဲ့ရခြင်း ဖြစ်သည်။ ယင်းဗြိတိသျှနယ်ချဲ့တို့၏ ပြုလုပ်ဆောင်ရွက်ထားရှိခဲ့မှုကိုပင်လျှင် မပြုမပြင်ဘဲ အမွေအဖြစ်ဆက်ခံကာ ယနေ့တိုင် ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

**ငွေသဇင်(သံတွဲ)**

(ကျမ်းကိုးစာရင်း)

၁။ ဒွါရာဝတီနှင့် ရွှေဆံတော်သမိုင်းသစ် ။ ။ ဦးဘိုးဝါနှင့်ဦးသက်စု။
၂။ ရခိုင့်နိုင်ငံရေးပဏ္ဍဒိန်။
၃။ သံတွဲခရိုင်သမိုင်းအကျဉ်းချုပ်(ဆောင်းပါး) ။ ။ ခင်မောင်။
၄။ ဒွါရာဝတီ-အသျှင်ကုသလမှတ်စု။

သဇင်ပန်းခိုင်ဂျာနယ်
အတွဲ(၁)၊ အမှတ်(၁၄)
၂၇. ၉. ၂၀၁၄

## စာမရိဟူသည် ငှက်လော၊ သားကောင်လော
## (စာပေစစ်တမ်း)

**"စာမရီဆိုတာ ငှက်လား၊ သားကောင်လား"** ဟူသောမေးခွန်းမှာ ၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း (၇)ရက်၊ တနင်္ဂနွေနေ့တွင်ကျရောက်မည့် သံတွဲမြို့၊ သိမ်ကုန်းကျောင်းတိုက်ရှိ **"မဟာအတုလကျောင်းတော်ကြီး"** ဆောက်လုပ်ပြီးစီးသည့်နှစ် (၁၀၀)ပြည့်အထိမ်းအမှတ်ပွဲတွင် နေ့ပွဲ၊ ညပွဲ နှစ်ပွဲစလုံးကြွရောက်ပြီး တရားဓမ္မဟောကြားချီးမြှင့်ပေးတော်မူပါရန် လာရောက်လျှောက်ထားသည့် သံတွဲမြို့၊ ရွှေဆံတော် စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ဆိတ်မှ စာရေးသူအား မေးမြန်းလျှောက်ထားလာသော မေးခွန်းမှ အတိုကောက်စကားဖြစ်ပါသည်။

ဦးမောင်ဆိတ်က စာရေးသူအား လျှောက်ထားသည်မှာ **"သံတွဲမြို့၊ ရွှေဆံတော်စေတီတော်ကို ဘုရားဖူးရန် အနယ်နယ်မှ လာရောက်ကြပါတယ်ဘုရား။ ထိုအခါဘုရားဖူးပုဂ္ဂိုလ်များထဲမှ အချို့က "စာမရီ" ဆိုသည်မှာ ငှက်မဟုတ်၊ သားကောင်ဟူ၍သာ စာပေကျမ်းဂန်တို့၌ လေ့လာမှတ်သားတွေ့ရှိရပါတယ်။ ယခုသံတွဲမြို့မှာ စာမရီက ငှက်ဖြစ်နေတယ်။ အဘယ်ကြောင့် စာမရီဟာသားကောင်မဖြစ်ဘဲ၊ ငှက်ဖြစ်နေရသည်ကို သိရှိလိုပါတယ်၊ ရှင်းလင်းဖြေကြားပေးပါဟူ၍ အကြိမ်ကြိမ်မေးမြန်းခံရပါတယ်ဘုရား။ ထိုအခါ တပည့်တော်တို့မှာ အထောက်အထားနှင့် မရှင်းပြနိုင်သဖြင့် အလွန်မျက်နှာပူကြရပါတယ်ဘုရား။ သို့ဖြစ်၍ စာမရီဆိုသည်မှာ ငှက်လား၊ သားကောင်းလားဆိုတာကို အတိအကျ သိရှိလိုပါတယ်။ ဒါကြောင့် ဆရာတော်မှ အထောက်အထားခိုင်လုံစွာဖြင့် ရေးသားဖြေကြားပေးတော်မူပါရန် တပည့်တော်ရိုသေစွာ လျှောက်ထားအပ်ပါတယ် ဘုရား"** ဟူ၍ ဖြစ်ပါသည်။

စာရေးသူက ပြောလိုက်သည်မှာ **"ဒကာကြီး အချိန်အခါကျရောက်လာတဲ့အခါ ဒကာကြီးတို့ သိချင်နေတဲ့ စာမရီဆိုသည်မှာ ငှက်လား၊ သားကောင်လားဆိုတာကို အထောက်အထားခိုင်လုံစွာဖြင့် ရေးသားတင်ပြပေးပါမယ်"** ဟူ၍ ဂတိပေးလိုက်သည်။ စာမရီဆိုသည်မှာ ငှက်မဟုတ်ကြောင်း၊ သားကောင်သာလျှင်ဖြစ်ကြောင်းကိုလည်း အထောက်အထားဖြင့် ရှင်းပြပေးလိုက်ရသည်။

နှစ်တွေသာကုန်လွန်သွားခဲ့သည်။ **"စာမရိဟူသည် ငှက်လော၊ သားကောင်လော"** ဟူသော ဆောင်းပါးကို မရေးဖြစ်ခဲ့။ မရေးဖြစ်ရခြင်း၏ အကြောင်းမှာလည်း အကြောင်းကြောင်းကို ငဲ့ညှာထောက်ထားနေရ၍ ဖြစ်သည်။ ယခုမူ ရေးသားတင်ပြရန် အချိန်အခါကျရောက်ခဲ့လေပြီ။ အဘယ်ကြောင့်ဆိုသော် သိချင်နေသူတွေက ပိုင်းဝန်းတောင်းဆိုလာကြသောကြောင့် ဖြစ်၏။ အထူးသဖြင့် ဇော်မင်းထွန်း(သံတွဲ)စီစဉ်သည့် **"တြိချိုးအနုပညာ"** စာအုပ်ပါ **"စာမရီ စာပေစစ်တမ်း"** ဆောင်းပါးကြောင့် သိချင်နေသူတွေများပြားလာခဲ့ရသည်ဟုဆိုလျှင် ထိုစကားမမှားနိုင်ပေ။

**"စာမရီ"** မှာ သားကောင်မဖြစ်ဘဲ၊ အဘယ်ကြောင့် ငှက်ဖြစ်သွားရသနည်းဆိုပါလျှင် **"စာမရီနှင့် ဇာမဏီ"** ကို ရှင်းလင်းစွာမသိသောကြောင့် ဖြစ်နိုင်ပါသည်။ စာမရီနှင့် ဇာမဏီတွင် စာမရီကို ရှေးဦးစွာ တင်ပြပြီး ဇာမဏီကို နောက်ပိုင်းမှာ တင်ပြပေးသွားပါမည်။

ဗုဒ္ဓဘုရားရှင်၏ **"ကာလာမသုတ်"** လာမိန့်မှာချက်စကားကို လက်ကိုင်ထားလျက် မည်သည့်ပုဂ္ဂိုလ်ရေးသောစာပဲဖြစ်ဖြစ် မမှန်ကန်သောအချက်ကိုတွေ့လျှင် မမှန်ကန်ကြောင်း ထောက်ပြသွားပါမည်။ ရခိုင်ရာဇဝင်ကျမ်းတို့၌

**"စာမရီ"** ကို သားကောင်ဟုမပြဘဲ၊ ငှက်ဟုပြဆိုထားသောကျမ်းမှာ ပဲခူးမင်းကျောင်း ဆရာတော်ဦးပဏ္ဍိတ၏ **"ဓညဝတီရာဇဝင်သစ်ကျမ်း"** (၁၉၁၀ ခု)ပင် ဖြစ်သည်။ ယင်းကျမ်း၊ စာ-၆၀ တွင် **"ထိုမှသည် မနီးမဝေးသောအရပ် အရှေ့တောင်ထောင့်၌ မဏိကေသမည်သော တောင်သည်ရှိ၏။ ထိုတောင်၌လည်း "စာမရီမည်သော ငှက်မင်း" ဖြစ်ခဲ့ဘူးသောကြောင့် ငါဘုရားပရိနိဗ္ဗာန်စံလွန်တော်မူလျှင် ဆံရှင်တော်ဓာတ်သည်တည်လတ်၍ ဆံတော် စေတီဟု အရပ်ထက်ဝန်းကျင်၌ တွင်လတ္တံ့သတည်း။**"ဟူ ၍ ဖော်ပြပါရှိသည်။ ယင်းရာဇဝင်ကို ကိုးကားသူတိုင်း စာမရီကိုငှက်မင်းဟုယူဆကာ ဆက်တိုက်မှားနေကြဖို့ ရှိနေပါသည်။

ထိုအမှားကို လက်ဝေမခံဘဲ ရှောင်လွှဲသွားနိုင်ခဲ့သော ရာဇဝင်မှာကား ရမ်းပြဲတောင်ကျောင်း ဆရာတော် အရှင်စန္ဒမာလာလင်္ကာရ၏ **"ရခိုင်ရာဇဝင်သစ်ကျမ်း"** ပင် ဖြစ်သည်။ ယင်းကျမ်း၊ ပထမတွဲ၊ စာ-၂၆၆ တွင် **"ထိုရော ဟကူရတောင်မှ အရှေ့တောင်ထောင့် တစ်ဂါဝုတ်ကျော်ခန့်ကွာသောအရပ်၌ မဏိကေသအမည်ရှိသော တောင်ဝယ်လည်း စာမရီတစ်ဇာတ်ဖြစ်ဘူးသောကြောင့် ငါဘုရားလွန်တော်မူလျှင် ငါဘုရား၏ဆံတော်ဓာတ်ကို စေတီတည်လတ်၍ ဆံတော်စေတီတွင်လတ္တံ့ဟု ဗျာဒိတ်ပေးတော်မူ၍"** ဟူ၍ ရေးသားပါရှိသည်။ ယင်းကျမ်း၌ စာမရီကိုငှက်ဟူ၍လည်း မပြသလို၊ သားကောင်ဟူ၍လည်း မပြခဲ့ချေ။ ထို့ကြောင့် **"စာမရီကိုငှက်မင်း"** ဟူ၍ အတိအကျဖော်ပြပါရှိသော **"ဓညဝတီရာဇဝင်သစ်"** နောက်သို့ စုန်လိုက်ခဲ့ကြ၍ မှားနေကြခြင်း ဖြစ်သည်။

**"မမှားသောရှေ့နေ၊ မသေသောဆေးသမားဟူသည် လောက၌မရှိ"** ဟူသော ဆိုရိုးစကားကဲ့သို့ **"ဓညဝတီ ရာဇဝင်သစ်"** လာ **"စာမရီငှက်မင်း"** ဟူသော ရေးသားဖော်ပြချက်ကို မှားနေသည်ဟုဆိုရာ၌လည်း တမင်သက်သက် မှားခြင်းမျိုးမဟုတ်နိုင်။ မသိ၍လည်း မှားနိုင်သလို၊ **"ပမာဒလေခ"** ကြောင့်လည်း မှားခြင်းဖြစ်နိုင်ကြောင်း အဖြောင့်နှလုံး သွင်းကြရမည် ဖြစ်ပါသည်။

## စာမရီသားကောင်ကို ရှာဖွေပြခြင်း

စာမရီဆိုသည်မှာ လုံးဝငှက်မဟုတ်ပါ။ သားကောင်သာဖြစ်ပါသည်။ သားကောင်ဖြစ်ကြောင်းကိုလည်း လောကီ၊ လောကုတ္တရာစာပေကျမ်းဂန်များအပြင် ကဗျာလင်္ကာအထောက်အထားတို့ဖြင့် ရေးသားတင်ပြသွားပါမည်။

ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့မှ ၁၉၇၈ ခုနှစ်၊ စက်တင်ဘာလထုတ်၊ **"မြန်မာအဘိဓာန်အကျဉ်းချုပ်"**၊ အတွဲ(၁)တွင် စာမရီး-န/စာမယီ/စာမရီး-အာရှအလယ်ပိုင်းကုန်းမြင့်ဒေသတို့တွင် ဝန်တင်တိရစ္ဆာန်အဖြစ် အသုံးပြုသော မွေးရှည်နွားတစ်မျိုး။ (မြီးဆံကို ယင်ယပ်လုပ်ရသည်။) ဟု ဖော်ပြထားသည်။

၂၀၀၃ ခုနှစ်၊ တတိယအကြိမ်ထုတ်၊ **"အင်္ဂလိပ်မြန်မာအဘိဓာန်"** တွင်လည်း "စာမရီ sa mari/n yak.(sans စာမရီ)" ဟူ၍ ဖော်ပြထားသည်။ စာမရီကို အင်္ဂလိပ်လို (yak) ခေါ်ကြောင်း (၁)အမွေးစုတ်ဖွား၊ အမွေးပွ၊ အမွေးရှည်နှင့် ဂင်တိုတို၊ တုတ်တုတ်ခိုင်ခိုင်နွားရိုင်းဖြစ်ကြောင်း၊ (၂) အိမ်မွေးတိရစ္ဆာန် အဖြစ်မွေးမြူနိုင်သော အမျိုးအစားဖြစ်ကြောင်း၊ တိဗက်စကား (gyas)မှ ဆင်းသက်လာသော စကားဖြစ်ကြောင်း၊ အင်္ဂလိပ်လို (yak)=ယက်(က်)ဟု အသံထွက်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။

**"မြန်မာ့စွယ်စုံကျမ်း"၊ အတွဲ(၃)တွင်လည်း "စာမရီ" သည် နွားမျိုးရင်းဝင်ဖြစ်သည်။ အရောင်မှာ အနက် သို့မဟုတ် အညိုရင့်ရောင်ဖြစ်သည်။ အမွေးများထူ၍ရှည်သည်။ အထူးသဖြင့် အမြီး၊ ခြေထောက်နှင့်**

**ကိုယ်အောက်ပိုင်းရှိ အမွေးမှာ ပို၍ရှည်သည်။ စာမရီအထီး၊ အမနှစ်ကောင်စလုံး ဦးချိုရှည်များရှိကြသည်။ စာမရီများကို ဝန်တင်တိရစ္ဆာန်အဖြစ် အသုံးပြုကြသည်။"** ဟူ၍ ဖော်ပြထားသည်ကို တွေ့ရသည်။

တောင်ပေါက်ကျောင်းဆရာတော် ဦးစက္ကပါလ၏ **"အဘိဓာနပ္ပဒီပိကာနိဿယသစ်"** တွင် **"ဤစာမရီမည်သော သားကောင်ကား နွားနှင့်သဏ္ဍာန်တူ၍ရှည်သော အမွေးရှိ၏။ တိဘက်နိုင်ငံတွင် ၎င်းကိုဝန်တင်ခြင်းစသည်ဖြင့် အသုံးပြုကြ၏။ "စာမရီသားမြီးယပ်" ဟူသည် ၎င်း၏အမြီးဆံဖြင့် ပြုလုပ်သော ယပ်မျိုးတည်း။"** ဟူ၍ ဖော်ပြထားသည်။



စာမရီသားကောင်ပုံ

မန္တလေးမြို့၊ အဘယာရာမရွှေဂူတိုက်ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ အရှင်အဂ္ဂမဟာဘိဝံသ မဟာထေရ်စီရင်အပ်သော **"အဘိဓာန်နိဿယသစ်"**၊ ဂါထာနံပါတ်-၆၁၉၊ စာမရော-စမရီကိုဖွင့်ပြရာတွင် **"စမရီကားအမွေးရှည်သော တိဗက်နွားမျိုးတည်း။ ထိုသားကောင်၏ မြီးဆံသည်ရှည်သည်ဖြစ်၍ အိန္ဒိယနိုင်ငံ၊ တိဗက်နိုင်ငံတို့၌ "ယင်နှင်ယပ်" လုပ်ကြ၏။ ထိုကိုပင် "စာမရီသားမြီးယပ်" ဟုခေါ်သည်။ တိဗက်နိုင်ငံ၌ ဝန်တင်ရန်၊ နို့စားရန်၊ အသားကိုစားရန် ဤသားကောင်ကို အသုံးပြုကြကုန်၏။ ဤအနက်ကို သတ္တတဆေးကျမ်းတို့ကိုလည်းကောင်း။ ပါဠိအမည်တပ်လျက်ပါသော သတ္တဝါရုပ်ပုံများကိုပြ၍ ၎င်းတို့၏အကြောင်းကိုဆိုသော စာအုပ်တို့ကိုလည်းကောင်း ကြည့်ရှုမှိုငြမ်းပြု၍ ပေးအပ်သတည်း။"** ဟူ၍ စာမရီသားကောင်နှင့်ပတ်သက်၍ သက်ဆိုင်သမျှကို ဆရာတော်မှ ရှင်းလင်းထားသည်မှာလည်း အတော်ပင်မှတ်သားဖွယ် ကောင်းလှ၏။

**"သိဒ္ဓန္တကောမုဒီကျမ်း"** ဆရာကလည်း စာမရီမှာ သားကောင်ဖြစ်ကြောင်းကို -

စမ္မနိ ဒီပိနံ ဟန္တိ၊ ဒန္တေသု ဟန္တိ ကုဉ္ဇရံ။

ကေသေသု စမရိံ ဟန္တိ၊ သီမနိ ပုက္ကလော ဟတော။ (ဂါထာ)

**"ဒီပိနံ=သစ်ကို၊ စမ္မနိ=အရေကြောင့်။ ဟန္တိ=သတ်၏။ ကုဉ္ဇရံ=ဆင်ကို။ ဒန္တေသု=အစွယ်တို့ကြောင့်။ ဟန္တိ=သတ်၏။ စမရိံ=စာမရီမည်သောသားကောင်ကို။ ကေသေသု=မြီးဆံတို့ကြောင့်။ ဟန္တိ=သတ်၏။ ပုက္ကလော=ကတိုးကောင်ကို။ သီမနိ=သိုအိမ်ကြောင့်။ ဟန္တိ=သတ်၏။"** ဟူ၍ ဖော်ပြထားသည်မှာ သဘာဝယုတ္တိ၊ အာဂမယုတ္တိနှင့် ပြည့်စုံနေသည်ကိုတွေ့ရ၏။




စာမရီသားကောင်ပုံ

**"သုဗောဓိနိကျမ်း"** ဆရာကလည်း **"စမရီ ဂဝံ ဟန္တိ ကေသေသု"**။ ။ စမရီ =စာမရီမည် သော။ ဂဝံ=နွားကို။ ကေသေသု=မြီးဆံတို့ကြောင့်။ ဟန္တိ=သတ်၏။ ။ ဟူ၍ ဖော်ပြထားပါသည်။ ယင်းကျမ်းဆရာအလို အရ စာမရီမည်သော နွား(သားကောင်)ကို သတ်ခြင်းသည် မြီးဆံကိုအလိုရှိသဖြင့် သတ်ခြင်းဖြစ်ကြောင်း တင်ပြထားပုံမှာ ငြင်းချက်ထုတ်၍မရနိုင်လောက်အောင် အကြောင်းပြခိုင်လုံလှချေ၏။



စာမရီသားကောင်ပုံ

စာမရီသားကောင်နှင့်ပတ်သက်၍ **"မြန်မာစာညွှန့်ပေါင်းကျမ်း"**၊ ဒုတိယတွဲ၊ စာ-၁၅၄၊ အောက်ခြေမှတ်ချက်တွင်-**"စာမရီ။ ။ ခြေလေးချောင်းရှိသောသားမျိုးအဝင်အပါ၊ မြီးဆံလှသော တိရစ္ဆာန်ဖြစ်သည်။ ၎င်း၏အမြီးကို ဟိန္ဒူနှင့် မြန်မာမင်းတို့ သားမြီးယပ်ပြုလုပ်၍ မင်းမြောက်တန်ဆာငါးပါးတွင် အသုံးပြုကြသည်။"** ဟူ၍ ဖော်ပြထားသည်ကို တွေ့ရသည်။

ရွှေတောင်မြို့၊ ကျီးသဲလေးထပ်ဆရာတော်၏ **"မဟာဝင်ဝတ္ထု"**၊ စာ-၃၅၄ တွင် စာမရီသားကောင်နှင့်

ပတ်သက်၍ ရှင်းပြထားပုံမှာ **"သီဟိုဠ်ရာဇဝင်၌ လာရှိသည်မှာ ဇမ္ဗူဒိပ်ကျွန်းသည် ယူဇနာခုနစ်ရာရှိ၏။ ထိုကျွန်း၌ ကုရု၊ ကောရပ္ပ၊ ဝိဒေဟ၊ ဥတ္တရမဏ္ဍ၊ သိပ္ပိမလယ၊ ဝက်၊ မည်သောဇနပုဒ်ခြောက်ခုရှိ ကုန်၏။ ထိုဇနပုဒ်ခြောက်ခု၌နေသော လူတို့သည် အစာအာဟာရသိမ်မွေ့သည်ဖြစ်၍ အလွန်အဆင်းလှကုန်၏။ မြတ်သောအကျင့်လည်း ရှိကုန်၏။ သတ္တဝါတို့၏ အသက်ကိုလည်း မသတ်ကုန်။ မညှင်းဆဲမရိုက်ခတ်ကုန်။ သေသောသတ္တဝါတို့၏ အသားကိုကား စားကြကုန်၏။ ထိုအရပ်တို့၌ "စာမရီ" မည်သော သားသည် အလွန်ပေါများ၏။ လူတို့ကား စာမရီသား၏အမွေး၊ အမြီးတို့ကို ဝတ်ရုံဖုံးလွှမ်း၍ သုံးဆောင်ကုန်၏"** ဟူ၍ ဖြစ်ပါသည်။


မုံရွေးဆရာတော် အရိယာဝံသအာဒိစ္စရံသီကလည်းသူ၏ **"သမန္တစက္ခုဒီပနီကျမ်း"**၊ အဌမတွဲ၊ စာ-၅၄၇တွင် စာမရီနှင့်ပတ်သက်၍ သားမျိုးဖြစ်သလား၊ ငှက်မျိုးဖြစ်သလားဟု မေးမြန်းလာလျှင် ငှက်မျိုးမဟုတ်၊ သားမျိုးသာဖြစ်ကြောင်းကို **"ဗုဒ္ဓဝင်အဋ္ဌကထာပါဠိ"** လာစကားကို သာဓကအနေဖြင့် အောက်ပါအတိုင်းထုတ်ပြထားပါသည်။

**"စာမရီ မိဂေါနာမ ဇီဝိတမ္ပိ အနောလောကေတွာ အတ္တနော ဝါလမေဝ ရက္ခတိ။"** ယင်းအဋ္ဌကထာ၏ စကားမှာလည်း ခိုင်လုံသောစကားဖြစ်၍ ငြင်းပယ်စရာမရှိပါ။

ဇာတ်ကြီးဆယ်ဘွဲ့အဝင်အပါ ဝေဿန္တရာဇာတ်တော်တွင်လည်း **"စာမရီ"** သည် ငှက်မျိုးမဟုတ်၊ သားမျိုးဖြစ်ကြောင်းတို့ **"စာမရီ စလနီ လယီတိ စာမရိမိဂါစ၊ စလိနိမိဂါစ၊ လယီမိဂါစ"** ဟူ၍ အဋ္ဌကထာဆရာက **"မိဂသဒ္ဒါ"** ဖြင့်ဖော်ပြထားသည်မှာလည်း အားရကျေနပ်လောက်သော အထောက်အထားပင် ဖြစ်ပါသည်။



စာမရီသားကောင်ပုံ



စာမရီသားကောင်ပုံ

**"ဝံသမေဒပကာသနီကျမ်း"** ဆရာကလည်း **"စာမရီတိ စာမရိမိဂီ"** ဟူသော အဋ္ဌကထာ၏စကားကို ကိုးကားလျက် စာမရီမှာ ငှက်မျိုးမဟုတ်၊ သားမျိုးသာဖြစ်ကြောင်းကို **"မိဂသဒ္ဒါ"** ဖြင့် ဖော်ပြထားသည်မှာလည်း ထပ်ဆင့်ထောက်ခံချက်ပေးသလိုမျိုး ဖြစ်နေပါသည်။

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီးကလည်း သူ၏မဟာဗုဒ္ဓဝင်၊ ဒုတိယတွဲ၊ စာ-၇၃တွင် **"မြတ်စွာဘုရား၏ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတော်၌ "ရွှေရောင်တောက်သည့် သားမြီးယပ်"**ဟူ၍ ဖော်ပြထားသည်မှာလည်း စာမရီသားကောင်၏အမြီးဖြစ်ကြောင်းကို ညွှန်းဆိုထားခြင်း ဖြစ်သည်။

မြတ်စွာဘုရား၏ **"ရာဟုလောဝါဒသုတ္တန်"** ၌ မြတ်စွာဘုရားသည် သားတော်ရာဟုလာကို စာမရီသားကောင်သည် မိမိ၏မြီးဆံကို စောင့်ရှောက်သကဲ့သို့ မိမိ၏သီလကို အလွန်ဂရုတစိုက် စောင့်ရှောက်တော်မူမည့်အကြောင်း ဥပမာပေး၍ ဟောကြားဆုံးမထားသည်မှာလည်း ဗုဒ္ဓ၏စကားဖြစ်၍ အလွန်အဖိုးတန်လှ၏။

မဟာဗုဒ္ဓဝင်၊ ပထမတွဲ၊ အနုဒီပနီ၊ ပါရမီတော်ခန်း(နီ)မျက်နှာတွင် **"ကိကီဝ အဏ္ဍံ စမရိဝ ဝါလဓိ"** အစရှိသည်ဖြင့် **"ယစ်မသည် မိမိအသက်ကိုစွန့်ကာ ဥကိုစောင့်ရှောက်သကဲ့သို့ငှင်း၊ စာမရီသားကောင်သည် အသက်ကိုစွန့်ကာ မြီးဆံကိုစောင့်ရှောက်သကဲ့သို့ငှင်း၊ သားတစ်ယောက်တည်းသာရှိသော သူကြွယ်သည် ထိုသားတစ်ယောက်ကို ယုယုယယ စောင့်ရှောက်သကဲ့သို့ငှင်း၊ မျက်စိတစ်ဖက်သာ အကောင်းရှိသော ပုဂ္ဂိုလ်သည် ထိုမျက်စိတစ်ဖက်ကို ယုယုယယ စောင့်ရှောက်သကဲ့သို့ငှင်း၊ ထို့အတူ သီလကိုစောင့်ရှောက်ကုန်သောသူတို့သည် အရွယ်သုံးပါးမှာ**


**ပင် ဂါရဝတရားလက်ရှိထားကြ၍ အလွန်ချစ်အပ်သည့် သီလရှိသူများ (သီလကိုအလွန်ချစ်မြတ်နိုးသူများ) ဖြစ်ကြကုန်လော့။**" ဟူ၍ ဘုရားစကားကို အကိုးအကားပြုထားရာ၌ စာမရီကိုသားကောင်အနေဖြင့်သာ တွေ့ရလေသည်။

ဤအကြောင်းကို အင်းဝခေတ်၊ ရဟန်းစာဆို အရှင်မဟာသီလဝံသကလည်း သူ၏ **"ပါရမီတော်ခန်းပျို့"**၊ အပိုဒ်(၇၀) တွင် **"ပမာသွေးသီ၊ စာမရီဟု၊ နောက်ချီပွပွ၊ မြီးဆံလှနှင့်၊ တောဖျားထွတ်ခေါင်၊ သရေဆောင်သည်၊ ရွှေရောင် ဖြိုးဖြိုး၊ သားအမျိုးကား၊ ကျင့်ရိုးအစဉ်၊ ချင်းတို့ညင်ဖြင့်"** ဟူ၍ စာမရီကို ရေးဖွဲ့စပ်ဆိုထားသည်မှာလည်း သားမျိုးစာရင်းဝင်အနေဖြင့်သာ တွေ့ရပေသည်။

အင်းဝခေတ်၊ ရဟန်းစာဆို အရှင်မဟာရဋ္ဌသာရကလည်း သူ၏ **"စက်တော်ရာ ဘုရားရှိခိုး"** တွင် **"မယွင်းတသီး၊ သားမြီးကေသာ၊ ကေလာသဘာ"** ဟူ၍ ရေးသားစပ်ဆိုခဲ့သလို -

မန်လည်ဆရာတော်ကလည်း သူ၏ **"မဃဒေဝလင်္ကာ"** တွင် **"မြီးဆံခင်တတ်၊ အသက်မှတ်သည့်၊ သားမြတ်စာမရီ၊ ရွှေဇော်သို့၊ တညီနှိုင်းညို၊ မြတ်ဇာတိဖြင့်၊ စောင့်ဘိမယုတ်၊ ကိုယ်နှုတ်နှစ်ဘော်၊ မကျူးကျော်ဘဲ"** ဟူ၍ စာမရီသားကောင်သည် သူ၏မြီးဆံကို ချစ်ခင်တတ်သကဲ့သို့ မိမိသည်လည်း ကိုယ်၊ နှုတ်၊ စိတ်သုံးပါးလုံးကို မလွန်ကျူးမပြစ်မှားသင့်ကြောင်း လင်္ကာဖြင့် ဆုံးမထားသည်ကို တွေ့ရှိရသည်။

ပထမရွှေကျင်ဆရာတော်၊ အရှင်ဇာဂရကလည်း စူဠသီဿကောဝါဒကျမ်း **"သီလဆိုင်ရာ ဩဝါဒအခန်း"** တွင် စာမရီသားကောင်ဖြင့် ပမာခိုင်းထားပုံမှာ **"ရစ်မသည် ဥအတွက်အသေခံသည်။ စာမရီသားကောင်သည် အမြီးအတွက် အသေခံသည်။ ရဟန်းသည် သီလအတွက် အသေခံသည်။**" ဟူ၍ ဖြစ်ပါသည်။



စာမရီသားကောင်ပုံ

ရတုကဗျာရေးဖွဲ့စပ်ဆိုရာတွင် ချိုပုံ+ချပုံများမှာ စည်းကမ်းတကျရှိကြ၏။ စည်းကမ်းမဲ့ချ၍မရ။ ယင်းတို့အနက် ရတုအချတွင်(၁၀)လုံးဖြင့် အဆုံးသတ်ချရသောနည်းကို **"စာမရီသားလိုက်ချနည်း"** ဟူ၍သာ ခေါ်ပါသည်။ **"စာမရီ ငှက်လိုက်ချနည်း"** ဟူ၍ကား မခေါ်ပါ။ ဤသည်မှာလည်း မှတ်သားဖွယ်တစ်ခုဖြစ်၍ ဖော်ပြအပ်ပါသည်။

စလေဦးပုည၏ **"ဝိဇယပြဇာတ်"** စာမျက်နှာ(၉၀)တွင် **"ပယ်တကွင်းစာ၊ လယ်ကွင်းသာမှာ၊ စာမရီလို၊ ဇေါ်လို၊ ကိုယ်ခပ်ဖိုင့်ဖိုင့်၊ ခရာပိုပို၊ ဘာလိုလို၊ ချိုငိုင်ငိုင်နှင့်၊ ဂနိုင်ကျက်သရေ၊ မြက်ခင်းလှဲ့လှဲ့၊ နှင်းတွဲ့တွဲ့မှာ၊ သင်းဖွဲ့လို့နေကြတယ်၊"** ဟူ၍ ရေးဖွဲ့ထားသည်မှာလည်း စာမရီသည် ငှက်မဟုတ်ဘဲ၊ သားကောင်ဖြစ်နေကြောင်း သိရှိနိုင်ပါသည်။

ရှေးခေတ် ရှင်ဘုရင်တို့၏ အသုံးအဆောင် **"မင်းမြောက်တန်ဆာငါးပါး"** ဟူ၍ ရှိပါသည်။ ပါဠိလို **"ပဉ္စ-ကကုဓ"** ဟုခေါ်ပါသည်။ ယင်းမင်းမြောက်တန်ဆာငါးပါးဆိုသည်မှာ -

၁။ ဝါဠဗီဇနီ = သားမြီးယပ်။

၂။ ဥဏှီသ = သင်းကျစ်။


၃။ ခဂ္ဂ = သံလျက်။

၄။ ဆတ္တ = ထီးဖြူ။

၅။ ဥပါဟန = ခြေနင်း တို့ဖြစ်ကြ၏။ ယင်း၌လည်း **"သားမြီးယပ်"** ဟူသော ဘုရင့်အသုံးအဆောင်တစ်ခု ပါဝင်နေသည်ကို တွေ့နိုင်သည်။ ယင်းသားမြီးယပ်ဆိုသည်မှာ **"စာမရီသားမြီးယပ်"** ကို ဆိုလိုပါသည်။ စာမရီသားမြီးယပ်ကို မရနိုင်လျှင် **"အောင်းသားမြီးယပ်"** သို့မဟုတ် **"ဒေါင်းမြီးယပ်"** တို့ကို အစားထိုးကာ အသုံးပြုကြကြောင်း သိရှိရပါသည်။



စာမရီသားကောင်ပုံ



စာမရီသားကောင်ပုံ

စာမရီသားကောင်နှင့်ပတ်သက်၍ ဦးဦးသာထွန်း၊ ဦးကျော်ထွန်းအောင်တို့ပြုစုထားသော **"ရက္ခိုင်ဗျာလ်"** စာအုပ်၊ စာ-၆၆တွင် **"စာမရီကို တချို့က ငှက်ဟူ၍လည်းကောင်း၊ တချို့က သားကောင်ဟူ၍လည်းကောင်း ယူဆကြပါသည်။ ရှေးရခိုင်ပညာရှိကြီးတို့က စာမရီကို သားကောင်အဖြစ် ယူဆကြသည်။ ၎င်း၏ပုံသဏ္ဌာန်ကို ရုပ်လုံးရုပ်ကြွများနှင့် စဥ္စရည်-ကြွေရည်သုတ်၊ ပန်းချီစသည်တို့တွင် တွေ့ရှိရသည်မှာ သားကောင်တစ်ကောင် အနေဖြင့်သာ တွေ့ရှိရပါသည်။ သျှစ်သောင်းဘုရား လိုဏ်ဂူအတွင်း ရှိ ဘုရားအလောင်းတော်၏ အန္တရာယ်မရှိ ဘေးမထိသော ဖြစ်တော်စဉ် (၁၃၆) ဘဝကို ဖော်ပြရာတွင် စာမရီအဖြစ်သားကောင် တစ်ဆယ့်ငါးကောင်တို့ကို သာ ထုလုပ်ထားကြောင်း တွေ့ရသည်။ ယင်းသားကောင်၏ အမြီးနှင့်ဗျာလ်ရုပ်တုတွင် တွေ့ရှိရသောအမြီးတို့မှာ ထပ်တူထပ်မျှ တူညီနေလေသည်။"** ဟူ၍ ရေးသားထားသည်ကို တွေ့ရှိရသည်။ ဤရေးသားဖော်ပြချက်သည်ပင်လျှင် စာမရီသားကောင်နှင့်ပတ်သက်၍ ပြည့်စုံလုံလောက်နေပြီဟု ထင်ပါသည်။

သျှစ်သောင်းဘုရားလိုဏ်ဂူအတွင်းရှိ ဗုဒ္ဓ၏ဖြစ်တော်စဉ် စာမရီသားကောင်ဘဝ(၁၅)ဘဝနှင့် **"ရခိုင်ဩကာသ ဘုရားရှိခိုး"** လာ စာမရီ(၁၅)ဘဝတို့မှာ လုံးဝကိုက်ညီနေသည်ကို တွေ့ရသည်။ ရခိုင်ဩကာသဘုရားရှိခိုးကို ဗဟုသုတ

လိုလားသူတို့ သိရှိနိုင်ကြစေရန် ဖော်ပြပေးလိုက်ရပေသည်။

**"ဩကာသ၊ ဩကာသ၊ ဩကာသ၊ ဗုဒ္ဓကိုရ၊ ကောင်းမြတ်လှသည်၊ အစကြီးကြာ၊ (၁၆)ခါနှင့်၊ ဟသ်ာ (၉) ဖြစ်၊ (၆) ဖြစ်ကားခို၊ ကျီးညို(၃)ခါ၊ သံသာကျူးထိတ်၊ ကရဝိက်(၅)၊ (၄)ကားကိန္နရီ၊ စာမရီ (၁၅)၊ မျောက်ကား (၁၀)၊ ဆင်ဝယ်(၁၁)၊ နွားဖြစ်(၁၄)၊ကေးသိန္ဓဝ၊ ကျွဲအဌနှင့်၊ သံမြသာ ညောင်း၊ ဥဒေါင်း(၂)ခါ၊ သာလိကာသတ္တ၊ ဒွါဒသကြက်၊ ဝက်ကား(၁၃)၊ ပေါင်းရုံးများစွာ၊ တရာ့သုံးဆယ်၊ ခြောက်ဖြစ်ဝယ်ကို၊ အန္တရာယ်မရှိ၊ ဘေးမထိသည်၊ မုနိမြတ်လောင်း၊ ဖြစ်တော်ပေါင်းဟု၊ အောက်မေ့သဒ္ဓါ၊ ကြည်ညိုစွာဖြင့်၊ ခါခါမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုး ကန်တော့ပါ၏ အရှင်ဘုရား။ ။"**

မြတ်ဗုဒ္ဓ၏(၁၀၈)ကွက် စက်လက္ခဏာတော်များ စာရင်းတွင် (၁၅)ခုမြောက်ရုပ်ပုံမှာ **"စာမရီသားမြီးယပ်ပုံ"** ဖြစ်နေသည်မှာလည်း မှတ်သားစရာတစ်ခုအနေဖြင့် တွေ့ရှိရပြန်ပါသည်။

သံတွဲမြို့၊ ဘုရားသုံးဆူ၊ စေတီတော်သမိုင်းလင်္ကာတွင် **"စာမရီ"** ကို သားကောင်အဖြစ် ဖော်ကျူးကာ **"သားမြတ် စာမရီ"** ဟူ၍ ရေးဖွဲ့ထားပုံကိုလည်း ဤသို့တွေ့ရှိနိုင်ပါသည်။ **"တစ်ရပ်တစ်ပါး။ ဖြစ်တုံငြားသည်။ တောင်ကား မဏိကေသီ။ ခေါ်ညီပဗ္ဗတ။ ထိုသေလ၌။ မည်ရတစ်ရပ်။ သားမြတ်စာမရီ။ မျိုးသဂီသည်။ တစ်လီတစ်ဖန်။ ဖြစ်ခဲ့ဟန်ကြောင့်။ အမှန်မုချ။ ငါဗုဒ္ဓကား။ ပြုထစခန်း။ နိဗ္ဗာန်လှမ်းသော်။ ခြောက်ပန်းဓာတ်တော်။ ငါ့ဆံတော်ကို။ ပူဇော်ရှိသေ။ ထိုတောင်မြေဝယ်။ ရွှေစေတီကြီး။ တည်လတ်ပြီးသော်။ ရောင်ညီးထိန်ဝါ။ သာသနာတည်း။"**



စာမရီသားကောင်ပုံ



စာမရီသားကောင်ပုံ

အထက်ဖော်ပြပါအတိုင်း စာမရီကို **"ငှက်"** ဟုမယူဆဘဲ **"သားကောင်"** ဟု ယူဆထားသမျှတို့ကို လောကီ၊ လောကုတ္တရာနှစ်ဖြာသော စာပေကျမ်းဂန်တို့အပြင် ကဗျာလင်္ကာတို့ကိုပါ လိုအပ်သလို အထောက်အထားအကိုးအကား အနေဖြင့် စုံလင်စွာ ဖော်ပြပေးလိုက်ရပေသည်။

## စာမရီနှင့် အောင်းရှင်းလင်းချက်

ရှင်ရဟန်းများ မစားကောင်းသော အသားကြီး(၁၀)မျိုးတို့တွင် **"အောင်း"** ဟူသော သတ္တဝါတစ်မျိုးပါဝင်နေသည်ကို တွေ့ရ၏။ ယင်း **"အောင်း"** သတ္တဝါကို ရှင်းလင်းတင်ပြပါမည်။

စာမရီနှင့်အောင်းကို မတူဟုယူဆသူများရှိသလို၊ တူသည်ဟုယူဆသူများလည်း ရှိကြ၏။ ယင်းတို့အနက် မတူဟုယူဆပုံကို ရှေးဦးစွာတင်ပြပါမည်။

**"စမရီ"** ဟူသော ပါဠိစကားကို **"သားကောင်"** ဟုဘာသာပြန်ပြီးလျှင်၊ **"စမရ"** ဟူသော ပါဠိစကားကိုတော့ **"အောင်း"** ဟူ၍ ဘာသာပြန်ဆိုကြပါသည်။ မြင်းနှင့် မြည်းပမာ နှိုင်းယှဉ်၍ ကြည့်နိုင်ပါသည်။

စာမရီနှင့်အောင်း မတူကွဲပြားခြားနားချက်ကို မုံရွေးဆရာတော်၏ **"သမန္တစက္ခုဒီပနီကျမ်း"** တွင် **"စမရော ဥတ္တရာပထေဇာတော။ ယဿပုစ္ဆံစမရံ၊ စမု အဒနေအရော၊ စမရောထိယံ စမရီ။"** ဟူသော ပါဠိကို အကိုးအထောက် ပြုပြီးလျှင် **"အောင်းကို "စမရ" ဆိုသည်ကား စာမရီနှင့်တူသော အမြီးရှိသောကြောင့် "စမရ" တွင်သည်ဟုဆိုသည်ကို ထောက်သဖြင့်လည်းကောင်း၊ ရှေးမင်းတို့လက်ထက် "စာမရီမြီး" ကိုမရလျှင်၊ "အောင်းမြီး" ကိုပင် မင်းခမ်းတန်ဆာ သားမြီးယပ်ပြု၍ ဆောင်ရသည်ကို ထောက်ချင့်၍လည်းကောင်း၊ အောင်းမြီးကိုမြင်တွေ့ရသဖြင့် စာမရီမြီးကို သိသင့်ပေသည်။"** ဟူ၍ ဖြေရှင်းထား သည်ကို တွေ့ရသည်။

ဤအထောက်အထားကိုကြည့်ခြင်းအားဖြင့် စာမရီနှင့်အောင်းမှာ တူသယောင်ယောင်နှင့် မတူညီသော အချက်များရှိနေကြောင်း သိရှိမှတ်သားရပါသည်။ ဆက်လက်၍ တူသည်ဟုယူဆထားမှုကိုလည်း တင်ပြပါဦးမည်။

ရန်ကုန်မြို့၊ တိရစ္ဆာန်ဥယျာဉ်ရှိ တိရစ္ဆာန်ဆေးကုဆရာဝန်-မောင်ချစ်(ဘီ-အေ-ဗီ-ဗွီ-အက်စ်)က (YAK) ကို **"စာမရီ"** ဟုမယူဆဘဲ **"အောင်း"** ဟုယူဆထားပုံကို အထောက်အထားဖြင့် တင်ပြပါမည်။ အများကသိနေကြသည်မှာ (YAK) ကို **"စာမရီ"** ဟူ၍သာ သိထားကြ၏။ အဘယ်ကြောင့် ရန်ကုန်မြို့၊ တိရစ္ဆာန်ဥယျာဉ်၌ (YAK) ကို **"အောင်း"** ဟု မှတ်တမ်းတင်ထားသနည်းဆိုပါလျှင် စာမရီနှင့် အောင်းတို့မှာ နွားမျိုးစိတ်ဝင်သတ္တဝါများ ဖြစ်ကြ၏။ သတ္တဝါနှစ်မျိုးလုံး၏ ပုံပန်းသဏ္ဌာန်မှာ တူညီမှုရှိနေသည့်အတွက် (YAK) ကို အချို့က စာမရီဟုယူဆကြသလို၊ အချို့က အောင်းဟူ၍လည်း ယူဆနေကြခြင်း ဖြစ်သည်။ ဤအကြောင်းကို အောက်ဖော်ပြပါ အထောက်အထားကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ကြလိမ့်မည်ဟု ထင်ပါသည်။

## တိရစ္ဆာန်ဆေးကုဆရာဝန် မောင်ချစ်၏ပြန်ကြားစာ

တပည့်တော်တို့ တိရစ္ဆာန်ရုံရှိ **"အောင်း"** ၏ရုပ်ပုံကို ဓာတ်ပုံရိုက်၍ ပို့လိုက်ပါသည်။ အရှင်ဘုရား၏ မေးခွန်းအား သိပ္ပံနည်းကျကျတိကျစွာ ပြန်လည်ဖြေကြားနိုင်ပါရန်အတွက် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌကြီး ဗိုလ်မှူးကြီးလှအောင်ကလည်း ထိရောက်စွာအကူအညီပေးပါသည် အရှင်ဘုရား။

**"အောင်း"** အား အင်္ဂလိပ်အခေါ် အဝေါ် အားဖြင့် (YAK) ဟု ခေါ်ပါသည်။ မြန်မာဘာသာအားဖြင့် ဦးထွန်းငြိမ်း အဘိဓာန်တွင် **"တရုပ်အမွေးရှည်နွား"** ဟု ဆိုထားပါသည်။ ဗိုလ်မှူးကြီးလှအောင်ရှာဖွေပေးသော အဘိဓာန်တွင်လည်း **"တရုပ်အမွေးရှည်နွား"** ဟု ပြန်ဆိုထားသည့်အပြင်၊ အကျယ်အားဖြင့်လည်း ၎င်း၏အမြီးအား **"စာမရီသားမြီးယပ်"** အဖြစ် အသုံးပြုကြောင်း ဖော်ပြပါသည်။ ရှေးမြန်မာမင်းတို့သည် **"ဂန္ဓာလရာဇ်ပြည်"** မှလာသော သားမြီးယပ်များကို အသုံးပြုကြောင်း ကြားဖူးမိပါသည်။ ၎င်းမှာ (YAK) ခေါ် **"အောင်း"** ၏အမြီးပင် ဖြစ်ပါသည်ဘုရား။

သတ္တဗေဒအခေါ် အဝေါ် အရ (Poe Phagus grunniens) ဟုခေါ်ပါသည်။ ၎င်းမှာ နွားအမျိုးအစားပင် ဖြစ်ပါသည်။

တပည့်တော်တို့ ရန်ကုန်တိရစ္ဆာန်ရုံရှိ **"အောင်း"** ၏ပုံသဏ္ဌာန်မှာ နွားကဲ့သို့ပင်ဖြစ်ပြီး၊ အမွေးရှည်ကြီးများ ဖုံးလွှမ်းထားပါသည်။ အရောင်မှာ တကိုယ်လုံးအနက်ပင် ဖြစ်ပါသည်။ နွားအစာကိုပင်စား၍ နွားလိုပင် စားမြုံ့ပြန်ပါသည်။ ၎င်း၏ကိုယ်ခန္ဓာအပူချိန်မှာလည်း နွားထက်(၁)ဒီဂရီမျှလောက်သာ နည်းပါသည်။ နွားကဲ့သို့ပင် ခွာကွဲသတ္တဝါဖြစ်ပြီး နွားတွင်ဖြစ်လေ့ရှိသော ရောဂါများပင် ဖြစ်တတ်ပါသည်။ အထီးတွင် ချိုရှိပါသည်။ ၎င်းအား တရုတ်ပြည်မှ ရရှိပါသည်။ ၎င်း၏ပင်ရင်းဒေသမှာ တိဘက်ပြည်ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေကာမူ အရှင်ဘုရားသိသာတော်မူနိုင်ပါရန် တပည့်တော်က ၎င်းတိရစ္ဆာန်၏ဓာတ်ပုံကို ဤစာနှင့် တကွ ပူးတွဲဆက်ကပ်အပ်ပါသည် အရှင်ဘုရား။

(ပုံ)မောင်ချစ် (ဘီ-အေ-ဒီ-ဗွီ-အက်စ်)
တိရစ္ဆာန်ဆေးကုဆရာဝန်
ရန်ကုန်တိရစ္ဆာန်ဥယျာဉ်။

## ဇာမဏီငှက်ကိုရှာဖွေပြခြင်း

**"ဇာမဏီ"** ဟုဆိုလိုက်သည်နှင့် **"ငှက်"** ဖြစ်ကြောင်း ပညာရှင်တို့သိကြ၏။ သာမန်ပုဂ္ဂိုလ်များ မသိရှိနိုင်။ အဘယ်ကြောင့်ဆိုသော် အခေါ်အဝေါ်ဆင်ဆင်တူနေသော **"စာမရီ"** နှင့် မှားတတ်သောကြောင့် ဖြစ်၏။ သို့ဖြစ်၍ ဇာမဏီငှက်ကို အထောက်အထားအချက်အလက်တို့ဖြင့် တင်ပြသွားပါမည်။

ရှေးခေတ်မှစ၍ ယနေ့ခေတ်တိုင်အောင် အချို့သောစေတီပုထိုးတို့တွင် **"ငှက်မြတ်နား"** ဟူ၍ ပါရှိသည်။ ငှက်မြတ်တို့ နားလေ့ရှိသည်ကို အစွဲပြု၍ **"ငှက်မြတ်နား"** ဟုခေါ်တွင်ခြင်း ဖြစ်သည်။ ငှက်မြတ်ဟုခေါ်ဆိုကြသော ငှက်လေးကောင်မှာ (၁)ကြက်မင်း၊ ။(၂)ဇာမဏီငှက်မင်း၊ (၃)ကျေးမင်း၊ (၄)ဟင်္သာမင်းတို့ ဖြစ်ကြ၏။

အချို့ပညာရှင်တို့၏ အယူအဆအရ **"ဇာမဏီငှက်"** နေရာတွင် **"လင်းမြီးဆွဲငှက်"** ကို ထည့်သွင်းလေ့ရှိကြ၏။ ယင်းအမိပ္ပာယ်ကို ရည်ရွယ်ပြီး ရှေးခေတ်ပညာရှင်တို့က -

**"ဟင်း, လင်း, ကြက်, ကျေး၊ ငှက်မြတ်လေးကောင်**
**ထည့်ဆောင်လုပ်ထား၊ ငှက်မြတ်နားဟု**
**ခေါ်ငြားသမှူ၊ လူတို့ပြု၏။"** ဟူ၍ ဖွဲ့ဆိုခဲ့ကြသည်။

မန်လည်ဆရာတော်ကမူ သူ၏မဃဒေဝလင်္ကာသစ်၌ -

**"မြီးဆွဲ, ဟင်္သာ၊ ကျေးဝါ, ကြက်ရှစ်**
**ထုလုပ်ထွေပြား၊ ငှက်မြတ်နားနှင့်"** ဟူ၍ ဖွဲ့ဆိုခဲ့သည်။

စာရေးသူရေးဖွဲ့စပ်ဆိုထားသော **"ငှက်မြတ်လေးကောင်"** အမည်ရှိ ကဗျာတစ်ပုဒ်ကိုလည်း ဖော်ပြပေးပါဦး မည်။

**ငှက်မြတ်စလေးကောင်**

ငှက်လေးကောင် အမြတ်ထား
မှတ်သားဖို့ ကဗျာစီ။
[၁]ကြက်မင်း [၂]ရွှေဟင်္သာနဲ့
[၃]ကျေးမင်းပါ သွင်းကာနှော
ပြောကြကြာရှည်။
ငှက်မင်းရယ်တဲ့ [၄]ဇာမဏီ
စာစီဖွဲ့မှတ်တမ်း။
စေတီမှာ **"ငှက်မြတ်နား"** ရယ်လို့
မမှားအောင် ပုံဖော်ပြု
ထုဆစ်ဖော်ညွှန်း။ ။

**ငွေသဇင် (သံတွဲ)**

၂. ၂. ၂၀၁၃

ဤကား ဇာမဏီသည်သားကောင်မဟုတ်။ ငှက်ဖြစ်ကြောင်း ရှင်းလင်းတင်ပြချက်ဖြစ်သည်။ သဘောအဓိပ္ပာယ်ကို သေချာကျနစွာ မသိရှိကြသဖြင့် ငှက်အမည်ဖြစ်သော **"ဇာမဏီ"** ကို သားကောင်အမည် ဖြစ်သော **"စာမရီ"** နှင့် ရောနှော၍စာမရီကို ငှက်ဟုအထင်ရောက်ကာ မှားနေကြခြင်းဖြစ်သည်။ အထက်ဖော်ပြပါအထောက်အထားများကို ကြည့်ခြင်းအားဖြင့် **"စာမရီဟူသည် ငှက်လော၊ သားကောင်လော"** ဟူသော သံသယမှာလည်း ရှင်းသွားလိမ့်မည်ဟု ထင်ပါသည်။

နိဂုံးကမ္ပတ်အဆုံးသတ်ပါမည်။ အထက်ဖော်ပြပါအတိုင်း စာမရီသည် ငှက်မဟုတ်ကြောင်း၊ သားကောင်သာလျှင် ဖြစ်ကြောင်း၊ ၎င်းအပြင် စာမရီနှင့်ဇာမဏီမှာလည်း မတူညီကြောင်း၊ စာမရီဆိုသည်မှာ သားကောင်ဖြစ်ပြီးလျှင် ဇာမဏီမှာ ငှက်ဖြစ်ကြောင်း၊ စာမရီနှင့် ဇာမဏီကို ရှင်းလင်းပြတ်သားစွာမသိရှိကြသဖြင့် မှားယွင်းနေကြကြောင်း၊ စာမရီနှင့်အောင်းကိုလည်း တူသည်ဟုယူဆသူများရှိသလို၊ မတူဟု ယူဆသူများလည်းရှိနေကြောင်း စသည်တို့ကို ရဟန်းရှင်လူ စာပေပညာရှင်အသီးသီးတို့၏ လောကီ၊ လောကုတ္တရာစာပေကျမ်းဂန်များအပြင် ကဗျာလင်္ကာတို့ကိုပါ အားဖြည့်လျက် အထောက်အထား၊ အကိုးအကားစုံလင်စွာဖြင့် ရှင်းလင်းပြတ်သားစွာ ရေးသားတင်ပြခဲ့ပြီး ဖြစ်ပါသည်။

**"ပျက်အစဉ်ပြင်ခဏ"** ဟူသော ပညာရှိတို့၏ ဆိုရိုးစကားအတိုင်း အမှားကိုတွေ့လျှင်(သို့မဟုတ်) အမှားဟု သိရှိခဲ့ပါလျှင် အဘယ်ကြောင့်အမှန်ရောက်အောင် မပြုပြင်နိုင်ကြရပါမည်နည်း။ မှားသည်ဆိုရာ၌လည်း မသိနားမလည်၍သာ မှားခြင်းဖြစ်နိုင်သည်။ တမင်သက်သက် မှားခြင်းမျိုးမဖြစ်နိုင်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ မစူးစမ်းမဆင်ခြင်ဘဲ ပြုမူဆောင်ရွက်လိုက်သော မှားယွင်းချက်သည် တစ်မြို့လုံး၊ တစ်နယ်လုံး၊ တစ်လူမျိုးလုံးကိုပါ အထင်သေးခံနေကြရပါသဖြင့် ပြုပြင်လိုက ပြုပြင်နိုင်ကြစေရန် အကြံပြုဆောင်းပါးစာတမ်းကို စေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ရပေသည်။

## "အမှားတွေ့လျှင် အမှန်ပြင်နိုင်ကြပါစေ။"

ဒွါရာဝတီ-အသျှင်ကုသလ
(အညတရဘိက္ခု)
ဒွါရာဝတီမဂ္ဂဇင်း အမှတ် (၆)
၂၀၁၅-ခုနှစ်။

(ကျမ်းကိုးစာရင်း)

၁။ ဓညဝတီရာဇဝင်သစ်ကျမ်း။
၂။ ရခိုင်ရာဇဝင်သစ်ကျမ်း။
၃။ မြန်မာအဘိဓာန်အကျဉ်းချုပ်။
၄။ အင်္ဂလိပ်မြန်မာအဘိဓာန်။
၅။ မြန်မာ့စွယ်စုံကျမ်း။အတွဲ(၃)။
၆။ အဘိဓာနပ္ပဒီပိကာ နိဿယသစ်။
၇။ အဘိဓာန်နိဿယသစ်။
၈။ သိဒ္ဓတ္ထကောမုဒီကျမ်း။
၉။ သုဗောဓိနီကျမ်း။
၁၀။ မြန်မာစာညွှန့်ပေါင်းကျမ်း။ ဒုတိယတွဲ။
၁၁။ မဟာဝင်ဝတ္ထု။
၁၂။ သမန္တစက္ခုဒီပနီကျမ်း။ အဋ္ဌမတွဲ။
၁၃။ ဝေဿန္တရာဇာတ်၊ အဋ္ဌကထာ။
၁၄။ ဝံသမေဒပကာသနီကျမ်း။
၁၅။ မဟာဗုဒ္ဓဝင်၊ (ပထမတွဲ)၊ (ဒုတိယတွဲ)။
၁၆။ ရာဟုလောဝါဒသုတ္တန်။
၁၇။ ပါရမီတော်ခန်းပျို့။
၁၈။ စက်တော်ရာဘုရားရှိခိုး။
၁၉။ မဃဒေဝလင်္ကာသစ်။
၂၀။ စူဠသီဿကောဝါဒကျမ်း။
၂၁။ ဝိဇယပြဇာတ်။
၂၂။ ရက္ခိုင်ဗျာလ်။
၂၃။ သံတွဲမြို့၊ ရွှေဆံတော်စေတီသမိုင်းသစ်။
၂၄။ ဝိနည်းဥပဒေတော်ကြီး။
၂၅။ ဒွါရာဝတီ-အသျှင်ကုသလမှတ်စု။

## ကမံ (ကမန်) ဟူသည် လူဧလောလေးလော
## (စာဧပဓစ်တမ်း)

ဘင်္ဂလီကုလားလူမျိုးတို့သည် ရခိုင်ရာဇဝင်သမိုင်းမှာ မည်သည့်အခါကမျှ မရှိခဲ့ဘူးသော **"ရိုဟင်ဂျာ"** ဟူသော နာမည်ဆန်းဖြင့် **"တိုင်းရင်းသား"** အဖြစ် အသိအမှတ်ပြုပေးရန် တောင်းဆိုသံများကို ကြားနေရသည်။ သူများတိုင်းပြည်ကို နည်းမျိုးစုံသုံးပြီး ခိုးဝင်လာသူများဖြစ်ပါလျက် အဘယ်ကြောင့်ကိုယ်နှင့်မတန်သော အခွင့်အရေးများကို တောင်းဆိုနေကြရပါသနည်းဆိုလျှင်  အကြောင်းရှိ၍ ဖြစ်ပါသည်။ အကြောင်းကား သူတို့ထက်ရှေးဦးစွာ ရောက်ရှိနေထိုင်လာကြသော ဘင်္ဂလီများက **"ကမန်"** နာမည်ဖြင့် အခွင့်အရေးရရှိနေကြသောကြောင့် ဖြစ်၏။

အမျိုးလည်းတူ၊ ဘာသာလည်းတူသော ရှေးဦးရောက်ဘင်္ဂလီများက **"ကမန်"** နာမည်ဖြင့် အခွင့်အရေးရနေကြသကဲ့သို့ ငါတို့လည်း **"ရိုဟင်ဂျာ"** နာမည်ဖြင့် အခွင့်အရေးတောင်းဆိုမည်ဟူသော ရည်ရွယ်ချက်ဖြင့် တောင်းဆိုနေကြခြင်းဖြစ်သည်။

ထိုသို့ဆိုလျှင် ကမန်အမည်ခံသူများကို မည်သူတို့က တိုင်းရင်းသားအဖြစ် အသိအမှတ်ပြုလိုက်ကြပါသနည်း။ ရာဇဝင်သမိုင်းမှာကော သည်နာမည်မျိုးရှိခဲ့ပါသလား၊ ရခိုင်ပြည်တွင် အသစ်အဆန်းတစ်ခုအနေဖြင့် ပေါ်ပေါက်နေသော ထိုနာမည်ကို ရခိုင်သားတို့က တိုင်းရင်းသားအဖြစ် အသိအမှတ်ပြုကြပါသလား၊ အမှန်တကယ်ကော တိုင်းရင်းသားဖြစ်ထိုက်ပါသလား၊ သေသေချာချာ စူးစမ်းသင့်ပါသည်။

ထိုနာမည်ဆန်းကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ဗဟိုကော်မတီဌာနချုပ်ကထုတ်ဝေသော တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ **"ရခိုင်"** စာအုပ်၊ စာ-၂၂တွင် **"ရခိုင်ပြည်နယ်တွင် နေထိုင်ကြ သော လူမျိုးများမှာ ရခိုင်၊ မရမာကြီး၊ မြို၊ ဒိုင်းနက်၊ သက်၊ ကမန်၊ လင်းကဲ၊ အနူး၊ ရှမ်းဒူး၊ ခေါင်စို၊ ချင်းနှင့်ဗမာစသည်တို့ ဖြစ်ကြသည်။"** ဟူ၍ ဖော်ပြထားသည်ကို တွေ့ရသည်။

သည်ကိစ္စမှာ စစ်အာဏာရှင်အစိုးရလက်ထက် ရခိုင်လူမျိုးတို့၏ သဘောဆန္ဒကိုမရယူဘဲ၊ ကိုယ်လိုချင်သလို ထည့်သွင်းဖော်ပြခဲ့ခြင်းမျှသာ ဖြစ်သည်။ စာအုပ်မှာဖော်ပြလိုက်ရုံမျှဖြင့် တိုင်းရင်းသားဖြစ်သွားပါပြီလား။ ထိုလူမျိုးတို့၏ သမိုင်းကြောင်းကို သေချာစွာ မစစ်ဆေးသင့်ဘူးလားဆိုသည်မှာ လေးလေးနက်နက်ထားပြီး စဉ်းစားကြရမည့်အချက် ဖြစ်နေသည်။ ထို့ကြောင့် **"ကမန်"** ဟူသောအမည်သည် လူမျိုးတစ်မျိုး၏ အမည်မဟုတ်ဘဲ၊ **"လေးလက်နက်"** ကို ခေါ်သော အမည်တစ်ခုဖြစ်ကြောင်းကို အထောက်အထားဖြင့် တင်ပြသွားပါမည်။

### "ကမံနှင့်ကမန်စစ်တမ်း"

ရခိုင်ရာဇဝင်တို့၌ **"ကမံနှင့်ကမန်"** ဟူသော ဝေါဟာရစကားလုံးနှစ်မျိုးကို တွေ့ရသည်။ ကမံနှင့် ကမန်ဟူသော ဝေါဟာရစကားနှစ်လုံးမှာ အသံတူပြီးအသတ်မတူသော်လည်း အကြောင်းအရာမှာ အတူတူဖြစ်နေခြင်းကြောင့် ယင်းဝေါဟာရနှစ်မျိုးလုံးကို ရခိုင်ရာဇဝင်ကျမ်းတို့၌ တွေ့ရခြင်းဖြစ်သည်။

ရခိုင်ရာဇဝင်အရ **"ကမံ(သို့မဟုတ်)ကမန်"** သည် လူမျိုးတစ်မျိုး၏အမည်ကိုခေါ်ခြင်းမဟုတ်။ အမှန်က ကမံ(ကမန်)ဟူသည် ရခိုင်ဘုရင်အဆက်ဆက် စစ်အင်္ဂါလေးပါးဖြင့် စစ်တပ်ဖွဲ့စည်းရာ၌ စစ်သည်ရဲမက်တို့ အသုံးပြုခဲ့

ကြသော **"လေးလက်နက်ကို = ကမံ(ကမန်)"** ဟုခေါ်ဆိုခြင်း ဖြစ်သည်။

ရခိုင်မင်းအဆက်ဆက်တို့ စစ်တပ်ဖွဲ့စည်းပုံမှာ ဆင်တပ်၊ မြင်းတပ်၊ ရေတပ်၊ သိုင်းတပ်ဟူ၍ တွေ့ရှိရသည်။ ယင်းစစ်တပ်တို့၌ ပါဝင်သော စစ်သည်သူရဲ (ရဲမက်) တို့မှာ -

(၁) ဓါးကိုင်လှံစွဲ သူရဲ၊

(၂) ကမံလေးကိုင် သူရဲ၊

(၃) ဒိုင်းကိုင် ကာစွဲ သူရဲ၊

(၄) သိုင်းတပ် သူရဲ၊

(၅) ကိုယ်တော်ရံသူရဲ တို့ဖြစ်ကြသည်။

အဆိုပါ ဘုရင်၏စစ်သည်သူရဲ (ရဲမက်)တို့အနက် ဓါးကိုင်၊ လှံကိုင်၊ ကမံလေးကိုင်၊ ဒိုင်းစွဲ၊ ကာစွဲ၊ သိုင်းတပ်ဟူ၍ ရှိကြရာ **"ကမံလေးကိုင်"** ဟူသည် **"လေးလက်နက်ကို ကိုင်စွဲခြင်း"** ကို ဆိုလိုသည်။ ရခိုင်ရာဇဝင်လာ **"ကမံ"** ဟူသော ဝေါဟာရသည် **"ကမန်"** အမည်ခံ ကုလားလူမျိုးကို ဆိုလိုခြင်းမဟုတ်သလို၊ ထိုသူတို့နှင့်လည်း လုံးဝ သက်ဆိုင်ခြင်းမရှိပါ။ အမည်တူနေသော်လည်း သူ့အဓိပ္ပာယ်နှင့်သူသာ ရှိပါလိမ့်မည်။

ရခိုင်ပြည်သို့ ကမန်အမည်ခံ ကုလားလူမျိုးများ ရောက်ရှိမလာမီနှစ်ပေါင်းများစွာကပင် ရခိုင်ဘုရင့်တပ်မတော်၌ လေးလက်နက်ကို **"ကမံ(=လေး)"** ဟူ၍ သုံးစွဲမှုရှိနေပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။ အလားတူ သူ့နေရာနှင့်သူ အသုံးပြုသော ကမံဝေါဟာရများမှာ ကမံဆီ၊ ကြေးလေးကမံ၊ မြားကမံ၊ ကမံလေးကိုင်၊ လှံ, ဓါး, ကမံ၊ လေးကမံ၊ ကြေးကမံ လေးကမံ၊ ကြေးကမံလေးကြီး၊ ကမံလေးစသည်ဖြင့် အများအပြားရှိခဲ့ကြသည်။ ယင်းဝေါဟာရများကို ရှင်းရှင်းလင်းလင်း သိရှိနိုင်ကြစေရန် ရာဇဝင်အထောက်အထားများဖြင့် ရေးသားဖော်ပြပေးသွားပါမည်။

### "ရခိုင်ရာဇဝင်လာ ကမံ(ကမန်)ဝေါဟာရကို ရှာဖွေပြခြင်း"

ကမံဆီ ။ ။ ငါတို့ဝှမ်းကြီးအလီခင်သည် ဆင်ကိုမစီးတက်ပေ။ သုမင်းဟိသည် ကိုဝ်ငါတို့ဝှမ်းသိ၍။ သုဆင်သိုဝ် စီးတက်လေသောဝ် ဓါးငယ်တဇင်းကိုဝ်လက်မြှောက် အဟံတည့်သိုဝ်**"ကမံဆီ"** ဖြင့် လုပ်ပြီးသော် လက်တော်၌ ပါလေ၏။

(အင်းစောက်ရာဇဝင်၊ ၉ ကြောင်းပေမူ၊ ယူ-ချပ်ကြော၊ ကြောင်းရေ ၈၊၉)

ကမံဆီ ။ ။ ငါတို့ဝှမ်းကြီးအလီခင် ကြားလေသောဝ် သူတို့ဝှမ်းဆင်သို့စီးသောခါ လက်၌ ပါ၍ဟိသော **"ကမံဆီ"** ဖြင့်လုပ်သော လက်မြှောက်အဟံကဲ့သိုဝ် ဓါးငယ်ကိုပွေ့လိုက်သော်။

(အင်းစောက်ရာဇဝင်၊ ၉ ကြောင်းပေမူ၊ ယူ-ချပ် ရင်၊ ကြောင်းရေ ၇၊၈)

ကြေးလေးကမန် ။ ။ **"ကြေးလေးကမန်"** အရာ၌ ရှေးကကြားဘူးသော အသဒိသ၊ ဇဋိလ စသော ဘုရားဌောင်းတိုဝ့်ကိုဝ်ကဲ့သိုဝ့် ထင်မှတ်ကြကုန်၏။ မျက်စိမမြင်ပေလျက် အိုင်ထဲ၌ဟိသောငါးကိုဝ် လက်ဝဲမျက်စိကိုဝ်မှန်စိမည်ဟူ၍ ပိုက်သည်ကိုဝ်လည်း မှန်လေ၏။ လကျာမျက်စိကိုဝ် မှန်စိမည်ဟု ပိုက်လျှင်လည်း မှန်လေ၏။ ညဥ့်အခါ၌လည်း ဆံခြေကိုဝ်ကြိုင်းနှင့်ဆွဲပြီးလျှင် အသံကိုနာခံ၍ ပိုက်သော်လည်း ထိုဆံခြေကိုဝ် မှန်လေ၏။ ထိုမင်းသည် အစွမ်းခွန်အားနှင့်

**"ကြေးလေးကမန်"** အရာကိုဝ်တတ်လှသည်ဟု အင်းဝမင်းက ကြားလေသောဝ်။
(အင်းစောက်ရာဇဝင်၊ ၉ကြောင်းပေမူ၊ ဃေ-ချပ်၊ရင်၊ကြောင်းရေ၆၊၇၊၈၊၉)

ကြေးလေးကမန် ။ ။ ကလမသျှာမင်းသည် **"ကြေးလေးကမန်"** ဖြင့် ပိုက်လေသော် ကုလားတို့သည် အထောင်မက သေပျောက်ပျက်စီးလေလျှင် ပြံ၍ပြေးစေ၏။
(အင်းစောက်ရာဇဝင်၊ ၉ ကြောင်းပေမူ၊ ဃဲ-ချပ်၊ရင်၊ ကြောင်းရေ ၂)

မြားကမန် ။ ။ မင်းကြီးပိုက်သော **"မြားကမန်"** တို့သည်ကား ထွားထွားညက်ညက်ကြီသည်ကိုဝ် ကုလားတိုဝ့်မြင်လေသောဝ်။ ကုလားပြည်အားလုမ်းသည် အံ့ဩသရဲ ဟိကုန်၏။
(အင်းစောက်ရာဇဝင်၊ ၉ ကြောင်းပေမူ၊ ဃဲ-ချပ်၊ ရင်-ကြောင်းရေ၃၊၄)

ကမံလေးကိုင် ။ ။ ကစ္ဆပနဒီမြစ်ညာ ပေချောင်းဖျား ကျောက်မသာကျောက်ဖျာထက်ဆိတ် ခွေးမွေးတောင်လမ်းသားတော်သံတွဲစား ချစ်နှောင်းတပ်၊ **"ဓါးကိုင်လှံစွဲ"** သူရဲတစ်သောင်း ပန်းတော်စား ရန်မျိုးအောင်တဗိုလ်၊ **"ကမံလေးကိုင်"** သူရဲတစ်သောင်းမှာ မြို့သစ်စား ကျော်စံတဗိုလ်၊ **"ဗိုင်းစွဲ၊ကာစွဲ"**သူရဲတစ်သောင်းမှာ တောင်ဂုတ်စား ရာဇသူတဗိုလ်၊ **"သိုင်းတပ်"** သူရဲတစ်သောင်းမှာ လမူးစား ထွန်းအောင်တဗိုလ်။
(ဧညဝတီအရေးတော်ပုံကျမ်း၊ အပိုဒ်(၂၂)၊ စာ-၄၀)
(ရခိုင်ရာဇဝင်သစ်ကျမ်း၊ ဒု-တွဲ၊ စာ-၆၀)

လှံ၊ ဓါး၊ ကမံ ။ ။ စစ်တက်ချီတော်မူလျှင် အရှေ့တောင်စဉ်ကျေးရွာလမ်းပေါက်များတွင် ကိုယ်တော်ရံ ရဲမက်တော်နှစ်သောင်း မှာ **"အမတ်ဟာဇကြီး"** ကို အချုပ်ခန့်၍ တောင်စဉ်ချောင်းစေ့ အသီးအသီးတပ်နှင့် ထားတော်မူခဲ့ သည်။ ပြည်စောင့်ညီတော် ရမ်းဗြဲစား **"စကြာဝတေး"** နှင့် အမတ်ပြည်စိုးကြီး **"လှံ၊ ဓါး၊ ကမံ၊ သိုင်းကာ၊ ဓားစွဲ"** သူရဲနှစ်သောင်း၊ ကိုယ်တော်ရံ သူရဲတစ်သောင်းပေးတော်မူသည်။
(ဧညဝတီအရေးတော်ပုံကျမ်း၊ အပိုဒ်(၂၂)၊ စာ-၄၀)
(ရခိုင်ရာဇဝင်သစ်ကျမ်း၊ ဒု-တွဲ၊ စာ-၆၀)

ကမံလေးကိုင် ။ ။ ချီတော်မူသည့်တပ်စဉ် အစီရင်ခန့်ရံတော်မူသည်ကား လက်ဝဲသင်းကိုယ်ရံနှစ်သောင်းမှာ အမတ်ကုလားတန်စား စောနုတဗိုလ်။ အမတ်မင်းတုန်းစား ရဲအောင်နိုင်တဗိုလ်။ လကျာ်သင်း ကိုယ်ရံနှစ်သောင်းမှာ အမတ်တရွေးစား ဂါမဏိတဗိုလ်။ အမတ်မြို့ချောင်းစားတဗိုလ်။ **"ကမံလေးကိုင်"** သူရဲတစ်သောင်းမှာ တောင်ဂုတ်စား ရန်မျိုးအောင်တဗိုလ်။
(ဧညဝတီအရေးတော်ပုံကျမ်း၊ အပိုဒ်(၆၅)၊ စာ-၁၈၆)

ကြေးကမံလေးကြီး ။ ။ ကလမသျှာမင်းကြီးသည် ကုလားအဝတ်ကိုဝတ်ပြီးလျှင် **"ကြေးကမံလေးကြီး"** ဖြင့် ပစ်လေသော် ကုလားစစ်သည်တို့သည် အထောင်မကသေကျေပျက်စီးကြလေသောကြောင့် ပြေးကြလေကုန်၏။
(ရခိုင်ရာဇဝင်သစ်ကျမ်း၊ ဒု-တွဲ၊ စာ-၃၃)

ကမန်လေးကိုင် ။ ။ ထို့အပြင် အမှုထမ်းအသင်း၊ ကိုယ်တော်ရံအမှုး၊ ဝင်းသား၊ ဗိုင်းသား၊ ဟယား၊ စီရီ၊

**"ကမန်လေးကိုင်"** တို့မှစ၍ အခွန်အထုပ်မဆောင်မရွက်စေနှင့်။

(ရခိုင်မဟာရာဇဝင်တော်ကြီး၊ စာ-၅၄)

လှံ၊ဓါး၊ကမံ ။ ။ ပြည်စောင့်ညီတော်ရမ်းဖြစား စကြာဝတေးနှင့် အမတ်ပြည်စိုးကြီးကို **"လှံ၊ ဓါး၊ ကမံ၊"** သိုင်းကာ၊ ဒိုင်းစွဲသူရဲနှစ်သောင်း၊ ကိုယ်တော်ရံသူရဲတစ်သောင်း ပေးတော်မူသည်။

(ဓညဝတီရာဇဝင်သစ်၊ စာ-၁၄၆)

## "ဗမာရာဇဝင်လာကမန်ဝေါဟာရကို ရှာဖွေပြခြင်း"

**"ကမန်"** ဟူသော ဝေါဟာရကို ရခိုင်လူမျိုးတို့သည်သာ သုံးနှုန်းခဲ့ကြသည်မဟုတ်၊ ဗမာလူမျိုးတို့သည်လည်း ရှေးခေတ်က သုံးနှုန်းခဲ့ကြကြောင်းကို ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၊ ပထမတွဲ၊ စာ-၂၀၀၊၂၀၁၊၂၀၂တို့၌ တွေ့ရှိရသည်။ ယင်း၌ **"ကမန်"** ဟူသောဘွဲ့ကို လေးလက်နက်ထူးချွန်သော သူရဲကောင်းတို့အား ဗမာရှင်ဘုရင်က ချီးမြှင့်မြှောက်စားခဲ့ခြင်းဖြစ်သည်။ ထိုသို့ချီးမြှင့်မြှောက်စားခံရသူ သူရဲကောင်းများမှာလည်း **"ကမန်ကုလား"** များ မဟုတ်ကြောင်းကို အထူးသိမှတ်သင့်ပါသည်။

အေဒီ-၁၇၅၇ ခု၊ ဒွန်နှင့် ဇူလိုင်လတို့က ဗမာရှင်ဘုရင်သည် သူ၏လေးသည်တော် သူရဲကောင်းတို့အား **"ကမန်ဘွဲ့"** ဖြင့် ချီးမြှင့်မြှောက်စားခဲ့ရာ၌ ပါဝင်သောလူပုဂ္ဂိုလ်များကို အနည်းငယ်ကောက်နုတ်တင်ပြပါမည်။ ယင်းတို့မှာ-

**"ပန်းတဉ်းငမြတ်ကို ကမန်ကျော်ထင်၊ သောထွန်းကို ကမန်သူရ၊ ငမြတ်သူကို ကမန်ရာဇကျော်၊ တေဇပျံချီကို ကမန်စတ္တသူ၊ ငကွယ်ကို ကမန်ဝေရကျော်၊ ငထွန်းပွင့်ကို ကမန်ကျော်သူ၊ ငမြတ်စံကို ကမန်ရဲကျော်၊ ငလှကျော်ကို ကမန်ရာဇကျော်၊ ငပညာကို ကမန်ရဲသူ"** စသည်ဖြင့် တွေ့ရသည်။ ထိုကဲ့သို့ ကမန်ဘွဲ့ရလေးသည်တော်တို့မှာ အများအပြားပင် ကျန်ရှိနေပါသေးသည်။

ရိုးရိုးလေးသည်တော်များကိုလည်း **"သောဦးကို ခနုစက်၊ ငမှုန်ကို ခနုရန်ခွဲ၊ ငရွှေထွန်းကို ခနုရန်နှင်၊ သောထွေးကို ခနုရန်နိုင်၊ ငညိုထင်ကို ခနုရန်လွတ်၊ ငပုညိုကို ခနုရမ္ဘကျော်၊ ငအောင်ထွေးကို ခနုတေဇကျော်၊ ငပန်းလှကို ခနုလက်ယာကျော်၊ ငထွန်းလှကို ခနုလက်ဝဲကျော်၊"** ဟူသော **"ခနုဘွဲ့"** တို့ဖြင့် ချီးမြှင့်မြှောက်စားခဲ့ကြောင်း သိရှိရပါသည်။

ဤသို့လျှင် ရာဇဝင်၊ သမိုင်းတို့၌ လာရှိသည့်အတိုင်း **"ကမန်"** နှင့် **"ခနု"** ဟူသော အမည်နာမတို့မှာ **"အစ္စလာမ်ဘာသာဝင်-ကမန်ကုလား"** တို့နှင့် မည်သို့မျှ ဆက်စပ်ပတ်သက်မှုမရှိသော အမည်နာမများဖြစ်ကြောင်း သိမှတ်သင့်ပါသည်။

## "ဘင်္ဂ၊ ဘင်္ဂလာဒေသ၊ ဘင်္ဂလီတို့ကို အဓိပ္ပာယ်ဖွင့်ဆိုပြခြင်း"

ပါဠိစာပေတွင် **"ဘင်္ဂ"** ဟူသော စကားလုံးရှိသည်။ ယင်းအဓိပ္ပာယ်မှာ **"ပျက်စီးခြင်း"** ဟူ၍ဖြစ်သည်။ **"ဘင်္ဂ"** နှင့်တွဲဘက်၍ **"ဘင်္ဂလာ"** ဟူသောစကားလုံး။ **"ဘင်္ဂလာ"** နှင့်တွဲဘက်၍ **"ဘင်္ဂလာ(ဒေသ)+(ဒေ့ရှ်)"** ဟူသော စကားလုံးများ ဖြစ်ပေါ်လာသည်။ အဓိပ္ပာယ်မှာ **"နှစ်စဉ်မုန်းတိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးခြင်းနှင့် ကြုံတွေ့ရသော အရပ်ဒေသ"** ဟူ၍ ဖြစ်သည်။

မူလအစက ဤအရပ်ဒေသတွင် အိန္ဒိယနိုင်ငံသား၊ အိန္ဒိယအနွယ်ဝင်များသာ ရှိနေခဲ့ကြသည်။ နောင်သောအခါ၌ အာရပ်မူဆလင်တို့သည် အိန္ဒိယနိုင်ငံတွင် အေဒီ-၆၃၆ခုဝန်းကျင်က စတင်အခြေချခဲ့ ကြသည်။ အေဒီ-၇၁၂တွင် မူဟာမက်ဘင်ကာဆင်နှင့် မူဟာမက်ဟာရမ်တို့၏တပ်များက ဆင်းဒ်နယ်နှင့် အနောက်ပန်ဂျပ်တောင်ပိုင်းကို အာရပ်တို့၏ ပြည်နယ်များအဖြစ် တိုက်ခိုက်သိမ်းသွင်းခဲ့ကြသည်။

အာရပ်မူဆလင်တို့သည် ဆင်းဒ်နယ်တွင် နှစ်ပေါင်း ၃၀၀ခန့် နေထိုင်လာခဲ့ကြရာမှ အေဒီ-၁၀ရာစုအတွင်း ပါရှားနှင့် တူရကီအနွယ်တို့၏ ဂါဇနီနန်းဆက်ပေါ်ပေါက်လာခဲ့သည်။ အိန္ဒိယပြည်ကို တိုက်ခိုက်နယ်ချဲ့လာသော **"ဆူဘူတီဂျင်"** သည် အေဒီ-၉၇၆ခုတွင် ဂါဇနီ၌နန်းတက်လာသည်။ သူသည် အိန္ဒုမြစ်ဝှမ်းတစ်ခုလုံးကို တိုက်ခိုက်အောင်မြင်ပြီး **"ပက်ရှ်ဝါ"** ထိ သိမ်းပိုက်နိုင်ခဲ့သည်။

အစ္စလာမ်ဘာသာဝင် ဘင်္ဂလီလူမျိုး **"ဆူဘူတီဂျင်မင်း"** ၏သားဖြစ်သူ **"စူလ်တန်မာမူး"** သည် အေဒီ-၉၉၇-ခုတွင် ပထမဦးဆုံး စူလ်တန်ဘုရင်အဖြစ်ကို ခံယူသည်။ ထိုအခါမှစ၍ အိန္ဒိယဒေသသို့ အစ္စလာမ်ဘာသာဝင် ဘင်္ဂလီလူမျိုး အများအပြား ဝင်ရောက်လာခဲ့ကြသည်။ ထိုလူမျိုးတို့ကို ဘင်္ဂလာ(ဒေသ)+ (ဒေ့ချ်) ၌နေထိုင်ကြသော လူမျိုးများဖြစ်ခြင်းကြောင့် **"ဘင်္ဂလီလူမျိုး"** ဟူ၍ ခေါ်တွင်သည်။ ဤကား ဘင်+ ဘင်္ဂလာဒေသ+ ဘင်္ဂလီဟူသော ဝေါဟာရနှင့်ပတ်သက်၍ မှတ်သားဖွယ်ရာများပင် ဖြစ်သည်။

**"ကုလားကို အဓိပ္ပာယ်ဖွင့်ဆိုပြခြင်း"**

**"ကုလား"** ကို ပါဠိဘာသာအနေဖြင့် **"ကုစ္ဆိတံ ကမ္မံ ကရောတီတိကုလား"** ဟူ၍ ဝိဂ္ဂဟ(=ဝိဂြိုဟ်) ပြုနိုင်သည်။ အနက်အဓိပ္ပာယ်မှာ **"ကုစ္ဆိတံ = စက်ဆုပ်အပ်သော၊ ကမ္မံ = အမှုကို၊ ကရောတိ = ပြုလုပ်တတ်၏၊ ဣတိတသ္မာ = ထို့ကြောင့်၊ ကုလား=ကုလားမည်၏။"** ဟူ၍ဖြစ်သည်။ ဤဝိဂြိုဟ်စကားအရ ကုလားလူမျိုးတိုင်းလည်း ဤသို့ဟုတ်မည်မထင်။ သို့သော် ယေဘုယျအားဖြင့် မှန်ကန်မှုရှိနေသည်ကို တွေ့နိုင်သည်။

ကုလားလူမျိုးတို့ နေထိုင်ရာအရပ်ဒေသနှင့် ရခိုင်လူမျိုးတို့နေထိုင်ရာအရပ်ဒေသတို့မှာ နီးစပ်မှု၊ နီးကပ်မှုရှိသဖြင့် ကုလားလူမျိုးတို့၏အမူအကျင့်ကို ရခိုင်သားတို့ အသိဆုံးဖြစ်သည်။ အဘယ်မျှသိသနည်းဆိုပါလျှင် အူမချီးခါးအထိ သိသည်။ ထို့ကြောင့် **"ကုလားမနိုင်-ရခိုင်မေး"** ဟူသော ဆိုရိုးစကားဖြစ်ပေါ်လာခဲ့ရခြင်း ဖြစ်သည်။

ရခိုင်လူမျိုးတို့၏ ဆိုရိုးစကားနှင့်ဆိုလိုရင်းအနက်အဓိပ္ပာယ်ကို ကောင်းစွာမသိရှိနိုင်သော ဗမာလူမျိုးတို့က **"ကုလားမနိုင်-ရခိုင်မဲ"** ဟူ၍ **"မေးနှင့်မဲ"** ကို သတ်ပုံလွဲမှားစွာ ပြောဆိုသုံးနှုန်းနေကြသည်ကို ကြားသိတွေ့ရှိနေရသည်။

အလားတူ **"ပြူကိုအမြှောက်-တလိုင်းကိုအကောက်-ကုလားမှာမီးပေါက်၊ မြန်မာကိုပြဒါး-ကုလားကို မဲနာ၊ ကုလားကိုနိုင်လို-စားဖို့မှာမီးတဲ့၊ ကုလားပုဝွန်-ဆယ့်နှစ်တန်ကိုမလွှန်ရာ"** ဟူသော ကုလားနှင့်ဆိုင်ရာ ဆိုရိုးစကားများကိုလည်း ရာဇဝင်ထဲ၌ တွေ့ရသည်။

**"ရခိုင်ပြည်သို့ မူဆလင်ကုလားများစတင်ရောက်ရှိလာခြင်း"**

ရခိုင်ဘုရင် နရမိတ်လှ(မင်းစောမွန် အေဒီ-၁၄၀၄ မှ ၁၄၃၄)ကို အင်းဝတပ်များက လာရောက်တိုက်ခိုက်သောကြောင့် အနောက်ဘင်္ဂလားသို့ ထွက်ပြေးခဲ့ရသည်။ ဘင်္ဂလားရှိ ဂေါ်ရ်(သူရတန်ပြည်) ဘုရင်က သူ့ကို ကောင်းစွာ

လက်ခံထားသည်။ မင်းစောမွန်သည် ဂေါ်ရ်ဘုရင်ထံတွင် ထူးချွန်ပြောင်မြောက်စွာ စစ်မှုထမ်းခဲ့သည်။ အေဒီ-၁၄၃၀တွင် မင်းစောမွန်သည် ဂေါ်ရ်ဘုရင်၏စစ်တပ်အကူအညီဖြင့် လောင်းကြက်မြို့ကို လာရောက်တိုက်ခိုက်ရာ အင်းဝတပ်များ ဆုတ်ခွာသွားရသဖြင့် မင်းစောမွန်သည် လောင်းကြက်ထီးနန်းကို ပြန်လည်ရရှိခဲ့သည်။ မင်းစောမွန်နှင့်အတူပါလာသော အချို့သော မဟာမေဒင်ဘာသာဝင် မူဆလင်ကုလားစစ်သည်တော်တို့သည် မြောက်ဦးမြို့တော်၌ နေထိုင်ခွင့်ရရှိခဲ့ကြလေသည်။ အဆိုပါ မူဆလင်ကုလားစစ်သည်တော်တို့သည် မြောက်ဦးမြို့တော်၌ **"ဆန်ဒီခန်ဗလီ"** ကိုလည်း တည်ဆောက်ခဲ့ကြသည်။ ဤကား မူဆလင်ကုလားလူမျိုးများ ရခိုင်ပြည်သို့ ပထမဦးဆုံးအကြိမ် ရောက်ရှိလာကြခြင်း ဖြစ်သည်။

အေဒီ-၁၅၃၂တွင် **"ရခိုင်ဘုရင်မင်းဗာကြီး"** သည် အနောက်ဘင်္ဂါ-၁၂ မြို့ကို ပြန်လည်သိမ်းယူနိုင်ခဲ့သည်။ ရခိုင်သို့ မပြန်မီ **"အိန္ဒိယမဟာဗောဓိ"** တွင် ကုသိုလ်ကောင်းမှုပြုကာ ကျောက်စာမော်ကွန်းရေးထိုးခဲ့သည်။ အပြန်တွင် ဝေသာလီ ကျောက်လှေကားခေတ်၊ သိင်္ဂစန္ဒြားမင်းလက်ထက်က သောင်းတီးနယ်၊ သောင်းတီးနတ်၌ လှူဒါန်းထားရှိခဲ့သော ဆားချက် ကုလား(၄၀၀၀)ကို သိမ်းယူလာခဲ့သည်။ ယင်းကုလား (၄၀၀၀)ကို သံတွဲမြို့ရှိ ဆံတော်၊ အံတော်၊ နံတော်ဘုရားသုံးဆူတွင် ရွှေကရားနှင့် ရေစက်သွန်းချကာ ကျောက်စာမော်ကွန်းရေးထိုး၍ **"ဘုရားကျွန်"** အဖြစ် လှူဒါန်းခဲ့သည်။ ဤသည်မှာ မူဆလင်ကုလားလူမျိုးများ ရခိုင်ပြည်သို့ ဒုတိယအကြိမ် ရောက်ရှိလာကြခြင်း ဖြစ်သည်။

## "ကုလားလူမျိုး(၆၀)ကို ရှာဖွေပြခြင်း"

**"မြန်မာသတ္တ၊ မွန်လေးဝ၊ ရှမ်းကသုံးဆယ်၊ ခြောက်ဆယ်ကုလား၊ လူမျိုးတစ်ရာ့တစ်ပါး"** ဟူသော သင်္ကေတဆောင်ပုဒ်ကဗျာအရ ကုလားလူမျိုး (၆၀) ရှိကြောင်း သိရှိရသည်။ ယင်းကုလားလူမျိုး (၆၀) ဆိုသည်မှာ (၁) ကလယ်၊ (၂) ပသီ၊ (၃) ဘုရင်ဂျီ၊ (၄) ဇော်ဂီ၊ (၅) မာလီ၊ (၆) ဘော်ရီ၊ (၇) ဟိန္ဒူ၊ (၈) ရေဆူ၊ (၉) သောကုတ်၊ (၁၀) လဟုတ်၊ (၁၁) ဒေါရား၊ (၁၂) ပုဏ္ဏား၊ (၁၃) ဗသျှူး၊ (၁၄) ခတ္တိ၊ (၁၅) တပသီ၊ (၁၆) ဟာရီ၊ (၁၇) ဝေသာခ၊ (၁၈) ပဋိစ္စယာ၊ (၁၉) ဥစ္စယာ၊ (၂၀) စန္ဒ၊ (၂၁) စင်ကြဲ၊ (၂၂) သုတ္တံ၊ (၂၃) ဗျာပါ၊ (၂၄) မိစ္ဆာ၊ (၂၅) ဆကဲ၊ (၂၆) ဦးပြဲ၊ (၂၇) အိမ်ကပ်၊ (၂၈) ကလပ်၊ (၂၉) ဒေါဏ၊ (၃၀) မစ္ဆ၊ (၃၁) ဒေါလာ၊ (၃၂) ဒါရက၊ (၃၃) ပဋ္ဌ၊ (၃၄) မဋ္ဌ၊ (၃၅) ခြေချုပ်၊ (၃၆) ဟိန္ဒူတ်၊ (၃၇) လဘဲ၊ (၃၈) သင်းတွဲ၊ (၃၉) သထုံ၊ (၄၀) ယုံ၊ (၄၁) သောယ၊ (၄၂) ဒေါရဏ၊ (၄၃) လေဋ္ဌိက၊ (၄၄) တောဘ၊ (၄၅) ပလဝါ၊ (၄၆) ခတ္တိ၊ (၄၇) ကာလီ၊ (၄၈) ကြမ်းတန်၊ (၄၉) ဇဟုတန်၊ (၅၀) သုတံ၊ (၅၁) ကလံ၊ (၅၂) ဇော်ဟန်၊ (၅၃) ပဏ္ဍိတ်၊ (၅၄) တိတ်က၊ (၅၅) ရေဆ၊ (၅၆) ဖုသ၊ (၅၇) ဘင်္ဂါလီ၊ (၅၈) တာရာဏသီ၊ (၅၉) သိန်းခို၊ (၆၀) အင်္ဂလိပ်တို့ ဖြစ်ကြသည်။

အထက်ပါအတိုင်း ကုလားမျိုး(၆၀)ရှိသော်လည်း ရခိုင်ပြည်သို့ ရောက်ရှိလာကြသော ကုလားလူမျိုးများကို (၁) မိန်းမစိုးမောလိပ်ကုလား၊ (၂) ပသီကုလား၊ (၃) ဟိန္ဒူကုလား (ရခိုင်လို-ဟိန်းဒုတ်+ဟိန္ဒူတ်၊ (၄) ဒုံးကုလား၊ (၅) ဟာရီကုလား၊ (၆) သချီကုလား၊ (၇) ဘင်္ဂလီကုလား ဟူသော အသုံးအနှုန်းများဖြင့် ခွဲခြားထားသည်။ ရခိုင်ရှင်ဘုရင်တို့သည် အထက်ပါ ကုလားလူမျိုးများကို သူ့နေရာနှင့်သူ အမျိုးအစားခွဲကာ ခိုင်းစေအသုံးပြုခဲ့ကြကြောင်း တွေ့ရှိရသည်။

ကုလားလူမျိုးတို့သည် အရှင်သခင်အပေါ်၌ အလုပ်ကိုကျိုးနွံစွာ လုပ်ကိုင်ဆောင်ရွက်တတ်သောကြောင့် **"အုန်းခွံ ရောင်မြင်း၊ ကုလား၊ တောသူမ"** ဤသုံးမျိုးကိုအတူပြုကာ **"မြင်းမှာအုန်းခွံ၊ ကျွန်မှာကုလား၊ မယားတောသူ"** ဟူသောဆိုရိုးစကား ဖြစ်ပေါ်လာခဲ့ရသည်။

**"ကမန်နှင့်ရှိဟင်ဂျာ"** ဟူသောအမည်ကို ကုလားမျိုး(၆၀)တွင် မတွေ့ရသလို၊ ရခိုင်ရာဇဝင်၌လည်း မည်သည့်ခေတ်အချိန်အခါကမျှ ယင်းနာမည်မျိုးမရှိခဲ့ဘူးချေ။

အဆိုပါကုလားမျိုး(၆၀)အနက် **"အစ္စလာမ်ဘာသာ"** ကို ကိုးကွယ်ကြသော ကုလားလူမျိုးများကို ရခိုင်ရာဇဝင်၌ **"မုသလမ်ကုလား"** ဟူ၍တွေ့ရသည်။ ယင်း **"မုသလမ်"** ဟူသောဝေါဟာရမှ **"မူဆလမ်"** ဖြစ်လာသည်။ ထိုမှတစ်ဆင့် **"မူဆလင်"** ဟူသော ဝေါဟာရသို့ ပြောင်းလဲလာခဲ့ခြင်း ဖြစ်သည်။ သံတွဲဒေသက ထိုသူတို့ကို **"မူဆလင်ကုလား"** ဟူ၍ ခေါ်ကြသည်။

မုသလမ်ကုလား (မူဆလင်ကုလား) တို့နှင့်ပတ်သက်၍ သူတို့၏အကျင့်စရိုက်နှင့် စိတ်နေသဘောထားကို ဓညဝတီအရေးတော်ပုံကျမ်း၊ အပိုဒ်(၁၄)၊ စာ-၂၅တွင် -

**"မုသလမ်ကုလားတို့မှာ အကောက်အဆိုးများသည် အမိန့်တော်ရှိ၍ကုလားဌာန လူပေါင်းငါးရာအနက် တရာကိုတန်ဆာသိမ်း၍ မိန်းမစိုးမောလိပ်အစို့မှာ ဖြည့်တော်မူသည်။ လေးရာကုလားတို့မှာ စီရီရေခပ်အစို့မှာ ဖြည့်တော်မူသည်။"** ဟူ၍ တွေ့ရသလို၊ အပိုဒ် (၂၃)၊ စာ-၄၄တွင်လည်း -

**"မုသလမ်ကုလားတို့အမျိုး မျောက်နှင့်တူသည်။ သင်းတို့ကို ယုံသောသူသည် "မြေလုံးနှင့်ဖက်ရွက်" မိတ်ဆွေပြုကြသည့်ပမာ နှစ်ဦးပင်ပျက်ချေသည်။ အမိန့်တော်ရှိ၍ တန်ဆာကိုသိမ်းပြီးလျှင် မိန်းမစိုးမောလိပ်အစို့မှာ ဖြည့်တော်မူလေသည်။"** ဟူ၍ တွေ့ရှိရပေသည်။

ရခိုင်ရာဇဝင်လာစကားအရ **"တန်ဆာသိမ်း"** **သည်ဟူရာ၌ ရန်သူကုလားမင်း၏ အမှုတော်ကို ထမ်းရွက်နေကြကုန်သော ကုလားဌာန(=ကုလားအမှုထမ်း)တို့ကို ဖမ်းဆီးရမိသည့်အခါ သူတို့၏အဆောင်အယောင် (=တန်ဆာ)ကို ရုပ်သိမ်းတော်မူခြင်း"** ကို ဆိုလိုခြင်းဖြစ်သည်။ ပြီးလျှင်သူတို့အား လိုအပ်သောနေရာများတွင် လိုအပ်သလို မိန်းမစိုးမောလိပ်အစို့၊ စီရီရေခပ်အစို့၊ မြက်ရိတ်အစို့၊ ပန်းဘဲအစို့စသည်တို့၌ ဖြည့်တော်မူလေ့ရှိသည်။

အစ္စလာမ်ဘာသာဝင် **"မုသလမ်ကုလား"** များနှင့် ဟိန္ဒူဘာသာဝင် **"တုံးကုလား"** များကို ရခိုင်ရာဇဝင်၌ မိန်းမစိုးမောလိပ်ကုလား၊ တုံးကုလား၊ ဟာရီကုလား၊ သချီကုလား၊ ပသီကုလားနှင့် ဘင်္ဂလီကုလားဟူ၍ ခွဲခြားထားသည်ကို တွေ့ရှိရသည်။ ယင်းတို့အနက် -

**(၁) မိန်းမစိုးမောလိပ်ကုလား ။** ။ ဟူသည် **"ဓွေးဥ(=လိင်ဥ)"** ကိုသင်းကွပ်ခံထားရပြီးလျှင် နန်းတွင်းသူမင်းသမီးများနှင့် မိဖုရားတို့အား စောင့်ရှောက်ပေးကြရသော ကုလားကိုခေါ်သည်။ မိန်းမစိုးမောလိပ်အစို့၌ ကုလားလူမျိုးချည်းသာ မဟုတ်၊ ရခိုင်လူမျိုးများလည်း ပြစ်ဒဏ်ကျခံလျက် ရှိကြသည်။

**(၂) တုံးကုလား ။** ။ ဟူသည် ချောင်း၊ မြစ်၊ ပင်လယ်သို့ထွက်၍ တံငါလုပ်ငန်းကို လုပ်ကိုင်ကာ နန်းတွင်းရိက္ခာအဖြစ် ရှာဖွေပေးကြရသော ကုလားကိုခေါ်သည်။ သူတို့သည် ဟိန္ဒူဘာသာဝင်များဖြစ်ပြီး ငါးဖမ်း၍အသက်မွေးကြသည်။

တုံးကုလားလူမျိုးတို့ စီးနင်းသောလောင်းလှေကို ဒွါရာဝတီ-သံတွဲနယ်မြေဒေသတွင် ယနေ့တိုင် တုံးလှေ(ဒုံးလှေ)၊ တုံးလောင်း(ဒုံးလောင်း)ဟူ၍ ခေါ်တွင်လျက် ရှိကြသည်။ လောင်းလှေကို စပ်တင်ရာ၌ ဒုံးစပ်တင်ခြင်း (စပ်ကိုထပ်၍တင်ခြင်းကို ဆိုလိုသည်။) ချွပ်စပ်တင်ခြင်း(သက်ကယ်ပင်ကို အတွင်းထားပြီး၊ ဝါးခြမ်းပြားကို အပြင်ထား၍ စပ်တင်ခြင်းကို ဆိုလိုသည်။) ဟူသော ဝေါဟာရသည်ပင်လျှင် ရခိုင်၌ သမိုင်းတွင်လျက် ကျန်ရှိနေပါသေးသည်။

တုံးကုလားနှင့်ပတ်သက်၍ ရခိုင်ကောဇာ-၁၁၄၆ခု (အေဒီ-၁၇၈၄)တွင် ရခိုင်ပြည်သည် အမရပူရထီးနန်းရှင်

ဘိုးတော်ဗဒုံမင်း၏လက်တော်သို့ ကျရောက်ခဲ့ရပြီးနောက် သူ၏သစ္စာတော်ခံ ရမ္မာဝတီ(ရမ်းဗြဲ) မြို့ဝန် **"ရဲမက်တံခွန်"** လက်ထက် (အေဒီ-၁၈၀၂ မှ ၁၈၀၅ထိ)၊ သက္ကရာဇ်-၁၁၆၄ခု၊ ဝါဆိုလပြည့်ကျော် (၂)ရက်နေ့တွင် ရမ္မာဝတီမြို့သူကြီး **"ငခဲ"** အသက် ၃၇ နှစ်ကိုမေး၍ သူ၏အစစ်ခံထွက်ဆိုချက်ဖြစ်သော **"ရမ္မာဝတီ-၆၄ခု စစ်တမ်း"** တွင် -

**"မြို့နေတုံကုလားလူတို့က ကိုယ်ခွန်ငွေဒင်္ဂါး ၇၅ဝ/။ ၎င်းတို့ပွဲတိုင်ကျအခွန်ငွေ ၁၁၂ပြား။ ၎င်းတို့က တံငါလုပ်သည့်ပိုက်ခွန် ငွေဒင်္ဂါး ၅၅/။ တစ်နှစ်တစ်ကြိမ် ရခိုင်စားသို့ဆက်ရိုး။"** ဟူ၍လည်းကောင်း -

**"စီရင်စုမြို့နေ တုံကုလားတို့ တစ်ကိုယ်ခွန် ငွေဒင်္ဂါး ၃ ပြားကျ။ အခွန်ဒင်္ဂါး-၇၄၉။ ၎င်းတို့ပွဲ တိုင်းကျ ၂ အိမ် ၁ ပြား။ အခွန်ငွေဒင်္ဂါး-၁၂၄။ ၎င်းတံငါလုပ်သည့် ပိုက်တဘောင်လျှင် ငွေဒင်္ဂါး-၁ပြား။ အခွန်ငွေဒင်္ဂါး-၇၄ပြား။"** ဟူ၍လည်းကောင်း မှတ်တမ်းတင်ထားခဲ့သည်ကို တွေ့ရသည်။

အဆိုပါ အေဒီ-၁၈၀၂ ခုနှစ်၊ ရမ္မာဝတီစစ်တမ်းအရ အမရပူရမြို့-ဗဒုံမင်းလက်ထက် ရမ္မာဝတီနယ်မြေဒေသတွင် ရှိသော ကုလားများကို **"တုံကုလား"** ဟူ၍သာ ဖော်ပြထားသည်ကိုတွေ့ရသည်။ ယခုခေတ်အခေါ် **"ဖုံးကုလား"** ဟူသည် ယင်းတုံကုလားမှ **"တုံးကုလား+ဖုံးကုလား"** စသည်ဖြင့် အခေါ်အဝေါ် ပြောင်းလဲလာခဲ့ခြင်း ဖြစ်သည်။ ယင်းအချိန်က ရမ်းဗြဲကျွန်းနယ်မြေဒေသတစ်ခုလုံးတွင် **"တုံးကုလား"** မှတစ်ပါး **"ကမန်"** ဟူသော ဝေါဟာရအသုံးအနှုန်း လုံးဝ မရှိသေးသည်ကို တွေ့ရသည်။

သို့ဖြစ်၍ **"ကမန်"** ဟူသော ဝေါဟာရသည် အေဒီ-၁၈၀၂ခုနှစ်၏ နောက်ပိုင်းကာလမှာမှ ပေါ်ပေါက်လာသော အမည်သာ ဖြစ်နိုင်ချေရှိပါသည်။ အမရပူရမြို့ ဗဒုံမင်းလက်ထက် (အေဒီ-၁၇၈၂ မှ ၁၈၁၉ထိ) တွင် ရမ်းဗြဲကျွန်းနေ တုံးကုလားများသည် ၎င်းတို့၏ **"ကိုယ်ခွန်ငွေ"** ကို မြောက်ဦးခေတ်၊ ရခိုင်ဘုရင်များအုပ်ချုပ်စဉ်ကာလကကဲ့သို့ ဆက်လက် ပေးဆောင်နေကြရသည်။ အခွန်ငွေပေးဆောင်၍ နေထိုင်ကြရသည်ဟု ဆိုလိုခြင်း ဖြစ်သည်။

၎င်းတို့ကို တိုင်းရင်းသားအဖြစ် အသိအမှတ်ပြုခြင်းမရှိဘဲ ဧည့်သည်အဖြစ်ဖြင့်သာ နေထိုင်ခွင့်ရှိပြီး **"ကိုယ်ခွန်ငွေ"** ကို ကောက်ခံမြဲကောက်ခံလျက်ရှိနေကြောင်း **"ရမ္မာဝတီမြို့ ၆၄-ခု စစ်တမ်း"** အရ သိရှိရပါသည်။

ယင်းအချိန်က ရမ္မာဝတီ-ရမ်းဗြဲကျွန်းတွင် အိမ်ခြေပေါင်း ၁၉၉၄ အိမ်ရှိကြောင်း သိရှိရသည်။ တစ်အိမ်ထောင် လျှင် ပျမ်းမျှ ၅ ဦးနှုန်းဖြင့် တွက်ယူလျှင် လူဦးရေပေါင်း-၉၉၇၀ခန့် ရှိနိုင်သည်။ ၎င်းတို့အထဲတွင် တုံးကုလားဦးရေ ၂၅၀ ခန့် ပါဝင်နေကြောင်း တွေ့ရှိရသည်။

ထိုစဉ်က ရမ်းဗြဲမြို့နေ တုံးကုလားတစ်ဦးလျှင် ကိုယ်ခွန်ငွေဒင်္ဂါး ၃ ပြားကျစီ ပေးဆောင်ကြရသည်။ စုစုပေါင်း အခွန်ငွေဒင်္ဂါး ၇၄၉ ပြားရရှိသဖြင့် တုံးကုလားဦးရေ ၂၅၀ ခန့်ရှိကြောင်း သိရှိရသည်။ ပွဲပြင်အခမ်းအနားပြုလုပ်လျှင်လည်း ပွဲခအခွန်ငွေဒင်္ဂါး ၁၁၂ ပြားပေးဆောင်ကြရသည်။ ၎င်းတို့၏အဓိက အသက်မွေးလုပ်ငန်းမှာ တံငါလုပ်ငန်းဖြစ်သည်။ ပိုက်တစ်ဘောင်လျှင် အခွန်ငွေဒင်္ဂါး ၁ ပြားကျစီ ပေးဆောင်ကြရသည်။ အခွန်ငွေဒင်္ဂါး ၇၄ ပြားရရှိသဖြင့် ပိုက်ဘောင် ၇၄ ဘောင်ရှိကြောင်း သိရှိရသည်။ တုံးကုလားဦးရေ ၂၅၀ ဦးရှိသည့်အနက် ၇၄ ဦးမှာ ပိုက်လုပ်ငန်းကို လုပ်ကိုင် ကြသူများဖြစ်ကြောင်း သိရှိရသည်။

အမရပူရမြို့-ဗဒုံမင်းလက်ထက်နှင့် သူ့လက်ထက်မတိုင်မီ တုံးကုလားလူမျိုးတို့သည် ရမ္မာဝတီနယ်မြေဒေသတွင် သာလျှင် ရှိခဲ့ကြသည်မဟုတ်၊ ဓညဝတီနယ်မြေဒေသနှင့် ဒွါရာဝတီနယ်မြေဒေသတို့တွင်လည်း ရှိခဲ့ကြပါသည်။

ဒွါရာဝတီနယ်မြေဒေသ၌ရှိခဲ့သော တုံးကုလားမိသားစုတစ်စု၏အကြောင်းကို သက်သေပြပါမည်။ သံတွဲမြို့နယ်၊

သူဌေးတိုက်နယ်၊ တလိုင်းတည်းကျေးရွာတွင် **"ဦးဒါလယား"** အမည်ရှိ တုံးကုလားမိသားစုတစ်စု နေထိုင်ခဲ့ကြသည်။ ဦးဒါလယားသည် တံငါလုပ်ငန်းကို ရိုးရာအသက်မွေးဝမ်းကြောင်းတစ်ခုအနေဖြင့် လုပ်ကိုင်သွားခဲ့သည်။ သူသည် **"ဟိန္ဒူဘာသာဝင်"** ဖြစ်သော်လည်း **"ဗုဒ္ဓဘာသာ"** ကိုလည်း လက်ခံယုံကြည်သူဖြစ်သဖြင့် ဗုဒ္ဓဘာသာကိုသေသည်အထိ ကိုးကွယ်ဆည်းကပ်သွားခဲ့သည်။ သူ၏မိသားစုအကုန်လုံးတို့သည်လည်း ဗုဒ္ဓဘာသာဝင်များ ဖြစ်လာခဲ့ကြသည်။

ဟိန္ဒူဘာသာဝင် တုံးကုလားလူမျိုးတို့သည် မည်သည့်မြို့ရွာအရပ်ဒေသကိုပဲရောက်ရောက် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ နေထိုင်တတ်ကြသည်။ ရခိုင်ပြည်ရှိ တုံးကုလားလူမျိုးတို့သည် ဒေသခံရခိုင်လူမျိုးများနှင့် ဆန့်ကျင်ဘက် (ပဋိပက္ခ)မဖြစ်အောင် နေထိုင်တတ်ကြသည်ကို တွေ့ရသည်။

**(၃) ဟာရီကုလား ။** ။ ဟူသည် **နန်းတွင်း၊** မြို့တွင်း၌ရှိနေကြသော မိလ္လာစသောအညစ်အကြေးနှင့် အမှိုက်သရိုက်များကို နေ့စဉ်သန့်ရှင်းရေးလုပ်ကြရသော ကုလားကိုခေါ်သည်။

**(၄) သဒ္ဒီကုလား ။** ။ ဟူသည် ဘုရင့်တပ်မတော်သုံး ဓါး၊ လှံ၊ လေး၊ မြား၊ ဒိုင်း၊ လွှား၊ ကာ စသော စစ်လက်နက်ပစ္စည်းများကို လုပ်ကိုင်ပေးကြရသော ကုလားကို ခေါ်သည်။

**(၅) ပသီကုလား ။** ။ တို့၏ အတွင်းစိတ်သဘောထားကိုတော့ မင်းခြောက်ဆက်တိုင်တိုင် အမှုတော် ထမ်းရွက်ခဲ့သော အမတ်ကြီးမဟာပညာကျော် (အေဒီ-၁၅၃၁ မှ ၁၅၉၃ ထိ) က ရခိုင်ဘုရင်မင်းဖလောင်းအား လျှောက် ထားရာတွင် -

အရှင်မင်းမြတ် ။ ။ ကုလားလူမျိုးတို့တွင် **"ပသီကုလား"** သည် အကောက်၊အလိမ်၊အဆိုး၊ အညစ်ထူလှပါ သည်။ ယခုလာသည့် **"ဒါကုစီ"** လည်း ပသီကုလား။ သင်းတို့အရှင်လည်း ပသီမင်းဖြစ်ပါသည်။ မည်သို့စေကြောင်း၊ ဆက်ရန် လက်ဆောင်များလည်း မည်သို့ပါကြောင်းများကို သိသာအောင် စုံစမ်း၍ပြီးမှ ရှေ့တော်သို့ဝင်စေရပါမည်။ ။ လျှောက်လေသော် မင်းကြီးလည်း ကြိုက်တော်မူလေသည်။ ။" ဟူ၍ မဟာပညာကျော်လျှောက်ထုံးကျမ်း စာ-၅၂ နှင့် ဓညဝတီအရေးတော်ပုံကျမ်း၊ အပိုဒ်(၄၃)တို့တွင် တွေ့ရသည်။ ဤကား အေဒီ-၁၆ရာစုက **"ပသီကုလား"** တို့အပေါ် **"ရခိုင်ပညာရှိအမတ်ကြီး မဟာပညာကျော်"** ၏သဘောထားမှတ်ချက်ပင် ဖြစ်သည်။

**"ကုလား"** နှင့်ပတ်သက်၍ အမတ်ကြီးမဟာပညာကျော်၏ သဘောထားမှတ်ချက်နောက်တစ်ခုလည်း ရှိပါသေး သည်။ ယင်းမှာ -

အရှင်မင်းမြတ် ။ ။ မြန်မာနှင့်ကုလားသည် လူချင်းသာတူသည်။ စိတ်ချင်းမတူပါ။ မြန်မာတို့ မိရိုးဖလာ အယူအကျင့်မှာ ဘုရား၊ တရား၊ သံဃာ ဤသုံးပါးရတနာမြတ်ကို ကြည်ညိုမြဲမြံစောင့်ထိန်းမှသာ သာသနာတည်သည်။ ယင်းသို့သောတရားနှင့် ကုလားအယူမတူချေ။ ရုပ်ပွားဆင်းတု၊ ဓာတ်တော်မွေတော်များကို အညစ်အကြေးနှင့် အဉ္စလီလက်အုပ်ချီမိအံ့၊ လက်ကိုဖြတ်၍ပြစ်စေ။ ယင်းသို့ကုလားဘုရားအမှာ ကျမ်းဂန်ရှိသည်ဆို၍ အယူနှင့်နေသူများ ဖြစ်ပါသည်။ ။" ဟူ၍ ဓညဝတီအရေးတော်ပုံကျမ်း၊ အပိုဒ် (၄၅) တွင် တွေ့ရသည်။

**(၆) ဘင်္ဂလီကုလား ။** ။ နှင့်ပတ်သက်၍ အေဒီ-၁၆၆၀ခုက မဂိုဘုရင် **"အော်ရန်ဇစ်"** ၏အန္တရာယ်ကြောင့် အိန္ဒိယအရှေ့ပိုင်းဘုရင်ခံ **"သျှာသျှုဂျာ"** သည် စစ်သည်ရဲမက်တို့နှင့်အတူ ရခိုင်ပြည်သို့ ထွက်ပြေးခိုလှုံလာခဲ့သည်။ ၁၆၆၁ ခု၊ ဖေဖော်ဝါရီလတွင် သျှာသျှုဂျာအသတ်ခံရပြီးနောက် သူ၏နောက်လိုက်စစ်သည်ရဲမက်တို့သည် ရခိုင်ပြည်၌ ကျန်ရစ်ခဲ့ကြသည်။ အချိန်ကာလကြာဖြင့်လာသည့်အခါ မိမိတို့၏စကားကို မပြောတတ်ကြတော့ဘဲ ရခိုင်တို့နှင့်အတူ

နေကြရသဖြင့် ရခိုင်စကားကိုသာ ပြောတတ်ကြတော့သည်။ မူလက မိမိတို့၏ဝတ်စားဆင်ယင်မှုကို စွန့်လွှတ်ပြီး ရခိုင်တို့ကဲ့သို့ ဝတ်စားနေထိုင်လာခဲ့ကြသည်။

ဤကဲ့သို့ ရခိုင်စကားပြောခြင်း၊ ရခိုင်တို့ကဲ့သို့ ဝတ်စားနေထိုင်ခြင်းမှလွဲလျှင် ကျန်တာအကုန်လုံး ဘာတစ်ခုမျှ တူညီတာမရှိပေ။ ယနေ့ထက်တိုင် စည်းခြားလျက်ပင် ရှိနေကြပါသေးသည်။

ယင်းသို့ မျိုးရိုးဗီဇမပျက်နေသူများက ရခိုင်တို့နှင့်ဆက်စပ်ပတ်သက်ခဲ့မှုကို အကြောင်းပြကာ ရခိုင်ရာဇဝင်၌ လေးလက်နက်ကိုခေါ်သော **"ကမန်"** ဟူသောအမည်နာမကို လူမျိုးတစ်မျိုး၏အမည်အနေဖြင့် ဖန်တီးကာ အခွင့်အရေးကို တောင်းဆိုနေကြခြင်း ဖြစ်သည်။

အထက်ပါ ရခိုင်ရာဇဝင်ကျမ်းတို့၌ ဖော်ပြပါရှိသော အထောက်အထားများကိုကြည့်ခြင်းအားဖြင့် အစ္စလာမ် ဘာသာကို သက်ဝင်ယုံကြည်သူ **"မုသလမ်(မူဆလင်)ကုလား"** တို့မှာ အမျိုးအမည်ကို မည်သို့ပင် ခွဲခြားထားကြသော် လည်း အယူဝါဒမှာ အတူတူပင်ဖြစ်ကြသည်။ တစ်စိတ်တစ်ဝမ်းတည်းလည်း ရှိကြသည်။ ဥပမာ- **"ရှိဟင်ဂျာ"** အမည် ခံခွင့်မရ သဖြင့် **"ကမန်"** အမည်ခံသွားကြသော ဘင်္ဂလီကုလားများကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်။

သူတို့၏အဓိကရည်ရွယ်ချက်မှာ **"တိုင်းရင်းသားအယောင်ဆောင်"** ပြီးလျှင် လူမျိုးရောကာ ဗုဒ္ဓဘာသာ ပျောက်ကွယ်သွားရန်နှင့် အစ္စလာမ်ဘာသာထွန်းကားရန်သာ အဓိကဦးတည်ချက်နှင့် ရည်မှန်းချက်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်းရှိ ရခိုင်၊ ဗမာစသော တိုင်းရင်းသားလူမျိုးတို့နှင့်ကား မည်သို့မျှဆက်စပ်၍မရနိုင်သလို၊ တိုင်းရင်းသားအဖြစ် အသိအမှတ်ပြုဖို့အရေးမှာလည်း မည်သို့မျှစဉ်းစား၍မရနိုင်ချေ။ နှစ်ပေါင်းကြာမြင့်စွာ နေထိုင်လာ သည့်တိုင်အောင် ထိုလူမျိုးများမှာ စိတ်ရောသော သူများမဟုတ်ကြပါ။

## မြောက်ဦးမြို့၊ စန္ဒသုဓမ္မရာဇာမင်းလက်ထက် "ကမံလေးတပ်" တွင် ကြေးစားအဖြစ် အမှုထမ်းခဲ့ကြသော မဂို(ဘင်္ဂလီ) ကုလားများ

တတိယမြောက်ဦးခေတ်၊ စန္ဒသုဓမ္မရာဇာမင်းလက်ထက် (အေဒီ-၁၆၅၂ မှ ၁၆၇၄ထိ) တွင် မဂိုဘုရင် **"သျှာဂျဟန်"** ၏သား အိန္ဒိယအရှေ့ပိုင်းဘုရင်ခံ **"သျှာသျူဂျာ"** သည် နန်းလုပွဲကိစ္စကြောင့် အသက်အန္တရာယ်ကို စိုးရိမ်ရသဖြင့် အေဒီ-၁၆၆၀ ခု၊ ဩဂုတ်လ (၂၆)ရက်နေ့တွင် မြောက်ဦးမြို့သို့ ထွက်ပြေးခိုလှုံလာခဲ့သည်။ ရခိုင်ဘုရင် စန္ဒသုဓမ္မရာဇာမင်းမြတ်ကလည်း ကောင်းမွန်စွာ လက်ခံထားရှိသည်။

သျှာသျူဂျာနှင့် နောက်လိုက်ကုလားစစ်သည်တော်တို့သည် ရခိုင်တို့၏ထီးနန်းကို လုရန်အကြံအစည်နှင့် ပုန်ကန်လာကြသည်။ ထို့ကြောင့် အေဒီ-၁၆၆၁-ခု၊ ဖေဖော်ဝါရီလတွင် သျှာသျူဂျာအသတ်ခံရလေသည်။ ယင်းသူနှင့်အတူ ပါလာသော ကုလားစစ်သည်တော်တို့မှာ **"လေးအတတ်ကျွမ်းကျင်သူ"** များဖြစ်ကြသဖြင့် သူတို့အား သစ္စာရေတိုက်ကာ ဘုရင့် **"ကမံလေးတပ်"** တွင် သုံ့ပန်းလေးသည်တော်များအဖြစ် အမှုတော်ထမ်းရွက်စေခဲ့သည်။

သစ္စာ၊ မေတ္တာကင်းမဲ့ပြီး ကျေးဇူးတရားအလွန်ခေါင်းပါးသော အဆိုပါကုလားများကို ရခိုင်ဘုရင်က သစ္စာ ရေတိုက်၍ လက်ခံထားရှိခြင်းသည် အလွန်မှားယွင်းသော လုပ်ရပ်တစ်ခုဖြစ်ပါကြောင်း ယခုအချိန်အခါ၌ သိရှိနေကြ ရပြီ ဖြစ်ပါသည်။ ယခုအခါ မလိုလားအပ်သော အခွင့်အရေးများကို တောင်းဆိုလာကြသည်မှာလည်း ယင်း၏နောက်ဆက် တွဲပြဿနာများပင် ဖြစ်ပါသည်။

ရခိုင်ဘုရင်မင်းမြတ်၏ **"ကမ်လေးတပ်"** တွင် ကုလားလူမျိုးများ အမှုတော်ထမ်းခွင့်ရရှိခဲ့ကြသည်ကို အကြောင်းပြု၍ လေးလက်နက်အမည်ကို လူမျိုးအမည်ဖြစ်လေဟန် ပုံမှားရိုက်ကာ **"ကမန်"** နာမည်ဖြင့် တိုင်းရင်းသားအယောင်ဆောင်လို၍ တိုင်းရင်းသားဖြစ်ခွင့်ရအောင် အမျိုးမျိုးအားထုတ်ခဲ့ကြသည်။ အားထုတ်ခဲ့ကြသည့်အတိုင်း မစူးစမ်းမဆင်ခြင်ဘဲ အစိုးရက တိုင်းရင်းသားဖြစ်ခွင့်ပေးလိုက်ကြသည်။ ထို့ကြောင့် နည်းမျိုးစုံသုံးကာ ခိုးဝင်ရောက်ရှိလာနေကြသော စစ်တကောင်းသား ဘင်္ဂလီကုလားများကလည်း **"ရိုဟင်ဂျာ"** နာမည်ဖြင့် အခွင့်အရေးတောင်းဆိုလာကြခြင်းဖြစ်သည်။ သည်ကိစ္စကို လျှော့တွက်လျှင် တိုင်းပြည်နှင့် လူမျိုးအတွက် အလွန်အန္တရာယ်များပါလိမ့်မည်။

အထက်ဖော်ပြပါ **"ကမန်"** ဟူသောအမည်နှင့် **"ရိုဟင်ဂျာ"** ဟူသောအမည်သည် အေဒီ-၁၇၈၄ ခုနှစ်တွင် ရခိုင်ပြည်ကို ဗဒုံမင်းသိမ်းပိုက်ပြီးသောအချိန်အထိလည်းကောင်း၊ အေဒီ-၁၈၂၄-၂၅ အင်္ဂလိပ် မြန်မာပထမစစ်ပွဲပြီးဆုံး၍ ရခိုင်ပြည်ကိုအင်္ဂလိပ်တို့ သိမ်းပိုက်ပြီးသောအချိန်အထိလည်းကောင်း၊ ကုန်ကုန်ပြောရလျှင် မြန်မာနိုင်ငံ အင်္ဂလိပ်ကိုလိုနီဘဝက လွတ်မြောက်လာသော အေဒီ-၁၉၄၈-ခုနှစ်အထိလည်းကောင်း မည်သည့်ရာဇဝင်၊ သမိုင်း၊ စာအုပ်၊ စာတမ်းတွင်မျှ အဆိုပါနာမည်ထူး၊ နာမည်ဆန်းမျိုး မရှိခဲ့ဘူးချေ။ ရှိသည်ဟုဆိုလာလျှင်လည်း လိမ်ညာ၍ လုပ်ကြံဖန်တီးထားသော သမိုင်းလိမ်နှင့်သမိုင်းအတုသာ ဖြစ်ပေလိမ့်မည်။

ရခိုင်ဘုရင်မင်းမြတ်က သနားသဖြင့် သူ၏ကမ်လေးတပ်တွင် အမှုတော်ထမ်းရွက်စေခဲ့သည်ကို အကြောင်းပြု၍ တိုင်းရင်းသားအဖြစ် အခွင့်အရေးတောင်းတိုင်းပေးကြစတမ်းဆိုပါလျှင်၊ **"ဂျပန်နိုင်ငံက ဆာမူရာအိ"** (=စာမူရိုင်း) ဓါးစစ်သည်တော်တို့၏ အမျိုးအနွယ်များကလည်း အခွင့်အရေးတောင်းဆိုလာလျှင် ပေးရဖို့ဖြစ်နေသည်။

### "ရခိုင်ဘုရင့်ကိုယ်ရံတော်တပ်တွင် ကြေးစားအဖြစ်အမှုထမ်းခဲ့ကြသော ဂျပန်ဓါးစစ်သည်တော်များ"

ဒုတိယမြောက်ဦးခေတ်၊ သီရိသုဓမ္မရာဇာမင်းလက်ထက်(အေဒီ-၁၆၂၂ မှ ၁၆၃၈ ထိ)၊ အေဒီ-၁၆၂၈-၂၉-၃၀ ခုနှစ်များတွင် ဂျပန်နိုင်ငံက ဂျပန်လူမျိုး **"လီယွန်ဗိုနို"** ခေါ် **"စာမူရာအိ"** ခေါင်းဆောင်သော ဂျပန်ဓါးစစ်သည်တော်တို့သည် ရခိုင်ဘုရင်အထံ၌ **"ကိုယ်ရံတော်ဓါးကိုင်တပ်သားများ"** အဖြစ် အမှုတော်ထမ်းရွက်ခဲ့ကြသည်။

ဤအကြောင်းကို ပေါ်တူကီနိုင်ငံသား ခရစ်ယာန်ဘုန်းတော်ကြီး **"ဆီဘာရှိုမန်ရစ်"** ၏ခရီးသွားမှတ်တမ်း "TRAVELS" ခရီးစဉ်အမည်ရှိ **"ရခိုင်ပြည်တစ်ခေါက်ခရီး"** ဟူသော စာအုပ်တွင် ဖော်ပြပါရှိသည်။ ၁၉၇၄ ခု၊ နိုဝင်ဘာလ (၇)ရက်နေ့က မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးလာရောက်လည်ပတ်သော ဂျပန်ဝန်ကြီးချုပ် **"တာကုအေအိ၊ တာနာကာ"** ပြန်လည်ပြောကြားသော မိန့်ခွန်းတွင်လည်း ဤအကြောင်းကို ထည့်သွင်းပြောကြားသွားခဲ့သည်ကို တွေ့ရသည်။

အထက်ဖော်ပြပါအတိုင်း ရခိုင်ဘုရင်မင်းမြတ်တို့သည် ဒုက္ခသည်နိုင်ငံခြားသားများကို သနားစောင့်ရှောက်သောအားဖြင့် သူ၏ **"ကမ်လေးတပ်"** နှင့် **"ကိုယ်ရံတော်ဓါးကိုင်တပ်"** တို့တွင် အမှုတော်ထမ်းရွက်ခွင့်ပေးခဲ့ရုံမျှဖြင့်၊ ထိုသူတို့က မမှန်ကန်သောနည်းလမ်းဖြင့် အခွင့်အရေးတောင်းတိုင်း၊ တိုင်းရင်းသားအဖြစ် အသိအမှတ်ပြုပေးစတမ်းဆိုပါလျှင် ဂျပန်နိုင်ငံသား **"လီယွန်ဗိုနို"** ခေါ် **"စာမူရာအိ"** ခေါင်းဆောင်သော ဂျပန်လူမျိုးတို့၏ အမျိုးအနွယ်များက အခွင့်အရေး

ပေးရန် တောင်းဆိုလာလျှင်လည်း ပေးကြရဖို့ ဖြစ်နေပါသည်။

တစ်ချိန်က အင်္ဂလိပ်နှင့် ဂျပန်တို့သည် သူတစ်ပါးနယ်မြေကို မတရားသိမ်းပိုက်ကာ နယ်ချဲ့ခဲ့ကြကုန်၏။ အင်္ဂလိပ်နယ်ချဲ့ဖြစ်စေ၊ ဂျပန်နယ်ချဲ့ဖြစ်စေ အချိန်တန်လျှင် သူတို့၏နေရပ်နိုင်ငံသို့ ပြန်ခဲ့ကြသည်ချည်း ဖြစ်ပါသည်။

အစ္စလာမ်ဘာသာဝင် နယ်ချဲ့ကုလားတို့သည်ကား အချိန်တန်လျှင် သူတို့၏နေရပ်နိုင်ငံသို့ ပြန်သွားမည့်လူမျိုးများ မဟုတ်ကြပါ။ ထို့ကြောင့် ကမ္ဘာပေါ်တွင် ကြောက်စရာအကောင်းဆုံးနှင့် အရက်စက်ဆုံးသော ဘာသာရေးနယ်ချဲ့ဝါဒီများ ဖြစ်ကြောင်း အထူးသတိပြုသင့်ပါသည်။

နိဂုံးချုပ်အနေဖြင့် ဆိုလိုသည်မှာ သမိုင်းကိုမသိဘဲ၊ (သို့မဟုတ်) မစူးစမ်းမဆင်ခြင်ဘဲ (သို့မဟုတ်) အနာဂတ် တိုင်းပြည်၏အန္တရာယ်ကို ကြိုတင်မတွေးဆဘဲ၊ အလွယ်တကူဆောင်ရွက်လုပ်ကိုင်ပေးကြခြင်းသည် တိုင်းပြည်နှင့် လူမျိုး အပေါ် တာဝန်မကျေရာရောက်သည့်အပြင်၊ အမြော်အမြင်ကင်းမဲ့ရာလည်း ရောက်ပါသည်။ ထို့ကြောင့် စာရေးသူ၏ **"ကမံ(ကမန်)ဟူသည် လူလောလေးလော"** ဟူသော သုတေသနဆောင်းပါးကို သေချာစွာလေ့လာဖတ်ရှုကြည့်ခြင်း အားဖြင့် ထိုလူမျိုးတို့၏သမိုင်းကြောင်းကို တစေ့တစောင်း သိရှိနိုင်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။ သို့ဖြစ်၍ မိမိတို့၏ တိုင်းပြည်နှင့် အမျိုး၊ဘာသာ၊သာသနာ ကို ချစ်မြတ်နိုးသူတိုင်း **"သတိ-ပညာ၊ သဒ္ဓါ-ဝီရိယ"** ကို လက်ကိုင်ထားလျက် စဉ်းစဉ်းစားစား ဆောင်ရွက်လုပ်ကိုင်သင့်ပါကြောင်း အကြံပြုတိုက်တွန်းလိုက်ရပေသည်။

**"တိုင်းရင်းသားလူမျိုးတိုင်း သမိုင်းပေးတာဝန် ကျေပွန်နိုင်ကြပါစေ။ ။"**

**ဒွါရာဝတီ-အသျှင်ကုသလ**
ဒွါရာဝတီမဂ္ဂဇင်း အမှတ် (၆)
၂၀၁၅-ခုနှစ်။

(ကျမ်းကိုးစာရင်း)

၁။ ရခိုင်အင်းစောက်ရာဇဝင် (ပေမူ) ။ ။ ရေးသူအမည်မသိ။
၂။ ဓညဝတီအရေးတော်ပုံကျမ်း ။ ။ အသျှင်ကဝိသာရမထေရ်။
၃။ မဟာပညာကျော်လျှောက်ထုံးကျမ်း ။ ။ အသျှင်ကဝိသာရမထေရ်။
၄။ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး (ပထမတွဲ) ။ ။ ဦးမောင်မောင်တင်(၁) K.S.M, A.T.M
၅။ ဓညဝတီရာဇဝင်သစ်ကျမ်း ။ ။ ပဲခူး-မင်းကျောင်းဆရာတော်-အသျှင်ပဏ္ဍိတ။
၆။ ရခိုင်မဟာရာဇဝင်တော်ကြီး ။ ။ ဦးသာထွန်းအောင်။
၇။ ရခိုင်ရာဇဝင်သစ်ကျမ်း၊ ဒုတိယတွဲ ။ ။ အသျှင်စန္ဒမာလာလင်္ကာရ။
၈။ ရခိုင်ဒဂါးများ ။ ။ ဦးစံသာအောင်။
၉။ ၁၉၇၄-ခု၊ နိုဝင်ဘာလ(၈)ရက်၊ လုပ်သားသတင်းစာ။
၁၀။ ရတနာရွှေမြေ ။ ။ ဦးလှဒင်။
၁၁။ ရက္ခပူရဒွါဒသရာသိဋီကာကျမ်း ။ ။ ဒွါရာဝတီ-အသျှင်ကုသလ(ငွေသဇင်)။
၁၂။ ဒွါရာဝတီ-အသျှင်ကုသလမှတ်စု။
၁၃။ ရမ္မာဝတီ-၆၄ ခု စစ်တမ်း။

## ဒွါရာဝတီ တောင်ခွင်တန်းက မယားပျောက်ရှာပုံတော်ခရီး

မယားပျောက်ရှာပုံတော်ခရီး ငိုခြင်းရှည်ကဗျာကို ရေးဖွဲ့စပ်ဆိုခဲ့သော စာဆိုရှင်မှာ **"ငါးသလဲ ထိုးဆရာတော်"** ဖြစ်သည်။ ဆရာတော်သီတင်းသုံးကျောင်းထိုင်တော်မူရာ ရွှေထိုးခေါ် **"ငါးသလဲထိုးရွာ"** သည် ယခုအခါ ပုသိမ်ခရိုင်တွင် ပါဝင်လျက် ရှိနေသည်။ တစ်ချိန်က ဟိုင်းကြီးကျွန်းအပါအဝင် မော်တင်စွန်းအထိသည် ရခိုင်တို့၏ မူလပိုင်နက်နယ်မြေ ဖြစ်ခဲ့သည်။ ဤအကြောင်းကို ကောဇာသက္ကရာဇ် ၁၁၈၇-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၄) ရက် (အေဒီ - ၁၈၂၆ ခု၊ ဖေဖော်ဝါရီလ ၂၄ ရက်) နေ့တွင် အင်္ဂလိပ်၊ ဗမာ၊ ရခိုင်တို့ သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြသည့် **"ရန္တပိုစာချုပ်"** တတိယအပိုဒ်တွင် တွေ့ရှိနိုင်သည်။

ရခိုင်စာဆို ငါးသလဲထိုးဆရာတော်၏ ဇာတိချက်ကြွေမွေးရပ်မြေမှာ သံတွဲခရိုင်ဂွမြို့နယ်၊ (ယခု-ကျိန္တလီမြို့နယ်ခွဲ) အပိုင်၊ ကုလားပြင်ရွာ (ယခု-ရတနာမြိုင်ရွာ) ဇာတိဖြစ်သည်။ ဆရာတော်သည် သံတွဲခရိုင် ၊ ကုလားပြင်ရွာဇာတိ ဖြစ်သော်လည်း ပုသိမ်ခရိုင် ၊ ငါးသလဲထိုးရွာတွင် ကြွရောက်ကျောင်းထိုင်တော်မူခဲ့ခြင်း ဖြစ်သည်။ ဆရာတော်သည် ငါးသလဲထိုးရွာ၌ ကျောင်းထိုင်တော်မူနေစဉ် ကောဇာ - ၁၃၂၄ ခုနှစ်၊ (အေဒီ - ၁၉၆၂) တွင်ပျံလွန်တော်မူသွားခဲ့ကြောင်း သိရှိရသည်။

ဆရာတော်၏ မယားပျောက်ရှာပုံတော်ခရီး (သို့မဟုတ်) ချစ်သူပျောက်ရှာပုံတော်ခရီးငိုခြင်းရှည်ကဗျာမှာ ဒွါရာ ဝတီ - တောင်ခွင်တန်းနယ်မြေဒေသ၏ စာပေမှတ်တမ်းတစ်ခုဖြစ်နေပါသဖြင့် မပျောက်မပျက်ထိန်းသိမ်းထားသင့်သော စာပေတစ်ခုဟု ယူဆပါသည်။

### တောင်စဉ်ကမ်းနှင့် တောင်ခွင်တန်း

ရခိုင်လူမျိုးတို့သည် ဒွါရာဝတီနယ်မြေဒေသကို **"တောင်စဉ်ကမ်းနှင့် တောင်ခွင်တန်း"** ဟူ၍ ပိုင်းခြားသတ်မှတ် လျက် နှစ်ပေါင်းများစွာကပင် ခေါ်ဝေါ်လာခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။

ဒွါရာဝတီနယ်မြေအပိုင် **"တောင်စဉ်ကမ်း"** အပိုင်းအခြားသည် အမ်းချောင်းမှစ၍ ကျိန္တလီမြို့အထိဖြစ်သည်။ တောင်စဉ်ကမ်းဟူသည် ရခိုင်ရိုးမတောင်စဉ်တောင်တန်းနှင့် ပင်လယ်မြစ်ကမ်းယံ (ကမ်းယောင်၊ ကမ်းခြေ) ဒေသကို အစွဲပြု၍ **"တောင်စဉ်ကမ်း"** ဟုခေါ်တွင်ခြင်း ဖြစ်သည်။ ကျိန္တလီမှစ၍ ဟိုင်းကြီးကျွန်းအပါအဝင် မော်တင်စွန်းအထိ ကိုတော့ **"တောင်ခွင်တန်း"** ဟုခေါ်ကြသည်။ တောင်ခွင်တန်းဟူသည် ရခိုင်ရိုးမတောင်တန်းကြီးသည် မော်တင်စွန်း ဘက်သို့ ရောက်ရှိသွားသည့်အခါ ခြေခွင်သော သူတစ်ဦးကဲ့သို့ တောင်မှာခွင်၍ သွားသောကြောင့် **"တောင်ခွင်တန်း"** ဟု ခေါ်ကြခြင်း ဖြစ်သည်။

ရခိုင်ပြည်သည် ပင်လယ်သမုဒ္ဒရာ၊ မြစ်၊ ချောင်း၊ တောတောင်၊ ကျွန်း၊ ကမ်းတို့ဖြင့် သာယာလှပသော နယ်မြေ ဒေသတစ်ခုဖြစ်သည်။ ထို့ကြောင့် ရခိုင်လူမျိုးတို့သည် နှစ်ပေါင်းများစွာကပင် ပင်လယ်မြစ်ကြောင်းခရီး၊ ကျွန်းစဉ်ခရီး၊ ကမ်းယံ (ကမ်းယောင်၊ ကမ်းခြေ) ခရီး၊ တောင်စဉ်ခရီး စသည်ဖြင့် ခရီးပေါင်းများစွာ သွားလာခဲ့ကြသည်။

ဒွါရာဝတီနယ်မြေဒေသသည် ရခိုင်ရိုးမတောင်တန်းကြီးကို အခြေခံထားသဖြင့် သစ်၊ ဝါး၊ ကြိမ်၊ နွယ် အလွန် ပေါကြွယ်ဝသော ဒေသတစ်ခုလည်း ဖြစ်သည်။ သစ်မျိုးစုံ၊ ဝါးမျိုးစုံ၊ ကြိမ်မျိုးစုံနှင့် အခြား - အခြားသော တန်ဖိုး

မဖြတ်နိုင်သည့် ဆေးဘက်ဆိုင်ရာ ပရဆေးပင်များလည်း လွန်စွာပေါက်ရောက်သော ဒေသလည်း ဖြစ်သည်။ တောတောင်ထူထပ်ပြီး စိမ့်စမ်းရေတံခွန်ပေါများသောကြောင့် ဆင်၊ ကျား၊ ဝံတီးတိုး၊ မြောင်၊ ဂျီ၊ ဆတ်၊ ဝက်၊ တောခွေး၊ ခဲဝါ၊ မျောက်စသော သားရဲတိရစ္ဆာန်များနှင့် ကျေးငှက်သာရကာတို့မှာလည်း အလွန်ပေါများသော ဒေသတစ်ခုဖြစ်သည်။

ရခိုင်ရိုးမတွင် ပေါက်ရောက်လျက်ရှိသော ပျဉ်းကတိုး၊ စံကားအစရှိသော သစ်ပင်ကြီးများမှာ မည်မျှကြီးမား သနည်းဆိုပါလျှင် ခုတ်လှဲပြီးသော သစ်ပင်ငုတ်ပေါ်တွင် လူကြီး ၄ ဦး၊ ၅ ဦးခန့် ထမင်းထိုင်စား၍ ရလောက်အောင် ကြီးမားပေသည်။ ယခုအခါ အချို့သော ဘုန်းတော်ကြီးကျောင်းခြံအတွင်း၌ ပင်စည်လုံးပတ် ၁၇ ပေ မှ ၁၈ ပေထိ ကြီးမားသော စံကားပင်ကြီးများကို ယနေ့တိုင် တွေ့မြင်နိုင်ပါသေးသည်။ ယခင့် - ယခင်က ဆိုပါလျှင် မည်မျှပေါများ လိမ့်မည်နည်း ဆိုသည်ကိုမူ စဉ်းစားကြည့်၍ သိနိုင်လောက်ပါသည်။

ထို့ကြောင့် **"ရက္ခပူရဗ္ဗါဒသရာသိဋီကာ"** အမည်ရှိ **"ရခိုင်ဋ္ဌာနီလရာသီကျမ်း"** စာ ၃၂၅ တွင် **"ရခိုင်ရိုးမက ထွက်ရှိသော ရခိုင်သစ်ကို ရခိုင်လူမျိုးတို့သာ သုံးစွဲမည်ဆိုပါက နှစ်ပေါင်းထောင်သောင်းချီ၍ သုံးစွဲသော်လည်း ကုန်အံ့မထင်"** ဟူ၍ ဖော်ပြပါရှိသည့်အတိုင်း မည်သည့်အခါမျှ ကုန်ခန်းလိမ့်မည်မဟုတ်ဟု ထင်မှတ်ခဲ့ကြသော ရခိုင် ရိုးမက သစ်ပင် ၊ သစ်တောတို့မှာ ယခုအခါ လုံးဝမယုံကြည်နိုင်လောက်အောင် ကုန်ခန်းသွားခဲ့ပြီ ဖြစ်ပါသည်။ **"တောင်ကတိုး"** အနေဖြင့်သာ ကျန်ရစ်ခဲ့လေတော့၏။

**"မိမိလူမျိုးကောင်းစားရေး အကျိုးစီးပွားတစ်ခုတည်းကိုသာ ရှေ့ရှုပြီး၊ အများအကျိုးစီးပွားကို ထည့်မတွက်တတ်သော အတ္တလွန်လောဘရမ္မက်သားတို့ကြောင့် ရခိုင်က သစ်ပင်သစ်တောတို့ ပြုန်းတီးသွား ခြင်းသည် တိုင်းပြည်အတွက် အစားထိုးမရနိုင်သော ဆုံးရှုံးနစ်နာမှုကြီးတစ်ခုပင် ဖြစ်ပါသည်"**။

ဒွါရာဝတီက ရခိုင်လူမျိုးတို့သည် ကိုယ့်ဒေသကထွက်ရှိသော သစ်ကို လှေ ၊ သမ္ဗန်စသော လောင်းကြီး၊ လောင်းငယ်ခုတ်၍ (ဝါ) တည်ဆောက်၍ တစ်ဒေသမှ တစ်ဒေသသို့ ပင်လယ်ခရီးကြောင်းသွားလာကာ စီးပွားရှာ ခဲ့ကြသလို မြစ် ၊ ချောင်း၊ ကျွန်းစဉ်ခရီးဖြင့်လည်း သွားလာခဲ့ကြပေသည်။

ရခိုင်ရိုးမတောင်တန်းကြီး၏ အနီးအစပ်တွင် နှစ်ပေါင်းထောင်ချီ၍ နေထိုင်လာခဲ့ကြသော ဒွါရာဝတီနယ်မြေ ဒေသက ရခိုင်လူမျိုးတို့မှာ အထပ်ထပ်ရှိနေသော ရခိုင်ရိုးမတောင်တန်းကြီးကို ကန့်လန့်ကျော်ဖြတ်၍ အရှေ့ဗမာပြည် ဘက်သို့ ခြေကျင်ခရီးဖြင့် ကုန်ရောင်းကုန်ဝယ် သွားလာခဲ့ကြသည်မှာလည်း ယနေ့တိုင်ဖြစ်သည်။

ဒွါရာဝတီနယ်သားတို့သည် တောင်စဉ်ကမ်းနှင့်တောင်ခွင်တန်းတစ်လျှောက် အလျားလိုက် တစ်ရွာဝင်၊ တစ်ရွာ ထွက် ခရီးဆက်ခဲ့ကြရသည်မှာလည်း နှစ်ပေါင်းများစွာကပင် ယနေ့တိုင်ဖြစ်သည်။ ယခုလို လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းမွန်လာသောခေတ်၌ကား ယခင်ကလောက် ဒုက္ခမတွေ့ကြရတော့ချေ။

## ငါးသလဲထိုးဆရာတော်၏ ရှာပုံတော်ခရီး

ဒွါရာဝတီနယ်မြေဒေသ၏ ကြမ်းတမ်းလှသော (တောင်စဉ်ကမ်း) + တောင်ခွင်တန်းခရီးကို ငါးသလဲထိုး ဆရာတော်က မယားပျောက်ရှာပုံတော်ခရီးဖန်တီးကာ ပိုခြင်းရှည်ကဗျာဖြင့် မှတ်တမ်းတင်ရေးဖွဲ့စပ်ဆိုထားခဲ့သည်မှာ အထူးစိတ်ဝင်စားဖွယ်ကောင်းလှသည်။

ရေးဖွဲ့စပ်ဆိုရာ၌ ဒွါရာဝတီ - သံတွဲမြို့အနီးရှိ ဓါးသွေးကျောက်ရွာမှစ၍ မော်တင်စွန်းအထိ ဖြစ်သည်။

တောင်ခွင်တန်းတစ်လျှောက် ခြေကျင်ခရီးသွားခဲ့ကြရာ၌ လမ်းခရီးတွင် တွေ့ရှိရသော ကျေးရွာများမှာ အများအပြားပင် ရှိကြပါသည်။ ယင်းကို ငါးသလဲထိုးဆရာတော်က သူ၏မယားပျောက်ရှာပုံတော်ခရီး (သို့မဟုတ်) ချစ်သူပျောက်ရှာပုံတော် ခရီး ဒိုခြင်းရှည်ကဗျာတွင် ထည့်သွင်းစပ်ဆိုထားခဲ့ခြင်း ဖြစ်သည်။ ရွာပေါင်းများစွာ ရှိကြသည့်အနက် ယင်းဒိုခြင်းရှည်ကဗျာတွင် ပါဝင်သော ရွာများရှိသလို မပါဝင်ဘဲ ကျန်ခဲ့သော ရွာများလည်း ရှိကြပါသေးသည်။ ယင်းရွာများ ကို အကြမ်းဖျင်းအားဖြင့် စာရင်းချကြည့်သော် ဤသို့တွေ့ရ၏ ။

## မယားပျောက်ရှာပုံတော်ခရီးစဉ်ရှိ ကျေးရွာများ

မယားပျောက်ရှာပုံတော်ခရီးကို သံတွဲမြို့ ၊ (၁) ဇားသွေးကျောက်ရွာမှ စတင်ခဲ့ခြင်း ဖြစ်သည်။ ထိုမှဆက်လက်၍ ရွာစဉ်လျှောက်ခရီးဆက်လျှင် (၂) ညောင်ပင်သာရွာ ၊ (၃) မြို့ချောင်ရွာ၊ (၄) ပဒဲကောရွာ၊ (၅) ကြိမ်ချောင်းရွာ ၊ (၆) ကျားကိုက်ရွာ၊ (၇) သာယာကွင်းရွာ၊ (၈) တံခွန်တိုင်ရွာ၊ (၉) ဖိုးဝကုန်းရွာ (၁၀) မဲနယ်ကွင်းရွာ၊ (၁၁) ဇလွန်ရွာ၊ (၁၂) မဒေးရွာ၊ (၁၃) မျှားချောင်းရွာ၊ (၁၄) သမွန်မှောက်ရွာ၊ (၁၅) ကျားပစ်ကုန်းရွာ၊ (၁၆) နွားခြံရွာ၊ (၁၇) မောင်းဆွဲရွာ၊ (၁၈) မင်းပြင်ရွာ၊ (၁၉) ပေါက်တူးရွာ၊ (၂၀) ကနခိုရွာ၊ (၂၁) ငပန်ရွာသစ်၊ (၂၂) ငပန်ကုန်းရွာ၊ (၂၃) ငပန်စမ်းဝရွာ၊ (၂၄) ကျောက်ကြီးရွာ၊ (၂၅) ဂျိတ်တောရွာ၊ (၂၆) ကြာညိုရွာ၊ (၂၇) ညောင်ပင်ကွင်း ရွာ၊ (၂၈) ကညင်ကွင်းရွာ၊ (၂၉) မုဆိုးမကွင်းရွာ (ယခု - သပြေကွင်းရွာ) (၃၀) သစ်ဒုတ်တိုရွာ၊ (၃၁) ကျေးပင်ရွာ၊ (၃၂) ကုလားကျွန်းရွာ (ယခု သာယာကျွန်းရွာ) (၃၃) ပုဇွန်ဖြေရွာ၊ (၃၄) ကုလားပုန်းရွာ (ယခု - ခရေတန်းရွာ) ကို ရောက်ရှိပါသည်။ ယင်းခရေတန်းရွာ သည် သံတွဲမြို့နယ်၏ အဆုံးဖြစ်သည်။

သံတွဲမြို့နယ်အဆုံး ခရေတန်းရွာမှစ၍ ခရီးဆက်လျှင် ဂွမြို့နယ်အစ (၃၅) ဘိုကလေးရွာကို ရောက်ရှိပါသည်။ ထိုမှခရီးဆက်သော် (၃၆) ရှောက်ကုန်းရွာ၊ (၃၇) စေတီကွင်းရွာ၊ (၃၈) ကျောက်ခေါင်းကွင်းရွာ၊ (၃၉) အသည်ကုန်းရွာ (ယခု သဲကုန်းရွာ) ၊ (၄၀) ကိုင်းတောကွင်းရွာ၊ (၄၁) ဂျိတ်တောင်ရွာ၊ (၄၂) ပုန်းညက်ရွာ၊ (၄၃) ချင်းကွင်းရွာ၊ (၄၄) သဖန်းကွင်းရွာ၊ (၄၅) ကျိန္တလီရွာ (ယခု ကျိန္တလီမြို့) ကိုရောက်တော့၏။

ကျိန္တလီကို ရခိုင်ရာဇဝင်တွင် **"တောင်ခွင်ကျိန္တလီ"** ဟု ခေါ်ကြောင်းတွေ့ရသည်။ ကျိန္တလီသည် ဒွါရာဝတီ နယ်မြေဒေသတွင် **"တောင်စဉ်ကမ်း"** ၏ အဆုံးဖြစ်ပြီးလျှင် **"တောင်ခွင်တန်း"** ၏ အစလည်း ဖြစ်သည်။ မအီ၊ လမု၊ တန်းလွဲ၊ တောင်ကုတ် ၊ သူငွေး ၊ သံတွဲ ၊ ကျိန္တလီဟူသော **"တောင်စဉ်ခုနစ်ခရိုင်"** တွင် ကျိန္တလီသည် တစ်ခရိုင်အနေဖြင့် ပါဝင်ခဲ့သောကြောင့် ရခိုင်ရာဇဝင်တွင် ထင်ရှားသော နယ်မြေဒေသတစ်ခုဖြစ်ခဲ့သည်။

တောင်ခွင်စားရဲကျော် (အေဒီ - ၁၃၁၇) နှင့် တောင်ခွင်စားရန်မသူ (အေဒီ ၁၄၁၃) တို့သည် **"တောင်ခွင် ကျိန္တလီနယ်မြေ"** ကို စားခဲ့ကြရသူများ ဖြစ်သည်။ အဆိုပါ တောင်ခွင်စားတို့မှာ နောင်အခါ ဒွါရာဝတီ - သံတွဲစားများ ဖြစ်လာခဲ့ကြသည်။

တောင်ခွင်ကျိန္တလီမှ ခရီးဆက်ပြန်သော် (၄၆) ကျောက်ပါးစပ်ရွာ ၊ (၄၇) ဆားချက်ရွာ၊ (၄၈) ကိုင်းခုံရွာ၊ (၄၉) ကုံးကော်တောင်ရွာ၊ (၅၀) ကုလားပြင်ရွာ (ယခု- ရတနာမြိုင်ရွာ) ကို ရောက်ပါသည်။ ယင်းကုလားပြင်ရွာသည် ငါးသလဲထိုးဆရာတော်၏ ဇာတိချက်ကြွေမွေးရပ်မြေပင် ဖြစ်ပါသည်။ ထိုမှ ခရီးဆက်ခဲ့လျှင် (၅၁) ဘဲအင်းရွာ၊ (၅၂) ဒယ်ပုတ်ရွာ၊ (၅၃) သပြုချောင်းရွာ၊ (၅၄) ကြွေချိုင်ရွာ၊ (၅၅) တိုင်ကျိုးရွာ၊ (၅၆) ကျိုင်ကောက်ရွာ၊ (၅၇) ဆပ်သွားရွာ၊

(၅၈) အလယ်ရွာ၊ (၅၉) ပိန္နဲကုန်းရွာ၊ (၆၀) ဇီးကုန်းရွာ၊ (၆၁) သံခဲကျိုင်ရွာ၊ (၆၂) ကင်းပုံရွာ၊ (၆၃) ရွှေဥကွင်းရွာ၊ (၆၄) ရေသိုးရွာ၊ (၆၅) သာခွေးကျိုင်ရွာ၊ (ယခု - သာယာချိုင်၊ ကမ်းသာယာစခန်းရှိသည်။) (၆၆) လောင်းကျိုးရွာ၊ (၆၇) ညောင်ချောင်းရွာ၊ (၆၈) ကိုင်းတောကွင်းရွာ၊ (၆၉) ချင်းကုန်းရွာ၊ (၇၀) အလယ်ချောင်းရွာ၊ (၇၁) ရွာသစ်ကုန်းရွာ၊ (၇၂) စည်ပင်ရွာ၊ (၇၃) ရဟိုင်ကူးတို့ရွာ၊ (၇၄) ရဟိုင်ကွင်းရွာ၊ (၇၅) ကျောင်းကုန်းရွာ၊ (၇၆) အလယ်ရွာ၊ (၇၇) ဂွချောင်းရွာကို ရောက်တော့၏။ (ယခုအခါ -ဂွမြို့ ဖြစ်နေပေပြီ)။

ဂွမြို့ဖြစ်မလာမီ မူလက **"ခွချောင်းရွာ"** ဟု ခေါ်တွင်ခဲ့ကြသည်။ ခွချောင်းဟူသည် ချောင်း၏အဝသို့ မရောက်မီ တစ်ဖာလုံခန့်အကွာတွင် **"ဗျိုင်းကျွန်း"** ဟူ၍ရှိသည်။ ချောင်းသည် အထက်ဘက်ချောင်းဖျားမှ စီးဆင်းလာပြီး ဗျိုင်းကျွန်းအရောက်တွင် ချောင်းမှာ ကျွန်းကိုခွ၍ စီးဆင်းသွားပါသည်။ ယင်းကို အစွဲပြု၍ **"ခွချောင်း"** ဟု ခေါ်တွင်ခဲ့ကြရာက ရွာကိုလည်း **"ခွချောင်းရွာ"** ဟု ခေါ်တွင်ခဲ့ကြလေသည်။ ခွချောင်းရွာမှတစ်ဆင့် အေဒီ - ၁၈၇၄ ခု (အင်္ဂလိပ်အစိုးရလက်ထက်) တွင် **"ခွချောင်းမြို့"** ဖြစ်လာသည်။ အေဒီ ၁၉၆၀ ခု ဝန်းကျင်ရောက်မှ **"ဂွမြို့"** ဟူ၍ ခေါ်ဝေါ်သုံးစွဲလာခဲ့ကြခြင်း ဖြစ်သည်။

ဂွမြို့မှတဖန် ခရီးဆက်ပြန်လျှင် (၇၈) မကျည်းငူရွာ၊ (၇၉) ရွှေရကျိုင်ရွာ၊ (၈၀) ကျောက်ချွန်ရွာ (ကျောက်ချွန်ချောင်း) ကို ရောက်ပါသည်။ ဂွမြို့နှင့် ဆယ်မိုင်အကွာတွင်ရှိသော ကျောက်ချွန်ချောင်းသည် ဂွမြို့နယ်၏အဆုံးဖြစ်သလို သံတွဲခရိုင်၏အဆုံးလည်း ဖြစ်သည်။ သံတွဲခရိုင်ဆုံးလျှင် ပုသိမ်ခရိုင်၏အစပင် ဖြစ်တော့သည်။

ယနေ့မျက်မှောက်ခေတ် နယ်မြေအပိုင်းအခြားအရ ဟိုင်းကြီးကျွန်းအပါအဝင် မော်တင်စွန်းအထိကို ပုသိမ်ခရိုင်ထဲတွင် ထည့်သွင်းထားသော်လည်း ၊ ရခိုင်ရာဇဝင်နှင့် မွန်ရာဇဝင်အရ ရခိုင်တို့၏ ဒွါရာဝတီပိုင်နက်နယ်မြေထဲတွင် ပါဝင်ခဲ့ကြောင်း တွေ့ရသည်။ ယင်းအချိန်က **"ဝေန်မြစ်"**သည် နယ်ခြားမြစ်ဖြစ်ခဲ့ သည်။

ပုသိမ်ဟူသည် ရှေးက မွန်တို့၏ ရာမညတိုင်းထဲတွင် ပါဝင်သည့်အတွက် မွန်လူမျိုးတို့၏ မြို့တစ်မြို့ဖြစ်ခဲ့သည်။ မွန်ဘုရင်တို့သည် ရာမညတိုင်းကို သုံးရပ်၊ သုံးဌာနပိုင်းခြား၍ အုပ်ချုပ်ခဲ့ကြောင်း တွေ့ရသည်။ ယင်းတို့မှာ **"သထုံ၊ မုတ္တမ၊ ဒဂုံ၊ ဒလ၊ ပုသိမ် ၊ မြောင်းမြ"** ဟူ၍ဖြစ်သည်။ ဤအကြောင်းကို မုံရွေးဆရာတော် အရိယာဝံသအာဒိစ္စရံသီက သူ၏တိလောက ကျောက်စာတော်၊ အမှတ် (၃)၊ စာကြောင်းရေ (၂၃) တွင် -

**"ဟံသာဝတီ ဒဂုမ်ဒလ ကုသိမ်ရောင်မြ မုတ္တိမ အစဟီသဝ် ပြည်ကြီးတို့အိ၏တည်ရာ ရာမညတိုင်း။"** ဟူ၍ ကမ္ပည်းမော်ကွန်းရေးထိုး၍ မှတ်တမ်းတင်ထားခဲ့သည်။

ယင်းကျောက်စာအရ ယခုအခေါ် ပုသိမ်ကို ရှေးက **"ကုသိမ်"** ခေါ်ကြောင်း၊ ယခုအခေါ် မြောင်းမြကို ရှေးက **"ရောင်မြ"** ခေါ်ကြောင်း၊ ယခုအခေါ် **"မုတ္တမ"** ကို ရှေးက **"မုတ္တိမ"** ခေါ် ကြောင်း သိရှိရပါသည်။

အဆိုပါကျောက်စာတွင် **"အစဟီသဝ်"** (အစဟီသော)ဟူသော **"ရခိုင်လူမျိုးတို့၏ နေ့စဉ်သုံးဝေါဟာရစကားတစ်ခု"** ပါဝင်နေသည်ကို တွေ့ရသည်။ ယင်းဝေါဟာရကို ယင်းခေတ်ယင်းအချိန်က ယင်းဒေသ၌ နေထိုင်ကြသော လူမျိုးတို့အနေဖြင့် အမှန်တကယ်ပြောခဲ့ကြပါသလား။ ပြောခဲ့ကြသည်ဆိုပါလျှင် ယနေ့အဘယ်ကြောင့် မပြောကြတော့ပါသနည်း ဆိုသည်မှာ စဉ်းစားစရာဖြစ်ခဲ့ရပါသည်။ ယင်းကျောက်စာ၌ ရခိုင်ဝေါဟာရစကားလုံးများ အများအပြား ကျန်ရှိနေပါသေးသည်။

မွန်တို့၏ ရာမညတိုင်းအဝင် ဟံသာဝတီနယ်မြေနှင့် ရခိုင်တို့၏ အယုဇ္ဈပူရတိုင်းအဝင် ဒွါရာဝတီနယ်မြေကို

ရေခြား၊ မြေခြား၊ နယ်နိမိတ်အဖြစ် ငဝန်မြစ်က ခွဲခြားထားသည်။

ဝမြို့နယ်အဆုံး ကျောက်ချွန်မှ ခရီးဆက်ပြန်သော် ပုသိမ်ခရိုင်အစ (၈၁) ပေါက်လှကျိုင်ကို တွေ့၍ (၈၂) ကုလားချောင်းရွာကို ရောက်ပြီးလျှင် (၈၃) ဆင်သေကျိုင်ကို တွေ့ရပါမည်။ ထိုမှ ခရီး ဆက်သော် (၈၄) မကျည်းစင်ရွာ၊ (၈၅) ဇောမိရွာ၊ (၈၆) မနိရွာ ၊ (၈၇) ကျိတ်လက်ရွာ၊ (၈၈) ကျွန်းချောင်းရွာ၊ (၈၉) သပေါ့ကန်ရွာ၊ (၉၀) ပိုးလောင်းဝက်သေရွာ၊ (၉၁) ခရင်ဝါးချောင်းရွာ ၊ (၉၂) မကျည်းရွာ၊ (၉၃) ချောင်းသာရွာ၊ (၉၄) ကန်ကြီးရွာ၊ (၉၅) ကညင်ကွင်းရွာ၊ (၉၆) ကျိုင်လယ်ရွာ၊ (၉၇) ရေသိုးရွာ၊ (၉၈) ဖိုးမောင်ချိန်ရွာ၊ (၉၉) သဇင်ရွာ၊ (၁၀၀) ဇီးမှော်ရွာ၊ (၁၀၁) ငဆော်ရွာ (ယခု ငွေဆောင်) ၊ (၁၀၂) ဗူးကွဲကြီးရွာ၊ (၁၀၃) ရှောက်ကုန်းရွာ၊ (၁၀၄) ညောင်အုပ်ရွာ၊ (၁၀၅) ညောင်မော်ရွာ၊ (၁၀၆) ဆင်မရွာ၊ (၁၀၇) အုတ်ဖိုရွာ၊ (၁၀၈) သဲဖြူရွာ၊ (၁၀၉) သစ်ရောင်းရွာ၊ (၁၁၀) သံပတ်ကွင်းရွာ၊ (၁၁၁) မီးကျောင်းခေါင်းရွာ၊ (၁၁၂) ကွမ်းသီးတောရွာ၊ (၁၁၃) တောင်ပတ်လည် ရွာ၊ (၁၁၄) ဘုရားချောင်းရွာ ၊ (၁၁၅) ပိတောက်ကုန်းရွာ၊ (၁၁၆) လင်းနေကန်ရွာ၊ (၁၁၇) ကျောက်ခဲကြီးရွာ၊ (၁၁၈) မိုးတိမ်ပြင်ရွာ၊ (၁၁၉) ဆင်မှုံရွာ၊ (၁၂၀) ရွှေထိုးခေါ် ငါးသလဲထိုးရွာ (မယားပျောက်ရှာပုံတော်ခရီးစပ်ဆိုခဲ့သော ဆရာတော် သီတင်းသုံးကျောင်းထိုင်ခဲ့သည့်ရွာ။) (၁၂၁) စမ်းတောင်ရွာ၊ (၁၂၂) ကြာပွင့်ချောင်ရွာ၊ (၁၂၃) ငရုတ်ကောင်းရွာ ၊ (၁၂၄) သေပုရွာ၊ (၁၂၅) ကြွေကျိုင်ရွာ၊ (၁၂၆) မြစ်ကျိုးရွာ၊ (၁၂၇) ကွင်းဝမ်းဘူရွာ၊ (၁၂၈) နတ်မော်ရွာ၊ (၁၂၉) ငှက်ပျောချောင်း ရွာ၊ (၁၃၀) ဘုတ်ပင်ဆိပ်ရွာ၊ (၁၃၁) စပါးကြီးရွာ၊ (၁၃၂) ပန်းမော်ရွာ၊ (၁၃၃) ငန်းချောင်းရွာ၊ (၁၃၄) ကွင်းဘက်ရွာ၊ (၁၃၅) ဇီးကျိုင်ရွာ၊ (၁၃၆) ကန်ကျိုင်ရွာ၊ (၁၃၇) ဘန့်ဘွေ့ကုန်းရွာမှခရီးဆက်လျှင် (၁၃၈) မော်တင်စွန်းကို ရောက်ပါသည်။

## မော်တင်စွန်းနှင့် နဂါးရစ်

မော်တင်စွန်းဟူသည် ရခိုင်ရိုးဖျားအဆုံး **"မော်ရှဲတောင်စွန်း"** ကို အစွဲပြု၍ **"မော်တင်စွန်း"** ဟု ခေါ်တွင်လာခဲ့ကြခြင်း ဖြစ်သည်။ ထိုတောင်စွန်း၌ တည်ထားသော ဘုရားစေတီတော်ကိုလည်း မော်တင်စွန်းစေတီ (မော်တင်စွန်းဘုရား) ဟု ခေါ်တွင်နေကြခြင်း ဖြစ်သည်။

ရခိုင်ရာဇဝင်အရ **"မော်တင်စွန်းဘုရား"** ဆိုသည်မှာလည်း ရခိုင်ပြည် မြောက်ဦးမြို့၊ ဒုတိယနန်းဆက်၊ မင်းဗာကြီးမှ (၆) ဆက်မြောက် မင်းရာဇာကြီး (အေဒီ ၁၅၉၃ မှ ၁၆၁၂ ထိ) အေဒီ ၁၅၉၉ (ရခိုင်ကောဇာ - ၉၆၁ ခု) နှစ်တွင် ဟံသာဝတီ (ပဲခူး) သို့ စစ်ချီရာမှအပြန် လမ်းခရီးအကြား မော်တင်စွန်းသို့ရောက်သောအခါ အသက်အရွယ်ကြီးရင့်ပြီဖြစ်သော **"အမတ်ကြီးမဟာပညာကျော်"** ကွယ်လွန်အနိစ္စရောက်ရှိခဲ့သည်။

ရခိုင်ဘုရင်မင်းရာဇာကြီးသည် ခရီးစဉ်ကိုရပ်နားကာ မင်းခြောက်ဆက်တိုင်တိုင်အမှုတော်ထမ်းရွက်ခဲ့သော ပညာရှိအမတ်ကြီး မဟာပညာကျော်အား ကြီးကျယ်ခမ်းနားစွာ သင်္ဂြိုဟ်တော်မူခဲ့ပါသည်။ အမတ်ကြီးကို ဂုဏ်ပြုသောအားဖြင့် သင်္ချိုင်းရာပေါ်တွင် ဘုရားစေတီတော်တစ်ဆူကိုလည်း တည်ထားတော်မူခဲ့လေသည်။ ထိုစေတီတော်ကို ယနေ့တိုင် **"မော်တင်စေတီ"** ဟု သမိုင်းတွင်လျက် ရှိနေသည်။ ဤအကြောင်းကို မော်တင်ဘုရားတိုင်ရတုပိုဒ်စုံ (ပထမပိုဒ်) တွင် -

**"မော်တင်ယွန်းသော် ၊ သောင်စွန်းအမော်၊ ပညာကျော်ဟု ၊ မပော်တစ်ပါး၊ တို့ထွင်ဖျားမှာ၊ နာဖျားမကျန်း၊ နတ်ရွာမြန်းခဲ့၊ ရိပန်းမောဟိုက်၊ ဖော်တစ်သိုက်မှာ၊ သွန်ဖြိုက်မျက်ရည်၊ ဝိုင်းဝိုင်းလည်လျက်၊ မကြည်နှလုံး၊**

**ကြိမ်မီးဖုံးသို့၊ ညီးချုံးကော်ရော်၊ ကြမ္မာဆော်ရာ၊ ဖောင်တော်ဆိုက်ထား၊ အငူဖျား၌ ၊ရပ်နားဦးသျှောင်၊ လွင်တီးခေါင်၌ ၊ အလောင်းကိုတင်၊ ပွဲကြီးဆင်လျက်၊ သဘင်တီငူနှ၊ ပြီးစီးမှလျှင်၊ တ,သမရှင်၊ ထိုမြေပြင်ဝယ်၊ ဖူးမြင်အများ၊ ထိုဘုရားကို၊ မော်ကြွားမောက်မောက်၊ တည်တုံမြောက်သည့်"** ဟူ၍ ရေးဖွဲ့စပ်ဆိုထားသည်ကို တွေ့ရသည်။

အင်္ဂလိပ်တော်လှန်သူ ရခိုင်သူရဲကောင်း **"ဒေးဝန်းအောင်ကျော်ရှိ"** ၏ **"ဗမာချီသျှိုးလိုက်ရတု"** တွင်လည်း-

**"ရခိုင်တိုင်းနေ (နယ်)၊ သံတွဲမြေကို၊ ခေါ်ထွေလူတကာတို့၂ တောင်ခွင်သာမော်ရံထိ၊ ရခိုင်မင်းသာ တည်လုပ်ပါသည်၊ မဟာစေတီကြီးကို"** ဟူသော ရတုစာပေအထောက်အထားအရ ရခိုင်မင်း၏အပိုင်၊ ဒွါရာဝတီ သံတွဲနယ်မြေတွင် ရခိုင်မင်းတို့ တည်ထားပူဇော်ကောင်းမှုပြုထားခဲ့သော စေတီတော်ကြီးဖြစ်ကြောင်း သိရှိရလေသည်။

ဤအကြောင်းကို စန္ဒသုဓမ္မရာဇာမင်းလက်ထက် (အေဒီ ၁၆၅၂- မှ ၁၆၇၄ထိ) ကောဇာ ၁၀၁၄ ခု၊ ကဆုန် လဆန်း (၅) ရက်၊ ကြာသပတေးနေ့တွင် ထုတ်ပြန်ကြေညာခဲ့သော (၂၂အင်္ဂါရှိ ရခိုင်အင်းစောက်ရာဇဝင်၊ ၈ - ကြောင်းပေမူ၊ ၄-ချပ်၊ ရင်၊ ကြောင်းရေ ၆ ၊ ၇ ၊ ၈ တို့တွင် ပါရှိသည့် ) မော်ကွန်းတွင် -

**"သန်ဗိသားတို့ ခူချောင်းလှောက်ကြိုလှာ၏။ တောင်ကုပ်နှင့် သန်ဗိမိုးပိုင်မြေအခြားတည်း။ ခူကရှိင်က ချိတော်မူ၏။ "မော်တင်ဇာတီကြီး" တေလေ၏။ ရခိုင်ဓညဝတီမြေအခြားကား "မော်တင်ဇာတီ" ခြားလေ၏။ အရှေ့နှင့် ဓညဝတီမြေအခြား စန္ဒသုတ်ဘုရင် မိန့်တော်မူသည်။ မော်ကွမ်းအတိုင်း မြဲဇေသောဝ် ။ ။"** ဟူ၍ တွေ့ရှိရသလို၊ မော်တင်စေတီတော်ကြီးကို ရခိုင်သားတို့ ပြန်လည်တည်ထားပြုပြင်ခဲ့ကြရာ၌ ဒေသအလိုက်ပါဝင်ခဲ့ကြသော လူဦးရေစာရင်းကိုလည်း ယင်းမော်ကွန်းတွင် -

**"ယင်းသောအခါ ဒလက်လူပေါင်း ၅၀ ပါ ၏။ အမ်း ၄၀ ပါ၏။ စနဲ ၃၀ ပါ၏။ မဥ္ဇ် ၅၅ ပါ၏။ လမူး ၅၀ ပါ၏။ တန်းလွဲ ၆၀ ပါ၏။ တောင်ကုပ် ၄၅ ယောက်ပါ၏။ သံဒွဲ ၁၂၀ ပါ ၏။ ရန်းဗြဲအနောက်ဘက် ၁၂၀ ပါ၏။ ရန်းဗြဲအရှေ့ဘက် ၁၂၀ ပါ၏။"**ဟူ၍ မှတ်တမ်းတင်ထားခဲ့သည်ကို တွေ့ရသည်။

အချို့က **"နတ်နဂါးနှင့် ကုလားညီနောင်တို့ တည်ခဲ့သည်"** ဟူသော ယူဆချက်မှာ လုံးဝယုတ္တိမရှိသော စကားသာ ဖြစ်သည်။ ဤအကြောင်းကို မော်တင်ဘုရားတိုင်ရတုပိုဒ်စုံ (ဒုတိယပိုဒ်) တွင် -

**"တောင်စွန်းအငူ၊ မော်ကွန်းထုသား၊ ကျောင်းဂူစရပ်၊ အထပ်ထပ်နှင့်၊ ပွင့်ချပ်ဖူးငုံ၊ တောင်လုံး ခြုံမျှ၊ လှူဘုံထူးလတ်၊ ထိုတောင်မြတ်ကို၊ ရေးမှတ်စာကုံး၊ ပေါင်းကာရုံးလည်း ၊ အဆုံးဘယ်မှာ၊ ယိုဖုံရာတည်း။ ပေါ်ရာစကား၊ နတ်နဂါးနှင့်၊ ကုလားညီနောင်၊ တည်ထားဆောင်ဟု၊ ကယောင်ထောက်ချိ၊ စာဆိုယိုခဲ့၊ အသိ ခေါင်းပါး၊ ဉာဏ်တိမ်းပါး၍၊ တစ်ပါးနောက်လှု၊ ထိုအယူကို၊ အမှုယုတ္တိ၊ ကြောနတ္ထိဟု၊ အတိမောဟ။ ဗျာပါဒနှင့်၊ ဒေသလွဲချော်၊ မချင့်မြော်၍၊ ယွင်းယော်နဲနက်၊ မှတ်ချက်မယိုင်၊ ဆွဲကိုင်မပြု၊ လျစ်လျူရှု၏"** ဟူ၍ရေးဖွဲ့စပ်ဆို မှာကြားထားခဲ့သည်ကို တွေ့ရသည်။

**"နဂါးနှစ်"** (သို့မဟုတ်) **"နဂါးရစ်"** (သို့မဟုတ်) **"နဂရေ"** ဟူသော ဝေါဟာရစကားများမှာလည်း ဝေသာလီ ကျောက်လှေကားခေတ် (အေဒီ ၃၂၇ မှ ၈၁၈ ထိ) အေဒီ ၇၇၀ ခန့်က ရခိုင်ပညာရှိအမတ်ကြီး ဓမ္မဇေယျ (ဓမ္မစစ်) ရေးဖွဲ့စပ်ဆိုခဲ့သော **"စန္ဒရားဘွဲ့ကဗျာ"** အရ ဤသို့သိရှိရသည်။

ရခိုင်ဘုရင် စူဠစန္ဒရားမင်းသည် တကောင်းသင်းတွဲပြည်သို့ **"ဦးဖြွပ်နာ"** (ခေါ်) ခေါင်းခဲနာ ရောဂါကုသရန်

ရေကြောင်းခရီးဖြင့် ကြွရောက်ခဲ့သည်။ တကောင်းသင်းတွဲမှအပြန် ထိုနေရာအရောက်တွင် နဂါးမီးစက်လောက်ခြင်း ခံရသည်။ ဖောင်တော်နစ်မြုပ်၍ နတ်ရွာစံခြင်းသို့ ရောက်ခဲ့ရခြင်း ဖြစ်သည်။ ယင်းကို ရှေးခေတ်အခေါ် နဂါးနှစ် သတ်ခံရသည်ဟုဆိုခြင်းဖြစ်သည်။ ယင်းကို အစွဲပြု၍ **"နဂါးနှစ်"** မှ **"နဂါးရစ်"** ဟု ခေါ်တွင်လာခဲ့ကြခြင်း ဖြစ်သည်။ **"နဂရေအငူ"** ဟူ၍လည်း ခေါ်ကြသည်။ ယင်းကို အမတ်ကြီးဓမ္မဇေယျ (ဓမ္မစစ်)က သူ၏ **"စန္ဒရားဘွဲ့ကဗျာရှည်ကြီး"** တွင် -

**"ထိုရောလေအခါ။ ဓမ္မစစ်အမတ်ကြီး။ လောင်းပြည့်ရှင်ကို၊ နဂါးနစ်ကြောင်း။ ပြောပြရေလေ၊ လောင်းပြည့်ရှင်ကို။ နဂါးနစ်ကေ၊ ပြန်တော့တေလား။ ။ ငါဒါလေအမှန်။ ငါဒါမထရစ်။ လောင်းပြည့်ရှင်ကို။ နဂါးနစ်ကေ။ ဓမ္မစစ်မာန်ပါ။ ဝေသာလီမှာ ။ မနေတော့ရာ။"** ဟူ၍ ရေးဖွဲ့ စပ်ဆိုထားခဲ့သည်ကို တွေ့ရသည်။

အမတ်ကြီးသည် ဤစန္ဒရားဘွဲ့ကို တကောင်းသင်းတွဲမှအပြန် မြို့ပြည်သို့ရောက်ပြီးမှ အပြည့်အစုံ ရေးသား စပ်ဆိုနိုင်ခဲ့လိမ့်မည်ဟု ယုံကြည်ပါသည်။ တကောင်းသင်းတွဲသို့ ကြွရောက်သည့်နှစ်မှာ အေဒီ ၇၆၇ ခုဖြစ်ရာ၊ ယင်း၌ သုံးနှစ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ မင်းကြီးအနေဖြင့် မိမိတို့နေပြည်တော်သို့ ပြန်ကြွနိုင်ရန် တကောင်းသင်းတွဲမှာ ရှိနေစဉ် အမတ်ကြီးသည် **"စန္ဒရားဘွဲ့"** ကို ရေးစပ်ကာ စောင်းတီးသမားညီနောင်ကို အသပြာငွေ ၁၅၀ ပေး၍ သီဆိုစေခဲ့ခြင်း ဖြစ်သည်။ စန္ဒရားဘွဲ့ကဗျာတွင် တကောင်းသင်းတွဲခရီးစဉ်၏ အသွား၊ အပြန် အကြောင်းအရာများပါ ပါဝင်နေသည်ကိုတွေ့ရသဖြင့် အပြီးရေးစပ်ချိန်ကို အေဒီ ၇၇၀ ခန့်ဟု ရေးသားတင်ပြလိုက်ခြင်း ဖြစ်သည်။

အထက်ဖော်ပြပါအတိုင်း သံတွဲမြို့၊ ခါးသွေးကျောက်ရွာမှစ၍ မော်တင်စွန်းစေတီတော်အထိ တောင်ခွင်တန်း တလျှောက် ကျေးရွာများကို ရခိုင်စာဆို ငါးသလဲထိုးဆရာတော်က မယားပျောက်ရှာပုံတော်ခရီး (သို့မဟုတ်) ချစ်သူ ပျောက်ရှာပုံတော်ခရီး ဖန်တီးကာ ဖတ်ချင်စဖွယ် ရေးသားစပ်ဆိုထားခဲ့သော ငိုခြင်းရှည်ကဗျာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

### တောင်ခွင်တန်း မယားပျောက်ရှာပုံတော်ခရီး ငိုခြင်းရှည်

**စောနတ်ဆွေညာ တစ်မိရယ်ကြောင့်။ သောဠသ်ပြည်ပါ ဝါစေခဲ့ပါပေ့ါ။ အမယ်မင်း အသားဝါတစ်မိကိုတဲ့ ရှာဗိုးမယ်။ တာဆုံးလေစေတော့ ဆံတောက်အသားဝါ တစ်ပါးကညာ ဂမုံးရယ်ကြောင့် လျှောက်ကာသွား။ ဇာပြတ်ကာ စောနတ်ခင်ကညာရယ်။ ရှာတာ မောင်မောင်မောလှပေ့ါ။ ရုပ်ချောခင် တစ်ယောက်ကယ်ကြောင့်။ သံတွဲနဂရာကို မောင်မောင်ရောက်ပြန်ပေ့ါ။ ရွှေဆံတော်စေတီအောက်မှာလှ ။ ခါးသွေးကျောက်ရွာဂါမာ။ အမယ်မင်း ဘယ်မှာမှတွေ့ပြီဘူး။ မောလှပြီ စောမြကညာမဗီရဲ့။ ရွာအမည် ပတဲကော။ စောစောမောင်ရှာလို့ ။ကျားကိုက်ရွာ။ သာယာကွင်း။ ဆင်းမိလို့ရှာပါသကိုးနော်ကွယ် ပျင်းရိစရာ။ ယမင်းတစ်မိ အသားဝါရယ်ကြောင့် လွှဲဖယ်မငြင်း။ အမယ်မင်း အတင်းမချိတရိ လာရဒါက မဲနယ်ကွင်း။ မလွန်နိုင် တံခွန်တိုင်။ ဖိုးဝကုန်းရယ်က။ ဇလွန်မထိုင် ရွာမဒေးဆီသို့။ ခင်လေးကြောင့် လာခဲ့တယ်။ ဗျာပါကြွေပါလို့ ဟိုက်တာမော။**

**မတွေ့ပါ။ မလေးမေကညာရဲ့ တစ်ဖေမှာ။ ခွေကာလဲလုပါပေ့ါ။ ဖြေမသာ မေအသားဝါပုလဲရယ်ကြောင့်။ သမ္ဘန်ရွာ, နွားခြံမလွဲပါဘူး။ မောင်းဆွဲအမည်သာ။ ထမင်းဆိုင် သနင်းတကယ်ခိုင်ကိုတဲ့ ဝင်ခါမေး။ မင်းပြင်ရွာ, ပေါက်တူးတစ်ဖြာ။ ကနဒိုလှမ်းခါကြွရတော့။ ဆံတောက် တစ်ဦးကညာကို ။ ရှာကြံလို့ မရပါကလား။ ပေန်စမ်းဝ,**

ကျောက်ကြီးရွာ ရောက်မိပါသဗျာ ရွာဂြစ်တော။ ဗျာပါငယ်ဖို ခင်လေးကညာပျိုကြောင့်။ ရွာကြာညို့ ညောင်ပင်ကွင်းရယ်နှင့်။ သစ်ငုတ်တို့ ကျေးပင်သို့ဆင်းခဲ့ရ။ ယမင်းတစ်မိကိုတဲ့ မတွေ့နိုင်။ တစ်ဖေရှိင်ပါလို့ ခွေကာလဲ။ အလွမ်းငယ်ပွေ့ လှရွှန်း အသားဝါမေကြောင့်။ ပုဇွန်ဖြေ ဂါမေသို့ ဆင်းခဲ့ရ။ လှတဆွေ ခင်တစ်ယောက်ကယ်ကြောင့်။ ရွာစဉ်ကို လျှောက်ပါလို့ ရွာဦးမယ်။ အမယ်မင်း အမည်ကြွယ်ပါတဲ့ ရွာဗိုလ်ကလေး။ ရှောက်ကုန်းမှာရွာပျောက်ဆုံးသူ ခင်ကညာကြောင့်။ လင်ရတနာ ဖေတစ်ယောက်မှာလ။ ရေသောက်ခါ ရပ်မနားခဲ့ပါဘူး။ နတ်တစ်ပါးအလှကညာမဒီ။ တစ်သာကီမှာဖြင့် ဟိုက်ခါငေး။ အမယ်မင်း ရွာစေတီကို လိုက်ရှာမနေး။ ကျောက်ခေါင်းရွာ, အသည်ကုန်းမှာ မောင်မောင် ရှာလို့။ ပုန်းညက်ရွာ အမြန်ဆင်းခဲ့ရ ။ သဖန်းကွင်းမှာတဲ့ မတွေ့ပါ။ တစ်ဖေမှိုင်ပါလို့ ခွေကာလဲ။ ။

အချိန်ရယ်သီ။ လှရွှန်းတစ်သိဂီကြောင့်။ ကျိန္တလီ, ကျောက်ဂူသို့သွားရပြန်ပါပေါ့။ ဆားချက်ရွာချန်မထားခဲ့ပါဘူး။ ကိုင်းခုံ, ကုလားပြင် ဝင်ကာမနားတဲ့ပြင်။ လင်ရတနာတစ်ပါးမှာတဲ့ သဲရင်နား။ ဘဲအင်းရွာကိုတဲ့ ဝင်ကာမေး။ မတွေ့နိုင် အဆွေးတွေ ဗျာပါလှိုင်လို့။ ရဝေပိုင် နေနိုင်အားလေငဲ့။ တကယ်နိုင် ခင်တစ်ပါးရယ်ကြောင့်။ သမြုချောင်းဂါမာ ကြွေရိုးကိုသွားရပြန်ပေါ့။ မနေမနားရယ်တဲ့ လျှောက်ကာရှာ။ အမယ်မင်း ဘယ်မှာမှ မတွေ့ပြီဘူး။

လှိုင်ဖြိုးငယ်သာ။ တိုင်ကျိုးရွာ မော်ရှည်ကိုလျှောက်ပါလို့။ ဂျိုင်ကောက်ကို ကျော်ခါဆင်းတဲ့ပြင်။ ယမင်းတစ်မိ နတ်တစ်ပါး အသားဝါ။ ဆတ်သွား, အလယ်ရွာကိုတဲ့ ဝင်ခါမေး။ ရွာနည်းရယ်စုံ။ ရွာဇီးခုံ, ကင်းပုံသို့ ဆင်းခဲ့ရ။ ရွှေဥကွင်းမကျန်ရ ရေသိုးရွာ ။မေဆံထိုးရတနာရယ်ကြောင့် ခါခါမော။ ။

မတွေ့နိုင်။ တစ်နေ့တစ်ခါ မှိုင်လို့ ။ သာခွေးဂျိုင် ရှေ့ဆီကိုလျှောက်ပါလို့။ လောင်းကျိုးကို ခင်မေကြောင့် ရောက်ခဲ့ရ။ ကြောင်းဆိုးသကို လင်ဖေတစ်ယောက်မှာဖြင့်။ ညောင်ချောင်းရွာ ဖြံပြင်သို့ ရောက်ခဲ့ပြန်ပေါ့။ ဘဝင်နောက် လှပါပေါ့ မထိုင်ပါ။ အမယ်မင်း လင်ရတနာတစ်ယောက်မှာလ။ အစဉ်လျှောက်ခဲ့ပြန်ပေါ့ ရဟိုင်းရွာ။ ခုံစကဝါကို ရစေ ကြောင်း။ အမယ်မင်း တစ်မိုင်, နှစ်မိုင် လာရပြန်ပေါ့ ငွရွှေချောင်း။ ။

မအေးသူ။ အဆွေးတွေ ဗျာပါဆူလို့။ မကျည်းငူ ဟိုဘက်ကူးပြန်ပေါ့။ ချစ်ဦးကိုတဲ့ တွေ့မည်လားရယ်လို့။ ရွှေရဂျိုင်တာလောင်သို့ သွားတဲ့ပြင်။ ရွာကျောက်ချွန် ခင်တစ်ပါးရယ်ကြောင့်ဗျာ။ သွားရမောင့်မှာ။ အမယ်မင်း သည်ခါမှ အပူမအေး။

ပေါက်လှဂျိုင်။ ကုလားချောင်း မောင်မောင်ထိုင်လို့။ ဆင်သေဂျိုင် မကျန်ရပါဘူး။ မကျည်းစင်, ဂျိုင်လယ်သို့ ကျပြန်ပေါ့။ ဗောမိက ခနီရွာ။ အမယ်မင်း ဘယ်မှာမှတွေ့ပြီဘူး မောလှပြီ ။ စောမြမဒီရဲ့။ တစ်သာဂီ သွယ်ခွေနှောင်းမှာဖြင့်။ ကျွန်းချောင်းရွာ, သပေါ့ကန်မကပေဘူး။ ခရင်ဝါးချောင်းမကျန်။ အသော့အမြန် တစ်ခဏရယ်နှင့်။ ဘုရင်သမ္မတမှာတဲ့ ရွာရပြန်။ အမယ်မင်း မကျည်းရွာကိုတဲ့ ဝင်ကာမေး။ တာပေါင်းရယ်တွာ ရွာချောင်းသာ သဇင်မှော်, ငဆော်ကျပြန်ပေါ့။ ကညာတစ်သောင်း ရတနာမေခင် ဇနီးကတော်တစ်မေရယ်ကြောင့်။ ညည်းအော်သရွေ့ လင်ခမြာ အစေမင်း။ မကျည်းရွာ မှာ မတွေ့ပါကလား ဆင်မရွာသနင်း။ အလှရတနာရယ်ကြောင့် ခါခါမော။ ။

ရှာတဲ့လူ။ ညာနဲ့သဝါမြူ။ အုတ်ဖိုမကြွင်းခဲ့ပါဘူး။ သစ်ရောင်းကို မောင်မောင်ဆင်းခဲ့ရတယ်ဖြင့်။

**ဂုံညင်းတန်း မကျန်ရ ပိတောက်ကုန်းရွာ၊ အမယ်မင်း ပျောက်ဆုံးပါသဗျာ၊ ကေန်မလွဲ၊ ခင်သူဇာအပူဟာ လင်ဖေမှာ ဖွဲ့ပြန်ပေါ့၊ လင်းနေကန်, ရွာကျောက်ခဲရယ်နှင့်၊ မိုးတိမ်ပြင်, ဆင်မှူမလွဲရပါဘူး၊ ဘဝင်တုန် အသဲရယ်က လှိုက်ခါဖို၊ ရှိုက်ခါငိုပါလို့ မောင့်မှာမော။ ။**

**နေမိုးငယ်သာ၊ ချွေညှိုးကာ တစာစာနှင့်၊ မေဆံထိုး ရတနာဘုရင် သူဌေးရယ်ကြောင့်၊ ရွှေထိုးရွာ ဝင်မေးတဲ့ပြင်၊ ဘဝင်မှာမအေး ကျုပ်ငိုကာ၊ အမယ်မင်း အလျင်အမြန်ပြေးခဲ့ရပြန်ပေါ့ အုတ်ဖိုရွာ၊ ငရုတ်ကောင်းမှာ မောင်မောင်ရှာလို့၊ မြစ်ကြီးတစ်ဖြာ၊ ကွင်းဝမ်းဘူ နတ်မော်ကျပြန်တော့၊ ငှက်ပျောချောင်း မကျန်ရ။ ။**

**စပါးကြီးရွာ၊ ဇနီးကညာကိုတဲ့ တွေ့ပြီဘူး၊ ပန်းမော်ရွာ ရမ်းရော်ကာ မောင်မောင်ရှာလို့၊ ငန်းချောင်းဂါမာ, ကွင်းဘက်တစ်ခိုဆင်းပါလို့၊ ဇီးကျိုင်ကို လှယမင်းရယ်ကြောင့်ဗျာ ဆင်းရခါခါ၊ အမယ်မင်း ဘယ်မှာမှ တွေ့ပြီဘူး၊ ။**

**ရပ်မြေညီ သကတ်ရဝေချီတဲ့၊ မြတ်စေတီရွှေ့တော်မှောက်မှာလ၊ လက်ဆယ်ဖြာ ဦးတင်မြှောက်ပါလို့၊ သဇင်ခွေ လင်ဖေတစ်ယောက်မှာဗျာ၊ အမယ်မင်း တစ်ဦးနှမကညာတစ်ပါးရယ်ကြောင့်၊ မောင်မောင့်မှာဗျာ ဦးချဝတ်တွား။ ။**

နိဂုံးချုပ်ဆိုရသော် ငါးသလဲထိုးဆရာတော် ရေးစပ်သီးကုံးခဲ့သည့် မယားပျောက်ရှာပုံတော်ခရီး (သို့မဟုတ်) ချစ်သူပျောက်ရှာပုံတော်ခရီး ငိုခြင်းရှည်ကဗျာကြီးမှာ ဒွါရာဝတီတောင်ခွင်တန်းဒေသအတွက် မပျောက်မပျက် မှတ်တမ်းတင်ထားရှိသင့်သော သမိုင်းဝင်စာပေတစ်ခုဖြစ်နေပါသဖြင့် အများပြည်သူလေ့လာဖတ်ရှုသိရှိနိုင်ကြစေရန် ရည်ရွယ်ချက်ဖြင့် ရေးသားတင်ပြလိုက်ရပေသည်။

**"သမိုင်းပျောက်လျှင် လူမျိုးနှင့်နယ်မြေပါ ပျောက်ဆုံးသွားတတ်ပါသည်။"**

**ဒွါရာဝတီ-အသျှင်ကုသလ**

(ကိုးကားချက်)

၁။ ရက္ခပူရဒါဒသရာသိဋီကာ ။ ။ ဒွါရာဝတီ-အသျှင်ကုသလ (ငွေသဇင်)။

၂။ ရခိုင်တောင်ခွင်တန်းအချစ်ပန်းရှာပုံတော်ကြီး ။ ။ အသျှင်စက္ကိန္ဒ။
ဒွါရာဝတီမဂ္ဂဇင်း၊ အမှတ် (၁) ၁၉၇၉ ခု။

၃။ ဝွမြို့နယ်သမိုင်း ။ ။ ဦးချစ်မောင်။
ဝွမြို့နယ်မဂ္ဂဇင်း၊အမှတ်(၁) ၂၀၁၅ ခု။

၄။ ဒွါရာဝတီ-အသျှင်ကုသလမှတ်စု။

## ဒွါရာဝတီ–သံတွဲနယ်သားတို့၏ ဒေသီယဝေါဟာရစကားများ

စာပေမှန်သမျှတို့သည် စကားကို အခြေခံပြီးမှ ပေါ်ပေါက်လာရခြင်း ဖြစ်သည်။ ထို့ကြောင့် စကားက အလျင် ပေါ်ပြီး၊ စာပေက နောက်ကျသည်။ ယင်းစကားကို လူတို့ပြောဆိုကြရာ၌ လူမျိုးမတူသလို၊ စကားလည်း မတူနိုင်ချေ။ လူမျိုးများပြားသလောက် စကားလည်း များပြားစွာ ရှိနိုင်သည်။

အဆိုပါလူမျိုးများမှာလည်း ကိုယ့်တိုင်းပြည်၊ ကိုယ့်ဒေသနှင့်ကိုယ် ရှေးနှစ်ပေါင်းများစွာကပင် နေထိုင်လာခဲ့ကြခြင်း ဖြစ်သည်။ ကိုယ့်ယဉ်ကျေးမှုနှင့်ကိုယ် ဘဝကိုတည်ဆောက်လာခဲ့ကြသည်။ လူမျိုးဆိုသည်မှာ တစ်ခေတ်တည်း၊ တစ်ပြိုင်တည်းအနေဖြင့် ပေါ်ပေါက်လာခဲ့ကြသည်မဟုတ်။ ရှေးကျသော လူမျိုးများလည်း ရှိနိုင်သလို၊ နောက်ကျမှ ပေါ်ပေါက်လာသော လူမျိုးများလည်း ရှိနိုင်သည်။

**"တစ်ချို့နောက်ကျသော လူမျိုးများက ရှေးကျချင်လွန်းသဖြင့် သမိုင်းကို လိမ်ညာလိုကြပြန်၏။ လုပ်ကြံဖန်တီးလိုကြပြန်၏။ အင်အားသုံးပြီး သူတစ်ပါးတို့၏ သမိုင်းကို ဖျောက်ဖျက်လိုကြပြန်၏။ သမိုင်းကို ဤကဲ့သို့ အကြမ်းဖက်၍မရ။ သူကရှေးကျသည်၊ ငါကရှေးကျသည်ဟူ၍ အငြင်းပွားနေစရာပင် လိုမည်မထင်။ သမိုင်းက အမှန်စကားပြောဆိုလျက် ရှိသည်။ အတိတ်က သမိုင်းကြောင်းကို ပြန်ပြောင်းစစ်ဆေးကြည့်လိုက်လျှင် အဖြေမှန်က ထွက်စမြဲဖြစ်သည်။ သမိုင်းမှန်ကို မည်သူလိမ်ညာ၍ ရနိုင်ပါအံ့နည်း။"**

တစ်ချို့လူမျိုးများက ကိုယ့်တိုင်းပြည်, ကိုယ့်ဒေသတွင်သာ နေထိုင်လျက်ရှိကြသလို၊ တစ်ချို့လူမျိုးကျပြန်တော့ ရေကြည်ရာ, မြက်နုရာ တစ်ဒေသမှ တစ်ဒေသသို့ ရွှေ့ပြောင်းနေထိုင်ကြသည်လည်း ရှိသည်။

တစ်ချို့ဆိုပါလျှင် ဒေသခံလူမျိုးများကို နောက်မှပြောင်းရွှေ့ရောက်ရှိနေထိုင်လာကြသော လူမျိုးများက အနိုင်ယူ လွှမ်းမိုးကာ မိမိဒေသပမာ အပိုင်ယူသွားကြသည်လည်း ရှိသည်။ ကြာလာလျှင် ကိုယ်ပိုင်ဒေသအစစ်ဟု အထင်ရောက် သွားတတ်ကြသည်လည်း ရှိသည်။ ဒေသကို အနိုင်ယူရုံမကသေး ယင်းဒေသ၌ ရှေးဦးအလျင် ရောက်ရှိနေထိုင်လာခဲ့ ကြသော လူမျိုးများကိုပါ ဝါးမျိုလိုက်ကြပြန်၏။ ထိုအခါ ထိုဒေသ၌ ရှေးဦးအလျင် ရောက်ရှိနေထိုင်လာခဲ့ကြသော လူမျိုးများမှာ လုံးပါးပါးလျက် လူမျိုးပါ တိမ်ကောပျောက်ကွယ်သွားခဲ့ရသည်အထိ ရှိခဲ့ကြပြန်သည်။ လူမျိုးပျောက်လျှင် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ အကုန်လုံးပျောက်ကွယ်သွားခဲ့ကြရသည်ချည်း မဟုတ်ပါလား။

ယခုစာရေးသူ ရေးသားတင်ပြလိုသည်မှာ ရှေးနှစ်ပေါင်းမြောက်မြားစွာကပင် ဒွါရာဝတီအမည်ရှိသော သံတွဲ နယ်မြေဒေသ၌ **"အာရက္ခ"** ဟူသော **"ရခိုင်"** လူမျိုးများ စတင်ပေါက်ဖွားအခြေချနေထိုင်လာခဲ့ကြသည်မှ **"မဇ္ဈိမဒေသ"** က နောက်မှရောက်ရှိလာခဲ့ကြသော သကျ+သာကီယ (=သာကီဝင်) လူမျိုးများနှင့် ရောနှောပေါင်းစပ်သွားကာ ယနေ့ထက် တိုင် ကိုယ်ပိုင်ဒေသီယစကားအနေဖြင့် ကျန်ရှိနေသေးသော စကားလုံးများကို ကောက်နုတ်တင်ပြသွားမည် ဖြစ်ပါသည်။

တစ်ချို့က **"ဒွါရာဝတီသံတွဲနယ်သား"** တို့၏စကားမှာ ဗမာစကားနှင့် ခပ်ဆင်ဆင်တူနေသဖြင့် ဗမာလူမျိုးတို့၏ စကားကို ယူပြောနေကြသည်ဟု အထင်ရောက်လျက် ရှိကြသည်။ ထိုသို့မဟုတ်ကြောင်းကို **"ဒွါရာဝတီ-သံတွဲနယ်သား တို့၏ ဒေသီယဝေါဟာရစကားများ"** ကို ရှာဖွေကာ တင်ပြပေးလိုက်ခြင်းဖြစ်သည်။ မတူညီသော စကားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| သံတွဲဒေသိယစကား | ဗမာစကား |
|---|---|
| ၁။ ပိုးစိမ်းဖြူ | = ပိုးစုန်းကြူး |
| ၂။ ဘောဂါးသီး | = ကွဲကောသီး |
| ၃။ သင်ပေါင်းထိုးငါး | = ငါးရွှေ |
| ၄။ ငါးသတစ် | = ကကတစ် |
| ၅။ ငါးသိန်းတုတ်၊ ငါးသေးနုတ် | = ဝေါဟာရမရှိ |
| ၆။ ပြင်ထောင်ရိုးပင်၊ ဖလံတောင်ဝှေးပင် | = ဖလံတောင်ဝှေးပင် |
| ၇။ ချောချောသီး | = ရုံးပတီသီး |
| ၈။ မှိုရိုး၊ မှိုဟင်း | = ငှက်ကြီးတောင် |
| ၉။ မြင်းမြီးခွာ | = မြင်းခွာ |
| ၁၀။ မောင်ပြာသီး၊ ဖီးကြမ်းသီး | = ဖီးကြမ်းသီး |
| ၁၁။ အနွမာလီ (ကြောင်အိမ်) | = ဘီရို |
| ၁၂။ အချိုင့်သီး | = ငွေးသီး |
| ၁၃။ လက်ပွတ်သီး | = နရွဲသီး |
| ၁၄။ မှန်ကလာသီး၊ ဂေါ်ရမ်သီး | = မာလကာသီး |
| ၁၅။ နန္ဒရာသီး (နန္ဒြာသီး) | = နာနတ်သီး |

[မှတ်ချက် ။ ။ နန္ဒရာသီးဟူသော နာမည်မှာ အလွန်လှပပြီး ပါဠိဆန်သော စကားလုံးဖြစ်နေပါသဖြင့် သမိုင်းတန်ဖိုးရှိလှ၏။]

| | |
|---|---|
| ၁၆။ တုက္ကလီ | = ခြင်း |
| ၁၇။ အိပ်မှုံ့စုံမွှား | = အိပ်ချင်မူးတူး |
| ၁၈။ ဆီးဆောက်ကရောက် | = မဟုတ်မမှန်ခြင်း |
| ၁၉။ တောင်စီးဗရနမ်း၊ အရှူးချီးပန်း | = အလိမ္မာမပါသော ပြုလုပ်မှုပြောဆိုမှု |
| ၂၀။ ဝါးလုံးချီးသုတ် | = အလုပ်ကို သေချာစွာမလုပ်ခြင်း |
| ၂၁။ မိုးလင်းဝါ | = နံနက်စောစော |
| ၂၂။ မောင်းကာ | = အဖီ |
| ၂၃။ ပေါက်ဆိန် | = ပုဆိန်၊ ပဆိန် |
| ၂၄။ ပေါက်တူး | = ပေါက်ပြား |

[မှတ်ချက်။ ။ ပေါက်ဆိန်ကို ဗမာက **"ပုဆိန်"** ဟု ခေါ်ခြင်းကြောင့်၊ ပေါက်တူးကိုလည်း **"ပုတူး"** ဟူ၍သာ ခေါ်သင့်သည်ဟု ထင်ပါသည်။]

| | |
|---|---|
| ၂၅။ စလဲသီး၊ သလဲသီး | = သလဲသီး |
| ၂၆။ ဝါးကန်စွန်းဥ၊ ဝါးမြစ်ဥ၊ ဝါးဥ | = အာတာလွတ်ဥ |

| သံတွဲဒေသိယစကား | ဗမာစကား |
|---|---|
| ၂၇။ ဗုံလုံသီး | = ပဲလင်းမြွေသီး |
| ၂၈။ ကပွလီပင် | = ပီလောပီနံပင် |
| ၂၉။ သံဖြူ | = သွပ် |
| ၃၀။ သျှသျှားသီး၊ အသျှားသီး | = ဇီးဖြူသီး |
| ၃၁။ သျှားဖြူသီး၊ ဇီးဖြူသီး | = ဇီးဖြူသီး |
| ၃၂။ ခရားပင်၊ ချရားပင် | = ခရေပင် |
| ၃၃။ ဖက်ရန်ပင် | = ခရာပင် |
| ၃၄။ ဇာမဏီပင်၊ ဂုံတလိုင်းပင် | = ဘီဇပ်ကြီးပင် |
| ၃၅။ အုန်းပင် | = ဓနိပင် |
| ၃၆။ မာလာအုန်းပင် | = အုန်းပင် |
| ၃၇။ မက္ကလာ၊ ခမောက် | = ခမောက် |
| ၃၈။ ပီလမ(ခမောက်) | = ဝေါဟာရမရှိ |
| ၃၉။ ယက်သယ့် | = ဝေါဟာရမရှိ |
| ၄၀။ ဝါဖလေးငှက် | = ငှက်နာမည် |
| ၄၁။ ဘွတ်ကယ် | = ငှက်နာမည် |
| ၄၂။ စာခေါင်းကြီး | = ငှက်နာမည် |
| ၄၃။ သိကြားညှင်း | = မိုးနှောင်းရာသီတွင် မြည်လေ့ရှိသော အကောင် |
| ၄၄။ အောင်နံ့ဇိတ်ကော၊ မိုးပစဉ်း | = ပုစဉ်းရင်ကွဲ |
| ၄၅။ ပျဉ်းမခမောင်း | = ပျဉ်းမ |
| ၄၆။ ဇရွက် | = ဆက်ရက် |
| ၄၇။ ဒိုး | = ဂုံညှင်း |
| ၄၈။ ဝါးတုတ် | = မျှစ် |

[မှတ်ချက်။ ။ ရခိုင်တို့အခေါ် **"ဝါးတုတ်"**ကို ဗမာက **"မျှစ်"** ဟူ၍ ခေါ်ကြ၏။ ထိုအပင်ကြီးလာသည့်အခါ **"မျှစ်ပင်"** ဟူ၍ မခေါ်ကြတော့ဘဲ **"ဝါးပင်"** ဟူ၍ ခေါ်ကြပြန်၏။ အမှန်က **"မျှစ်ပင်"** ဟူ၍သာ ခေါ်သင့်သည်ဟု ထင်ပါသည်။ ရခိုင်တို့အခေါ် **"ဝါးတုတ်"** ကို ကြီးလာသောအခါ၌လည်း ဝါး၊ ဝါးပင်ဟူ၍သာ ခေါ်ဝေါ်လေ့ရှိကြသည်။]

| | |
|---|---|
| ၄၉။ ကသားငါးရာ | = အရောရော အနှောနှော |
| ၅၀။ ကောက်ညှင်းကျည်တောက်(ကျည်ပိုက်) | = ခဲလံချောင်း |
| ၅၁။ မုန့်ကြပ်တိုက်၊ မုန့်ကြပ်ချောင်း | = ကြပ်တိုက်ထားသောမုန့်၊ မုန့်ချောင်း |
| ၅၂။ မုန့်တီ | = ဝေါဟာရမရှိ |

| **သံတွဲဒေသိယစကား** | **ဗမာစကား** |
|---|---|
| ၅၃။ မြွေပေါက်တယ် | - ပိုးထိတယ် |
| ၅၄။ ငါးဖက်ရွက် | - ငါးခွေးလျှာ |
| ၅၅။ မရွှတ် | - ဖင်လိမ်ခရု |
| ၅၆။ ထုံးမုန့် | - ဝေါဟာရမရှိ |
| ၅၇။ ထော်လော်ကန့်လန့် | - ဆန့်ကျင်ဘက်လုပ်ခြင်း |
| ၅၈။ လယုတ်လဝါ | - ဟန်ကြီးပန်ကြီး |
| ၅၉။ ဒေါင်းနံ့သတ်ပျား | - ဒေါသထွက်နေသောပျား |
| ၆၀။ ကျင်ပွဲ | - နပန်းပွဲနှင့်ဆင်ဆင်တူသော အားကစားတစ်မျိုး |
| ၆၁။ ဗျပ် | - လင်ပန်း |
| ၆၂။ ဆေးပန်းတူ | - ဆေးတံ |
| ၆၃။ ဖျားရေ(ဖျားတက်၊ ဖျားကျ) | - ဒီရေ(အတက်၊ အကျ) |
| ၆၄။ ပင်လယ်တံခါး | - ပင်လယ်သို့ ဝင်ရာ, ထွက်ရာ အပေါက် |
| ၆၅။ ဇင်းပြတ် | - လူအသွားအလာပြတ်ခြင်း |
| ၆၆။ ကောက်ညှင်းထုပ် | - ဝေါဟာရမရှိ |
| ၆၇။ ချက်မ | - သတ္တိမရှိသူ၊ လူကြောက် |
| ၆၈။ ခါးတောင်း၊ ခါးယောက်၊ ဒယော | - ပုဆိုး |

မှတ်ချက်။ ။ ရခိုင်တို့အခေါ် **"ခါးတောင်း"** ကို ဗမာက **"ပုဆိုး"** ဟူ၍ ခေါ်ကြ၏။ အလုပ်ကိစ္စကြောင့် ခါးတွင်ကျိုက်ကြရသည့်အခါ **"ခါးတောင်းကျိုက်"** ဟူ၍ ခေါ်ဝေါ်ကြပြန်၏။ အမှန်က **"ပုဆိုးကျိုက်"** ဟူ၍သာ ခေါ်သင့်သည်ဟု ထင်ပါသည်။ ရခိုင်တို့အခေါ် **"ခါးတောင်း"** ကို ခါးတွင် ကျိုက်ကြရမည်ဆိုရာ၌ **"ခါးတောင်းကျိုက်"** ဟူ၍သာ တစ်ထပ်တည်းကျအောင် ရခိုင်လူမျိုးတို့ ခေါ်ဝေါ်လေ့ရှိကြသည်။

| | |
|---|---|
| ၆၉။ ကဗိုင်ပင် | - မဒမပင် |
| ၇၀။ ငါးတောင်တူ | - ငါးဖျံပိုး |
| ၇၁။ ငါးညို့ | - ငါးကွမ်းချပ် |
| ၇၂။ ငါးခွေးနက် | - ငါးတစ်မျိုး |
| ၇၃။ ငါးဇမ္ဗူ | - ငါးစောလုံး |
| ၇၄။ ငါးတောက်တူ | - ငါးတစ်မျိုး |
| ၇၅။ လဘော်သရေ | - ပေါ့ပေါ့တန်တန်ပြုမူ-နေထိုင်သူ |
| ၇၆။ ဇိဇီလပိုင် | - ဇိဇီမဝင်သွားသောလမ်းကြောင်း |
| ၇၇။ စွပ်ကရိ-စွပ်ကရာ | - မဟုတ်မမှန်ခြင်း |

| သံတွဲဒေသိယစကား | ဗမာစကား |
|---|---|
| ၇၈။ စောင်းနိမော်ကန်း | - အလုပ်လုပ်၍ တည့်တည့်မကျသူ |
| ၇၉။ နလပိန်းတုံး | - လူပိန်း၊ လူအ |
| ၈၀။ ကာလနာ | - မကောင်းသောရောဂါရှိသူ |
| ၈၁။ ရိနှာသတ် | - လိင်အင်္ဂါတွင်ဖြစ်တတ်သောရောဂါသမား |
| ၈၂။ အပင်းဆို့ | - တစ္ဆေမှင်စာ ပစ်သောအစာ |
| ၈၃။ ဒုတ်သီ, မုတ်သီ | - ဒူပေနာပေခံနိုင်သူ |
| ၈၄။ လထောင်, ကရောင် | - မဟုတ်မမှန်ခြင်း |
| ၈၅။ လော်ပူခတ်နေတယ် | - လောနေသူ၊ ဆန္ဒစောနေသူ |
| ၈၆။ ဗျန့်စီးကာယ | - စည်းကမ်းမဲ့ နေထိုင်သူ |
| ၈၇။ တောင်စဉ်ရေမရ | - အကျိုးမရှိသော စကားများကို ပြောနေသူ |
| ၈၈။ ထီးထီးထောင်းထောင်း | - မြန်မြန်လုပ် |
| ၈၉။ လဂျီးလဂျယ် | - ကြီးကြီးကျယ်ကျယ် |
| ၉၀။ ဇင်လိပ်ချော၊ ဇလိပ်ချော | - ကင်းလိပ်ချော |
| ၉၁။ ကြောင်တောင်း | - ကြောင်ထီး၊ ကြောင်ဖား |
| ၉၂။ ဖိုးခေါင်ကြိမ် | - ကြိမ်သေး |
| ၉၃။ စပ်ပယီ, စပ်ပယာ | - မဟုတ်မမှန်တာပြောဆိုခြင်း |
| ၉၄။ ယီးတီ ယားတား | - ကိုးရိုးကားရား |
| ၉၅။ အီးဘောသော | - လူပေါ်တစ်ယောက် |
| ၉၆။ ဖိုးဖို | - အဖိုး |
| ၉၇။ ဗိုးဗို၊ အဘောင်၊ အမေကြီး | - အဖွား |
| ၉၈။ ဘားဘာ၊ အဖ၊ အဖေ | - အဘ |
| ၉၉။ အမိ၊ အမေ၊ အီးယောင် | - အမေ |
| ၁၀၀။ ဘကြီး | - အဖေ၏အကို |
| ၁၀၁။ မင်းကြီး၊ ဦးကြီး | - အမေ၏အကို |
| ၁၀၂။ ဘေးချေ၊ ပထွေးကြီး၊ ပထွေးလေး၊ ပထွေးငယ် | - အဖေ၏ညီ |
| ၁၀၃။ မင်းချေ၊ မင်းမင်၊ ဝရီး၊ ဦးလေး | - အမေ၏မောင် |
| ၁၀၄။ ရေးချေ၊ အရီး၊ အရီးချေ | - အမေ၏ညီမ |
| ၁၀၅။ ဂီးဂီး၊ အရီးကြီး | - အမေ၏အမ |
| ၁၀၆။ အရီးချေ၊ အရီးလေး | - အဖေ၏နှမ |
| ၁၀၇။ အရီးကြီး | - အဖေ၏အမ |

| သံတွဲဒေသိယစကား | ဗမာစကား |
|---|---|
| ၁၀၈။ ဝရချိုး(ဗရချိုး)လည်နေတယ် | - လုံးချာလည်နေတယ် |
| ၁၀၉။ ဘုံပိတ် | - မျက်နှာကြက် |
| ၁၁၀။ ဝဲပလိုက်၊ မြှောက်ပလိုက် | - လွှင့်ပစ်လိုက် |
| ၁၁၁။ ဂျင့်ခါးသီး | - ကြက်ဟင်းခါးသီး |
| ၁၁၂။ ချာလပတ်ရည် | - အဖျော်ရည် |
| ၁၁၃။ နေဝင်ဆိုင်းည် | - မိုးချုပ်ခါနီး(နေမှောင်စအချိန်) |
| ၁၁၄။ ဆနွင်း | - နနွင်း |
| ၁၁၅။ ဘင်္ဂလားသရက်သီး | - ဘင်္ဂလားဒေသက သရက်သီးမျိုး |

မှတ်ချက်။ ။ ဒွါရာဝတီနယ်က ရခိုင်သားတို့သည်လည်း ရှေးဘုရင်ခေတ်က ဘင်္ဂလား(ဘင်္ဂါ) တစ်ဆယ့်နှစ်မြို့သို့ စစ်ချီထွက်ကြရာတွင် ပါဝင်ခဲ့ကြရ၏။ အဆိုပါစစ်သည်ရဲမက်တို့သည် ဘင်္ဂလားမှ အပြန်တွင် သူတို့ယူဆောင်လာခဲ့ကြသော သရက်သီးမျိုးစေ့ကို မိမိတို့ဒေသတွင် စိုက်ပျိုးခဲ့ကြရာက ဘင်္ဂလားသရက်သီးဟူ၍ ယနေ့တိုင်ခေါ်နေကြခြင်း ဖြစ်သည်။

| | |
|---|---|
| ၁၁၆။ မြေပုံသီး | - ခရမ်းချဉ်သီး |
| ၁၁၇။ နောင်းနောင်းကိုင် | - မြဲမြဲကိုင် |
| ၁၁၈။ ဟင်းလျော်ဟင်းဖတ် | - ဆီမထည့်ဘဲချက်သောဟင်း |
| ၁၁၉။ ဝမ်း၊ ဝမ်းနာ | - ဗိုက်၊ ဗိုက်နာ |
| ၁၂၀။ တန်းဗျင်း၊ တဗျင်း | - ရေကပျင် |
| ၁၂၁။ ဂျိုလာပုပ် | - ဗွက်အိုင် |
| ၁၂၂။ ဒလိမ့်ခေါက်ကွေး | - ဒရောသောပါး |
| ၁၂၃။ ကိုင်းတံ | - ငါးမျှားတံ |
| ၁၂၄။ ငါးရစ်ငါးချွန်း | - ငါးနာမည်တစ်မျိုး |
| ၁၂၅။ ချိုးဂလူ၊ သီးဂလူ | - ချိုးပေပေ၊ သေးပေပေ ဒုက္ခခံရခြင်း |
| ၁၂၆။ သမွန် | - လှေကြီး |
| ၁၂၇။ ရပ်စောက် | - မတ်တပ် |
| ၁၂၈။ ကယုကောင် | - မုတ်ကောင် |
| ၁၂၉။ ဂုံး(ဂုံးစိတ်ကေ) | - ဂုံးခွံအတွင်းရှိ သတ္တဝါတစ်မျိုး |
| ၁၃၀။ ငြိတ် | - ဂုံးခရု |
| ၁၃၁။ အစိတ်ကေ | - ကလေးလေး |
| ၁၃၂။ အချေ | - လူငယ်လေး |
| ၁၃၃။ ဟာလူ၊ ယောက်ဖ | - ယောက်ဖ |

| သံတွဲဒေသိယစကား | ဗမာစကား |
|---|---|
| ၁၃၄။ ယိုင်းစင်၊ ပုခက် | ▪ ပုခက်စင် |
| ၁၃၅။ ဖန်ဖလား | ▪ ဖန်ခွက် |
| ၁၃၆။ ခွင်ခလောက် | ▪ ဖိုခနောက် |
| ၁၃၇။ ဟေးလမန်းသတ် | ▪ ရှုပ်ပွ၊ ရှုပ်ထွေးနေသည်။ |
| ၁၃၈။ ဒလမန်းကြမ်း | ▪ စည်းကမ်းမဲ့စွာပြုမူနေထိုင်ခြင်း |
| ၁၃၉။ ကားတန့်ထား | ▪ ကားရပ်ထား |
| ၁၄၀။ ငိုက်စာထိုး | ▪ အိပ်ငိုက်နေတယ် |
| ၁၄၁။ လက်ခုပ်သီး၊ သော့ခလောက်သီး | ▪ သော့ခလောက်သီး |

[မှတ်ချက်။ ။ လက်ခုပ်ပင်က **"လက်ခုပ်သီး"** နှင့် ပမာတူသောကြောင့် **"လက်ခုပ်သီး"** ဟု ခေါ်ဝေါ်ခဲ့ကြခြင်း ဖြစ်သည်။]

| | |
|---|---|
| ၁၄၂။ ဆေးသားလိပ်၊ ဆီးသားလိပ် | ▪ ဆေးပြင်းလိပ် |
| ၁၄၃။ အဝတ်ဖွပ်၊ အဝတ်လျှော် | ▪ အဝတ်လျှော် |
| ၁၄၄။ ကြိုးတန်းပြတ် | ▪ တိကျပြတ်သားခြင်း |
| ၁၄၅။ ကမ်းထောင်း | ▪ ကမ်းပါး |
| ၁၄၆။ လောင်း၊ လှေ | ▪ လှေ |
| ၁၄၇။ ဆောင်းဒူ | ▪ သစ်သားသေတ္တာ၊ ကျွန်းသေတ္တာ |
| ၁၄၈။ ပင်လီပင်စွပ်ကောင် | ▪ ဝင်ကစွပ်ကောင် |
| ၁၄၉။ လယ်စွက် | ▪ လယ်ကွင်း |
| ၁၅၀။ ပူဆိပူဆာမလုပ်နဲ့ | ▪ ပူပူဆာဆာမလုပ်နဲ့ |
| ၁၅၁။ လေရှူသီး | ▪ လိုင်ချီးသီး |
| ၁၅၂။ ဇရပ်သေ | ▪ အားကိုးရာမဲ့ပြီးဇရပ်၌သေရမည့်သူ |
| ၁၅၃။ ကစော့သီး | ▪ ခရမ်းကတွတ်သီး |
| ၁၅၄။ ငမသီး | ▪ သခွားမွှေးသီး |
| ၁၅၅။ ရှမ်းခေါင်းရှောက် | ▪ ရှောက်သီးတစ်မျိုး |
| ၁၅၆။ စွတ်တံ၊ စွတ်ခွက်၊ ကတော့ခွက် | ▪ ကတော့ |
| ၁၅၇။ ကြျတ် | ▪ ခွက် |
| ၁၅၈။ ခွေးလပွေးသီး | ▪ ခွေးလှေးယားသီး |
| ၁၅၉။ ခပြားသတ် | ▪ ခြေဖဝါးပြင်ဖြင့်ခတ်ခြင်း |
| ၁၆၀။ ခလုံးသတ် | ▪ ခြေဖြင့်ကန်ကျောက်ခြင်း |
| ၁၆၁။ ဇာဒီ၊ စာတီ၊ စေတီ | ▪ စေတီ |

| သံတွဲဒေသိယစကား | ဗမာစကား |
|---|---|
| ၁၆၂။ ခဲဝါ | = ခွေးအ |
| ၁၆၃။ ငါးယုဇန | = ငါးမုတ် |
| ၁၆၄။ ဇီဇီချိုးထုံ | = ဝေါဟာရမရှိ |
| ၁၆၅။ ဇီဇီချိုးစင်(ဆင်) | = ဝေါဟာရမရှိ |
| ၁၆၆။ မတ် | = မင်း |
| ၁၆၇။ ဆီမီးတိုင် | = ဖယောင်းတိုင် |
| ၁၆၈။ ဒဂိုး၊ ပေသာ | = ပိုက်ဆံ |
| ၁၆၉။ ပလင်ပင် | = ပင်လယ်ကဗွီးပင် |
| ၁၇၀။ ရေမျှောက်ကောင် | = ရေဘဝဲကောင် |
| ၁၇၁။ မျှင် (=မှိုင်) | = ပုစွန်ဆိတ် |
| ၁၇၂။ ဘုရားဝန်း၊ ကျောင်းဝန်း | = ဘုရားဝင်း၊ ကျောင်းဝင်း |
| ၁၇၃။ စေတောင်(နေပူခံတောင်) | = ခြောက်သွေ့သောတောင် |
| ၁၇၄။ တောညိုတောင်(လောင်းခိုင်းတောင်) | = စိမ်းလန်းသောတောင် |
| ၁၇၅။ ဆန်တန်ရေတန်ချက် | = ထမင်းရေခန်းချက် |
| ၁၇၆။ အိုးတန်ဆန်ခတ်ချက် | = အိုးနှင့်ဆန်မျှတအောင်ချက် |
| ၁၇၇။ ပြဒါးကာပင်၊ ပဒကာပင်၊ ပကာပင် | = သဘော်ပင် |

[မှတ်ချက်။ ။ ရခိုင်တို့အခေါ် **"ပဒကာပင်"** ဟူသည် ရှေးခေတ်ရခိုင်ဓာတ်ဗိန္ဓောဆရာကြီးများ၊ ဆေးစီရင်ရာ၌ ပြဒါးကိုကာရာတွင် အသုံးပြုခဲ့ကြသော အပင်(ပဥ္စငါးပါး)ဖြစ်ခြင်းကြောင့်၊ ထိုအပင်မှ သီးလာသော အသီးကိုလည်း **"ပြဒါးကာသီး"** ဟုခေါ်ဝေါ်ခဲ့ကြရာကတစ်ဆင့် ပဒကာသီး၊ ပကာသီးဟူ၍ အမည်နာမအခေါ်အဝေါ် ပြောင်းလဲလာခြင်းဖြစ်ကြောင်း သိရှိရပါသည်။]

| | |
|---|---|
| ၁၇၈။ အိုးခက် | = ရေအိုး |
| ၁၇၉။ ဘဲအိုး | = ရေနွေးကရား |
| ၁၈၀။ သံမရာပိုင်း | = ဒယ်အိုး |
| ၁၈၁။ မောင်ရှင်၊ ကိုရင် | = ကိုရင် |
| ၁၈၂။ ပန်းဇင်း | = ဦးဇင်း |
| ၁၈၃။ ထိုးအကျီ | = စွပ်ကျယ်အကျီ |
| ၁၈၄။ ထွေးအိုး၊ ထွီးအိုး၊ ထွေးခံ | = ထွေးခံ |
| ၁၈၅။ သဲတယ် | = ဆော့တယ် |
| ၁၈၆။ အတလိလုပ်တယ် | = တမင်လုပ်တယ် |
| ၁၈၇။ အိမ်လုံးချမ်းသာပင် | = ဇော်ဂျီတောင်ဝှေးပင် |

| သံတွဲဒေသိယစကား | ဗမာစကား |
|---|---|
| ၁၈၈။ ငါးကျိုးကန်း | - ငါးမဲလုံး |
| ၁၈၉။ စေ့သားကိုက် | - အံ့ဝင်ခွင်ကျ |
| ၁၉၀။ ကြသောင်းဝါး၊ ဝါးပိုးဝါး | - ဝါးပိုးဝါး |
| ၁၉၁။ သပေ့ါစာပင် | - သပေ့ါပင် |
| ၁၉၂။ သစ်နက်ပင် | - တယ်ပင် |
| ၁၉၃။ ဗလိ၊ ဗလီး | - ပုစွန်လုံး |
| ၁၉၄။ ပျင်းမမုန့်၊ ဆန်စိမုန့် | - ဝေါဟာရမရှိ |
| ၁၉၅။ ပုဇွန် | - ပုစွန် |
| ၁၉၆။ မီးငြိမ်း | - မီးငြိမ်း |
| ၁၉၇။ တာကူးလ၊ တန်ခူးလ | - တန်ခူးလ |
| ၁၉၈။ နံယုန်လ | - နယုန်လ |
| ၁၉၉။ ဝါကျွတ်လ | - သီတင်းကျွတ်လ |
| ၂၀၀။ ထမင်းဖောက်ဆတ် | - ထမင်းမနပ် |
| ၂၀၁။ လောက်လေး | - လေးခွ |
| ၂၀၂။ ဖရိုးဖရာ၊ ကိုးရိုးကားရား | - ကိုးရိုးကားရား |
| ၂၀၃။ မိဘမောင်ဖွား | - မိဘမောင်ဖား |
| ၂၀၄။ တစ်အောင့်တစ်နား | - တစ်ခဏ |
| ၂၀၅။ ညောင်ရေဒအိုး၊ ညောင်ရီအိုး | - ဘုရားပန်းအိုး |
| ၂၀၆။ ဆေးတွာ၊ ဆီးတွာ | - ဆေးလိုး |
| ၂၀၇။ ဆားကိုင် | - ဆားခရင်း |
| ၂၀၈။ ပုံသေ၊ ပုံသီ၊ ဒါသီ | - အမြဲ |
| ၂၀၉။ ဇီးပင်၊ ဇီးသီး | - ဆီးပင်၊ ဆီးသီး |
| ၂၁၀။ လဟုတ်သဟုတ် | - မဟုတ်မမှန် |
| ၂၁၁။ ကျမိကျရာ | - ဖြစ်သလိုလုပ်လိုက်ခြင်း |
| ၂၁၂။ စပ်ပရန်ပေါင်း | - အရောရော အနှောနှော |
| ၂၁၃။ စက်ဆုပ်ပလိ | - စက်ဆုပ်ရွံရှာဖွယ် |
| ၂၁၄။ ရွံ့ပလိစက်ဆုပ် | - ရွံစရာ၊ စက်ဆုပ်စရာ |
| ၂၁၅။ ကြောက်ခမန်းလိလိ | - ကြောက်စရာကောင်းခြင်း |
| ၂၁၆။ ဆိတ်ဆီခြောက်တေ | - တချွေခြောက်တယ် |
| ၂၁၇။ တမင်ကလာ | - တမင်သက်သက် |

| သံတွဲဒေသိယစကား | ဗမာစကား |
|---|---|
| ၂၁၈။ စဉ်းသီး၊ စင်းသီး | ▪ သီးသန့် |
| ၂၁၉။ ကျော်တော့ | ▪ အကောင်းစား |
| ၂၂၀။ ကျပ်ချွတ် | ▪ အသစ် |
| ၂၂၁။ တစ်တိုင်၊ နှစ်တိုင် | ▪ တစ်ဖွဲ့၊ နှစ်ဖွဲ့ |
| ၂၂၂။ တစ်မိသား | ▪ မိသားတစ်စု |
| ၂၂၃။ ချီးပေါက်တယ် | ▪ အီးပေါက်တယ် |
| ၂၂၄။ ဒါတောင်၊ အကြွေး | ▪ အကြွေး |
| ၂၂၅။ လယ်တစ်တာ၊ နှစ်တာ | ▪ လယ်ပိုင်ဆိုင်မှုအပိုင်းအခြားတစ်ခု၊ နှစ်ခု။ |
| ၂၂၆။ ကုလားမငီးခြုံ | ▪ ဝေါဟာရမရှိ |
| ၂၂၇။ လောင်း၊ လောင်းကျိုး(ရွာ) | ▪ လှေ၊ လှေကျိုး |
| ၂၂၈။ ဖြုန်းနင်း-နောင်နင်း | ▪ ဖြုန်းဖြင်း-နောင်ဖြင်း |
| ၂၂၉။ ဖားကပ် | ▪ ဖားပျံ |
| ၂၃၀။ ချပ်ချပ်သီး၊ ခဝဲသီး | ▪ ခဝဲသီး |
| ၂၃၁။ ဆထူးပင်၊ ထီးထူးပင် | ▪ ထီးထူးပင် |
| ၂၃၂။ မီးကျောင်းရိပင်၊ မော်ရုံပင် | ▪ မော်ရုံပင် |
| ၂၃၃။ သင်းဖောညွှန့်၊ ကတတ်ရိုး | ▪ ဝေါဟာရမရှိ |
| ၂၃၄။ မော်တော်၊ မော်တော်ဘုတ် | ▪ စက်လှေ |
| ၂၃၅။ အဆစ်တောင်း | ▪ အပိုတောင်း |
| ၂၃၆။ ဝါးမွဲ၊ ဝါးဖယောင်း | ▪ ဝါးဖယောင်း |
| ၂၃၇။ မှိုင်းကျတယ် | ▪ မြူကျတယ် |
| ၂၃၈။ ဆားငန်ရေ | ▪ ရေငန် |
| ၂၃၉။ ဂလိုင်တီး၊ ဂလိုင်ခေါက် | ▪ ခေါင်းလောင်းတီး/ခေါင်းလောင်းခေါက် |
| ၂၄၀။ အထက်ထပ်၊ အထက်ခန်း | ▪ အပေါ်ထပ်၊ အပေါ်ခန်း |
| ၂၄၁။ ကန်းသင်း၊ ကဇင်း | ▪ ကဇင်း |
| ၂၄၂။ ငါးရင်းကုန်း | ▪ ငါးယောင် |
| ၂၄၃။ ချဘောင်သာ၊ အိမ်သာ | ▪ အိမ်သာ |
| ၂၄၄။ သရေကွင်း | ▪ ရော်ဘာကွင်း |
| ၂၄၅။ လွှစာမှုန့် | ▪ သစ်စာ |
| ၂၄၆။ ငပျောချိုင် (ချဉ်) | ▪ သီးမွှေး |
| ၂၄၇။ မုန့်လုံးချေ၊ မုန့်လုံးရေပေါ် | ▪ မုန့်လုံးရေပေါ် |

| သံတွဲဒေသိယစကား | ဗမာစကား |
|---|---|
| ၂၄၈။ ဓာတ်ကြိုး၊ ဓာတ်တိုင် | - မီးကြိုး၊ မီးတိုင် |
| ၂၄၉။ ဖန်သီး၊ ဖန်ချောင်း | - မီးသီး၊ မီးချောင်း |
| ၂၅၀။ ကြောင်ညှာသီး | - ကြောင်လျှာသီး |
| ၂၅၁။ တန်းထား | - တံတား |
| ၂၅၂။ လဲစာ၊ ခေါင်းအုံးစာ | - မွို့ |
| ၂၅၃။ ပျိုင်းပင်၊ ပျဉ်းကတိုးပင် | - ပျဉ်းကတိုးပင် |
| ၂၅၄။ ရှက်မပင် (ရှက်တတ်မ) | - ထီးကရုန်းပင် |
| ၂၅၅။ အရစ်ပင်၊ ဥသျှစ်ပင် | - ဥသျှစ်ပင် |
| ၂၅၆။ ဂျကန်း၊ ကျီးကန်း | - ကျီးကန်း |
| ၂၅၇။ တန်းဖို၊ ထမ်းပိုး | - ထမ်းပိုး |
| ၂၅၈။ ဖော့တုံး | - ခဲဖျက် |
| ၂၅၉။ မျှိုန်းမနေနဲ့ | - ဇိမ်ခံမနေနဲ့ |
| ၂၆၀။ ပဝတ်ပင်၊ ပဝတ်ပွင့် | - ပိုက်ဆံပင်၊ ပိုက်ဆံပွင့် |
| ၂၆၁။ လိမ်တယ်၊ ညာတယ်၊ ဝါတယ် | - ညာတယ် |
| ၂၆၂။ ဆင်ခရမ်းသီး | - ခရမ်းချဉ်သီး |
| ၂၆၃။ တောက်တာပင်+တောက်တာဥ (ဟင်းလျာပင်တစ်မျိုး) | - ဝေါဟာရမရှိ |
| ၂၆၄။ တစ်ဖဲ့ချေ+တစ်မှုံ့ချေ+တစ်စိချေ | - အနည်းငယ် |
| ၂၆၅။ မင်းကျွန်ယောက်ျား+မင်းကျွန်မိန်းမ | - အိမ်ထောင်ကျပြီးသူ ယောက်ျား+မိန်းမ |
| ၂၆၆။ မိုက်ဝ | - ဗွန်းဝ |
| ၂၆၇။ မိုက်ဖွင့်တယ် | - အသံချဲ့စက်ဖွင့်တယ် |
| ၂၆၈။ ဖရဂို+ပုဏ္ဏာရိက် | - ပုဏ္ဏာရိက် |
| ၂၆၉။ ဆည်ဘောင်+ကာရီ | - တာ+တာရိုး |
| ၂၇၀။ လမုနီ+ကြွက်နွယ် (နွယ်ပင်အမည်) | - ဝေါဟာရမရှိ |
| ၂၇၁။ ရေညှင်း (နွယ်ပင်အမည်) | - ဝေါဟာရမရှိ |
| ၂၇၂။ နက်တက်သီး (သရက်သီးတစ်မျိုး) | - ဝေါဟာရမရှိ |
| ၂၇၃။ မနွယ်နွယ်သီး (သရက်သီးတစ်မျိုး) | - ဝေါဟာရမရှိ |
| ၂၇၄။ ကိုယ်တုံးလုံး | - ကိုယ်ပြောင်ပြောင် |
| ၂၇၅။ ဖင်တုံးလုံး | - ဖင်ပြောင်ပြောင် |
| ၂၇၆။ စမ်းဖမ်း+ရမ်းဖမ်း | - စမ်း၍လုပ်ကြည့်ခြင်း+ရမ်း၍လုပ်ကြည့်ခြင်း |

| သံတွဲဒေသိယစကား | ဗမာစကား |
|---|---|
| ၂၇၇။ တွတ်တွတ်ရဲ | - နီရဲနေခြင်း |
| ၂၇၈။ ကုန်ဘောင်၊ ကုန်းတန်း | - ကုန်းရိုးတန်း |
| ၂၇၉။ ဆိတ်ဆွ၊ ဆိတ်ဆွ | - အနည်းငယ်, အနည်းငယ် |
| ၂၈၀။ အိယော့, အိယော့ မလုပ်နဲ့ | - မလုပ်ချင်လုပ်ချင် မလုပ်နဲ့ |
| ၂၈၁။ သမီးမျောက်သား လင်မယား | - ဝေါဟာရမရှိ |
| ၂၈၂။ တွေ့ကရာရှစ်သောင်း | - စိတ်ထင်ရာကို ပြုလုပ်ပြောဆိုတတ်ခြင်း |
| ၂၈၃။ ဝဲပစ် | - လွှင့်ပစ် |
| ၂၈၄။ ကြပ်စင် | - ဝေါဟာရမရှိ |
| ၂၈၅။ ယယိ,ယယာ | - ဝေါဟာရမရှိ |
| ၂၈၆။ ကားယီ,ကားယား | - ဝေါဟာရမရှိ |
| ၂၈၇။ ငါးဆီအိုး (ငါးနာမည်) | - ဝေါဟာရမရှိ |
| ၂၈၈။ ဟုန်းဟုန်းတောက် | - အပူကြီးနေခြင်း |

အထက်ဖော်ပြပါ စကားလုံးများမှာ **"ဒွါရာဝတီ-သံတွဲနယ်သားတို့၏ ဒေသိယဝေါဟာရစကားများ"** ဖြစ်ပါသည်။ သံတွဲဒေသိယဝေါဟာရ စကားလုံးများမှာ ဤမျှမက အများအပြား ကျန်ရှိနေပါသေးသည်။ ဤမျှလောက်ဖော်ပြရုံဖြင့် **"ဗမာစကားနှင့်မတူကွဲပြား ခြားနားနေသော ဒွါရာဝတီ-သံတွဲဒေသိယစကားများဟူ၍လည်း ရှိနေသေးပါလား"** ဟူသော အသိကို ပိုမိုခိုင်မာစေရန်အတွက် ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။ ။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်၊ ဦးနေဝင်းလက်ထက်က **"မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း"** ကို ထုတ်ဝေရန်အတွက် **"စာလုံးပေါင်းသတ်ပုံ"** များကို ပို့ပေးကြပါရန် မြန်မာတစ်နိုင်ငံလုံးသို့ သတင်းစာဖြင့် ကြေညာခဲ့၏။ တိုင်းနှင့်ပြည်နယ် အသီးသီးကလည်း စာလုံးပေါင်းသတ်ပုံများကို ပေးပို့ခဲ့ကြ၏။ ထိုအထဲတွင် ရခိုင်လူမျိုးတို့လည်း ပါဝင်ခဲ့ကြ၏။

ထို့ကြောင့် **"မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း"** ၌ ပါဝင်နေသော စကားလုံးများသည် **"ဗမာလူမျိုး"** တို့နှင့်သာ သက်ဆိုင်သော၊ ဗမာလူမျိုးတို့သာ သုံးနှုန်းပြောဆိုသော စကားလုံးများ (သတ်ပုံများ) ဟူ၍ကား လုံးဝမမှတ်ယူသင့်။ တိုင်းရင်းသားလူမျိုးတို့၏ စကားလုံးများလည်း အမြောက်အမြား ပါဝင်လျက် ရှိနေသည်ကိုတော့ အထူးသတိပြုကြရမည်ဖြစ်၏။

နိဂုံးချုပ်အနေဖြင့် ဆိုရပါမူ ယခုစာရေးသူ သုတေသနပြုတင်ပြလိုက်သော စကားလုံးများအနက် အချို့သော စကားလုံးများမှာ ဗမာလူမျိုးတို့၏ စကားလုံးနှင့် အနည်းငယ်တူညီနေသော စကားလုံးများကိုလည်း တွေ့ရှိကြရမည်ဖြစ်၏။ ယင်းစကားလုံးများကို ဒွါရာဝတီ-သံတွဲနယ်သားတို့၏ စကားမဟုတ်ဟူ၍ကား လုံးဝမမှတ်ယူသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

**"စကားပျောက်ခြင်းသည် လူမျိုးပျောက်ခြင်း၏အစ ဖြစ်သည်။"**

**ဒွါရာဝတီ-အသျှင်ကုသလ**

## ဒွါရာဝတီနယ်မြေက "တစ်ခါက ပဒင်း" ကို သုံးသပ်ကြည့်ခြင်း

ဒွါရာဝတီ-သံတွဲမြို့နေ ဒကာဝင်းလှိုင် (ရသာမြိုင်မုန့်လုပ်ငန်း) က သူရေးသားထားသည့် **"တစ်ခါကပဒင်း"** စာအုပ်တွင် အမှာစာရေးသားပေးရန်အတွက် စာမူကြမ်းကို ပေးအပ်လာသည်။

စာမူကြမ်းကို ဖတ်ကြည့်သောအခါ စာရေးသူ၏အတွေးအာရုံထဲသို့ အပြေးအလွှားဝင်ရောက်လာသော အကြောင်းအရာများကို အဓိကဦးစားပေးလျက် အမှာစာကို ဤသို့ရေးဖြစ်ခဲ့ပါသည်။

**"ပဒင်း"** ဟူသည် ဒေသသုံးအခေါ်အဝေါ်စကားဖြစ်သည်။ စာအသုံးအနေဖြင့်မူ **"ပန်းတင်"** ဟူ၍ ရေးကြသည်။ ကျွန်းဖြစ်ခြင်းကြောင်း **"ပန်းတင်ကျွန်း"** (သို့မဟုတ်) **"ပဒင်းကျွန်း"** ဟူ၍ ခေါ်ကြသည်။ ဒွါရာဝတီနယ်မြေစာရင်းဝင် တောင်ကုတ်မြို့နယ်ထဲတွင် ပါဝင်သည်။

ပဒင်းကျွန်းသည် ရခိုင်ရာဇဝင်ထဲတွင် ထင်ရှားသော သမိုင်းဝင်ကျွန်းတစ်ကျွန်း ဖြစ်ခဲ့သည်။ တတိယ မြောက်ဦးခေတ်၊ ရခိုင်ဘုရင်-အဘယရာဇာ-(အဘယမဟာရာဇာ) နှင့် မိဖုရား-စောရွှေကြာ (အေဒီ-၁၇၆၄မှ၁၇၇၃ထိ) တို့၏သားတော် **"စံရွှေပေါ်"** သည် ပန်းတင် (ပဒင်း) ကျွန်းကိုစားခဲ့ရသော ပဒင်းစားဖြစ်သည်။ ပဒင်းစားစံရွှေပေါ် ဟူ၍ ထင်ရှားသူဖြစ်သည်။ သူသည် ၁၁၄၉-ခု၊ တပေါင်းလ (အေဒီ-၁၇၈၇-ခု၊ မတ်လ)တွင် အမရပူရ၊ ဗဒုံမင်း၏ သစ္စာတော်ခံဖြစ်သော ရခိုင်လေးမြို့ (ဓညဝတီ၊ ဒွါရာဝတီ၊ ရမ္မာဝတီ၊ မေဃဝတီ) ဝန် **"နန္ဒပကျော်"** က လက်ရဖမ်းဆီးကာ အမရပူရသို့ ပို့ဆောင်ပေးခဲ့သော ရခိုင်က ရဟန်းရှင်လူဦးရေ (၇၇၀၀) စာရင်းတွင် ပါဝင်ခဲ့သဖြင့် အမရပူရသို့ ရောက်ရှိ သွားခဲ့ရသူဖြစ်သည်။

ပဒင်းစား၏ ပိုင်နက်နယ်မြေသည် ကလိန်တောင်မြစ်ဝမှစ၍ ဖောင်ခါး၊ ပဒင်း၊ ကုလရောင်၊ ခေါင်းလောင်းတူ အဆုံး ခရိုင်မြစ်အထိဖြစ်သည်။

ဤကဲ့သို့ သမိုင်းဝင်နယ်မြေတစ်ခု၏ အကြောင်းခြင်းရာများကို စုစည်းကာ **"တစ်ခါကပဒင်း"** အမည်ဖြင့် စာအုပ်ထုတ်မည်ဟု သိရှိရသဖြင့် ဝမ်းသာရပေသည်။

**"တစ်ခါကပဒင်း"** အမည်ရှိစာမူကြမ်းကို ဖတ်ကြည့်လိုက်သောအခါ ပဒင်းဒေသတွင် ရှေးခေတ်က ဆေးပညာ၊ ဗေဒင်နက္ခတ်ပညာ စသည် တတ်မြောက်သောသူများရှိခဲ့ကြောင်း၊ ဆေးပညာနှင့် ဗေဒင်နက္ခတ်ပညာတို့ကို သင်တန်း ကျောင်းသဖွယ် သင်ကြားပေးခဲ့ကြောင်း၊ ဤကိစ္စကို ဗြိတိသျှခေတ်သို့ရောက်ရှိလာသောအခါ၌ အင်္ဂလိပ်အရေးပိုင် Mr.W.B Tydd ဆိုသူက မှတ်တမ်းတင်ထားခဲ့ကြောင်း သိရှိရပါသည်။

သာသနာရေး-ဘာသာရေးကအစ၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးအဆုံးအလုံးစုံသော ကိစ္စအဝဝကို ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးသည် အဓိကအကျဆုံးဖြစ်သည်။ မကျန်းမာလျှင် မည်သည့်ကိစ္စကိုမျှ မဆောင်ရွက်နိုင်။ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်ခြင်းကြောင်း **"အာရောဂျံ ပရမံ လာဘံ။ အာရောဂျ ပရမာ လာဘာ"** ဟူသော ပါဠိဘာသာစကားသည်ပင်လျှင် လူ့လောကနယ်ပယ်၌ အသုံးတွင်ကျယ်လျက်ရှိနေခြင်း ဖြစ်သည်။

လူသားအားလုံး ကျန်းမာဖို့အတွက် ဆေးဘက်ဆိုင်ရာ ဆေးပညာရှင်များမှာ နေရာဒေသအသီးသီးတို့၌ အမြဲလိုအပ်လျက် ရှိနေသည်။ ယခုခေတ်ကဲ့သို့ သိပ္ပံနည်းကျဆေးပညာရှင်(ဒေါက်တာ)များ မပေါ်ပေါက်မီ ရှေးနှစ်ပေါင်း များစွာကပင် ရခိုင်ပြည်၌ ဒေသဆိုင်ရာဆေးပညာရှင်များကို **"သမားတော်"** ဟူ၍ ခေါ်ခဲ့ကြသည်။ အဆိုပါသမားတော်တို့

သည် လူနာများကို ဆေးဝါးကုသရာ၌ ဓာတ်ဗိန္ဓော (ဒေသဆိုင်ရာ တိုင်းရင်းပရဆေးဝါး) တို့ဖြင့် ကုသခဲ့ကြသည်။ သူတို့၏ ကုထုံးများကို မပျောက်ပျက်စေရန်အတွက် ပေ၊ ပုရပိုက်တို့ဖြင့် ဆေးကျမ်းများကို ပြုစုကာ ထားရှိခဲ့ကြသည်။

လူသားအားလုံး ကျန်းမာဖို့အတွက် ဆေးဘက်ဆိုင်ရာ ပညာရှင် **"သမားတော်"** များအနေဖြင့် မည်မျှအရေးပါ အရာရောက်ခဲ့ကြောင်းကို- **"အကြင်အရပ်၌- (၁) ဥစ္စာရှိသောသူ၊ (၂) ပညာရှိသောသူ၊ (၃) မင်း၊ (၄) မြစ်၊ (၅) ဆေးသမား (ဆေးဆရာသမားတော်)၊ ဤငါးပါးတို့ မရှိသော အရပ်၌ တစ်နေ့တစ်ရက်မျှ မနေအပ်။"** ဟူသော ပညာရှိတို့၏ အဆိုအမိန့်စကားကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်။

မြောက်ဦးခေတ် (အေဒီ-၁၅၃၁-မှ ၁၆၃၈ထိ) သီရိသုဓမ္မရာဇာမင်းလက်ထက် (အေဒီ-၁၆၂၂-မှ ၁၆၃၈ထိ) တွင် ပေါ်တူဂီလူမျိုး၊ ဘုရင်ဂျီဘုန်းတော်ကြီး **"ဆီဘာရှိုမန်ရစ် (Sebastiao Manrigue)"** သည် ရခိုင်တို့၏မြောက်ဦး မြို့တော်သို့ ခရစ်ယာန်သာသနာရေးဆိုင်ရာကိစ္စဖြင့် ရောက်ရှိလာခဲ့သည်။ အချိန်မှာ ၁၆၃၀-ခု၊ မိုးတွင်ကာလ (ဩဂုတ်လ) ဖြစ်နေသဖြင့် ငှက်ဖျားဝင်ရောက်လာပြီးလျှင် အိပ်ယာထဲတွင် သေအံ့မူးမူးဖြစ်နေသည်။ သည်ကိစ္စကို ရခိုင်ဘုရင် မင်းမြတ်ကြားသိလေသော် နန်းတွင်းရှိ ဘုရင့်သမားတော်ကြီးကို မန်ရစ်ထံသို့ ပို့လွှတ်ကုသစေခဲ့ရာ ငှက်ဖျားရောဂါမှာ လုံးဝပျောက်ကင်းသွားကြောင်း သူ၏ခရီးသွားမှတ်တမ်းတွင် တွေ့ရသည်။

ရခိုင်တို့၏ **"နန်းတွင်းဘုရင့်သမားတော်ကြီး"** ၏ဆေးမြစ် (ရခိုင်တိုင်းရင်းပရဆေးဝါး) ၏အစွမ်းထက်မြက်ပုံကို မန်ရစ်က -

**"ကျွန်ုပ်သည် မျက်မြင်ကိုယ်တွေ့ကြုံရ၍သာ ယခုလိုပြောဝံ့သည်။ ကိုယ်တွေ့မဟုတ်ပါက ထိုဆေးမြစ် အစွမ်းထက်ပုံကို ကျွန်ုပ်လည်း ယုံမည်မဟုတ်။ ပြောလည်း ပြောရဲမည်မဟုတ်။"** ဟူ၍ သူ၏မှတ်တမ်းတွင် ဝန်ခံထားခဲ့သည်။

အဆိုပါဆေးမြစ်ကို ရေနှင့်သွေး၍ တိုက်မည်ဆိုပါက ငှက်ဖျားသာမက မြွေးဆိပ်နှင့် မြွေဆိပ်များကိုပင် ပျောက်ကင်းစေနိုင်ကြောင်း မန်ရစ်က လုံးဝထောက်ခံခဲ့သည်။

ရခိုင်ရှင်ဘုရင်တို့သည် နန်းတွင်သမားတော်ကြီးများထံမှ ဆေးပညာသင်ယူတတ်မြောက်သွားခဲ့ကြသော ဆေးပညာရှင်သမားတော်များကို တိုင်းပြည်အတွင်းရှိ မြို့စား၊ နယ်စား၊ ချောင်းစား၊ ကျွန်းစားများအုပ်ချုပ်ရာ နယ်မြေဒေသအသီးသီးသို့ စေလွှတ်ကာ ပြည်သူများ၏ကျန်းမာရေးကို စောင့်ရှောက်ပေးခဲ့သည်။

အဆိုပါ ဆေးပညာရှင်သမားတော်တို့သည် မိမိတာဝန်ကျရာ နယ်မြေဒေသအတွင်း၌ ပြည်သူများအား ဆေးဝါး ကုသပေးရုံမက ဆေးပညာရပ်များကိုပါ ဆင့်ပွားသင်ကြားပေးကြပြန်သည်။ သည်အထဲတွင် ရခိုင်ပြည်၊ ဒွါရာဝတီနယ်မြေ၊ တောင်ကုတ်မြို့နယ်အတွင်းရှိ ပဒင်းကျွန်းလည်း ဒေသတစ်ခုအဖြစ် ပါဝင်ခဲ့သည်။ သို့ဖြစ်၍ ပဒင်းဒေသတွင် ဆေးပညာရှင် များ ပေါ်ထွက်ခဲ့ကြသလို၊ ပညာတတ်ပုဂ္ဂိုလ်များလည်း အသီးသီးပေါ်ထွက်ခဲ့ကြခြင်း ဖြစ်သည်။

ရခိုင်နန်းတွင်းမှ မွေးထုတ်ပေးလိုက်သော (သို့မဟုတ်) ထီးနန်းစိုက်ရာ ဘုရင့်နေပြည်တော်မှ မွေးထုတ်ပေး လိုက်သော ဆေးပညာရှင် **"သမားတော်"** တို့မှာ သမားတော်ကျင့်ဝတ် (၁၅)ပါးနှင့် ညီညွတ်ကြရသည်။ ယင်းသမားတော် ကျင့်ဝတ် (၁၅)ပါးဆိုသည်မှာ -

၁။ သီလရှိခြင်း၊

၂။ ဝိပဿနာဘာဝနာကို အမြဲနှလုံးသွင်းခြင်း၊

၃။ နူတ်သစ္စာတည်မြဲခြင်း၊

၄။ လောဘ,ဒေါသမရှိသည်းခံခြင်း၊

၅။ မာနမရှိခြင်း၊

၆။ စကားကို ချိုသာစွာပြောဆိုတတ်ခြင်း၊

၇။ သန့်ရှင်းစင်ကြယ်ခြင်း၊

၈။ မခေါ်ဘဲ သူတစ်ပါးအိမ်သို့မလည်ခြင်း၊

၉။ သတ္တဝါများကို နေ့ညမပြတ်မေတ္တာပို့ခြင်း၊

၁၀။ ကျမ်းစာဗေဒင်တတ်မြောက်ခြင်း၊

၁၁။ ဆေးကျမ်းများ လေ့လာခြင်း၊

၁၂။ အဘိဓမ္မာသဘောကို သိရှိခြင်း၊

၁၃။ လက်တွေ့ကုထုံးကို စုံလင်စွာဆည်းပူးခြင်း၊

၁၄။ ဆေးကုရာ၌ ပညာဖြင့်ဆင်ခြင်တတ်ခြင်း၊

၁၅။ လူနာလက္ခဏာနှင့်ရုပ်ကိုကြည့်၍ ပိုင်းခြားဆုံးဖြတ်နိုင်ခြင်း တို့ဖြစ်ကြသည်။

ယင်းသမားတော်ကျင့်ဝတ် (၁၅)ပါးသည်ပင်လျှင် **"ရခိုင်သမားတော်"** တို့လိုက်နာကျင့်သုံးခဲ့ကြသော သမားတော်ကျင့်ဝတ်ပေတည်း။

အထက်ဖော်ပြပါ သမားတော်လက္ခဏာ (၁၅)ပါးကို ကြည့်ခြင်းအားဖြင့် ရခိုင်သမားတော်ကြီးများ၏ အရည်အချင်းနှင့် အဆင့်အတန်းကို သိရှိနိုင်ပါသည်။ အဆိုပါသမားတော်တို့မှာ ဆေးဝါးကုသခြင်းဆိုင်ရာ ရိုးရာဆေးပညာရပ်များ စနစ်တကျရှိခဲ့ကြသည်။ ဆေးဝါးကုသရာတွင် တောဆေးဝါး (ရခိုင်တိုင်းရင်းပရဆေး) သုံးထောင့်ခြောက်ရာ (၃၆၀၀) ကို ကျမ်းအဖြစ်ပြုစုထားသော **"ရခိုင်ဆေးသေတ္တာကျမ်း"** ဟူ၍လည်း ရှိခဲ့သည်။ ၎င်းအပြင် ရောဂါအခြေအနေဖြစ်ပျက်ပုံနှင့် လက္ခဏာရပ်များကို ပြဆိုသော လက္ခဏာဒီပကကျမ်း၊ ဒေါနန္ဒရီကျမ်း၊ ဓာတုဒီပနီကျမ်း၊ ကုထုံးကျမ်း၊ အနာပေါက်ကုထုံးကျမ်း၊ လောကျမ်းစသည်ဖြင့် ဆေးကျမ်းမျိုးစုံတို့ကို အသုံးပြုခဲ့ကြသည်။

အဆိုပါ အရည်အချင်းပြည့် ရခိုင်သမားတော်ကြီးများမှာ နေရာဒေသအသီးသီးတို့၌ ရှိခဲ့ကြရာတွင် ဒွါရာဝတီအပိုင်၊ သူဌေးတိုက်နယ်၊ ရွှေလေ့ကျေးရွာ၌ -

**"သမားတော်ကြီး-ဦးရွှေအုံ"** ဟူ၍ ရှိခဲ့သည်။ သူ၏ဇနီးမှာ **"ဒေါ်မယ်မှန်"** ဖြစ်သည်။ သမားတော်ကြီး-ဦးရွှေအုံမှာ သူ့ခေတ်သူ့အချိန်က သူဌေးတိုက်နယ်တစ်နယ်လုံးတွင် နာမည်ရသမားတော်ကြီးလည်း ဖြစ်ခဲ့သည်။ သမားတော်ကြီး-ဦးရွှေအုံဆိုသူမှာ စာရေးသူ၏အဖိုး (အဘောင်မ၏အဖေ) အရင်းလည်း ဖြစ်ပါသည်။ အဆိုပါ သမားတော်ကြီး-ဦးရွှေအုံမှာ **"ရခိုင်နန်းတွင်းသမားတော်ကြီး"** များ၏ တပည့်ဖြစ်ခဲ့သူဖြစ်ကြောင်း၊ လူကြီးမိဘပြောပြသဖြင့် သိရှိခွင့်ရခဲ့ခြင်း ဖြစ်သည်။

ရခိုင်ပြည်နေရာဒေသအသီးသီးတို့၌ ဆေးဘက်ဆိုင်ရာ **"ရခိုင်သမားတော်ကြီး"** များ နည်းပါးသွားခဲ့ရခြင်းမှာ အကြောင်းရှိပါသည်။ အကြောင်းကား ဤသို့တည်း။

အမရပူရထီးနန်းရှင် ဘိုးတော်ဗဒုံမင်းက **"ရခိုင်ပြည်သည် တိုင်းပြည်၏ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံနေသေး**

**သည်။ နောက်နောင်ကို ပြန်လှန်တိုက်ခိုက်လာနိုင်သည်။ ထို့ကြောင့် ရခိုင်ပြည်၌ ကျန်ရှိနေသေးသော မင်းညီ၊ မင်းသား၊ မင်းသမီး၊ မင်းမျိုးမင်းနွယ်များနှင့်အတူ ကျမ်းဂန်တတ်ဆရာတော်ကြီးများပါ မကျန်အမရပူရသို့ ပို့ဆောင်ပေးတော်မူရမည်"** ဟူ၍ သူ၏သစ္စာတော်ခံ ရခိုင်လေးမြို့ဝန် **"နန္ဒပကျန်"** အားတောင်းသောကြောင့် မင်းညီ၊ မင်းသား၊ မင်းသမီးများ၊ မင်းမျိုး မင်းနွယ်များ၊ ပိဋကတ်ကျမ်းဂန်တတ်ဆရာတော်ကြီးများ၊ ပုဏ္ဏားပညာရှိများ၊ နက္ခတ်ပညာရှင်နှင့် ဝေဒပညာရှင်များ၊ ဆေးပညာရှင်များ၊ သူငယ်တော်များကအစ ရဟန်းရှင်လူ စုစုပေါင်း (၇၇၀၀) ကို ဖမ်းဆီးခေါ်ဆောင်ကာ ရခိုင်ကောဇာ-၁၁၄၉ခု၊ တပေါင်းလ (အေဒီ-၁၇၈၇-ခု၊ မတ်လ)တွင် အမရပူရမြို့တော်သို့ ပို့ဆက်ခဲ့ကြလေသည်။

ရှားရှားပါးပါး ကျန်ကောင်းသလောက်သာ ကျန်ရစ်ခဲ့ကြသော ဆေးပညာရှင်သမားတော်ကြီးများမှာမူကား ထွက်ပြေးလွတ်မြောက်သွားသူ၊ ပုန်းခိုရှောင်တိမ်းနေသူ၊ ဇာတ်မြှုပ်၍ နေကြရသူ အနည်းအကျဉ်းမျှလောက်သာ ကျန်ရစ်ခဲ့ကြခြင်း ဖြစ်သည်။ ဇာတ်မြှုပ်နေကြရသူများမှာလည်း ပေါ်ပေါ်ထင်ထင် မနေဝံ့ကြချေ။

အေဒီ-၁၈၂၄-၂၅တွင် အင်္ဂလိပ်မြန်မာပထမစစ်ပွဲပြီးဆုံး၍ ရခိုင်ပြည် ဗြိတိသျှလက်အောက် ကျရောက်သွားပြီးကာမှ ဆေးပညာရှင်ရခိုင်သမားတော်ကြီးများမှာ ပြန်လည်၍ အသက်ဝင်လာခဲ့ရခြင်း ဖြစ်သည်။ အသက်ဝင်လာခဲ့ကြသည်ဆိုရာ၌လည်း ယခင့်ယခင်ကလောက် ဆေးပညာများမထွန်းကားနိုင်တော့ပေ။ သာမန်အဆင့်လောက်ဖြင့်သာ ကျေနပ်ခဲ့ကြရခြင်း ဖြစ်သည်။

ဤကားရခိုင်ပြည် နေရာဒေသအသီးသီး(ပဒင်းကျွန်းအပါအဝင်) တို့၌ ဆေးပညာရှင်ရခိုင်သမားတော်ကြီးများ နည်းပါးသွားခဲ့ရခြင်း၏ အကြောင်းရင်းများကို သေချာကျနသိရှိနိုင်ကြစေရန် တင်ပြအပ်ပါသည်။

နိဂုံးချုပ်ဆိုရသော် အဘက်ဘက်က နိမ့်ကျလျက်ရှိနေသော မိမိတို့၏ ပဒင်းဒေသကို ဒေသခံပဒင်းသူ၊ ပဒင်းသားများနှင့် အဝေးရောက် ပဒင်းသူ၊ ပဒင်းသားများက ပြန်လည်အဖတ်ဆည်နိုင်ရန်အတွက် မှန်ကန်သော အသိစိတ်ဓာတ်၊ မှန်ကန်သော ခံယူချက်၊ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် သမိုင်းပေးတာဝန်ကို ကျေပွန်နိုင်ကြပါစေဟု တိုက်တွန်းလိုက်ရပေသည်။

**ဥါရာဝတီ-အသျှင်ကုသလ**
ရှိုးမရိပ်မဂ္ဂဇင်းအမှတ်(၁)
၂၀၁၅-ခုနှစ်။

## ဒွါရာဝတီနယ်မြေက ပန်းတော်ကျွန်း

ပန်းတော်ကျွန်းသည် ဒွါရာဝတီနယ်မြေအပိုင်းအခြား တောင်ကုတ်မြို့နယ်ထဲတွင် ပါဝင်သည်။ သမိုင်းဝင်ကျွန်းတစ်ကျွန်းဖြစ်၍ ခေတ်အဆက်ဆက် မှတ်တမ်းဝင်ခဲ့သည်။

ပန်းတော်ကျွန်းကို သမိုင်းရာဇဝင် အစောင်စောင်တို့၌ **"ပန်းတော်ကျွန်း"** ဟူ၍သာ တွေ့ရသည်။ ယခုအခါ၌ **"ပန်းထော်ကျွန်း"** ဟူ၍ ခေါ်တွင်လျက်ရှိနေသည်။

ရှေးယခင်က ဤကျွန်းတွင် ပန်းပင်၊ ပန်းတောများ ပေါများစွာ ပေါက်ရောက်ခဲ့ကြပေလိမ့်မည်။ ရာသီအလိုက် ဖူးပွင့်သော ပန်းများလည်းများစွာ ရှိခဲ့ကြပေလိမ့်မည်။

ထိုအခါ ပန်းပင်၊ ပန်းတောများရှိရာ ထိုကျွန်းကို ပန်းတောကျွန်း။ ထိုကျွန်းကို စားရသော သူကိုလည်း **"ပန်းတောကျွန်းစား"** သို့မဟုတ် **"ပန်းတောစား"** ဟူ၍ ခေါ်ခဲ့ကြခြင်း ဖြစ်တန်ရာသည်။

ပန်းတော်ဟူသည် ပန်းတစ်ပုဒ် + တော်တစ်ပုဒ်ဖြစ်၏။ **"ပန်း"** မှာ အများသိရှိပြီး ဖြစ်သည့် အတိုင်း ပန်းအမျိုးမျိုးကိုရ၏ ။ **"တော်"** မှာ သာမန်အရပ်သားများ သုံးစွဲရိုးထုံးစံမရှိပါ။ ဘုရားနှင့်ပတ်သက်၍သော်လည်းကောင်း၊ ထီးနန်းနှင့်ပတ်သက်၍သော်လည်းကောင်း သုံးစွဲလေ့ရှိသော အဆင့်မြင့်စကားလုံးဖြစ်ပါသည်။ ဘုရားပုထိုးစေတီတော်ကိုဖြစ်စေ၊ ဘုရင်မင်းမြတ် (သို့မဟုတ်) သခင်မမိဖုရားကိုဖြစ်စေ၊ **"ပန်းတောစား"** သည် ရာသီအလိုက်ပန်းတော်အမျိုးမျိုးကို ခူးဆွတ်ဆက်သခဲ့ရကြောင်း **"သက်ကြီးစကား"** အနေဖြင့် သိရှိခဲ့ရသည်။

သမိုင်းရာဇဝင်ကို ပြန်ကြည့်လျှင် ဒွါရာဝတီ-သံတွဲမြို့သည် ခေတ်အဆက်ဆက် ထီးနန်းစိုက်သော မြို့ဖြစ်ခဲ့၏။ တိုင်းပြည်အတွက် အလွန်အရေးပါသော နယ်မြေဒေသတစ်ခုဖြစ်၍ မင်းညီ၊ မင်းသားများ အစဉ်အဆက်အုပ်ချုပ်လာခဲ့သော မြို့လည်းဖြစ်သည်။ သံတွဲမြို့၌ သမိုင်းဝင်တန်ခိုးကြီးဘုရားသုံးဆူ ရှိပါသည်။ ယင်းဘုရားများမှာ ဆံတော်၊ အံတော်၊ နံတော် တို့ဖြစ်ကြ၏။ ထိုဘုရားသုံးဆူကို တတိယဓညဝတီခေတ်၊ စန္ဒာသူရိယမင်းမှ (၆)ဆက်မြောက်၊ သူရိယစက္ကမင်းလက်ထက် သာသနာတော်သက္ကရာဇ် ၂၃၆-ခု၊ (ဘီစီ-၃၀၈) တွင် ဒွါရာဝတီ-သံတွဲမြို့စား ဓမ္မသူရအမတ်ကြီး တည်ထားပူဇော်ခဲ့ခြင်း ဖြစ်သည်။

သံတွဲမင်း (သို့မဟုတ်) မြို့စားမင်းတို့သည် အဆိုပါဘုရားသုံးဆူအား ရာသီအလိုက် ပန်းတော်များ ဆက်ကပ်လှူဒါန်းနိုင်ရန် သူတို့ထံ အမှုထမ်းလျက်ရှိသော **"ပန်းတောစား"** အား တာဝန်ပေးအပ်ခဲ့ပေသည်။ သို့ဖြစ်၍ ပန်းတော်ကျွန်းကို စားရသူ ပန်းတောစားသည် ဘုရင်မင်းမြတ်အား ရာသီအလိုက်ဖူးပွင့်လာသော ပန်းများကို ခူးဆွတ်၍ **"ပန်းတော်များ"** ဆက်ခဲ့ရသူဖြစ်ခြင်းကြောင့် **"ပန်းတော်ဆက်သူ"** နေထိုင်ရာ (သို့မဟုတ်) အပိုင်စားရာကျွန်းကိုလည်း **"ပန်းတော်ကျွန်း"**ဟု ခေါ်တွင်ခဲ့ခြင်း ဖြစ်သည်။ နောင်ကာလရှည်ကြာလာသောကြောင့် **"ပန်းထော်ကျွန်း"** ဟူ၍ အမည်တွင်လာခဲ့ခြင်း ဖြစ်သည်။

ပန်းတော်ကျွန်းနှင့် ပတ်ဝန်းကျင်နယ်မြေအပိုင်းအခြားသည် ရခိုင်တို့၏ ဝေသာလီခေတ် (အေဒီ ၃၂၇ မှ ၈၁၈ ထိ) ယဉ်ကျေးမှုနှင့် မကင်းချေ။ ဝေသာလီနှင့် ဆက်သွယ်မှုရှိခဲ့သော ဝေသာလီဩဇာမကင်းသော နယ်မြေဖြစ်ကြောင်းကို ၁၉၈၅ ခုနှစ်က တောင်ကုတ်မြို့နယ်၊ ခရိုင်ကျွန်း၊ ဆင်တက်ကျေးရွာမှ **"အောင်သောင်းရွှေ"** ဆိုသူရရှိခဲ့သော အေဒီ ၅ ရာစု ရခိုင်ဝေသာလီဒင်္ဂါး (၄၈) ခပ်နှင့် ပျူဒင်္ဂါး (၂) ခပ်က သက်သေပြလျက် ရှိနေပေသည်။

အောင်ဇေယျာရည်

အဆိုပါ ခရိုင်ကျွန်း၊ ဆင်တက်ကျေးရွာဆိုသည်မှာလည်း ရှေးခေတ်က ပန်းတော်စား၏ ပိုင်နက်နယ်မြေစာရင်းဝင် ရွာတစ်ရွာဖြစ်ခဲ့သည်။ ခရိုင်ကျွန်းပေါ်တွင် ရွာမ၊ မှန်နီပြင်၊ ကန်ချောင်၊ လက်ပံချောင်၊ ကိုးပင်ချောင်၊ ရွာကြားထောင့်၊ မြစ်နားစု၊ တံတားဦး၊ ငကွယ်ခုံရင်း၊ ကန်ဆိပ်၊ ဆင်တက်ဟူ၍ ရွာကြီး ရွာငယ် (၁၁) ရွာခန့် ရှိပါသည်။

ပန်းတော်စားအပိုင် ခရိုင်ကျွန်းမြေပေါ်တွင် **"ခရိုင်တောင်"** ဟု သမိုင်းဝင် တောင်တစ်တောင်ရှိ သည်။ သိုက်သမိုင်းအရ ရှေးယခင်က ဤတောင်တွင် **"ငွေ"** ကို **"ရိုင်"** နှင့်ထည့်ထားခဲ့သည်ဆို၏။ ယင်းသို့ ငွေကို ရိုင်နှင့် တစ်ရိုင် ထည့်ထားသည်ကို အစွဲပြု၍ " **ငွေရိုင်တစ်ရိုင်"** မှ **"ခရိုင်"** ဖြစ်လာကြောင်း သိရှိရပါသည်။

ဤခရိုင်တောင်တွင် အစွမ်းထက်သော ဆေးပင်များပေါက်ရောက်လေ့ရှိသည်။ ထို့ကြောင့် ရှေးခေတ်ဓါတ်ဗိန္ဒောဆေးဆရာကြီးများသည် ထိုတောင်သို့သွားရောက်ကာ ဆေးပင်များ တူးယူခြင်း၊ ဆေးဖော်စပ်ခြင်းအမှုကို ပြုလုပ်ခဲ့ကြလေသည်။ **"ဟပ်ချိုးဆိုဘုရားတ၊ သိကြားမတဲ့ ကတိုးနှာ"** ဟူ၍ စားချိုးရလောက်အောင် ခရိုင်တောင်က **"နေမင်းဥ"** (တောက်တာဥ) မှာ အလွန်နာမည်ကြီးခဲ့သည်။

အဆိုပါ ခရိုင်တောင်ကြီးသည် ပင်လယ်ရေကြောင်းပြမှတ်တိုင်ကြီးသဖွယ်ဖြစ်ခြင်းကြောင့် ပင်လယ်ခရီးသွားများအတွက် အလွန်အကျိုးကျေးဇူးများပါသည်။

ခရိုင်ကျွန်းတွင် **"တောင်တက် (တောက်တဲ့)"** မရှိကြောင်း ငယ်စဉ်ကပင် လူကြီးသူမများ ပြောပြသဖြင့် သိရှိရသည်။ တောက်တက်ကို တစ်ခြားတစ်နေရာက ခရိုင်ကျွန်းသို့ ယူတောင်လာခဲ့လျှင်လည်း အသက်မရှင်သေဆုံးသွားကြောင်း သိရှိရသည်။ ထူးခြားမှုတစ်ခုဖြစ်၍ အံ့ဩရပေသည်။ ဤကား ခရိုင်ကျွန်း၏ ထူးခြားမှုများပေတည်း။

ပန်းတော်ကျွန်းကို ဒွါရာဝတီခေတ် (ကုသမင်းသက္ကရာဇ် ၄၀၀၀ မတိုင်မီ ဘီစီ ၆၀၀၀ ခန့်) ရှေးဝေသာလီခေတ် (ဘီစီ ၅၃၁၅ မှ ၃၃၂၅ ) ထိ ၊ ဓညဝတီခေတ် (ဘီစီ ၃၃၂၅ မှ အေဒီ ၃၂၆ထိ)၊ ဝေသာလီကျောက်လှေကားခေတ် (အေဒီ ၃၂၇ မှ ၈၁၈ ထိ) တို့တွင် မည်သို့ရှိခဲ့မည်ကို အတိအကျမသိရှိရသော်လည်း ၊ လေးမြို့ခေတ် (အေဒီ ၈၁၈ မှ ၁၄၃၀ ထိ) ၊ လောင်းကြက်မြို့ (အေဒီ ၁၂၅၀ မှ ၁၄၃၀ ထိ)၊ အလောမာဖြူမင်း မှ (၉) ဆက်မြောက် ဘုရင်မင်းထီးလက်ထက် ကောဇာ ၆၉၅ ခု (အေဒီ ၁၃၃၃) တွင် အရှေ့ပြည်က သက်လူမျိုးတို့သည် ဒွါရာဝတီတောင်စဉ်ခုနစ်ခရိုင် ကျေးရွာများကို လာရောက်ကာ ဆန်စပါး၊ စားနပ်ရိက္ခာများကို လုယူခြင်း၊ ကျေးရွာများကို ဖျက်ဆီးခြင်းအမှုကို ပြုလုပ်လေ့ရှိကြ၏။ ထိုအကြောင်းကို လမု (လမူး) သူကြီးက ရခိုင်ဘုရင်မင်းထီးထံ တင်ပြလျှောက်ထားလေသော် ကိုယ်ရံကြီးအမတ် **"ရာဇစည်သူသင်္ကြံ"** ကို ရဲမက်တစ်သိန်း၊ ကိုယ်တော်ရံသူရဲနှစ်သောင်းပေး၍ ချီတက်တိုက်ခိုက်စေရာ အမတ်ကြီး၏ စစ်ရေးမဟာဗျူဟာတွင် **"ပန်းတော်စားသတိုးအောင်"** သည် စစ်သည်ရဲမက်တစ်သောင်းကို ဦးဆောင်လျက် **"ဆားပြင်ကမာလမ်း"** က ချီရကြောင်း **"ဓညဝတီအရေးတော်ပုံကျမ်း"** ၊ အခန်း (၁၅) တွင် တွေ့ရှိရသည်။

မြောက်ဦးခေတ် (အေဒီ ၁၄၃၀ မှ ၁၇၈၄ ထိ) ၊ မင်းဗာကြီးလက်ထက် (အေဒီ ၁၅၃၁ မှ ၁၅၅၃ ထိ )၊ ကောဇာ ၈၉၄ ခု၊ ခရစ်အေဒီ ၁၅၃၂ တွင် ရခိုင်ဘုရင်မင်းဗာကြီးသည် အနောက်ဘင်္ဂါ (၁၂) နယ်သို့ စစ်ချီထွက်ခဲ့၏။ ယင်းခရီးစဉ်တွင်လည်း **"ပန်းတော်စား - ရန်မျိုးအောင်"** သည် ဓားကိုင်လှံစွဲ သူရဲတစ်သောင်းကို ဦးဆောင်လျက် တာဝန်ကျစစ်ကြောင်း၏ စစ်သူကြီးဇူတ်အဖြစ် ထမ်းဆောင်သွားခဲ့သည်ကို ဓညဝတီအရေးတော်ပုံကျမ်း၊ အခန်း (၂၂) တွင် တွေ့ရသည်။ ဤသို့လျှင် ပန်းတော်ကျွန်းကို စားခဲ့ကြသူ **"ပန်းတော်စား"** တို့သည် ခေတ်အဆက်ဆက် တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သွားခဲ့ကြသည့် အစဉ်အလာကောင်းများကို တွေ့ရသည်။

တစ်ခါကလည်း မင်းဗာကြီးလက်ထက် ရခိုင်ကောဇာ ၉၀၀ ခု (အေဒီ ၁၅၄၀)၊ တာကူး လဆန်း (၅) ရက်၊ ကြာသပတေးနေ့တွင် ရခိုင်ဘုရင်မင်းဗာကြီး အမိန့်တော်ထုတ်ပြန်ခဲ့သည်ကို တွေ့ရသည်။

အကြောင်းမှာ အမတ်တော်စစ်ကဲကြီး လက်ယာမြန်၊ အမတ်တော်စစ်ကဲကြီး လက်ဝဲမြန်၊ အမတ်တော်စဘော်သွီး၊ အဘိုးငရွှေမြနှင့် ငဖေယျတို့က ပန်းတော်ကျွန်း၏ နယ်မြေအပိုင်းအခြားကို ပြန်လည်တည်ထောင်သတ်မှတ်သင့်ပါကြောင်း ဘုရင်အား သံတော်ဦးတင်လျှောက်ထားခဲ့ကြပါ သည်။ ထိုအခါ ဘုရင်မင်းမြတ်က အောက်ပါအတိုင်း အမိန့်တော်ကို ချမှတ်ခဲ့သည်။

**"ရွှေတော်ခံမောင်ပု၊ ကျွန်းကို အပိုင်းအခြားကား၊ "တရကူလက်ျာ၊ ချီမှာလက်ဝဲ" တိုင်အောင် ပန်းတော်မိုးမြေကို အဘိုး ငရွှေမြ နှင့် ငဖေယျ နှစ်ယောက်သားတို့ စားပိုင်စေ။"** အရှင်ငရမံမင်းကြီး မိန့်တော်မူသည်။ မော်ကွန်းအတိုင်း အသံချသည်။ ရွှေတော်ခံ **"စံပေါ်ဦး"** အရှင်မော်ကွန်းတော်ကို သားစဉ်မြေးဆက်မြစေ၊ မော်ကွန်းထားလီ။ (၁)

အထက်ပါ ရခိုင်ဘုရင် မင်းဗာကြီး၏ အမိန့်တော်ထုတ်ပြန်ချက်သည် အတိတ်က **"ပန်းတော်ကျွန်း"** ၏ သမိုင်းပုံရိပ်ကို ထင်ဟပ်ပေါ်လွင်နေပါသဖြင့် အလွန်အဖိုးတန်လှ၏။

ပန်းတော်ကျွန်း၏ သမိုင်းဝင်ထူးခြားသော နေရာများအနက် **"ငှက်ဆင်တောင်"** လည်း တစ်ခုပါဝင်သည်။ ငှက်ဆင်တောင်ဖြစ်ပေါ်လာပုံနှင့် သူ၏အမည်နာမ၊ သူ၏ သမိုင်းကြောင်းမှာ အလွန်စိတ်ဝင်စားဖွယ်ရာ ကောင်းပါသည်။

ပန်းတော်ကျွန်းတွင် **"ပြည်စိုးပြင်"** ဟု ရွာတစ်ရွာရှိသည်။ ယင်းရွာအမည်သည်လည်း ထူးခြားမှုရှိသော ရွာတစ်ရွာပင် ဖြစ်၏။ ရာဇဝင်အရ ရခိုင်ဘုရင်တို့အထဲတွင် အမှုတော်ထမ်းကြသူများအနက် တိုင်းပြည်အတွက် အလွန်အရေးပါသော အမတ်ကြီးလေးဦးရှိသည်။ ယင်းတို့မှာ -

(၁) ကိုယ်ရံကြီးအမတ်၊ (၂) ပြည်စိုးကြီးအမတ်၊

(၂) ဆင်ကဲကြီးအမတ်၊ (၄) ဓားပိုင်ကြီးအမတ် တို့ဖြစ်ကြ၏။

ယင်းတို့အနက် ပြည်စိုးပြင်ရွာအနီးတွင် မင်းဗာကြီးလက်ထက် ပြည်စိုးကြီးအမတ်တစ်ဦး ကုသိုလ်ပြုခဲ့ရာ **"တောင်ဂူဝဘုရား"** ဟူ၍ ရှိပါသည်။ ယင်းဘုရားသည် သဘာဝကျောက်တောင်ကြီးကို ထုဆစ်ထားသဖြင့် လက်ရာမြောက်လှ၏။ ယနေ့ထက်တိုင် ရှေးလက်ရာအတိုင်း ဖူးတွေ့နိုင်ပါသည်။

အဆိုပါ **"ပြည်စိုးကြီးအမတ်"** ကုသိုလ်ကောင်းမှုပြုခဲ့ရာ **"တောင်ဂူဝဘုရား"** တည်ရှိရာတောင်၏ အပြင်ဘက်တွင်ရှိသော ရွာကိုလည်း ယနေ့ထက်တိုင် **"ပြည်စိုးပြင်ရွာ"** ဟု သမိုင်းတွင်လျက် ရှိပါသည်။

ပြည်စိုးပြင်ရွာအနီးတွင် **"တောင်ရင်းရွာ"** ဟု ရွာတစ်ရွာရှိသည်။ တောင်ရင်းရွာဆိုသည်မှာ ပြည်စိုးကြီးအမတ်ကောင်းမှုပြုခဲ့ရာ **"တောင်ဂူဝဘုရား"** တောင်၏ ခြေရင်းတွင်ရှိသောကြောင့် တောင်ရင်းရွာဟု အမည်တွင်ခြင်းဖြစ်ပါသည်။

ယင်းတောင်ရင်းရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် ရှေးခေတ်သမိုင်းဝင် **"မဟာကျန်"** သို့မဟုတ် **"မဟာကျီ"** ဘုရားတစ်ဆူရှိခဲ့သည်။ ယင်းဘုရားရှိခဲ့စဉ်က အနယ်နယ်မှ ဘုရားဖူးသူများလာရောက်ကြသဖြင့် ပန်းတော်ကျွန်းမှာ

---

(၁) ရခိုင်အင်းစောက်ရာဇဝင်၊ ပေမူ၊ ဘားချပ်၊ ရင်မှ။

အထူးစည်ကားခဲ့သည်။ ယခုအခါ ယင်းဘုရားမှာ မသမာသူများ၏ ခိုးယူရောင်းစားမှုကြောင့် မရှိတော့ပြီ။ ယင်းမဟာကျန် (မဟာကျီ) ဘုရား ပျောက်ဆုံးသွားခြင်းသည် ထိုနယ်မြေဒေသအပါအဝင် ရခိုင်ပြည်နှင့် ရခိုင်လူမျိုးအပေါင်းတို့၏ ဘာသာရေးဆိုင်ရာ သမိုင်းအမွေအနှစ် ပျောက်ဆုံးသွားခြင်းဖြစ်၍ ရခိုင်တစ်မျိုးသားလုံး၏ ဆုံးရှုံးမှုတစ်ခုဟုဆိုနိုင်သည်။

သမိုင်းဝင် အမွေအနှစ်များတည်ရှိရာ ရခိုင်ဒေသအနှံ့အပြားမှာ ဤကဲ့သို့အဖြစ်မျိုးနှင့် နောက်ထပ်မကြုံကြရလေအောင် အထူးဂရုစိုက်စောင့်ရှောက်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။



မင်းဗာကြီးလက်ထက် ပြည်စိုးကြီးအမတ်တစ်ဦး ကောင်းမှုပြုခဲ့သော **"တောင်ဂူဝဘုရားပုံ"**

ပန်းတော်ကျွန်း၏ တောင်ဘက်အဆုံးတွင် ဂျိဝ (ချိဝ) ရွာဟု ရွာကြီးတစ်ရွာရှိသည်။ ဂျိဝ (ချိဝ) ရွာဟု အမည်တွင်ပုံမှာ စိတ်ဝင်စားဖွယ်ကောင်းသည်။ ဒေသစကားဖြင့် **"ဂျိဝ"** သို့မဟုတ် **"ချိဝ"** ဟု ရေးသားပြောဆိုလေ့ရှိသည်။

ယင်း **"ဂျိဝရွာ"** အမည်တွင်ပုံမှာ ဤသို့ဖြစ်သည်။ ပန်းတော်ကျွန်းနှင့် တောင်စဉ်ကမ်းကို ပန်းတော်ချောင်းက ခြားလျက်ရှိသည်။ ချောင်း၏ တစ်ဖက်ကမ်းတွင် **"ဟုံးပေါက်"** သို့သွားသော ဟုံးပေါက်ချောင်းနှင့် စင်ပွဲန်းတောင်ချောင်းတို့ရှိကြသည်။ စင်ပွဲန်းတောင်ချောင်းသည် စင်ပွဲန်းတောင်အရောက်တွင် ချောင်းဆုံးသွားသည်။ စင်းပွဲန်းတောင်ဖက်ကို မလိုက်ဘဲ၊ ချောင်းအရှည်အတိုင်း ဆန်တက်သွားသော ချောင်းကို ဂျီချောင်း (ချီချောင်း)ဟု ခေါ်သည်။

ယင်းချောင်းအတိုင်း ဆန်တက်သွားလျှင် **"ဂျီလာကွင်း"** သို့မဟုတ် **"ဂျီရာကွင်း"** ဟူသော ကွင်းတစ်ကွင်းကို

တွေ့ရသည်။ ထို့အပြင် ရေမြောက်ကွင်း၊ ဂျီချောင်း စသော နေရာအရပ်များလည်း ရှိသေးသည်။ ယင်းနေရာအရပ်များတွင် **"မြင်းခွာပင်"** များ အလွန်ပေါများစွာ ပေါက်လေ့ရှိသည်။ စာရေးသူတို့ ငယ်စဉ်ဘဝ ဇီးကျွန်းကျေးရွာ၊ ကိုးနဝင်း မဟာဝိဟာရကျောင်းကြီးတွင် ပညာသင်စဉ်ကာလက အဆိုပါနေရာအရပ်များသို့ **"မြင်းခွာပင်"** များနွှတ်ရန် အကြိမ်ကြိမ် ရောက်ဖြစ်ခဲ့ကြသည်။

ခွက်လောင်းတောင်၊ ဟုံးပေါက်ချောင်း။ ဟုံးပေါက်နယ်မြေဒေသည် အလွန်တောနက်ပြီး၊ တောတောင် ထူထပ်သည့်အတွက် ဂျီများလာရောက် ကျက်စားလေ့ရှိသည်။ ဂျီများ မကြာမကြာလာလေ့လာထရှိသော ကွင်း (နေရာဒေသ) ကို **"ဂျီလာကွင်း"** ဟု ခေါ်ပြီး ၊ ဂျီများလာရောက်ကျက်စားလေ့ရှိသော ချောင်း (နယ်မြေအရပ်ကိုတော့ **"ဂျီချောင်း"** ဟု ခေါ်တွင်သည်။

အဆိုပါ ဂျီချောင်း၏အဆုံး၊ ဂျီပွန်၏အဝ၌ တည်ရှိသောရွာကို **"ဂျီဝရွာ"** ဟု ခေါ်တွင်ခဲ့ကြပါသည်။ ထိုဂျီဝရွာအနီး ပင်လယ်သို့ထွက်ရာ၊ ဝင်ရာတံခါးပေါက်ကို **"ဂျီဝတံခါး"** ဟု သမိုင်းတွင်လျက်ရှိသည်။ ဂျီဝတံခါးသည် ဂျီဝနှင့် ခမောင်တုံးကျွန်းအကြားတွင် တည်ရှိသည်။ **"ဂျီဝတံခါး"** ဟူ၍ ခေါ်ဝေါ်သကဲ့သို့ ထင်ရှားသော အမည်နာမကို အကြောင်းပြုကာ **"ခမောင်းတုံးတံခါး"** ၊ **"ဆင်ခေါင်းတံခါး"** ဟူ၍လည်း ရှိကြပါသေးသည်။

ပန်းတော်ကျွန်းသည် တောင်နှင့်မြောက် သွယ်တန်းလျက်ရှိသော ကျွန်းလျားရှည်ဖြစ်ပါသည်။ အရှေ့ဘက်တွင် ပန်းတော်ချောင်းရှိပြီးလျှင် အနောက်ဘက်တွင် ပင်လယ်ရှိသည်။ တောင်ဘက်တွင် ခမောင်တုံးကျွန်းရှိပြီးလျှင် မြောက်ဘက်တွင် ခေါင်းလောင်းတူကျွန်းရှိပါသည်။ ကျွန်း၏အရှည်မှာ (၁၀) မိုင်ခန့် ရှိပါသည်။ ထိုကျွန်း၌ ကျေးရွာပေါင်း (၁၃) ရွာရှိသည်။ ယင်းရွာအမည်များမှာ (၁) ချီဝရွာ၊ (၂) ပြည်စိုးပြင်ရွာ၊ (၃) တောင်ရင်းရွာ၊ (၄) ညောင်ပင်ဆိပ်ရွာ၊ (၅) အောက်ပြင်ကြီးရွာ၊ (၆) ကြက်တက်အုပ်ရွာ၊ (၇) ဝါးရုံးတောရွာ၊ (၈) အထက်ပြင်ကြီးရွာ ၊ (၉) ဥက္ကရင်းရွာ၊ (၁၀) ကျီပြင်ရွာ (၁၁) သင်ကျီပြင်ရွာ၊ (၁၂) ကျွန်းချောင်းပြင်ရွာ၊ (၁၂) နတ်ကန်ရွာနှင့် ၊ (၁၃) ငှက်ဆင်တောင်ရွာ တို့ဖြစ်ကြသည်။

ကျီပြင်ဘုန်းတော်ကြီးကျောင်း၌ သွန်းစက်တော်ဘုရားကြီးတစ်ဆူရှိသည်။ ပထမကျီပြင်ဆရာတော်ကြီး အသျှင်အာဒိစ္စမထေရ်သူမြတ် ဦးဆောင်သွန်းလုပ်ခဲ့ခြင်းဖြစ်သည်။

ဆရာတော်သည် ဘုရားကြီးကို သွန်းလုပ်ရန်အတွက် ရွှေတောင်မြို့သို့ ကိုယ်တိုင်ကြွရောက်ပြီး ဦးဖိုးမောင်၊ ဦးဖိုခေါင်ဟူသော ပန်းတည်းပညာရှင် ညီအစ်ကိုနှစ်ယောက်ကို တာဝန်ပေးအပ်ခဲ့ပါသည်။

ရွှေတောင်မြို့ရှိ အဆိုပါ ပန်းတည်းပညာရှင်တို့သည် သာသနာတော်သက္ကရာဇ် ၂၄၃၃ ခု၊ ရခိုင်ကောဇာ ၁၂၅၁ ခု (ခရစ်အေဒီ ၁၈၈၉) ၊ တန်ဆောင်မုန်းလပြည့်နေ့တွင် အပြီးတိုင် သွန်းလုပ်ပြီးစီးခဲ့ပါသည်။ စုစုပေါင်းကြေးပိဿာချိန်မှာ သုံးထောင့်ခုနစ်ရာ (၃၇၀၀) ကျော်ရှိကြောင်း သိရှိရသည်။ အဆိုပါ ဘုရားကြီးမှာ တန်ခိုးကြီးမားလှသည်။ ပန်းတော်ကျွန်း၏ ကျက်သရေဆောင်ဘုရားကြီးဟု ဆိုထိုက်သည်။

ဘုရားကြီး၏ ဘွဲ့အမည်တော်မှာ **"စန္ဒာမုနိသွန်းစက်တော်ဘုရားကြီး"** ဟူ၍ ဖြစ်ပါသည်။ ဉာဏ်တော်အမြင့်မှာ ၉ ပေ၊ ၈ လက်မရှိပြီး အောက်ခံမုန်စီရွှေချ ပလ္လင်တော်မှာ ၅ ပေ၊ ၉ လက်မ ရှိပါသည်။

ဘုရားကြီးကို ကောဇာသက္ကရာဇ် ၁၂၅၁ ခုနှစ် (အေဒီ ၁၈၈၉) တန်ဆောင်မုန်းလပြည့်နေ့တွင် သွန်းလုပ်ပြီးစီးခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပန်းတော်ကျွန်း၊ ကျီပြင်ဘုန်းတော်ကြီးကျောင်းအနီးရှိ ဂန္ဓကုဋီ

ကျောင်းတော်သို့ အပြီးတိုင်ကြွရောက်တော်မူခဲ့သည့်နှစ်မှာ သက္ကရာဇ် ၁၂၅၄ ခု၊ နတ်တော်လပြည့်ကျော် (၉ ) ရက်နေ့ (အေဒီ - ၁၈၉၂) ဖြစ်ကြောင်း သိရှိရပါသည်။

နိဂုံးချုပ်အနေဖြင့်ဆိုရသော် ဒွါရာဝတီနယ်မြေက **"ပန်းတော်ကျွန်း"** သည်လည်း သမိုင်းဝင်ကျွန်းတစ်ကျွန်း ဖြစ်သည်။ ထို့ကြောင့် **"ပန်းတော်ကျွန်း"** နှင့်ပတ်သက်၍ မှတ်သားဖွယ်ရာအဖြစ်ဖြာကို အများပြည်သူသိရှိနိုင်ကြစေရန် အတွက် လေ့လာသုတေသနပြုကာ ရေးသားတင်ပြလိုက်ရပေသည်။

**ဒွါရာဝတီ-အသျှင်ကုသလ**

(ကိုးကားသောကျမ်း)

(၁) ဓညဝတီအရေးတော်ပုံကျမ်း ။ ။ အသျှင်ကဝိသာရမထေရ်။

(၂) အင်းစောက်ရာဇဝင် (ပေမူ) ။ ။ ရေးသူအမည်မသိ။

(၃) ကျိုက်ပြင်ဘုရားကြီးသမိုင်း ။ ။ ဦးမိုးမြင့်။

(၄) ဒွါရာဝတီအသျှင်ကုသလမှတ်စု။

(၅) ဒေါ်ခင်အေး၊ ဦးမောင်ဖြူ၊ ဦးစံသိန်း၊ ဒေါ်မြင့်ရီ တို့၏ပြောပြချက်။

## ပန်းတော်မြေ

(၁)

**"ပန်းတော်မြေ"** ကျွန်းအလှ
သာပေစွ ဌာနေ။
ရာဇဝင် စဉ်လာမညှိုးအောင်ပ
ကြိုးပမ်းခဲ့ပေ။
ဘာသာနဲ့ ယဉ်ကျေးမှုအမွေ
ကျောင်းကန်တွေ တည်ထား။
ရိုးသားတဲ့ ဂုဏ်ဒြပ်တွေနဲ့
ကောင်းမြတ်စည်ကား။

(၂)

ပြည်စိုးပြင် **"တောင်ဂူဝ"**
ထင်ရှားတဲ့ ကျောက်ဆစ်အမွေ။
ကျိုပြင်က **"စန္ဒာမုနိ"**
ထူးဘိဂုဏ်ဝေ။
**"ခရိုင်မြစ်အလှ"** နဲ့ **"ဌက်ဆင်တောင်မြေ"**
ထန်းပင်တွေနဲ့ တင့်ဆန်း။
အမောပြေအောင် အလည်တစ်ခေါက်
လာရောက်ကတ်နှမ်း။

(၃)

စိမ်းညို့ညို့ ဓနိတောနဲ့
သာမောစွ ဤမြေ။
ဥယျာဉ်လယ်ယာ အသွင်ဆန်းနဲ့
ဝမ်းမြောက်ဖွယ်ပေ။
လောင်းလှေနဲ့ မြစ်ကမ်းခြေ
ပိုက်တွေနဲ့ ငါးကိုဖမ်း။
ကျွန်းပန်းတော် သာစခန်းက
လွမ်းလောက်ခမန်း။ ။

ငွေသဇင် (သံတွဲ)
၁၂/၆/၂၀၁၂

# ဒွါရာဝတီက သမိုင်းဝင် ကလိင်တောင်

**"ကလိင်တောင်"** သည် ဒွါရာဝတီ-သံတွဲခရိုင် ၊ တောင်ကုတ်မြို့နယ်တွင်ရှိသည်။ ထိုတောင်မှာ တောင်ကုတ်ချောင်းအဆုံးတွင် ရှိသလို၊ တန်းလွဲချောင်းဆုံးလျှင်လည်း ကလိင်တောင်ကို တွေ့နိုင်သည်။ **"ဖောင်းခါးကျွန်း"** နှင့်လည်း နီးစပ်သည်။ ထိုတောင်၌ ရှေးအခါက **"ကလိင်္ဂ"** မည်သောရသေ့ (တစ်နည်း = အဆိုရှိသည်မှာ **"ကာလီဒါသ"** အမည်ရှိသော ရသေ့) တစ်ပါး သီးတင်းသုံးနေထိုင်ခဲ့သည်ဟု ဆိုသည်။ ထိုရှင်ရသေ့နေထိုင်ခဲ့သော တောင်ဖြစ်ခြင်းကြောင့် **"ကလိင်္ဂတောင်"** မှ **"ကလိင်တောင်"** ဟု ခေါ်တွင်လာခြင်းဖြစ်ကြောင်း သိရသည်။

ကလိင်တောင်မြေသည် သာမန်မြေမျိုးမဟုတ် ။ ဘူမိနက်သန်အောင်မြေမှန်သောကြောင့် **"မင်္ဂလာမြေ"** အဖြစ် ရခိုင်မင်းတို့ အသုံးပြုခဲ့ကြသည်။ ရခိုင်ရာဇဝင်အရ ဒုတိယမြောက်ဦးခေတ် (အေဒီ ၁၅၃၁ မှ ၁၆၃၈ ထိ) မင်းဗာကြီး၏ သားတော် မင်းဖလောင်းလက်ထက် (အေဒီ ၁၅၇၁ မှ ၁၅၉၃ ထိ)၊ အေဒီ ၁၅၈၇ (ကောဇာ - ၉၄၉) တွင် မင်းဖလောင်းကြီးသည် **"သကလာဘိသိက်ပွဲ"** ကို ခမ်းနားကြီးကျယ်စွာ ခံယူတော်မူခဲ့သည်။ ထိုပွဲ၌ ကလိင်တောင်မြေကို မင်္ဂလာမြေအဖြစ် အသုံးပြုခဲ့ကြောင်း မဟာပညာကျော်လျှောက်ထုံးကျမ်း၊ အပိုဒ် (၁၁) တွင် -

**"အဋ္ဌနနဒီ လေးမြို့မြစ် ကျက်သရေထွန်းသော ဘုမ္မိအရပ်ဝယ် မင်္ဂလာပြုသော မဏ္ဍပ်သုံးဆောင်ဆောက်ရာတွင်မူကား ကလိန်တောင်မြေ၊ အမရတောင်မြေ၊ အောင်သာမြို့မြေ၊ သီရိဂုတ်တောင်မြေ၊ ကတညုတောင်မြေ၊ နီလာတောင်မြေ၊ မေရုပဗ္ဗတတောင်မြေတို့ကို ဆောင်ယူထားရလေ ၏"** ဟူ၍ တွေ့ရသည်။

သို့ဖြစ်၍ ကလိင်တောင်မြေသည် ရခိုင်မင်းတို့အသုံးပြုခဲ့သော **"မင်္ဂလာမြေ"** စာရင်းထဲတွင် ပါဝင်သဖြင့် ထူးခြားသော မြေအမျိုးအစားဖြစ်ကြောင်း ဆိုခဲ့ခြင်းဖြစ်သည်။

ဗုဒ္ဓမတိုင်မီ နှစ်ပေါင်းများစွာက ရခိုင်ပြည်တောင်ပိုင်းသားတို့သည် ထို **"ကလိင်္ဂရှင်ရသေ့"** ကို ကိုးကွယ်ဆည်းကပ်ခဲ့ကြသည်။ သူ့ထက်စော၍ ဒွါရာဝတီတွင် **"ကဏှဒီပါယနရှင်ရသေ့"** ဟူ၍လည်း ရှိခဲ့ပါသေးသည်။ ရခိုင်ပြည်မြောက် ပိုင်းတွင်မူ **"အဗ္ဗုနရှင်ရသေ့နှင့် နာကိသရရှင်ရသေ့ခေါ် အရှင်နာဂိန္ဒရှင်ရသေ့"** တို့ကို ကိုးကွယ်ဆည်းကပ်ခဲ့ကြကြောင်း တွေ့ရသည်။ ထိုရသေ့များမှာ သမိုင်းတွင် ထင်ရှားသော ရသေ့များ ဖြစ်ကြသည်။

အလိင်္ဂရှင်ရသေ့သည် ဒိဗ္ဗစက္ခုဉာဏ်ကို ရရှိသဖြင့် တန်ခိုးကြီးသော ရသေ့တစ်ပါးလည်း ဖြစ်သည်။ အကြားအမြင်ပေါက်ကြောင်းလည်း သိရှိရသည်။ တန်ခိုးကြီးသော ရှင်ရသေ့ဖြစ်၍ လူ, နတ်များသာမကဘဲ နဂါး၊ ဂဠုန်တို့လည်း ကိုးကွယ်ဆည်းကပ်ခဲ့ကြလေသည်။ အထူးသဖြင့် နဂါးညီနောင်နှစ်ဦးမှာ ရှင်ရသေ့၏ တပည့်များဖြစ်ကြသည်။ သူတို့၏ ဆရာရသေ့အတွက် ဘေးအန္တရာယ်မရှိစေရန် အမြဲစောင့်ရှောက်ကာကွယ်ပေးလျက် ရှိကြသည်။

အဆိုပါ နဂါးညီနောင်တို့သည် အမျက်မာန်စောင်ကြီးကြ၏။ သူတို့၏ဆရာရသေ့အား ပြစ်မှားကျူးလွန်သူများရှိလာလျှင် ရေလွှမ်းမိုးခြင်းဖြင့် ဖျက်ဆီးတတ်ကြလေသည်။ ယင်းကိုအစွဲပြု၍ ရေလွှမ်းမိုးခြင်း၊ မုန်တိုင်းထခြင်း စသောဘေးအန္တရာယ်များ ကျရောက်လာလျှင် **"နဂါးညီနောင်နှစ်သည်"** ဟူ၍ လူတို့ပြောစမှတ်ပြုကြသည်။

ကလိင်္ဂရသေ့ကြီးသည် သူ၏တပည့် နဂါးညီနောင်တို့ကို တရားဟောပြ၍ ဆုံးမထားရလေသည်။ ဒေါသရန်ငြိုးမဖွဲ့ရန်ကိုလည်း အမြဲဆုံးမထားရ၏။

## ကောတုံကရာဇ်က နောင်တော်ကြီးနှင့် နောင်တော်လေး

ရှေးအခါက ကောတုံကရာဇ်တိုင်း (ယခု ကျောက်ဖြူနယ်မြေရှိ ဂေါဒူ (ဂေါ်တူ) အရပ်ကို ဆိုလိုသည်တွင်) ဟူ၍ တိုင်းပြည်တစ်ခုထင်ရှားရှိခဲ့သည်။ အဆိုပါတိုင်းပြည်တွင် **"မဒ္ဒရာဇ်"** အမည်ရှိသော မင်းကြီးစိုးစံအုပ်ချုပ်လျက်ရှိသည်။ ထိုမင်းကြီးတွင် သားတော်သုံးပါးထွန်းကားသည် ၎င်းတို့ကို (၁) နောင်တော်ကြီး၊ (၂) နောင်တော်လေး၊ (၃) အာဝ ဟူ၍ ခေါ်ကြသည်။

အခါတစ်ပါး၌ ခမည်းတော်မဒ္ဒရာဇ်မင်းကြီး နတ်ရွာစံသည်ရှိသော် သားတော်ကြီးဖြစ်သော **"နောင်တော်ကြီးမင်းသား"** ကို ထီးနန်းအရိပ်အရာအပ်နှင်းကြလေသည်။ ညီတော်အလတ်ဖြစ်သူ **"နောင်တော်လေး"** ကိုတော့ **"အိမ်ရှေ့စံ"** အဖြစ် အပ်နှင်းကာ၊ ညီတော်အငယ်ဖြစ်သော **"အာဝမင်းသား"** ကိုတော့ စစ်သူကြီးရာထူးခန့်အပ်ကာ တိုင်းပြည်ကို အေးချမ်းသာယာစွာ အုပ်ချုပ်ခဲ့ကြလေသည်။

ကောတုံကရာဇ် တိုင်းပြည်ကို ညီနောင်သုံးဦး မင်းလုပ်အုပ်ချုပ်နေစဉ် နောင်တော်ကြီးမင်းသည် အရညဝါသီတောရပ်ကို မှီလိုသော ဆန္ဒအာသီသပြင်းပြစွာ ဖြစ်ပေါ်လာခဲ့သည်။ ထိုအခါ ညီတော်အလတ်ဖြစ်သော **"အိမ်ရှေ့မင်းသားနောင်တော်လေး"** ကို ဆုံးမဩဝါဒပေးပြီး ၊ ထီးနန်းအပ်နှင်းတော်မူကာ နောင်တော်ကြီးမင်းသည် တောအရပ်သို့ ထွက်ခွာသွားတော်မူလေသည်။

ဤကဲ့သို့ နောင်တော်ကြီးမင်း တောထွက်တော်မူရာ နှစ်အတန်ကြာညောင်းလေသော်၊ ထီးနန်းစိုးစံလျက်ရှိသော **"နောင်တော်လေးမင်း"** သည်လည်း **"နောင်တော်ကြီးမင်း"** ကဲ့သို့ အရညဝါသီတောရပ်ကို မှီလိုသဖြင့် ညီတော်အငယ်ဆုံး **"အာဝမင်းသား"** ကို ထီးနန်းအရိပ်အရာလွှဲအပ်တော်မူကာ တောထွက်တော်မူခဲ့လေသည်။

နောင်တော်လေးမင်းသည် နောင်တော်ကြီးမင်း ရှိတော်မူနိုင်မည့် အရပ်ဘက်သို့ လိုက်တော်မူကာ ရှာဖွေလေသော် တိုင်းပြည်နှင့် အလွန်ဝေးသော တောင်တန်းတစ်ခုတွင် တွေ့ဆုံကြလေသည်။ နောင်တော်လေးမင်းသည် တိုင်းရေးပြည်ရာအဖြာဖြာကို ပြောပြပြီးနောက် မိမိသည်လည်း နောင်တော်ကြီးနှင့်အတူ တရားအားထုတ်လျက် နေထိုင်လိုပါကြောင်း ခွင့်ပန်လျှောက်ထားလေသည်။

နောင်တော်ကြီးမင်းသည် ညီတော်ဖြစ်သောနောင်တော်လေးမင်း၏ လျှောက်ထားချက်ကို လက်ခံတော်မူကာ နောင်တော်ကြီးက **"ငါ့ညီတော် ၊ သင်တရားမွေ့အားထုတ်လိုပါလျှင် ဟိုဘက်တောင်တန်းမှာ နေလေတော့"** ဟု ညွှန်ပြလိုက်လေသည်။ နောင်တော်လေးမင်းသည်လည်း အစ်ကိုနောင်တော်ကြီး ညွှန်ပြသည့်အတိုင်း ကြွရောက်ကာ တရားမွေ့အားထုတ်၍ နေလေတော့သည်။ ညီနောင်နှစ်ဦးတို့သည် ကိုယ်စီကိုယ်စီ မိမိတို့နေရာအရပ်၌ပင်လျှင် တရားမွေ့အားထုတ်လျက် အသက်ထက်ဆုံးနေထိုင်သွားကြလေသည်။

ညီနောင်နှစ်ဦးနေထိုင်ရာအရပ်သည် ရမ်းဗြဲကျွန်း၏ မြောက်ဘက်အရပ်ဖြစ်ပြီး၊ ယခုအခါ ပင်လယ်ထဲ၌ရှိကြောင်း အဆိုရှိလေသည်။ ထိုနေရာအရပ်ကို **"နောင်တော်ကြီးတောင်နှင့် နောင်တော်လေးတောင်"** ဟူ၍ ယနေ့ထက်တိုင် လူတို့ ခေါ်ဝေါ်လျက် ရှိနေကြလေသည်။

ဤကား ကောတုံကရာဇ်တိုင်းပြည်နှင့်ပတ်သက်၍ ရှေးက ထိုအရပ်၌ ဤကဲ့သို့ရှိခဲ့ဖူး၊ ဖြစ်ခဲ့ဖူးသည်ကို သိရှိနိုင်ကြစေရန် ရှေးဟောင်းရာဇဝင်သမိုင်းဖြစ်ရပ်ကို မှတ်သားဖွယ်ရာအနေဖြင့် ရေးသားတင်ပြလိုက်ရပေသည်။

**အောင်မြသာစည်**

## ကောတုံကရာဇ်တိုင်းပြည် ပျက်စီးရခြင်းအကြောင်း

အခါတစ်ပါး၌ ကောတုံကရာဇ်မင်းသည် ကလိင်္ဂရသေ့အား အထင်မှားသော ဖြစ်ရပ်တစ်ခုပေါ်ပေါက်ခဲ့သည်။ ထိုမင်းသည် မိမိတိုင်းပြည်ရှိ ပန်းချီဆရာတစ်ဦးအား **"မိမိ၏မိဖုရားပုံကို တူစွာ ရေးဆွဲရမည်ဟု"** ခိုင်းစေခဲ့သည်။ ပန်းချီဆရာလည်း လက်ရာကို ပြောင်မြောက်စွာ ရေးဆွဲပေးခဲ့လေသည်။ မင်းကြီးသည် မိဖုရား၏ ပုံတူပန်းချီကို မတူဟုဆိုကာ အကြိမ်ကြိမ်ဖယ်ရှားခဲ့လေသည်။ ထိုအခါ ပန်းချီဆရာသည် တန်ခိုးကြီးလှသော ဆရာရသေ့ကြီးထံ၌ အကြံဉာဏ်များတောင်းခံရတော့၏။ ရသေ့ကြီးညွှန်ကြားချက်အတိုင်း ရေးဆွဲပြီး ဆက်သသည့်အခါမှ မင်းက လက်ခံလေသည်။

ထိုအခါ မင်းကြီးက ပန်းချီဆရာအား **"မိဖုရား၏ ခါး၌ရှိသော မှဲ့ရှင်ကို အဘယ်ကဲ့သို့ သိရှိရသဖြင့် ထည့်ဘိသနည်း"** ဟု မေး၏ ။ ပန်းချီဆရာက **"ကလိင်္ဂရသေ့ကြီး ပြောပြချက်အရ ထည့်ရပါသည်"** ဟု မကွယ်မဝှက် လျှောက်ထားလေ၏ ။ မင်းကြီးလည်း **"ရသေ့ကြီးသည် ငါ၏မိဖုရားနှင့် ပြစ်မှားဘူးလေရာ၏"** ဟု သံသယဖြစ်လေတော့၏။ ထို့ကြောင့် ရသေ့ကြီးကိုသတ်ရန် အမိန့်ချမှတ်လိုက်လေသည်။

ရသေ့ကြီးလည်း မိမိအားသတ်ရန် ဘုရင်က အမိန့်ချမှတ်လိုက်သည်ကို သိရှိရသဖြင့် မိမိသီတင်းသုံးနေထိုင်ရာ ကျောင်းသခ်မ်းကို ကန်ကျောက်ပြီးမှ သင့်တော်မည့်တောင်တစ်ခုသို့ ပြောင်းရွှေ့ကာ ရှောင်ရှားနေလေသည်။ ရသေ့ကြီး ကန်ကျောက်ချခဲ့ရာကို **"ရသေ့ကျောက်"** ဟူ၍ တွင်ခဲ့လေ၏။ ရသေ့ကြီးအဝတ်လျှော်စဉ် ဆေးဖန်ရည်အနီရောင်များ ကျရောက်ခဲ့ရာအရပ်ကို **"ကျောက်နီမော်"** ဟု ယနေ့တိုင် ခေါ်ဆိုလျက်ရှိတော့သည်။

နဂါးညီနောင်တို့သည် ဆရာရသေ့ကြီးထံသို့ ဖူးမြော်ရန်လာကြစဉ် မတွေ့ကြရဘဲ ရှိလေ၏။ ထိုအခါ နဂါးညီနောင်တို့သည် **"ငါတို့ဆရာရသေ့တော့ မသေတန်ရာ"** ဟုဆိုကာ ရှာဖွေကြလေ၏။ ရေအောက်၊ မြေအောက် ကိုပါ ဖောက်ထွင်းလျက် ရှိနိုင်မည်ထင်သည့်နေရာများကို လှည့်လည်ရှာဖွေခဲ့ကြရာ ရခိုင်ပြည်တောင်ပိုင်း အနှံ့အပြား ရောက်ရှိခဲ့ကြသည်ဟု ဆိုပါသည်။

နဂါးညီနောင်တို့သည် သွားလာရှာဖွေခဲ့သည့် နေရာအရပ်တိုင်းတွင် မြစ်ချောင်း၊ အပေါက်၊ အကွေ့များ ဖြစ်ထွန်းကျန်ရစ်လေတော့၏ ။ ထိုသို့ရှာဖွေခဲ့မှုကို အစွဲပြု၍ **"တန်းလွဲပေါက်သုံးဆယ်၊ တောင်ကုတ်ပေါက်သုံးဆယ်"** ဖြစ်ခဲ့ရကြောင်းကို စကားစဉ်ဆက် လူတို့ပြောဆိုနေကြခြင်းဖြစ်သည်။ နဂါးညီနောင်တို့သည် သံတွဲနယ်ဘက်တွင်လည်း ရှာဖွေခဲ့ကြသဖြင့် ချောင်းပေါက်များစွာ ကျန်ခဲ့တော့၏။ ယင်းချောင်းပေါက်များကို ရခိုင်စကားဖြင့် **"ပြွန်"** ဟု ခေါ်ဆိုလျက် ရှိကြသည်။

ကလိင်္ဂရသေ့ကြီးသည် သူ၏တပည့်များဖြစ်သော နဂါးညီနောင်တို့ မြင်သာသော (တစ်နည်း) မြင်၍ မတိမ်သော တောင်တွင် ရောက်ရှိနေထိုင်နေခြင်း ဖြစ်သည်။ ယင်းတောင်ကို ယနေ့တိုင် **"မြင်မတိမ်တောင်"** ဟု လူတို့ခေါ်တွင်လျက် ရှိကြသည်။

ရခိုင်ပြည်တောင်ပိုင်းတွင် **"မြင်မတိမ်, ကလိင်, ဂေါ့"** ဟူ၍ ဆိုရိုးစကားတစ်ခုရှိနေသည်။ အဓိပ္ပါယ်မှာ မြင်မတိမ် တောင်၊ ကလိင်တောင်နှင့် ဂေါ့တောင် ဟူသော တောင်သုံးတောင်ကို ဆိုလိုခြင်း ဖြစ်သည်။ ပင်လယ်ခရီးသွားများအတွက် ရေကြောင်းပြမှတ်တိုင်သဖွယ်ဖြစ်ခြင်းကြောင့် အလွန်လူသိများပြီး ထင်ရှားသော တောင်များဖြစ်ကြ၏။

ထိုတောင် သုံးတောင်တို့တွင် **"မြင်မတိမ်တောင်"** မှာ အမ်းမြို့နယ်၊ အမ်းချောင်းဖျားအရပ်တွင် ရှိသည်။ **"ကလိင်တောင်"** မှာ တောင်ကုတ်မြို့နယ်၊ တောင်ကုတ်ချောင်းအဝတွင် ရှိပြီး၊ **"ဂေါ့တောင်"** မှာ သံတွဲမြို့နယ်၊ ဂေါ့ရွာ အနီးတွင်ရှိသည်။

နဂါးညီနောင်တို့သည် ဆရာရသေ့ကြီးကို ဖူးမြင်ရလျှင် အကြောင်းစုံကို သိရအောင် မေးမြန်းလျှောက်ထား ကြလေ၏။ ရသေ့ကြီးကအသက်အန္တရာယ်ကြောင့် ပုန်းရှောင်လာရကြောင်း ပြောပြလေ၏။ ထိုအခါ နဂါးညီနောင် တို့သည် အမျက်ဒေါသကြီးစွာထွက်လျက် ကောတုံကရာဇ်တိုင်းပြည်ကို ရေလွှမ်းမိုးကာ ဖျက်ဆီးလိုက်ကြလေတော့၏။ ထိုအခါမှစ၍ ကောတုံကရာဇ်တိုင်းပြည်သည် မင်းနှင့်တကွ တိုင်းသူပြည်သားများပါ ပျက်စီးခြင်းသို့ ရောက်ခဲ့ကြရ လေတော့၏။

နဂါးညီနောင်ဖျက်ဆီးသဖြင့် ပျက်စီးသွားခဲ့ရသော **"ကောတုံကရာဇ်"** တိုင်းဆိုသည်မှာ ယခု ကျောက်ဖြူမြို့ အနီးရှိ **"ဂေါ်ဒူအရပ်"** ဖြစ်ကြောင်း ရခိုင်လူမျိုးတို့ စကားစဉ်ဆက်ပြောစမှတ်ပြုလာခဲ့ကြခြင်း ဖြစ်သည်။

**"ပျက်စီးဆုံးရှုံးသွားချင်သလား"** (သို့မဟုတ်) **"ပျက်စီးဆုံးရှုံးသွားမှု"** ကို ရခိုင်လူမျိုးတို့က **"ဂေါ်ဒူပြန်လား မယ်"** (သို့မဟုတ်) **"ဂေါ်ဒူပြန်လားယာ"** ဟူသော စကားအသုံးအနှုန်းဖြင့် ပြောဆိုတတ်ကြပါသည်။ ယင်းစကားသည် ပင်လျှင် ကောတုံကရာဇ်တိုင်းပြည်ပျက်စီးမှုနှင့် ဆက်စပ်ပတ်သက်နေသော စကားများလားဆိုသည်မှာ စဉ်းစားစရာ ဖြစ်ခဲ့ရပါသည်။

အထက်ဖော်ပြပါ အမိုင်းဖြစ်ရပ်မှာ အလွန်ကြာမြင့်သော အချိန်အခါကာလက ဖြစ်နေပါသဖြင့် **"ဒဏ္ဍာရီ ပုံပြင်ဆန်သည်"** ဟု ထင်မှတ်ကောင်း ထင်မှတ်ကြပါလိမ့်မည်။ သို့သော် ရခိုင်ပြည်တောင်ပိုင်းသားတို့အနေဖြင့် အဆိုပါသမိုင်းဖြစ်ရပ်ကို အမှန်တကယ်ဖြစ်ပျက်ခဲ့သော သမိုင်းဖြစ်ရပ်တစ်ခုအနေဖြင့် **"သက်ကြီးစကား-သက်ငယ်ကြား"** မှတ်သားလာခဲ့ကြရပါသည်။ ယင်းကို **"မဖြစ်နိုင်ပါ"** ဟူ၍ မည်သူအထောက်အထားဖြင့် ငြင်းဆိုနိုင်ပါအံ့နည်း။ ။

**ဒွါရာဝတီ- အသျှင်ကုသလ**

(ကျမ်းကိုးစာရင်း)

(၁) မဟာပညာကျော်လျှောက်ထုံး ။ ။ အသျှင်ကဝိသာရမထေရ်။

(၂) ကလိင်တောင်ပုံပြင် ။ ။ တောင်ကုတ်သာခေါင်။
ဒွါရာဝတီမဂ္ဂဇင်း၊ အမှတ် (၁)၊ ၁၉၇၉ မေလ။

(၃) ကံကော်တောဘုရားသမိုင်း ။

(၅) သက်ကြီးဝါကြီးတို့ပြောပြချက် ။

## ဒွါရာဝတီက မဟာထူပါရာမစေတီသမိုင်းမော်ကွန်း


သံတွဲမိဖုရား၊ သံတွဲဘုရင်မ၊ သံတွဲသူစာဆို စောယဉ်မိသည် လေးမြို့ခေတ် သာသနာသက္ကရာဇ်-၁၉၆၄-ခု၊ ရခိုင်ကောဇာ-၇၈၂-ခု (အေဒီ-၁၄၂၀) ခန့်တွင် **“ရွှေစေတီ”** အမည်ရှိသော ဤစေတီတော်ကို တည်ထားပူဇော်ခဲ့ပါသည်။ မူလက ဤစေတီတော်ကို ကင်းမော်ရွာဦးရှိ၊ သက်တော်ရှည်တောင်ကုန်းပေါ်တွင် တည်ထားရန် အစီအစဉ်ရှိခဲ့သည်။ အကြောင်းမညီညွတ်သဖြင့် ယခုလက်ရှိနေရာသို့ ပြောင်းရွှေ့ကာ တည်ထားခဲ့ခြင်း ဖြစ်သည်။ ရှေးကျသော စေတီတော်တစ်ဆူဖြစ်၍ သမိုင်းတန်ဖိုးကြီးမြတ်လှဘိ၏။ **“စေတီ”** ကို ရခိုင်စကားဖြင့် **“ဇာဒီ”** ဟုခေါ်ပါသည်။ နောင်အခါ ထိုဇာဒီကို အကြောင်းပြု၍ ဇာဒီ၏အပြင်ဘက်အရပ်၌ တည်ရှိသော ရွာကိုလည်း **“ဇာဒီပြင်ရွာ”** ဟုခေါ်တွင်လျက်ရှိသည်။ စေတီတော်မှာ ခေတ်ကာလကြာမြင့်ခဲ့သဖြင့် ပျက်စီးယိုယွင်းနေခဲ့ရာ လက်ပံစုဆရာတော် **“ဘဒ္ဒန္တသူရိန္ဒာဘိဝံသ”** က သီရိလင်္ကာနိုင်ငံ (သီဟိုဠ်ကျွန်း) မှ ယူဆောင်လာခဲ့သော **“မဟာစေတီ”** ပုံတော်အတိုင်း ကောဇာ-၁၂၉၀-ခု (အေဒီ-၁၉၂၈) တွင် ဒုတိယအကြိမ် ထပ်မံတည်ထားပူဇော်ခဲ့ပါသည်။ အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ စေတီတော်မှာ ထပ်မံပျက်စီးခဲ့ပြန်ရာ အလိုတော်ပြည့်ဆရာတော် ဘဒ္ဒန္တအရိယဝံသ၏ဩဝါဒကို ခံယူ၍ ကင်းမော်ရွာနေ သခင်ကျော်သိန်း+ဒေါ်အေးသိန်းမိသားစု၊ ဦးမြင့်လှိုင်+ဒေါ်အေးမွန်ထွေးမိသားစု၊ ဦးအောင်ခိုင်+ဒေါ်မိုးသီတာမိသားစုတို့၏ မ,တည်လှူဒါန်းငွေဖြင့် ခ. ယ. က ဥက္ကဋ္ဌ၊ ဒု-ဗိုလ်မှူးကြီးခင်မောင်သန်း။ မ. ယ. က ဥက္ကဋ္ဌ၊ ဦးအောင်ကျော်ဇံတို့က ကြီးကြပ်





ကွပ်ကဲပြီး ၁၃၆၂-ခု၊ ပြာသိုလဆန်း (၁) ရက်၊ (၄. ၁. ၂၀၀၁) နေ့တွင် စေတီတော်ဖြစ်မြောက်ရေးကော်မတီကို ကင်းမော်နှင့် လက်ပံစုကျေးရွာအုပ်စုများကို အခြေခံထား၍ ဖွဲ့စည်းခဲ့ကြပါသည်။ စေတီတော်ကို သီရိလင်္ကာနိုင်ငံက မဟာစေတီပုံတော်အတိုင်း **"မဟာထူပါရာမစေတီတော်"** ဟု အမည်ပေးလျက်၊ ၁၃၆၂-ခု၊ ပြာသိုလဆုတ် (၃) ရက်၊ (၁၁. ၁. ၂၀၀၁) နေ့တွင် အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို ကျင်းပခဲ့ကြပါသည်။ စေတနာရှင်အသီးသီးတို့၏ လှူဒါန်းငွေများဖြင့် တည်ထားပူဇော်ခဲ့ကြရာ၊ ၁၃၆၂-ခု၊ တပေါင်းလပြည့်ကျော် (၁၄) ရက်၊ (၂၂. ၃. ၂၀၀၁) နေ့တွင် ဌာပနာသွင်းလှူပွဲနှင့် ထီးတော်တင်ပွဲကို ပင့်သံဃာ (၂၇) ပါးဖြင့် အနေကဇာတင်လျက် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြပါသည်။ စေတီတော်၏ စိန်ဖူးတော်နှင့် ထီးတော်အလှူကို ဒေါက်တာခင်ဇော်ရှိန်+ဒေါ်ကြည်သိန်းကျော်မိသားစု။ ဦးမြင့်လှိုင်+ဒေါ်အေးမွန်ထွေးမိသားစုတို့က လှူဒါန်းခဲ့ကြပြီး၊ ဦးထွန်းဖြူ+ဒေါ်မြင့်သိန်းမိသားစုတို့က ဆင်းတုတော်တစ်ဆူ။ ဦးမြင့်လှိုင်+ဒေါ်အေးမွန်ထွေးမိသားစုတို့က ဆင်းတုတော်တစ်ဆူ။ စေတီတော်ဂေါပကအဖွဲ့က ဆင်းတုတော်နှစ်ဆူ။ ဒု-ဗိုလ်မှူးကြီးခင်မောင်သန်းမိသားစုတို့က ရွှေဟင်္သာထိပ်စီးတံခွန်တိုင်တစ်ခု။ ဦးတင်အောင်+ဒေါ်မြမြမိသားစုတို့က ကြေးခေါင်းလောင်းတစ်လုံး စသည်တို့ကို အသီးသီးလှူဒါန်းခဲ့ကြပါသည်။ ၃၀. ၃. ၂၀၁၆ နေ့တွင် ဇာဒီပြင်ရွာဇာတိ ဦးခင်မောင်လွင်+ဒေါ်ဘေဘီတင်မိသားစု Satt Thwar Phoo Trading Co.,Ltd. ရန်ကုန်မြို့တို့က စေတီတော်ရင်ပြင်ကို ကြွေပြားခင်းခြင်း၊ ရေကန်လှူဒါန်းခြင်း၊ ဇရပ်ပြုပြင်လှူဒါန်းခြင်း၊ စေတီသမိုင်းမော်ကွန်းရေးထိုးလှူဒါန်းခြင်း စသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်လှူဒါန်းခဲ့ကြပါသည်။ ဤကုသိုလ်ကောင်းမှုအစုစုတို့ကို နတ်၊ လူ သာဓုခေါ်ဆိုနိုင်ကြစေရန် ကမ္ဗည်းမော်ကွန်းရေးထိုး၍ မှတ်တမ်းတင်အပ်ပါသည်။

**ဒွါရာဝတီ-အသျှင်ကုသလ**




(ကိုးကားချက်)

၁။ မဟာထူပါရာမစေတီတော် ။ ။ မောင်ထွေး (တောင်ကုတ်)
ဒွါရာဝတီမဂ္ဂဇင်း-အမှတ် (၇)
၂၀၁၆-ခု။

၂။ ဒွါရာဝတီ-အသျှင်ကုသလမှတ်စု။

အောင်မြေသာစည်



A. ... ၀.၄၇ ဧက

B. ... ၀.၇၀ ဧက
... (၀.၄၇) ဧက

## ရခိုင်တို့၏ ဒွါရာဝတီက ကမ္ဘာကျော်ပေလီ

ရခိုင်တို့၏ ဒွါရာဝတီက **"ပေလီ"** သည် အမှန်ပင် ကမ္ဘာကျော်အောင် ထင်ရှားလျက်ရှိသော **"ကမ္ဘာကျော် ပေလီ"** ပင်ဖြစ်ပါသည်။ ရှေးခေတ်ရခိုင်ရာဇဝင်သမိုင်းတို့၌ ပေလီဟူသော အမည်နာမသည် မရှိခဲ့။ ရခိုင်ပြည်သည် အေဒီ ၁၇၈၄ တွင် ဗဒုံမင်း၏လက်အောက်သို့ ကျရောက်ခဲ့ရပြီး၊ အေဒီ ၁၈၂၄ အထိ နှစ်ပေါင်း (၄၀) ကာလ တိုင်အောင်လည်း ပေလီသည် ထင်ရှားသော အနေအထားသို့ မရောက်ရှိခဲ့သေး။ ရှိခဲ့မည်ဆိုပါကလည်း သာမန်တံငါရွာ ကလေးတစ်ရွာမျှသာ ရှိပါလိမ့်မည်။ သည်ထက်မပိုနိုင်။

အင်္ဂလိပ် ၊ မြန်မာ ပထမစစ်ပွဲသည် အေဒီ - ၁၈၂၄ - ၂၅ တွင် ဖြစ်ပွားခဲ့၏။ ထိုစစ်ပွဲတွင် ရခိုင်နှင့် တနင်္သာရီသည် အင်္ဂလိပ်တို့၏ လက်အောက်သို့ ကျရောက်ခဲ့ရ၏။ အေဒီ ၁၈၂၆ တွင် ရန္တပိုစာချုပ်ဖြင့် အင်္ဂလိပ်၊ မြန်မာပထမစစ်ပွဲကို ပြေငြိမ်းစေခဲ့ပါသည်။

ရခိုင်ကို အင်္ဂလိပ်တို့ အုပ်ချုပ်နေစဉ်ကာလအတွင်း ဥရောပသားအရာရှိတို့သည်လည်း ဒွါရာဝတီ - သံတွဲ နယ်မြေဒေသသို့ ရောက်ရှိလာခဲ့ကြ၏။ ထိုအခါ ဥရောပသားအရာရှိတို့သည် သူတို့ဥရောပတွင်ရှိသော **"နေပယ်လ်"** ကမ်းခြေစခန်းကဲ့သို့ အလွန်တရာသာယာလှပသော ကမ်းခြေတစ်ခုကို တွေ့ရှိရသဖြင့် **"နေပယ်လ်"** ဟု တင်စားခေါ်ဝေါ် ခဲ့ကြရာမှ အင်္ဂလိပ်အသံထွက်အတိုင်း မပြောတတ်သော ဒေသခံများက **"နေပလီ + ပေလီ"** စသည်ဖြင့် အမည်ပြောင်းလဲ ခေါ်တွင်လာခဲ့ကြောင်း သိမှတ်ရပါသည်။

ပင်လယ်ကမ်းခြေအပန်းဖြေသော အလေ့အထသည် ဥရောပတိုက်သား အင်္ဂလိပ်လူမျိုး စသည်တို့၏ ဓလေ့ (ထုံးစံ) တစ်ခုဖြစ်ပါသည်။ ယနေ့တိုင် ထိုလူမျိုးတို့၏ ဓလေ့ (ထုံးစံ) ကို ထင်ထင်ရှားရှား တွေ့မြင်နိုင်ပါသည်။

ထိုလူမျိုးတို့သည် မိမိတို့နိုင်ငံတွင်သာမက နိုင်ငံရပ်ခြားတိုင်းတစ်ပါးသို့လည်း သွားရောက်ကာ အပန်းဖြေ လေ့ရှိကြ၏ ။ ဒေသန္တရဗဟုသုတကို ရှာမှီးရင်းကမ္ဘာကို လှည့်ပတ်သွားလာနေကြသည်မှာလည်း ထိုလူမျိုးတို့ပင် အများဆုံး ဖြစ်ပါသည်။ နောင်သောအခါ၌ မြန်မာနိုင်ငံသားတို့သည် ဥရောပတိုက်သားတို့၏ အလေ့အထကို အတုယူကာ ပင်လယ်ကမ်းခြေအပန်းဖြေသော အစဉ်အလာရှိခဲ့ ကြသည်ဟုဆိုလျှင် ထိုစကားသည် ပိုမည်မထင်ပါ။

ယခုအခါ စနေ၊ တနင်္ဂနွေ အားလပ်ရက်များတွင် **"ပစ်ကနစ်"** ထွက်ကာ အပန်းဖြေအနားယူသော အလေ့အထ သည်လည်း ဥရောပတိုက်သားတို့၏ အလေ့အထပင်ဖြစ်ကြောင်း သိမှတ်သင့်ပါသည်။

အင်္ဂလိပ်လူမျိုးတို့သည် ရခိုင်ပြည်ကို နှစ်ပေါင်း ၁၂၄ နှစ်တိုင်တိုင် အုပ်ချုပ်ကြ၏။ ထိုအခါ ပေလီကမ်းခြေ သည်လည်း သူတို့၏ ပစ်ကနစ်ထွက်ရာ, အပန်းဖြေစရာ ကမ်းခြေတစ်ခုအနေဖြင့် နာမည်ရလာခဲ့ရခြင်း ဖြစ်ပါသည်။

လွတ်လပ်ရေးရပြီးနောက် ခရစ် ၁၉၆၂ ခုနှစ်တွင် ပေလီအကြောင်းကို **"ဂါဒီယံသတင်းစာ"** ၌ ဆောင်းပါး ရေးသားခဲ့ကြရာ ပို၍လူသိများလာခဲ့ရပြန်သည်။ စာရေးဆရာမ **"ဒေါ်ဗဂုန်ခင်ခင်လေး"** သည်လည်း ပေလီကမ်းခြေတွင် တည်းခိုရိပ်သာတစ်ခုလာရောက်တည်ဆောက်ခဲ့၏။ ပြီးလျှင် ပေလီကမ်းခြေ၏ သာယာလှပပုံကို သူမ၏ကလောင်စွမ်းဖြင့် ဖော်ကြူးရေးသားခဲ့ရာ ပေလီကမ်းခြေမှာ လူတို့၏ အာရုံစိုက်မှုကို ပို၍ ရရှိခဲ့ပြန်ပါသည်။

ဤကဲ့သို့ နာမည်ရလာသည်နှင့်အမျှ ပို၍ထင်ရှားကျော်ကြား လူသိများသွားခဲ့ရခြင်းမှာ သံတွဲဇာတိဖွား **"မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်ဦးကျော်ရင်"** ၏ စွမ်းဆောင်ချက်လည်း အဓိကပါဝင်နေပါသည်။

၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတက္ကသိုလ်လူရည်ချွန်များ အပန်းဖြေရန်အတွက် စခန်းမှူးတာဝန်ကို ပါမောက္ခချုပ် ဦးကျော်ရင်က တာဝန်ယူရ၏ ။ ၎င်းနှစ်အပန်းဖြေမည့်နေရာကို ပါမောက္ခချုပ်ဦးကျော်ရင်က ငပလီကမ်းခြေရွှေဝါချိုင် စခန်းကို အကြံပြုတင်ပြခဲ့ရာ အားလုံးက သဘောတူညီခဲ့ကြ၏။ တက္ကသိုလ်လူရည်ချွန်များ အပန်းဖြေနေစဉ်ကာလ အတွင်း ကျွေးမွေးရေးကအစ အားလုံးကို ပါမောက္ခချုပ်ဦးကျော်ရင်၏ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့က တာဝန်ယူခဲ့ကြ ပါသည်။ ၎င်းနှစ် တက္ကသိုလ်လူရည်ချွန်များအနေဖြင့် ငပလီကမ်းခြေရွှေဝါချိုင်စခန်း၌ အပန်းဖြေခြင်းသည် ငပလီ ကမ်းခြေအတွက် ပထမဦးဆုံးအကြိမ်ပင် ဖြစ်ပါသည်။

၁၉၆၆ ခုနှစ်၊ ဧပြီလ (၃) ရက် ၊ တနင်္ဂနွေနေ့သည် ငပလီရွှေဝါချိုင်အပန်းဖြေစခန်း ဖွင့်လှစ်သောနေ့ဖြစ်၏။ ယင်းဖွင့်လှစ်ပွဲကို စခန်းမှူးဘဝဖြင့် ပါမောက္ခချုပ်ဦးကျော်ရင် မရောက်ရှိမပါဝင်နိုင်ခဲ့တော့ပါ။ အဘယ်ကြောင့်ဆိုသော် ယင်းနေ့သည် ပါမောက္ခချုပ် ဦးကျော်ရင်ကို သင်္ဂြိုဟ်မည့်နေ့ ဖြစ်နေသောကြောင့်တည်း။ ပါမောက္ခချုပ်ဦးကျော်ရင်သည် ၁၉၆၆ ခု၊ မတ်လ (၃၀) ရက်၊ ဗုဒ္ဓဟူးနေ့၊ ညနေ ၅ နာရီ၊ မိနစ် ၅၀ တွင် ကွယ်လွန်သွားခဲ့ခြင်း ဖြစ်ပါသည်။

ပါမောက္ခချုပ်ဦးကျော်ရင် တာဝန်ယူကာ စတင်စွမ်းဆောင်ပြလိုက်သော ငပလီကမ်းခြေ အပန်းဖြေစခန်းသည် တစ်ဟုန်ထိုးနာမည်ကြီးခဲ့ရ၏ ။ နိုင်ငံတော်အစိုးရကလည်း ပုံစံတူလှပသော အဆောက်အဦးတို့ဖြင့် ခန့်ငြားထည်ဝါစွာ တည်ဆောက်ပေးခဲ့ပါသည်။ ပြည်တွင်းပြည်ပဧည့်သည်များလည်း ပျားပန်းခပ်မျှ ရောက်ရှိလာခဲ့ကြပါတော့သည်။

ငပလီကမ်းခြေသည် ဒွါရာဝတီ - သံတွဲမြို့နှင့် ၅ မိုင်ခန့် ကွာဝေးပါသည်။ ယင်းကမ်းခြေတစ်လျှောက်တွင်ရှိသော ကျေးရွာများမှာ ဂေါ့၊ စပါးကြီး၊ မို့ဟင်းပြင်၊ မဇင်၊ ဇီးဖြူကုန်း၊ ငပလီ၊ ဝါးတောင်ကွင်း၊ လင်းသာ၊ မြပြင်၊ ဂျိတ္တော စသည်ဖြင့် (၁၀) ရွာခန့်ရှိပါသည်။

ငပလီကမ်းခြေ၏ ထူးခြားချက်များမှာ ကမ်းခြေပြန့်ပြူးသာယာခြင်း၊ သဲများဖြူဖွေးခြင်း၊ ငါးမန်း၊ လိပ်ကျောက်၊ ရေတန်းစသော အန္တရာယ်များ မရှိခြင်း၊ နေဝင်ချိန်ဆည်းဆာအလှကို ရင်သပ်ရှုမောဖွယ် တွေ့မြင်ရခြင်း၊ လတ်ဆတ်သော သားငါး၊ ဟင်းသီးဟင်းရွက်၊ အသီးအနှံများပေါများခြင်း၊ ကမ်းခြေတစ်လျှောက် စိမ်းလန်းစိုပြေသော အုန်းပင်၊ ပလင်ပင်၊ ပုန်းညက်ပင်၊ ဇန်ဒါပင် စသော သစ်ပင်တို့ဖြင့် အရိပ်အာဝါသကောင်းခြင်း စသည်တို့ဖြစ်ကြပါသည်။

ငပလီကမ်းခြေ အပန်းဖြေစခန်း၏ သာယာလှပပုံမြင်ကွင်းစုံကို စာရေးသူ၏ **"ငပလီဆည်းဆာ"** အမည်ရှိသော ကဗျာဖြင့်လည်း ခံစားကြည့်နိုင်ပါသည်။

**ငပလီဆည်းဆာ**

* အုန်းပင်ပျို စီတန်းလို့
သောင်ကမ်းလှ ငပလီ။
သဲဖြူဖြူ ကျောက်ဆောင်တန်း
လှိုင်းဖမ်းလို့ချီ။
ခရုက စီရရီ
နေခြည်က နုထွေး။
ငှက်မောင်နှံ တောင်ပံခတ်ပါလို့

ကမ်းစပ်မှာ ငါးပျံမြူးရှာကြ
စိတ်ကူးကိုယ်စီယဉ်တော့
ပေလီ ငွေသောင်ကမ်းမှာ
လွမ်းဆွတ်ဖွယ်လေး။
* သောင်ကမ်းခြေ လေပြည်ပက်တော့
ပလင်ခက် တဝီဝီ
တေးဆိုလို့သီ။
လှေငယ်တို့ ရွက်ကိုယ်စီ
ကမ်းဆီသို့မြန်း။
နေညိုညို ဆည်းဆာဦးမှာဖြင့်
ကြည်နူးဖွယ် အစုံစုံပေါ့
စိတ်အာရုံ ဘဝင်လန်းစေတဲ့
ကမ်းအလှဆန်း။ ။

၂၃. ၁၂. ၁၉၈၉

ပေလီကမ်းခြေကို ၂၀၁၃ ခု၊ အောက်တိုဘာလတွင် နိုင်ငံတော်အစိုးရက **"ပေလီမြို့"** အဖြစ် အတည်ပြု သတ်မှတ်ပေးခဲ့ပါသည်။ ယခုအခါ၌လည်း ပေလီကမ်းခြေသည် ခမ်းနားထည်ဝါသော ခေတ်မီဟိုတယ်ကြီးများဖြင့် အလွန်သာယာလှပသော ပင်လယ်ကမ်းခြေအပန်းဖြေမြို့တစ်မြို့အဖြစ်သို့ ရောက်ရှိနေပါတော့သည်

**ဒွါရာဝတီ - အသျှင်ကုသလ**
တြိချိုးအနုပညာမဂ္ဂဇင်း
အတွဲ(၄)၊ အမှတ်(၁) ၂၀၁၅ ခုနှစ်။

# အခန်း (၄)

# နောက်ဆက်တွဲနိဂုံး

## ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
## ဆရာတော်ဘဒ္ဒန္တကုသလ
## (ဒွါရာဝတီ–အသျှင်ကုသလ(ငွေသဇင်)၏ ထေရုပ္ပတ္တိအကျဉ်း)

ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ရွှေလေ့ရွာ၌ ခမည်းတော်ဦးသိန်းမြင့်+မယ်တော်ဒေါ်မြတင်တို့မှ ၁၃. ၂. ၁၉၆၁ ခုနှစ်၊ တနင်္လာနေ့၊ ည (၁၀) နာရီအချိန်တွင် ဖွားမြင်သည်။ မွေးချင်းငါးယောက်အနက် အငယ်ဆုံးဖြစ်ပြီး ငယ်နာမည်မှာ **"မောင်ကျော်ရှိန်"** ဖြစ်သည်။ ၁၉၆၇ ခုနှစ်မှစ၍ ပန်းချီရေးဆွဲခြင်း၌ အလွန်ဝါသနာကြီးခဲ့သည်။ ၁၉၇၀ခုနှစ်တွင် ရှင်သာမဏေဝတ်သည်။ ၁၉၇၆ခုနှစ်မှစ၍ ကဗျာများကို ရေးသားစပ်ဆိုခဲ့သည်။

သံတွဲမြို့နယ်၊ ရွှေလေ့ရွာ၊ ဇီးကျွန်းရွာ၊ ရန်ကုန်မြို့၊ မန္တလေးမြို့တို့၌ လောကီနှင့် လောကုတ္တရာစာပေများကို သင်ယူဆည်းပူးခဲ့သည်။ ၁၉၈၂ခုနှစ်တွင် အစိုးရပထမကြီးတန်းကို အောင်မြင်သည်။ ပညာရေးကို ဓမ္မာစရိယတန်းအထိ သင်ယူဆည်းပူးခဲ့သည်။ ၂၀. ၅. ၁၉၈၂ ခုနှစ်တွင် ရဟန်းဘောင်တက်ရောက်သည်။

၁၉၈၄ခုနှစ်၊ စက်တင်ဘာလထုတ် ငွေတာရီမဂ္ဂဇင်းတွင် **'ရင်းမာလှိုင်သင်း တော်သလင်း'** ဆောင်းပါး၊ ၁၉၈၅-၈၆ခုနှစ်ထုတ်၊ စစ်တွေဒီဂရီကောလိပ်မဂ္ဂဇင်းတွင် **"အောင်ပွဲပန်း"** ကဗျာတို့ဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။



စာရေးသူ၏ ခမည်းတော်နှင့် မယ်တော်




စာရေးသူနှင့် ညီအစ်ကို မောင်နှမငါးဦး



စာရေးသူကို မီးရှူးသန့်စင် ဖွားမြင်ခဲ့ရာ နေအိမ်နှင့် ခြံဝန်း



စာရေးသူ၏ ဇာတိချက်ကြွေ မွေးရပ်မြေ ရွှေလှေကျေးရွာ



စာရေးသူ ငယ်စဉ်က ပညာဆည်းပူးခဲ့ရာ ရွှေလှေစာသင်ကျောင်း

သံတွဲမြို့နယ်၊ သူငွေးချောင်း၊ မန်ကျည်းချောင်ရွာ၊ **"ဝိဇယရံသီကျောင်း"** ၌ ၁၉၈၇ ခုနှစ်မှ ၁၉၉၀ ခုနှစ် အထိ လေးနှစ်တိုင်တိုင် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ရင်း သာမဏေနှင့် ကျောင်းသားတို့အား စာပေသင်ကြား ပို့ချခဲ့ပါသည်။ ၃၁. ၅. ၁၉၉၁ ခုနှစ်တွင် သံတွဲမြို့၊ **"မြို့မဝေဠုဝန်ကျောင်းတိုက်"** ကို စာသင်တိုက်အဖြစ် ဖွင့်လှစ်၍ စာသင်သားရဟန်း၊ သာမဏေတို့အား သုံးနှစ်တိုင်တိုင် စာပေသင်ကြားပို့ချခဲ့ပါသည်။

၁၆. ၇. ၁၉၉၄ ခုနှစ်တွင် သံတွဲမြို့၊ ဒွါရာဝတီမြို့သစ်၊ မင်းဗာကြီးလမ်း၌ **"အောင်မြေသာစည် ပရိယတ္တိ စာသင်တိုက်"** ဟူသောအမည်ဖြင့် စာသင်တိုက်တည်ထောင်ဖွင့်လှစ်၍ သာသနာပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ ကြိုးစားအားထုတ်လျက် ရှိပါသည်။

၁၆-၁၂-၂၀၀၂ ခုနှစ်တွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့သော သံတွဲမြို့၊ ဒွါရာဝတီမြို့သစ်၊ မင်းဗာကြီးလမ်းရှိ **"အောင်သုခမွေ့ရိပ်သာ အောင်မြေသာစည်တရားစခန်း"** ၏ ဦးစီးပဓာနနာယက ဆရာတော်တစ်ပါးအနေဖြင့် တာဝန် ယူကာ ဆောင်ရွက်လျက် ရှိပါသည်။

သံတွဲမြို့၊ **"ဒွါရာဝတီပရိယတ္တိသာသနာနုဂ္ဂဟစာမေးပွဲ"** ၌ ပဓ္ဓကတာဝန်၊ **"အစိုးရပထမပြန်စာမေးပွဲ"** ၌ ကြီးကြပ်ရေးတာဝန်၊ တောင်ကုတ်၊ သံတွဲ၊ ဂွ ပထမပြန်စာမေးပွဲသုံးဌာန၏ အထူးကြီးကြပ်ရေးတာဝန်၊ မြို့နယ်သံဃ ဝန်ဆောင်၊ မြို့နယ်ဝိနည်းဓိုရ်၊ မြို့နယ်သံဃနာယကအဖွဲ့ဝင် (ယခင်)၊ ရခိုင်ပြည်နယ်သံဃဝန်ဆောင်၊ ရခိုင်ပြည်နယ် ဝိနည်းဓိုရ်၊ ရခိုင်ပြည်နယ် သံဃနာယကအဖွဲ့ဝင်၊ (ယခု) ရခိုင်ပြည်နယ်သံဃနာယက တွဲဘက်အကျိုးတော်ဆောင်စသော သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

၂၅. ၅. ၂၀၁၄ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော သံတွဲမြို့၊ **"မြို့နယ်ဓမ္မစကူးလ်ကော်မတီ"** တွင် အကြံပေး ဦးဆောင်နာယက ဆရာတော်တစ်ပါးအဖြစ် တာဝန်ယူကာ ယနေ့ထက်တိုင် အားပေးဆောင်ရွက်လျက် ရှိပါသည်။

ဤသို့ သာသနာတော်အကျိုးကို သည်ပိုးထမ်းရွက်မှုကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သာသနာတော်နှစ်-၂၅၅၇-ခု၊ ကောဇာသက္ကရာဇ်-၁၃၇၅ခု၊ ပြာသိုလဆန်း (၄) ရက်၊ (၄. ၁. ၂၀၁၄) နေ့တွင် **"ဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်"** ကိုဆက်ကပ်လှူဒါန်းတော်မူခဲ့ပါသည်။

ယင်းကဲ့သို့ **'ပရိယတ်၊ ပဋိပတ်'** စသော သာသနာ့တာဝန်များကို ထမ်းရွက်ရင်း၊ တစ်ဖက်မှလည်း **"ဒွါရာဝတီ- အသျှင်ကုသလ၊ ငွေသဇင်(သံတွဲ)'**စသော ကလောင်အမည်တို့ဖြင့် တိုင်းနှင့်ပြည်နယ်ထုတ် **"စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း"** များတွင် ဆောင်းပါး-စာတမ်းနှင့် ကဗျာများကို စဉ်ဆက်မပြတ်ရေးသားလျက် ရှိပါသည်။

ယခင်က မင်းရွှေစင်၊ အသျှင်ကုသလ(သူငွေးချောင်း)၊ မြို့ပျံနန်းမှ ရဟန်းစာဆို၊ သံတွဲမြို့-အောင်မြေသာစည် ဆရာတော်၊ ငွေသဇင်(ဒွါရာဝတီ) စသော ကလောင်အမည်များဖြင့်လည်းကောင်း ဆောင်းပါးနှင့် ကဗျာများကို ရေးသားခဲ့ပါသည်။

မြန်မာနိုင်ငံ **"စာပေနှင့် စာနယ်ဇင်းအဖွဲ့"** (ယခင်)၊ ယခု **"မြန်မာနိုင်ငံစာရေးဆရာအသင်း"** တွင် အဖွဲ့ဝင် စာရေးဆရာတစ်ဦးဖြစ်ပြီး အဖွဲ့ဝင်အမှတ်မှာ **"၇၆၅၄"** ဖြစ်ပါသည်။ သံတွဲမြို့နယ်၊ **"စာပေနှင့်စာနယ်ဇင်းအဖွဲ့"** (ယခင်)၊ ယခု **"မြန်မာနိုင်ငံစာရေးဆရာအသင်း (သံတွဲ)"** တွင် နာယကတာဝန်၊ ရခိုင်ပြည်နယ် **"တန်းခိုးဆရာတွန်း စာပေဆုချီးမြှင့်ပွဲ ကျင်းပရေးကော်မတီ"** တွင် နာယကတာဝန်တို့ကိုယူလျက် လူသားအကျိုးပြုလုပ်ငန်းများကို အားပေး ဆောင်ရွက်လျက် ရှိပါသည်။ သံတွဲမြို့နယ်ထုတ် **"ဒွါရာဝတီမဂ္ဂဇင်း"** တွင် အမှတ်(၃)မှစ၍ **"စာတည်းချုပ်တာဝန်"**၊

**"တြိချိုးအနုပညာမဂ္ဂဇင်း"** တွင်၊ အတွဲ(၄)၊ အမှတ်(၁) မှစ၍ **"စာတည်းချုပ်တာဝန်"** တို့ကိုယူလျက် မြို့နယ်စာပေလုပ်ငန်းများကို တစ်တပ်တစ်အား သည်ပိုးဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၂-ခု၊ စက်တင်ဘာလ ၂၅၊ ၂၆ နေ့ရက်များတွင် **"ရခိုင်ဒေသလူထုအစည်းအဝေး (ရသေ့တောင်ညီလာခံ)"** ကျင်းပရေးကော်မတီမှ ကျင်းပပြုလုပ်သော ရခိုင်ဒေသ လူထုအစည်းအဝေးကြီး၏ တောင်းဆိုချက်၊ ကန့်ကွက်ချက်၊ အကြံပြုချက်များ ပြုစုရေး (၉) ဦးကော်မတီတွင် **"အဖွဲ့ခေါင်းဆောင်"** အနေဖြင့် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ရခိုင်ပြည်နယ်အစိုးရ၏ အစီအစဉ်အရ ၂၀၁၃-ခု၊ စာသင်နှစ်အတွက် **"ရခိုင်စာသင်ရိုးညွှန်းတမ်းပြုစုရေးအဖွဲ့"** တွင် **"အဖွဲ့ဝင်တစ်ဦး"** အနေဖြင့် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၄-ခု၊ ဧပြီလ-၂၇-ရက်မှ မေလ-၁-ရက်နေ့အထိ **"ရခိုင်အမျိုးသားညီလာခံ (ကျောက်ဖြူ)"** ကျင်းပရေးကော်မတီမှ ကျင်းပပြုလုပ်သော **"ရခိုင်အမျိုးသားနေ့"** သတ်မှတ်ရေးကြိုးပမ်းမှုကော်မတီတွင် **"အဖွဲ့ဝင်တစ်ဦး"** အနေဖြင့် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

**ဖော်ပြပါရှိပူးသော "စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း" အမျိုးအစားပေါင်းတစ်ရာကျော်**

(၁) ငွေတာရီမဂ္ဂဇင်း။ (၂) စစ်တွေဒီဂရီကောလိပ်မဂ္ဂဇင်း။ (၃) ဗုဒ္ဓဓမ္မလောကစာစောင်။ (၄) ဓမ္မဗျူဟာစာစောင်၊ (၅) ရခိုင်မဂ္ဂဇင်း။ (၆) သံတွဲမြို့-မြို့မဝေဠုဝန်ဆရာတော် **"အဋ္ဌုပ္ပတ္တိစာစောင်"**။ (၇) ဉာဏဝတီပက္ခဒိန်။ (၈) ရွှေသွေးဂျာနယ်။ (၉) ဓမ္မရုပ်စုံမဂ္ဂဇင်း။ (၁၀) မြစ်မခဓမ္မသဝဏ်။ (၁၁) စစ်တွေမြို့-မြို့မဆရာတော် **"အဋ္ဌုပ္ပတ္တိစာစောင်"**။ (၁၂) ကျောက်ဖြူမြို့-ယပ်လှဲကျောင်းတိုက် **"ငွေရတုမဂ္ဂဇင်း"**။ (၁၃) တောင်ကုတ်မြို့-ရိုးမလှိုင်းမဂ္ဂဇင်း။ (၁၄) သံတွဲမြို့-ဒွါရာဝတီမဂ္ဂဇင်း။ (၁၅) ရန်ကုန်တက္ကသိုလ်-ရခိုင်တန်ဆောင်မဂ္ဂဇင်း။ (၁၆) ရန်ကုန်မြို့-မင်္ဂလသုခကျောင်းတိုက်-တိုက်အုပ်ဆရာတော် **"အဋ္ဌုပ္ပတ္တိစာစောင်"**။ (၁၇) တောင်ကုတ်မြို့-ကံပိုင်မဟာဝိဟာရတိုက်ဆရာတော် **"အဋ္ဌုပ္ပတ္တိစာစောင်"**၊ (၁၈) ဂွမြို့နယ်-ကမ်းသာယာမဂ္ဂဇင်း။ (၁၉) မင်းပြားမြို့နယ်-ကျိန်းရပ်မြေမဂ္ဂဇင်း။ (၂၀) မြေပုံမြို့နယ်-ရတနာမြေပုံမဂ္ဂဇင်း။ (၂၁) ရန်ကုန်မြို့-မင်္ဂလသုခပါဠိတက္ကသိုလ်ကျောင်းတိုက် **"ရွှေရတုစာစောင်"**။ (၂၂) သံတွဲမြို့-မဟာဗောဓိ စာသင်တိုက် **"အဂ္ဂပူဇာစာစောင်"**။ (၂၃) ကျောက်တော်မြို့-မုနိမြေမဂ္ဂဇင်း။ (၂၄) ဂွမြို့နယ်-ကျိန္တလီ လယ်တီတောင်ပေါ်ကျောင်း ပရိယတ္တိစာသင်တိုက် **"ဂုဏဝိသိဋ္ဌပူဇာစာစောင်"**။ (၂၅) သံတွဲမြို့-အောင်မြေသာစည်ပရိယတ္တိစာသင်တိုက်၏ **"နှစ်လည်ပို့စကတ်"** များ။ (၂၆) လက်ကမ်းစာစောင် (ဆောင်းပါး၊ စာညွှန့်)အမျိုးမျိုး။ (၂၇) သံတွဲမြို့-ပုလဲရတနာပရိယတ္တိစာသင်တိုက်၏ **"သုတဝေဖြာပုလဲရတနာစာစောင်"**။ (၂၈) စစ်တွေမြို့-နန္ဒာရာမ ပရိယတ္တိစာသင်တိုက်၏ **"ငွေရတုစာစောင်"**။ (၂၉) သံတွဲမြို့-တက္ကသိုလ်နန္ဒမိတ်ကျောက်စာတိုင်စိုက်ထူပွဲ **"အမှတ်တရစာစောင်"**။ (၃၀) ဓမ္မရံသီဓမ္မမဂ္ဂဇင်း။ (၃၁)ဓမ္မရတနာမဂ္ဂဇင်း။ (၃၂) မြတ်ပန်းရဂုံမဂ္ဂဇင်း။ (၃၃) ဗို့ကျေးရွာဂျာနယ်။ (၃၄) ရောင်ပြန်မဂ္ဂဇင်း။ (၃၅) ရမ်းဗြဲမြို့နယ်-လေးတောင်မဂ္ဂဇင်း။ (၃၆) ကေတုမတီတောင်ငူမဂ္ဂဇင်း (မြကေတုအထူးထုတ်)။ (၃၇) သံတွဲမြို့-ခမောင်းတုန်းဆရာတော် အရှင်ဉာဏိက၏ **"ဂုဏပူဇာစာစောင်"**။ (၃၈) ကျောက်ဖြူမြို့တည်-အနှစ် (၁၈၀)ပြည့် အထိမ်းအမှတ်မဂ္ဂဇင်း။ (၃၉) နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း။ (၄၀) ထင်ရှားသောဆရာတော်ကြီးများ၏ ဆောင်ပုဒ်လက်ာများ (သာ-ထွန်း-ပြန့် ဦးစီး၄၁ာန၊ ကမ္ဘာအေး)။ (၄၁) မနုစာရီဂမ္ဘီရသုတရသမဂ္ဂဇင်း။ (၄၂) ပြစ်မှုမဂ္ဂဇင်း။ (၄၃) ရွှေတိဂုံစေတီတော် စနေထောင့် ရခိုင်တန်ဆောင်း နှစ်(၁၀၀)ပြည့် ၁၉၁၁-၂၀၁၁ မဂ္ဂဇင်း။ (၄၄) ပိတောက်နွယ်မဂ္ဂဇင်း။ (၄၅) ရန်ကုန်ခရီးသွားဂျာနယ်။ (၄၆) မြောက်ဦးမဂ္ဂဇင်း။ (၄၇) ကေတုမတီမြို့တည်နန်းတည် နှစ်(၅၀၀)ပြည့်

အထိမ်းအမှတ် **"ကေတုမတီမဂ္ဂဇင်း"** ၂၀၁၀ပြည့်နှစ်။ (၄၈) မာန်အောင်မြို့ **"မေဃဝတီမဂ္ဂဇင်း"**။ (၄၉) ကျောက်ဆည်မြို့ **"ပန်းလွင်ပြင် ရသစုံမဂ္ဂဇင်း"**။ (၅၀) April Star **'စိတြကြယ်ခရီးသွားမဂ္ဂဇင်း'**။ (၅၁) မင်းပြားမြို့နယ်-ကံဖေတိုက်နယ်-ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ **"တိုးတက်အောင်မြင်စာပွဲသဘင်မှတ်တမ်း"**။ (၅၂) ရန်ကုန်မြို့-**"ရခိုင်သဟာယမဂ္ဂဇင်း"** အမှတ် (၉) နှစ် (၅၀) ရွှေရတုအထူးထုတ်။ (၅၃) ကျောက်ဖြူမြို့-**'ရွှေကျွန်းသန္တာမဂ္ဂဇင်း'**။ (၅၄) ရန်ကုန်မြို့-ရခိုင်အမျိုးသမီးအသင်းမှထုတ်ဝေသော **"မြတ်ပန်းသဇင်မဂ္ဂဇင်း"**။ (၅၅) အိန္ဒိယနိုင်ငံ-ယူပီပြည်နယ်-ကုသိနာရုံမြို့- မြန်မာဘုန်းတော်ကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏိဿရ အရှင်သူမြတ်၏ **"စိန်ရတုမွေးနေ့မော်ကွန်းစာအုပ်"**။ (၅၆) ဝံသရက္ခိတမဂ္ဂဇင်း။ (၅၇) အလင်းသစ်မဂ္ဂဇင်း။ (၅၈) မောင်တောခရိုင်-ပစ္ဆိမရပ်ဝန်းမဂ္ဂဇင်း၊ (၅၉) ကမ္ဘာအေး **'သာထွန်းပြန့်ဓမ္မစာစောင်'**။ (၆၀) အိန္ဒိယနိုင်ငံ၊ **"အသျှင်စန္ဒြမဏိကျောင်းသားများ သာရေးနာရေးအသင်း"** မှ ထုတ်ဝေသော **'မဇ္ဈိမတံခွန်မဂ္ဂဇင်း'**။ (၆၁) ရန်ကုန်မြို့ **'တော်ဝင်ပန်း အနုပညာဂျာနယ်'**။ (၆၂) ဇော်မင်းထွန်း(သံတွဲ)စီစဉ်သည့် **'အနုအလှသမုဒယရပ်ဝန်း'** အချစ်ကဗျာများစာအုပ်။ (၆၃) အသျှင်စက္ကိန္ဒ (၇၅) နှစ်ပြည့် အထိမ်းအမှတ်စာတမ်းစုစည်းမှုစာအုပ်။ (၆၄) တောင်ကုတ်မြို့၊ အထက်တန်းကျောင်း၊ နှစ် (၅၀) ပြည့် အထိမ်းအမှတ် **'ရွှေရတုမဂ္ဂဇင်း'** ၁၉၆၃-၂၀၁၃ ခုနှစ်။ (၆၅) Customs Magazine ၂၀၁၃ ခု။ (၆၆) သံတွဲခရိုင်၊ ၂၀၁၂ခု၊ ပထမအကြိမ်၊ ကဗျာပြပွဲကဗျာများစာအုပ် ၂၀၁၃ ခု။ (၆၇) ပုဏ္ဏားကျွန်းမြို့၊ အောင်မင်္ဂလာပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တရာဇိန္ဒမထေရ်၏ **"တစ်ဘဝသာသနာပြု အထိမ်းအမှတ်စာစောင်'**။ ၂၀၁၃ခု။ (၆၈) မင်းလွင် (ကျောက်ကလေ) စီစဉ်သည့် **'ရက္ခိတပုံတင်သံ(၁)'**၊ ၂၀၁၃ ခု။ (၆၉) ရမ်းဗြဲမြို့ **"ရမ္မာဝတီမဂ္ဂဇင်း"**။ (၇၀) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) **"နှစ်လည်မဂ္ဂဇင်း"**။ (၇၁) စစ်တွေတက္ကသိုလ် **"နှစ်လည်မဂ္ဂဇင်း"**။ (၇၂) မြဝတီမဂ္ဂဇင်း။ (၇၃) ကိုငြိမ်း (သံတွဲ)အမှတ်တရ ကဗျာစာအုပ်၊ **"ဒွါရာဝတီကဗျာဖိုင် (၁)"**၊ (၇၄) အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် **"သာသနာ့ဝန်ဆောင်ခရီး(၁၀)နှစ်ပြည့် အထိမ်းအမှတ်မော်ကွန်း"** ၂၀၁၄ ခု။ (၇၅) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ထုတ်ဝေသော **"ရွှေတံခါးမှူးမဂ္ဂဇင်း"**။ (၇၆) ဇော်မင်းထွန်း (သံတွဲ) စီစဉ်သည့် **'တြိချိုးအနုပညာ"** စာအုပ်။ (၇၇) သဇင်ပန်းခိုင်သတင်းဂျာနယ်။ (၇၈) မြောက်ဦးမြို့နယ်အသင်း (ရန်ကုန်)မှ ထုတ်ဝေသော **"မြောက်ဦးရွှေမြေမဂ္ဂဇင်း"**။ (၇၉) မင်းပြားမြို့နယ်၊ ကံဖေတိုက်နယ် (၁၅)ကြိမ်မြောက်၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ **"မော်ကွန်းစာစောင်"**။ (၈၀) ၇၄-နှစ်မြောက် **"ဦးဥတ္တမနေ့"** အထိမ်းအမှတ်ကဗျာများစာအုပ်။ (၈၁) သာကီသွေးဂျာနယ်။ (၈၂) ရခိုင့်အသံဂျာနယ်။ (၈၃) **"ရွှေပြည်တောင်ငူမဂ္ဂဇင်း"** အမှတ်(၁) ၂၀၁၄-၁၅။ (၈၄) လူငယ်ကွန်ယက် (ကျောက်တော်) က စီစဉ်ထုတ်ဝေသည့် **"နှလုံးသားကွန်ယက် ရခိုင်ကဗျာတိ စုစည်းမှုစာအုပ်"**။ (၈၅) ရခိုင်ပြည်နယ်အစိုးရမှ ထုတ်ဝေသော **"ရခိုင်ပြည်နယ်မဂ္ဂဇင်း"**။ (၈၆) ပိုးတုံးလုံးကာတွန်းရုပ်စုံ။ (၈၇) ရန်ကုန်ဗုဒ္ဓတက္ကသိုလ်ကျောင်းသားစာစောင်။ (၈၈) ရုပ်ရှင်တေးကဗျာ ရသစုံမဂ္ဂဇင်း။ (၈၉) ရခိုင်စာပီယဉ်ကျေးမှုဂျာနယ်။ (၉၀) ဂွမြို့နယ်မဂ္ဂဇင်း။ (၉၁) သံမဏိနှင်းဆီဂျာနယ်။ (၉၂) ကျောက်ဖြူအသင်း(ရန်ကုန်)မှ ထုတ်ဝေသော **"၇၅-နှစ်မြောက်စိန်ရတုမဂ္ဂဇင်း"**။ (၉၃) သံတွဲမြို့၊ ဒုတိယအကြိမ်၊ ၂၀၁၄-ခု **"ကဗျာပြပွဲ ကဗျာများစာအုပ်"**။ (၉၄) ကြေးမုံသတင်းစာ။ (၉၅) ပေလီကမ်းခြေမြို့မဂ္ဂဇင်း။ (၉၆) တောင်ကုတ်မြို့ **"ရိုးမရိပ်မဂ္ဂဇင်း"**။ (၉၇) အိန္ဒိယနိုင်ငံ၊ ကုသိနာရုံဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏ သက်တော် (၈၀) ပြည့်အထိမ်းအမှတ် **"ပဋ္ဌာန်းပြားရတုစာစောင်"**။ (၉၈) ပုဏ္ဏားကျွန်းမြို့၊ **"ဦးရာဇ်မြေမဂ္ဂဇင်း"**။ (၉၉) မန္တလေးမြို့၊ (၆၉) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် **"တိုင်းရင်းသားလူမျိုးစု**

**ယဉ်ကျေးမှုမဂ္ဂဇင်း"** ၂၀၁၆-ခု၊ ဖေဖော်ဝါရီလ။ (၁၀၀) ရမ်းဗြဲမြို့နယ်၊ မကျည်းကျွန်း၊ မြောက်ကျောင်းဆရာတော် ဘဒ္ဒန္တသာသန၏ သက်တော် (၈၀) ပြည့်၊ ပတ္တမြားရတု၊ **"မဟာထေရအာစရိယ ဂုဏာပူဇာစာစောင်"**။ (၁၀၁) ရန်ကုန်မြို့ အောင်ရာမြေ ပရိယတ္တိ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တဝရာလင်္ကာရ (ရှင်ရာဟုလာ) ၏ သက်တော် (၇၈) နှစ် **"ဝိဇာတမွေးနေ့နှင့် ဂုဏာပူဇာ စာစောင်"**။ (၁၀၂) အားသစ်မဂ္ဂဇင်း၊ အမှတ် (၁)။

အထက်ဖော်ပြပါ **"စာ၊ နယ်၊ ဇင်း အမျိုးအစားပေါင်းတစ်ရာကျော်"** ၌ ဆောင်းပါးနှင့် ကဗျာအပုဒ်ပေါင်း (၃၉၀) ပုဒ်အထိ ပုံနှိပ်ဖော်ပြပါရှိပြီးဖြစ်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။


**ဒွါရာဝတီ-အသျှင်ကုသလ**
**(ရခိုင်စာပေယဉ်ကျေးမှုနှင့် သမိုင်းသုတေသီ)**

## ပုံနှိပ်ထုတ်ဝေပြီးစာအုပ်များ

| | |
|---|---|
| ၁။ သဇင်ပန်းတို့ လန်းရာမြေ | [ ၅၉/၂၀၀၃ (၁၁) ] |
| ၂။ ရခိုင့်တစ်ဆယ့်နှစ်လရာသီ | [ ၄၃/၂၀၀၄ (၇) ] |
| ၃။ ဘဝလောကစံလှိုင်းခတ်သံ | [ ၄၂၀၀၂၁၀၅၀၆ ] |
| ၄။ အားသစ်နဲ့မာန်ချီ | [ ၄၂၀၀၇၂၀၅၁၂ ] |
| ၅။ သိင်္ဂါလောဝါဒဆုံးမစာ | [ ၄၂၀၀၅၁၀၆၁၀ ] |
| ၆။ လူစွမ်းလူစ | [ ၄၂၀၀၂၁၀၄၀၇ ] |
| ၇။ ရခိုင့်ဌာနီလရာသီကျမ်း | [ ၄၀၀၅၆၇၀၅၀၈ ] |
| ၈။ ငြိမ်းအေးမှုဓမ္မရသ | [ ၄၂၀၀၁၈၀၄၀၉ ] |
| ၉။ ဟိုဘက်ခြံကအသံများ | [ ၄၂၀၀၅၆၀၉၀၉ ] |
| ၁၀။ အိုမနုဿ စိတ်ဓာတ်မကျနဲ့ | [ ၄၂၀၀၈၁၀၉၁၀ ] |
| ၁၁။ အောင်မြေသာစည်ဝတ်ရွတ်စဉ်နှင့် ၃၈-ဖြာ မင်္ဂလာလေးချိုး | [ ၃၀၀၁၃၆၀၄၁၁ ] |
| ၁၂။ ရခိုင်လူမျိုးနှင့် မြန်မာစာ | ၂၀၁၂ ခု၊ မေလ၊ (ပ-ကြိမ်)။ |
| | ၂၀၁၃ ခု၊ မတ်လ၊ (ဒု-ကြိမ်)။ |
| | ၂၀၁၄ ခု၊ စက်တင်ဘာလ၊ (တ-ကြိမ်)။ |
| ၁၃။ ကဗျာ့ဥယျာဉ်အလင်္ကာကျမ်း | ၂၀၁၃ ခု၊ ဧပြီလ။ |
| ၁၄။ ရခိုင်တို့၏ပဥ္စမသင်္ဂါယနာတင်သမိုင်း | ၂၀၁၃ ခု၊ ဒီဇင်ဘာလ။ |
| | ၂၀၁၅ ခု၊ ဇန်နဝါရီလ၊ (ဒု-ကြိမ်)။ |




တတိယအကြိမ်အဖြစ် မကြာမီ ထွက်ပါမည်။





# သံတွဲသမိုင်း

* "သံတွဲသမိုင်း" ကျမ်းစာမော်ကွန်း
စွမ်းအားအပြည့်နဲ့ ထွက်ခဲ့ပြီ။
"ဖတ်ချင်သူတွေ တောင်းပန်မှုကြောင့်"
ရေးပြုခဲ့သည်။
"ရခိုင်တို့၏ ဒွါရာဝတီ"
ကမ္ဘာတည်သရွေ့ ရှည်ကြာထွန်း။
သမိုင်းကိုသိမှ တန်ဖိုးရှိတယ်ဟု
သိလိုက်ကြစမ်း။

* အမျိုး, ဘာသာ, သာသနာနဲ့
စကား, စာပေ, ယဉ်ကျေးမှု, အနုပညာ။
"လူ့တန်ဖိုး အမှတ်တံဆိပ်" ကိုဖြင့်
ခတ်နှိပ်ကြပါ။
ကိုယ့်သမိုင်းကို သေချာစွာ သိမထားလျှင်တော့
သူတစ်ပါးကို အထင်ကြီးတဲ့ စိတ်တွေဝင်လာ
အရာရာ ဆုံးရှုံး။
ပြု (ပျူ) လူမျိုးပမာ ရှည်ကြာမရောက်သလိုပ
ချုပ်ပျောက်မည့်ထုံး။

* "ရခိုင်တို့ဌာနီ" ဂုဏ်မရိုင်းစေဖို့
ခေတ်သမိုင်းကိုတဲ့ မော်ကွန်းခြွေ။
"ရာဇဝင်" မှာ စာတင်သောက်အောင်ပ
ထွန်းတောက်ခဲ့ပေ။
"အာရက္ခသွေး နိရဲစေ"
ဤကမ္ဘာမြေ သက်သေထား။
တန်ဖိုးရှိတဲ့ သမိုင်းသစ်ကိုဖြင့်
(မိတ်ဆွေတို့ရေ) ဖွင့်လှစ်စို့လား။ ။

ငွေသဇင် (သံတွဲ)

